www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

မဂ္ဂဇင်း

ဗုဒ္ဓ အောင်သိဒ္ဓိ ပဋ္ဌာန်းတော်မြတ်
(စာ - ၈)




- ပဋ္ဌာန်းတော်ကြီး ဖြစ်ပေါ်လာခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းနှင့် အကျိုးကျေးဇူးများ(စာ - ၇၄)
- ပဋ္ဌာန်းကွန်ချာ ကျင့်စဉ်တော်(စာ - ၅၁)
- ၁၂ လရာသီဖွားနှင့် ပဋ္ဌာန်းကျင့်စဉ်(စာ-၆၁)
- မင်းကွန်းဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းနှင့် လေမုန်တိုင်း(စာ - ၈၃)
- ဇန်းမေဆရာတော်ဘုရားကြီး ဟောကြားသည့် ပဋ္ဌာန်းတရားတော် အမေးနှင့် အဖြေများ(စာ - ၈၅)


www.burmeseclassic.com

www.burmeseclassic.com

SEP 2013

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**လာဘ်မိုးရွှေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘာတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

# မဂ္ဂပစ္စယော ရောင်ပြန် မဂ္ဂဇင်း

BURMESE CLASSIC .com

၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ်(၂၃၈)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွှေ)　　အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်

အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တြာဇင်　　အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၁၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်

စာအုပ်ချုပ် - ရှုကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - ရဲရင့်နိုင်၊ ဖိုးအောင်၊ မိုးဝေ၊ သန့်ဇော်သစ်၊ ညီညီလွင်၊ အောင်နိုင်လတ်၊ စကျွ၊ ကေလတ် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို အောင်မျိုးသန့်မှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်း၊ပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ဆိုင်သော ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂမစွဲသော

မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် (၂၃၈)

## မာတိကာ

BURMESE CLASSIC .com


ရောင်စြုံ ကဗျာ

မောင်သာယာ၊ အနီး ပုသိမ်မောင်ကြေးရည်၊ လှပြုံးနိုင်(မန္တလေး)၊ မောင်နီမြင့်၊ မြတ်မိုးလတ်၊ နွေကိုတူး(ပခုက္ကူ)၊ ခိုင်လွန်း။

ရောင်စြုံ အခန်းဆက်ရသ

ဘိုးတော်ကင်း(၁၀)

ကျော်မြသန်း ---------------------------------------- ၁၃၀

ဝင့်ကြွေး(၁၀)

ယိုး ---------------------------------------- ၁၅၄


မှန်တိုင်းသရဲ(၁)

နန်းကြေးသျှင် ---------------------------------------- ၂၀၂

လူထဲကဘဝ ဘဝထဲကလူ(၆၄)

လင်းရောင်တင် ---------------------------------------- ၂၉၄


စာ-၃၈



ကြည်ညိုဖွယ်ရာ ဟောဝိကမ်တောင်ဆရာတော်ဘုရားကြီး


နှင့်

သူ၏ထူးခြားများပြားလှသော

မောဓိတဓိဝေတာဓိ လာဘလာဘ်နိမိတ်များ

ထဲ ထဲ ဝင် ဝင် ကြည် ညို ကြည် ကြ စို့

■ နန္ဒာမောင်(သံဖြူဇရပ်)



စာ-၁၇

ကံတူအကျိုးပေးသော ကောရာင်ဘုရင်နှစ်ပါး

နန္ဒာမောင်(သံဖြူဇရပ်)



စာ-၂၃၈



www.burmeseclassic.com

www.burmeseclassic.com




## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


ပူနာကူရတနာအရုပ်တော်ပုံ(၇)
အောင်သန်းချစ် ---------------------------------------- ၁၀၈

ကြွေသောပန်းရိုင်းများ
လှမိုး(ပညာရေး) ---------------------------------------- ၂၄၇

ပြည်တွင်းပြည်ပ ဝိညာဉ်လောကယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ---------------------------------------- ၃၀၉


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ---------------------------- ၃၄၀


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------------------------------- ၃၂၉


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---------------------------------- ၃၃၈


## ရောင်ပြန် ရသ


ဘဝတိယမြောက် ရတနာဒီပံ
ဘုန်းပွင့်ထွန်း ---------------------------------------- ၁၇၂

ညွှန့်ညွှန့်လေးကိုတဲ့ ဆင်ပေါ်တင်ဦးမယ့်ဟန်ပြင်
ဝင်းသောင်(ရမည်းသင်း) ---------------------------------- ၁၈၆

ထူးဆန်းသော နာမ်ကိန်းရုပ်တု
ရီရီငွေး ---------------------------------------- ၂၁၀

ဒေါင်းနော်နီနဲ့ မိမိကြီး
ဒေါက်တာခင်မောင်ညို ---------------------------------- ၂၂၆


ဘယ်သူဖော်ကောင်လဲ
မနုဿကျော်ဝင်း ---------------------------------------- ၂၆၄



**အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွှေ စာပေ**

အမှတ်-၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com





## လောကီရေးရာ


ယတြာကောင်းလျှင်(ဆရာကြီးမင်းသိင်္ခ...)
မောင်မောင်မြင့်အေး ---- ၃၈
မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်
ရှယ်လီသိန်းမောင် ---- ၉၃
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---- ၉၅
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---- ၉၆
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---- ၉၇
အလုပ်အကိုင် အောင်မြင်ရန်
မပဟိဒ္ဓိကျော်ခေါင် ---- ၉၉
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---- ၁၀၀
ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာ(၂)
နျူမာန်(မိုးတား) ---- ၁၀၁
ရသရုပ်ကို ပရမတ်ဖြင့် ရှုမှတ်ခြင်း
မဟာထွန်း ---- ၁၁၃
ရှေးရှေးက ဗမာ...
အေးအေးသန်း ---- ၁၂၂
ယောမြို့က ပြန်ခဲ့တယ်
မြမျက်ရှင် ---- ၁၃၈
ဘယ်ပန်းချီရေးလို့မမီ
မောင်မင်း ---- ၁၄၁
ချမ်းသာလိုသူများသို့(သီးသန့်)
အမ်ဒိန်းဂျာ(အောင်သပြေ) ---- ၁၄၅
မယုံလျှင် ပုံပြင်သာ မှတ်လိုက်ပါ
ဒေါက်တာသက်ဆွေ ---- ၁၄၇
လက်ဆော့ နှုတ်ဆော့
ရှင်မဟော် ---- ၁၆၀
ဒဏ်တိမ် ဖလံဖြူပျောက် မျက်စဉ်း
လွင်လွင်မော်(စကု) ---- ၁၇၀
ကူးတို့ခ ပြဿနာ
ကျိုက်ထော်ခင်မိုးအေး ---- ၁၈၁
ငွေလိုလျှင် ဒီလိုလုပ်ပါ
မောင်အေးချမ်း(တင့်ထူး) ---- ၁၈၃
ရောင်ပြန်မင်္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---- ၁၈၅
တစ်လအတွင်း ကောင်းခြင်းမင်္ဂလာဒိုင်ယာရီ
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ---- ၁၉၄
ကြီးပွားအောင်မြင်ရေးအတွက် အကြံပြုချက်
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ---- ၂၀၁
မှတ်တမ်းတင်ထားမိသော သူငယ်ချင်းအတွက် အမှတ်တရ
ဒေါ်ဇင်မာဝေ ---- ၂၀၄
အေးချမ်း သောကပြေ ယတြာဆန်းလေး
မော်တင်သိန်းဇော်ဇ ---- ၂၀၈
ကျောင်းလှူပါက မြတ်ဒါန
သမီးဇဂျီအောင်စိုး ---- ၂၁၈





www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ


တရားရှာ ကိုယ်မှာတွေ့
မောင်ကြည်မော်(စကု) ---------------------------------------- ၂၂၂
စေတနာအကျိုး စာပေအကျိုး
တက္ကသိုလ်သခ် ---------------------------------------- ၂၃၅
ကံတူအကျိုးပေးသော ဧကရာဇ်ဘုရင်နှစ်ပါး
နန္ဒာမောင်(သံဖြူဇရပ်) ---------------------------------------- ၂၃၈
US ခရီးသည်
မောင်ကောင်းမြင့် ---------------------------------------- ၂၄၄
သုဝဏ္ဏဘူမိ မကျန်ရှိစေလို
ပါမောက္ခမင်းဓာတု ---------------------------------------- ၂၅၂
လှူကထိန်သင်္ကန်းနဲ့ မင်္ဂလမ်းတဲ့ ဆုပန်ရှုယ်
ဆင်ဖြူကျွန်းအောင်သိန်း ---------------------------------------- ၂၅၄
မြုပ်နေသောလုပ်ငန်းများ ပြန်ပေါ်စေရန်
နှင်းအဥ္ဇလီ ---------------------------------------- ၂၅၈
ဂျပန်ပြည်ရဲ့ ဗုဒ္ဓနေ့တစ်နေ့
ခိုင်ခင်အင်ကြင်း ---------------------------------------- ၂၅၉
ဗုဒ္ဓဖြစ်စဉ် ဓာတ်သက်အမြင်နှင့် ကျင့်စဉ်ယာတြာများ(၃၀)
ဘုန်းပြည့်တေဇာဟိန်း ---------------------------------------- ၂၆၉
အံ့ဖွယ်ထူးဆန်း မြန်မာ့ဆေးစွမ်းကောင်းများ(၁)
မျိုးသန်းထွန်းကို(ရေစကြို) ---------------------------------------- ၂၇၂
လှတောရှာ ဟာသများ
ဦးကောင်းထူး ---------------------------------------- ၂၇၆
ထွက်ရပ်လမ်းအတွက် အင်းစီရင်မည်ဆိုပါလျှင်
ရေကျော်စိုးအောင် ---------------------------------------- ၂၇၉
ရက္ခစိုးမှော်အစီအရင်
လင်းရောင်တင် ---------------------------------------- ၃၀၂
ထူးထူးခြားခြား ပုံပြင်များ(သေသူ၏ခေါင်းကို ကိုင်၍ပြောသူ)
စိုးဝင်းထွဏ်း(တာမွေ) ---------------------------------------- ၃၀၄
မရှိအတု ဘုရားကု
မော်တင်သိန်းဇော်ဇ ---------------------------------------- ၃၀၆
တရုတ်နက္ခတ္တဗေဒင်ပညာ
ကေတီအောင်သိန်း ---------------------------------------- ၃၁၂
ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး မိုဒူးပိုက်ဆံ၏...
ဦးတိုး(တက္ကသိုလ်) ---------------------------------------- ၃၁၅
ဥတ္တရာဘဒြပိုဒ်နက္ခတ်ဖွားများအတွက်ဟောကိန်း
ကာလီဒါ့ချို(မြန်မာပြည်) ---------------------------------------- ၃၁၇
စဉ်းစားကြပါကုန်
မောင်ပုတ်စည် ---------------------------------------- ၃၁၉



www.burmeseclassic.com

(ရောင်ပြန်...)
ဘယ်သူဖော်ကောင်လဲ
(အမျိုးသားစာပေဆုရ)
စာ - ၂၆၄





## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး



ပစ္စနိဒ္ဓေသ ပဋ္ဌာန်းတရားတော်(ပါဠိတော်)အက္ခရာစက်
ပြေထက်ထွန်း(မြယမုံ) ———— ၄၁
အောင်မြင်လန်းဆန်း မြတ်ပဋ္ဌာန်း
ထွန်းလွင်(ကြည့်မြင်တိုင်) ———— ၄၅
အံ့မခန်းဖွယ် မြတ်ပဋ္ဌာန်း၏အစွမ်း
သန္တာမြတ်သောင်း ———— ၄၈
မြတ်ပဋ္ဌာန်းကွန်ချာ ကျင့်စဉ်တော်
ပြေထက်ထွန်း(မြယမုံ) ———— ၅၁
ဂုဏ်တော်ပဋ္ဌာန်း အလွန်စွမ်း
ခင်ထွေး(သာသနာ့ပြု) ———— ၅၇
ပဋ္ဌာန်းတရားတော် အမွန်တမြတ် ပူဇော်သော်
ခိုင်ခင်အင်ကြင်း ———— ၅၉
၁၂ ရာသီဖွားနှင့် ပဋ္ဌာန်းကျင့်စဉ်
သစ္စာဝါဒီဆရာမြတ်စောလင်း ———— ၆၁
ပဋ္ဌာန်းအကျိုး မြတ်တန်ခိုး ဇာတာမှာလည်း ရှာဖွေပါ
ဆရာနက္ခတ် ———— ၆၄
ပဋ္ဌာန်းအကြောင်း သိကောင်းစရာ
ရဲဘော်ရေချမ်း(သန်လျင်) ———— ၆၈
"ဗုဓသံ" တပ်အပ်စွမ်းတဲ့ မြတ်ပဋ္ဌာန်း
မော်တင်သိန်းဇော်ဇ ———— ၇၂
ပဋ္ဌာန်းဒေသနာတော်ကြီး ဖြစ်ပေါ်လာခြင်း ———— ၇၄
မင်းကွန်းဆရာတော်ကြီး၏ ပဋ္ဌာန်းနှင့်
လေမုန်တိုင်းကြီး ———— ၈၃
ဗန်းမော်ဆရာတော် ဒေါက်တာအရှင်ကုမာရာဘိဝံသ
ဟောကြားတော်မူသည့်ပဋ္ဌာန်းတရားတော်
အမေးနှင့်အဖြေများ ———— ၈၅
နေ့အိမ်မှာ ပဋ္ဌာန်းရွတ်ဆိုပူဇော်တာ နတ်မပြေးပါ
ဂမ္ဘီရဆရာလှမျိုး ———— ၉၀


## မြန်မာ့ရေးရာ


ဗုဒ္ဓအောင်သိဒ္ဓိပဋ္ဌာန်းတော် ———— ၈
ကြည်ညိုဖွယ်ရာ ဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီးနှင့်...
နန္ဒာမောင်(သံဖြူဇရပ်) ———— ၁၇
ကျိုက်မြတ်သံချို မဟာသိမ်တော်ကြီး သမိုင်းအကျဉ်းနှင့်...
ပထမံဆရာကြီးဦးအောင်သူ ———— ၂၄
ဘိုးပိုက်ဆံ၏ စိတ်တန်ခိုးစွမ်းအင်
လေးသူစံ ———— ၃၂
အဗျားမြေမှ ရေဆန် ရှင်ဥပဂုတ္တမထေရ်မြတ်
ကိုကိုလှ(ကမာမြေ) ———— ၃၅
ထီးစောင်းဘုရားမှ ကျိုက်ထီးဆောင်း ဆံတော်ရှင်သို့
နတ်ထီးလှိုင် ———— ၁၁၇




www.burmeseclassic.com



မဟာဂန္ဓာရီဝိဇ္ဇာမဟိဒ္ဓိ ပခုက္ကူဆရာတော် စီရင်၍
ပုပ္ပားကလာပ် ကုမာရ-ရာမတိုက် ဦးစီးအုပ်ချုပ်မှု တာဝန်ခံ
သာသနာပြု အသျှင်မေဓာဝီ၏ မေတ္တာလက်ဆောင်

www.burmeseclassic.com

# ဗုဒ္ဓ အောင်သိဒ္ဓိ ပဋ္ဌာန်းတော်

ဗုဒ္ဓဘာသာဝင်များအဖို့ အတုလံ အတုမရှိသော မြတ်စွာဘုရားရှင်အား ရှိခိုးဖူးမြော်ကြရာဝယ် ၂၄ ပစ္စည်း ဖြစ်သည့် ပဋ္ဌာန်းဒေသနာတော်မြတ်အား ရွတ်ဖတ်သရဇ္ဈာယ်ကာ ပူဇော်ကြကုန်သည်။

ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးဖြစ်သည့် ၂၄ ပစ္စည်းအား ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် ကြံစည်ရည်ရွယ်ထားသမျှ လုပ်ငန်းဆောင်တာ ကိစ္စအဝဝတို့ အောင်မြင် ပြီးမြောက်နိုင်ပါသည်။ ကျရောက်ဆဲ ဘေးအန္တရာယ်တို့ ရပ်တံ့ကာ ကျရောက်လတ္တံ့သော ဘေးအန္တရာယ်တို့မှာလည်း ရှောင်ကွင်းသွားကြပါလိမ့်မည်။ ထိုမျှသာမက သိဒ္ဓိအဖုံဖုံ အလုံးစုံတို့ လိုရာပြီးမြောက်ကြပါလိမ့်မည်။


BURMESE CLASSIC .com

ဗုဒ္ဓအောင်သိဒ္ဓိပဋ္ဌာန်းအား နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်သောသူ၏ အိမ်ဂေဟာသည် သီရိကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါလိမ့်မည်။ မီးဘေး၊ ရေဘေး၊ လေဘေး၊ မုန်တိုင်းအန္တရာယ်ဘေးတို့မှလည်း ကင်းလွတ်ပါလိမ့်မည်။ အဆိုပါ ဗုဒ္ဓအောင်သိဒ္ဓိ ပဋ္ဌာန်းတော် ၂၄ ပစ္စည်းအား အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပါက ပို၍အစွမ်းထက်မြက်ပါလိမ့်မည်။ အဓိဋ္ဌာန်ပြုတော့မည်ဆိုလျှင် လွတ်နေသော အင်းဆံအတွင်းသို့ မိမိ၏အမည်ကို ရေးသွင်းရပါမည်။ အဓိဋ္ဌာန်ကို မိမိ၏ မွေးနေ့ မွေးရက်မှ စတင်ကာ (၂၄)ရက်တိတိ ဝင်နိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။ ၂၄ ရက်ထက် ကျော်လွန်၍ အဓိဋ္ဌာန် ဆက်လက်တည်ဆောက်နိုင်လျှင် လူချစ်၊ နတ်ချစ်၊ သိကြား၊ ဗြဟ္မာတို့၏ ချစ်ခင်မှုကို ခံယူကြရကာ လိုရာဆန္ဒမှန်သမျှ အလုံးစုံ ပြီးမြောက်ပါလိမ့်မည်။

ဗုဒ္ဓရောင်ဝါ၊ သာသနာတော်ကား ထွန်းလင်းတောက်ပလျက် ရှိနေပါသည်။ သာသနာတော် ထွန်းကားတည်တံ့နေသမျှကာလပတ်လုံး ဗုဒ္ဓအောင်သိဒ္ဓိပဋ္ဌာန်း ဒေသနာတော်မြတ်ကြီးမှာလည်း ထိန်ပြောင်ဝင်းလက်နေပါလိမ့်မည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထား ပူဇော်နိုင်ကြစေရန် ဗုဒ္ဓအောင်သိဒ္ဓိပဋ္ဌာန်းပုံတော်ကို မဟာဂန္ဓာရီ ဝိဇ္ဇာမဟာဒိဗ္ဗ ပခုက္ကူဆရာတော်က စီရင်ထားပေရာ အဆိုပါ ပုံတော်အား မိမိတို့၏ အိမ်ဂေဟာ၊ အလုပ်စခန်းနှင့်တကွ အထွတ်အမြတ်ထားရှိရာ နေရာများ၌ ထားရှိပူဇော်နိုင်ကြစေရန် ဖော်ပြလိုက်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



# အိုဘယ့် ကဗျာဆရာ

မောင်သာယာ

◆ နာရီစက်သည်၊ တချက်ချက်မြည်
ပတ်လည်ရွေ့လျား၊ ရပ်နားမရှိ။

◆ ရာသီစက်သည်၊ ရက်မှလဆီ
ပတ်လည်ရွေ့လျား၊ ရပ်နားမရှိ။

◆ စက္ကန့်နာရီ . . .
ရာသီစက်များ၊ ရပ်နားမရှိ
ရွေ့လျားဘိလည်း၊ ကဝိရတနာ
ကဗျာပစ္စည်း၊ ဖန်တီးသသူ
ငါ့မှာမူကား၊ ပွားစည်းဥစ္စာ
ဘာမျှမရှိ၊ ရပ်နားဘိ၏။ ။

www.burmeseclassic.com

www.burmeseclassic.com



# တတိယအမည်

အနိ

◆ တစ်ခါတစ်ရံ မျက်ရည်ဝဲ
တစ်ခါတစ်ရံလည်း အသည်းနာ ...။


◆ ဘဝအလို ညှာတံရိုး
ကျိုးတော့မည့်ပမာ ...။

◆ သို့ပေမဲ့ လူဆိုတာ
သံသရာရဲ့ သူရဲကောင်း ...။

◆ အပြစ်ကင်းသစ္စာ
ချစ်ခြင်းမေတ္တာနဲ့
လာစမ်းပါ
ကမ္ဘာတစ်ဝှမ်း အနာ,ဒုက္ခဆိုးကို
ဖွတ်တိုးပွဲတောင်း ...။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဝေးလွင့်လွင့်

ပုသိမ်မောင်ကြေးရည်

◆ အမှားတွေ ဝိက်ထွေးထပ်ထပ်
မိုက်ဇာတ်ခင်း ပျော်ပါးကုန်
ဝေမှုန်ဝါး အသီခါး ...။


◆ ဒါန,သီလ,ဘာဝနာဝေးကြ
မွေးချိုမြူ လောဘတရားနဲ့
ဘဝပျားရည်ခုံမင်တမ်းမက်
ချော်ထွက်လမ်း ကမ်းတစ်ဖက်ပျောက်တယ်
တောမှောက် ချောက်ကမ်းပါး ...။ ။

www.burmeseclassic.com

www.burmeseclassic.com

# ချင်းယားကုန်း

လှုပြုံးနိုင်(မန္တလေး)



◆ အရှေ့ဘက်
ရှမ်းရိုးမ တောင်တန်းကြီးရဲ့ အရိပ်အောက်မှာ
ချင်းယားကုန်းရွာ ရှိတယ်။
ပုဂံမိဖုရားကြီးရဲ့ စကားနဲ့
ချင်းကြားကုန်းဟာ
ကာလရွေ့လျောလာတော့
ချင်းလျားကုန်း
အဲဒီကမှ ချင်းယားကုန်း
ရှေးရှေးတုန်းကတည်းက ရှိတဲ့မြေ
သမိုင်းရဲ့အငွေ့တွေ ဖုံးလို့ ...။

◆ အပြုံးတွေဝေဝေနဲ့
နှလုံးတွေရွှေလိုပဲ
အသားမည်းပေမဲ့
စိတ်ထားက မမည်းဘူး။
အသားဖြူသလို
စိတ်ထားဖြူတယ်။
သားတွေကိုပဲ မွေးတယ်
ကျားမမွေးဘူး။
သမီးတွေကိုပဲ မွေးတယ်
မီးမမွေးဘူး။
ကျူးခုံမရှိဘူး၊ ဘုံဆိုင်မရှိဘူး
ဝတ်အသင်းတွေရှိတယ် ...
လူမှုရေးအဖွဲ့တွေရှိတယ် ...
စာကြည့်တိုက်ရှိတယ် ...
ဘုန်းကြီးကျောင်းရှိတယ်။
ပဲ၊ ငရုတ်၊ စပါးနဲ့ ဝါ
ဒီရွာရဲ့ထွက်ကုန် ...။

◆ လုံမနဲ့ လုလင်တွေ
ယာမြေဆီ မည်းမည်းမှာ
ဝါကောက်ရင်း နောက်ပြောင်
ပဲကောက်ရင်း လှောင်ကြ
ငရုတ်ဆွတ်ရင်း တွတ်ထိုးကြ
စပါးစိုက်ရင်း အော်ဟစ်ကြ
ညနေညို၊ နှမမေပျို၊ ရေချိုကိုခပ်တယ်
လုလင်ပျို၊ တေးကိုဆို၊ ပြောင်စပ်စပ်ကျီစယ်
ငယ်ရာမှကြီး၊ ကြီးရာမှအို၊ သံသရာကြီးကလည်သကို
အချိန်ကလည်းနေညို၊ အသက်လည်းနေညို
ပျို့ရွယ်မှုတွေအစားထိုး၊ ဘိုးဘေးဘီဘင်တို့မြေမှာ
ဒီလိုနဲ့လည်ပတ် သံသရာမပြတ်သမျှ
ချင်းယားကုန်းက ဘဝတွေ။ ။

www.burmeseclassic.com

www.burmeseclassic.com



# အရှိုက်

မောင်နီမြင့်

◆ တစ်နပ်ဆိုပြီး
ထပ်မနား အလိုကြီးကြဲ။


◆ အရဲကိုးပါလို့
တစ်ပွဲတိုး အကြိမ်ကြိမ်ဖန်။

◆ လောကထဲ အခြေဟန်
ဉာဏ်နီ ဉာဏ်နက်။

◆ ကဗျာတောမှာဖြင့်
လာမနှောပါနှင့်
ညာရောကာ အရေခြုံမို့
စာပေဂုဏ် သိက္ခာယွင်းလိမ့်မယ်
ခု ... ချက်ချင်း ... ထွက်။ ။

www.burmeseclassic.com

www.burmeseclassic.com



# ပုစ္ဆာသစ်

မြတ်မိုးလတ်

◆ စမ်းရေ …
ရစ်ခွေစီးဆင်း
မြင်ကွင်းလှပ …။

◆ ပန်းတွေ
ဖူးဝေသင်းနိုက်
ရနံ့ရှိုက်ရှူ …။

◆ လမ်းတွေ
ရှည်လျားပြန့်ပြူး
ဆူးငြောင့်မရှိ …။

◆ စမ်းရေတစ်ကြော
ပန်းကြွေများပြီ
လမ်းတွေကော ဖြောင့်တန်းပါစ။ ။

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မစေတီ ခေါင်းလောင်းတော်


ငွေကိုတူး(ပခုက္ကူ)

◆ ပုဖွန်တောင် ချောင်းအဝဆီက
သလွန်ဖောင် စောင်းအကြွတွင်ဖြင့်
ခေါင်းချကာ ရေဇလာသို့
သေအချာ ရေမှာမြုပ်ခဲ့တဲ့
ကြေးသွန်းလုပ် ခေါင်းလောင်းမှာ။ ။

◆ ကြေကွဲဖွယ် အို . . . ဘယ့်အကြောင်းရယ်ကြောင့်
ရေထဲဝယ် မြုံခဲ့လျောင်းလေဘိ
အကြောင်းစုံ ဘဝင်နာ၍
နှောင်းဒဂုံ ယခင်ခါက
'ဖဇင်ကာ' မြေမားပြုတွေက
သန်လျင်မှာ အခြေချပါလို့
မြန်မာ့အနုပညာနှင့် ဗိသုကာ အဆောင်ယောင်တို့ကို
တွေ့မရှောင် အို . . . လက်ရဲပါဘိ
ဆွဲယူငင် အရည်ကျိုချက်တဲ့အပြင်
လက်နက်စုံ စီရင်မယ်တဲ့
ရာဇဝင်စာစဉ် သမိုင်းရယ်က
ရှိုင်းပျလေစွ။ ။

◆ တိုင်းဟံသာ မွန်နေပြည်မှ
'ဓမ္မစေတီ' ဘုရင်တစ်ပါးရယ်က
ဆံတော်ရှင် ဒဂုံဘုရားမှာဖြင့်
ဝပ်တွားရာ ဒါယကာဟု
တင်လှူရာ ကျောက်တိုင်စိုက်လေတဲ့
ခေါင်းလောင်းတော် ရတနာမကိုဋ်ကို
သိမ်းပိုက်လာ ရန်တစ်သွယ်ပါ့
ကြံရွယ်ကာ လိုအင်ဆိုးပုံက
သံဒယ်မှာ ဗိုကျင်ထိုးမယ်လို့
ကုလားမျိုး မိစ္ဆာကောင်တို့
လှေဖောင်ပေါ် ကြိုးတုပ်ဆိုင်ကာပါ့
သွေဆောင်ခေါ် ခိုးထုတ်ခိုင်းလျှင်ဖြင့်
လှိုင်းရေလျဉ် ပုခက်အလွဲမှာ
လှေကွဲပါလို့ နစ်မြုပ်ရှာ
ယုတ်မာပါပေ့ နယ်ချဲ့သမား။ ။

◆ ကျွန်ဖြစ်မခံ
နွံမြစ်အတန်တန်၌
ကျွံနစ်ပြန် နစ်ပါစေတော့
ဆိုးညစ်သူ လက်အတွင်းမှ
လွတ်ကင်းအောင် ကြံလေရှာထင့်
မြေမရှင် ကြုံရခြင်းရယ်လို့
ရေပြင်မှာ ခုန်ချဆင်းလေထင့်
ကိုယ့်မင်း သာသနာနှင့်
သခင်အရာ မြန်မာခေတ်တွင်မှ
ရင်ပြင်မှာ ပြန်လာဖြစ်မယ်တဲ့
လွမ်းဆွတ်ဖွယ် ရာဇဝင်ပေမို့
နာကျင်နေ နှလုံးသားမှာဖြင့်
ခံစားကာ ရွှေမြန်မာတို့
ပဝေခါ ရှည်ကြာညှောင်းပေမယ့်
တစ်နေ့ရာ ရေမှာလျောင်းခဲ့တဲ့
ခေါင်းလောင်းတော် ဆယ်ရှာယူဖို့
မျှားပြည့်သူ ဘယ်မမေ့နိုင်ဘု
ဤနေ့ သည့်အခါတွင်၌
ရင်ပြင်တော် ရွှေတိဂုံဘုရားမှာ
တို့များအောင်မြင်စွာဖြင့်
မင်္ဂလာ ရတုကောင်းမှာ
ခေါင်းလောင်းသံ ညံစီစီနှင့်
ဟန်ပီပီ သံမြည်မရိုးနိုင်ပါ့
မြန်ပြည်မှာ ပြန်လည်နှိုးဖို့ရယ်
ထိုးရစေသား။ ။



www.burmeseclassic.com

# အဖြူရောင်သက်သက်

ခိုင်လွှန်း

◆ အမှန်ပါ့သမိုင်းတွင်
အနုဋ္ဌကိုဏ်းဝင်တဲ့ဆရာ။ ။

◆ ညွန့်ပြဖာတ်ထူ လူ့ဘောင်တစ်ခေတ်
ပျိုးထောင်လို့ ဖြစ်တည်ကမ္ဘည်းစာ
မဟာအမွေပေးဝေကာ ပီတိကိုစား
အရိုးသားဆုံး ဂုဏ်ဒြပ်တွေနဲ့ ရင်းနှီး
ဘဝခရီးပန်းတိုင်ကို တွေးဆပူ
အနာဂတ်အတွက် လမ်းပြဆရာ တစ်ဆူ။ ။

◆ အသီးတစ်ရာ အညှာတစ်ခုပေမို့
ဘယ်ရာစုနဲ့မှ တုနှိုင်းယှဉ်မဝင့်ရဲ
ရင်ထဲမှာတော့ မှတ်ကျောက်အတင်ခံ
အားမာန်အပြည့်နဲ့ ရှေ့သို့တည်ရည်မှန်း
တတိယလမ်းပေါ်က စံနမူ
အနာဂတ်အတွက် လမ်းပြဆရာတစ်ဆူ။ ။



◆ အတိတ်အစာ ရိက္ခာပြည့်ဝ
လိပ်ပြာသန့်လို့ မနော်ဖြူစင်
ထာဝရအသီစိတ်အစဥ် သိက္ခာမြတ်တရားနဲ့
စိတ်အလှအားတွေ မွေးမွေးထုတ်
မအိုတဲ့ရုပ် နုပျိုဆဲအရွယ်တင်
တကယ်အမှန်ပါ့ သမိုင်းတွင်စွမ်းသလေ
အနုဋ္ဌကိုဏ်းဝင်တဲ့ဆရာ
ကျန်းမာလို့ ချမ်းသာပါစေ။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကြည်ညိုဖွယ်ရာ ဖောဝိတစ်ထောင်ဆရာတော်ဘုရားကြီး


နှင့်

## သူ၏ထူးခြားများပြားလှသော

## ဖောဝိတစ်ထောင် သာသနိကများ

## ထဲ ထဲ ဝင် ဝင် ကြည် ညို ကြည့် ကြ စို့

■ နန္ဒာမောင်(သံဖြူဇရပ်)



(ယခင်က ဖောဝိတစ်ထောင် ဆရာတော်ကြီး၏ ဘဝ ခြစ်ငြိုးအကျဉ်းနှင့် ကမ္ဘာ့အကြီးဆုံး ရုပ်တော်မှုဘုရားကြီးကို အား အလေးထားဖော်ပြခဲ့ရာ ဆရာတော်ကြီး၏ ဘဝမှတ်ရသများ နှင့် သာသနိကအဆောက်အအုံပစ္စည်းများ စေ့စေ့စုံစုံ မပါဝင်ခဲ့ အကြောင်း စာရှုသူများ စေတနာ သဒ္ဓါကုသိုလ်များ ပွားများလာ အောင် ယခုကဲ့သို့ ဆက်လက်တင်ပြခြင်း ဖြစ်ပါကြောင်း)

**"အမှောင်ထဲမှာ လင်းအောင်နေ၊**
**အပူထဲမှာ အေးအောင်နေ၊**
**အရှုပ်ထဲမှာ ရှင်းအောင်နေ"**

ဖောဝိတစ်ထောင် ဆရာတော်ကြီး




www.burmeseclassic.com

www.burmeseclassic.com



**ကမ္ဘာ့အကြီးဆုံး ဆင်လေးစီးစံထိုင်တော်မူ မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကြီး**



**ရွှေလုံတော်စေတီတော်ကြီး (ဗောဓိတစ်ထောင် သာသနာ၏ အစောဆုံးတည်ဆောက်ပူဇော်ခဲ့သည်။)**

ဗောဓိတစ်ထောင်ဆရာတော်ကြီး အရှင်နာရဒနှင့် သူ၏ သာသနာပြုရာ သာသနာထွန်းကားရာ အရပ်ဒေသမှာ ဗောဓိတစ်ထောင် သာသနာဟု ဆိုရလောက်အောင် မရေမတွက်နိုင်လောက်အောင် များပြားလှသည့် သာသနိကများကလည်း များပြားလှပေသည်။ ယင်းဒေသတွင် ရှေးယခင်အခါကပင် သာသနာပြုပုဂ္ဂိုလ်ကျော်များ ထူးထူးခြားခြား ပေါ်ထွန်းခဲ့ဖူးလေသည်။

ဗောဓိတစ်ထောင်သာသနာတည်ထွန်းရာဒေသမှာ မုံရွာမြို့နယ်၊ မုံရွာတစ်ပိုက်၊ မုံရွာမှ ၁၁ မိုင်ဝေးသည့် ခတက္ကန်တောင်ရွာကို ဗဟိုပြုပြီး စိမ့်စမ်းရေလည်းရ၊ တောရိပ်တောင်ရိပ်ကောင်းလှသည့် ဘူမိနက်သန်အောင်မြေမှန်လှသော ထူးခြားသည့် နေရာဌာနကြီးပင် ဖြစ်လေသည်။

ထိုဒေသ၌ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၊ လယ်တီဆရာတော်ကြီး ဦးဉာဏဓဇ၊ မိုးညှင်းဆရာတော် ဦးသုမန၊ ညောင်ပိုင်အိုင်ဆရာတော်ကြီး ဦးဉာဏောဘာသကဲ့သို့ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးကြီးများစွာ ပေါ်ထွက်ခဲ့ပြီး ဆက်တိုက်ဆိုသလို ယခုဗောဓိတစ်ထောင်ဆရာတော်ကြီးတစ်ပါး ထူးခြားစွာ ပေါ်ထွန်းခဲ့ပြန်သည်။



**ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ရုပ်တော်မူ မြတ်စွာဘုရားကြီး**

ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများသည် အကြောင်းမဲ့ ပေါ်ထွန်းလေ့မရှိကြပါ။ အမျိုးဘာသာသာသနာ အကျိုး၊ သတ္တဝါတို့၏အကျိုးငှာ ပေါ်ထွန်းလာသည် ဖြစ်၍ ယင်းပုဂ္ဂိုလ်ထူးကြီးတို့ ပေါ်ထွက်ခဲ့သော နေရာဒေသအလိုက် တိုက်ရိုက်အကျိုးများကြပြီး နိုင်ငံတစ်နံ့တလျားရှိ အများပြည်သူများမှာလည်း သွယ်ဝိုက်သော နည်းအားဖြင့် အကျိုးများကြမည်သာ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျိုးမင်းဘုရား(၁)
(ရွှေကျိုးနားခိုသည့်အထိမ်းအမှတ်ဖြင့်တည်)



ဒီပါအေးဘုရား



ဗျာဒိတ်ပေးဘုရား(ခ)ရပ်တော်မူကိုယ်တော်ကြီး
(စေတီရုံအတွင်း၌ ပူဇော်ထားသည်။)



(နှစ်)

ဗောဓိပင်(ဗောဓိညောင်)ဟု ဆိုလိုက်သည်နှင့် ဗုဒ္ဓဘာသာဝင်တိုင်း အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာရှိ ဂေါတမဘုရားရှင် ပွင့်တော်မူရာ အမှီပြုခဲ့သည့် သံဝေဇနီယ လေးဌာနတွင် တစ်ဌာန အပါအဝင်ဖြစ်သည်ကို ကောင်းစွာသိရှိကြမြဲဖြစ်လေသည်။ ထို့ကြောင့် မဟာဗောဓိဆိုလျှင် ပွင့်တော်မူပြီးဘုရားရှင်တိုင်း အမှီပြုရာနေရာဖြစ်၍ ဗုဒ္ဓဘာသာဝင်များအဖို့ အလေးအမြတ်ထား ပူဇော်ရာဌာနကြီးပင် ဖြစ်ပါသည်။

ဆရာတော်သည် နာမည်ကျော်လို၍၊ ကျော်စောသတင်းကြီးလို၍ ထို'ဗောဓိ'အမည်ကို ယူခဲ့သည်မဟုတ်။ ငယ်မည်မှာ အများသိကြသည့်အတိုင်း 'အရှင်နာရဒ'သာ ဖြစ်ပါသည်။ ငယ်စဉ်ကပင် ဗောဓိပင်နှင့် ပဋ္ဌာန်းဆက်ရှိခဲ့သူ ဖြစ်လေသည်။

'အရှင်နာရဒ'သည် ကိုရင်ကျောင်းသားလေးဘဝက ဦးလေးတော်သူ ကိုးဆူကျောင်းဆရာတော် သီဟိုဠ် (သီရိလင်္ကာနိုင်ငံ)မှ ဘုရားဖူးပြန်လာစဉ်က ပင့်ဆောင်လာသည့် မဟာဗောဓိပင်ကို မျိုးပွား၍ ရေလောင်းပေါင်းသင်(မျိုးချ) စိုက်ပျိုးရာတွင် ဘုရားရှင်အမှတ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ အလေးထားပျိုးထောင် ပူဇော်ခဲ့သူတည်း။ ထိုအချိန်မှစပြီး ဗောဓိပင်ကိုအကြောင်းပြု၍ ဘုရားအဆူဆူတို့ကို ဖူးမြော်ပူဇော်လိုသည့် စိတ်ဆန္ဒများ တဖွားဖွားပေါ်ပေါက်လာသည်။

ဆရာတော်ကိုယ်တိုင် ခတ္တက္ကနိ်တောရ္ဆာ ကျောင်းငယ်၌ သီတင်းသုံးနေထိုင်စဉ် ဆရာတော်အဖို့ သာသနာပြုရန် အချိန်အခါလည်းကျရောက်ပြီး ဘုန်းကံအလျောက် ပေါ်ပေါက်လာသည့် ရှေးဟောင်းဘုရားများကိုလည်း လက်ဝယ်ပူဇော်၍ ရရှိ



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓစက်တော်ရာဘုရား


ထားပြီးဖြစ်ရာ ထိုအချိန်မှစ၍ မဟာဗောဓိပူဇော်ပွဲ ဗောဓိတစ်ထောင်သာသနာကို အစပျိုးလိုက်ပါတော့သည်။

(သုံး)

ဗောဓိတစ်ထောင် သာသနာပြုလုပ်ငန်းကြီးကို အသေးစိတ်မဖော်ပြမီ ဆရာတော်ကြီး၏ ဘဝမှရသထူးခြားချက်အချို့ကို ဖော်ပြသွားမည် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ဗောဓိတစ်ထောင်ကျောင်းတိုက်ကို ၁၃၂၂ ခု၊ ကဆုန်လဆန်း ၁၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ ခတက္ကနှ်၌ကျောင်းတိုက် စတင်တည်ထောင်ခါစတွင် ဆရာတော်မှာ သက်တော် ၃၀၊ ဝါတော် ၁၆ ဝါမျှသာ ရှိလေသည်။ မွေးဖွားစဉ်က အချင်းစလွယ်သိုင်းကာ အပေါ်သွားကလေးများပါရှိခြင်း၊ ကလေးငယ်ဘဝက ပုခက်တွင်လည်းကောင်း၊ ကိုရင်ဘဝတွင်လည်းကောင်း ကျိုးကန်း လာရောက်နားခိုခြင်းဆိုသည့် အတိတ်နိမိတ်များ ထူးခြားစွာဖြစ်ပေါ်ခဲ့ပါသည်။

ထိုအချိန်ကစပြီး ဆရာတော်ကြီးမှာ အခြားခြားသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များနှင့် မတူသောအချက်အလက်များစွာ တွေ့ရှိလာရသည်ဟု ဆိုပါသည်။ ဖြိုးဖြိုးစွာ သီတင်းသုံး



ရွှေကျိုးမင်းဘုရား(၂)

နေထိုင်ခြင်း၊ ဘာကိုမျှ မက်မက်မောမော ရှိလှသည်မဟုတ်ဘဲ အစာအာဟာရကို မျှတစွာ ဘုဉ်းပေးသုံးဆောင်ခြင်း၊ အိပ်စက်နားနေချိန်နည်းလှပြီး အရာရာကိုဥပေက္ခာပြုကာနေလေ့ရှိသည်။

ကျောင်းတိုက်ထဲတွင် စေတီနှင့် ရုပ်ပွားတော် မတည်ရသေးခင်ကပင် ဘုရားခန်းတွင် မင်းရွာမှ ပန်းချီဆရာကြီး ဦးချစ်တင် ရေးဆွဲပေးသော ဗောဓိပင်နှင့် ရွှေပလ္လင်ပါဝင်သည့် ရုပ်ပွားတော်ပိတ်ကား ရှိလေသည်။

ယင်းဗောဓိပန်းချီကားထဲ ကျေးငှက်တွန်သံများ၊ စိမ့်စမ်းရေစီးသံများဖြင့် သာယာသည်းပျောင်း နာပျော်ဖွယ်ရှိလှသည့် တောပင်တောင်ပင်တို့ကို နောက်ခံပြုလျက် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူခဲ့သော ဘုရားရှင်ကို ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့နေရသလို ပုံတော်ကို ဂုဏ်တော်တင်ပြီး အာရုံပြုလိုက်၊ ဝေနေယျသတ္တဝါအားလုံးသို့ ဩဒိဿမေတ္တာ၊ အနော



သံသရာအေးဘုရားကြီး

www.burmeseclassic.com



**အောင်စကြာစေတီတော်ကြီး (ရွှေတိဂုံစေတီတော်ပုံစံ/ အတွင်းလိုဏ်ဂူကြီး ပါဝင်)**

ဒီသမေတ္တာ ပွားများပို့သွတ်ရင်း နေ့စဉ်လိုလို စိတ်ငြိမ်းကိုယ်ငြိမ်း နေလေ့ရှိသည်ကို တွေ့ရမြဲဖြစ်သည်ဟု ဆိုပါသည်။

ဆွမ်းဘောဇဉ်ချိုချဉ် စသည်တို့ ဘုဉ်းပေးပြန်လျှင်လည်း ဆွမ်းဟင်းများ မည်မျှပင် အရသာစုံလင် ကောင်းမွန်ပါသော်လည်း အားရပါးရ မြိန်ရှက်စွာသော အမူအရာလုံးဝမပါဘဲ လူမမာများ ရောဂါဝေဒနာကြောင့် ဆေးဝါးမှီဝဲသလိုသာ ဘုဉ်းပေးသုံးဆောင်လေ့ရှိသည်။

ညပိုင်းကျိန်းစက်လျှင် ညဥ့်နက်ပိုင်းကျမှ အိပ်စက်ပြီး မိုးသောက်ယံ နာရီပြန် ၂ ချက်သာသာလောက်တွင် နိုးထပြီး ဘုရားဝတ်ပြုခြင်း၊ ဂုဏ်တော်များ အမြဲတမ်းလို ရွတ်ဖတ်ပွားများပြီး သတိဖြင့် နေထိုင်လေ့ရှိသည်ဖြစ်ရာ ဆရာတော်အား ဖူးတွေ့ရသူတိုင်း ကြည်ညိုဖွယ် ဖြစ်ရလေသည်။

## (လေး)

ဆရာတော်ကြီးသည် ကျောင်းထိုင်ခါစ ငယ်စဉ်ကပင် တောထွက်သည့်ကျင့်စဉ်ကို လွန်စွာနှစ်သက် ဝါသနာထုံတော်မူလေသည်။ နှစ်စဉ်နှစ်တိုင်း မွေးလတပို့တွဲလပြည့် ကျော်သည့်အခါ အနည်းဆုံးတစ်လ၊ သို့မဟုတ် ၎င်းထက်ပို၍ တောထွက် တရားအားထုတ်မြဲ ဖြစ်သည်။

ဆရာတော်ကြီး တရားအားထုတ်ခဲ့သည့် နေရာဒေသမှာ များလွန်းသဖြင့် အထင်ကရ နေရာ ဌာနအချို့သာ ဖော်ပြသွားပါမည်။

မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ မန်းစက်တော်ရာ၊ ရွှေမလဲတောင်၊ ဝေပုလ္လတောင်၊ အနောက်ပရက္ကမချောင်၊ ထွင့်ခေါင်ချောင်၊ ကျောက်ဆည်တောင် စသည့် နေရာဌာနများတွင် ၃ဝနှစ်တိုင်အောင် တရားအားထုတ်တော်မူခဲ့သည်။

ထိုစဉ်က ကျောက်ဆည်တောင်သို့ တရားအားထုတ်ကြွရောက်စဉ်က ဆရာတော်ကြီးအား ဆွမ်းကွမ်းများ သူ့ထက်ငါ အလုအယက် ကပ်လှူကြရာ သူ့ဆွမ်း အရင်ကပ်မည်၊ ကိုယ့်ဆွမ်း အရင်ကပ်မည်ဆိုပြီး အချင်းချင်း ငြင်းခုံကြကာ ခိုက်ရန်ပွားများပင် ဖြစ်ခဲ့ရသေးသည်ဟု ဆိုပါသည်။

ထိုမျှသာမဟုတ် ရွှေစက်တော်၌ တောထွက်စဉ်က စောင်းတန်းအနီးတွင် 'ဒန်းစီးမောင်နှမ'က လာရောက်ဖူးမြော်ပူဇော်ခဲ့သည်ဟု ဆိုလေသည်။ တစ်နေ့တွင် ဂါထာစုပ်၍ အလုပ်တစ်ခု ဆောင်ရွက်နေစဉ် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ကျီးကန်ရှင် ကိုရင်ကြီးကြွလာပြီး ဆရာတော်ကြီးအား ခနိုးခနဲ့ လုပ်သွားသေးသည်ဟု ဆိုပါသည်။

ထိုအချိန်အခါတွင် ဆရာတော်ကြီး၏ ဗောဓိတစ်ထောင် သာသနာပြုလုပ်ငန်းကြီးမှာ အရှိန်အဟုန်ကောင်းစွာရလျက် အရပ်ရပ်အနယ်နယ်မှ အလှူ့ရှင် အလှူ့အမတို့က နဝကမ္မဝတ္ထု အလှူတော်များ မြိုင်မြိုင်ဆိုင်ဆိုင် ပေးလှူနေကြသည့် အချိန်အခါကောင်း ဖြစ်နေလေပြီ။

သာသနာပြုလုပ်ငန်းကြီးကို ငွေကြေးဝတ္ထုနှင့် မာတုဂါမ တစ်ခုက ဟန့်တားဖျက်ဆီးနိုင်ကြောင်းကိုလည်း အများတကာ ကုသိုလ်ရှင်များအား အမြဲတမ်း သတိပေးဆုံးမလေ့ရှိပြီး မိမိကိုယ်တိုင်လည်း အဆိုပါ အစွန်းအထင်းများနှင့် ကင်းရှင်းစွာ နေထိုင်ခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးသည် ဗောဓိတစ်ထောင်သာသနိက အစရှိသော စေတီပုထိုး အမျိုးမျိုးအဖုံဖုံတို့ကို သူ၏ ဘုန်းကံ ပါရမီအလျောက် စီမံဆောင်ရွက်တော်မူရာတွင် ပြည်တွင်း၌သာ မဟုတ်။ အာရှတစ်ခွင်၊ ထိုမှ ကမ္ဘာ့အနောက်ခြမ်းသို့တိုင်အောင် သာသနာပြု သွားရောက်ရသည်များလည်း ရှိပါသည်။ ယင်းနိုင်ငံများဟူ၍ . . .

(၁) ထိုင်းနိုင်ငံ ၁၀ ကြိမ်၊ (၂) အိန္ဒိယနိုင်ငံသို့ ၄ ကြိမ်၊ (၃) နီပေါနိုင်ငံသို့ ၄ ကြိမ်၊ (၄) မလေးရှားနှင့် တောင်ကိုးရီးယားသို့ ၁ ကြိမ်၊ (၅) နယူးဇီလန်နိုင်ငံသို့ ၂ ကြိမ်၊ (၆) သီရိလင်္ကာနိုင်ငံသို့ ၂ ကြိမ်၊ (၇) စင်္ကာပူနိုင်ငံသို့ ၅ ကြိမ်၊ (၈) ဂျပန်နိုင်ငံသို့ ၅ ကြိမ်၊ (၉) အမေရိကန်နိုင်ငံသို့ ၄ ကြိမ်၊ (၁၀) အင်္ဂလန်၊ လာအို၊ တရုတ်နိုင်ငံတို့ကိုလည်း ၁ကြိမ် သာသနာပြု ကြွရောက်ခဲ့သည်။ ထိုသို့ နိုင်ငံရပ်ခြားသို့ ကြိမ်ဖန်များစွာ လေယာဉ်ပေါ်တက်လိုက်၊ ဆင်းလိုက် ရောက်ရှိခဲ့သော်ငြားလည်း ဆရာတော်ကြီး၏ မျက်နှာသွင်ပြင်မှာ ဟိုဟိုသည်သည် နီးနားရွာမှ ဘုရားဖူးပြန်လာသလို ထူးဆန်းသည့် အမူအရာမပြဘဲ ရှိလေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားအားလုံးတို့၏ အပြုအမူ၊ အနေအထိုင်၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုများအပေါ်၌လည်း ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း မရှိဘဲ သံဝေဂအသိအမြင်များဖြင့်သာ ရှုမြင်သုံးသပ် မိန့်မှာလေ့ရှိပေသည်။

## (ငါး)


ဗောဓိပင်တစ်ပင်လျှင် ထိုင်တော်မူ ဘုရားရုပ်ပွားတော်တစ်ဆူစီဖြင့် အစပျိုးခဲ့သော ဗောဓိတစ်ထောင်သာသနာ့နယ်မြေသည် ကျယ်ဝန်းလှသဖြင့် ကေပေါင်း ၂၄၃. ၈၇၁ ကေ ရှိလေသည်။ ရှေးဦးစွာ 'ရွှေလှုံတော်စေတီ'ကြီးကို စေတီရံ ၁၆ ဆူ ရံကာ တည်ထားကိုးကွယ်ခဲ့သည်။ ထို့ကြောင့် ရွှေလှုံတော်စေတီကြီးသည် ဗောဓိတစ်ထောင် သာသနာတွင် အစောဆုံး သာသနိကအဆောက်အအုံကြီး ဖြစ်လေသည်။ ထိုမှ ဆက်လက် တည်ဆောက် လှူဒါန်းပူဇော်ခဲ့သည်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

(၁) အရံဘုရားနှစ်ဆူပါဝင်သည့် သံသရာအေးဘုရားကြီး၊ (၂) ဗျာဒိတ်ပေးဘုရား (ခ) ရပ်တော်မူ ကိုယ်တော်ကြီး၊ (၃) ဗောဓိပင်ပျိုးမျိုး စတင်ပူဇော်ရာ ဘုံခုနစ်ဆင့်ရှိ ဒီပါအေးဘုရားကြီး၊ (၄) အတွင်း၌ ထန်းပင်ငုံထားသော ဖိနရန်အောင်ခေါ် ထန်းပုထိုးတော်ကြီး (အပေါ်ဆုံးထပ် အောင်ခြင်းရှစ်ပါး ရုပ်ကြွပုံ ပန်းချီကားများ)နှင့်အပြင် ပတ်လည်မုခ်ဝယ်လေးများတွင် ဘုရားအဆူငယ်များ ထည့်သွင်းပုံဖော်ထားသည်၊ (၅) စူဠာမဏိစေတီတော် (ပစ္စယံပတ်လည်များတွင် ရုပ်ပွားတော်ကလေးများစွာ ပူဇော်ထားရှိလေသည်)၊ (၆) မုခ်ဝလေးခုပါ ရဟန္တာခြေတော်ရာတော်ဂူဘုရား အမျိုးအစားဖြစ်သည်။ ဇီးဖြူတောင်မှ သယ်ဆောင်လာစဉ် လမ်းခုလတ်တစ်နေရာတင် မည်သို့မျှ ဆက်လက်သယ်ဆောင်၍ မရသောကြောင့် (ရွာနှင့်လည်းလှမ်း၊ လူသူအရောက်အပေါက်နည်းလှသည့်) အဆိုပါနေရာတွင် တည်ထားကိုးကွယ်ခဲ့သည်။ နှစ်စဉ် ဝါခေါင်လရောက်တိုင်း အစောဆုံး ပွဲတော်ကျင်းပလေ့ရှိသည်ဟု ဆိုပါသည်၊ (၇) အရှေ့ဘက်တောင်ကုန်း ဝိဇ္ဇာဂူဘုရား(ယင်းစေတီကို တောင်တန်းနောက်ခံထားလျက် ဘုရားရှင်နှင့် ရဟန္တာငါးရာ ဆွမ်းခံကြွချီဟန် ရုပ်လုံးဆင်းတုတော်များစွာ တည်ဆောက်ပူဇော်ထားသည်)၊ (၈) ဖိုးခေါင်တောင်ရိုးတွင် ခါတ်ပေါင်းစုံဌာပနာထားသည့် ဉာဏ်တော် ၁၄၅ တောင်ရှိ အောင်စကြာစေတီတော်ကြီး (မိုးညှင်းသမ္ဗုဒ္ဓေကဲ့သို့ လိုဏ်ဂူကြီးပါရှိသည်)၊ (၉) မန္တဝတောင်ရိုးတွင် တည်ထားသည့် ဉာဏ်တော်အလျား ၂၂၂ တောင်ရှိသော အချိုးအစားကျနလှသည့် လျောင်းတော်မူ မြတ်စွာဘုရားရုပ်ပွားတော်ကြီး ရှိသည်။ အတွင်း၌ လိုဏ်ဂူကြီးရှိသဖြင့် ယင်းလိုဏ်ဂူကြီးတွင် နှစ်စဉ် ဘုရားပွဲတော် ကျင်းပသည့်အခါ သံဃာတော် အပါးတစ်ထောင်ပါဝင်သည့် ဘုရားအနေကဇာတင်ပွဲ ပြုလုပ်လေ့ရှိသည်၊ (၁၀) နဂါးခံသည့် နဂါးရုံမြတ်စွာဘုရားကြီး၊ (၁၁) မိုးကောင်းဘုရား (အတွင်းဘက်၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ ပူဇော်ထားသည်)၊ (၁၂) ရွှေကျီးမင်းဘုရား(ဆရာတော် ပုခက်သားနှင့် ကိုရင်ငယ်ဘဝတွင် နှစ်ကြိမ်တိုင်တိုင် ကျီးငှက်ဝင်ရောက် နားခိုဖူးသည့် အထိမ်းအမှတ်အရ တည်ထားခဲ့ခြင်းဖြစ်သည်။ ဘုရားကြီးအတွင်း ဆရာတော်၏ဘဝဖြစ်စဉ်ကို ပန်းချီရုပ်လုံးများဖြင့် ရေးဆွဲဖော်ပြထားသည်။)၊ (၁၃) မြတ်ဗုဒ္ဓစက်တော်ရာဘုရားကြီး၊ (၁၄) ကမ္ဘာ့အကြီးဆုံး ဆင်ခံဘုရားကြီး (ရင်ပြင်တော် ကျယ်ဝန်းလှပြီး ဉာဏ်တော် ၆၃ တောင် မြင့်သည်။ ဝေနေယျသတ္တဝါတို့အား ကရုဏာသက်စွာ ဟောပြောဆုံးမနေသည့် ပုံတော်ဖြစ်သည်)၊ (၁၅) ၁၉၉၅ ခုနှစ် အုတ်မြစ်ချ တည်ဆောက်ခဲ့သည့် ကမ္ဘာ့အကြီးဆုံး ရပ်တော်မူမြတ်စွာဘုရားကြီး (လေးကျွန်းစကြာရှိ သတ္တဝါများ အေးချမ်းစေလိုသည့် အတိတ်နိမိတ်ဆောင်ကာ တည်ထားပူဇော်ခြင်း ဖြစ်သည်။ ဆယ်စုနှစ် ငါးစုနီးပါးမျှကြာအောင် အပြီးသတ် တည်ဆောက်ခဲ့ရသည်။ တည်ဆောက်ပြီးစီး၍ အနေကဇာတင်ခါနီး အချိန်လောက် ဆရာတော်ကြီး နတ်ရွာစံ ပျံလွန်ခဲ့ရှာသည်၊ အုတ်မြစ်အတိုင်းအဆ အသေအချာ မသိရသော်လည်း မိမိမျက်မြင်ခန့်မှန်းခြေအရဆိုလျှင် (ပေ ၁၀၀ × ပေ ၈၀)မျှ ရှိလိမ့်မည်




www.burmeseclassic.com

www.burmeseclassic.com



ဇိနမာန်အောင်(ခ)ထန်းစေတီ

ထင်ပါသည်။ ဗိသုကာပညာရှင်၊ စက်မှုပညာရှင်များ ဆွဲတင်ဆွဲချ သယ်တင်သယ်ချ ဝန်တင်ကရိန်း စက်ကိရိယာများ သံဂဟေလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ သံမဏိသံဘောင်ကြီးများ၊ လူလုပ်သားအင်အားများစွာ အသုံးပြု တည်ဆောက်ခဲ့ရသည်။ အံ့ချီးဖွယ်ကောင်းလှသော ဘုရားကြီးကို ကြည့်ညိုရင်း ဆရာတော်ကြီး၏ ဘုန်းကံပါရမီ အဘယ်မျှကြီးမားလှကြောင်း အကဲဖြတ်နိုင်ပေသည်။)၊ (၁၆) ဆရာတော်ကြီး သီတင်းသုံးခဲ့သည့် ဖောဓိတစ်ထောင်ကျောင်းတိုက်၏ အပေါ်ထပ်တစ်ခုလုံးအား (ဆရာတော်ကြီး ပျံလွန်ပြီးသည့်နောက်) ဗုဒ္ဓယဉ်ကျေးမှုပြတိုက်အဖြစ် သတ်မှတ်ဖွင့်လှစ်ထားရှိရာ ပြတိုက်အတွင်း ဆရာတော်ကြီး၏ ထင်ရှားသော ဘဝဖြစ်စဉ်အကျဉ်းအပါအဝင် ရှေးဟောင်း



ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ပန်းချီပန်းပု ရုပ်လုံးရုပ်ထုများ၊ ရှေးဟောင်းရုပ်ပွားတော်များ၊ ခေတ်အဆက်ဆက်က ကြေးထည်ဖန်ထည်၊ ကြွေထည်များ၊ နှစ်ပေါင်း ၁၀၀–၁၀၅ အခါက ရှေးဟောင်းကြေးသွန်းပစ္စည်းများ၊ အသုံးအဆောင်များ ပါဝင်ပြသပေးထားသည်။

ထိုသို့သော ဘုရားပုထိုးစေတီ သာသနိက အဆောက်အအုံများအပြင် သံဃာတော် လူပုဂ္ဂိုလ်ယောဂီများ သီတင်းသုံးနေထိုင်သည့် ကျောင်းတိုက်ကြီးများ ၇၂ လုံးမျှရှိရာ အခြားအထောက်အကူပြု အဆောက်အအုံ ၁၀ လုံးအပါအဝင် အားလုံးပေါင်း ၈၂ လုံးလည်း ရှိသေးသည်။ ယင်းကျောင်းတိုက်များတွင် ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ ဝါဆိုစာရင်းအရ သံဃာတော် ၁၃၆ ပါး သီတင်းသုံးလျက်ရှိရာ(ဒုလ္လဘရဟန်းမပါ) အမြဲတမ်းလိုလို စာသင်စာတက်၊ သမထ၊ ဝိပဿနာ၊ ဘာဝနာလုပ်ငန်းများ ကြိုးပမ်းလုပ်ကိုင်နေသည့် ရဟန်းသံဃာတော်များ ရာကျော်ရှိမြဲဖြစ်သည်။ ဆရာတော်ကြီးရှိစဉ်ကပင် တပည့်သားရဟန်း၊ သံဃာတော်များအား မိမိတို့သန်ရာ ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းများကို စိတ်ဆန္ဒရှိသလို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားသည်။ ဝိနည်းတော်နှင့်လည်း ဆန့်ကျင်၍ မနေဖို့ အမြဲတမ်းလို ဆုံးမသွန်သင်တော်မူလေသည်။

ဆရာတော်ကြီး၏ ဘဝတစ်လျှောက်လုံးတွင် သီလ၊ သမာဓိ၊ ပညာဆိုသည့် ဓမ္မလမ်းကြောင်းနှင့် ဆန့်ကျင်သော မည်သည့်လုပ်ငန်းကိုမဆို စိုးစဉ်းမျှ မလုပ်ခဲ့သူ ဖြစ်လေသည်။ သစ္စာ၊ သမာဓိ၊ အဓိဋ္ဌာန်ဖြင့် နေထိုင်ပြီး အမြဲတမ်းလိုလို မေတ္တာဘာဝနာ ပွားနေလေ့ရှိသည့် ပုဂ္ဂိုလ်ထူးကြီးပင် ဖြစ်လေသည်။

## နန္ဒာမောင်(သံဖြူရေပ်)

**စာကိုးစာရင်း**

(၁) ဦးကြည်အောင်မိုး(စာပေနှင့် လက္ခဏာဆရာ)၏ ကြည်ညိုဖွယ်ရာအဖြာဖြာ ဖောဓိတစ်ထောင်သာသနာ


(၂) VCD ဖောဓိတစ်ထောင်သမိုင်းမှတ်တမ်းများ၊ ဖောဓိတစ်ထောင်သမိုင်းအကျဉ်း

(၃) ၂၀၁၃ ခု၊ မတ်လအတွင်း စစ်ကိုင်းတိုင်းမြို့တော် မုံရွာ၊ ခတက္ကန်တောင် ဖောဓိတစ်ထောင်သာသနာ့ထွန်းကားရာ နယ်မြေသို့ စာရေးသူကိုယ်တိုင်ကိုယ်ကျ ရောက်ရှိဖူးမြော်ရသည်များမှ

www.burmeseclassic.com

# ကျိုက်မြတ်သံချို မဟာသိမ်တော်ကြီးသမိုင်းအကျဉ်း (နှင့်) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမိုင်းဝင်သိမ်တော်ကြီးကိုးလုံး သမိုင်းကြောင်း

■ ပထမံဆရာကြီး ဦးအောင်သူ





အထက်ပါ သမိုင်းကြောင်းများကို စာရေးသူ ဘုန်းရောင်ဂျာနယ်၊ အမှတ်စဉ်-၂၁၂၊ ၂၀၁၃ ခုနှစ်၊ ဌွန်လ (၇)ရက် သောကြာနေ့ထုတ်တွင် ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် ရောင်ပြန် မဂ္ဂဇင်းတွင် ပြည့်ပြည့်စုံစုံ ဖြစ်စေခြင်းငှာ ထပ်မံရေးသားလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com




ကျိုက်မြတ်သံချို
မဟာသိမ်တော်ကြီး

ဤသို့ ထပ်မံရေးသားရခြင်းမှာလည်း ဂျာနယ်သည် ရန်ကုန်နှင့် နီးစပ်ရာနေရာဒေသ၌သာ ဖြန့်ဖြူးနိုင်ခြင်းဖြစ်၍ မဂ္ဂဇင်းသည် မြန်မာနိုင်ငံ မြို့ရွာအသီးသီးသို့ ရောက်ရှိနိုင်သည်ဟု ယူဆမိပြီး စာဖတ်သူများလက်ဝယ်သို့ ရောက်ရှိကာ မသိသေးသော ဖြစ်စဉ်သမိုင်းကြောင်းကို သိစေရန် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ဤဆောင်းပါးကို စာရေးသူ အုပ်ပင်ပန်းခံလျက် ကွင်းဆင်းလေ့လာပြီးမှ ရေးသားခြင်းဖြစ်ကြောင်းနှင့် ဤမဂ္ဂဇင်းစာအုပ်တစ်အုပ် ဝယ်ယူဖတ်ရှုခြင်းဖြင့် သမိုင်းမှတ်တမ်းဝင်စာအုပ်တစ်အုပ်ကဲ့သို့ သိမ်းဆည်းထားပါက သာသနာဘာသာအတွက် နောင်တွင် အသုံးဝင်မည် ဖြစ်ပါသည်။

**နိဒါန်း**

ဗုဒ္ဓရှင်တော်မြတ်စွာဘုရား၏ သာသနာတော်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်မှ စ၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့လာခဲ့ပါသည်။ မြန်မာနိုင်ငံသည်လည်း ဗုဒ္ဓသာသနာတော်ရောက်ရှိလာသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အပြင် သန့်ရှင်းမွန်မြန်သော ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြပြီး ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပဋိဝေဒ သာသနာတော်မြတ်သုံးရပ်ကို ခေတ်အလိုက် ရှင်သန်တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်လာခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပါသည်။ နိုင်ငံတော်အတွင်း ဗုဒ္ဓသာသနာ ထွန်းကားရာ နေရာဒေသများတွင် ဘုရားပုထိုး၊ ကျောင်းကန် စသည့် သာသနိက



ကျားကူးသိမ်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အဆောက်အအုံများကို ကြည်ညို ဖွယ်ရာ တွေ့မြင်ရပါသည်။ သို့ရာတွင် ဗြိတိသျှတို့၏ နယ်ချဲ့ကျူးကျော်စစ် သုံးကြိမ်ကြိမ်တိုင်တိုင် ခံခဲ့ရပြီးမှ သူ့ကျွန် အဖြစ် နှစ်ပေါင်းတစ်ရာကျော် ကြာမြင့် ခဲ့သည့်အပြင် နှစ်ပရိစ္ဆေဒ ကြာညောင်း လာသည်နှင့်အမျှ ပြင်းထန်သော ရာသီ ဥတုဒဏ်ခံခဲ့ရခြင်းကြောင့်လည်းကောင်း၊ ပြုပြင်ထိန်းသိမ်းမှုမရှိခြင်းကြောင့်လည်း ကောင်း အချို့သော သမိုင်းဝင် သာသနိက အဆောက်အအုံများမှာ ယိုယွင်း ပျက်စီးသည်များ ရှိခဲ့သလို လုံးဝပျောက် ကွယ်သွားသည်များလည်း ရှိခဲ့ကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီး နယ်နိမိတ် အတွင်း အဓိကရ ရဟန္တာသိမ်တော်ကြီး ကိုးခု တည်ရှိခဲ့သော်လည်း ယခု အခါ သိမ်ခြောက်သိမ်သာ ကျန်ရှိတော့ သည်။ ယင်းအနက်မှ ပန်းဘဲတန်းမြို့ နယ်အတွင်းရှိ မဟာသိမ်တော်ကြီးသည် လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ပန်းဘဲတန်းမြို့နယ်သည် အခြားအခြား သော ဘာသာဝင်တို့ အများဆုံးနေထိုင် ရာ မြို့ဖြစ်ခဲ့သဖြင့် ဗြိတိသျှတို့ အုပ်ချုပ် စဉ်ကာလ မဟာသိမ်တော်ကြီးမှာ လူသိ နည်းပြီး မှေးမှိန်ခဲ့ရ၏။ သိမ်တော်ကြီး အနီးတွင် ကုလားသူဌေးများ ဆောက် လုပ်ထားခဲ့သည့် စူရတီဘုရားဘဏ်ဈေး ကိုပင် သိမ်တော်ကြီးကို အစွဲပြု၍ သိမ် ကြီးဈေးဟု လူသိများခဲ့သည်မှာ ယနေ့ တိုင် ဖြစ်ပါသည်။

× × × × ×

## ကျိုက်မြတ်သံချိုစေတီတော်

သာသနာတော်နှစ် ၂၃၅ ခုနှစ်တွင် ရှင်မဟာမောဂ္ဂလိပုတ္တတိ မထေရ် မြတ်၏ ညွှန်ကြားတော်မူချက်အရ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန် စေလွှတ်ခဲ့ရာ သီရိဓမ္မာသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွရောက်၍ သာသနာ ပြုတော်မူပါသည်။ သီဟိုဠ်ကျွန်းမှာ အရှင်မဟာမဟိန္ဒထေရ်၏ တပည့်များ ဖြစ်ကြသော အရှင်ယသ၊ အရှင် သောဏ၊ အရှင်သုမိ အမှူးပြုသော ရဟန္တာရှစ်ပါးသည် သာသနာနှစ် ၂၃၈-၂၃၉ ခု ရာမညတိုင်း သုဝဏ္ဏဘူမိ သထုံပြည်နှင့် တြိဝက်ကျွန်းသို့ သာသနာပြုရန် ကြွရောက်တော်မူခဲ့ပါသည်။ တြိဝက်ကျွန်းမှာ သန်လျင်မြို့ ဖြစ်သည်။ ရဟန္တာအရှင်မြတ်တို့သည် သန်လျင်မြို့ ၌ စိုးစံသည့် သီဟာဒီပမင်းခေါ် ဘောဂ သေနမင်းအား စေတီတည်ထားကိုး ကွယ်ရန် ဗုဒ္ဓရှင်တော်ဘုရား၏ ဆံတော် မြတ်နှင့် သရီရဓာတ်တော်များ ပေးအပ် ခဲ့ပါသည်။ ဘောဂသေနမင်းသည် ဆံ တော်နှင့် ဓာတ်တော်များကို ဌာပနာ၍ စေတီတော် တစ်ဆယ့်တစ်ဆူ တည် ထားကိုးကွယ်ခဲ့ပါသည်။ ယင်းစေတီ တော်များအနက် ဒဂုံမြို့ (သိမ်ကြီးဈေး စီရုံ၊ ယခင်နာရီစင်)နေရာတွင် တည်ခဲ့ သော ကျိုက်မြတ်သံချိုစေတီတော်တစ် ဆူလည်း ပါဝင်ခဲ့ပါသည်။ ၎င်းစေတီ တော်အား ကျိုက်မဲသံကရော၊ ကျိုက်မဲ သံချို၊ ကျိုက်မြတ်သံချို ဟူ၍ ဘွဲ့တော် သုံးခုဖြင့် ခေါ်ဝေါ်ခဲ့ကြပါသည်။ ထိုစေတီ တော်မှာ ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့မြောက်ဘက်ရှိ နောင်တော်ကြီး စေတီထက်ပင် ဉာဏ်တော်မြင့်သည်ဟု ဆို၏။ ထိုဘုရားကုန်းကို ဆူးလေစေတီ ကုန်းကဲ့သို့ အုတ်ဖြင့် ဝိုင်းဝန်းကာရံထား ပြီး မဟာရံတံတိုင်းများကို သစ်များဖြင့် ပြုလုပ်ထားသည်။ ဘုရားစောင်းတန်းမှာ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဖြစ်သည်ဟု ဘုရားဝန်းကျင်မှာ မြေ အုတ်ကြွပ်မိုးသော ဇရပ်ကြီးများရှိသဖြင့် စေတီတော်၏ ပရိဝုဏ်သည် သာယာ စိုပြည်ပြီး အေးချမ်းဆိတ်ငြိမ်လျက်ရှိ သည့် ၁၈၅၄ ခုနှစ်တွင် ရန်ကုန်မြို့သစ် တည်ရန် မြို့ကွက်အသစ်ရိုက်သောအခါ တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ ချိုင့်ဝှမ်း များ မြေဖို့ခြင်း၊ လမ်းဖောက်ခြင်း စသည် တို့ ပြုလုပ်ခဲ့ကြပါသည်။ ကျိုက်မြတ်သံ ချို စေတီတော်ကြီးကို စတင်ဖြိုဖျက်ရန် ကောဇာသက္ကရာဇ် ၁၂၁၆ ခုနှစ်တွင် အမိန့်ရ၍ အထက်ကြေးဝိုင်းတော်ကြီး နေရာမှ ကြိုးနှင့်ဆွဲချပြီး ဖြိုဖျက်ခဲ့ပါ သည်။ ကျိုက်မြတ်သံချိုစေတီတော်ကြီး ကို စတင်ဖြိုဖျက်သည်မှစ၍ ညပိုင်းတွင် စေတီတော်ကြီးမှ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ရက်အတော်ကြာကြာ ကွန့်မြူးပျံသန်းလျက် ဆူးလေစေတီ တော်သို့ ကူးပြောင်းသည်ကို လူအများ ဖူးမြင်ကြရသည်ဟု ဆို၏။ ကိုးကွယ် ပူဇော်မည့်သူမရှိသော အရပ်သို့ ကြွ တော်မူရခြင်းသာ ဖြစ်ပါသည်။ ကျိုက် မြတ်သံချို စေတီတော်မြတ်ကြီးအား ဖြိုဖျက်ရာတွင် စေတီတော်အထက်ပိုင်း သည် တောင်ဘက်သို့ ပြိုလဲကျသွား တော့သည်။ ရက်အတော်ကြာကြာ ဖြို ဖျက်နေစဉ် ရောင်ခြည်တော်များ ရက်

www.burmeseclassic.com

ရှည်ကွန့်မြူးသည်ကို ဖူးမြင်ကြရသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့မှာ ယူကျုံးမရ ငိုကြွေးတသ စိတ်သောကရောက်ကြရလေ၏။ သဒ္ဓါတရားရှိခြင်း၊ ဝမ်းနည်းခြင်းရောစွက်၍ လက်အုပ်ချီကာ ဖူးမြော်ရင်း မျက်ရည်စက်လက်နှင့်သာ ဖြေသိမ့်နေကြရရှာတော့၏။ ထိုဘုရားမြေကို မြို့ထဲသွင်းပြီး စူရတီကုလားများအား ရောင်းချလိုက်လေ၏။ ဗြိတိသျှတို့၏ နယ်ချဲ့ကျူးကျော်စစ်ကား နိုင်ငံတော်ကို တစ်ဆင့်ပြီးတစ်ဆင့် ဝါးမျိုကျွန်ပြုလျက်ရှိနေသည်နှင့် အမျှ အမျိုးဘာသာသာသနာပါ ဆုံးရှုံးနစ်နာစပြုလာလေပြီတကား။ ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ဖြစ်သော စေတီများကိုပင် ဖြိုဖျက်လာသည်အထိ အတင့်ရဲစွာ ပြုမူလာကြသည့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့မှာ ဘာသာသာသနာကို ထိပါးစော်ကားလာကြ၍ မချိမဆံ့ ခံပြင်းစွာ နာကြည်းကြရသည်။ ဒေါသထွက်ကြသည်။ တမြည့်မြည့် ခံစားကြရပြီး အခဲမကျေဖြစ်ကြရသည်ကလွဲ၍ မည်သို့မျှ မဘာတ်နိုင်ကြပေ။ အားမတန် မာန်လျှော့၍သာ နေကြရှာလေသည်။

## သုံးမည်ရ မဟာသိမ်တော်ကြီး

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်အတွင်းရှိ မဟာသိမ်တော်ကြီးသည် ကျိုက်မဲသံကရောသိမ်၊ ကျိုက်မဲသံချိုသိမ်၊ ကျိုက်မြတ်သံချိုသိမ်ဟူ၍ အမည်သုံးမျိုး တွင်ခဲ့သည်။ ယင်းကဲ့သို့ အမည်သုံးမျိုးတွင်ခဲ့ခြင်းမှာ သိမ်တော်ကြီး၏ အနောက်ဘက် သိမ်ကြီးဈေး စီရံ ယခု နာရီစင်နေရာတွင် ရဟန္တာအရှင်မြတ်များ တည်ထားသည့် ကျိုက်မဲသံကရော၊ ကျိုက်မဲသံချို၊ ကျိုက်မြတ်သံချို ဟူ၍ ဘွဲ့တော်သုံးခုရှိသော စေတီတော်တစ်ဆူအား အစွဲပြု၍ သိမ်တော်ကြီးကိုလည်း ယင်းဘွဲ့တော်သုံးခုဖြင့် ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ သိမ်တော်ကြီးမှာ အရှင်ယသ၊ အရှင်သောဏ၊ အရှင်သုဇိ အမှူးပြုသော ရဟန္တာရှစ်ပါးသည် ကျိုက်မဲသံကရောစေတီတော်တည်ပြီးနောက် မဟာသိမ်တော်ကြီးအပါအဝင် သိမ်ကိုးလုံးအား သမုတ်တော်မူခဲ့ကြသဖြင့် ရဟန္တာသိမ်တော်ကြီးအဖြစ်တည်ရှိခဲ့ပါသည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံအောက်ပိုင်း သိမ်းပိုက်ပြီးနောက် ခရစ် ၁၈၅၄ ခုနှစ်တွင် ရန်ကုန်မြို့ကို အကွက်ချ၍ မြို့သစ်တည်ဆောက်သောအခါ ကျိုက်မဲသံကရော စေတီတော်ကိုလည်း ဖြိုဖျက်ခဲ့သည်။ ထိုဘုရားမြေအား ကုလားသူဌေးများမှ ဝယ်ယူပြီး စူရတီဘုရားဘဇားဈေးကို တည်ဆောက်ခဲ့ပါသည်။ ဈေးကြီးမှာ မဟာသိမ်တော်ကြီးနှင့် နီးကပ်နေသောကြောင့် သိမ်ကြီးဈေးဟု ခေါ်တွင်ခဲ့လေသည်။ ခုထက်တိုင် ယင်းအမည်အား ခေါ်ဝေါ်သုံးစွဲလျက် ရှိနေကြပေသည်။

မှတ်ချက် - ကျိုက်မဲသံကရော မွန်အက္ခရာ ကျိုက်မွဲသံတြအသံထွက် ကျိုက်မွန်သံကရော (ကျိုက်ခံဘုရားပွဲ = တစ်သံ = သံယာတြာ=ခြောက်) ဘုရားဓာတ်တော်တစ်ဆူနှင့် ရဟန္တာဓာတ်တော် ခြောက်ဆူ ဌာပနာ၍ တည်ထားသော စေတီဟု ဆိုလိုပါသည်။) ကျိုက်မဲသံကရောဟူသော မွန်ဝေါဟာရကို မြန်မာအသံထွက်ဖြင့် ကျိုက်မဲသံချို၊ ကျိုက်မြတ်သံချိုဟု အသံပြောင်းလာခြင်း ဖြစ်ပါသည်။


## ရန်ကုန်မြို့ရှိ သမိုင်းဝင် သိမ်တော်ကြီး ၉ လုံး

သဗ္ဗညုတမြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ဗုဒ္ဓမြတ်စွာသာသနာတော်သည် ကမ္ဘာ့နိုင်ငံအများအပြားသို့ ပျံ့နှံ့ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံသို့လည်း ရောက်ရှိခဲ့ပါသည်။ သာသနာနှစ် ၂၃၅ ခုနှစ်တွင် ပါတလိပုတ်ပြည် သီရိဓမ္မာသောကမင်းကို အမှီပြု၍ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာတစ်ထောင်တို့ တတိယသင်္ဂါယနာတင်ပြီးသည့်အခါ၌ အရှင်မောဂ္ဂလိတိဿမထေရ်ကြီးသည် ရဟန္တာတို့ကို ကိုးတိုင်းကိုးဌာနသို့ စေလွှတ်၍ သာသနာပြုတော်မူခဲ့ပါသည်။ သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာနိုင်ငံ)သို့ သားတော် အရှင်မဟိန္ဒ ကြွရောက်သာသနာပြုခဲ့ပါသည်။ ထိုမထေရ်အရှင်မြတ်၏ အဆက်အနွယ်တော်များဖြစ်ကြသော အရှင်ယသ၊ အရှင်သောဏနှင့် အရှင်သုမိ အမှူးပြုသော ရဟန္တာအရှင်မြတ်ရှစ်ပါးသည် သာသနာနှစ် ၂၃၈-၂၃၉ ခုနှစ်ခန့်တွင် သီဟိုဠ်ကျွန်းမှ သုဝဏ္ဏဘူမိ သထုံပြည်နှင့် တြိဝက်ကျွန်းခေါ် သန်လျင်မြို့သို့ ကြွရောက်သာသနာပြုခဲ့ကြပါသည်။ ထိုအရှင်မြတ်တို့သည် သန်လျင်မြို့၌ စိုးစံသည့် သီဟာဒီပမင်းခေါ် ဘောဂသေနမင်းအား မြတ်စွာဘုရားရှင်၏ ဆံတော်မြတ်နှင့် သရီရဓာတ်တော်များ ပေးအပ်ခဲ့ရာ




www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာသိမ်တော်ကြီး(ရွှေတိဂုံ)



ဒေဝသာဂရသိမ်တော်ကြီး(သိမ်ဖြူ)

ဘောဂသေနမင်းသည် ထိုဆံတော်ရှင်ဓာတ်တော်များကို ဌာပနာ၍ ဒဂုံမြို့၌ ကျိုက္ကစံ၊ ကျိုက်အသုတ်(ဆူးလေ)၊ ကျိုက်မဲသံကရော ကမာကမ္ဘ၊ ကျိုက်ကမာစိန်၊ ကျိုက်ဒေးအဲ၊ ကျိုက်ငွဲကမော့၊ ကျိုက်ဒင်မဲကျိုက်၊ ခပေါက်ခနွတ်၊ ကျိုက်ခပေါက်ဆွတ်နှင့် ကျိုက်ဒေးအပ်(ဗိုလ်တထောင်)စေတီတော် တစ်ဆယ့်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ပါသည်။ ယင်းစေတီတော်များအနက် ကျိုက်မြတ်သံချိစေတီတော်မှာ ဒဂုံမြို့ (ရန်ကုန်) ယခုသိမ်ကြီးဈေးနေရာ၌ တည်ရှိခဲ့ပြီး ထိုစေတီ၏ အမည်တော်မှာ ကျိုက်မဲသံကရော၊ ကျိုက်မဲသံချိ၊ ကျိုက်မြတ်သံချိ ဟူ၍ အမည်သုံးမျိုးတွင်လျက်ရှိကြသည်။ အဆိုပါ စေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့မြောက်ထောင့်ရှိ နောင်တော်ကြီးစေတီထက်ပင် မြင့်သည်ဟု ဆိုပါသည်။ ထိုစေတီတော်မှာ စူရတီဘရားဘဇားခေါ် ဈေးကြီး တည်ဆောက်ရန်အလို့ငှာ ဖြိုဖျက်ခံခဲ့ရ၍ ပျောက်ကွယ်သွားပြီး ဖြစ်ပါသည်။ ရဟန္တာအရှင်မြတ်တို့သည် စေတီတော်တစ်ဆယ့်တစ်ဆူ တည်ပြီးနောက် သီဟာဒီပမင်းကြီးအား ဒါယကာခံစေလျက် သိမ်ကြီးကိုးလုံးအား သမုတ်တော်မူခဲ့ပါသည်။

**သိမ်ကြီး ကိုးသိမ် သမုတ်ခြင်း**

သီဟာဒီပမင်းအား ဒါယကာပြု၍ ရဟန္တာရှစ်ပါးတို့ သမုတ်ခဲ့သော သိမ်တော်ကြီး ကိုးလုံးနှင့် တည်နေရာဌာနများမှာ -

**(၁) မဟာသိမ်တော်ကြီး**

သိမ်တော်ကြီးမှာ အထက်ဖော်ပြပါ စေတီတော်၏အနီးတွင် တည်ရှိသဖြင့် ထိုစေတီတော်ကို အစွဲပြု၍ ကျိုက်မဲသံကရော၊ ကျိုက်မဲသံချိ၊ ကျိုက်

www.burmeseclassic.com

မြတ်သံချို ဟူ၍ အမည်သုံးမျိုး တွင်ခဲ့သည်။ စူဠာဝတီဘုရားဘဇားဈေးမှာ ထိုသိမ်တော်ကြီးကို အစွဲပြု၍ သိမ်ကြီးဈေးဟူ၍ ခေါ်တွင်ခြင်းဖြစ်သည်။ ယခု ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်နေရာ၌ ရှိ၏။


## (၂) ကျားကူးသိမ်တော်ကြီး

ရွှေတိဂုံဘုရားလမ်း၊ ကျားကူးကျောင်းတိုက်အတွင်း၌ တည်ရှိသည်။ (ယခင် သိမ်တော်ဟောင်းနေရာမှ ရွှေ့၍ ကျားကူးကျောင်းဆောက်လုပ်ထားသည်ကို တွေ့ရ၏။ ကျောက်စာမူထင်ရသော ကျောက်ပြားတစ်ချပ်ကိုသာ တွေ့ရတော့၏။ (စာရေးသူကိုယ်တွေ့)

## (၃) ရဟန္တာသိမ်တော်ကြီး (ရွှေတိဂုံဘုရား တောင်ဘက်)

ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်းမှ တောင်ဘက် ကိုက်တစ်ရာခန့်အကွာတွင် တည်ရှိသည်။ သမိုင်းကျောက်စာမှ ဘုရားရှင်၏ ဆံတော်ဓာတ်မြတ်တို့ကို တပုဿ၊ ဘလ္လိက ညီနောင်တို့ ပင့်ဆောင်လာ၏။ တြိဂုမ္ဘ ဥက္ကလာပမြို့ ဥက္ကလာပမင်းကြီးနှင့်တကွ မင်းသူ ဌေးသူကြွယ်၊ ဗြဟ္မာမင်းအားလုံးတို့သည် ၎င်းဆံတော်မြတ်တို့ကို သိင်္ဂုတ္တရကုန်းတော်တွင် ဌာပနာသွင်း၍ စေတီတော်တစ်ဆူ ပူဇော်၏။ မဟာတိဂုမ္ဘဆံတော်ရှင်စေတီတော်ကြီး၏ ဘွဲ့တော်ရှိ၏။ မဟာတိဂုမ္ဘစေတီတော်ကို မဟာသက္ကရာဇ် ၁၀၃ ခု၊ တပေါင်းလဆန်း ၁၅ ရက် ဖြစ်၏။ မဟာတိဂုမ္ဘစေတီတော် တည်ထားပြီး ၁၀၃ ခုနှစ်တွင် ကြွရောက်တော်မူကြသော ရဟန်းသံဃာများ ကံကြီးကံငယ် ဆောင်ရွက်တော်မူရန် ဥက္ကလာပမင်းလျှောက်ထားချက်အရ သိဂုတ္တရကုန်းတော် မဟာတိဂုမ္ဘစေတီတော်ကြီး၏ တောင်ဘက်တွင် ရဟန္တာမထေရ် အရှင်အရိယာသံဃာထေရ် ၁၀၈ ပါးတို့ သမုတ်တော်မူ၏။ မဟာတိဂုမ္ဘ ဒဏ္ဍိဏသိသာ မဟာသိမ်တော်ဟု ထင်ရှား၏။ (မှတ်ချက် ။ ယနေ့ ကြီးကိုးကြီးအဓိဋ္ဌာန်ဝင်သူများ ၎င်းသိမ်တော်တွင် နောက်ဆုံးအဓိဋ္ဌာန် အောင်ရာဌာနဖြစ်သည်။) ဥက္ကလာပမင်း၏ သားတော်၊ မြေးတော် အဆက်ဆက် ပြုပြင်စောင့်ရှောက်၏။ တိဂုံမင်းသား ၃၂ ယောက်တို့ ဤသိမ်တော်ကြီးအတွင်း ရဟန်းဖြစ်ကုန်၏။ ရဟန္တာအရှင်မြတ်များ သမုတ်ထားတော်မူခြင်းကြောင့် ရဟန္တာသိမ်တော်ကြီးဟု ထင်ရှား၏။

သာသနာတော်သက္ကရာဇ် ၂၃၆ ခုနှစ်၊ သီရိဓမ္မာသောကမင်းကြီး၊ သိဒ္ဓိဝိတ္တာမိဖုရားကြီးတို့က ရှင်မဟာမောဂ္ဂလိပုတ္တထေရ်၊ အရှင်ဥတ္တရထေရ်မြတ်တို့



ရဟန္တာ
ရှင်ယသ
သိမ်တော်ကြီး

www.burmeseclassic.com


ညွှန်ကြားချက်အရ ပြုပြင်၍ သိမ်တော်ကြီးအတွင်း၌ သမ္မာသမ္ဗုဒ္ဓ မဟာသီမ ဆုတောင်းပြည့်ဘုရား၊ သကျသီဟ အတုလမာရဇိန်ဆုတောင်းပြည့်ဘုရား သုံးဆူကို တည်ထားတော်မူသည်။ သက္ကရာဇ် ၇၃၁ ခုနှစ် ဆင်ဖြူရှင်ဗညားဦးမင်းက ပြုပြင်စောင့်ရှောက်သည်။ သက္ကရာဇ် ၇၂၁ ခုနှစ် ဘုရင်မရှင်စောပု၏ သမက်တော် ဓမ္မစေတီမင်းကစ၍ မင်းအဆက်ဆက် ပြုပြင်စောင့်ရှောက်သည်။ သက္ကရာဇ် ၁၂၀၃ ခုနှစ် ရွှေဘိုမင်းပြုပြင်သည်။ သာသနာတော်သက္ကရာဇ် ၂၄၇၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၀၉၊ ကဆုန်လပြည့်နေ့တွင် လယ်တီဦးဇဋိလဆရာတော် ကြီးမှူး၍ ဒါယကာ၊ ဒါယိကာမများ အားလုံးတို့က ပြုပြင်လေသည်။

### (၄) ဒေဝသာဂရ သိမ်ဖြူတော်ကြီး


စတော့ကိတ်လမ်းနှင့် ဦးအုန်းခိုင်လမ်းဆုံ တောင်ဘက်ထောင့် တောင်ကုန်းပေါ်ရှိ ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်၌ တည်ရှိသည့် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က ဆောက်လုပ်ထားသော သံယာတစ်ထောင်ခန့်ဆံ့သည့် သေသပ်ထည်ဝါသော သိမ်တော်ဖြစ်ပါသည်။ (မှတ်ချက်) ကျောက်စာရှိသော်လည်း စာလေးမည်ဖြစ်၍ ထည့်မရေးတော့ပါ။) အမိဋ္ဌာန်ကျင့်ဆောင်သူများအတွက် နေရာကောင်းတစ်ခု ဖြစ်ပါသည်။(စာရေးသူ)

### (၅) ရှင်ယသသိမ်တော်ကြီး

ကျိုက္ကစံဘုရား ဝတ္တကမြေအတွင်း စနေထောင့်တွင် တည်ရှိသည်။ ကြီးမှူးသမုတ်သော ရဟန္တာအရှင်မြတ်ဘွဲ့တော်ကို အစွဲပြု၍ ရှင်ယသသိမ်တော်ဟု အမည်တွင်သည်။ ခေတ်အဆက်ဆက် ပြုပြင်စောင့်ရှောက်ခဲ့ရာတွင် နောက်ဆုံး ပျက်စီးယိုယွင်းလာသော သိမ်တော်ဟောင်းကို ၁၉၆၂ ခုနှစ်၌ အသစ်တစ်ဖန် ထပ်မံ၍ ထည်ဝါခံ့ညားသော အုတ်တိုက်သိမ်တော်ကြီးကို ဆောက်လုပ်လှူဒါန်းသောကြောင့် သာသနာ့ကျက်သရေ တိုးတက်လျက်



ထန်းပင်ကုန်းရဟန္တာသိမ်



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ (မှတ်ချက် ။ ကျောက်စာကို မတွေ့ရသော်လည်း ကျိုက္ကစံစေတီတော်၏ စနေထောင့်ဘက်တွင် ကျောက်စာစေတီတော် ပရိဂုဏ်အတွင်း၌ ရဟန္တာရှင်ယသ၏ ဓာတ်တော်ဖြင့် တည်ထားသော စေတီတစ်ဆူကို ဖူးမြင်ရ၏။)

### (၆) ထန်းပင်ကုန်းသိမ်တော်ကြီး

တာမွေမြို့နယ်၊ ကင်းဘဲလ်လမ်း၊ သောမတ်ဝဲဒီလာရှုး ပုံနှိပ်တိုက်အရှေ့ဘက် သိမ်ကုန်းကျောင်းတိုက်အတွင်း၌ တည်ရှိသည့် ထန်းပင်များပေါက်ရာကုန်း၌ တည်ထားခြင်းကြောင့် ထန်းပင်ကုန်းသိမ်တော် ဟူ၍လည်းကောင်း၊ ရပ်ကွက်ကို အစွဲပြု၍ တာမွေသိမ်တော်ဟူ၍လည်းကောင်း နှစ်ရပ်ပေါင်း၍ ထန်းပင်ကုန်းတာမွေသိမ်တော်ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြပါသည်။ ထည်ဝါခံ့ညားစွာ တည်ထားသည်ကိုတွေ့ရှိရ၏။ (မှတ်ချက် ။ ကျောက်စာကို မတွေ့ရပါ။)

### (၇) အလုံ သစ်တိုပင်ကုန်း သိမ်တော်ကြီး

အလုံမြို့နယ်၊ ဂျင်မခါနာဆေးရုံနှင့် ဆရာမှတ်ကြီးအိမ်အကြား သစ်တိုပင်ကျောင်းတိုက်အတွင်း၌ တည်ရှိသည်။ အလုံရပ်ကွက်နှင့်နီးသောကြောင့် အလုံသိမ်ဟူ၍လည်းကောင်း၊ အဓိကရ သစ်တိုပင်ကြီးပေါက်ရာကုန်း၌ တည်ရှိသည်ဖြစ်၍ သစ်တိုပင်ကုန်းသိမ်တော်ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ကြသည်။ ဝင်စစ်အားဖြင့် သိမ်တည်ပြီးမှ ကျောင်းတိုက်တည်ရခြင်း ဖြစ်သည်။ (ယခု သိမ် မရှိတော့ချေ။)

### (၈) ကသစ်ပင်ကုန်းသိမ်တော်ကြီး

ဗိုလ်အောင်ကျော်လမ်းနှင့် သူရိယသတင်းစာတိုက်ဟောင်း တောင်ဘက် ဟိန္ဒူဘုရားကျောင်းနေရာတွင် တည်ရှိသည်။ ထိုသိမ်ကို ကသစ်ပင်ပေါက်ရာကုန်းမှာ တည်ရှိခြင်းကြောင့် ကသစ်ပင်ကုန်းသိမ်တော်ဟူ၍လည်းကောင်း၊ ကုန်းဘောင်ခေတ်၌ မြင်းခင်းသဘင်ကျင်းပရာ အရပ်၏အနီး၌တည်ရှိ၍ မြင်းခင်းသိမ်တော်ဟူ၍လည်းကောင်း ခေါ်ကြလေသည်။ ယခု ထိုသိမ်တော်ကြီး မရှိတော့ပြီ။

### (၉) ခရေပင်ကုန်းသိမ်တော်ကြီး

ဆူးလေစေတီတော်၏ အရှေ့မြောက်ထောင့် ယခု မြို့တော်ခန်းမ အရှေ့မြောက်ဘက်၌ ယခင် ခရေပင်ကျောင်းတိုက် တည်ရှိဖူးသည်။ ထိုကျောင်းတိုက်အတွင်း တည်ရှိခြင်းကြောင့် ခရေပင်ကုန်းသိမ်ဟု ခေါ်ခြင်းဖြစ်ပါသည်။ အလောင်းဘုရားတည်ထားသော ရန်ကုန်မြို့မှ မြောက်ဘက်သို့ထွက်သည့် မသာတံခါးအနီး ခွေးသေဝဘုရားခေါ် ဘုရားငုတ်တိုအား အစွဲပြု၍ မသာတံခါးကို ခွေးသေဝတံခါးဟု ခေါ်သည်။ ခွေးသေဝတံခါးအနီး တည်ရှိခြင်းကြောင့် ခွေးသေဝတံခါးသိမ်ဟု ခေါ်ကြပါသည်။ (ယခု သိမ်တော်ကြီး မရှိတော့ပြီ။)

ရဟန္တာအရှင်မြတ်များ ဒဂုံမြို့တွင်း သမုတ်တော်မူခဲ့သည့် သိမ်တော်ကြီးကိုးလုံးမှာ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ပြင်းထန်သော ရာသီဥတုဒဏ်ခံရခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှု မရှိခဲ့ခြင်းတို့ကြောင့် ပျက်စီးယိုယွင်းမှုများ ရှိခဲ့၏။ ထို့ပြင် မြန်မာနိုင်ငံအောက်ပိုင်းအား ဗြိတိသျှတို့ သိမ်းပိုက်လိုက်သည့်အချိန်တွင် ရန်ကုန်မြို့ကို မြို့သစ်တည်ဆောက်ရန်အတွက် အကွက်ချကာ လမ်းများဖောက်ခြင်း၊ အစိုးရအဆောက်အအုံများ ဆောက်ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာ ဘုရား၊ သိမ်ကျောင်း စသည်တို့ ဖျက်သိမ်းခံခဲ့ရပါသည်။ ဖျက်သိမ်းခံရသည့်အထဲတွင် ရဟန္တာသိမ်တော်ကြီးအချို့ ပါဝင်ခဲ့သဖြင့် ယခုအခါ သိမ်ခြောက်သိမ်သာ ကျန်ရှိတော့သည်ကို တွေ့ရပါတော့သည်။

**စာကြွင်း ။** စာရေးသူသည် သိမ်တော်ကြီးကိုးသိမ်အကြောင်းကို ရေးလိုသည်မှာ ကြာမြင့်စွာ စဉ်းစားရှာဖွေခဲ့ပါ၏။ တစ်နေ့ မမျှော်လင့်ဘဲ မဟာသိမ်တော်ကြီး(သိမ်ကြီးဈေး) သမိုင်းကို မဟာသိမ်တော်ကြီးသမိုင်း ပြုစုရေးအဖွဲ့မှ ရေးသားပြုစုသည့် သမိုင်းကို ဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ ရရှိ၍ အဆိုပါသမိုင်းမှ ကောက်နုတ်ရေးသားကြောင်း ဝန်ခံပါ၏။ စာရေးသူကိုယ်တိုင် ကွင်းဆင်း၍ မှတ်တမ်းဓာတ်ပုံများနှင့်တကွ စာဖတ်သူများထံ တင်ပြလိုက်ရပါသည်။

**ပထမဆရာကြီး**
**ဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးပိုက်ဆံ၏ စိတ်တန်ခိုးစွမ်းအောင်

■ လေးသူစံ



**"ငါးနှင့်ဂုံမင်း မှီဝဲကြ"**

ဘိုးပိုက်ဆံ သာသနာပြုနေသောအချိန်သည် မြန်မာပြည်ကြီးကို အင်္ဂလိပ်အစိုးရအုပ်ချုပ်နေခဲ့သော ကာလဖြစ်သည်။ တစ်ချိန်လုံးပင် အင်္ဂလိပ်အစိုးရ၏ မသင်္ကာမှုနှင့် အစစ်ဆေးများကို ခံစားနေရင်းဖြင့် အကျပ်အတည်းများကြားထဲမှ သာသနာပြုခဲ့သူ ပုဂ္ဂိုလ်ထူးဖြစ်၏။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအတော်များများလည်း တိုင်းတစ်ပါးဘာသာဝင်များ ဖြစ်ကုန်ကြပါသည်။ ဘိုးပိုက်ဆံသည် မိမိ၏ကရင်တိုင်းရင်းသားများက ရိုးရာဓလေ့များကို ပစ်ပယ်ကြ၍ သူတစ်ပါးဘာသာသို့ ကူးပြောင်းသွားရခြင်းများကို စိတ်မချမ်းသာစွာ ခံစားနေခဲ့ရရှာသည်။

သို့သော် ဘိုးပိုက်ဆံက ခရစ်ယာန်ဘာသာအဖြစ် ခံယူခဲ့ပြန်သည်။ အကြောင်းရင်းမှာ မိမိတို့လူမျိုးများ၏ ရိုးသားဖြူစင်မှုကို အခွင့်ကောင်းယူပြီး သွေးစုပ်ခြယ်လှယ် အမြတ်ထုတ်နေကြသည်ကို ကိုယ်တိုင်လက်တွေ့ခံစားပြရင်းဖြင့် သားတပည့်များ နားလည်သွားကြစေရန် ဖြစ်ပါသည်။ စွန့်ခွာရန် အချိန်တန်သောအခါမှာလည်း ယတိပြတ် ဖြတ်ခဲ့သည်။ တပည့်များအားလည်း ငါးနှင့် ဂုံမင်းကိုသာ မှီဝဲကြဟု မှာကြားခဲ့ပါ၏။ ငါးသည် ငါးပါးသီလဖြစ်ပြီး၊ ဂုံသည် မြတ်

---

← ၁၈၆၆ ခုနှစ်တွင် သား ဦးကရင် မေတ္တာဖြဟ္မစိုရ်တိုင်းရင်းဘာသာ ပြည်တွင်းသာသနာတော်ကြီးကို တည်ထောင်ခဲ့သူ သာသနာ့ဗိသုကာကြီး 'ဘိုးပိုက်ဆံ(၁) ဖူးဆာရယ်ဘူးဘွယ်မူး'

www.burmeseclassic.com

စွာဘုရား၏ ဂုဏ်တော်ကိုးပါးဖြစ်ကြောင်းကို ၁၉၆၈ ခု နှစ်ထုတ်ဝေခဲ့သော ဆရာရေနံ့သာရဲထွဋ်၏ "အဘဖိုးပိုက်ဆံအတ္ထုပ္ပတ္တိ" စာအုပ်မှာ ဖတ်ရှုခဲ့ရပါသည်။

## "ပြောမယုံ ကြုံဖူးမှသိ"

ဘိုးပိုက်ဆံ၏ ဘဝသည် ထူးခြားဆန်းကြယ် လျှို့ဝှက်မှုများစွာတို့ဖြင့် ထုံမွမ်းရှိခဲ့ပါ၏။ မြင့်မြတ်သော ပုဂ္ဂိုလ်တို့သည် ထူးကဲသော ပါရမီများကြောင့်သာ လူအများ၏ ကိုးကွယ်ဆည်းကပ်မှုတို့ကို ခံယူရရှိခဲ့ခြင်းပင်။ သူတို့၏ မေတ္တာစွမ်းအားများနှင့် သီလ၊ သမာဓိစွမ်းအားများစွာတို့ကြောင့် ပြောမယုံ၊ ကြုံဖူးမှသိဆိုသကဲ့သို့ မယုံနိုင်လောက်အောင်ပင် စွမ်းအင်တန်ခိုးများကို ပိုင်ဆိုင်ထားကြပါသည်။

ယခုလည်း ဆရာမ နော်မူလွယ်ထူးဒီဘိုးမင်းရေးသားထားပါသော "မေတ္တာဖြူဟွစိုရ်သာသနာသမိုင်းကျမ်း" တွင် ဘိုးပိုက်ဆံ၏ သာသနာပြုနည်းအသွယ်သွယ်တို့ထဲမှ ဆန်းကြယ်မှုများကို တင်ပြထားပါသည်။ ၎င်းတို့မှာ ...

(၁) အရပ်ခုနစ်တောင်ရှိဘုရား၊ (၂) ဝင်အုံ့ဆဲဆဲ တန့်သောနေ၊ (၃) အရပ်လေးမျက်နှာ လျှပ်စီးလက်စေခြင်း၊ (၄) ပြုတ်ကြော်ပြီးသား ဘဲတစ်ကောင်ကို ပြန်ရှင်အောင်ပြုလုပ်ခြင်းနှင့် ငှက်ပျောပင်ကို သီးမှည့်အောင်ပြုလုပ်ခြင်း၊ (၅) ဘိုးပိုက်ဆံ၏ တားမြစ်ချက်ကို လွန်ဆန်သည့် မမခရိုင်း၏ ဘဝနိဂုံး၊ (၆) ခြေရာခြောက်တောင်



၁၈၆၆ ခုနှစ်တွင် သား
ဦးကရင် မေတ္တာဖြူဟွစိုရ်
တိုင်းရင်းဘာသာ
ပြည်တွင်းသာသနာတော်ကြီးကို
တည်ထောင်ခဲ့သူ
သာသနာ့ဗိသုကာကြီး
'ဘိုးပိုက်ဆံ(ခ)
ဖူးဆာရယ်ဘူးဘွယ်မူး'

ဖိုးမဲခေါင်ကို အနိုင်ယူခြင်း၊ (၇) ရဲနွယ်ချောင်းကို နေရာသတ်မှတ်ပေးခြင်း၊ (၈) အသူရာနေမင်းကို လှည်းဘီးပမာလည်ပတ်စေခြင်း၊ (၉) ငှက်ပျောနုတစ်ခိုင်လုံးမှ နှစ်လုံးတည်း ဝင်းမှည့်စေခြင်း၊ (၁၀) ပြင်းထန်သော အဆိပ်ကိုစားပြလည်း မသေခဲ့ခြင်း၊ (၁၁) လက်ညှိုးညွှန်ရာ လှည်းလမ်းဖြစ်သွားခြင်း၊ (၁၂) သင်္ဘောတန်ခိုးကြောင့် အလျှောက်ခက်ရခြင်း၊ (၁၃) အရှိန်နှင့်ပြေးနေသောရထား တန့်သွားစေခြင်း၊ (၁၄) ယူးစလင်းချောင်းမှ ငွေသွားယူခြင်း၊ (၁၅) ကျီးကန်းများကို ဒါနပြုခြင်း၊ (၁၆) 'ဝ' သုံးလုံးက အင်္ဂလိပ်စာ တစ်ဖြစ် ပြောင်းလဲခြင်း၊ (၁၇) ဂျီးဖြူကန်အောက်ထဲသို့ ဆင်းသက်ပြခြင်း၊ (၁၈) မိုးနတ်သားကို ဆင့်ခေါ်ခြင်း၊ (၁၉) ကြယ်တံခွန်ကို ဆွတ်ယူပြခြင်း၊ (၂၀) အဘိုးကို မှတ်ထားကြရန် မှာကြားခြင်း၊ (၂၁) ဘိုးပိုက်ဆံကို လိမ်ပြောမိခဲ့သူ၏ ဗျာပါဒ်ကျရောက်ရှိရပုံ၊ (၂၂) စိတ်တန်ခိုးဖြင့် ဗစ်တိုးရီးယားဘုရင်မကြီးထံမှ ခွင့်ပြုမိန့်စာ တောင်းခံခြင်း၊ (၂၃) ကျောင်းအမိုးအတွက် ငွေတွေဘယ်ကရသနည်း၊ (၂၄) ကိုယ်ပွားများ ဖန်ဆင်းနိုင်သော ဘိုးပိုက်ဆံ၊ (၂၅) မင်းမြောက်တန်ဆာ သေတ္တာကို ညွှန်ပြတူးဖော်စေခြင်း၊ (၂၆) ချိုးဖြူကို ဖမ်းပြခြင်း၊ (၂၇) မွေးကင်းစသားစင်စစ်မှ သမီးဖြစ်သွားခြင်း၊ (၂၈) ဥမှပေါက်သော ကြက်ကလေးကို ချက်ချင်းတွန်ပြစေခြင်း၊ (၂၉) ဘိုးပိုက်ဆံ၏ သစ္စာအဓိဋ္ဌာန် ဆံပင်ထုပ်များကောင်းကင်သို့ မြင့်တက်ပျောက်ကွယ်သွားခြင်း။

အကြောင်းအရာ ၂၉ ချက်လုံးသည် စိတ်ဝင်စားဖွယ်ရာများ အတိပြီးပါသည်။ ဤအထဲမှနေ အမှတ်စဉ် ၂၂ ၏ အဖြစ်အပျက်တို့ကို ဖော်ပြချင်ပါသည်။

## "စိတ်တန်ခိုးတို့ဖြင့်"

မြန်မာနိုင်ငံသည် ဗြိတိသျှအစိုးရလက်အောက်၌ ရောက်ရှိနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



**သာသနာ့ဗိသုကာကြီး**
**'ဘိုးပိုက်ဆံ (ခ)**
**ဖူးဆာရယ်ဘူးဘွယ်မူး'**

အချိန်က ရန်ကုန်မြို့၌ တည်ဆောက်မှု တစ်ခုခု ပြုလုပ်လိုပါက ခွင့်ပြုမိန့်များ လျှောက်ထားရပါသည်။ အထူးသဖြင့် အချက်အချာကျသော နေရာတစ်နေရာရာကို ရရှိရန်မလွယ်ကူချေ။

တစ်နေ့တွင် ဘိုးပိုက်ဆံသည် ဘုရင်ခံမင်းကြီးရုံးသို့ နံနက် ၁၀ နာရီတွင် သွားရောက်ခဲ့ပြီး၊ ဘုရင်ခံမင်းကြီးထံမှ ကွမ်းခြံဘူတာအနီးရှိ ဘုရင်မကြီး ပန်းခြံတည်ထောင်ရန် သတ်မှတ်ထားသော မြေနေရာကို ဓမ္မာရုံတစ်ဆောင် ဆောက်လုပ်လှူဒါန်းရန်အတွက် တောင်းခံလေသည်။ ထိုအခါ ဘုရင်ခံမင်းကြီးက ခွင့်မပြုနိုင်ကြောင်း၊ ထိုနေရာကို အရှင်သခင်မကြီး ဗစ်တိုးရီးယား၏ ပန်းခြံအဖြစ် ရည်ရွယ်သတ်မှတ်ပြီးကြောင်း၊ ဘုရင်မကြီးကိုယ်တိုင်၏ ခွင့်ပြုမိန့်မှတစ်ပါး မည်သည့်အာဏာပိုင်တစ်ဦးတစ်ယောက်ကမှ ခွင့်ပြုပေးခွင့် မရှိပါကြောင်းတို့ကို ရှင်းပြခဲ့ပါသည်။

ဘိုးပိုက်ဆံသည် စကားတစ်ခွန်းမျှ မဆိုတော့ဘဲ ပြန်ထွက်သွားပြီးနောက် ထိုနေ့ မွန်းလွဲနှစ်ချက်တီးလောက်တွင် ဘုရင်ခံမင်းကြီးထံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ဘုရင်ခံမင်းကြီးသည် ဘိုးပိုက်ဆံပေးလာသော စာရွက်ကို ဖတ်ကြည့်ရင်းနှင့် မယုံသင်္ကာစိတ်များ ဖိစီးလာရပါတော့သည်။ အကြောင်းမှာ ဘုရင်မကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားပြီး၊ ဘုရင်မကြီး၏ ရုံးတံဆိပ်တော်ရိုက်နှိပ်ထားသည့် ဘိုးပိုက်ဆံတောင်းဆိုထားသော မြေနေရာကို ခွင့်ပြုလိုက်သည့် စာရွက်ဖြစ်နေခြင်းကြောင့်ပင်။

ဘုရင်ခံမင်းကြီးသည် ယုံရခက်ခဲစွာဖြင့် ငိုင်ကျသွားခဲ့ပြီးနောက် ဓမ္မာရုံဆောက်လုပ်မိန့်စာကို လာယူရန် ရက်ချိန်းပေးလိုက်ရပါတော့သည်။ ထို့နောက် ဘုရင်မကြီး၏ ခွင့်ပြုမိန့်အစစ်မှန်မမှန်ကို အတည်ပြုနိုင်ရန်အတွက် အင်္ဂလန်သို့ သံကြိုးရိုက်ပြီး မေးမြန်းရပါ၏။ ဘုရင်မကြီး၏ ရုံးမှနေ ယင်းကိစ္စသည် ဟုတ်မှန်ကြောင်း၊ ထိုနေ့ နေ့လယ်က ဘုရင်မကြီးထံသို့ ဝတ်ဖြူစင်ကြယ်နှင့် ခေါင်းပေါင်းထားသော ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာခဲ့ပါကြောင်း၊ ထိုသူ၏ တောင်းဆိုချက်ကို ဘုရင်မကြီးက သဘောတူ၍ ခွင့်ပြုမိန့်စာ ထုတ်ပေးပါကြောင်း၊ ဘုရင်ခံမင်းကြီးထံသို့ သံကြိုးကို ပြန်လည်ရိုက်ပို့ပေးလိုက်သည်ဟူ၏။

ဤဖြစ်ရပ်သည် မှန်ကန်သောဖြစ်ရပ်တစ်ခုပါပေ။ အဘယ့်ကြောင့်ဆိုသော် ဘုရင်မကြီးပန်းခြံအဖြစ် သတ်မှတ်ထားသောနေရာတွင် သံထည်ဓမ္မာရုံကြီးတစ်ဆောင်ကို ဆောက်လုပ်ခဲ့ပါသော ဘိုးပိုက်ဆံ၏ လှူဒါန်းမှုက ထင်ရှားသော သက်သေဖြစ်ပါ၏။ ရှေးလူကြီးများ သိမိကြပါ၏။

အဆိုပါဓမ္မာရုံသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ စစ်ဒဏ်တို့ကြောင့် ပျက်စီးယိုယွင်းသွားခဲ့သည်။ ထိုနေရာတွင် မြို့မနှင့် ရွှေဂုန်ရုပ်ရှင်ရုံများ ပေါ်ပေါက်လာခဲ့ပါ၏။

အထက်ပါအကြောင်းအရာတို့သည် ဘုရင်ခံမင်းကြီးရုံးမှာ အလုပ်လုပ်ခဲ့သူတို့၏ ပြောပြချက်များ ဖြစ်ပါသည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် မှတ်သားထားပြီး ဆရာမ နော်မူလွယ်ထူးဒီဘိုးမင်းက တင်ပြရေးသားထားခဲ့ခြင်းကို ရောင်ပြန်ပရိသတ်ကြီးအတွက် ပြန်လည်ဖော်ပြပေးခြင်း ဖြစ်ပါသည်။

ဘိုးပိုက်ဆံ၏ စိတ်တန်ခိုးစွမ်းအင်ကို ဘုရင်ခံမင်းကြီးပင် လက်ဖျားခါခဲ့ရသည် မဟုတ်ပါလား။

**မေတ္တာစွမ်းထုံ**
**ကိုယ်လုံးခြုံ**
**လုံးစုံအောင်နိုင်ရာ ...။**

(လေးသွစ်)



www.burmeseclassic.com

www.burmeseclassic.com

# အဗျားမြေမှ ရေဆန်ရှင်ဥပဂုတ္တမထေရ်မြတ်

ကိုကိုလှ(တမာခမြေ)



ခရီးမထွက်ရသည်မှာ သုံးလေးနှစ်ပင် ရှိတော့မည်။ ဖခင်ကြီး၏ ကျန်းမာရေး၊ မိသားစုအရေး အရေးပေါင်းများစွာ ငဲ့၍ ရက်ရှည်ခရီးထွက်ရန် ဝန်လေးခဲ့သည်။ သို့သော် ယခုနှစ်တွင် ဖခင်အား တာဝန်ယူစောင့်ရှောက်ပေးနေသော ညီငယ်မိသားစု ကျေးဇူးကြောင့် စိတ်ဒုန်းဒုန်းချကာ ရက်ရှည်ရုံးပိတ်ရက် အခွင့်အရေးကို အသုံးချလျက် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဗျားကျေးရွာသို့ ခြေဆန့် ခရီးနှင်ခဲ့မိသည်။

ငှက်ချေးဝင်း ကျောင်းကြီးကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူသော ရှင်ပညာနန္ဒ [စာရေးဆရာ/ကဗျာဆရာ ကို ရွှေမြသန်း(သမိုင်း)]ထံသို့ ရောက်ရှိသွားခဲ့သည်။ စာရေးသူတို့ထက် စောလျှင်စွာ ရောက်နှင့်နေသော စာရေးဆရာ ကိုကြည်တင့်နိုင်နှင့် ဆုံတွေ့ရမှုကြောင့် ဇာတ်ညွှန်းရေးဆရာ နေလင်းထွဋ်(ခရမ်း)နှင့် စာရေးသူတို့သုံးဦး ဒုလ္လဘရဟန်း ဝတ်ဖြစ်ခဲ့ကြသည်။ ငှက်ချေးဝင်းကျောင်းကြီးကျောင်းတိုက်ဆရာတော် ကျေးရွာသံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်ဦးဝိမလမှ ဥပဇ္ဈာယ်ဆရာတော်အဖြစ် ခံယူ၍ စာရေးသူတို့အား ဒုလ္လဘရဟန်းအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းပေးခဲ့သည်။

ငှက်ချေးဝင်းကျောင်းကြီး ကျောင်းတိုက်ဧရိယာသည် ပေငါးရာနီးပါး ကျယ်ဝန်းလှသည်။ နှစ်ပေါင်း ၁၀၀ ကျော် ရှေးဟောင်းကျောင်းကြီးမှာ ယခုထက်တိုင် ရှိနေဆဲ။ ယခုဆရာတော် သီတင်း

www.burmeseclassic.com



သုံးရာ နှစ်ထပ်အုတ်ဆောင်တစ်ဆောင်၊ သစ်သားဆောင်တစ်ဆောင်၊ ရှေးနှစ်ပေါင်း ၁၂၆၇ ခုနှစ်တွင် အုတ်မြစ်ချတည်ဆောက်ထားသော သိမ်တော်ကြီးတစ်ဆောင်၊ ငှက်ချေးဝင်းကျေးရွာသူကျေးရွာသားများ သောက်သုံးရန် အသုံးပြုနိုင်သော ရေကန်ကြီးတစ်ကန်၊ ယခုဆောက်လုပ်ဆဲ ကျောင်းဆောင်ကြီးတစ်ဆောင်တို့ဖြင့် ခံ့ညားထည်ဝါစွာရှိသလို စေတီကြီးတစ်ဆူကို စေတီငယ်ရှစ်ဆူမှ ဝိုင်းရံထားသော ကိုးနဝင်းစေတီများကိုလည်း ထင်ထင်ရှားရှား ဖူးမြင်ခဲ့ရပါသည်။ ရှေးဟောင်းရုပ်ပွားတော်များလည်း များများစားစား ရှိလှပေသည်။ အထူးသဖြင့် ကြေးဆင်းတုတော်များသည် အဆောင်တိုင်း၊ နေရာတိုင်းတွင် ရှိသည်။ သိမ်တော်ကြီးတွင် အပူဇော်ခံ ရုပ်ပွားတော်တစ်ဆူသည် ကြေးရုပ်တုတော် ဖြစ်နေသည်။ ထိုကြေးဆင်းတုတော်သည် လူဆိုးသူခိုးများ၏လက်ချက်ဖြင့် မျက်နှာတော်မှာ မရှိ၍ သစ်သားဖြင့် မျက်နှာတော်ထုဆစ်ကာ ကိုးကွယ်နေကြရသည်။

ငှက်ချေးဝင်းကျောင်းကြီး ကျောင်းတိုက်သို့ ပထမဦးစွာ အညာဒေသမှ ကြွရောက်လာသော ဆရာတော်အား အဗျားကျေးရွာမှ ဒကာဒကာမများနှင့် ဦးမောင်+ ဒေါ်ရွှေတို့မှ မြေနေရာ သတ်မှတ်လှူဒါန်း၍ ကျောင်းငယ်လေးတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြပါသည်။ မကြာမီ ၎င်းဆရာတော်အား အညာသားဘုန်းကြီးဟု အမည်တွင်ပြီး မကြာခင် အညာသို့ ပြန်ကြွသွားကာ ဦးဇင်းမိုးဟူသော ဦးဇင်းကြီးတစ်ပါးအား ကျောင်းအပ်ထားခဲ့သည်။ ၎င်းဦးဇင်းမိုးလက်ထက်တွင် ဦးမောင်+ဒေါ်ရွှေတို့၏ သားရတနာဖြစ်သည့် ရှင်စန္ဒိမာကို စာသင်တိုက်အသီးသီး၌ ပညာသင်စေ၍ ပြုစုပျိုးထောင်ပေးခဲ့သည်။ ဦးဇင်းမိုး ပျံလွန်တော်မူသည့်အခါ ရှင်စန္ဒိမာအား ကျောင်းထိုင်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်စေခဲ့သည်။


တတိယမြောက် ဦးစန္ဒိမာ ကျောင်းထိုင်လက်ထက်တွင် အဗျားကျောင်းကြီးမှာ အတော်ကလေး စည်စည်ကားကားတိုးပွားစေခဲ့သည်။ ဝေါမြို့နယ်၊ သူရဲသမိန်ဂိုဏ်းကြီး၏ မဟာနာယက ဂိုဏ်းချုပ်ဆရာတော်အဖြစ် ထင်ရှားကျော်ကြားခဲ့ပါသည်။ ၎င်းဆရာတော် ဦးစန္ဒိမာသည် သက်တော် ၃၀ မှစ၍ ဆွမ်းဘုဉ်းပေးတော်မမူတော့ဘဲ အခြားသော အာဟာရများဖြင့်သာ ဘုဉ်းပေးနေစဉ် စစ်တောင်းမြစ်အထက်ဘက်မှ ဖောင်ဖြင့်မျော၍ ပူဇော်လိုက်သော ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား





www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်အရ အဗျားကျောင်းကြီးသို့ ပင့်ဆောင်သီတင်းသုံးစေခဲ့ပါသည်။ ထိုရှင်ဥပဂုတ္တမထေရ်မြတ်သည် စစ်တောင်းမြစ်ရေကို ဆန်၍မျှောနေကြောင်းသိရ၍ သွားရောက်ကြည့်ရှုသည့်အခါ စစ်တောင်းတံတားအရောက်တွင် ဆက်လက်၍ မမျှောတော့ဘဲ ရပ်တန့်နေသည်ကို ဖူးမြင်ရ၍ ရွာသူရွာသားများက ရုပ်ပွားတော်အား မ၍ ဖောင်ကို တံတားအောက်မှ ဆွဲယူကာ တံတားလွန်သည့်အခါ ရုပ်ပွားတော်ကို ဖောင်ပေါ်သို့ သီတင်းသုံးစေလျက်



မျှောလိုက်ရာ ရေဆန်ကို ဆက်လက် ဆန်တက် မျှောသွားခဲ့လေသည်။

နောက်သုံးလေးရက် အကြာတွင် ဆရာတော်ဦးစန္ဒိမာအား အဗျားကျေးရွာကျောင်းကြီးကျောင်းတိုက်၌ သီတင်းသုံးလိုကြောင်း အိပ်မက်ပေးသဖြင့် ပင့်ဆောင်ကာ ယနေ့ထိတိုင် ကိုးကွယ်ဆည်းကပ်ကြရသည်။ ရုပ်ပွားတော်၏ အလယ်တည့်တည့် အောက်ခြေတွင် ဌာပနာတစ်ခုထည့်သွင်းထားကြောင်း နောင်တွင်မှ သိရှိကြလေသည်။

သက်တော် ၄၅ နှစ်၊ ဝါတော် ၇ ဝါအထိ သီတင်းသုံးတော်မူပြီး ပြန်လွန်တော်မူပြီးနောက် တပည့်ဖြစ်သူ ဦးပဏ္ဍိတအား ဆက်လက် တာဝန်ထမ်းဆောင် စေပါသည်။

စတုတ္ထမြောက်ဆရာတော် ဦးပဏ္ဍိတသည် ၁၈နှစ်ကာလ ကျောင်းတိုက်တွင် သီတင်းသုံးနေစဉ် ၈၃ နှစ်၊ ဝါတော် ၅၃ ဝါတွင် ပြန်လွန်တော်မူခဲ့ပြီး ယခုအခါ ဆရာတော် ဦးဝိမလအား ငှက်ချေးဝင်းကျောင်းကြီး ကျောင်းတိုက်ဆရာတော်အဖြစ် ဆက်လက်သာသနာပြုစေ၍ ရှေးဟောင်းရုပ်ပွားတော်များကို ထိန်းသိမ်းစောင့်ရှောက်ပေးရန် တာဝန်ပေးခဲ့ခြင်းကြောင့် ဆရာတော်ဦးဝိမလသည် ဆဋ္ဌမမြောက် ကျောင်းထိုင်ဆရာတော်အဖြစ် ဆက်လက် တာဝန်ယူစေခဲ့ပါသည်။ ဆရာတော် ထိန်းသိမ်းကိုးကွယ်နေသော ငှင်းရေဆန်ရှင်ဥပဂုတ္တမထေရ်မြတ်ထံတွင် လုပ်ငန်းကိုင်ငန်း စီးပွားအောင်မြင်မှု အစစအရာရာ အဓိဋ္ဌာန်ပြုပါက ထင်ထင်ရှားရှား အောင်မြင်ကြောင်း ကြားသိခဲ့ရပါသည်။

ရောင်ပြန်မဂ္ဂဇင်း စာဖတ်ပရိသတ်များအဖို့ ရေဆန်ရှင်ဥပဂုတ္တမထေရ်မြတ်အား ထူးထူးခြားခြား ဖူးမြော်လိုပါလျှင် အဗျားကျေးရွာ ငှက်ချေးဝင်းကျောင်းကြီးကျောင်းတိုက်သို့ သွားရောက် အဓိဋ္ဌာန်ဝင်နိုင်ကြောင်း သာသနာပြု မျှဝေခံစားပေးလိုက်ရပါသည်။

**ကိုကိုလှ(ကမာမြေ)**




www.burmeseclassic.com

www.burmeseclassic.com

# ယမကာကောင်းပွဲ

ဆရာကြီး မင်းသိင်္ခ က ဦးမောင်မောင်ဖြိုးအား ဆို ပေးသော ပညာရပ်များ



## နဝင်းဓါတ်

"ဒီနေ့ကော ဘာဟင်းလဲဟေ့"

ထမင်းချိုင့်ကြီးကိုချပြီး ကန်တော့လိုက်သည်နှင့် ဆရာကြီးက စီးကရက်ဖွာရင်း မေးလိုက်၏။ ကျွန်တော်က...

"ထုံးစံအတိုင်းပေါ့ ဆရာကြီးရယ်၊ ဝက်သားကတော့ အဓိကဟင်းပေါ့"

ဟု ပြောလိုက်ရာ..ဆရာကြီးက...

"အေး...ဝက်သားက အသားထဲမှာ စားလို့ အကောင်းဆုံးပဲကွ၊ အသားမှာဝက်၊ အရွက်မှာ လက်ဖက်၊ အသီးမှာသရက် လို့တောင် စာချိုးက ရှိသေးတာကွ" ဟု ပြောလိုက်ရာ...

ကျွန်တော်က...

"ဒါပေါ့ ဆရာကြီးရယ်... ဝက်သား ဆိုတာတောင်မှ ပေါင်သားကို အစားများကြတယ်၊ ပေါင်သားက အသားများတာကို ဒါပေမယ့် အသားချည်းပဲဆိုလည်း စားမကောင်းပြန်ဘူး၊ အဆီတစ်ထပ် အသားတစ်ထပ်မှကောင်းတာ၊ အခုလည်း အဲဒီ အဆီတစ်ထပ်အသားတစ်ထပ်ကိုကြက်သွန် အဖြူအနီ၊ ဂျင်းနဲ့ ဆီသပ်ပြီးရေထည့်လို့ နူးအောင်တည်ရတယ်၊ ဆရာကြီးရဲ့အသား နူးတော့မှ ပဲငံပြာရည်အချိုရည်နဲ့ ပြန်ပေါင်းထားတာ၊ ကြက်သွန်ဥနီ အလုံးလိုက်ကြီးတွေနဲ့ အသားကလည်းနူး၊ ချိုချိုမြမြနဲ့ အဲဒါတစ်ခွက်ပေါ့ ဆရာကြီးရယ်၊ ငါးရံ့ ခေါင်းနဲ့ ဒန့်သလွန်သီး ချဉ်ရည်လဲပါတယ်။ ဒညင်းဝက်ကြီးတွေကို ကြော်ထားတယ်၊ ဆရာကြီးရဲ့"

ဟု ပြောလိုက်ရာ ဆရာကြီး က ထမင်းပွဲပြင်ခိုင်းလိုက်၏။

ဆရာကြီးသည် ဝက်သားတုံးကြီးများကို ဖဲ့လိုက်၊ ဒန့်သလွန်သီးချဉ်ရည်ဟင်းကို ဆမ်းလိုက်နှင့် ထမင်းကို အားပါးတရစား၏ ဒညင်းဝက်ကြော်ကို ဂျွတ်ခနဲ ဂျွတ်ခနဲ ကိုက်၏။ ဝက်သားဟင်းများကို နယ်သည်း၏။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားပြီးသောအခါ ကျွန်တော် ယူလာသော ငှက်ပျောသီးဆနွင်းမကင်းကို စား၏။ ပြီးနောက် ရေခဲရေဖန်ခွက်ကို သောက်ချလိုက်ပြီ . . .

"နောက်ဆုံးတော့ အကောင်းဆုံး က တော့ ရေခဲရေပါပဲကွာ"ဟု ပြောလိုက်ပြီး၊ ဗီးကရက်ကို ဖွာနေလိုက်၏၊ ကျွန်တော်က ဆရာကြီးကိုကြည့်လိုက်ပြီး . . .

"ဆရာကြီး နဝင်းဆိုတာဘာလဲ"ဟု မေးလိုက်ရာ ဆရာကြီးက . . .

ကျွန်တော်အား ဒီကောင်သိရက်သားနဲ့ မေးပြီ ဆိုပြီး အကြည့်နဲ့ကြည့်လိုက်ရာ ကျွန်တော်က . .

"နဝင်းဆိုတာ ၉ ဆိုတာတော့ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ဒီ ၉ ဟာ ဘာကြောင့် အသုံးဝင်တာလဲ၊ ဘယ်လို အသုံးဝင်တာလဲ၊ ဒီ ၉ ဟာ ဂဏန်းထဲမှာ ဘာကြောင့် ထူးခြားတာလဲ၊ လောကီ ရေးရာမှာ ဘယ်လိုသုံးရသလဲ၊ အဲဒါမျိုး သိချင်တာနော်"

ဟု ပြောလိုက်ရာ ဆရာကြီးက . . .

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ ကိုမောင် မောင်မြင့်အေးရေ အခုလဲ ကျွန်တော် ခင်ဗျားအတွက် အမိဋ္ဌာန်တစ်ခုလုပ်နေတာ [illegible] ငါလဲ အဓိဋ္ဌာန်တာ အောင်မြင်တယ်၊ [illegible]ဝင်ကြည့်၊ အဲဒီ အဓိဋ္ဌာန်က ကိုးနဝင်း [illegible]မှာသိမယ် ဆိုတာပဲ"

ဟု ပြောလိုက်ပြီး အနားမှ စာရွက် [illegible]ကို ပေးလိုက်၏။ ၎င်းစာရွက်မှာ [illegible]တာစီထားသော စာများပါဝင်၏။ [illegible]များပါဝင်၏။

ကျွန်တော်က . . .

"အဓိဋ္ဌာန်ဝင်ဇာကတော့ ဝင်တာပေါ့ [illegible]ကြီးရယ်၊ လောလောဆယ်ဆယ် [illegible] ကျွန်တော် သိချင်တာလေးတွေ [illegible]" ဟုပြော လိုက်ရာ . . .

"ဒီလို ကိုမောင်မောင်မြင့်အေးရ [illegible]ချင်တာက တစ်ရက်တည်းနဲ့တော့ မပြီးဘူး၊ အဲဒီတော့ ငါကအရင်ပြောမယ်၊ မင်းက သိချင်တာမေး၊ ဆွေးနွေးပွဲ သဘောမျိုးပေါ့၊ အဲဒီတော့ တစ်ခုရှိတယ်၊ ဒီအကြောင်းအရာဆိုရင် နောက်နေ့မင်းလာ လည်း ဒီအကြောင်းပဲမေး၊ ဒီအကြောင်း ကုန်မှ နောက်အကြောင်းမေးဆိုရင်တော့ ပြည့်စုံသွားလိမ့်မယ်"

ဟုပြောလိုက်ရာ ကျွန်တော်က . . .

"ဒါကတော့ ဒီလိုရှိတယ်ဆရာကြီး ဆရာကြီးနဲ့ ကျွန်တော်ဆွေးနွေးတာက ပညာရပ် အကြောင်းအရာထက် ဒီပညာ ကို အခြေခံပြီးလုပ်ရမယ့် အကြောင်းတွေ တော့ ကျွန်တော်က မေးရမယ်၊ ပညာရပ် အကြောင်းတွေချည်းပြောနေရင် အစီအရင် တွေ ယတြာတွေအကြောင်း ရောက်မှာ မဟုတ်ဘူး၊ ဆရာကြီးပြောတာကို နား ထောင်ပြီး အစီအရင်တွေ အကြောင်းတော့ မေးရလိမ့်မယ်"

ဟုပြောလိုက်ရာ ဆရာကြီးက . . .

"မင်းပြောတာလဲ ဟုတ်တာပဲ၊ ကဲ မင်းမေး ချင်သလိုသာမေးပါ၊ မင်းမေးတိုင်း ငါကတော့ ဖြေရမှာပါပဲ"

ဟု ပြောလိုက်ပြီး ဗီးကရက်ကိုသောက် နေလိုက်၏။

ထို့နောက် . . .

"ဒီလိုကွာ မင်းတို့ သာမန်လူတွေ သိအောင် ရိုးရိုးလေးပြောရရင်(န) ဆိုတာ၊ မရှိတာကိုခေါ်တယ်။

ဉပမာကွာ . . .

နအာယံ - ဘယံ က ဘေး န က မရှိ ဆိုတော့ (န) ကမရှိကိုပေါ်တာ၊ ဝင်း ဆိုတဲ့ စကားက ဖွဲ့စည်းထားတာ အဲဒီနှစ်ခုပေါင်းပြီး ခေါ်တော့ မရှိတာကွေ ဖွဲ့စည်းထားတယ် သဘောရတယ်၊ မရှိတာ တွေကိုရှိသကဲ့သို့ ဖွဲ့စည်းထားတော့ အင်အားတွေရှိလာတယ် လို့ဆိုကြတယ်ကွာ၊ အဲဒီတော့ကွာ နဝင်းဓာတ် သဘာဝတွေကို စုစည်းပြီး ဓာတ်ဆင် ဓာတ်ရိုက်ယတြာတွေကို လုပ်ကြတာပေါ့ ကွာ၊ အဲဒီတော့ ဒီမှာကြည့်" ဟုပြောပြီး အောက်ပါပုံစံ ကို ဆွဲပြလိုက်၏။

| | | |
|---|---|---|
| ဦး<br>၁ | ကို<br>၂ | စိန်<br>၃ |
| သာ<br>၆ | | လှ<br>၄ |
| ဒန်း<br>၇ | ပန်း<br>၅ | ရှာ<br>၈ |

ဒါ ငါတို့ဗေဒင် မဟာဘုတ်ရဲ့ အဋ္ဌလက် ခွင်လို့ခေါ်တယ်၊ အဲဒီမှာ ဉသာ၊ စိန်ပန်း၊ ဒါန်းလှ၊ ကိုရှာဆိုတဲ့ ဓာတ်ကို ထည့် လိုက်တော့ . . .

| | | | | |
|---|---|---|---|---|
| တနင်္ဂနွေ | (ဉ) | ၆ | ၂၇ | (တေဇော) |
| သောကြာ | (သာ) | ၂၁ | | |
| အင်္ဂါ | (စိန်) | ၈ | ၂၇ | (ပထဝီ) |
| ကြာသပတေး | (ပန်း) | ၁၉ | | |
| စနေ | (ဒန်း) | ၁၀ | ၂၇ | (အာပေါ) |
| ဗုဒ္ဓဟူး | (လှ) | ၁၇ | | |
| တနင်္လာ | (ကို) | ၁၅ | ၂၇ | (ဝါယော) |
| ရာဟု | (ရှာ) | ၁၂ | | |
| | | | ၁၀၈ | |

အဲဒါ ငါတို့ ဗေဒင်ပညာရဲ့ အဓိက သော့ချက်ပဲ၊ လောကကြီးဟာ ဓါတ်ကြီး လေးပါးနဲ့ ဖွဲ့စည်းထားတယ်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတို့ မြေ ရေ လေ၊ မီးဆိုတာကြီးစိုးထားတယ်၊ အဲဒီ ဓာတ်ကြီး လေးပါးဟာ၊ လူတွေရဲ့ နေ့နာမ် ဂြိုဟ်သက်တွေ ပေါင်းရင် ၁၀၈ ရတယ်၊ ၁၀၈ ရဲ့ အခြေခံဟာ ၉ ပဲ၊ အဲဒီတော့ မင်းသိရမှာ ၉ ဂဏန်းဟာ စွမ်းတယ်၊ ဘုရားဂုဏ်တော်ဟာလည်း ၉ ပါးပဲ၊ အဲဒီ တော့ ၉ ဆိုတဲ့ နဝင်းကို ဆောင်ရင် အောင်တယ်လို့ မှတ်၊ ဘာသာရေးလုပ်လို့ ပုတီးစိပ်မယ်ဆိုရင် ဂုဏ်တော် ၉ ပါးကို စိပ်၊ ဘယ်နှစ်ပါတ်လဲ မမေးနဲ့ ၉ ပတ်၊ ၁၈ ပတ်၊ ၂၇ ပတ် စိပ် ဟုတ်ပြီလား"ဟု ပြောလိုက်ရာ ကျွန်တော်က . . .

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က ဗေဒင်မတတ်တော့ ဂြိုဟ် သက်တွေဘာတွေလဲ မသိပါဘူး ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောလဲ မသိဘူး အဲဒီတော့ ၉ နဲ့ ပတ်သက်တာ ရွှမ်းတယ်ဆိုရင် ၉ နဲ့ပတ်သတ်တဲ့ အဆောင်၊ နဝင်း အဆောင်တွေပေါ့ ဆရာကြီးရယ် အဲဒါမသိရဘူးလား။

ဥပမာ…

ကျွန်တော် တနင်္ဂနွေ သား နဝင်း အဆောင်အရုပ် ဘာဆောင်ရမလဲခေပ့ါ" ဟု မေးလိုက်ရာ …

ဆရာကြီးက…

"စောစောက အဲဒီလိုမေးရင်ပြီးရော ပေါ့ကွာ၊ အဲဒီတော့ ဒီလိုမှတ်"

ဟု ပြောပြီး အောက်ပါအတိုင်း မြေဖြူဖြင့် စာပွဲခုံ အနက်ပေါ်တွင် ရေးပြတော့၏။ ကျွန်တော်လည်း လိုက်လံကူးရေပြန်၏။

တနင်္ဂနွေသားသမီး . . . ဘုရင်နှင့် မိဖုရားပုံ



တနင်္လာသားသမီး . . . အိုးစည်



အင်္ဂါသားသမီး . . . ခေါင်းလောင်း



ဗုဒ္ဓဟူးသားသမီး . . . ဆီမီး



ကြာသပတေးသားသမီး . . . လက်စွပ်



သောကြာသားသမီး . . . ပစ်တိုင်းထောင်



စနေသားသမီး . . . သဲအိုး



ကျွန်တော်က ဆရာကြီးရေးပြသော စာများကူးပြီးနောက်…

"ဒီလိုဆို အဲဒီပုံတွေကို ကျွန်တော် ပန်းချီဆရာဆီမှာ အပ်လိုက်မယ်၊ ပြီးရင် မဂ္ဂဇင်းထဲထည့်မယ်"

ဟု ပြောလိုက်ရာ…

ဆရာကြီးက…


အေး… အဲဒီပုံတွေကို ပန်းချီအပ်ပြီး ခုနစ်ရက်သားသမီးတွေကို ပေးလိုက်ပေါ့ကွာ၊ ကုသိုလ်ရတာပေါ့။

ဒါပေမယ့် …

ဟော့ ငါ့ အတွေ့အကြုံ အရတော့ သူတို့လိုမှပေးပေါ့ကွာ၊ စာရွက်ရိုက်ပြီးဝေရင် ရုပ်ရှင်ကြော်ငြာ ကမ်းသလိုဖြစ်နေမယ်၊ မင်းဆီကို တောင်းမှပေးတာ အကောင်းဆုံး ပါပဲကွာ"

ဟု ပြောလိုက်ရာ ကျွန်တော်က လည်း …

"လောလောဆယ်တော့ ပန်းချီဖိုးတော့ ကုန်မှာပါပဲ ဆရာကြီးရယ်" ဟုပြောလိုက် လေတော့သတည်း။




မှတ်ချက်

ငုင်းပုံများလိုအပ်ပါက ရောင်ပြန်မဂ္ဂဇင်း တိုက်သို့ ရုံးဖွင့်ချိန်အတွင်း လာရောက် ယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# သဗ္ဗသိဒ္ဓိအနန္တနယသမန္တပစ္စယုဒ္ဒေသ ပစ္စနိဒ္ဒေသပဋ္ဌာန်းတရားတော် (ပါဠိတော်) အကျဉ်ချုပ်

## ပြေထက်ထွန်း(မြယမုံ)

ကျွန်တော်တို့တစ်တွေ ပဋ္ဌာန်း ဒေသနာ ၂၄ ပစ္စည်းကို လူတိုင်းလိုလို အလွတ်ရကြသည်။ ခပ်ငယ်ငယ်ကပင် အဘိုးအဘွား၊ မိဘဆရာသမားများက အလွတ်တိုင်ပေးခဲ့သလို မိဘများက ရှိခိုးသည့်အခါ ၂၄ ပစ္စည်းကို ထည့်သွင်း ရွတ်ပွားတတ်သောကြောင့် နားယဉ်၍ အလွတ်ရနေကြခြင်း ဖြစ်သည်။ အရွယ်ရလာသောအခါ ပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ ပါဠိတော်ကို နေ့စဉ်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ကြလျက် ပဋ္ဌာန်း ဒေသနာတော်မြတ်ကြီးကို အမြဲကြည်ညို ပူဇော်ရင်းမှ ပဋ္ဌာန်းအကျိုး၊ ပဋ္ဌာန်းတန်ခိုး များ တဖြည်းဖြည်းသိလာကြပါသည်။ ပူဇော်သူတို့မှာ ဒိဋ္ဌဓမ္မပစ္စက္ခ ဘဝမှာပင် စိတ်ဓာတ်ကြည်လင်ငြိမ်းချမ်းခြင်း၊ ပွင့် လင်းထွန်းတောက်ခြင်း၊ အလိုပြည့်နိုင် ခြင်း၊ ကိလေသာမှ ကင်းကွာနိုင်ခြင်း၊ ရောင်ခြည်တော်မြတ် တန်ခိုးဓာတ်ကို အာရုံပြုသောကြောင့် ရှေ့နောက်ဝဲယာတို့ မှ ဖြစ်ပေါ်တတ်သည့် ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်အဝဝတို့ကို ပယ်ရှားနိုင်ခြင်း၊ စီးပွားဥစ္စာ ရွှေငွေရတနာ တိုးပွားစေခြင်း၊ လိုအပ်သော အမှုကိစ္စ များ ပြီးစီးအောင်မြင်ခြင်း၊ မင်္ဂလာ၊ နိဗ္ဗာန် စသော အကျိုးတရားများရစေခြင်း စသည့် အကျိုးထူးများ ဖြစ်ပေါ်စေနိုင်ပါသည်။

www.burmeseclassic.com

သူတော်စင်အပေါင်း သိပြီး ဖြစ်သည့်အတိုင်း ပဋ္ဌာန်းကျမ်းသည် ဗုဒ္ဓဘုရားရှင်ဟောခဲ့သော အဘိဓမ္မာခုနစ်ကျမ်းတွင် နောက်ဆုံးကျမ်းဖြစ်၍ အကြီးဆုံးနှင့် အခက်ခဲဆုံး ကျမ်းကြီးလည်း ဖြစ်သည်။ ဗုဒ္ဓသည် ပဋ္ဌာန်းဒေသနာတော်အပါအဝင် အဘိဓမ္မာပိဋကတ်တော်ကို တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ထက်ဝယ် သန္တုသိတနတ်သားကို အမှူးပြု၍ စကြာဝဠာတစ်သောင်းမှ စုဝေးရောက်ရှိလာကြကုန်သော နတ်ပြဟ္မာအပေါင်းတို့အား မဟာသက္ကရာဇ် ၁၁၀ ခုနှစ်တွင် ဟောတော်မူခဲ့ခြင်း ဖြစ်သည်။ ဟောတော်မူသော ကာလအရှည်အကြာမှာ ဝါတွင်းသုံးလ ရက်ပေါင်း ၉၀ ဖြစ်၍ အမိဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား၏ ကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်း ဖြစ်သည်။

ပရိယတ္တိသာသနာတော်မြတ်ကြီး ကွယ်ပျောက်ချိန်ရောက်လျှင် ရှေးဦးစွာ ပဋ္ဌာန်းကျမ်းမြတ်ကြီး ကွယ်ပျောက်မည်ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ သူတော်စင် ပညာရှိအပေါင်းတို့သည် အသံမစဲ ပဋ္ဌာန်းရွတ်ပွဲကြီးကို နိုင်ငံအနှံ့အနယ်နယ်အရပ်ရပ်တွင် ဓမ္မပူဇာပွဲကြီးအား ငြိမ့်ငြိမ့်သဲကျင်းပပြုလုပ်ကြသလို တစ်ဖက်မှလည်း ပညာရှင်များက စာဖတ်သူ ဓမ္မမိတ်ဆွေသူတော်စင်၊ သူတော်မြတ်များ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးငှာ စာနယ်ဇင်းများတွင် ရေးသားတင်ပြကြသည်ကို ကျွန်တော် ဖတ်ရှုမှတ်သား ကြည်ညိုခဲ့ရပါသည်။ ပဋ္ဌာန်းဒေသနာတော် ၂၄ ပစ္စည်း ရုပ်ပုံတော်စမများနှင့် ပတ်သက်၍ ကျွန်တော်လက်လှမ်းမီသမျှ၊ ဖတ်မိသမျှ ပညာရှင်များ ရေးသားဖော်ပြသော ဆောင်းပါးများအား ဖော်ပြရမည်ဆိုလျှင် ...

(၁) ၁၉၉၇ ခုနှစ် ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်–၁၃၇ တွင် 'ပဋ္ဌာန်းနဂါးအကျိုးများ'(နဂါးခေါင်းတစ်လုံးရုပ်ပုံပါ) ခေါင်းစဉ်ဖြင့် အောင်(သိဒ္ဓိရာဇာ) နဝင်းမြို့တော်၏ ဆောင်းပါး။

(၂) ၂၀၀၉ ခုနှစ်တွင် ဖွန်လထုတ် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း (အထူးထုတ်) အတွဲ–၃ အမှတ်–၁၂ တွင် 'ကံပွင့် လာဘ်ပွင့် မျက်နှာပွင့်စေသော အဆောင်' ခေါင်းစဉ်ဖြင့် မိုးကျော်ဟိန်း(လပွတ္တာ)၏ ၂၄ ပစ္စည်း ပဋ္ဌာန်းရောင်ခြည်စက်ဝိုင်း စမတော်ဆောင်းပါး။

(၃) ၂၀၁၀ခုနှစ် ဩဂုတ်လထုတ် သူရဿမဂ္ဂဇင်း အတွဲ–၁၀၊ အမှတ်–၈ တွင် 'ပဋ္ဌာန်းနဂါးစမတော်နှင့် ပူဇော်နည်း'(နဂါးခေါင်းတစ်လုံး ရုပ်ပုံပါ) ခေါင်းစဉ်ဖြင့် စိုးထွန်း(ဥပဒေ)၏ ဆောင်းပါး။

(၄) ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလထုတ် သူရဿမဂ္ဂဇင်း အတွဲ–၁၀၊ အမှတ်–၁၂ အထူးထုတ်တွင် 'ပဋ္ဌာန်းအင်း ဘုရားတည် ကိုးကွယ်တန်ခိုးကြွယ်'ခေါင်းစဉ်ဖြင့် တြိရတနာ ဆရာဇေယျာလင်း၏ အင်းကွက်ပေါင်း ၁၆၂ ကွက်ဖြင့် ပဋ္ဌာန်းအင်းတော်ဆောင်းပါး။

(၅) ၂၀၁၁ ခုနှစ်၊ ဧပြီလထုတ် ရောင်ပြန်မဂ္ဂဇင်း အမှတ်–၂၀၇ တွင် 'သဗ္ဗသိဒ္ဓိ မဟာပဋ္ဌာန်း အင်းတော်ကြီး' ခေါင်းစဉ်ဖြင့် (နဂါးခေါင်းလေးလုံး ရုပ်ပုံတော်ပါ) ဆရာလင်းရောင်တင်၏ ဆောင်းပါး။

(၆) ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလထုတ် ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းအတွဲ–၆၊ အမှတ်–၄ တွင် "ချမ်းသာမှုအဖြာဖြာနှင့် ပြည့်စုံစေသော ပဋ္ဌာန်း ၂၄ ပစ္စည်း ကျင့်စဉ်" ခေါင်းစဉ်ဖြင့် ကြီးလေးကြီး စမပုံတော် ၂၄ ပုံနှင့် မိုးဟိန်းကျော်(လပွတ္တာ)၏ ဆောင်းပါး။

(၇) ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် သူရဿမဂ္ဂဇင်း အတွဲ–၁၁၊ အမှတ် ၁၂ တွင် 'ပဋ္ဌာန်းနဂါး စမပူဇော်နည်း' ခေါင်းစဉ်ဖြင့် ရွှေကံကူ သာသနာပြုမယ်တော်ကြီး၏(နဂါးခေါင်းတစ်လုံး ရုပ်ပုံတော်ပါ)ပဋ္ဌာန်းနဂါး စမဆောင်းပါးစသည်တို့ ဖြစ်ကြပါသည်။

ယခု ကျွန်တော် တင်ပြမည့် "သဗ္ဗသိဒ္ဓိ အနန္တနယ သမန္တ ပစ္စယုဒ္ဒေသ ပစ္စယနိဒ္ဒေသ ပဋ္ဌာန်းတရားတော် (ပါဠိတော်) အက္ခရာစက်"မှာလည်း ပဋ္ဌာန်းဒေသနာ ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ ပါဠိတော် ပါဝင်သော အက္ခရာအရေအတွက်ပေါင်းအား အက္ခရာစက် ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

## ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိအက္ခရာများ

ပဋ္ဌာန်းပစ္စယုဒ္ဒေသ ဖြစ်သော ဟေတုပစ္စယော အစချီ၍ အဝိဂတပစ္စယောအဆုံး ပါဠိအက္ခရာ အရေအတွက်မှာ ...

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော အက္ခရာပေါင်း ၁၉ လုံး။

အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော အက္ခရာပေါင်း ၂၂ လုံး။

အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော အက္ခရာပေါင်း ၂၁ လုံး။

ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော အက္ခရာပေါင်း ၂၁ လုံး။

ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော အက္ခရာပေါင်း ၁၇ လုံး။

ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊

www.burmeseclassic.com

မဂ္ဂပစ္စယော အက္ခရာပေါင်း ၁၆ လုံး။

သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော အက္ခရာပေါင်း– ၁၉ လုံး။

နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော အက္ခရာပေါင်း– ၁၉ လုံး။

ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်တွင် အက္ခရာစုစုပေါင်း ၁၅၄ လုံး ရှိပါသည်။

## ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော် အက္ခရာများ

ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော် ဖြစ်သော ဟေတုပစ္စယောတိ–ဟေတူ ဟေတု သမ္ပယုတ္တကာနံ အစချီ၍ အဝိဂတ ပစ္စယေန ပစ္စယောအဆုံး ပါဠိတော် အက္ခရာ အရေအတွက်မှာ ...

ဟေ ၄ လုံး။ တူ ၁၊ တု ၁၁၀၊ သ ၁၉၉၊ မွ ၁၀၇၊ ယု ၁၁၀၊ တ္တ ၁၃၀၊ ကာ ၁၄၃၊ နံ ၃၀၃၊ ဓ ၁၉၃၊ မ္မာ ၁၉၁၊ တံ ၁၀၉၊ မု ၁၅၊ ဋ္ဌာ ၁၄၊ နာ ၂၆၊ န ၃၀၆၊ ဠ ၈၆၊ ရူ ၆၇၊ ပါ ၃၆၊ ပ ၄၁၃၊ စ္စ ၃၃၂၊ ယေ ၁၆၆၊ ယော ၁၇၈၊ ယ ၁၁၁၊ တ ၁၃၂၊ စ ၆၂၊ က္ခု ၁၂၊ ဝိ ၁၀၄၊ ညာ ၇၄၊ ဏာ ၈၃၊ ဓာ ၁၀၁၊ ယာ ၈၆၊ အာ ၂၀၊ ရ ၆၀၊ မ္မ ၁၂၊ ဒ္ဓိ ၈၊ သော ၁၆၊ ဂ ၃၀၊ န္တာ ၁၆၊ ဃာ ၁၅၊ သာ ၉၊ ဇိ ၁၆၊ ဇီ ၁၊ ဝှါ ၁၅၊ ဗော ၈၊ ဋ္ဌ ၈၊ ဗ္ဗာ ၈၊ မ ၁၁၅၊ နော ၆၃၊ ဗ္ဗေ ၁၊ ယံ ၁၄၊ မံ ၄၊ မ္ဘ ၁၊ ဥ ၂၂၊ ပ္ပ ၉၊ ဇ္ဇ ၄၊ န္တိ ၁၄၊ စိ ၁၉၊ စေ ၁၄၊ သိ ၁၃၊ တေ ၁၆၊ သံ ၁၂၊ ဆ ၂၊ န္တာ ၁၊ မိ ၁၀၊ တိ ၃၆၊ န္တ ၁၊ အ ၁၂၆၊ ဝိ ၄၊ တ္တာ ၁၅၊ ရုံ ၁၊ က ၃၀၊ တွာ ၂၊ ရိ ၅၄၊ မာ ၁၀၄၊ ကု ၃၄၊ လာ ၃၃၊ န္တိ ၁၂၊ ဗျာ ၂၀၊ တာ ၃၅၊ ရာ ၃၊ ပု ၆၉၊ န္တု ၄၁၊ ရော ၁၄၊ ခ ၈၊ ပိ ၇၊ ည ၂၂၊ ညံ ၁၄၊ ဟ ၈၊ ဇာ ၂၇၊ ဟာ ၁၄၊ ဘူ ၉၊ သြ ၅၊ ဣ ၅၊ ဏော ၅၊ ပံ ၁၃၊ က္ခ ၅၊ ဒါ ၄၊ ပီ ၅၊ ကီ ၄၊ ဋ္ဌိ ၆၊ လေ ၄၊ ကြိ ၂၊ နီ ၃၃၊ သသ ၃၄၊ က္ခာ ၄၊ တ္တိ ၁၉၊ ကော ၂၊ ဘော ၁၊ ဓ ၁၊ မ္ဗိ ၂၊ ဂ္ဂ ၅၊ သေ ၅၊ လော ၁၊ ပိ ၄၊ ရေ ၁၆၊ ဝ ၇၊ ဿ ၃၊ ဣ ၁၁၊ မွံ ၁၊ လံ ၁၊ ရှ ၂၊ ဗ ၁၊ ဋ္ဌီ ၁၊ ဤ ၁၅၊ ဝိ ၁၊ ယိ ၁၊ ဂီ ၂၊ ဗျာ ၄၊ တ္တိ ၂၊ ရု ၁၊ ဒ္ဓါ ၁၊ မျှ ၂၊ န္တာ ၂။

ပဋ္ဌာန်းပစ္စယနိဒ္ဒေသ (ပါဠိတော်) တွင် အက္ခရာစုစုပေါင်း ၅၅၉၃ လုံး ရှိပါသည်။

## ပဋ္ဌာန်းအက္ခရာစက် ရေးဆွဲစီမံထားပုံ

၁။ ပဋ္ဌာန်းအက္ခရာစက်ပုံတွင် ဖော်ပြထားသည့်အတိုင်း စက်ဝိုင်းအလယ်တွင် ဘေးရန်ကင်းရှင်းစေတတ်ခြင်း၊ အမှုအခင်းများ အေးချမ်းစေတတ်ခြင်း၊ ကြံစည်လုပ်ဆောင်သမျှ ချောမောပြီးမြောက်စေခြင်း၊ စည်းစိမ်ဥစ္စာပစ္စည်း၊ ဆန်ရေစပါး၊ ငွေကြေးအဆောင်အယောင်တို့ ပေါကြွယ်စေတတ်ခြင်း၊ သားဖွားရာ၌ လွယ်ကူစေခြင်း စသည့်အကျိုးများ ပေးတတ်သည့် ဗျည်း ၃၃ လုံးမှာ ၂၀ မြောက်ကျရောက်သည့် 'န' ၂၄ လုံးပါသော 'နဘယံ'အား ၂၄ ကွက်တွင် ထည့်သွင်း သုံးစွဲဖော်ပြထားပါသည်။

၂။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် အဘိဓမ္မာခုနစ်ကျမ်းအနက်မှ နောက်ဆုံးကျမ်းဖြစ်သော ပဋ္ဌာန်းကျမ်းတော်မြတ်ကို သုံး သပ်ဆင်ခြင်တော်မူသောအခါ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးပါသည်။ ရောင်ခြည်တော်များသည် ထက်အောက်ဝဲယာအဆုံး အပိုင်းအခြားမရှိ နက်နဲသိမ်မွေ့ ကျယ်ဝန်းသကဲ့သို့ ကမ္ဘာလောကဓာတ်ကြီး တစ်ခုလုံး ရေမြေလေထု တစ်ခုမကျန် အရာအားလုံးသည် ရွှေစင်ဖြင့်ပြီးသော ရွှေရုပ်သကဲ့သို့ ရွှေရောင်ခြည်တို့ဖြင့် လိမ်းကျံမြူးကွန့်၊ ထက်ဝန်းကျင်အရပ် ဆယ်မျက်နှာသို့ ယနေ့တိုင် ပျံ့နှံ့လျက်ရှိပါသည်။ ယင်းကဲ့သို့ပင် နေ၊လ၊ နက္ခတ်၊ ကြယ်တာရာ ဂြိုဟ်များ၏ အလင်းလှိုင်းများသည်လည်း အနန္တစကြဝဠာအတွင်း ဖြန့်ကြက်လျက်တည်နေခြင်း။ မြတ်စွာဘုရားရှင်၏ပဋ္ဌာန်း ဒေသနာတော်များ အနန္တစကြာဝဠာ၏ အတွင်းမှအပြင်သို့ ပြန့်ကားခြင်းသဘော၊ ပြန့်နှံ့တည့်နေခြင်းသဘော ဆောင်သည့် အဓိပ္ပာယ်ဖြင့် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ အက္ခရာ ၅၅၉ ခုလုံးအား စက်ဝိုင်း အတွင်း ဟေတုအက္ခရာ ၄ လုံးမှ စတင်၍ လက်ယာရစ်ခရုပတ် ရေးသွင်းထားပါသည်။

၃။ ယင်းနောက် အက္ခရာ ၁၅၄ လုံးပါသော ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်အား အက္ခရာစက်၏အကွက် ၂၄ ကွက် ထိပ်ဘက်တွင် နဝင်းညွှန့်များနှင့်အတူ တစ်ကွက်ချင်း ဟေတုပစ္စယော ... မှစ၍ ပါဠိတော်အတိုင်း ရေးသားဖော်ပြထားပါသည်။

## လိုရာဆန္ဒပြည့်ဝစေမည့် ပဋ္ဌာန်းအက္ခရာစက်ကျင့်စဉ်

ပထမဦးစွာ ဆောင်းပါးတွင် ပါဝင်သည့် ပဋ္ဌာန်းအက္ခရာစက်ကို အသုံးပြုရန် မိတ္တူကူးယူရပါမည်။ ထို့နောက် စက္ကူထူတွင်ကပ်၍ ဘုရားခန်းတစ်နေရာတွင် ထားရှိရပါမည်။ ဗုဒ္ဓကိုရည်မှန်း၍ ဆီမီး တစ်တိုင်၊ ရေတစ်ဖန်ခွက်အား လှူဒါန်းပါ။ ပြီးလျှင် မိမိကူးယူထားသော ပဋ္ဌာန်း အက္ခရာစက်ပုံအား ရှေ့တွင်ချလျက်



www.burmeseclassic.com

www.burmeseclassic.com

ငါးပါးသီလ ဆောက်တည်ခြင်း၊ မေတ္တာပို့ခြင်း၊ အမှုအတန်းဝေခြင်း စသည့်လုပ်လေ့လုပ်ထရှိသော ပရိကံများအား ဆောင်ရွက်ရပါမည်။ ၎င်းနောက် ပဋ္ဌာန်းအက္ခရာစက်ပေါ်တွင် စိတ်ညွတ်အာရုံပြုလျက် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်အား အစအဆုံး တစ်ခေါက်ရွတ်ဆိုပါ။ ဆက်လက်ပြီး အောက်ပါအတိုင်း ပုတီးပတ် စိပ်ရမည် ဖြစ်ပါသည်။

ပဋ္ဌာန်းပစ္စယုဒ္ဒေသ ၂၇ ပစ္စည်း (အဝိဂတပစ္စယောဆုံးလျှင် ဟေတု အရမ္မဏ အဓိပတိပစ္စည်း ၃ ပစ္စည်း ထပ်ဖြည့်)ကို တစ်ပစ္စည်းလျှင် ပုတီးတစ်လုံးချ၍ (၄)ခေါက်ရွတ်လျှင် ပုတီးတစ်ပတ်ယူ၍ တစ်ခေါက်ဆုံးတိုင်း နမောတဿဆိုရပါမည်။ (၎င်း နမောတဿ အတွက်ပုတီးချရန် မလိုပါ) တစ်နေ့လျှင် ၂၄ ပတ်ရအောင် ပွားများသည့်ကျင့်စဉ်အား မပြတ်အားထုတ်ပါက တမလွန်အကျိုးသာမကမိမိကြိုးစားသလောက် ပစ္စုပ္ပန်အကျိုးထူးများကိုလည်း ခံစားကြရမည်မှာ မလွဲကေန် ဖြစ်ပါသည်။

ကျွန်တော်လေ့လာဖတ်မှတ်သမျှ မြန်မာ့ဝိဇ္ဇာယနအင်း ပညာရပ်တွင် အင်းအသွားပညာ နည်းစနစ်များအနေဖြင့် (၁) မြင်းသွားသွားရခြင်း၊ (၂) ရထားသွားသွားရခြင်း၊ (၃) ဗိုလ်ဆင်းဗိုလ်တက် သွားရခြင်း၊ (၄) ခရုပတ် သွားရခြင်း၊ (၅) ဝါကြိတ်လိမ်သွားရခြင်း စသည်တို့ ဖြစ်ကြပါသည်။ တစ်ဖန် အင်းပညာ၊ အင်းများတွင် 'က'မှ 'အ'အဆုံး ဗျည်း ၃၃ လုံးသုံး၍ စီရင်ရသောအင်း၊ ဗျည်း ၃၃ လုံးနှင့် သရ ၁၂ လုံးတို့ကို ပေါင်းစပ်၍ စီရင်ရသောအင်း၊ ဗျည်း ၃၃ လုံးနှင့် ဂါထာမန္တန်များကို ပေါင်းစပ်၍ စီရင်ရသောအင်း စသည်ဖြင့် အက္ခရာစမအင်း အမျိုးမျိုးရှိသည့်အနက် ယခု ကျွန်တော်တင်ပြထားသော အင်းအမျိုးအစားမှာ ပဋ္ဌာန်းအက္ခရာစက်တွင် ထည့်သွင်းထားသော ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်မှ အက္ခရာပေါင်း ၅၅၉ ခုလုံး ကိုယ်စားပြုအက္ခရာ ၁၃၄ လုံးအား အင်းဆံပြု၍ စီရင်ထားခြင်း ဖြစ်ပါသည်။ အင်းဆံမှာ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော် တစ်ပုဒ်လုံးကိုယူရမည်ဖြစ်ပြီး အင်းအသွားမှာ ရထားသွား ဖြစ်ပါသည်။

## ပဋ္ဌာန်းပစ္စယနိဒ္ဒေသဗျည်းအက္ခရာစမအင်း

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဟေ | တ္တု | တု | သ | မ္မ | | | | |
| | ယု | တ္တ | ကာ | နံ | ဓ | မ္ဘာ | တံ | မု | ဌာ | နာ | နံ | |
| | ဍ္ဎ | ရူ | ပါ | ပ | စ္စ | ယေ | ယော | ယ | တ | စ | ကျု | |
| ဝိ | ညာ | ဏ | ဓာ | ယာ | အာ | ရ | မ္မ | ဒွါ | သော | ဂ | န္တာ | ဃာ |
| သာ | ဇိ | ဇီ | ဂွါ | ဟော | ဋ္ဌ | ပ္ပာ | မ | နော | ပွေ | ယံ | မံ | မ္ဘ |
| ဥ | ပ္ပ | ဋ္ဋ | န္တိ | စိ | ဓေ | သိ | တေ | သံ | ဆ | န္တာ | မိ | တိ |
| န္ဒ | အ | ဝိ | တ္တာ | ရုံ | က | တွာ | ရိ | မာ | ကု | လာ | န္တိ | ဗျာ |
| ဘာ | ရာ | ပု | န္တံ | ရော | ခ | ပိ | ည | ညံ | ဟ | ဓ | ဘာ | ဘူ |
| ဩ | ဣ | ဈော | ပံ | က္ခ | ဒါ | ပီ | ကိ | ဒ္ဓိ | လေ | ကြိ | နိ | ဿ |
| က္ခါ | တ္တိ | ကေ | ဘော | ဧ | မ္ပိ | ဂ္ဂ | ဿေ | ဃော | ပိ | ရေ | ဝ | ဇ္ဈာ |
| | | ဣ | မွံ | လံ | ငှ | ဎ | ဋ္ဌိ | ဩ | ဝိ | ယိ | | |
| | | | ဂါ | ဈာ | တ္ထိ | ရု | ဒွါ | ဗျူ | နှာ | | | |

ကျွန်တော်သည် အင်းပညာရပ်တွင် ကျွမ်းကျင်မှုမရှိဘဲ လေ့လာသမျှ ဆောင်ရွက်ထားခြင်း ဖြစ်သဖြင့် အင်းစည်းကမ်းများ၊ ဝိဇ္ဇာဓရ ဂမ္ဘီရပညာ၏ သဘောတရား အခြေခံမှုများ နည်းလမ်းစည်းကမ်းများနှင့် ညီညွတ်ချင်မှ ညီညွတ်ပါမည်။ အင်းအသွား၊ အင်းစီရင်ပုံ အဆင့်ဆင့်၊ အင်းဆန်ရေးသွင်းခြင်း၊ အင်းအဟိန်းဂါထာ စီမံခြင်း၊ သိဒ္ဓိတင်ခြင်း၊ အင်းအသက်သွင်းခြင်း၊ အင်းအစောင့်သွင်းခြင်း၊ အင်းအစောင့်ချုပ်ခြင်း၊ အင်းအညွှန်း အင်းအကျိုးများ စသည့် စည်းကမ်းနှင့် ကိုက်ညီသောအင်းသည်သာလျှင် ကြီးမြတ်သော အကျိုးသိဒ္ဓိ မဟိဒ္ဓိတို့ကို ရစေမည် ဖြစ်ပါသည်။

အင်းစမ ပညာရပ်တို့မှာ မြန်မာ့ရိုးရာ ဂမ္ဘီရပညာရပ်များအနက် အထက်မြတ်ဆုံးပညာရပ်ဖြစ်၍ အမှားအမှန်ချင့်ချိန်နိုင်ရန် ပညာရှိများမှ ဝေဖန်ပြုပြင်ပေးပါရန် လေးစားစွာဖြင့် ရောင်ပြန်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**ဖြေထက်ထွန်း**

**(မြို့သစ်မုံ)**



www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင်လန်းဆန်း မြတ်ပဋ္ဌာန်း

## ထွန်းလွင်(ကြည့်မြင်တိုင်)

( ကိုယ်တွေ့ဖြစ်ရပ်မှန် )

စာရေးသူသည် နံနက်ည ရွှေပြည့်ငွေလျှံအမွေးတိုင်နှင့် မြတ်စွာဘုရား၊ ရဟန္တာ၊ အထက်ပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ပါသည်။ ညဘက်တွင် ရေသူမရေမွှေးအား ရေနှင့်ရောစပ်၍ ပူဇော်ကန်တော့ပါသည်။ လုပ်ငန်းကိစ္စများ အားလပ်၍ အိမ်တွင်ရှိနေပါလျှင် တစ်နေ့လုံး ရွှေပြည့်ငွေလျှံအမွေးတိုင်နှင့် အဆက်မပြတ် ပူဇော်ကန်တော့ပါသည်။ သို့ပါ၍ စာရေးသူ၏ဘုရားခန်းသည် ရေမွှေးနှင့် အမွှေးတိုင်၊ အမွှေးနံ့များဖြင့် သင်းပျံ့မွှေးကြိုင်နေပါသည်။

၂၀၁၀ ပြည့်နှစ်တွင် နေပြည်တော်၊ ပျဉ်းမနားရှိ ကုမ္ပဏီတစ်ခုမှ ဒါရိုက်တာတစ်နေရာတွင် ဝင်ရောက်၍ အတိုင်ပင်ခံရာထူးကိုလက်ခံပြီး အကြံဉာဏ်များပေးရန် ကမ်းလှမ်းလာပါသည်။ သို့ပါ၍ စာရေးသူသည် နေပြည်တော်၊ ပျဉ်းမနားသို့ မရောက်ဖူး၍ ဒါရိုက်တာအဖြစ်ဆောင်ရွက်ရန် လက်ခံ သဘောတူညီပြီး သွားရောက်လုပ်ကိုင်ပါသည်။ ငွေလည်းရပါသည်။ စားရေး၊ သောက်ရေး၊ နေရေးထိုင်ရေးလည်း အဆင်ပြေပါသည်။ သို့ပါသော်လည်း အိမ်မဟုတ်၍ ဘုရား၊ ရဟန္တာနှင့် ပုဂ္ဂိုလ်များ မရှိပါ၊ သို့ပါ၍ ဘုရားပုံတော်ဓာတ်ပုံနှင့် အဘအောင်မင်းခေါင်ပုံတော်ဓာတ်ပုံကို ပင့်ဆောင်၍ အိပ်ရာ၏ ခေါင်းရင်းတွင် ထားရှိပြီး နေ့စဉ် နံနက်ည ပူဇော်ကန်တော့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် အသက်(၇၀)ခန့် ရှိပြီဖြစ်သော်လည်း ကျန်းမာရေးမှာ အထူးကောင်းမွန်လျက်ရှိပါသည်။ မည်သည့် ရောဂါမှလည်း မရှိပါ။ ရောဂါဝေဒနာခံစားရသည်လည်း မရှိပါ။ အင်္ဂလိပ်ဆေးဝါး၊ မြန်မာဆေးဝါးများကိုလည်း မသုံးစွဲပါ၊ သို့သော် တစ်ကိုယ်ရေသန့်ရှင်းမှုကိုတော့ နေ့စဉ်ပြုလုပ်ပါသည်။ ရေကို နွေ၊ မိုး၊ ဆောင်းရာသီဥတုများတွင် နေ့စဉ်ရေချိုးပါသည်။ ညဘက်တွင် မျက်နှာသစ် ဒူးအထက်မှ ရေလောင်းခြင်းကို နေ့စဉ်ပြုလုပ်ပါသည်။ နံနက်အိပ်ရာမှထ မျက်နှာသစ်သည့်အခါတိုင်း မျက်စိကို ရေခွက်တွင်းမှ ရေကို လက်ခုပ်နှင့်ယူ၍ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟု အထပ်ထပ်အခါခါ ရွတ်ဆို၍ ဆေးကြောပါသည်။ ညအိပ်ရာဝင်ခါနီးတွင် သွားကို စင်ကြယ်အောင်တိုက်ပြီး မည်သည့်အစားအစာကိုမှ မစားပါ။ နံနက်အိပ်ရာမှ ထထချင်း ရေကို မက်ခွက်နှင့်သုံးခွက် တစ်ပြိုင်တည်းသောက်ကာ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်နေစဉ်နှင့် ပြီးစီးလျှင် လေးခွက် စုစုပေါင်း ခုနစ်ခွက်ခန့် သောက်ပါသည်။ ယခုကဲ့သို့ ရေသောက်နည်းကို အသက်(၃၀)မှ ယခုထက်တိုင် ဆောင်ရွက်ပြုလုပ်လျက်ရှိသဖြင့် သွေးတိုးနှင့် အစာအိမ်ရောဂါများ မဖြစ်ပါ။ ယခုထက်တိုင် အုန်းနို့ခေါက်ဆွဲ၊ အုန်းထမင်း၊ ငါးသေတ္တာ၊ ငါးသလောက်များ စားသော်လည်း မည်သို့မျှ မနေပါ၊ တစ်နေ့တွင် စာရေးသူ၏မိတ်ဆွေ ဆရာဝန်၏အိမ်သို့ နံနက်ပိုင်း (၉း၀၀)နာရီခန့်တွင် ရောက်ရှိသွားပါသည်။ မရောက်တာ လေးငါးနှစ်ခန့်ရှိပြီဖြစ်သောကြောင့် မိတ်ဆွေသည် –

"ငါ့သူငယ်ချင်းလာတာ အတော်ပဲ။ အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်ထားတယ်။ မိန်းမရေ ... တို့သူငယ်ချင်းနှစ်ယောက်အတွက် စားဖို့ပြင်ပေးပါဦး"

ဆရာဝန်၏ ဇနီးသည်မှ အဆင်သင့်ပြင်ဆင်ပြီးကြောင်းသတင်းပို့၍ စာရေးသူတို့နှစ်ဦးသည် ဧည့်ခန်းမှ ထမင်းစားခန်းစီသို့ ထလာကြပါသည်။ အုန်းနို့ခေါက်ဆွဲအနံ့မှာ ထမင်းစားခန်းအတွင်း မွှေးကြိုင်လျက်ရှိကာ ကြက်သားတုံးများ၊ ဘဲဥ၊ ငါးဖယ်ကြော်များဖြင့် စုံလင်စွာရှိ၍ အထူးပင် စားချင့်စဖွယ် ကောင်းတယ်နေပါသည်။ သူငယ်ချင်းက ထပ်မံ၍ –

"သွေးတိုးမရှိရင်တော့ ကြိုက်သလောက်သာစားပေတော့။ တို့တော့ တစ်ပန်းကန်လောက်ပဲ စားမယ်"

သူငယ်ချင်းသည် အနီးမှ အားရပါးရစားနေသော စာရေးသူပန်းကန်ထဲသို့ မုန့်များကို ထည့်ပေးနေပါသည်။ "ကြိုက်မရှက်၊ ငိုက်မရှက်၊ ဝတ်မရှိက်"ဆိုသလို အရသာရှိလှသော အုန်းနို့ခေါက်ဆွဲကို သုံးပန်းကန်မျှ စားလိုက်ပါသည်။ စားသောက်ပြီးစီး၍ ဧည့်ခန်းသို့ပြန်လာကာ အဆင်သင့်ပြင်ဆင်ပေးထားသော ကော်ဖီ၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းများကို ထပ်မံ၍ စကားပြောရင်း စားသောက်ကြပါသည်။ စကားလက်စုံကျရင်း –

"ကျွန်တော်တော့ ဦးခေါင်းထဲမှာ ရိပ်တိတ်တိတ်ဖြစ်နေတယ်။ သွေးပေါင်ချိန်ကြည့်ဦးမယ်"

ပြောပြောဆိုဆို သွေးပေါင်ချိန်တိုင်းသော ကိရိယာကိုယူ၍ တိုင်းနေပါသည်။

"သူငယ်ချင်းရေ ... သွေးပေါင်တော့ နည်းနည်းတက်နေတယ်။ ဆေးသောက်ဦးမှပဲ။ အုန်းနို့ခေါက်ဆွဲသုံးပန်းကန်စားတဲ့သူလည်း သွေးပေါင်ချိန်ကြည့်ရဦးမယ်။ အပြန်လမ်းမှာ မူးနေလိမ့်မယ်"

ဆက်လက်၍ စာရေးသူကို သွေးပေါင်ချိန်ရာတွင် ပုံမှန်အနေအထားမှာပင် ရှိနေသည်ကို အံ့သြစွာတွေ့ရှိရပါသည်။ အသက်ချင်းလည်း ရွယ်တူ၊ ဆရာဝန်တစ်ယောက်ဖြစ်သည့် သူငယ်ချင်းသည် စာရေးသူ၏ကျန်းမာရေး ကောင်းသည်ကို ချီးကျူးစကားပြောပါသည်။ ပါဝါမျက်မှန်တပ်ပြီး သွားသုံးလေးချောင်း အံကပ်ထည့်ထားရသည့်အတွက်လည်း မျက်မှန်မတပ်၊ သွားတစ်ချောင်းမှ မကျိုးသော စာရေးသူကို ထပ်မံ၍ သီလမြဲကြောင်း ပြောကြားပါသည်။ စာရေးသူသည် မိတ်ဆွေ၏အိမ်တွင် နာရီဝက်ခန့် အာလာပသလ္လာပ၊ မတွေ့ရတာကြာပြီဖြစ်သော မိတ်ဆွေများအကြောင်း ပြောဆိုပြီး မိမိနေအိမ်သို့ ပြန်ခဲ့ပါသည်။

တစ်နေ့တွင် စာရေးသူသည် နေပြည်တော်၊ ပျဉ်းမနားသို့ အသွားခရီး ကားပေါ်တွင် ထိုင်ခုံချင်းကပ်လျက် ပုဂ္ဂိုလ်တစ်ဦးနှင့် စကားလက်စုံကျမိပါသည်။ သူမိသားစုနှင့် သူသည် စင်္ကာပူနိုင်ငံတွင်နေထိုင်ကြောင်း၊ ယခုအလုပ်ကိစ္စရှိ၍ နေပြည်တော်သို့ သွားခြင်းဖြစ်ကြောင်း၊ စာရေးသူအား မိသားစုနှင့် အတူတူမနေရဘဲ တစ်ဦးတည်းအလုပ်လုပ်ရသည်မှာ နေရေးထိုင်ရေးနှင့် စားရေးသောက်ရေး အဆင်ပြေရဲ့လား၊ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါဟု ညီအစ်ကိုအရင်းသဖွယ် ပြောဆိုပြီး ရန်ကုန်ကိုပြန်လာရင် သူ့ထံသို့ တယ်လီဖုန်းဆက်သွယ်အကြောင်းကြားပါရန် တယ်လီဖုန်းနံပါတ်နှင့် အိမ်လိပ်စာကတ်



www.burmeseclassic.com

www.burmeseclassic.com

ပြားလေး ပေးခဲ့ပါသည်။ စာရေးသူ၏ အိမ်လိပ်စာနှင့် တယ်လီဖုန်းပါသော ကတ်ပြားလေးကိုလည်း ပြန်လည်၍ ပေးလိုက်ပါသည်။ ရက်(၂၀)ခန့်ကြာသည့်အခါတွင် စာရေးသူထံ အဆိုပါ မိတ်ဆွေမှ တယ်လီဖုန်းဆက်ပါသည်။ စာရေးသူအတွက် လုပ်ငန်းတစ်ခု စီစဉ်ထားရှိပါ၍ သူနှင့်အမြန်ဆုံးလာရောက်တွေ့ဆုံပါရန် ဆက်သွယ်အကြောင်းကြားပါသည်။ စာရေးသူသည် ရန်ကုန်သို့ ရောက်ရှိပြီး အဆိုပါမိတ်ဆွေကို တယ်လီဖုန်းနှင့်ဆက်သွယ်ကာ သွားရောက်တွေ့ဆုံခဲ့ပါသည်။ မိတ်ဆွေသည် လုပ်ငန်းလုပ်ကိုင်ရန်ကိစ္စများ အသေးစိတ် ရှင်းလင်းပြောပြကာ နိုင်ငံခြားကုမ္ပဏီသို့ ခေါ်သွားပြီး ကုမ္ပဏီပိုင်ရှင်၊ ဒါရိုက်တာတို့နှင့် မိတ်ဆက်ပေးပါသည်။ အဆိုပါ နိုင်ငံခြားကုမ္ပဏီပိုင်ရှင်နှင့် ဒါရိုက်တာတို့သည် အင်္ဂလိပ်လူမျိုးများဖြစ်ကြပြီး စာရေးသူကို လက်ဖက်ရည်၊ မုန့်များနှင့် ဧည့်ခံ၍ တစ်နာရီခန့်ကြာသည့်တိုင်အောင် ဆွေးနွေးစကားပြောဆိုကြပါသည်။ အဆိုပါ နိုင်ငံခြားကုမ္ပဏီသည် စင်္ကာပူနိုင်ငံတွင် ရှိပါသည်။ ကုန်သည်ကြီးများဟိုတယ်တွင် တည်းခိုပြီး ယာယီရုံးခန်းဖွင့်လှစ်ထားပါသည်။ သူတို့အချင်းချင်း ပြောဆိုကြကာ စာရေးသူကို ၎င်းတို့ကုမ္ပဏီတွင် ဌာနေကိုယ်စားလှယ် ဝင်ရောက်လုပ်ကိုင်ရန် (၁၁-၃-၂၀၁၁) ရက်စွဲဖြင့် ဌာနေကိုယ်စားလှယ်ခန့်အပ်သည့်စာလွှာကို ကုမ္ပဏီပိုင်ရှင်မှ လက်မှတ်ရေးထိုးပြီး ပေးအပ်ပါသည်။ မိတ်ဆွေမှ စာရေးသူ၏အကျိုးအကြောင်းကို အားလုံးပြောဆိုထားပြီးဖြစ်၍ သူတို့မှ ခေါ်ယူဆွေးနွေးကာ သဘောကျနှစ်သက်ပါသဖြင့် ချက်ချင်းခန့်အပ်ခြင်းဖြစ်ပါသည်။ စာရေးသူမှ တစ်ပတ်ခန့်ခွင့်ပြုပေးပါရန် နေပြည်တော်၊ ပျဉ်းမနား ကုမ္ပဏီသို့ သွားရောက်၍ ဒါရိုက်တာမှ နုတ်ထွက်စာတင်ပြီးမှ အလုပ်ဝင်ခွင့်ပြုပါရန် ပြောဆိုရပါသည်။ ၎င်းတို့သည်လည်း သဘောတူညီကြပါသဖြင့် စာရေးသူနှင့် မိတ်ဆွေသည် နိုင်ငံခြားကုမ္ပဏီမှ ထွက်ခွာလာခဲ့ကြပါသည်။ စာရေးသူသည် တစ်ပတ်အတွင်း ပြုလုပ်ရမည့်ကိစ္စများ ပြီးစီးပြီဖြစ်ပါသဖြင့် နိုင်ငံခြားကုမ္ပဏီသို့ သွားရောက်၍ ဌာနေကိုယ်စားလှယ် အလုပ်တာဝန်များကို ယခုထက်တိုင် ဆောင်ရွက်လျက်ရှိပါသည်။ စာရေးသူသည် နံနက်(၈း၃၀)တွင် နံနက်စာကို မိမိအိမ်တွင် စားသောက်၍ နေ့လယ်စာကို နိုင်ငံခြားကုမ္ပဏီမှ ကျွေးမွေးပါသည်။ အင်္ဂလိပ်လူမျိုးများသည် အလွန်တိကျမှန်ကန် ရိုးသားသူများဖြစ်ပြီး စိတ်သဘောထား ဖြူစင်မြင့်မြတ်လှပါသည်။ သူတို့စားသောအစားအစာများကို ကိုယ်တိုင်စီမံချက်လုပ်၍ စာရေးသူကိုပါ နေ့စဉ် ဧည့်ခံကျွေးမွေးပါသည်။ သူတို့၏ ပင်တိုင်အစားအစာမှာ ပေါင်မုန့်၊ ဝက်ပေါင်ခြောက်၊ ငါးသေတ္တာ၊ ဒိန်ခဲ၊ ထောပတ်၊ ကြက်ဥ၊ နွားနို့များကိုတော့ စာရေးသူမှ ကြိုက်နှစ်သက်သော်လည်း အင်္ဂလိပ်များသောက်သည့် လက်ဖက်ရည်ကိုမူ လုံးဝမသောက်ပါ။ တစ်ငုံမျှသောက်ကြည့်သော်လည်း သောက်လို့မရပါ။ သို့ပါ၍ စာရေးသူအတွက် ကော်ဖီအမြဲဖျော်ပေးပါသည်။ ဆီနှင့် ဆားကို လိုတာထက်ပို၍ စားသောက်ခြင်းမရှိကြပါ။ စာရေးသူသည် အချိန်ရတိုင်း ဆောင်းပါးများရေး၍ ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းနှင့် ဓာရဏပရိတ်ကို စိတ်ထဲမှ ရွတ်ဆိုမြဲရွတ်ဆိုလျက် ရှိပါသည်။ ဗုဒ္ဓဘာသာမဟုတ်၊ မြန်မာစကားမတတ်သော်လည်း နိုင်ငံကြီးသားများဖြစ်ကြသောအင်္ဂလိပ်လူမျိုးများဖြစ်ကြသည့် ကုမ္ပဏီပိုင်ရှင်နှင့် ဒါရိုက်တာများသည် စကားပြောရာတွင် အလွန်ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် ပြုမူနေထိုင်သည့် အကျင့်စရိုက်များသည် အထူးပင်အတုယူလောက်ပါပေသည်။ စာရေးသူအတွက်လည်း အစားအသောက်များကို ကြိုက်နှစ်သက်သလိုစားစေခြင်း၊ ငွေကြေးများပေးခြင်း၊ အဝတ်အထည်၊ ရှူးဖိနပ်၊ ဘောင်းဘီ၊ စပို့ရှပ်၊ ခါးပတ်၊ ဦးထုပ်များကို စင်္ကာပူမှ ပြန်လာတိုင်း လက်ဆောင်ပေးလေ့ရှိပါ၍ စာရေးသူအတွက် စားဝတ်နေရေးသည် လွန်စွာမှပင် အဆင်ပြေပါသည်။

စာရေးသူအနေနှင့် အထူးဆိုလိုချင်သည်မှာ အတိတ်ဘဝတွင် အလှူဒါနနည်းပါးခဲ့၍ ပစ္စည်းဥစ္စာမချမ်းသာသော်လည်း အတိုင်းအဆမရှိ အစွမ်းထက်လှသော ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းနှင့် ဓာရဏပရိတ်တော်များ၏ တန်ခိုးသည် ဘေးရန်ကင်းရှင်း၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးများဖြင့် ပြီးပြည့်စုံကာ နိုင်ငံခြားသားများကပင် အထူးလေးစား ချစ်ခင်ခြင်းကို ခံယူရရှိပါသည်။

ထွန်းလွင်(ကြည့်မြင်တိုင်)



www.burmeseclassic.com

www.burmeseclassic.com

# အုံ့မခန်းဖွယ် မြတ်ပဋ္ဌာန်း၏အစွမ်း

**သန္တာမြတ်သောင်း**

၂၀၁၂ ဒီဇင်ဘာလထုတ် ရောင်ပြန်မဂ္ဂဇင်း အမှတ်-၂၂၇ မှ စာရေးဆရာ ညီညီလွင် ရေးသားသော ပဋ္ဌာန်းမရွတ်ရန် တားမြစ်သူဟူသော ဆောင်းပါးကို ဖတ်ရှုရသောအခါ ကျွန်မစိတ်ထဲတွင် ဤအုံ့မခန်းဖွယ် မြတ်ပဋ္ဌာန်း၏အစွမ်း ဆောင်းပါးကို ဖော်ပြလိုစိတ် ဖြစ်ပေါ်လာသဖြင့် ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မကိုယ်တိုင် ၁၉၉၇ မှစ၍ ယနေ့တိုင် ပဋ္ဌာန်းအကျယ်ကို နေ့စဉ်ဝတ်မပျက် ရွတ်ဖတ်နေသည်မှာ ဆယ့်ငါးနှစ်ကျော်ရှိခဲ့ပြီ ဖြစ်သောကြောင့် ကျွန်မ၏ ကိုယ်တွေ့နှင့်ယှဉ်၍ ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဆရာညီညီလွင်၏ ဆောင်းပါးတွင် ပဋ္ဌာန်းကို နေ့စဉ်ဝတ်မပျက် ရွတ်ဖတ်ခဲ့သည်မှာ ရှစ်နှစ်ရှိပြီဖြစ်သော မတင်တင်ဝင်းအား ဘာသာရေးလေ့လာလိုက်စားမှုရှိသော အသက်ငါးဆယ်ကျော် ဘွဲ့ရပညာတတ်၊ ထေရဝါဒစစ်စစ်သမား ဦးမြင့်ကျော် ဆိုသည့် လူကြီးလူကောင်းက ပဋ္ဌာန်းမရွတ်ရန် ဖျက်ခဲ့သည်။ အလုပ်အကိုင်များ အောင်မြင်ချင်လျှင် ပဋ္ဌာန်းဆက်မရွတ်ပါနှင့်။ ပဋ္ဌာန်းကြောင့် မိမိမှာရှိသော အစောင့်အရှောက်များ ထွက်ပြေးကုန်မည်၊ အကျိုးဖြစ်ထွန်းတော့မည်မဟုတ်။ အခြားဂါထာများ ပြောင်းရွတ်ပါ။ ဆရာတော်ဘုရားများ၏ ထေရဝါဒကျမ်းစာအုပ်များတွင် လာရောက်လေ့လာနိုင်သည်ဟု ပြောခဲ့သည်။

လေးစားလောက်သော လူကြီးလူကောင်းတစ်ဦး၏ စကားဖြစ်သဖြင့် ရှစ်နှစ်လုံးလုံး နေ့စဉ်ဝတ်မပျက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခဲ့သူ မတင်တင်ဝင်းသည် ဆက်မရွတ်တော့ဘဲ ဝတ်ပျက်သွားခဲ့သည်။ သူတစ်ပါး၏ ရွတ်ဖတ်ပူဇော်မှုကို ဖျက်ဆီးခဲ့သူ ဦးမြင့်ကျော်မှာ တစ်ပတ်အတွင်း သူဌေးနှင့်အဆင်မပြေဖြစ်၍ အလုပ်မှနုတ်ထွက်သွားခဲ့သည်ဟု ဆရာညီညီလွင်၏ ဆောင်းပါးတွင် ဖော်ပြခဲ့သည်။

ပဋ္ဌာန်းနှင့်ပတ်သက်၍ ကျွန်မသိသမျှ အကျိုးတရားများမှာ -

၁။ မိမိရင်ဆိုင်ကြုံတွေ့နေရသော အန္တရာယ်မှ လွတ်မြောက်နိုင်ခြင်း၊

၂။ မိမိကျရောက်မည့် ဘေးရန်အန္တရာယ်မှ ကင်းလွတ်နိုင်ခြင်း၊

၃။ အပြစ်ကင်း၍ ကောင်းကျိုးပွားစေသော ဆောင်ရွက်သည့်ကိစ္စအဝဝ ပြီးစီးစေခြင်း၊



www.burmeseclassic.com

၄။ အပြစ်ရှိ၍ ဆိုးကျိုး(မကောင်းကျိုး)စေမည့် ဆောင်ရွက်ဖွယ်ကိစ္စအဝဝကို အလိုလိုရှောင်လွှဲနိုင်ခြင်း၊

၅။ ဆောင်ရွက်သမျှ ကောင်းမြတ်သောကိစ္စမှန်သမျှ ပြီးစီးအောင်မြင်ခြင်း၊

၆။ အဆုံးစွန်သောဘဝတွင် နိဗ္ဗာန်ရောက်ခြင်းဟူသော အကျိုးတရားများ ခံစားရပါသည်။

ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခါနီးတွင် ပူဇော်မည့်သူသည် အောက်ပါအတိုင်းပြုရမည်။

၁။ မိမိ၏ ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်စေပြီးမှ မြတ်စွာဘုရားရှင်၏ရှေ့တွင် ရှိသေစွာထိုင်ရမည်။

၂။ ပဋ္ဌာန်းရွတ်ဖတ်မှုကို နားကြားလိုသဖြင့် စောင့်မျှော်နေကြသော သမ္မာဒေဝနတ်ကောင်းနတ်မြတ်များစွာ ရှိပါသည်။ ထို့ကြောင့် နတ်များကို ပင့်ဖိတ်ရမည်။

၃။ အချိန်မှန်(ရွတ်နေကျအချိန် မပျက်မကွက်)ရွတ်ရမည်။

၄။ သာယာနာပျော်ဖွယ် ရွတ်ရမည်။

၅။ နေ့စဉ် ဝတ်မပျက်ရွတ်ရမည်။ ဤသည်မှာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်နည်းအမှန် ဖြစ်ပါသည်။

ကျွန်မသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သော ဘိုးဘွားများ၏ အဆုံးအမနှင့် ကြီးပြင်းလာသူဖြစ်ပါသည်။ အပျိုဘဝက မိရိုးဖလာကိုးကွယ်မှုသာ ဖြစ်ခဲ့သော်လည်း ၁၉၉၇ နှစ်တွင် မိဘများမလိုလားသောသူနှင့် ကျွန်မလက်ထပ်ခဲ့ချိန် အိမ်ထောင်သည်ဘဝတွင် ဒုက္ခအခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ရသောအခါ မိမိဘဝ၏ တစ်ခုတည်းသော အားကိုးရာ မြတ်စွာဘုရားရှင်ဟုသာ ယုံကြည်သက်ဝင်လျက် ပဋ္ဌာန်းဖြင့် နေ့စဉ်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါသည်။ ပဋ္ဌာန်းသည် အလွန်တန်ခိုးထက်မြက်သဖြင့် ပဋ္ဌာန်းမရွတ်မီ မေတ္တာသုတ်နှင့် တောင်တန်းသာသနာပြုဆရာတော်ကြီး၏ နတ်ချစ်ဂါထာကို ရွတ်ပြီးမှ ပဋ္ဌာန်းအကျယ်ဖြင့် ပူဇော်ပါသည်။

မြတ်စွာဘုရားရှင်အား နေ့စဉ် ပဋ္ဌာန်းဖြင့် ဝတ်မပျက်ပူဇော်ရာတွင် ဝန်ခံချင်သည်မှာ ကျွန်မသည် ဘုရားကျောင်းဆောင်ရှေ့တွင် ထိုင်၍ပူဇော်ခြင်းမဟုတ်ပါ။ ဈေးဆိုင်ခင်းရင်း၊ တံမြက်စည်းလှည်းရင်း နှုတ်မှ အသံထွက်ရွတ်ဖတ်ခြင်း ဖြစ်ပါသည်။ အကယ်၍ အထူးပြုလုပ်ရမည့် အခြေအနေကြုံလျှင် အချိန်မှန်၊ နေရာမှန်၊ အမိဋ္ဌာန်မှန်၊ ဆုတောင်းမှန်၊ အသံထွက်မှန် မှန်ငါးမှန်ဖြင့် ကြေးစည်ထုရွတ်ဖတ်ပူဇော်ပါသည်။ (ဘုရားကျောင်းဆောင်ရှေ့တွင် ပူဇော်ခြင်းသည် ပိုကောင်းပါသည်။)

ကျွန်မ၏အိမ်ထောင်ဖက်သည် သုံးနှစ်အရွယ် သားကြီး၊ မွေးစသမီးငယ်နှင့် ကျွန်မကို ၂၀၀၂ ကတည်းက ပစ်သွားခဲ့ရာ ယခုဆိုလျှင် ဆယ်နှစ်ကျော် ရှိခဲ့ပါပြီ။ ဈေးဆိုင်တစ်ဖက်၊ သားသမီးစားသောက်ရန် ချက်ပြုတ်ရခြင်း၊ လျှော်ဖွပ်ရခြင်းတာဝန်တစ်ဖက်၊ မိမိဝါသနာပါသော စာရေးစာဖတ်များကတစ်ဖက်နှင့် ညပိုင်းတွင် ဘုရားကျောင်းဆောင်ရှေ့၌ သီးသန့်ဝတ်ရွတ်ရန် ကျွန်မ မထိုင်နိုင်တော့ပါ။ ထို့ကြောင့် နံနက်ဈေးဆိုင်ခင်းသည်နှင့် နတ်များပင့်ဖိတ်ပြီး မေတ္တာသုတ်၊ နတ်ချစ်ဂါထာနှင့် ပဋ္ဌာန်းကို လုပ်ရင်းကိုင်ရင်း ရွတ်ပါသည်။

ပဋ္ဌာန်းကြောင့် ဘေးရန်အန္တရာယ်အမျိုးမျိုးလွတ်ရသည့် အနက် အချို့ကို ထုတ်နုတ်ဖော်ပြလိုပါသည်။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လက ကျွန်မသည် သူငယ်တန်းတက်နေသော သားကြီးကို ကျောင်းကြိုရန် စက်ဘီးနှင့်ထွက်ခဲ့ပါသည်။ မိုးကဖွဲဖွဲရွာနေသဖြင့် ကောက်ရိုက်သမဆောင်းသော ခမောက်အချွန်ကို ကျွန်မခေါင်းတွင် ဆောင်းထားပါသည်။ စွဲမြဲနေသော ကျွန်မ၏အကျင့်အတိုင်း ပဋ္ဌာန်းအကျဉ်းကို နှုတ်မှ တတွတ်တွတ်ရွတ်ရင်း စက်ဘီးနင်းခဲ့ပါသည်။

ပဲခူးယက်ကုန်းမြို့မြောက်ဘက်အထွက် သချိုင်းကုန်းနှင့် ဘုရားကြီးကြားရှိ ကားလမ်းကွေ့တွင် တိုရိုတာကားဖြူလေးသည် ကျွန်မစက်ဘီးကို ပွတ်တိုက်ချသွားရာ ကျွန်မမှာ စက်ဘီးရောလူပါ ကားလမ်းပေါ်သို့ လုံးထွေးကျသွားပါသည်။ ထိုသို့ပစ်ကျသွားသည်နှင့် ဝဖြိုးသောကျွန်မမှာ အရှိန်မထိန်းနိုင်တော့ဘဲ ကားလမ်းနှင့် မျက်နှာ ဖောင်းခနဲမြည်အောင် ရိုက်ကျသွားပါသည်။ ကားလမ်းနှင့်မျက်နှာ ရိုက်ခါနီးတွင် ကျွန်မ၏ခေါင်းပေါ်မှ မိုးဆောင်းခမောက်သည် အလိုလိုလျှောကျ၍ ကျွန်မမျက်နှာနှင့် ကားလမ်းအကြားတွင် ကာလိုက်ပြီး ခမောက်ပြားသွားပါသည်။ ကျွန်မတွင် ပွန်းပဲ့ရာတစ်ခုမှ မရှိခဲ့သလို စက်ဘီးလည်း လုံးဝမထိခိုက်ခဲ့ပါ။ ကားလမ်းပေါ် မှောက်လျက် ကားကားကြီးပစ်ကျနေသော ကျွန်မကိုမြင်ရသော ကားသမားမှာ အခြေအနေမကောင်းထင်ပြီး မောင်းပြေးသွားပါသည်။ (ထိုဖြစ်ရပ်မှန်ကို ၂၀၁၂၊ မတ်လ မြတ်မင်္ဂလာတွင် ဖော်ပြခဲ့ဖူးပါသည်။)

၂၀၀၇ ခု၊ မေလတွင် မုန်တိုင်းမိုး ပြင်းထန်စွာရွာရာ လေမှာ ဝိုးဝိုးမြည်အောင် တိုက်ခတ်နေပါသည်။ ကျွန်မဆိုင်

www.burmeseclassic.com

နောက်ဘက်မှ နှစ်ချို့ ဗာဒံပင်ကြီး၏ အကိုင်းကြီးများမှာ ကျွန်မ၏ ဈေးဆိုင်ငယ်လေးပေါ် ကျိုးကျမတတ် လှုပ်ယမ်းနေရာ ကျွန်မမှာ သားနှင့်သမီးကိုဖက်ရင်း ပဋ္ဌာန်းအကျဉ်းကိုသာ တစ်ဆိုင်လုံး စည်းချရွတ်ဆိုနေပါသည်။ ဖြောင်းခနဲ ဗာဒံကိုင်းကြီးကျိုးကျပြီး ကျွန်မဆိုင်ကိုကျော်၍ တစ်ဖက်မှ ဈေးဆိုင်မျက်နှာစာပေါ်ကျသွားရာ တစ်ဖက်ဆိုင်၏ မျက်နှာစာတစ်ခုလုံး ပြားသွားပါသည်။ (ထိုဖြစ်ရပ်မှန်ကို ၂၀၁၂၊ ဇူလိုင်လ မြတ်မင်္ဂလာတွင် ဖော်ပြခဲ့ဖူးပါသည်။)

၂၀၁၀၊ ဇွန်လ ၂၆ ရက်ညက ကျွန်မတို့သားအမိ ဈေးဆိုင်၌ အိပ်ပါသည်။ ထိုနေ့က ကျွန်မခေါင်းမထူနိုင်အောင် သွေးတိုးနေပါသည်။ တစ်ရေးနိုးတွင် သားကြီးက အပေါ့သွားချင်၍ ကျွန်မကိုနှိုးရာ ကျွန်မက မီးပျက်နေသဖြင့် ဖယောင်းတိုင်ထွန်းပေးပါသည်။ ကျွန်မ၏ မိုက်မဲမှုအမှားမှာ ဖယောင်းတိုင်ကို ရွှေပြည်နန်းသနပ်ခါးဘူးအဖုံးပေါ်တွင် တင်၍ထွန်းခြင်း ဖြစ်ပါသည်။

ဖယောင်းတိုင်မီးထွန်းပေးပြီး ခေါင်းမထူနိုင်အောင် မူးနေသော ကျွန်မမှာ ခေါင်းအုံးပေါ် ပြန်လှဲချ၍ မေးခနဲဖြစ်သွားပါသည်။ သားကြီး မီးမမှုတ်ဘဲ ပြန်ဝင်အိပ်ခြင်းကို ကျွန်မလုံးဝမသိခဲ့ပါ။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ တစ်စုံတစ်ယောက်(အမျိုးသားကြီးဟု ထင်သည်)က ဟဲ့…ထစမ်း၊ မြန်မြန်ထ။ မီးတွေလောင်နေပြီဟု ကျွန်မကို နှိုးလိုက်သလို ခံစားရပြီး ကျွန်မ ဖျတ်ခနဲနိုးလာရာ ပိတ်ခြင်ထောင်ကြီး တစ်ခြမ်းလုံး မီးဟုန်းဟုန်းစွဲလောင်နေပါပြီ။ ကျွန်မသည် ခြင်ထောင်တွင်းမှ ကလေးနှစ်ယောက်ကို ခြေထောက်နှင့် ဆောင့်ကန်နှိုးပြီး ခြင်ထောင်ကြိုးလေးဖက်ကို ဆောင့်ဆွဲဖြုတ် လုံးထွေးလိုက်ရာ ပိတ်ခြင်ထောင်မှ မီးများငြိမ်းသွားပါသည်။ ပိတ်ခြင်ထောင်နှင့်ဖိ၍ ကြမ်းပြင်မှမီးကို ငြိမ်းရပါသည်။

ဖယောင်းတိုင်မှ မီးသည် သနပ်ခါးဘူး ကော်အဖုံးကို စွဲလောင်ပြီး ဘီးထည့်ထားသော ကော်ခြင်းကို ဆက်လောင်ကာ ကော်ရည်များက စီးပြီး ရေခဲသေတ္တာကို မလောင်ဘဲ ကျော်ကာ ခြင်ထောင်သို့ စွဲလောင်ခြင်း ဖြစ်ပါသည်။ ရေခဲသေတ္တာကိုသာ လောင်ပါက ဂက်စ်အိုးပေါက်ကွဲမှုကြောင့် ကျွန်မတို့သားအမိ အန္တရာယ်ရှိသလို ပေါ့ဆမီးမှ မနိုင်နင်းအောင် လောင်ကျွမ်းခြင်းအတွက် အချုပ်အနှောင် အရေးယူခံရသည်အထိ ဒုက္ခကြုံရမည်ဖြစ်သည်။ ကျွန်မကို သမ္မာဒေဝနတ်များက နှိုးခဲ့ခြင်းဖြစ်သည်။

၂၀၁၂၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျွန်မဈေးဆိုင်နှင့်ကပ်လျက်မှ ညီမ အေးသော်တာသောင်း၏ အထည်ဆိုင် ညပိုင်းဖောက်ထွင်းခံရပါသည်။ အထည်ခြောက်သိန်းကျော်ဖိုး ပါသွားပါသည်။ ကျွန်မသည် ဘုရားကျောင်းဆောင်ရှေ့တွင် အချိန်မှန်၊ နေရာမှန်၊ ဆုတောင်းမှန်၊ အဓိဋ္ဌာန်မှန်၊ အသံထွက်မှန် မှန်ငါးမှန်ဖြင့် နတ်များပင့်ဖိတ်၊ ပဋ္ဌာန်းရွတ်၊ ကြေးစည်ထု အမျှဝေဆုတောင်းပြီး နတ်များက သူခိုးဖမ်းမိအောင် ကူညီပေးပါဟု အကူအညီတောင်းခဲ့ပါသည်။ ဆိုင်ဖောက်ခံရပြီး ဆယ်ရက်မြောက်နေ့ (၈-၅-၁၂)တွင် သူခိုး၏ မိသားစုအတွင်းလူက ဖော်ထုတ်ခဲ့သဖြင့် သူခိုးလင်မယားကို သက်သေခံပစ္စည်းအချို့နှင့်အတူ ဖမ်းမိခဲ့ပါသည်။ (၂၀၁၂၊ စက်တင်ဘာ၊ မြတ်မင်္ဂလာ၌ ဖော်ပြခဲ့ဖူးပါသည်။)

ယခုကြုံတွေ့သော အဖြစ်အပျက်များသည် ကျွန်မ၏ ကိုယ်တွေ့များထဲမှ အချို့ကို ကောက်နုတ်တင်ပြခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ပင် ဗောဓိပင်၏ အနောက်မြောက်ဘက် အတောင် ၄၀ (၁၀ လံ)အကွာ နတ်တို့ဖန်တီးသော ရတနာရွှေအိမ်တွင် အဘိဓမ္မာခုနစ်ကျမ်းအနက် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ယမကဝတ္ထု၊ ယမိုက်ကျမ်းတို့ကို ဆင်ခြင်မှသာ ရောင်ခြည်တော်ခြောက်သွယ်၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့ ဖြစ်ခဲ့ကြောင်း ကျမ်းဂန်များတွင် အခိုင်အမာပါရှိပါသည်။

ထို့ကြောင့် ဘဝတွင် တိုးတက်အောင်မြင်သော ကောင်းကျိုးလိုလားသူတိုင်း မေတ္တာသုတ်ကို ဦးစွာရွတ်ပြီး ပဋ္ဌာန်းအကျယ်ရွတ်ပါ။ အကယ်၍ မေတ္တာသုတ်မရပါက စကြဝဠာအနန္တ၌ ရှိကြကုန်သော နတ်လူသတ္တဝါအားလုံး ဘေးရန်ကြောင့်ကြဆင်းရဲကင်း၍ ကောင်းကျိုးလိုရာဆန္ဒပြည့်ဝပါစေဟု မေတ္တာပို့ပြီးမှ ပဋ္ဌာန်းဆက်ရွတ်ပါ။ ပဋ္ဌာန်းအကျယ်မရွတ်တတ်လျှင် အကျဉ်းကို ဝတ်မပျက်ရွတ်ပါ။ ဘုရားကျောင်းဆောင်ရှေ့တွင် နတ်များပင့်ဖိတ်ပြီး မေတ္တာသုတ်နှင့် ပဋ္ဌာန်းရွတ်၊ နတ်များကို အမျှဝေပြီး မိမိလိုရာဆန္ဒများ ဆုတောင်းလျှင် ပြည့်စုံမည်ဖြစ်ကြောင်း စေတနာကောင်းနှင့် တင်ပြပါသည်။

**သန္တာမြတ်သောင်း**



www.burmeseclassic.com

www.burmeseclassic.com

# မြတ်ပဋ္ဌာန်းကွန်ချာ ကျင့်စဉ်တော်

ပြေထက်ထွန်း(မြယမုံ)

မြတ်ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသော ခုနစ်ဆင့်မြောက် အဘိဓမ္မာကျမ်းကြီးမှာ ပဋ္ဌာန်းကျမ်းကြီး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း ပဋ္ဌာန်းကျမ်းကြီးကို အင်မတန် ရိုသေမြတ်နိုး တန်ဖိုးထားကြပါသည်။ တန်ဖိုးထားလောက်အောင်လည်း ပဋ္ဌာန်းတရားတော်သည် သိမ်မွေ့မြင့်မြတ်၍ နက်နဲကြီးကျယ်သော တရားတော်ကြီးဖြစ်ပါသည်။ သိမြင်နိုင်ရန် ခက်ခဲသည့် စိတ်၊ စေတသိက်၊ ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယာတန၊ ဓာတ်၊ သစ္စာ၊ ဟိတ်၊ ဈာန်၊ မဂ္ဂင် စသော ပရမတ္ထတရားများကို ဟောကြားသောကြောင့် သိမ်မွေ့မြင့်မြတ်လှသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ပရမတ္ထတရားများသည် အချင်းချင်း အကြောင်းအကျိုးဖြင့် ဆက်စပ်ဖြစ်ပေါ်တည်နေပုံ၊ ဘယ်သို့ဘယ်ပုံ တည်နေသည်ကို အဆုံးအပိုင်းအခြားမရှိ များပြားလှစွာသော နည်းပေါင်းမြောက်မြားစွာဖြင့် ရှင်းလင်းပြဆိုထားသောကြောင့်လည်း ကြီးကျယ်နက်နဲလှပါသည်။

ထို့ကြောင့် ပဋ္ဌာန်းကျမ်းကြီးအား အဆုံးမရှိအောင် နည်းပေါင်းများစွာဖြင့် တန်ဆာဆင်၍ ဟောကြားထားကာ ထက်ဝန်းကျင် အလုံးစုံ၊ ပစ္စည်းတရားများ အတိသယတည်ရှိနေသောကြောင့် 'အနန္တနယ သမန္တပဋ္ဌာန်းမဟာပကရဏ'ဟူ၍ အဋ္ဌကထာကျမ်းများ၌ ချီးကျူးဖွင့်ဆိုတော်မူကြပါသည်။

ဗုဒ္ဓဘာသာနယ်ဝင် သူတော်စင်တို့သည် များသောအားဖြင့် လူတိုင်း ဗုဒ္ဓအဘိဓမ္မာအား လေ့လာလိုက်စား သင်ကြားရန် အခွင့်မသင့်သော်လည်း အဘိဓမ္မခုနစ်ကျမ်းတွင် အကြီးမြတ်ဆုံး ပဋ္ဌာန်းကျမ်းကြီး၏ ဂုဏ်ကျေးဇူးတော်ကြီးမားပုံများကို သဘောပေါက်နားလည်သောကြောင့် အခြေခံဖြစ်သော ပဋ္ဌာန်းဒေသနာတော်ကြီး၏ ဥဒ္ဒေသနှင့် နိဒ္ဒေသ ပါဠိတော်ကို အရကျက်၍ ပွားများရွတ်ဆိုကြပါသည်။ နေ့စဉ် ဘုရားရှိခိုးပွားတော်ရေး၌ ပဋ္ဌာန်းရွတ် ဘုရားရှိခိုး၍ အမျှပေးဝေကြပါသည်။ ကိုယ်ကိုယ်တိုင်ရွတ်ဆိုရုံမက ရင်းနှီးသူများကိုလည်း ရွတ်ဆိုရန် တိုက်တွန်းကြပါသည်။

ရွတ်ဖတ်ပူဇော်သူတို့မှာ ဘုန်းတန်ခိုးကြီးစေခြင်း၊ ဘေးအန္တရာယ်တို့မှ လွတ်မြောက်စေနိုင်ခြင်း၊ ကောင်းကျိုးစီးပွားဖြစ်ထွန်းစေနိုင်ခြင်း၊ ဆောင်ရွက်သည့်ကိစ္စအဝဝတို့ ပြီးစီးအောင်မြင်နိုင်ခြင်း၊ နတ်ဒေဝါအပေါင်း၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးများ ချစ်ခင်စောင့်ရှောက်ခြင်းကို ခံယူရရှိနိုင်ခြင်း၊ အပြစ်ကင်းသည့် လုပ်ငန်းမှန်သမျှ အရာခပ်သိမ်း ပြီးငြိမ်းအောင်မြင်ခြင်း၊ မကောင်းသော အပြစ်တို့မှ ရှောင်လွှဲနိုင်ခြင်း၊ အဆုံးစွန်သော ဘဝဒုက္ခနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း စသည့် အကျိုးထူးများ ရရှိခံစား ဖြစ်ပေါ်စေနိုင်ပါသည်။

သူတော်စင်တို့သည် မိမိမွေးနေ့အထိမ်းအမှတ်၊ မိဘဆွေမျိုးများ၏ မွေးနေ့အထိမ်းအမှတ်၊ အလှူအတန်း၊ ဘုရားပွဲ၊ တရားပွဲတို့တွင် ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသ ပါဠိတော်နှင့် နိဿယစာအုပ်ငယ်များ ဓမ္မဒါနအဖြစ် ပုံစံအမျိုးမျိုး ရိုက်နှိပ်လှူဒါန်းကြသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။ ဘုရားကျောင်းဆောင်ရှိသော အိမ်တိုင်း ပဋ္ဌာန်းဒေသနာတော်အား ရွတ်ပွားပူဇော်ကြပါသည်။ အိမ်စောင့်နတ်တို့ကလည်း ကြိုက်နှစ်သက်မည်သာ ဖြစ်ပါသည်။ မည်သည့်နတ်ကောင်းနတ်မြတ်မဆို ဤသို့ ပဋ္ဌာန်းရွတ်ပွားပူဇော်ခြင်း၊ ဂုဏ်တော် ဉာဏ်တော် ပွားများခြင်း၊ မေတ္တာပို့သခြင်းကို အလွန်လိုလားနှစ်သက် အားပေး၍ အကျိုးတရားဘက်ကိုသာ ကူညီနိုင်က ကူညီသည့်သာကေများလည်း ရှိပါသည်။

အများသိ ပဋ္ဌာန်းမှာ ဟေတုပစ္စယောမှ အဝိဂတပစ္စယောထိ နှစ်ဆယ့်လေးမျိုးကို ၂၄ ပစ္စည်းဟု ရွတ်နေကြပြီး၊ ကျမ်းအစုံကို ဆရာတော်၊ သံဃာတော်အရှင်မြတ်ကြီးများနှင့် လူပုဂ္ဂိုလ်များထဲမှ အထုံအလေ့ရှိသူ၊ လေ့လာသင်ကြားထားသူများက အသံမစဲ ရွတ်ဆို၍ ပဋ္ဌာန်းပွဲများကို အနယ်နယ်အရပ်ရပ်တွင် ကျင်းပရွတ်ပွား ပူဇော်လျက်ရှိကြပါသည်။

## မြတ်ပဋ္ဌာန်းကျင့်စဉ်

မြတ်ဗုဒ္ဓဘုရားရှင်၏ အနုစိပ်ကျလှသည့် ဉာဏ်တော်ဖြစ်သော ပဋ္ဌာန်းကျမ်းတော်မြတ်ကို ရွတ်ပွားပူဇော်ချိန်တွင် သမာဓိကို ပိုမိုခိုင်မြဲစေပြီး၊ အကျိုးထူးကြီးများကို ခံစားရရှိနိုင်စေသော မြတ်ပဋ္ဌာန်းကျင့်စဉ်တော်ကို အဓိဋ္ဌာန်ရက်ဖြင့် သူတော်စင်များ ကျင့်ကြံပွားများနိုင်စေရန်အတွက် မြတ်ပဋ္ဌာန်းကွန်ချာကျင့်စဉ်တော်ကို အောက်တွင် ပညာလက်ဆင့်ကမ်းပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အဓိဋ္ဌာန် သတ်မှတ်ခြင်း

(၁) မြတ်ပဋ္ဌာန်းကွန်ချာ ကျင့်စဉ်အတွက် အဓိဋ္ဌာန်ရက်ကို ၂၄ ရက် သတ်မှတ်ထားရှိရပါမည်။ အပိုင်းသုံးပိုင်းခွဲ၍ အဓိဋ္ဌာန်ဝင်ရမည် ဖြစ်ပါသည်။ ဦးစွာ ပုဗ္ဗပရိကံများကို ပြုလုပ်ရာတွင် အဓိဋ္ဌာန်ဝင်မည့်နေရာအခန်း၊ သို့မဟုတ် ဘုရားခန်းအတွင်း သန့်ရှင်းစေခြင်း။ မိမိကိုယ်လက်အင်္ဂါနှင့် အဝတ်အစားများ သန့်ရှင်းသပ်ရပ်စေခြင်းများ ဆောင်ရွက်ထားရပါမည်။

(၂) ဘုရားခန်းအတွင်း မိမိထိုင်မည့် မျက်နှာချင်းဆိုင် ဗုဒ္ဓဘုရားရှင်ကို ရည်မှန်း၍ သင့်တော်သည့် ခုံတစ်ခုံတွင် ပန်း၊ ရေချမ်း၊ အမွှေးနံ့သာတိုင်၊ အလင်းတိုင်တို့ကို လှူဒါန်းထားပါ။ ဘုရားရှိခိုး၊ သီလခံယူပါ။ နတ်ကောင်းနတ်မြတ်တို့နှင့် ပါရမီဖြည့်ဘက်များကို ဖိတ်ကြားပါ။

"ပန်းရေချမ်းတို့ကို ဆက်ကပ်ပူဇော်ရာတွင် ဘုရားတပည့်တော်သည် မြတ်စွာဘုရား၏ ဂုဏ်တော်၊ မြတ်တရား၏ ဂုဏ်တော်၊ မြတ်သံဃာတို့၏ဂုဏ်တော်၊ တရားအရာတွင် အကြီးမြတ်ဆုံးဖြစ်သော မြတ်ပဋ္ဌာန်းဒေသနာတော်၏ ဂုဏ်တော်ကို ရိုသေလေးသား ဂါရဝတရားရှေ့ထား၍ ဤပန်းတော်၊ ရေချမ်းတော်၊ အမွှေးနံ့သာ၊ အလင်းတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်းပါ၏။ ပူဇော်ပါ၏ဘုရား"ဟု နှုတ်မှရွတ်ဆို ဆက်ကပ်လှူဒါန်းရပါမည်။

(၃) ပူးတွဲဖော်ပြထားသည့် 'ပဋ္ဌာန်းစက်ပုံတော်'တို့အား မိတ္တူကူး၍ ပလတ်စတစ်လောင်းကာ အမွှေးနံ့သာ ပက်ဖျန်း၍ ဘုရားခန်းအတွင်း မိမိရှေ့တွင်ရှိ စီစဉ်ထားသည့် ပန်း၊ ရေချမ်းခုံတွင် နေရာပေး၍ စနစ်တကျထောင်ထားပါ။ မိမိနှင့် မျက်နှာချင်းဆိုင်တွင် လက်တစ်ကမ်းနေရာတွင် ရှိနေရပါမည်။

(၄) အဓိဋ္ဌာန်၏ ပထမရက်မှာ မိမိမွေးနေ့နံနက်တွင် စရပါမည်။ မိမိမွေးနေ့နံနက်မှစ၍ တစ်နေ့လျှင် အလင်းတိုင်တစ်တိုင်နှုန်းဖြင့် ပထမပိုင်း ၈ ရက်(ရှစ်ရက်)ထွန်းညှိပူဇော်ရပါမည်။ ပဋ္ဌာန်း ၂၄ ပစ္စည်း အကျဉ်းဥဒ္ဒေသအား ၂၄ ခေါက်ရွတ်ဆို၍ ပစ္စယနိဒ္ဒေသအကျယ်အား အစအဆုံး တစ်ခေါက်ရွတ်ဆိုရပါမည်။

(၅) ပထမပိုင်း ၈ ရက်(ရှစ်ရက်)စေ့သောအခါ ဒုတိယပိုင်း ၈ ရက်(ရှစ်ရက်)တွင် တစ်နေ့လျှင် အလင်းတိုင် နှစ်တိုင်ထွန်းညှိပူဇော်ရပါမည်။ ပဋ္ဌာန်း ၂၄ ပစ္စည်းအကျဉ်းဥဒ္ဒေသအား ၂၄ ခေါက် ရွတ်ဆို၍ ပစ္စယနိဒ္ဒေသအကျယ် အစအဆုံး နှစ်ခေါက်ရွတ်ဆိုရပါမည်။

(၆) ဒုတိယပိုင်းရှစ်ရက်စေ့သောအခါ တတိယပိုင်းရှစ်ရက်တွင် တစ်နေ့လျှင် အလင်းတိုင်သုံးတိုင် ထွန်းညှိပူဇော်ရပါမည်။ ပဋ္ဌာန်း ၂၄ ပစ္စည်း အကျဉ်းဥဒ္ဒေသအား ၂၄ ခေါက် ရွတ်ဆို၍ ပစ္စယနိဒ္ဒေသအကျယ် အစအဆုံး သုံးခေါက်ရွတ်ဆိုရပါမည်။

(၇) အထက်ပါ မြတ်ပဋ္ဌာန်းကျင့်စဉ် အဓိဋ္ဌာန်ရက်များဖြစ်သော ပထမပိုင်းရှစ်ရက်၊ ဒုတိယပိုင်းရှစ်ရက်၊ တတိယပိုင်းရှစ်ရက် နေ့စဉ် အလင်းတိုင်ထွန်းညှိခြင်း၊ ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသများ ရွတ်ဆိုပူဇော်ပြီးပါက တစ်ဆက်တည်း ၁၀၈ လုံး ပုတီးဖြင့် မြတ်ပဋ္ဌာန်းကွန်ချာ(ပဋ္ဌာန်းကွန်ချာ ပုတီးစိပ်နည်းအား သီးခြားဖော်ပြထားပါသည်။)အား တစ်နေ့လျှင် ပုတီးပတ် ၉ ပတ် စိပ်ရပါမည်။ အဓိဋ္ဌာန် ၂၄ ရက် စေ့သောအခါ ပုတီးပတ်ရေပေါင်း ၂၁၆ ပတ် စိပ်ပြီးဖြစ်ရပါမည်။

(၈) ပြီးလျှင် ကုသိုလ်ကောင်းမှုအတွက် မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပါ။ ဖိတ်ကြားထားသူများကို နေရပ်ဌာနသို့ ပြန်ပို့ပေးပါ။ အဓိဋ္ဌာန် ၂၄ ရက်လုံး နေ့စဉ်မေတ္တာပို့သခြင်းနှင့် အမျှဝေခြင်းလုပ်ငန်း မပျက်ကွက်စေရပါ။

(၉) အဓိဋ္ဌာန် ၂၄ ရက် ကုန်ဆုံးပါက 'ပဋ္ဌာန်းစက်ပုံတော်'များအား ဘုရားခန်း၊ နေအိမ်၏ မြင့်မြတ်သောနေရာ၊ ဈေးဆိုင်၊ အလုပ်ခန်း၊ ရုံးခန်းများတွင် ချိတ်ဆွဲပူဇော်ထားနိုင်ပါသည်။ ခရီးသွားလျှင် ကိုယ်နှင့်မကွာ ဆောင်ထားနိုင်ပါသည်။

## မြတ်ပဋ္ဌာန်းကွန်ချာ ပုတီးစိပ်နည်း

မြတ်ပဋ္ဌာန်းကွန်ချာ ပုတီးစိပ်ရာတွင် ၁၀၈ လုံး ပုတီးဖြင့် ပဋ္ဌာန်း ၂၄ ပစ္စည်း ပစ္စည်းတစ်ခုကို ပုတီးတစ်လုံးချင်းချပြီး စိပ်ရပါမည်။

## ပုတီးစိပ်ပုံစိပ်နည်း

(၁) ဟေတုပစ္စယောကစပြီး အဝိဂတပစ္စည်းအထိ ပုတီးတစ်လုံးချင်းချပြီး ဦးစွာစိပ်ပါ။ (ဟေတုပစ္စယောမှ အဝိဂတပစ္စယော ပုတီး ၂၄ လုံး)

(၂) ပြီးလျှင် ဆက်၍ ဟေတုပစ္စယောမှ ပြန်စ အနန္တရပစ္စယောအထိ စိပ်ပါ။ (ဟေတုပစ္စယောမှ အနန္တရပစ္စယောထိ ပုတီး ၄ လုံး)

(၃) ဆက်၍ ဟေတုပစ္စယောမှ ပြန်စ နိဿယပစ္စယောအထိ စိပ်ပါ။ (ဟေတုပစ္စယောမှ နိဿယပစ္စယောအထိ ပုတီး ၈ လုံး)

(၄) ဆက်၍ ဟေတုပစ္စယောမှ ပြန်စ အာသေဝနပစ္စယောအထိ စိပ်ပါ။ (ဟေတုပစ္စယောမှ အာသေဝနပစ္စယောအထိ ပုတီး ၁၂ လုံး)

(၅) ပြီးလျှင် ဆက်၍ ဟေတုပစ္စယောမှ ပြန်စ ဣန္ဒြိယပစ္စယောအထိ စိပ်ပါ။ (ဟေတုပစ္စယောမှ ဣန္ဒြိယပစ္စယောအထိ ပုတီး ၁၆ လုံး)



www.burmeseclassic.com

www.burmeseclassic.com

(၆) ဆက်၍ ဟေတုပစ္စယောမှ ပြန်စ ဝိပ္ပယုတ္တပစ္စယော အထိ စိပ်ပါ။ (ဟေတုပစ္စယောမှ ဝိပ္ပယုတ္တပစ္စယောအထိ ပုတီး ၂၀ လုံး)

(၇) ပြီးလျှင် ဟေတုပစ္စယောမှ ပြန်စ အဝိဂတပစ္စယော အထိ စိပ်ပါ။ (ဟေတုပစ္စယောမှ အဝိဂတပစ္စယောအထိ ပုတီး ၂၄ လုံး)


မြတ်ပဋ္ဌာန်းကွန်ချာပုတီးစိပ်၍ အပိုင်း ၇ ပိုင်းကုန်ဆုံးလျှင် ၁၀၈ လုံး ပုတီးတစ်ပတ်ပြည့်ပါသည်။ အဓိဋ္ဌာန်ရက်အတွင်း တစ်နေ့လျှင် ပုတီးပတ်ရေ ၉ ပတ်ဖြင့် ၂၄ ရက် ပုတီးပတ်ရေ ၂၁၆ ပတ် စိပ်ရပါမည်။ မြတ်ပဋ္ဌာန်းကွန်ချာ အပိုင်း ၇ ပိုင်း ဆက်၍ တစ်ဆက်တည်းစိပ်ရာတွင် အမှားအယွင်းမရှိစေရန်အတွက် ၁၀၈ လုံးပုတီးတစ်ပတ်ပြည့်ပုံအား အောက်ပါအတိုင်း အသေးစိတ်ဖော်ပြပေးပါသည်။

(၁) ဟေတုပစ္စယော

(၂) အာရမ္မဏပစ္စယော

(၃) အဓိပတိပစ္စယော

## ပဋ္ဌာန်းစက်ပုံတော်






www.burmeseclassic.com

www.burmeseclassic.com

# ပဋ္ဌာန်းစက်ပုံတော်



(၄) အနန္တရပစ္စယော

(၅) သမနန္တရပစ္စယော

(၆) သဟဇာတပစ္စယော

(၇) အညမညပစ္စယော

(၈) နိဿယပစ္စယော

(၉) ဥပနိဿယပစ္စယော

(၁၀) ပုရေဇာတပစ္စယော

(၁၁) ပစ္ဆာဇာတပစ္စယော

(၁၂) အာသေဝနပစ္စယော

(၁၃) ကမ္မပစ္စယော

(၁၄) ဝိပါကပစ္စယော

(၁၅) အာဟာရပစ္စယော

(၁၆) ဣန္ဒြိယပစ္စယော

(၁၇) ဈာနပစ္စယော

(၁၈) မဂ္ဂပစ္စယော

(၁၉) သမ္ပယုတ္တပစ္စယော

(၂၀) ဝိပ္ပယုတ္တပစ္စယော

(၂၁) အတ္ထိပစ္စယော

(၂၂) နတ္ထိပစ္စယော

(၂၃) ဝိဂတပစ္စယော




www.burmeseclassic.com

www.burmeseclassic.com

(၂၄) အဝိဂတပစ္စယော
(၂၅) ဟေတုပစ္စယော
(၂၆) အာရမ္မဏပစ္စယော
(၂၇) အဓိပတိပစ္စယော
(၂၈) အနန္တရပစ္စယော
(၂၉) ဟေတုပစ္စယော
(၃၀) အာရမ္မဏပစ္စယော
(၃၁) အဓိပတိပစ္စယော
(၃၂) အနန္တရပစ္စယော
(၃၃) သမနန္တရပစ္စယော
(၃၄) သဟဇာတပစ္စယော
(၃၅) အညမညပစ္စယော
(၃၆) နိဿယပစ္စယော
(၃၇) ဟေတုပစ္စယော
(၃၈) အာရမ္မဏပစ္စယော
(၃၉) အဓိပတိပစ္စယော
(၄၀) အနန္တရပစ္စယော
(၄၁) သမနန္တရပစ္စယော

## ပဋ္ဌာန်းစက်ပုံတော်





www.burmeseclassic.com

www.burmeseclassic.com

(၄၂) သဟဇာတပစ္စယော
(၄၃) အညမညပစ္စယော
(၄၄) နိဿယပစ္စယော
(၄၅) ဥပနိဿယပစ္စယော
(၄၆) ပုရေဇာတပစ္စယော
(၄၇) ပစ္ဆာဇာတပစ္စယော
(၄၈) အာသေဝနပစ္စယော
(၄၉) ဟေတုပစ္စယော
(၅၀) အာရမ္မဏပစ္စယော
(၅၁) အဓိပတိပစ္စယော
(၅၂) အနန္တရပစ္စယော
(၅၃) သမနန္တရပစ္စယော
(၅၄) သဟဇာတပစ္စယော
(၅၅) အညမညပစ္စယော
(၅၆) နိဿယပစ္စယော
(၅၇) ဥပနိဿယပစ္စယော
(၅၈) ပုရေဇာတပစ္စယော
(၅၉) ပစ္ဆာဇာတပစ္စယော
(၆၀) အာသေဝနပစ္စယော
(၆၁) ကမ္မပစ္စယော
(၆၂) ဝိပါကပစ္စယော
(၆၃) အာဟာရပစ္စယော
(၆၄) ဣန္ဒြိယပစ္စယော
(၆၅) ဟေတုပစ္စယော
(၆၆) အာရမ္မဏပစ္စယော
(၆၇) အဓိပတိပစ္စယော
(၆၈) အနန္တရပစ္စယော
(၆၉) သမနန္တရပစ္စယော
(၇၀) သဟဇာတပစ္စယော
(၇၁) အညမညပစ္စယော
(၇၂) နိဿယပစ္စယော
(၇၃) ဥပနိဿယပစ္စယော
(၇၄) ပုရေဇာတပစ္စယော
(၇၅) ပစ္ဆာဇာတပစ္စယော
(၇၆) အာသေဝနပစ္စယော
(၇၇) ကမ္မပစ္စယော
(၇၈) ဝိပါကပစ္စယော
(၇၉) အာဟာရပစ္စယော
(၈၀) ဣန္ဒြိယပစ္စယော
(၈၁) ဈာနပစ္စယော
(၈၂) မဂ္ဂပစ္စယော
(၈၃) သမ္ပယုတ္တပစ္စယော
(၈၄) ဝိပ္ပယုတ္တပစ္စယော
(၈၅) ဟေတုပစ္စယော
(၈၆) အာရမ္မဏပစ္စယော
(၈၇) အဓိပတိပစ္စယော
(၈၈) အနန္တရပစ္စယော
(၈၉) သမနန္တရပစ္စယော
(၉၀) သဟဇာတပစ္စယော
(၉၁) အညမညပစ္စယော
(၉၂) နိဿယပစ္စယော
(၉၃) ဥပနိဿယပစ္စယော
(၉၄) ပုရေဇာတပစ္စယော
(၉၅) ပစ္ဆာဇာတပစ္စယော
(၉၆) အာသေဝနပစ္စယော
(၉၇) ကမ္မပစ္စယော
(၉၈) ဝိပါကပစ္စယော
(၉၉) အာဟာရပစ္စယော
(၁၀၀) ဣန္ဒြိယပစ္စယော
(၁၀၁) ဈာနပစ္စယော
(၁၀၂) မဂ္ဂပစ္စယော
(၁၀၃) သမ္ပယုတ္တပစ္စယော
(၁၀၄) ဝိပ္ပယုတ္တပစ္စယော
(၁၀၅) အတ္ထိပစ္စယော
(၁၀၆) နတ္ထိပစ္စယော
(၁၀၇) ဝိဂတပစ္စယော
(၁၀၈) အဝိဂတပစ္စယော

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ပွားခြင်း၊ ပူဇော်ခြင်း၊ ကျင့်စဉ်တော်အား ကျင့်ခြင်းဖြင့် လောကုတ္တရာမဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်သည့်အပြင် လောကီတွင် ဘေးဆိုး၊ ရန်စိုး၊ ဥပဒ်ဆိုး၊ အန္တရာယ်ဆိုး၊ ကပ်ဆိုး၊ ရောဂါဆိုး အမျိုးမျိုးတို့မှ လွတ်ကင်းချမ်းသာနိုင်၊ ကောင်းသောအကျိုးတရားများ ခံစားရရှိနိုင်သဖြင့် မြတ်ပဋ္ဌာန်းကွန်ချာ ကျင့်စဉ်တော်အား ကုသိုလ်ရှင်၊ ပါရမီရှင်၊ သူတော်စင်၊ သူတော်မြတ်တို့ အဓိဋ္ဌာန်မပျက် ကျင့်ကြံပါရန် မေတ္တာရှေ့ထား တိုက်တွန်းနှိုးဆော်လိုက်ရပေသတည်း။

■ ပြေထက်ထွန်း(မြူပမှ)

www.burmeseclassic.com

# ဂုဏ်တော် ပဋ္ဌာန်း အလွန်စွမ်း

ခင်ထွေး(သာသနာပြု)

(နမော အနန္တနယ သမန္တပဋ္ဌာနဓမ္မဿ စ ရတနတ္တယဿ)

မနက် (၅း၃၀)နာရီမှာ မှ ဆရာတော်တစ်ပါး ဟောကြားတော်မူသော 'ချစ်မြတ်နိုးပါ ဗုဒ္ဓသာသနာ' တရားတော်ကို နာကြားမိလို့ သာသနာတော်ကွယ်မည့်အရေး စိုးရိမ်ထိတ်လန့်ကြောက်ရွံ့ခဲ့မိပါတယ်။ အရမ်းလည်း ကြေကွဲဝမ်းနည်းမိပါတယ်။

သာသနာပြုလုပ်ငန်းများကို စွမ်းနိုင်သမျှ လုပ်ဆောင်နေတဲ့ မိမိကိုယ်တိုင် ခံစားရတဲ့ နက်နက်ရှိုင်းရှိုင်း ထိထိခိုက်ခိုက် နာနာကျင်ကျင် တုန်လှုပ်ခံစားရခြင်းပါပဲ။

## သာသနာကွယ်ခြင်းအကြောင်းများ

(၁) တရားမနာကြားခြင်းကြောင့် သာသနာကွယ်မည်။

(၂) စာပေမသင်ကြားရင် သာသနာကွယ်မည်။

(၃) နှုတ်ထဲမှာ ဘုရားစာ ဘာမှမရရင် သာသနာကွယ်မည်။

(၄) သိချင်စိတ်မရှိရင် သာသနာကွယ်မည်။ (ဗုဒ္ဓတရားတော်နှင့် ပတ်သက်၍ မသိချင်လျှင်)

(၅) တရားကိုမကျင့်ရင် သာသနာကွယ်မည်။ (သီလ မစောင့်ထိန်း ဘာဝနာမလုပ်ရင်)

## သာသနာကွယ်ရင် ဘာတွေစကွယ်မလဲ

(၁) ပဋိပတ္တိ စာပေသင်ကြားတာတွေ မပြုရင် ဝိနည်း သုတ္တန်အဘိဓမ္မာ ၇ ကျမ်း နောက်ဆုံးကျမ်းဖြစ်တဲ့ 'ပဋ္ဌာန်း' ကျမ်း စကွယ်မည်။
သာသနာမကွယ်အောင် ပဋ္ဌာန်းပွဲတွေနှင့် သိမ်းထားခြင်း ဖြစ်ပါတယ်။

(၂) ကျင့်သုံးတာ ကွယ်မည်။(တရားမကျင့်သူတွေများသာ ဖြစ်လာမည်)

(၃) မဂ်တရား ဖိုလ်တရား ရရှိမှုကွယ်မည်။

(၄) အသွင်အပြင် ကွယ်မည်။ (သင်္ကန်းကိုသေးသေးဝတ်မည်။ နောက်အကျီ၊ နောက်ဆုံး သင်္ကန်းပျောက်မည်)

(၅) ဓာတ်တော် ကွယ်မည်။ (လူတွေ ဘုရား၊ တရား၊ သံဃာ မရှိသေ ရေ၊ ဆွမ်း မကပ်ကြလို့ ဓာတ်တော်တွေ မူရင်းပွင့်ရာ အိန္ဒိယ ပြန်ကြွပြီး မဟာဗောဓိမှာ စုမည်။ နိမိတ္တဘုရားဖြစ်ပြီး ကမ္ဘာလောကကြီးကို နှုတ်ဆက်တရား နောက်ဆုံးဟောမည်။ လူမပါ၊ နတ်များကိုသာ ဟောမည်။ အဲဒီအဆင့်ရောက်မှ 'သာသနာတော်ကြီးကို ကာကွယ်ဖို့ မလွယ်ပါ'။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ကိုယ့်သားသမီး(သို့မဟုတ်) သူများသားသမီးကို သာသနာ့ဘောင် သွတ်သွင်းပြီး သာသနာ့အမွေခံပါ။ ဗုဒ္ဓသာသနာ = မြတ်ဗုဒ္ဓအဆုံးအမ(၄၅ ဝါကြာ ဆုံးမ ဟောကြားခဲ့၏)

## သာသနာတည်ရန်

(၁) ဘုရားစေတီတည်ထားခြင်း(သာသနာမရှိသည့်နေရာ စေတီတည်၍ မရပါ)

(၂) ရှင်ပြုပွဲ ကျင်းပခြင်း(ပရိက္ခရာ ၈ ပါး 'ကောင်းမွန်' စုံလင်ရန်)

'ကောင်းမွန်' ရန် ဆိုသည်မှာ တွေ့ဖူးသည့် ရှင်ပြုပွဲမှာ ပရိက္ခရာ ၈ ပါး အညံ့စားဖြင့် ဖြစ်သလိုလုပ်ပြီး ဖိတ်စာ အဆို အတီး ဆိုင်းဝိုင်း ဗီဒီယိုများရိုက်ပြီး မလိုအပ်သည့် ဂုဏ်ပကာသနများချဲ့ပြီး ငွေကုန်ခံ၍ အဓိကလုပ်ရမည့် သင်္ကန်းပရိက္ခရာ ၈ ပါးကို ဖြစ်သလို ချွေတာပြီး အညံ့စားဖြင့် လုပ်ထားသည့် ရှင်ပြုပွဲလိုမျိုး မဖြစ်စေရန် 'စေတနာမှန်'ဖြင့် ရေးပြခြင်း ဖြစ်ပါတယ်။

(၃) ရဟန်းခံပွဲ ကျင်းပခြင်း(ရဟန်းခံ၊ သိမ်ထပ်) စုံအောင်ပြုလုပ်ပါ။

(၄) သင်္ကန်းလှူရန်(သာသနာနှင့်ကြုံတုန်း လှူရတာဖြစ်၍ လှူသင့်သည်)

(၅) ကျောင်းဆောက်လှူရန် တို့ဖြစ်ကြောင်း ယနေ့တရားမှ နာကြားရ၍ ကျေးဇူးကြီးလှပါတယ်။

အချုပ်ဆိုရရင် လောကီ လောကုတ္တရာ ၂ ဖြာ အကျိုးစီးပွား ဖြစ်ထွန်းပြီး 'သာသနာမကွယ်ရေး'အတွက် ကျေးဇူးတော်ရှင် FMI CITY ချမ်းမြေ့ပဒေသာပင်ရိပ်သာ ဆရာတော်မှ ချီးမြှင့်ထားသည့်(ရှေးဆရာတော်ကြီးတစ်ပါးထံမှ ရရှိသည်ဟု မိန့်ထားပါသည်) ဂုဏ်တော်တွင် အမြင့်ဆုံး အမြတ်ဆုံး(ဘုရားဂုဏ် တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃဂုဏ်တော် ၉ပါး) ပေါင်းလျှင် ၂၄ ရပါတယ်။ ပဋ္ဌာန်းသည် တရားတော်တွင် တန်ခိုးကြီးဆုံး၊ အနက်ရှိုင်းဆုံး၊ အကျယ်ဝန်းဆုံး၊ အမြတ်ဆုံး ဖြစ်ပါတယ်။ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ ၂၄ ကို ရွတ်ဖတ်ပူဇော်ပါ။ ဂုဏ်တော်ပဋ္ဌာန်း အလွန်စွမ်းကို အနန္တမေတ္တာ စေတနာအပြည့်ဖြင့် ပေးလှူလိုက်ပါတယ်။ အဓိဋ္ဌာန် ၉ရက် စတင်ပြုပြီး. . .

(၁) ငါးပါးသီလ(သို့မဟုတ်)ရှစ်ပါးသီလခံပါ။

(၂) နတ်ပြဟ္မာများပင့်ပါ။

(၃) ရွတ်ဆိုပူဇော်ပါ။

(၄) လိုရာဆု ၁ ဆု တောင်းပါ။

(၅) နတ်ပြဟ္မာများနှင့် ၃၁ ဘုံသားတို့အား အမျှဝေပါ။

(အောင်မြင်ပါလိမ့်မည်။ ကိုယ်တွေ့အောင်မြင်မှုများကြောင့် မျှဝေပေးလိုက်ပါတယ်။ ကျန်းမာ ချမ်းသာ အောင်မြင်ကြပါစေ။ တရားထူး၊ တရားမြတ် ရကြပါစေ။ သာသနာပြုနိုင်ကြပါစေ)

ဒုက္ခာမုစ္စန္တု၊ ကမ္မဿကာ

ခင်ထွေး(သာသနာပြု)

*(ရဟန်းဝတ်လိုသူများ၊ သီလရှင်ဝတ်လိုသူများ၊ တရားအားထုတ်လိုသူများအတွက် ကုန်ကျစရိတ် တာဝန်ယူ ကူညီပြု သာသနာပြုပါသည်)*

*(ဆက်သွယ်ရန်-၀၉-၅၀၅၁၁၃၈၊ ဒေါ်ခင်ထွေး မိသားစု)*


လာဘ်မိုးစွေစာပေ

အမှတ်-၂၁၂၊ (ပထမထပ်)၊

၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။


ဖုန်း - ၀၉-၄၃၀၇၅၁၁၁၊

၀၉-၄၂၁၀၀၅၉၂၅




www.burmeseclassic.com

www.burmeseclassic.com



# ပဋ္ဌာန်းတရားတော်

## အမွန်တမြတ်ပူဇော်သော

**ခိုင်ခင်အင်ကြင်း**

မဂ္ဂဇင်းနဲ့ စာအုပ်စာပေများကို မရရှိဘဲ အဆက်ပြတ်နေရတာတာသူ ခိုင်ခင်အင်ကြင်းအတွက် စာအုပ်တချို့ တစ်ခါတလေ ရတတ်ခဲ့ပါတယ်။ အခုဆိုရင် စာအုပ်ပို့ခတွေ ဈေးမြင့်လွန်းလို့ စာအုပ်တစ်အုပ်တလေ ရဖို့ မျှော်လင့်ချက် နည်းသွားရပါပြီ။ ကံကောင်းထောက်မလို့ ၂၀၁၂ ခု၊ နိုဝင်ဘာလထဲမှာ ရောင်ပြန်မဂ္ဂဇင်းအသစ်တစ်အုပ် ရလိုက်ပါတယ်။

မဂ္ဂဇင်းထဲမှာ ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းနဲ့ ပတ်သက်လို့ ပဋ္ဌာန်းမရွတ်ရန်ကောင်းဖြစ်သူဆိုတဲ့ ခေါင်းစဉ်နဲ့ စာမူလေးတစ်ပုဒ် ဖတ်လိုက်ရပြီး ပဋ္ဌာန်းတရားတော်မြတ်နဲ့ဆိုင်ရာ အကြောင်းတွေ ပြောဆိုနေကြတဲ့အထဲမှာ ကြားနေရတာ "ပဋ္ဌာန်းတရားတော်မြတ်ကို လူတွေ မရွတ်ရဘူး။ မြတ်စွာဘုရား ဆင်ခြင်သုံးသပ် ရွတ်ပွားခဲ့လို့ လူတွေနဲ့ မတန်ဘဲ ဒဏ်ပိတတ်တယ်"" စသည်ဖြင့် တားမြစ်ဝေဖန်သံတွေ အမျိုးမျိုး ကြားရပါတယ်။ တားမြစ်ဝေဖန်သူတွေလည်း ထင်မြင်ချက်၊ ဒါမှမဟုတ် လက်တွေ့ ထိခိုက်သလို ကြုံကြိုက်တိုက်ဆိုင်ဖူးတာကြောင့် ဖြစ်လိမ့်မယ် ထင်ပါတယ်။

စပ်မလို့ ခိုင်ခင်အင်ကြင်း ယူဆမိသလို ပြောချင်တာနှစ်ချက်ဟာ ပရိတ်တော် ဆယ့်တစ်သုတ်လည်း မြတ်စွာဘုရားကိုယ်တော်တိုင် ရွတ်ဖတ်ပေးသနားခဲ့တာပါပဲ။ ပြီးတော့ ဂါထာတော်၊ ပရိတ်တော်တွေကို ရွတ်တယ်လို့ ဆိုခြင်းမှာ ရွတ်တယ်ဆိုရင် နှုတ်တိုက် အာဂုံဆောင်စာကျက်စာအံ၊ စာရွတ်တာလို မလေးမနက် ဖြစ်သွားစရာ ဖြစ်နိုင်တဲ့အတွက် ကြည်ညိုမှုသဘောဆောင်ရာ ရောက်အောင် ဥပမာ ပရိတ်တော်ဆယ့်တစ်သုတ်ကို ရှိခိုးတယ်၊ သမ္ဗုဒ္ဓေဂါထာတော်



www.burmeseclassic.com

www.burmeseclassic.com

ကို ရှိခိုးတယ်၊ ပဋ္ဌာန်းတရားတော်အကျဉ်းကို ရှိခိုးတယ်၊ အကျယ်ကိုရှိခိုးတယ် စသည်ဖြင့် ပြောဆိုသုံးစွဲပါရင် ပိုကြည်ညိုလေးစားရာရောက်လို့ ပိုကုသိုလ်ရနိုင်မယ်ဆိုတာပါပဲ။

လိုရင်းအရ ပဋ္ဌာန်းတရားတော်နဲ့ စပ်လျဉ်းကာ အမေရိကကို လွန်ခဲ့တဲ့နှစ်များက သာသနာပြုဖို့ ဂျပန်ပြည်ကတစ်ဆင့် ကြွသွားတော်မူတဲ့ သံဃာတော်တစ်ပါး မိန့်ကြားတော်မူသွားဖူးတာက ပဋ္ဌာန်းတရားတော် အမြဲရှိခိုးပူဇော်ရင် လိုရာဆန္ဒ အပြည့်ဝဆုံးပဲလို့ မိန့်တော်မူဖူးပါတယ်။

စာဖတ်ပရိသတ်များ သိကြတဲ့အတိုင်း ပဋ္ဌာန်းတရားတော် အနက်အဓိပ္ပာယ်တို့မှာ မြင့်မြတ်ကျယ်ဝန်းအနက်နဲဆုံး ဖြစ်တာကြောင့် ရတနာသုံးပါးမှာ အပါအဝင် သံဃာတော်များအဖို့ ရှိခိုးပူဇော်ကြရာမှာ အကျိုးထူး ပိုရနိုင်ပြီး၊ ပဋ္ဌာန်းတရားတော်ကို မြင့်မြတ်သည့် သံဃာတော်တွေက ရွတ်ဖတ်ပူဇော်ပေးတာကလည်း ပိုထိရောက်စရာ ရှိနိုင်ပါတယ်။

ဒါပေမယ့် ပဋ္ဌာန်းတရားတော်ကို လူပုဂ္ဂိုလ်တို့ ရှိခိုးပူဇော်နည်းလေးတစ်ခုကို အတုယူနိုင်ဖို့ အကြောင်းလေးတစ်ခုနဲ့ ကြုံကြိုက်ပြီး ရရှိလိုက်တာက ဂျပန်ပြည်၊ အိုဆာကာမြို့ကို ၂၀၁၂ ခုအတွင်း လူငယ်လေးတစ်ယောက် ဗီဇာသုံးလရရှိပြီး ရောက်နေခဲ့ပါတယ်။ ဗီဇာသုံးလတည်းပေမယ့် ရသလောက်အချိန်လေးမှာ အလုပ်လုပ်ချင်တာကြောင့် အလုပ်ရှာနေခဲ့တာပေါ့။ ဂျပန်စကားလည်းမတတ်၊ ဂျပန်မှာလည်း အခုအခါ စီးပွားရေးကျဆင်းနေချိန်ဖြစ်တော့ အလုပ်က မရပါဘူး။

ပြည့်ဖို့ ရက်နီးလာလို့ စိတ်ကလည်းညစ်နေတယ်နဲ့ တူပါရဲ့။ ဘာသာတရားကိုင်းရှိုင်းသူ ဆရာမတစ်ဦးကို ပဋ္ဌာန်းတရားတော် ရှိခိုးချင်ပါတယ်၊ အလွတ်မရလို့ စာအုပ်များရှိရင် ငှားပါဆိုလို့ စာအုပ်ငှားလိုက်ပြီး တစ်ပတ်မပြည့်ခင် အဲဒီလူငယ် အလုပ်ရသွားကြောင်း သိရလို့ စာအုပ်ငှားလိုက်သူ ဆရာမတောင် အံ့အားအတော်သင့်သွားပါတယ်။

အလုပ်ဝင်တာနဲ့ ဗီဇာလည်း ထပ်တိုးနိုင်မယ့်အပြင် လိမ္မာသလို ဆက်လက်နေထိုင်သွားလို့ ရမယ့်အခြေအနေဖြစ်သွားပါသေးတယ်ဆိုတာ အံ့သြစရာမို့ "ပဋ္ဌာန်းရှိခိုးလို့လား" မေးမှ ရှိခိုးတာမှအရှိအသေ၊ အလေးအမြတ် ရှိခိုးကြောင်းတင်မက သူရှိခိုးပူဇော်နည်းကို အသေးစိတ် ပြန်လည်ပြောပြပါသေးတယ်။

ပဋ္ဌာန်းတရားတော်ရှိခိုးဖို့ အဝတ်တစ်စုံ သတ်သတ်သီးသန့်ထားလိုက်ပါ။ ဘုရားရှိခိုးချိန်ရောက်ရင် ကိုယ်လက်သန့်စင် ရေမိုးချိုးလိုက်ပြီးမှ ဋ္ဌာန်ကရိုဏ်းကျကျ ပီပီသသ အသံထွက်မှန်မှန်နဲ့ ပဋ္ဌာန်းတရားတော်ကို ရှိခိုးတယ်လို့ ဆိုပါတယ်။

သူ့ဒီလောက် အသိစိတ်ဓာတ်ရှိစရာအကြောင်းရင်းကို ခိုင်ခင်အင်ကြင်းက မေးကြည့်တဲ့အခါ ဘုန်းကြီးကျောင်းမှာ နေခဲ့ဖူးတာကြောင့် သိတာဖြစ်တယ်ဆိုတဲ့အတွက် ဒါဟာ ဘုရားကျောင်းကန်နဲ့ နီးစပ်ပတ်သက်တဲ့အကျိုးပါပဲလို့ ဆိုချင်ပါတယ်။

စဉ်းစားတွေးတောကြည့်မှ ဘာသာခြားတွေဟာ သူတို့အယူဝါဒဆိုင်ရာ ဝတ်တက်တော့မယ်ဆိုရင် ကိုယ်လက်သန့်စင်၊ အဝတ်သစ်သစ်လွင်လွင် ဝတ်ဆင်သွားကြလေ့ရှိကြတာတွေ၊ ဘုရားရှိခိုးကျောင်းတက်မယ့် တနင်္ဂနွေလို နေ့မျိုးတွေမှာ ရေချိုး၊ ဝတ်ကောင်းစားလှ သန့်သန့်ပြန့်ပြန့်နဲ့ သွားကြပုံကြောင့် ကိုယ့်ဆိုင်ရာဘာသာတရားအပေါ် တလေးတစား သဒ္ဓါတရားနဲ့ လေးလေးနက်နက် ဝတ်တက်ကြကြောင်း သဘောပေါက်သွားပြီး အတုယူဖို့ ပြန်သတိပြုမိသွားရပါတယ်။

ဗုဒ္ဓဘာသာဝင်တချို့ဟာ ဘုရားကို ပုဆိုးပေါက်ဦးချ၊ အရက်နံ့တထောင်းထောင်းနဲ့ ဘုရားကန်တော့လို ကန်တော့နဲ့ပေါ့။ မသင့်တော်ကြောင်း ကုသိုလ်အကျိုးအရနည်းပြီး အကျိုးပေးနှောင့်နှေးကြောင်း သဘောမပေါက်ကြသေးပါဘူး။

လောလောလတ်လတ်ဆိုသလို အခု လူငယ်လေး ပဋ္ဌာန်းတရားတော်ရှိခိုးပူဇော်ပုံ ပူဇော်နည်းသာကော အကျိုးထူးမြန်မြန်ဆန်ဆန်ရပုံကို ထောက်ရှုပြီး ပဋ္ဌာန်းတရားတော်ကို လူပုဂ္ဂိုလ်တို့ မရွတ်ရဆိုကာ လွယ်လွယ်တားမြစ်သူများအဖို့ ထပ်မံဆင်ခြင်သုံးသပ် လက်ခံလာနိုင်ဖို့ ကြိုးစားကြည့်သင့်ကြောင်းရယ်၊ စာရေးသူ ခိုင်ခင်အင်ကြင်းကိုယ်တိုင် အခုမှ သတိမူအတုခိုး ပဋ္ဌာန်းတရားတော်မြတ်ကို ရှိခိုးပူဇော်ဖို့ ပြင်ဆင်ရတော့မယ့်အကြောင်း မေတ္တာရှေ့ထားလျက် ရေးသားလိုက်ရပါတယ်။

အစဉ်မွန်မြတ်သော မေတ္တာရှေ့ထားလျက်…

**ခိုင်ခင်အင်ကြင်း**



www.burmeseclassic.com

www.burmeseclassic.com

# ၁၂ ရာသီဖွား နှင့် ပဋ္ဌာန်းကျင့်စဉ်

သစ္စာဝါဒီ ဆရာမြတ်စောလင်း

ကျွန်ုပ်၏ စာဖတ်ပရိသတ်များ အကျိုးရှိစေရန် အလျဉ်းသင့်သော အခါတို့၌ အကျိုးရှိစေနိုင်သော ယတြာများ၊ ဗုဒ္ဓနှင့်စပ်လျဉ်းသော ကျင့်စဉ်များ ရေးသားတင်ပြခဲ့ပြီးဖြစ်သလို အခွင့်အခါကြုံတိုင်း ဆက်လက်တင်ပြရန် စိတ်ကူးမိ၏။ အချို့ အချို့သော စာဖတ်ပရိသတ်များသည် မြန်မာနိုင်ငံ၏ ဗုဒ္ဓအယူအဆ ထေရဝါဒလမ်းကြောင်းပေါ်သို့ အာပေါင်အာရင်းသန်စွာ ပြောကြားနေသော ပုဂ္ဂိုလ်အချို့တို့သည် ယတြာကို ပယ်လိုကြ၏။ အပြစ်တင်ကြ၏။ အချို့ အချို့သော ပုဂ္ဂိုလ်များသည် မိမိနှစ်သက်သော ယတြာကို ကောင်းကြောင်းပြော၍ မိမိမနှစ်သက်သော အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန် မန္တရားများကို ပြစ်တင်ပြောဆို၍ ၎င်းပညာရပ်ကို ကိုင်တွယ်အသုံးပြုနေသော ဆရာတို့အား လူလိမ်များသဖွယ်ဖြစ်အောင် ပြောဆိုနေသော အချို့လည်းရှိ၏။ ဗုဒ္ဓ၏ ကျမ်းမြတ်များဖြစ်သော အင်္ဂုတ္တရနိကာယ် ပဋ္ဌာန်းနိပါတ်တော်လာ ဘုရားဟော ဒေသနာတစ်ခုကို ထုတ်ပြရေးသားလိုပေသည်။

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တရားဆေးဝါး အစီအရင်များသည် မယုံကြည်အပ်၊ အလေးမပြုအပ်သော အရာ မဟုတ်။ မြတ်စွာဘုရားသည်ပင် အင်္ဂုတ္တရနိကာယ်လာ ပဋ္ဌနိပါတ် တစသာရ ဇာတ်တော်၌ အခွင့်အရေးရှိက အကြောင်းငါးပါးဖြင့် အောင်မြင်နိုင်ရန် ကြိုးစည်းအားထုတ်ရမည်ဟု ဓမ္မေန၊ မန္တေန၊ သုဘာသတေန၊ အနုပ္ပဒိနေန၊ ပဝေဏိယာဝါ၊ ယထာ ယထာ ဝတ္တပရက္ကမေယျဟု ဟောတော်မူ၏။ အနက်ကား ဓမ္မေနဝါ–အင်းအိုင်မန္တန်၊ စီမံမန်းမှုတ် ဂါထာစုတ်သဖြင့်သော်လည်းကောင်း၊ မန္တေနဝါ–ကြောင်းကျိုးသိမြင် ပညာရှင်တို့နှင့် တိုင်ပင်နည်းယူသဖြင့်လည်းကောင်း၊ သုဘာသိတေနဝါ–သာယာခြေင်ံ တောင်းပန်ဘက်လှယ် တိုင်ပင်နည်းယူသဖြင့်လည်းကောင်း၊ အနုပ္ပဒါနေနဝါ–လက်ဆောင်တန်စိုး ဥစ္စာတိုးသဖြင့်လည်းကောင်း၊ ပဝေဏိယာဝါ–စဉ်လာမပျက် မျိုးနွယ်ဆက်သဖြင့်လည်းကောင်း၊ ယထာ ယထာ–ဤငါးပါးသော အကြောင်းတို့တွင် အကြင်အကြင် အချင်းအားဖြင့် ပြည့်ရှိသော၊ ယတ္တအကြင်ရေခင်းမှုပေါက် ကျရောက်ဖြစ်ပေါ်မှုလာရာ၌၊ အတ္တံ–အကျိုးစီးပွားကို၊ လဘေထ–ရရာ၏။ တထာ တထာ–ထိုထိုအခြင်းအရာဖြင့်၊ တတ္တ–ထိုအရေးအခင်းမှုပေါက် ကျရောက်ဖြစ်ပေါ်လာရာ၌၊ ပရက္ကမေယျ–လုံ့လထူ၍ ရန်သူကို အောင်

www.burmeseclassic.com

**နိုင်ရာဒေါ်ဟု** ဟောတော်မူ၏။

ဤကဲ့သို့ပင် ဗုဒ္ဓမြတ်စွာဘုရားသည် အင်္ဂုတ္တရနိကါယ်၌ ဟောကြားသကဲ့သို့ ခုဒ္ဒကနိကါယ် ဓမ္မပဒဝဂ်၌ ဒီကာယုသတို့ သားကို အကြောင်းပြု၍လည်းကောင်း၊ အခြားသော ဇာတ်တော်များနှင့် ပတ်သက်၍လည်းကောင်း၊ ယတြာကိစ္စများနှင့် ပတ်သက်ဆက်နွယ် စပ်လျဉ်းသော တရားတော်များကို ဟောကြားခဲ့ကြောင်း ထင်ရှားလှပေသည်။ ထို့ကြောင့် ကျွန်ုပ်၏ စာဖတ်ပရိသတ်များ အကယ်၍ ယတြာအကြောင်းကိစ္စများကို ပယ်ခဲ့မည်ဆိုလျှင် ဗုဒ္ဓ၏ တရားဒေသနာများကို ပယ်ပစ်သကဲ့သို့ သက်ရောက်လိမ့်မည် ဖြစ်၏။ ဤအကြောင်းတရားများကို ရှုဆင်ခြင်ခြင်းအားဖြင့် အောက်ပါ ၁၂–ရာသီဖွားများ ကျင့်ကြံရန် ပဋ္ဌာန်းဒေသနာနှင့် ရာသီသွားအလိုက် ကျင့်ကြံနည်းကို ဖော်ပြလိုက်ရပေသည်။

မတ်လ ၂၁ မှ ဧပြီ ၂၀ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် သိဿရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော ဟေတုပစ္စယောနှင့် ကမ္မပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ပတ်စီ စိပ်ရမည်ဖြစ်၏။

ဧပြီလ ၂၁ မှ မေလ ၂၀ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် ပြိဿရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော အာရမ္မဏပစ္စယောနှင့် ဝိပါကပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

မေလ ၂၂ မှ ဇွန်လ ၂၁ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် မေထုန်ရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော အဓိပတိပစ္စယောနှင့် အာဟာရပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

ဇွန်လ ၂၂ မှ ဇူလိုင်လ ၂၁ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် ကရကဋ်ရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော အနန္တရပစ္စယောနှင့် ဣန္ဒြိယပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

ဇူလိုင်လ ၂၃ မှ ဩဂုတ်လ ၂၃ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် သိဟ်ရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော သမနန္တရပစ္စယောနှင့် ဈာနပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

ဩဂုတ်လ ၂၄ မှ စက်တင်ဘာလ ၂၃ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် ကန်ရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော သဟဇာတပစ္စယောနှင့် မဂ္ဂပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

ဩဂုတ်လ ၂၄ မှ စက်တင်ဘာလ ၂၃ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် ကန်ရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော သဟဇာတပစ္စယောနှင့် မဂ္ဂပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

စက်တင်ဘာလ ၂၃ မှ အောက်တိုဘာလ ၂၂ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် တူရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော အညမညပစ္စယောနှင့် သမ္ပယုတ္တပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

အောက်တိုဘာလ ၂၃ မှ နိုဝင်ဘာလ ၂၁ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် ဗြိစ္ဆာရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော သဟဇာတပစ္စယောနှင့် မဂ္ဂပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

နိုဝင်ဘာလ ၂၂ မှ ဒီဇင်ဘာလ ၂၁ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် ဓနုရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော ဥပနိဿယပစ္စယောနှင့် အတ္ထိပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

ဒီဇင်ဘာလ ၂၂ မှ ဇန်နဝါရီလ ၂၀ အထိ မွေးဖွားသော ပုဂ္ဂိုလ်များသည် မကာရရာသီဖွားများ ဖြစ်၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော ပစ္ဆာဇာတပစ္စယောနှင့် ဝိကတပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

ဖေဖော်ဝါရီလ ၂၀ မှ မတ်လ ၂၀ အထိ မွေးဖွားသောပုဂ္ဂိုလ်များ



www.burmeseclassic.com

သည် မိန်ရာသီဖွားများ ဖြစ်ကြ၏။ ၎င်းရာသီဖွားများသည် ပဋ္ဌာန်းဒေသနာတော်ဖြစ်သော အာသေဝနပစ္စယောနှင့် အဝိဂတပစ္စယော ဒေသနာနှစ်ခုအား တစ်ခုလျှင် ပုတီး ၉ ပတ်စီ စိပ်ရမည်ဖြစ်၏။

အထက်ပါ ရာသီဖွားကျင့်စဉ်ကို မိမိတို့ မိမိတို့မွေးနေ့အလိုက် နဝင်းဓာတ်ပေါ်ချိန် မိတ်ဂြိုလ်ကျသောရက် မိတ်ဂြိုလ်ကျသော ဂြိုလ်ဒေါင့်အရပ်တို့၌ အဓိဋ္ဌာန် ဝင်ကြရမည်ဖြစ်၏။ အဓိဋ္ဌာန်ကို အနည်းဆုံး ၉ ရက်မှ ၄၅ ရက်အထိ မိမိတို့နိုင်သလောက် အဓိဋ္ဌာန်ပြု၍ အားထုတ်ကြရမည်ဖြစ်၏။ အောက်တွင် ခုနစ်ရက်သားသမီးများ အလွယ်တကူ သိရှိနိုင်ရန် မွေးနေ့နှင့် ထောင့်အရပ်၊ နေ့ရက်၊ အချိန်တို့ကို ဖော်ပြလိုက်ပါသည်။

တနင်္ဂနွေသားသမီးများ ကြာသပတေးနေ့၊ ကြာသပတေးဂြိုဟ်တိုင်၌ နေ့ ၁၂ နာရီမှ ၁း၃၀ နာရီအတွင်း အဓိဋ္ဌာန်ဝင်ကြရမည်ဖြစ်၏။ မိမိ၏ နဝင်းဓာတ်နံပန်းဖြစ်သော ကြာသပတေး နံပန်းကို လှူဒါန်း၍ အမွေးတိုင်၊ ဖယောင်းတိုင်၊ မိမိတတ်နိုင်သော လှူဖွယ်ပစ္စည်းများကိုလည်း ထည့်သွင်းလှူဒါန်းလိုက လှူဒါန်းနိုင်ကြပါသည်။

တနင်္လာသားသမီးများ ဗုဒ္ဓဟူးနေ့ ဗုဒ္ဓဟူးဂြိုဟ်တိုင်၌ နံနက် ၇း၃၀ နာရီမှ ၉း၀၀ နာရီအတွင်း အဓိဋ္ဌာန်ဝင်ကြရမည် ဖြစ်၏။ မိမိ၏နဝင်းဓာတ်နံပန်းဖြစ်သော သောကြာနံပန်းကို လှူဒါန်း၍ အမွေးတိုင်၊ ဖယောင်းတိုင် မိမိတတ်နိုင်သလောက် လှူဖွယ်များကိုလည်း ထည့်သွင်းလှူဒါန်းလိုက လှူဒါန်းနိုင်ကြပါသည်။

အင်္ဂါသားသမီးများ သောကြာနေ့ သောကြာဂြိုဟ်တိုင်၌ နံနက် ၆ နာရီမှ ၇း၃၀ နာရီအတွင်း အဓိဋ္ဌာန်ဝင်ကြရမည် ဖြစ်၏။ မိမိ၏ နဝင်းဓာတ်နံပန်းဖြစ်သော စနေနံပန်းကို လှူဒါန်း၍ အမွေးတိုင်၊ ဖယောင်းတိုင် မိမိတတ်နိုင်သော လှူဖွယ်များကိုလည်း ထည့်သွင်းလှူဒါန်းလိုက လှူဒါန်းနိုင်ကြပါသည်။

ဗုဒ္ဓဟူးသားသမီးများ တနင်္လာနေ့ တနင်္လာဂြိုဟ်တိုင်၌ နံနက် ၉ နာရီမှ ၁၀း၃၀ နာရီအတွင်း အဓိဋ္ဌာန်ဝင်ကြရမည်ဖြစ်၏။ မိမိ၏ နဝင်းဓာတ်နံပန်းဖြစ်သော တနင်္ဂနွေနံပန်းကို လှူဒါန်း၍ အမွေးတိုင်၊ ဖယောင်းတိုင် မိမိတတ်နိုင်သော လှူဖွယ်များကိုလည်း ထည့်သွင်းလှူဒါန်းလိုက လှူဒါန်းနိုင်ကြပါသည်။

ကြာသပတေးသားသမီးများ တနင်္ဂနွေနေ့၊ တနင်္ဂနွေဂြိုဟ်တိုင်၌ နံနက် ၆ နာရီမှ ၇း၃၀ နာရီအတွင်း အဓိဋ္ဌာန်ဝင်ကြရမည် ဖြစ်၏။ မိမိ၏ နဝင်းဓာတ်နံပန်းဖြစ်သော တနင်္လာနံပန်းကို လှူဒါန်း၍ အမွေးတိုင်၊ ဖယောင်းတိုင် မိမိတတ်နိုင်သော လှူဖွယ်များကိုလည်း ထည့်သွင်းလှူဒါန်းလိုက လှူဒါန်းနိုင်ကြပါသည်။

သောကြာသားသမီးများ အင်္ဂါနေ့ အင်္ဂါဂြိုဟ်တိုင်၌ ၁၂ နာရီမှ ၁း၃၀ နာရီအတွင်း အဓိဋ္ဌာန်ဝင်ကြရမည် ဖြစ်၏။ မိမိ၏ နဝင်းဓာတ်နံပန်းဖြစ်သော အင်္ဂါနံပန်းကို လှူဒါန်း၍ အမွေးတိုင်၊ ဖယောင်းတိုင် မိမိတတ်နိုင်သော လှူဖွယ်များကိုလည်း ထည့်သွင်းလှူဒါန်းလိုက လှူဒါန်းနိုင်ကြပါသည်။

စနေသားသမီးများ ဗုဒ္ဓဟူးနေ့ နံနက် ၁၂ နာရီနောက်ပိုင်း ရာဟုထောင့်၊ ရာဟုဂြိုလ်တိုင်၌ အဓိဋ္ဌာန်ဝင်ကြရမည် ဖြစ်၏။ မိမိ၏ နဝင်းဓာတ်နံပန်းဖြစ်သော ဗုဒ္ဓဟူးနံပန်းကို လှူဒါန်း၍ အမွေးတိုင်၊ ဖယောင်းတိုင် မိမိတတ်နိုင်သော လှူဖွယ်များကိုလည်း ထည့်သွင်းလှူဒါန်းလိုက လှူဒါန်းနိုင်ကြပါသည်။

အထက်ပါအတိုင်း ကျင့်စဉ်များကို တိကျစွာ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ခဲ့မည်ဆိုလျှင် ခုနစ်ရက်သားသမီး ကျွန်ုပ်၏ စာဖတ်ပရိသတ်များ လိုအပ်နေသော အချစ်ရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ရာထူးဌာနန္တရကိစ္စ၊ တရားတဘောင်၊ မှုခင်းများ ရင်ဆိုင်နေရသည့်ကိစ္စ၊ ငွေကြေးရရန်ကိုသော်လည်းကောင်း၊ ပေးရန်ကိုသော်လည်းကောင်း၊ ကြုံတွေ့နေရသည့် အခက်အခဲများမှ လွယ်ကူစွာ လွတ်မြောက်နိုင်လိမ့်မည်ပင် ဖြစ်၏။ ဗုဒ္ဓ၏ တရားတော်ကို အားထုတ်သောအခါ၌ ယုံကြည်မှုသည် အရေးကြီးသကဲ့သို့ ဤလောကီအဆောင်ယတြာ အစီအမံများ၌လည်း ယုံကြည်မှုသည် လွန်စွာမှ အရေးကြီးလှပေသည်။ သင်သည် ယုံယုံကြည်ကြည်နှင့် လေးလေးစားစား မပျက်မကွက် အဓိဋ္ဌာန်အောင်မြင်အောင် ဆောင်ရွက်ခဲ့မည်ဆိုလျှင် မုချမသွေ မိမိလိုအပ်နေသောအကြောင်းကိစ္စသည် ရာနှုန်းပြည့်အောင်မြင်နိုင်ကြပေလိမ့်မည်။


ကျေးဇူးရှင်အား ရှိခိုးပါ၏။

**သစ္စာဝါဒီ ဆရာမြတ်စောလင်း**



www.burmeseclassic.com

www.burmeseclassic.com



# ပဗ္ဗာန်းအကျိုး မြွတ်တန့်ခိုး ဇာတာမှာလည်း ရှာဖွေပါ

■ ဆရာနက္ခတ် [ NONAGON ]

ချစ်လှစွာသော ဓမ္မမိတ်ဆွေ ဗုဒ္ဓကလျာဏအနွယ်ဝင် သူတော်စင်များ ခင်ဗျား။ စာရှုသူတို့မှာ သက်ဆိုင်ရာ မွေးချိန်အလိုက် ရေးဖွဲ့ထားသော ဇာတာ(ကေစက္က၊ ဒွိစက္က၊ တြိစက္က၊ ဒသမစက္က··· စက် ဆယ်ပါးအထိ) ဖွဲ့ဆိုထားခြင်းများ ရှိပါသလား။ နက္ခတ်ဗေဒင်စည်းကမ်းအရ ဖွဲ့ဆိုထားသော လက်ဖြင့် (Manual) ဖြင့် ဖွဲ့ဆိုထားခြင်းကို ဆိုလိုပါသည်။ အချို့က ထန်းဖူးဇာတာ၊ ပေရွက်ပေ၊ စာရွက်ပေါ် စသည်အားဖြင့် တိကျစင်ကြယ်စွာ တွက်ထားတတ်ကြပါသည်။ လူတိုင်းလူတိုင်း မိမိတို့မွေးဖွားရာ အချိန်များ၊ ရက်စွဲများအလိုက် ဇာတာများ ရှိသင့်ပါသည်။ မရှိသေးပါက အချိန်မီ သက်ဆိုင်ရာ ဝေဒပညာရှင်၊ ဆရာများထံတွင် ဇာတာဖွဲ့ထားသင့်ပါကြောင်း အကြံပြုတင်ပြပါရစေ။


ဇာတာများရရှိလာခဲ့ပါမူ ဇာတာတွင် ပထမဦးစွာ တွေ့ရတတ်သော အကွက် (ရာသီစက်)မှနေ၍ (လ)ဟူသော လဂ်အမှတ်အသား (L) ရေးထိုးထားသည်ကို ကြည့်ပါ။ ဥပမာအားဖြင့် -

ပြိဿရာသီတွင် (လ)ဟူသော အမှတ်အသား တွေ့ပါက ပြိဿရာသီလဂ်ဟု သတ်မှတ်ခေါ်ဆိုပါသည်။ ထို့အတူ ပင် သိဟ်ဟူသောအကွက်တွင် (လ)တွေ့ပါက "သိဟ်ရာသီလဂ်"ဟု ခေါ်ဆိုကြောင်း သဘောပေါက်ပါလိမ့်မည်။ ပုံ(၁)။




www.burmeseclassic.com

www.burmeseclassic.com




ပုံ(၁)




ပုံ(၂)

ထို (လ)ဟူသော နေရာမှ နာရီလက်တံပြောင်းပြန် (လက်ဝဲရစ်)အတိုင်း ၉ ကွက်မြောက်သောနေရာကို ထောက်ကြည့်ပါ။ ပြိဿလက်အတွက်မူ မကာရရာသီအကွက်သို့ ရောက်ကြောင်း ပုံ(၂)အတိုင်း တွေ့ရှိရပါမည်။ ပြိဿလက်အတွက် တွေ့ရှိရသော နေရာအိမ်ကို မှတ်သားထားပါ။ အောက်ဖော်ပြပါ ပဋ္ဌာန်း ၂၄ ပစ္စည်း ရေးသားထားသော နေရာမှ ပဋ္ဌာန်း ၂ ပစ္စည်းစီကို ဇယား ကွက် ၁၂ ကွက်အတွင်း နံပါတ်စဉ်အလိုက် ရေးသားဖော်ပြထားပါသည်။

အထက်ဖော်ပြပါ မူသေ ပဋ္ဌာန်း ၂၄ ပစ္စည်းဇယား မှနေ၍ ပြိဿရာသီလက်အတွက် နာရီလက်တံ ပြောင်းပြန် (လက်ဝဲရစ်)အားဖြင့် ၉ ခါ ရေတွက်သွားပြီး ရောက်ရှိနေသောနေရာ မကာရရာသီတွင် ပဋ္ဌာန်း ၂၄ ပစ္စည်းထဲမှ အမှတ် ၁၀ ပုရေဇာတပစ္စယောနှင့် အမှတ် ၂၂ နတ္ထိပစ္စယောတို့ကို တွေ့ရှိရပါမည်။

လက်ကောင်းလျှင် ထင်ပေါ်၊ စန်းကောင်းလျှင် ပြည့်ကျော်ဟူသော နက္ခတ်ဗေဒင် ဆိုရိုးစကားအရ လက်မှနေ၍ ၉ တန့်ထောက် (လက်ဝဲရစ်) ရရှိသော ပဋ္ဌာန်း ၂၄ ပစ္စည်း နံပါတ်အလိုက်ကို တစ်သက်တာအားဖြင့် ရွတ်ပွားပုံမှန် ပုတီးစိပ်ခြင်း၊ ပဋ္ဌာန်းအကျဉ်း၊ အကျယ် ၂ ပစ္စည်းတို့ကို ရွတ်ဆိုအဓိဋ္ဌာန်ပြုခြင်းများ မပြတ်ပြုလုပ်ရမည် ဖြစ်ပါသည်။

လက်မှရေတွက်ရာ၌ ၉ တန့်ကျသော အိမ်(နေရာ) ကို လောကုတ္တရာ ဓမ္မရာသီဟု ခေါ်ဆိုပါသည်။ အလားတူ ပင် ကုသိုလ်၊ တန်ခိုးသြဇာ၊ ဘုန်းတန်ခိုး၊ အခွင့်အရေး၊ သူတော်ကောင်း၊ တရားဓမ္မ၊ ဆရာသမား၊ ဂုဏ်သိက္ခာ၊ အထက်လူကြီး၊ အတိတ်ဘုန်းကံ၊ ဖခင်(အဘ)၊ ဘုန်းသမ္ဘာ၊ သနားကြင်နာခြင်း၊ စေတီပုထိုး၊ ကျောင်း၊ အိပ်မက်၊ ဘင့်တယ်ခြင်း၊ ခရီးဝေးသွားခြင်း၊ နိုင်ငံခြားခရီး စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆို ယူဆကြပါသည်။ များပြားလှစွာသော ရာသီပရိယာယ်၊ ဂြိုဟ်ပရိယာယ်တို့ကို စုံစုံလင်လင် အကျယ်အသေးစိတ် လေ့လာလိုပါမူ ဟိန္ဒူနှင့် အင်္ဂလိပ်ဘာသာတို့ စုံတွဲရေးသားထားသော "ဥတ္တရအမြိတ္တကျမ်း"တွင် ပါရှိကြောင်း ညွှန်းဆိုပါသည်။ ယခုအခါတွင် ဘဒ္ဒန္တကုမာရဇောတိဝံသ(သကျသီဟဓမ္မာစရိယ)က ဘာသာပြန် ထုတ်ဝေထားပါသည်။

သို့အတွက် အတိတ်ဘုန်းကံများ စသည့် ပွင့်လင်းကံကောင်းလာစေဖို့ရန်အတွက် ၂၄ ပစ္စည်း ပဋ္ဌာန်းကိုလည်း ကျမ်းဂန်ညွှန်းဆိုချက်များအတိုင်း အာစရိယသြဝါဒများအရ နက္ခတ်ဗေဒင် စက်ဝိုင်းနှစ်ပတ်ကျော့၍ ကြံဆထားခြင်း ဖြစ်ပါသည်။

ပဋ္ဌာန်း ၂၄ ပစ္စည်းဖြင့် ရှေးသူဟောင်းတို့ ကြံဆထားခြင်း အကြောင်းရင်းကို တင်ဆက်လိုက်ပါသည်။ အနန္တတန်ခိုးတော်ရှင် ဗုဒ္ဓသည် ရတနာစင်္ကြံမ သတ္တာဟမှ ခုနစ်ရက်ပြည့်သော် မဟာဗောဓိပင်ရင်းမှ အနောက်မြောက်အရပ် အတောင် ၄၀ အကွာတွင် ရတနာခုနစ်ပါးတို့ဖြင့် စီမံအပ်သော ရတနာဃရအိမ်သို့ ကြွသွားတော်မူ၍ ရတနာဃရအိမ်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် ပိဋကတ်ဓမ္မကွန္ဓာ ပေါင်း ၂၁၀၀၀၊ သုတ္တန်ပိဋကတ် ၂၁၀၀၀ နှင့် အဘိဓမ္မာပိဋကတ် ၄၂၀၀၀ တို့ကို အဖန်ဖန်သုံးသပ် ဆင်ခြင်တော်မူသည်။ ထိုအခါတွင် မဟာပကာရဏ်ဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်တော်မူသော် ကိုယ်တော်၏ ထက်ဝန်းကျင်မှ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်း၊ ပြိုးပြိုးပြက်ပြက်အားဖြင့် ရောင်ခြည်တော်ခြောက်သွယ်တို့သည် အထက်သို့ ဘဝဂ်တိုင်အောင်၊ အောက်အဖို့အားဖြင့် မြေထု၊ ရေထု၊ လေထု သုံးပါးတို့ကို ဖောက်ထွင်း၍ ဇီလာအားဖြင့် အနန္တစကြဝဠာတိုင်အောင် ပျံ့နှံ့စေလျက် ခြောက်ရက်ပတ်လုံး ဆင်ခြင်သုံးသပ် စံပယ်တော်မူလေသည်။ ထိုသည်ကို "စတုတ္ထသတ္တာဟ ရတနာဃရသတ္တာဟ"ဟူ၍ ခေါ်ပါသည်။

ရှင်တော်မြတ်ဘုရားသည် ဗောဓိပင်၏ အနောက်မြောက်ဘက် အတောင် ၄၀ (၁၀ လံ) ကွာဝေးသော အရပ်၌ နတ်တို့ဖန်ဆင်းအပ်သော ရတနာဃရအိမ်သို့ ကြွတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် နယုန်လဆန်း ၇ ရက်နေ့မှ ၁၃ ရက်နေ့အထိ "အဘိဓမ္မာတရား

www.burmeseclassic.com

တော်"ကို ဆင်ခြင်တော်မူလျက် ခုနစ်ရက်တိတိ သီတင်းသုံးစံတော်မူ၏။ ဆင်ခြင်တော်မူသော အဘိဓမ္မာကျမ်း၌ ရှေးဦးခြောက်ကျမ်းဖြစ်သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ကျမ်းတို့ကို ဆင်ခြင်တော်မူသောအခါ ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးခြင်း မရှိသေးပါ။ ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါမှသာ ရှင်တော်မြတ်ဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့သည် ထွက်ပေါ်ကွန့်မြူးလာကာ အနန္တစကြဝဠာသို့ ပျံ့နှံ့ထွန်းလင်း လွှမ်းမိုးလေတော့သည်။

ရှင်တော်မြတ်ဘုရား၏ ဉာဏ်တော်အနန္တကို ထင်ရှားပေါ်လွင်စေသည့် အခမ်းအနားကြီး ကျင်းပသကဲ့သို့ ဖြစ်တော့၏။ ဉာဏ်တော်၊ တန်ခိုးတော်တို့သည် တဘက်ကင်း၊ ပြိုင်ဘက်ကင်းသည့် အထွတ်အထိပ်သို့ ရောက်ချေပြီဟု မရေမတွက်နိုင်အောင်ပင် များပြားလှသော နတ်ဗြဟ္မာအပေါင်းတို့သည် လိုက်လိုက်လှဲလှဲ ကြည်ညိုသဒ္ဓါ လွန်ကြူးစွာဖြင့် ခြေတော်ဦးခိုက် ပူဇော်ကြလေပြီ။ ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်မှသာ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ ဖြစ်ကြောင်း ပေါ်လွင်လာသည်။ နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်တို့ သိလာ၏။ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရားဖြစ်သည်နှင့် တစ်ပြိုင်နက် တဘက်ကင်း၊ ပြိုင်ဘက်ကင်းသည့် ဉာဏ်တော်ရှင်၊ တန်ခိုးတော်ရှင် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်ကား မှန်၏။

သို့ရာတွင် ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်တော်မူသည့်အခါမှသာ ထိုသတ္တိများ ပေါ်လွင်လာခဲ့သည်။ သို့ဖြစ်၍ "ကောင်းရာမြတ်နိုး ကောင်းအောင်ကြိုးပမ်း"နေသူများအတွက် ကောင်းကျိုးတွေ ဖြိုးဝေအောင် တန်ခိုးတော်၊ အာနုဘော်တို့ တိုးစေသည့် ပဋ္ဌာန်းဒေသနာတော်ကြီး ပဋ္ဌာန်းစက်ဝန်း ပုတီးစိပ်ရွတ်ပွားခြင်းတို့ကို နေ့ညဉ့်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ကြရပါမည်။ သို့မှသာ မိမိတို့သန္တာန်၌ ကိန်းအောင်းနေသော ဉာဏအား၊ ကာယအား အစွမ်းသတ္တိတို့ ပေါ်လွင်ပါမည်။ ထွန်းတောက်ပါမည်။ ပေါ်လွင်ထက်မြက်သည့် ဉာဏ်အား၊ ကိုယ်စား၊ စိတ်အား ရှိသည့်အတိုင်းလည်း မျှော်မှန်းသည့် ကောင်းကျိုးဟူသမျှ အခါမလင့် မျက်မှောက်ချက်ချင်းပင် ဖြစ်ထွန်းကာ အောင်ပန်းဆွတ်ခူးနိုင်ကြပါမည်။

ထို့ကြောင့် ဖြူစင်ကောင်းမြတ်သည့် ရတနာရှင်တို့သည် မိမိတို့မျှော်မှန်းသော ကောင်းမြတ်သည့် ကောင်းကျိုးဟူသမျှကို မုချအောင်မြင်မှု ရရှိနိုင်ကြစေရန်အတွက် ကျွန်ုပ်အထက်တွင် ဖော်ပြအစီရင်ခံတင်ဆက်ခဲ့သည့် ပဋ္ဌာန်းနှစ်ပါးအကျဉ်း၊ အကျယ် ပုတီးစိပ်၊ ရွတ်ပွားအဓိဋ္ဌာန်ဝင်ခြင်းကို ဓမ္မပူဇာ အခါမလပ် ထက်ကြပ်မကွာ ပြုလုပ်ဆောင်ရွက်နိုင်ပါရန် လေးစားစွာ တိုက်တွန်းပါသည်။ ဆက်လက်၍ မိမိတို့ ရွတ်ပွားသရဇ္ဈာယ် ပုတီးစိပ်မည့် ၂၄ ပစ္စည်း အဓိပ္ပာယ်အကျဉ်းကို ဖော်ပြလိုပါသေးသည်။ "မဟာပကာရဏကျမ်းကြီး"၌သာ ရှိပါသည်။

၁။ ဟေတုပစ္စယော-ဟိတ်ခြောက်ပါးဖြစ်၍ ပစ္စုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား။

၂။ အာရမ္မဏပစ္စယော-အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၃။ အဓိပတိပစ္စယော-အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၄။ အနန္တရပစ္စယော-အခြားမဲ့(တစ်ဆက်တည်း အခြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၅။ သမနန္တရပစ္စယော-ကောင်းစွာ အခြားအခြားမရှိ (တစ်ဆက်တည်း အကြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၆။ သဟဇာတပစ္စယော-အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၇။ အညမညပစ္စယော-အချင်းချင်းအပြန်အလှန် ကျေးဇူးပြုတတ်သောတရား။

၈။ နိဿယပစ္စယော-မှီရာတည်ရာဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၉။ ဥပနိဿယပစ္စယော-အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁၀။ ပုရေဇာတပစ္စယော-ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သောတရား။

၁၁။ ပစ္ဆာဇာတပစ္စယော-နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁၂။ အသေဝနပစ္စယော-အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။



www.burmeseclassic.com

www.burmeseclassic.com

၁၃။ ကမ္မပစ္စယော-စီရင်ခြင်း သံဝိဓာနကိစ္စနှင့် မျိုးစေ့ဖြစ်စေခြင်း။ ဗီဇနိဓာနကိစ္စဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁၄။ ဝိပါကပစ္စယော-အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁၅။ အာဟာရပစ္စယော-ထောက်ပံ့ခိုင်ခံ့စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁၆။ ဣန္ဒြိယပစ္စယော-အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁၇။ ဈာနပစ္စယော-ကပ်၍ စူးစူးစိုက်စိုက်ရှုတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

၁၈။ မဂ္ဂပစ္စယော-ထွက်မြောက်ခြင်း နည်းလမ်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁၉။ သမ္ပယုတ္တပစ္စယော-ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၂၀။ ဝိပ္ပယုတ္တပစ္စယော-မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၂၁။ အတ္ထိပစ္စယော-ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၂၂။ နတ္ထိပစ္စယော-မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၂၃။ ဝိဂတပစ္စယော-ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၂၄။ အဝိဂတပစ္စယော-မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား (အကျယ်ကို ပဋ္ဌာန်းစာအုပ်များတွင် ဖတ်ရှုပါရန်)။

ထို့အပြင် ပဋ္ဌာန်းရုပ်စုံအနက် ရှင်းလင်းချက်များအနက်ထဲမှ မိမိတို့၏ ဇာတာ လ(လဂ်)ရာသီမှနေ၍ ၉ တန့်(လက်ဝဲရစ်)ထောက်ကာ ရောက်ရှိသော အိမ်နေရာဂြိုဟ်မှ ဖော်ပြနေသော ပဋ္ဌာန်းရုပ်စုံအနက် ရှင်းလင်းချက်များကို ထပ်ကာထပ်ကာ ဆင်ခြင်နှလုံးသွင်းလျက်၊ ရွတ်ပွားကျင့်ကြံအားထုတ်နေထိုင်ခြင်းကပင်လျှင် ဘုန်းတန်ခိုးများ ပွင့်လင်းခြင်း စသည့် အစီရင်တင်ဆက်ခဲ့သည့် လောကီကောင်းကျိုးချမ်းသာများအပြင် လောကုတ္တရာနယ်ပယ်ဘက်မှလည်း လွယ်ကူသွက်လက် မဂ်စဉ်တက်ကာ၊ အာသဝက်ပြတ် ဝိဇ္ဇာဓာတ်ဖြင့် အမတပုန် မြတ်နိဗ္ဗာန်ကို ချဉ်းကပ်ပေါက်မြောက် အမြန်ရောက်အောင် ပို့ရွက်ဆောင်နိုင်မည့်အကြောင်း အထောက်အပံ့ကြီးလည်း ဖြစ်လာပါလိမ့်မည်။

သို့ပါ၍ စာရှုသူ ချစ်မိတ်ဆွေ၏ မွေးချိန်နေ့ရက်အလိုက် ဖွဲ့ဆိုထားအပ်သော ဇာတာ၏ လဂ်မှတစ်ဆင့် ၉ တန့်က ပြောပြနေသော မိမိ၏ဘဝတစ်သက်သာ ရွတ်ပွားပူဇော်အဓိဋ္ဌာန်ဝင်၊ အထပ်ထပ်ဆင်ခြင် နှလုံးသွင်းရမည့် ပဋ္ဌာန်း ၂ ပစ္စည်းတို့အကြောင်းကို သုတေသနများ ပြုလုပ်ခဲ့ပြီး ဖော်ထုတ်အစီရင်ခံ တင်ဆက်လိုက်ပါသည်။ အခြားသူများ၏ ကိုယ်တွေ့ ဖြစ်စဉ်များကို အလျဉ်းသင့်သလို တင်ပြပါဦးမည်။

မိမိ၏ ဘဝတစ်သက်တာ ကောင်းကျိုးချမ်းသာ အထွေထွေ ပြည့်စုံစေဖို့ နက္ခတ်ဗေဒင်ပညာဖြင့် ဇာတာဖွဲ့ကာ ပဋ္ဌာန်းအကျိုး မြတ်တန်ခိုးကို ရှာဖွေသင့်ပါကြောင်း ထပ်လောင်းအစီရင်ခံ တင်ဆက်အပ်ပါကြောင်း။

ပဋ္ဌာန်းအကျိုး မြတ်တန်ခိုး ပြီးပြည့်စုံပါစေ။


**ဆရာနက္ခတ် [NONAGON]**

ညွှန်း

၁။ လူမင်းဟန်(ပျူဦးမနား)၊ ဦးပရမဝဏ္ဏသိဒ္ဓိ(ထေရုပ္ပတ္တိ)

၂။ မြန်မာနိုင်ငံဗေဒင်ပညာရှိ ဆရာကြီးဦးတင်အောင် (ရန်ကင်း) နက္ခတ်ပညာရှင်၏ လမ်းညွှန်ဩဝါဒ။

၃။ ကိုယ်တိုင်သုတေသနပြုလေ့လာချက်များ။



www.burmeseclassic.com



# ပဋ္ဌာန်းအကြောင်း သိကောင်းစရာ

ရဲဘော်ရေချမ်း(သန်လျင်)

ဂေါတမမြတ်စွာဘုရား ဟောကြားသော တရားတော်များကို ပိဋကတ်ဟု ခေါ်သည်။ အရေအတွက်အားဖြင့် ပိဋကတ်သုံးပုံ ဖြစ်၏။ သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်း၊ စုစုပေါင်း ၁၅ ကျမ်း ဖြစ်၏။

**သုတ်သုံးကျမ်းမှာ -**

၁။ သုတ်သီလက္ခန်၊ ၂။ သုတ်မဟာဝါ၊ ၃။ သုတ်ပါထေယ။

**ဝိနည်းငါးကျမ်း**

၁။ ပါရာဇိကဏ်၊ ၂။ ပါစိတ်၊ ၃။ မဟာဝါ၊ ၄။ စူလဝါ၊ ၅။ ပရိဝါ။ (ထိုဝိနည်းငါးကျမ်းမှာ ရဟန်းတို့ကျင့်ဝတ် ၂၂၇ ပါးသော သိက္ခာပုဒ်အစုကို ပြသည်။)

**အဘိဓမ္မာ ခုနစ်ကျမ်း**

၁။ ဓမ္မသင်္ဂဏီ၊ ၂။ ဝိဘင်း၊ ၃။ ဓာတုကထာ၊ ၄။ ပုဂ္ဂလပညတ်၊ ၅။ ကထာဝတ္ထု၊ ၆။ ယမိုက်၊ ၇။ ပဋ္ဌာန်း။

စုစုပေါင်း ဤကျမ်း ၁၅ ကျမ်းမှာ မူလကျမ်းရင်းဖြစ်လေသည်။ ပဋ္ဌာန်း ၂၄ ပစ္စည်းမှာ ပဋ္ဌာန်းကျမ်းကြီး၌ ပါဝင်သော်လည်း အရေအတွက်အားဖြင့် သီးခြားဖြစ်၏။ ထည့်ရေတွက်ရန် မလိုပေ။

ထိုအထဲမှ အဘိဓမ္မာခုနစ်ကျမ်း၌ နံပါတ်(၇) နောက်ဆုံးကျမ်းဖြစ်သော ပဋ္ဌာန်းကျမ်းကြီးမှာ အကျယ်ပြန့်ဆုံး၊ အနက်နဲဆုံး၊ အခက်အခဲဆုံးကျမ်းကြီး ဖြစ်လေသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသား ထေရဝါဒဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် နိုင်ငံအဝှမ်း အလွန်မြင့်မြတ်သော ဤပဋ္ဌာန်းကျမ်းကြီးကို နည်းမျိုးစုံနှင့် ရွတ်ဆိုနေကြသည်။ အချို့ အချို့ဆိုလျှင် ပဋ္ဌာန်းအမေးအဖြေများကိုပင် နေ့ညမပြတ် တရစပ်ရွတ်ဆိုကြသည်။ သို့ဖြစ်သောကြောင့် ပဋ္ဌာန်းဆိုသည်မှာ -

အဘယ်အတွက်ကြောင့် ပဋ္ဌာန်းဟု ခေါ်ဆိုကြ



www.burmeseclassic.com

www.burmeseclassic.com

သနည်း၊ ထိုပဋ္ဌာန်းတရားကို ဘယ်နေရာမှာ စတင်ဟော ကြားသနည်း၊ ဤကဲ့သို့ မဟောကြားမီ မည်သည့်အရပ်ဒေသ ၌ စတင်ဆင်ခြင်သနည်း၊ ဘယ်သူတွေကို ဟောကြားသနည်း၊ မည်သို့သော ရည်ရွယ်ချက်နှင့် ဟောသနည်း၊ ပဋ္ဌာန်းအကျိုး တရားတွေက မည်သည့်အရာတွေပါသနည်း၊ သိဖို့လိုလာပြီ ဖြစ်၏။ သာမန်ထေရဝါဒဗုဒ္ဓဘာသာဝင်အပေါင်းတို့ မသိကြ။ သို့ဖြစ်၍ သိချင်ကြလိမ့်မည်ဟု ထင်ပါသည်။

ထိုအဘိဓမ္မာ ခုနစ်ကျမ်းအား တာဝတိံသာနတ်ပြည်၌ ရက်ပေါင်း ၉၀၊ သုံးလကြာမျှ ဟောကြားတော်မူရာ၌ ဓမ္မသင်္ဂဏီ ၁၂ ရက်၊ ဝိဘင်း ၁၂ ရက်၊ ဓာတုကထာ ခြောက်ရက်၊ ပုဂ္ဂလပညတ် ခုနစ်ရက်၊ ကထာဝတ္ထု ရှစ်ရက်၊ ယမိုက် ၂၀၊ ပဋ္ဌာန်းကျမ်း ၂၅ ရက်၊ ပညာရှိဆရာတော်ကြီး များ တညီတညွတ်တည်း ယုံကြည်ချက်ဖြစ်၏။ [နိုင်ငံတော် သံဃမဟာနာယက စာကြည့်တိုက်မှူး မာဂဓီ(သာစည်)၏ ပဋ္ဌာန်းပူဇော်ပွဲစာအုပ်မှ]

ရှင်သာရိပုတ္တရာမထေရ်မြတ်က လူ့ပြည်၌ လင်းနို့ သားငါးရာ ဖြစ်ဖူးသော ရဟန်းများကို အကျယ်ပြန်ဟော သည်။ ဂေါတမမြတ်ဗုဒ္ဓ တာဝတိံသာနတ်ပြည်၌ သန္တုသိတ နတ်သားနှင့် တခြားနတ်သား၊ နတ်ဗြဟ္မာအပေါင်းတို့အား အကျယ်ဟောပါသည်။ [အဋ္ဌသာလိနီ၊ အဋ္ဌကထာ၊ စာမျက်နှာ (၁၈)၌ လာပါသည်။]

အလယ်ရွာ ကျောင်းထိုင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ တေဇဝတန္တထံ အမှားအမှန်နာခံရန် ချက်ချင်းသွားရောက် သောအခါ ဆရာတော်ဘုရားကြီးနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ပါသည်။ ဆရာတော်ဘုရားကြီးမှာ သုံးဘွဲ့ကျော်ကျော်ရရှိ ထားသော ပညာရှိဖြစ်ပါသည်။ (ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မာစရိယနှစ်ကျမ်း အောင်ပြီးဖြစ်သည်။)

ဆရာတော်သည် ကျွန်တော်၏ဆောင်းပါးကို ဖတ်ရှုပြီး ဤသို့မိန့်ကြားပါသည်။

"ဒီမှာ ဒကာကြီး၊ ကထိန်ဆိုတာ သံဃာတွေ၊ ရဟန်း တွေကို ရှင်တော်မြတ်ဗုဒ္ဓက ခွင့်ပြုလို့ ဖြစ်လာတာလေ။ အဲဒီ ရဟန်းသံဃာတွေနဲ့ပဲ တိုက်ရိုက်သက်ဆိုင်နေတယ်။ လူတွေ၊ အလှူရှင်တွေ ကုသိုလ်တော့ရပါတယ်။ ဒါပေမယ့် အဓိကမကျသေးဘူး။ ဒီတော့ ဆရာတော်အကြံပေးချင်တယ်။ လူတွေနဲ့ ပိုပြီးသက်ဆိုင်နေတဲ့ ပဋ္ဌာန်းအကြောင်း သိကောင်း စရာကို ရေးပါ။ အကျိုးထူးပါလိမ့်မယ်။ ဂေါတမမြတ်ဗုဒ္ဓ ကိုယ်တော်တိုင် တာဝတိံသာနတ်ပြည်မှာ ဝါတွင်းလေးလ ကာလပတ်လုံး (ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်) ရက်အားဖြင့် ၉၀၊ သုံးလ သီတင်းကျွတ်လပြည့်နေ့အထိ ဟောတယ်။ သန္တုသိတနတ်သား(မယ်တော်မိနတ်သား)ကို အကြောင်းပြုပြီး ဟောတယ်။ ဒကာကြီးက အဲဒီလို ပဋ္ဌာန်း အကြောင်းသိကောင်းစရာ ဆောင်းပါးကို ရေးမယ်ဆိုရင် ဆရာ တော် ဝိုင်းကူမယ်။ မပူနဲ့"

"အမိန့်ရှိပါဘုရား"

"အင်း...ယထာဟိလောကိယ မဟာဇနာ ကေ်ံ ပဒံကထေန္တိ၊ တာဝအာနန္ဒတ္ထေရော အဋ္ဌပဒါနိကထေတိ။

အာနန္ဒာတ္ထေရေန ပန ကေံပဒံက ထေန္တေယေဝ ဘဂဝါ သောဠသ ပဒါနိကထေတိ ဣမိနာနယေန လောကိယ ဇနဿ ကေပဒုစ္စာရဏက္ခဏော ဘဂဝါ အဋ္ဌဝီသ သတပဒါနိကထေတိ။

ဤမျှ ကြီးကျယ်များပြားလှသော ပဋ္ဌာန်းကျမ်းကြီးကို ၂၅ ရက်အတွင်း ပြီးစီးအောင် ဟောနိုင်ခြင်း။

သာမကေယုတ္တိ၊ ကာရကာယုတ္တိ၊ အာဂမယုတ္တိများ နှင့် ဖွင့်ဆိုရလျှင် ပကတိလူသားတစ်ဦး ပြောချိန်စကားတစ် ခွန်းသည် အာနန္ဒာရှစ်ခွန်း၊ ရှင်အာနန္ဒာတစ်ခွန်းပြောချိန် မြတ်စွာဘုရား ၁၆ ခွန်း၊ ပကတိလူသား စကားတစ်ခွန်း မြတ်ဘုရားက ၁၂၈ ခွန်း ပြောလေသည်။

၁။ ဇိဝှာမုဒု = လျှာတော်၏ ကျယ်ပြန့်ပါးလျ နူးညံ့ ခြင်း။

၂။ ဒန္တာဝရဏံသုဖုသိတံ = နှုတ်ခမ်းတော် စေ့စပ် ထိမိခြင်း။

၃။ ဝစနံအဂဠိတံ = ပြောဟောရာ၌ လုံးကြွင်း လုံး ကျ အထစ်အငေါ့မရှိခြင်း။

၄။ ဘဝင်္ဂပရိဝါသောလဟုကော = ဘဝင်စိတ်အယဉ် လျင်မြန်ခြင်းတို့ကြောင့် ဤသို့ပြောဟောနိုင်ခြင်း ဖြစ်တယ် ဒကာကြီး"

**ကျမ်းကိုးကား**

အရှင်ပညာသာမိ၏ (အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲစာအုပ်)
နိုင်ငံတော် သံဃမဟာနာယက စာကြည့်တိုက်မှူး။

www.burmeseclassic.com

၅၂ ဓမ္မဒီပကျောင်းဆောင်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

## ပဋ္ဌာန်း

ပဋ္ဌာန်းဆိုသည်မှာ ပဋ္ဌာနဆိုသည့် ပါဠိမှ ဆင်းသက်လာသော စကားဖြစ်၏။

ပဋ္ဌာနသဒ္ဒါကို ပဥ္စပကရဏ အဋ္ဌကထာမှာ -

ကေနဋ္ဌေန ပဋ္ဌာနန္တိ၊ နာ နပ္ပကာရ ပစ္စယဋ္ဌေနဝိဘဇ ဋ္ဌေနပဋ္ဌိတဋ္ဌေန။

## အနက်သုံးမျိုး

၁။ ပဋ္ဌာန = အမျိုးမျိုးသောအကြောင်း။

၂။ ပဋ္ဌာန = ဝေဖန်ခြင်း။

၃။ ပဋ္ဌာန = ကျက်စားသွားလာရာ။

(က) အကြောင်းအမျိုးမျိုးကို ဟောတော်မူသောကျမ်းဖြစ်၍ ပဋ္ဌာန်း။

(ခ) ပဋ္ဌာန်းကုသိုလ် စသော တရားတို့ကို ၂၄ ပစ္စည်းတို့ဖြင့် ဝေဖန်ထားသောကျမ်းဖြစ်၍ ပဋ္ဌာန်း။

(ဂ) သဗ္ဗညုတဉာဏ်၏ လွတ်လွတ်လပ်လပ် ကျက်စားသွားလာရာ ကျမ်းဖြစ်၍ ပဋ္ဌာန်းဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ဂေါတမမြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၌ ဘုရားအဖြစ်ကို ရောက်ရှိပြီးနောက် ၂၁ ရက်အလွန် ၂၂ ရက်မှစ၍ ရတနာဃရစေတုတ္ထသတ္တာဟ၌ စံနေတော်မူခိုက် အဘိဓမ္မာခုနစ်ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူသည်။ ခြောက်ကျမ်းကို သုံးသပ်ပြီးသည့်အထိ ရောင်ခြည်တော် ခြောက်သွယ် မထွက်ပေါ်၊ မကွန့်မြူးသေး။ ပဋ္ဌာန်းတရားတော်ကြီးကို သုံးသပ်ဆင်ခြင်သောအခါမှာ ရောင်ခြည်တော်ခြောက်သွယ် ထွက်ပေါ်ကွန့်မြူးလာသည်။

ထိုပဋ္ဌာန်းကျမ်းကြီး ကျယ်ဝန်းလှ၍ နယသာဂရ အမည်ရ၏။ ကမ္ဘာလောကကြီး၌ အကျယ်ဝန်းဆုံးသော အရာဌာနကြီး လေးမျိုးရှိ၏။

၁။ **သံသာရသာဂရ**-သံသရာပင်လယ်ကြီး၊

၂။ **ဇလသာဂရ**-ရေပင်လယ်ကြီး၊

၃။ **နယသာဂရ**-နည်းပင်လယ်ခေါ် ပဋ္ဌာန်းကျမ်းကြီး၊

၄။ **ဉာဏသာဂရ**-ဉာဏ်ပင်လယ်ခေါ်တဲ့ သဗ္ဗညုတဉာဏ်။

ဤသာဂရလေးမျိုးတွင် ပဋ္ဌာန်းကျမ်းကြီးမှာ အလွန်ကျယ်ဝန်းလေသည်။ သို့ဖြစ်၍ ဗုဒ္ဓသုတ ရှာမှီးလိုကြသော သူတော်ကောင်းအပေါင်းတို့သည် သေချာတိကျ မှတ်သားရန်အချက်မှာ ရှင်တော်မြတ်ဘုရားသည် ခြောက်ဝါအလွန် ခုနစ်ဝါ သက်တော် ၄၂ ၌ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက် နေတော်မူ၍ မယ်တော်မိနတ်သားနှင့်တကွ နတ်အပေါင်းအား ပဋ္ဌာန်းတရားတော်မြတ်ကို ဟောကြားလေသည်။ (သာရတ္ထဒီပနီ၊ ပထမအုပ်၊ စာမျက်နှာ ၃၀ တွင် လာပါသည်။)

ထိုပဋ္ဌာန်းပါဠိတော်သည် ဆဋ္ဌသင်္ဂါယနာတင်မူပါဠိတော်၊ စာရေအားဖြင့် ငါးအုပ်ရှိပြီး၊ စာမျက်နှာပေါင်း ၂၆၄၀ ရှိ၏။ အသံမစဲ ဖတ်သွားမည်ဆိုလျှင် နာရီပေါင်း ၁၃၂ နာရီ ရွတ်ဖတ်ရသည်။ ပေယျာလ၊ မြှုပ်ကွက်တွေဖော်ပြီး ရွတ်ဖတ်လျှင် တစ်သက်လုံး ရွတ်ဖတ်၍မကုန်။

ဂါထာပေါင်း တစ်သောင်းငါးထောင်၊ ပုဒ်ပေါင်း ခြောက်သောင်းကို တစ်ခဏချင်း သင်ယူနိုင်သော ရှင်သာရိပုတ္တရာသော်မှ ပဋ္ဌာန်းဒေသနာတရားတော်ကို ဗုဒ္ဓဘုရားဟောသည့်အတိုင်း ပြည့်စုံကုန်စင်အောင် ရွတ်ဆိုနိုင်ဖို့ မလွယ်။ (ဓမ္မပဒ၊ ဌ၊ ၂၊ ၁၄၈ ရှု)

ဤပဋ္ဌာန်းကျမ်းကြီးမှာ အနန္တ အပရိမာဏ အဆုံးအပိုင်းအခြားမရှိအောင် ကျယ်ဝန်းလှသော ကျမ်းကြီးဖြစ်၍ ပုဒ်အစဉ်နှင့် အနက်အဓိပ္ပာယ်များကို ပြည့်ပြည့်စုံစုံ ဖွင့်ပြမည်ဟု တစ်စုံတစ်ယောက်က ကြိုးစားခဲ့လျှင် အသက်သာကုန်ဆုံးဖွယ်ရှိ၏။ ပဋ္ဌာန်းကျမ်းကြီး၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆို၍ ဆုံးမည်မဟုတ်။

ပဋ္ဌာနပကရဏဉ္စပါဠိတော၀ အနန္တအပရိမာဏံ တဿပဒပဋိပါဋိယာ အတ္ထဝဏ္ဏာယိဿမိတိ ပဋိပန္နဿ အတိဒီဃယု ကာဝသာမိအာယု နပ္ပဟောတိ။

(ပဋ္ဌာန်းအဋ္ဌကထာ၊ နှာ ၄၈၇)

အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီးသည် အရေအတွက်အားဖြင့် ၂၄ ကျမ်းရှိ၏။ သင်္ချာအရေအတွက် တူညီနေသော်



www.burmeseclassic.com

www.burmeseclassic.com

လည်း ပေတုပစ္စယော စသည့် ၂၄ ပစ္စည်းကို ထို ၂၄ ကျမ်းနှင့် မမှားသင့်၊ မရောသင့်၊ မပေါင်းသင့်။ မဟာပဋ္ဌာန်းကြီးတွင် ပါဝင်သော်လည်း ပဋ္ဌာန်း ၂၄ ပစ္စည်းအား အရေအတွက်အားဖြင့် သီးခြားမှတ်ယူရမည် ဖြစ်ပါသည်။

၁။ ဓမ္မအနုလုံ၌ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုက ဒုက ပဋ္ဌာန်းအားဖြင့် ခြောက်ကျမ်း။

၂။ ဓမ္မပစ္စနိက်၌ အလားတူခြောက်ကျမ်း။

၃။ ဓမ္မအနုလောမ၊ ပစ္စနိက်၌ အလားတူခြောက်ကျမ်း နောက်တစ်ကြောင်း။

၄။ ဓမ္မပစ္စနီယာနုလောမ၌ အလားတူခြောက်ကျမ်း စီရှိသဖြင့် ပဋ္ဌာန်း ၂၄ ကျမ်း ဖြစ်လေသည်။

၁။ မာတိကာ ခေါင်းစဉ်၌ တိက် ၂၂ တိက်ကို မှတည်ပြီး ဟောသော ပဋ္ဌာန်းကို တိကပဋ္ဌာန်း။

၂။ ဒုတ် ၁၀၀ ကို ခေါင်းစဉ်ထားပြီး ဟောသော ပဋ္ဌာန်းကို ဒုကပဋ္ဌာန်း။

၃။ ဒုတ် ၅၀၀ ကို မှတည်ပြီး တိက် ၂၂ တိက်ကို မှုလီသွတ်၍ ဟောသောပဋ္ဌာန်းကို ဒုကတိကပဋ္ဌာန်း။

၄။ တိက် ၂၂ တိက်ကို မှတည်ပြီး ဒုတ် ၁၀၀ ကို မှုလီသွတ်၍ ဟောသောပဋ္ဌာန်းကို တိကဒုကပဋ္ဌာန်း။

၅။ တိက် ၂၂ တိက်ကို မှတည်ပြီး တိက် ၂၂ တိက်ကို မှုလီသွတ်၍ ဟောသောပဋ္ဌာန်းကို တိကတိကပဋ္ဌာန်း။

၆။ ဒုတ် ၁၀၀ ကို မှတည်ပြီး ဒုက် ၁၀၀ ကို မှုလီသွတ်၍ ဟောသောပဋ္ဌာန်းကို ဒုကဒုကပဋ္ဌာန်းဟု မှတ်ယူရမည်။

(ပဋ္ဌာန်းအဋ္ဌကထာ၊ ၃၄၁)

ဤပဋ္ဌာန်းအကြောင်း သိကောင်းစရာ ဗုဒ္ဓဆောင်းပါး ရေးသားရာ၌ ဆရာတော်ကြီး ပြောပြချက်နှင့် နိုင်ငံတော်သံဃမဟာနာယက စာကြည့်တိုက်မှူး မာဂဓီ(သာစည်) ဆရာတော် စီစဉ်တင်ပြသော ပဋ္ဌာန်းပူဇော်ပွဲစာအုပ်ကို အဓိကထား မှီငြမ်းရေးသားခြင်း ဖြစ်ပါသည်။ လိုအပ်မည်ထင်မြင်မိပါသောကြောင့် ပဋ္ဌာန်း ၂၄ ပစ္စည်းကိုပါ ဖော်ပြလိုက်ရပါကြောင်း။

**ပဋ္ဌာန်း ၂၄ ပစ္စည်း**

၁။ ဟေတုပစ္စယော၊
၂။ အာရမ္မဏပစ္စယော၊
၃။ အဓိပတိပစ္စယော၊
၄။ အနန္တရပစ္စယော၊
၅။ သမနန္တရပစ္စယော၊
၆။ သဟဇာတပစ္စယော၊
၇။ အညမညပစ္စယော၊
၈။ နိဿယပစ္စယော၊
၉။ ဥပနိဿယပစ္စယော၊
၁၀။ ပုရေဇာတပစ္စယော၊
၁၁။ ပစ္ဆာဇာတပစ္စယော၊
၁၂။ အာသေဝနပစ္စယော၊
၁၃။ ကမ္မပစ္စယော၊
၁၄။ ဝိပါကပစ္စယော၊
၁၅။ အာဟာရပစ္စယော၊
၁၆။ ဣန္ဒြိယပစ္စယော၊
၁၇။ ဈာနပစ္စယော၊
၁၈။ မဂ္ဂပစ္စယော၊
၁၉။ သမ္ပယုတ္တပစ္စယော၊
၂၀။ ဝိပ္ပယုတ္တပစ္စယော၊
၂၁။ အတ္ထိပစ္စယော၊
၂၂။ နတ္ထိပစ္စယော၊
၂၃။ ဝိဂတပစ္စယော၊
၂၄။ အဝိဂတပစ္စယော။

**ရဲဘော်ရေချမ်း(သန်လျင်)**


**မှီငြမ်းကျမ်းများ**

၁။ ပဋ္ဌာန်းပါဠိတော်၊
၂။ ပါထိကဝဂ္ဂနောဒနီအဋ္ဌကထာ၊
၃။ အဋ္ဌသာလိနီအဋ္ဌကထာ၊
၄။ အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ၊
၅။ ဆရာတော်ဘုရားကြီး နှုတ်ဟောပြောချက်။



www.burmeseclassic.com

www.burmeseclassic.com



# 'ဗုဓသံ'

# တပ်အပ်စွမ်းတဲ့ မြွတ်ပဌာန်း

## မောင်တင်သိန်းဇော်ဇ

မကြာသေးခင်ကလေးက တွေ့ကြုံခံစားခဲ့ရသည့် ရင်ဖိုစိတ်ဝင်စားစရာကောင်းလှသော ဖြစ်ရပ်မှန်တစ်ရပ် ဖြစ်ပါသည်။

လွန်ခဲ့သော လခန့်က စာရေးသူ၏ ခမ္မမိတ်ဆွေရင်း ဌာနဆိုင်ရာ အရာရှိ မောင်နှံ(၂)ဦးတို့၏ သားတစ်ဦး ဖြစ်သူသည် အကောင်းပကတိ အိမ်မှာနေရင်းကနေ ရုတ်တရက် ဖြုံးခနဲ ကောက်ကာငင်ကာ ရုတ်ချည်းဆိုသလို အကုသိုလ် မပြု၊ ခတ်ပိုင်း‧နတ်ပိုင်းများ မမှားသလို တစ်စုံတစ်ရာမျှလည်း အနာဝေဒနာနှင့် ထိခိုက်မှု မရှိဘဲ ကြည့်ရှုလို့ ဘာကိုမျှမမြင်ရတော့ဘဲ ကြောင်တောင်ကွယ်သည့်နှယ် မျက်စိဝေဒနာဆိုးကြီးကို ခံစားခဲ့ရပါသည်။

မိဘနှင့် ဆွေမျိုးသားချင်း မိတ်သင်္ဂဟအပေါင်းတို့အနေနှင့် မျက်စိဝေဒနာရှင် ဘဝကို ချက်ချင်း မမျှော်လင့်ဘဲ ရုတ်တရက် ရောက်ရှိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသားဖြစ်သူအတွက် အလွန်အမင်း စိတ်ထိခိုက်မိကြပြီး မိဘများက ထိုသားကို ချက်ချင်းပင် ဆိုင်ရာသမားတော်ကြီးများနှင့် အပ်နှံပြသကုသပေးကြပါသည်။

ထို့နည်းတူ ဘာသာတရားကို အလွန်ကိုင်းရှိုင်းပြီး ဒါယကာ၊ ဒါယိကာမ အလှူကုသိုလ်ရှင်ကြီးများဖြစ်ကြသည့် ထိုမိဘ (၂)ပါးတို့သည် ထိုမျက်စိဝေဒနာရှင် သားဖြစ်သူအတွက် ကုသိုလ်ကောင်းမှုများကို များစွာပင် လှူဒါန်းရေစက်ချ ဆက်ပေးသလို (၂)ဦးစလုံးလည်း ထိုသားအတွက် အဓိဋ္ဌာန်စခန်းကြီးများကို ဝင်ပေးကြပါသည်။

တွက်ချက်စစ်ဆေးပေးလို့ ယတြာများကိုလည်း ချေပြုပေးကြပါသည်။

ထိုမျက်စိဝေဒနာရှင် သားဖြစ်သူတို့နှင့် လူရင်းတစ်ဦးဖြစ်သည့် စာရေးသူလည်း စိတ်အထူးထိခိုက်မိကာ တွက်ချက်ပေး၊ ယတြာများ စီမံဆောင်ရွက်ပေးခဲ့ပါသည်။

အထူးသဖြင့် အထူးတလည်အနေနှင့်တော့ ထိုမျက်စိဝေဒနာရှင် သားဖြစ်သူကို ၂၀၀၅ခုနှစ်အတွင်းထုတ် နှစ်လယ်ပိုင်းနှင့် နှစ်ကုန်ခါနီးဖြစ်သော နှောင်းပိုင်းလများ အကြမ်းခန့်က ထုတ်ဝေခဲ့သည့် ရောင်ပြန်မဂ္ဂဇင်းထဲတွင် ပါရှိခဲ့သော 'ပဋ္ဌာန်းပါဠိတော်မြတ်'ကို နှလုံးသွင်း၊ ဆင်ခြင်၊ ရွတ်ပွား၍ မျက်စိဝေဒနာဆိုးမှ ပျောက်ကင်းလွတ်ကင်းခဲ့ရသည့် ဝေဒနာရှင်တစ်ဦး၏ ဖြစ်ရပ်အကြောင်းခြင်းရာများကို ဖော်ပြထားသော ဆောင်းပါးမွန်တစ်ပုဒ်ကို ပြေးသတိအမှတ်ရ အာရုံဝင်မိပြီး 'ပဋ္ဌာန်းပါဠိတော်မြတ်'ကို အဓိဋ္ဌာန်ဝင်ဖို့ အကြံပြု တိုက်တွန်း ဆော်ဩခဲ့မိပါသည်။

စာရေးသူ၏ ထိုအကြံပြုချက်အရပင် ထိုသားဖြစ်သူ၏ ဖခင်ကြီး အဖေဖြစ်သူကလည်း သားဖြစ်သူအား 'ပဋ္ဌာန်းပါဠိတော်မြတ်'ကို ကိုယ်တိုင်ပင် နှုတ်တိုက်ချ၊ သင်ကြားကွပ်ကဲပေးလို့ ရွတ်ပွားအဓိဋ္ဌာန်ဝင်စေခဲ့ပါသည်။

ဝေဒနာရှင် သားဖြစ်သူကလည်း စိတ်ဓာတ်ကို ကြံ့ခိုင်စွာ ထားရှိပြီး အိမ်နှင့်နီးရာ ဝိပဿနာတရား ရိပ်သာစခန်းတစ်ခုကို သွား၍ နေ့စဉ်ပင် (၂)နာရီကျော် ကြာမျှ တရားရှုမှတ် အားထုတ်ခဲ့ပါသည်။

အိမ်မှာ မပြတ်ဆိုသလို ကက်ဆက်ခွေနှင့် တရားနာ ပုတီးစိပ် ဂါထာရွတ်ခဲ့ပါသည်။ သက်သတ်လွတ် စား၍ မေတ္တာဘာဝနာများလည်း ပွားများခဲ့ပါသည်။

ဖခင်ကြီး အဖေဖြစ်သူနှင့်အတူ ဗုဒ္ဓမြတ်စွာဘုရားရှင် ရုပ်ပွားတော်မြတ်တို့၏ မျက်လုံးတော်မြတ်များကို ရွှေချခြင်း၊ စေတီပုထိုးများကို ရွှေချခြင်း၊ ဒုလ္လဘရဟန်းဘောင်ဝင်ခြင်းများကိုလည်း လုပ်ဆောင်ခဲ့ပါသည်။

ထိုသို့ တစ်ဖက်က ပုံမှန်ဆေးဝါးများ ခံယူကုသသလို တစ်ဖက်ကလည်း တရားအားထုတ်၊ ပုတီးစိပ်၊ ဂါထာများ ရွတ်ကာ ပဋ္ဌာန်းပါဠိတော်မြတ် အဓိဋ္ဌာန်ဝင် ကုသိုလ်ကောင်းမှုများ ပြုလုပ်၍ လောကီရေး ယတြာတွေ ပြုပြီးသည့် နောက်ပိုင်း မကြာခင် လတွင်ပင် ကုသိုလ်ကောင်းမှုများ၊ ဝိပဿနာတရား အားထုတ်မှုများ၊ ပဋ္ဌာန်းပါဠိတော်များ၊ ဆိုင်ရာဆေးရုံကြီးနှင့် သမားတော်ကြီးများ၊ ဆိုင်ရာမိဘ(၂)ပါးနှင့် ဝေဒနာရှင် ထိုသားဖြစ်သူ၏ စရဏဘာဝနာများစသည့် ကြီးမားလှပါသော အနန္တအနန္တ ဖြစ်သော ဘက်စုံဂုဏ်ကျေးဇူးတော်တို့ကြောင့် ထိုမျက်စိဝေဒနာရှင် သားဖြစ်သူသည် တစ်စတစ်စနှင့် မျက်စိများ ပြန်မြင်ကောင်းလာခဲ့ကာ ယခုအခါတွင်တော့ ထိုသားဖြစ်သူသည် မူလအတိုင်းပင် အကောင်းပကတိ ပြန်မြင်ခဲ့၍ နေအိမ်မှ ကားကိုတောင် ပြန်၍မောင်းနှင်နေပြီ ဖြစ်ပါသည်။

ထိုဖြစ်ရပ်ကို ကိုယ်တွေ့ တွေ့ရှိခံစားလိုက်ရ၍ တင်ပြလိုက်ပါသည်။

ထိုသားငယ်ဖြစ်သူ၏ ဝေဒနာမျိုးကို ခံစားရသည့် အလားတူ မျက်စိဝေဒနာရှင်များနှင့် အခြားမျက်စိဝေဒနာရှင်များ အနေနှင့် စွမ်းလှသော 'ပဋ္ဌာန်းပါဠိတော်မြတ်'ကိုလည်း အထူးအားထားကိုးကွယ်၍ မဖြစ်မနေ မလွဲမသွေပင် အဓိဋ္ဌာန်ဝင်ကြည့်ကြပါရန် မြတ်စာတွေ့ ကိုယ်တွေ့တို့နှင့် အကျိုးမျှော်၍ လေးမြတ်စွာ အကြံပြု တင်ပြအပ်ပါသည်။

'ဓမ္မ၊ သုတ၊ ရသ၊ ဘက်စုံမှန်စွာ၊ ထည့်သွင်း ဖော်ပြနေသော ရောင်ပြန်မဂ္ဂဇင်းနှင့် တင်ပြပါ ဆောင်းပါးရှင် စာရေးဆရာအား လေးမြတ်စွာ ကျေးဇူးတင် ဂါရဝပြုလျက်'

မော်တင်သိန်းဇော်ဇ

ဝန်ခံချက်

၁။ ၂၀၀၅ခုနှစ်အတွင်းထုတ် ရောင်ပြန်မဂ္ဂဇင်း

၂။ ကိုယ်တွေ့ဖြစ်ရပ်

များကို မှီငြမ်းတင်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပစ္စယ ဥဒ္ဒေသ နိဒ္ဒေသ

# ပဋ္ဌာန်းဒေသနာတော်ကြီး

## ဖြစ်ပေါ်လာခြင်း၊ ရွတ်ဖတ်ခြင်း၊ ပူဇော်ခြင်းနှင့် အကျိုးကျေးဇူးများ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
**Namo tassa bhagavato arahato sammasambuddhassa**

### ပဋ္ဌာန်းဒေသနာတော်ကြီး ဖြစ်ပေါ်လာခြင်း

**ဗုဒ္ဓမြတ်စွာဘုရား ဘုရားဖြစ်ပြီးနောက် သတ္တဌာန သီတင်းသုံးတော်မူခြင်း (မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့) B.C. - ၅၈၉**

ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ကဆုန်လပြည့်ကျော်(၁)ရက်နေ့မှစ၍ မဟာဗောဓိပလ္လင်တော်နှင့်တကွ အနီးပတ်ဝန်းကျင်၌ တစ်နေရာတွင် ခုနစ်ရက်ကျ ခုနစ်ဌာနတွင် သီတင်းသုံးတော်မူသည်။ ၎င်းဌာနများကို **သတ္တာဟ** ဟူ၍ မှတ်ယူကြကုန်၏။

(၁) **ပလ္လင်္က သတ္တာဟ** ။ ။ ဗောဓိညောင်ပင်၏ အရှေ့မျက်နှာလေးတောင်ကွာ၌ တည်ရှိသော အပရာဇိတပလ္လင်ထက်ဝယ် တင်ပျဉ်ခွေ စံနေတော်မူ၍ (၇)ရက်တိုင်တိုင် ဝိမုတ္တိချမ်းသာကို ခံစား နေရာအရပ် ဖြစ်သည်။

(၂) **အနိမိသ သတ္တာဟ** ။ ။ ပလ္လင်ထက်မှ ထတော်မူ၍ အရှေ့မြောက် ၁၄ လံအကွာ၌ ရပ်တော်မူကာ ဤနေရာကား သဗ္ဗညုတရွှေဉာဏ်ကို ရသည့်အရပ်ပါတကားဟု ဆင်ခြင်၍ မမှိတ်သော မျက်စိဖြင့် ကြည့်ရှုလျက် (၇)ရက်တိုင်တိုင် ရပ်တော်မူရာအရပ် ဖြစ်ပေသည်။

(၃) **ရတနစင်္ကမ သတ္တာဟ** ။ ။ ထိုသို့ မမှိတ်မသုန်ရပ်၍ စံတော်မူရာမှ ကောင်းကင်ထက်သို့ တစ်ယူဇနာမျှ ပျံတက်၍ ရေမီးအစုံ ထွက်စေခြင်း စသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ထို့နောက် သက်ဆင်း၍ ရွှေပလ္လင်နှင့် အနိမိသအကြား အတောင်(၂၀)ရှိသော အရပ်ကို အလယ်ထား၍ တစ်ဖက်မှ ငါးလံကွာဌာနတွင် အရှေ့မှသည် အနောက်(သို့မဟုတ်) အတောင်ခြောက်ဆယ်ရှည်သော ရတနာစင်္ကြံကို ဖန်ဆင်းကာ (၇)ရက်ပတ်လုံး စင်္ကြံကြွတော်မူရာအရပ်ဖြစ်သည်။

(၄) **ရတနာဃရ သတ္တာဟ** ။ ။ ထို့နောက် မဟာဗောဓိပင်မှ အနောက်မြောက် အတောင်(၄၀)အကွာတွင် ရတနာခုနစ်ပါးအတိပြီးသော နတ်တို့စီမံဖန်ဆင်းအပ်သည့် ရတနာရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် ပိဋကတ်သုံးပုံကို သုံးသပ်ဆင်ခြင် စံပယ်တော်မူရာအရပ် ဖြစ်သည်။

(၅) **အဇပါလ သတ္တာဟ** ။ ။ ထို့နောက် ဗောဓိပင်မှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံအကွာ အဇပါလမည်သော ဆိတ်ကျောင်း ညောင်ပင်ရင်းသို့ ကပ်တော်မူ၍ ဖလသမာပတ် ဝင်စားနေတော်မူသည်။ ထိုနေရာသည် မာရ်နတ်၏ သမီးသုံးယောက်က ဖြားယောင်းကြသည်ကို ဘုရားရှင် အောင်မြင်တော်မူရာအရပ် ဖြစ်ပေသည်။

(၆) **မုစလိန္ဒာ သတ္တာဟ** ။ ။ ထို့နောက် မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာ ငါးဆယ့်တစ်လံကွာတွင်ရှိသော မုစလိန္ဒာမည်သော အိုင်အနီးကျည်းပင်ကြီးအရင်း၌ သီတင်းသုံးနေတော်မူရာ စကြဝဠာတိုက်အလုံးနှံ့အောင်ရွာသော အခါမဲ့မိုးကြီး စွေရွာသည်ကို မုစလိန္ဒာနဂါးမင်းသည် မိမိဗိမာန်မှ ထွက်၍ မြတ်စွာဘုရားရှင်အား တစ်စုံတစ်ရာထိပါး မညှဉ်းဆဲနိုင်စေရန် ကြီးစွာသော ကိုယ်ကိုဆောင်ယူ၍ တစ်ပိုင်းတစ်ခွေကို ပလ္လင်ခင်းပြီး ကိုယ်တော်ကို (၇)ရစ်ပတ်ရံလျက် ဦးခေါင်းတော်အထက်၌ ပါးပျဉ်းဖြင့် အုပ်မိုး၍ မိုးမစွတ်ရအောင် အုပ်မိုးတည်နေလေသည်။ ဘုရားရှင်သည် နဂါးမင်း၏ အခွေထက်ဝယ် (၇)ရက်ပတ်လုံး နေတော်မူရာအရပ် ဖြစ်သည်။

(၇) **ရာဇာယတန သတ္တာဟ** ။ ။ ထို့နောက် ဘုရားရှင်သည် မဟာဗောဓိပင်မှ တောင်ဘက် အလံ(၄၀)အကွာတွင် တည်ရှိသော လင်းလွန်းပင်ရင်း၌ (၇)ရက်ပတ်လုံး သမာပတ်ကို




www.burmeseclassic.com

www.burmeseclassic.com

စံစား၍ နေတော်မူသည်။ ထိုနေရာ၌ပင် ဥက္ကလာဇနပုဒ်မြို့မှ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်အား သာသနာတော်၌ ပထမဦးဆုံးသော သရဏဂုံနှစ်ပါး တည်စေ၍ ဆံတော် ဓာတ်တော်များ ပေးတော်မူလေသည်။

ဤကဲ့သို့ ဂေါတမမြတ်စွာဘုရားသည် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသည့်နေ့မှစ၍ (၄၉)ရက်တိုင်တိုင် (၇)နေရာဌာနတို့၌ စံပယ်တော်မူခဲ့လေသည်။



မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ
စတုတ္ထသတ္တာဟ ရတနာဃရရွှေအိမ်တော်

အထက်ပါ သတ္တာဟ ခုနစ်ဌာနတွင် စတုတ္ထသတ္တာဟဖြစ်သော 'ရတနာဃရရွှေအိမ်' ၌ စံပယ်နေတော်မူသော် ဝိနည်း ပိဋကတ်၊ သုတ္တန် ပိဋကတ်၊ အဘိဓမ္မာ ပိဋကတ်တို့ကို သုံးသပ်ဆင်ခြင်တော်မူခဲ့ရာ မဟာပကရဏဖြစ်သော ပဋ္ဌာန်းကျမ်းသို့ရောက်လျှင် ထက်ဝန်းကျင်မှ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်း၊ ပြိုးပြိုးပြက်ပြက်အားဖြင့် အဆင်းရှိသော ရောင်ခြည်တော်တို့ အနန္တ စကြဝဠာတိုင် ပျံ့နှံ့၍ ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးခဲ့လေသည်။ မြတ်စွာဘုရားရှင်သည် ထိုသို့ ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်တော်မူသည့်အခါမှသာလျှင် ထိုကဲ့သို့သော ရောင်ခြည်သတ္တိများ ထွက်ပေါ်လာခဲ့လေသည်။

ထို့ကြောင့် အဘိဓမ္မာခုနစ်ကျမ်း၌ မဟာပဋ္ဌာန်းကျမ်း(တရားတော်)သည် အခက်ခဲဆုံးနှင့် အနက်နဲဆုံး အဆန်းကြယ်ဆုံး(တရားတော်) ဖြစ်လေသည်။(နီ၊ ၄၊ ၃)

ဗုဒ္ဓမြတ်စွာသည် မဟာပဋ္ဌာန်းကျမ်း အပါအဝင်ဖြစ်သော အဘိဓမ္မာတရားတော်များကို ခက်ခဲနက်နဲစွာဖြင့် ဆင်ခြင်သုံးသပ် ပွားများခဲ့ပေမယ့်လည်း ထိုပဋ္ဌာန်းကျမ်း တရားတော်များကို လူ့ပြည်၌ အသုံးချခွင့် ဟောကြားနိုင်ခွင့် မရှိခဲ့ပေ။

**တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောတော်မူခြင်း**

ဗုဒ္ဓမြတ်စွာသည် ထိုပဋ္ဌာန်းကျမ်းကို စတင်ဟောကြားနိုင်ခဲ့သော အချိန်ကာလသည် တာဝတိံသာနတ်ပြည်၌ သတ္တမ ဝါဆိုတော်မူသောအချိန်(မဟာသက္ကရာဇ် ၁၀၉နှစ်) ဘီစီ-၅၈၃ တွင် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ဤမဟာပဋ္ဌာန်းတရား အပါအဝင် အဘိဓမ္မာတရားကို ဟောကြားတော်မူခဲ့သော အချိန်ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်ပြီး ၇ ဝါ ရှိသောအချိန် သက်တော်အားဖြင့် ၄၂ နှစ်အရွယ်၌ လူ့လောက၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားနှင့်တကွ အင်္ကုရ၊ ဣန္ဒက စသည့် များစွာသော နတ်ဗြဟ္မာတို့အား တရားနာခြင်းအလို့ငှာ တာဝတိံသာနတ်ပြည်သို့ ကြွရောက်လာခြင်း ဖြစ်သည်။

ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ အစရှိသော အဘိဓမ္မာ ဒေသနာတော်မြတ်တို့ကို နေ့စဉ်မပြတ် ဟောကြားတော်မူခဲ့လေသည်။

ထိုကဲ့သို့ ဝါတွင်းသုံးလ ကာလပတ်လုံး အသံမပြတ် အကျယ်အားဖြင့် တရားဟောကြားတော်မူခဲ့ပါသည်။ ထိုသို့ အသံမပြတ် တရားဟောကြားရာတွင် ဆွမ်းခံ ဆွမ်းစားချိန်တို့၌ နိမ္မိတရုပ်ပွားဘုရားကို တာဝတိံသာနတ်ပြည်၌ ဖန်ဆင်းထားခဲ့ပြီး လူ့ပြည်ရှိ ဟိမဝန္တာအရပ် အနောတတ္တအိုင်သို့ ကြွရောက်တော်မူ၍ ကိုယ်လက်သန့်စင်ပြီး မြောက်ကျွန်းသို့ ဆွမ်းခံကြွရလေသည်။

မြောက်ကျွန်းမှ ဆွမ်းခံခဲ့ပြီးနောက် အနောတတ္တအိုင်သို့ တစ်ဖန်ပြန်ကြွလာခဲ့၍ ဆွမ်းဘုဉ်းပေးရ၏။ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ နေ့သန့်စင်ရန်အတွက် စန္ဒကူးတောသို့ ကြွရောက်တော်မူခဲ့လေသည်။

ထိုအချိန်၌ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဗုဒ္ဓမြတ်စွာကို အလုပ်အကျွေးပြုစုရန်အတွက် စန္ဒကူးတောသို့ ကြွရောက်တော်မူလာခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာက. . .

**"သာရိပုတ္တရာ၊ ငါဘုရားသည် နတ်၊ ဗြဟ္မာ အပေါင်းတို့အား ဤရွေ့ ဤမျှလောက်သော တရားများကို ဟောကြားခဲ့ပြီးပြီ"**



www.burmeseclassic.com

www.burmeseclassic.com

ဟု မိန့်ဆိုပြီးလျှင် ရှင်သာရိပုတ္တရာမထေရ်အား ရာ,ထောင်,သောင်း,သိန်း မကသော နည်းမျိုးစုံတို့ဖြင့် သင်ကြားပြသ၍ အကျဉ်းအားဖြင့် တရားပေးတော်မူခဲ့သည်။

ဤသို့ဖြင့် မြတ်စွာဘုရားသည် ဝါတွင်းသုံးလ ပတ်လုံး အဘိဓမ္မာတရားကို ဟောကြားတော်မူ၍ ဒေသနာ တော်၏အဆုံး၌ ကုဋေရှစ်သန်းမျှလောက်သော နတ်ဗြဟ္မာတို့ သည် 'သစ္စာလေးပါးတရား'ကို မြင်ကုန်၏။ မယ်တော် သန္တုသိတ နတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေသည်။

သစ္စာလေးပါးမှာ -

(၁) ဒုက္ခသစ္စာ = ဆင်းရဲခြင်း

(၂) သမုဒယသစ္စာ = ဆင်းရဲခြင်း၏အကြောင်း

(၃) နိရောဓ သစ္စာ = ဆင်းရဲခြင်း၏ ကုန်ဆုံးရာ နိဗ္ဗာန်

(၄) မဂ္ဂသစ္စာ = ဆင်းရဲခြင်း၏ ကုန်ဆုံးရာနိဗ္ဗာန်ကို ညွှန်ပြသော လမ်းစဉ်တို့ ဖြစ်ပါသည်။

နတ်ပြည်တွင် နတ်ပြည်ခြောက်ထပ်ရှိသည်။ ၎င်းနတ်ပြည်ခြောက်ထပ်တို့မှာ -

၁။ စာတုမဟာရာဇ် - Cātumahārājika

၂။ တာဝတိံသာ - Tāvatimsā

၃။ ယာမာ - Yāmā

၄။ တုသိတာ - Tusitā

၅။ နိမ္မာနရတိ - Nimmānarati

၆။ ပရနိမ္မိတဝသဝတ္တီ - Paranimmitavasavatti

**ပဋ္ဌာန်းကျမ်း ဆိုသည်မှာ -**

ဗုဒ္ဓမြတ်စွာမှ စတင်၍ အရှင်သာရိပုတ္တရာ မထေရ် မြတ် သင်ကြားပြသဟောကြားခဲ့သော ဒ ဓမ္မာတရားတော် (ကျမ်း)များကတော့ ရှေးသင်္ဂါယနာတင် ထေရ်အရှင်တို့၏ မှတ်တမ်းတင်ချက်များအရ -

(၁) ဓမ္မသင်္ဂဏီကျမ်း

(၂) ဝိဘင်းကျမ်း

(၃) ဓာတုကထာကျမ်း

(၄) ပုဂ္ဂလပညတ်ကျမ်း

(၅) ကထာဝတ္ထုကျမ်း

(၆) ယမိုက်ကျမ်း

(၇) ပဋ္ဌာန်းကျမ်း ဟူ၍ ၇ ကျမ်း ဖြစ်သည်။

၇ ကျမ်းဟု ဆိုသော်လည်း စာအုပ်ရေအားဖြင့် ၁၂ အုပ် ဖြစ်ပါသည်။ ထို ၁၂ အုပ်နှင့် ယင်းတို့၏ အဖွင့်ကျမ်းများ ဖြစ်ကြသော အဋ္ဌကထာ ၃ အုပ်၊ ဋီကာ ၃ အုပ်တို့ကို အဘိဓမ္မာပိဋကဟု ဆိုသည်။

ယခုခေတ် ရွတ်ဖတ်ပူဇော်သည့် မဟာပဋ္ဌာန်း ကျမ်းသည် ပါဠိတော်(မူရင်း)အုပ်ရေအားဖြင့် ၅ အုပ်ရှိပြီး အဘိဓမ္မာ ပိဋကတွင် အုပ်ရေအများဆုံး ကျမ်းစာဖြစ်သလို အဘိဓမ္မာ ပိဋက၌ နောက်ဆုံးကျမ်းစာလည်း ဖြစ်သည်။

မဟာပဋ္ဌာန်းကျမ်းကို မရွတ်ဖတ်မီ၊ မပူဇော်မီ ရှေးဦးစွာ အဘယ်ကြောင့် ပဋ္ဌာန်းမည်ပါသလဲ ဆိုသည်ကို သိထားရန် လိုအပ်ပါသည်။

'ပဋ္ဌာန်း' ဆိုသော အသုံးအနှုန်း ဝေါဟာရစကား သည် 'ပဋ္ဌာန' ဟူသော ပါဠိစကားကို 'ပဋ္ဌာန်း' ဟု မြန်မာမှု မြန်မာဟန် မြန်မာစကား ပြုထားခြင်း ဖြစ်သည်။

'ပဋ္ဌာန' ဟူသော အက္ခရာပါဠိစကား သုံးလုံးကို ပုဒ်ခွဲလိုက်သောအခါ(ပ+ဋ္ဌာန) ပ-တစ်ပုဒ်၊ ဋ္ဌာန-တစ်ပုဒ် ဟု နှစ်ပုဒ် ဖြစ်လာသည်။

ထိုတွင် 'ပ' ဟူသည်မှာ အမျိုးမျိုး အပြားပြားဟု အဓိပ္ပာယ်ရသည်။

'ဋ္ဌာန' ဟူသည်မှာ အကြောင်းပစ္စည်းတရားတို့ တည်ရာဌာနဟု အဓိပ္ပာယ်ရသည်။

ထိုပါဠိအက္ခရာနှစ်ပုဒ်ကို အများနားလည်အောင် ဘာသာပြန်ရရင် မြတ်စွာဘုရားသည် အမျိုးမျိုးသော အကြောင်းပစ္စည်းတရားတို့ကို ဟောထားရာဖြစ်သောကျမ်းကို 'ပဋ္ဌာန်းကျမ်း' ဟု ခေါ်ပါသည်။

ထို့ကြောင့် ပဋ္ဌာန်းတရားအမျိုးပေါင်း များစွာဟော ထားရာမှ ဖြစ်သောကျမ်းကို 'မဟာပဋ္ဌာန်းကျမ်း' ဟုဆိုသည်။ (ပဋ္ဌာန်းအဋ္ဌကထာ၊ စာ-၃၄၃)

ထိုပဋ္ဌာန်းကျမ်းသည် အုပ်ရေအားဖြင့် ၅ အုပ်၊ စာမျက်နှာအားဖြင့် ၂၆၄၀ မျက်နှာ ရှိပါသည်။ ၎င်းတို့ကို မနားတမ်း ရွတ်ဖတ်ပူဇော်ပါက ၁၃၂-နာရီ ကြာသည်။ မြုပ်ထားသော ပ-ဟူသော ပေယျာလပါဠိတွေကို ဖော်ထုတ် ရေးသား ရွတ်ဖတ်ပူဇော်ကြမည်ဆိုပါက ဤတစ်သက် ကုန်ဆုံးနိုင်ဖွယ် မရှိပါ။(ပဋ္ဌာန်းအဋ္ဌကထာ၊ စာ-၄၈၇)



www.burmeseclassic.com

www.burmeseclassic.com

### ပဋ္ဌာန်းရွတ်ဖတ်ခြင်း

ပဋ္ဌာန်းမရွတ်မီ ရောင်ခြည်တော်ဖွင့် ဘုရားပင့် ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပါ။

**ရောင်ခြည်တော်ဖွင့် ဘုရားပင့်ဂါထာတော်**

နီလာ နီလာ နိစ္စရန္တိ၊
ပီတာ ပီတာ စ ရံသိယော၊
လောဟိတာ လောဟိတာစာဘာ၊
ဩဒါတော ဒါတရံသိယော၊

*(လယ်တီပဏ္ဍိတ-ဦးမောင်ကြီး)*

**ပဋ္ဌာန်းဘုရားရှိခိုး**

နာနပ္ပကာရပဋ္ဌာနာနိ၊
ဗောမိတာနေတ္တ မုနိနော၊
အနန္တနယပဋ္ဌာနံ၊
ဝန္ဒေ အနန္တဂေါစရံ။

*(ဆရာတော် အရှင်ဇနကာဘိဝံသ)*

**ပဋ္ဌာန်းပူဇော်ရကျိုး ၆ ပါး**

(၁) ရင်ဆိုင်ကြုံရ၊ ဘေးဒုက္ခ၊ မုချလွတ်မြောက်မည်၊
ရင်ဆိုင်တွေ့ကြုံ ခံစားနေရသည့် ဘေးအန္တရာယ် အမျိုးမျိုးတို့မှ လွတ်မြောက်နိုင်ခြင်း။

(၂) လာမည့်ဘေးလဲ မကြုံလွှဲ၊ မုန်ပဲ လွတ်မြောက်မည်။
ကျရောက်လတ္တံ့သော ဘေးအန္တရာယ်အသွယ်သွယ် တို့မှ ရှောင်လွှဲလွတ်မြောက်နိုင်ခြင်း။

(၃) အပြစ်ကင်းဖဲ၊ ကောင်းကျိုးလဲ၊ အောင်မြဲ အောင်ရမည်။
အပြစ်ကင်း၍ ကောင်းကျိုးဖြစ်စေမည့် ဆောင်ရွက်ချက်များ ပြီးမြောက်အောင်မြင်နိုင်ခြင်း။

(၄) အပြစ်ယှဉ်တွဲ၊ ဆိုးကျိုးလဲ၊ ရှောင်လွှဲနိုင်ရမည်။
အပြစ်ရှိ၍ မကောင်းကျိုးဖြစ်စေမည့် ကျူးလွန်ခြင်း တို့မှ ရှောင်လွှဲနိုင်ခြင်း။

(၅) မွန်မြတ်လှမြဲ၊ လုပ်ရပ်လဲ၊ မုန်ပဲပြီးမြောက်မည်။
မိမိတို့ နေ့စဉ်နေ့တိုင်း ကောင်းမြတ်သော စိတ်ဓာတ်များဖြင့် ပြုလုပ်ဆောင်ရွက်နေသော ဆောင်ရွက်ချက် များ ပြီးမြောက်အောင်မြင်နိုင်ခြင်း။

(၆) ဆုံးစွန်ကျလဲ၊ နိဗ္ဗာန်ပဲ၊ မလွဲရောက်နိုင်သည်။
အဆုံးစွန်သော(နောက်ဆုံး)ဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အစရှိသော အကျိုးတရားတို့ကို ရွတ်ဖတ်သူ ပူဇော်သူ နာကြားသူတို့ ရရှိခံစားရလိမ့်မည်ဟု ယုံကြည်မျှော်လင့်နိုင်ခြင်း စသည့် အကျိုးကို ရရှိပါသည်။

**ပဋ္ဌာန်းပါဠိတော်**

| | |
|---|---|
| ဟေတုပစ္စယော | အာရမ္မဏပစ္စယော |
| အဓိပတိပစ္စယော | အနန္တရပစ္စယော |
| သမနန္တရပစ္စယော | သဟဇာတပစ္စယော |
| အညမညပစ္စယော | နိဿယပစ္စယော |
| ဥပနိဿယပစ္စယော | ပုရေဇာတပစ္စယော |
| ပစ္ဆာဇာတပစ္စယော | အာသေဝနပစ္စယော |
| ကမ္မပစ္စယော | ဝိပါကပစ္စယော |
| အာဟာရပစ္စယော | ဣန္ဒြိယပစ္စယော |
| ဈာနပစ္စယော | မဂ္ဂပစ္စယော |
| သမ္ပယုတ္တပစ္စယော | ဝိပ္ပယုတ္တပစ္စယော |
| အတ္ထိပစ္စယော | နတ္ထိပစ္စယော |
| ဝိဂတပစ္စယော | အဝိဂတပစ္စယောတိ |

ပစ္စယုဒ္ဒေသော နိဋ္ဌိတော
(ပဋ္ဌာန်း ၂၄ ပစ္စည်း အကျဉ်း)

**ပဋ္ဌာန်းဆုတောင်း**

၁။ ဟေတုပစ္စယော ။ ။ အကုသိုလ်ကင်း၍ ကုသိုလ် နှင့်ယှဉ်တွဲရပါစေသား။

၂။ အာရမ္မဏပစ္စယော ။ ။ မျက်စိနှင့်နားသည် နိဗ္ဗာန် သို့ မျက်မှောက်ပြုရပါစေသား။

၃။ အဓိပတိပစ္စည်းယော ။ ။ ရုပ်နာမ်နှစ်ပါးတို့စောင့် ရှောက်ထိန်းသိမ်းနိုင်ရပါစေသား။

၄။အနန္တရပစ္စယော ။ ။ များလှစွာသော ကုသိုလ် တရားကို မျက်မှောက်ပြုရပါစေသား။



www.burmeseclassic.com

www.burmeseclassic.com

**၅။ သမနန္တရပစ္စယော** ။ ။ ရုပ်နှင့်နာမ် အတူရှိသော တရားကို မျက်မှောက်ပြုရပါစေသား။

**၆။ သဟဇာတပစ္စယော** ။ ။ ရုပ်ရုပ်ချင်း နာမ်နာမ်ချင်း ထင်ရှားစွာ သိရပါစေသား။

**၇။ အညမညပစ္စယော** ။ ။ ရုပ်မှနာမ်သို့ နာမ်မှရုပ်သို့ ပြောင်းလဲရန် သိရပါစေသား။

**၈။ နိဿယပစ္စယော** ။ ။ ရုပ်နှင့်နာမ်နှစ်ပါးတို့၏ တည်ရာကို သိရပါစေသား။

**၉။ ဥပနိဿယပစ္စယော** ။ ။ ရတနာသုံးပါးကို ဦးထိပ်ထားရပါစေသား။

**၁၀။ ပုရေဇာတပစ္စယော** ။ ။ ရှေးကဖြစ်သော အကုသိုလ်ကိုယ်၍ ကုသိုလ်ကို မျက်မှောက်ပြုရပါစေသား

**၁၁။ ပစ္ဆာဇာတပစ္စယော** ။ ။ နောက်မှဖြစ်သော အကုသိုလ်ကိုယ်၍ ကုသိုလ်ကို မျက်မှောက်ပြုရပါစေသား

**၁၂။ အာသေဝနပစ္စယော** ။ ။ လိုရာဆန္ဒမရှိအောင် ပြည့်စုံရပါစေသား။

**၁၃။ ကမ္မပစ္စယော** ။ ။ ကံသုံးပါးကို ထိန်းသိမ်းနိုင်ရပါစေသား။

**၁၄။ ဝိပါကပစ္စယော** ။ ။ ဝဋ်ကြွေးသုံးသွယ်ကို ပယ်ဖျောက်ရပါစေသား။

**၁၅။ အာဟာရပစ္စယော** ။ ။ လိုရာဆန္ဒကို ပြည့်စုံစွာ ထောက်ပံ့နိုင်ရပါစေသား။

**၁၆။ ဣန္ဒြိယပစ္စယော** ။ ။ နာမ်ရုပ်ကို ထိန်းသိမ်းတတ်သောပညာနှင့် ပြည့်စုံရပါစေသား။

**၁၇။ ဈာနပစ္စယော** ။ ။ သူတော်ကောင်းတရား ခုနစ်ပါး ဉာဏ်စဉ်ငါးပါးနှင့် ပြည့်စုံရပါစေသား။

**၁၈။ မဂ္ဂပစ္စယော** ။ ။ ဘာဝနာတရားနှစ်ပါးအပေါင်းကို အာရုံပြု၍ အထွတ်အထိပ်ပညာကို ရရှိပါစေသား။

**၁၉။ သမ္ပယုတ္တပစ္စယော** ။ ။ သူတော်ကောင်းတို့နှင့် ပေါင်း၍ ခုနစ်ဖြာသောတရားနှင့် ယှဉ်တွဲရပါစေသား။

**၂၀။ ဝိပ္ပယုတ္တပစ္စယော** ။ ။ သူယုတ်မာနှင့်ဝေး၍ အကုသိုလ် ကင်းရှင်းရပါစေသား။

**၂၁။ အတ္ထိပစ္စယော** ။ ။ သမုတိနတ်၏ အရှိကို ဟုတ်မှန်စွာ သိရပါစေသား။

**၂၂။ နတ္ထိပစ္စယော** ။ ။ ပရမတ္ထ မရှိတရား၏အသိကို မျက်မှောက်ပြုရပါစေသား။

**၂၃။ ဝိဂတပစ္စယော** ။ ။ ရှေ့ဦပွင့်ကုန်ပြီးသော ဘုရားတို့ကို ရှိခိုးပါရစေသား။

**၂၄။ အဝိဂတပစ္စယော** ။ ။ ပွင့်လတ္တံ့သော ဘုရားတို့ကို ရှိခိုးရပါစေသား။

## ၂၄ ပစ္စည်း အဓိပ္ပာယ်အကျဉ်း

၁။ ဟေတုပစ္စယော - ဟိတ်ခြောက်ပါးဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) ပညောင်ပင် အစရှိသည်တို့၏ အမြစ်သည် ထိုသစ်ပင်အား မြဲမြံခိုင်ခံ့စွာ တည်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့(ဟိတ်ခြောက်ပါးသည် သမ္ပယုတ်တရားတို့အား မြဲမြံခိုင်ခံ့အောင် အမြစ်သဖွယ်)ကျေးဇူးပြုတတ်သောတရား။

(ကျေးဇူးပြုသည်ဆိုရာ၌ - မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်စေခြင်း၊ ဖြစ်ပေါ်ပြီးသည်ကို တည်နေစေခြင်း၊ တည်နေသည်ကို တိုးပွားစေခြင်းတို့ပင်တည်း)

**၂။ အာရမ္မဏပစ္စယော** - အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) ကြိုးတန်း၊ တောင်ဝှေး အစရှိသည်တို့သည် မစွမ်းမသန်သောသူတို့အား ထခြင်း၊ ရပ်ခြင်း၊ သွားခြင်း ကိစ္စကို ပြီးစေသကဲ့သို့ အာရုံသည် စိတ်စေတသိက်အား ဖြစ်ပေါ်လာစေရန် ကျေးဇူးပြုတတ်သောတရား။

**၃။ အဓိပတိပစ္စယော** - အကြီးအမှူးဖြစ်၍ ကျေးဇူးပြု တတ်သောတရား။

(တစ်နည်း) စကြဝတေးမင်းသည် အထွတ်အထိပ် အချုပ်အခြာ အာဏာတန်ခိုးဖြင့် တစ်ပါးသောသူတို့၏ ကြီးသောသတ္တိကို တားမြစ်၍ တိုင်းနိုင်ငံသူ နိုင်ငံသားတို့အား အကြီးအကဲ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့(ပစ္စယုပ္ပန်တို့အား အကြီးအမှူးအဖြစ်ဖြင့်) ကျေးဇူးပြုတတ်သောတရား။

**၄။ အနန္တရပစ္စယော** - အခြားမဲ့(တစ်ဆက်တည်း အကြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) စကြဝတေးမင်း၏ နတ်ရွာလားခြင်း



www.burmeseclassic.com

www.burmeseclassic.com

သည် သားကြီးရတနာအား မင်းအဖြစ် အဘိသိက်ခံခြင်းငှာ ကျေးဇူးပြုတတ်သကဲ့သို့ အခြားမဲ့ အခြားမရှိ(တစ်ဆက်တည်း) ကျေးဇူးပြုတတ်သောတရား။

၅။ **သမနန္တရပစ္စယော** - ကောင်းစွာ အခြားမဲ့ (တစ်ဆက်တည်း အကြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

(တစ်နည်း) စကြဝတေးမင်း၏ အရည်ဝါသီ တောထွက်တော်မူ၍ ရဟန်းပြုခြင်းသည် သားကြီးရတနာ အား မင်းအဖြစ်ကို ရစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကောင်းစွာ အခြားမဲ့ အခြားမရှိ ကျေးဇူးပြုတတ်သောတရား။

၆။ **သဟဇာတပစ္စယော** - အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) ဆီမီးသည် မိမိတောက်သည်နှင့် တစ်ပြိုင်နက် အတူတကွ အလင်းကို ဖြစ်စေသကဲ့သို့ ထို့အတူ အကြောင်းတရားတို့သည် မိမိတို့ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ပစ္စယုပ္ပန် အကျိုးတရားတို့ကိုလည်း တစ်ပြိုင် နက် အတူတကွ ဖြစ်ပေါ်လာစေအောင် ကျေးဇူးပြုတတ်သော တရား။

၇။ **အညမညပစ္စယော** - အချင်းချင်း အပြန် အလှန် ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) သစ်သားသုံးခွ တိဒဏ္ဍသည် အချင်း ချင်း တစ်ချောင်းသည် တစ်ချောင်းအား ထောက်ပံ့နိုင်စေခြင်း ငှာ အပြန်အလှန် ကျေးဇူးပြုသကဲ့သို့ အချင်းချင်း အပြန် အလှန် ကျေးဇူးပြုတတ်သောတရား။

၈။ **နိဿယပစ္စယော** - မှီရာ တည်ရာဖြစ်၍ ကျေးဇူး ပြုတတ်သောတရား။

(တစ်နည်း) မြေကြီးသည် သစ်ပင် အစရှိသည်တို့ အား မှီရာ တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သကဲ့သို့ မှီရာ တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

၉။ **ဥပနိဿယပစ္စယော** - အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) မိုးတွင်းသုံးလပတ်လုံး ရွာသောမိုးကြီး သည် ထိုမိုးကို မှီကုန်သော သစ်ပင်၊ သတ္တဝါ အစရှိသည်တို့ အား အားကြီးသော အကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ (အားကြီးသော အကြောင်းအဖြစ်ဖြင့်)ကျေးဇူးပြုတတ်သော တရား။

၁၀။ **ပုရေဇာတပစ္စယော** - ရှေး၌ ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) ကမ္ဘာဦး၌ဖြစ်သော နေ၊ လတို့သည် မိမိတို့ ထင်ရှားရှိခိုက် အလင်းကို မှီကုန်သော သတ္တဝါတို့အား ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သကဲ့သို့(ရှေး၌ဖြစ်နှင့်၍) ကျေးဇူးပြုတတ်သောတရား။

၁၁။ **ပစ္ဆာဇာတပစ္စယော** - နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) လင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်း စေတနာသည် နောက်မှဖြစ်၍ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အရှင်ဇာကုလ ရဟန္တာအလောင်းသည် မွေးခါစ နို့စို့အရွယ်အခါက သမုဒ္ဒရာအလယ်၌ ရေထဲသို့ ကျသွားရာ ငါးမန်း မျိုနစ်၍ မသေ။ ထိုသို့မသေရခြင်းမှာ နောင်အခါ ရဟန္တာ ဖြစ်မည့် သတ္တိက အရှင်ဇာကုလအား မသေစေရန် အကျိုးပြု သောကြောင့်တည်း။

၁၂။ **အာသေဝနပစ္စယော** - အဖန်တလဲလဲ မှီဝဲ ထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) ရှေးရှေး၌ ထုံအပ်သော နံ့သာသည် နောက်နောက်၌ ထုံအပ်သော နံ့သာအား အဆင်းအနံ့ လွန်စွာတိုးပွား ခိုင်မြဲစွာ ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်း ကောင်း၊ ရှေးရှေးသင်အပ်သော ကျမ်းဂန်သည် နောက် နော[illegible]အပ်သော ကျမ်းဂန်အား လေ့ကျင့်ခြင်းငှာ အားရှိ ၍ [illegible]ုသကဲ့သို့လည်းကောင်း အဖန်တလဲလဲ မှီဝဲ ထုံ[illegible]ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

၁၃။ **ကမ္မပစ္စယော** - စီရင်ခြင်း သံဝိဓာနကိစ္စနှင့် မျိုးစေ့ဖြစ်စေခြင်း ဗီဇနိဓာနကိစ္စဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

(တစ်နည်း) ကောင်းစွာ သိုမှီးသိမ်းဆည်းစီရင်အပ် သော မျိုးစေ့သည် အညွန့်အညှောက်၏ ဖြစ်ခြင်းငှာ အမှုအရာ လုံ့လ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

၁၄။ **ဝိပါကပစ္စယော** - အကျိုးဖြစ်၍ ကျေးဇူးပြု တတ်သောတရား။



www.burmeseclassic.com

www.burmeseclassic.com

(တစ်နည်း) ချမ်းအေးသောလေသည် ချမ်းအေးသောအရိပ်၌ နေသောသူအား ချမ်းငြိမ်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကံတို့၏ အကျိုးအဖြစ်ဖြင့်(ငြိမ်သက်သည်ဖြစ်၍) အထောက်အပံ့ပြုမှုဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၅။ အာဟာရပစ္စယော** - ထောက်ပံ့ ခိုင်ခံ့စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) ထောက်ကန်သော တိုင်သစ်သည် အိမ်ဟောင်းအား မြဲမြံစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ (ထောက်ပံ့တတ်)ဆောင်တတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၆။ ဣန္ဒြိယပစ္စယော** - အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) တစ်နိုင်ငံ၊ တစ်ပြည်တည်း၌ အသီးသီးဆိုင်ရာ ကိစ္စတာဝန်ကို ပေးအပ်ခံရသည့် အစိုးရသော လက်အောက်ခံမင်းတို့သည်(အချင်းချင်း ထိုအစိုးရသော သတ္တိကို မမြစ်မူ၍) မိမိတို့၏ တာဝန်အရာ၌ အစိုးတရ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၇။ ဈာနပစ္စယော** - ကပ်၍ စူးစူးစိုက်စိုက်ရှုတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) တောင်ဖျား၊ သစ်ပင်ဖျားသို့ တက်၍ ကြည့်သောသူသည် အဝေးအနီး အရပ်တို့ကိုမြင်ခြင်း၊ ထိုမြင်ခြင်း၌ အလိုရှိသောသူအား ကျေးဇူးပြုသကဲ့သို့ ကပ်၍ရှုတတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၈။ မဂ္ဂပစ္စယော** - ထွက်မြောက်ကြောင်း နည်းလမ်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသောသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့လည်းကောင်း၊ ထိုမှာဘက်မှ ဤမှာဘက်သို့ ကူးလိုသောသူသည် ထိုမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့လည်းကောင်း ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ဆောင်ပို့ထွက်မြောက်ကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၉။ သမ္ပယုတ္တပစ္စယော** - ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) နို့ရည်၊ ထောပတ်၊ ပျား၊ သကာ ဟူသော စတုမဓု အရသာသည် အချင်းချင်း နှီးနှောရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ အတူတကွ ယှဉ်ခြင်းဖြင့် ကျေးဇူးပြုတတ်သောတရား။

**၂၀။ ဝိပ္ပယုတ္တပစ္စယော** - မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား

(တစ်နည်း) ခြောက်ပါးသော အရသာသည် အချင်းချင်း မနှီးမနှော မရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ မနှီးမနှော မယှဉ်ခြင်းဖြင့် ကျေးဇူးပြုတတ်သောတရား။

**၂၁။ အတ္ထိပစ္စယော** - ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) ဟိမဝန္တာတောင်မင်းသည် မိမိကို မှီသောအားဖြင့် သစ်ပင်၊ မြက်ပင် စသည်တို့အား ပြန့်ပွားစေခြင်းငှာ မိမိထင်ရှားရှိနေခြင်းအားဖြင့် ကျေးဇူးပြုသကဲ့သို့ ထင်ရှားရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၂၂။ နတ္ထိပစ္စယော** - မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) ညဉ့်၏ ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဆီမီး၏ ငြိမ်းခြင်းသည် အမိုက်မှောင် ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း မရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၂၃။ ဝိဂတပစ္စယော** - ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) နေ၏ဝင်ခြင်းသည် လရောင်လင်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကင်းချုပ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၂၄။ အဝိဂတပစ္စယော** - မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(တစ်နည်း) မဟာသမုဒ္ဒရာသည် မိမိကို မှီကုန်သော ငါးမကားရ်း အစရှိသည်တို့၏ ပီတိသောမနဿ ပွားခြင်းငှာ မိမိ၏ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မကင်းသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

(၂၄ ပစ္စည်း အဓိပ္ပာယ်အကျဉ်း)



www.burmeseclassic.com

www.burmeseclassic.com

## ပဋ္ဌာန်းမေတ္တာပို့

**၁။ ဟေတုပစ္စယော** = သတ္တဝါအားလုံး မကောင်းသော လောဘ၊ ဒေါသ၊ မောဟ အကုသိုလ် ဟိတ်တရားတို့ကို ပယ်ရှားနိုင်ကြ၍ ကောင်းမြတ်သော အလောဘ၊ အဒေါသ(မေတ္တာ)၊ အမောဟ(ပညာ) ကုသိုလ်ဟိတ်တရားတို့သာ အမြစ်သဖွယ် ကိန်းတည်ကြပြီး ကောင်းမြတ်သော စိတ်စေသိက် ရုပ်တရားတို့သာ နိဗ္ဗာန်တိုင်ထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ။

**၂။ အာရမ္မဏပစ္စယော** - သတ္တဝါအားလုံး မကောင်းသော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့နှင့် မတွေ့ကြုံကြဘဲ ကောင်းမြတ်သော အာရုံများနှင့်သာ တွေ့ကြုံကြ၍ ကောင်းမြတ်သော အကျိုးတရားတို့ကိုသာ ရရှိခံစားနိုင်ကြပါစေ။

**၃။ အဓိပတိပစ္စယော** = သတ္တဝါအားလုံးတို့သည် သဏ္ဍာန်၌ မထက်မြက်သော ညံ့သောဆန္ဒ၊ ဝီရိယ၊ စိတ်ပညာတရားတို့သာ အကြီးအမှူး ဦးစီးဦးဆောင် မပြုကြဘဲ ထက်မြက်သောကောင်းသော ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ တရားတို့သာ အကြီးအမှူး ဦးစီးဦးဆောင်ပြုကြလျက် အလွန်အကျူး အထူးကြီးကျယ် မြင့်မြတ်သော အကျိုးတရားတို့သာ ရရှိခံစားနိုင်ကြပါစေ။

**၄။ အနန္တရပစ္စယော** - သတ္တဝါအားလုံး မကောင်းသောစိတ်+စေတသိက်(နာမ်)တရားတို့ အကြားအလပ်မရှိ ဆက်ကာ ဆက်ကာ မဖြစ်ကြဘဲ၊ ကောင်းမြတ်သောစိတ်+စေတသိက်(နာမ်)တရားတို့သာ အကြားအလပ်မရှိ စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာ ဖြစ်ပွားနိုင်ကြပါစေ။

**၅။ သမနန္တရပစ္စယော** = သတ္တဝါအားလုံး မကောင်းသော စိတ်+စေတသိက်(နာမ်)တရားတို့(ကောင်းစွာ) အကြားအလပ်မရှိ၊ ဆက်ကာ ဆက်ကာ မဖြစ်ကြဘဲ၊ ကောင်းမြတ်သော စိတ်+စေတသိက်(နာမ်)တရားတို့သာ အကြားအလပ်မရှိ စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာ ဖြစ်ပွားနိုင်ကြပါစေ။

**၆။ သဟဇာတပစ္စယော** = သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားများ အတူတကွ မဖြစ်ကြဘဲ ကောင်းသော ရုပ်နာမ်တရားများသာ အတူတကွ ဖြစ်နိုင် ကျေးဇူးပြုနိုင်ကြပါစေ။

**၇။ အညမညပစ္စယော** = သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားများနှင့် အချင်းချင်း ယှဉ်တွဲ၍ အပြန်အလှန် ကျေးဇူးမပြုကြဘဲ ကောင်းမြတ်သော ရုပ်နာမ်တရားများတို့နှင့်သာ အချင်းချင်း ယှဉ်တွဲ၍ အပြန်အလှန် ကျေးဇူးပြုမှုကို ခံစားနိုင်ကြပါစေ။

**၈။ နိဿယပစ္စယော** = သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားတို့၌ မှီ၍ မဖြစ်ကြဘဲ၊ ကောင်းမြတ်သော ရုပ်နာမ်တရားတို့၌သာ အမှီပြု၍ ကောင်းကျိုးအမျိုးမျိုးတို့ကိုသာ ခံစားနိုင်ကြပါစေ။

**၉။ ဥပနိဿယပစ္စယော** = သတ္တဝါအားလုံး မကောင်းသော ပညတ်၊ နာမ်၊ ရုပ်တရားတို့နှင့် မကောင်းသော မိဘ၊ မကောင်းသောဆရာ၊ မိတ်ဆွေ၊ ရာသီဥတု၊ နေရာထိုင်ခင်း၊ အစားအသောက်တို့၌ အားကြီးသော မှီရာအဖြစ် မှီကြ၍ ကောင်းကျိုးအမျိုးမျိုးတို့ကိုသာ ခံစားရရှိနိုင်ကြပါစေ။

**၁၀။ ပုရေဇာတပစ္စယော** = သတ္တဝါအားလုံး မကောင်းသောအာရုံ ၅ ပါး၊ ရုပ်တရား၊ ဝတ္ထုရုပ်တရားများ၊ ရှေးဦးကြိုတင် မဖြစ်ကြဘဲ ကောင်းမြတ်သော အာရုံ ၅ ပါး၊ ရုပ်တရားများ၊ ဝတ္ထုရုပ်တရားများသာ ရှေးဦးကြိုတင်ဖြစ်နှင့်ကြ၍ ကောင်းမြတ်သော ကုသိုလ်တရား၊ အကျိုးဝိပါတ်တရားတို့သာ တိုးပွားဖြစ်ထွန်းနိုင်ကြပါစေ။

**၁၁။ ပစ္ဆာဇာတပစ္စယော** = သတ္တဝါအားလုံးတို့၏ ဖြစ်နှင့်ပြီးသော ရှေးရှေးရုပ်တရားအား နောက်နောက်မှဖြစ်သော နာမ်တရားများက ကျေးဇူးပြုရာတွင် မကောင်းသော အကုသိုလ်နာမ်တရားတို့၏ ကျေးဇူးပြုမှုကို မခံကြရဘဲ ကောင်းမြတ်သော ကုသိုလ်အဗျာကတ နာမ်တရားတို့၏ ကျေးဇူးပြုမှုကိုသာ ခံယူနိုင်ကြရပါစေ။

**၁၂။ အာသေဝနပစ္စယော** = သတ္တဝါအားလုံး မကောင်းသော အကုသိုလ်တရားများ အဖန်တလဲလဲ ထုံခြင်းသဘောဖြင့် ထပ်ကာ ထပ်ကာ မဖြစ်ပွားကြဘဲ ကောင်းမြတ်သော ကုသိုလ်တရား၊ ကြိယာအဗျာကတ တရားတို့သာ မဂ်ဖိုလ်နိဗ္ဗာန်တိုင်ထိ အဖန်တလဲလဲ ထုံခြင်းဖြင့် ထပ်ကာ ထပ်ကာ ဖြစ်ပွားနိုင်ကြပါစေ။

**၁၃။ ကမ္မပစ္စယော** = သတ္တဝါအားလုံး မကောင်းသော စေတနာ ကံတရားတို့ကို မပြုလုပ်ဖြစ်ကြဘဲ၊ ကောင်း



www.burmeseclassic.com

www.burmeseclassic.com

မြတ်သော စေတနာ ကံတရားတို့ကိုသာ ပြုလုပ်ဖြစ်ကြ၍ ယခုဘဝ နောင်ဘဝ နိဗ္ဗာန်တိုင်ထိ ကောင်းကျိုး အဆက်ဆက်တို့ကိုသာ ထပ်ကာ ထပ်ကာ ရရှိခံစားနိုင်ကြပါစေ။

**၁၄။ ဝိပါကပစ္စယော** = သတ္တဝါအားလုံး ကောင်းမြတ်သော အကျိုးတရားတို့ကိုသာ အဆက်မပြတ် ရရှိပိုင်ဆိုင်ကြ၍ ထိုမှတစ်ဆင့် ကောင်းမြတ်သော အကျိုးတရားအမျိုးမျိုးတို့ကိုသာ နိဗ္ဗာန်တိုင်ထိ ထပ်ကာ ထပ်ကာ ရရှိခံစားနိုင်ကြပါစေ။

**၁၅။ အာဟာရပစ္စယော** = သတ္တဝါအားလုံး ရရှိထားကြသော ရုပ်နာမ်ခန္ဓာကြီးအား မကောင်းသော ရုပ်အာဟာရဩဇာဓာတ်များ၊ မကောင်းသော နာမ်အာဟာရဓာတ်များဖြင့် အထောက်အပံ့ မပြုကြဘဲ ကောင်းမြတ်သော ရုပ်နာမ် အာဟာရဓာတ်တို့ဖြင့်သာ အထောက်အပံ့ပြုဖြစ်ကြ၍ နိဗ္ဗာန်ကို လွယ်ကူစွာ မျက်မှောက်ပြုနိုင်ကြပါစေ။

**၁၆။ ဣန္ဒြိယပစ္စယော** = သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားတို့၏ လွှမ်းမိုးအုပ်ချုပ် ချယ်လှယ်မှုကို မခံကြရဘဲ ကောင်းမွန်သော ရုပ်နာမ်တရားတို့၏ လွှမ်းမိုးအုပ်ချုပ်ချယ်လှယ်မှုတို့ကိုသာ နိဗ္ဗာန်တိုင်ထိ ရရှိခံစားနိုင်ကြပါစေ။

**၁၇။ ဈာနပစ္စယော** = သတ္တဝါအားလုံး မကောင်းသော အကုသိုလ်တရားတို့၌ စူးစူးစိုက်စိုက် အာရုံမပြုဖြစ်ကြဘဲ ကောင်းမြတ်သော ကုသိုလ်တရားတို့၌သာ စူးစူးစိုက်စိုက် အာရုံပြုနိုင်ကြ၍ နိဗ္ဗာန်တိုင်ထိ ကောင်းကျိုးတရားတို့ကို ရရှိနိုင်ကြပါစေ။

**၁၈။ မဂ္ဂပစ္စယော** = သတ္တဝါအားလုံး ဒုဂ္ဂတိဘုံသို့ ရောက်စေတတ်သည့် မကောင်းသော အကုသိုလ်မဂ္ဂင်ခရီးလမ်းကြောင်းကို မလျှောက်ဖြစ်ကြဘဲ သုဂတိဘုံ၊ နိဗ္ဗာန်ဘုံတို့ကိုသာ ရောက်စေနိုင်သော ကောင်းမြတ်သော ကုသိုလ်မဂ္ဂင်လမ်းကြောင်းကိုသာ လျှောက်လှမ်းနိုင်ကြပါစေ။

**၁၉။ သမ္ပယုတ္တပစ္စယော** = သတ္တဝါအားလုံး မကောင်းသော စိတ်၊ စေတသိက် နာမ်တရားအချင်းချင်း အညီအညွတ် ယှဉ်တွဲပေါင်းစပ်ခြင်း မပြုကြဘဲ ကောင်းသော စိတ်၊ စေတသိက်၊ နာမ်တရားအချင်းချင်းတို့သာ အညီအညွတ် ယှဉ်တွဲပေါင်းစပ်၍ နိဗ္ဗာန်တိုင်ထိ သွားနိုင်ကြပါစေ။

**၂၀။ ဝိပ္ပယုတ္တပစ္စယော** = သတ္တဝါအားလုံး အချင်းချင်း အညီအညွတ် မယှဉ်တွဲသောအားဖြင့် ရုပ်နာမ်တရားတို့ ကျေးဇူးပြုရာ၌ မကောင်းသော ရုပ်နာမ်တရားတို့ မယှဉ်တွဲသောအားဖြင့် ကျေးဇူးမပြုကြဘဲ ကောင်းမြတ်သော နာမ်တရားတို့က ကောင်းမွန်သော ရုပ်တရားတို့ကို ကောင်းမွန်သော ရုပ်တရားတို့က ကောင်းမြတ်သော နာမ်တရားတို့ကို ကျေးဇူးပြုနိုင်ကြ၍ နိဗ္ဗာန်တိုင်ထိ ကောင်းကျိုးအမျိုးမျိုးတို့ကိုသာ ရရှိခံစားနိုင်ကြပါစေ။

**၂၁။ အတ္ထိပစ္စယော** = သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားတို့ ထင်ရှားစွာ မဖြစ်ပေါ်ကြဘဲ၊ ကောင်းသောရုပ်နာမ်တရားတို့သာ ထင်ရှားစွာ ဖြစ်ပေါ်ကြ၍ ကောင်းကျိုးအမျိုးမျိုးတို့သာ နိဗ္ဗာန်တိုင်ထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ။

**၂၂။ နတ္ထိပစ္စယော** = သတ္တဝါအားလုံး ကောင်းမြတ်, ကောင်းမြတ်သော ရှေးရှေးနာမ်တရားတို့ ချုပ် ပျက်, ချုပ်ပျက်သွားကြပြီး၊ ကောင်းမြတ်, ကောင်းမြတ်သော နောက်နောက် နာမ်တရားတို့သာ နိဗ္ဗာန်တိုင်ထိ အစားထိုးကာ ဆက်လက်ဖြစ်ပွားနိုင်ကြပါစေ။

**၂၃။ ဝိဂတပစ္စယော** = သတ္တဝါအားလုံး ကောင်းမြတ်, ကောင်းမြတ်သော ရှေးရှေးနာမ်တရားတို့ ကင်း၍, ကင်း၍သွားကြပြီး၊ ကောင်းမြတ်, ကောင်းမြတ်သော နောက်နောက်တရားတို့သာ နိဗ္ဗာန်တိုင်ထိ အစားထိုးကာ ဆက်လက်ဖြစ်ပွားနိုင်ကြပါစေ။

**၂၄။ အဝိဂတပစ္စယော** = သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားတို့ မကင်းသောအားဖြင့် မဖြစ်ပေါ်ကြဘဲ ကောင်းသောနာမ်တရားတို့သာ မကင်းကွာသောအားဖြင့် ဖြစ်ပေါ်ကြ၍ ကောင်းကျိုးအမျိုးမျိုးတို့သာ နိဗ္ဗာန်တိုင်ထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com

# မင်းကွန်းဆရာတော်ကြီး၏ ပဋ္ဌာန်းနှင့် လေမုန်တိုင်းကြီး

ပဋ္ဌာန်းတန်ခိုးကြောင့် လေမုန်တိုင်းအန္တရာယ်၊ လေဘေးအန္တရာယ် ကင်းလွတ်ခဲ့ပုံ သာဓကကလည်း ဘာမှ မကြာလှသေးတဲ့ အဖြစ်အပျက်ကလေးနဲ့ ပြောကြရအောင်ပါ။

သာသနာ ၂၅၀၀ ပြည့် ပွဲတော်ကြီးမှာ ဆဋ္ဌသင်္ဂါယနာတင်တော့မယ်ဆိုတော့ ပိဋကတ်တော်တွေကို ရွတ်ပြီးတော့ ဆဋ္ဌသင်္ဂါယနာတင်ကြရတာပါ။ အဲဒီမှာ မင်းကွန်းဆရာတော်ကြီး ဦးဇင်းလေးဘဝပဲ ရှိသေးတာပေါ့။ ဆဋ္ဌသင်္ဂါယနာတင်ရင် ပါဠိတော်တွေ အလွတ်ရဖို့ လိုတယ်ဆိုပြီးတော့ မင်းကွန်းဆရာတော်ကြီး ဖြစ်လာမယ့် ဦးဇင်းကလေးက ပိဋကတ်သုံးပုံတွေကျက်ပြီးတော့ အလွတ်ပြန်ပါတယ်။.

မင်းကွန်းဆရာတော်ကြီး ပိဋကတ်သုံးပုံကို ကျက်တာဟာ လေးနှစ်လောက်ပဲ ကြာပါတယ်။ ၁၃၁၁ ခု ၁၂ ခု လောက်ကစပြီး ဝိနည်းပိဋကတ်၊ သုတ္တတန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ် ပထမပိုင်း၊ ဒုတိယပိုင်းတွေကို တစ်နှစ်ချင်း ပြန်ဆိုတော်မူခဲ့တာ ၁၃၁၄ ခုနှစ်မှာ အဘိဓမ္မာပိဋက ဒုတိယပိုင်းကို ပြန်ဆိုတော်မူတော့ တိုက်တိုက်ဆိုင်ဆိုင် ဆရာတော် အဘိဓမ္မာပိဋက ဒုတိယပိုင်းမှာပါတဲ့ ပဋ္ဌာန်းပါဠိတော်ကြီးကို ပြန်ဆိုနေတုန်း မိုးလေဝသဌာနက အရေးတကြီး မိုးလေဝသ သတင်းတစ်ပုဒ် ထုတ်ပြန်ခဲ့တာနဲ့ ကြုံကြိုက်နေပါသတဲ့။

မိုးလေဝသဌာနက ကြေညာထားတာက အင်မတန် အင်အားကြီးတဲ့ လေမုန်တိုင်းကြီးတစ်ခု မြန်မာနိုင်ငံကို ဦးတည်ပြီးတော့ တိုက်ခတ်လာနေတဲ့အကြောင်း၊ အဲဒီလေမုန်တိုင်းကြီးဟာ တစ်နာရီအတွင်းမှာ ရန်ကုန်မြို့ကို ရောက်လာနိုင်တဲ့ အတွက် အနေးယာဉ်၊ အမြန်ယာဉ် ရှိရှိသမျှ ယာဉ်တွေ အားလုံး အသွားအလာ ရပ်ဆိုင်းထားဖို့၊ အရေးရှိရင် အသင့်ဖြစ်အောင် ရဲတို့၊ လုံခြုံရေးတို့၊ ကြက်ခြေနီတို့ အသင့်ပြင်ဆင်ထားဖို့ ကြေညာလိုက်ပါသတဲ့။

အဲဒီကြေညာချက်ကိုလည်း ကြားကြရရော ရန်ကုန်တစ်မြို့လုံး လေမုန်တိုင်းကို မကြောက်တဲ့လူ မရှိပါဘူး။ အကုန်လုံးကြောက်ပြီး တုန်လှုပ်နေကြပါတယ်။ လေမုန်တိုင်းက သူ့ဟာသူ ရောက်လာမှာပါ။ ဘယ်လိုမှ တားလို့ရမှာ မဟုတ်ပါဘူး။ ကံပဲပေါ့ကွာဆိုပြီး မျက်နှာငယ်ကလေးတွေနဲ့ နေကြရရှာတာပါ။

ကံပဲလို့သာပြောတာ သေမှာတော့ လူတိုင်းကြောက်ကြတာပဲ မဟုတ်လား။ သူ့ကို ကိုယ်က အားပေး၊ ကိုယ့်ကို သူက အားပေးနဲ့ တစ်နာရီအတွင်းမှာ ရောက်လာတော့မယ့် လေမုန်တိုင်းကို ကြောက်ကြောက်နဲ့ပဲ စောင့်နေကြရတာပါ။ ဘာနဲ့တူသလဲဆိုတော့ အနားမှာကပ်နေတဲ့ စနက်တံဖြုတ်



www.burmeseclassic.com

www.burmeseclassic.com

ထားပြီးသားပုံး ဘယ်အချိန် ပေါက်ကွဲမလဲ ဆိုတာကို စောင့်နေရသလိုမျိုးပဲပေါ့။

ရန်ကုန်ကလူတွေ မျက်နှာကလေး ဆီးရွက်လောက်ကလေးတွေနဲ့ မကြာမီ ရောက်လာတော့မယ့် တစ်နာရီကို စောင့်နေကြတာပါ။ နောက်တစ်နာရီဆိုရင် မုန်တိုင်းကြီး လာတော့မှာတဲ့။ ဟော ဆယ့်ငါးမိနစ် ကုန်သွားပြီ၊ လေးဆယ့်ငါးမိနစ်ပဲ ကျန်တော့တယ်၊ လာတော့မယ်. . လာတော့မယ်။

မကြာခင်ရောက်လာတော့မယ့် အန္တရာယ်ကို ရင်တထိတ်ထိတ်နဲ့ စောင့်နေကြရတာ၊ ဟော. . . မိနစ်နှစ်ဆယ်ရှိသွားပြီ၊ နာရီဝက်ရှိသွားပြီနဲ့ ပြောတဲ့လူကသာ လွယ်တာနော်။ သေရေးရှင်ရေးဆိုတော့ ဘယ်သူမှ အသံမထွက်နိုင်ကြတော့ပါဘူး။ ကြောက်နေကြတာပါ။

ခဏနေတော့ မိုးလေဝသဌာနက သတင်းကြေညာချက် ထပ်ပြီးတော့ ကြေညာပြန်ပါတယ်။ အဟုန်ပြင်းပြင်းနဲ့ တိုက်ခတ်လာနေတဲ့ မုန်တိုင်းကြီးဟာ အခုအချိန်မှာ လမ်းကြောင်းပြောင်းလဲပြီးတော့ ဖိလစ်ပိုင်နိုင်ငံဘက်ကို ဦးတည်ပြီးတော့ သွားပါပြီတဲ့။

အဲဒီကျမှ လူတွေ ပြုံးနိုင်၊ ရယ်နိုင်ကြပါတော့တယ်။ အားလုံးက မုန်တိုင်းကျမှာ ကြောက်နေကြရတဲ့အချိန်၊ တိပိဋကပြန်ဆိုပွဲက ကျင်းပနေတုန်းပါပဲ။ သူ့ဟာသူ မုန်တိုင်းမက ဘာကြီးပဲလာလာ၊ တိပိဋကကိုယ်တော်တွေက စာပြန်မပျက်ပါဘူး။

အဲဒီအချိန်ဟာ မင်းကွန်းတိပိဋကဆရာတော်ကြီး ပဋ္ဌာန်းပါဠိတော်ကြီးကို ရွတ်ဆိုပြန်ဆိုတော်မူနေတဲ့ အချိန်ပါပဲ။ အဲဒီအချိန်က မီလိုက်၊ သိလိုက်တဲ့လူတွေ အကုန်လုံးက မင်းကွန်းတိပိဋကဆရာတော်ကြီးရဲ့ ပဋ္ဌာန်းရွတ်ဖတ်တဲ့ ပဋ္ဌာန်းတန်ခိုးကြောင့် ကိုယ့်ဆီဦးတည်လာနေတဲ့ လေမုန်တိုင်းကြီး ဦးတည်ချက်ပြောင်းပြီးတော့ ရွှေ့သွားရတာလို့ ပြောကြပါတယ်။

ပဋ္ဌာန်းတန်ခိုးတော်ကြောင့် လေမုန်တိုင်းဘေးရန်က လွတ်ကင်းရတဲ့အကြောင်း ဦးဇင်းဘာသာ ဇာတ်လမ်းဆင်ပြီးတော့ ပြောတယ်လို့ မထင်လိုက်ကြပါနဲ့။ မင်းကွန်းဆရာတော်ကြီးရဲ့ အသံနဲ့ တိပ်ခွေအထောက်အထား ရှိပါတယ်။ အဲဒီလေမုန်တိုင်းကျတုန်းက ရန်ကုန်တက္ကသိုလ်မှာ စာသင်နေတဲ့ ဆရာဦးခင်မောင်ကြီးက လေမုန်တိုင်းကို ကြောက်နေကြတဲ့ တပည့်တွေကို. . .

"တပည့်တွေ မပူကြနဲ့ကွ၊ သာသနာ့ရိပ်သာမှာ တိပိဋက ရွေးချယ်ရေးစာမေးပွဲကြီး ရှိတယ်၊ ခုချိန်ဆို မင်းကွန်းဦးဝိစိတ္တက အဘိဓမ္မာပြန်နေတာ ပဋ္ဌာန်းပါဠိတော်ကြီးကို ရောက်နေပြီ၊ ပဋ္ဌာန်းပါဠိတော်ကြီးက သိပ်တန်ခိုးကြီးတာ၊ ငါ့တပည့်တွေ ကြောက်မနေကြနဲ့၊ ခဏနေ လေမုန်တိုင်းဟာ ငါတို့ဆီ ဦးတည်နေရာကနေ ပြောင်းသွားလိမ့်မယ်"

လို့ အားပေးစကားပြောတဲ့အကြောင်း၊ နောက်ရက်ရောက်တော့ ဆရာဦးခင်မောင်ကြီးကိုယ်တိုင် သာသနာ့ရိပ်သာကိုလာပြီး ပဋ္ဌာန်းပါဠိတော်ပြန်ဆိုနေတဲ့ မင်းကွန်းဆရာတော်ကြီးကို အားရဝမ်းသာနဲ့ လာပြီးတော့ လျှောက်ထားပါသတဲ့။ ဒါကြောင့် မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ ပဋ္ဌာန်းခွေထဲမှာ-

"ထိုထိုသော လေဘေး၊ ရေဘေး၊ မီးဘေး အစရှိသော အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးစေတတ်သော၊ လောကီအကျိုး အမျိုးမျိုးမှစ၍ အမြတ်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်သော လောကုတ္တရာအကျိုးကျေးဇူးများကို ခံစားရယူစေနိုင်သည့် ပဋ္ဌာန်းပါဠိတော်များကို နာကြားခြင်း၊ ရွတ်ပွားခြင်း၊ နှလုံးသွင်းခြင်းဖြင့် သာသနာ့အလုပ် အားထုတ်ကြပါစို့ သူတော်ကောင်းတို့"

လို့ အတိအကျ ပါပါတယ်နော်။ လေဘေးက ရေထဲမှာတင် မဟုတ်ပါဘူး။ ကုန်းပေါ်အထိ ရောက်လာပြီး ဒုက္ခပေးတာပါ။ အဲဒီလေဘေးကိုကြောက်ရင် လေတွေ၊ မိုးတွေ ဝုန်းဒိုင်းကြနေလို့ ကြောက်တတ်ရင် ဘာလုပ်ရမှာပါလဲ၊ ပဋ္ဌာန်းရွတ်ကြရမှာပါ။ လေဘေးမှရယ် မဟုတ်ပါဘူး၊ ဘာဘေးပဲဖြစ်ဖြစ် ပဋ္ဌာန်းရွတ်ပါ။ သေချာပေါက် ဘေးကင်းနိုင်ပါတယ်။

**"လေဘေးကင်းလို၊ ပဋ္ဌာန်းကို၊ ရွတ်ကို ရွတ်ရမည်"**

အဲဒီအကျိုးတရားတွေအပြင် ရွှေ ငွေ၊ ပစ္စည်းဥစ္စာ ရတနာတွေ ပေါများချင်ရင်လည်း ပဋ္ဌာန်းရွတ်ကြရမှာပါ။

❏ ❏ ❏



www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

## မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက်၊ ဖန်းမော်ဆရာတော် ဒေါက်တာအရှင်ကုမာရာဘိဝံသ ဟောကြားတော်မူသည့်

# ပဋ္ဌာန်းတရားတော် အမေးနှင့် အဖြေများ

*မေး ။ ။ ဘုရားတပည့်တော် ခြေတော်ဦးခိုက်၍ အောက်ဖော်ပြပါအတိုင်း လျှောက်ထားပါတယ်။ ရဟန်းတော်များ ရွတ်ဖတ်ပူဇော်သည့် အသံမစဲ ပဋ္ဌာန်းပါဠိတော် အကျယ်နှင့် လူပုဂ္ဂိုလ်များ ရွတ်ဖတ်သည့် ပါဠိတော်အကျဉ်း အကျိုးသက်ရောက်မှု အတိုင်းအတာ၊ ကွာခြားပုံများကို သိလိုပါသဖြင့် ပြောကြားပေးတော်မူပါဘုရား။*

ဖြေ ။ ။ ဒါကတော့ အကျယ်နဲ့အကျဉ်း၊ အကျိုးတရားနဲ့တော့ အတူတူပါပဲ။ မြတ်စွာဘုရားက ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာလို့ ဒီလိုရှိတာကိုး။ ခန္ဓာ ၅ ပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ပါး၊ အဲဒီတော့ ခန္ဓာငါးပါး၊ ငါးခုထဲဆိုတော့ မှတ်ရလွယ်တယ်ပေါ့။ အာယတန ၁၂ ပါးဆိုတော့ နည်းနည်းလေး ကျယ်သွားတယ်ပေါ့။ ဉာဏ်လေးတဲ့ ပုဂ္ဂိုလ်ဆို မရဘူးပေါ့။ ဓာတ် ၁၈ ပါး ဆို ပိုကျယ်သွားတယ်ပေါ့။ အဲသလို တချို့က နုန်နေးတဲ့ပုဂ္ဂိုလ်အတွက် ခန္ဓာဟောတာ၊ အလတ်စား ပုဂ္ဂိုလ်ဆိုရင် အာယတန ၁၂ ပါး ဟောတာ၊ တော်တော်ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဆိုရင် ဓာတ် ၁၈ ပါးဟောတာ။ အကျဉ်းအကျယ်သာ ကွာပါတယ်။ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကတော့ အကျယ်ပူဇော်ပေါ့။ ဉာဏ်မထက်တဲ့ ပုဂ္ဂိုလ်ကတော့ အကျဉ်းပဲ ရွတ်ဖတ်ပူဇော်။ ဒီရွတ်ဖတ်ပူဇော်တဲ့အခါ အဆင့် ၄ ဆင့် ရှိတာကိုး။

၁။ သူများဖတ်တာ နားထောင်တဲ့ သုတဆိုတဲ့ နားကိစ္စ၊

၂။ ကိုယ့်ပါးစပ်နဲ့ကိုယ် ရွတ်ဖတ်တယ်၊ ဝစသာ ပရိစိတ၊ ဒုတိယအဆင့်၊

၃။ တတိယအဆင့်ကျတော့ ရုပ်နာမ်ပစ္စည်း ပစ္စယုပ္ပန်ခွဲတဲ့အဆင့်၊ မနသာ နုပေက္ခိတ၊ စိတ်နဲ့ခွဲတာ၊

၄။ နံပါတ်အဆင့်က အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အဖြစ်အပျက်ရှုတာ၊ ဒီ ၄ ဆင့်ကို ရှုနိုင်ရင် အကျဉ်းပဲရွတ်ရွတ်၊ အကျယ်ပဲရွတ်ရွတ် အကျိုးပေးတူပါတယ်။ မဂ်ဖိုလ်နိဗ္ဗာန်ရပါတယ်။

*မေး ။ ။ ပဋ္ဌာန်းပါဠိတော် ရွတ်ဖတ်နေတဲ့ အိမ်အနီးနားသို့ တစ္ဆေသရဲများ မကပ်ရောက်နိုင်ဘူးလို့ သိရပါတယ်။ မှန်ပါသလားဘုရား။*

ဖြေ ။ ။ အဲဒါကတော့ နှစ်မျိုး ရှိပါတယ်။ ဘုန်းဘုန်းတို့ တစ္ဆေတွေ၊ သရဲတွေ၊ ပြိတ္တာတွေ၊ မှင်စာတွေက ဘုန်းဘုန်းရွတ်တဲ့အခါလည်း တစ်ခါတလေ လာပါတယ်။ သူတို့လာတာ ဘယ်လိုလုပ်သိလဲ ဆိုရင် ခွေးတွေက စတယ်။ ခွေးတွေအူပြီ၊ ရိုးရိုးအူတာဆိုရင် တစ်ကောင်တလေ အူတာ၊ တစ္ဆေတွေ သရဲတွေ လာပြီဆိုရင် ရှိသမျှ ခွေးတွေဝိုင်းအုံပြီး အကုန်အူတာ၊ အူရုံတင်မကဘူး၊ နံစော်ပြီး ပုပ်အက်လာတာ၊ အဲလိုဆိုရင် တစ္ဆေတွေ၊ သရဲ

www.burmeseclassic.com

တွေလာပြီး ဘုန်းဘုန်း ရွတ်တဲ့အခါ လာပါတယ်။ လာတာက သူတို့ အားကိုးလို့လာတာပါ။ ရွတ်ပြီးရင် အမျှဝေတာကိုး။ နေ့တိုင်း အမျှဝေတာ၊ အဲလို အမျှကို သာဓုခေါ်ဖို့ရာ သူတို့ လာကြတာနော်။ သာဓုခေါ်ဖို့ လာတာဖြစ်တဲ့အတွက် ပဌာန်းရွတ်တဲ့နေရာကို တစ္ဆေတွေ မလာဘူးဆိုတာ မဟုတ်ဘူး၊ အမျှအတန်း လိုချင်လို့ သာဓုခေါ်ချင်လို့ လာတာ၊ အဲဒါကို ဒီနားရှိတဲ့ ပုဂ္ဂိုလ်တွေ မလာကြနဲ့လို့ မနေကြနဲ့လို့ မပြောလိုက်နဲ့ပေ့ါ။ သူတို့ ဝမ်းနည်းသွားမယ်။ အဲဒီတော့ လာလို့ရှိရင် ကဲ ကျွန်ုပ် ရွတ်ဖတ်တဲ့ ပဌာန်းတရားတော် ကုသိုလ်စေတနာအဖို့ကို တစ္ဆေ သရဲ ပြိတ္တာ မှင်စာတို့အား အမျှပေးဝေပါ၏။ အားလုံးသော နတ်ဗြဟ္မာတွေအားလည်း အမျှပေးဝေပါ၏။ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါအားလည်း အမျှပေးဝေပါ၏။ အမျှရ၍ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ အမျှဝေလိုက်ရင် တချို့ ကျွတ်တန်းဝင်သွားကြတယ်။ ကျွတ်တန်းဝင်တာ မဂ်ဖိုလ်နိဗ္ဗာန်တော့ ရတာမဟုတ်ဘူး။ တစ္ဆေ သရဲဘဝက ကျွတ်သွားပြီး လူ့ပြည် နတ်ပြည် ရောက်သွားမယ်ပေ့ါနော်။ ထုံးအိုင်က ဦးကဝိန္ဒတို့ကို ဘုန်းဘုန်းပြောခဲ့တာ မှတ်မိသေးတယ် မဟုတ်လား။ ကဲ ဒီမယ် တရားဟောနေတယ်ဆိုရင် တစ္ဆေတွေ သရဲတွေ မြင်ရတယ်။ အချို့ ပျောက်ပျောက်သွားတယ်။ အဲဒီ ကိုယ်တော်ကြီးက ဟိုတက်တစ္ဆေကြီးတော့ ပျောက်သွားပြီ။ အဲဒါ ကျွတ်သွားတာ၊ အဲလို ပြောပေးတယ်တဲ့၊ အဲဒါကြောင့် ပဌာန်းရွတ်တဲ့နေရာကို တစ္ဆေတွေ သရဲတွေ လာကြတယ်။ လာတာ အားကိုးလို့ အမျှအတန်းလိုလို့လာတာ။ ကြောက်စရာ မဟုတ်ဘူး၊ ခြောက်လှန့်ဖို့ လာတာလည်း မဟုတ်ဘူး။

မေး ။ ။ *ပဌာန်းပါဠိတော် ရွတ်ဖတ်ပြီး အိမ်ခြံဝင်းအတွင်း စည်းချကြပါတယ်။ စည်းချရင် လုံခြုံမှုရှိတယ်လို့ ယုံကြည်ကြပါတယ်။ မှန်ပါသလား။*

ဖြေ ။ ။ ဟေတုပစ္စယောဆိုရင် အရှေ့မြောက်ထောင့်၊ တနင်္ဂနွေ၊ အာရမ္မဏပစ္စယောဆို အရှေ့အရပ်၊ တနင်္လာ၊ အဓိပတိပစ္စယောဆိုရင် အင်္ဂါ၊ အနန္တရပစ္စယောဆိုရင် ဗုဒ္ဓဟူး၊ ဒီလိုလှည့်ပြီး ရွတ်လိုက်တယ်။ ၂၄ ပစ္စည်းဆိုတော့ ၈×၃ လီ သုံးထပ်ဖြစ်သွားတာပေ့ါနော်။ အဲဒါ ၂၄ ပစ္စည်းနဲ့ စည်းချတယ်ခေါ်တယ်။ အဲလိုစည်းချတာက တစ္ဆေသရဲတွေသာမက ကျန်တဲ့ဘေးဥပါဒ်အန္တရာယ်တွေ မကပ်နိုင်အောင် စည်းချတာ၊ ကောင်းပါတယ်။ အဲလိုစည်းချတဲ့အတွက် တစ္ဆေသရဲတွင်သာမက ကျန်တဲ့ဘေးဥပါဒ်အန္တရာယ်တွေလည်း ကင်းပါတယ်။ ဘုန်းဘုန်းတို့ မန္တလေး ဗန်းမော်ကျောင်းတိုက်နားက ဒကာကြီး ၁ ယောက်၊ အဲဒီလိုပဲ ရွတ်ဖတ်တယ်၊ စည်းချတယ်၊ လှည်းကြီးအောက် အိပ်နေတာ သူက နွေရာသီ ပူလွန်းလို့ အိမ်ထဲ မအိပ်ဘူး၊ ဓားပြတွေလာပြီးတိုက်၊ အိမ်မှာရှိတဲ့ လူတွေ ရိုက်နှက်သွား၊ ပစ္စည်းတွေယူသွား၊ အဲဒီလိုဖြစ်နေတာ၊ သူကတော့ ပဌာန်းလေး စည်းချ၊ ပုတီးလေးစိပ်နေတာ၊ ဘဂဝါဂုဏ်တော် ပုတီးစိပ်နေတာ၊ ဘဂဝါ-ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားဆိုပြီး စိပ်နေတယ်။ ဓားပြတွေ သူ့မမြင်ဘူးတဲ့။ အဲဒါ ကိုယ်ပျောက်တဲ့ အတတ်လို့ခေါ်တယ်။ ကိုယ့်ကို တစ္ဆေတွေ သရဲတွေ ဓားပြတွေ သူခိုးတွေ မမြင်စေချင်ဘူးဆိုရင် အဲဒီလို ၂၄ ပစ္စည်း စည်းချပြီး ဘဂဝါဂုဏ်တော် ပုတီးစိပ်ရင် ကိုယ်ပျောက်တဲ့အတတ် ဖြစ်ပါတယ်နော်။

မေး ။ ။ *မိမိတို့အိမ်ဂေဟာမှာ အလှူဒါနတစ်ခုခု ရည်ရွယ်ပြီး ပြုလုပ်တဲ့အခါ သင်ထားသိရှိပြီး မကျွတ်မလွတ်သေးတဲ့ မိဘဆွေမျိုး မိတ်သင်္ဂဟများ သာဓုခေါ်ဆိုလို၍ အနီးအနား ရောက်လာကြတယ်။ ပဌာန်းပါဠိတော်များ ရွတ်ထားပါက အနားမကပ်နိုင်ဘဲ မေတ္တာပို့ အမျှပေးဝေမှုကို သာဓုမခေါ်နိုင်ကြဘူးလို့ သိရပါတယ်။ အဲဒါကြောင့် ပဌာန်းပါဠိတော်မြတ် မရွတ်ပွားဖို့ လိုပါသလား။*



www.burmeseclassic.com

www.burmeseclassic.com

ဖြေ ။ ။ အဲဒါက တစ္ဆေတွေ သရဲတွေ မလာအောင် အဲဒီ စေတနာနဲ့တော့ မရွတ်ကောင်းဘူး၊ ကိုယ့်ဟာကိုယ် မြတ်စွာဘုရားတရားကို ပူဇော်တဲ့အနေနဲ့ ရွတ်ရင် တစ္ဆေတွေ သရဲတွေ လာလည်း လာပါတယ်။ လာပြီး အမျှဝေရင် သူတို့လည်း ရပြီး အဲဒီပုဂ္ဂိုလ်တွေ ချမ်းသာပါတယ်။ ချမ်းသာတဲ့အတွက် ပဋ္ဌာန်းပါဠိတော်ကို ကြိုးစားရွတ်ပါ။ ရွတ်တဲ့အခါလည်း တစ္ဆေတွေ သရဲတွေ မလာနိုင်စေသတည်းလို့ မဆိုရဘူး၊ တစ္ဆေတွေ၊ သရဲတွေ၊ ပဋ္ဌာန်းတရားနာ လာကြပါ၊ မင်းတို့လည်း ချမ်းသာပါစေ၊ အဲလို စေတနာနဲ့ ရွတ်ရတယ်။ အဲလိုဆို သူတို့ လာကြတယ်။ လာလည်း ဘာမှ အန္တရာယ်မပြုဘူး၊ အားကိုးပြီး လာကြတာနော်။ တကယ်လို့ ကိုယ်က မလာစေချင်တဲ့၊ မလာနိုင်အောင် နတ်တွေက တားပေးပါဆိုရင် ဝမ်းနည်းပက်လက်ဖြစ်ပြီး ပြန်သွားကြတာနော်။ အဲဒီတော့ မကောင်းပါဘူး။ မင်းတို့ လာကြစေ၊ မင်းတို့ တရားနာလာကြ၊ အဲဒီလို တရားနာခိုင်းရင် ကောင်းပါတယ်။ လယ်တီဆရာတော်ကြီးအကြောင်း ပြောဖူးသေးလား၊ ထပ်ပြောလိုက်ပါဦးမယ်၊ လယ်တီဆရာတော်ဆိုတာ နာမည်ကျော်ပေါ့၊ မြန်မာနိုင်ငံမှာ၊ မုံရွာ။

လယ်တီဆရာတော်ကြီးက မန္တလေးမှာ စာတွေသင်၊ သင်လို့ အကုန်လုံးတတ်မြောက်ပြီဆိုတော့ မုံရွာ ပြန်လာတယ်။ နေ့ခင်းစာချ၊ ညကျ သချိုင်းသွား တရားအားထုတ်၊ အဲဒီလိုနေတော့ တစ္ဆေတွေ သရဲတွေ လာကြတာတဲ့၊ ဆရာတော်ကြီးကို အမျိုးမျိုးခြောက်တယ်၊ လှန့်တယ်၊ အေး မင်းတို့ကလည်း ခြောက်ဖို့ လှန့်ဖို့ တာဝန်ရှိ ခြောက်ပေါ့ကွာ၊ ငါကတော့ တရားအားထုတ်ရမယ့် တာဝန်ရှိလို့ တရားအားထုတ်မှာ။ အဲလိုဆိုပြီး အားထုတ်တယ်။ နောက်ပိုင်းကျတော့ ယဉ်ကျေးလာသတဲ့၊ တစ္ဆေတွေ၊ သရဲတွေက တချို့က ရှိခိုးတယ်။

အေး ဟိုကောင်လိမ္မာလာပြီ၊ ဆိုစမ်း၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆရာတော်ကြီးက ချပေး၊ တစ္ဆေတွေက လိုက်လိုက်ဆိုသတဲ့။ အဲလို လိုက်ဆိုတဲ့ ကောင်တွေ မကြာခင် ပျောက်သွားတာ၊ ပျောက်ပျောက်သွားတယ်ဆိုတာ လူ့ဘုံ နတ်ဘုံ ရောက်ရောက်သွားတာ၊ အဲလိုနေတော့ မုံရွာနားရှိတဲ့ တစ္ဆေတွေ ကုန်သလောက်နီးနီး ကျွတ်တမ်းဝင်ကြတယ်။ နောက် ဘေးကရွာက တစ္ဆေတွေပါ ခေါ်လာကြသတဲ့၊ သူတို့ကိုလည်း ဆုံးမပါဦးဘုရားလို့ ပြောကြသတဲ့၊ ဆိုပေ့ ဟိုအကောင်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ အဲလိုနဲ့ သိမ်မွေ့လာ၊ နောက်ပိုင်းကျတော့ တစ္ဆေ ပရိသတ် အကြီးကြီး များလာတာ။ လူပရိသတ်ထက်များသတဲ့၊ ဆရာတော်ဘုရား တပည့်တော်တို့ ဆုတောင်းမလို့ဘုရား၊ ဘာဆုတောင်းမှာတုံး မင်းတို့က၊ ငါက ပေးနိုင်ဦးမှကိုးလို့ ပြောသတဲ့၊ ပေးနိုင်ပါတယ်ဘုရား၊ ပေးပါဦးဘုရား၊ ပြောလေကွာ၊ မင်းတို့က ဘာဆုတောင်းမှာတုံး၊ ဆရာတော် အမဲသား မစားပါနဲ့ဘုရား၊ မစားဘူးကွာ ပေးနိုင်တယ်၊ အဲဒီဆု၊ ဆရာတော် မစားသလို ဆရာတော်တပည့် ကိုရင်တွေ၊ ဦးဇင်းတွေ၊ ဒကာဒကာမတွေ မစားအောင် ဟောပေးပါဘုရား၊ ဟောပေးမယ်ကွာ၊ ငါ တရားဟောတတ်တယ်၊ အဲ နှစ်ခုရှိပြီ၊ နောက် ဘာလိုချင်သေးတုံး။ လပြည့်နေ့တိုင်း လပြည့်နေ့တိုင်း တပည့်တော်တို့ကို အမဲသား တစ်ပိဿာနဲ့ ဆန်တစ်စိတ်ချက်ပြီး ကျွေးပါဘုရား၊ ခွေးမသားတွေ မင်းတို့တော့ အမဲသားစား၊ ငါတို့တော့ မစားရဘူးလားကွာ၊ တပည့်တော်တို့ ငတ်လွန်း ဆာလွန်းလို့ပါဘုရား၊ ဆရာတော်မှ မကျွေးရင် မစားရဘူးဘုရား၊ ကျွေးပါဘုရားဆိုပြီး ဝိုင်းတောင်းပန်ကြတာတဲ့။ ကဲ အဲဒါဆိုရင် ငါ ဦးဇင်း (၁)ပါး၊ ကိုရင် (၁)ပါး၊



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသား (၁)ယောက်ခန့် ထားပြီးတော့ ဥပုသ်နေ့တိုင်း ည ၈ နာရီမှာ ကျွေးမယ်၊ လာကြ၊ ဒါပေမဲ့ ငှဲဦးဇင်းတွေ၊ ကိုရင်တွေ၊ ဒကာ ဒကာမ တွေကို မခြောက်မလှန့်ရဘူးနော်လို့ ပြောသတဲ့၊ အရှင်ဘုရား တပည့်တော်တို့ ကူညီစောင့်ရှောက်မှာပါဘုရားလို့ ပြောသတဲ့။ အေး အဲဒါနဲ့ လယ်တီဆရာတော်ကြီး အမဲသား မစားတဲ့ တရားတွေဟောတယ်။ အခုအထိ မုံရွာ လယ်တီကျောင်းတိုက်က ဘုန်းတော်ကြီးတွေ သူ့တပည့်တပန်းတွေက လပြည့်နေ့၊ ဥပုသ်နေ့ဆိုရင် တစ္ဆေတွေကျွေးတယ်၊ တစ္ဆေတွေ လာစားကြတယ်။ မခြောက်ပါဘူး၊ ကျေးဇူးတင်လွန်းလို့နော်၊ တပည့်တော်တို့ ဆာလွန်းလို့ပါ။ သူများတွေ လွှင့်ပစ်ထားတဲ့ ထမင်းလုံးလေးတွေ၊ ဟင်းဖတ်လေးတွေ လိုက်ကောက်စားရပါတယ်ဘုရား၊ တစ်ခါတလေ သူများထွေးပစ်တဲ့ တံတွေးတွေ၊ နှပ်တွေ၊ ချွဲတွေပဲ စားနေရပါတယ်ဘုရား။ တစ်ပတ်တစ်ခါ တစ်လ တစ်ခါတော့ ကျွေးပါဘုရားလို့ ပိုင်းတောင်းပန်ကြတယ်နော်။

မေး ။ ။ *ပဋ္ဌာန်းရွတ်ဖတ်ပူဇော်လျှင် မရွတ်ဖတ်မီ မေတ္တာပို့ရသည်ဟု ကြားဖူးပါသည်။ မှန်မမှန် ဖြေကြားပေးစေလိုပါသည်ဘုရား။*

ဖြေ ။ ။ မေတ္တာသုတ်ကတော့ မေတ္တာပို့တာ ဘယ်အချိန်အခါမဆို ကောင်းပါတယ်။ မေတ္တာဆိုတာ အဆွဲဓာတ်ရှိတယ်။ ဒေါသတွေဆိုတာ အတွန်းဓာတ်ရှိတယ်။ တွန်းကန်ပစ်လိုက်တာ၊ မေတ္တာပို့တယ်ဆိုရင် သတ္တဝါတွေက ကိုယ့်အပေါ် ညွှတ်ပြီးတော့၊ ဥပမာ မာတာ ယထာ နိယံ ပုတ္တံ မာယုသာ ဧကပုတ္တမနုရက္ခေ၊ သားလေးတစ်ယောက်တည်းရှိတဲ့ အမေက ကိုယ့်သားလေးကို ယုယုယယချစ်ခင်သလို သတ္တဝါတွေအပေါ် ကိုယ့်သားလေးလို ကိုယ့်သမီးလေးလို မေတ္တာပွားတယ်ဆိုတော့ ဓာတ်သဘာဝတွေက ပြန်တဲ့သဘောရှိတာကိုး၊ ပြန်တဲ့သဘောရှိတော့ သူက မေတ္တာအပွားခံရတဲ့ ပုဂ္ဂိုလ်တွေဆီက မေတ္တာပြန်လာတာပေါ့။ ပြန်လာတဲ့အတွက် ကိစ္စတွေ ချောမောပါတယ်။ အဲဒါကြောင့် မေတ္တာပွားတာဟာ ပဋ္ဌာန်းမရွတ်ခင်မှ မဟုတ်ပါဘူး။ ဘယ်ကိစ္စမဆို မေတ္တာပွားရင် ကောင်းပါတယ်။ ဘုန်းဘုန်းတို့ သိပ္ပံတွေထဲမယ် ကလေးတစ်ယောက်က တောထဲသွားတယ်လေ။ သူက 'ဟေ' လို့ အသံလှပ်လိုက်တယ်။ တောထဲကလည်း 'ဟေ' လို့ အသံထွက်လာတယ်။ နောက်တစ်ခါ သူက ဆဲလိုက်တာ ဆဲလိုက်တဲ့အသံ ထွက်လာတယ်။ ဒီကောင် ငါ့ကို စတာ၊ တွေ့ရင် လက်သီးနဲ့ ထိုးမယ်ဆိုပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတာတဲ့။ လိုက်ရှာ မတွေ့။ ဒါနဲ့ သီချင်းလေး ကောက်ဆိုလိုက်တယ်။ သီချင်းသံလေး ပြန်ထွက်လာတယ်။ ဒီကောင် သက်သက် ငါ့ကို ပြောင်တာပဲ၊ တွေ့ရင် ချမယ်ကွာဆိုပြီး လိုက်ရှာ၊ မတွေ့တာနဲ့ ပြန်လာ၊ အိမ်ကို မိုးချုပ်ခါနီးမှရောက်တယ်၊ ရောက်တော့ သူ့အဖေက ငါ့သား မင်း ဒီနေ့ တယ်မိုးချုပ်ပါလား၊ ဘယ်သွားနေတာလဲ။ မပြောပါနဲ့တော့ အဖေရာ၊ အကောင်တစ်ယောက်က ကျွန်တော့်ကို ပြောင်ပြောင်နေတာ၊ ကျွန်တော်က 'ဟေ'လို့ လှပ်လိုက်ရင် သူက 'ဟေ' လို့ ပြန်လှပ်တယ်။ ကျွန်တော် ဆဲလိုက်ရင် သူကဆဲ၊ ပြန်ပြန်ပြောင်နေတာ အဖေရာ။

ဪ အဲဒါ လူမဟုတ်ဘူး။ လူမဟုတ် ဘာလဲ၊ သူက သီချင်းတွေလည်း ဆိုတတ်တယ်၊ အဲဒါ ပဲ့တင်သံခေါ်တယ် ငါ့သားရဲ့။ ပဲ့တင်သံဆိုတာ ဘယ်လိုလဲ အဖေရဲ့ ပြောစမ်းပါဦး။ မင်း ဒီဘက်က 'ဟေ' ဆိုတဲ့ အသံက ဟိုဘက်တောင်ကမ်းပါးယံဆီ သွားရိုက်လိုက်တာ၊ တောင်ကမ်းပါးယံက အသံက ဒီဘက်ပြန်လာတာ၊ လူမဟုတ်ဘူး၊ အသံက ဒီလိုပြန်တဲ့သဘောရှိတယ်။ ဥပမာ

www.burmeseclassic.com

ဘောလုံးတစ်လုံးယူ၊ ဟောလိုပေါက်လိုက်ရင် ဒီ ပြန်လာတာ၊ အဲဒါ ရှန်းပြန်တဲ့သဘောလို့ ခေါ်တယ်။ အသံတွေက ဒီလိုသဘောရှိတယ်။ အဲဒါ ပဲ့တင်သံ၊ သူက ပဲ့တင်သံ၊ ပဲ့တင်သံနဲ့ အိပ်မပျော်ဘူးတဲ့ စဉ်းစားနေတာ။ စဉ်းစားနေရင်း မတ်တတ်ဩော် ပဲ့တင်သံ၊ ဒါတွေ အသုံးချရန်ဖြစ်မယ်၊ သူ စဉ်းစားပြီး ကြံလိုက်တာနဲ့ ဒီအသံတွေကို ပြန်လာအောင် လုပ်လိုက်တော့ တိတ်ရီကော်တာတွေ ဖြစ်လာတာ။

ဒီလိုအသံတွေက ပြန်တဲ့သဘော ရှိတယ်။ ရုပ်ဓာတ်တွေ ပြန်တဲ့သဘော ရှိသလို ကိုယ်က မေတ္တာဓာတ် ပွားလိုက်ရင် ဘာပြန်လာမတုံး၊ မေတ္တာဓာတ် ပြန်လာတာ၊ ကိုယ်က အော်ဆဲလိုက်မယ်ဆိုရင် ဒေါသတွေ ပြန်လာမှာ၊ ဒါကြောင့် မေတ္တာပွားတာက ပဋ္ဌာန်းရွတ်တာတင်မက အားလုံးကိစ္စပြီးပါတယ်၊ ချောပါတယ်နော်၊ မေတ္တာ ပွားပါ။

မေး ။ ။ *ပဋ္ဌာန်း ၂၄ ပစ္စည်းနဲ့ တပည့်တော်တို့ မည်ကဲ့သို့ နေထိုင်ရမည်ကို ရှင်းပြပေးစေလိုပါသည်ဘုရား။*

ဖြေ ။ ။ ၂၄ ပစ္စည်း၊ ၂၄ နာရီ၊ အဲလောက် အာရုံပြုနိုင်ဖို့ သိပ်မလွယ်ပါဘူး။ ဘုန်းဘုန်းက ဇန်းမော်တိုက် နေတယ်၊ ဇန်းမော်ဆရာတော်လို့ ခေါ်ကြတယ်။ အဲဒီဇန်းမော်ကျောင်းက ရှေးကျောင်းကြီး၊ ဇန်းမော်မင်းသမီးဆောက်လို့ ဇန်းမော်ကျောင်း၊ မြင်းခြံနားလေးမယ် စမ်းကျဆရာတော်ဆိုတာ ရှိတယ်။ စမ်းရေလေးတွေ ကျနေတာ။ အဲဒီနားလေးမယ် တရားအားထုတ်လို့ ဒီဆရာတော်ကြီးက ရဟန္တာ ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီဆရာတော်ကြီး ယခု မရှိတော့ပါဘူး။ အင်္ဂလိပ်လက်ထက်တုန်းက ရှိတာ။

အဲဒီဆရာတော်ကြီးတပည့် ဘုန်းဘုန်းတို့ ဇန်းမော် တိုက် ကြွလာတယ်။ တစ်ညတည်းပါရစေတဲ့။ တည်းပါဘုရား၊ တစ်ညမကပါဘူး၊ ဆရာတော် အလိုရှိသလောက် တည်းပါဘုရား၊ တပည့်တော်တို့ ဆွမ်း၊ ဆွမ်းရာတွေလည်း ပေးပါတယ်ဘုရား။ ဘုန်းဘုန်းက သူ့ကို မေးကြည့်တယ်။ အရှင်ဘုရား၊ အရှင်ဘုရားတို့ ဆရာတော်ကြီးက ရဟန္တာလို့ ကျော်ကြားတယ်၊ တပည့်တော်တို့လည်း ဟုတ်လိမ့်မယ်လို့ ယုံကြည်ပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော် သိချင်တာက အရှင်ဘုရားတို့ဆရာက ဘာတရားတွေ အားထုတ်တာတုံး၊ ဘယ်လို အားထုတ်တာတုံး၊ တပည့်တော်တို့ နည်းရအောင် ပြောစမ်းပါ။

တပည့်တော်တို့ ဆရာတော်က တစ်ခုတည်း အားထုတ်တာဘုရား။ အရဟံ အရဟံ အရဟံ တစ်ခုတည်းဘုရား။ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော. . . တွေ မလုပ်ဘူးဘုရား။ အရဟံ ပုတီး တစ်လုံးချ၊ အရဟံ အရဟံ၊ အရဟံ အားအားရှိ အရဟံပဲ စိပ်နေတာပါဘုရား၊ အိပ်လည်း အရဟံ အရဟံ စိပ်ရင်း စိပ်ရင်း အိပ်ပျော်သွားတော့ ရပ်သွားတာပဲ။ နိုးလာပြီဆို အရဟံ အရဟံ ဆက်တာပဲ။ အချို့ ဒကာ၊ ဒကာမတွေက မယုံဘူးတဲ့၊ ဘုန်းကြီးက ဟန်လုပ်နေတာပါ။ ချောင်းကြည့်ကြတာတဲ့။ ဘယ်လိုချောင်းချောင်း ဒီတိုင်းပဲ။ တစ်နေ့လာလည်း အရဟံ၊ အရဟံ၊ အရဟံ။ ဒီလို အရဟံ တစ်လုံးတည်း ပွားများအားထုတ်ရင်း တရားထူးရသွားတာ။ ဒကာ၊ ဒကာမတွေလည်း အရဟံ ရတယ်မဟုတ်လား။ ၂၄ ပစ္စည်း၊ ၂၄ ခေါက်၊ ၂၄ နာရီလုံး အားထုတ်မှ မဟုတ်ပါဘူး။ ကိုယ်က ဟေတုပစ္စယောတစ်ခုတည်း အားထုတ်တတ်ရင်လည်း တစ်ခုပဲ အားထုတ်၊ ရတယ်နော်။ ၂၄ ပစ္စည်းကို ၂၄ ပစ္စည်းလုံး ၂၄ နာရီလုံး မအိပ်မနေ အားထုတ်မှ အဲလိုမဟုတ်ပါဘူးနော်။ ကိုယ်တတ်နိုင်သလောက် ၁ ပစ္စည်းဖြစ်ဖြစ်၊ ၂ ပစ္စည်းဖြစ်ဖြစ် အားထုတ်ပါ။ ရပါတယ်။ ဒါပေမဲ့ လို့ ပါရမီကတော့ စောင့်ရမယ်ပေါ့။ နည်းနည်းပါးပါးတော့ အချိန်စောင့်ရမယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

# နေ့အိမ်မှာ ပဋ္ဌာန်းရွတ်ဆိုပူဇော်တာ နတ်မပြေးပါ

■ ဂမ္ဘီရဆရာလှမျိုး(B.Sc)

ဒီဇင်ဘာလထုတ် ရောင်ပြန်မဂ္ဂဇင်းတွင် မိမိတို့နေအိမ်မှာ၊ နေ့အိမ်ဘုရားရှေ့မှာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်တာ အကျိုးမရှိကြောင်း မိတ်ဆွေတစ်ဦးမှ ပြောကြားသော စကားကို အံ့ဩပြီး ပြန်ရေးပြထားသော ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရပါသည်။

ဆောင်းပါးရှင်မှ အိမ်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်တာ အပြစ်မဖြစ်၊ အကျိုးရှိကြောင်း ပြန်လည်ရေးသားစေလိုသော ဆန္ဒလည်း ရှိသည်။ စာရေးသူအနေဖြင့် လွန်ခဲ့သောနှစ်က နေ့အိမ်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော် သင့်/မသင့်၊ ရွတ်ဆိုပါက အိမ်စောင့်နတ်များမနေနိုင် ထွက်ပြေးသည်ဆိုတာ မှန်/မမှန်၊ ဟုတ်/မဟုတ် ပါဠိကာရီဆရာတော်အား မေးမြန်းလျှောက်ထားဖူးပါသည်။ ဆရာတော်မှ အိမ်မှာ ပဋ္ဌာန်းရွတ်ဖတ်၍ အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ် ပြေးတယ်ဆိုတာ မဟုတ်မမှန်ကြောင်း။ နတ်ဒေဝါများကို မေတ္တာပို့၍ ရွတ်ဖတ်နိုင်ကြောင်း။ ပဋ္ဌာန်းအကျိုးကျေးဇူးများကို မိန့်ဆိုပါသည်။ ဆရာတော်ကိုယ်တိုင် ကျောင်းတွင် ပစ္စယနိဒ္ဒေသပါဠိကို တစ်နေ့လျှင် ၂၄ ခေါက် ၂၄ ရက် အဓိဋ္ဌာန်တင် ရွတ်ဆိုပြီး မမျှော်မှန်း၊ မရည်ရွယ်ထားဘဲ အလှူရှင်တစ်ဦးမှ သံဃာတော်များ ဆွမ်းစား၊ ကွမ်းစားကြွရန် ကားတစ်စီးလာလှူခဲ့ကြောင်း မိန့်ကြားတာ မှတ်သားခဲ့ရပါသည်။ လွန်ခဲ့သောတစ်ပတ်ခန့်က တာမွေဘက်မှ ဗေဒင်မေးပရိသတ် အမျိုးသမီးတစ်ဦးသည် "ကျွန်မ အခု ပဋ္ဌာန်းမရွတ်တော့ဘူး။ ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်တော်ပုတီးစိပ်နေတယ်"ဟု ပြောပါသည်။ ကျွန်ုပ် စာရေးသူမှ လောကီပညာအရ (၅+၇) တန်းစီး၊ တိုင်ထိပ်ဖြစ်နေ၍ ပဋ္ဌာန်း၊ မေတ္တာသုတ်၊ ဗုဒ္ဓေါဂုဏ်တော်တို့ နေ့စဉ်ရွတ်ဖတ်ပူဇော်ရန်, အကြံပေးထားပါသည်။ ကျွန်ုပ်မှ "ဘာ့ကြောင့်ရွတ်တာလဲ"ဟု မေးသောအခါ "အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ်၊ အိမ်မှာအမြဲရှိနေတဲ့ နတ်တွေက ပဋ္ဌာန်းရွတ်ရင် အိမ်မှာ နေလို့မရဘဲ ထွက်ခွာရှောင်နေရတော့ ရွတ်ဖတ်သူရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကို နှောင့်ယှက်တတ်တယ်လို့ ဓမ္မမိတ်ဆွေတစ်ဦးက ပြောလို့"ဟူ၍ ပြန်ဖြေပါသည်။ မှောင်ပြန်မဂ္ဂဇင်းထဲပါသော ဆောင်းပါးနှင့် တိုက်ဆိုင်နေပါသည်။ အယူမှား၊ အတွေးအခေါ် အမှားသာ ဖြစ်သည်။

ဗုဒ္ဓဘာသာဆိုင်ရာ အမေးအဖြေ စာအုပ်များတွင် ဤမေးခွန်းနှင့် ပတ်သက်၍ လက်လှမ်းမီသလောက် ရှာဖွေကြည့်သော်လည်း မတွေ့ရပေ။ စာရေးသူ လေ့လာမိသလောက် အောင်မြင်ကျော်ကြားသော ဆရာတော်ကြီးများအနေဖြင့် ပဋ္ဌာန်းရွတ်ဆိုအောင်မြင်ပြီး ပဋ္ဌာန်းရွတ်ရန်လည်း အကြံပေးပါသည်။ ယခုလက်ရှိ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ(ဗန်းမော်ဆရာတော်ကြီး)သည် ပဋ္ဌာန်းအကျိုးကျေးဇူးကို အထူးယုံကြည်သော ဆရာတော်တစ်ပါး ဖြစ်ပါသည်။ တရားခွေတွင် ပဋ္ဌာန်းနှင့် ပတ်သက်၍ ကိုယ်တွေ့ကို ရိုးသားပွင့်လင်းစွာ ရှင်းပြဟောဆိုထားပါသည်။ မင်းကွန်းဆရာတော်ကြီးမှ အစပြု၍ ကျော်အောင်စံထားဆရာတော်၊ မြတောင်ညွှန့်ဆရာတော်၊ အောင်ဆန်းဆရာတော်၊ ပါဠိကာရီဆရာတော်၊ မဲဇာကျောင်းတိုက်ဆရာတော်၊ ဟသ်တာအတွင်း ပဋ္ဌာမြားဘသင်တိုက် နာယကဆရာတော်၊ ဆင်ဖြူတောင်ဆရာတော်၊ အောင်စေတီဆရာတော်... စသည့် ဆရာတော်ကြီးများသည် ဓိတွင်းကာလတွင် ပဋ္ဌာန်းကျမ်း ငါးကျမ်း ပူဇော်ကြသည်ဟု ကြားရပါသည်။

ဗန်းမော်ဆရာတော်ကြီးသည် ဘုရားစေတီထီးတင်နိုင်သော အမျိုးသမီးအား မေးကြည့်ရာ "တပည့်တော်မ ပဋ္ဌာန်းရွတ်ဖတ်တဲ့ အကျိုးကျေးဇူးကြောင့် အခုလို လှူနိုင်၊ ထီးတင်နိုင်တာပါဘုရား"ဟု လျှောက်ပါသည်။ သူမသည် နေအိမ်မှာပင် ပစ္စယနိဒ္ဒေသပါဠိကို နေ့စဉ် အချိန်မှန် ရွတ်ဆိုပါသည်။ မှောင်ပြန်မဂ္ဂဇင်းတွင်လည်း ဗန်းမော်ဆရာတော်နှင့် ပဋ္ဌာန်းအကြောင်း ဖော်ပြထား၍ အကျယ်မချဲ့တော့ပါ။ ဆရာတော်ကိုယ်တိုင် ထိုအမျိုးသမီးပြောသော စည်းကမ်းချက်အတိုင်း တိတိကျကျ ရွတ်ဆိုခဲ့ပါသည်။

"နတ်တွေကြွလာမယ်၊ နတ်တွေကြွလာပြီးရင် မစတော့မယ်။ ကောင်းကျိုးသုခ ခံစားရတော့မယ်"ဟု အမျိုးသမီးက ပြောသောအခါ...

"နတ်တွေကြွလာတာ ဘယ်လိုသိလဲ"

"နတ်တွေကြွလာတော့ ဘုရားကျောင်းဆောင် ဘုရားခန်းတစ်ခုလုံး မွှေးကြိုင်နေပါတယ် အရှင်ဘုရား"

ဆရာတော်ကိုယ်တိုင် ဗန်းမော်ကျောင်းတိုက်တွင် အချိန်တိတိကျကျ ကိုယ်ခန္ဓာစင်ကြယ်သန့်ရှင်းအောင် ဆောင်ရွက်၊ အဓိဋ္ဌာန်တင် မပျက်မကွက် ဘုရားအာရုံပြုလျက် ရွတ်ဆိုခဲ့ရာ အမွှေးနံ့များရပြီး မကြာမီကာလတွင် နိုင်ငံတော်အစိုးရ လူကြီးမင်းများမှ ကျောင်းတိုက်ကြီးကို ပြုပြင်မွမ်းမံတည်ဆောက်ပေးခဲ့ကြောင်း၊ ပဋ္ဌာန်းတရားတော် စီဒီခွေတွင် ဟောဆိုထားပါသည်။

ဤအချက်ကို ကြည့်ပါက အိမ်ဖြစ်စေ၊ ကျောင်းဖြစ်စေ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ ဝင်းစောင့်နတ်၊ ကိုယ်စောင့်နတ် စသည်တို့ ရှိပါသည်။ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်၍ ထိုနတ်ဒေဝါတို့ ထွက်မပြေးသည့်အပြင် သာဓုခေါ်ဆိုကြသည်။ ဝမ်းမြောက်ဝမ်းသာ ရှိကြမည်မှာ ထင်ရှားပါသည်။ စာရေးသူတို့နေထိုင်ရာ အောင်သပြေအရှေ့(၃)လမ်းရှိ နက္ခတ်ဗေဒင်ပညာရှင် ဆရာကြီးဦးအောင်မြင့်သည် ပဋ္ဌာန်းငါးကျမ်း ပူဇော်လာသည်မှာ အကြိမ် ၂၀ ကျော်ပြီဟု ဆိုပါသည်။

နေအိမ်မှာပဋ္ဌာန်းရွတ်ဖတ်တာ အိမ်စောင့်နတ်
ထွက်ပြေးတယ်ဟူသော စကားကို
မည်သူကများ စတင်ပြောဆိုခဲ့သလဲဟု
စာရေးသူ စဉ်းစားတွေးတောနေမိပါသည်။
ပဋ္ဌာန်းရွတ်ဆို၍ နတ်တွေ
ပြေးသည်ဆိုပါကလည်း အောက်နတ်၊
နိမ့်သောနတ်များ ဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုဆရာကြီး သမ္မန္န ပဋ္ဌတိ ဆရာဦးအောင်မြင့်သည် သူ၏ နေအိမ်မှာပင် နေ့စဉ်မပျက် ပုံမှန်ရှုတ်ဆိုသည်ဟု သိရပါသည်။ သူသည် စီးပွားရေးများ ယုတ်လျော့မသွားဘဲ တစ်နှစ်ထက် တစ်နှစ် ပို၍ တိုးတက်လာတာ ထင်ရှားစွာ တွေ့ရ၏။ စတင် ရွတ်ဆိုချိန်မှာ အဓိပ္ပာယ်နားလည်ဖို့ဝေးစွ၊ ပါဠိအသံထွက်ပင် မနည်းကြိုးစား ဖတ်နေရ၏။ ဇိနမာရ်အောင် စေတီတည်ရာ သို့ ကြွလာသော မင်းကွန်းဆရာတော်ကြီးအား လျှောက်ထား ရာ "ဘုရားကိုကြည်ညိုတဲ့စိတ်နဲ့သာ ရွတ်ပါ။ ဘုရားသင်ပေး သွားလိမ့်မယ်"ဟု မိန့်ဆိုပြီး နေအိမ်မှာ ရွတ်ဆိုတဲ့အခါ နတ်ဒေဝါအပေါင်း မေတ္တာသုတ် အရင်ရွတ်ဆို ပူဇော်ပြီး ရွတ် ဆိုရင် ပိုကောင်းကြောင်း မိန့်ဆိုခဲ့သည်။

ပဋ္ဌာန်းရွတ်ဆိုသည့်အခါ ပဋ္ဌာန်းရောင်ခြည်တော်ဖွင့်၊ ဘုရားပင့်အမွှမ်း။ စိန်ရောင်ခြည်ဘုရားပင့်၊ နတ်ပင့်၊ သြကာသ ကန်တော့ချိ၊ ရွတ်ဆို၊ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ဆောက် တည်၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး (ညဘက်တွင် ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်) စသည်တို့ ပူဇော်ပါ။ ထိုသို့ ရှေးဦး ပြုလုပ်ရမည့် အစီအစဉ်ပြုလုပ်ပြီးမှ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်၊ မေတ္တာပို့၊ အမျှပေးဝေခြင်း ဆောင်ရွက်နိုင်ကြောင်း ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်နည်းစာအုပ်တွင် ရေးသားဖော်ပြထားပါသည်။ ဆရာတော်ကြီးတစ်ပါးမှ ပထဝီဇယမန္တန်တော်နှင့်တွဲ၍ ရွတ် ဆိုနိုင်း၏။ ထိုမန္တန်တွင် နတ်ဒေဝါတွေကို မေတ္တာပို့ ပါရှိပါ သည်။

ဤတွင် နေအိမ်မှာ ပဋ္ဌာန်းရွတ်ဖတ်တာ အိမ်စောင့် နတ် ထွက်ပြေးတယ်ဟူသော စကားကို မည်သူကများ စတင် ပြောဆိုခဲ့သလဲဟု စာရေးသူ စဉ်းစားတွေးတောနေမိပါသည်။ ပဋ္ဌာန်းရွတ်ဆို၍ နတ်တွေ ပြေးသည်ဆိုပါကလည်း အောက် နတ်၊ နိမ့်သောနတ်များ ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တွေးမိသော အချက်ကို ဆရာကြီးတစ်ဦးက ရှင်းပြပေးပါသည်။

"ပဋ္ဌာန်းဆိုတာ အလွန်မြင့်မြတ်တဲ့ တရားတော်ပါ။ မြတ်စွာဘုရားကိုယ်တော်တိုင် နတ်ပြည်မှာ ပဋ္ဌာန်းဒေသနာ ဟောကြားခဲ့တယ်။ ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်မှ သာ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ ဖြစ်ကြောင်း ပေါ်လွင်လာတယ်။ နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်တို့ သိလာ ကြတယ်။

ဥပမာ - နေရာဌာနတစ်ခုကို အထက်လူကြီး အကြီး အကဲလာရင် အောက်ခြေက နိမ့်တဲ့သူတွေ အနားချဉ်းကပ် မရဘဲ ခပ်ခွာခွာနေရတယ်။ အဆင့်မြင့်၊ အရာရောက်တဲ့ ပုဂ္ဂိုလ်တွေပဲ ကပ်လို့ရတယ်။ အရေးပါတဲ့လူတွေ နေရာရ ကြတယ်။ အဲဒီလိုပဲ ပဋ္ဌာန်းရွတ်လို့ရှိရင် မြင့်မြတ်တဲ့ နတ် ဗြဟ္မာတွေ ချဉ်းကပ်လို့ရတယ်။ အကူအညီအထောက်အပံ့ တွေ ပေးလို့ရမယ်။ အဲဒီသဘောပါပဲ။ မဟာပဋ္ဌာန်းဒေသနာ တော် ရွတ်ဆိုတဲ့အခါ အဆင့်နိမ့်တဲ့ နတ် (သို့မဟုတ်) မိစ္ဆာဝါဒ အောက်လမ်းပုဂ္ဂိုလ်တွေ မနေနိုင်ဘဲ ရှောင်ပြေးနေ ရတာဆိုတာ ဖြစ်နိုင်ပါတယ်။ အဓိကကတော့ မိမိပဋ္ဌာန်း ရွတ်ဆို၊ ကုသိုလ်ဒါနပြုပြီးတိုင်း မေတ္တာပို့၊ အမျှပေးဝေရင် အန္တရာယ်ပေးလို့ မရဘူး။ အကျိုးမရှိတဲ့နတ်၊ နိမ့်တဲ့နတ် မနေနိုင်လို့ ထွက်ပြေးရင်တောင် သမ္မာဒေဝနတ်မြတ်နတ် ကောင်းတွေက ချီးမြှောက်ကူညီ ထောက်ပံ့မှာ သေချာပါ တယ်"ဟု ရှင်းပြခဲ့ပါသည်။


ဆိုတော့ နေအိမ်မှာ ပဋ္ဌာန်းအကျဉ်း (သို့) အကျယ် တွေ ရွတ်ဆိုနေသူတွေ အများအပြား ရှိကြပါသည်။ သူတို့ နှင့် တွေ့ဆုံမေးမြန်းနိုင်သည်။ လက်တွေ့လေ့လာနိုင်သည်။ မိမိကိုယ်တိုင် လက်တွေ့စမ်းသပ်နိုင်သည်။ ပဋ္ဌာန်းကျေးဇူး ကြောင့် ဒုက္ခအခက်အခဲမှ လွတ်မြောက်သူတွေ ရှိသည်။ ဖြစ်ရပ်မှန်တစ်ခုက နာဂစ်မုန်တိုင်းမှာ ရေတွေတက်လာပြီး အိမ်ပေါ်ထိ ရေမြုပ်နေပေမယ့် ပဋ္ဌာန်းတရားတော်ကို မိသားစု အိမ်နီးနားချင်းတွေ မတ်တတ်ရပ်ပြီး အသံကျယ်ကျယ် စုပေါင်းရွတ်ဆိုလို့ အားလုံးအသက်ဘေးမှ ချမ်းသာခဲ့တာ ဧရာဝတီတိုင်း၊ ဘိုကလေးမှာ အထင်အရှားရှိခဲ့ပါသည်။ ပဋ္ဌာန်း ရွတ်ဆိုပူဇော်ပြီး ဒုက္ခဆင်းရဲရောက်သူ မရှိပါ။ ဗုဒ္ဓဘာသာဝင် စစ်စစ်၊ ယုံကြည်ကိုးကွယ်သူတွေ နေအိမ်မှာ ရွတ်ဆိုနိုင်သလို ဘုရားစေတီတွေမှာလည်း သွားရောက်ပူဇော်နိုင်သည်။ ပဋ္ဌာန်း အကျိုးကျေးဇူးများမှာ လောကီ၊ လောကုတ္တရာ ခံစားရရှိနိုင် သည်။ အခါမလင့် မျက်မှောက်ချက်ချင်း အောင်မြင်မှုပန်း တွေ ဆွတ်ခူးနိုင်ကြရပါမည်။ စာရေးသူ ဉာဏ်မီသလောက် ရေးသားတင်ပြမှုအပေါ် ကျေနပ်ကြမည်ဟု မျှော်လင့်မိပါသည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com



# မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်

ရှယ်လီသိန်းမောင် [စိန်မိုက်ကယ်]

တန်ဆောင်မုန်းလသည် "အလှူကထိန် ကျောင်းမှာ သိမ်" ဆိုသကဲ့သို့ မြတ်သော ကထိန်သင်္ကန်းကို ကပ်လှူရသော လတစ်လပင် ဖြစ်ပါသည်။

တန်ဆောင်မုန်းလ၏ အဓိပ္ပာယ်မှာ -

တန် = တန်ခိုးရှိသော အရောင်နက်ဟု အဆိုရှိပါသည်။

ဆောင် = ဆောင်ယူခြင်း အဓိပ္ပာယ်ရှိပါသည်။

မုန်း = ခြယ်မှုန်းခြင်းဟု ဆိုလိုပါသည်။

ထို့ကြောင့် တန်ဆောင်မုန်းလအား အလင်းရောင်ဖြင့် ခြယ်မှုန်းထားသောလဟု ရှေးစာဆိုများက အဆိုရှိခဲ့ကြပါသည်။

သီတင်းကျွတ်လသည် ဘုရားရှင်အား ရည်မှန်း၍ ဆီမီးပူဇော်သော မီးထွန်းပွဲတော်ဖြစ်ပြီး တန်ဆောင်မုန်းလသည် ဘုရားရှင်အား မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ရဟန်းသံဃာတော်များအား ကထိန်သင်္ကန်း ကပ်လှူခြင်း၊ မီးထွန်းပွဲတော် ကျင်းပခြင်း၊ ဗေဒင်ပညာရှင်များ နက္ခတ်တာရာ ဆင်ယင်ကျင်းပသော လတစ်လပင် ဖြစ်ပါသည်။

ဝိနည်းတော်၌ မိုးရေခံသင်္ကန်း၊ ကထိန်သင်္ကန်းသည် ကြွတ္တိကာလ၏ အစဖြစ်သော သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့အထိအတွင်းသာ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း ကုသိုလ်ပြုရသော ကထိန်ပွဲတော် ဖြစ်ပါသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားရှင်အား မသိုးသင်္ကန်းကပ်လှူရန်အတွက် ရွှေတိဂုံရင်ပြင်ပေါ်၌ အဖိတ်နေ့ည ကပင် မသိုးသင်္ကန်းရက် ပြိုင်ပွဲများ ကျင်းပပေးပြီး နံနက်အရုဏ် တက်ချိန်တွင် ဘုရားရှင်အား မသိုးသင်္ကန်းများ လှူဒါန်းခြင်း၊ ပြိုင်ပွဲတွင် အနိုင်ရရှိသည့် အသင်းများကိုလည်း နိုင်ငံတော်မှ ထိုက်တန်သလောက် ဂုဏ်ပြုချီးမြှင့်ခြင်း၊ အနယ်နယ်အရပ်ရပ်မှ ခုနစ်ရက်သားသမီးအပေါင်းတို့ကလည်း သင်္ကန်းရက်ပြိုင်ပွဲကြီး

www.burmeseclassic.com

အား လာရောက်ကြည့်ရှုအားပေးကြသည်မှာ တန်ဆောင်မုန်းလ၏ ထူးခြားသော ပျော်ရွှင်ဖွယ်ရာလေးတစ်ခု ဖြစ်ပါသည်။

တန်ဆောင်မုန်းလပြည့်ညသည် နက္ခတ်တာရာ စုံလင်သော ညဖြစ်၍ ရှေးမြန်မာမင်းများလက်ထက်ကပင် ပရောဟိတ်ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့ဖြင့် နက္ခတ်တာရာသဘင် ဆင်ယင်ကျင်းပလေ့ရှိခဲ့ပါသည်။

ထိုညသည် နက္ခတ်များ စုံလင်သည့်အတွက် တစ်နည်းအားဖြင့် ကြယ်တွေစုံသောည၊ ဆေးပေါင်းခသောညဟု ခေါ်ဆိုကြ၍ မြန်မာလူမျိုးများ ဆေးပေါင်းခသောည၌ မယ်ဇလီဖူးများ သုပ်စားခြင်းဖြင့် ရောဂါများကင်းဝေးသည်ဟု လက်ခံယုံကြည်ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်ပါသည်။

တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့တွင် သူခိုးကြီးည၊ ကျီးမနိုးပွဲဟူ၍လည်း လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ပျော်ရွှင်ဖွယ်ရာ သူခိုးကစားနည်းတစ်ခုအဖြစ် ပြုလုပ်ခဲ့ပါသည်။ ယခုခေတ်တွင် ဤအစဉ်အလာမှာ ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

အဖိတ်နေ့မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ထိ ရပ်ကွက်အသီးသီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ကျင်းပလျက်ရှိရာ ကြည့်မြင်တိုင်၊ လမ်းမတော်၊ စမ်းချောင်း၊ ကျောက်မြောင်းရပ်ကွက်တို့တွင် ဦးဘဂျမ်းကာတွန်း၊ ကာတွန်းငွေကြည်၊ ကာတွန်းအိမ်မြောင်၊ ကာတွန်းဦးဟိန်စွန်းတို့၏ လက်ရာများဖြင့် ဗုဒ္ဓဝင်ပြခန်းနှင့် ဟာသဇာတ်လမ်းဇာတ်ကွက်များအား မီးပုံးလေးများ ချိတ်ဆွဲ၍ ပြသထားသည်မှာ မြန်မာတို့၏ ဓလေ့ကို ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။

ပထဝီအနေအထားအရ တန်ဆောင်မုန်းလသည် မိုးအကုန်၊ ဆောင်းအကူး ရာသီဖြစ်ပြီး ရာသီခွင်အားဖြင့် ဗြိစ္ဆာရာသီဖြစ်၍ နက္ခတ်အားဖြင့် ကြတ္တိကာနက္ခတ် ဖြစ်ပါသည်။

ရာသီပန်းအရ ခဝဲပန်းများ မြိုင်ဆိုင်စွာပွင့်သောလ ဖြစ်ပါသည်။ "ဆီးနှင်းတစ်လိုက် မြူးတစ်ဖြိုက်"ဟုလည်း ရှေးစာဆိုများက အဆိုရှိခဲ့ကြပါသည်။

တန်ဆောင်မုန်းလတွင် ကျင်းပပြုလုပ်သော ဘုံကထိန်ဆိုသည်မှာ တစ်နှစ်တွင်တစ်လ၊ တစ်လလျှင် တစ်ကျောင်းတည်းသာလှူသော အလှူဖြစ်ပြီး တစ်ဦးတစ်ယောက်လှူရခြင်းမျိုးမဟုတ်ဘဲ ခနစ်ရက်သားသမီးများ စုပေါင်းမှုကြောင့် လှူဒါန်းရသော အလှူဖြစ်သည့်အတွက် စည်းလုံးညီညွတ်စွာ ကျင်းပရသော၊ လှူဒါန်းရသော ပွဲတော်ကလေးတစ်ခု ဖြစ်ပါသည်။

သီတင်းကျွတ်ပွဲတော်ကြီး ပြီးဆုံးသည့် နောက်တစ်နေ့မှစ၍ ဘုံကထိန်ပွဲတော်ကြီး ကျင်းပရန် ဌာနဆိုင်ရာအသီးသီး၊ ကျောင်းအသီးသီး၊ ဈေးအသီးသီး၊ ရပ်ကွက်အသီးသီးမှ ပဒေသာပင်သီးရန် စတင်၍ အလှူခံကြရပါသည်။ ထိုကဲ့သို့ အလှူခံထွက်ရာ၌ ကုသိုလ်လည်းရကလေးများလည်း ပျော်ရွှင်စရာဖြစ်ရလေအောင် ဘိုးတော်ရုပ်၊ ရသေ့ရုပ်၊ မြောက်ရုပ်၊ ဝက်ဝံရုပ်ကြီးများဖြင့် လှည့်လည်၍ အလှူခံထွက်ကြမှ မမောနိုင် မပန်းနိုင်ပင် ဖြစ်ပါသည်။

စုပေါင်းအလှူခံရသော ငွေများမှ ဘုံကထိန် ပဒေသာပင်သီးရန်အတွက် သင်္ကန်း၊ ယပ်၊ ထီး၊ ဖိနပ်၊ ဆေးဝါး၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ သွားပွတ်တံ၊ သွားတိုက်ဆေး ကော်ဇော၊ ဟင်းချိုင့်များ အစရှိသော ကျောင်းသင်္ကန်းအတွက် လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူချိတ်ဆွဲ၍ မိမိမဲပေါက်ရာ ကျောင်းသင်္ကန်းများသို့ အိုးစည်ဗုံပတ်အကများဖြင့် တပျော်တပါး မဟုတ်ပါလော။

ထို့ပြင် အဖိတ်နေ့မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ထိ ရပ်ကွက်၊ လမ်းအသီးသီး၌ ဆီ၊ ဆန်၊ ထမင်း၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ အုန်းနို့ခေါက်ဆွဲ၊ အအေး၊ မုန့်မျိုးစုံ အစရှိသည်တို့အား ခုနစ်ရက်သားသမီးများအတွက် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပပေးပြီး အာဟာရဒါနများ လှူဒါန်းပေးကြသည့် လထူးလမြတ်တစ်ခုပင် ဖြစ်ပါသည်။ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံလွှတ်ပွဲမှာလည်း ကြက်ပျံမကျ စည်ကားလှပါသည်။

တန်ဆောင်မုန်းလပြည့်နေ့ည နက္ခတ်တာရာ စုံလင်သောညတွင် အထူးသဖြင့် "မဟာဝေဒဗ္ဗ ဂါထာတော်ကြီး"အား ရွတ်ဖတ်ခြင်းဖြင့် မိမိအတွက် တစ်နှစ်ပတ်လုံး ရတနာမိုးများ ရွာသွန်းဖြိုးသည့် အယူအဆရှိ၍ ထိုနေ့ည၌ မမေ့မလျော့ဘဲ ရွတ်ပွားပူဇော်ကြပါသည်။

ဤကဲ့သို့ ထူးခြားမွန်မြတ်သော ကထိန်သင်္ကန်း၊ မသိုးသင်္ကန်းများ လှူဒါန်းရခြင်း၊ နက္ခတ်တာရာများ စုံလင်၍ ဆေးပေါင်းခခြင်း၊ ခုနစ်ရက်သားသမီးများအတွက် အာဟာရဒါနပြုလုပ်ရခြင်း ... စသော ကုသိုလ်ထူးများ များပြားလှသော "လတန်ဆောင်တိုင်အား ပါဝင်ဆင်နွှဲ ကုသိုလ်ပြုနိုင်ကြပါစေ" ဟု ဆန္ဒပြုလျက် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်အား ကြိုဆိုလိုက်ပါသည်။

ဘေးရန်ရောဂါ ကင်းစင်ကွာ၍ ချမ်းသာကြပါစေ။

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေ၏။ စိုက်ပျိုးရေးမှ ရရှိလာသော နိုင်ငံခြားငွေတို့ဖြင့် တိုင်းပြည်ထူထောင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းရပ် ကိစ္စအဝဝကို လုပ်ဆောင်လျက်ရှိပေ၏။ ဤ၌ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည့် တောင်သူဦးကြီးများအဖို့ မိမိတို့လုပ်ငန်းခွင်အတွက် အထောက်အကူပြုသည့် လောကီလုပ်ငန်းရပ်များကို သိရှိထားဖို့ လိုပါသည်။ လဲ့လဝီရိယကို အခြေတည်၍ လောကီပညာရပ်များနှင့် ပေါင်းစပ်လိုက်သည်ရှိသော် ပဒေသာ မြေကပေါက်လာသည့်အလား ဝေဆာသောအကျိုးတို့ကို ခံစားရလိမ့်မည် ဖြစ်ကြောင်း တင်ပြရင်း ...

၁။ သီးနှံမျိုးစေ့များကြဲရန်အတွက်

နိုဝင်ဘာလ (၆)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၉) စသောရက်များသည် သီးနှံများ မျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ အပွင့်၊ အသီး၊ အနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်

နိုဝင်ဘာလ (၂)၊ (၅)၊ (၁၀)၊ (၁၃)၊ (၂၁)၊ (၂၄)၊ (၃၀) စသောရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်

နိုဝင်ဘာလ (၃)၊ (၈)၊ (၁၁)၊ (၁၄)၊ (၂၀)၊ (၂၃)၊ (၃၀) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များကို ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များ တူးရန်အတွက်

နိုဝင်ဘာလ (၄)၊ (၉)၊ (၁၂)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၃၀) စသောရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၃–ခုနှစ်၊ နိုဝင်ဘာလအတွက်

**နေမျိုးထွင့်ခေါင်**

၁။ နိုဝင်ဘာလ (၄)၊ (၉)၊ (၁၃)၊ (၁၈)၊ (၂၄)၊ (၂၉) စသောရက်များသည် **'နန္ဒာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ နိုဝင်ဘာလ (၅)၊ (၁၄)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် **'ဘဒြာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ နိုဝင်ဘာလ (၁)၊ (၆)၊ (၁၀)၊ (၁၅)၊ (၂၁)၊ (၂၆)၊ စသောရက်များသည် **'ဇယာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ နိုဝင်ဘာလ (၂)၊ (၇)၊ (၁၁)၊ (၁၆)၊ (၂၂)၊ (၂၇) စသောရက်များသည် **'ရိတ္တာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ နိုဝင်ဘာလ (၃)၊ (၈)၊ (၁၂)၊ (၁၇)၊ (၂၃)၊ (၂၈) စသောရက်များသည် **'ပုဏ္ဏာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဥ္စင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ နိုဝင်ဘာလ (၁၀)၊ (၂၁) ရက်တို့သည် **'အမြိတ္တစုတ်'**တွင် ကျရောက်၏။ ထိုရက်များ၌ မည်မျှပင် မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ နိုဝင်ဘာလ (၃)၊ (၆)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၂၀)၊ (၂၄)၊ (၂၇) စသောရက်များသည် **'ရက်ရာဇာ'**တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေးကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာမြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

**နေမျိုးထွင့်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက်

# ကောင်းသောရက်

**၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလအတွက်**

**နွယ်သာကီအောင်**

ပတ်ဝန်းကျင် ရေမြေတောတောင်အဝှမ်းမှာဖြင့် ပေါက်,လဲတို့ ငုံစီ၍ အင်ကြင်းတို့မှာလည်း ရဲရဲနီကြချေပေပြီ။

ဟေမန္တ၏ တေးသွားမှာလည်း ချို့မြလွင်စာနေဆဲ။

အပူတွေလျော့ပါး၍ စိတ်စွတ်မှုတွေ လျော့နည်းသွားသော ဤကဲ့သို့သော ပွင့်လင်းရာသီမျိုးဝယ် မိမိတို့လူသားများသည် ဘဝဝမ်းရေးအတွက်၊ ဘဝလူနေမှုအတွက်လည်းကောင်း ကြိုးပမ်းရုန်းကန်နေကြရစမြဲ ဖြစ်သည်။ လှုပ်ရှားလုပ်ဆောင်နေကြရစမြဲ ဖြစ်သည်။ ဤတွင် အကြံကောင်းလျှင် တစ်ချက်၊ ဉာဏ်ကောင်းလျှင်တစ်သက် ဆိုသလို လောကီရေးရာ ပညာရပ်များအပေါ် အခြေပြု၍ လုပ်ဆောင်ကြမည်ဆိုပါမူ အများတကာထက် နှာတစ်ဖျားမက သာနိုင်ကြောင်း စကားဆိုရင်းဖြင့်. . .

**၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ**

နိုဝင်ဘာလ (၇)၊ (၁၅)၊ (၂၄)၊ (၂၆)၊ (၂၇) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူဖို့ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

နိုဝင်ဘာလ (၁၀)၊ (၁၂)၊ (၂၃) စသောရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၃။ မြစ်ပင်လယ်မှာ ငါးဖမ်းဖို့ရာ**

နိုဝင်ဘာလ (၁၈)၊ (၂၃)၊ (၂၆)၊ (၂၇) စသောရက်များသည် မြစ်ချောင်းအင်းအိုင်၊ ပင်လယ်ပြင်တို့၌ ပိုက်ချခြင်း၊ ငါးဖမ်းခြင်းတို့ လုပ်ကိုင်ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၄။ ရွှေတွင်း၊ ကျောက်တွင်း တူးဖို့ရာ**

နိုဝင်ဘာလ (၂)၊ (၁၀)၊ (၁၅)၊ (၂၄)၊ (၂၆)၊ (၂၉) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၅။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

နိုဝင်ဘာလ (၂)၊ (၃)၊ (၁၅)၊ (၁၆)၊ (၂၄)၊ (၂၉) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ **ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ**

နိုဝင်ဘာလ (၂)၊ (၃)၊ (၇)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၂၀)၊ (၂၄)၊ (၂၉) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **ပဒ္ဓင်းခံရာ၊ ရှင်ပြုနားသရာ**

နိုဝင်ဘာလ (၃)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၁၈)၊ (၂၄)၊ (၂၆)၊ (၂၉) စသောရက်များသည် ပဒ္ဓင်းခံခြင်း၊ ရှင်ပြုခြင်း စသော ကောင်းမှုကိစ္စများ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ**

နိုဝင်ဘာလ (၉)၊ (၁၅)၊ (၂၀) စသော ရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

နိုဝင်ဘာလ (၆)၊ (၁၃)၊ (၂၀)၊ (၂၁)၊ (၂၈)၊ (၂၉) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **လက်ထပ်မင်္ဂလာကျင်းပရာ**

နိုဝင်ဘာလ (၂)၊ (၇)၊ (၉)၊ (၁၅)၊ (၂၀)၊ (၂၆)၊ (၂၉) စသောရက်များသည် လောကီရေးရာဖြစ်သော လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **ခရီးသွားလာကောင်းဖို့ရာ**

နိုဝင်ဘာလ (၆)၊ (၁၃)၊ (၁၅)၊ (၂၁)၊ (၂၉) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **လယ်ထွန်မင်္ဂလာ ပြုဖို့ရာ**

နိုဝင်ဘာလ (၆)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၉) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ**

နိုဝင်ဘာလ (၆)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၉) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

နိုဝင်ဘာလ (၆)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၉) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **ရေတွင်းရေကန် တူးဖို့ရာ**

နိုဝင်ဘာလ (၃)၊ (၆)၊ (၉)၊ (၁၃)၊ (၁၅)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၉) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **ပညာစတင်သင်ကြားလျှင်**

နိုဝင်ဘာလ (၂)၊ (၃)၊ (၁၀)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၉) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **အောင်ဘာလေထီ ထိုးဖို့ရာ**

နိုဝင်ဘာလ (၅)၊ (၁၀)၊ (၁၅)၊ (၂၅) စသောရက်များသည် အောင်ဘာလေထီ ကံစမ်းခြင်းအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

● နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## ၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလအတွက်

**မဟိဒ္ဓိကျော်ခေါင်**

**တနင်္ဂနွေသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၄)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၂၁)၊ (၂၅)၊ (၂၈)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

နိုဝင်ဘာလ (၃)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

နိုဝင်ဘာလ (၂)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၂)၊ (၄)၊ (၆)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၆)၊ (၂၇)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၃)၊ (၄)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

နိုဝင်ဘာလ (၃)၊ (၄)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၇)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

နိုဝင်ဘာလ (၂)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၆)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၂)၊ (၄)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၇)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

◆ မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက်

# ကံဇာတာ

## ၂၀၁၃–ခုနှစ်၊ နိုဝင်ဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

အလုပ်အကိုင်များ အဆင်ပြေမည်။ လုပ်ငန်းသစ်များ လုပ်ရတတ်သည်။ အလုပ်မရှိသေးသူများလည်း အလုပ်ရတတ်သည်။ လုပ်ငန်းနှင့်ပတ်သက်ပြီး အခွင့်အလမ်းများ ပေါ်လာမည်။ ဝီရိယထား၍ ကြိုးစားမှ အောင်မြင်မည်။ ခရီးသွားရမည့်ကိစ္စများ ပေါ်ပေါက်လာလိမ့်မည်။ အပေါင်းအသင်းများမှ ကူညီမှုကို ရရှိမည်။ သည်းထိတ်ရင်ဖိုကိစ္စများနှင့်လည်း ရင်ဆိုင်ရမည်။ ဘာသာရေးကိစ္စများ လုပ်ရတတ်သည်။ ကျန်းမာရေး ကောင်းမွန်ပါသည်။ ဆရာသမား အကြီးအကဲများ၏ ဝေဖန်မှုကို ခံရမည်။

ငွေကြေးကိစ္စ အခက်အခဲဖြစ်ပေါ်လာက ကူညီမစမည့်သူများ ပေါ်လာပါလိမ့်မည်။ အခွင့်အရေးကောင်းများနှင့်လည်း ကြုံတွေ့ရတတ်သည်။ ထီပေါက်ခြင်း (သို့) ငွေအစုအလိုက်အပြုံလိုက် ဝင်လာတတ်သည်။ ရွှေငွေများလည်း ဝင်လာတတ်သည်။ သတိထားဖို့ လိုမည်။ အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ ဖြစ်မည်။ ကျန်းမာရေး ဖောက်ပြန်တတ်သည်။ ဝမ်းဗိုက်ပိုင်းဆိုင်ရာ ဝေဒနာခံစားရတတ်သည်။ ပညာရေးနှင့်ပတ်သက်ပြီး အဆင်ပြေမှုရှိမည်။ ပတ်ဝန်းကျင်၏ ချစ်ခင်လေးစားခြင်းကို ခံရတတ်သည်။ အလှူဒါနပြုရတတ်သည်။ တစ်ပါးသူကို အလွယ်တကူ လက်လွှတ်စပယ် ငွေမချေးပါနှင့်။ လက်လွှတ်ဆုံးရှုံးမှုဖြစ်တတ်သည်။ အမှုအခင်းဖြစ်လျှင်လည်း ရှုံးတတ်သည်။

မိသားစု သိုက်သိုက်ဝန်းဝန်း ပျော်ရွှင်စွာ နေရတတ်သည်။ စီးပွားရေး၊ အလုပ်ကိစ္စ၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများတွင် အောင်မြင်မှုရရှိမည်။ အကျိုးအမြတ် ခံစားရမည်။ ပစ္စည်းဆုံးရှုံးမှုရှိမည်။ စီးပွားရေးကိစ္စများ အောင်မြင်မှုရှိမည်။ ငွေကြေးချမ်းသာသူ၊ အာဏာရှိသော ပုဂ္ဂိုလ်များ၏ အကျိုးပြုခြင်းကို ခံရမည်။ ရေမြေရပ်ခြား ခရီးဝေးသို့ သွားရတတ်သည်။ သတ္တုပစ္စည်း၊ ရတနာပစ္စည်းတို့မှ အကျိုးခံစားရတတ်သည်။ ကျန်းမာရေး ညံ့တတ်သည်။ ပညာရေးကောင်းမွန်ပါသည်။ မင်္ဂလာကိစ္စများ ဆောင်ရွက်ရတတ်သည်။ အိမ်မြေအဆောက်အဦကိစ္စများ၊ ရောင်းဝယ်မှုကိစ္စများ အဆင်ပြေအောင်မြင်မှုရှိမည်။ ရပ်ဝေးဒေသသို့ ခရီးဝေးသွားရတတ်သည်။ ဆရာသမား၊ ငွေကြေးချမ်းသာသူများ၏ သူကောင်းပြုခြင်းကို ခံရမည်။ ကျန်းမာရေးညံ့သဖြင့် ဆေးရုံဆေးခန်း သွားရတတ်သည်။ အိမ်ထောင်ရေး အဆင်ပြေမည်။ အလှူဒါနပြုရတတ်သည်။ ချစ်သူနှင့် အဆင်မပြေဖြစ်မည်။ စကားများမည်၊ အထင်လွဲတတ်သည်။

စီးပွားရေးကိစ္စများ၌ ကလိမ်ကျမှုများ ခံရတတ်သည်။ သတိထားလုပ်ဆောင်ဖို့ လိုမည်။ မိဘဆွေမျိုးသားချင်းများ၏ အပူသည် ကိုယ့်အပူဖြစ်လာတတ်သည်။ မြစ်ကူးချောင်းခြား ခရီးဝေးမသွားသင့်သေးပါ။ သွားပါက လမ်းတစ်ဝက်မှ ပြန်လာရတတ်သည်။ ရပ်ဝေးမှ သားသမီးများ ရောက်လာတတ်သည်။ ဝန်ထမ်းများ သင်တန်းတက်ရတတ်သည်။ သင်တန်းပြီးဆုံးပါက ဝမ်းသာစရာစကား ကြားရလိမ့်မည်။ ရေအောက်၊ မြေအောက်ပစ္စည်းများအတွက် အကျိုးခံစားရလိမ့်မည်။

ယတြာပြုလိုပါက မွေးနေ့ရက်၌ သက်သက်လွတ်စား၍ ပုတီးကိုးပတ်စိပ်ပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့သမိုင်းနှင့် နက္ခတ်ပညာ

## ကဏ္ဍ(၂)

# ဗိုလ်ချုပ်အောင်ဆန်း၏ဇာတာ

ချူမာန်(မိုးတား)


(ယခင်လမှအဆက်)


### ၅း၃၅ မိနစ် မွေးချိန်အတွက် ဘောဇာကို ဆန်းစစ်ခြင်း

ထင်ရှားသော ဖြစ်ရပ်တို့သည် ဘောဇာလွှမ်းမိုးမှုများနှင့် ယှဉ်တွဲ၍ ဖြစ်ပေါ်တတ်သော်လည်း ဇူလိုင်လ ၁၉ ရက်၊ ၁၉၄၇ ခုနှစ်တွင် တည်နေသော ဘောဇာဂြိုဟ် များအနေဖြင့် ဇာတာရှင်၏ မူလဂြိုဟ်များပေါ်တွင် အဆိုးလွှမ်းမိုးမှုများ လွှမ်းမိုးမှုကိုကြည့်ပါက (ပုံတွင် ခရမ်းရောင်ဖြင့် ပြထားသည်။) လုပ်ကြံခံရ၍ သေဆုံးခြင်း ဆိုင်သော ၆ တန့်ဘာဝနှင့် ၈ တန့်ဘာဝများ မပါဝင်သည်ကို မြင်နိုင်ပါသည်။ ၆ တန့်သည် ရန်သူကို ကိုယ်စားပြု၍ ၈ တန့်သည် သေဆုံးခြင်း၊ အသက်ရှင်သန်ခြင်းကို ကိုယ်စားပြုသည့် ဘာဝများဖြစ်သည်။ ၎င်းတို့သည် အားဂြိုဟ်ဆိုးများ၏ လွှမ်းမိုးမှုကို မူလ

### (၂) နာရီ ၃၅ မိနစ် မွေးချိန်ကို ဆန်းစစ်ခြင်း။

ဆန်းစစ်သုတေသနပြုရာတွင် ပထမမွေးချိန်ဖြင့် ရလာသောဇာတာကို စစ်ဆေးသကဲ့သို့ နောက်မွေးချိန်ကို အားမနာတမ်း စစ်ဆေးကြည့်ရန် လိုပါ၏။





ရှိသည်ကို အောက်ပါဂရပ်ဖ်တွင် ထင်ရှားစွာ မြင်ရပါသည်။

ဘောဇာဂြိုဟ်များမှာ သက်ဆိုင်ရာ ဘာဝတို့၏ အလယ်မှတ်များပေါ်တွင် ဖွားဇာတာတွင် တွေ့ရသော်လည်း ဘောဇာတွင် မမြင်ရခြင်းသည် မွေးချိန်မှန်၊ မမှန်အတွက် ပို၍ပင် သံသယဖြစ်ဖွယ်ကောင်းသော အချက်ဖြစ်နေပါသည်။

### ဘာဝဇာတ်လမ်းနှင့် အောင်မြင်မှု

မွေးချိန်ကို ၃း၄၅ (မနက် ၄ နာရီ မတိုင်မီ)သို့ ပြောင်းလိုက်သောအခါ




www.burmeseclassic.com

www.burmeseclassic.com

အခြေအနေများအားလုံး ပြောင်းလဲသွားသည်ကို တွေ့ရပါတော့သည်။ ဦးဆောင်မှု အရည်အချင်း၊ တောက်ပထင်ရှားသော အောင်မြင်မှု၊ ထင်ရှားမှုတို့ကို ဖန်တီးသော တနင်္ဂနွေသည် လွန်စွာအားကောင်း၏။ အင်အားအများဆုံးဖြစ်၍ ၃၆၇% ပင် ရနေ၏။ သို့သော် တစ်ဆက်ဘာဝတို့ လွန်စွာ အင်အားကောင်း၏။

အတွေးအခေါ်ပိုင်းဆိုင်ရာ အသိဉာဏ်နှင့်ဆိုင်သော ၉ တန့်ဘာဝ၊ အတန်းပညာနှင့်ဆိုင်သော ၅ တန့်ဘာဝ၊ အသိဉာဏ်ပညာကို အစိုးရသော ကြာသပတေး၊ ဖြတ်ထိုးဉာဏ်၊ စကားပြောမှု၊ ဘာသာစကား ကျွမ်းကျင်မှုတို့နှင့်ဆိုင်သည့် မေထုန် ၂း၅၁ တွင်တည်၍ ရာဟု သည့် ကုမ် ၃း၅၀ တွင် တည်သော ကြောင့် ၎င်း၏ ၅ တန့်အမြင်ဖြစ်ရာ ၁၂၀ ဒီဂရီအကွာအဝေးတွင် အတိအကျနီးပါး တည်နေသဖြင့် လွှမ်းမိုးမှုအင်အား ၉၈% ကို ခံထားရ၏။)

စနေဂြိုဟ် မူလအင်အား ကောင်း




| | | |
|---|---|---|
| လဂ္ဂဏ | 253.57 | ဓနု:13:34 |
| တနင်္ဂနွေ | 300.42 | ကုမ်:0:25 |
| တနင်္လာ | 284.22 | မကာရ:14:13 |
| အင်္ဂါ | 287.97 | မကာရ:17:58 |
| ဗုဒ္ဓဟူး | 315.45 | ကုမ်:15:27 |
| ကြာသပတေး | 309.44 | ကုမ်:9:26 |
| သောကြာ | 253.72 | ဓနု:13:43 |
| စနေ | 62.86 | မေထုန်:2:51 |
| ရာဟု | 303.83 | ကုမ်:3:50 |
| ကိတ် | 123.83 | သိဟ်:3:50 |
| ယူရေးနပ်စ် | 289.62 | မကာရ:19:37 |
| နက်ပကျွန်း | 95.75 | ကရကဋ်:5:45 |
| ပလူတို | 67.65 | မေထုန်:7:39 |

| ဂြိုဟ် | [illegible] | ဘာဝ၏သခင် | [illegible] | မူလအင်အား | ဂြိုဟ်ဆိုး(မူလ) | ဂြိုဟ်ကောင်း(မူလ) | နက္ခတ် | နက္ခတ်သခင် | လူနတ်ဘီလူး | [illegible] |
|---|---|---|---|---|---|---|---|---|---|---|
| လဂ္ဂဏ | | | | | | | ပြုဗ္ဗာသဠ် | သောကြာ | လူ | ခတ္တိယ |
| တနင်္ဂနွေ | ရန် | H9 | H3 | 367% | 156% | 0% | ဓနသိဋ္ဌ | အင်္ဂါ | ဘီလူး | အနုလောမ |
| တနင်္လာ | ရန် | H8 | H2 | 175% | 0% | 74% | သရဝဏ် | တနင်္လာ | နတ် | သုဒ္ဒ |
| အင်္ဂါ | ညှပ် | H5 | H2 | 254% | 74% | 0% | သရဝဏ် | တနင်္လာ | နတ် | သုဒ္ဒ |
| ဗုဒ္ဓဟူး | မိတ် | H10 | H3 | 322% | 0% | 0% | သတ္တဘိသျှ | ရာဟု | ဘီလူး | ပဋိလောမ |
| ကြာသပတေး | - | H1 | H3 | 332% | 0% | 0% | သတ္တဘိသျှ | ရာဟု | ဘီလူး | ပဋိလောမ |
| သောကြာ | ရန် | H11 | H1 | 284% | 0% | 0% | ပြုဗ္ဗာသဠ် | သောကြာ | လူ | ခတ္တိယ |
| စနေ | - | H3 | H7 | 322% | 95% | 0% | မိဂသီ | အင်္ဂါ | နတ် | အနုလောမ |
| ရာဟု | 0 | - | H3 | 255% | 100% | 78% | ဓနသိဋ္ဌ | အင်္ဂါ | ဘီလူး | အနုလောမ |
| ကိတ် | 0 | - | H9 | 316% | 100% | 176% | မာဃ | ကိတ် | ဘီလူး | သုဒ္ဒ |

တည်း ထိုအောင်မြင်မှုတို့ကို ပျက်စီးစေနိုင်သော ရာဟုနှင့် ကိတ်တို့သည် အင်အားကောင်းစွာဖြင့် တနင်္ဂနွေအား လွှမ်းမိုးထား၏။ အံသာ အကွာအဝေးတို့ကို ကြည့်ပါ။

စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်ဖြစ်ရန်အတွက် အရေးကြီးသော အင်္ဂါနှင့် လုပ်ရည်ကိုင်ရည်သတ္တိကို ပေးစွမ်းသော ၃ တန့်သော ဗုဒ္ဓဟူးဂြိုဟ်တို့ အင်အားလွန်စွာ ကောင်း၏။


## အသက်အန္တရာယ်


သို့သော် လဂ်သည် အင်အားနည်းနေ၏။ စနေဂြိုဟ်သည် မူလအင်အားကောင်းသော်လည်း ရာဟု၏ ၅ တန့်အမြင်ကို အနီးစပ်ဆုံး ရထား၏။ (စနေခြင်းသည် စည်းကမ်းရှိခြင်း၊ တည်ကြည်ခြင်း၊ အပင်ပန်းခံနိုင်ခြင်းတို့ကို ဖြစ်စေသော်လည်း အသက်ရှည်မှုကို တာဝန်ယူသော စနေအား ထင်မှတ်မထားသော ရုတ်တရက်ဖြစ်ရပ်များကို ဖြစ်စေခြင်းကြောင့် မမျှော်လင့်ဘဲ အသက်အန္တရာယ် ထိခိုက်မှု ဖြစ်လာနိုင်စရာ တစ်ချက်ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com




| ဂြိုဟ် | (၁) | (၂) | (၃) | (၄) | [illegible] | (၆) | (၇) | (၈) | (စ) | (၁) | (၃) | (၄) | (၅) | (၆) | (၇) | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | 0.0% | 0.0% | 0.0% | 0.0% | | 0.0% | 0.0% | 0.0% | 0.0% | 0.0% | 0.0% | 230% | 161% | 393% | 340% | 367% |
| တနင်္လာ | 0.0% | 0.0% | 0.0% | 0.0% | | -24.7% | 40.3% | 0.0% | 24.7% | 40.5% | 0.0% | [illegible] | [illegible] | 10% | 340% | 175% |
| အင်္ဂါ | 0.0% | 0.0% | 82.9% | 0.0% | | -38.7% | 41.3% | 0.0% | 103.0% | 33.5% | -4.5% | [illegible] | [illegible] | 168% | 340% | 354% |
| ဗုဒ္ဓဟူး | 0.0% | 0.0% | 0.0% | 0.0% | [illegible] | 24.9% | 40.0% | 16.0% | 94.0% | 40.3% | 0.0% | 0% | 163% | 304% | 340% | 322% |
| ကြာသပတေး | 0.0% | 0.0% | 0.0% | 0.0% | | 0.0% | 26.8% | 0.0% | 26.0% | 35.1% | -0.0% | 192% | 163% | 174% | 340% | 322% |
| သောကြာ | 0.0% | 0.0% | 0.0% | 0.0% | | -24.1% | 40.3% | 0.0% | 24.1% | 50.0% | 0.0% | 70% | 100% | 244% | 324% | 204% |
| စနေ | 0.0% | 0.0% | 0.0% | 0.0% | | 0.0% | -2.3% | 0.0% | 2.3% | 5.2% | 0.0% | 163% | 179% | 340% | 304% | 322% |
| ရာဟု | | | | | | | | | 0.0% | 0.0% | | 0% | 163% | 171% | 340% | 255% |
| ကိတ် | | | | | | | | | 0.0% | 0.0% | | 0% | 230% | 238% | 303% | 316% |

ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ ဗိုလ်မှူးရဲထွဋ်တို့ ရှိနေကြချိန်တွင် သခင်ထင်မြ၏ အိတ်ထဲမှ မော်ဇာ ပစ္စတို သေနတ် လျှောကျပြီး အလိုအလျောက် ကျည်ထွက်သွားခြင်းသည်လည်း မမျှော်လင့်သော ဖြစ်ရပ်ကြီး၏ ရှေ့ပြေး အကော်တပင် ဖြစ်သည်။ ကျည်ဆန်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်စိုးတို့ နောက်ကျောဘက် ပြတင်းမှန်အား ခွဲထွက်သွားခဲ့သော်လည်း ထိုစဥ်က မည်သည့်အားမျှ အသက်အန္တရာယ် မပြုခဲ့ပါ။

သွေးသံကို ကိုယ်စားပြုသော အင်္ဂါသည် မရဏဘာဝ သေခြင်းကို အစိုးရသော (၈ တန့်ဘာဝသခင်) တနင်္လာနှင့် အသာအကွာအဝေးခြင်း လွန်စွာ နီးစပ်နေသည်။ အင်္ဂါသည် မကာရ ၁၇း၅၇ တွင်တည်၍ ၈ တန့်သခင် တနင်္လာသည် မကာရ ၁၄း၁၂ တွင် တည်ခြင်းကြောင့် အသာချင်း နီးစပ်ကာ သေဆုံးခြင်းနှင့် ထွက်သံယို ကိစ္စတို့ ဆက်စပ်လာခြင်းကို ဖော်ပြနေ၏။

တနင်္လာနှင့် အင်္ဂါပူးခြင်းသည် အထက်တွင် စစ်ဆေးခဲ့သော ၅း၃၅ မွေးချိန်ဖြစ်သော မကာရလဂ်တွင်လည်း ပူးပါ၏။ သို့သော် ထိုစဥ်က တနင်္လာဂြိုဟ်သည် သေဆုံးခြင်း မဆိုင်သော ၇ တန့်သခင် ဖြစ်နေ၏။ (မှတ်ချက် MOTAA စနစ်တွင် ၂ တန့်သခင်၊ ၇ တန့်သခင်တို့ကို မာရကသခင်ဟု လုံးဝမယူပါ။ ထိုသို့ ထည့်တွက်ယူဆကြမည်ဆိုပါက တစ်နည်းမဟုတ် တစ်နည်းနှင့် လှည့်ပတ်ပြောနိုင်၍ ဖြစ်သလို တိကျသောအဖြေ မရနိုင်ပါ။)

## သားသမီးအရေး

သားသမီးအရေးကို ဆန်းစစ်ကြရာတွင် ပုတြဘာဝခေါ် ၅ တန့်ဘာဝနှင့် ၅ တန့်ဘာဝသခင်ကို အဓိက စစ်ဆေးရန်လိုပြီး မိဘတို့၏ ခြေရာနင်းနိုင်သော တစ်နည်းအားဖြင့် မျိုးဆက်သစ်အတွက်မှု ၂ တန့်ဘာဝနှင့် ၂ တန့်သခင်တို့ကို စစ်ဆေးရမည် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့တွင် အောင်ဆန်းဦး၊ အောင်ဆန်းလင်းနှင့် လက်ရှိ ဒေါ်အောင်ဆန်းစုကြည်ခေါ် အငယ်ဆုံးသမီးတို့ ထွန်းကားခဲ့၏။ ကြားထဲတွင် သားငယ်တစ်ဦး မွေးဖွားခဲ့သော်လည်း မွေးမွေးချင်း ဆုံးပါးသွားခဲ့သည်ဆို၏။ သားငယ် အောင်ဆန်းလင်းသည် အသက် ၈ နှစ်အရွယ်တွင် ရေကန်ထဲတွင် ရေနစ်သေဆုံးခဲ့ရ၏။

ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာ (၃း၄၅ ဖြင့်တွက်ထားသော ဓနုလဂ်ဇာတာ)တွင် ၅ တန့်ဘာဝ၏ သခင် (မူလတြိကောဏအိမ်ရှင်)သည် အင်္ဂါဖြစ်၏။ အင်္ဂါသည် အဖိုရာသီတွင် ရပ်တည်ထား၏။ ဥစ်ရထား၏။ သို့သော် ၈ တန့်သခင် (မရဏဘာဝသခင်) ဖြစ်သော တနင်္လာနှင့် နီးစပ်စွာ ပူးကပ်ထား၏။ ထွန်းကားလာသော သားသမီးသည် ယောကျ်ားလေးဖြစ်က ပျက်စီးတတ်သော သဘောကို ပြနေ၏။ လက်ရှိအားဖြင့် အသက်ထင်ရှားရှိသေးသည့် သားယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို လူတိုင်းသိထားကြသည် ဖြစ်၍ မပြောလိုတော့ပါ။

ဉစ်ရထားသော အင်္ဂါသည် ထူးချွန်ထက်မြက်ခြင်း၊ အောင်မြင်ခြင်းကို ဖြစ်စေသော အချက်ဖြစ်၏။ သားသမီးထဲမှ ထူးချွန်ထက်မြက်သူကိုမူ အားလုံးသိထားကြပြီ ဖြစ်ပါသည်။

ဆက်လက်၍ ဖခင်ခြေရာနင်းမည့် သြရသမျိုးဆက်သစ် သားကြီးကိစ္စကို နက္ခတ်ဗေဒင်တွင် ၂ တန့်ဘာဝနှင့် ၂ တန့်သခင်ကို စစ်ဆေးရမည် ဖြစ်၏။ ဓနုလဂ်အတွက် ၂ တန့်သခင် မရှိပါ။ (မိုးတားနည်းတွင် ၂ တန့် အိမ်ရှင်နှင့် ၂ တန့် သခင်သည် တခြားစီဖြစ်၏။ အိမ်ရှင်ကိုအသုံးမပြုဘဲ သခင်အနေဖြင့်သာ အဓိက အသုံးပြု၏။) ထို့ကြောင့် ၂ တန့်ဘာဝအား လေ့လာပါက ၂ တန့်ဘာဝ၏ အလယ်မှတ် မကာရရာသီ ၁၃း၃၄ နေရာအား ၈ တန့်သခင်ဖြစ်သော တနင်္လာမှ မကာရ ၁၄း၁၃ တွင် အံသာနီးကပ်စွာ ရပ်တည်ခြင်းဖြင့် ဖျက်ဆီးထား၏။ ဤအခြေအနေသည် သားယောက်ျားလေးအတွက် မကောင်းသော အခြေအနေကို ပြဆိုနေ၏။ ဖခင်၏ခြေရာကို နင်းခွင့်မကြုံသော သားယောက်ျား အခြေအနေကို ပြဆိုထား၏။

## ကိုယ်ကာယ၊ စိတ်ဓာတ်နှင့် စရိုက်ကို စစ်ဆေးခြင်း

ဇာတာရှင်၏ ကိုယ်ကာယသည် လဂ်၏တည်ရှိရာ ရာသီ၊ နဝင်းတို့အပေါ်တွင် မူတည်၏။ ဇာတာရှင်၏ စရိုက်သည် လဂ်၊ လဂ်သခင်နှင့် တနင်္ဂနွေတို့အပေါ်တွင် မူတည်၏။ စိတ်ဓာတ်သည် တနင်္လာပေါ်တွင် မူတည်၏။

၃း၄၅ ဖြင့် တွက်ချက်ထားသော မွေးချိန်ဖြင့် ဇာတာရှင်သည် ဓနုလဂ်ဖြစ်၏။ ဓနုလဂ်သည် တေဇောဓာတ် မီးရာသီဖြစ်၏။ ရာသီအားဖြင့်ဆိုပါက မီးရာသီသမားတို့သည် တက်ကြွသော၊ မြန်ဆန်သော သဘာဝရှိ၏။ တနင်္ဂနွေပိုင်သော သိဟ်နဝင်းကို စီးနင်း၏။ မီးရာသီကို ရာသီစက်တွင်ရော နဝင်းစက်တွင် ရှိခြင်းဖြင့် ကိုယ်ကာယအားဖြင့် ပိန်ပါးကျစ်လစ်သော၊ အသားအရေ မူနွေးသော အခြေအနေကို ပြဆိုနေ၏။

လဂ်သည် တနင်္ဂနွေနဝင်းကို စီးနင်းခြင်းဖြင့် ဦးဆောင်လိုသော သဘာဝကိုလည်း ပြဆိုနေ၏။ သောကြာပိုင်သော ပြုဗ္ဗာသဠ်နက္ခတ်ကို လဂ်မှ စီးနင်း၏။ ခံစားချက်ကို ဦးစားပေး လုပ်ဆောင်တတ်ခြင်းကို ပြဆို၏။

စရိုက်နှင့် ပတ်သက်၍ တစ်ဆက်တည်းလေ့လာပါက လဂ်သခင် ကြာသပတေးသည် ၃ တန့်တွင် ရပ်တည်၏။ ၃ တန့်သည် ရဲရင့်ခြင်းကို ဖော်ပြ၏။ ရာဟုပိုင်သော သတ္တိဘိသျှနက္ခတ်ကို စီးနင်း၍ ကြာသပတေးပိုင်သော ဓနုနဝင်းတွင် တည်၏။

တစ်ဖန် စရိုက်ကိုဖော်ပြသော အခြားအချက်တစ်ခုဖြစ်သည့် တနင်္ဂနွေသည်လည်း ၃ တန့်တွင်ပင် ရပ်တည်ထား၏။ ဤသည်မှာ မိမိအနေဖြင့် မှန်သည်ထင်လျှင် (ဓနု ကြာသပတေးသည် ဖြောင့်မှန်ခြင်းကို ညွှန်းဆိုသည်။) အများ မထင်မှတ်သော လုပ်ရပ်များ(ရာဟု)ကို ရဲရင့်စွာ (၃ တန့်စရိုက်)ဖြင့် လုပ်ဆောင်တတ်သော သူမျိုး ဖြစ်၏။ လူမမည်အရွယ်ကပင် မောင်ထိန်လင်းသည် ဆင်းရဲသားများ၏ အသနားခံမှုတို့ကို မကြည့်ရက်၍ ငွေတိုးချေး၊ အပေါင်ခံလုပ်သော မိခင်ဖြစ်သူ၏ ငွေစာရင်းမှတ်တမ်းကို မီးရှို့ခဲ့သူဖြစ်၏။ အရွယ်ရောက်လာသောအခါ လွန်စွာဖြောင့်မတ်ခြင်းကြောင့် တိုင်းရင်းသားခေါင်းဆောင်များ၏ ယုံကြည်မှုကိုရခြင်း၊ ရန်သူများဖြစ်ကြသော ဗိုလ်ချုပ်ကြီးစလင်းမှ လေးစားရခြင်း၊ အာရှတိုက်ဆိုင်ရာ စစ်သေနာပတိချုပ်ဖြစ်သူ လော့ဒ်မောင့်ဘက်တန်မှ ဗိုလ်ချုပ်အပေါ်တွင် လွန်စွာသံယောဇဉ်ထားခြင်းတို့ကို သိနိုင်ပါသည်။

စိတ်ဓာတ်နှင့်ပတ်သက်၍ တနင်္လာကို လေ့လာရာတွင် တနင်္လာသည် သူပိုင်သော သရဝဏ်နက္ခတ်ကို စီးနင်း၏။ သောကြာပိုင်သော ပြိဿနဝင်းကို စီးနင်း၏။ ၂ တန့်ဘာဝတွင် မကာရ ရာသီတွင် ရပ်တည်၏။ ရဲရင့်ခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်းကို တာဝန်ယူသော အင်္ဂါနှင့် အလွန်နီးစပ်ပူး၏။ (မိုးတားစနစ်တွင် ၅ ဒီဂရီထက် ကွာဝေးလျှင် ပူးသည်ဟု မယူဆပါ။) စိတ်ခံစားချက်ကို ဖော်ပြသော တနင်္လာသည် စိတ်ခံစားချက်နှင့်ဆိုင်သော တနင်္လာနက္ခတ်တွင်နေခြင်း၊ ခံစားချက်နှင့်ဆိုင်သော သောကြာပိုင်နဝင်းတွင် တည်ခြင်းကြောင့် ဇာတာရှင်သည် ခံစားချက်ကို ဟန်မဆောင်တတ်သူမျိုး ဖြစ်သည်။ သူများတကာထက်ပို၍ခံစားတတ်သည်။ လုပ်ရဲသော အင်္ဂါနှင့် ပူးခြင်းကြောင့် ခံစားချက်အတိုင်း အကောင်အထည်ဖော်တတ်သူ ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေး တပ်မတော်သားများ ရွာတစ်ရွာတွင် ပြုစုမယ့်သူမရှိ၊ စားစရာမရှိ ဖြစ်နေသောကြောင့် (ထိုအချိန်က ပြည်သူ့တပ်မတော်များသည် လခစားမဟုတ်ဘဲ ပြည်သူလူထုမှပို့သော ထမင်းထုပ်ကိုသာ စားရသည်) ဝေ်ပြတ်ပြီး ဒဏ်ရာများနှင့် ညည်းညူနေကြသူ ရဲဘော်များကို တွေ့ရသောအခါ ဗိုလ်ချုပ်သည် မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ရွာလူကြီးများကို ခေါ်လာနိုင်းပြီး သတ်ပစ်မည်ပြုသည်အထိ ခံစားခဲ့ရသဖြင့် အပါးတော်မြဲများက ဆွဲထားခဲ့ရဖူးပါသည်။

## ၃း၄၅ မိနစ် မွေးချိန်အတွက် ဒသာကို ဆန်းစစ်ခြင်း

ဗိုလ်ချုပ်အောင်ဆန်းသည် နံနက်



www.burmeseclassic.com

www.burmeseclassic.com

၁၇၅၅ တွင် မွေးဖွားခဲ့ပါမှု ဖွားအဿာသည် တနင်္လာထူလ၊ ကြာသပတေး အန္တရ၊ စနေ ပြတန္တရဖြစ်၍ သေဆုံးချိန်တွင် ကြာသပတေး ထူလ၊ ကြာသပတေး အန္တရ၊ စနေ ပြတန္တရတွင် ဖြစ်၏။

ကြာသပတေးသည် လဂ်သခင်ဖြစ်သလို အင်အားကောင်းသော ဂြိုဟ်လည်း ဖြစ်၏။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရ၏။

သို့သော် စနေ ပြတန္တရအတွင်းသို့ ၂၉-၃-၁၉၄၇ မှ ၃၀-၇-၁၉၄၇ အတွင်း ရောက်ရှိ၏။ စနေဂြိုဟ်သည် အသက်ကို စောင့်ရှောက်သော ဂြိုဟ်ဖြစ်၍ မူလဘွားဇာတာတွင် ၎င်းအား ရာဟုသည် ၅ တန့် အမြင့် အတိအကျနီးပါးဖြင့် (၉၈%) ဖြင့် အမြင့်ပြုထား၏။ ထင်မှတ်မထားသော ဖြစ်ရပ်များသည် ဇာတာရှင်၏ အသက်အား ထိခိုက်ခြင်းကို အဓိပ္ပာယ် ဖော်ဆောင်နေ၏။ ကံကြမ္မာအနိမ့်အမြင့်ကို ဖော်ပြပါဂရပ်ဖ်တွင် ကြည့်ပါ။


## ၃း၄၅ မိနစ် မွေးချိန်အတွက် ကောဇာကို သန်းစစ်ခြင်း

ယခု ကောဇာကာလ (၁၉-၇-၁၉၄၇)တွင် ကောဇာတနင်္လာ (သေဆုံးခြင်းကိုဖြစ်စေသည့် မရဏဘာဝ ၈ တန့်သခင်)သည် ကရကဋ်ရာသီ ၁၆း၄၄ အံသာတွင် ရပ်တည်ခြင်းဖြင့် မူလဇာတာတွင် မူလတနင်္လာ၏ ဖျက်ဆီးတတ်ခြင်း ခံရသော အင်္ဂါအား သမသတ်အမြင့် အတိအကျနီးပါး (၉၇%)ဖြင့် တိုက်ခိုက်

| | | |
|---|---|---|
| လဂ္ဂဏ | 253.57 | ဓနု:13:34 |
| တနင်္ဂနွေ | 300.42 | ကုမ်:0:25 |
| တနင်္လာ | 284.22 | မကာရ:14:13 |
| အင်္ဂါ | 287.97 | မကာရ:17:58 |
| ဗုဒ္ဓဟူး | 315.45 | ကုမ်:15:27 |
| ကြာသပတေး | 309.44 | ကုမ်:9:26 |
| သောကြာ | 253.72 | ဓနု:13:43 |
| စနေ | 62.86 | မေထုန်:2:51 |
| ရာဟု | 303.83 | ကုမ်:3:50 |
| ကိတ် | 123.83 | သိဟ်:3:50 |
| ယူရေးနပ်စ် | 289.62 | မကာရ:19:37 |
| နက်ပကျွန်း | 95.75 | ကရကဋ်:5:45 |
| ပလူတို | 67.65 | မေထုန်:7:39 |

ဘွားဇာတာ (3: 45 AM)

| ဂြိုဟ် | တည်နေရာ | ဘာဝ၏သခင် | တည်နေရာ | မူလအင်အား | ဂြိုဟ်ဆိုး(မူလ) | ဂြိုဟ်ကောင်း(မူလ) |
|---|---|---|---|---|---|---|
| လဂ္ဂဏ | | | | | | |
| တနင်္ဂနွေ | ရုန် | H9 | H3 | 367% | 156% | 0% |
| တနင်္လာ | ရုန် | H8 | H2 | 175% | 0% | 74% |
| အင်္ဂါ | ဥစ် | H5 | H2 | 254% | 74% | 0% |
| ဗုဒ္ဓဟူး | မိတ် | H10 | H3 | 322% | 0% | 0% |
| ကြာသပတေး | - | H1 | H3 | 332% | 0% | 0% |
| သောကြာ | ရုန် | H11 | H1 | 284% | 0% | 0% |
| စနေ | - | H3 | H7 | 322% | 98% | 0% |
| ရာဟု | 0 | - | H3 | 255% | -100% | 78% |
| ကိတ် | 0 | - | H9 | 316% | -100% | 176% |






www.burmeseclassic.com

www.burmeseclassic.com

ဖျက်ဆီးလိုက်၏။ တစ်ဆက်တည်းမှာပင် မူလဇာတာရှိ ၈ တန့်သခင် တနင်္လာအား သမသဘတ်အပြင် (၈၇%)ဖြင့် လွှမ်းမိုး ဖျက်ဆီးထားပြန်၏။

ဖော်ပြပါ ဇယားများသည် မူလဇာတာတွင်ရှိသော ဂြိုဟ်နှင့် ဘာဝတို့၏ ပကတိအင်အား (အနက်ရောင်ဖြင့်) ၎င်းတို့အား မူလဇာတာရှိ ဂြိုဟ်ကောင်းများ လွှမ်းမှု(အစိမ်းနုရောင်)၊ မူလဇာတာရှိ ဂြိုဟ်ဆိုးများလွှမ်းမိုးမှု (အနီရောင်)တို့ကို ဖော်ပြထား၍ ၎င်းတို့အား ကောဇာဂြိုဟ်ကောင်းများလွှမ်းမိုးမှု (အစိမ်းရင့်ရောင်) ကောဇာဂြိုဟ်ဆိုးများ လွှမ်းမိုးမှု၊ (ခရမ်းရောင်)တို့ကို ဖော်ပြထားခြင်း ဖြစ်သည်။

မူလဇာတာတွင် အင်္ဂါသည် ၈ တန့်ဘာဝ မရဏသခင် တနင်္လာနှင့် နီးစပ်စွာ ပူးကပ်ခြင်းခံထားရပုံကို အနီရောင်ဖြင့် ပြထား၏။ ထိုသို့ မူလဇာတာတွင် အက်ကြောင်းရှိနေသော အင်္ဂါထံသို့ ကောဇာ ၈ တန့်သခင်အနေဖြင့် လွှမ်းမိုးလိုက်ခြင်းသည် သွေးသံကို ကိုယ်စားပြုသော အင်္ဂါ၊ သေဆုံးခြင်းကို ကိုယ်စားပြုသော ၈ တန့်တို့ဖြင့် ဆက်စပ်သွား၏။


ထိုမျှမကသေး ကောဇာ ၈ တန့်သခင်သည် တစ်ချိန်တည်းမှာပင် ဇာတာရှင်၏ ၂ တန့်ဘာဝနှင့် ၈ တန့်ဘာဝတို့ကိုပါ တစ်ဆက်တည်း လွှမ်းမိုးထား၏။ မေးစရာ မေးခွန်းရှိပါ၏။ တစ်လလျှင် ရာသီစက်ဝိုင်းကို တစ်ပတ်ပတ်နေသော တနင်္လာဂြိုဟ်သည် အခြားသော ကာလများတွင် မဖြစ်ဘဲ ယခုကျမှ လာဖြစ်ပါသနည်း။


ကောဇာတစ်ခုတည်းနှင့်သော်လည်းကောင်း၊ ဒသာတစ်ခုတည်းနှင့်သော်လည်းကောင်း သီးသန့်ခွဲ၍ စဉ်းစားခြင်းဖြင့် အဖြေကို မရနိုင်ပါ။ ထိုနှစ်ခုကို ပူးပေါင်းယှဉ်တွဲ သုံးသပ်မှသာ အဖြေမှန်ကိုရမည် ဖြစ်သည်ကို သတိပြုရပါမည်။

## ဗိုလ်ချုပ်အောင်ဆန်းနှင့် ပညာ

ပညာရပ်များနှင့်ပတ်သက်၍ ဗိုလ်ချုပ်သည် အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

"ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်။ စာအုပ်များကိုကျော်၍ မြင်စွမ်းနိုင်ခြင်းကို ဆောင်ရွက်ရပေမည်။ ပညာသည် လူ၏ရာဇဝင်ကိုသာ ပြုပြင်တိုးချဲ့ရုံသည်မဟုတ်။ လူ၏ စိတ်နေစိတ်ထား၊ အယူအဆများကိုလည်း တိုးတက်စေရမည်။ ရာဇဝင်သိရုံသာ မဟုတ်။ ရာဇဝင်ကို ဖန်တီးနိုင်စေရမည်။ လောကဓာတ်ပညာကို သိရုံသာမဟုတ်။ လောကဓာတ်ပညာကို တိုးချဲ့နိုင်စေရမည်။ လောကအကြောင်းကို နားလည်စေသာ မဟုတ်









| | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | ရာဟု | ကိတ် | ယှဉ်ရေးနှပ်စ် | နက်ပကျွန်း | ပလူတို | ဂြိုဟ်ဆိုး( ကောဇာမှ မူလ) | ဂြိုဟ်ကောင်း: (ကောဇာမှ လ) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| တနင်္လာ | 0% | 87% | 0% | 0% | 0% | 0% | 84% | 0% | 0% | 0% | 0% | 0% | 87% | 84% |
| အင်္ဂါ | 0% | 97% | 0% | 0% | 0% | 0% | 98% | 0% | 0% | 0% | 0% | -26% | 97% | 98% |
| ဗုဒ္ဓဟူး | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| ကြာသပတေး | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| သောကြာ | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| စနေ | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | [illegible] | 0% | 0% | 0% | 0% |
| ရာဟု | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| ကိတ် | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| ယှဉ်ရေးနှပ်စ် | 0% | 84% | 0% | 0% | 0% | 0% | 87% | 0% | 0% | 0% | 0% | 100% | 84% | 87% |
| နက်ပကျွန်း | 80% | 0% | 0% | 0% | 0% | 0% | 0% | 0% | 90% | 0% | 0% | 0% | 90% | 0% |
| ပလူတို | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |



www.burmeseclassic.com

www.burmeseclassic.com





| အောက် ပါ ဘာဝ သို့ | ဘာဝ အလယ် မှတ် | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | ရာဟု | ကိတ် | ဗြိတ်ဆိုး( မှုလ) | ဗြိတ်ကောင်း(မှုလ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| H1 | 253.57 | 0% | 0% | 0% | 0% | 0% | 100% | 0% | 0% | 0% | 0% | 100% |
| H2 | 283.57 | 0% | 99% | 67% | 0% | 0% | 0% | 0% | 0% | 0% | 99% | 67% |
| H3 | 313.57 | 0% | 0% | 0% | 93% | 70% | 0% | 0% | 0% | 0% | 0% | 163% |
| H4 | 343.57 | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| H5 | 13.57 | 0% | 0% | 67% | 0% | 0% | 0% | 0% | 0% | 0% | 0% | 67% |
| H6 | 43.57 | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| H7 | 73.57 | 0% | 0% | 0% | 0% | 70% | 100% | 0% | 0% | 0% | 0% | 170% |
| H8 | 103.57 | 0% | 99% | 67% | 0% | 0% | 0% | 0% | 0% | 0% | 99% | 67% |
| H9 | 133.57 | 0% | 0% | 67% | 93% | 70% | 0% | 0% | 0% | 0% | 0% | 230% |
| H10 | 163.57 | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| H11 | 193.57 | 0% | 0% | 0% | 0% | 70% | 0% | 0% | 0% | 0% | 0% | 70% |
| H12 | 223.57 | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |

သည့်ထက်ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။ လေ့နံ့ဓားထစ်ဆိုသော အလုပ်၊ အပြော၊ အတွေးတို့မှာ ပညာ၏ အဓိပ္ပာယ် ဆန့်ကျင်ဘက် ပေတည်း''

## တွေ့ရှိချက်နှင့် ကျွန်တော်၏သဘောထား

ဆရာတင်နိုင်တိုး ဆောင်းပါးကို မှတည်၍ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးချိန်နှင့် ဇာတာဖြစ်နိုင်ခြေကို ဆန်းစစ်သုတေသနလုပ်ခြင်းသာ ဖြစ်ပါသည်။ ဤစစ်ဆေးနည်းနှင့် ကျွန်တော်၏ လေ့လာသုံးသပ်ချက်များသည် မှန်ကန်ပါက ကျွန်တော်၏အစွမ်းကြောင့် မဟုတ်ပါချေ။ နှစ်ထောင်ပေါင်းများစွာကပင် စကြဝဠာမှ ဂြိုဟ်၊ နက္ခတ်များ၏ တည်နေရာနှင့် လူတို့အပေါ်တွင် လွှမ်းမိုးမှုကို ဖော်ထုတ်ပေးခဲ့သော သူတော်ကောင်းပညာရှိများ၏ အဆင့်မြင့်မားလှသော ဉာဏ်ပညာနှင့် နောက်လူတို့အပေါ်တွင် ထားရှိခဲ့သော စေတနာနှင့် ခေတ်မီ ကွန်ပျူတာနည်းစနစ်များကြောင့်သာ ဖြစ်ပါသည်။

အကယ်၍ ကျွန်တော်၏ တွေ့ရှိချက်၊ သုံးသပ်ချက်အမြင်တို့သည် မှားယွင်းသည် ဆိုပါအံ့။ ကျွန်တော့်အနေဖြင့် ညံ့ဖျင်းမှုသက်သက်ကြောင့်သာ ဖြစ်ပြီး ပညာရှိများ၏ ဂုဏ်ကျေးဇူးအပေါ်တွင်လည်းကောင်း၊ နက်နဲသော ပညာရပ်တွင်လည်းကောင်း အပြစ်မရှိပါချေ။

ထင်ရှားသော ဆရာသမားများ၏ သုံးသပ်ချက်များအပေါ်တွင် မိမိဉာဏ်မီသမျှ မတူသောအမြင်ကို တင်ပြခြင်းဖြစ်၍ ဆရာသမားတို့သည်လည်း ခွင့်လွှတ်ကြမည် ထင်ပါသည်။

ဤဆောင်းပါးရေးဖြစ်ရန် လှုံ့ဆော်ပေးခဲ့သော ဆရာတင်နိုင်တိုးအားလည်း အထူး ကျေးဇူးတင်ရှိပါသည်။

လူသားအားလုံး လူတစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားခြင်းဖြင့် ချမ်းမြေ့သော အနေအထားကို ရောက်နိုင်ကြပါစေ။

**ချူမာန်(မိုးညွှား)**



www.burmeseclassic.com

www.burmeseclassic.com

# ပူနာကျူရတနာအရှုပ်တော်ပုံ

## အောင်သန်းချစ်

အခန်း(၇)

ယခင်လမှအဆက်



ဒိုးဒိုး

ခွန်ဘာ ကတော့ သူ့ဖာသာ တအံ့တသြ ဖြစ်နေပါတယ်။

ဘုရင့် မိဖုရားရဲ့ စံအိမ်တော်ထဲ သူမ ရောက်နေတာကို တွေ့မိခဲ့ပါတယ်။ ညှို့ခန်းနံရံကို ကြွေလုံတွေ ခင်းပြီး စီထားတာ မျက်နှာကျက်ထိလုနီးပါ။

ဒါ့အပြင် နံရံတွေကိုလည်း သက်တန့်ရောင်စုံ ဆေးခြယ် ထားပါသေးတယ်။

စားပွဲနှစ်လုံး ဆက်ထားပြီး ပန်းနု ထွင်းထားတဲ့ သစ်သားခွက်ကြီးတွေ တင်ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီခွက်ကြီးတွေထဲမှာ ကိုလာနပ် အဆံတွေ၊ မြေပဲတွေ၊ ဘီစကွတ်မုန့် ထုပ်တွေရယ် တော်ဖီနဲ့ သကြားလုံး ထုပ်လေးကို အပြည့်ထည့်ထားပါ တယ်။

လိမ္မော်သီးနဲ့ သံပရာသီးတွေကို တော့ လင်ပန်းတွေနဲ့ ထည့်ပြီးတင်ထား ပါတယ်။ ငှက်ပျောသီးတွေကိုလည်း နောက်နေ့အတွက် စားပွဲအောက်မှာ အဆင်သင့် အနိုင်လိုက် စီထားပါတယ်။

နောက်ဘက်ခန်းရှိ မီးဖိုကလည်း အသားနှပ်ဟင်းနဲ့ စွတ်ပြုတ်နဲ့ တကြိုင် ကြိုင်ထွက် နေပါတယ်။

အမျိုးသမီးကြီးတွေလည်း စားပွဲ တွေ ပြင်ဆင်ကြ ခွက်တွေကို သန့်စင် ကြရင်း အထဲဝင်လိုက် အပြင်ထွက် လိုက်နဲ့ ယောက်ယက်ခတ် နေကြပါ တယ်။

ဒါ့အပြင် တအံ့တသြနဲ့ တစ်ဦးကို တစ်ဦး လက်တို့ပြောဆိုနေကြပါတယ်။

ဟာဝါက ခဏကြာ နှုတ်ဆက်ပြီး တာနဲ့ မုခ်ဝကိုဖြတ်ပြီး သတို့သမီးကို သူ့ညီမနှစ်ဖော်က ဆံပင်ပြင်ပေးနေတဲ့ အိပ်ခန်းဆီ လျှောက်သွားခဲ့ပါတယ်။

သတို့သမီးရဲ့ လက်တွေ ဘဲဥပုံ ဖူးတောင်း ဖြစ်အောင်လုပ်ပေးထားပြီး လက်သည်းတွေကိုလည်း အနီရောင် ဆိုးပေးထားပါတယ်။

လုံးဝ မနာမကျင် ရလေအောင် လုပ်ပေးကြပေမယ့် သတို့သမီးကတော့ သူမရဲ့အိမ်ကို ခွဲခွာခဲ့ရတာဘယ်လောက် ထွေမ်းနေကြောင်း ပြသတဲ့အနေနဲ့ ကျယ် ကျယ်လောင်လောင် ငိုရှိုက်နေပါတယ်။ သူမကို ဘယ်သူကမှ မကြည့်ကြတဲ့ အခါမှာ အငိုရပ်ပြီး ဝန်းကျင်ကို ရှုစားပါ တယ်။ အဝတ်အသစ်တွေနဲ့ အိပ်ရာပေါ် ကစောင်တွေကိုတော့ သယ်သွားဖို့ အဆင်သင့်ပြင်ထားပါတယ်။

ဆွေတော် မျိုးတော်တွေ နောက် ထပ်ရောက်လာကြပြီး ဝင်လိုက် ထွက် လိုက် လုပ်နေကြပါတယ်။

သူမကိုလည်း ဩဝါဒပေးကြ၊ လက်ဖွဲ့တွေကို ထောပနာပြုကြတဲ့ အပြင် သူတို့ကိုယ်တိုင် မင်္ဂလာဆောင် ခဲ့ကြတဲ့ (၁၆)နှစ် မပြည့်မီအရွယ်က ရှေးဟောင်း နှောင်းဖြစ်တွေကို ပြောခဲ့ ကြပါတယ်။

ဟာဝါကိုမြင်တော့ သတို့သမီး ရုတ်တရက် မတ်တပ်ရပ်လိုက်ပါတယ်။ တရိုတသေ နှုတ်ခွန်းဆက်ပါတယ်။

"ဘုရင့်နမတော် ကျန်းခံ့သာလို့ မာပါစေရှင်"

ဟာဝါကလည်း ခင်ခင်မင်မင် ဦး ခေါင်းညိတ်ပြပါတယ်။

တစ်ခါ ဆွေတော် မျိုးတော်တွေကို လည်း ပြန်လည် နှုတ်ဆက်ပါတယ်။ မုဆိုးတစ်ယောက်က မြားတံကို လေညှို့ ကြိုးက ပစ်လွှတ်လိုက်သလို သူမ ကလည်း မကျေနပ်တာတွေ၊ ဝေဖန်မှု တွေနဲ့ ပြစ်တင်တောက်တီးတာတွေကို တစ်စုတစ်စည်းတည်း လေထဲမှာ လွှင့် ထုတ်ခဲ့ပါတယ်။

"မင်္ဂလာဆောင် ကျွန်းသေတ္တာကြီး ထဲမထည့်ခင် အဝတ်စတွေကို မီးပူတိုး ဖို့ပါ ကြိုတင်မပြောပြခဲ့ဘူးလား။ ညှော်ခံ ခန်းတံခါးဝမှာ ဘယ်ညာမှလိုက်ကာ မချိတ်ထားပါလား။ အထဲကို ဒိုးယိုပေါက် မြင်နေရတာပေါ့ဟာ။ ကြမ်းပြင်ပေါ်မှာ ဘာကြောင့် စောင်တွေကို ပစ်ထားရတာ လဲ။"

အသက်ခေတ္တရှူရှိုက်လိုက်ပြီး ဖား တစ်ကောင်လို တဟင်းဟင်းနဲ့ မြည်နေပါ တယ်။ သတို့သမီး အမေကတော့ မရဲ တရဲနဲ့ -

"ဒီမနက်မှာ စောင်တွေကို ဖယ်ပြီး စတိုထဲက ချိတ်တွေနဲ့ ကာလကာတွေ မဒမ်ဟာဝါယူလာမယ်ဆို၊ ကျွန်မတို့မှာမှ စတိုသော့မရှိတာ"

ဟာဝါက ပါးစပ်ဟလိုက်ပိတ်လိုက် နှစ်ကြိမ်လုပ်ပြီး ပြန်ဖြေဖို့ ကြိုးစားနေပါ တယ်။

"အေး ဟုတ်ပြီ အခုပဲ ကာလကာ တွေ ငါတပ်ပေးမယ်။ ငါသွားနေတုန်း အဆင်သင့်ဖြစ်အောင် ပြင်ထားကြ"

ခွန်ဘာက ပေါ်လာတဲ့ အခြေအနေ ကို ခပ်မြန်မြန် အသုံးချလိုက်ပါတယ်။

"အချစ်ဆုံးဒေါ်ဒေါ်ရေ ကျွန်မကူညီ ပါရစေ၊ လေးလေးပင်ပင်တွေကိုဒေါ်ဒေါ် ဘယ်သယ်နိုင်မှာလဲ။ ဒေါ်ဒေါ် မသယ် သင့်ပါဘူး"

"သူတို့ အမှုအကျင့်တွေကို မြင်ရ တာ အမြတ်ပေါ့"

ဟာဝါက အခန်းအပြင်က အကူ တွေနဲ့ တံမြက်လှည်းသမားတွေကို စိုက် ကြည့်လိုက်ပါတယ်။ ခွန်ဘာလည်း နောက်က ကပ်လိုက်ခဲ့ပါတယ်။ အထုပ် အပိုးတွေကြောင့် ခွန်ဘာခမျာ ယိုင်တိ ယိုင်တိုင်ဖြစ်နေပါတယ်။ အပြင်ဘက် ထွက်လာကြတဲ့ ခွန်ဘာတို့ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကိမ်က သူတို့ဆီ မြူးမြူးကြွကြွကခုန်လာရင်း ပါးစပ်ကလည်း ကိုလာဆံတစ်ဆံကိုဝါးနေပါတယ်။

ကျောက်ရုပ်တစ်ရုပ်ကို ပြောနေဘိအလား ခွန်ဘာက ကျယ်ကျယ်လောင်လောင်အော်ဟစ်ပြီး -

"ကျွန်မက ဒေါ်ဒေါ်ဟာဝါကို ကူနေတာပါ။ နန်းတော်စတိုဆီ ဒီစောင်တွေသယ်သွားပါ။"

"ကျွန်တော့် နမလေးကို ကူလို့ရမလား ဒေါ်ဒေါ်"

ဒေါ်ဒေါ်ဟာဝါက ငြိမ်းငြိမ်းညှုညှုနဲ့ သဘောတူလိုက်ပါတယ်။

သူမက သတို့သမီးတဲ့နဲ့ ခပ်ဝေးဝေးဆီ သူတို့ကို ခေါ်သွားပြီး ပြန်လာခဲ့ကြပါတယ်။ ပရိသတ်နဲ့ ဘုရင်ကြီးတွေခဲ့နေတဲ့ နန်းရင်ပြင်ဆီကို ထူးထူးခြားခြား သူတို့ကို ခေါ်သွားခဲ့ပါတယ်။ အခုတော့ တစ်ဦးမှမရှိတဲ့ ရင်ပြင်ပါ။ ဂိတ်ပေါက်တွေကိုတော့ သော့ခတ်ပြီး တံခါးပိတ်ထားပါတယ်။ တံခါးတွေရှေ့မှာ အစောင့်တွေက မဲ့တ်တပ်ရပ်နေကြပါတယ်။

တစ်ချိန်လုံး စကားတပြောပြောနဲ့ လျှောက်လာခဲ့တဲ့ ဒေါ်ဒေါ်ဟာဝါက နန်းတော်ရဲ့ လက်ျာဖက်ကတံခါးတစ်ချပ်ကို ဖွင့်ခဲ့ပါတယ်။

အဲဒါကတော့ မီးဖိုတစ်ခု ဆီဦးတည်နေပါတယ်။ တစ်ခါ လမ်းကျဉ်းလေး တစ်ခုကိုတွေ့ရပါတယ်။ လမ်းကျဉ်းလေး အခုံးမှာတော့ နန်းတော်စတိုလို့ တံဆိပ်ကပ်ထားတဲ့အခန်းကို တွေ့ကြရပါတယ်။

သူမရဲ့ စကွဲျပတ်ထားတဲ့ အထုပ်ကြီးထဲက သော့ခပ်လေးလေးတစ်ချောင်းကို ဟာဝါက ဆွဲထုတ်လိုက်ပြီး သော့အိမ်ကို ဖွင့်ပါတယ်။ တံခါးပွင့်သွားတော့ ကလေးနှစ်ဦးလည်း စိတ်ပါလက်ပါ အထဲကိုငေးကြည့်ကြပါတယ်။ သူတို့နှစ်ဦးတော်တော် စိတ်ပျက်သွားကြပါတယ်။

လေဝင် လေထွက်ကောင်းတဲ့ စတိုကြီးထဲမှာ ကျယ်ကျယ်ဝန်းဝန်း စင်ကြီးတွေကို အတန်းလိုက်စီမံထားပြီး အဲဒီစင်ကြီးတွေပေါ်မှာတော့ ကြိုးခွေတွေ၊ အိမ်ရိုက်သံတွေ၊ ကောက်ရိုးထုံးတွေ၊ ဖယောင်းတိုင်တွေ၊ မီးအိမ်တွေ၊ ဆပ်ပြာချောင်းတွေ၊ သွားတိုက်ချောင်းတွေ၊ စောင်တွေနဲ့ ကာလကာတွေကိုတင်ထားပါတယ်။

ဒါ့အပြင် တံမြက်စည်း တွေကို အစည်းလိုက်ထားပြီး တံခါးမကြီးနားမှာတော့ ဓါးမတွေကို ထောင်ထားပါတယ်။ ရေနံဆီခြောက်ပုံးကိုလည်း တန်းစီထားပါသေးတယ်။ ပစ္စည်းတိုင်းကို မျက်စိတစ်ချက်ငေ့လိုက်တာနဲ့ မြင်သာအောင် သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် စီမံနေရာချထားတာပါ။

ဒီမြင်ကွင်းကတော့ ရှင်းပါတယ်။ ဒီစတိုးထဲမှာ ရတနာလို တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို မထားတာ သေချာပါတယ်။ ဟာဝါလို ဒေါသကြီးတဲ့ အမျိုးသမီးမျိုး ပထမတန်းစား ဂိုဒေါင်မှူး မဖြစ်နိုင်ပါ။

ခွန်ဘာနဲ့ ကိမ်တို့က စောင်တွေကို အပေါ်မှာ အဆင့်လိုက်ထပ်ပေးပြီး ကူညီနေတုန်းမှာ သူတို့သုံးဦးကို ပျက်ရယ်ပြုတဲ့ရယ်သံကြီး တံခါးဝမှပေါ်ထွက်ခဲ့ပါတော့တယ်။ ရောင်စုံအဝတ်အထည်တွေဆင်မြန်းထားတဲ့ အမျိုးသမီးတစ်ဦးက သူတို့ကိုကြည့်ရင်း သူမမျက်လုံးတွေက လောင်ပြောင်နေပါတယ်။

တစ်ခါက တော်တော်ချောမောလှပခဲ့ပုံရတဲ့ အမျိုးသမီးပါ။ ခုထိ သူမရဲ့ မျက်နှာ အနေအထားက ကြည့်ကောင်းနေဆဲပါ။

ဒါပေမယ့် သူမရဲ့ လည်ပင်းက အရေးအကြောင်းတွေကိုတော့ သူမဝတ်ဆင်ထားတဲ့ အပြာရောင် ပဒုမ္မာဘလောက်စ်က ဖုံးကွယ်မထားနိုင်ပါ။ ဒါ့အပြင် အပြာရောင်ခေါင်းစီးက သူမရဲ့ ဆံပင်ဖြူတွေကို ဖုံးမထားနိုင်တဲ့အပြင် နဖူးက အရေးအကြောင်းတွေကိုလည်း အုပ်မထားနိုင်ခဲ့ပါ။

သူမက လှောင်ပြောင့်သရော်ခဲ့ပါတယ်။

"သူတို့လို အကောင်းစားတွေအတွက် အကောင်းတွေပြင်ဆင်ပေးနေကြတာ မဟုတ်လား။ ငါ့ရဲ့ပြိုင်ဘက် ခပ်ဝိန်ဝိန် ကျောင်းသူမလေးကို နင်တို့လက်သပ်မွေးပေးကြတယ်ပေါ့။ မနက်ဖြန်အတွက် မိတ်ဆွေကြီးဟာဝါကလည်း အကောင်းဆုံး ပြင်ဆင်ပေးနေတာလား"

ဒေါ်ဒေါ်ဟာဝါကလည်း ခပ်မာမာအသံနဲ့ ပြန်ဖြေခဲ့ပါတယ်။

"လက်ထပ်မင်္ဂလာပွဲအတွက် ပြင်ဆင်နေကြတာပါ။ မိဖုရားစောင့်ကြီးဖူးဒူး။ ကျွန်မလို ဆင်းဆင်းရဲရဲ မုဆိုးမတစ်ဦးကတော့ အမြတ်ကောင်းဆုံးဖြစ်အောင် အမှုထမ်းနေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"အမှုထမ်းကောင်းတဲ့အတွက် ဆုလာဘ်တွေ မျှော်လင့်နိုင်တာပေါ့"

ဟာဝါက စိတ်ကိုထိန်းပြီး -

"လက်ထပ်မင်္ဂလာပွဲတွေကို ငွေရဖို့အတွက် ကျွန်မ ပြင်ဆင်ပေးနေတာ မဟုတ်ပါဘူး"

ဒူးဒူးကလည်း သဘောကျကျေနပ်အားရပြီး အော်လိုက်ပါတယ်။

"ဘာပဲဖြစ်ဖြစ်လေ မင်းက ငွေစကား မပြောပေမယ့် ငါဆိုလိုတာက ရှင်ဘုရင်ကကျေးဇူးတင်တဲ့ အနေနဲ့ ဆုတော်လာဘ်တော်ချီးမြှင့်မှာပါ"

ဒေါ်ဒေါ်ဟာဝါက ဘုရင်မိဖုရားခေါင်ကြီးနဲ့ အငြင်းပွား မနေသင့်တာကို သတိထားလိုက်ပြီး -

"နန်းတော် စတိုကိုပါ ကျွန်မတွဲပြီး ကိုင်လို့ရအောင် ရှင့်ဆီက သော့တွေ ကျွန်မလက်ထဲ ထည့်ထားခွင့်ကိုတော့ တောင်းဆိုရဦးမယ်"

ဒူးဒူးက ငြင်းဆိုခဲ့ပါတယ်။

"ဒီစောင်တွေက ဘုရင့်ပွဲတော်အတွက်သာ လိုအပ်တာပါ။ ငါလိုမိဖုရားခေါင်ကြီးတစ်ဦးတည်းကသာ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာကို မင်းသိသားပဲ။ မိဖုရားသစ်ကလေး တစ်ယောက် ဒူးဒူးဇာပန်းတွေထိုးထားတဲ့ စောင်အောက်မှာ ငြိမ်ငြိမ်ရှိအိပ်နိုင်ပါစေတော့"

ဟာဝါက ပုံစံကွက်တွေ ဖော်ထားတဲ့ ခပ်ထူထူရှည်ရှည် အနီရောင်ပိုးကလာကာလေးခုကိုမရင်း -

"ဒီကာလကာတွေကို ယူသွားကြဟေ့ကလေးတို့။ ကြိုးတွေ၊ သံတွေနဲ့တူတာတော့ ဒီသေတ္တာထဲမှာပါ။ ငါသယ် လာခဲ့ပါမယ်"

တင်းမာခက်ထန်တဲ့ မျက်နှာထားနဲ့ သော့တွေကို ပြန်အပ်ပြီး စတိုကို ဟာဝါကျောခိုင်းထွက်ခဲ့ပါတော့တယ်။

"ဒီမိန်းမကြီးနဲ့တော့ မဖြစ်တော့ပါဘူး။ ဘုရင်ကြီးက သူ့ကို စိတ်ကုန်နေတာကို ငါက ဘယ်လိုလုပ်ပြီး ကူညီနိုင်မှာလဲ။ နေ့တိုင်းပဲ မနာလိုဝန်တိုစိတ်တွေပွားနေပြီး အခွင့်အရေးပဲ ထပ်ထပ်တောင်းနေတယ်။ စင်စစ်နန်းတော်စတိုကို ပူးတွဲစောင့်ဖို့ တာဝန်ချထားသလိုဖြစ်နေပြီ။ မှဆိုးမဟာဝါကလွဲပြီး ဘယ်သူများ အလုပ်တွေ အခုလို ပိုလုပ်နိုင်ကြလို့လဲ"

သူတို့မရှိခိုက် ဧည့်သည်တွေထပ်ရောက်လာခဲ့ပါတယ်။ ဆိုနေကနေကြတာကလည်း စည်းချက်ဝါးချက်ညီညီနဲ့ ပျော်ပျော်ပါးပါး လူအုပ်ကြီးထဲက ကောင်လေးတစ်ယောက်နဲ့ ကောင်မလေး ပြေးထွက်လာကြပြီး ကောင်လေးက -

"ဒေါ်ဒေါ်ဟာဝါ"

လို့အော်ရင်း သူ့လက်ထဲက အညိုရောင်စက္ကူထုပ်ကြီး နှစ်ထုပ်ကို ဝှေ့ယမ်းပြရင်း -

"မေမေ ဖာတီမာကပေးလိုက်တဲ့ လက်ဆောင်တွေပါ"

ကိမ်နဲ့ ခွန်ဘာတို့နှစ်ဦးလည်း လှည့်ထွက်ပြီး ပြေးခဲ့ကြပါတော့တယ်။

မိနစ်အနည်းငယ် အတွင်းမှာပဲ အလိမ်ခံခဲ့ရတာကို ဟာဝါသဘောပေါက်သွားပါတယ်။ အထုပ်တွေကို ဖွင့်ရင်း သူမညီမရဲ့ သားရင်း သမီးရင်း အစစ်တွေကို မေးပါတော့တယ်။

ပြီးတော့ သတို့သမီး အမေရဲ့ အမှုထမ်းတွေကို ကာလကာတွေ အပ်ခဲ့ပြီး သတင်းပို့ဖို့ ဘုရင့်ထံ အမြန်ဆုံး ထွက်ခဲ့ပါတယ်။

နန်းတော်စောင့်တွေကို ကိမ်နဲ့ ခွန်ဘာကိုရှာပြီး သူ့မရှေ့တော်မှောက် လာအပ်ဖို့ အမိန့်ထုတ်ခဲ့ပါတယ်။

အဲဒီ အတောအတွင်း ကလေးနှစ်ဦး အတွက် နန်းတော်ထဲမှ ခပ်မြန်မြန် ထွက်ပြေးဖို့ အချိန်လေးရနေပါတယ်။

ကိမ်က သက်ပြင်းချရင်း -

"အခု တို့ဘယ်ကို သွားကြမလဲ"

ဒီတံတိုင်းတွေကို တို့ကျော်တက်နိုင်တဲ့တိုင် အပြင်မှာထိုင်နေတဲ့ ပရိသတ်နဲ့ အစောင့် စစ်သားတွေက တို့ကိုဖမ်းကြမှာ သေချာတယ်။

ခွန်ဘာကတော့ ကတုန်ကယင် ကြောက်ကြောက်လန့်လန့်နဲ့ -

"တချွင်ချွင်မြည်တဲ့ ဖိနပ်သံတွေကို ကျွန်မကြားနေရပြီ။ နန်းတော်စောင့်တွေ လာနေကြပြီ"

ကိမ်က -

"စောင်တွေကို ဇာပန်းထိုးဖို့ ထုတ်ဦးမှာမို့ ဒူးဒူးက စတိုကို ဖွင့်ထားဦးမှာပါ။ ငါတို့ ကြိုးစားကြည့်ရအောင်"

ခွန်ဘာက ကန့်ကွက် လိုက်ပါတယ်။

"ဒီမိန်းမကြီး ကြည့်ရတာ စိတ်သဘော ကောင်းပုံမရဘူး"

"ဘာပဲဖြစ်ဖြစ် တို့အတွက် တစ်ခုတည်းသော အားကိုးရာပဲ"

သူတို့နှစ်ဦးလုံး နန်းတော်စတိုဆီ ပြေးခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တံခါးပိတ်ထားပါတယ်။ တွန်းဖွင့်လိုက်တော့ ပွင့်သွားခဲ့ပါတယ်။ မိဖုရားခေါင်ကြီးဒူးဒူးက ဘုရင်ကြီးရဲ့ မိဖုရားသစ်လေးအတွက် စောင်ကို ရွေးနေပါတယ်။

ကိမ်က သူမရှေ့မှာ ဒူးထောက်ပြီး-

"ကျေးဇူးပြုပြီး ကျွန်တော်တို့ကို ကယ်တော်မူပါ မိဖုရားခေါင်ကြီးဘုရား"

ခွန်ဘာကလည်း -

ကျွန်မတို့ ဘာအပြစ် တစ်ခုမှ မကျူးလွန်ခဲ့ကြတာ အမှန်ပါ။ ကျွန်မ ကျိန်ပြောရဲပါတယ်။ မဒမ်ဟာဝါနဲ့ နန်းတော်က အစောင့်တွေ ကျွန်မတို့ကို လိုက်ရှာနေကြပါတယ်"

"ဟာဝါ"

ဒူးဒူးက အံကြိတ်လိုက်ပြီး ခပ်ပြုံးပြုံးနဲ့ -

"ဒီစောင်တွေနဲ့ မင်းတို့ကို အုပ်ထားမယ်။ မျက်တောင်တစ်ချက် မခတ်ကြနဲ့ ငြိမ်ငြိမ်နေကြ"

တံခါးပွင့်လာချိန်မှာ ကိမ်ရဲ့ ဝဲဖက်ခြေချောင်းကို ဒူးဒူးက စောင်အောက် ရွှေ့ပစ်ခဲ့ပါတယ်။ သူ့ခြေချောင်းလေးကို မြင်နေရလို့ပါ။

ဟာဝါက ဗိုလ်ကြီးကော အစောင့်တွေကိုပါ တံခါးပေါက်ဝက ဆင့်လေးမှာ ရပ်နေစေခဲ့ပါတယ်။ တအံ့တဩနဲ့ ဆက်ပြီး ခြေမလှမ်းဝံ့ကြပါ။

ဒူးဒူးက ဆွေးနွေးပွဲတစ်ပွဲပမာ -

"ငါ့ကို ခဏခဏ ပြောခဲ့ပြီးသားပဲ။ သူတို့အပြုအမူတွေ မဟုတ်ဘူးဆိုတာ နင့်ကို ပြောခဲ့သားပဲ။ အခုပဲ နင်ထွက်သွားခဲ့တာပါ။ ငါလိုမိဖုရားခေါင်ကြီး တစ်ဦးအနေနဲ့ သည်နေရာကို ဝင်ကြည့်ခွင့် အပြည့်ရှိပါတယ်။ အခုတော့ နင်က ငါ့ကို လာစော်ကားနေပြီ။ တံခါးမခေါက် ဘာမခေါက်နဲ့ ဗိုလ်ကြီးကော အစောင့်တွေကိုပါ ငါရှိတဲ့ဆီ ကျူးကျူးကျော်ကျော် နင်က ခေါ်သွင်းလာခဲ့ပြီ၊ ခွင့်မလွှတ်နိုင်ဘူးဟေ့"

ဗိုလ်ကြီးက ကြောက်ကြောက်ရွံ့ရွံ့နဲ့ အသနားခံလိုက်ပါတယ်။

"မိဖုရားကြီးခင်ဗျား၊ ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်သနားတော်မူပါ"

ဟာဝါကတော့ မဆီမဆိုင် စပ်စပ်စုစုကြည့်ရင်း အလောတကြီး ရေတစ်ခွက်မော့သောက်နေပါတယ်။

ဗိုလ်ကြီးကဆက်ပြီး -

"ဒီနန်းတော်ထဲကို ဝင်ခွင့်မရှိတဲ့ ကောင်လေးနဲ့ ကောင်မလေးကို လိုက်ရှာနေတာပါ။ မဒမ်ဟာဝါရဲ့ တွန့်တွမဟန်ဆောင်ပြီး သတို့သမီးအိမ်ထဲကို ဝင်ခဲ့ကြတာပါ။ မင်္ဂလာဆောင်လက်ဖွဲ့တွေကို သူတို့လာခိုးကြတာ ဖြစ်နိုင်ပါတယ်။ ဘုရင်ကြီးကလည်း သိပ်ကိုဒေါပွနေပါတယ်"

ဒူးဒူးကလည်း ကျေကျေနပ်နပ်နဲ့ ခေါင်းညိမ့်ရင်း -

"ဟုတ်ပါတယ်။ မင်းပြောတာ သဘာဝကျပါတယ်။ သူတို့ကို သည်နေရာမှာတော့ တွေ့ရမှာမဟုတ်ပါဘူး။ စောင်တွေနဲ့ငါအုပ်ပြီး ဝှက်ထားတယ်လို့ မင်းက မထင်ခဲ့ရင်ပေါ့"

ဒူးဒူး ရယ်သံက လွှမ်းသွားခဲ့ပါတယ်၊ ဗိုလ်ကြီးကပါ ဟားတိုက်ရယ်မောရင်း အခန်းပြင် ထွက်သွားပါတော့တယ်။

ဟာဝါရဲ့ ပါးစပ်ကတောင် နောက်နောက်ရွတ်ရွတ်နဲ့ -

"ဟိုး · · ဟိုး · · မိဖုရားခေါင်ကြီးကတောင် ဘုရင့်အိမ်ထောင်ရေးမှာ ခုထိ စိတ်ဝင်တစားရှိနေတုန်းပါလား"

ခပ်ဝေးဝေးကနေပြီး ဒူးဒူးက -

"ကလေးတွေကို ငါတွေ့ခဲ့ရင် မင်းတို့က သူခိုးလေးတွေအဖြစ် စွဲချက်တင်ပြီး ရုံးတင်ကြပါ"

စောင်တွေအောက်မှာ ပုန်းအောင်းနေတဲ့ ခွန်ဘာရဲ့ ရင်ထဲမှာတော့ တဒိန်းဒိန်းခုန်နေခဲ့ပါတယ်။ ကိမ်ကတော့ တုပ်တုပ်ပင်မလှုပ်ဝံ့ပါ။

နောက်ဆုံးမှာ ဗိုလ်ကြီးက အစောင့်တွေကို ပြန်ခေါ်သွား သံကြားကြရပါတယ်။

သူတို့ ထွက်ခွာသွား ကြတာနဲ့ တပြိုင်နက် ဒူးဒူးက စတိုတံခါးမကို သော့ခတ်ပြီး ကလေးတွေကို အုပ်ထားတဲ့ စောင်တွေ ဆွဲခွာပစ်လိုက်ပါတယ်။ သူမက ရယ်မောရင်း -

"သနားစရာ ဒေါ်ဒေါ်ဟာဝါရယ်"

တစ်ခါ ရုံးတော်မှာ တရားသူကြီးက တရားခံတွေကို စိုက်ကြည့်ပြီး မေးတဲ့ပုံစံနဲ့ -

"သည်ကို မင်းတို့ ဘာလာလုပ်ကြတယ်ဆိုတာ ငါ့ကို မှန်မှန်ပြောပြပါ။ အခုကစပြီး ငါ အမှန်အတိုင်း သိချင်တယ်"

ဆက်လက်ဖော်ပြပါမည် · · ·

**အောင်သန်းချို**



www.burmeseclassic.com

www.burmeseclassic.com



# ရသရုပ်ကို ပရမတ်ဖြင့် ရှုမှတ်ခြင်း

■ မဟာထွန်း

သာသနာတော်နှင့် တွေ့တုန်းကြုံခိုက်တွင် တစ်မဂ်တစ်ဖိုလ်ရရှိရေးသည် အလွန်မှ အရေးကြီးပြီး အဓိကသည်းကျ၏။ ဒါန၊ သီလ၊ သမထလောက်ဖြင့် ကျေနပ်နေရန် မသင့်ပေ။ မဂ်ရကြောင်း၊ ဖိုလ်ရကြောင်း၏ အဓိကလုပ်ငန်းကြီးဖြစ်သော ဝိပဿနာကို လုပ်သင့်၏။ ဝိပဿနာသည် မဂ်ဖိုလ်နှင့် အနီးဆုံးသော လုပ်ငန်းကြီးဖြစ်၏။

နိဗ္ဗာန်ကို ကြိမ်ဖန်များစွာ ဆုတောင်း၍နေကြသော်လည်း နိဗ္ဗာန်နှင့် အနီးဆုံးဖြစ်သော မဂ်ရ၊ ဖိုလ်ရကြောင်းလည်းဖြစ်သည့် ဝိပဿနာအလုပ်ကိုမူ လုပ်ချင်သူ၊ ကျင့်ကြံအားထုတ်ချင်သူ၊ ရှုမှတ်ပွားများချင်သော ပုဂ္ဂိုလ် အလွန်မှ အားနည်းလွန်းသည်။ ဒါန၊ သီလဘက်တွင် အားသန်ကြသလောက် ဝိပဿနာဘက်တွင် အားနည်းလွန်းသည်ကို တွေ့နေရ၏။

စာရေးသူ ရှေ့ဆောင်းပါးများတွင် ရေးသားတင်ပြခဲ့ဖူးသည့်အတိုင်း ဤမမှဆောင်းပါးကို လစဉ်ရေးသားနေသော်လည်း စာဖတ်ပရိသတ်များပြားလွန်း၍ မဟုတ်ပေ။ စာဖတ်ပရိသတ်အနည်းဆုံးသာ ဖြစ်၏။ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

နည်းသော ပရိသတ်၏ များသောအကျိုးကို လိုလားသောကြောင့် စာရေးသူနှင့် ရောင်ပြန်အယ်ဒီတာအဖွဲ့တို့က ရွေးချယ်ပြီးဖော်ပြနေခြင်း ဖြစ်၏။ ထိုများသောအကျိုးသည် မဂ်ရကြောင်း၊ ဖိုလ်ရကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်းကြီး ဖြစ်နေ၏။

နိဗ္ဗာန်ရောက်ကြောင်းတရားကို ကြိုက်သော်လည်း လူကြိုက်နည်းတတ်သည်မှာ ဓမ္မ၏သဘာဝဟု ဆိုရမည်ထင်၏။ သို့တည်းမဟုတ် ကြိုက်သော်လည်း လက်တွေ့ကျကျ မလုပ်နိုင်ကြပေ။ ဤသည်နှင့် ပတ်သက်၍ နှိုင်းယှဉ်ခြင်း ပမာဏလေးမျိုးရှိပေသည်။

၁။ ရူပပမာဏ = လူသားတို့သည် ဘုရားရှင်၏ အဆင်းတော်ကို သုံးပုံပုံလျှင် နှစ်ပုံကြည်ညိုကြသည်။

၂။ ဃောသပမာဏ = လူသားတို့သည် ဘုရားရှင်၏ အသံတော်ကို ငါးပုံလျှင် လေးပုံကြည်ညိုကြသည်။

၃။ လူခပမာဏ = လူသားတို့သည် ဘုရားရှင်၏ ခေါင်းပါးသောအကျင့်ကို ဆယ်ပုံပုံလျှင် ကိုးပုံကြည်ညိုကြသည်။

၄။ ဓမ္မပမာဏ = လူသားတို့သည် ဘုရားရှင် ဟောတော်မူသော တရားတော်တို့ကို တစ်ထောင်မှာ တစ်ယောက်သာလျှင် ကြည်ညိုနိုင်ကြလေသည်။

ဘုရားရှင်ဟောတော်မူသော တရားတော်တို့ကို တစ်ထောင်မှာ တစ်ယောက်သာ ကြည်ညိုနိုင်ကြသည်ဟုဆိုခြင်းမှာ လိုက်နာခြင်းနှင့် ကျင့်သုံးခြင်း စသည်တို့ကို ရည်ညွှန်းသည်။ ဘုရားရှင်၏ တရားတော်ကို တစ်ထောင်မှာ တစ်ယောက်သာ လိုက်နာကျင့်သုံးနိုင်ကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထိုတစ်ထောင်/တစ်ယောက်ထဲတွင် မိမိတို့ ပါဝင်စေသင့်သည်။ မပါဝင်နိုင်သေးလျှင် ပါဝင်လာနိုင်အောင် ကြိုးစားကြရမည်။ သာသနာတော်နှင့် တွေ့ရကြုံရ ကျိုးနပ်ရန် အထူးအရေးကြီးသည်။ မိမိ၏ဘဝနှင့် အသက်သည်လည်းကောင်း၊ သာသနာတော်ကြီးသည် လည်းကောင်း သည်နေ့လောက် မနက်ဖြန်မကောင်းနိုင်တော့ပေ။ ဆုတ်ယုတ်ခြင်းသဘောသည် အစဉ်လိုက်၍ ရှိနေတတ်သည်ကို သတိပြုပါ။

စာရေးသူသည် စာပေရေးသားခြင်းကို ဝါသနာအကြီးဆုံးဖြစ်သော်လည်း ရဟန်းပုဂ္ဂိုလ်ဖြစ်သောကြောင့် စာပေသက်သက်ဖြင့် ထာဝစဉ်မနေလိုကြောင်းကို ဆိုဖူး၏။ အသက်အရွယ်အရလည်းကောင်း၊ ဓမ္မလမ်းကြောင်းအရလည်းကောင်း လိုင်းပြောင်းရန် ဆန္ဒရှိနေ၏။ သို့သော်လည်း မြတ်စွာဘုရားရှင်၏ တရားတော်ကို တစ်ထောင်မှာတစ်ယောက်သာ ကြိုက်သည်ဟု ဟောတော်မူလေရာ ဓမ္မဆောင်းပါးအစဉ်ကို ဖတ်ရှုကျင့်ပွား၍ နှစ်သက်ကြသည့်အကြောင်း ရောင်ပြန်မဂ္ဂဇင်းကြီးမှတစ်ဆင့် ဆက်သွယ် လျှောက်ထားလာကြသဖြင့် ဤဓမ္မဆောင်းပါးရေးသားခြင်းကို တန်ဖိုးထားလာမိ၏။

သို့သော်လည်း စာဆက်ရေးရန်အတွက် အခက်အခဲတစ်ခု ရှိလာရပြန်သည်။ ၎င်းမှာ ရိုက်နေဆဲဖြစ်သော လက်နှိပ်စက်ကလေးကို ဆေးကြောပြုပြင်ရန် အတွက် ဆရာခေါ်၍မရသောကြောင့် ဖြစ်သည်။ လက်နှိပ်စက်ခေတ်ကုန်လာသောကြောင့် စက်ပြင်ဆရာများလည်း လိုင်းပြောင်းသွားကြဟန်ရှိသည်။ လက်နှိပ်စက်ကလေးကို မိမိဘာသာ ဆီဖြင့်ဆေးကြောပြီး ရိုက်ရင်းမှ ခဲစာလုံးများ ပဲ့လာ၊ ရွဲ့လာသည်အထိ ရှိလာနေချေပြီ။

ထို့ကြောင့် ရိုက်နှိပ်ပြီးပို့လိုက်သော စာမူများကို ဖတ်ရှေး/ဖတ်ပယ်လုပ်ကြရသည့် ဆရာအယ်ဒီတာများလည်း ငြီးငွေ့ကုန်ကြပြီ။ စာစီဆရာများလည်း စိတ်ပျက်ကုန်ကြပြီ။ သည်သို့သော အဖြစ်များကြောင့် လက်နှိပ်စက်ကလေးနှင့် စာပေခရီးကို ဆက်သွား၍ မဖြစ်နိုင်တော့။ တစ်မျိုးတစ်ဖုံ စဉ်းစားရလေသည်။

ပင်ကိုကပင် မလုခဲ့သော လက်ရေးသည်လည်း စာရေးသက်အတော်အတန်ရလာသည်နှင့်အမျှ အဆင်မပြေရှိလာခဲ့သောကြောင့်သော လက်နှိပ်စက်ကို ပြောင်းလာခဲ့ရခြင်းဖြစ်လေရာ ယခုတစ်ဖန် ဆက်ပြောင်းမည် ဆိုလျှင် ကွန်ပျူတာသာရှိလေ၏။ ကွန်ပျူတာကို ပြောင်းရမည်မှာလည်း လွယ်ကူသည်တော့ မဟုတ်ပေ။

လေ့လာကြည့်ခြင်းအားဖြင့် လက်တော့သည်သာ အဆင်ပြေသည်ဟု အကြံပြုကြသည်။ မသိသည်များကို



www.burmeseclassic.com

www.burmeseclassic.com

မေးမြန်းလိုလျှင်ဖြစ်စေ၊ ပြင်ဆင်လိုလျှင်ဖြစ်စေ အလွယ်တကူ သယ်သွား၍လည်းရသည်။ ခရီးသွားလျှင်လည်း သယ်ယူသွားနိုင်သည်။ အသုံးအနှုန်းများလည်း ပို၍ကျယ်ပြန့်သည်။ ထို့ကြောင့် လက်တော့ကိုသာ ကိုင်ပါဟု တိုက်တွန်းကြ၏။

သို့သော် • • •လက်တော့တစ်လုံး၏ စာရိုက်စက်၊ စာရွက်ထုတ်စက် နှစ်လုံး၏ သင့်တင့်သောတန်ဖိုးမှာ ခုနစ်သိန်းဝန်းကျင်ရှိ၏။ ထို့နောက် ကွန်ပျူတာပညာရပ်များကို တတ်မြောက်သည်အထိ ဆရာအထံကို သွား၍သင်ကြားသည်ဖြစ်စေ၊ ကျောင်းကိုခေါ်ပြီးသင်သည်ဖြစ်စေ အသက်အရွယ်အရ နှစ်ချီကြာနိုင်သောကြောင့် ထိုထို၏ဝန်ဆောင်စရိတ်များကို ထည့်တွက်ကြည့်ခြင်းဖြင့် မောဟိုက်၍ပင်သွားလေ၏။

ထို့အပြင် စာရေးသူမှာ အင်္ဂလိပ်စာ အလွန်အားနည်း၏။ ဆယ်လုံး တစ်လုံးပင် အနက်အဓိပ္ပာယ်ကို ဖော်၍မရနိုင်ပေ။ မိတ်ဆွေများက ခေတ္တမျှထုတ်ပေးကြ၍ လောလောဆယ်တွင် အဆင်ပြေနိုင်သော်လည်း ထိုကိစ္စများ ကျေလည်စေခြင်းနှင့် အင်္ဂလိပ်စာ အားနည်းခြင်းတို့ကြောင့် ကွန်ပျူတာပညာကို တတ်မြောက်အောင် သင်ယူရမည့်အရေးကို တွေးပြီး စိတ်အပျက်ကြီးပျက်သွားရလေသည်။

ထို့ကြောင့် စာပေရေးသားပြုစုခြင်းကို ရပ်တန့်လိုက်ရပေတော့မည်ဟု နဖူးပေါ်လက်တင် စဉ်းစားနေချိန်မှာပင် သည်ဓမ္မဆောင်းပါးအစဉ်ကို စောင့်ဖန်ရင်းဖြင့် ဝိပဿနာတရားတော်ကို ဓာတ်ပရမတ်ပေါက်သည်အထိ နားလည်လာရကြောင်း၊ ထို့ကြောင့် များစွာကျေးဇူးတင်ပါကြောင်း၊ သည်ဓမ္မဆောင်းပါးကိုလည်း မပြတ်အောင် ဆက်လက်ရေးပေးစေလိုကြောင်း စသည်ဖြင့် တစ်နေ့တည်း ပြည်တွင်းကရော၊ ပြည်ပကပါ ဖုန်းသုံးလေးကြိမ် ဝင်လာနေ၏။

ထို့ကြောင့် အခက်အခဲအမျိုးမျိုးကို စဉ်းစားရင်းက အားလျော့နေမိသော စာရေးသူ၏စိတ်ကို မြှင့်တင်ပေးသလို၊ တွန်းပို့သလို ဖြစ်လာမိပြန်သည်။ ဤဆောင်းပါး တစ်နေရာတွင် ရေးခဲ့သော "ဘုရားရှင်၏ တရားတော်ကို လူတစ်ထောင်မှာ တစ်ယောက်သာ ကြည်ညိုနိုင်ကြသည်"ဟု ဟောကြားဆုံးမတော်မူခဲ့သည်ကိုလည်း ပြန်လည်အမှတ်ရလာမိပြန်သည်။

ထို့ကြောင့် ယှဲ့ယှဲ့မျှသာရှိတော့သော စိတ်ကလေးသည် တစ်ဖန်နိုးကြား၍ လာမိပြန်၏။ ခန္ဓာဉာဏ်ရောက်မဂ်ရကြောင်း၊ ဖိုလ်ရကြောင်းဖြစ်သော ဝိပဿနာတရားတော်ကြီးကို နှလုံးသွင်းပြီး ရေးသားနေရမည်ဖြစ်၍ မိမိမှာလည်း ဝိပဿနာမဟာကုသိုလ်ကြီးကို ရရှိမည်။ တရားတော်ကို လိုလားကြသော ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်းတို့သည်လည်း အကျိုးများကြမည်ကို ရှေးရှုပြီး စိတ်ဆင်းရဲခံကာ လက်တော့ကွန်ပျူတာ ကိုင်ရမည့်ကိန်းကို ဆိုက်ရောက်ရလေ၏။

ထိုအထဲမှ စိတ်အဆင်းရဲဆုံးဖြစ်ရသည်မှာ • • • ကွန်ပျူတာပညာကို တတ်မြောက်သည်အထိ သင်ကြားရမည့်အရေးပင် ဖြစ်၏။ လူငယ်လူရွယ်များမှာ သုံးလနှင့် အတတ်သင်ယူနိုင်ကြသော်လည်း စာရေးသူတို့လို လူကြီးပိုင်းသို့ ရောက်လာနေပြီဖြစ်သော အရွယ်၌ ခက်ခဲနက်နဲသော ကွန်ပျူတာပညာရပ်ကို တတ်မြောက်အောင် သင်ကြားရမည်မှာ လွယ်ကူသောအရာ မဟုတ်ပေ။

ထိုအထဲတွင် ကျွမ်းကျင်တတ်မြောက်ထားခြင်းမရှိသော အင်္ဂလိပ်စာနှင့်သာ သင်ကြားရမည့်အရေးမှာသာ၍ပင် အခက်ခဲဆုံးဖြစ်လေ၏။ ထို့ကြောင့် လူငယ်လူရွယ်များ သုံးလနှင့် အတတ်သင်ယူကြသည်ကို စာရေးသူက နှစ်နှင့်ချီ၍၊ သို့တည်းမဟုတ် ထိုထက်မကအောင်ပင် သင်ယူရမည်ဖြစ်၏။ ပင်ကိုဉာဏ်မနိုင်တော့သောကြောင့် များစွာမှပင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲလည်း ခံရမည်ဖြစ်၏။

သို့သော်လည်း ဆိုခဲ့သည့်အတိုင်း နှစ်ဦးနှစ်ဖက် စာရေးသူရော၊ စာဖတ်သူတို့ပါ ဝိပဿနာကုသိုလ်ထူးကြီးကို ရကြတော့မည်ဟု ရှေးရှုပြီးသာ ကွန်ပျူတာခန်းမထဲသို့ ဝင်လိုက်ရလေ၏။ စာရေးသူ ကြိုးစားပြီး တွန်းအားစိတ်ထားသလို၊ စာဖတ်သူ ဓမ္မယောဂီများသည်လည်း တရားရရှိရေးကို ရှေးရှုနိုင်ကြပါစေဟူ၍ ဆန္ဒပြုပြီး တိုက်တွန်းပါ၏။

+++ +++ ++



www.burmeseclassic.com

www.burmeseclassic.com

ကုန်ခဲ့သည့်လက **မိတ်ဆက်ထားခဲ့သည့်အတိုင်း** လျှာနှင့်ပတ်သက်သော ရသဓာတ် ခန္ဓာငါးပါးအကြောင်း ကို ဆက်ကြဦးစို့။

လျှာသည် ရသဓာတ်ကို စုပ်ယူခြင်းသဘောရှိ၏။ ထို့ကြောင့် ရှေးဦးစွာ အစားအစာ၊ လျှာ၊ ရသဓာတ်ဟု သုံးမျိုးကို ကွဲပြားစွာ မှတ်ရ၏။ အစားအစာတစ်ခုကို လျှာပေါ်တင်လိုက်လျှင် ရသဓာတ်သည် ပေါ်ထွက်၍လာလေ၏။ ရသဓာတ်သည် လိုရင်းဖြစ်၏။ ရသဓာတ်ကို သိလျှင် ပရမတ်ကို သိပြီဖြစ်သောကြောင့် တရားရှုမှတ်၍လည်း ရပြီဖြစ်၏။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ဖွဲ့၍လည်း ရပြီဖြစ်၏။

သို့သော်လည်း သည်မျှလောက်ရေးပြရုံဖြင့် အပြည့်အစုံ နားလည်နိုင်ကြလိမ့်မည် မဟုတ်သေးပေ။ ထို့ကြောင့် ရှေ့ဓမ္မဆောင်းပါးများမှာ ရေးသားတင်ပြခဲ့သည်ကို ပြန်မိုးဦးမည်ဖြစ်၍ ဉာဏ်စိုက်ထားကြပါ။ ဉာဏ်စိုက်ထားခြင်းဖြင့် တရားတော်ကို အလွယ်တကူ နားလည်ပြီး ရှင်းလင်းပြတ်သားလာပေလိမ့်မည်။

အစားအစာသည် မည်သည့်အစားအစာမျိုးဖြစ်စေ လျှာကို လာတိုက်သည်(လျှာက အစာကို သွားတိုက်ခြင်းမဟုတ်၊ အစာကသာလျှင် လျှာကို လာတိုက်ခြင်းဖြစ်သည်) ကုန်ခဲ့သည့်လက နာခေါင်းအကြောင်းကို ရေးခဲ့သည်။ သည်လတွင် လျှာအကြောင်းကို ရေးသည်။ ဤမျှသာ ကွဲပြားသည်။ အာရုံစိုက်လျှင် နားမလည်စရာ မရှိပေ။

အစားအစာမှ လျှာကိုလာတိုက်သောကြောင့် ရသတည်းဟူသော အရသာ ဖြစ်ပေါ်လာသည်။ အစာနှင့် လျှာသည် ပညတ်၊ ရသဓာတ်သည် ပရမတ်။ ရသဓာတ်ကို အဘယ်ကြောင့် ပရမတ်ဟုဆိုပါမူ ရသဓာတ်ကို ကိုင်၍၊ ယူ၍၊ တို့ထိ၍ မရပေ။ ကြည့်ရှု၍ မြင်နိုင်ခြင်းလည်းမရှိ။ အစားအစာက လျှာကို လာထိဆဲခဏတွင် ရသဓာတ် ဖြစ်ပေါ်လာသည်။

ထိုဖြစ်ပေါ်လာသော အရသာဟုဆိုသည့် ရသဓာတ်သည် ပရမတ်သဘော၊ ဓာတ်သဘော ဖြစ်သောကြောင့် ကိုင်-ယူ-တို့ထိ၍လည်းမရ၊ ရှိရုံမျှသာ ရှိသောကြောင့် သဘောဟု ဆိုရသည်။ ဓာတ်၊ ပရမတ် ဟူသည်မှာ မည်သည့် ဓာတ်၊ ပရမတ်ပင်ဖြစ်စေ သဘောမျှသာ ရှိလေသည်။ လုံးဝပညတ်၊ အတ္တပျောက်ပြီး ကင်းဆိတ်လျက်သာရှိသည်။

ထိုကဲ့သို့ သဘောဆိုက်နေသော ပရမတ်သား၊ ဓာတ်သား၊ အနတ္တသား စစ်စစ်ကိုသာ ခန္ဓာဖွဲ့၍ တရားရှုမှတ်၍ရသည်။ ခန္ဓာဟူသည်မှာလည်း ခေါင်း၊ ကိုယ်၊ လက်၊ ခြေ စသည်များ မဟုတ်ပေ။ အတုံးအလုံး၊ အကောင်သဏ္ဍာန်လည်း မဟုတ်ပေ။ သဘောမျှသာရှိသည်။ ထိုသဘောကိုပင် ခန္ဓာဖွဲ့ရသည်။ သို့မှလည်း ပရမတ်ခန္ဓာဖြစ်သည်။ ပရမတ်ခန္ဓာကို ရှုပွားမှလည်း တရားရသည်။ ထို့ကြောင့် အရာအားလုံးကို ပရမတ်ဆိုက်အောင် နာကြားသင်ယူပြီးမှ တရားရှုမှတ်ရလေသည်။

သည်မျှ ရှင်းပြလျှင် နားလည်လောက်ပြီဖြစ်၍ ခန္ဓာဖွဲ့ကြစို့။

စားသောက်စရာကို လျှာပေါ်တင်လျှင် အရသာ ပေါ်လာ၏။ ထိုအရသာသည်ပင် ရသရုပ်ဖြစ်၏။ ထိုရသရုပ်ကို ခန္ဓာဖွဲ့လျှင် ရူပက္ခန္ဓာရ၏။

ထိုအရသာကို ကောင်းမကောင်း ခံစားခြင်းမှာ ဝေဒနာဖြစ်၍ ခန္ဓာဖွဲ့လျှင် ဝေဒနက္ခန္ဓာရ၏။

ထိုအရသာကို မှတ်သားခြင်းမှာ သညာဖြစ်၏။ သညာကို ခန္ဓာဖွဲ့လျှင် သညက္ခန္ဓာ ရ၏။

ထိုအရသာကို သိခြင်းမှာ ဝိညာဉ်ဖြစ်၏။ ဝိညာဉ်ကို ခန္ဓာဖွဲ့လျှင် ဝိညာနက္ခန္ဓာ ရ၏။

ဤမျှလောက်ဆိုလျှင်ပင် စာဖတ်သူ ဓမ္မယောဂီများသည် လျှာ၊ ရသနှင့် ပတ်သက်သော ပရမတ်ခန္ဓာငါးပါးကိုနားလည်ပြီး ရှုမှတ်ပွားများတတ်လောက်ပြီဟု ယူဆသည်။ ခန္ဓာငါးပါးဟူသည်မှာ အတုံးအလုံး၊ အကောင်သဏ္ဍာန်မဟုတ်ဘဲ သဘောမျှသာရှိသည်ဟူ၍လည်း သဘောပေါက်လောက်ပြီဟု ထင်သည်။ အထပ်ထပ်အခါခါဖတ်ရှုပြီး ပရမတ်ကို ရာကြလေသူတော်ကောင်းတွေတို့ . . .။

(နောက်လတွင် ကိုယ်နှင့်ပတ်သက်သော ခန္ဓာငါးပါးအကြောင်းကို ဆက်ရန်)

**မဟာထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# ထီးစောင်းဘုရားမှ ကျိုက်ထီးဆောင်း ဆံတော်ရှင်သို့

■ နတ်ထီးလှိုင်

**ဇုတ်သုတ်ထီးစောင်းဘုရားမှသည် ဆကေသမဟာဓာတုဝင် ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်မြတ်ကြီး**

ဇုတ်သုတ်ထီးစောင်းဘုရားကို ဘီးလင်း၊ ကျိုက်ထိုနယ်ပယ်တစ်ဝိုက်တွင် မသိသူရှားပါးလှသည်။ လွန်ခဲ့သောနှစ် ၃၀ ကျော်ကတည်းက ခေါ်ဝေါ်ခဲ့ကြသော စေတီဘုရားနှင့် ရွာညီနောင်နာမည်များ ဖြစ်ပါသည်။ ရွာကြီးနှင့် ရွာလေးဟူ၍ ရွာညီနောင်ရှိကြသည့်အနက် စေတီတော်ကြီးမှာ ရွာလေး၏ တောင်ဘက် ကုန်းမြင့်ပေါ်တွင် တည်ရှိနေပါသည်။

စေတီတော်ကြီးမှာ ဂဝံကျောက်တုံးကြီးများဖြင့် တည်ထားသကဲ့သို့ ကုန်းတော်တစ်ခုလုံးမှာလည်း ဂဝံကျောက်ဖျာကြောများဖြင့် ကြမ်းတမ်းနေခဲ့ပါသည်။ မြေကြမ်းသကဲ့သို့ လူများလည်း ကြမ်းတမ်းခဲ့ကြပါသည်။ စေတီကြီးမှာ ချုံနွယ်သစ်ပေါင်းများဖြင့် ဖုံးလွှမ်းနေသကဲ့သို့ ရွာလူများမှာလည်း လောဘ၊ ဒေါသ၊ မောဟများဖြင့် ဖုံးလွှမ်းနေခဲ့ကြပါသည်။ ရွာကြီးမှ လူများကလည်း ရွာလေးကို ကျော်ဖြတ်ပြီး ဘုရားပေါ် မသွားရဲခဲ့ကြသကဲ့သို့၊ ရွာလေးသားများလည်း ရွာကြီးဘက်သို့ မလှမ်းဝံ့ကြပါ။

ရွာညီနောင်ကြားတွင် ကွင်းတစ်ခုနှင့် ရိုးတစ်ချောင်း ခြားနေခဲ့ပါသည်။ ပင်လယ်ဒီရေ တက်တိုင်း ရေလွှမ်းပြီး ရေပြင်ကြီး ခြားနေခဲ့ပါသည်။ ပြဿနာတက်၍ ရန်ဖြစ်ကြပြီဆိုလျှင်လည်း တုတ်တစ်ချက်၊ ဓားတစ်ပြက်နှင့် ကိစ္စပြီးပွဲပြတ် လုပ်တတ်ကြသည်။ အလွန့်အလွန်ကို ဆိုးပေမိုက်မဲလွန်းခဲ့ကြ၍ ပတ်ဝန်းကျင်ရွာများကပါ ရွံ့ခဲ့၊ ရှိန်ခဲ့ကြရသည်။ ကျွဲ၊ နွားများ ပျောက်၍ သွားမေးလျှင် ဗိုက်ပုတ်ပြတတ်သည်။ ထပ်၍ အကွန့်တက်ပြီး မေးမြန်းပြောဆိုလာလျှင် တုတ်၊ ဓားများ ဝင်လာတတ်သောကြောင့် မည်သူမျှ ဆက်မမေးဝံ့ကြချေ။ ဇုတ်သုတ်ရွာညီနောင်သားများ အစွန်းရောက်ဇောင်း

www.burmeseclassic.com

တိုက်ပြီး မိုက်မဲခဲ့ကြသကဲ့သို့ ဆံတော်ရှင်စေတီကြီးမှာလည်း မည်သည့်နေရာမှကြည့်ကြည့် ထီးတော်ကြီး စောင်းတိမ်းနေခဲ့ပါသည်။ သို့မို့ကြောင့်လည်း ဇုတ်သုတ်ထီးစောင်းဘုရားဟု ပညတ်သွားရာ ဓာတ်သက်ပါနေခဲ့ရလေသည်။

သို့သော်လည်း ယခုအချိန်တွင်မှာတော့ ဆကေသမဟာစာတုဝင် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီးဟူ၍ တိုင်းသိပြည်ကျော် ထင်ပေါ်နေရပါပြီ။ ကျိုက်ထီးဆောင်းဆရာတော် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ"က ဤသို့သော အခြေအနေမျိုးရောက်အောင် မနားမနေ ဦးဆောင်ပြုပြင် ဖွင့်ဖော်ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါသည်။

ကျိုက်ထီးဆောင်းဆရာတော်သည် ကာယ၊ ဉာဏအားများကို သီလ၊ သမာဓိ၊ ပညာ၊ ခန္တီ၊ သစ္စာ၊ မေတ္တာ၊ အဓိဋ္ဌာန် ပါရမီအားများဖြင့် အခြေခံပြုကာ ဆံတော်ရှင်တစ်ဆူတည်းသာမက ဆံတော်ရှင်အဆူဆူ အဆင့်ဆင့်တို့ကို ပြုပြင်ဖွင့်ဖော် ထိန်းသိမ်းစောင့်ရှောက်နေခဲ့ပါသည်။

ဇုတ်သုတ်ထီးစောင်းဘုရားဟု မထင်မရှားမှသည် ဆကေသမဟာစာတုဝင် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်ကြီးဟု တိုင်းနှံ့ပြည်ကျော်အောင် ဖွင့်ဖော်လုပ်ဆောင်နိုင်ခဲ့မှုများကို ဘုရားလာဖူးသွားကြသူတိုင်း ဥပေက္ခာပြု၍ မရသွားနိုင်ခဲ့ကြပါ။ ဆံတော်ရှင်စေတီကြီးအကြောင်းထက် ဆရာတော်ကြီး၏ လုပ်ရပ်များကို သိသွားချင်ကြသူက များပါသည်။ ဘုရားလာဖူးသူများက စေတီကြီးကိုကြည့်ကြပြီး ဟိုဘက်စောင်းနေသလိုလို၊ ဒီဘက်တိမ်းနေသလိုလို မျိုးစုံပြောဆိုနေသံ ကြားရပါသည်။ ဆရာတော်မိန့်သည့်အတိုင်း ရှင်းပြရပါလျှင် စေတီနှင့် ထီးများက စောင်းတိမ်းနေခြင်းမဟုတ်ပါ။ ကြည့်ရှုသူတို့၏ ပါလာသော ရှေးအတိတ်ကံကြောင့်သာ စောင်းသလို၊ တိမ်းသယောင် မြင်မိနေကြခြင်းသာ ဖြစ်ပါသည်။ ရှေးယခင်ဘဝဟောင်းများက ပြုခဲ့ဖူးကြသော ကုသိုလ်၊ အကုသိုလ်များက ဆန်းကြယ်ကြပေ၏။

ပဋ္ဌာန်နန္တရိယ စသော အကုသိုလ်ကံများ ဖုံးလွှမ်းနေမှုများလျှင် များသလို များများစောင်းနေသည်ကို မြင်တတ်ကြ၏။ နည်းလျှင် နည်းသလို နည်းနည်းစောင်းနေသကဲ့သို့ မြင်တတ်၏။ ရှေးအတိတ်ကံကြောင့်သာ စောင်းသည်၊ တည့်သည်ဟု မြင်ကြခြင်းဖြစ်သည်။ ဤသည်ပင်လျှင် ဆံတော်ရှင်စေတီကြီး၏ ထူးခြားအံ့ဩဖွယ် အချက်တစ်ခု ဖြစ်နေပါသည်။ ဗိသုကာပညာအရ ရှစ်မြောင့်ထောင့်ကျကျ တည်ထားခြင်းဖြစ်ပြီး၊ လေးထောင့်မျက်နှာပေါ်တွင် အခြေခံထား၍ ရှားပါးသော ရှေးဟောင်းလက်ရာမွန်တစ်ခုလည်း ဖြစ်ပါသည်။

လွန်ခဲ့သော နှစ် ၃၀ ကျော်က ဒေသခံလူများသည် အကုသိုလ်နှင့် မတရားဒုစရိုက်များ လွှမ်းမိုးနေခဲ့ကြ၍ စေတီကြီးကိုကြည့်လိုက်တိုင်း ထီးစောင်းနေသကဲ့သို့ တွေ့မြင်နေခဲ့ကြရခြင်း ဖြစ်ပါသည်။ သို့အတွက်ကြောင့် ထီးစောင်းဘုရားဟု အလွယ်ခေါ်နေခဲ့ကြပါသည်။

ကျိုက်ထီးဆောင်းဆရာတော်သည် ထိုသို့ "စ"လုံးနှင့် စောင်းနေသည်ကို "ဆ"နှင့် ဆောင်းသို့ ပြောင်းနိုင်ရန် ဇာတိချက်ကြွေ မွေးရပ်မြေသို့ တပဿအကျင့် ရသေ့ဝတ်ဖြင့် အဓိဋ္ဌာန်စခန်းစဉ် လှည့်ကတည်းက တစ်နှစ်တစ်ခေါက်လာရောက်၍ ပန္နက်ချခဲ့သည်။ ဆံတော်ရှင်စေတီကြီး ခြေရင်းတွင် အဓိဋ္ဌာန်ပြု အောင်မြေနင်းပါသည်။ ဟိုယခင် ငယ်စဉ်ဘဝ နွားကျောင်းသားလုပ်နေကတည်းက ရင်းနှီးနေခဲ့ရသော ဘုရားကုန်းကို ၂၄ နှစ်ကျော်ကြာမှ ပြန်လည်ရောက်ရှိခဲ့သည်။

စေတီကြီးကို တောရှင်းပြုပြင်ရန် ရွာညီနောင်ကို အခြေပြောင်းရန် ဆရာတော်သည် ရသေ့ဝတ်နှင့် အဓိဋ္ဌာန် အဆင့်ဆင့်တင်ပြီး အထပ်ထပ်ဆောင်လာ၏။ နဝင်္ဂသီလနှင့် ဘောမဲ့အသက်သတ်လွှတ်စားကာ ပုတီးစိပ်တစ်ကုံး၊ တောင်ဝှေးတစ်ချောင်းကို အဖော်ပြုပြီး အဓိဋ္ဌာန်အဆင့်ဆင့်ကို နှစ်စဉ်နယ်ကုန်ပြီးမြောက်သည့်အထိ ဆရာတော်သည် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။

ထိုစဉ်ကတည်းက ဘေးသင့်ဒဏ်သင့်ပြီး ရောဂါဘယများဖြင့် နှိပ်စက်ခံနေရသော ဇုတ်သုတ်ရွာညီနောင်ကို ပြောင်းလဲပြုပြင်လာခဲ့သည်။ ဘုရားကုန်းပေါ်တွင် တောရှင်းချုံခုတ်ခဲ့သည်။ ကျန်းမာရေးချို့တဲ့လွန်းပြီး ရွာခံဆေးဆရာကြီးများပင် ကုသမရ၍ လက်လွှတ်ရောက်လာခဲ့ကြသူများကို ဆေးပေးဆေးဖြစ်ကာ ရောဂါပျောက်စေခဲ့ပါသည်။

ဆေးကုသခံယူသူများကို ဆရာတော်က ဦးစွာ အမဲသားရှောင်နိုင်မှ သစ္စာပြုပြီး လိုက်ဆိုစေပါသည်။ ရေခွက်ကိုင်ထားပြီး ဘုရား၊ တရား၊ သံဃာကို အာရုံပြုစေပါသည်။ အိပ်ရာဝင်၊ အိပ်ရာထတိုင်း အနန္တော အနန္တငါးပါးကို ဦးချစေပါ၏။ ငါးပါးသီလကို နိုင်သမျှ ဆောက်တည်စေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချက်များကို အခြေခံ၍ သစ္စာပြုပြီး ရေတိုက်ပါသည်။ နောက်ပိုင်းတွင် ဝက်သားပါ ရောင်းကြဉ်စေသည်။ လိုက်နာကြသူတိုင်း ရောဂါပျောက်ပြီး စီးပွားတိုးကြပါသည်။

ဤသို့ဖြင့် ဆွေမျိုးများနှင့် ရွာသားများပါ ဆရာတော်ကို ယုံကြည်အားထားလာကြသည်။ အချို့သော မယုံကြည်ကြသူများကလည်း ပဲကို ဝက်နှင့်တိုက်မည်ဟု ရန်ပြုခဲ့ကြပါသေးသည်။ သူတို့ဒဏ်သာ သူတို့ထံ ပြန်သွားကြသည်။

ဆရာတော်သည် ရသေ့ဝတ်နှင့် ရာဇစခန်း၊ ဥမ္မတ္တကစခန်း၊ တာပသစခန်း၊ ဈာနစခန်း စသော ကျင့်စဉ်အဆင့်ဆင့်ကို ကျင့်ကြံကြိုးကုတ်၊ ပွားများအားထုတ်ခဲ့ပါသည်။ အချိန်ကျသော ၁၃၃၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ၁၃-၄-၇၂ တွင် ဇုတ်သုတ်ကျေးရွာရှိ (ခဏ္ဍာ)သိမ်တော်ကြီး၌ "ဘဒ္ဒန္တကုဏ္ဍာသဖ"က ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ရဟန်းဖြစ်ပြီးကတည်းက ကျိုက်ထီးဆောင်းဆံတော်ရှင်ခြေရင်းတွင်ပင် ဝါဆိုဝါကပ်ပြီး ဆံတော်ရှင်သာသနာတော်ကြီးကို ပြုစုပျိုးထောင်လာခဲ့ပါသည်။

သုံးနှစ်ခန့် ဆက်တိုက် ရွာခံဆရာတော်ကြီးအချို့နှင့် ရွာသားအချို့၏ ဆန့်ကျင်ဘက်တိုက်မှုများကို ကြုံဆုံရပါသည်။ ဆရာတော်သည် ကြီးစွာသောမေတ္တာတရားကို ရှေ့ထားပြီး သစ္စာကိုက်ညီစွာဖြင့် သီလ၊ သမာဓိ၊ ပညာလမ်းကြောင်းအတိုင်း အမိဋ္ဌာန်အဆင့်ဆင့်ကို တစ်ရစ်ပြီးတစ်ရစ် တင်ကာကျားကုတ်ကျားခဲ ပြင်းပြင်းထန်ထန် ကျင့်ကြံလုပ်ကိုင်ခဲ့ပါသည်။ ဤသို့ဖြင့် အချို့ ဆရာတော်ကြီးများနှင့် ဆွေမျိုးများမှာ ဆရာတော်၏ လုပ်ရပ်ကို တဖြည်းဖြည်း နားလည်သဘောပေါက်လာကြသည်။ သို့နှင့် ၁၃၃၆ ခုနှစ်တွင် ထီးဟောင်းကို ချပြီး ထီးတော်သစ်နှင့် စိန်ဖူး၊ ငှက်မြတ်နားများပါ အသစ်ပြုလုပ် တင်လှူပူဇော်နိုင်ခဲ့၏။

ထီးတော်ကြီးတွင် အရံထီး ရစ်စင်းနှင့် ထီးဘုံမကြီးပေါင်း ကိုးစင်း၊ ဌာန်ပန်းအထက်တွင်လည်း ခေါင်းနှင့် ဟင်္သာရုပ်လုံးပုံများပါ ထူးခြားဆန်းကြယ်စွာ ထည့်သွင်းပူဇော်ထားပါသည်။ ထိုအချိန်မှစပြီး ဇုတ်သုတ်ထီးစောင်းဘုရားအမည်ပျောက်ပြီး **ဆကေသမဟာစာတုဝင် ကျိုက်ထီးဆောင်းဆံတော်ရှင်** ဟူ၍ ဘွဲ့တော်ပေါက်ခဲ့ပါသည်။ နတ်တည်သောဘုရားဖြစ်၍ မွန်ဘာသာ (ကျိုက်ကလွတ်ဒတ်) နတ်သမီးဆံပင်ကြိုးကို ဌာပနာထားသောကြောင့် (ကျိုက်ဇုတ်သုတ်) စသည်ဖြင့် ရှိခဲ့ပါသည်။

"တို့နွားတစ်ကောင်၊ ဘို့တစ်ထောင်၊ ခြေရာလည်းပျောက်၊ ရေလည်းနောက်"ဟူသော (မုခသိုက်)လာ စကားရှိပါသည်။ အစစ်တစ်ခု၊ အတုတစ်ထောင်၊ အယောင်တစ်သိန်း၊ အပလိန်းအနန္တဟုလည်း ကြားဖူးပါသေးသည်။ ဘုရားစစ်၊ တရားစစ်ကို ကြည်ညိုတတ်ရန် ဖြစ်ပါလိမ့်မည်။

ကျိုက်ထီးဆောင်းစေတီ၏ အနောက်အာရုံခံဘုရားခန်းမှစ၍ စောင်းစောင်းကြီးတည်ရှိခဲ့ရာမှ ယခုအခါတွင် တည့်မတ်ပြီး ပြန်တည်ဆောက်ထားပါသည်။ ၎င်းအနီးရှိ တောဖုံးနေသော ကုန်းတစ်ခုကို တောရှင်းရာမှ ဂဝံရုပ်တုတော်များ ခေါင်းတခြား၊ လက်တခြား၊ ကိုယ်တစ်ပိုင်းများ တွေ့ရှိ၍ ပြန်လည်ပြုပြင်ပြီး နှစ်ကျိပ်ရစ်ဆူဘုရားများအဖြစ် ပြန်လည်ပူဇော်ထားရှိပါသည်။ ရေတွက်ကြည့်မိသော အပိုင်းအစများမှာလည်း နှစ်ကျိပ်ရစ်ဆူပင် ရှိနေခဲ့သောကြောင့် မှုရင်းမပျက်အောင် တည်ထားကိုးကွယ် ဓမ္မာရုံကြီး ဆောက်ထားပါ၏။

စေတီပေါ်သို့ တက်ရောက်ရမည့် အနောက်ဘက်လှေကားမှခ်တိုင်တွင် နတ်ဘီလူးညီနောင်ပုံတော်၊ အရှေ့ဘက်လှေကားမှခ်တိုင်တွင် ရဟန္တာညီနောင်ပုံတော်၊ တောင်ဘက်လှေကားမှခ်တိုင်ထိပ်တွင် နတ်ဝိဇ္ဇာညီနောင်၊ မြောက်ဘက်မှခ်တိုင်ထိပ်တွင် ဗောင်းထုပ်နှင့် သံခမောက်ဆောင်း ဝိဇ္ဇာညီနောင်ပုံတော်များကိုလည်း ထားရှိပူဇော်ပါ၏။

နန်းဦးဘုရားမှ ဘောင်ပင်နှင့် သပြေပင်သည် သာသနာဖွင့်ပြုပြင်ခါစတွင် ဆရာတော်၏ တောင်ဆုပ်သာရှိခဲ့ပါသည်။ ယခုအခါတွင် အပင်ကြီးဖြစ်ပြီး ဝေဝေဆာဆာနှင့် ပွင့်သီးနေပါပြီ။

ဤကုန်းတော်ထက်၌ ပြောင်းလဲပွင့်လင်းလာသကဲ့သို့ ရွာကြီး၊ ရွာငယ်၊ ကျောင်းကြီး၊ ကျောင်းလေးတို့မှာလည်း ပြန်လည်အေးချမ်း၍ သာယာစည်ပင် ပြန့်ပွားတိုးတက်လာခဲ့ကြပါသည်။ ဇုတ်သုတ်ရွာကြီး၊ ရွာလေးကြားရှိ ကွင်းမြေတွင်လည်း ရွာသစ်တည်ပေး၍ လမ်းကောင်းအောင် ပြုပြင်ပေးခဲ့သောကြောင့် တစ်ရွာတည်းဖြစ်သွားခဲ့ပါပြီ။ သာသနာတော်ကြီး ပွင့်လင်းခဲ့သော ကောင်းကျိုးချမ်းသာများပင်။

ယခင်က အမြင်မကြည်လင်ကြသော ရွာလူကြီးများလည်း သင့်မြတ်သွားကြပြီး ရွာကြီး၊ ရွာလေးဟု မခွဲခြားတော့ဘဲ ဂေါပကအဖွဲ့ကြီး ဖွဲ့စည်းထားပါသည်။ သာသနာ့ပူဇော်



www.burmeseclassic.com

www.burmeseclassic.com

ပွဲတော်ကြီးများတိုင်း စည်းဝေးတိုင်ပင်ကြပြီး အတူတကွ လက်တွဲဆောင်ရွက်လာကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အတွက်လည်း စုစည်းညီညာလာကြပါပြီ။

ရှစ်ပလ္လင်၊ အသစ်ပြင် ဆိုသည့်အတိုင်း ဆရာတော်ကြီးက အနီးတစ်ဝိုက် ဆံတော်ရှင်စေတီတော်ကြီးများကို တစ်ပြေးညီ ဖွင့်ဖော်ပြုပြင်အောင်မြင်ခဲ့ပါသည်။ တောင်တန်းတောင်ထိပ်ရှိ ဆံတော်ရှင်များနှင့် သာသနာပြုကျောင်းခွဲ (စခန်းခွဲ)ပေါင်း ယခုအခါတွင် ၄၀ ကျော်ပင် ရှိနေပါပြီ။

ဖွင့်ဖော်ခဲ့သော စေတီဘုရားများအနီးရှိ နေရာတိုင်း၊ နေရာတိုင်းတွင် အာရုံခံဝတ်ကျောင်း၊ တန်ဆောင်း၊ သိမ်၊ ဇရပ်၊ နတ်လမ်းများ၊ ရေတွင်းရေကန်များပါမကျန် ဟောင်းနွမ်းဆွေးမြည့်ပျက်စီးနေမှုများကို အသစ်ပြုပြင်တည်ဆောက်ပေးနေပါ၏။ လိုအပ်သော အခြံအရံ အဆောက်အဦများကိုပါ တွဲဖက်ပြုပြင်နေရပါသည်။

ဆရာတော်ကြီး၏ အနီးကပ်ကြီးကြပ်မှုများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။

သို့သော် ထီးစောင်းဘုရားမှ ကျိုက်ထီးဆောင်းဘုရားဟုသာ ခေါ်ဝေါ်လာခဲ့ကပါပြီ။ (စ)လုံးနှင့် စောင်းနေခဲ့ရာမှ (ဆ)လိမ်နှင့် ဆောင်းခဲ့ပါပြီ။ ထီးသည် ဆောင်းစရာဖြစ်၍ ခေါင်းပေါ်တွင် အမြဲရှိနေသကဲ့သို့ ဖိနပ်သည် စီးစရာဖြစ်၍ ခြေဖဝါးအောက်တွင်သာ အမြဲရောက်နေပါသည်။ ကုသိုလ်နှင့် အကုသိုလ်ကံ အကျိုးပေးများသည်လည်း ထီးနှင့်ဖိနပ်ပမာ ကွာခြားပါသည်။ ကုသိုလ်ကံနှင့် တရားအပေါ်တွင် အားသာလျှင် လူ့ပြည်နတ်ရပ် ဘုံစဉ်စံခရီးနှင့် နိဗ္ဗာန်၊ အကုသိုလ်ကံနှင့် မတရားအပေါ် အားသာသွားလျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အပါယ်လေးဘုံ၊ ကုသိုလ်နှင့်ယှဉ်လျှင် ရွှေထီးဆောင်းကြမည်၊ အကုသိုလ်နှင့်သေလျှင် မြေကြီးအောင်းကြမည်။ ကြိုက်သောသူများ ရွှေထီးဆောင်းကြပါလေ။

ကျိုက်ထီးဆောင်းဆရာတော်သည် ငါးသုံးလီကျင့်စဉ်စခန်းဖြင့် သာသနာပြုလာခဲ့သည်။ အနန္တငါးပါး၊ ငါးပါးသီလ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဝက် အသားကြီးငါးမျိုး စားသုံးခြင်းမှ ရှောင်ကြဉ်ရပါသည်။ ဤကျင့်စဉ်များကို ရပ်ဝေးရပ်နီးရှိ အကြောင်းပဋ္ဌာန်းဆက်ရှိကြသူများ ရောက်ရှိသိမြင် လိုက်နာလာကြရသည်။ ကျိုက်ထီးဆောင်းဘုရားကြီးသို့ လာရောက်ဖူးမြော်ပြီး ဆရာတော်၏ ဩဝါဒတရားများကို နာကြားကြသည်။ တစ်နှယ်ငင် တစ်စင်ပါဆိုသကဲ့သို့ မိသားစုလိုက်၊ ဆွေမျိုးစုလိုက် ဤတရားစည်းကမ်းအတိုင်း သဘောကျကျင့်သုံးလာကြသည်။ အချိန်ရလျှင် ရသလို ဆံတော်ရှင်စေတီများတွင် အဓိဋ္ဌာန်ဝင်၊ ကိုးပါးသီလဆောက်တည်၊ စေတီဝေယျာဝစ္စများ ဝိုင်းဝန်းလုပ်ကိုင်လာကြသည်။

ကောလာဟလ ပြောသံကြားဖူးသည်မှာ ထီးစောင်းဘုရားကို ထီးတည့်အောင် လုပ်ပေးနိုင်သူပေါ်လာလျှင် တိုင်းပြည်တွင်းမှာ အေးချမ်းသာယာလိမ့်မည်ဟူ၏။ ယခင်က ရပ်ပျက်ရွာသုဉ်း နယ်မြေတစ်ခုလုံး မငြိမ်မသက်ရှိခဲ့ရာ ယခုအခါတွင် ကျိုက်ထီးဆောင်းမှစပြီး တောစဉ်တောင်တန်း နယ်မြေတစ်လွှား အေးချမ်းသာယာ စည်ပင်ဖွံ့ဖြိုးလာခဲ့ပါပြီ။

ဇတ်သုတ်ရွာကြီး၊ ရွာလေးပါ သင့်မြတ်သွားကြပြီ။ ဂေါပကအဖွဲ့ ဖွဲ့စည်းကာ ရပ်ရွာအေးချမ်းသာယာရေးကို ဆရာတော့်ဩဝါဒအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်နေလာခဲ့ပါသည်။ ပဋ္ဌာန်းဆက်နှင့် ရောက်လာကြသူများထဲမှ သဒ္ဓါ၊ ပညာထက်သူများသည် ထီးတော်တင်ပွဲတိုင်းတွင် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ကြနှင့် စည်ကားလှပါသည်။ ထိုသူများထဲမှ ဝါဆိုကြသူများကို အတွင်းစည်း ဩဝါဒပေးပါသည်။

(၁) သင့်တော်ရာတွင်ထားလျှင် နေနိုင်ရမည်။

(၂) သင့်တော်ရာကိုစေလျှင် သွားနိုင်ရမည်။

(၃) သင့်တော်ရာများခိုင်းလျှင် လုပ်နိုင်ရမည်။

(၄) သင့်တော်မျှတရာကိုကျွေးလျှင် စားနိုင်ရမည်။

နေ့စဉ် နံနက် ၄ နာရီထပြီး ဘုရားဝတ်တက်ကြရပါသည်။ အာရုံဆွမ်းဘုဉ်းပြီး ဆွမ်းခံမကြွမီတွင် ပရိတ်၊ ပဋ္ဌာန်း တရားကမ္မဋ္ဌာန်း၊ အလုပ်စခန်းများ ကျက်မှတ်ကြရပါသည်။ ဆွမ်းခံပြန်ရောက်လျှင် ခဏနားကြပြီးနောက် စေတီယင်္ဂဏ၊ သေနာသနဝေယျာဝစ္စများ ဆောင်ရွက်ကြရသည်။ နေ့လယ် ၂ နာရီမှ ၃ နာရီအထိ တရားထိုင်ကြရပါသည်။ ညနေတွင် ဝေယျာဝစ္စများ လုပ်ဆောင်ကြပြန်ပြီး ၆ နာရီတွင် ဘုရားဝတ်တက်ကြပါသည်။ ၇ နာရီမှ တရားပွဲသည်အထိ ပုတီးစိပ် တရားထိုင်ကြရပါသည်။ ကျိုက်ထီးဆောင်းဆံတော်ရှင် အနောက်အာရုံခံဘုရားခန်းတွင် ညစဉ် ဓမ္မပလ္လင်ထိုင်ပြီး တရားဆွေးနွေးကြရပါသည်။ ဆရာတော်က မေးခွန်းများ တင်ပြလျှောက်ထားသမျှကိုလည်း အတူရှင်းလင်းပြောကြား



www.burmeseclassic.com

www.burmeseclassic.com

ပေးပါသည်။

ဆရာတော်၏ တရားဩဝါဒများတွင် . . .

(၁) တရားအလုပ်၊ ပုတီးစိပ်၊ တရားထိုင်၊ အဓိဋ္ဌာန် ရှုတင် ဆောင်ကြရန်။

(၂) အချင်းချင်း သင့်တင့်ညီညွတ်မျှတအောင် နေထိုင်ကြရန်။

(၃) ဥတု၊ ဘောဇနသပ္ပါယ မျှတအောင် စားသောက်တတ်ရန်။

(၄) ဝေယျာဝစ္စ၊ သာသနာ့ကိစ္စများ အတူတိုင်ပင် ဆောင်ရွက်ကြရန် အဆင့်ဆင့် ညွှန်ကြားဆုံးမ ဟောကြားလေ့ရှိပါသည်။

ဤသို့ ကုသိုလ်ကောင်းမှုများကိုသာ ရှေးရှု၍ ညီညွတ်မျှတစွာ နေထိုင်ကြရာ၌ တရားခြင်း၊ မျှတခြင်းများကို ရှေးရှု၍ နေကြရပါသည်။ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီ၊ သူတော်၊ ရသေ့ စသည်ဖြင့် အသက်ကြီးငယ်၊ ဝါကြီးငယ်၊ ပရိသတ်ကြီးငယ် အသွယ်သွယ်များ စုံလင်စွာ ရှိနေကြပါသည်။ အခြေခံ ငါးသုံးလီတရား၏ လက်တွေ့ကျင့်သုံးမှုကြီး ဖြစ်ပေသည်။

ပရိယတ္တိပိုင်းတွင် ပဋ္ဌာန်းပါဠိတော်ကျမ်းကုန် ရွတ်တတ်အောင် သင်ယူကြရပါသည်။ ဆံတော်ရှင်များ၏ ပဋ္ဌာန်းပွဲတိုင်း လိုက်ရွတ်ပူဇော်ကြရပါသည်။ လပြည့်လကွယ်တိုင်း ဥပုသ်ပြုတတ်ရန် နိဒါန်နှင့် ပါရာဇိကပိုင်း ပါဠိများ အလွတ်ကျက်ကြရပါသည်။ သိမ်တက်ကံဆောင်၊ ကမ္မဝါဖတ်၊ ဉာတ်ထားတတ်အောင်လည်း သင်ကြားလေ့ကျင့်ကြပါသည်။ ဥပဇ္ဈာယ်ပြု အနုသာသနာ ဆောင်ရွက်ရပုံများလည်း ပါဝင်သည်။ ဒီဃဘာဏက အရှင်သောဘဏ(ရေဦး)ဆရာတော်က ကျိုက်ထီးဆောင်းဘုရားဟု ထီးမတင်မီကတည်းက ဆရာတော်နှင့်အတူလာနေပြီး ပရိယတ္တိကို သင်ကြားပေးခဲ့ပါသည်။ နယုန်လပြည့်တိုင်း မဟာသမယကနှင့် ဗြဟ္မဇာလသုတ်များ ဆံတော်ရှင်စခန်းအသီးသီးတွင် ရွတ်ဖတ်ပူဇော်ကြပါသည်။ ရပ်ရွာတွင်း အိမ်တက်ပရိတ်ရွတ်၊ ဆွမ်းအနုမောဒနာတရားများလည်း အလှည့်ကျဆင်းပြီး တရားဟောကြရပါသည်။

သာမဏေများ၊ သီလရှင်ယောဂီများမှာ ပရိတ်ကြီး၊ အမှုစကြာ၊ အနတ္တလက္ခဏာ၊ ဆဒ္ဒိသာပါလ၊ ဓာရဏပရိတ်များ အာဂုံဆောင်ပြီး အပတ်စဉ် ဝတ်တက်ကြပါသည်။

ပရိယတ္တိနှင့် ပဋိပတ္တိကို တွဲလျက် ဆံတော်ရှင်များ၏ ပြုပြင်တည်ဆောက်မှုများကို မနားတမ်း ဆောင်ရွက်နေကြပါသည်။ ဆရာတော်က ရှေ့မှ မနားတမ်း ဦးဆောင်နေသလို၊ တပည့်များကိုလည်း တစ်နိုင်ဝန်ထမ်းစေပါသည်။

အလုပ်သမားအဖွဲ့များကိုလည်း မိသားစုလိုက် ထောက်ပံ့ကျွေးမွေးပြီး လိုအပ်သလို စောင့်ရှောက်ပေးထားပါ၏။ ပန်းရန်၊ လက်သမား၊ ပန်းပု၊ ပန်းထိမ်၊ စက်မောင်း၊ ယန္တရား အဖွဲ့လိုက် တက်ညီလက်ညီ လုပ်ဆောင်ခဲ့ကြ၍သာ ဆံတော်ရှင်များ တစ်ဆူပြီးတစ်ဆူ အောင်ပွဲအလီလီ ခံနိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဘုရားရှင်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ အာရုံခံများကို အဟောင်းပြင် အသစ်ဆောက်ခြင်း၊ တံတားပြင်၊ လမ်းခင်းခြင်း၊ သမိုင်းဝင်စေတီငုတ်တိုများ ပြန်တည်ခြင်း၊ ကန်ဟောင်းများ ပြန်လည်တူးဖော်ခြင်း၊ ကျောင်းဟောင်းများ ပြင်ဆောက်ခြင်း စသည့် သာသနာ့အဆောက်အဦများ တစ်ခုပြီး တစ်ခု တိုးတက်လာခဲ့ပါသည်။ ဆရာတော်က ရှေးဟောင်းလက်ရာနှင့် နာမည်များ မပျက်ယွင်းအောင် အထူးဂရုစိုက်ပြုပြင်လာခဲ့သည်။ ပုံစံသစ်ကို အစအဆုံး လုပ်ရသည်မှာ အဟောင်းပြင်ရသည်ထက် လွယ်ပါသည်။ အဟောင်းအဆွေးများကို ရှေးလက်ရာမပျက်အောင် ပြင်ရသည်မှာ မလွယ်လှပါ။

အိမ်တွင်းမိသားစုအချင်းချင်းပင် သဘောထားတိုက်ဆိုင်ရန် မလွယ်လှပုံနှင့် သာသနာတွင်း မိသားစုများ သင့်မြတ်စွာ လုပ်ဆောင်နေကြပုံများကို နှိုင်းယှဉ်ပြီး ကိုယ်ချင်းစာကြည့်ကြပါ။ ဘုရားဖူးလာသွားပြီး တဒင်္ဂအမြင်လေးဖြင့် သုံးသပ်ဆုံးဖြတ်သွားလျှင် မမှန်နိုင်ပါ။ ကုသိုလ်ယောင်ယောင်နှင့် အကုသိုလ်မှောင့်သွားမှာကို စိုးရိမ်သတိပေးချင်ပါသည်။ ယခုရေးခဲ့သည်မှာ အတိုချုံးပြီး နားလည်နိုင်ရုံမျှသာ ဖြစ်ပါသည်။

ဇွတ်သုတ်ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီကြီးကို ဗဟိုမဏ္ဍိုင်ပြု၍ သုဝဏ္ဏဘူမိ ဆံတော်ရှင်သာသနာတော်ကြီးကို ဖွင့်ဖော်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်နေကြပါလားဟု ဘဝင်ကျနှစ်ခြိုက်ပြီး ကျေနပ်ဝမ်းမြောက်နိုင်ကြပါစေ။

နတ်ထီးလှိုင်

www.burmeseclassic.com

# ရှေးရှေးကဗမာ ...

အေးအေးသန်း

ဗမာသည် ရှေးယခင်က ဗမာ။ ယနေ့ မြန်မာတို့က လက်လှမ်းမီသမျှ လှမ်းမျှော်ကြည့်လိုက်လျှင် ရေးရေး လေးမျှသာ မြင်ရသော ဗမာ။ ဗမာတို့ သည် ရိုးသားသည်။ ကိုယ်ပိုင် ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေး စားတန်ဖိုးထားတတ်သည့် လူမျိုးဖြစ် ပါသည်။

ကမ္ဘာကြီးကို ဗြဟ္မာကြီးကိုးဦး က တည်ထောင်ခဲ့ကြသည်။ ထိုကိုးဦး ကား ဗမာတို့၏ အစပင် ဖြစ်ပါသည်။ ၎င်းတို့သည် မြေဆီမြေနှစ်များကိုသာ စားသုံးနေကြရာမှ အာသာဆန္ဒများ ဖြစ်ပေါ်လာကြသည်။ ထိုအာသာဆန္ဒ များ၏ တိုက်တွန်းလှုံ့ဆော်မှုအရ အမျိုးသားလေးဦးက အမျိုးသမီးလေး ဦးနှင့် ထိမ်းမြားခဲ့သည်။ ပဉ္စမဗြဟ္မာ သည် တစ်ကိုယ်တည်းရှိခဲ့ရာမှ အခြား စုံတွဲများ ထိမ်းမြားသောညတွင် ခဲများ ဖြင့် ပေါက်တော့သည်။ ထိုဗြဟ္မာလူပျို ကြီး၏ ခဲပေါက်မှုသည် နောင်အခါ ဗမာတို့၏ ဓလေ့တစ်ရပ် ဖြစ်လာတော့ သည်။ ရှေးရှေးက ဗမာကာလသား များသည် မင်္ဂလာဆောင်သောညတွင်



www.burmeseclassic.com


ဖန်းမောင်နှံ့ ပုပ္ပုန္နေ့းနွေးတို့၏ အိမ်ပေါ်သို့ ခဲများဖြင့် ပေါက်ကြသည်။ ခဲဖိုးတောင်းကြသည်။ တောင်း၍ရရှိသောငွေဖြင့် ဘုရား၊ ပုထိုးများကိုသွားကာ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြသည်။ ထိုဓလေ့မှာ ရှေးအခါက ဂုဏ်ယူစရာကောင်းသော ဓလေ့တစ်ရပ်ဖြစ်ပါသည်။

နောက်ပိုင်းတွင် ခဲဖိုးတောင်းမှုသည် လူမိုက်ဆန်သော ဓလေ့တစ်ရပ်ဖြစ်ခဲ့သည်။ ခဲဖိုးတောင်း၍ရသမျှကုသိုလ်ကောင်းမှုများတွင် မသုံးစွဲကြတော့၊ သောက်စားပျော်ပါးခဲ့ကြသည်။ ယနေ့ခေတ်ကာလတွင် ၎င်းဓလေ့မှာ ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ပါသည်။ ယနေ့ခေတ်လူငယ်များမှာ မင်္ဂလာဦးရွှေကြိုးတားခြင်းဓလေ့ကိုသာ ခပျော်ပျော်ပါးပါး ပြုလုပ်ကြပါတော့သည်။

ရှေးဗမာယောက်ျားကြီးများသည် ခေါင်းပေါင်းစရှည်ရှည်ချပြီး နှုတ်ခမ်းမွေးကားကား၊ အောက်ခံစွပ်ကျယ်တို့ ရှပ်တို့မပါ။ ယခုခေတ်မျက်စိနှင့်ကြည့်လျှင် အပေါ်အင်္ကျီခပ်ပွပွနှင့်တူသော ရင်ကွဲအင်္ကျီ၊ ရင်စေ့အင်္ကျီ၊ ပုဆိုးတောင်ရှည်အကွက်၊ ခြေထောက်တွင် သားရေလွှာချင်းညှပ်ဖိနပ် စီးလေ့ရှိပါသည်။ ခေါင်းပေါင်းအရောင်များမှာ တစ်ရောင်တည်းမဟုတ်ဘဲ အပွင့်အခက်မျိုးစုံ၊ အရောင်မျိုးစုံနှင့် ဖြစ်ပါသည်။ အချို့မှာ အရောင်မျိုးစုံ ပိုးပဝါများကို ပေါင်းတတ်ကြပါသည်။ ရှေးအခါက ဆေးဆိုးပန်းရိုက်ဆရာတို့မှာ လက်မလည်နိုင်အောင် အလုပ်များကြသည်ဟု မှတ်သားလေ့လာဖူးပါသည်။

ရှေးယခင်က ယောက်ျားရော၊ မိန်းမပါ ဆံပင်များကို တတ်နိုင်သမျှရှည်အောင်ပြုစုကြသည်။ ဆံပင်ရှည်ခြင်းအတွက် သူတို့က ဂုဏ်ယူကြသည်။ အများအားဖြင့် ဆံပင်များသည် ဒူးခေါင်းနှင့် ခြေမျက်စိအထိရှည်ကြသည်။ ယောက်ျားများက သျှောင်ထုံး၍၊ မိန်းမများက ဆံထုံးထုံးကြသည်။ ယောက်ျားရော၊ မိန်းမပါ ဆံပင်များသည်ဟု အများကထင်ရန် ဆံစုများထည့်ထုံးကြသည်။

လူပျိုလူရွယ်တို့သည် ဝတ်ကောင်းစားလှများဝတ်ပြီး လမ်းထွက်တတ်ကြသည်။ မိုးတွင်းမှတစ်ပါး ကြည့်ချင်ပွဲများ ရှိနေပြီး ရွာသားများ၏ ယိမ်းအကများလည်း ရှိပါသည်။ လူငယ်လူရွယ် ယောက်ျားများက ပိုးပုဆိုး၊





www.burmeseclassic.com

www.burmeseclassic.com

အင်္ကျီအဖြူရောင်ဖြစ်ပြီး၊ အနက်၊ သို့မဟုတ် အခြားအရောင်တစ်ရောင်ရောင်ရှိသော တိုက်ပုံအင်္ကျီကို ဝတ်သည်။ လူကြီးများနှင့် ငွေကြေးချမ်းသာသူတို့သာ ပွဲလမ်းသဘင်များသို့ သွားရာတွင်လည်းကောင်း၊ ဘုရားပုထိုးသို့ သွားရာတွင်လည်းကောင်း ထိုင်မသိမ်းအင်္ကျီ အဖြူအရှည်ကြီးများကို ဝတ်တတ်ကြသည်။ ခေါင်းတွင်လည်း ဖော့လုံးများကို ဆောင်းထားတတ်ကြပါသည်။

အမျိုးသမီးတို့၏ ထဘီမှာ ပိုး၊ သို့မဟုတ် ပိတ်စတစ်စပင် ဖြစ်ပါသည်။ ထိုပိတ်စ၏ အလျားမှာ လေးပေခွဲခန့်မျှ အနံမှာ ငါးပေခန့်ရှိသည်။ အဆင်အသွေးကိုမူ တစ်မျိုးမျိုးရက်လုပ်ကြသည်။ ထဘီကို ရင်သားပေါ်တွင် တင်းကျပ်စွာ ဝတ်ကြသည်။ ပိတ်အင်္ကျီပွပွများကို ဝတ်ခြင်းဖြင့် ကိုယ်ကာယအလှအပကို ပေါ်လွင်မှုမရှိအောင်၊ စွဲမက်စရာမကောင်းလောက်အောင် ဆင်မြန်းတတ်ကြသည်။ အမျိုးသမီးများ၏ ပခုံးများပေါ်တွင် အမျိုးသားများ ခေါင်းပေါင်းပေါင်းသကဲ့သို့ပင် ပဝါအရောင်ရင့်ရင့်တစ်စကို တင်ထားတတ်ကြပါသည်။ ခေါင်းတွင် ပန်းပန်တတ်ကြသည်မှတစ်ပါး အခြားမည်သည့်အရာဝတ္ထုကိုမျှ တင်မထားကြပါ။

ရှေးအခါက မိန်းမ၊ ယောက်ျား၊ ကလေးများအပါအဝင် လူတိုင်း ဆေးလိပ်သောက်တတ်ကြပါသည်။ ထိုစဉ်က ဆေးလိပ်မှာ ခြောက်လက်မ၊ ရှစ်လက်မအထိ ရှည်လျားပြီး အချင်းမှာ တစ်လက်မခန့် ရှိတတ်ပါသည်။ မိန်းကလေးတိုင်းပင် ဆေးလိပ်များကို လိပ်တတ်ပြီး အိမ်တိုင်းတွင် ကိုယ်ပိုင်စိတ်တိုင်းကျ စီမံထားသော ဆေးလိပ်ဗန်းများရှိသလို၊ ကွမ်းအစ်များလည်း ရှိကြပါသေးသည်။ အချို့ယောက်ျားကြီးများသည် သွားလေရာ ကွမ်းအစ်နှင့် ဆေးလိပ်ကို ယူသွားတတ်ကြသည်။ ရှေးယခင်က မိန်းမပျိုလေးများမှာ ကိုယ်ချစ်ခင်သူများကို ကိုယ်တိုင်ဆေးစပ်ပြီး လိပ်ထားသော ဆေးလိပ်များကို မေတ္တာလက်ဆောင် ပေးတတ်ကြသည်။

ရှင်မပြုသေးသော ကလေးတိုင်း သျှောင်ကြီးဖွေလေးနှင့်ဖြစ်ပြီး၊ မိန်းကလေးများမှာ ဆံရစ်ဝိုင်းလေးများနှင့် ဖြစ်ပါသည်။ ယောက်ျားလေး၊ မိန်းကလေး သင်တိုင်းရှည်ဝတ်ကြပြီး၊ ဆယ်နှစ်အောက် မိန်းကလေးများမှာ ရှင်မီးခေါ် ချိုင်းပြတ်၊ လည်ပင်းကျယ်၊ ခါးအထိရှည်သော အင်္ကျီလေးများ၊ လုံချည်တိုနံ့နံ့လေးများ ဝတ်ကြသည်။ အပျိုဖော်ဝင်စ မိန်းမပျိုလေးများမှာ ဆံရစ်ဝိုင်းအပြင် ဆံတောက်ဖားဖားကြီးများဖြင့် သနပ်ခါးပါးကွက်ကျားလိမ်းကာ မြန်မာ(ဗမာ)တို့၏ ရိုးရာအလှကို ဖော်ပြကြပါသည်။ မိန်းကလေးများမှာ ဆန်ဖွပ်ခြင်း၊ မောင်းထောင်းခြင်း၊ ရက်ကန်းရက်လုပ်ခြင်းဖြင့် မိဘကို ကူညီကြပါသည်။

ယခင်က ဆေးမင်ကြောင်ထိုးခြင်း ဓလေ့ထုံးစံ အခွန့်ရှည်ကြာစွာရှိခဲ့လေသည်။ ဗမာလူငယ်တစ်ဦးအနေဖြင့် ပေါင်တွင် ဆေးမင်ကြောင်ထိုးခြင်းဖြင့် လူသား၏ မာန်မာနများရပြီဟု နားလည်ကာ ဆေးမင်ကြောင်မထိုးပြီးသမျှ ကာလပတ်လုံး သူသည် ယောက်ျားမပီသသေးဟု ယုံမှတ်လေသည်။ ထို့ကြောင့် တက်သစ်စ စိတ်ထက်သန်သောအရွယ်တွင် ပေါင်နှစ်ဖက်၌ ရုပ်ပုံအမျိုးမျိုး ထိုးကြသည်။ အချို့မှာ ဒူးအထက်ပိုင်း ကိုယ်ခန္ဓာအောက်ပိုင်းတွင် ဆေးမင်များဖြင့် ပြည့်နှက်သွားတော့သည်။ ရှေးဗမာလူငယ်များသည် ကိုယ်ခန္ဓာအရေပြားပေါ်တွင် ဆေးမင်ကြောင်ထိုးခြင်းဖြင့် ပုဆိုးကို ခါးတောင်းကျိုက်ကာ ဆေးမင်ကြောင်အလှအပကို မက်မက်မောမော ပြတတ်ကြပါသည်။ ယခုကာလတွင်လည်း အချို့အရပ်ဒေသများတွင် ရှိမြဲဖြစ်ပါသည်။


ဗမာမိန်းကလေးတစ်ဦး၏ ဘဝတွင် ပထမဆုံး အရေးကြီးသည်ကား နားထွင်း(နားသ)မင်္ဂလာ ဖြစ်လေသည်။ နားသမင်္ဂလာမှာ ရှေးယခင်မှ ယနေ့တိုင် မပျက်မယွင်း တည်ရှိဆဲမင်္ဂလာဖြစ်ပါသည်။ ယောက်ျားလေးများအဖို့ သင်္ကန်းစည်းခြင်းနှင့် ဆေးမင်ကြောင်ထိုးခြင်းသည် လူကြီးတစ်ယောက် ဖြစ်စေသကဲ့သို့ မိန်းကလေးများအတွက် နားထွင်း(နားသ)ခြင်းသည် အပျိုဖော်ဝင်သည်ပင် ဖြစ်တော့သည်။

ရှေးအခါက အမျိုးသားများလည်း နားထွင်း၊ နားဖောက်တတ်ကြပါသည်။ နားထွင်းမင်္ဂလာပွဲကို ရှင်ပြုပွဲနှင့်အတူ ကြီးကျယ်စွာ ပြုလုပ်တတ်ကြသည်။ နားထွင်းပေးသူမှာ ကြေးစားနားထွင်းဆရာများ ဖြစ်ပြီး၊ သူနှင့်အတူ ရွှေအပ်များ ပါလာတတ်သည်။ ဆင်းရဲသောသူများပင်လျှင် ငွေအပ်ကို သုံးကြသည်။ ငွေကြေးချမ်းသာသူများက ရွှေအပ်၏ တစ်ဖက်တွင် အဖိုးတန်ကျောက်မျက်ရတနာများကို စီခြယ်



www.burmeseclassic.com

www.burmeseclassic.com



ထားတတ်ကြသည်။ ဘုရင့်ဆွေတော်မျိုးတော်များကား အမျိုးသား၊ အမျိုးသမီးမဟူ အဖိုးတန်ရွှေနားတောင်းများ၊ နားကပ်များ ပန်ကြသည်။ စိန်များ၊ ပတ္တမြားများကို အထက်တန်းစား ဝန်ကြီးများနှင့်အတူ သူတို့မိသားစုများသာ ပန်ဆင်ရန် သတ်မှတ်ထားသည်။ ဆင်းရဲသူများက စိန်၊ ရွှေများအစား နားတောင်းအမျိုးမျိုးကိုလည်း ပန်ကြသည်။ နားကပ်ပန်ခြင်းကား ဆင်ရှားသော ဗမာတစ်ဦး၏ အမှတ်အသား ဖြစ်ပါသည်။ ဆေးမင်ကြောင် ထိုးခြင်းဖြင့် ဗမာပြည်သားဖြစ်ကြောင်း ပြသကဲ့သို့ နားတောင်းပန်ခြင်းမှာလည်း ဗမာအမျိုးသမီးများ၏ အထိမ်းအမှတ် ဖြစ်ပါသည်။ ထိုနည်းအတူ အင်္ကျီသည် ဗမာအမျိုးသမီးများ၏ အမှတ်သညာတစ်ခု ဖြစ်ပါသည်။

ရှေးဗမာလူမျိုးတို့သည် မျိုးရိုးစဉ်ဆက်လိုက်၍ မှည့်တတ်သော အမည်များမရှိတတ်ကြချေ။ အချို့ဗမာများသည် သူတို့အမည်များကို တစ်သက်တာအတွင်း ကောင်းကျိုးကိုညွှန်း၍ ပြောင်းလဲခေါ်တတ်ကြသေးသည်။ အမျိုးသားများနည်းတူ အမျိုးသမီးများ၏ အမည်များ မှည့်ရာတွင်လည်း လွတ်လပ်မှုရှိကြသည်။ အမျိုးသမီးတိုင်း အပျိုအအိုမရွေး နာမည်ရှေ့က ‘မ’တပ်၍ ခေါ်ဆိုအမည်ပေးထားကြသည်။ အထက်ဗမာပြည်တွင် အထူးသဖြင့် နန်းတော်ထဲတွင် လေးစားမှုကို ဖော်ပြသည့်အနေဖြင့် ‘မောင်’၊ သို့မဟုတ် ‘တင်တင်’၊ သို့မဟုတ် ‘ထိပ်တင်’ ဟူ၍ ခေါ်တတ်ကြသည်။ ဗမာလူမျိုးတို့သည် မွေးရက်၊ မွေးချိန်၊ မွေးနေ့တို့ကို အတိအကျ ဇာတာပေါ်တွင် မှတ်သားထားကြသည်။ သူတို့၏တစ်သက်တာ ဘဝတွင် ကံဆိုးသောရက်၊ ကံကောင်းသောရက်၊ ကံဆိုးသောနာရီ၊ ကံကောင်းသောနာရီ စသည်တို့ကို ရွေးချယ်နိုင်ရန် ဗေဒင်ဆရာများနှင့် သေချာစွာတိုင်ပင်ပြီး ဇာတာများကို ပြုလုပ်ထားလေ့ရှိကြသည်။ ဇာတာဆိုသည်မှာ ဗေဒင်ဆရာ၊ ပုဏ္ဏားအိုကြီးများကို ခေါ်၍ ထန်းရွက်လေးပေါ်တွင် ကလေးမွေးဖွားသော လ၊ နေ့၊ နှစ်၊ နာရီ၊ ကလေး၏အမည်၊ မွေးဖွားစဉ်က ကျရောက်ခဲ့သော ဂြိုဟ်အမည်၊ မွေးဖွားရာအရပ်ဒေသတို့ကို ရေးမှတ်ပေးပါသည်။ ထန်းလက်၏ အခြားတစ်ဖက်တွင် ကလေး၏ဇာတာခွင်နှင့် ဗေဒင်ကိန်ခန်းများကို တွက်ချက်၍ ရေးပေးခြင်းများ ဖြစ်ပါသည်။ မိဘများက ဇာတာကို ကောင်းမွန်စွာ သိမ်းကြသည်။ သားသမီးဖြစ်သူ အသက်ကြီးလာ၍ သူတို့ကိုယ်တိုင် သိမ်းဆည်းနိုင်သောအချိန်ရောက်မှ



www.burmeseclassic.com

www.burmeseclassic.com

ဇာတာကို လွှဲပေးကာ သိမ်းစေသည်။ ရှေးအခါ ဇာတာသည် လူတိုင်း၏ အဖိုးတန်သော ပိုင်ဆိုင်မှုပစ္စည်း ဖြစ်ပါသည်။

အမည်ပေးခြင်း၊ ဇာတာပြုလုပ်ခြင်းများ ပြီးဆုံးပြီးနောက် ဗမာယောက်ျား ကလေးငယ်များသည် အသက်ရှစ်နှစ်အရွယ်တွင် ကျောင်းသွားရမည့်အရွယ် ဖြစ်ပါသည်။ ထိုစဉ်က ဘုန်းတော်ကြီးကျောင်းသာ ဖြစ်ပါသည်။ ဘုန်းကြီးကျောင်းများသည် လူတန်းစားမခွဲဘဲ လက်ခံသည်။ ကျောင်းသို့ တက်ရောက်ရာတွင် မည်သည့်ငွေကြေးမှ မပေးကြရပေ။ ထိုနည်းဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်ယောက်ျားလေးများသည် ပညာကို သင်ကြရသည်။ ထို့ကြောင့် ဗမာလူမျိုးတို့တွင် စာမတတ်သူဦးရေ နည်းပါးခြင်း ဖြစ်လေသည်။ ထိုစဉ်က ကျောင်းသားများသည် အခြေခံ က–ခ မှစ၍ ဗုဒ္ဓစာပေ၊ ဂဏန်းသင်္ချာ၊ ဗေဒင်ပညာများကို နုတ်တိုက်အရကျက်ကာ သင်ကြရပါသည်။ အဓိကဘာသာမှာ ဘုရားဟော ကျမ်းဂန်များ ဖြစ်လေသည်။ ထိုနည်းဖြင့် ကျောင်းသားများ၏ အသိတွင် ဘာသာရေးယုံကြည်ချက်များ၊ လက်ခံမှုများဖြင့် ပြည့်နှက်နေတော့သည်။ ဗမာတို့သည် ဘုန်းကြီးကျောင်းသားဘဝကို အမြဲပြန်လည် အောက်မေ့တသကြသည်သာ ဖြစ်လေသည်။ ဘုန်းကြီးကျောင်းသားဘဝက လွတ်လွတ်လပ်လပ် ခြင်းလုံးခတ်ခဲ့ပုံ၊ သစ်ပင်ရိပ်များတွင် ဂုံညင်းဒိုး ကစားခဲ့ပုံများ၊ ကျည်းသားရိုက်ခဲ့ပုံများ စသည်တို့သည် အမြဲတစေ အမှတ်ရနေသော ကစားနည်းများ ဖြစ်ကြသည်။

ကျောင်းသားငယ်များသည် ငါးပါးသီလအပြင်၊ ဘုရားရှိခိုးအမျိုးမျိုး၊ ပရိတ်ကြီးနှင့် ဘုရားဂုဏ်တော်အမျိုးမျိုးကို သင်ကြရ၏။ ထိုစဉ်က ဗမာအမျိုးသားတစ်ယောက် သင်္ကန်းဝတ်ပြီဆိုလျှင် ဝတ်ကျေတန်းကျေ အပေါ်ယံ ပြုလုပ်ခြင်း မဟုတ်ချေ။ စိတ်ပါလက်ပါ ယုံကြည်မှုအပြည့်အဝဖြင့် ပြုလုပ်ခြင်းဖြစ်လေသည်။ ဗမာလူငယ်များ အသက် ၁၂ နှစ်ပတ်လည်တွင် ရှင်ပြုသည်က များကြသည်။ ရှင်ပြုပွဲကို ခမ်းခမ်းနားနား ပြုလုပ်မြဲဖြစ်ပါသည်။ မြို့လုံးကျွတ် ပါဝင်ကူညီကြပါသည်။ ငွေကြေးချို့တဲ့သူဖြစ်ပါက အင်တိုက်အားတိုက် အလှူဖြစ်မြောက်အောင် ကူညီကြသည်။ ဤကား ရှေးဗမာများ၏ ဂုဏ်ယူစရာကောင်းသော ဗမာ့ထုံးစံတစ်ရပ်ပင် ဖြစ်လေသည်။

သင်္ကန်းစည်းပြီးလျှင် အနည်းဆုံး ခုနစ်ရက်နေရမည်ဟု နားလည်ထားကြသည်။ သဒ္ဒါမတတ်လျှင် စာမတတ်ဟူသော ဆိုရိုးစကားအတိုင်း ရှေးအခါက သဂြိုဟ်၊ သဒ္ဒါ၊ ပိဋကတ်ကျမ်းများကို တတ်မြောက်အောင် လေ့လာကြရသည်။

ရှေးအခါက ဗမာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ ပညာသင်ခွင့် မတောင်းဆိုကြသေးဘဲ ဗမာအမျိုးသမီးများအနေဖြင့် ပညာတတ်ရန်မလိုဟု အားလုံးကပင် စွဲမြဲယုံကြည်နေကြသည်။ ဗမာအမျိုးသမီးအများအပြားမှာ အစ်ကိုမောင်ဖားများ ဖတ်သည်များ ပြောဆိုသည့်စကားများကို နားထောင်မှတ်သားရခြင်းဖြင့် အသိဉာဏ် တိုးပွားကြသည်။ အိမ်ထောင်ရှင်အမျိုးသမီးများသည် အိမ်မှုကိစ္စများကို လုပ်ရသည်သာမက ခင်ပွန်းသည်၏ စီးပွားရေးလုပ်ငန်းများ

ရှေးအခါကပင် ဗမာအမျိုးသမီးများသည် တစ်လင်၊ တစ်မယားစနစ်ကို အလေးထားကြသည်။ စံပြဇနီး၊ လင်သားအပေါ်တွင် ဂုဏ်ယူနိုင်လောက်အောင် ချစ်ကြင်နာသော 'တော်လေးဝ'ဝင် ဇနီးဖြစ်ရန် မိဘနှင့် ဆွေမျိုးများက ငယ်စဉ်ကတည်းက သင်ကြားပေးခဲ့ကြသည်။ လင်နှင့်မယား ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာရှိရန်ကား ဗမာတို့၏ အရေးကြီးသော ယုံကြည်ချက်တစ်ရပ်ပင် ဖြစ်တော့သည်။



www.burmeseclassic.com

တွင်လည်း တတ်နိုင်သမျှ ကူညီကြရသည်။ နည်းပါးလှသော အိမ်ထောင်သည် `အမျိုးသမီးအရေးအတွက်မျှလောက်ကား ဗမာစာပေကို လေ့လာတတ်ကြသည်။ ရှေးအခါကပင် ဗမာအမျိုးသမီးများသည် တစ်လင်၊ တစ်မယားစနစ်ကို အလေးထားကြသည်။ စံပြဇနီး၊ လင်သားအပေါ်တွင် ဂုဏ်ယူနိုင်လောက်အောင် ချစ်ကြင်နာသော 'တော်လေး၀'ဝင် ဇနီးဖြစ်ရန် မိဘနှင့်ဆွေမျိုးများက ငယ်စဉ်ကတည်းက သင်ကြားပေးခဲ့ကြသည်။ လင်နှင့်မယား ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ နေရန်ကား ဗမာတို့၏ အရေးကြီးသော ယုံကြည်ချက်တစ်ရပ်ပင် ဖြစ်တော့သည်။ ရှေးဗမာအမျိုးသားများကလည်း သူတို့၏ ဇနီးများကို အစဉ်ပင်ကြင်နာတတ်ကြသည်။ လက်ထပ်တော့မည်ဆိုလျှင် တတ်သိနားလည်သူများထံသွား၍ ရက်ကောင်းရက်မြတ် ရွေးကြသည်။ ထိုစဉ်က ဝါတွင်းကာလကို ထိမ်းမြားလက်ထပ်ရန် ရှောင်ကြဉ်ကြပါသည်။

ရှေးဗမာတို့၏ ချစ်စရာကောင်းသော ဓလေ့တစ်ရပ်မှာ မိသားစု တစ်စုတစ်ဝေးတည်း လက်ရေတစ်ပြင်တည်း စည်းစည်းလုံးလုံး စားသောက်လေ့ရှိသော ထမင်းဝိုင်းကြီး ဖြစ်ပါသည်။ 'ဒေါင်းလန်း'ခေါ် ယွန်းဖြင့်ပြုလုပ်ထားသော ဗန်းကြီးတွင် အဘိုး၊ အဘွား၊ မိခင်၊ ဖခင်နှင့် သားသမီးများ ဝိုင်းဖွဲ့ထိုင်ကာ စားသောက်လေ့ရှိသော မိရိုးဖလာ ထမင်းဝိုင်းကြီး ဖြစ်ပါသည်။

ဗမာတို့သည် ယခုတိုင် ဆယ့်နှစ်လရာသီပွဲများကို မပြတ်ဆင်နွှဲလျက်ရှိပါသည်။ ပွဲများကို လေဟာပြင်တွင် ကပြကြသည်။ နေရာကောင်းကောင်းရရန် ဖျာလိပ်များ ခေါင်းပေါ်ရွက်၍ ပွဲကမည့်နေရာသို့ လာကြသည်။ စားသောက်စရာများလည်း ပါလာကြသည်။ ဇာတ်စင်ကို အထူးတလည် တည်ဆောက်စရာမလို၊ ဖျာများ ပြည့်အောင်ခင်းထားသည့် ပွဲခင်းမှာ အသင့်ဖြစ်နေပြီး ၎င်းကို 'ပွဲဝိုင်း' ဟု ခေါ်သည်။ ပွဲအကများသည့် နေရာများမှာ ပွဲသွင်းသူ၏ အိမ်နှင့် မျက်နှာချင်းဆိုင် လမ်းပေါ်တွင် ဖြစ်သည်။ ပွဲဝိုင်း၏ အလယ်တွင် သစ်ကိုင်းများ၊ သို့မဟုတ်၊ ငှက်ပျောပင်များ၏ ပင်စည်များ စိုက်ထားသည်။ ငှက်ပျောပင်စည်းများတွင် မီးအိမ်များ စိုက်ထူကြသည်။ မီးအိမ်များလုပ်သည့် မြေအိုးထဲတွင် ရေနံစိမ်းများကို ထည့်ထားသည်။ မီးစာအဖြစ် ပိတ်စများ၊ ဂွမ်းစများကို ထည့်ထားသည်။ ပွဲကရင်း မီးငြိမ်းမသွားရန်အတွက် ဇာတ်ဆောင်သူများက မြေအိုးထဲသို့ ရေနံစိမ်းများ မကြာခဏ ထည့်ပေးရသည်။ ထိုသစ်ပင်များကာရံထားသော မြေပြင်တွင် မင်းသား၊ မင်းသမီးများ ကခုန်၊ သီဆို ဖျော်ဖြေကြသည်။

ဗမာများသည် ရုပ်သေးများကိုလည်း များစွာနှစ်သက်ကြသည်။ ရုပ်သေးကြိုးဆွဲသူများ၏ ကျွမ်းကျင်မှုမှာလည်း ချီးကျူးစရာပင် ဖြစ်သည်။ အရုပ်လေးများ၏ ခေါင်းများ၊ လက်များ၊ ခြေထောက်များ ရွေ့လျားသွားလာပုံမှာ အသက်ပါလှသည်။ ရုပ်သေးများမှာ ပေ ၃၀ မျှ ရှည်သော ဝါးဖြင့် ထိုးထားသည့် ဇာတ်စင်များပေါ်တွင် ကပြကြသည်။ အရုပ်တို့ကို တန်ဖိုးများသော အဝတ်အစားများ ဝတ်ပေးထားကြသည်။ အရုပ်များကို သစ်သားဖြင့် ပြုလုပ်ထားသည်။ ရုပ်သေးဆရာတို့၏ ထင်ရှားကျော်စောမှုမှာ ဇာတ်မင်းသား၊ ဇာတ်မင်းသမီးတို့ထက်ပင် စွယ်စုံတတ်ကျွမ်းမှုပေါ် မူတည်သည်။ ရှေးအခါက ရုပ်သေးမင်းသား မောင်သာဗျောသည် သီချင်းဆိုကောင်းရုံမက စကားအရာတွင်လည်း ကျွမ်းကျင်သည်။ စာလည်းတတ်သည်။ သီချင်းများကို ကိုယ်တိုင်သီကုံးတတ်၍ နာမည်ကြီးခဲ့သည်။ ရုပ်သေးလူပြက်များအနက် နာမည်ကြီးသူကား ရွှေလုပ်ကြီး ဖြစ်သည်။ ဖြတ်ထိုးဉာဏ်ဖြင့် အလှူအတန်းများတွင် လူပုဂ္ဂိုလ်များကို ချီးကျူးစကား ရွှန်းရွှန်းဝေအောင် ပြောတတ်သော 'ယင်းတော်မလေး' သည်လည်း ထိုစဉ်က ကျော်ကြားခဲ့ပါသည်။ ရုပ်သေးမင်းသား မောင်သာဖုံနှင့် မောင်မှုတို့မှာ သာယာကြည်လင်သောအသံဖြင့် မိန်းမသံလုပ်၍ စကားပြောတတ်၊ သီချင်းဆိုတတ်ခြင်းမှာ များစွာ ချီးကျူးစရာကောင်းပြီး ၎င်းတို့သည် မန္တလေးမှ လာကြသူများ ဖြစ်ပါသည်။

ပွဲကြည့်ပရိသတ်သည် ပွဲခင်းတွင် လက်ဖက်သုပ်စား၍လည်းကောင်း၊ ဆေးလိပ်သောက်၍လည်းကောင်း ပွဲကြည့်တတ်ကြသည်။ လက်ဖက်သည် ရှေးအခါကာလကပင် ဗမာတို့ နှစ်သက်တန်ဖိုးထားသော အရွက်ဖြစ်ပါသည်။ အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်ဟု တင်စားခဲ့ကြပါသည်။ ရှေးဗမာများက လက်ဖက်သည် အစာကြေစေသည်ဟု သတ်မှတ်စားသုံးကြသည်။ လက်ဖက်ကို

www.burmeseclassic.com

ရှမ်းပြည်နယ်မှာ စိုက်ပျိုးထုတ်လုပ်ပြီး တရုတ်နှင့် အာသံပြည်နယ်မှ ပြန့်ပွားလာခြင်း ဖြစ်ပါသည်။

ဗမာတို့၏ အသည်းစွဲ အစားအစာတချို့အနက် နိုင်ငံခြားသားများ နှာခေါင်းရှုံ့ကြသော အစားအစာမှာ ငါးပိဖြစ်ပါသည်။ ရှေးအခါကာလမှစ၍ ဗမာတို့၏ ထမင်းဝိုင်းတွင် ငါးပိမပါလျှင် မပြည့်စုံပါ။ သို့သော် ဂုဏ်ယူစရာကောင်းသည်ကား ငါးပိကို ကြော်ထားသော ဘာလချောင်ကြော်မှာ ယနေ့တိုင် နိုင်ငံတကာက လက်ခံသော မြန်မာအစားအစာ ဖြစ်ပါသည်။

ရှေးအခါက မြန်မာတို့သည် နေရာအနှံ့ ပိုးမွေးမြူခြင်း၊ တောင်ယာစိုက်ပျိုးခြင်းများနှင့် အထက်ဗမာပြည်တွင် ယွန်းထည်လုပ်ငန်းကို အိမ်တိုင်းပြုလုပ်ကြပါသည်။ ဗမာတို့၏ ယွန်းထည်ပစ္စည်းများမှာ လက်ရာမြောက်လှပါသည်။ ရှေးကာလမှစ၍ ယနေ့တိုင် မြန်မာတို့၏ အဓိကလုပ်ငန်းမှာ ဆန်စပါးစိုက်ပျိုးခြင်းပင် ဖြစ်ပါသည်။ ထိုစဉ်ကပင် ရန်ကုန်မြို့သည် ဆန်စပါးတင်ပို့ရာ ဆိပ်ကမ်းမြို့ကြီး ဖြစ်ပါသည်။

ရှေးကာလက အထက်ဗမာပြည်တွင် ရှိနေသော ဗုဒ္ဓတရားဥပဒေများမှာ ကမ္ဘာဦးစကတည်းက ရှိနေခဲ့သော တရားဥပဒေများ ဖြစ်သည်။ အေဒီ ၁၇၇၅ ခုနှစ်တွင် အင်းဝဘုရင်မင်းခေါင်ကြီးက ပညာတတ်ရဟန်းများ၏ အကူအညီအဖြင့် တရားဥပဒေများကို ပြန်လည်စိစစ်လေ့လာပြီး 'မဟာမနုသယရွှေမြင်း' ကျမ်းကို တရားဝင်ရေးသားခဲ့သည်။ တရားဥပဒေတို့မှာ ဗမာအများအပြားအနေဖြင့် လက်ခံကျင့်သုံးနေသော တရားဥပဒေများ ဖြစ်တော့သည်။

ထိုစဉ်က တရားဥပဒေများ အတိအကျ ရေးထားခြင်းမပြုလုပ်နိုင်သော်လည်း အမှုအခင်းများအတွက် ဆုံးဖြတ်နိုင်သည့် စံအဖြစ် သတ်မှတ်ထားသော ဆုံးဖြတ်ချက် နှစ်ဆယ်ရှိခဲ့သည်။ ထိုဥပဒေများအနက် လူသိများသော ဆုံးဖြတ်ချက်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဘုရားအလောင်း မဟော်သဓာ၏ ဆုံးဖြတ်ချက်များ၊ ၂။ ပညာရှိအမတ်ကြီး ဝိဓူရ၏ ဆုံးဖြတ်ချက်များ၊ ၃။ သုဓမ္မစာရီ၏ ဆုံးဖြတ်ချက်များ၊ ၄။ ကုသမင်း၏ ဆုံးဖြတ်ချက်များ၊ ၅။ ပြည်မြို့ ပထမဆုံးဘုရင် ဒွတ္တဘောင်မင်း၏ ဆုံးဖြတ်ချက်များ၊ ၆။ ဆင်ဖြူရှင်မင်း၏ ၏ ဆုံးဖြတ်ချက်များ ဖြစ်ပါသည်။

တရားဥပဒေကို ချုပ်ကိုင်ဆုံးဖြတ်သူသည် ဥပဒေရေးရာတွင် ကျွမ်းကျင်ရသည်သာမက အောက်ပါအချက် ၁၄ ချက်နှင့်လည်း ပြည့်စုံရသည်။

(၁) တရားဥပဒေအတိုင်း တိကျစွာ ဆုံးဖြတ်ရမည်၊ (၂) လူအများ၏ လေးစားမှုခံစေရအောင် လုပ်ရမည်၊ (၃) ကောင်းမွန်သော အကျင့်စာရိတ္တရှိရမည်၊ (၄) စိုးရိမ်တတ်ရမည်၊ (၅) ချစ်ခင်တတ်ရမည်၊ (၆) ကောင်းမွန်သော အမျိုးအနွယ်မှ မွေးဖွားလာသူ ဖြစ်ရမည်၊ (၇) ဘာသာတရား ကိုင်းရှိုင်းရမည်၊ (၈) ကျက်သရေရှိရမည်၊ (၉) တော်ဖြောင့်သူ ဖြစ်ရမည်၊ (၁၀) ဉာဏ်ပညာထက်မြက်သူ ဖြစ်ရမည်၊ (၁၁) တရားဥပဒေများကို မပြတ်လေ့လာရမည်၊ (၁၂) မှန်ကန်သော ရည်ရွယ်ချက်နှင့် ဦးတည်ချက်များ ရှိရမည်၊ (၁၃) အဆုံးအဖြတ်ခံရန် ရောက်လာသူများနှင့် ပတ်သက်၍ ကြိုတင်သိရှိထားရမည်၊ (၁၄) ဆုံးဖြတ်ရာတွင် မကြောက်မရွံ့ ဆုံးဖြတ်ရမည်၊ သို့မဟုတ် ခြသေ့်မင်း၏ အသည်းနှလုံး ရှိရမည် ဖြစ်ပါသည်။ ထိုစဉ်ကပင် မြန်မာပြည်၏ တရားရုံးချုပ်မှာ လွှတ်တော်ဖြစ်ပါသည်။

ခေတ်ရေယဉ်ကြောတွင် တစ်နေ့တခြား ပျောက်ကွယ်ခဲ့သော ဗမာ့ရှေးဟောင်းအစဉ်အလာများသည် လွမ်းမောဆွတ်ပျံ့ဖွယ်ရာများသာ ဖြစ်ပါသည်။

ယနေ့မတိုင်မီ ဗမာတို့၏ ရိုးသားမှုနှင့် ရိုးရာဓလေ့စရိုက်များကို တန်ဖိုးထားတတ်မှု၊ အမျိုးအနွယ်ကို စောင့်ရှောက်တတ်သော အမျိုးသားစိတ်ဓာတ်တို့မှာ ဂုဏ်ယူစရာကောင်းလှပါသည်။

'ရှေးရှေးဗမာ' သည် ကျွန်မတို့ အသက်ထက် လေးငါးဆန့်က ဗမာများ၏ ဓလေ့ထုံးတမ်းများကို ဂုဏ်ယူတန်ဖိုးထား မြတ်နိုးစွာဖြင့် လက်လှမ်းမီရာ စုစည်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

**အေးအေးသန်း**

<u>ကျမ်းကိုးစာရင်း</u>

စာရေးဆရာကြီးတင်ထွေး မြန်မာပြန်သော ရွှေရိုး၏ 'ဗမာ'ကို မှီငြမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# "ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေ" အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆-၂-၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရှေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရစုတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅-၈-၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃-၃-၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တီးကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄-၁၀-၁၉၉၉) တနင်္ဂနွေနေ့တွင် မူလသစ်ကောက်ရွာ အများကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ဟောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁-၉-၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇-၃-၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်မြင့် ဓာတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တီးကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈-၃-၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဗာကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း။ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄-၁-၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ပိန်းတောလေးကျေးရွာ ကျောင်းတော်မှုရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉-၂-၂၀၀၉) တနင်္လာနေ့တွင် ဗိမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း။ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆-၁၀-၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာကျောင်းတော်မှု ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး၊ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၀-၁-၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်ပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒာနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ၊ သုံးရေအတွက် အဝီစိစက်ရေတွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး

| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ

| | |
|---|---|
| လာဘ်မိုးစွေစာပေ | ဖုန်း - ၀၉-၄၃၀၇၅၁၁၁၊ ၀၉-၄၂၁၀၀၅၉၂၅ |
| နာယကဆရာတော် | ဖုန်း - ၀၉-၇၃၁၃၉၃၃၆၊ ၀၉-၄၂၀၂၃၅၄၅၈ |
| ဦးကျော်သူထိုက် | ဖုန်း - ၀၉-၅၁၁၉၄၀၇ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

တစ်နေ့တွင် မိတ်ဆွေတစ်ယောက်၏ အိမ်ကို အလည်ရောက်ခဲ့၏။ ထိုအိမ်တွင် ခေတ္တရောက်ရှိနေသော ဘားအံဘက်မှ ဆရာတော်တစ်ပါးနှင့်ဆုံမိရာ ဆရာတော်က ဦးသိန်းမောင်ကို မြင်သည့်အခါ

"ဒကာကြီးလည်း အရှုံးဘဝမှာပဲ သံသရာလည်နေတုန်းပဲနော်၊ ကိုယ့်အကြောင်းကိုယ် ပြန်စဉ်းစား၊ အရှုံးဘဝက ထွက်ချိန်တန်နေပြီပဲ ဒကာကြီးရဲ့ အရှုံးဘဝနဲ့ ဇာတ်မသိမ်းချင်ပါနဲ့၊ ဆရာတော်ပြောချင်တာကတော့ ဒီလောက်ပါပဲ"

ဆရာတော်အမိန့်ရှိသည်မှာ ဤမျှသာ။ တိုတိုနှင့်ရှင်းရှင်းကလေး။

ဦးသိန်းမောင်ကြီး၏နားထဲတွင် ဆရာတော်၏ အဆိုအမိန့် စွဲဝင်သွားသည်။ သူ့နားထဲမှ မထွက်တော့။

အိမ်မှ ပြန်လာပြီးသည့်နောက် စားသည့်အချိန်၊ အိပ်သည့်အချိန်၊ အလုပ်လုပ်သည့် အချိန်၊ အချိန်ရှိသရွေ့ ဆရာတော် အဆိုအမိန့်ကြားနေရသည်။

ဒီတော့ သူ့ဘဝ ပြန်လည်စဉ်းစားသည်။

စဉ်းစားသည်ကလည်း ရိုးရိုးကလေး။

# ဘိုးတော်ကောင်း

## ကျော်မြသန်း

**ယခင်လမှ အဆက်-၁၀**

ပုထုဇ္ဇနော ဥမ္မာတ္တကောဆိုသည့် သဘောထားကို တွေ့လာသည်။ မြင်လာသည်။

အသက်ကို ကြည့်လိုက်တော့ နေ့လား၊ ညလား။

ဆရာတော်အဆိုအမိန့်ကို သဘောပေါက်သွား၏။

ပုတီး စကိုင်သည်။ တရား စထိုင်သည်။

စနေနေ့ညတွင် တစ်ညလုံး ရွှေတိဂုံကုန်းပေါ်တက်ပြီး ပုတီးမှန်မှန်စိပ်သည်။ အားလပ်သည့်နေ့ ညပိုင်းများတွင်လည်း ဘုရားတက်ပြီး ပုတီးစိပ်သည်။

သမထပိုင်တော့ စိတ်နိုင်လာသည်။ မနောမာတ်တွေ ဝင်လာသည်။ လူတွေကိုကြည့်လျှင်လည်း သနားလာသည်။ သို့သော် ဘာမျှမပြော။ ကိုယ့်အလုပ် ကိုယ်လုပ်သည်။

တစ်နေ့ ပုတီးစိပ်နေသည့်အချိန်တွင် အာရုံလွတ်ကင်းသွားသည်နှင့် ပုတီးစိပ်ပတ်ရေကို မှတ်မရလိုက်။ တစ်နေရာတွင် ၅၄-ပတ်လား၊ ၅၅-ပတ်လား စသည်ဖြင့် ဒွိဟဖြစ်နေစဉ် အသံတစ်သံကို ကြားလိုက်သည်။

"ဒကာကြီး၊ အခု အလုပ်လုပ်နေတာ အရေအတွက်လား၊ အရည်အချင်းလား၊ အရေအတွက်ကြောင့် အရည်အချင်း မပျက်ပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ထိုအသံမှာ သူ့ဘေးမှ ထွက်ပေါ်လာသည့်အသံ ဖြစ်၏။ မျက်စိကို အနည်းငယ်ဖွင့်၍ ကြည့်လိုက်သည့်အခါ ဘေးမှ သင်္ကန်းကို မြင်လိုက်ရ၏။ မော့ကြည့်လိုက်တော့မည်ဟု စိတ်ကူးပြီး မျက်လုံးကို ဖွင့်လိုက်သည့်အခါ ဘေးမှာ ဘာမှမရှိတော့။ ထိုအချိန်မှစ၍ အပတ်ရေကို အဓိကမထားဘဲ အာရုံကိုသာ အဓိကထားပြီး ပုတီးစိပ်ခဲ့သည်။

ထိုင်၍စိပ်ရင်း အာရုံမရလျှင် ထ၍ လမ်းလျှောက်၍ စိပ်သည်။ လမ်းလျှောက်၍ အာရုံမမိလျှင် အိပ်၍ စိပ်သည်။

အာရုံမမိဘဲ အပတ်ရေကို အဓိကထားစိပ်လျှင် အညောင်းမိ၍ လက်ထိပ်နာမည်ဆိုသည်ကို သဘောပေါက်ထားသည်။

ပုတီးမစိပ်မီ ရွှေတိဂုံစေတီတော်ကြီးကို မိမိမျက်ဝန်းထဲ စွဲလာအောင် စူးစိုက်ကြည့်ပြီး မျက်စိမှိတ်လိုက်သည့်အခါ စေတီတော်မြတ်ကြီး၏ပုံတော်မှာ အာရုံမိသလောက် ထင်ထင်ရှားရှားကြီး ပေါ်နေသည်။ အစပထမတော့ မည်းမည်းကြီး သမာဓိအားကောင်းလာသောအခါ ဟာတိ ရွှေရောင်ဝင်းနေသော စေတီတော်မြတ်ကြီးကို ထင်းထင်းပပကြီး မြင်ရသည်။ အာရုံမပျက်မချင်း ပေါ်နေသည်။

ဤသည်မှာလည်း လွယ်လွယ်ကူကူဖြစ်သည်မဟုတ်ပါ။ သမာဓိအားအပြည့်အဝရအောင် အလွန်အလွန် ကြိုးစားရသော လုပ်ငန်းတစ်ရပ် ဖြစ်ပေသည်။

ယမထထိုင်လျှင် စိတ်နိုင်မည်၊ စိတ်နိုင်လျှင် အကုသိုလ်ကင်းမည်၊ အကုသိုလ်အလုပ်သည် ကာယကံမြောက်အားဖြင့် ကျူးလွန်ရန် ခဲယဉ်းသလောက် ဝစီကံနှင့် မနောကံတွင် အလွန်ဖြစ်လွယ်သည်။ စိတ်နိုင်လျှင် အလွန်ဖြစ်လွယ်သော အမှုကို လုံးဝမဖြစ်အောင် ထိန်းသိမ်းနိုင်ပေသည်။

နောက်ပိုင်းတွင် ဆရာတော်ထပ်မံကြွရောက်ခြင်း၊ နည်းပေးခြင်း၊ ရုပ်ပွားတော် အလိုလိုကြွလာခြင်းများကိုမူ မမေးတော့ပါ။

အဓိက အတုအယောင်ဆောင် ပုဂ္ဂိုလ်တွေရှိသကဲ့သို့ စစ်မှန်သောပုဂ္ဂိုလ်တွေရှိကြောင်း ဖော်ပြလိုခြင်း ဖြစ်ပေသည်။

မီးရထားကြီးဖြတ်သန်းသွားရာ ခရီးတစ်လျှောက်ရှိ သစ်ပင်၊ လယ်ကွင်းများ၊ အိမ်ရာများကို တရိပ်ရိပ် မြင်နေရသလို ကျွန်တော့်အတွေးများမှာလည်း အတိတ်အကြောင်းများဆီသို့ ပြန်ရောက်ပြီး စိတ်ကူးထဲတွင် တရိပ်ရိပ် ထင်လာပါသည်။

ထိုစဉ် တစ်မှေးမှေးခဲ့သည့် ဘိုးတော်ကင်းမှာ အိပ်ရာမှထလာ၏။ မပြီးဆုံးသေးသည့် သူ့ဇာတ်လမ်းကို ပြန်ဆက်ရပေဦးမည်။

"ကဲ···သူငယ်ချင်း၊ မင်းဇာတ်လမ်း ပြန်ဆက်အုံးဟေ့၊ တော်ကြာ မန္တလေးရောက်တာတောင် ဇာတ်လမ်းမဆုံးဘဲဖြစ်နေအုံးမယ်"

"ဆုံးပါတယ်ကွာ၊ ငါကလည်း အပြီးပြောမှာပါ"

"ဒီလိုကွ၊ အဲဒီဂဒူးဂဏန်း ဆရာတော်ပေးတဲ့ အရက်ဖြတ်ဆေးဟာ တကယ်အစွမ်းထက်တော့ ငါ့ရောဂါကုဖို့ ပိုပြီးစိတ်ဝင်စားတယ်"

"ငါနေတဲ့ ရွာကလေးကလည်း ရွာသေးလေး မဟုတ်လား။ ပျင်းစရာဖြစ်နေတဲ့အတွက် ဘုန်းတော်ကြီး သီတင်းသုံးနေတဲ့ ရွာကို သွားနေအုံးမယ်လို့ ဆုံးဖြတ်လိုက်တယ်"

"ဒါနဲ့ အဘိုးကြီး၊ အဘွားကြီးတွေကို အကျိုးအကြောင်း ပြောပြတော့ သူတို့ကလည်း တော်တော်ပဲ ဝမ်းသာကြတယ်၊ ကောင်မလေးကတော့ ဝမ်းသာဝမ်းနည်း ဖြစ်နေရှာတယ်၊ ဘုန်းတော်ကြီးဆီ သွားမယ်ဆိုရင် သူ ဝမ်းသာသွားတယ်၊ ဒါပေမဲ့ ဝမ်းသာတဲ့အကြောင်းကို ပြောတဲ့အခါမှာတော့ မျက်ရည်လေး ကလယ်ကလယ်နဲ့ သူလိုက်ခဲ့ချင်ပေမယ့် ဆရာတော်က လက်ခံမှာမဟုတ်တဲ့အတွက် မလိုက်နိုင်လို့ ဝမ်းနည်းတဲ့အကြောင်းကို အချိန်ရတိုင်း ပြောနေရှာတယ်"

"ညဘက်ကျတော့ ငါ့ ခြေထောက်လေးတွေကို ကိုင်ပြီး ရောဂါပျောက်လို့ရှိရင် ဘယ်မှ မသွားဘဲ သူတို့ရွာကို ပြန်လာခဲ့ဖို့နဲ့ သူ တစ်သက်လုံး လုပ်ကျွေးမယ့်အကြောင်းတွေကို ပြောလိုက်၊ ရယ်လိုက်နဲ့ ထပ်ခါတလဲလဲ ပြောနေရှာတယ်၊ အိပ်ပါတော့ဆိုတာတောင် မရဘူး"

"ငါတို့ မြို့သူတွေဆိုရင် တွတ်တီးတွတ်တာ လုပ်နေတာပေါ့၊ သူက ဒီလို မပြောတတ်ရှာတော့ ပြောတတ်သလို ပြောတာပေါ့ကွာ၊ တွတ်တီးတွတ်တာပြောရင်တောင် ငါ့စိတ်ထိခိုက်ချင်မှ ထိခိုက်မှာ၊ ခုတော့ အရိုးခံအတိုင်း စင်းစင်းကြီးပြောနေတော့ စိတ်ပိုထိခိုက်တယ်လေ၊ ငါတောင် မျက်ရည်လည်လာမိတယ်၊ ရောဂါပျောက်ရင် ဆက်ဆက်လာမယ့်အကြောင်းပြောပြီး နှစ်သိမ့်ရတယ်၊ သူ့အတွက်လည်း ငွေတစ်ထောင် သတ်သတ်ပေးလိုက်တယ်၊ သူက ငွေတွေမယူချင်တဲ့အကြောင်း အတန်တန်ငြင်းပြီး ငွေထက် ငါပြန်လာတာကိုပဲ လိုလားတဲ့အကြောင်း တစ်ညလုံး ပြောနေတယ်၊ ငါလည်း မအိပ်ရတော့ဘူး"

"မိုးလင်းတော့ အဘိုးကြီး အဘွားကြီးတွေကို ငွေနှစ်ထောင် ကန်တော့တယ်၊ ငါ့မှာ အမေမွေးတဲ့အသက်ထက် သူတို့မွေးတဲ့အသက်ပဲရှိတာကြောင့် ငါကန်တော့တဲ့ ငွေနှစ်ထောင်ကို လက်ခံဖို့အကြောင်းပြောပြီး ဦးချကန်တော့တဲ့အခါ အဘိုးကြီး အဘွားကြီးတွေဟာ ကလေးတွေလိုပဲ တဟီးဟီးနဲ့ အသံထွက်အောင် ရှိုက်ရှိုက်ငိုကြတယ်"

"နောက်ပြီး သူတို့မှာ တစ်သက်လုံး ဒီလောက် ငွေမကိုင်ဘူးတဲ့အကြောင်း၊ ကိုင်ဖူးဖို့ နေသာသာ မြင်တောင်မမြင်ဖူးတဲ့အကြောင်း၊ ဘာသုံးရမှန်းမသိလို့ ပြန်ယူဖို့ကိုလည်း အတင်းပြောကြတယ်"

"နောက်ဆုံးတော့ ငါက ဒီငွေလက်မခံဘူးဆိုရင် ဆေးကုသွားတော့ဘူးလို့ပြောမှပဲ လက်ခံတော့တယ်"

"နောက်နေ့မှာတော့ မနက်



www.burmeseclassic.com

www.burmeseclassic.com

လေးနာရီလောက်မှာ လှည်းထပြင်ပြီး အဘိုးကြီးကိုယ်တိုင် ငါ့ကို လိုက်ပို့တယ်၊ အဘွားကြီးနဲ့ ကောင်မလေးကတော့ တစ်မိုင်လောက်ခရီးအထိ လိုက်ပို့ပေမယ့် စကားတော့ မပြောကြဘူး။ တစ်လမ်းလုံး ငိုပြီး လိုက်လာကြတယ်၊ သူတို့ပြန်မယ့် နေရာရောက်တော့မှ လှည်းအောက်ကနေ ငါ့ကို ထိုင်ကန်တော့ပြီး သူတို့ခေါင်းပေါ်မှာ ပေါင်းထားတဲ့ အဝတ်နက်ကလေးကို ဖြုတ်ပေးတယ်"

"သဘောကတော့ တို့မြန်မာပြည်မှာ အမှတ်တရပစ္စည်း ပေးသလို သူတို့ထုံးစံအရ အမြတ်တနိုးထားတဲ့ ခေါင်းပေါ်က အဝတ်ကို သတိရလက်ဆောင်အဖြစ်ပေးတဲ့ သဘောပေါ့၊ သူ့ကို သတိရနေဖို့ပေါ့"

"ဆရာတော်နေတဲ့နေရာကို ညနေစောင်းမှ ရောက်ကြတယ်၊ တော်တော်ကို သာသာယာယာ၊ အေးအေးချမ်းချမ်းရှိတဲ့ နေရာပဲ၊ အရိပ်အာဝါသကလည်းကောင်း၊ ရွာနဲ့လည်းမနီးတော့ တိတ်ဆိတ်ငြိမ်သက်နေတယ်၊ မြေတဲ့ရှည် ဆောက်ထားတဲ့ ဝါးကျောင်းလေး ငါးကျောင်းဟာ သစ်ရိပ်ဝါးရိပ်အောက်မှာ အေးမြတဲ့အသွင်ကို ဆောင်နေတယ်"

"ကျောင်းမှာ ကပ္ပိယအဘိုးကြီး အဘွားကြီးအပြင် ကိုရင်လေးတစ်ပါးပဲ ရှိတယ်၊ ကိုရင်ကလေးက ဆရာတော်ရဲ့ကျောင်းကြီးမှာနေပြီး ကပ္ပိယအဘိုးကြီး၊ အဘွားကြီးတွေက တဲလေးတစ်ဆောင်ထဲမှာ နေတယ်၊ ငါ့ကိုတော့ သပ်သပ်ရပ်ရပ်ရှိတဲ့ တဲလေးတစ်တဲမှာ နေရာချပေးတယ်၊ ဆရာတော်ရဲ့ ဆွမ်း၊ ကွမ်းအတွက်နဲ့ ကျောင်းနေလူတွေစားဖို့အတွက်ကတော့ ဆရာတော်ရဲ့ကျောင်းကြီးအောက်မှာ ရိက္ခာတွေအပြည့်ပဲ၊ ဆရာတော်က ဒီနယ်တစ်ဝိုက်မှာ တော်တော်လေး ဩဇာညောင်းဟုန် ရှိတယ်"

"ရောက်ပြီး နောက်တစ်နေ့ ငါ့ရောဂါအခြေအနေကို သေသေချာချာစမ်းသပ်ပြီး ညဘက် ဝမ်းနှုတ်ဆေးစား၊ နေ့ဘက်မှာ ချွေးအောင်း၊ အဲဒီလို သုံးရက်ပြည့်မှ ဆေးစကျွေးတယ်၊ ဆေးကျွေးပြီး ငါးရက်တစ်ခါ ရောဂါစမ်းသပ်၊ ဆေးဆက်ကျွေးခဲ့တာ တစ်လခွဲလောက်ကြာတော့ အဖုအပိမ့်တွေ တော်တော်လေးချပ်လာပြီ၊ အကွက်တွေလည်း ပျောက်သလောက်ဖြစ်လာပြီ၊ ရောဂါကတော့ သိသိသာသာကြီး သက်သာလာတယ်လို့ ဆိုရမှာပေါ့"

"ငါလည်း တော်တော်အားနာလာတယ်"

"ဆရာတော်ကတော့ ထူးခြားတဲ့ဆရာတော်ပဲကွ"

"မနက် အရုဏ်တက်တာနဲ့ မန္တာန်တွေရွတ်ဆိုတော့တာပဲ၊ နေ့လယ်ဘက်မှာ အဂ္ဂိရတ်ထိုးတယ်၊ ညနေစောင်းမှာ စင်္ကြံလျှောက်ရင်း ပုတီးစိပ်တယ်၊ ညနေဘက်ကျတော့ တရားထိုင်တယ်။

"ဒါ ဆရာတော်ရဲ့ နေ့စဉ်လုပ်ငန်းပဲ၊ စကားလည်း သိပ်မပြောဘူး။ အကြောင်းရှိမှ ပြောတယ်၊ မန္တာန်တွေ ရွတ်ဆိုတဲ့ဥစ္စာများ မနက်လေးနာရီက ခြောက်နာရီခွဲတဲ့အထိပဲ၊ မနက် ဆွမ်းဘုဉ်းမပေးခင် အင်းတွေဆွဲ၊ ဆွမ်းဘုဉ်းပေးပြီး ခဏတဖြုတ်လှဲ၊ နေ့လယ်ကျတော့ အဂ္ဂိရတ်ထိုးကြတော့တာပဲ၊ ငါ့ကိုကျွေးတဲ့ဆေးကလည်း သူ့အဂ္ဂိရတ်ပြာနဲ့စပ်ထားတဲ့ဆေးပဲ၊ တစ်ခါစားမှ မီးခြစ်ဆံခေါင်းလောက်ပဲ စားရတယ်၊ အသားတော့ လုံးဝမကျွေးဘူး။ အသီးအရွက်တွေပဲ ကျွေးတယ်"

"သုံးလလောက်ကြာတော့ ငါ့ရောဂါဟာ သိသိသာသာ ထူးခြားလာပြီ"

"တစ်မနက်မှာ ဆရာတော်က ငါ့ကိုခေါ်တယ်၊ အေးအေးဆေးဆေး စကားပြောတယ်၊ ဆရာတော်ပြောတာကတော့"

"ဒကာကြီးတဲ့၊ ဒကာကြီး ပြောပြချက်အရ ဘုန်းကြီးသိရတာက ဒကာကြီး ဘဝတစ်လျှောက်လုံးမှာ ကောင်းတာထက် မကောင်းတာတွေလုပ်ခဲ့တာက ပိုများနေတယ်၊ ကုသိုလ်ထက် အကုသိုလ် ပိုများနေတယ်ပေါ့၊ ဒကာကြီးရယ် . . . အဲဒီတော့ အကုသိုလ်ကို တတ်နိုင်သမျှ ဆေးကြောပစ်ဖို့သင့်တယ်၊ ဒကာကြီးရောဂါ ဘုန်းကြီးကုပေးနေတာဟာ ဆေးနဲ့တင် ကုပေးနေတာ မဟုတ်ဘူးနော်၊ မေတ္တာကို ပိုပြီးအားကိုးတယ်၊ ကျုပ်က ဆေးဖော်တဲ့ နေရာမှာတောင် မေတ္တာ၊ မန္တာန်တွေရွတ်ပြီးမှ ဖော်တာ၊ ဒကာကြီးရဲ့ရောဂါလည်း တော်တော်ကလေး သက်သာလာပြီပဲ၊ နောက်ပြီးတော့ အားလည်းအားနေတာပဲဥစ္စာ၊ မေတ္တာကမ္မဋ္ဌာန်းအလုပ်ကလေးတော့ လုပ်ဖို့ ဘုန်းကြီး တိုက်တွန်းချင်တယ်၊ အတင်းအကျပ်တိုက်တွန်းတာတော့ မဟုတ်ဘူးနော် ဒကာကြီး၊ စိတ်ဝင်စားမှ လုပ်ပါ၊ ဒကာကြီးကိုယ်တိုင် စိတ်ပါမှ လာလုပ်ပါ၊ ဒီအလုပ်မျိုးတွေက တစ်ဦးတစ်ယောက်က တိုက်တွန်းလို့ အကြောင်းတစ်ခုခုကြောင့် ဒီအကြောင်းပေါ်အမှီပြုပြီး လုပ်ကြတယ်ဆိုရင် ဘာမှ မထိရောက်ဘူး။ ဘုန်းကြီးပြောလို့ လုပ်ရတယ်ဆိုတာမျိုး မဖြစ်စေချင်ဘူး။ ခုချက်ချင်းလည်း ဘုန်းကြီးကို ကတိပေးဖို့လည်း မလိုပါဘူး၊ ဒကာကြီး သေသေချာချာ စဉ်းစားပြီးမှ လုပ်ချင်တဲ့ စေတနာပေါ်လာရင် ဘုန်းတော်ကြီးကိုလျှောက်ပေါ့"

"ဒီရောဂါ ကင်းကင်းရှင်းရှင်း ပျောက်ဖို့ကတော့ ၁-နှစ်ကျော်လောက်ကြာအောင် ကုရလိမ့်မယ်၊ ဒကာကြီး ဘာမှမလုပ်ဘဲ နေလည်း ဘုန်းကြီးကတော့ ပျောက်အောင်ကုပေးမှာပဲ၊ ဘုန်းကြီးရဲ့ မေတ္တာစိတ်နဲ့ ဒကာကြီးရဲ့ မေတ္တာဓာတ်ပေါင်းမိရင် ပိုပြီးတော့ ရောဂါမြန်မြန်ပျောက်မယ်လို့ ဘုန်းကြီးထင်တယ်၊ လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ဒကာကြီး စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့သာ နေပါ၊ ဘုန်းကြီးကို လျှောက်စရာရှိရင်လည်း လျှောက်ပေါ့လို့ ဆရာတော်က အမိန့်ရှိတယ်"

"ဆရာတော်အမိန့်အတိုင်း ငါကလည်း လျှောက်ထားရင်း

www.burmeseclassic.com

ရှိတာ လျှောက်ထားလိုက်တယ်"

"ဆရာတော်ဘုရား၊ တပည့်တော် လျှောက်ထားစရာရှိတယ်"

"လျှောက်ပေါ့ ဒကာကြီးရဲ့ ဘုန်းကြီး ခွင့်ပြုပြီးသားပါ"

"တပည့်တော်ရောဂါဟာ အားတက်စရာ အခြေအနေကို ရောက်နေပါတယ်၊ အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်း တစ်ထစ်ချ ပျောက် လိမ့် မယ် လို့ လည်း တပည့်တော် အပြည့်အဝယုံကြည်ပါတယ်၊ တပည့်တော်ရောဂါ ပျောက်တာ မပျောက်တာက တော့ အရှင်ဘုရားနဲ့ တပည့်တော်ကံလည်း ပါပါတယ်၊ တပည့် လျှောက်သင့်၊ မလျှောက်သင့် စဉ်းစားနေတာ ကြာပါပြီ၊ တခြားမဟုတ်ပါဘူးဘုရား၊ တပည့်တော်ကို ဝတ္ထုကပ်ခွင့်ပြုဖို့ တပည့်တော် လျှောက်ထားပါရစေ"

အဲဒါ ဘုန်းကြီးလိုချင်တဲ့ အဖြေ မဟုတ်ဘူး ဒကာကြီး၊ ဘုန်းကြီးအတွက် ဝတ္ထုမလိုဘူး၊ ဘုန်းကြီးရဲ့မေတ္တာကို တုံ့ပြန်ဖို့ပဲ လိုတယ်၊ ကဲ- ကဲ ဒကာကြီး အနားယူပြီး ပြန်စဉ်းစား၊ ဘုန်းကြီးလည်း လုပ်စရာလေးတွေ ရှိသေးတယ်"

"မင်းဆရာတော်ကတော့ အပြတ်ပဲနော်"

"ဆရာတော်ကတော့ ပြတ်တယ်၊ စကားလည်း သိပ်မပြောဘူး"

"အဲဒီတော့ မင်းက . . ."

"ဆရာတော်ပြောတာလုပ်ဖို့ ဆုံးဖြတ်လိုက်ရတာပေါ့၊ ဆရာတော့်ကျေးဇူးက ငါ့ပေါ်မှာရှိတော့ ဆရာတော့်ကျေးဇူး ပြန်ဆပ်ဖို့က ဒီနည်းပဲ ရှိတာကိုး"

"စစချင်းတော့ . . ."

"ဗုဒ္ဓ အဟာရ၊ အရဟံ ဗုဒ္ဓေါကို အပြန်ပြန် အလှန်လှန် ငါးပတ်စိပ်နိုင်းတယ်"

"အနန္တော အနန္တငါးပါးကို ရည်စူးပြီး ငါးရက်စိပ်ရမယ်၊ ပုတီးစိပ်တဲ့နေ့မှာ ထားရမယ့်စိတ်ဓာတ်၊ ပြုရမယ့်အာရုံ၊ ကိုယ်နေကိုယ်ထားနဲ့ ပုတီးကိုင်ပုံကိုင်နည်းကို သေသေချာချာသင်ပေးတဲ့ အပြင် ဆရာတော်ပုတီးစိပ်တဲ့ အချိန်မှာ သူ့နောက်က ထိုင်ပြီး စိပ်ရတယ်"

"ကောင်းတာပေါ့ကွာ၊ တစ်သက်လုံး အရက်နဲ့ မိန်းမကြား ထဲမှာနေတဲ့အကောင်က ပုတီး ကိုင်ရပြီဆိုတော့ ရာမကိုယ်ကို ဒသဂီရိခေါင်း ဆောင်းပေးထားသလို ဖြစ်နေမှာပေါ့"

"ပ ထ မ နှစ် ပတ် တော့ တော်တော့်ကို ဒုက္ခရောက်တယ်ကွ၊ ငါလည်း တစ်သက်လုံး တစ်ခါမှ ဒါမျိုးတွေ လုပ်ဖူးတာမဟုတ်တော့ ပိုဆိုးတာပေါ့၊ ဒါပေမဲ့ နောက်ပိုင်းတော့ တော်တော်ကလေး အသားကျလာသားကွ၊ ငါးရက်မြောက်တော့ ဆရာတော်က အခြေအနေမေးတယ်၊ စိတ်ဝင်စားမှု ရှိရဲ့လား၊ စိတ်ပါရဲ့လားပေါ့၊ ငါကတော့ ပွင့်ပွင့်လင်းလင်းပဲ လျှောက်တယ်၊ ပထမနှစ်ရက်ကတော့ လုံးဝ စိတ်မဝင်စားပါဘူးဘုရား၊ အခုတော့ စိတ်ဝင်စားလာပါပြီလို့၊ ဒီတော့ ဆရာတော်က ပြောတယ်၊ ကိုးပတ် ကိုးရက်စိပ်အုံးတဲ့"

"အဲ့ဒီ ကိုးရက်မှာတော့ အခြေအနေက သိပ်ကိုကောင်းလာပြီလေ၊ စိတ်က လုံးဝမငြိမ်သေးပေမယ့် မပြန့်လွင့်တော့ဘူး၊ ဆရာတော်ကလည်း ပုတီးစိပ်ခါနီးတိုင်း သတိပေးတယ်၊ ပုတီးကိုးပတ် ကိုးရက်စိပ်ပြီးတော့ ကိုးရက်နားရတယ်၊ ပုတီးစိပ်တာ နားရပေမယ့် တစ်နေ့ နာရီဝက် ထိုင်ရတယ်၊ ဘာကို အာရုံပြုရလဲဆိုတော့ ငါ့မိဘတွေကို အာရုံပြုရတယ်၊ သူတို့ပုံတွေ ငါ့မျက်စိထဲမှာ ထင်ထင်ရှင်းရှင်း မြင်လာအောင် အာရုံပြုရတယ်"

"ဆရာတော်နိုင်းသလို လုပ်ပေမယ့် မရဘူး"

"ပေါ်နေတာက ရီမျက်နှာနဲ့ တခြားငါပွေ့ခဲ့တဲ့ မိန်းမတွေကိုပဲ မြင်မြင်နေတယ်၊ ဆရာတော်က မေးတော့ ပေါ်နေတာတွေ ပြန်ပြောတဲ့အခါ ဆရာတော်က ပြုံးနေတယ်၊ ဆက်ကြိုးစားအုံး ဒကာကြီးတဲ့၊ ဒကာကြီးအာရုံက မမှန်သေးဘူး၊ ကိုယ့်ကို မွေးဖွားသုတ်သင်ခဲ့တဲ့ မိဘနှစ်ပါးကိုတောင် အာရုံမထင်နိုင်ဘူးဆိုရင် ရှေ့တစ်ဆင့်တက်လို့ မရသေးဘူး ဒကာကြီး၊ အခုလောက်လုပ်ရတာ စိတ်ပင်ပန်းသလားလို့ မေးတယ်၊ မပင်ပန်းပါဘူးဘုရားလို့ ပြန်လျှောက်တော့"

"ဒကာကြီး မနက်စောစောကို အာရုံပြုတဲ့လုပ်ငန်းလုပ်၊ မိဘနှစ်ပါးကိုပဲ ဆက်ပြီးအာရုံပြု၊ ညဘက်တော့ ဂုဏ်တော်ကွန်ခြာ ပုတီး တစ်ပတ်တစ်ပတ်စိပ်လို့ နိုင်းပြီး ဂုဏ်တော်ကွန်ခြာကားချပ်တစ်ခု လုပ်ပေးတယ်၊ မျက်စိဖွင့် ကားချပ်ကို ကြည့်စိပ်ရတယ်၊ ဒကာကြီး သမာဓိကောင်းရင် သုံးရက်နဲ့ အလွတ်ရမယ်၊ အလွတ်ရတဲ့အခါ ဘုန်းကြီးကိုလျှောက်လို့ အမိန့်ရှိတယ်"

"အဲဒီတော့ ရရောလား"

"မရဘူးကွ၊ နှစ်ပတ်လောက်ကြာမှ ရတယ်၊ ဂုဏ်တော်ကွန်ခြာတော့ ငါးရက်နဲ့ အလွတ်ရတယ်၊ နောက်တစ်ဆင့်တက်နိုင်းတာကတော့ ငယ်ဆရာတွေကို အာရုံပြုနိုင်းပြန်တယ်၊ ဂုဏ်တော်ကွန်ခြာကိုလည်း သုံးပတ်တိုးလိုက်ပြီ၊ ဒါကျတော့ ပထမအခြေခံရှိလို့လား မသိဘူး၊ လွယ်လွယ်ပဲ ရတယ်"

"နောက်တစ်ဆင့် တက်ရတာကတော့ ဂုဏ်တော်ကွန်ခြာ ကိုးပတ်စိပ်ပြီး မြတ်စွာဘုရားပုံတော်ကို အာရုံပြုနိုင်းတယ်၊ မှန်ဘောင်နဲ့ပုံတော်ကို ရှေ့မှာထောင်၊ မျက်စိမမှိတ်ခင် စူးစိုက်ကြည့်၊ နောက် အာရုံပြု၊ ဒါကျတော့ ခက်ပြန်ရော၊ ဒီတော့ ငါကလည်း ဇွဲနဲ့လုပ်တာပဲ၊ နောက်ဆုံးတော့ အောင်မြင်တာပါပဲ"

"နောက်တော့ကော . ."

"နောက်တော့ ဆရာတော်က မေးပြန်တယ်၊ ရှေ့ဆက်ချင်သလား၊ ဒီလောက်နဲ့ တော်လိုသလားလို့ မေးတယ်၊ ဆက်ချင်ပါတယ်ဘုရားလို့ လျှောက်တော့ ဆက်ချင်ရင် မီးကသိုဏ်းရှုရမယ်၊ မီးကသိုဏ်းမရှုခင် ကံနှစ်ပါးကို မကျိုးမပေါက်၊ မပျောက်မပြား အောင် ထိန်းသိမ်းပါမယ်ဆိုတာ သစ္စာပြုရမယ်၊ မ[illegible]နှုတ်နည်း

www.burmeseclassic.com

သင်ရမယ်၊ သင်္ချာဆိုပြီးရင် အင်းသောက်ရမယ်၊ ဆက်လုပ်ဖို့ မလုပ်ဘဲ သုံးရက်အချိန်ပေးမယ်၊ စဉ်းစားဖို့ အမိန့်ရှိပြန်တယ်၊ ရှေ့တစ်ဆင့် မတတ်ချင်ရင်တော့ ဂုဏ်တော်ကွန်ခြာကို အမြဲစိပ်ပြီး အာရုံကသိုဏ်းကို မှန်မှန်လုပ်သွားရင် ထူးမြတ်တဲ့အကျိုးတွေ တွေ့လိမ့်မယ်လို့ အမိန့်ရှိတယ်"

ဤသို့ပြောနေစဉ် ဒေါ်ခင်မေချော၏အမှာစကားကို သတိရသွားသည် ထင်ပါသည်။ ကြိမ်ခြင်းထဲမှ ကတ္တီပါအိတ်ကလေး ထုတ်ယူလိုက်သည်။ ထွက်လာသည်မှာ ဘရန်ဒီပုလင်းပြားကလေး။

ကျွန်တော့်အတွက်တစ်ခွက်၊ သူ့အတွက်တစ်ခွက်၊ ဘိုးတော်က သောက်နေမှတော့ ဘိုးတော်ဖြစ်ချင်သူကလည်း မော့ရပေတော့မည်သာ။

ပယင်းရောင်အရေထဲတွင် ရေခဲတုံးကလေးများမှာ ပေါလောမျောလျက်။

လေတဟူးဟူးတိုက်နေသော ရထားတွဲထဲတွင် ခေါင်းအုံးကို မှီသျက် ဘီယာမစုပ်၊ ဘရန်ဒီမြှုံ၍ ပြောလက်စစကားများ ပြန်ဆက်ကြပြန်၏။

"ငါကလည်း ဦးတည်ချက်တော့ မရှိပါဘူး။ ဒါပေမဲ့ ထူးခြားတဲ့ဆရာတော်နဲ့တွေ့နေမှတော့ အမ်းကြုံလိုက်တော့မယ်လို့ ဆုံးဖြတ်ပြီး အဆင့်တက်ခွင့်ပေးဖို့ လျှောက်ထားလိုက်တယ်"

"အဲ့ဒီမှာ ဆရာတော်က မန္တာန်ရွတ်နည်းကို စသင်ပေးတယ်၊ မနက်မနက်ကို ဆရာတော်နဲ့အတူ လိုက်ရွတ်ရတယ်၊ နေ့လယ်ဘက်မှာတော့ ဆရာတော်ပေးတဲ့ မန္တာန်စာတွေကို အလွတ်ကျက်ရတယ်၊ မန္တာန်ရဲ့အဓိပ္ပာယ်တွေကို လေ့လာရတယ်"

"ဌာန်ကရိုဏ်းကျကျ ရွတ်ဖို့အတွက်တော့ ဆရာတော် ရှေ့ကရွတ်ပြတာကို နောက်ကလိုက် ရွတ်ရတယ်"

"မန္တာန်တွေကို အလွတ်ရပြီး ဌာန်ကရိုဏ်းကျကျရွတ်နိုင်တော့မှ အင်း၊ တစ်ရာ့ရှစ်ရှက်သောက်ပြီး မန္တာန် တစ်ရာ့ရှစ်ခေါက်ရတယ်၊ ညပိုင်း ပုတီးစိပ်ရတယ်"

မန္တာန်တွေ ရွတ်တဲ့အခါ အထူးသတိထားဖို့ ဆရာတော်အမှာရှိတာက စိတ်ကို မပျံ့လွင့်စေရဘူး။ အတည်ငြိမ်ဆုံးထားရမယ်၊ စိတ်မတည်ငြိမ်ဖြစ်နေရင် မန္တာန်ရွတ်တာကို ရပ်ပစ်ရမယ်၊ စိတ်တည်ငြိမ်အောင် သမာဓိပြန်ယူပြီးမှ ရွတ်ရမယ်ဆိုတာပဲ၊ ဒါမှသာ မန္တာန်ရဲ့အစွမ်းဟာ ထက်မြက်တယ်လို့ အမိန့်ရှိတယ်"

"အဲဒီအဆင့်ပြီးတော့မှ မီးကသိုဏ်းရှုတဲ့အဆင့်ကို တက်ရမယ်"

"မီးကသိုဏ်းရှုနည်းလေးတော့ ပြောစမ်းပါအုံး ဗဟုသုတပေါ့ကွာ"

"မီးကသိုဏ်းရှုနည်းလေးကတော့ ဒီလိုကွ၊ တိတ်ဆိတ်ငြိမ်သက်တဲ့ အခန်းတစ်ခုထဲမှာ ဖယောင်းတိုင်တစ်တိုင်၊ ဝါဆိုဖယောင်းတိုင်ပေါ့ကွာ၊ အဲ့ဒီဖယောင်းတိုင် ကိုယ်နဲ့ သုံးပေကွာမှာ ခုံတစ်ခုနဲ့ စိုက်ထားရမယ်၊ ကိုယ့်မျက်စိနဲ့ မီးတောက်နဲ့ တည့်နေအောင် ချိန်သားကိုက်ပေးရမယ်၊ အဲဒီပြင်ဆင်မှုပြီးရင် ငါးပါးသီလယူ၊ စည်းချ၊ သတ္တဝါတွေကို မေတ္တာပို့၊ ဆယ့်ငါးမိနစ်လောက် စိတ်တည်ငြိမ်မှုအတွက် သမထထိုင်ပြီးတော့မှ ဖယောင်းတိုင်ကို မီးထွန်းပြီး မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်ရတယ်"

"မီးတောက်ကို စူးစိုက်ကြည့်ရင်း ပါးစပ်က မန္တာန်ကို ရွတ်ရတယ်"

"မလွယ်ပါလားကွ"

"အေး・・・ပထမတော့ မလွယ်ဘူးကွ၊ မျက်တောင်ခတ်မိတယ်၊ မျက်တောင်မခတ်ဘဲ အာရုံစူးစိုက်ရတဲ့အတွက် မျက်ရည်ပူတွေ ကျတယ်၊ ရက်အကန့်အသတ်ကိုတော့ ပြောလို့မရဘူး။ ငါ့အနေနဲ့တော့ တစ်ပတ်လောက်ကြာမှ မျက်ရည်ပူတွေကျတာ ရပ်သွားပြီး မျက်တောင်မခတ်ဘဲ နာရီဝက်လောက် ကြည့်လာနိုင်တယ်၊ ငါ့အလေ့အကျင့်အခြေအနေကို ဆရာတော်ဆီလျှောက်တော့ အနည်းဆုံး နစ်နာရီကြည့်နိုင်အောင် လုပ်ရမယ်လို့ အမိန့်ရှိတယ်၊ စိတ်ဝင်စားစရာတော့ တော်တော်ကောင်းတယ်ကွ"

"အဲဒီလို နစ်နာရီလောက်ကြည့်လာနိုင်တော့ လှုပ်ရှားနေတဲ့မီးတောက်ကို ငြိမ်အောင်လည်း တတ်နိုင်တယ်၊ ပါးစပ်ကလည်း မမှုတ်ဘဲ ငြိမ်းသွားအောင်လည်း စိတ်နဲ့ စေစားနိုင်တယ်၊ မီးတောက်သေးသေးကို ပိုပြီး တောက်လောင်အောင်လည်း လုပ်နိုင်တယ်"

"မီးကိုနိုင်တော့မှ ပထဝီကသိုဏ်းရှုရပြန်တယ်၊ အဲဒီလို လုပ်တဲ့အခါမှာ တွေ့ရတဲ့ အတွေ့အကြုံတွေ၊ နိမိတ်တွေ ဖြစ်လာတဲ့အခြေအနေတွေကို ဆရာတော်ဆီ အမြဲလျှောက်ရတယ်"

"ဆရာတော်က ဘာလို သေးတယ်၊ ဘာပြင်ရမယ်ဆိုတာတွေ ညွှန်ပြပေးတယ်"

"အတွင်းကိစ္စပြီးတော့မှ အပြင်ကိစ္စ ဆက်လုပ်ရတယ်"

"အတွင်းကိစ္စနဲ့ အပြင်ကိစ္စဆိုတာ ဘယ်လိုလဲကွ"

"အတွင်းကိစ္စဆိုတာက ကျောင်းဝိုင်းထဲမှာရှိတဲ့ ငါနေတဲ့တဲကျောင်းထဲမှာ အလုပ်လုပ်ရတာ၊ အပြင်ကိစ္စဆိုတာက လူသူမရှိတဲ့တောထဲမှာ၊ သင်္ချိုင်းထဲမှာ ညဘက်ကျင့်ရတာ"

"ကျင့်နည်းတွေကရော"

"ကသိုဏ်းရှုတဲ့ကျင့်နည်းတွေပါပဲ၊ ဒါတွေပြောရရင် အရှည်ကြီးပဲ၊ နောက်မှ ပြောပြမယ်၊ အဲဒီလို ဆရာတော်ဆီမှာ ဆေးကုရင်း ကျင့်ကြံအားထုတ်ခဲ့တာ တစ်နှစ်နဲ့ လေးလရှိခဲ့ပြီ၊ ငါ့ရောဂါလည်း လုံးဝပျောက်ကင်းပြီ၊ အသားအရေတွေလည်း လူကောင်းပကတိအတိုင်း ဖြစ်နေပြီ၊ ဆရာတော်က ငါ့ရောဂါကို စစ်ဆေးပြီး လုံးဝစိတ်ချရပြီလို့ အမိန့်ရှိတယ်"

"ဒါနဲ့ ငါက တပည့်တော် ဘာများ ဆက်လုပ်သင့်ပါသလဲဘုရားလို့ လျှောက်တော့ ဆရာတော်က အခုလုပ်ခဲ့တဲ့အကျင့်အကြံတွေကို ရာသက်ပန်ထိန်းသိမ်းပြီး ဆက်လုပ်သွားပါလို့ သူ့

www.burmeseclassic.com

ဆီက ဆေးဝါးတွေလည်း ချိုးမြှင့်လိုက်မယ်၊ မန္တလေးမှာရှိတဲ့ ဆရာတော်တပည့် ပဥ္စင်းဆီသွားပြီး ဆက်လုပ်လို့ အမိန့်ရှိတယ်"

"ငါလည်း ကောင်မလေးနဲ့ အဘိုးကြီး၊ အဘွားကြီးဆီ သွားနှုတ်ဆက်ပြီး မန္တလေးဆက်ဆင်းခဲ့တာပဲ၊ မန္တလေးရောက်ပြီးမှ မမနဲ့တွေ့ဖို့ ဇာတ်လမ်းကပေါ်လာတာ"

"နေပါအုံး ခင်မောင်ဦးရဲ့ မင်းက ရှိနဲ့တုန်းက ကိုယ့်မိန်းမကိုယ် ဂရုမစိုက်သလောက် ဒေါ်ခင်မေချောနဲ့ကျတော့ တစ်မတည်း မနေပါလား။ မင်းဆေးထက် ဒေါ်ခင်မေချောဆေးက စွမ်းနေပြီ ထင်တယ်"

ဒီလိုတော့လည်း မဟုတ်ပါဘူးကွ၊ အသက်ကြီးမှ မှီခိုလဲလျောင်းရာရတော့လည်း တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ပိုထားမိတယ် ထင်တာပဲကွာ"

"ပြောမှလည်း လုပ်ပါ သူငယ်ချင်းရာ၊ အကြောင်းမသိတာတွေ မှတ်လို့"

"ငါ အကဲခတ်ကြည့်ရသလောက်တော့ မင်းမမက မင်းအပေါ်မှာ (How to control your husband)ဆိုတဲ့ နည်းအတိုင်း ကျင့်သုံးနေပြီ ထင်တယ်ကွာ"

"ဆိုစမ်းပါအုံး ကြားပါရစေ၊ တစ်သက်လုံး ငါကတော့ control လုပ်ခဲ့တာပါ၊ မင်းနည်းကပိုကောင်းနေရင်လည်း ငါ့အတွက် အကျိုးရှိအောင်ပေါ့"

"အဲဒါ ရန်ကုန်မှာပြသွားတဲ့ အင်္ဂလိပ်ဇာတ်ကားထဲကဇာတ်လမ်းကလေးတစ်ခုပဲ၊ သိပ်တော့ မမှတ်မိတာမိပဲ၊ မှတ်မိသလောက်တော့ ပြောပြမယ်၊ အဘွားကြီးတစ်ယောက်က သမီးကို အိမ်ထောင်ချပေးလိုက်တယ်၊ သမီးကလည်း ယောကျ်ားနောက်လိုက်သွားရတာပေါ့၊ ဒါပေမဲ့ ငနဲက ခြေမငြိမ်ဘူးဆိုပါတော့ကွာ၊ ဒီတော့ ကောင်မလေးက သူ့အမေဆီ စာလှမ်းရေးတယ်၊ သူ့ယောကျ်ားဟာ အပြင်မှာ သိပ်ပွေတယ်ပေါ့၊ သူနားကပ်တဲ့အချိန်က နည်းပြီး အပြင်မှာ ပွေတဲ့အချိန်က များနေတယ်ပေါ့"

"ဒီတော့ သူ့အမေက စာပြန်ရေးလိုက်တယ်၊ သမီးအမေ့ဆီ ခဏပြန်လာခဲ့တဲ့။ အမေ့စာအရ သမီးကလည်း အမေ့ဆီပြန်သွားတာပေါ့ သမီးအိမ်ပြန်ရောက်တော့ သူ့အမေက မေးတယ်၊ သမီးယောကျ်ားဟာ ဘယ်လောက်များ ပွေသလဲလို့ မေးတယ်၊ ဒီတော့သမီးကလည်း သူ့ယောကျ်ားပွေပုံတွေကို လျှောက်ပြောတော့တာပေါ့"

"ဒီတော့ သူ့အမေကြီးက ပြောတယ်၊ အမလေးသမီးရယ်တဲ့၊ သမီးယောကျ်ားပွေတယ်ဆိုတာဟာ သမီးဖေဖေပွေတာရဲ့ ဆယ်ပုံတစ်ပုံတောင် မရှိသေးပါဘူး သမီးရယ်၊ သမီးဖေဖေကိုတောင် မေမေကိုင်ခဲ့သေးတာပဲ၊ သမီးယောကျ်ားကို သမီးကိုင်နိုင်အောင် မေမေ နည်းပေးပါ့မယ်၊ သမီး စိတ်အေးအေးနေပါတဲ့"

"နောက်တစ်နေ့ကျတော့ သမီးကိုခေါ်ပြီး နည်းပေးတယ်"

"သမီး ဒီမှာကြည့်တဲ့၊ ဟောဒီခွေးကလေးဟာ တိရစ္ဆာန်နော်တဲ့၊ အေး··တိရစ္ဆာန်ဆိုတာ ဘာမှအသိဉာဏ်မရှိဘူး၊ သူ့စကားကိုလည်း သူနားလည်တာ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ခေါင်းကလေးကို ဟောဒီလိုပွတ်သပ်ပေးရင် ငြိမ်ငြိမ်ကလေးခံနေတယ်၊ ဘယ်တော့မှ ရန်မလုပ်တတ်ဘူး။ အဲဒီလို ခေါင်းကလေးပွတ်သပ်ပေးတဲ့ လူ့အနားမှာပဲ ကပ်နေတယ်၊ ဟော··သကြားလုံးလေးနှစ်လုံးလောက် ကျွေးလိုက်၊ ပေါင်မုန့်ကလေးတစ်ဖဲ့လောက် ပေးလိုက်ရင် ခြေထောက်ကြားထဲဝင်ပြီး သူ့ခေါင်းနဲ့ခွေ့နေတော့တာပဲ"

"နောက်ပြီး သကြားလုံးလေး ပစ်လိုက်တယ်ဆိုရင်လည်း ခြေထောက်ကြားထဲ ခေါင်းလာခွေ့ရမှန်း သိသွားပြီလေ၊ နောက်တော့ သူ့နှုတ်ခမ်းလေးနဲ့ ပွတ်ပေးမယ်၊ လက်ကလေးနဲ့အယားဖျောက်ပေးမယ်၊ အေး···အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်တောင်မှ သူ့အကြောကိုသိရင် မခံနိုင်ဘူး"

"အသိဉာဏ်ရှိတဲ့ လူဆိုရင်တော့ မပြောနဲ့တော့၊ မိန်းမရဲ့ အယုအယ၊ အချော့အမော့၊ အညှုအဆော့ကို မကြိုက်တဲ့ ယောကျ်ားရယ်လို့ လောကမှာ မရှိဘူး။ ယောကျ်ားကို ခွေးလေးလိုသဘောထားပြီး ကိုင်ပေတော့၊ တိုးတိုးတိတ်တိတ်နည်းကိုတော့ အမေ တိုးတိုးတိတ်တိတ်ပဲ ပြောပြမယ်"

"သူ့အမေသင်ပေးလိုက်တဲ့ နည်းကို ယူပြီး ပြန်သွားတဲ့သမီးဆီက ပြန်စာလာတယ်"

"မေမေ···

"သမီးရင်ခွင်မှာ ငြိမ်နေပါပြီတဲ့"

သူတို့ဆီမှာတော့ သကြားလုံးပေါ့ကွာ၊ တို့ဆီမှာတော့ ထန်းလျက်ပေါ့၊ ထန်းလျက်ခဲပေးရင် ဟောင်လွန်းတဲ့ခွေးတောင် ငြိမ်သွားတယ်တဲ့ကွ။

"အဲဒီတော့ ဒေါ်ခင်မေချောရဲ့ရင်ခွင်မှာ မင်းငြိမ်နေတာဟာဖြင့်···"

"တော်စမ်းပါ၊ မင်းတော်တော် ပေါက်ကရပြောတဲ့ကောင်"

"မင်းနဲ့ ဒေါ်ခင်မေချော တွေ့တဲ့ဇာတ်လမ်း ဆက်ကြစို့"

"ဆရာတော်လမ်းညွှန်လိုက်တဲ့ မန္တလေးဦးပဥ္စင်းဆီရောက်ပြီး ဆက်ကျင့်ရတယ်၊ ဦးပဥ္စင်းကလည်း မန္တလေးမှာ နာမည်ကြီးပဲ၊ ဒါပေမဲ့ သူက သမထအာရုံနဲ့ ဟောတာတွေမဟုတ်ဘူး။ ဗေဒင်နဲ့ လက္ခဏာသက်သက်ပဲ၊ သူက အကျင့်အကြံပိုင်းထက် အဲဒီဘက်ကို ပိုသန်တယ်၊ သူ့ဆီလာတဲ့ ဒကာမတွေကိုလည်း ငါနဲ့ မိတ်ဆက်ပေးတယ်၊ ငါ့ကိုလည်း အပျော်သဘော ဟောနိုင်းတယ်"

"ငါကလည်း အဲဒီအချိန်က စိတ်အားသိပ်ကောင်းနေတော့ သမာဓိအာရုံယူပြီး စူးစိုက်လုပ်ရင် ငါ့ရှေ့မှာ ထိုင်နေသူရဲ့မနောစိတ်ဟာ ငါ့မနောစိတ်ထဲမှာ ရုပ်ရှင်ပြသလို ကွက်ကွက်ကွင်းကွင်းလာထင်တယ်၊ လူတစ်ယောက်ကိုကြည့်လိုက်ရင် ဒီလူဟာ ဘာဖြစ်တော့မယ်၊ ဘာဖြစ်ချင်လိမ့်မယ်ဆိုတာ သိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ငါက ဦးပဥ္စင်းပေဟာနိုင်းလို့ သာပေဟာရတာ၊ ငါကိုယ်ငါလည်း သိပ်ယုံကြည်တာ မဟုတ်ဘူး၊ ဒါပေမဲ့ ငါ့ကိုမေးလို့ရှိရင် ငါ့ပါးစပ်ကို ထိန်းလို့ မရတော့ဘူး၊ စက်သေနတ်ပစ်သလို တရစပ် ထွက်ကုန်တော့တာပဲ၊ ဒီမှာတင် ငါ့နာမည်ဟာလည်း သူ့အလိုလို ကျော်ကြားလာတာပဲ၊ ငါ့ကို အကြားအမြင်ဘိုးတော်လို့ သူတို့က သူတို့နာမည်တပ်ကြတယ်၊ တစ်နေ့တခြား မေးသူတွေ များလာတယ်၊ မဟောချင်လို့လည်း မနေရတော့ဘူး၊ ငါ့ဆီလာနေတဲ့ ပရိသတ်ထဲက ငါ့ကို အလွန်အကျွံ ယုံကြည်လေးစားနေတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်၊ သူ့နာမည်က ဒေါ်လှမေတဲ့၊ သူ့ငွေမကြီးကွ၊ ပိုက်ဆံတော်တော် ချမ်းသာတယ်"

"ငါတို့ ရင်းရင်းနှီးနှီးခေါ်တာက တုတ်တုတ်ကြီးလို့ ခေါ်တယ်"

"တုတ်တုတ်က တစ်ဆင့် ဒေါ်ခင်မေချောနဲ့ တွေ့တာပဲ၊ သူတို့တွေက စီးပွားဘက်တွေပေါ့၊ မမနဲ့ ငါနဲ့ စတွေ့ချိန်က သူ့ယောက်ျားဆုံးပြီးစ စီးပွားရေးနဲ့ ပတ်သက်ပြီးတော့ ဘာဆက်လုပ်ရမယ်ဆိုတာ အခက်အခဲဖြစ်နေတဲ့အချိန်ပဲ၊ အဲဒီအချိန်မှာ ငါကလည်း တက်နေတုန်းဆိုတော့ ငါနိုင်သမျှ သူကလိုက်လုပ်တာအားလုံးအဆင်ပြေတယ်၊ မမခင်မွန်ထားခဲ့တဲ့အလုပ်တွေအားလုံး သည်တည်ငြိမ်ငြိမ် ဖြစ်လာတယ်"

"ဒီမှာတင် ငါ့ကို ရန်ကုန်အတင်းခေါ်တော့တာပဲ"

"ငါကလည်း မလိုက်ဘူး၊ အာဖြစ်လို့လဲဆိုတော့ ရီတို့ရှိတဲ့နေရာကို ဒီတစ်သက် ငါမသွားတော့ဘူးလို့ ဆုံးဖြတ်ထားတာကိုး"

"ဒီကြားထဲ တုတ်တုတ်က ကြားကဆွယ်၊ သူကလည်း ရန်ကုန်ထက် မန္တလေးမှာ အနေများလာတယ်"

"ငါလည်း ရှေ့ဆက်ရမယ့်စခန်းနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာ ဆရာတော်ဆီလျှောက်ထားအုံးမှပဲဆိုပြီး ကသာကို တစ်ခေါက်ပြန်တက်သေးတယ်၊ ဒါပေမဲ့ ဆရာတော်နဲ့ မတွေ့တော့ဘူး၊ ဘယ်သွားတယ်ဆိုတာကိုလည်း ဘယ်သူမှ မပြောနိုင်ဘူး၊ လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက မုံရွာဘက် ခဏသွားအုံးမယ်ဆိုပြီး ထွက်သွားလိုက်တာ ခုထက်ထိပဲတဲ့၊ ဒါနဲ့ ငါလည်း အဘိုးကြီး၊ အဘွားကြီးနဲ့ ကောင်မလေးကို ဝင်တွေ့ပြီး ပေးစရာရှိတာ ပေးပြီး ပြန်ခဲ့တယ်၊ သူတို့ကို မန္တလေးဘုရားဖူးခေါ်ပေမယ့် မလိုက်ကြဘူး၊ ဟိုပင်နယ်ထဲမှာရှိတဲ့ အင်းတော်ကြီးဘုရားထက် တန်ခိုးကြီးတဲ့ဘုရားဟာ မြန်မာပြည်မှာ မရှိဘူးဆိုပြီး မလိုက်ကြဘူး၊ သူတို့ကတော့ အင်းတော်ကြီးဘုရားမှ ဘုရားလို့ အောက်မေ့ကြတာ"

"ဒါဟာလည်း ဆန်းတော့ မဆန်းပါဘူးကွ၊ ဗဟုသုတနည်းပါးတဲ့ တို့တိုင်းရင်းသားလူမျိုးတွေထဲမှာ ကိုယ့်ဒေသမှ ကိုယ့်ဒေသ၊ ကိုယ့်ဒေသမှာရှိတဲ့ဘုရားမှ တန်ခိုးကြီးကြတယ်လို့ အစွဲအလမ်းကြီးကြတယ်"

"ဒါနဲ့ ငါလည်း မန္တလေးပြန်လာပြီး ဦးပဥ္စင်းကို ဆရာတော်ကိစ္စ လျှောက်ထားတော့ ဦးပဥ္စင်းက မပူပါနဲ့တဲ့၊ ဆရာတော်ဟာ ဒီလိုပဲ ပျောက်ပျောက်သွားတတ်တယ်၊ အချိန်တန်ရင် ပြန်လာပါလိမ့်မယ်လို့ ပြောတယ်၊ ဒီတော့ ဦးပဥ္စင်းနဲ့ပဲ ငါ့ကိစ္စကို တိုင်ပင်ကြတာပေါ့"

"ဦးပဥ္စင်းက ပြောတယ်၊ ဒကာကြီး ဆရာတော်လို ထွက်ရပ်ပေါက်လမ်းအထိ သွားဖို့ ရည်ရွယ်သလားလို့ မေးတယ်"

"ဒီတော့ ငါက တပည့်တော်မှာ သံယောဇဉ်တွယ်စရာ သားသမီးတွေ ရှိပါသေးတယ်၊ ဒီအဆင့်ရောက်အောင် ပြတ်ပြတ်စဲစဲလုပ်ဖို့တော့ မရည်ရွယ်သေးပါဘူးဘုရားလို့ လျှောက်လိုက်တယ်"

"နေပါအုံး မင်းသံယောဇဉ်က ကလေးတွေလား၊ မမကိုလား"

"ဒါတော့ တကယ်ပါ သူငယ်ချင်း၊ ငါ ခုထက်ထိ ရီနဲ့ကလေးတွေအပေါ်ကို သံယောဇဉ်ဖြတ်လို့ မရသေးပါဘူး၊ ငါ့အကူအညီကိုလည်း ရီက ဘယ်လိုမှ လက်ခံမှာမဟုတ်လို့ လက်ပိုက်ကြည့်နေရတာပါ"

"အေးပေါ့လေ၊ ဒါဆိုရင်တော့ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ပဲကြီးဟင်း ကောင်းလှချည်ရဲ့၊ ကြက်သားဟင်းက ကုန်တယ်ဆိုတာမျိုးတော့ မဖြစ်ပါစေနဲ့"

"ငါ့အဖြေကိုကြားတော့ ဦးပဥ္စင်းက ပြောတယ်၊ ဒကာကြီး ဒီအထိ မရည်ရွယ်ရင် ဆရာတော်ကိုတွေ့ဖို့ ဆက်မကြိုးစားနဲ့တော့၊ ဒကာကြီး ဘဝခရီးအတွက် ဒကာကြီးဘာသာ လုပ်ပါလို့ အမိန့်ရှိတယ်"

"မမကလည်း ရန်ကုန်ကို တစ်ခေါက်ဖြစ်ဖြစ် လိုက်ခဲ့ဖို့ အတင်းခေါ်၊ တုတ်တုတ်တို့ကလည်း အကျပ်ကိုင်၊ ငါကလည်း ဘာဆက်လုပ်မရမှန်းမသိတာနဲ့ မထူးပါဘူးဆိုပြီး ရန်ကုန်ကို လိုက်ခဲ့တာပဲ"

"ရန်ကုန်ကိုလည်းရောက်ရော ဒေါ်ခင်မေချောရဲ့ ထန်းလျက်နဲ့လည်း တွေ့သွားရောဆိုပါတော့"

"ဘာ ထန်းလျက်လဲကွ"

"အနောက်နိုင်ငံမှာတော့ သကြားလုံးပေါ့ကွ၊ တို့ဆီမှာတော့ ထန်းလျက်ပေါ့"

"မတွေ့သေးဘူးကွ၊ ငါ ခြောက်ရက်နေပြီး မန္တလေးပြန်လာခဲ့တာပဲ"

"အဲဒီ ခြောက်ရက်အတွင်း ရန်ကုန်က မမတို့အသိုင်းအဝိုင်းက လူတွေနဲ့ ငါနဲ့ တော်တော်ကို အလုပ်ဖြစ်သွားကြတယ်"

"ငါကလည်း မန္တလေးနဲ့ရန်ကုန်၊ မမကလည်း ရန်ကုန်နဲ့မန္တလေး၊ နောက်ဆုံး တိုတိုပြောကြပါစို့၊ ငါ့ခေါင်းလည်း မမရင်ခွင်ထဲ စိုက်သွားတော့တာပါပဲ"

"အေးပေါ့၊ ထန်းလျက်က ချိုတယ် မဟုတ်လား သူငယ်ချင်းရဲ့"

"ထားပါတော့"

ရှေ့လဆက်ပါဦးမည်။

ကျော်မြသန့်

www.burmeseclassic.com

www.burmeseclassic.com



# ဇယာမြို့က ပြန်ခဲ့တယ်

မြမျက်ရှင်

ယခုနှစ် ဧပြီလ ၂၃ ရက်နေ့က ကျွန်မမြမျက်ရှင်တို့ မိတ်ဆွေအဖွဲ့တွေ့ဆုံဖြစ်ခဲ့ကြပါတယ်။ တစ်နှစ်မှာ တစ်ခါဆုံရတာမို့ အစာကို မစားနိုင်ကြဘဲ စကားတွေသာ တဝပြောနေကြခဲ့ကြပါတယ်။ အဲသည်မှာ အနယ်နယ်အရပ်ရပ်ကိုရောက်ပြီး ကုန်သည်ဘဝနဲ့ ကျင်လည်နေကြတာလည်းရှိ၊ ရန်ကုန်မြို့ပေါ်မှာပဲ အခြေတကျ နေထိုင်ကြပြီး သောက်ရေသန့်ထုတ်လုပ်သူ၊ စားသောက်ဆိုင်ကြီးများ တည်ထောင်နေကြသူ၊ လူမှုရေးလုပ်ငန်းတွေကို သီးသန့်လုပ်ဆောင်နေကြသူ၊ ကျူရှင်ဆရာအဖြစ် စာပြနေကြသူ၊ ဘဝအစုံစုံ ကျင်လည်နေကြလေတော့၊ ဗဟုသုတ အစုံစုံကို ကြားနေရပါတော့တယ်။

အဲသည်မှာတင် ကိုယ်တိုင်က ဆရာဝန်ဖြစ်နေပါလျက်နဲ့ အလုပ်အကိုင်က ဆားကုန်သည် ဖြစ်နေသူ မတင်တင်ကလည်း သူ့ရဲ့ အရောင်းအဝယ်ကိစ္စတွေ စကားစပ်ပြောရင်းနဲ့ ဂန့်ဂေါနယ်အကြောင်း ရောက်သွားပါတော့တယ်ရှင်။

"ကျွန်မဆားတွေကို မုံရွာကို ပို့ရတယ် အစ်မ။ အစ်မတို့ ဂန့်ဂေါ၊ မုံရွာနယ်တွေ ရောက်ခဲ့တယ်နော်။ ဘုရားတည်တာတွေလည်း ကြားခဲ့ရတယ်။ အဲသည်နယ်တွေက နည်းနည်း ထူးဆန်းသလိုပဲနော်။ ကျွန်မတို့ မိဘတွေက အဲသည်နယ်ကို အမေရေယဉ် ပိုင်တယ်လို့ပြောတယ်။ မိဘတွေက ယုံကြည်ကြတယ်၊ ထူးလည်းထူးဆန်း

www.burmeseclassic.com

တယ်လို့ ပြောကြတယ်။ ကျွန်မတော့ မရောက်ဖူးတော့ မသိဘူး။ အစ်မ ကော ထူးဆန်းတာတွေ ကြားခဲ့ဖူး လားဟင်''

မိတ်ဆွေဖြစ်သူ မတင်တင်က တော့ သူသိချင်တာလေးတွေကို မေး လာတဲ့အတွက် ကျွန်မမှာလည်း ကြုံခဲ့ ဆုံခဲ့တာလေးတွေကို ပုံပြင်တစပုဒ်လို ပြောပြခဲ့ရပါတော့တယ်။ အမှန်တော့ ပုံပြင်မဟုတ်ခဲ့ပါဘူး။ ကိုယ်တိုင်ကိုယ် ကျ ကိုယ်တွေ့ကြုံဆုံခဲ့ရတဲ့ အဖြစ်တွေ ပါပဲ။ ဇာတ်လမ်းအစကတော့ ... မီးရထားလမ်းဖောက်ခြင်းက စရမှာ ဖြစ်ပါတယ်ရှင်။

ဥမင်လိုဏ်ခေါင်း ရထားလမ်း ကြီးကို စစ်ကြည့်ဖို့အတွက် ကျွန်မတို့ အဖွဲ့တွေ ဂန့်ဂေါမှ ၄ မိုင်ဝေးတဲ့ ချောင်ချမ်းနီကျေးရွာ၊ အဲသည်ကမှတစ် ဆင့် မီးရထားအလုပ်သမား၊ မီးရထား ဝန်ထမ်းတွေ ယာယီစုနေကြတဲ့ နေရာ ကို ရောက်သွားကြပါတယ်။ အဲသည် အစုလေးမှာ ရိပ်သာတစ်လုံးရှိပြီး ရိပ် သာဘေးမှာ တောင်ကုန်းမို့မို့လေး တစ်ခု ရှိပါတယ်။ ရိပ်သာနဲ့ မျက်နှာ ချင်းဆိုင်မှာတော့ မီးရထားအရာရှိအိမ် နှင့် ဝန်ထမ်းတဲလေးတွေ ၂၅ လုံးခန့် ရှိပါတယ်။ တစ်အိမ်နှင့် တစ်အိမ် အလှမ်းမဝေးလှပါဘူး။ ရိပ်သာက နိုင် ငံခန့်ခန့်လေး ဆောက်ထားတာပါ။ အင်္ဂလိပ်စာလုံး E ပုံသဏ္ဌာန် ဖြစ်ပါ တယ်။

ပထမခန်းမှာ ကျွန်မရယ်၊ ကျွန်မ ရဲ့ အမျိုးသားရယ်ကို နေရာချပေးပြီး၊ ဒုတိယခန်းမှာ သမီးဖြစ်ပါတယ်။ တတိယနဲ့ ကျန်တဲ့ သုံးခန်းမှာတော့ ကျွန်မတို့ရဲ့ လုပ်ဖော်ကိုင်ဘက် မိတ် ဆွေစုံတွဲ သုံးတွဲ နေရာယူထားကြပါ တယ်။ ရောက်တာကလည်း နေ့ခင်း ၂:၀၀ နာရီဆိုတော့ အားလုံး အခန်း ထဲမှာ နားနေကြပေမယ့် ခင်ပွန်းဖြစ်သူ က ရောက်ရောက်ချင်း ရထားလမ်း စစ်ဖို့ ဝန်ထမ်းအချို့နှင့် ခရီးထွက်သွား ပါပြီ။ သမီးနှင့် ကျွန်မ နှစ်ယောက် သား အခန်းအပြင်ကိုထွက်ပြီး လေ့ လာကြပါတယ်။ အဲသည်မှာတင် သမီး က ...

''မေမေ ...ဟိုတောင်ကုန်း ပေါ် တက်ကြည့်ရအောင်လား''

''ကောင်းသားပဲ ညနေလေး နာရီလောက် တက်ကြည့်ကြမယ်။ လို လိုပိုပို အမွှေးတိုင်ထုတ်တွေ ယူသွားရ အောင်''

ဆိုပြီး ညနေခင်း လေးနာရီမှာ တောင်ကုန်းပြေပြေလေးဆီ ထွက်ခဲ့ ကြပါတယ်။ တောင်ကုန်းလမ်းနံဘေး မှာ ကွန်းလေးတစ်ခုတွေ့တာနဲ့ အမွှေး တိုင်လှူပြီး ဆက်တက်ခဲ့ကြပါတယ်။ တောင်ပေါ်မှာ မြေပြန့်နေရာက ကျယ် ပါတယ်။ တောင်ပေါ်ကနေ ဘေးပတ် လည်ကို ကြည့်လိုက်တော့ လယ်ကွင်း တွေ၊ သစ်ပင်တွေ၊ အတူးသဖြင့် ထန်း ပင်တွေ ပတ်လည်ဝိုင်းနေတာ တွေ့ မြင်ရပါတယ်။ သမီးနဲ့ ကျွန်မလည်း ပရိတ်တွေရွတ်ဖတ် ပူဇော်ပြီးတာနှင့် အမွှေးတိုင်အိတ်တွေဖောက်ပြီး အမွှေး တိုင် အတိုင်ပေါင်း ၁၀၀၀ ကို မီးထွန်း၊ တောင်ကုန်းပေါ် အနှံ့လိုက်စိုက်ကာ အလှူပေးတဲ့အနေနဲ့ မြင်အပ်၊ မမြင် အပ်သော တောတောင်ပုဂ္ဂိုလ်များ၊ ယူလိုက ယူကြပါ။ လှူလိုက လှူကြပါ ဆိုပြီး မေတ္တာပို့ အမျှဝေလိုက်ကြပါ တယ်။

အဲသည်အချိန်မှာပဲ ဘယ်ကမှန်း မသိတဲ့ ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ခွေး အူသံတွေ ကြားလိုက်ရတဲ့အခါ ကျွန်မ တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့သြနေခဲ့ကြပါ တယ်။ ခွေးဆိုလို့ တစ်ကောင်မှလည်း မမြင်ရဘူး။ နေဝင်ချိန်ကလည်း ဖြစ် နေပြီ။ ကြက်သီးတွေ တဖြန်းဖြန်း ထလာလို့ ဆံပင်တွေပါ ထောင်တက် လာခဲ့ပါတယ်။

''သမီး ...တောင်ခြေ ပြန် ဆင်းကြမယ်''

ဆိုပြီး နှစ်ယောက်သား မပြေးရုံ တစ်မည် ပြန်ဆင်းလာခဲ့ကြတဲ့အခါမှာ ကျွန်မတို့နောက်ကို လိုက်လာကြတဲ့ ခြေသံတွေ ကြားမိတယ်။ နှစ်ယောက် သား နောက်ပြန်လှည့်မကြည့်ဘဲ ဆင်း လာကြရင်းနဲ့ လက်ကျန်အမွှေးတိုင်ကို ကွန်းမှာ လှူခဲ့ပါသေးတယ်။ ရိပ်သာ အခန်းကိုရောက်တော့ နေဝင်သွားပါ ပြီ။ သမီးနှင့် ကျွန်မ နှစ်ယောက်သား စကားမပြောနိုင်ကြဘဲ မောနေခဲ့ကြပါ တယ်ရှင်။ ကျွန်မတို့နှစ်ယောက်သား ကြုံခဲ့ရတဲ့အဖြစ်ကို ဘယ်သူမှ မပြော ပြဘဲ ညနေစာစားပြီးတော့ ည ၉ နာရီ အိပ်ရာဝင်ကြပါတယ်။ အိပ်ရာ မဝင်ခင် သမီးကို ...

''ပဋ္ဌာန်းစာအုပ် ပါတယ်ဟုတ် လား သမီး။ ဘုရားဝတ်တက်လိုက် နော်။ မေမေလည်း အိပ်ရာမှာပဲ ဝတ် တက်မယ်''

မအိပ်ခင်မှာ ကျွန်မမှာပါလာတဲ့ ပြာထုပ် (ဗောဓိတစ်ထောင် ဆရာ တော်ကြီး ပေးထားသော)မှ ပြာတွေ ကို ရိပ်သာဝန်းကျင်မှာ ဖျန်းပက်ထား ပါတယ်။ ဆရာတော်ကြီးက မှာထား



www.burmeseclassic.com

www.burmeseclassic.com

လို့ ဖြစ်ပါတယ်။ ဒါပေမယ့် နံနက် ၂း၀၀ နာရီထိုးတဲ့အထိ အိပ်မပျော်ခဲ့ပါဘူး။ နံနက်စာကို ၈း၀၀ နာရီမှ စားကြပြီး ခင်ပွန်းသည်က ရထားလမ်းစစ်ဖို့ ထွက်သွားပါတယ်။ အဲသည်မှာတင် ရထားအရာရှိဇနီး မမီမီက စကားစပ်စုပါတယ်။

"အစ်မ ... ညက အိပ်လို့ရရဲ့လားဟင်"

"အိပ်ရပါတယ် မမီမီ။ ဘာဖြစ်လို့ မေးတာလဲဟင်"

"ကျွန်မ ပြောပြချင်တာရှိတယ်။ အစ်မတို့ မကြောက်ပါနဲ့လို့ စကားပလ္လင်ခံထားရမယ်"

"ပြောပါ မမီ။ ဘာအကြောင်းတွေ ရှိလို့လဲ"

"သည်ရိပ်သာမှာ လွန်ခဲ့တဲ့ ခြောက်လက စာရင်းစစ်အဖွဲ့လာတယ်၊ ည ၁၂း၀၀ နာရီလောက်မှာ အခန်းထဲက ငယ်သံပါအောင်အော်ပြီး စာရင်းစစ်အဖွဲ့ထဲက တစ်ယောက် ထွက်ပြေးလာတယ်။ ဝတ်ထားတဲ့ ပုဆိုးပါ မပါတော့ဘူး။ ကျွန်မတို့တစ်စုလုံး နိုးလာပြီး မီးစက်တွေထွန်း၊ သည်လူကို ဝိုင်းစုပြီး ဆွဲခေါ်ရတယ်။ ရေတွေလာတွေ တိုက်ပြီး ဘယ်သူမှ မအိပ်ရတော့ဘူး။ သည်လူကို ဝိုင်းစောင့်ပေးရတာ။ သူကပြောပြတယ်။ ခေါင်းတုံးဆံထောက်နဲ့ လူကြီးတစ်ယောက် သူ့လည်ပင်းကို ဖမ်းညှစ်ထားတာ လှုပ်မရတော့လို့ အတင်းရုန်းကန်ပြီး ထွက်ပြေးရတာပါတဲ့။ နောက်နေ့မှာ အားလုံးပြန်သွားကြတယ်။ နောက်ထပ် ဘယ်သူမှ မလာကြဘူး။ အစ်မတို့က ပထမဦးဆုံးပဲ။ ဘာမှမဖြစ်ဘူးနော်"

"မဖြစ်ပါဘူး မမီမီရဲ့။ ဒါပေမယ့် တစ်ခုတော့ ပြောပြချင်တယ်။ သမီးနဲ့ အစ်မ ကုန်းပေါ်တက်ပြီး ပရိတ်ရွတ်၊ အမျှဝေတော့ ခွေးတွေ မမြင်ရဘဲ အူသံတွေထွက်လာလို့ သမီးနဲ့ နှစ်ယောက် ဆင်းပြေးလာရတယ်၊ ကြက်သီးတွေလည်း တဖြန်းဖြန်း ထသွားတာပဲ။ အဲသည်ကုန်းက ဘာကုန်းလဲဟင်"

"အဲ ... အစ်မ တောင်ကုန်းပေါ်တက်မယ်ဆိုလည်း ကျွန်မကိုပြောပေါ့။ ကျွန်မတားမှာပေါ့"

"ဟင် ... ဘာဖြစ်လို့လဲ မမီ"

"အဲသည်ကုန်းက သခင်စိုးတို့ခေတ်တုန်းက အစိုးရနဲ့ တိုက်ပွဲဖြစ်ပြီး ဗကပတွေ အယောက်ခြောက်ရာ တောင် ကျဆုံးခဲ့တဲ့ကုန်း အစ်မရဲ့။ ဘယ်သူမှ မတက်ကြဘူး"

မမီရဲ့စကားဆုံးတော့ ကျွန်မနှင့် သမီးမှာ ပြိုင်တူ လန့်သွားကြပါတယ်။

"လူတွေသေခဲ့တဲ့ကုန်း ဟုတ်လား မမီ။ ဒါကြောင့်ဖြစ်မှာပေါ့။ အစ်မတို့က ဘာမှမသိဘဲ သွားတက်ကြတာကိုး။ တစ်ခုတော့ ကောင်းပါတယ်။ အမျှဝေလိုက်ရတယ်၊ အမွှေးတိုင်တွေ လှူပေးလိုက်ရတယ်။ ကုသိုလ်ရပါတယ် မမီရယ်"

"အစ်မတို့က တော်ပါသေးတယ်။ ကျမယောကျ်ားဆိုရင် အလုပ်က မောမောနဲ့ ပြန်လာ၊ အိမ်ကို ည ၁၀ နာရီ ၁၁ နာရီမှ ရောက်၊ ရောက်ရင် ထမင်းရှိတာနဲ့စားပြီး တန်းအိပ်တာ။ ခြေကုန်လက်ပန်းကျနေတော့ ရေကိုမချိုးနိုင်ဘူး။ မိုးလင်းရင် ပြောပြီ။ ညက အိပ်မရအောင် ကြပ်ကလေးတွေက သူ့ကိုယ်ပေါ်တက်လာပြီး ဆော့နေကြတာတဲ့။ တစ်ထွာလောက်ပဲ ရှိတယ်။ ကာတွန်းရုပ်ကလေးတွေလိုပဲတဲ့။ သူက မကြောက်နိုင်တော့ဘူး။ လာမရှုပ်ကြပါနဲ့၊ အေးအေးဆေးဆေး အိပ်ပါရစေဆိုပြီး ရင်ဘတ်ပေါ်ကနေ တွန်းပစ်ရတယ်တဲ့ အစ်မ။ သားရေပြားကို ကိုင်ရသလို ပျော့စိပျော့စိနဲ့တဲ့"

"ဟင် ... ဘယ်က ရောက်လာတာလဲ မမီ"

"ကျွန်မတို့အိမ်ထဲမှာ သစ်ပင်ကြီးတစ်ပင်ရှိတယ်။ ကျွန်မယောကျ်ားပြောတာက အဲသည်သစ်ပင်ပေါ်က ဆင်းလာတာတဲ့။ အဲဒါ အစ်မတို့ တတ်နိုင်ရင် မလာရအောင် ကူညီခဲ့ပါဦး"

အဲသည်မှာ ကျွန်မတို့ ၅ ရက် နေခဲ့ပါတယ်။ မပြန်ခင် ဗောဓိတစ်ထောင်ဆရာတော်ကြီး ချီးမြှင့်ထားတဲ့ ပြာတစ်ဆုပ်ကို မမီတို့အိမ်မှာ သွားဖျန်းပေးခဲ့ပြီး ပရိတ်ရွတ်ပေးခဲ့ပါတယ်။ အေးအေးဆေးဆေးနေကြဖို့လည်း မေတ္တာရပ်ခံပေးခဲ့ပါတယ်။ ကျွန်မတို့ အဲသည်စခန်းမှ ပြန်လာခဲ့ကြပြီးတဲ့နောက် ဘာသတင်းမှ ဆိုးဆိုးဝါးဝါး မကြားရတော့ပါဘူး။ မီးရထားက မမီလည်း ရန်ကုန်ပြောင်းရပြီဆိုသံ ကြားလိုက်ရပါတော့တယ်။ ပြန်တွေးကြည့်ရင် နှစ်ပေါင်း ၁၈ နှစ် ရှိခဲ့ပါပြီ ရော။

မမေ့နိုင်စရာ ယောဒေသပါပဲ ရှင် ...။

မြမျက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်ပန်းချီရေးလို့မမီ

## မောင်မင်း

ရာသီဥတုသာယာနေတဲ့နေ့တစ်နေ့မှာ ကျွန်တော်သည် ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ပြီး မြတ်စွာဘုရားဟောကြားတော်မူသော သုတ္တန်တရားတစ်ပုဒ်ကို ပြန်လည်တွေးတောစဉ်းစားနေပါသည်။ ကျောင်းက ပြန်လာတဲ့ သားမောင်စည်သူက "အဖေ၊ အမေရော"တဲ့။ "သားအမေ ဘုရားခန်းထဲမှာ တရားထိုင်နေတယ်"။ စည်သူက "အဖေ၊ သားလေ 'ကျေးဇူးကြီးလှ မိနှင့်ဖ'ဝတ္ထုတိုပြိုင်ပွဲဝင်ချင်လို့၊ အဖေသိတဲ့ မိဘကျေးဇူးအကြောင်းတစ်ခုလောက် ပြောပြပါလားအဖေ"ဟု တောင်းဆိုပါသည်။

ကျွန်တော်က -

"အေး . . သားသေသေချာချာ နားထောင်နော်။ အဖေ ပြောပြမယ်။ မိနှင့်ဖဆိုတော့ မိခင်မေတ္တာကျေးဇူးကြီးမားတာကို အရင်ပြောမယ်။ ပြီးမှ ဖခင်ကျေး ဇူးကြီးမားပုံကို ပြောမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

ဟိုးရှေးရှေးတုန်းက တရုတ်ပြည်ကြီး ထဲမှာ ဆင်းရဲသား မုဆိုးမ သားအမိနှစ် ယောက်ရှိကြတယ်။ သူ့မိခင်ကြီးက သူ့ သားလေးကို အလွန်ချစ်ရှာတယ်။ သား ကလည်း အမေရဲ့ဝေယျာဝစ္စ အိမ်မှုကိစ္စ တွေကို လုပ်ပေးတယ်။သူ့အမေကိုလည်း အလွန်ချစ်သတဲ့။ တစ်ခါမှာတော့ အဲဒီ မုဆိုးမကြီးရဲ့သားလေးဟာ လျှောက် လည်ပတ်ရင်းနဲ့ တရုတ်ပြည်ကြီးရဲ့ ဘုရင့် နန်းတော်ထဲကိုရောက်သွားတယ်။ နန်း တွင်းသူ လှပျိုဖြူတစ်ယောက်ကို တွေ့ သွားပြီး သူ့စိတ်ထဲမှာ အလွန်စွဲလမ်းချစ် ခင်သွားတယ်။ အဲဒီလှပျိုဖြူမင်းသမီးလေး ကို သူချစ်မိနေတဲ့အကြောင်း၊ ဘယ်လို ပြောရရင်ကောင်းမလဲလို့ သူစဉ်းစားရင်း အကြံထုတ်နေတယ်။ နောက်တော့ သူ့ စိတ်ကို ရဲစိတ်မွေးလိုက်ပြီး-

"မင်းသမီးလေးကို တွေ့လျှင်တွေ့ ချင်း သူ့စိတ်ထဲမှာ အလွန်ချစ်နေပါပြီ။ သူ့ကို ချစ်ခွင့်ပေးပါလို့"

ပြောလိုက်သတဲ့။ မင်းသမီးလေးက

"ကျွန်မဟာ ဘုရင့်သမီးတော်ဆို တာ ရှင်သိလား"

လို့ မေးလိုက်တော့ -

"ကျွန်တော် မသိပါဘူး။ ဒါပေမယ့် မင်းသမီးလေးကို အလွန်ချစ်နေမိတာ အမှန်ပါ"

လို့ ဆင်းရဲသားလေးက ပြောလိုက် တယ်။ မင်းသမီးလေးက-

"ကျွန်မကို တကယ်ချစ်ရင် ရှင်ဘာ ပစ္စည်းနဲ့တင်တောင်းမှာလဲ"

မေးတော့ . .

"ကျွန်တော်ဟာ ဆင်းရဲသားမုဆိုး မကြီးရဲ့သားပါ။ အဖိုးတန်ရတနာပစ္စည်း ဘာမှ မရှိပါဘူး"

လို့ ပြန်ပြောသတဲ့။

"ဒီလိုဆိုရင် ကျွန်မပြောတဲ့ပစ္စည်းနဲ့ တင်ပြီး ရှင် ကျွန်မကို တောင်းရမယ်" ဆိုတော့ -

"ဘာပစ္စည်းဆိုတာ ကျွန်တော်မှ မသိတာ"

"တခြားမဟုတ်ပါဘူး၊ ရှင့်အမေရဲ့ အသည်းနှလုံးကို ထုတ်ယူလာပြီး ကျွန်မ ကို ပေးမယ်ဆိုရင် ကျွန်မရှင့်အချစ်ကို လက်ခံမယ်"

လို့ မင်းသမီးလေးက ပြောလိုက် တယ်။

"ကျွန်တော် ကြိုးစားကြည့်ပါ့မယ်"

လို့ ပြောခဲ့ပြီး ဆင်းရဲသားလေးဟာ သူ့အိမ်ကို ပြန်လာခဲ့တယ်။ အိမ်ရောက် တော့ မင်းသမီးလေးတောင်းတဲ့ သူ့အမေ ရဲ့အသည်းနှလုံးကိုထုတ်ယူဖို့ဆိုရင် အမေ့ ကို သတ်ပြီးမှ ထုတ်လို့ရမှာ၊ ငါအမေ့ကို မသတ်ရက်ပါဘူးလို့ တွေးပြီး စိတ်ဆင်းရဲ နေရှာတယ်။ မင်းသမီးလေးကိုလည်း သူ က အလွန်ချစ်နေတာမို့ အမေ့အသည်း နှလုံးကို ဘယ်လိုနည်းနဲ့ ရအောင်ယူရမ လဲလို့တွေးပြီး မစားနိုင်၊ မအိပ်နိုင်ဖြစ်နေ တာပေါ့။ အမေကြီးကလည်း သူ့သား လေး ခါတိုင်းနဲ့မတူ မှိုင်ငေးပြီးအစား လည်း ကောင်းကောင်းမစား၊ ညမှာလည်း ကောင်းကောင်းမအိပ်တာကို တွေ့နေ တော့ -

"သားဘာဖြစ်နေတာလဲ။ မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင် တတွေတွေဖြစ်နေ တာ အမေသိတယ်။ ဘာဖြစ်တာလဲဆို တာ အမေ့ကို ပြောစမ်းလို့"

သူ့သားကို ချော့ပြီးမေးတယ်။

"ဘာမှ မဖြစ်ပါဘူးအမေရယ်"

လို့ပဲ ပြန်ဖြေတယ်။

"သားမျက်နှာကို အမေက အမြဲ တမ်း ကြည့်နေတာသား၊ တစ်ခုခုတော့ သားမှာ စိတ်ဆင်းရဲစရာရှိနေတယ်ဆို တာ အမေသိတယ်။ အမေ့ကို ချစ်ရင် အမှန်အတိုင်းသာ ပြောပါသားရယ်"

လို့ မိခင်ကြီးက ပြောလိုက်တယ်။ ဒီတော့မှ သားလေးက သူ နန်းတော်ထဲ ကို ရောက်သွားပြီး လှပျိုဖြူမင်းသမီးလေး ကို တွေ့လို့ ချစ်မိတဲ့အကြောင်း၊ အဲဒီ မင်းသမီးလေးဟာ ဘုရင့်သမီးတော်လို့ သိရသဖြင့် သူ့ကိုဘယ်လို အဖိုးတန် ပစ္စည်းနဲ့တင်တောင်းမှာလဲလို့ မေးတဲ့ အကြောင်း၊ ဆင်းရဲသားမုဆိုးမကြီးရဲ့ သားမို့ အဖိုးတန်ရတနာပစ္စည်းဘာမှ မရှိ ဘူးလို့ ပြောခဲ့တယ်အမေရဲ့လို့ သူ့သားက သူ့အမေကို ပြောပြသတဲ့။

"အဲဒီတော့ . . မင်းသမီးလေးက နောက်ထပ်ဘာပြောသေးလဲသား"

အမေကြီးက မေးပြန်တယ်။

"မင်းသမီးလေးလိုချင်တဲ့ ပစ္စည်းကို သားမပြောရက်ပါဘူးအမေ"

"ပြောသာ ပြောပါသားရယ်၊ အမေ သိချင်တယ်"

ဆိုတော့မှ -

"မင်းသမီးလေးတောင်းတာက အမေ့ဝမ်းထဲက အသည်းနှလုံးကို ထုတ် ယူလာပြီး သူ့ကိုပေးမှ သားကို သူချစ်နိုင် မယ်တဲ့အမေ"

"ဒါလေးများ သားရယ်၊ အမေပေး မှာပေါ့"

လို့ အမေကြီးဟာ ပြောပြောဆိုဆိုနဲ့ မီးဖိုချောင်ထဲဝင်သွားပြီး သားလှီးဓားကို ယူလာခဲ့တယ်။

သူ့ ဝမ်းဗိုက်ကို အဲဒီဓားနဲ့ ရင်ညွန့် ကနေ ထိုးခွဲချလိုက်တယ်။ သူ့ အသည်း

www.burmeseclassic.com

www.burmeseclassic.com

နှလုံးကို အဲဒီဓားနဲ့ ဖြတ်လိုက်ပြီး -

"ကဲ- ရှေ့သား၊ မင်းသမီးလေးဆီ မြန်မြန်သွားပေးချေတော့"

လို့ ပြောပြီး လဲကျသွားတယ်။ သူ့သားကလည်း သူ့အမေပေးတဲ့ အသည်းနှလုံးအတွဲကို လက်နဲ့ဆွဲပြီးနန်းတော်ဆီကို အပြေးသွားတော့တာပေါ့။ လမ်းမှာ ခလုတ်တိုက်ပြီး မှောက်လျက်လဲသွားတယ်။ ပြန်ပြီးထတဲ့အခါမှာ သူ့အမေ အသည်းနှလုံးက -

"သား . . လူလေး . . ဘယ်များ နာသွားသေးလဲ" ဟု မေးသတဲ့။

မိခင်တစ်ယောက်ရဲ့ မေတ္တာကျေးဇူး ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ ဒီ ဝတ္ထုလေးက အထင်ကရပဲသားလို့ ကျွန်တော်ပြောပြတာကို နားထောင်နေတဲ့ သားစည်သူရဲ့ မျက်ဝန်းထဲမှာ မျက်ရည်ဥ နေတာကို တွေ့လိုက်ရပါတယ်။

ကျေးဇူးကြီးမားတဲ့ မိခင်မေတ္တာ အကြောင်းကြားပြီးတော့ ကျေးဇူးကြီးမားလှတဲ့ စံပြဖခင်ကြီးအကြောင်းဆက်ပြောမယ်သား၊ သေသေချာချာ နားထောင်နော်။

ဂေါတမမြတ်စွာဘုရားကို ရှေးဦးစွာ ကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းတဲ့ ဘုရားကျောင်းဒကာကြီး ဗိမ္ဗိသာရဘုရင်ကြီးဆိုတာ ရှိခဲ့တယ်။ သူ့မိဖုရားခေါင် ကြီး အမည်က ဝေဒေဟီတဲ့။ မိဖုရားကြီးမှာ ပဋိသန္ဓေ(ကိုယ်ဝန်)ရှိလာတယ်။ အဲဒီ အခါမှာ မိဖုရားကြီးဟာ ဘုရင်ကြီးရဲ့ လက်မောင်းသွေးကို ဖောက်ပြီး သောက်ချင်တဲ့ "ချင်ခြင်း"စိတ် ဖြစ်ပေါ်နေတယ်။

ဘုရင်ဆိုတာ အဲဒီခေတ်က သက်ဦးဆံပိုင်အာဏာရှိတဲ့ ခေတ်နော်။ ဘုရင့်လက်မောင်းသွေးကို ဖောက်သောက်ချင်တဲ့ ကိစ္စကို ဘယ်သူပြောဝံ့ပါ့မလဲ။ ဒီလိုနဲ့ မိဖုရားကြီးဟာ မစားနိုင်၊ မသောက်နိုင် တမှိုင်မှိုင် တတွေတွေဖြစ်နေရှာတယ်။ ဗိမ္ဗိသာရဘုရင်ကြီးကလည်း သူ့မိဖုရားကြီး ဖြစ်နေပုံကို သတိထားမိတော့ . .

"မိဖုရားကြီး အအိပ်ပျက်၊ အစားပျက်နဲ့ ဘာများအလိုမကျ ဖြစ်နေသလဲ"

လို့ မေးတယ်။ ကိုယ်ဝန်ဆောင်ထားရတာကြောင့် မအီမသာဖြစ်နေတာပါ။ ဘာမှ မဖြစ်ပါဘူး မောင်တော်လို့သာ ဖြေတယ်။ အမှန်ကို မပြောဝံ့ဘူး။ ဘုရင်ကြီးက မဟုတ်သေးပါဘူး မိဖုရားကြီး ဘာဖြစ်နေတယ်ဆိုတာကို မှန်ရာသံတော်ဦးတင်စမ်းလို့ မိန့်တော်မူတယ်။ ဒီတော့မှ မိဖုရားကြီးက -

"မောင်တော့် လက်မောင်းသွေးကို သောက်ချင်တဲ့ ချင်ခြင်းစိတ်ဖြစ်နေပါတယ်ဘုရား"

လို့ အမှန်အတိုင်း ပြောလိုက်တယ်။ ဘုရင်ကြီးက ပေးစမ်း၊ သောက်တော်ရွှေဖလားလို့ တောင်းလိုက်ပြီး လက်ထဲက သန်လျက်နဲ့ သူ့ညာလက်မောင်းကို ဖောက်လိုက်ပြီး ကျလာတဲ့သွေးကို ရွှေဖလားနဲ့ခံပြီးတော့ ရော့-သောက်တော့ မိဖုရားကြီးဆိုပြီး ပေးလိုက်တယ်။ မိဖုရားကြီးကလည်း တစ်ခါတည်း မော့သောက်လိုက်တယ်။

မိဖုရားကြီးစိတ်ထဲမှာ ဒီလိုချင်ခြင်း ဖြစ်တဲ့ ကိစ္စကို ပုဏ္ဏားပပညာရှိတွေက -

"အဖကိုသတ်မည့်သားကို ပဋိသန္ဓေတည်နေတာပါဘုရား"

လို့ လျှောက်တင်ကြတဲ့အခါမှာ ဘုရင်ဗိမ္ဗိသာရက-

"ဒီသန္ဓေသား ကိုယ်ဝန်ကို မပျက်စီးအောင် စောင့်ရှောက်ကြစေ"

လို့ မင်းမိန့်ချထားလိုက်တယ်။ မွေးချိန်ရောက်တော့ သားယောက်ျားလေး မွေးတယ်။ ဗိမ္ဗိသာရမင်းကြီးဟာ ငါ့ထီးနန်းအမွေကို ဆက်ခံမည့်သားတော်ရလာပြီးဆိုပြီး အလွန်ဝမ်းသာပီတိဖြစ်တယ်။ သားရဲ့အမည်ကိုတော့ "အဇာတသတ်" လို့ပေးလိုက်တယ်။ သားတော် အရွယ်ရောက်သည့်တိုင်အောင် အလွန်ဂရုစိုက်စောင့်ရှောက်တော်မူတယ်။ အရွယ် ရောက်တဲ့တစ်ဆယ့်ရှစ်နှစ်ရောက်တော့ အိမ်ရှေ့မင်းသားအရာကိုပေးတယ်။ အဲဒီအချိန်မှာ အဇာတသတ်မင်းဟာ ဘုရားကိုသတ်မည့် ဒေဝဒတ်ရဟန်းနှင့် တွေ့သွားတယ်။ ဒေဝဒတ်က တန်ခိုးအဘိညာဉ်နဲ့ မြွေယောင်ဆောင်ပြတာကို အဇာတသတ်မင်းသားက အထင်ကြီးပြီး ဆရာတင် ကိုးကွယ်တော့တာပေါ့။ ဒီတော့မှ ဒေဝဒတ်က -

"ငါက ရှင်ကြီးဂေါတမကိုသတ်ပြီး ဘုရားလုပ်မယ်။ သင်မင်းသားက သင့်ခမည်းတော် ဗိမ္ဗိသာရမင်းကိုသတ်ပြီး ဘုရင်လုပ်"

ဆိုပြီး အဇာတသတ်မင်းသားကို ခိုင်းတော့တာပဲ။ အဇာတသတ်ကလည်း တစ်နေ့မှာ သူ့ဖခင်ဘုရင်ဗိမ္ဗိသာရကို သတ်ဖို့ အကြံနဲ့ သူ့ပေါင်မှာ ဓားမြှောင်ကို ဝှက်ပြီး ခမည်းတော်ဘုရင်ကြီးအိပ်ဆောင်ထဲကို ဝင်တယ်။ သက်တော်စောင့်အမတ်ကြီးတွေက အဇာတသတ်မင်သားကို ဖမ်းပြီး ရှာဖွေကြတယ်။ သူ့ပေါင်မှာ ဝှက်ပြီးချည်လာတဲ့ ဓားမြှောင်ကိုတွေ့တော့ ဖမ်းပြီး ဘုရင်ကြီးဆီခေါ်သွားကာ အကျိုးအကြောင်းလျှောက်တင်ကြတာပေါ့။ ဗိမ္ဗိသာရဘုရင်ကြီးက သူ့သားတော်ကို ဘာအကြံနဲ့ ဒီလိုလုပ်တာလဲမေးတော့ -



www.burmeseclassic.com

www.burmeseclassic.com

"ခမည်းတော်ကိုသတ်ပြီး ရှင် ဘုရင် လုပ်ချင်လို့ပါဘုရား"တဲ့။

အဇာတသတ်က အမှန်အတိုင်းဖြေတယ်။ ဒီအခါမှာ ဗိမ္ဗိသာရဘုရင်ကြီးက

"ဘုရင်လုပ်ချင်တာများ ခမည်းတော်ကို သတ်ဖို့မလိုပါဘူးသားရယ်၊ ကဲ- ကဲ - အခုအချိန်ကစပြီး ဒီနန်းတော်ကြီးဟာ သားရဲ့နန်းတော်ကြီးပေါ့။ သားက ဘုရင်ကြီးဖြစ်သွားပြီပေါ့။ မင်းကြီးများ ငါ ထီးနန်းကို စွန့်လိုက်ပြီ။ ငါ့သားတော်ကို ဘုရင်အဖြစ် ဘိသိက်သွန်းပေးကြတော့"

လို့ တစ်ခါတည်း မိန့်တော်မူပြီး ထီးနန်းကို အပ်နှင်းလိုက်ပါတယ်။ အဇာတသတ်မင်းသား ဘုရင်ကြီးဖြစ်သွားပြီး နောက် ဒေဝဒတ်ရဟန်းက သင့်ခမည်းတော်ကို ဒီတိုင်းထားရင်စိတ်မချရသေးဘူး။ သင့်ခမည်းတော်ကို ထောင်သွင်းအကျဉ်းထား သေအောင်သတ်ဖို့ ထပ်ပြီး ခိုင်းပြန်တယ်။ အဇာတာသတ်ကလည်း သူ့ဆရာဒေဝဒတ်ခိုင်းတဲ့အတိုင်း ဗိမ္ဗိသာရမင်းကြီးကို ထောင်သွင်းအကျဉ်းထားလိုက်တယ်။ အသက်သေအောင် အစာရေစာမပေးရလို့ အမိန့်ချကာ အစာရေစာဖြတ်ထားလိုက်တယ်။ ဒီလိုလုပ်တဲ့သား အပေါ်မှာ ဖခင်ဗိမ္ဗိသာရမင်းကြီးက အမျက်ဒေါသလုံးလုံးမထွက်ဘူး။ တစ်နေ့မှာ ငါ့သားတော်ဟာ စိတ်ကောင်းဝင်ကာ ပြန်လွှတ်မှာပဲလို့ သဘောထားပြီး တရားဘာဝနာပွားရင်းစင်္ကြံလျှောက်နေတယ်။ တရားတော်ရဲ့အကျိုးကြောင့် မသေဘူး။အဇာတသတ်က ဒီအကြောင်း သိပြန်တော့ ခြေဖဝါးဓားနဲ့ ခွဲ၊ ဆားနဲ့သိပ်၊ မီးကျီးခဲနဲ့ ကင်လို့ ခိုင်းပြန်တယ်။ အာဏာသားတွေကလည်း သူတို့ဘုရင်အဇာတသတ်ခိုင်းတဲ့အတိုင်း ဗိမ္ဗိသာရမင်းကြီးရဲ့ ခြေဖဝါးကို ဓားနဲ့ခွဲ၊ ဆားနဲ့သိပ်၊ မီးကျီးခဲတွေမှာ ကင်ကြတာကို ခံနေရရှာတဲ့ ဗိမ္ဗိသာရမင်းကြီးဟာ အဲဒီအချိန်ထိ သူ့သားအပေါ်မှာ ဒေါသမထွက်ဘူး။ မေတ္တာသာ ပွားနေရှာတယ်။

အဲဒီအချိန်မှာပဲ အဇာတသတ်မင်းသားရဲ့ မိဖုရားက သားတော်လေးဖွားမြင်လာတဲ့သတင်း၊ သူကြားလျှင် ကြားချင်း သူ့စိတ်ထဲမှာ ဝမ်းသာပီတိဖြစ်ပုံက ရိုးတွင်း ခြင်ဆီထိအောင် စိမ့်ဝင်သွားပြီး အသည်းနှလုံးတွေ ဆတ်ဆတ်တုန်တဲ့ အထိ ဝမ်းသာပီတိဂွမ်းဆီထိဖြစ်တော့တာပေါ့။ သူသတိရပြီ။ ခမည်းတော်ဟာ သူ့ကို မယ်တော်ကြီးက မွေးတုန်းကလည်း သူ့ယခုဖြစ်သလိုဖြစ်မှာပဲ။ ချစ်ရှာမှာပဲဆိုတဲ့ စိတ်၊ သူ့နှလုံးသားမှာ ဖြစ်ပေါ်လာတယ်။ သူ့မယ်တော်ဝေဒေဟီမိဖုရားကြီးဆီအပြေးသွားပြီးတော့ သူ့သားတော်လေးမွေးလို့ သူ့မှာ ဝမ်းသာပီတိဖြစ်ပုံတွေကို ပြောပြပြီးတော့ -

"မယ်တော်ဘုရား၊ ခမည်းတော်ဟာ သားတော်ကို ဒီလိုပဲ ချစ်ခဲ့သလား"

ဟု မေးတဲ့အခါ မယ်တော်ကြီးက

"သားလူမမယ်ငယ်ငယ်တုန်းက သားရဲ့လက်ညှိုးမှာ ခူနာပေါက်တယ်။ အနာက ပြည်တည်ပြီး ကိုက်နေလို့ မအိပ်နိုင်အောင် ငိုနေတယ်။ သားခမည်းတော်ကြီးဟာ သားကို သူ့ရင်ခွင်ထဲမှာ ထွေးပိုက်ထားကာ သားရဲ့လက်ညှိုးကို ခမည်းတော်ရဲ့ အာခံတွင်းထဲမှာ ငုံထားပြီး အာငွေ့ပေးထားတယ်။ ဒီတော့မှ သားအိပ်ပျော်သွားတယ်။ အဲဒီအချိန်မှာ သားရဲ့လက်ညှိုးခူနာက ပြည်ပေါက်သွားတာကို ထွေးထုတ်လိုက်ရင် သားနိုးသွားမှာစိုးလို့ သူ့ခံတွင်းထဲမျိုချလိုက်တယ်သား"

ဒီတော့မှ သားလူမိုက်ကြီး အဇာတသတ်ဘုရင်ဟာ နောင်တရသွားပြီး -

"ခမည်းတော်ကြီးကို အကျဉ်းက လွှတ်စေ"

တဲ့။ အမိန့်ချတယ်။

"နောက်ကျသွားပြီသား၊ ဗိမ္ဗိသာရမင်းကြီးဟာ ကံတော်ကုန် နတ်ရွာစံသွားရှာပြီ"

ဒီအဖြစ်တွေဟာ စာရေးဆရာက ရသမြောက်အောင်ဖန်တီးရေးထားတဲ့ ဝတ္ထုတွေ မဟုတ်ဘူးသား။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်အခါက တကယ့်အဖြစ်အပျက်တွေပဲသား။

ဆင်းရဲသားမုဆိုးမကြီးဟာလည်း တရုတ်ပြည်ကြီးမှာ တကယ်ဖြစ်ခဲ့တဲ့ သမိုင်းဝင်ဖြစ်ရပ်ကြီးပဲတဲ့။ မုဆိုးမမိခင်ကြီးနဲ့ ဗိမ္ဗိသာရဘုရင်ဖခင်ကြီးတို့နှစ်ယောက်စလုံးဟာ သူတို့သားအတွက် အသက်ပေးပြီး ချစ်သွားကြတဲ့ မေတ္တာဟာ ဘယ်လောက်ကြီးမားသလဲ၊ သားတွေးကြည့်စမ်း၊ အဖေ့တစ်သက်မှာ ဒီထက် ပြောင်မြောက်တဲ့ မိခင်၊ ဖခင် ကျေးဇူးကြီးမားတဲ့ ဝတ္ထု မတွေ့ဖူးသေးဘူး"

ကျွန်တော့်စကားလည်းဆုံးရော သားစည်သူဟာ ရှိုက်ကြီးတငင်ငိုပါလေရော။

သတ္တဝါတွေ မိဘကျေးဇူးသိတတ်ကြပါစေ။

မောင်မင်း



www.burmeseclassic.com

www.burmeseclassic.com

# ချမ်းသာလိုသူများသို့ (သီးသန့်)

အမ်ဒီန်းဂျာ(အောင်သပြေ)

အောက်မှာ ဖော်ပြထားတဲ့ စာတန်းပါ စာရွက်ကို ပလတ်စတစ်လောင်းပြီး၊ နေအိမ်ခြံဝရှေ့၊ လုပ်ငန်းရုံးခန်းရှေ့၊ မိမိတို့နေထိုင်တဲ့ တိုက်ခန်းရှေ့၊ လှေကားထိပ် စတဲ့ နေရာတွေမှာ ကပ်ထား၊ ချိတ်ထားတာ နေရာအတော်များများမှာ မြင်တွေ့နေရကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**"အလှူခံခြင်း သည်းခံပါ"**

မြန်မာတို့ရဲ့ ယဉ်ကျေးပြီးသား လူ့အဖွဲ့အစည်းတစ်ခု (Civilize Homan Society in Myanmar) အနေနဲ့ ဆိုရင်တော့ အရုပ်ဆိုးအကျည်းတန်တဲ့ စာတန်းလို့ ယူဆမယ်ဆိုရင်လည်း မှားမယ်လို့ မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် လူတွေကို အမြင့်ရောက်အောင် အမြင့်ရောက်အောင် တွန်းပို့ပေးနိုင်တဲ့ အချက်အလက်များစွာ ရှိတဲ့အထဲမှာ အရေးအကြီးဆုံးတစ်ခုဟာ 'အလှူဒါန'ကို ဝမ်းမြောက်ဝမ်းသာ ပြုလုပ်ဆောင်ရွက်တတ်ခြင်း ဖြစ်နေလို့ပါပဲ။

ခုလက်ရှိအချိန်မှာ 'သင်'ဟာ ချမ်းသာပြည့်စုံနေတယ်ဆိုရင် သင်ကိုယ်တိုင် 'အလှူဒါန'အရာမှာ စိတ်ပါဝင်စားမှုမရှိရင်တောင်မှ သင့်ဘိုးဘွားမိဘတွေက 'အလှူဒါန'မှာ ရဲရင့်ခဲ့ကြသူတွေ ဖြစ်ခဲ့ကြမှာ မလွဲနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ 'လှူဒါန်းပေးကမ်းမှု' မပြုခဲ့တဲ့ ဘယ်လိုလူကမှ 'ပြည့်စုံချမ်းသာ'တဲ့ဘဝမှာလည်း ရောက်ရှိနေမှာ မဟုတ်လို့ပါ။

ရှေးတုန်းကဆိုရင် လူသူတော်ကောင်းတွေဟာ မနက်မိုးလင်းတာနဲ့ မိမိတို့ ခြံတံခါးဝရှေ့မှာ ရောက်လာမယ့် အလှူခံဧည့်သည်တွေကို မျှော်နေတတ်ကြတယ်လို့ ကြားဖူးနားဝ မှတ်သားရပါတယ်။ ဒါကြောင့်လည်း ဟိုးရှေးရှေးတုန်းက သူဌေး၊ သူကြွယ်တွေဟာ လက်ရှိဘီလျံနာ(ဘီလ်ဂိတ်)တို့ထက် အောက်မကျခဲ့ကြတာ ဖြစ်မှာပါ။ ရွှေတွေ၊ ငွေတွေကို လှည်းအစီးပေါင်းများစွာနဲ့ တိုက်ယူရလောက်အောင် ကြွယ်ဝဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူးလေ။

ရွှေငွေပစ္စည်းဥစ္စာ တောင့်တင်းဖို့ဆိုတာ မိမိရဲ့ ကြိုးစားအားထုတ်မှု တစ်ခုတည်းနဲ့ ဘယ်သူမှ မရနိုင်ပါဘူး။ လူတိုင်းနီးပါး အစွမ်းကုန်ကြိုးစားနေကြပေမယ့် အမှန်တကယ်ပြည့်စုံချမ်းသာနေသူတွေဟာ လူနည်းစုပဲ မဟုတ်လား။ အလှူဒါနမပါဘဲ ဘယ်သူတစ်ဦးတစ်ယောက်မှ ပြည့်စုံချမ်းသာမှုကို မရနိုင်တာ နိယာမတရားတစ်ခုပါ။ ဘုရားပြီးလျှင် 'ငွေ'ဟာ ဒုတိယတန်ခိုးရှင် (Money is Second God) ဖြစ်တယ်ဆိုတာ လူတိုင်းလက်ခံထားတာပဲ။ ငွေရလိုသူဟာ အရင်ဦးဆုံး ငွေကို ငွေနဲ့ပဲ ချူရမှာ ဖြစ်ပါတယ်။ ဒါဟာ ၁ နဲ့ ၁ ပေါင်းရင် ၂ ရတဲ့ ပုံသေနည်းနဲ့ တူပါတယ်။

ကြည့်ရှုလို့ မဆုံးနိုင်အောင် ကြီးမားကျယ်ပြန့်လှတဲ့ လယ်ကွင်းပြင်က စပါးခင်းဝင်းဝင်းဝါဝါကြီးတွေ ဖြစ်လာဖို့ အရင်ဦးဆုံး ကောင်းမွန်တဲ့ စပါးမျိုးစေ့တွေကို လက်ထဲကနေ လွှတ်ချကြဲဖြန့်ပစ်ရတာမျိုးနဲ့လည်း တူပါတယ်။ ငွေမလိုတဲ့သူ မရှိပါဘူး။ ငွေလိုတဲ့သူတိုင်းဟာ ကောင်းမွန်တဲ့အလုပ်နဲ့ သန့်ရှင်းစွာ ရရှိထားတဲ့ မိမိလက်ထဲက ငွေနဲ့ပဲ အရင်ဦးဆုံး 'ချူ'ယူရမှာ ဖြစ်ပါတယ်။ ရေကောင်းရေသန့်လိုချင်ရင် ညစ်ပတ်တဲ့ရေနဲ့ ချူလို့မရသလိုမျိုး ဖြစ်ပါတယ်။

ငွေကိုငွေနဲ့ ချူတာဟာ ငွေပြန်ရဖို့ ငွေကို လှူပစ်ရတဲ့သဘောပါပဲ။ 'ငွေကိုချူချင်တယ်'ဆိုရင် အရင်ဦးဆုံး 'ငွေကို လှူရမှာ'ဖြစ်ပါတယ်။ ငွေကိုလှူတဲ့နေရာမှာလည်း စိတ်ကောင်း၊ စေတနာ၊ မေတ္တာသာ အဓိကကျပါတယ်။ ငွေရဲ့ ပမာဏက အဓိကမကျပါဘူး။ မိမိက တတ်နိုင်ရင်တော့ များများလှူရင် များများပြန်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် များများမတတ်နိုင်သူအဖို့ဆိုရင် စိတ်ရင်းစေတနာက ပိုပြီး အဓိကကျပါတယ်။

မိမိအိတ်ထဲမှာ ငွေတစ်သိန်းပါလာတာကို ဒုက္ခိတ၊ သက်ကြီးရွယ်အို တောင်းရမ်းနေသူတွေရဲ့ တစာစာအော်ဟစ်တောင်းခံသံ ကြားနေပါလျက်နဲ့ ငွေကျပ် ၁၀၀ လောက်ကိုပဲ နှမြောစိတ်နဲ့ ပေးလှူရတာမျိုးကိုတော့ ကောင်းကင်က အသိအမှတ်ပြုပေးဖို့ ခဲယဉ်းနေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် လက်ထဲမှာ ငွေလေး ၅၀၀ ကျပ်လောက်ပဲ ပါလာပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

လိုအပ်နေသူအတွက် ငွေ ၂၀၀၊ ၃၀၀ မျိုးကို နှမြောစိတ်မရှိဘဲ ကောင်းမွန်တဲ့စိတ်ရင်းနဲ့ ပေးလှူသူဆိုရင်တော့ ကောင်းကင်က မုချအသိအမှတ်ပြုတာ ခံရမှာ မလွဲပါဘူး။

လူဆိုတာ ဘဝက်ပေးအကြောင်းတရား မတူညီကြလို့ ခုဘဝမှာ တောင်းရမ်းစားသောက်နေရသူတွေကို ဘယ်လိုအကြောင်းကြောင့်မှ ပြက်ရယ်ပြု မထီမဲ့မြင်ပြုလို့ မရပါဘူး။ တောင်းရမ်းသူဆိုတာ ဘယ်ရွှေဘယ်မျှတော့ဖြင့် ပေးခဲ့ပါဦးလို့ ဆိုပိုင်ခွင့်မရှိသူတွေလည်း ဖြစ်ပါတယ်။

နောက်တစ်ခုက အလှူခံပုဂ္ဂိုလ် တကယ်စစ်မှန်ရင် သူ့ကိုယ်ကျိုးအတွက်မဟုတ်ဘဲ သာသနာရေး၊ လူမှုရေး အဖွဲ့အစည်း စတာတွေကို ကိုယ်စားပြုကြရတာဖြစ်လို့ မေမြန်းစစ်ကြောကြည့်ပြီး ကိုယ်ကျိုးအတွက် မဟုတ်တာသေချာရင် မငြင်းသင့်ဘူးလို့ထင်ပါတယ်။ ဘယ်အလှူခံကမှ တစ်သောင်း၊ တစ်သိန်းတော့ ထည့်ခဲ့ပါလို့ တောင်းဆိုတာမျိုးလည်း မရှိပါဘူး။ မိမိစိတ်စေတနာအလျောက်ပဲ လှူဒါန်းရတာ ဖြစ်ပါတယ်။ အလှူခံလို့ ရရှိလိုက်သူရဲ့ ပီတိနဲ့ ဆုပေးသံဟာ ထည့်ဝင်လှူဒါန်းသူအတွက် တန်ဖိုးဖြတ်လို့ မရပါဘူး။

မိမိရှေ့ကို အလှူခံပုဂ္ဂိုလ်တစ်ယောက် လာရောက်အလှူခံတာဟာ မိမိရဲ့ လောလောလတ်လတ် နိမ့်ပါးနေတဲ့ ကံကို မြှင့်တင်ပေးဖို့ မြင့်မြတ်တဲ့ဘုံက ပုဂ္ဂိုလ်တွေ စေလွှတ်လိုက်တာပဲဆိုပြီး ရှေးက သူတော်ကောင်းတွေက မှတ်ယူလေ့ရှိတယ်လို့ ဆိုပါတယ်။

'မလှူဘဲ ဘယ်သူမှ မချမ်းသာနိုင်'တဲ့အတွက် 'ချမ်းသာချင်ရင် လှူကိုလှူရမှာ'ဖြစ်ပါတယ်။ လှူတယ်ဆိုရာမှာလည်း ငွေတစ်ခုတည်းကို ဆိုလိုတာ မဟုတ်ပါဘူး။ လှူစရာ ဘာမှမရှိလျှင် မိမိရဲ့လုပ်အားကို လှူတာလည်း အလှူဒါနတစ်ခုပါပဲ။

ဖားကန့်ဒေသ၊ ဆိပ်မူကျေးရွာမှာ လူငယ်တစ်ယောက်ဟာ မြက်ရိုင်းတွေနဲ့ တောထနေတဲ့ ဘုရားကျောင်းဝင်းကို တစ်ယောက်တည်း ဒိုင်ခံ လက်ဖဝါးသွေးချင်းချင်းနီလို့ ပတ်တီးစည်းပြီး လချီရှင်းလိုက်ပါတယ်။ ၅ ဧက ကျယ်တဲ့ ကျောင်းဝင်းပါ။ ကျောက်စိမ်းနယ်မြေဆိုတော့ ဘယ်သူမှ အချိန်ပေးပြီး မြက်မရှင်းချင်သလို မြက်ရှင်းခကလည်း ၄-၅ သောင်းဆိုတော့ ဆရာတော်တွေလည်း လက်မှိုင်ချထားတာ ဖြစ်ပါတယ်။ အဲဒီလူငယ်ဟာ လုပ်အားအလှူနဲ့ မြက်ရှင်းလိုက်ပြီးမှ ၅ လအကြာမှာ သိန်းထောင်ချီတန်တဲ့ ကျောက်စိမ်းအရိုင်းတုံး(ရေမဆေးကျောက်)တစ်လုံးကို ၈၀၀/-တည်းနဲ့ဝယ်မိပြီး ဖြတ်အောင်သွားတာ သစ္စာစကားပါ။

ဒီအဖြစ်အပျက်ဟာ 'အလှူ'ဆိုလိုက်တာနဲ့ ငွေတစ်ခုတည်းကို ဆိုလိုတာမဟုတ်ဘူးဆိုတာ ထင်ရှားတဲ့ သာဓကပါပဲ။

ဒီလိုပဲ ဟိုးလွန်ခဲ့တဲ့ နှစ် ၂၀ ကျော်က ရန်ကုန်မြို့ကိုပထမဦးဆုံးအကြိမ် အပူဇော်ခံခဲ့ပြီး ကမ္ဘာအေးကုန်းမြေမှာ အများပြည်သူ ဖူးမြော်နိုင်ဖို့ ပင့်ဆောင်ခဲ့တဲ့ စွယ်တော်မြတ်ကို နေ့စဉ်နဲ့အမျှ ဘုရားဖူးသူတော်စင်တွေဟာ အလွန်များပြားခဲ့ပါတယ်။ အငှားယာဉ်မောင်းတစ်ယောက်ဟာ ကမ္ဘာအေးက စွယ်တော်ဖူးဖို့ လာငှားတဲ့ ဘယ်ခရီးသည်ဖြစ်ဖြစ် နေ့စဉ်ယာဉ်ငှားခမယူဘဲ ပို့မယ်လို့ ဆုံးဖြတ်ပြီး မပျက်မကွက်ပို့ဆောင်ပေးခဲ့တာ နောက်ဆုံးညမှာ အိမ်ပြန်ခါနီး သူ့ကားရှေ့လာရပ်တဲ့ ထီလှည်းပေါ်က ထီထိုးလိုက်တာ ၂၅ သိန်းထီပေါက်သွားတယ်ဆိုပြီး အဲဒီတုန်းက ထုတ်ဝေတဲ့ ဂျာနယ်တစ်စောင်မှာ ဖတ်ရခဲ့ဖူးတယ်။ အဲဒီတုန်းက ရွှေတစ်ကျပ်သားတစ်သောင်းလောက်ပဲရှိတော့ ခုချိန်နဲ့တွက်ရင် သိန်းထောင်ပိုင်းထီဆုပေါက်တာနဲ့ တူပါတယ်။ ခုချိန်မှာ ရွှေတစ်ကျပ်သား ၈ သိန်းဖြစ်နေတာကိုး။ ဒါဟာ လှူဒါန်းလိုတဲ့ သူ့ရဲ့ စိတ်စေတနာရဲ့ ရောင်ပြန်ဟပ်မှုဆိုတာ အလွယ်တကူ သိနိုင်ပါတယ်။

"အလှူခံကြွပါ"လို့ ရေးထားဖို့မလိုသလို "အလှူခံခြင်း သည်းခံပါ"ဆိုတဲ့ စာတန်းလည်း မလိုအပ်ဘူးလို့ မြင်ပါတယ်။ လှူတယ်ဆိုတာ အပေါ်ယံကြည့်မယ်ဆိုရင် မိမိမှာရှိတဲ့ ငွေကြေး၊ ပစ္စည်း တစ်ခုခုလျော့သွားတာဖြစ်ပေမယ့် လှူဒါန်းခြင်းဆိုတာ သစ်စေ့တစ်စေ့ကို မြေကြီးထဲ လွှတ်ချစိုက်ပျိုးလိုက်တာနဲ့ တူတဲ့အတွက် အပင်ပြန်ပေါက်လာတဲ့တစ်နေ့ ဆွတ်ခူးမကုန်နိုင်တဲ့ သစ်သီးပေါင်းရာထောင်ချီ ပြန်ရမှာ ဖြစ်ပါတယ်။

လက်ထဲဆုပ်ကိုင်ထားသရွေ့တော့ ဘယ်နည်းနဲ့မှ တိုးပွားလာမှာ မဟုတ်တာ သေချာပါတယ်။ အမှန်တကယ် တိုးပွားစေချင်တယ်၊ များပြားလာစေချင်တယ်ဆိုရင် လက်ထဲမှာ ဆုပ်ကိုင်မထားဘဲ မဖြစ်မနေ လွှတ်ချရမှာဖြစ်တဲ့အတွက် ချမ်းသာကြွယ်ဝမှုကို အမှန်တကယ် ရရှိပိုင်ဆိုင်ချင်တယ်ဆိုရင် 'လှူလို့တော့မမွဲ' 'မလှူမှသာမွဲ'ဆိုတဲ့ စကားအတိုင်း "အလှူခံခြင်းသည်းခံပါ"ဆိုတဲ့ စာတန်းကို ကပ်ထားဖို့ လိုမလဲ ဆိုတာကိုတော့ . . . ။

အမ်ဒီန်းဂျာ(အောင်သ

www.burmeseclassic.com

# မယုံလျှင် ပုံပြင်သာမှတ်လိုက်ပါ

ဒေါက်တာသက်ဆွေ(M.D.)
(ရှေ့ဆောင်တင်ဆွေ) (မင်္ဂလာမမ္မဇောတိကာဓဇ)

ရှေးဟောင်းရာဇဝင် သမိုင်းဆိုသည်မှာ ရှေးပဒေသရာဇ်ခေတ် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့ကြသော သက်ဦးဆံပိုင် ရှင်ဘုရင်ကြီးများ၏ အကြောင်းအရာ ရေးသားမှတ်တမ်းတင်ထားသည်ကို ရာဇဝင်ဟုခေါ်ဆို၍ နောက်ဆုံး ကုန်းဘောင်(ရွှေဘို)မင်းဆက် သီပေါမင်းအား အင်္ဂလိပ်တို့ နန်းချ၍ ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် အင်္ဂလိပ်အား ပြန်လည်တိုက်ထုတ်ခဲ့သော မျိုးချစ်ခေါင်းဆောင်များ၊ ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်ခဲ့သော မြန်မာ့မျိုးချစ်ခေါင်းဆောင်များ၏ အကြောင်းအရာကို မှတ်တမ်းတင်ရေးသားထားသည်ကို သမိုင်းကြောင်းဟု ခေါ်ဆိုမည်ဟု ယူဆပါသည်။

ကျွန်တော်များ ငယ်စဉ်ကျောင်းသားဘဝက ရာဇဝင်သမိုင်းဟု တစ်ဘာသာ ပြဋ္ဌာန်းသင်ခဲ့ဖူးပါသည်။

ယခုတင်ပြမည့်ကိစ္စမှာ ကျွန်တော်၏ ဖခင်ကြီး၏မိခင်၊ ကျွန်တော်၏ အမေကြီး(အညာဒေသအခေါ်)ဒေါ်လွှာမှ ပါးစပ်ရာဇဝင်(ပုံပြင်သဖွယ်) ပြောပြသောကြောင့် ယနေ့ထက်တိုင် မှတ်မိနေပါသည်။ မြန်မာအစ ... တကောင်းက ဆိုတဲ့ စာဆိုနှင့်အညီ တကောင်းမြို့ကြီး တည်ထောင်အုပ်ချုပ်မင်းလုပ်ခဲ့သော အဘိရာဇာမင်းကြီးမှ သရေခေတ္တရာတိုင်းပြည်ကြီး တည်ထောင်သွားသည့် ဒုလာသမ္ဘဝ၊ မဟာသမ္ဘဝ၏ သားတော် ဒွတ္တဘောင်မင်းကြီး၏ ရာဇဝင်ကို အကျယ်တဝင့်



www.burmeseclassic.com

www.burmeseclassic.com

ပြောပြခဲ့ပါသည်။ ဒွိတဘောင်မင်းကြီး၏ သားတော်နှစ်ပါးမှ သားကြီးက လူပျိုကြီးဘဝ ကွယ်လွန်ပြီး အယူတိမ်းကာ နတ်စိမ်းဖြစ်ပြီး ယခု ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၊ မရကန်ကျေးရွာတွင် နတ်ကွန်းကြီးဆောက်ကာ ဆည်းကပ်ကိုးကွယ်လျက်ရှိကြကြောင်း ပြောပြပါသည်။ ပဲခူးမြို့ ဟံသာဝတီမင်းအကြောင်း၊ ပုဂံခေတ် အနော်ရထာမင်းအကြောင်း၊ သထုံ မနူဟာမင်းအကြောင်း စသဖြင့် ပြောပြခဲ့သဖြင့် ရာဇဝင်ကြောင်းတွေကို အတော်များများ သိရှိမှတ်သားရသော အကျိုးကျေးဇူးကြောင့် ကျွန်တော် မန္တလေးမြို့၊ ချမ်းသာရတုံးတုံးရပ် စိန်တောင် အစိုးရအလယ်တန်းကျောင်းသို့ ၆-တန်းတွင် အရပ်မှ ကျောင်းပြောင်းလက်မှတ်ဖြင့် စတင်တက်ရာ သုံးလပတ်စာမေးပွဲပြီးမှ တက်ရပါသည်။ ခြောက်လပတ် စာမေးပွဲဖြေတော့ ရာဇဝင်သမိုင်းဘာသာ ၈၅ မှတ်ရကာ ဂုဏ်ထူးထွက်ပါသည်။ အတန်းတင်စာမေးပွဲတွင် သချာနှင့် သမိုင်း ဂုဏ်ထူးရပါသည်။ သတ္တမတန်း သချ်ာ၊ သမိုင်း ဂုဏ်ထူး၊ နောက်ဆုံး ၁၀ တန်းတွင် သချ်ာ၊ သမိုင်း ဂုဏ်ထူးဖြင့် အောင်ပါသည်။ အမေကြီး ကျေးဇူးပါပေ။

တကောင်းမြို့တည် အဘိရာဇာမင်းတရားကြီးသည် အိန္ဒိယနိုင်ငံ သာကီဝင်မင်းမျိုးမှ ဆင်းသက်လာပြီး၊ အထက်အညာဒေသ ကချင်ပြည်နယ်တွင်ရှိသော တကောင်းမြို့ကြီးကို တည်ထောင်ကာ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တော်မူစဉ် တောင်ညာစံဒေဝီ မဟေသီမိဖုရားကြီးမှ သားတော်နှစ်ပါး ဖွားမြင်ရာ သားတော်ကြီးအား မဟာသမ္ဘဝဟုလည်းကောင်း၊ သားတော်ငယ်အား စူလသမ္ဘဝဟုလည်းကောင်း အမည်နာမ မှည့်ခေါ်စေပါတယ်။ သားတော်လေးနှစ်ပါးဟာ မွေးကတည်းက မျက်စိမမြင်ဘဲ ကြောင်တောင်ကွယ်နေပါတယ်။ နှစ်လ-သုံးလခန့်ကြာမှ အထိန်းတော်ကြီးက မိဖုရားခေါင်ကြီးကို တိတ်တဆိတ်ပြောပြရာ ဘုရင်ကြီး မသိအောင် လျှို့ဝှက်ထားရပါတယ်။ ၂ နှစ်သား၊ ၃ နှစ်သားလောက် စကားပြောတတ်သောအခါ မိဖုရားကြီးမှ သားတော်လေး နှစ်ပါးအား ဘုရင်ကြီးမသိရန် နန်းဦးဆရာတော်ကြီးထံပို့၍ နှုတ်တိုက်စာများ သင်ကြားပေးရာ ငါးနှစ်သား၊ ခြောက်နှစ်သား အရွယ်တွင် သဒ္ဒါ၊ သင်္ဂြိုဟ်များ ပြီးမြောက်ကုန်စင်အောင် တတ်ကြပါသည်။ ၁၀ နှစ်၊ ၁၁ နှစ်သားအရွယ်တွင် မင်းညီမင်းသားများ တတ်အပ်သော အဋ္ဌာရသ ၁၈ ရပ် ပညာများ သင်ပေးရာ လူမစွမ်း နတ်မ ဆိုသော စာဆိုနှင့်အညီ တတ်မြောက်ကြပါသည်။ စာအရေးအသားသာလျှင် မတတ်သော်လည်း သိုင်းပညာ၊ ဓားခုတ်၊ လှံထိုး၊ လေးပစ်အတတ် စသည်များ ၁၆ နှစ်သားအရွယ်တွင် တတ်မြောက်ကြပါသည်။ ဘုရင်ကြီးလည်း တိုင်းရေးပြည်ရေး၊ နန်းတွင်းရေးတွေ ရှုပ်ထွေးနေရာ သားတော်နှစ်ပါးကို မေ့လျော့နေပါသည်။ တစ်နေ့သော် သားတော်များအား ရှေ့တော်သို့ ဝင်ရောက်ခစားခိုင်းရာ မျက်စိနှစ်ကွင်း အလင်းမရမှန်းသိသောအခါ မိဖုရားခေါင်ကြီးအား ဆူပူကြိမ်းမောင်းပြီး ရာဇမာန်ရှကာ ပြောဆိုမိန့်ကြားပါသည်။

"မှန်လှ ပါ၊ သားတော်လေးနှစ်ပါး ဖွားသန့်စင်ကတည်းက မျက်စိမမြင်ပါ။ ကြောင်တောင်ကွယ်၍လာပါသည်။ အရှင်မင်းကြီးသိလျှင် ကတ္တီပါရွှေအိတ်ဖြင့် ရေဆိပ်မျှောနိုင်းမည်စိုးရိမ်၍ နန်းဦးဆရာတော်ထံ အပ်နှံပြီး လျှို့ဝှက်ထားခဲ့ကြောင်း"

အသနားခံ လျှောက်ထားရာ ဘုရင်ကြီးမှ –

"ငါကိုယ်တော် အရှက်တော်မရလေအောင် မှူးကြီးမတ်ကြီးများ သားတော်နှစ်ပါးကို ဖောင်ဖွဲ့ပြီး စားနပ်ရိက္ခာများနှင့် သောက်ရေများ လုံလောက်စွာထည့်ကာ ဧရာဝတီမြစ်ကြောင်းအတိုင်း မျှော်စေဗျား။ ကဲ . . သားတော်များ၊ ငါကိုယ်တော်၏ လက်သုံးတော်သန်လျက်ကို သားကြီးထံ အပ်နှံ၍ ချီးမြှင့်လိုက်မည်။ ရန်သူဟူသရွေ့ ရှင်းလင်းရန် သားတော်နှစ်ပါး တစ်လှည့်စီကိုင်စေ"

ဟု အမိန့်ချ၍ ပေးအပ်လိုက်လေသည်။ မှူးမတ်များနှင့် မယ်တော်ကြီးမှ သစ်ဖောင်ကြီးဖွဲ့ပြီး သောက်ရေအိုးကြီး တစ်လုံးနှင့် မသိုးထမင်း မသိုးဟင်း စားမြိန်စာအိုးကြီးတစ်လုံးတို့ပါ ဖောင်ပေါ်တင်၍ ဧရာဝတီမြစ်ကြောင်းအတိုင်း မျှောလိုက်လေ၏။

မင်းသားနှစ်ပါး စီးနင်းလိုက်ပါလာသော သစ်ဖောင်ကြီးသည် တဖြည်းဖြည်း အောက်သို့ စုန်ဆင်းလာရာ ယခု စစ်ကိုင်းမြို့တည်ရှိရာ ဧရာဝတီမြစ်ကမ်းမှ စစ်ပင်ကြီး၏အကိုင်းသည် မြစ်တွင်းသို့ ထိုးကျနေရာ ဖောင်ဖြင့် ငြိ၍ မရွေ့ဘဲရှိရာ ထိုစစ်ပင်ကြီးတွင် အပိုင်စားရထားသည့် ဝဿဝဏ်နတ်မင်းကြီး၏ တူမတော်သူ စန္ဒမုခီအမည်



www.burmeseclassic.com

www.burmeseclassic.com

ရှိ နတ်ဘီလူးမသည် ဖောင်ပေါ်သို့ တက်လိုက်လေ၏။ မျက်မမြင်မင်းသားနှစ်ပါးမှန်းသိသဖြင့် ဖောင်ပေါ်တွင် ထိုင်၍နေ၏။ မဟာသမ္ဘဝသည် ဖောင်မည်သည့်အရာနှင့် ငြိနေသည်ကို သိလို၍ လိုက်စမ်းရာ စစ်ကိုင်းဖြင့် ငြိနေသည်ကို စမ်းမိသောကြောင့် သန်လျက်နှင့် ခုတ်ပိုင်းလိုက်ရာ ဖောင်သက်၍ မျောလေ၏။ ထိုသို့ စစ်ကိုင်းဖြင့် ငြိသောနေရာကို အစွဲပြု၍ စစ်ကိုင်းမြို့ဟု ယနေ့ထက်တိုင် အမည်တွင်လျက် ရှိနေပေသည်။

ဖောင်ကြီးစုန်ဆင်းလာရာ စန္ဒမုခီ နတ်ဘီလူးမလည်း လိုက်ပါလာပြီး မင်းသားနှစ်ပါးစားသည့် စားမြိန်စာများပါ စား၍ လိုက်လာ၏။ နှစ်ရက်ခန့်ကြာသောအခါ မုန့်များ တစ်ဝက်ခန့်လျော့သွားသည်ကို ညီအစ်ကိုနှစ်ဦးသိရှိရာ

"ညီလေး ... တို့မုန့်တွေ တစ်ဝက်လောက် လျော့သွားတယ်။ ညီလေးသတိထားမိလား"

ဟု မေးရာ ညီတော်ကလည်း

"ဟုတ်တယ် နောင်တော်။ ညီလေးလည်း သတိထားမိတယ်။ ကဲ .. ဒီတော့ ညီလေး ဒီတစ်ခါမုန့်စားရင် လက်ကိုသတိထားပြီး မသင်္ကာတဲ့ လက်တွေ့ရင် ဆွဲထား။ ညီလေးရဲ့ လက်လည်းမဟုတ်၊ နောင်တော်ကြီးရဲ့လက်လည်း မဟုတ်ရင် မုန့်ခိုးစားတဲ့ သူ တွေ့မှာပဲ"

ဟု တီးတိုးပြောဆိုကာ မုန့်ကို သတိဖြင့်နှိုက်၍ စားကြ၏။ နောက်တစ်ရက်တွင် ညီအစ်ကို မုန့်နှိုက်စားဆဲ စန္ဒမုခီနတ်ဘီလူးမကလည်း အနှိုက် မင်းသားကြီး မဟာသမ္ဘဝမှ ဆွဲမိလေ၏။ ထိုစဉ် ညီလေးရဲ့လက်လားဟုမေးရာ မဟုတ်ပါ နောင်တော်ဟု ပြောလေ၏။ ထိုစဉ် သန်လျက်ဖြင့် မိုးကာ အသင်ဘယ်သူလဲဟုမေးရာ

"ကျွန်မ စန္ဒမုခီမင်းသမီးလေးပါ။ အစာရေစာပြတ်နေလို့ အရှင့်သားများရဲ့ မုန့်များကို နှိုက်စားမိကြောင်းပါဘုရား"

လို့ လျှောက်တင်တယ်။ ဒီတော့

"သင့်ကို ငါတို့မသတ်ပါဘူး။ ငါတို့ညီနောင်နှစ်ပါးရဲ့ စက္ခုနှစ်ကွင်း အလင်းရအောင် ကုပေးနိုင်မလား"

ဟု မေးရာ ကုပေးမည်ဖြစ်ကြောင်း၊ အသက်ကို ချမ်းသာပေးပါဟု တောင်းပန်၏။ မဟာသမ္ဘဝမှလည်း ကတိသစ္စာပြုခိုင်းပြီး ဆေးသွားယူရန် လွှတ်လိုက်၏။ ဘီလူးမလည်း ဦးရီးတော် ဝေဿဝဏ်နတ်မင်းကြီးထံ သွားပြီး ဆေးများတောင်းကာ ပြန်လာပြီးလျှင် မင်းသားနှစ်ပါးအား မျက်စိဆေးထည့်၍ ကု၏။ ထိုသို့ စကုသည့် နေရာတွင် စကုမြို့ဟု ယနေ့တိုင် ရှိ၏။ မျက်စိများ စ၍ အလင်းရောင်ရသည့် နေရာတွင် စလင်းမြို့ဟုတွင်၏။ မျက်စိလင်းသောအခါ မိုးကားအထဲ မြေကားအတွင်းဟု အာမေဍိတ်သံဖြင့် အော်လိုက်ရာ မိုးထဲအရပ်ဟု တွင်၏။ စန္ဒမုခီနတ်ဘီလူးမလည်း မင်းသမီးအသွင် ဖန်ဆင်းကာ မင်းသားနှစ်ပါးဖြင့် အတူလိုက်ပါ၍သွား၏။ ဧရာဝတီမြစ်ကမ်းတစ်နေရာတွင် ဖောင်ဆိုက်ကပ်ပြီး တောတွင်းသို့ သုံးယောက်အတူသွားကြရာ ရသေ့ကြီးတစ်ပါးနှင့် တွေ့၏။ လောကီဈာန်ရထားသော ရသေ့ဖြစ်သဖြင့် ၎င်းတို့အား မင်းညီမင်းသားမှန်းသိသဖြင့် –

"အသင်မင်းသားတို့ .. တိုင်းပြည်အုပ်ချုပ် မင်းမလုပ်လိုဘူးလား"

ဟု မေးရာ လုပ်လိုကြောင်း လျှောက်၏။ ထိုစဉ် ရသေ့ကြီးမှ ၎င်း၏ သင်းကျစ်ဦးသျှောင် သားရေခေါင်းစွပ်ကြီးကို ချွတ်ပြီး –

"အသင်မင်းသား၊ ၎င်းသားရေကို အသင်၏ သန်လျက်ဖြင့် အပ်ချည်မျှင်တစ်မျှ သေးငယ်အောင် လှီးဖြတ်စေ၊ ညီငယ်နှင့် မင်းသမီးက ကျေးရွာတွေ လှည့်လည်ပြီး စည်းရုံးကာ လူစုစေပြီး မြို့တည်ရန် ပြောကြချေ"

ဟု စေခိုင်းလိုက်၏။ အစ်ကိုကြီးကတော့ ရသေ့ကြီး၏ ဒေါက်ချာကို သန်လျက်ဖြင့် သေးငယ်သော အမျှင်ကလေးများရအောင် လှီးဖြတ်၍ နေခဲ့လေ၏။ ကျေးရွာပေါင်း ၂၀ မှ တစ်ရွာဝင်တစ်ရွာထွက် လူစုစည်းရုံးရာ လူပေါင်း ၅၀၀၀ ကျော်မျှ ပါလာ၏။ မင်းသားနှစ်ပါး၏ ဂုဏ်ကြောင့်လည်းကောင်း၊ နတ်ဘီလူးမ မင်းသမီးလေး၏ တန်ခိုးသိဒ္ဓိကြောင့်လည်းကောင်း အလွယ်တကူ လူစု၍ရကြ၏။ နောင်တော်ကြီးမှလည်း သားရေကြိုး အမျှင် တစ်ခွေကြီး ပြီးစီးနေလေသည်။

ရသေ့ကြီးမှ ရွာသားလေးဦးအား ၎င်းသားရေကြိုးစား လေးခေါက်ခေါက်ပြီးလျှင် ဆွဲခိုင်း၏။ တစ်ခေါက်ပြည့်လျှင် ရပ်နေပြီး ကျန်တစ်ယောက်က ဆက်၍ ဘေးတိုက်ဆွဲရ၏။ ထိုကဲ့သို့ လေးဖက်လေးတန် အညီအမျှဆွဲလိုက်ရာ နှစ်မိုင်ခွဲ တစ်မျက်နှာစာ လေးဖက်ရ၏။ ၎င်းလေးယောက် ရပ်နေသော ထောင့်လေးထောင့်တွင် ပန္နက်ရိုက်ကာ ကျန်ရွာသားများက မြေတူးကြပြီး ရွာသူများက မြေသယ်



www.burmeseclassic.com

www.burmeseclassic.com

ကြ၏။ ရသောမြေကြီးများအား အုတ်ဖုတ်သူက ဖုတ်ပြီး အုတ်မြစ်တူးထားသော နေရာတွင် အုတ်မြစ်ချ အုပ်စီပြီး အတွင်းနန်းတော်ဆောင်များပါ သုံးလအတွင်း ပြီးစီးအောင်မြင်၏။ ၎င်းမြို့အား သားရေကြိုးဖြင့် တိုင်း၍ နန်းမြို့တည်ရသောကြောင့် သရေခေတ္တရာမြို့ဟု ရသေ့ကြီးမှ အမည်မှည့်ပေးပြီးနောက် မဟာသမ္ဘဝနှင့် စန္ဒမုခိမင်းသမီးအား မိဖုရားမြှောက်ပြီး နန်းသိမ်းပွဲခံကာ ထီးဖြူအုပ်ချုပ် မင်းလုပ်တော်မူ၏။ မိဖုရားခေါင်ကြီးအဖြစ် စန္ဒမုခိအား ထားပြီးနောက် မိဖုရားငယ်များအဖြစ် နန်းတည်စဉ် ပါဝင်ခဲ့သော ကျေးတောသူများအား တော်ကောက်တော်မူ၏။ ကိုယ်လုပ်တော်မောင်းမများလည်း ကျေးတောသူများကို ချီးမြှင့်တော်မူသည်။ မှူးကြီးမတ်ရာ သေနာပတိများအဖြစ် တောကျောင်းများမှ စာတတ်ပေတတ် ဘုန်းကြီးလူထွက်များအား ခန့်ထားတော်မူသည်။ မင်းတိုင်ပင် အကြံပေးအဖြစ် ဘရသေ့အား နန်းဦးတွင်တင်၍ ကိုးကွယ်ထား၏။ ညီတော် စူလသမ္ဘဝအား အိမ်ရှေ့မင်းအဖြစ် ခန့်အပ်တော်မူသည်။ အိမ်ရှေ့မင်းကလည်း ကျေးဖူးရှိခဲ့ဖူးသော တောင်သူကြီးနှစ်ဦး၏ သမီးများအား တော်ကောက်၍ မိဖုရားမြှောက်၏။ သရေခေတ္တရာမြို့ကြီးသည် တစ်နေ့တခြား စည်ပင်ဝပြောသာယာလျက် ညီကိုနောင်ရင်း နှစ်ပါးမင်းတို့လည်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် အုပ်ချုပ်လျက်ရှိကြသော်လည်း မင်းနှစ်ပါးစလုံး မိဖုရားများတွင် ထီးမွေနန်းလျာပေးနိုင်ရန် သားတော်၊ သမီးတော်များ မရကြချေ။ ၅ နှစ်ခန့်ကြာသောအခါ နောင်တော်ကြီး မဟာသမ္ဘဝမင်းကြီး နတ်ရွာစံ ကံတော်ကုန်သောအခါ အိမ်ရှေ့စံ ကိုယ်တော်လေးက စန္ဒမုခိမိဖုရားကြီးအား တောင်ညာစံဒေဝီ မဟေသီအဖြစ် တင်မြှောက်လျက် ဘိသိက်ခံတော်မူ၏။ ထီးနန်းစံ၍ ခြောက်လခန့်ကြာသောအခါ မိဖုရားကြီး၏ ဝမ်းကြာတိုက်တွင် သန္ဓေခကြောင်း မင်းကြီးအား လျှောက်တင်ရာ မင်းကြီးက –

"မိဖုရားကြီး ... ဒီသန္ဓေသားဟာ နောင်တော်ကြီးနဲ့ ရခဲ့တဲ့ သန္ဓေသား ဖြစ်နိုင်တယ်။ အေးလေ ... ငါကိုယ်တော်မြတ်ရဲ့ ကလေးလည်း ဖြစ်နိုင်သပ"

ဟု မတင်မကျ ဒွိဟစကား မြွက်ကြားခဲ့တယ်လို့ သိရှိရပါတယ်။ နောက် ၁၀ လခန့်ကြာသော် သားတော်လေးတစ်ပါး ဖွားမြင်ခဲ့တယ်။ ဒီတော့ နန်းဦးရသေ့ကြီးက ညီအစ်ကိုမင်းနှစ်ပါး ဒွိဟဖြစ်၍ ရလာသော သားရတနာလေးအား ဒွိတပေါင်မင်းသားလေးဟု နာမ သမုတ်တော်မူလိုက်တယ်။ ဒွိတပေါင်မင်းသားလေး အဋ္ဌာရသ ၁၈ ရပ်သော ပညာများ တတ်မြောက်ပြီး အသက် ၁၈ နှစ်ပြည့်သောအခါ ဖခမည်းတော်မင်းကြီးက အိမ်ရှေ့မင်းလွှဲအပ်ချီးမြှင့်ပေးတော်မူရာ မိဖုရားလေးပါးဖြင့် ဘိသိက်ခံယူတော်မူခဲ့ပေသည်။ မကြာမီ ဘခမည်းတော်ကြီး နတ်ရွာစံသောအခါ ဒွိတပေါင်မင်းကြီးအဖြစ် မိဖုရားကြီးလေးပါးဖြင့် ဘိသိက်ခံပြီး မင်းအဖြစ် တိုင်းပြည်အုပ်ချုပ် စိုးစံတော်မူပေသည်။ တစ်နှစ်ခန့်ကြာသော် တောင်ညာစံဒေဝီ မိဖုရားကြီးမှ သားတော်လေးနှစ်ပါး အမြွှာပူး ဖွားမြင်ရာ သားတော်အကြီးအား သီဟကုမ္မာဟုလည်းကောင်း၊ သားတော်အငယ်အား ရာဇကုမ္မာဟုလည်းကောင်း အမည်နာမများ ပေးထားပေသည်။ သားတော်လေးနှစ်ပါး ၅ နှစ်သားအရွယ်ရောက်သောအခါ နန်းဦးဆရာတော်ကြီးထံ လောကီ၊ လောကုတ္တရာစာပေများ သင်ကြားခိုင်း၏။ ၁၀ နှစ်ပြည့်သောအခါ ဒိသာပါမောက္ခဆရာကြီးထံ မင်းညီမင်းသားများ တတ်အပ်သည့် အဋ္ဌာရသ ၁၈ ရပ်သော ပညာများ သင်ကြားရန် လွှတ်လိုက်လေ၏။ မင်းသားနှစ်ပါးသည် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် သူဌေးသူကြွယ်သားများ၊ မင်းညီမင်းသားများနှင့်အတူတူ သင်ကြားကြရ၏။ နောင်တော်ကြီး သီဟကုမ္မာကတော့ အပေါင်းအသင်းများပြီး၊ ဆရာကြီးမသိအောင် သောက်စားခြင်း၊ လောင်းကစားခြင်းများ ပြုလုပ်၏။ ညီငယ် ရာဇကုမ္မာကတော့ အပေါင်းအသင်းမများဘဲ အေးအေးဆေးဆေး နေထိုင်ပြီး ဆရာကြီးသင်ကြားသမျှ နာခံမှတ်သားကာ နေသောကြောင့် ပညာလည်းတော်သဖြင့် ဆရာကြီးက ချစ်၏။ ထို့ကြောင့် ဆရာကြီးမှလည်း ချစ်တပည့်အား တိုင်းပြည်အုပ်ချုပ် မင်းလုပ်သည့်အခါ မင်းကျင့်တရား ၁၀ ပါးနှင့်အညီ အုပ်ချုပ်ရန်၊ တိုင်းသူပြည်သားများအပေါ် ရင်ဝယ်သားကဲ့သို့ မိခင်၏မေတ္တာဖြင့် အုပ်ချုပ်ရန် စသည်တို့ကို သီးသန့်သင်ကြားပေး၏။ ခုနစ်နှစ်ပြည့်၍ ပညာများစုံကာ တိုင်းတော်ပြည်တော်များသို့ အသီးသီး ဆရာကြီးအား ကန်တော့ကာ ပြန်ကြရာတွင်



www.burmeseclassic.com

www.burmeseclassic.com

ညီကိုနောင်ရင်း နှစ်ပါးမင်းတို့လည်း သရေခေတ္တရာပြည်ကြီးသို့ ပြန်ခဲ့ကြလေ၏။ ဒွတ္တပေါင်မင်းကြီးကလည်း တိုင်းပြည်သို့ ပြန်ရောက်လာသော သားတော်များအား ဂုဏ်ပြုချီးမြှင့်သောအားဖြင့် နန်းတွင်းရှိ သားတော်၊ သမီးတော်၊ မင်းညီမင်းသားများ၊ မှူးကြီးမတ်ရာ သေနာပတိဝန်ကြီးများ၏ သားတော်၊ သမီးတော်များ၊ ဆင်းရဲသားများပါမကျန် ခုနစ်ရက် ခုနစ်လီ ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလေသည်။

မင်းသားနှစ်ပါးလည်း တိုင်းပြည်ပြန်ရောက်ပြီးသည်နှင့် သားတော်ကြီး သီဟကုမ္မာကတော့ အပေါင်းအသင်းများနှင့် အပျော်အပါးလိုက်စားကာ လောင်းကစားများ ပြုလုပ်၏။ နံနက်မိုးသောက် အလင်းရောက်သည်နှင့် ထန်းတောအတွင်း အပေါင်းအသင်းများနှင့်အတူ ပင်ကျရည်သောက်ကြ၏။ သားတော်အငယ် ရာဇာကုမ္မာမင်းသားလေးကတော့ ဖခမည်းတော်ကြီး၏ တိုင်းရေးပြည်ရာ ကိစ္စများအား ဝင်ရောက်ကူညီ ဆောင်ရွက်ပေးလျက်ရှိသောကြောင့် ဘုရင်ကြီးကလည်း သားတော်အား ပို၍ချစ်မြတ်နိုး၏။

ဘုရင်ကြီးလည်း သက်တော်ကြီးလာပြီဖြစ်သဖြင့် အိမ်ရှေ့မင်းအရာ ဆက်ခံမည့်သားတော်များအား ချီးမြှင့်ရန် မိဖုရားကြီးနှင့် တိုင်ပင်၏။ ထိုအခါ မိဖုရားကြီးက ထုံးတမ်းစဉ်လာအရ သားတော်ကြီးကို ပေးရမည်ဖြစ်သော်လည်း သားတော်ကြီးက ယစ်ထုပ်ကြီးဖြစ်နေတော့ သားတော်ငယ်လေးသာ ပေးသင့်ကြောင်း လျှောက်ထားလေ၏။ ဘုရင်ကြီးကလည်း သားတော်ငယ်ကိုသာပေးရန် သင့်မြတ်ကြောင်း မိန့်ကြား၏။ တစ်နေ့ကျသော် မယ်တော်ကြီးမှ သားတော်ကြီးအားခေါ်ပြီး အိမ်ရှေ့မင်းရာထူးပေးရန် သားတော်ကြီးအနေနှင့် သောက်စား၊ လောင်းကစားများ မပြုလုပ်ဘဲ ဖြတ်ရန်ပြောသောအခါ သားတော်ကြီးမှ ၎င်းအနေဖြင့် ပျော်ပျော်ပါးပါး နေသွားမည်ဖြစ်ကြောင်း၊ ညီငယ်လေးကိုသာ အိမ်ရှေ့မင်း ရာထူးပေးရန် ပြောကြားခဲ့လေသည်။

မကြာမီ နေ့ကောင်းရက်သာရွေးပြီး သားတော်ငယ်လေး ရာဇကုမ္မာအား မိဖုရားလေးပါးနှင့်အတူ မင်္ဂလာဘိသိက်သွန်းလောင်းကာ အိမ်ရှေ့မင်းအဖြစ် တင်မြှောက်လိုက်လေ၏။

သုံးနှစ်ခန့်ကြာသောအခါ မိဖုရားကြီးမှ သားတော်ကြီး စိတ်ပြောင်းသွားစေရန် မင်းသမီးတစ်ပါးနှင့် လက်ထပ်ပေးစားရန် စိတ်ကူးပေါက်သဖြင့် သားတော်ကြီးအား ခေါ်ကာ အနောက်နန်းမတော်ကြီး၏ သမီးတော်လေး နှစ်ပါးအနက် အငယ်သမီးတော်လေး စန္ဒာဒေဝီနှင့် စုလျားရစ်ပတ် လက်ထပ်ရန်ပြောလေ၏။ စန္ဒာဒေဝီမင်းသမီးလေးသည် သမီးကြီး မာလာဒေဝီထက် လှပကြောင်း၊ တစ်နန်းတော်လုံးတွင် အလှသရဖူဆောင်းထားသော မင်းသမီးလေးဖြစ်ကြောင်း မယ်တော်ကြီးမှ ဖျောင်းဖျပြောဆိုသော်လည်း သားတော်ကြီးက ငြင်းဆန်လေ၏။ ထိုကဲ့သို့ ပြောဆိုနေစဉ် အိမ်ရှေ့မင်း၏ ကိုယ်ရံတော်တပ်မှူးလေးက ကြားသွားသဖြင့် အိမ်ရှေ့ကိုယ်တော်လေးအား သံတော်ဦးတင်၏။ ထိုအခါ အိမ်ရှေ့ကိုယ်တော်လေးက အဲဒီအတိုင်း နောင်တော်ကြီး ငြင်းဆန်နေလျှင် ကျွန်ုပ်ကိုယ်တော်တိုင် တော်ကောက်တော်မူမည်။ ဒီတော့ တပ်မှူးလေး ကိုယ်တိုင် နောက်လိုက်နောက်ပါများနှင့် သွားရောက်ကာ အနောက်နန်းမတော်ကြီး၏ အိမ်ရှေ့သို့သွားပြီးလျှင် စန္ဒာဒေဝီမင်းသမီးလေးအား အိမ်ရှေ့မင်းမှ တော်ကောက်တော်မူမည့်အကြောင်း ပန်းလုံးတိုင် ရာဇမတ်ကာ ချေဟု မိန့်တော်မှတ်လိုက်လေ၏။ ရက်သတ္တတစ်ပတ်အတွင်း အိမ်ရှေ့မင်းသားလေးက ငါးပါးမြောက်မိဖုရားအဖြစ် တော်ကောက်လိုက်လေ၏။ မိဖုရားကြီးများထက် အငယ်ဆုံး၊ အချောဆုံး၊ အလှဆုံးလေးဖြစ်သဖြင့် အိမ်ရှေ့မင်းကလည်း ချစ်မြတ်နိုးဆုံးဖြစ်သကဲ့သို့ မင်းသမီးလေးကလည်း ချစ်မြတ်နိုးတော်မူရှာ၏။ ထူးခြားသည်ကတော့ သမီးတော်အကြီး မာလာဒေဝီကလည်း ညီမတော်လေးအား အလွန်ချစ်သဖြင့် ညီမတော်လေးနှင့်အတူ လိုက်နေပါရစေဟု အိမ်ရှေ့မင်းအား လျှောက်ထားရာ အိမ်ရှေ့မင်းကလည်း ခွင့်ပြုတော်မူ၍ မိဖုရားလေး၏ အဆောင်တော်တွင် မင်းသမီးကြီးအတွက် သီးသန့်အခန်းဖွဲ့၍ ပေးထားရ၏။

စန္ဒာဒေဝီမင်းသမီးလေးသည် ဘာသာတရား အလွန်လိုက်စားသည့်အတွက် ညနေ ၅း၀၀ နာရီထိုးသည်နှင့် ရံရွေတော် သုံးဦးခေါ်ကာ စွယ်တော်စဉ်ဘုရားဆောင်သို့သွား၍ ဘုရားဝတ်ပြုပြီး သမထဘာဝနာများ အားထုတ်၏။ ည ၉း၀၀ နာရီကျော်မှ အဆောင်တော်သို့ ပြန်လာရာ ၁၀း၀၀ နာရီကျော်မှ ပြန်ရောက်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ကိုယ်တော်လေးသည် တစ်ရက်ခြား၊ နှစ်ရက်ခြား မိဖုရားငယ်လေး၏ အဆောင်တော်လာတိုင်း မတွေ့ရဘဲ အစ်မတော် မာလာဒေဝီ၏ ပြုစုယုယမှုသာလျှင် ခံ၍ ပြန်လာရ၏။ ကြာသော် မာလာဒေဝီနှင့်ပါ ယဉ်ပါးပြီး သံယောဇဉ်တွယ်၍သွားကြ၏။ ညီမတော် စန္ဒာဒေဝီသိသော်လည်း အလွန်ချစ်မြတ်နိုးသော မောင်တော်နှင့် အစ်မတော်ဖြစ်၍ သည်းခံခွင့်လွှတ်တော်မူခဲ့၏။

တစ်နေ့သော် နောင်တော်သီဟကုမ္မာမင်းသားကြီး အသောက်လွန်ပြီး နတ်ရွာစံ ကံတော်ကုန်၏။ မင်းခမ်း၊ မင်းနားဖြင့် စည်ကားသိုက်မြိုက်စွာ သင်္ဂြိုဟ်လိုက်ကြ၏။ သုံးလခန့်ကြာသောအခါ နောင်တော်ကြီးက အယူတိမ်းပြီး နတ်စိမ်းဖြစ်၍ အပျိုတော်တစ်ဦးအား ဝင်ပူး၏။ ၎င်းအား လူပျိုဘဝ ကွယ်လွန်ပြီး နတ်ဖြစ်နေသောကြောင့် လူပျိုတော်နတ်ဟု နာမသမုတ်ရန်နှင့် ညီတော်လေးအား အလွန်ချစ်မြတ်နိုးသဖြင့် စောင့်ရှောက်လိုသောကြောင့် ညီတော်လေး၏ နန်းဆောင်ဘေးတွင် နတ်ကွန်းဆောက်ပေးရန်နှင့် နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တိုင်း ဗလိနတ်စာကျွေးပြီး နတ်ပွဲကျင်းပပေးရန် တောင်းဆိုရာ ဖခမည်းတော်ဘုရင်ကြီးက အားလုံးလိုက်လျောကာ ဆောင်ရွက်ပေးသနားတော်မူ၏။

ဖခမည်းတော်ကြီး နတ်ရွာစံကံတော်ကုန်ပြီးနောက် ရာဇကုမ္မာ ကျွန်ုပ်လည်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့ရပြန်၏။ ကျွန်ုပ်နတ်ရွာစံပြီးနောက် သထုံမနူဟာမင်း၏သားတော်အိမ်ရှေ့မင်းအဖြစ် စံစားရာ မိဖုရားအငယ်ဆုံး၊ အလှဆုံး၊ အချစ်ဆုံးလေးလည်း မိဖုရားလာဖြစ်၏။ အစ်မကြီးကတော့ ကျွန်ုပ်၏ ကိုယ်လုပ်မောင်းမဖြစ်လာ၏။ ထိုစဉ်ကလည်း နောင်တော် လူပျိုတော်နတ်ကြီးကလည်း လိုက်ပါလာကာ နတ်ကွန်းဆောက်ကိုးကွယ်ထားရ၏။ ကျွန်ုပ်ကိုလည်း စောင့်ရှောက်၏။ သထုံပြည်ကြီးအား ပုဂံပြည့်ရှင် အနော်ရထာမင်း၏ သားတော် ကျန်စစ်သားမင်းနှင့် တပ်တော်သားများ လာရောက်တိုက်ခိုက်စဉ် ရှုံးမည်သိသဖြင့် နောင်တော်နတ်မင်းကြီးအား အကူအညီတောင်း၍ တပ်မှူးလေးနှင့် တပ်သားလေးယောက်တို့ ဦးဆောင်ကာ ပုဂံတပ်များ ဝိုင်းရံထားသည့်ကြားမှ တိုက်ခိုက်ထိုးဖောက်ပြီး ကျွန်ုပ်နှင့် မိဖုရားငယ်လေးတို့ မြင်းစီးပြီး ထွက်ပြေးခဲ့ရ၏။ တပ်မှူးလေးပါ လိုက်ပါလာပြီး ပဲခူးရိုးမတောစပ်ရောက်မှ တပ်မှူးလေးပြန်သွား၏။ တပ်သားလေးယောက်လည်း ကျဆုံးခဲ့၏။

ဖခမည်းတော်ကြီး မနူဟာမင်းကြီးနှင့် မယ်တော်ကြီး၊ သားတော်၊ သမီးတော်များအားလုံး အနော်ရထာမင်းကြီး၏ စစ်သုံ့ပန်းအဖြစ် အဖမ်းခံခဲ့ကြရပေသည်။

ကျွန်ုပ်တို့လည်း ပဲခူးရိုးမတောကြီးထဲမှ အနီးဆုံး ကျေးရွာများသို့သွားကာ သူဆင်းရဲအသွင်ဖြင့် နေထိုင်ခဲ့ပြီး ဘယ်နှဘဝပြောင်းလဲခဲ့သည်ကို မမှတ်မိတော့ဘဲ ကျွန်ုပ်၏မိခင်ကြီးများ၏ မရကန်ရွာတွင် ကျွန်ုပ် လူဝင်စားဖြစ်ပါသည်။ ကျွန်ုပ်သုံးနှစ်သားအရွယ်ရောက်သောအခါ ကျွန်ုပ်တို့ အိမ်နီးချင်း ဒေါ်သိန်းမကို လူပျိုတော်နတ်ကြီး ဝင်ပူးပါသည်။ ထိုအခါ ကျွန်ုပ်မိခင်ကြီးအား ခေါ်ပြီးလျှင် ယခု ညီမတော်ကြီး မွေးထားတဲ့သားကလေး မောင်တွတ်ကြည်လေးဟာ ငါ့ရဲ့ညီဘွား ဖြစ်ခဲ့တဲ့အတွက် ငါလိုက်လာခဲ့တဲ့အကြောင်း၊ ငါ့ကို နတ်ကွန်းဆောက်ပြီး ပွဲများတင်သရမည်ဖြစ်ကြောင်း၊ ယခု ကျွန်ုပ်ပူးနေသော မသိန်းမိအား ကျွန်ုပ်၏ နတ်ထိန်းအဖြစ် ထားရှိရမည်ဖြစ်ကြောင်း၊ တစ်ရွာလုံးကို စောင့်ရှောက်ပေးမည်ဖြစ်ပြီး အားလုံးကိုးကွယ်ကြရမည်ဖြစ်ကြောင်း ပြောပါသည်။ ထိုစဉ်မှစ၍ နတ်ကွန်းဆောက်လုပ်ပေးပြီး ပွဲများလည်း မပြတ်ထိုး၍ပေးလျက်ရှိပါသည်။ ယနေ့ထက်တိုင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ မရကန်ကျေးရွာ၌ လူပျိုတော်နတ်ကွန်းကြီး တည်ရှိလျက်ရှိပါသည်။ ကျွန်ုပ်ကိုလည်း ယနေ့ထက်တိုင် မစ စောင့်ရှောက်လျက်ရှိနေပါသည်။

နောင်တော် လူပျိုတော်နတ်ကြီး၏ လက်တွေ့စောင့်ရှောက်မှုများအကြောင်း နောက်ပိုင်း ဆက်လက်ရေးသားဖော်ပြပါဦးမည်။

**မှတ်ချက်** ။ ။ အိမ်ရှေ့မင်းဘဝ ကြင်လည်ခဲ့သူမှာ ကျွန်ုပ် စာရေးသူဖြစ်ပါသည်။ လူပျိုတော်နတ်ကြီးမှာ ကျွန်ုပ်၏နောင်တော်ကြီး ဖြစ်ပါသည်။ ယနေ့ထက်တိုင် ရှိပါသည်။

**ဒေါက်တာသက်ဆွေ(M.D.)**
(ရွှေဆောင်တင်ဆွေ)
(မင်္ဂလာမွှေဇောတိကာ)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အသီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဗီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံသာ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းသာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးသာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၅၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၅

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# မိုး ဝဋ်ကြွေး (၁၀)

BURMESE CLASSIC .com

(ယခင်လမှအဆက်)

ကျွန်ုပ်သည် သဘော်လိုက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရပြီ ဖြစ်၏။ ပထမ စုံစမ်းမှုများ ပြုလုပ်ရ၏။ စုံစမ်းရာတွင် ရပ်ကွက်အတွင်းရှိ ဝါရင့်သဘော်သားကြီးကိုအောင်ကျော်ထွေးထံတွင် သွားရောက်ကာ စနည်းနာရ၏။

''ဒီလိုရှိတယ်ကွ ညီလေးရ။ ကိုယ်တို့တုန်းကတော့ ဆီးဆားဗစ်ယူတယ်လို့ခေါ်တဲ့ ပင်လယ်ပြင်အတွေ့အကြုံယူတဲ့သဘောနဲ့ ကမ်းရိုးတန်းသွား စက်လှေတွေမှာ တစ်နှစ်လိုက်ရတယ်ကွ။ လစာတော့ပေးတယ်ကွ။ ဒါပေမယ့် နည်းနည်းပါးပါးပါကွာ ..။ ပေးလှမှ နှစ်ထောင်–သုံးထောင်လောက်ပါ။ လစာသာနည်းတာကောင်လေးရေ ...နိုင်းတာတော့ ရက်ရက်စက်စက်ကို ခိုင်းတာပေ့ါ။ တို့က ပင်လယ်ကူးသဘော်သား လုပ်မယ့်ကောင်တွေဆိုတော့ အောက်သက်ကျေအောင်လို့လို့ ပြောတာပဲ။ ဒီကြားထဲ ဆလင်ကြီးနဲ့ အဆင်ပြေပြီး စာရေးနဲ့ အဆင်မပြေရင်လည်း တစ်ဒုက္ခကွ။ လှေပေါ်မှာနေရတာ တကယ်မလွယ်ဘူး ကောင်လေးရေ ...။ တစ်ခုရှိတာက တို့ဆီးဆားဗစ်သမားတွေ လိုက်တဲ့လှေက အမ်ဗွီလို့ခေါ်တဲ့ သံခွံတွေကွ ...။ အဲဒီလှေတွေမှာက သဘော်သား ၂၀ လောက်ပါရင် ၁၀ ယောက်လောက်က တို့လို ဆီးဆားဗစ်အဖွဲ့တွေပဲဆိုတော့ နည်းနည်းတော့ အဖော်ရတာပေ့ါကွာ။ တချို့ဆို မိဘက ပိုက်ဆံချမ်းသာကြတယ်ကွ။ ဒီလောက်အလုပ်ကြမ်းကြီး ဘယ်လုပ်နိုင်လိမ့်မလဲကွာ။ ဒီလိုပဲ ဆလင်ကြီးနဲ့ပေါင်း၊ စာရေးနဲ့ပေါင်းပေ့ါ။ သွားရတာကတော့ မြိတ်၊ ကော့သောင်း၊ ထားဝယ်၊ စစ်တွေတို့လို ကမ်းရိုးတန်းမြို့တွေကိုပေ့ါကွာ။ တစ်လ တစ်ခေါက်လောက်တော့ ပြန်ရောက်ပါရဲ့။ ဒါပေမယ့် ဆလင်ကြီးရဲ့ ခွင့်ပြုချက်မရရင် အိမ်မပြန်ရပါဘူးကွာ။ ပြန်ထွက်ခါနီး တစ်ရက်နှစ်ရက်လောက်အလို ကုန်ပေါက်ပိတ်ပြီးမှ ပြန်ခွင့်ပြုတာပါ။ ဒါပေမယ့် ခုတော့ ဒါတွေ မလိုတော့ဘူးပြောတယ်ကွ။ သေသေချာချာတော့ မသိဘူး။ မင်းစုံစမ်းကြည့်ပေ့ါ။ လုပ်ရမယ့် အဆင့်တွေကတော့ များတယ်ကွ။ သင်တန်းတွေလည်း တော်တော်တက်ရတယ် ပြောတယ်ကွ''

ဟု ဆိုကာ ကျွန်ုပ်လုပ်ရမည့် လုပ်ငန်းစဉ်များအား သေသေချာချာ ရှင်းလင်းပြောပြလေ၏။ ကျွန်ုပ်သည် ကိုအောင်ကျော်ထွေး ပြောပြသည့်

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း လိုက်လံစုံစမ်းရ၏။

ကျွန်ုပ်သည် ပထမဦးဆုံး ဆေးစစ်ပုံစံအား ဒေါပုံသင်္ဘောကျင်းတွင် သွားရောက်၍ ဝယ်ယူရလေ၏။ ထို့နောက် သူတို့ညွှန်ကြားသော ဆေးခန်းတစ်ခုတွင် သွေးစစ်ခြင်း၊ ဆီးစစ်ခြင်း၊ ဆိုက်ကိုစစ်ခြင်း၊ အီးစီဂျီခေါ် နှလုံးစစ်ခြင်းတို့အား ပြုလုပ်ရလေ၏။ တစ်ပတ်ခန့်ကြာသောအခါ ဆေးအောင်လက်မှတ်ကို ရရှိလေ၏။ ဆေးအောင်လက်မှတ်ရပြီးနောက် ရေကြောင်းကောလိပ်တွင် ဖိုးတစ်ကက်ဟု အတိုကောက်ခေါ်သော Basic Safety Training သင်တန်းတစ်ခုတက်ရန်အတွက် အမည်စာရင်း ပေးသွင်းရလေ၏။ သင်တန်းကြေးအဖြစ်ငွေတစ်သိန်းပေးသွင်းရပြီး သင်တန်းကာလမှာ နှစ်ပတ်ခန့် ကြာမြင့်မည်ဖြစ်သဖြင့် ကျွန်ုပ်သည် ကျွန်ုပ်၏အရာရှိအား သွားရောက်၍ ညှိနှိုင်းတိုင်ပင်ရာ . . .

"အေးလေ . . . တို့ဌာနအနေနဲ့ လူကောင်းတစ်ယောက်၊ နောက်ပြီး အတွေ့အကြုံရင့်ကျက်တဲ့ ဝန်ထမ်းတစ်ယောက် လက်လွှတ်ဆုံးရှုံးရမယ့် အဖြစ်မျိုးကို ဆရာ့အနေနဲ့ မလိုလားတာတော့ အမှန်ပဲကွ။ ဒါပေမယ့်လည်း . . . မင်းဘဝကောင်းစားရေးအတွက်ဆိုတော့လည်း ဆရာတို့က နားလည်ပေးရမှာပေါ့လေ။ လောလောဆယ် မထွက်ချင်သေးရင်လည်း ဆရာ ခွင့်ရက်ရှည်ပေးထားပါ့မယ်။ မင်းသင်တန်းတက်တုန်းကာလပေါ့"

"ကျေးဇူးတင်ပါတယ် ဆရာ။ ဒါပေမယ့် ကျွန်တော် ထွက်ရမှာပါ။ ဘာကြောင့်လဲဆိုတော့ Pass Port လျှောက်တဲ့အခါကျရင် ဝန်ထမ်းမဖြစ်ရဘူးဆိုတဲ့ ကန့်သတ်ချက် ရှိတယ်ဆရာ။ ဒါကြောင့် ကျွန်တော် အလုပ်က ထွက်လိုက်ပါမယ်။ နောက်လည်း ထွက်ရမယ့်အတူတူ မထူးပါဘူး ဆရာရယ် . . ."

BURMESE CLASSIC .com

ဟု တောင်းပန်ရာ . .

"အေးလေ . . . မင်းသဘောပါပဲ။ ဆရာစီစဉ်ပေးပါ့မယ်။ မင်းထွက်စာလေး စာတင်လိုက်ပါ"

ဟု ကျွန်ုပ်၏အရာရှိက ပြောရာ ကျွန်ုပ်လည်း တစ်ခါတည်းပင် ထွက်စာတင်ကာ အလုပ်မှထွက်ခဲ့လေတော့၏။

ကျွန်ုပ်သည် အလုပ်မှ ထွက်ခဲ့ပြီဖြစ်ရာ ထွက်ခါစရက်၌ လုပ်ဖော်ကိုင်ဘက်များကိုလည်း လွမ်းနေမိ၏။ ရုံးသွားချိန်ရောက်သော် ရုံးပဲ သွားရတော့မလိုလို ထင်မိ၏။ အိမ်မှာလည်း ဟိုသွားရတော့မလို၊ ဒီသွားရတော့မလို၊ ဟိုဟာလုပ်ရတော့မလို၊ ဒီဟာလုပ်ရတော့မလို ဖြစ်နေ၏။ သင်တန်းမှာ အမည်စာရင်း ပေးသွင်းထားပြီး သင်တန်းကြေးပေးသွင်းထားသည့်တိုင် မိမိအမည်စာရင်း ပါမပါ သွားရောက်စုံစမ်းရဦးမည်ဖြစ်သဖြင့် ကျွန်ုပ်သည် အချိန်ဖြုန်းရင်း စောင့်ဆိုင်းနေရလေ၏။ အမှန်တိုင်းဝန်ခံရလျှင် ကျွန်ုပ်သည် သင်္ဘောသားအလုပ်ကို ဝါသနာပါလှသည် မဟုတ်ပေ။ အကယ်၍ ရွှေမြစိန်သာမတိုက်တွန်းခဲ့ပါက ကျွန်ုပ်သည် သင်္ဘောသားလုပ်ရန် တစ်ခါမျှပင် စိတ်မကူးခဲ့မိပေ။ ချစ်ဇနီး ရွှေမြစိန်နှင့် သမီးလေး ပိုးရတီပွင့်ဖြူတို့အား ခွဲ၍ ဘယ်ကိုမှလည်း မသွားချင်ပေ။ သို့သော်လည်း ယခုမူ အလုပ်ကလည်း ထွက်ပြီးပြီဖြစ်၏။ သင်တန်းတက်ရန်လည်း စီစဉ်ပြီးဖြစ်ရာ နောက်ဆုတ်ရန် မဖြစ်နိုင်တော့ပေ။ ထို့အပြင် ရွှေမြစိန်ကလည်း ကျွန်ုပ်နိုင်ငံခြားသင်္ဘောလုပ်တော့မည်ဖြစ်ကြောင်း ရပ်ကွက်ထဲတွင် ကြေငြာထားလေရာ အကယ်၍ မသွားဖြစ်ခဲ့ပါက ကျွန်ုပ်မှာ အရှက်ကွဲရပေတော့မည် ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်မှာ 'နောက်ဆုတ်လှည်းထုတ်၊ ရှေ့တိုးထမ်းပိုး' ဆိုသကဲ့သို့ ဖြစ်၍နေလေ၏။ ကိုယ်နှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့် လုပ်ငန်းခွင်သစ်တစ်ခုကိုလုပ်ဆောင်ရမည် ဖြစ်သည့်အတွက်လည်း ရင်ခုန်နေမိ၏။ ပျော်ရွှင်နေသလိုလည်း ခံစားမိလေ၏။

ကျွန်ုပ်သည် အားလပ်နေသဖြင့် ဗိုလ်တထောင်စေတီတော်ဘက်သို့ ထွက်ခဲ့လေ၏။ ကျွန်ုပ်၏ ဘိုးဘွားများ လှူဒါန်းထားသော မင်္ဂလာသိဒ္ဓိ တန်ဆောင်းအတွင်းရှိ ထိုင်လျက်ဆင်းတုတော်ကြီး သုံးဆူအနက် လက်ျာဘက်အစွန်ဆုံး မဟူရာမျက်ရှင်ဘုရားတွင် ပုတီးစိပ်မည်ဟု စိတ်ကူးမိသည်နှင့်အညီ မင်္ဂလာသိဒ္ဓိ တန်ဆောင်းဘက်သို့ ထွက်လာခဲ့၏။ ကျွန်ုပ်သည် လိပ်ကန်နှင့် ဓာတ်ပုံဆိုင်အဆောက်အဦလေးကြားရှိ လမ်းကျဉ်းလေးထဲမှနေ၍ ဝင်လာခဲ့ရာ ကျွန်ုပ်အား အသင့်စောင့်နေသော ပုဂ္ဂိုလ်တစ်ဦးအား အခန့်သင့် တွေ့လိုက်ရပေ၏။ ထိုပုဂ္ဂိုလ်မှာ အဘိုးသူတော်ကြောင်ပင် ဖြစ်၏။

"လူလေးရောက်လာမယ်ဆိုတာသိလို့ ကျုပ်ကြိုစောင့်နေတာကွယ့်"

ဟု ကျွန်ုပ်အား ဆီးကြို၍ ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"အဘိုးက ကျွန်တော့်ကို ဘာတွေများ ပြောစရာရှိလို့တုံး"

ဟု ကျွန်ုပ်က မေးခွန်းထုတ်လိုက်ရာ -

"ပြောစရာဆိုတာထက် လုပ်စရာတွေ ခိုင်းမလို့ပါဗျ"

ဟု ပြန်၍ပြောလေရာ ကျွန်ုပ်က

"ကျွန်တော် သင်္ဘောတက်မလို့ လုပ်နေတယ် အဘိုးရဲ့။ သိပ်မကြာခင် သင်တန်းတက်ရတော့မယ်။ အဲဒါကြောင့် အလုပ်ကတောင် ထွက်လိုက်ပြီ"

BURMESE CLASSIC .com

ဟု ဖြေလိုက်ရာ -

"ကောင်းတာပေါ့ လူလေးရာ။ ဖြစ်ကို ဖြစ်ရမှာပေါ့။ ဒီလိုပဲ ဖြစ်ရမယ်လေ ..."

ဟု ပြောလေ၏။

"အဲဒါကြောင့် အဘိုးခိုင်းတာကို ကျွန်တော်လုပ်နိုင်ပါ့မလားလို့ ပြောတာပါ"

"မပူပါနဲ့ လူလေးရာ။ သင်တန်းပဲတက်တက်၊ သင်္ဘောပဲတက်တက်၊ နိုင်ငံခြားပဲ သွားသွား လုပ်နိုင်တဲ့ အလုပ်မျိုးကို ကျုပ်က ခိုင်းမှာပါဗျ။ မပူနေစမ်းပါနဲ့။ ငြင်းဖို့လည်း စိတ်မကူးပါနဲ့"

ဟု ဇွတ်ပြောလေ၏။

"ကောင်းပါပြီလေ။ ကျွန်တော် လုပ်နိုင်လို့ကတော့ လုပ်မှာပါ"

ဟု ကတိခံလိုက်ရ၏။

"ဒီလိုကွယ့် လူလေးရဲ့။ အရင်တစ်ခေါက်က ကျုပ်လူလေးကို သရဏဂုံတည်ဖို့၊ သရဏဂုံကို ပုတီးစိပ်ဖို့ ပြောခဲ့တာ မှတ်မိမှာပေါ့"

"မှတ်မိပါတယ်အဘိုး။ အဘိုး ပြောပြီးကတည်းက ... ကျွန်တော် သရဏဂုံတည်အောင် ကြိုးစားပါတယ်။ ပုတီးလည်း မှန်မှန်စိပ်ပါတယ်။ အခုတောင် ဘုရားမှာ ပုတီးစိပ်မယ်ဆိုပြီး ထွက်လာခဲ့တာပါ အဘိုး"

"အေးကွယ် ကောင်းပါလေ့။ သာဓု ... သာဓု ... သာဓုပါဗျာ။ သရဏဂုံဆောက်တည်ခြင်းနဲ့ ပတ်သက်လို့ လူလေးကို အဘိုးနည်းနည်းလောက် ရှင်းပြချင်တယ်ကွယ် ...။ တကယ်တော့ သရဏဂုံဆိုတာ ယုံကြည်လေးမြတ်စွာ တစ်ကြိမ်တည်ထားလျှင် ယုံကြည်စိတ်မပျက်သမျှ ယုံကြည်ရာ ဝတ္ထု (ဘုရား၊ တရား၊ သံဃာ)မပြောင်းသမျှ၊ အသက်မသေသေးသမျှ တစ်သက်လုံး တည်တယ်ကွ။ ဒါဆို နောက်ထပ်ဖြည့်ကျင့်တာတွေက အပိုတွေ ဖြစ်မနေဘူးလားလို့ လူလေးက မေးစရာရှိတယ်၊ မကောင်းမှု အကုသိုလ်တရားကို မဖြစ်သေးက အသစ်မဖြစ်စေဘဲ၊ ဖြစ်ပြီးပါက ပယ်ပစ်ရမည်။ ကောင်းမှုကုသိုလ်တရားကို မဖြစ်သေးက အသစ်ဖြစ်စေပြီး နောက် ဖြစ်ပြီးပါက တိုးပွားသည်ထက် တိုးပွားအောင် ကြိုးစားရမည်လို့ ဘုရားရှင်ကိုယ်တော်တိုင် မိန့်မြွက်ဟောကြားတော်မူခဲ့တယ်ကွယ့် ...။ သရဏဂုံကို အထပ်ထပ်ဆောက်တည်ခြင်းသည် သရဏဂုံအထုံကို ရနိုင်တယ်။ အထုံစွဲမြဲနေတဲ့ သရဏဂုံဟာ သေခါနီးမှာတောင် အာရုံနိမိတ်ကောင်းထင်ပြီး ဒုဂ္ဂတိဘဝမှ လွတ်အောင် ကယ်တင်နိုင်တယ်လို့ ထေရအပဒါန် သုဘူတိဝဂ်လာ 'သရဏာဂမနိယထေရ်'ရဲ့ အတိတ်ဇာတ်လမ်းက ထင်ရှားစေတယ်ကွယ့်။ သရဏဂုံကို အထပ်ထပ်ဆောက်တည်ခြင်းသည် အဝတ်နွမ်းကို လျှော်ဖွပ်စင်ကြယ်စေသကဲ့သို့ သရဏဂုံ၏ ညစ်နွမ်းမှုကို စင်ကြယ်သစ်လွင်စေတယ်။ ဒါကြောင့် သရဏဂုံ ကိုယ်လုံးထုံပြီး စင်ကြယ်သစ်လွင်မှုရှိအောင် အထပ်ထပ် ဆောက်တည်ရမယ်လို့ ပြောတာပေါ့ကွယ်။ ဒါကြောင့် သရဏဂုံ သုံးပါးစုံ ကြည်ညိုပုတီးစိပ်၊ သရဏဂုံ ကိုယ်လုံးထုံ ပြည့်စုံသိဒ္ဓိဟိတ်၊ သရဏဂုံကို ကိုယ်လုံးထုံ အာရုံထင်နိမိတ်၊ အန္တရာယ်ကင်း ကပ်ကျော်နင်း ပေါ်ခြင်း လာဘ်မဆိတ်လို့ ဆိုတာပေါ့ကွယ် လူလေးရယ်"

"ကောင်းလိုက်တာ အဘိုးရယ်။ အခုလိုရှင်းပြတာ သိပ်ကျေးဇူးတင်ပါတယ်။ ဒါထက် နောက်ထပ်သိချင်တာလေးတစ်ခုလောက် မေးပါရစေ။ သရဏဂုံ ညစ်နွမ်းတယ်ဆိုတာက ဘာများလဲ အဘိုးရဲ့"

ဟု ကျွန်ုပ်ကမေးရာ -

"ဒီလိုကွယ့် လူလေးရဲ့။ သရဏဂုံကို ခံယူဆောက်တည်ရာမှာ သရဏဂုံညစ်နွမ်းကြောင်းတရားများ ရှိနေလျှင် သရဏဂုံမမြောက်နိုင်ဘူးကွယ့်။ သရဏဂုံဆောက်တည်ထားပြီး ဖြစ်လျှင်လည်း ညစ်နွမ်းနိုင်တယ်လို့ ဆိုတယ်။ အဲဒီတရားကတော့ ...

၁။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး(ဂုဏ်တော်များ)ကို ကောင်းကောင်းမသိခြင်း၊ လုံးလုံးလျားလျားမသိခြင်း၊ ကိုးကွယ်ရမှန်းမသိခြင်း (မောဟ)။

၂။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအပေါ် အစစ်အမှန်ဟုတ်ပါ့မလားဟု ယုံမှားသံသယဖြစ်ခြင်း (ဝိစိကိစ္ဆာ)



www.burmeseclassic.com

www.burmeseclassic.com

၃။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ် အမှန်မမြင်ဘဲ အမှားမြင်ခြင်း၊ (အရဟံ)စသော ဂုဏ်တော်မဟုတ်ဟု ပြောင်းပြန်မြင်ခြင်း၊ ရတနာ မြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်မှုသည် အလကားပါ စသည်ဖြင့် အယူမှားခြင်း မိစ္ဆာဒိဋ္ဌိအယူရှိခြင်း၊ (ဒိဋ္ဌိ)

၄။ ဘုရား၊တရား၊သံဃာ ... ရတနာမြတ်သုံးပါးကို မယုံကြည်မလေးစား မမြတ်နိုးခြင်း၊ မကြည်ညိုခြင်း၊ ဘုရားရှိခိုးမှု စသည်တို့ မပြုလုပ်ခြင်း (သဒ္ဓါ၏ ဆန့်ကျင်ဘက် အကုသိုလ်တရား)

...စတာတွေဟာ သရဏဂုံ ညစ်နွမ်းစေခြင်း တရားတွေပဲကွယ့် လူလေးရဲ့"

ဟု ရှင်းပြလေ၏။ ထိုအခါ ကျွန်ုပ်က –

"အဘိုးရယ် ... အလောင်းကို သရဏဂုံတင်တာကျတော့ရော"

ဟု ကျွန်ုပ်က စောဒက တက်လိုက်ရာ –

"အဲဒါကျတော့ သရဏဂုံ ပျက်ခြင်းဆိုတဲ့အကြောင်းက စပြောမှ ဖြစ်မယ်ကွယ့်။ လောကီသရဏဂုံဆိုတာ အမြဲတည်ပြီလို့ စိတ်မချရဘူးကွယ့်။ အချိန်မရွေး ပျက်တတ်တယ်။ အဲဒီလိုပျက်ရာမှာလည်း အပြစ်ရှိသော ပျက်ခြင်းနဲ့ အပြစ်မရှိသော ပျက်ခြင်း ဆိုပြီးတော့ နှစ်မျိုးရှိပြန်တယ်ကွယ့်။ အပြစ်ရှိသော ပျက်ခြင်းဆိုတာက တော့ ...

ဘုရားမှတစ်ပါး အခြား(တိတ္ထိ) စသော ဆရာများကို အလေးအမြတ် အနေဖြင့် ကိုးကွယ်လျှင်လည်းကောင်း၊ ဘုရားရှင်ရဲ့အယူဝါဒမှတစ်ပါး အခြား ဘာသာအယူဝါဒကို ပြောင်းလျှင်လည်းကောင်း သရဏဂုံပျက်တာကို အပြစ်ရှိသော သရဏဂုံ ပျက်ခြင်းလို့ ခေါ်တယ်။ (သာဝဇ္ဇ)

သေလျှင် သရဏဂုံ (ကုသိုလ်စိတ်) မရှိတော့သောကြောင့် သရဏဂုံ ပျက်တယ်။ အဲသည်လို ပျက်ပျက်ခြင်း မျိုးကိုတော့ အပြစ်မရှိသော ပျက်ခြင်း လို့ခေါ်တယ်။ (အနဝဇ္ဇ)

တကယ်တော့လူလေးရယ် သေပြီဆိုမှဖြင့် ဘာမှမသိ၊ ဘာမှမရှိ၊ ကုသိုလ်စိတ်လည်း မရှိ၊ အကုသိုလ် စိတ်လည်း မရှိတော့ပါဘူး။ အဲသည်လို ပျက်ခြင်းမျိုးကျတော့ မကောင်းကျိုးလည်းမပေး၊ ကောင်းကျိုးလည်း မပြုတတ်သော တရားဖြစ်ခြင်းကြောင့် အပြစ်မရှိသော ပျက်ခြင်းလို့ ခေါ်တာပေါ့။ ဆိုလိုတာကတော့ လူတစ်ဦးတစ်ယောက် သေပြီဆိုမှဖြင့် သရဏဂုံပျက်သွားပြီပေါ့ကွာ။ အဲသည်အလောင်းကောင်ကို သရဏဂုံတင်နေလို့လည်း ရနိုင်တာမျိုး မဟုတ်ပါဘူး။ သို့သော်လည်း သေသူဟာ သရဲ၊ တစ္ဆေ၊ မြေဖုတ်၊ မှင်စာ၊ အစိမ်း၊ နတ်စိမ်း၊ နတ်ဘီလူးစသည် အကြီးစားပြိတ္တာ အသူရကာယ်ဘဝမျိုး ရောက်နေပြီး သတိရနေသေးတယ်ဆိုရင် သရဏဂုံကို ရပါစေ၊ ယူပါစေတော့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အလောင်းကို သရဏဂုံ တင်ကြတာပါ။ တကယ်တော့ သေတဲ့သူက သရဏဂုံ မတည်နိုင်တော့ပါဘူး ..."

ဟု ရှင်းပြလေမှ ကျွန်ုပ်သည် သင်္ချိုင်းကုန်းတွင် သရဏဂုံတင်ခြင်း အကြောင်းကို ဂဃဏန သိခွင့်ရပေတော့၏။ ကျွန်ုပ်သည် အဘိုးသူတော်ကြောင်အား ကျေးဇူးတင်လွန်းသဖြင့် ဦးသုံးကြိမ်ချ၍ ကန်တော့မိလေ၏။

"ဩော် ... ဒါထက် အဘိုး ကျွန်တော့်ကို ခိုင်းစရာရှိတယ်ဆို။ ဘာများခိုင်းမလို့လဲ အဘိုး"

ဟု ကျွန်ုပ်ကမေးလိုက်ရာ –

BURMESE CLASSIC .com

'လူလေးကို ကျုပ်ခိုင်းမယ်ဆိုတာက တခြားမဟုတ်ဘူးကွယ့် ...။ လူလေးကို ဥပုသ်စောင့်ခိုင်းမလို့ပဲ။ အနည်းဆုံး တစ်ပတ်မှာ ဥပုသ်နေ့နဲ့ မိမိမွေးနေ့နှစ်ရက်တော့ အနည်းဆုံး စောင့်ရမယ်။ ဥပုသ်စောင့်ရက်တွေမှာလည်း သက်သတ်လွတ်စားရမယ်။ ပြီးတော့ ယောဂီဝတ်စုံကို ဝတ်ရမယ်ကွယ့်။ လူလေးအနေနဲ့ ဒီလောက်တော့ လုပ်နိုင်မယ်ထင်ပါတယ် ..."

ဟု အဘိုးသူတော် ကြောင်က ပြောရာ ကျွန်ုပ်က –

"ဥပုသ်စောင့်တာတော့ ဟုတ်ပါပြီ အဘိုးရယ်၊ ဘယ်နှပါးသီလ စောင့်ရမှာတုံး အဘိုးရဲ့"

"စောင့်ခါစတော့ ငါးပါးသီလ ပေါ့ လူလေးရယ်။ နောက်နိုင်သွား တော့လည်း တိုးပြီးစောင့်တာပေါ့"

ဟု ပြောလေ၏။

"ထားပါတော့ အဘိုးရယ်။ သက်သတ်လွတ်စားဖို့ကျတော့ ကျွ တော်က အကျင့်မရှိဘူး အဘိုးရဲ့၊ ဖြ ပါ့မလား။ နောက်ပြီး လွန်ခဲ့တဲ့ အနည်းငယ်တုန်းက မဂ္ဂဇင်းတ စောင်မှာ ဂမ္ဘီရ စာရေးဆရာ ယောက် သက်သတ်လွတ် စား မစားသင့် အငြင်းပွားရေးကြတာ ကျွ တော်ဖတ်ဖူးတယ်အဘိုးရဲ့။ သူတို့ ယောက်စလုံးကတော့ အထော



www.burmeseclassic.com

www.burmeseclassic.com

အထားတွေနဲ့ တင်ပြကြတော့ ဖတ်ရသူအဖို့တော့ အလွန်ကောင်းပါတယ်။ ကျွန်တော့်အမြင်အရတော့ သက်သတ်လွတ်စားခြင်း၊ မ စားခြင်းကိစ္စဟာ မိမိစိတ်နဲ့ပဲ ဆိုင်တယ်လို့ ထင်တာပဲ အဘိုး''

ဟု မိမိအထင်ကိုပြောလိုက်ရာ

''စိတ်နဲ့ပဲ ဆိုင်တယ်လေး ဘာလေးနဲ့ လူလေးကပြောရအောင် လူလေးက ကိုယ့်စိတ်ကို ဘယ်လောက်များ ထိန်းနိုင်နေလို့လဲကွယ့်။ ကိုယ့်ကိုယ်ကို သိပ်လည်း အထင်မကြီးစမ်းပါနဲ့ လူလေးရယ်။ စိတ်ကိုထိန်းတယ်ဆိုတာ လွယ်တဲကိစ္စမဟုတ်ပါဘူး။ အရိယာသူတော်စင်ကောင်းတွေမှ လုပ်နိုင်တဲ့ကိစ္စပါကွ။ လူလေးရဲ့စိတ်ကို တစ်မိနစ်၊ တစ်စက္ကန့်တောင် ငြိမ်အောင် ထိန်းကြည့်စမ်းပါဦး။ ထင်သလောက်မလွယ်ပါဘူး။ ဒီအကြောင်းတွေပြောရင် ရှည်နေဦးမှာမို့ နောက်များကြမှ ပြောကြသေးတာပေါ့လေ။ ဥပုသ်စောင့်မယ်၊ ဥပုသ်စောင့်တဲ့ရက်မှာ သက်သတ်လွတ်စားမယ်၊ နောက်တစ်ခုက ဥပုသ်စောင့်တဲ့အခါ ယောဂီဝတ်စုံ ဝတ်ရမယ်ကွယ့်''

အဘိုးသူတော်ကြောင်က ပြောရာ -

''ဟာ ... အဘိုးရာ၊ ဒါတော့ မလုပ်ပါနဲ့။ တော်ကြာ လူတွေက ကျွန်တော့်ကို ဘိုးတော် ဘိုးတော်နဲ့ နောက်ပြောင်နေကြဦးမယ်။ နောက်ပြီး ကျွန်တော်ရက်တယ် အဘိုးရဲ့''

''တယ်လည်း ခက်သကိုးကွယ့် လူလေးရဲ့။ လူလေးကို ကျုပ်တစ်ခု ပြောပြမယ်။ သေသေချာချာ နားထောင်။ ယောဂီဝတ်စုံဆိုတာ ဘုရားအလုပ် လုပ်သူတွေအတွက် ယူနီဖောင်းပဲကွ။ စစ်တပ်ထဲဝင်ရင် စစ်ယူနီဖောင်းဝတ်ရမယ်။ ဝတ်ချင်၊ မဝတ်ချင် ဝတ်ရမယ် ... ဒါတာဝန်ပဲ။ အဲလိုပဲ ရဲထဲဝင်ရင်လည်း ရဲယူနီဖောင်း ဝတ်ရမှာ တာဝန်ပဲကွယ့်။ ဘုရားအလုပ် လုပ်ရင်လည်း ဘုရားယူနီဖောင်းကို ဝတ်ရမှာ တာဝန်ပဲကွ။ တစ်ခုရှိတာက တို့က ရဟန်းသံဃာတော်တွေလို ၂၂၇ သွယ်သော သိက္ခာပုဒ်ကို မစောင့်ထိန်းလေတော့ အဝါရောင်သင်္ကန်းတော့ မဆင်မြန်းရဘူးပေါ့လေ။ ဒီမှာ လူလေး ... စစ်ယူနီဖောင်း ဝတ်ထားသူတစ်ယောက်ကို စစ်သားပါလို့ ပြောစရာမလိုဘဲ သိနိုင်သလို သင်္ကန်းတွင်းမှာ ယောဂီဝတ်စုံလေး ဝတ်ထားတဲ့သူကို ဥပုသ်သည်ပါလို့ ပြောစရာမလိုဘဲ ကလေးတွေက သိနေကြလို့ ရေမပက်ကြပါနဲ့ဥပုသ်သည်မို့လို့ပါလို့တောင် ပြောစရာမလိုဘူး မဟုတ်လားကွ။ ဒီမှာလူလေး ... ကောင်းတာလုပ်တာကို ရှက်စရာလို့ မြင်တာလောက် ရှက်စရာကောင်းတာ ... လောကမှာ ဘယ်ဟာမှ မရှိတော့ဘူးကွ၊ မှတ်ထား''

ဟု ပြောလေ၏။ ကျွန်ုပ်သည် အဘိုးသူတော်ကြောင်အား နိုင်အောင် ယှဉ်၍ မပြောနိုင်တော့ဘဲ သူခိုင်းတဲ့အတိုင်း လုပ်ပါမည်ဟု ကတိပေးလိုက်ရလေတော့၏။

''တစ်ခုတော့ ရှိပါတယ် အဘိုး။ အဘိုးခိုင်းတာကို ကျွန်တော် လုပ်ပါမယ်။ ဒါပေမယ့် ကျွန်တော်က သင်္ဘောသားလုပ်မှာဆိုတော့ သင်္ဘောပေါ်ရောက်ရင်တော့ အခြေအနေအရ လုပ်နိုင်ချင်မှ လုပ်နိုင်မယ်နော်အဘိုး''

ဟု ကျွန်ုပ်က စောဒကတက်လိုက်ရာ -

''လုပ်နိုင်ပါတယ်ကွာ။ သင်္ဘောသားလုပ်ရုံမကလို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ပဲလုပ်လုပ် ကျုပ်က လုပ်နိုင်တဲ့ အလုပ်ကို ခိုင်းတာပါကွ။ တစ်ခုပဲရှိတယ်၊ သင်္ဘောသားဆိုတော့ သင်္ဘောသားယူနီဖောင်း ဝတ်ရမှာဆိုတော့ ယောဂီယူနီဖောင်း မဝတ်နိုင်တာလောက်တော့ ရှိမှာပေါ့။ ဒါလောက်တော့ ပြဿနာမရှိပါဘူး။ ကဲ ... ဒါပဲဟေ့။ လူလေး လုပ်စရာရှိတဲ့ အလုပ်ကို ဆက်လုပ်ပေတော့ကွ။ လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ ဝဋ်ကြွေးရှိလို့ လုပ်ရတယ်လို့ သဘောထားပြီး လုပ်သာလုပ်ကွ''

ဟု ဆိုကာ သူ၏ ယောဂီတစ်ခြင်း၊ အဖြူတစ်ခြမ်း လွယ်အိတ်ကြီးအား လွယ်၍ 'တောင်ဝှေးကြီးအား တဒေါက်ဒေါက်ခေါက်ကာ ထွက်၍ သွားလေတော့၏။

ကျွန်ုပ်မှာသာ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိဟု စိတ်မှရေရွတ်ယင်း ပုတီးစိပ်နေသည့်တိုင် ကျွန်ုပ်၏စိတ်သည်ကား ထိန်းချုပ်၍မရဘဲ ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်၍နေပေတော့သတည်း။

BURMESE CLASSIC .com

(ဆက်ရန်)

ပြီး



www.burmeseclassic.com

www.burmeseclassic.com

# လက်ဆောင့် နှုတ်ဆောင့်

ရှင်မပေါ်

BURMESE CLASSIC .com

**အအေးနဲ့အပူ**

ရှမ်းပြည်နယ် (အရှေ့မြောက်)ရှိ ကွတ်ခိုင်မြို့သည် လွန်ခဲ့သော ဆယ်စုနှစ်လေးခုကျော် အချိန်ကမူ အလွန်ထူးခြားဆန်းကြယ်ခဲ့သော မြို့ပင်ဖြစ်ပါသည်။ မြို့ပေါ်၌ ရပ်ကွက်ခြောက်ခုရှိပြီး ရပ်ကွက်(၅)တစ်ခုသာ ရှမ်းလူမျိုး ဗုဒ္ဓဘာသာများရှိကာ ရပ်ကွက်(၆)မှာမူ ဒေသခံ တရုတ်အချို့နှင့် စစ်မှုထမ်းဟောင်းများဖြစ်ပြီး မြို့တွင်းအချက်အချာ Down Town ၌ မြို့တိုင်း၏ ထုံးစံ အတိုင်း တရုတ်ဈေးဆိုင်များ၊ ခရီးသည်လိုင်းကားများ၊ Admin Block ခေါ် ဌာနဆိုင်ရာ ရုံးများနှင့် ကျန်ရပ်ကွက်အများစုမှာ တိုင်းရင်းသားကချင်လူမျိုးတို့ အသီးသီး သွားလာလှုပ်ရှားနေထိုင်ကျက်စားကြကုန်၏။

တပ်ပိုင်းဆိုင်ရာဘက်တွင် ကြည့်ပြန်လျှင်လည်း ရတနဗဟ(နောင်၊ ရတတမခ)တစ်ခု၊ ခလရ (–)တစ်ရင်း၊ လေအုပ်(–)၊ မဆရ(–) ခုတင် ၄၀ ဆွယ်တစ်ခု၊ သခက ၁၆ တစ်ခု၊ အမတ(–)မြေပြင်ပစ် အမြောက်တစ်ခွဲ၊ ရတတပရ(–) ဆွယ်တစ်ခု၊ စမအ (–)ဆွယ်တစ်ခု၊ ထိပ်တန်း၊ ထလရ ဆွယ်တစ်ခုစီတို့ အသီးသီးရှိကြသည်။ အရပ်ဘက်ဌာနဆိုင်ရာများ အနေဖြင့် မြို့အင်္ဂါရပ်နှင့်အညီ ပြည့်ပြည့်စုံစုံ ဖွဲ့စည်းထားလေသည်။

ရပ်ကွက်(၅)၏အနီး၊ မြို့၏ အရှေ့ဘက် မျက်နှာစာတွင် ရှမ်းပြည်နယ်၏ သဘာဝအတိုင်း အတန်ငယ်မြင့်မားသော တောင်ကြော၊ တောင်ကုန်းများက စီးမိုးလျက်ရှိပြီး ချယ်ရီနှင့်တကွ အမျိုးအစား စုံလင်လှစွာသော သစ်တောသစ်ပင်များကလည်း အလွန်အေးချမ်းသည့် ရှမ်းမြို့လေးကို အချမ်းပို၊ အလွမ်းပိုအောင် အလှဆင်နေကြပြန်သည်။ တစ်ခုတည်းသော ဘုရားတောင်ကုန်းမှာ ထုံးသင်္ကန်းဖွေးဖွေးဖြင့် အဝေးမှ မမြင်တမြင် ပိုးတဝါးဖူးမြော်ရသည်မှာလည်း လွမ်းမောကြည်နူးဖွယ် ကောင်းပေစွ။ (ယခုအချိန်တွင် ဆင်ခြင်တုံတရားမဲ့စွာ တောခုတ်မှုများကြောင့် ခေါင်းတုံးနီးနီးဖြစ်နေပြီး အဝေးမှပင် ရှင်းလင်းမြင်သာအောင် ဖူးမြော်နေရပါ၏။)

မြန်မာပြည်တွင် ဥတုသုံးပါးရှိသည်ဟု ရေးရိုးရေးစဉ်၊ ပြောရိုးပြောစဉ်၊ ဆိုရိုးဆိုစဉ် ရှိလေသော်လည်း ဤကွတ်ခိုင်မြို့၌မူ မိုးဥတုနှင့် ဆောင်းဥတု နှစ်ပါးသာ မင်းမူလျက် ရှိပြန်ပါသည်။ နွေဥတုကား အလွန်ရှားပါးပေစွ။ သတိမမူမိမီမှာပင် မည်ကဲ့သို့ ကုန်ဆုံးကျော်လွန်သွားသည် မသိလိုက်။ အေးလိုက်သည်ကလည်း အရိုးကွဲလောက်သည်။ ရိုးတွင်းခြင်ဆီထိ မေးတဆတ်ဆတ် ခိုက်ခိုက်တုန်မှု ရေတိုင်ကီ၊ ရေအိုးတို့၏ မျက်နှာပြင်၌လည်း နံနက်မိုးသောက် အလင်းရောက်ချိန်တွင် မျက်နှာသစ်မည်ဟု ရေယူရန် ကြည့်လိုက်တိုင်း အပေါ်ပိုင်း မျက်နှာကြောမှာ ရေခဲခဲတတ်ဖြင့် တုန်



www.burmeseclassic.com

www.burmeseclassic.com

တုန်တင်းတင်းလေး။ သေးငယ်သည့် အိုး၊ ခွက်၊ ပန်းကန်တို့၌မူ ပြောဖွယ်ရာ မရှိ။ ရေခဲခြစ်နှစ်သက်လျှင် ညဦးတည်းက နို့ဆီ၊ သကြားနှင့် ရောသမမွှေပြီး လဟာ ပြင်မှာပစ်ထားလိုက်။ နေက်ခင်းသွားကောက်ချိန်မှာ အချပ်လိုက်ခဲနေပြီ။

လူသားအားလုံး (အရပ်ဘက်ရော၊ တပ်ဘက်ပါ) အလွန်ထူထဲလှသော အမွေးပွပွ အနွေးထည်များ၊ ခေါင်းစွပ်များ၊ ဂွမ်းကပ်များဖြင့်သာ အစဉ်နေကြရလေ၏။ ဤမျှ အေးချမ်းလှသော အရပ်ဒေသရှိ ဘုရားတောင်တန်း လုံခြုံရေးတပ်စခန်းတွင် အေးချမ်းမှုနှင့် သဟဇာတမကျသည့် အလွန်အံ့ဩဖွယ်ရာ 'ချွေးပြန်မှု' ဟာစ်ခု ဖြစ်ပွားခဲ့ရပါသည်ဆိုလျှင် . . .။

သဘာဝတရားကြီးတွင် "ဆန့်ကျင်ဘက်အရာတို့မှာ အမြဲတစေ ဒွန်တွဲ၊ လွန်ဆွဲလျက်" ရှိသည်ဟု ဖတ်မှတ်လေ့လာခဲ့ရသည်။ သို့ဆိုလျှင် 'အအေး'ရှိနေမှတော့ 'အပူ'ဆိုတာလည်း မလွဲမသွေ ရှိနေရမည် မုချ။ ဟုတ်ကဲ့ ကွတ်ခိုင်မြို့ရဲ့ (တစ်နယ်လုံး) အပူများကတော့ ဒီလိုပါ။

ဗကပခေါ် တပ်မဟာ နိုင်ငံရေးမှူးအဆင့်ရှိ ထွန်းတင်ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီအဖွဲ့၊ KIA ခေါ် တပ်မဟာမှူးအဆင့်ရှိ ဦးမထုနော် ခေါင်းဆောင်သော တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့၊ ၎င်းတို့ ဩဇာခံ မဟာမိတ်လောင်တိုင်းရင်းသား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ လက်နက်ကိုင်ဓားပြယောက်ျားလေ့ရှိသော လမ်းဓားပြအဖွဲ့သည်တို့ အပြင် မြင်တွေ့နိုင်၊ မမြင်တွေ့နိုင်သော သဘာဝအန္တရာယ် အသွယ်သွယ်တို့ပင်တည်း။ မည်သို့ဆိုစေ . . .။

## အဖြစ်နှင့် အသစ်

"အစဉ်နုပျိုသော တပ်မတော်" မှန်သည်။ အမြဲမှန်နေတဲ့ (လောကီပညတ်) ဆောင်ပုဒ်ပါ။ အဟောင်းတို့ငြိမ်းချမ်းလျှင် အသစ်တို့ဖြစ်ပေါ်မြဲဓမ္မတာ။

၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ နံနက် တန်းစီပြီးသောအချိန် ၀၈း၃၀ နာရီခန့်။ နေရာကား ခလရ (–)၊ တပ်ရေးဗိုလ်ကြီး၏ ရုံးခန်း။ ကိစ္စမှုကား ကျောင်းဆင်းရောက်ရှိလာသည့် တပ်သားသစ် ၁၅ ဦးကို တွေ့ဆုံဩဝါဒပေးရန် ပုဂ္ဂိုလ်ကား ဗိုလ်ကြီးအောင်သူ (ကာသာမယ်၏ ခင်ပွန်း)။

ထုံးတမ်းစဉ်လာအရ တစ်ဦးချင်းက ကိုယ်ရေးအကျဉ်းကို မိတ်ဆက်တင်ပြကြရ၏။ လိုအပ်လျှင် ဗိုလ်ကြီးက ဖြတ်၍ မေးမြန်းထိန်းကျောင်း၏။ ဗိုလ်ကြီးက တပ်သားသစ်များ သိထားအပ်သော နယ်မြေ၊ ဆက်စပ်တပ်များ၊ သတင်း(ရန်သူ၊ မိမိ)တပ်ဖွဲ့စည်း၊ ဖြည့်ခွဲပုံအကျဉ်း၊ ရန်သူအလေ့အထ၊ လိုက်နာကျင့်သုံးရမည့် နည်းလမ်းဗျူဟာ၊ ထူးခြားဖြစ်စဉ်နှင့် နောက်ဆုံးအခြေအနေ၊ အရာရှိ၊အရာခံ၊အကြပ်များ၏ အမိန့်နာခံမှု စသည်တို့ကို ရှင်းလင်းမှာကြားလိုက်လေသည်။ ၎င်းနောက် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စိန်အောင်(မကွေးဒေသပါတီ ဥက္ကဋ္ဌ–ငြိမ်း)ထံ ဆက်လက်တွေ့ဆုံဩဝါဒခံယူရပြန်ပါသည်။

၎င်းနောက် တပ်ရေးဗိုလ်ကြီးက တပ်ခွဲများအလိုက် ဖြန့်ခွဲနေရာချထား/တာဝန်ပေးပြီး၊ နိဂုံးချုပ်စကား ပြောကြားရာတွင်မူ . . .

"အေး . . . မင်းတို့ သိသင့်သိထိုက်တဲ့ ကိစ္စအတော်များများကိုတော့ လိုအပ်သလောက် အကျဉ်းချုပ်မှာထားလိုက်ပြီ။ တပ်မတော်သားဘဝထဲရောက်လာကြပြီ။ စစ်သားဖြစ်ပြီ ဆိုပါတော့ကွာ။ 'အမိန့်နာခံမှုက အဓိကပဲ'။ ဘာလို့လဲဆိုတော့ ဝါရင့်နောင်တော်ကြီးတွေ၊ အကြပ်အရာရှိတွေရဲ့ ဦးဆောင်မှုအတိုင်း လိုက်ရမှာ ဖြစ်လို့ပဲ။ မင်းတို့သိသမျှ၊ တတ်သမျှ၊ သင်ကြားခံယူထားသမျှဟာ လောကကြီးနဲ့ နှိုင်းယှဉ်လိုက်ရင် ပင်လယ်ကြီးနဲ့ ရေဘူးလောက် ကွာသေးတယ် ဟုတ်လား။ ဒီတော့ စစ်သားတွေဆိုတာက Three -W; War, Women & Wine လို့ ကမ္ဘာစစ်ပွဲတွေ အဆက်ဆက်ကတည်းက ဆင်းသက်လာတာ ဖြစ်ပေမယ့်၊ ဘယ်ဟာမဆို 'တန်ဆေး–လွန်ဘေး'ပဲကွ။ အဲဒါ မြဲမြဲမှတ်ထားကြ။ ဒီအရပ်က အေးတယ်။ အရက်ဆိုတာက ပေါမှပေါ။ ရာသီဥတုအကြောင်းပြပြီး ခေါင်းဆောင်နောက်လိုက် လွဲမှားလို့ အမူးလွန်ရင် စစ်ဘက်ဥပဒေအရ အပြစ်ဖြစ်နိုင်သလို ကျန်းမာရေးထိခိုက်ပြီး နောက်ဆုံး နှင်းတောထဲ မူးလဲလို့ ပတ်ဝန်းကျင်က မသိ၊ မတွေ့လိုက်တဲ့အခါ သွေးခဲပြီး အလဟဿသေသွားကြရတဲ့ ရဲဘော်တွေ ရှိခဲ့တယ်။ ရှိနေသေးတယ်။ မင်းတို့ပါ မသွားဖို့ ဂရုစိုက်။ ပြီးတော့ လူမျိုးအရပ်ဒေသအလိုက် ထူးခြားတာတွေလည်း ရှိတယ်။ မမှားသင့်တာ မမှားရ



www.burmeseclassic.com

www.burmeseclassic.com

အောင် ဆရာ့စကား နားထောင်ကြ။ နှုတ်ဆော့ လက်ဆော့လည်း မလုပ်ကြနဲ့''

ဟု အထက်တာဝန်ရှိတစ်ဦး၏ မူလဆိုဆုံးမဩဝါဒစကား မှာကြားလိုက်လေသည်။

ပြီးသော် သက်ဆိုင်ရာ တာဝန်ကျရာ တပ်ခွဲအသီးသီးသို့ သတင်းပို့ကြရပြီး လိုအပ်သော အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ခြင်း၊ နောက်တန်းအုပ်ချုပ်မှုတပ်ခွဲ၏ ကြီးကြပ်မှုဖြင့် မွမ်းမံသင်တန်း တက်ရောက်စေခြင်း၊ တပ်ရင်း၏ လုပ်ငန်းတာဝန်များ၊ တပ်သားတစ်ယောက်အတွက် တစ်နေ့တာ လုပ်ဆောင်ဖွယ်ရာများ၊ ဌာနတပ်ခွဲအသီးသီးတို့၏ ပုဂ္ဂိုလ်၊ တာဝန်စသည့် လေ့လာမှတ်သားစရာများ၊ တပ်အမျိုးမျိုး၊ လူပျိုလိုင်း၊ အိမ်ထောင်သည်လိုင်း (အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား)တပ်တွင်း ဈေးတန်း၊ တပ်ပြင်ဈေးတန်း (ပလောင်ဈေး)၊ ရုပ်ရှင်ရုံ (သူရအေးချိုခန်းမ)၊ မြို့တွင်းလမ်းကြောင်း၊ မြို့မဈေးနှင့် ဌာနဆိုင်ရာများ စသည် စသည်ဖြင့် အလွန်များပြားလှစွာသော ကြောင်းခြင်းရာတို့ကို အချိန်ရှိခိုက်၊ လုံ့လစိုက်၊ လုံ့လစိုက်ကာ တက်သုတ်ရိုက် ဆောင်ရွက်ကြရလေ၏။

သင်တန်းကာလ နှစ်ပတ်မျှ လွန်မြောက်ပြီးဆုံးသောအခါ ဌာနခ တပ်ခွဲအရာခံဗိုလ် ဆရာကြီးလှရွှေမှ အမိန့်အရ မြို့လုံခြုံရေးအပြင် စည်းရှိ စခန်းအသီးသီးသို့ တာဝန်ကျတပ်သားများကို လိုက်လံပို့ဆောင် တာဝန်ချထားပေးပါသည်။ ကျန်ရှိသော အခြားတပ်သားများလည်း တာဝန်ကျသော သက်ဆိုင်ရာ တပ်ခွဲအသီးသီးသို့ သတင်းပို့ခွဲထွက်သွားကြလေတော့၏။

## ထူးထူးခြားခြား ဓောင်ပေါ်ဘုရား

တပ်စိတ်မှူးက ဆရာစောလှခင် ကချင်လူမျိုး၊ ကိုယ်ပိုင်အမှတ်က (၂၂၉--) အရွယ်ရနေပြီ။ တစ်သက်လုံး ဘဝမြှုပ်နှံတာဝန်ထမ်းခဲ့ရင်း ဘဝဒဏ်ရာဒဏ်ချက် တိုက်ပွဲများ (လူ့ပယောဂ)နှင့် ရာသီဥတု (သဘာဝ)တို့၏ ထုထောင်းမှု အစုစုတို့ကို ခါးစီးခံရင်း၊ ရှန်းကန်လှုပ်ရှားရင်း၊ ဆေးအဆင့်နိမ့်၊ ဝါရင့်အကြပ်တစ်ဦး၊ ဗလသေးသေး။

တပ်သားပေါက်တူး၊ သူလည်း ဝါရင့်တပ်သားကြီး၊ ကိုယ်ပိုင်အမှတ်က (၃၀၁--) စစ်မှုထမ်းသက် ၁၀ နှစ်ခန့်အတွင်း ဒဏ်ရာဖြင့် ဆေးနိမ့်ဘဝကို တာဝန်လည်းထမ်းရွက်၊ ယမကာလေးလည်း မကြာမကြာ 'ပက်'ကာ လူပျိုကြီးလေး တစ်ကိုယ်တည်းသေးသေး။

တပ်သားခင်အေး၊ သူကတော့ ကိုယ်ပိုင်အမှတ် (၃၇၅--) ဗလတောင့်တောင့်၊ ငှက်ဖျားရောဂါကြောင့် Psycho Board (ဆိုးရွားမှုမရှိ၊ မသိသာပါ)၊ လုပ်ရဲကိုင်ရဲ၊ လုပ်ကိုင်ချင်စိတ်အပြည့်ရှိနေသော်လည်း အခြေအနေမပေးသေး၍ ဘဝအမောဖြေနေသူ၊ လူလွတ်။

BURMESE CLASSIC .com

အင်အားဖြည့်တင်း ရောက်ရှိလာကြသော ကျောင်းဆင်း (၄၁၂ ---)တပ်သားနှစ်ဦးစဆုံး အညာသားတွေ၊ ပညာအရည်အချင်း အထက်တန်းကိုယ်စီ။ မြင်းခြံသားက မြင့်ဆွေ၊ အနည်းငယ်ရှည်ကိုင်းကိုင်း။ သာစည်သားက ခင်မောင်မြင့် လုံးသင့်ရုပ်သင့် (၅ ပေ ၄ လက်မ)။

ထုံးဖွေးဖွေးနှင့်ဟု စကားအလှဆိုရသော်လည်း အမှန်တကယ်မှာမူ ရွှေထီးတော်က အရောင်အနည်းငယ်မှိန်နေပြီ။ အထက်ပစ္စယံနှင့် ဖောင်းရစ်တော်များမှာ မှန်စီသင်္ကန်း၊ သပိတ်မှောက်နှင့် ပလ္လင်တော်မှာမူ ထုံးသင်္ကန်းဖွေးဖွေး(စေတနာသဒ္ဓါတရားရှိသော ဒါယကာ၊ ဒါယိကာမများ မကြာခဏ ကပ်လှူထားပုံရ၏။ ခြေတော်ရင်း၌ 'သိမ်ဆောင်'ဝတ်ပြုနေရာ၊ တောင်ထိပ်မှာ အောက်ခြေကုန်းအထက်ဝအထိ စောင်းတန်းတလျှောက် ကွေ့ကွေ့ဝိုက်ဝိုက်။ တောင်ကြောအတိုင်း မျောပါလျက် သွပ်မိုးမှုကား အရောင်အသွေးစုံလှသည်၊ အသစ်တို့က ပြောင်လက်အရောင်ထွက်လျက်ရှိ၏။ အလယ်အလတ် သွပ်မိုးများက အဖြူထည်သိသာသေး၏။ အဟောင်းတို့ကမူ သက်တမ်းအချိုးကျအလိုက် လွင့်လွင့်မှိန်မှိန်၊ အချို့ကား နီညိုသလိုလို၊ ပန်းဆီလိုလို၊ စောင်းတန်းဝန်းကျင်မှာမူ အမှိုက်သရိုက်ကင်းရှင်း၏။ ချုံနွယ်ပိတ်ပေါင်း လင်းရှင်း၏။ ဒါယကာအပေါင်း (အရပ်၊ တပ်)နှင့် တောင်အလယ်ခန့်မှ တောရမှီသည့် သံဃာတော်တစ်ပါးတို့၏ ထင်ရှားသော လုပ်အားဒါနဟုလည်း ကြည်နူးနိုင်၏။

တောင်ထိပ်ပိုင်းတွင် ကုန်းနှစ်ပိုင်း ကွဲပြား၏။ စောင်းတန်းဆုံးလျှင် ဘုရားစေတီခြေရင်း ဆိုက်ရောက်၏။ အချင်းပေ ၁၀၀ ခန့် ကျယ်ဝန်း၏။ လွန်သော် မြေနိမ့်ပိုင်း ဆင်းသွား၏။ ပေ ၃၀၊ ၄၀ ခြားပြီးမှ နောက်ထပ်ကုန်းတစ်ခု၊ အနည်းငယ်နိမ့်သယော



www.burmeseclassic.com

www.burmeseclassic.com

ယောင် ထင်ရပေ၏။ ၎င်းသည်ကား လုံခြုံရေးတပ်စခန်းကုန်း၊ ရာသီပွင့်လင်း၍ မြူနှင်းတို့ ရှင်းလင်းချိန်တွင် တပ်ရင်းဌာနချုပ်ကို သစ်ပင်၊ သစ်တောများ အကြားမှပင် ရှင်းရှင်းလင်းလင်းမြင်ရ၏။ (အဆက်ဆက် တာဝန်ရှိသူများက စီမံဆောင်ရွက်ခဲ့ပုံရ၏)။ ဘုရားစေတီနှင့် ထောင့်ချိုးကျနေသဖြင့် ကွယ်နေမှု မရှိပါချေ။

အနောက်ဘက်နှင့် အနောက်မြောက်ဘက် အောက်ခြေပိုင်းတွင် ရှမ်းအမျိုးသားတို့နေရာ ရပ်ကွက်(၅)နှင့် လမ်းမကြီး၊ အဝေးတွင် မြို့မရပ်နှင့် ဈေးကြီး၊ အနောက်တောင်ဘက် အခြေ၌ ခရစ်ယာန်ဘုရားရှိခိုကျောင်း (အဝေး)နှင့် သစ်တောဝန်ထမ်းအချို့ (အနီး)၊ မြောက်ဘက်တောင်ကြော အဆုံး၌ အဝေးပြေးလမ်းမကြီး၊ အရှေ့ဘက်မှုကား ဥယျာဉ်ခြံနှင့် ကိုင်းခင်း၊ ယာခင်းလုပ်ဒေသခံ တရုတ်(အနည်းငယ်)ရောရာနှင့် တိုင်းရင်းသား ကိုင်းခင်းများ၊ အဝေးပိုင်းတွင် နာမည်ကြီး လွိုင်ဆမ်ဆစ်ခေါ် အဓိကရ လုံးလုံးခုံးခုံးကြီးဖြစ်နေသည့် (သို့တည်းမဟုတ်) လယ်ပြင်တွင် ဧရာမအကြီးကြီး Super Supe ရှုဥ္စာဆင်ကြီးဝပ်နေဘိသကဲ့သို့ မြစိမ်းရောင်တောင်ကြီးနှင့် တောင်သုံးဆယ်တို့ ဆက်စပ်ဝိုင်းပတ်ကာ တာမိုးညဲဘက်သို့ နွယ်ဆင်းသွားလေသည်။

ဘုရားကုန်းစခန်း၏ ထူးခြားမှုတစ်ခုမှာ သားစိမ်း၊ ငါးစိမ်း မပေါ်ကြရပါ။ လုံခြုံစွာသာ ထုပ်ပိုးထားသည့် အသားများကိုသော်လည်းကောင်း၊ အသင့်ချက်ပြုတ်ပြီး လုံခြုံစွာ ထည့်သိုထားသည့် ဟင်းလျာများကိုသော်လည်းကောင်း၊ သင့်လျော်အောင် စီမံပြီးမှ သယ်ယူရလေ့ ရှိပါသည်။ အခြားအကြောင်းတစ်ခုမှာလည်း ဘုရားအဆင်း စခန်းကုန်းအဝင်၌ ယောက်ျားကြီး လေးငါးယောက်ဖက်ခန့် ညောင်ပင်ကြီးကို ဖြတ်ရသေး၏။ အရိပ်အာဝါသအောက် ဝင်ရသေး၏။ ယင်းအပင်ကြီးတွင် အထပ်ထပ် မြောက်မြားလှစွာသော ပရိတ်ချည်၊ ပရိတ်ကြိုးများ၊ အရာချင်းထပ်မျှ လက်လှမ်းမီသမျှ ရိုက်အပ်၊ စိုက်အပ်သော အရွယ်စုံ၊ ဆိုဒ်စုံ သံမှိုမယ်နများ (ပရိတ်သံမယ်နဟု ယူဆရ) ပရိတ်ပန်း(အခြောက်)များမှာ ထင်ရှားမြင်သာစွာ စီရင်ထားအပ်ကြကုန်၏။ "ဤတောင်ကုန်းပေါ် သားစိမ်းငါးစိမ်း မပေါ်ရ၊ မယူရ" ဟူသော ဒေသန္တရဝိဝါဒကို အညာသားတပ်သားသစ် နှစ်ဦးတို့သည် နှောင်းချိန်ရောက်မှ သိမှတ်ခဲ့ကြရလေသည်။

**စည်းရုံးရေးအသွင်**

"လာကြဟေ့ ကောင်လေးတွေ၊ မင်းတို့သိရမယ့်ကိစ္စ၊ လုပ်ရမယ့်တာဝန်တွေ ခွဲပေးမယ်။ ဒီမှာတော့ လွယ်လွယ်ပြောရရင် ဝိုင်းလုပ်ဝိုင်းစားပဲ။ အခက်အခဲရှိရင် တပ်သားခင်အေးဆီက တစ်ဆင့် ပြောကြ။ လူသစ်တွေကို ကင်းဦးချထားလိုက်။ မိုးပြတ်ရင် ရပ်ကွက်ထဲဆင်း၊ ရေခပ်။ ဝါးဘူးအရှည်တွေရှိတယ်။ နောက်တော့ အကျင့်ရသွားမှာပေါ့။ ဈေးဝယ်ကတော့ ... ကိုပေါက်တူးပဲ ဆက်လုပ်ပေးလိုက်"

ဟု ဆရာစောလုခင်က တိုင်းရင်းသားသံဝဲဝဲဖြင့် ပြော၏။

"စိတ်ချပါ ဆရာ။ အသေးစိတ်ကျွန်တော် သင်ပေး၊ ပြောပေးပါ့မယ်။ လူသစ်တွေဆိုတော့ တစ်ထိုင်တည်းနဲ့ ပြောမကုန်သလို လုံလောက်မှာလည်း မဟုတ်ဘူး"

ဟု အနည်းငယ် ထွေနေသော ဟန်ဖြင့် ကိုပေါက်တူးက ဝင်ပြော၏။ ပညတ်သွားရာ ဓာတ်သက်ပါဆိုသော စကား မှန်ပုံရသည်။ အမည်ကလည်း ပေါက်တူး။ လူပုံသဏ္ဌာန်ကလည်း ပုပုပြတ်ပြတ်။ ဆံပင်ရှည်က လိပ်ခွေတွန့်ကောက်နေသေးသည်။ ဖြီးသင်လေ့ ရှိပုံမရ။ အသားက အညိုလွန်နေလောင်ထားပုံရှိ၏။ အသံနှင့် စကားကလည်း လူပုံနှင့်လိုက်ပါ့။ တိုပြတ်တောင်း။ တော်ပါသေးရဲ့၊ စိတ်ရင်းနဲ့ သဘောကောင်းပုံ ရှိသေးလို့။

"ခင်မောင်မြင့် ... မင်းက ထမင်းချက်ကွာ။ ခံတမာပေါ့၊ ပြီးရင်တော့ တို့အားလုံးနဲ့ ခံစစ်ပြင်တာ ဝိုင်းလုပ်။ နေ့ခပ်တာက ဆရာကလွဲရင် တို့အားလုံး ရေချိုးရင်းနဲ့လည်း ခပ်ရမယ်။ အရန်ရေ အမြဲရှိရမယ်။ စင်မှာ ဝါးဘူးတွေ ထောင်ထားတယ်။ မျက်ခြည်မပြတ်နဲ့။ ပြောမှ လုပ်ရမှာ မဟုတ်ဘူး"

ဟု ရှင်းပြရင်း တာဝန်ပေး၏။

"ငါနဲ့ ခင်အေးက ဈေးဝယ်ပေးမယ်။ မင်းတို့လိုတာ ဝယ်ချင်တာရှိရင် မှာလိုက်။ နောင်ကျတော့ အလှည့်ကျ ထည့်ပေးမယ်။ တပ်ရင်းနဲ့ ဆက်သွယ်ဖို့ ဆရာလုပ်လိမ့်မယ်။ အခါအားလျော်စွာ ငါတို့ လစာငွေထုတ်ပေးမှာပေါ့။ အသေးအဖွဲလိုတာတွေ ငါ့ပြော။ ငါရှာပေးမယ်"

ဟု ထပ်ဆင့်ပြော၏။

www.burmeseclassic.com

ထိုနေ့မှစ၍ တပ်သားသစ်နှစ်ဦးလည်း စစ်သားဘဝကို စတင်၍ ထိတွေ့ဆောင်ရွက်ရလေ၏။ ထမင်းချက်တာဝန်ကျသူက ညမှာ ကင်းဦးစောင့်ရ၏။ (ည ၂၂း၀၀ နာရီထိ) ဆရာတပ်စိတ်မှူးနှင့် ကျန်အဖွဲ့က ကင်းကို အချိန်နှင့် အလဲအလှယ် စောင့်ရသည်။ နေ့ကင်းကိုတော့ အငယ်သုံးဦးကသာ ခွဲဝေစောင့်ကြရသည်။

ထူးထူးခြားခြား တိုက်၊ ထောက်ကင်း၊ လှည့်ကင်း၊ ကင်းပုန်း၊ လှုပ်ရှား၊ နယ်မြေရှင်းလင်းရေး တာဝန်များမရှိ။ တပ် တွင်းနှင့်တပ်ပြင် (ရွာထဲ၊ မြို့ထဲ) စည်းရုံးရေးအသွင် နေထိုင်ရုံဖြင့် တာဝန်ကို လွယ်ကူစွာ ထမ်းဆောင်နိုင်သည့် ဘဝပင် ဖြစ်နေသေး၏။ စခန်းကိုတက်တိုက်မည့် ရန်သူများမရှိ။ အောက်ခြေရပ်ကွက်မှာလည်း သူ့စီးပွားရေး၊ ရောင်းဝယ်ရေး၊ စိုက်ပျိုးရေး ...စသည်တို့ဖြင့် ဘာသာသာသနာ လေးစားကိုင်းရှိုင်းသူ တိုင်းရင်းသားအများစု။ ကိုယ့်ကိုဒုက္ခပေးမည့်သူ(လက်နက်၊ ခဲယမ်းခိုးခြင်း၊ လုယက်ခြင်း၊ တောခိုရန် ဖျားယောင်းသွေးဆောင်ခြင်း၊ အချင်းချင်း မသင့်မြတ်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးခွဲရန် တိုက်ပေးတတ်ခြင်း) အမာခံပုံဖြင့် လေလွင့် လက်ကြောမတင်းလျက် ရိက္ခာလာတွဲခြင်း(အခမဲ့ အလွတ်သဘော လာရောက်စားသောက်ခြင်း) စသည့် ကိစ္စအမျိုးမျိုးတို့မှ ကင်းလွတ်ပြီးသကာလ နေ့လယ်စာ (တပ်ရင်းဌာနချုပ် နံနက်တန်းစီအပြီး ၀၇း၀၀၊ ၀၈း၀၀နာရီခန့်)၊ ညနေစာ (တပ်ရင်းဌာနချုပ် ညနေရုံးဆင်း တန်းစီအပြီး ၁၅း၀၀၊ ၁၅း၄၅ နာရီခန့်) ပုံမှန်မှီဝဲကာ ပေါ့ပါးသော စခန်းလုံခြုံရေး၊ ခံစစ်မြို့လုံခြုံရေး တာဝန်တို့ကို နားမျက်စိဖွင့် သတိပြုထမ်းဆောင်လျက်ပင် အချိန်ကုန်မှန်းမသိ။ နေ့ကို ရက်စား၍ တစ်လနားပင် ချင်းနင်းဝင်ရောက်လာခဲ့တော့သည်။

## တောတွင်းရှာဖွေစားသောက်ခြင်း

တပ်မတော်(ကြည်း) သင်ခန်းစာ၌ တရားဝင်ပါရှိ၏။ စားသောက်ရန်သင့်၊ မသင့် ဝေခွဲတတ်ပြီး တောတွင်းသဘာဝပေါက်ပင်များမှ ဇေ့ငှရှာဖွေ၍လည်းကောင်း၊ စိမ့်ရေ၊ စမ်းရေ၊ ချောင်းရေ၊ တောင်ကျရေ အထွေထွေ စိစစ်၍လည်းကောင်း၊ တစ်ဦးချင်း ချောင်းမြောင်းသွားလာရှာဖွေ၍ ထောင်ချောက်ဆင် ဖမ်းငင်၍ လည်းကောင်း 'သမုဒ္ဒရာ ဝမ်းတစ်ထွာ' အရေးအတွက် အုပ်ချုပ်မှုကိစ္စအဝဝကို ဖြည့်တင်းဖြေရှင်းရသော အချိန်အခါများလည်း ရှိတတ်ပေသည်။

"ဆရာကိုပေါက်တူးရေ ... ဆန်ကုန်တော့မယ်။ ဟင်းချက်စရာလည်း မရှိတော့ဘူး"

ဟု ခံတမာခင်မောင်မြင့်မှ အချိန်မီအောင် သတင်းပို့၏။ ညနေစာကိုတော့ မျှတ၍ သုံးဆောင်ပြီးပြီကို။

"အေးပါကွာ။ မနက်ဖြန် မနက်စာအတွက် ရှိပါသေးတယ်။ ရိက္ခာထုတ်ဖို့ကလည်း နှစ်ရက်လောက် လိုသေးတယ်ကွ။ ငါတို့ နို့ဆီ၊ သကြားရောင်းပြီး ဆန်ဝယ်မယ်။ ဟင်းချက်စရာကတော့ (ဦး–၅)၊ ဟင်းသီးဟင်းရွက်နဲ့ ကုလားပဲ၊ ငါးပိဆို ရပါပြီ။ ငါလုပ်ပေးမယ်"

ဟု ဖြေလေ၏။ ရွာထဲ (ရပ်ကွက်–၅) ဆင်းသွားပြီး သိပ်မကြာမီ ပစ္စည်းများနှင့် ပြန်ရောက်လာ၏။ တစ်ဆက်တည်းပင် အနည်းငယ် မှန်လာသော အသံဖြင့် –

"ဆရာစောလုခင် ... မနက်ဖြန်မနက်ကျရင် ကျွန်တော် ခင်မောင်မြင့်ကို အောက်ခဏခေါ်သွားမယ်"

ဟု ခွင့်တောင်းသတင်းပို့၏။ ၎င်းတို့ချင်းအကြား အသားကျပြီးကိစ္စဖြစ်ရကား ဘာကြောင့်၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘာကိစ္စ၊ မေးမြန်းစိစစ်မှုမရှိဘဲ ခွင့်ပြုချက်ရလေ၏။

နောက်တစ်နေ့နံနက် ၎င်း၏ မိတ်ဆွေနေအိမ်သို့ ရောက်သောကာလ၊ တိုက်တိုက်ဆိုင်ဆိုင်ပင် ၎င်းတို့အရောင်းအဝယ်ပြုလုပ်နေသော 'မြင်း(ဝန်တင်)'များအနက် တစ်ကောင်မှာ ရှားရှားပါးပါး ဓာတ်လိုက်၍ သေဆုံးသွားသည်နှင့် ကြုံနေလေ၏။ ဗုဒ္ဓဘာသာဝင် တော်တော်များများမှာ ရဟန်းသံဃာတော်များအတွက် တားမြစ်ချက် (အသားဆယ်မျိုး)နှင့် ရောနှောလွဲမှားပြီး မြင်းသားကို မစားတတ်ကြပါ။ ရှောင်သူ များလှ၏။

ကိုပေါက်တူးတို့လည်း အသားဖျက်၍ အလေးချိန်ကာ အတွဲများ ပြုလုပ်ပြီးနောက် 'အမဲသား'(ဂေါဏမံသ)ဟု ပြောဆိုရောင်းပေးလေ၏။ (မုသာဝါဒကံတော့ ထိုက်မည်ထင်သည်)။ အထိုက်အလျောက်တော့ အဆင်ပြေသွား၏။ အိမ်ရှင်မ ကျေးဇူးတင်လွန်းသဖြင့် "စားချင်တာ ယူသွား"ဟု စေတနာဗရပွဖြင့် ရက်ရက်ရောရော ပေးလေတော့သည်။ (၎င်းတို့ဆိုလျှင် အားလုံး ရှုံးတော့မည်ကိုး)။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... ဆရာကိုပေါက်တူးရေ (အရစ်မရှိသော်လည်း၊ ကျောင်းဆင်းစဖြစ်၍ အကျင့်ပါနေသည့်အတိုင်း) ခေါင်းကြီးကတော့ ကျွန်တော်တို့ခွဲတမ်းဖြစ်မှာပဲ"

ဟု ခင်မောင်မြင့်က ဝင်၍ ဆုံးဖြတ်၏။ သဘောတူသူ ကိုပေါက်တူးကမူ ထိုထက်ကဲ၍ မိုးခိုသား၊ ဝမ်းတွင်းသား ကလီစာအစုံ၊ ပေါင်သား ကောင်းကောင်း စသည်ဖြင့် စုံစီနဖာ နည်းနည်းစီယူလေသည်။ ပိုင်ရှင်ကလည်း မကန့်ကွက်။ အစကတည်းက စေတနာ လွန်ပြီးသား။ အပေးအကမ်း ရက်ရော၊ မတွန့်တိုတတ်သော စီးပွားရေးသမား ရှမ်းတရုတ် မဟုတ်ပါလား။ ထမင်းကျွေး၊ အရက်တိုက်သေး၏။

ဤသို့ဖြင့် ကိုပေါက်တူးတို့ ဆရာတပည့်နှစ်ယောက်တို့သည် နေ့လည် ၁၂း၀၀ နာရီကျော်ကျော်ခန့်တွင် ခေါင်းတစ်လုံးနှင့်တကွ အသားအတိုအစ အစုံအလင်တို့ကို ရှေ့နောက် ထမ်းပိုးတစ်ချောင်းဖြင့် နှစ်ယောက်အတူထမ်းကာ အခြေပြုရာ တပ်စခန်းဆီသို့ အောင်မြင်ဝင့်ကြွားစွာ ပြန်လည်ချီတက်လာခဲ့ကြလေတော့သည် ...။ (ဘုရားဒေသမှ ဖြတ်၊ ညောင်ပင်အရိပ်အာဝါသမှ ဖြတ်လျက်) လိုအပ်မည်ထင်သည့် စပါးလင်ကိုတောင်း၏။ ဟင်းခတ်အမွှေးအကြိုင်၊ ငရုတ်၊ ကြက်သွန်၊ နနွင်း၊ မဆလာ၊ အရောင်တင်၊ အချိုမှုန့်တို့ ဝယ်ခဲ့၏။ ရှာဖွေစားသောက်ကြသည်မှာ ဤမျှ လွယ်လင့်တကူရှိပါလားဟု မသင့်သောအတွေးဖြင့် ပျော်ခဲ့မိသေးသည်။

**ဖုံးပေါလအော ဒလဟော**

"ဟာ ... ဟာ ... ဟော့ကောင်လေးတွေ၊ ဘာတွေလုပ်ချလာတာတုံး"

ဟု ဆရာစောလှခင်က အံ့ဩတကြီး လန့်ဖျပ်လျက် မယုံကြည်နိုင်စွာ မေးတော့သည်။

ကိုပေါက်တူးကမူ လေပြေလေးဖြင့် –

"အားလုံး သုံးဆယ့်နှစ်ချောင်းတွေညှောင်းအောင် ဝါးဖို့ ပြင်ထားကြတော့"

ဟု ဝံ့ကြွားဂုဏ်ယူစွာ ရှင်းလင်းဖြေကြားသည်။

သို့သော် 'မှန်းချက်နှင့်နှမ်းထွက်' မကိုက်။ နားဝမှာ ကြားလိုက်ရသည်က –

"မင်းတို့ဟာ ... ခေါင်းလိုက်ကြီး ယူလာရလား။ အဲဒါကြီး မြင်ပြီးမှတော့ ဘယ်လိုလုပ်ငါ စားဝင်တော့မှာလဲ။ ငါတော့ မစားတော့ပါဘူးကွာ။ မင်းတို့သာ အားရပါးရ စားကြပေတော့"

ဟု မချိုတင်ကဲ အားလျော့သံ။

'ကုလားဆင်' ကိုခင်အေးကတော့ တစ်မျိုး။

"ဒီလိုကြီးတော့ မသတီစရာပါဗျာ။ ကျွန်တော်လည်း ပြောင်းဖူးနဲ့ပဲ ကိုင်တော့မယ်"

ဟု အခြေအနေအပေါ် အမှီသဟဲပြုကာ အထာစကား ပြန်ကြားသည်။ (အဘယ်ကြောင့်ဆိုသော် ရိက္ခာစို/ခြောက် မလုံလောက်၍ ခံတမာ ခင်မောင်မြင့်က ပြောင်းဖူးထမင်းကို ပြောင်းဖူးဟင်းဖြင့် မကြာခဏ စီမံချက်ပြုတ်ပေးသောကြောင့်။)

အရှည်ကြီးမြင့်ဆွေကမူ –

"ကျွန်တော်တို့က ဆင်သား၊ မြင်းသား မစားရဘူး။ ရှောင်ရမယ်လို့ မှာဖူးတယ်"

ဟု မိရိုးဖလာအစွဲဖြင့် ငြင်းဆိုသည်။

ကိုင်း ... ခုတော့ဖြင့် ကိုပေါက်တို့ ဆရာတပည့်နှစ်ယောက်သာ ကျန်တော့သည်။ သူတို့က စိတ်တူကိုယ်တူတွေ။ အိပ်တာတောင်မှ စခန်းကုန်း အနောက်တောင်ဘက်ခြမ်း၊ ဆက်သွယ်ရေးမြောင်းနှင့်တွဲလျက် မြေစိုက်တဲမှာ။ ပစ်ပိုင်နက်ကလည်း ဆက်စပ်လျက်။ ဒီတော့ ဘာပြောဖို့ လိုသေးလဲ။

ခေါင်းသားနွှာသည်။ ဦးနှောက်ကို ကြော်ချက်၊ လျှာကိုပြုတ်ပြီးနောက် ရှောက်ရွက်နှင့် သုပ်ပြန်၏။ အသည်း၊ နှလုံး၊ အဆုတ်တို့ကို ပြုတ်ကြော်။ အသားတွေကိုတော့ မျှင်ပြီး အခြောက်လှန်း။ အတိုအစတွေ နှမြောနေဖို့ မရှိတော့။ စခန်းလုံခြုံရေး အထောက်အကူ မွေးထားသည့် ခွေးသားအမိတွေ အဝတီးပေရော့။ စားမကုန်၊ သောက်မကုန်။ အစိုချက် ကြော်တွေ တစ်ရက်မကုန်၊ နှစ်ရက်မကုန်သေး။ ထမင်းချိန်မှ မဟုတ်။ ကင်းတာဝန်ကျချိန်တွင်ပါ အောက်မေ့လှုပ်နေနိုင်သည်။ ဒါတွင်ဘယ်ကမလဲ။ STAND TO ည၊ နံနက် နှစ်ချိန်လုံးမှာ အကြိမ်ကြိမ် ဖြုန်းနိုင်ပြန်သေးသည်။

"ကဲ ... ဒီဝန်းကျင်မှာရှိတဲ့ အစောင့်တွေ၊ သင်တို့ကိုလည်း ငါကျွေးပါတယ်။ တပျော်တပါး စားတော်ခေါ်ကြပါ။ ကျွန်ုပ်တို့ကို နှောင့်



www.burmeseclassic.com

www.burmeseclassic.com

ယှက်မည့် ရန်စွယ်အန္တရာယ် အသွယ်သွယ်ကိုလည်း ဖယ်ရှားတားဆီးပေးကြပါ။ ချီးမြှောက်ပါတယ်။ ပသပါတယ်''

စသည်ဖြင့် ဘာဘာညာညာ ကွဲပြားမသိသော်လည်း ခံတမာခင်မောင်မြင့်က အသံစာစာဖြင့် ဟိုပစ် ဒီပစ် ပစ်လေသည်။ အပျင်းပြေသဘောလည်း ပါပုံရ၏။

ခွေးတွေလည်း ဗိုက်ပူနံကား။ ဆရာတပည့်နှစ်ယောက်သားလည်း စားလို့ မကုန်။ (ဟိုသုံးယောက်တော့ ထည့်မတွက်တော့ပါ။) ဤရွေ့ဤမျှကိုမှ များသည်မဆိုနိုင်လျှင် ဘယ်မှာများ ဖုံးပေါလအော၊ ဒလဟော ရှိပါတော့မည်နည်း။ လွန်လေပြီးသောအခါသမယက အရာရှိကြီးတစ်ဦးနှင့် တပည့်အကူ ရဲဘော်တစ်ဦး ရှိခဲ့ဖူး၏။ ထိုအရာရှိကြီးက အချက်အပြုတ်လည်း ဝါသနာထုံ၏။ စိစစ်ချွေတာတတ်၏။ နေ့ဖို့ညစာ စီမံလျာထား၏။ သန့်ရှင်းလုံခြုံစွာ၊ သပ်ရပ်စေ့စပ်စွာ သိုမှီးသိမ်းဆည်း၏။ မကုန်သင့်တာ မကုန်စေရ၊ အလေအလွင့် ယိုဖိတ်မှု မရှိစေရ၊ သို့သော် တပည့်စိတ်ညစ်၏။ ပွစိ ပွစိဒဏ်မခံနိုင်။ ဒီတော့ 'ရှိပူရသေး၊ ကုန်မှအေး' ထုံးကို နှလုံးမူကာ လက်ကုန် စီမံလေတော့၏။

''ဟ ... ကောင်ရ၊ မကုန်နိုင်မခန်းနိုင်နဲ့။ မင်းနှင့်ငါ နှစ်ယောက်တည်းကို ဒါတွေ ဘယ်စားကုန်မလဲ။ ဖုံးပေါလအောမလုပ်နဲ့၊ နေ့ရက်တွေအများကြီးကျန်သေးတယ်။ စစ်ဆင်ရေးက မပြီးသေးဘူး။ တပ်လဲဖို့က မကြားရသေး။ မင်းတော်တဲ့အချိန်ရောက်မှ နားလည်မယ်''

စသည်ဖြင့် ဆုံးမစကားကို ခပ်ကြမ်းကြမ်းလေး ပြောတော့သည်။ တစ်ဆက်တည်းပင် 'ဖုံးပေါလအော' ဆိုတာက မင်းသိရဲ့လားဟု အမေးရှိပြန်ရာ တပည့်မှာလည်း နားပူလာသဖြင့် ''မသိဘူး''ဟု ငေါ့ဖြေဖြေသည်။

''အေး ... တစ်သက်လုံး မှတ်ထားကွ။ (ဖုံးပေါ–အများကြီး ချက်ပြုတ်စားသောက်ခြင်းသည် လအော–းမှ မကောင်းဘူး)တဲ့ကွ''

ဟု ဒေါသတကြီး မိန့်မှာဖူးသည်ဟူသတည်း။

## မခေါ်သော်လည်း

နောက်တစ်နေ့ကား ငါးရက်တစ်ကြိမ် ကွတ်ခိုင်ဈေးနေ့ပေတည်း။ ဆရာစောနှင့် တပည့် 'ပေါက်'တို့ နှစ်ယောက်သား တပ်ပြင်စည်းရုံးရေးနှင့် သတင်းထောက်လှမ်းရန်၊ 'အချိုမှုန့်' (အုပ်ချုပ်မှု၏ အခြားအမည်ခွဲ) ကိစ္စအထွေထွေအကြောင်းပြ၍ နေ့ခင်းကတည်းက တောင်အောက် ဆင်းသွားကြရာ ညနေ ၁၅း၀၀ နာရီ ပြန်မရောက်၊ ၁၆း၀၀ နာရီ ပြန်မရောက်။

''အစ်ကိုခင်အေးရေ ကျွန်တော်အောက်မှာ ဆေးလိပ်ဝယ်ချင်လို့။ အဲဒါ ရေဘူးလည်းယူပြီးတော့ ဆင်းချင်တယ်။ ဆရာတို့လည်း ကြိုရင်းနဲ့ပေါ့''

ဟု တစ်ချက်ခုတ် သုံးချက်ပြတ် အောင် ရေပက်မဝင် ခွင့်ပန်သည်။

''အေး ... အေး၊ ငါနဲ့မြင့်ဆွေ ရှိသားပဲ။ ကျန်တာ ကြည့်လုပ်ထားလိုက်မယ်။ မင်းတို့ပြန်ရောက်မှ ရေချိုးဆင်းတော့မယ်''

ဟု မှာကြား ခွင့်ပန်သည်။

ခင်မောင်မြင့်လည်း တစ်နေကုန်တာဝန်များနှင့် ငြီးစီနေသည်နှင့်အညီ ခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်နက် ဝါးရေဘူးတစ်လုံးထမ်းကာ စောင်းတန်းတစ်လျှောက် ခပ်သွက်သွက် ဆင်းခဲ့တော့သည်။ ကိစ္စများကို အမြန်ဆုံးဖြတ်၍ ရေဘူးထမ်းကာ ပြန်လာသည်။ တောင်ခြေလမ်းဆုံ၌ ခေတ္တအမောဖြေရင်း ဆရာတို့ကို ထိုင်စောင့်နေရာ ၁၅–၂၀ မိနစ်ခန့်အကြာ ကျနေရောင်အောက်တွင် လည်ချင်းယှက်၍ ဆက်ရက်မင်းစည်းစိမ် အပြည့်ခံလျက် သီချင်းမျိုးစုံတို့ ဟိုရောက်ဒီရောက်၊ တောင်မရောက် မြောက်မရောက် ဟစ်ကြွေးရင်းဖြင့် ချီတက်လာကြသော ဆရာတပည့်နှစ်ဦးကို မသက်မသာ မြင်/ကြိုလိုက်ရပေသည်။

''ပြန်လာပြီလား။ ဆရာတို့ကို လာကြိုတာ၊ ဘာသယ်ပေးရဦးမလဲ''

ဟု ပဋိသန္ဓာရ စကားဆိုသည်။

''ရပါတယ်၊ မလိုပါဘူးကွ။ ဘာလဲ ... မင်းရေလာခပ်တာလား။ ငါတို့အလုပ်ရှိလို့ နည်းနည်း နောက်ကျသွားတယ်ကွ။ အပေါ်မှာကော ဘာထူးသေးလဲ။ OK တယ် မဟုတ်လား''

ဟု ဘာသာမေး၊ ဘာသာဖြေသည်။

''ဟွန်း ... ဟင် .. နေဦး၊ ငါလိုသေးတယ်''

ဟု ဝေခွဲရခက်သော စကားသံတို့ နောက်ဝယ် တပ်သားကြီး ပေါက်တူးသည် လမ်းနံဘေးရှိ မြက်ခင်းနုနုလေးများ ရှိရာဘက်သို့ ယိုင်ထိုး၊ သေဘက်တွားလျက် မြက်ခင်းများ



www.burmeseclassic.com

www.burmeseclassic.com

ကုန်း၍ ကိုက်ဖြတ် ဝါးနေလေတော့သည်။

"ဟာ ... မင်းကလည်း ဘာလုပ်တာလဲ။ မြင်မကောင်း ကြည့်မကောင်းနဲ့"

ဟု တားမြစ်ကာ သွားရောက်ဆွဲထူ၏။ မနေသာတော့သဖြင့် ခင်မောင်မြင့်လည်း ရေဘူးဘေးထောင်ပြီး သွားကူရလေ၏။

"ဟင်း ... ဟင်း ... ဘာရဲ ဘာရဲ ... ပူး ... ဝေါ"

မပီသ မသဲကွဲသော စကားလုံးများ၊ အဓိပ္ပာယ်မဲ့ စကားသံများဖြင့် ကိုပေါက်တူးတစ်ယောက် ကုန်းကုန်းကုန်းကုန်းဖြင့် ရုန်းကန်နေပြန်၏။

"ဆရာစောလှခင်၊ သူ့အမူးလွန်ပြီး အန်ချင်အောင်လို့ မြက်တွေစားနေတာဖြစ်မယ်။ ခွေးတွေ ရင်ပြည့်လွန်ပြီး အန်ချင်တဲ့အခါမှာ ခုလိုမျိုး မြက်တွေစားတာ မြင်ဖူးတယ်"

ဟု ခင်မောင်မြင့်က ထင်မြင်ချက်ပေးလေသည်။

"လာ ... လာ ကောင်လေး။ မင်းနဲ့ငါ နှစ်ယောက် တွဲခေါ်မယ်"

ဟု ပြောသဖြင့် ဆရာက လက်နှစ်ဖက်ကိုလည်းကောင်း၊ တပ်သား ခင်မောင်မြင့်က ခြေနှစ်ဖက်ကိုလည်းကောင်း မယူ၍ လမ်းမပေါ်တင်ရန် ကြိုးစားကြသည်နှင့် တစ်ပြိုင်နက် ..

"ဟင်း ... ဟင်း။ ကဲ ... ဟဲ ... ဟဲ"

မပီမသ ညည်းတွားသံနှင့်အတူ ခြေထောက်ကို ရုန်းကန်ကာ ၎င်းခြေထောက်ဖြင့်ပင် ဆွဲကိုင်ထားခံရသော လက်နှစ်ဖက်ကို ရိုက်ဖယ်လိုက်လေသည်။ ထူးဆန်းလေစွ။ (ခြေလေးချောင်း သတ္တဝါများ နားရွက်၊ ခေါင်းကို ခြေဖြင့် ပွတ်သပ်ပုံ)

ကိုပေါက်တူးမှာ မျက်စိနှစ်ဖက်စလုံး အနီရောင်သမ်းနေပြီး မျက်တောင်လည်း လုံးဝမခတ်တော့ပါ။ ဘယ်လိုမှလည်း ဆွဲ၍တွဲ၍ မနိုင်တော့ပါ။ ကြမ်းတမ်းမှုမရှိဟု ထင်ရသော်လည်း ရုန်းအားကန်အားကိုမှ ထိန်းနိုင်စွမ်းမရှိတော့ပါ။ မြက်ခင်းမြေပေါ်တွင် မိုးကလည်း တဖွဲဖွဲ ရွာလာ၍ ရွှံ့အလူးလူးဖြင့် ကြယ်သီးများ ပြုတ်ထွက်ကာ ရှုမြင်လို့မကောင်းတော့ပေ။ သရဲပူးဝင်နေကြောင်း သေချာပေပြီ။

"ခင်မောင်မြင့် ဒီမှာ ခဏစောင့်နေ။ ငါအပေါ်ပြန်တက်ပြီး Uniform (စစ်ဝတ်စုံ) ပြန်ဝတ်လိုက်ဦးမယ်။ ဝတ်စုံပြည့် စစ်ခရာနဲ့ အမိန့်ပြန်လိုက်ရင် ရတယ်ကွ"

ဟု ပြောကာ စောင်းတန်းတစ်လျှောက် အမူးပြေလျက် တက်သွား၏။ ခဏနေ ပြန်လည်ရောက်လာသောအခါ အမိန့်ပြန် မောင်းထုတ်လေ၏။

"အခု တပ်သားပေါက်တူးကိုယ်မှာ ဝင်ပူးနေတဲ့ကောင်၊ ထွက်သွားစမ်း။ စခန်းမှူး ငါ အမိန့်ပေးတယ်"

ဟု ပြောကာ တရှူးရှူးဖြင့် Whistle ခရာကိုလည်း မှုတ်ပြန်သည်။ မထွက်ပါ။ နောက်ထပ် အကြိမ်ကြိမ် မည်သို့ အမိန့်အမျိုးမျိုး ပေးနေစေကာမူ ဘာကောင်မှန်းမသိရသေးသော ထိုသရဲကား ခေါင်းမာလှ၏။ ဤနှစ်ယောက်အားနှင့်တော့ မရနိုင်တော့ပါ။

"ဆရာ ကိုခင်အေးက ဗလပိုကောင်းတယ်။ သူနဲ့မှရမှာ။ ဆရာ ခဏစောင့်။ ကျွန်တော် အပေါ်တက်ပြီး သွားခေါ်ဦးမယ်"

ဟု လတ်တလောကိစ္စကို ရှောင်ရှားကာ စခန်းပေါ်တက်ရပြန်၏။ ရှောင်လိုသည့်အကြောင်းက အပြည့်ရှိနေသည်။ ညနေစောင်း၍ နေဝင်ရီတရောအခါ နွားရိုင်းသွင်းသည့် အပုပ်ချိန်၊ တစ်လျှောက်လုံး အတူနေ ရဲဘော်ချင်း ဖြစ်နေပါလျက် ကိုပေါက်တူး၏

"မင်းဘယ် သူလဲ၊ မင်းနာမည် ဘယ်လိုခေါ်လဲ၊ မကျေနပ်ဘူး၊ လုံးဝ မကျေနပ်ဘူး၊ မင်းဘယ်သူလဲ"

ဟု ကြိမ်ဖန်များစွာ မျက်လုံးနီတောက်တောက် မျက်တောင်မခတ် လက်ညှိုးတငေါက်ငေါက်ထိုးလျက် ထပ်ကာထပ်ကာ ဂူးဂူးဝါးဝါး ရေရွတ်မေးမြန်းခံနေရသည် မဟုတ်ပါလား။

ဖြန်းဖြန်း ဖြန်းဖြန်းနေအောင်ကို ကြက်သီးမွေးညင်းများ ထကုန်ကြ၏။ လူ့အချင်းချင်း မကြောက်တတ်သော်လည်း ဤကဲ့သို့သော အပုပ်ချိန်မျိုး၌ ရဲဘော်ချင်းဖြစ်ပါလျက် ဘာမှန်းမသိ၊ ဝေခွဲမရသော အခြေအနေပေကိုး။

သမ္ဗုဒ္ဓေဂါထာ ရွတ်၏။ ဂုဏ်တော်(ဘုရား၊ တရား၊ သံဃာ)ရွတ်၏။ ပရိတ်တော် ရွတ်၏။ စောင်းတန်းကလည်း ဒီအချိန်ရောက်မှ Colour ပျောက်၍ မှုန်ရီရီဝိုးတဝါး ကြက်သီးထ၍ အကြောက်ပိုရမှုကို ထပ်လောင်းအားပေးနေတော့သလို၊ ဘာပဲဖြစ်ဖြစ် ကိုခင်အေးကို ခေါ်မှဖြစ်မည်။ အကြောင်းစုံ အမြန်ပြောပြီး ကိုခင်အေးလည်း အပြေးအလွှား လိုက်လာပေသည်။ ဘာမျှမေးမြန်း ပြောဆိုမနေတော့ပါ။ ရောက်လျှင်ရောက်ချင်း ကိုပေါက်တူး၏ တွန့်လိမ်ကောက်နေသော ပွရှုပ်ရှုပ်

www.burmeseclassic.com

ဆံပင်များကို ဘယ်လက်ဖြင့် ဆွဲဆုပ်ဖမ်းကိုင်လိုက်ပြီး ...

"မင်းဘယ်သူလဲ၊ ဘာကောင်လဲ ပြောစမ်း။ ဘာလို့လာတာလဲ ပြောမြန်မြန်ပြော"

ဟု အတောမသတ် တတွတ်တွတ် မေးမြန်းရင်း ညာဘက်လက်သီးဖြင့် မေးရိုးနှစ်ဖက်၊ ရင်ဘတ်၊ နံဘေး စသည်တို့ကို 'အစုံကျွေး'တော့သည်။ ထိုအချိန်ကျမှ ...

"အင်း .. အင်း ... အဲ ... အဲ ... ငါပါ။ ပေါက်တူးပါ"

ဟု အသက်ကို လု၍ရှူရင်း အမောတကော ဖြေဖော်ရပါ၏။

"ကဲ ... ကိုပေါက်တူး စခန်းပေါ်တက်မယ်၊ ဟုတ်လား။ လာ ကောင်းကောင်းတက်"

ဟု လေသံမာမာဖြင့် ခြောက်လှန့်တွဲခေါ်နေသည့် အခိုက်မှာပင် ခြေ ၁၀ လှမ်းမျှ မပြည့်သေး ...

"မင်းဘယ်သူလဲ၊ မကျေနပ်ဘူး မင်းနာမည် ဘယ်သူလဲ"

ဟု ထပ်မံ၍ မေးမြန်းလေရာ ကိုခင်အေးမှာ လက်စွမ်းပြရပြန်၏။ ဦးခေါင်းက ဆုပ်ကိုင်ထားသော ဆံပင်ကိုမူ လုံးဝမလွှတ်ပါ။ (နောက်မှ သိရသည်မှာ ဝင်ပူးခံရသူကို ချုပ်ထားရသည်ဟု ဆို၏။ သို့မှသာ မေးမြန်း၍ရပါသည်။ ဒဏ်ပေး၍ ရပါသည်။ ချုပ်မထားဘဲ ဒဏ်ပေးက မူလကာယကံရှင်သာ ခံရသည်ဟု ဆိုပါသည်။

အဖြေမရမချင်း ထပ်ကာတလဲလဲ ဒဏ်ပေး မေးမြန်းတော့မှ ...

"ငါမြင်းသရဲကွ၊ ဒီကောင် ငါ့ကို စော်ကားတယ်။ မကျေနပ်လို့ လာတာ။ ဇာတ်တူသားတွေ ကျွေးတယ်။ ၁၈ ခုနှစ်တည်းက ဒီမှာနေတာ"

စသည်ဖြင့် မကျေနပ်မှု ဇာတ်စုံကို ကြားရတော့သည်။ ထူးဆန်းသော မြင်းသရဲပေကိုး။

"အေး ... ဒါဆိုလည်း သည်းခံခွင့်လွှတ်ပါ။ သူက လူငယ်ဆိုတော့ မသိနားမလည်တဲ့ အမိုက်အမဲမို့ မှားတာရှိလည်း ဒီတစ်ကြိမ် ခွင့်လွှတ်လိုက်ပါ။ နောင်မမှားရအောင် တာဝန်ယူပါတယ်"

စသည်ဖြင့် ပြောဆိုကာ ပြန်လည်နှင်ထုတ်သော်လည်း အရှင်းမရပါ။

အဲဆိုပါ မြင်းသရဲမှာ ဝင်လိုက်၊ ထွက်လိုက် (ဝင်သည့်အခါ ခင်မောင်မြင့်ကိုမေး၍ ကိုခင်အေးဒဏ်ပေးချက်ကြောင့် ထွက်သည့်အခါ ငါပေါက်တူးပါဟု) လုံးလည်လိုက်ကာ စောင်းတန်းတစ်လျှောက် အတင်းတွဲ၍ ခေါ်တက်ခဲ့ကြရပေသည်။

ဘုရားရှေ့ သိမ်ဆောင်ရောက်လာသော်လည်း မျှော်လင့်ထားသလို ထိုမြင်းသရဲ ရှင်းရှင်းလင်းလင်း ထွက်မသွားသေးပါ။ "မင်းဘယ်သူလဲ။ ငါပေါက်တူးပါ" မေးလိုက်၊ ထိုးလိုက်၊ ဖြေလိုက်။ မပြီးပြတ်တော့သောအခါ စိတ်မရှည်နိုင်ကြတော့ပါ။ ၁၈း၃၀ နာရီကျော် STAND TO ချိန် ရောက်နေပြီ။ သို့အတွက် ဘုရားရှေ့ ရေတိုင်ကီရှိသော်လည်း ရေချိုးသန့်စင်ပေးခြင်း မလုပ်ကြတော့ပါ။ "ပစ်မယ်၊ ခုတ်မယ်"စသည့် (ဆင်ဖမ်း/ကျားဖမ်း) စကားသံများလည်း အဓိပ္ပာယ်မဲ့ တောင်စဉ်ရေမရ ပါလာပြန်သောကြောင့် အန္တရာယ်ရှိသည့် လက်နက်၊ ခဲယမ်း၊ လုပ်ငန်းသုံးဓား စသည်တို့ကို သိမ်းဆည်းပြီးနောက် ၎င်း၏ မူလအိပ်ဆောင်တဲ ဝါးကွပ်ပျစ်ပေါ်တွင် သိပ်ကာ ထားရစ်ခဲ့ရတော့သည်။

ဆရာစောနှင့် အဖွဲ့လည်း ကျန်ခဲ့သူ အရှည်ကြီးမြင့်ဆွေကို အကြမ်းဖျင်းရှင်းပြပြီး တက်သုတ်ရိုက် ထမင်းစား STAND TO လုပ်ရင်း အပန်းဖြေစောင့်ကြည့်နေရလေသည်။ ဘာတွေပြောနေမှန်း မသဲကွဲ။ အဓိပ္ပာယ်ဖော်မရသော အသံများနှင့် ဟိုလိုမှီဒီလိုမှီ နေသံလောက်သာ ကြိုကြားကြိုကြား နားစွင့်နေရသည်။ တပ်သား ခင်မောင်မြင့်ကလည်း အသားဟင်းများ ပိုနေရာမှ ဘာရယ်မဟုတ် ပြောမိပစ်မိမှုကို ပြောပြရ၏။ ဆရာစောကလည်း တောင်လယ်ကျောင်းက ဘုန်းကြီး (ဦးပဥ္စင်းလေး)ကို နောက်နေ့မှ မေးလျှောက်ကြည့်ဦးမည်ဟု ဖြည့်စွက်သည်။ ဆရာစောတို့ စကားကောင်းနေစဉ် ၂၁း၀၀ နာရီ အချိန်ခန့်တွင် "ဝါး"ဟူသော အနည်းငယ် ကျယ်လောင်ရှည်လျားသော သမ်းဝေသံကို ကြားလိုက်ရပြီး -

"ဆရာကြီးလား သရဲထွက်သွားတာဖြစ်မယ်။ ကျွန်တော်တို့ရွာက နတ်ကတော်တွေလည်း နတ်ထွက်ခါနီးဆို သမ်းတတ်ကြတယ်"

ဟု ခင်မောင်မြင့်က သူ့အတွေ့အကြုံအရ ဝင်ပြောလေသည်။ သုံးမိနစ်ခန့်မှာပင် ကိုပေါက်တူး ရောက်ရှိလာပါတော့သည်။

"ဘာလုပ်နေကြတာလဲ။ ငါ့ကို ဘယ်သူလာနိူးတာလဲ"

ဟု မေးမြန်းရင်း စကားဝိုင်း ရေနွေးကြမ်းဝိုင်းသို့ ဝင်လာသည်။

"ဘယ်သူမှ လာမနိူးဘူး။ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟုမေးရာ ...

"ကောင်လေး ... ထတော့ ထတော့လို့ ပုတ်နှိုးပြီး ဟိုဘက်ဆင်း သွားတယ်"

ဟု ပြောရာ (၎င်း 'ဟိုဘက်'မှာ စခန်းအပြင်ခြမ်း အနောက်တောင်ဘက်) ဖြစ်နေပြန်သည်။ ရှိစေတော့။

"ကိုပေါက်တူး ... ခင်ဗျားမေးတွေ ဘာတွေ နာနေလား။ ဘယ်လိုဖြစ်တာလဲ မှတ်မိလား"

ဟု ခင်မောင်မြင့်မှ စပ်စု၏။

"ပါးစပ်ထဲမှာကော သဲတွေဘာတွေရှိလား စမ်းကြည့်ပါဦး"

ဟုမေးရာ ၎င်းမှ ဟိုစမ်းဒီစမ်းဖြင့် ပွတ်သပ်ပြီး –

"ဘာမှမရှိပါဘူး။ နာနေတာလည်း မရှိဘူး။ ဘာဖြစ်လို့လဲ"

ဟု ပြေမေး မေး၏။ ထူးဆန်းနေသည် မဟုတ်လော။

"ဩော် .. တောင်ခြေမှာ ခင်ဗျားမူးလဲလို့ တွဲခေါ်ခဲ့ရတာ။ လူးလိမ့်ရုန်းကန်နေတော့ အတင်းလုပ်ရတာပေါ့။ ဒါကြောင့်ပါ"

ဟု ဆရာစော၏ မျက်နှာရိပ် အကဲအတိုင်း ဖြေသိမ့်ရ၏။

"ငါလည်း ကောင်းကောင်းမသိဘူးကွ။ တောင်ခြေရောက်တော့ ငါ့ကို တွန်းလှဲလိုက်တယ်။ လဲသွားပြီး မသိတော့ဘူး။ ခုနက လာနှိုးတော့မှ နိုးတာ။ အိပ်ရာပေါ် ဘယ်လိုရောက်လာမှန်း မသိတော့ဘူး"

ဟု ၎င်းဖြစ်စဉ်ကို ဇာတ်ကြောင်းလှန်လေသည်။

ထိုညအဖို့ နောက်ဆက်တွဲ ထူးခြားမှု မရှိတော့ပါ။ 'အပူ'လွန်မြောက်သောအခါ ဆောင်းနှင်းတို့သဘာဝခံစားရင်း နိုးကြားစွာ အနားယူကြပေတော့သည်။

## လောကီမလေ့ စဥ်မမေ့

နောက်တစ်နေ့ အားလပ်ချိန် နေ့လယ်ပိုင်းတွင် ဆရာစောလှခင် လိုက်ပါလျက် (ရေခပ်အကြုံဖြင့်) ခင်မောင်မြင့်တို့လည်း တောင်လယ်တောရကျောင်းမှ ဦးပဉ္ဇင်းလေးထံ ဝင်ရောက်ကြတော့သည်။ လှူဖွယ်ဝတ္ထုဖြင့် ဝတ်ပြုကန်တော့ပြီး –

"ဒကာတို့ ဘာကိစ္စများ ရှိကြလဲ"

ဟု အလိုက်သိစွာ မေးတော်မူလေ၏။ ဆရာစောလည်း ယမန်နေ့ညနေပိုင်းက ဖြစ်စဉ် (သရဲပူးခြင်းကိစ္စ) များကို လျှောက်ထားပြီး သကာလ

"အဲဒါပါပဲ ဘုရား။ အရှင်ဘုရားလည်း ဒီမှာ အတန်အသင့်ကြာနေပြီဆိုတော့ သိထားတာများ ရှိလျှင် မိန့်ပါဦးဘုရား။ ရှောင်သင့်တာလည်း ရှောင်ပါ့မယ်ဘုရား"

ဟု လျှောက်ထားလေသည်။

"ဦးပဉ္ဇင်းလည်း နည်းနည်းတော့ သတိထားမိပါတယ်။ ဒီတောင်မှာ ဘီလူးနှစ်ကောင် ရှိတယ်။ အကြီးကောင်က ယဉ်ကျေးနေပါပြီ။ အငယ်ကောင်ကတော့ နည်းနည်းကြမ်းတတ်သေးတယ်။ တစ်ခါ–နှစ်ခါလောက် လာဖူးတယ်ကွဲ့"

ဟု ရှင်းလင်းကာ –

"ဘာပဲဖြစ်ဖြစ် အမျှသာပေးဝေလိုက်ပါ။ သူတို့မ[illegible]သက်တဲ့ အပြောအဆို အပြုအမူတွေလည်း မလုပ်မိကြစေနဲ့ပေါ့"

ဟု ဆိုဆုံးမ၏။ ဆရာစောတို့လည်း ကန်တော့ပြီး စခန်းသို့ ပြန်ကြလေသည်။

"ကဲ ... ကောင်လေး၊ နောင်ကို ဘယ်တော့မှ ပေါက်တတ်ကရ မလုပ်နဲ့ ငြိမ်ငြိမ်နေတော့"

ဟု ၎င်းတတ်သိသလို ထပ်ဆင့်ဆိုလေ၏။

"ဟုတ်ကဲ့ပါ။ နောင်မမှားအောင် သတိထားပါ့မယ် ဆရာ"

ဟု ဝန်ခံပေသည်။ ထိုနေ့/ ထိုအချိန်မှ အစပြု၍ ထိုတပ်သားသစ် ခင်မောင်မြင့်သည် တပ်သား/အကြပ်ကြီး၊ အရာရှိအဆင့်ဖြင့် နှစ်ပေါင်းသုံးဆယ်ကျော်အောင် ဒေသအမျိုးမျိုးတို့တွင် တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့သည့်ကာလ တစ်လျှောက်ပတ်လုံး ...

"ရဲဘော်တို့ အိမ်၊ ခြံ၊ ယာ၊ ခတော ဘယ်မှာပဲဖြစ်ဖြစ် အသီးအရွက်ခူးတဲ့အခါ ခွင့်တောင်းရတယ်။ အနည်းဆုံး ပိုင်ရှင်'နတ်'တော့ ရှိတာပဲ။ ပြီးတော့ အလေးအပေါ့ စွန့်တဲ့အခါ တောင်းပန်ကြ 'တော့ခ ... တော့ခ' (ရှမ်းဓလေ့) ခရီးသွားမို့ပါ ခွင့်လွှတ်ပါစသည်ဖြင့်ပေါ့။ ဒေသန္တရ ထူးခြားမှုတွေကိုလည်း လိုက်နာစောင့်ထိန်းကြ။ ယုံယုံကြည်ကြည် အလေးထားကြ။ လက်ဆော့၊ နှုတ်ဆော့ မလုပ်ကြနဲ့"

ဟု ကိုယ်တိုင်လည်းစောင့်၊ အခြားသူများကိုလည်း သတိပေးဆုံးမလေတော့သည်။

သုခချမ်းသာ ပြည့်ကြပါစေ။

❖ ရှင်မဟော် ❖



www.burmeseclassic.com

www.burmeseclassic.com

# ဒဏ်တိမ် ဖလံဖြူပျောက် မျက်စဉ်း

လွင်လွင်မော်-စကု

မျက်စိအဆုံး၊ နားအတုံး လူဖြစ်ရကျိုးမနပ် လူရာမဝင် လူ့တောမတိုးနိုင်ပါ။ အသက်ကြီးငယ်မရွေး စွဲကပ်တတ်ပါတယ်။ ဝေဒနာဖြစ်ပွားခါစ ပေါ့ဆတာကြောင့် အတိဒုက္ခ ကြုံတွေ့ရခြင်းပဲ။ ဆီး,ဝမ်း,သွေး,လေ မညီညွတ်၊ တက်စာ အညှီအဟောက် မှီဝဲစားသုံး၊ ဒွလာအညောင်းအားကြီးလျှင် မျက်စိဝေဒနာ စွဲကပ်ပါတယ်။

အချို့မှာ မမျှော်လင့်ဘဲ မျက်စိထိခိုက်မှု ဖြစ်ပွားခြင်းပါ။ ဒဏ်တိမ်လို့ ဆိုရမယ်။ မျက်စိ၊ နား ဟိုဘက်မှ ဒီဘက် ကူးစက်မှာပဲ။ နေရောင်၊ မီးရောင် မကြည့်နိုင်၊ မျက်စိနီရဲလာမယ်။ မကြာမီ ပေါ့ဆမှုဖြင့် တိမ်သလ္လာ ပြာနှမ်း၊ မထင်မရှား၊ မသဲမကွဲ ဖြစ်လာမယ်။

စွဲကပ်တဲ့ရောဂါနှင့် အသုံးပြုသောဆေး အံ့ဝင်ခွင်ကျဖို့ လိုပါတယ်။ ရေတ်သီးအပူအစပ် မမှီဝဲပါနှင့်။ အာနိသင် စူးရှ ထက်မြတ်တဲ့ မျက်စဉ်း တန်းဆေး လွန်ကဲလျှင် ဘေးဥပဒ် ဖြစ်မယ်။ မျက်သားတက်၊ မျက်ရည်ယို၊ ကိုက်ခဲတာကြောင့် အော်ဟစ်ငိုကြွေးရမှာပါ။ ညအခါ အပုပ်ချိန် ပိုဆိုးတတ်တယ်။

မျက်လွှာကြည် နူးညံ့တဲ့အရာပါ။ ခန္ဓာကိုယ်မှာ အရေးကြီးတဲ့ အစိတ်အပိုင်းပဲ။ အသက်ရှင်နေပေမဲ့ အလင်းရောင်မရ မသဲမကွဲ စမ်းတဝါးဝါးနှင့် ကြုံတွေ့နေသူတွေ များပြားလာခြင်းပါ။ နေအပူရှိန်ပြင်းသောအချိန် မျက်စဉ်းမခတ်ပါနှင့်။ နှင်းနှိပ်မရတဲ့ အရာမို့ အခံရခက်ပါတယ်။

နံနက် မျက်နှာသစ်လျှင် မျက်နှာပြင်အနံ့ အေးသွားအောင် ပြုလုပ်ရမယ်။ ပြီးစလွယ် ဖြစ်ကတတ်ဆန်း မလုပ်သင့်ပါ။ မွန်းလွဲညနေ ရေမချိုးသင့်ဘူး။ ခန္ဓာကိုယ်မှာ မျက်စိအလင်းရောင်ကောင်းဖို့ လိုအပ်တယ်။ မထေမဲ့မြင် ဥပေက္ခာပြုတာကြောင့် မျက်စိကွယ်ရခြင်းပါ။

ကျွဲ၊ နွား၊ မြင်း၊ ဆိတ်၊ ကြက် သတ္တဝါအားလုံး မျက်စိရောဂါ စွဲကပ်ပါတယ်။ သစ်ကိုင်းရိုက်၊ ဖလံဖြူစုတ်၊ တိမ်သလ္လာများ ကြီးမားလာခြင်းပါ။ ရောဂါနှင့်ဆေး သင့်အောင်ပေး ပျောက်ရေးမခက်ပါ။ အနာသိက ပျောက်ကင်းနိုင်တဲ့ဆေး အမှန်ရှိပေတယ်။

မသိသူကျော်သွား ကျန်းမာရေးဗဟုသုတ ရှိသူအပ္ပ လက်တွေ့အသုံးပြုနေပါပြီ။ ပသာဒ၊ အလင်းရောင်၊ တိမ်သလ္လာ ပျောက်၊ မျက်စဉ်းဆေးဖော်စပ်ရန် ပရဆေးတစ်မည်နှင့် သက်သာပျောက်ကင်းတယ်။ ပရဆေးဆိုင်မှ ဒုတ္ထာအနည်းငယ် ဝယ်ပြီး မီးသင်းပါ။ ၎င်းအား နူးညံ့အောင် သံဆုံတွင် ကြိတ် တစ်နေ့ နှစ်ကြိမ်ခတ်ပေး၊ ဒဏ်တိမ်၊ ဖလံဖြူ၊ မျက်သားတက် မျက်ရည်ယို၊ ကိုက်ခဲခြင်း ချုပ်ငြိမ်းသွားပါတယ်။ လက်တွေ့ အသုံးပြုကြည့်စမ်းပါ။

လွင်လွင်မော်-စကု




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တတိယမြောက် ရတနာဒီပံ

## ဘုန်းပွင့်ထွန်း

ဝေဒနာစာစု(၁)

မှူးရဲ့ မျက်နှာလှလှလေးက ခပ်နွမ်းနွမ်းလေး ဖြစ်လို့နေပါသည်။

မှူးရဲ့စိတ်ထဲမှာလည်း အတွေးကွန်ယက်များဖြင့် ရှုပ်ထွေးနေ၏။

လှိုက်ဖိုမောလျှစွာ ရင်ထဲမှာဖြစ်တည်နေသော ခံစားချက်များအပေါ် တင်းခံနိုင်စွမ်းအား မဲ့ခဲ့ပြီ။

အဖိုးမဲ့မျက်ရည်စိမ်းများကို ရင်ထဲ ပေါ့သွားလို ပေါ့သွားငြား စီးသွန်ငိုကြွေးနေ၏။ ဒရင်းဘက်ပေါ် မျက်နှာမှောက်ငိုကြွေးနေစဉ်ခိုက်မှာပင် ဖေဖေသည် မှူးအနားမှ ထွက်ခွာသွားလေတော့ပြီကို သိနှင့်၏။

တိုးညှံ့ညင်သာသော ဖေဖေ၏ခြေသံများက ဝေး၍ ဝေး၍ ...။

မကြာမီမှာပင် ကားစက်သံ ခပ်ညက်ညက်ကို ကြားရပြန်သည်။

ဖေဖေသည် ဒီအိမ်ကြီးထဲမှာစောစောလေးက ရှိနေခဲ့၏။ မှူးကိစ္စနှင့်ပတ်သက်၍ အကျေအလည် ဆွေးနွေးကြ၏။ မှူးကိစ္စမှာ မှူးနှင့် မှူးဖေဖေတို့၏ သဘောထားယူဆချက်မှာ စေ့စပ်၍မရအောင် အက်ကြောင်းထင်နေသည်။

မှူးရဲ့အမြင်တွေက မှုန်ဝါးနေ၏။ မှူး၏အသိများက တွေဝေနေ၏။ မှူး၏ နှလုံးသားမှာ ကိုကိုက လွှမ်းမိုးထားပြီကိုး။ မှူးရဲ့ ဆင်ခြင်တိုင်းထွာမှုပေတံတွေ ရိုက်ချိုးပစ်ခံလိုက်ရပြီလေ။

ခြံထဲမှ ကားတစ်စီးက ဆောင့်ကြီးအောင့်ကြီး မောင်းထွက်သွားသည်။ အဲဒီကားမှာ ဖေဖေပါသွားပြီ။

ငိုကြွေးနေရာမှ မှူး ခေါင်းထောင်ထပြီး ပြတင်းပေါက်ခန်းဆီးကိုလှစ်ပြီး ဖေဖေ၏ကားကို လှမ်းကြည့်လိုက်သေးသည်။ ပြီးတော့ မှူးခမျာခြေဆစ်လက်ဆစ်များ ပြုတ်သကဲ့သို့အရုပ်ကြိုးပြတ် လဲကျသွားရသည်။ အလဲလဲအပြိုပြို ဖြစ်မသွားအောင်အတော်လေး သတိထားရသည်။

ကိုကိုရယ် ... မှူးပသို့ပြုရပါ့မလဲ။ မှူးရဲ့အသည်းတွေ တစ်စစီ ပဲ့ကြွေနေပါပြီ။

ဒရင်းဘက်ပေါ်မှ ခေါင်းအုံးလေးတစ်လုံးကို ဆွဲယူလိုက်သည်။ ခေါင်းအုံးလေးကို မှူး ဆုပ်ခြေထုနက်ပြီး စိတ်ယောက်ယက်ခတ်မှုကို တည်ငြိမ်အောင် ကြိုးစားသည်။

နံရံကို မှီသည်။ ခေါင်းအုံးကိုတင်းတင်းဖက်သည်။ ခေါင်းအုံးပေါ်မှာ မေးတင်ပြီး မှူး မလှုပ်မယှက် ငြိမ်သက်နေမိသည်။ အထိန်းအချုပ်မဲ့ မျက်ရည်များ တလိမ့်လိမ့်စီးကျနေဆဲ။

မှူး မခံစားဖူးပါ။ မှူး မခံစားနိုင်တော့ပါ ...။

အခု မှူးတစ်ယောက်တည်းရယ်။ ဖေဖေက မှူးကို စတင်စွန့်ခွာသွားပြီ။ မှူးအနေနဲ့ ကိုကို့ရဲ့အရိပ်အောက်မှာ အားအင်သစ်တွေ ထူထောင်ရင်း နေသွားရုံပါပဲ။ ဒါပေမယ့်အဖေတစ်ခု၊ သမီးတစ်ခုဆိုတဲ့ နှံ့ထဲမှာ အဖေက သမီးမဲ့အဖေ၊ သမီးကလည်း အဖေမဲ့သမီးအဖြစ်နဲ့ လောကချင်းဝေးခြားသွားစေမှုကို ခံယူရမှာ။

အဲဒါကို မှူးသိပ်ကြောက်နေတယ်။ ဖေဖေ့ရဲ့ ပြတ်သားရဲရင့်တဲ့ ဆုံးဖြတ်ချက်တွေကို မှူးအကြောက်ဆုံးပဲ ...။

*** *** ***

ဝေဒနာစာစု(၂)

''ဖေဖေ သွားတော့မယ် မှူး။ အဲဒါမှူးကို ဖေဖေအပြီးနှုတ်ဆက်သွားတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်။ အပြီးနှုတ်ဆက်မှုမျိုး၊ အခြေအနေမျိုးတော့ ဖေဖေ မလိုလားဘူး။

သမီးနားမှာ ဖေဖေ့ရဲ့ သမီးနဲ့ ဆိုင်တဲ့ ဒိုင်ယာရီလေးတစ်အုပ် ထားခဲ့မယ်။ ဖေဖေ သမီးကို ပြောချင်တာတွေ၊ ဖေဖေ့ရဲ့ ရင်ထဲကစကားတွေကို သမီးကို ပြောမထွက်တာနဲ့ စာလေးတစ်စောင် ရေးပြီး ဒိုင်ယာရီထဲမှာ ညှပ်ထည့်ထားတယ် သမီး။ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com

သွားတော့မယ် ...''

ဖေဖေခြံထဲမှ ကားဖြင့်မောင်း မထွက်သွားမီ အချိန်လေးမှာ ကပ်ပြီး ပြောသွားခဲ့သည်။ မှုံးက ဒရင်းဘက် ပေါ်မှာ မှောက်ပြီးငိုနေချိန်မှာ ဖြစ် သည်။ ဖေဖေ၏ စကားကို ငိုကြွေးနေ သောကြောင့် သဲသဲကွဲကွဲတော့မကြား မိ။ ဒိုင်ယာရီဆိုတာတော့ ကြားသည်၊ စာတစ်စောင်ဆိုတာတော့ ကြားသည်။

မှုံး မည်မျှကြာအောင် ငိုကြွေး နေမိသည်တော့ မသိ။ အခုမှ အငိုရပ် ကာ ဖေဖေ၏ ဒိုင်ယာရီနှင့် စာကို ဖတ်ရှုရန်အတွက် ရှာရသည်။ ငိုကြွေး မှု၏ အရှိန်ဖြစ်သော ရှိုက်ငင်မှုကိုမူ မရပ်တန့်နိုင်သေးပါ။

လောလောဆယ်တွင်မူ မှုံးကို မည်သူမျှ နှစ်သိမ့်နိုင်မည် မဟုတ်ပါ။ ဖေဖေ၏ ဒိုင်ယာရီနှင့် စာက မှုံးကို တစ်စုံတစ်ခုနှစ်သိမ့်မှုတော့ ပေးစွမ်း မည်ဟု ထင်သည်။

ဒရင်းဘက်ခေါင်းရင်း ခြေတို စားပွဲလေးပေါ်မှ ဖေဖေ၏ ဒိုင်ယာရီ စာအုပ်လေးကို ဆွဲလှန်လိုက်သည်။

ဒိုင်ယာရီ၏ စာမျက်နှာတိုင်းမှာ ဖေဖေ၏ မှုံးအပေါ် ချစ်ခြင်းမေတ္တာ များ၊ ခံစားရမှုများ၊ ပြုစုယုယမှုများကို သာ ဖတ်ရှုရသည်။

ဖေဖေ၏ ဒိုင်ယာရီကို ဖတ်ရှုမိ ပြီးနောက် ဖေဖေ၏ရင်မှ ဝေဒနာ အစွန်းအစများကို သိမြင်ခွင့်ရသွား သည်။ ဖေဖေနဲ့ မေမေရဲ့ အဖြစ်က လည်း ယခု သမီးတို့လို အဖြစ်မျိုးပါပဲ လားဟု စာနာတတ်လာသည်။

ဒိုင်ယာရီ၏ စာမျက်နှာအချို့မှ စကားလုံးများသည် မှုံးကို နှစ်သိမ့် သော စကားလုံးများတော့ မဟုတ်။ ဖေဖေ၏ ချစ်ခြင်းမေတ္တာအပေါ် အတိုင်းအတာတစ်ရပ်အထိ နားလည် လာစေသော စကားလုံးများသာ ဖြစ် သည်။

၂၇-၉-၈၁

ဒိုင်ယာရီစာမျက်နှာလေး တစ်ခု ပေါ်မှ ရက်စွဲကို ကြည့်လိုက်သောအခါ ၂၇-၉-၈၁ မှာ ပြနေ၏။ ထိုနေ့ ဒိုင် ယာရီစာမျက်နှာအား မှုံး အသေ အချာ ဖတ်ကြည့်နေမိသည်။

သမီးလေးအိပ်စက်နေတာ သုံး ရက်တောင်ရှိသွားပြီ။

သမီးလေးရဲ့ မျက်တောင်ဖျား လေးတွေက ကော့ညွှတ်လို့၊ သမီးအိပ် ပျော်နေခိုက် သမီးလေးရဲ့ အနားက ဖေဖေ ဘယ်ကိုမှ ခွာမသွားခဲ့ပါဘူး။

သမီးလေးရဲ့ မျက်တောင်ဖျား ပေါ်က အိပ်စက်ခြင်းတွေဟာ ထာဝရ အိပ်စက်ခြင်း မဖြစ်နိုင်ပါဘူး။ ဖေဖေ ယုံကြည်ပါတယ်။ သမီးလေး အိပ်မက် နိုင်ငံကို ခေတ္တသွားနေတာပါလို့။

သမီးလေးရဲ့ ရုပ်ခန္ဓာက လှုပ် ရှားမှုမဲ့ ငြိမ်သက်နေတယ်။ သမီးလေး ရဲ့ ရင်အုံကတော့ မောက်ကြွလှုပ်ရှား နေရဆဲပါပဲ။ အဲဒီ လှုပ်ရှားမှုလေးက သာ သမီး ဖေဖေ့ဆီက အဝေးဆုံး ခရီးကို ထွက်မသွားသေးဘူးလို့ သိနေ ရတယ်။

သူတို့တွေကတော့ ...တညီ တညွတ်တည်း ပြောနေကြပြီ သမီး ရယ်။ မျှော်လင့်ချက် အလင်းစလေး တွေ တစ်မှုန်၊ နှစ်မှုန်တောင် မကျန် တော့ဘူးတဲ့။

သူတို့ပြောသလိုပဲ ဖေဖေနဲ့ အဝေးဆုံးခရီး၊ အဝေးဆုံးတစ်နေရာ ကို ထွက်ခွာဖို့ ခြေလှမ်းလေးတွေ စတင်နေပြီလား သမီးလေး။

အဲဒီလို ဖေဖေ့ရဲ့ တွေးထင်မှု တွေကို ကျောက်သင်ပုန်းက အလိုမရှိ တဲ့စာလုံးတွေကို ပြန်ဖျက်ပစ်နေရ သလိုမျိုးပါပဲ။ အလိုမရှိလို့ အခါခါ ဖျောက်ဖျက်ပစ်ရတာ ဖေဖေပင်ပန်း






www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲလွန်းနေပါပြီ။

ဖေဖေရဲ့ အိပ်ရေးပျက်ညတွေ အားလုံးဟာ သမီးလေး ကျန်းမာလာ စေဖို့ မျှော်လင့်ချက်နဲ့ သမီးလေးရဲ့ အနားမှာ ပြုစုရင်း ကုန်လွန်ခဲ့ရတာပါ။

ဒေါက်တာက နောက်ဆုံး အသက်ကယ်ဆေးတောင် ထိုးပေး ထားရတဲ့ အဆင့်ကို ရောက်နေပြီဖြစ်တဲ့ သမီးလေးအတွက် အရင်တုန်းက အယုံအကြည်မဲ့တဲ့ ဗေဒင်လည်း မေး ကြည့်ခဲ့ဖူးရပြီ။ အခုတော့ ယတြာဆို တာကိုလည်း မယုံတစ်ယုံနဲ့ လုပ်နေမိ ပြီ သမီးလေးမှူး။

ဖေဖေ့မှာ အတွယ်အတာဆိုလို့ ဒီသမီးလေးပဲ ရှိတာ။ သမီးလေးရဲ့ မေမေ ဖေဖေ့ကို ခွဲသွားပြီး အဝေးဆုံး ကိုရွက်လွှင့်တော့ ဖေဖေ ဖြေမဆိုအောင် ခံစားရတယ်။ သမီးလေးရော သမီး မေမေလိုပဲ ဖေဖေ့ကို ထားရစ်ခဲ့ဖို့ စိတ် ကူးနေပြီလား ...။

အဲဒါကို ဖေဖေ မတွေးချင်ဘူး။ တွေးရဲတဲ့သတ္တိလည်း မရှိဘူး။ သမီး လေးမရှိတော့တဲ့ အခါမျိုးကို မမျှော် လင့်ဘဲ ကြုံတွေ့ရင်ဆိုင်ရပြီဆိုရင် ဖေဖေ ဘာတွေဖြစ်မလဲလို့ စဉ်းစားမိ တယ်။

ဖေဖေ့ရဲ့ဘဝတစ်ခုလုံး ပျက် ယွင်းတိမ်းပါးလုမတတ် ခံစားရမှာပဲ သမီး။ ဖေဖေ ရူးသွပ်ချင်လည်း ရူးသွပ် သွားနိုင်တာပါပဲ။

ဓာတ်ယတြာတဲ့ ...။

ရတနာဒီပံတဲ့ ...။

အဲဒီဗယောင်းတိုင်ထွန်းတာ ဖေဖေ နှစ်ညရှိသွားပြီ။ သမီးလေးရဲ့ အသိတွေ ပြန်မလည်လာသေးဘူး။ ဒီညဟာ သမီးအတွက် တတိယ မြောက် ရတနာဒီပံဆီမီးကို ထွန်းညှိ ပေးရဦးမယ်။

အိပ်စက်နေလိုက်ပါ သမီးလေး။ ဖေဖေ ဘုရားခန်းထဲဝင်ပြီး သမီးလေး အတွက် ဆုမွန်ကောင်းတွေ တောင်း ရဦးမယ်။ ဖေဖေရဲ့ရင်တွေ ငြိမ်သက် အောင် ကြိုးစားရဦးမယ်။

တတိယမြောက် ရတနာဒီပံကို ဖေဖေ ဆီမီးထွန်းခွက်မှာ စိုက်ထူလိုက် တယ်။ ပြီးတော့ တတိယမြောက် ရတနာဒီပံကို ထွန်းညှိလိုက်တယ်။


ဖေဖေ့ရဲ့ ဝတ်ပြုနေတဲ့အသံက တုန်ယင်နေတယ်။ အာရုံက သိပ် မဖြောင့်လှဘူး။ သမီးလေးရဲ့ အခန်း ထဲက လှုပ်ရှားမှုတစ်ခုခု၊ ဒါမှမဟုတ် အသံလေးတစ်သံလောက် ကြားရလို ကြားငြား အာရုံစွင့်ထားမိတယ်။

သမီးလေးအတွက် ဆုမွန် ကောင်းတွေကို ဖေဖေတောင်းပြီး တော့ သမီးလေးရဲ့ အခန်းကို ဖေဖေ ပြန်လာခဲ့တယ်။

နာရီစက်သံတွေက တိုးတိတ် လွန်းပေမယ့် ဖေဖေ့ကို ချောက်ချားစေ ခဲ့တယ် သမီးလေး။ အချိန်တွေ ရင့်အို လာတာနဲ့အမျှ ဖေဖေ့ရဲ့ နှလုံးခုန်သံ တွေ မှုမမှန်ချင်တော့ဘူး။

အဲဒီအချိန်မှာ တယ်လီဖုန်းသံ မြည်လာတယ်။ ဖေဖေ တုန်လှုပ်စွာ တယ်လီဖုန်းကို ကောက်ကိုင်လိုက် တယ်။ တစ်ဖက်အသံကို ဖေဖေ နား စွင့်ကြည့်လိုက်တော့ သမီးလေးကို ကုသပေးတဲ့ ဒေါက်တာရဲ့အသံ ဖြစ် နေတယ်။

ထွေထွေထူးထူးတော့ မဟုတ် ပါဘူး။ သမီးလေးရဲ့အခြေအနေကို လှမ်းမေးတာပါ။ ဒေါက်တာကတော့



ဒီအချိန်မှာ သမီးလေးရဲ့ နှလုံးခုန်သံ ရပ်ဆိုင်းလောက်ပြီလို့ ယူဆပြီး လှမ်း မေးတာပါပဲ။

ဒေါက်တာ့ကို လတ်တလော အဖြေပြန်မပေးနိုင်ဘူး။ ဒေါက်တာ့ကို သည်းခံပြီး ဖုန်းခဏကိုင်ထားနိုင်းရ တယ်။ သမီးလေးရဲ့အခန်းကို ပြန်လာ တယ်။ သမီးလေးရဲ့ နှလုံးခုန်သံကို နားထောင်ဖို့ရာ မဝံ့ရဲပြန်ဘူး။

ဖေဖေ ချွေးသီးချွေးပေါက်တွေ ကျလာတယ်။ ဒါပေမယ့် သမီးလေး ရဲ့ နှလုံးခုန်သံကို ဖေဖေ အားတင်းပြီး နားထောင်ကြည့်တယ်။ သမီးလေးရဲ့ ရင်ဘတ်မှာ ဖေဖေ့ရဲ့နားကို ကပ် လိုက်တယ်။

သမီးလေးရဲ့ နှလုံးခုန်သံကို ကြားနေဆဲမို့ ဖေဖေဝမ်းသာသွား တယ်။ ချက်ချင်းပဲ ဖေဖေဟာ ဒေါက်

www.burmeseclassic.com

www.burmeseclassic.com

တာ့ဆီ ပြန်ဖုန်းဆက်ပြီး အကြောင်းကြားတယ်။ ဒေါက်တာက စိတ်ချရပြီတဲ့။

ဒေါက်တာက စိတ်ချရပြီဆိုပေမယ့် သမီးလေးက မလှုပ်မယှက် ငြိမ်သက်နေဆဲပဲ ရှိသေးတယ်။ ညဉ့်သန်းခေါင်ကို လွန်မြောက်လာခဲ့ပြီ။ အရုဏ်ဦး ရောင်ခြည်တန်းတွေ ရောက်လာတော့မယ်။

ဟော ... သမီးလေး လူးလွန့်လာပြီ။ ဒေါက်တာ့ရဲ့စကား မှန်ပြီ ထင်ပါရဲ့။ သမီးလေးရဲ့နှုတ်က ညည်းသံလေးလည်း ထွက်လာပြီ။

သမီးလေး ဖေဖေအနားမှာရှိနေတယ်။ သမီးလေးလိုတာ ဖေဖေ ဖြည့်ဆည်းပေးနေတယ်။ ဖေဖေ့ရဲ့ အိပ်ရေးပျက်ညတွေ အဆုံးသတ်တော့မယ် ထင်ရဲ့။

"ရေ ..."

သမီးလေးရဲ့ နှုတ်က ဦးစွာမြည်တမ်းလာတာကတော့ ရေတဲ့။ မျက်လုံးလေးကတော့ ပွင့်မလာသေးဘူး။

ဘာပဲဖြစ်ဖြစ် ၂၇-၉-၈၁ ဆိုတဲ့ ရက်စွဲလေးဟာ ဖေဖေ့ရဲ့ရင်ထဲမှာ အမှတ်ထင်ထင်ရှိနေတော့မယ်။ သမီးလေးရဲ့ လူ့လောကထဲ ဒုတိယအကြိမ် ပြန်လည်ရှင်သန် ထမြောက်လာတဲ့နေ့မို့ပေါ့။

အဲဒီတုန်းက ... သမီးလေးရဲ့ အသက်က ၇ နှစ်ပဲ ရှိသေးတယ်။

မှူးမှာ ဖေဖေ၏ ၂၇-၉-၈၁ နေ့စွဲ ဒိုင်ယာရီလေးကို လှန်ဖတ်ပြီးနောက် ဖေဖေ၏ မေတ္တာတရားကို နားလည်လာရ၏။ သို့သော်လည်း ဖေဖေသည် မှူး၏နှလုံးသားရေးရာကိစ္စကိုမူ အဘယ်ကြောင့် ဤမျှ ကန့်ကွက်စကားဆိုနေသည်ကို နားမလည်နိုင်အောင် ဖြစ်ရသည်။

မှူးမှာတော့ ကိုကို့အတွက် စိတ်ချသည်။ ဖေဖေ၏ စာရွက်ခေါက်ကလေးကို ဖြန့်ကြည့်မိလိုက်သောအချိန်မှာ မှူး၏ မျက်ရည်များက ရပ်တန့်နေခဲ့ပြီ။ မှူး၏ နှလုံးသွေးတို့က ပြောင်းပြန်လှည့်ပတ်သွားလေပြီ။

*** *** ***

သမီးလေးမှူး ...

အခုအချိန်မှာ ဖေဖေရဲ့ ဒိုင်ယာရီကို ဖတ်ပြီးပြီပေါ့။




ဖေဖေရဲ့ဒိုင်ယာရီကို ဘယ်သူမှ ဖတ်ခွင့် ဖေဖေမပေးဘူး။ အခု သမီးလေး ပထမဆုံး ဖတ်ခွင့်ရတာပဲ။

ဒီလိုအချိန်မျိုးမှာ သမီးလေးရဲ့ မေမေကို သတိရမိဆုံးပဲ။ အခုစကားတွေက ဖခင်တစ်ဦးအနေနဲ့ သမီးကို ပြောရမယ့်စကားတွေ မဟုတ်ဘူး။ သမီးမေမေက ပြောရမယ့်စကားတွေမို့ပါ။

အခုအချိန်မှာ သမီးဘယ်လို ခံစားနေရမယ်ဆိုတာ ဖေဖေသိပါတယ်။ သမီးရဲ့မေတ္တာရေးရာမှာ ဖေဖေဘာမှ ကန့်ကွက်ချုပ်ချယ်မှု မပြုလိုပါဘူး။ သမီးလေးအဖို့ကတော့ အချစ်ဆိုတာကို မခံစားဖူးတဲ့သူမို့လား၊ သမီးရဲ့ မျက်လုံးတွေက ကန်းနေတယ်၊ အမြင်တွေ မှုန်ဝါးနေတယ်။ သမီးရဲ့ အတွေးအခေါ်နဲ့ ဆင်ခြင်တုံတရားတွေ အားလုံးဟာ အခုအချိန်မှာ အကျဉ်းချထားခံရတယ်။ မှန်ကန်တဲ့ ချိန်ဆမှုကို သမီးလေး မှူး တိုင်းတာတွက်ချက်နိုင်စွမ်းအား မဲ့နေပြီ။

သမီးလေး မီးတွင်းကတည်းက သမီးမေမေ ဆုံးပါးသွားရတာဆိုတော့ သမီးလေး ဒီအချိန် ဒီအရွယ်အထိ ရောက်အောင် ဖေဖေ ဘယ်လောက်အထိ ပြုစုပျိုးထောင်ခဲ့ရတယ်ဆိုတာ သမီးလေး မသိတာရှိသလို၊ သိသင့်သလောက်လည်း သိမှာပါ။

သမီးလေးဟာ ဖေဖေရဲ့ နှလုံးသည်းပွတ်ပါ။ နောက်အိမ်ထောင်ထူဖို့ကိစ္စကို သမီးလေးတစ်မျက်နှာတည်းကြည့်ပြီး ဖေဖေတွေးတောင် မတွေးခဲ့တာပါ။ ဒီအချိန်ရောက်လာမှ သမီးလေးကို လက်လွှတ်စပယ် မဖြစ်စေချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

မှူးတွေးကြည့်ပါ။ ဖေဖေ့ဘက်ကနေ ကြည့်ပါ။ သမီးရဲ့ချစ်သူက မောင်မင်းခိုင်ဆိုတာနော်။ အခု ဆေးကျောင်း နောက်ဆုံးနှစ်။

အနေအထိုင်၊ ယဥ်ကျေးမှု၊ အကျင့်စာရိတ္တပိုင်းကအစ ပြောစရာမရှိဘူး။ ရှေ့ကို အတော်လေး အလားအလာကောင်းတယ်။ သမီးကိုလည်း မေတ္တာရှိပုံရတယ်။

သမီးအံ့သြနေလား။ သမီးနဲ့ပတ်သက်လို့ ဖေဖေ လျစ်လျူမရှုနိုင်လို့ပါ။ ဒါတွေကို ဖေဖေဘာသာ စုံစမ်းခဲ့ရတာပါ။

ဒါနဲ့များ ဖေဖေက ဘာကြောင့်ကန့်ကွက်ရတာလဲ။ ကန့်ကွက်စရာအကြောင်းပြချက်ကော ရှိလို့လားဆိုပြီး ဖေဖေ့ကို မှူးက မေးချင်နေမယ်။

မေးလည်း မေးထိုက်ပါတယ်။

အစပိုင်းကတော့ မောင်မင်းခိုင်နဲ့ပတ်သက်ပြီး ဖေဖေလည်း ဒီလောက်ပဲ သိထားတာမို့ သမီးကို ကန့်ကွက်စကား မဆိုခဲ့ဘူး။ မသိလိုက် မသိဘာသာပဲ နေလိုက်တယ်။

ဒါပေမယ့် မောင်မင်းခိုင်ရဲ့ မျိုးနွယ်ကို ဖေဖေစုံစမ်းကြည့်တော့ ကွင်းဆက်မမိလို့လားမသိဘူး။ ရေရေရာရာ မသိရဘူး ဖြစ်နေတယ်။

တစ်ခုတော့ ဖေဖေသိခဲ့ရတယ်။ အဲဒီ သိခဲ့ရတဲ့တစ်ခုဟာ သမီးနဲ့ မောင်မင်းခိုင်ကို သဘောမတူနိုင်ဖို့ ဖြစ်လာတဲ့ အချက်ပဲ။

သမီး စိတ်ခိုင်ခိုင်ထားပြီး ဆက်ဖတ်ပါ။ မောင်မင်းခိုင်မှာ အိမ်ထောင်ရှိတယ် သမီး။

တစ်နေ့မှာပေါ့ သမီးရယ်။

မောင်မင်းခိုင်ဟာ ကားလေး



တစ်စီးနဲ့ ရဝတရုံးကို ရောက်လာခဲ့တယ်။ မောင်မင်းခိုင်နဲ့အတူ အမျိုးသမီးတစ်ယောက်လည်း ပါရဲ့။

အဲဒီအချိန်မှာ ဖေဖေဟာ ကိစ္စတစ်ခုနဲ့ ရဝတရုံးကို ရောက်နှင့်နေတယ်။ အဲဒီအမျိုးသမီးက (–)ဈေးမှာ အထည်ဆိုင်ဖွင့်ထားတဲ့ မမိုးမိုးဆိုတာပဲ။ ဖေဖေနဲ့လည်း သိဟောင်းကျွမ်းဟောင်းတွေပဲ။

မမိုးမိုး ရဝတရုံးထဲရောက်လာတော့ ဖေဖေ့ကို နှုတ်ဆက်တယ်။ အဲဒီ မောင်မင်းခိုင်နဲ့ မမိုးမိုးတို့ နှစ်ဦးသဘောတူ လက်မှတ်လာထိုးကြတာပဲ။ ဆွမ်းခံရင်းငှက်သင့်ဆိုတာလို ဖေဖေတောင် အသိသက်သေအဖြစ်နဲ့ လက်မှတ်ထိုးပေးခဲ့ရသေးတယ်။

ရဝတရုံးက သူတို့ပြန်သွားကြတော့ ဥက္ကဋ္ဌကို မေးကြည့်မိတယ်။ ဒီတော့မှ အကြောင်းစုံသိရတော့တယ်။

မမိုးမိုးက မောင်မင်းခိုင်ကို ကျောင်းထားပေးတာ။ တက္ကသိုလ်မှာ မိန်းကလေးတစ်ယောက်နဲ့ အတွဲဖြစ်နေတယ်လို့ သတင်းကြားလို့ မမိုးမိုးက သေချာအောင် မောင်မင်းခိုင်နဲ့ ရုံးမှာ လာထိုးတာပါလို့ သိရတယ်။

ဤနေရာအရောက်မှာ ဖေဖေ၏စာကို မှူး ဆက်မဖတ်ဝံ့တော့။ မိန်းကလေးတစ်ယောက်အနေနှင့် ယောကျ်ားလေးတစ်ယောက်၏ အချစ်ကို သေချာစူးစမ်းခြင်းမပြုဘဲ လက်ခံရခြင်းကိုက သူ့အမှား။ မှူးဘာလုပ်ရမလဲ။

မှူး သူ့ကို မခွဲနိုင်အောင် ချစ်လမ်းမိတဲ့အချိန်မှ မှူးသိခွင့်ရသည်။ တကယ်ဆို မှူးကို အစစအရာရာ ပွင့်လင်းသင့်သည်။ ကိုကိုက ပိရိလွန်းသည်။ ဖေဖေ၏စာ ဖတ်ရမှပင် သိရတော့သည်။

သို့ပေမယ့် မှူးအနေနှင့် ဒါကို သိပ်မယုံချင်။ မှူး၏ နှလုံးသားက ငြင်းဆိုချင်နေသေးသည်။

ဒါပဲ သမီး။ မောင်မင်းခိုင်မှာ ပိုင်ဆိုင်သူ ရှိတယ်။ သမီးဟာ ဒုတိယလူပဲ။ လူမှုပတ်ဝန်းကျင်မှာ သမီးကို အငယ်အနှောင်းလို့ သမုတ်ကြလိမ့်မယ်။ ဖွတ်မတိုးချင်ပါနဲ့ သမီးလေး။

မမိုးမိုးနဲ့ မောင်မင်းခိုင်က အခုမှသာ လက်မှတ်ထိုးကြတာ။ ညားနေကြတာ ကြာပြီ။ ဒီကိစ္စ မမိုးမိုးနဲ့ ဖေဖေတဲ့တိုးပဲ ဝင်ဆွေးနွေးခဲ့တယ်။ သမီးရှင်တစ်ယောက်အနေနဲ့ မပြုသင့်တဲ့ ကိစ္စတွေပါ။

တကယ်လို့ လွန်ကျူးတဲ့အခြေအနေတစ်ရပ်အထိ မရောက်သေးဘူးဆိုရင် မမိုးမိုးကို ကျေနပ်လောက်တဲ့ လျော်ကြေးတွေပေးပြီး မောင်မင်းခိုင်

www.burmeseclassic.com

ကို သမီးရဲ့လက်ထဲ ထည့်မလို့။

အားလုံးဟာ နောက်ကျသွားပါပြီ။

ဖေဖေပြောတဲ့ကြားထဲက သမီး ဖွတ်တိုးဦးမယ်ဆိုရင်တော့ ...

သူတစ်ပါးရဲ့ အငယ်အနှောင်းဖြစ်ရတဲ့ သမီးရဲ့ ဖခင်တစ်ယောက်အနေနဲ့ အရှက်နည်းစွာ လူကြားထဲ မရပ်တည်နိုင်တာမို့ အခု သမီးနေတဲ့ အိမ်ရယ်၊ ခြံမြေရယ်၊ ဘဏ်မှာအပ်ထားတဲ့ ငွေသုံးသိန်းရယ်၊ ဖေဖေထားခဲ့တယ်။ ဖေဖေလောလောလတ်လတ် ယူသွားတဲ့ ကားကို တစ်ယောက်ယောက်နဲ့ ပြန်ပို့ပေးလိုက်မယ်။



အဲဒါတွေအားလုံး သမီးတို့အတွက်ပဲ။ ဖေဖေကတော့ ဝေးရာကိုသွားပြီ။ ဖေဖေဆိုတာ သမီးရဲ့ဘဝထဲမှာ ဘယ်တော့မှ မရှိနိုင်တော့ဘူး။ သမီးရဲ့မျက်ကွယ်မှာ ဖေဖေ့ရဲ့ဘဝပျက်ကို မြှုပ်နှံတော့မယ်။

သမီးလေး ဖျားနာတုန်းက ရတနာဒီပံ ဖယောင်းတိုင်သုံးတိုင် ထွန်းပြီးတဲ့နောက်မှာ သမီးလေး သတိပြန်လည်လာခဲ့တယ်။

အခုလည်း ရတနာဒီပံဖယောင်းတိုင်နှစ်တိုင်ကို နှစ်ရက်တိတိ ဖေဖေ ဘုရားမှာ ပူဇော်ထားပြီးပြီ။ အခုလည်း သမီးလေး ငိုရှိုက်နေတုန်း ဖေဖေထွက်မသွားခင်မှာ နောက်ဆုံးလက်ကျန် တတိယမြောက် ရတနာဒီပံကို ဘုရားကျောင်းဆောင်မှာ ထွန်းညှိပူဇော်ထားတယ်။ အချိန်နှစ်နာရီလောက်တော့ အထွန်းခံမယ်။

အခုလည်း ဖေဖေယုံကြည်နေဆဲပဲ။ တတိယမြောက် ရတနာဒီပံက သမီးလေးရဲ့ တွေဝေနေတဲ့ ဆုံးဖြတ်ချက်ကို မှန်ကန်တည့်မတ်ပေးနိုင်လိမ့်မယ်ဆိုတာ။

သမီးလေးရဲ့ တစ်ဘဝတာလုံး အတွက် ဒုတိယဆိုတဲ့စကားလုံးကို ဖြုတ်သိမ်းခွင့်ရမယ်ဆိုတာ ဖေဖေ ယုံကြည်နေဆဲပါပဲ။

ရတနာဒီပံ ထွန်းညှိပူဇော်လို့ ကုန်သွားလောက်တဲ့အချိန်မှာတော့ ဖေဖေ ဒီနယ်မြေမှာ ရှိမနေတော့ဘူး သမီးလေး။

ရတနာဒီပံ မကုန်ခင်လေးမှာ သမီးလေး ဖုန်းလှမ်းဆက်ပါ။ ဖေဖေရှိနေနိုင်မယ့်နေရာအတွက် ဖုန်းနံပါတ်ကို ဖေဖေရေးထားခဲ့တယ်။

ဖုန်းနံပါတ်က (----)

သမီးလေးရဲ့ ဖုန်းဆက်တဲ့အသံကို ဖေဖေနားထောင်နေမယ်။ ဖုန်းနားမှာ ဖေဖေထိုင်စောင့်နေမယ်။ နောက်ထပ် တစ်နာရီတိတိပေါ့။

သမီးလေးသာ ဖုန်းမဆက်ဘူးဆိုရင် ဖေဖေဘယ်လိုခံစားရမယ်၊ ဖေဖေဘယ်လောက်ကြေကွဲရမယ်ဆိုတာ အဲဒါကို ဖေဖေခံနိုင်ရည်ရှိပါ့မလားဆိုတာ ဖေဖေမစဉ်းစားရဲပါ သမီး ...။

သမီးရဲ့ ဖေဖေ

မှူး ဖေဖေ၏စာကို ဆုံးအောင်ဖတ်ပြီးသွားသောအခါ ဆုံးဖြတ်ချက်တစ်ခုကို ချသွားနိုင်ခဲ့ပြီ။

တတိယမြောက်ရတနာဒီပံ မီးလျှံလေး တောက်ပနေဆဲလား။ ကုန်ဆုံး ငြိမ်းပျောက်သွားပြီလား။

မှူး ဘုရားခန်းဆီသို့ ချက်ချင်းပဲ ထလျှောက်သွားသည်။

ဘုရားခန်းသို့ ရောက်သောအခါ တတိယမြောက်ရတနာဒီပံ ဖယောင်းတိုင်က အလျှံညီးညီးတောက်ပနေဆဲ မြင်တွေ့လိုက်ရသောကြောင့် မှူး အတိုင်းမသိ ဝမ်းမြောက်သွားရ၏။

ဖယောင်းတိုင်က သိပ်မကျန်တော့။ တစ်လက်မသာသာမျှသာ ကျန်တော့သည်။

နောက်ထပ် ၁၀ မိနစ်မျှအကြာ၌ ဖယောင်းများ အစအနမကျန်အောင် အရည်ပျော်သွားပေမည်။

မှူး ဖုန်းနံပါတ်ကို ကောက်လှည့်လိုက်သည်။ သိပ်မကြာလိုက်ပါ။ ဖေဖေနှင့် အဆက်အသွယ်ရသည်။

မှူး၏ ဖေဖေကို တစ်ခွန်းတည်းပဲ ဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ ပြန်လာပါ"

*** *** ***



**ဝေဒနာစာစု(၃)**

သားအဖနှစ်ယောက် ငြိမ်းချမ်းရေးရသွားကြပြီ။ ရယ်ရယ်မောမော စကားစမြည် ပြောဆိုကြရပြီ။

မျိုးသိလိုသောကိစ္စအား ဖေဖေ့ကို မေးကြည့်သည်။

"မျိုးငယ်စဉ် ဖျားနာတုန်းက ဖေဖေ ရတနာဒီပံဖယောင်းတိုင် ထွန်းခဲ့တယ်နော်"

"အင်း ..."

"အခုကိစ္စမှာလည်း ဖေဖေ ရတနာဒီပံကို ထွန်းပြန်တာ သမီးကိုယ်တွေ့ပဲ"

"ဒီတော့ ..."

"ရတနာဒီပံက စွမ်းတယ်နော် ဖေဖေ"

"သမီးက စွမ်းတယ်ထင်လို့လား"

"မျိုး ဒီလိုပဲထင်တယ်။ မျိုးကိုယ်တွေ့ပဲလေ။ မျိုးရဲ့ တစ်ဘဝတာ အရေးအတွက် မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ရရှိစေခဲ့တယ်လေ"

"သမီး ထင်ချင်သလိုထင်ပါ။ ဒါဟာ ယုံကြည်မှုတစ်ခုပဲ မျိုး။ ယုံကြည်မှုအပေါ် တိုက်ဆိုင်တာလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့"

"ဒီအပေါ် မျိုးဆက်မဆွေးနွေးလိုတော့ပါဘူး။ အဲဒီ ရတနာဒီပံကို ဖေဖေစီရင်တတ်တယ်နော်။ ဘယ်လိုစီရင်ရသလဲ ဖေဖေ၊ သမီးကို နည်းနာလေး ပြောပြပါဦး"

အဲဒီ ရတနာဒီပံဖယောင်းတိုင်စီရင်ဖို့က အထွန်းခံဖယောင်းတိုင် သုံးတိုင် လိုအပ်တယ်သမီး။ ကျပ်ပြားလုံး အရွယ်သာသာလောက်ပေါ့။ အဲဒီမှာ နံဂြိုဟ်မြှင့်တဲ့ ဆပွတ်ကို ရေးရတယ်။ သူ့ကိုနိုင်လို့ ဆကိုခိုတဲ့။ မျိုးရဲ့မွေးနံက ကြာသပတေးဆိုတော့ ကြာသပတေးကို ဆပွတ်ရိုက်မယ်။ ကြာသပတေးနံ အောက်ကနေပြီးတော့ ဆပွတ်ဆိုရမယ်။

ဆိုပါတော့ သမီးရဲ့မွေးနံ ကြာသပတေးကနေ ခြောက်ခုမြောက်ရေတွက်လိုက်ရင် ဘာဂြိုဟ်နံရမလဲ မျိုး"

"ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါဆိုတော့ ကြာသပတေးရဲ့ ဆပွတ်ဂြိုဟ်ဟာ အင်္ဂါဂြိုဟ်ပါ ဖေဖေ"

"ဟုတ်ပြီ။ ကြာသပတေးရဲ့ အောက်မှာ အင်္ဂါဆပွတ်နံခံပြီး ဖယောင်းတိုင်မှာ ဟောသလိုရေးရမယ်။ ဖေဖေ ရေးပြမယ်။ သမီးကြည့်နေ ..."

မျိုးကို ဖေဖေက ရေးပြ၏။

"ပထမ ... ဗိန္ဒုသုံးချက်ထည့်၊ သူ့အောက်မှာ ၆ ကိုရေး၊ ပြီးတော့ မွေးနံ ၅ ဂဏန်းကိုရေး၊ ဆပွတ် ၅ နံ ၃ ဂဏန်းကို အောက်က ခိုရမယ်။

အဲဒါပြီးရင်တော့ အင်္ဂါနံကနေ အနောက်ပြန်ပြီး တနင်္လာနံ တနင်္ဂနွေနံ ၁၊ စနေ ၇၊ သော ၂ ၆ ကို ရေးပြီး ကျန်နေသေးတဲ့ ၂ သုံး တနင်္ဂနွေဂြိုဟ်နံဂဏန်း ၁ ကို ဖယောင်းတိုင်မှာ အစဉ်အတိုင်း ရေးချရတယ်"

ဖေဖေက မျိုးအား စိတ်ပါလက်ပါ ရှင်းပြ၏။

"ဖေဖေရေးတဲ့ ဂဏန်းတွေက တစ်မျိုးပဲ"

"ဟုတ်တယ် မျိုး။ အစီအရင်တွေမှာတော့ ၁ ကို ( > )လို့ ရေးရတယ်။ ၂ ကို ( ✓ ) ရေးတယ်။ ၃



www.burmeseclassic.com

www.burmeseclassic.com

ကို ( < )လို့ရေးတယ်။ ၄ ကို ( ∫ ) လို့ ရေးတယ်။ ၅ ကို ( 7 ) လို့ ရေးရတယ်။ ၆ ကို ( ∠ )လို့ ရေးတယ်။ ၇ ကို ( 1 )လို့ ရေးရတယ် မှူး''

''တခြားနေ့ သားသမီးတွေအတွက် ဆိုရင်ကော ဖေဖေ''

''အခုနည်းအတိုင်းပဲပေါ့။ ဗိန္ဒုသုံးချက်ရယ်၊ အရဟံရယ်၊ မွေးနံရယ်၊ မေးနံအောက်မှာ မွေးနံမှ ခြောက်ခုမြောက် နံဂြိုဟ်ရယ်၊ ပြီးတော့ နံဂြိုဟ်တစ်ခုစီလျော့ပြီး စီရေးသွားပေါ့သမီး''

''ဒါဆို ပြီးပြီလား''

''မပြီးသေးဘူး။ ကျန်းမာရေးမကောင်းသူအတွက် ဖယောင်းတိုင်မှာ ကျန်းမာစေဖို့ အစီအရင်ဂဏန်းနဲ့ (✓7<)ဆိုပြီး လွှတ်တဲ့နေရာမှာ ထပ်ရေးရတယ်။ ပြီးတော့ အဲဒီလိုရေးထားတဲ့ ဖယောင်းတိုင် သုံးတိုင်ကို ကိုယ်တတ်ထားတဲ့ ပရိတ်စက်တော်တွေ၊ ပဌာန်းတော်တွေ ရွတ်ရတယ်။ ရွတ်ပြီးရင် ဘုရားမှာ ကိုယ်လိုချင်တဲ့ ဆုမွန်ကောင်းတောင်းပြီး ဘုရားကို ပူဇော်တာပါပဲ။ အလျှင်လိုတဲ့သူ ဆိုရင်တော့ ဒီဂါထာလေး ၃၇ အုပ် ရွတ်ရတယ်။

(ဦး ဘုရားကာ၊ တရားကာ၊ သံဃာကာ၊ လေးဆူဘုရား၊ လေးတံခါး၊ လေးပါးမင်းတို့ မုန်မုန်ကာ)ဆိုတဲ့ ဘုရား၊ တရား၊ သံဃာကို တမ်းတတဲ့ဂါထာလေးကို ၃၇ အုပ် ရွတ်လည်းရပါတယ် သမီး''

သားအဖနှစ်ယောက် စကားဆုံးသောအခါ ရယ်မောလိုက်ကြ၏။



မြူတိမ်ရှင်း၍ လမင်းသာလေပြီ။ အကျိတ်အဖုတို့ ကြေပျက်လေပြီ။ ကိုကို့အား မှူး၏ဘဝထဲမှ အပြီးတိုင် ဆွဲထုတ်ပစ်နိုင်ခဲ့ပြီ။

''ဖေဖေ့ကို နောက်ဆုံးတစ်ခု မှူးမေးပါရစေ''

''မေးပါ သမီး''

''အဲဒီ ရတနာဒီပံ သုံးတိုင်ကို ဘယ်လိုထွန်းရမလဲ''

''တစ်ညကို တစ်တိုင်''

''အဲဒီပညာ ဖေဖေ ဘယ်ကရသလဲ''

''ဒီလိုပေါ့ သမီး၊ လူ့လောကမှာ အမှုကိစ္စပေါင်းစုံ ကြုံတွေ့ရမှာပဲ။ အဲဒီလို ကြုံတွေ့တဲ့အခါမှာ ထွက်ပေါက် ဖြေသိမ့်စရာ ရှာကြရတာလည်း လူတိုင်းလိုလိုပါပဲ။ ဖေဖေ အဲဒီ ရတနာဒီပံနည်းကို အစက အယုံအကြည်ရှိလို့ ယူခဲ့တာတော့ မဟုတ်ဘူး။ သမီးလေး ဖျားနာတုန်းက ကောင်းလိုကောင်းငြား စုံစမ်းလုပ်ကြည့်တာပါပဲ။

အဲဒီနည်းက ဖေဖေရခဲ့တာက ဆရာဘုန်းပွင့်ထွန်းဆီကပါပဲ သမီး''

ဤတွင်ရွေ့ တတိယမြောက် ရတနာဒီပံ နိဗ္ဗုတံသတည်း။

အချိန်ကလည်း ညည့်နက်ပြီ ဖြစ်သောကြောင့် မှူးလည်း အိပ်ရ[န်]ပြင်၏။ မှူး၏ဖေဖေလည်း စိတ်ချမ်းသာစွာ အိပ်စက်ပါလေ၏။

မနက်ဖြန် အနာဂတ်သည် ငြိမ်းချမ်းရေး ချိုးကူသံဖြင့် သာယာလှ[ပ]နေမည် မလွဲပင် ဖြစ်သတည်း။

**ဘုန်းပွင့်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



# ကူးတို့ခ ဖြူဃနာ

ကျိုက်ထော် - ခင်မိုးအေး

မြန်မာလူမျိုးတို့တွင် ရှေးကယူထားသည့် အစွဲအလမ်းမှာ အသုဘမြင်ရင် မင်္ဂလာမရှိဘူး။ လာဘ်တိတ်တယ်လို့ ယူဆထားကြသည်။

၎င်းမှာ ဟိန္ဒူဝါဒ၏ အမြင်တွေဖြစ်ပါသည်။ ဗုဒ္ဓ၏အယူမှာ "မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်"ဟု ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ "မသာတစ်ခေါက် လိုက်ပို့သည့်အခါ ငါလည်း တစ်နေ့သေရမှာပါလား"ဟု သံဝေဂဉာဏ်ကို ရစေနိုင်သဖြင့် ကျောင်းကို ဆယ်ခေါက်သွားပြီး လှူဒါန်းတဲ့ ဒါနကုသိုလ်၊ ဆောက်တည်တဲ့ ဒါနကုသိုလ်ထက် ဆယ်ဆသာလွန်ကြောင်းကို ပြောခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဝါဒ၏အမြင်မှာ "သံဃာပစ္စည်းကိုရှောင်၊ အသုဘပစ္စည်းကို ဆောင်"ဟူသောဆောင်ပုဒ်မှာ သံဃာအား လှူဒါန်းထားသည့်ပစ္စည်းကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး ကူးတို့ခ စသည့် အကြွေစေ့ကိုဆောင်လျှင် ဈေးရောင်းကောင်းတယ်လို့ အယူအဆ ဖြစ်ပါသည်။

သေသူ၏ပါးစပ်ထဲတွင် ကူးတို့ခ ထည့်ရမည်ဟူသော အယူအဆကို ထုံးတမ်းစဉ်လာအရ ထည့်ကြသည်။ မည်သူက စတင် တီထွင်လိုက်သည် မသိ။ ကူးတို့ခမထည့်လျှင် ဘဝကူး မကောင်းနိုင်ဟု ယူဆနေကြသည်။ သံသရာကူးပြောင်းရာတွင် ကုသိုလ်ကံက ကောင်းသောနေရာသို့ ပို့ပေး၍ အကုသိုလ်ကံက မကောင်းသောနေရာသို့ ပို့ပေးခြင်း ဖြစ်ပါသည်။

အမှန်စင်စစ် ကူးတို့ခသည် ဘဝကူးပြောင်းရာ၌ ဘာမှ မပတ်သက်ချေ။ ကူးတို့ခ၏ သမိုင်းကြောင်းမှာ ရှေးခေတ် မြန်မာမင်းများသည် သီလလုံခြုံ၏။ လောဘအလွန်နည်း၏။ မည်သူမျှ ငွေကို အပိုစုဆောင်းထားခြင်းမရှိ။ ပစ္စည်းဥစ္စာများကို ငွေကြေးနှင့် ဝယ်ယူခြင်းမရှိကြဘဲ လဲလှယ်သုံးဆောင်လေ့ရှိသည်။ သီလလုံခြုံ



www.burmeseclassic.com

www.burmeseclassic.com

သော အနီးစပ်ဆုံးသော မြန်မာများ အကြောင်းကို တင်ပြရလျှင် အမရပူရခေတ်မှ ဘိုးတော်မင်းတရားနှင့် ပြည်သူအားလုံးတို့သည် လောဘနည်းပြီး သီလလုံခြုံကြသောကြောင့် သက်တမ်းအပြည့် နေရသည်။ အသက်တစ်ရာပြည့်မှသာ သေကြသဖြင့် 'အမရပူရ'မြို့မှာ လူတစ်ယောက်သေလျှင် ကြိတ်ကြိတ်တိုး ကြည့်ကြရသည်။ လူအသေအပျောက် အလွန်နည်းသောကြောင့် ''အမရပူရ သေခြင်းမရှိသောမြို့''ဟု အမည်ပေးထားခြင်း ဖြစ်ပါသည်။

ထိုခေတ်က လူသေလျှင် ဖျာဟောင်းတစ်ခုနှင့်ပတ်ပြီး မြစ်ကမ်းစပ်တွင် သွားထားသည်။ မြစ်တစ်ဖက်ကမ်းရှိ လူသူမရှိသော တောကြီးကို သုသာန်အဖြစ် သတ်မှတ်ထားသည်။ ပြန်ခါနီးတွင် လူသေ၏ ပါးစပ်ထဲတွင် သုဘရာဇာအတွက် (ကူးတို့ခ)အဖြစ် ငွေတစ်မတ် ထည့်ပေးခဲ့သည်။

တချို့ကလည်း ခေါင်းရမ်းပန်းကို လူသေ၏ခေါင်းတွင် ပန်ပေးလိုက်သည်နှင့် ရှေးမြန်မာကြီးတို့၏ သီလတန်ခိုးကြောင့် လူသေသည် သူ့အလိုလို သုသာန်သို့ ထသွားသည်ဟု ဆိုသည်။ ကမ်းစပ်ရောက်သည်နှင့် သုဘရာဇာက ခေါင်းမှ ခေါင်းရမ်းပန်းကို ဖြုတ်လိုက်သည်။ ထိုအခါ လူသေသည် မြေပေါ်သို့ လဲကျသွား၏။ သုဘရာဇာက ပါးစပ်ထဲမှ ငွေတစ်မတ်ကို ထုတ်ယူပြီး တစ်ဖက်ကမ်းသို့ ပို့ပေးလိုက်သည်။ တစ်ဖက်ကမ်း ရောက်သည်နှင့် မြေကြီးပေါ်သို့ အသာချထားလိုက်သည်။

ညအခါတွင် သားစားတိရစ္ဆာန်တို့က လာရောက်စားသောက်သဖြင့် သေသူအတွက် ဒါနကုသိုလ် ထပ်မံဖြစ်ရပါသေးသည်။ ဤရည်ရွယ်ချက်ဖြင့် အလောင်းကို မြေမြှုပ်ခြင်း၊ ဂူသွင်းခြင်း၊ မီးရှို့ခြင်းတို့ကို ရှေးမြန်မာကြီးများ မပြုလုပ်ကြချေ။ လူသေ၏ ခေါင်းတွင် ခေါင်းရမ်းပန်း ပန်ပေးရုံမျှဖြင့် မည်သူမျှ လိုက်ပို့စရာမလိုဘဲ သူ့အလိုလိုထသွားသည်ဆိုသော အချက်ကို ယခုခေတ်လူများက ယုံချင်မှယုံမည် ဖြစ်ပါသည်။

မြတ်စွာဘုရားက ဟောကြားထားသည်မှာ ''သီလရှိသော သူတို့၏ အလိုဆန္ဒသည် စင်ကြယ်သောကြောင့် အလိုဆန္ဒမှန်သမျှ ပြည့်စုံရ၏။ ကျွန်းကြီးလေးကျွန်းတွင် တောင်ကျွန်းနေသူများ၏ သက်တမ်းသည် အမြဲမရှိ။ ဆယ်နှစ်နှင့် သေသူများ ရှိသလို အနှစ်တစ်ရာနေမှ သေသူများလည်း ရှိ၏။ အရှေ့ကျွန်းနေသူများမှာ နှစ်ပေါင်းခုနစ်ရာ အသက်ရှည်၏ . . .။ အနောက်ကျွန်းကား အနှစ်ငါးရာ အသက်ရှည်၏။ မြောက်ကျွန်းကား အနှစ်တစ်ထောင် အသက်ရှည်၏။

မြောက်ကျွန်းသူ မြောက်ကျွန်းသားများ အသက်တစ်ထောင်အထိ အသက်ရှည်ရခြင်းမှာ သူတို့ လုံခြုံအောင်စောင့်ထိန်းထားကြသော သီလတန်ခိုးကြောင့် ဖြစ်သည်။ မြောက်ကျွန်းသားအားလုံး သီလတန်ခိုးကြောင့် အားလုံး ကျန်းမာသန်စွမ်းပြီး လှချော၊ လှလှတွေချည်း ဖြစ်၏။ ဗုဒ္ဓလက်ထက်က မြောက်ကျွန်းသူ 'အတုလကာရီ'သည် ဇောတိကသူဌေး၏ မယားဖြစ်သည်။ သူ့ကို နတ်တို့က ဆောင်ယူပေးခြင်း ဖြစ်သည်။ မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားတို့သည် ကလေးမွေးပြီးလျှင် နို့တိုက်စရာမလို၊ ကလေးကို တွေ့သမျှလူက ကလေး ပါးစပ်ထဲသို့ မိမိတို့လက်ညှိုး ထည့်ပေးလိုက်ရုံသာ ဖြစ်သည်၊ ထိုလက်ညှိုးမှ နို့ထွက်သည်။

ဝတ်ရေး၊ စားရေးမှာလည်း ပဒေသာပင်များက လိုရာကို သီးပေးနေရသည်။ အထူးခြားဆုံးမှာ မြောက်ကျွန်းသူ၊ မြောက်ကျွန်းသား တစ်ယောက်သေလျှင် အပင်ပန်းခံပြီး သင်္ဂြိုဟ်စရာမလိုပေ။ သေသူအား အဝတ်ဖြူနှင့် ပတ်ကာ ရွာလယ်ရှိ ကျောက်ဖျာပေါ်တွင် တင်ထားလိုက်ရုံသာ ရှိသည်။ သူတို့၏ သီလတန်ခိုးကြောင့် ဧရာမငှက်ကြီးများက ရုပ်အလောင်းကိုချီကာ ပင်လယ်ထဲသို့ ပစ်ချပြီး သင်္ဂြိုဟ်ပေးကြသည်။

ဤအချက်ကို ကြည့်ခြင်းအားဖြင့် ရှေးမြန်မာကြီးများက သေလျှင် သူတို့၏သီလတန်ခိုးကြောင့် လူသေကို ခေါင်းရမ်းပန်း ပန်ပေးလိုက်သည်နှင့် သူ့အလိုလို ထသွားသည် ဆိုသည်မှာ ဟုတ်နိုင်ဖွယ် ရှိသည်ဟု ဆိုရပေမည်။ လူသေနှင့် လူရှင် ကွဲအောင် လူသေကို အင်္ကျီပြောင်းပြန် ဝတ်ပေးကြသည်။

သံသရာအတွက် ကူးတို့ခသည် လူသေအတွက် ဘာမှမဆိုင်၊ ကုသိုလ်နှင့် အကုသိုလ်သာ ဆိုင်သည်။


**မှီငြမ်း**

ထေရဝါဒ မှတ်ကျောက်



www.burmeseclassic.com

www.burmeseclassic.com



# ငွေလိုချင် ဒီလိုလုပ်ပါ

မောင်အေးချမ်း [တင့်တူ]

ငွေလိုလျှင် ဤနည်းအတိုင်း လုပ်ကြည့်စေချင်ပါသည်။ တစ်ရက်တည်းနဲ့တော့ မဖြစ်နိုင်ပါ။ ဝတ်မပျက်အောင် တစ်လအတွင်းမှာတော့ ကြိုးစား၍ ရွတ်ဖတ်ပူဇော် ပုတီးစိပ်ရပါမည်။ စာဖတ်သူ ဗုဒ္ဓဘာသာဝင်များအားလုံး နှုတ်တွင်ရပြီးသားဖြစ်သည့် ဘုရားဂုဏ်တော်ကိုးပါးထဲမှ 'ဘဂဝါ'ဂုဏ်တော်ကို ၁၀၈ လုံး ပုတီးကုံးဖြင့် တစ်နေ့လျှင် ၉ ပတ်တိတိ စိပ်ရပါမည်။ အချိန်မှန်မှန် တစ်လတိတိ စိပ်ရပါမည်။ တစ်လအတွင်း အမှန်တကယ် ထူးခြားမှုတစ်ခု တွေ့ရပါမည်။ မယုံလျှင် စမ်းကြည့်ပါ။ ကျွန်ုပ်ကိုယ်တွေ့ဖြစ်ပါသည်။ ဤနည်းကို ကျွန်ုပ်၏ ဆရာတော်ထံမှ ရရှိခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကျွန်ုပ်၏ ကျေးဇူးရှင်ဆရာတော်ကြီးပြောသည့်အတိုင်း တစ်လအတွင်း အချိန်မှန်မှန် ဘုရားဂုဏ်တော်တစ်ပါးဖြစ်သည့် ဘဂဝါဂုဏ်တော်ကို ၁၀၈ လုံးပုတီးကုံးဖြင့် ၉ ပတ်တိတိ နေ့စဉ်နေ့တိုင်း ဘုရားစင်ရှေ့တွင် တစ်လတိတိ ပုတီးစိပ်ခဲ့ပါသည်။

တစ်လမပြည့်ခင်မှာပင် ထူးခြားမှုတစ်ခု ကျွန်ုပ်ထံ ရောက်ရှိလာပါသည်။ ကျွန်ုပ် ပုတီးစတင်ပြီး မစိပ်ခင်(အဓိဋ္ဌာန်မဝင်ခင်)ကတည်းက ကျွန်ုပ်တွင် အခက်အခဲများ ရှိခဲ့ပါသည်။ ထိုအခက်အခဲများကို အမှန်အတိုင်းဝန်ခံပြောရလျှင် အကြွေးများ ပေးစရာရှိနေခြင်း ဖြစ်ပါသည်။ ထိုအကြွေးများမှာ ကျွန်ုပ်တို့နေထိုင်ရာ ဒဂုံမြို့သစ်အရှေ့ပိုင်းတွင် မြေကွက်ဝယ်ပြီး အိမ်တစ်လုံးဆောက်သောအခါ ကျွန်ုပ်၏အသိ သစ်ဆိုင်မှ သစ်များကို အကြွေးယူမိ၍ ထိုသစ်များကို တစ်လဆိုင်းဖြင့် ယူထားမိခြင်းဖြစ်ပါသည်။ သစ်ဖိုးငွေပမာဏမှာ သိန်း ၂၀ ကျပ်တိတိ ဖြစ်ပါသည်။ ငွေကျပ် ၈ သိန်းကို ကျွန်ုပ်၏လက်ထဲတွင် ရှိနေ၍ စရန်အဖြစ်ပေးထားပြီး ဖြစ်ပါသည်။ ကျန် ၁၂ သိန်းကို တစ်လအတွင်း ပေးပါမည်ဟု ကျွန်ုပ်မှ ကတိပြုခဲ့ပါသည်။ ထိုအချိန်က ကျွန်ုပ်တွင် ကွန်ပျူတာ စာစီစာရိုက်နှင့် မိတ္တူလုပ်ငန်းတစ်ခု ရှိပါသည်။ ထိုလုပ်ငန်းမှာလည်း အဆင်မပြေ ဖြစ်နေပါသည်။ ၁၂ သိန်းသောငွေကို တစ်လအတွင်း မည်သို့ပေးဆပ်ရမည်ကို ကျွန်ုပ်နေ့စဉ်နေ့တိုင်း စဉ်းစားနေရပါသည်။ ကျွန်ုပ်ပိုင်ဆိုင်သမျှ ပစ္စည်းများ ရောင်းလျှင်လည်း ခြောက်သိန်း၊ ခုနစ်သိန်းလောက်သာ ရမည်ဖြစ်ပါသည်။ ထိုအချိန်တွင် ကျွန်ုပ်စဉ်းစားမိသည်မှာ ကျွန်ုပ်၏ဆရာတော်ကြီးပေးသော ဘဂဝါဂုဏ်တော်ကို ကြိုးစား၍ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ကြည့်ချင်စိတ် ဖြစ်ပေါ်လာပါသည်။

ဖြစ်ပေါ်လာသည့်အလျောက် ကျွန်ုပ် စတင်လုပ်ဆောင်ပါတော့သည်။ ဤသို့ဖြင့် တစ်လပြည့်ရန် ၅ ရက်အလိုတွင် ထူးဆန်းမှု စတင်ပါတော့သည်။ ကျွန်ုပ်၏အိမ်ဘေးတွင် ပေ ၄၀ × ၆၀ မြေကွက်လပ် နှစ်ကွက်ရှိပါသည်။ မြေကွက်ပိုင်ရှင်များက ကျွန်ုပ်အား ရောင်းရန်အပ်ထားသည်မှာ သုံးလကျော်ကြာပြီ ဖြစ်ပါသည်။ ကျွန်ုပ်ကိုအပ်ထားစဉ်က သိန်း ၉၀ ရလျှင် ရောင်းမည်ဟု ဆိုပါသည်။ "သိန်းတစ်ရာကျော် ဈေးခေါ်လိုက်ပါဆရာ။ ကိုးဆယ်ထက်ပိုလျှင် ဆရာယူလိုက်"ဟု မြေပိုင်ရှင်များက အပ်နှံထားခဲ့ခြင်း ဖြစ်ပါသည်။ မြေပိုင်ရှင်များမှာ သူငယ်ချင်းနှစ်ယောက် ဖြစ်ပါသည်။ ထိုမြေကွက်ကို ဝယ်လိုသူများက မြေကွက်နှစ်ကွက်တွဲစလုံးရောင်းမှ ဝယ်မည်ဖြစ်သဖြင့် တစ်ကွက် သိန်းတစ်ရာစီဖြင့် မြေကွက်နှစ်ကွက် ရောင်းထွက်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုမြေကွက်နှစ်ကွက်မှ ဆယ်သိန်းစီ ကျွန်ုပ်ရရှိခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်သည် သစ်ဆိုင်မှ ငွေများကို လမကုန်မီ အကြွေးဆပ်နိုင်ခဲ့ပါသည်။

ဤသို့ဖြင့် ကျွန်ုပ်တွင် အခက်အခဲဖြစ်နေသော ငွေများ အကျေဆပ်နိုင်ခဲ့ပါသည်။ ယခုကဲ့သို့ အကြွေးများဆပ်နိုင်ခဲ့သည်မှာ ဘုရားဂုဏ်တော်ကိုးပါးမှ ဘဂဝါဂုဏ်တော်ကို နေ့စဉ်ပုတီးကိုးပတ် တစ်လတိတိ စိပ်ခဲ့ခြင်း၏ အကျိုးကျေးဇူးရလဒ်များ ဖြစ်ပါသည်။ ကျွန်ုပ်သည် ဘဂဝါဂုဏ်တော် ပုတီးစိပ်ခဲ့၍ ကျွန်ုပ်၏ လုပ်ငန်းဆောင်တာများလည်း နဂိုကထက် ပိုမို၍ အဆင်ပြေချောမွေ့၍လာပါတော့သည်။ ယခုတိုင်အောင်လည်း ကျွန်ုပ်သည် ဆရာတော်ကြီး ချီးမြှင့်ပေးသနားတော်မူသည့်အတိုင်း ပုတီးဆက်လက်စိပ်မြဲ စိပ်လျက်ရှိပါသည်။ စာဖတ်သူများလည်း ဘုရားဂုဏ်တော် ၉ ပါးမှ ဘဂဝါဂုဏ်တော်ကို နေ့စဉ်နေ့တိုင်း ပုတီးစိပ်ကြ၍ အကျိုးထူးများ ရရှိနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။ အခက်အခဲများမှ ဇကျော်လွှားနိုင်ကြပါစေ။

### "ပုတီးစိပ်နည်း"

၁။ ရှေးဦးစွာ မြတ်စွာဘုရားကို ရှိခိုးကန်တော့၍ ငါးပါးသီလ ခံယူဆောက်တည်ပါ။

၂။ "သော ဘဂဝါ ဣတိပိ ဘဂဝါ" ဂုဏ်တော်ကို နှုတ်မှ အသံထွက်ရွတ်ဆို၍ ပုတီးတစ်လုံးချပြီး ပုတီးစိပ်ပါ။ စိတ်မှလည်း (ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား)ဟု အာရုံပြုပါ။ ဤသို့ဖြင့် ၁၀၈ လုံးပုတီးဖြင့် ၉ ပတ်ပြည့်အောင် စိပ်ပါ။

၃။ ပုတီးစိပ်ပြီးသောအခါတွင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအနန္တတို့အား မိမိပြုလုပ်အားထုတ်ခဲ့ပြီးသော ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေ၍ ဆုတောင်းမေတ္တာပို့ပါ။

**မောင်အေးချမ်း(တင့်တ**



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လ - တန်ဆောင်မုန်းလ

## 2013 NOVEMBER

| | | |
|---|---|---|
| သောကြာ Friday | 1 ၁၃ ရက်ယုတ်မာ | |
| စနေ Saturday | 2 ၁၄ သီတင်းကျွတ်လကွယ် | |
| တနင်္ဂနွေ Sunday | 3 ၁ ရက်ရာဇာ | |
| တနင်္လာ Monday | 4 ၂ | 18 ၁ |
| အင်္ဂါ Tuesday | 5 ၃ မဟာရက်ကြမ်း | 19 ၂ |
| ဗုဒ္ဓဟူး Wednesday | 6 ၄ ရက်ရာဇာ | 20 ၃ ရက်ရာဇာ မဟာရက်ကြမ်း |
| ကြာသပတေး Thursday | 7 ၅ | 21 ၄ အမြိတ္တစုတ်ရက် |
| သောကြာ Friday | 8 ၆ | 22 ၅ |
| စနေ Saturday | 9 ၇ | 23 ၆ |
| တနင်္ဂနွေ Sunday | 10 ၈ ရက်ရာဇာ အမြိတ္တစုတ်ရက် | 24 ၇ ရက်ရာဇာ |
| တနင်္လာ Monday | 11 ၉ | 25 ၈ |
| အင်္ဂါ Tuesday | 12 ၁၀ ရက်ယုတ်မာ | 26 ၉ |
| ဗုဒ္ဓဟူး Wednesday | 13 ၁၁ ရက်ရာဇာ | 27 ၁၀ ရက်ရာဇာ အမျိုးသားနေ့ ရက်ယုတ်မာ |
| ကြာသပတေး Thursday | 14 ၁၂ | 28 ၁၁ |
| သောကြာ Friday | 15 ၁၃ | 29 ၁၂ |
| စနေ Saturday | 16 ၁၄ | 30 ၁၃ |
| တနင်္ဂနွေ Sunday | 17 ၁၅ ရက်ရာဇာ တန်ဆောင်မုန်းလပြည့် | |



၁. ၁၁. ၂၀၁၃　　စန်းပြောင်းရက်စွဲ　　၁၆. ၁၁. ၂၀၁၃

### ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၆. ၁၁. ၂၀၁၃ စနေနေ့ ၁၂ နာရီ ၂၈ မိနစ် ၃၂ စက္ကန့်တွင် ဗြိဿာရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၂၆. ၁၁. ၂၀၁၃ အင်္ဂါနေ့ ည ၂၀ နာရီ ၂၈ မိနစ် ၁၅ စက္ကန့်တွင် ကန်ရာသီသို့ ပြောင်းသည်။

### ဂြိုဟ်သွားနှုန်း

ဗုဒ္ဓဟူးသည် - ၁၀. ၁၁. ၂၀၁၃ နေ့အထိ ဝကြွသွားသည်။
၁၁. ၁၁. ၂၀၁၃ မှစ၍ အတည့်ပြန်သွားသည်။

ကြာသပတေးသည် - ၇. ၁၁. ၂၀၁၃ မှစ၍ ဝကြွသွားသည်။

(၁၀. ၁၁. ၂၀၁၃)ရက်နှင့် (၂၁. ၁၁. ၂၀၁၃)ရက်တို့သည် အမြိတ္တစုတ် ကျ၍ အကောင်းဆုံးရက်များ ဖြစ်ကြသည်။

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

**တနင်္ဂနွေသားသမီးသည်** မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

**တနင်္လာသားသမီးသည်** အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

**အင်္ဂါသားသမီးသည်** အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးသည်** အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

**ကြာသပတေးသားသမီးသည်** အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။


**သောကြာသားသမီးသည်** အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

**စနေသားသမီးသည်** တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ညွန့်ညွန့်လေးကိုတဲ့ ဆင်ပေါ်တင်ဦးမယ့်ဟန်ပြင်

✠ ဝင်းသောင် (ရမည်းသင်း)

"ထိပ်တင်တုတ်" တဲ့

သိတယ်မို့လား မဟာဆီမဟာသွေး ပြည်မင်းသားရဲ့ သားတော်ထွေး သံယာရတနာတင် မင်းတုန်းဘုရင်မင်းမြတ်ရဲ့ တူတော် မျိုးရိုးက မဟာဆီ မဟာသွေး မို့ အထူးပြောဘွယ်ရာမရှိ ရုပ်ရည်ကြည့်မလား ယောကျ်ားပီသပြီး ခန့်ငြားတယ်။ ဒါ့အပြင် ယောကျ်ားကောင်း ယောကျ်ားမြတ်များ တတ်အပ်တဲ့ပညာ ဆင်အတတ်၊ မြင်းအတတ်၊ လေးအတတ်၊ ဓါးခုတ်၊ လှံထိုး အတတ်တွေ တစ်ဖက်ကမ်းခတ် တတ်မြောက်ပြီး မင်းပွဲသဘင်တိုင်း အောင်နိုင်ခဲ့သူ မင်းတုန်းဘုရင်မင်းမြတ်ရဲ့ မဟေသီ နန်းမတော်ကြီးစကြာဒေဝီရဲ့ ကျောက်မျက်ရတနာများစီခြယ်ထားတဲ့ ရွှေနားကွပ် ဇာပုဝါ ချီးမြှင့်ခံထားရတဲ့ ရွှေမင်းသား တနည်းပြောစို့ဆို မဟာဆီ မဟာသွေး ရွှေမင်းသမီးလေးများ အပါအဝင် နန်းတွင်းသူ နန်းတွင်းသားများနဲ့ မြို့တော်ရဲ့ အရှေ့အနောက် တောင် မြောက် လေးပြင်လေးရပ်နေ သူဌေး သူကြွယ်တို့ရဲ့ သမီးများနှုတ်ဖျား ရေပန်းစားလှသော ရွှေမင်းသားလေးဖြစ်တယ်။ အဲ . . . အဲ တစ်ခုတော့ ချွင်းချက်ရှိတယ် အောင်မြင်သူများရဲ့ အမှုအကျင့်အတိုင်း မိန်းမကိစ္စတော့ ဝါသနာပါတယ်။

အဲဒီအတွက်ကြောင့်ပဲ ရက်ကန်းတော်အုပ်မင်းက သူ့ရဲ့သမီးတော် ထိပ်တင်ညွန့်နဲ့ မြင်းမှူး မင်းသားလေးတို့ လူငယ်ဘာဝ တစ်ဦးနဲ့တစ်ဦး ချစ်ခင်စုံမက်နေမှုအပေါ် လိုလားနှစ်သက်မှုမရှိ ကင်းကင်းရှင်းရှင်းနေဖို့ သမီးထိပ်တင်ညွန့်ကို ကြပ်တည်းစွာ တားမြစ်ထားခြင်း ခံရတယ်၊ တကယ်တော့ အဲ့သလို ဖြစ်လာတာဟာ မြင်းမှူးမင်းသားလေးရဲ့ ချစ်သူ ထိပ်တင်ညွန့်ရဲ့ မိထွေးတော် ခင်ကောက်ရဲ့ ပယောဂလည်း ပါတယ်။ လင်ပါသမီး ထိပ်တင်ညွန့်ကို မြင်းမှူးမင်းသားနဲ့ရည်ငြားမှာ မနာလိုတဲ့သဘောပေါ့။

မင်းသားဟာ မဟာဆီ မဟာသွေး ဆိုပေမယ့်သူ့ဘဝခရီးလမ်းတစ်လျှောက်မှာတော့ သာယာဖြောင့်ဖြူးတဲ့လမ်းမှာချည်း လျှောက်ခဲ့ရသူ မဟုတ်ဘူး။ အကွေ့ကွေ့ အကောက်ကောက်တွေ



www.burmeseclassic.com

www.burmeseclassic.com

များစွာ ကြုံတွေ့ခဲ့သူပါ။ သူ့အသက် (၂)နှစ်ကျော် (၃)နှစ်အရွယ်ခန့်က ဖခမည်းတော် ပြည်မင်း၏ အိမ်တော်အရေးအခင်းမှာ ခမည်းတော်နဲ့ နောင်တော် (၄)ပါး လုပ်ကြံခံရသော်လည်း သူကတော့ သစ္စာရှိ အိမ်တော်ပါ ကျွန်မ ရှင်ငြိမ်းသာရဲ့ အသက်ပေးကယ်တင်မှုကြောင့်သေဘေးနဲ့ဝေးခဲ့သော်လည်း သက်တော် (၅)နှစ်ရွယ်ထိ သာမန်သူဆင်းရဲအသွင်နဲ့ ရှင်ငြိမ်းသာနဲ့ တောမှာဆင်းရဲပင်ပန်းစွာ နေထိုင်ခဲ့ရတယ်။ သူ့အသက် (၅)နှစ်သား အရွယ်ရောက်မှ တိုင်းရေးပြည်ရေး သာတောင့် သာယာရှိလာတဲ့အတွက် ထီးရိပ် နန်းရိပ်မှာရှိနေတဲ့ မယ်မယ့်ရင်ခွင် ခံလှုံခွင့်ရပြီး ဘုရင်မင်းမြတ်ရဲ့ မဟေသီ နန်းမတော်ကြီးစကြာဒေဝီရဲ့ အစောင့်အရှောက် ခံခဲ့ရသူပါ။

အရှင်မွေး ညခြင်းကြီးဆိုတဲ့ စကားကြားဖူးတယ်မို့လား မိဖုရားခေါင်ကြီး စကြာဒေဝီရဲ့ အစောင့်အရှောက်ခံ မင်းသားဆိုတော့ မင်းညီမင်းသား အခွင့်အရေးလည်းရ တတ်သင့် တတ်ထိုက်တဲ့ ပညာတွေလည်း သင်ယူခွင့်ရတာမို့ လူတောတိုးနိုင်တဲ့အဆင့် ရောက်ခဲ့တာပဲ။ ဒီနေ့ မြင်းမှူးမင်းသားရယ်လို့ လူတစ်လုံး သူတစ်လုံး ဖြစ်ရတာလည်း မင်းသားလေးကိုယ်တိုင်က အရည်အချင်းရှိပြီး တော်သလို နန်းမတော်ကြီး စကြာဒေဝီရဲ့ စောင်မကြည့်ရှု စောင့်ရှောက်မှုလည်းမကင်းလို့ပါပဲ။ ပြည်မင်းအိမ်တော်အရေးအခင်းဖြစ်ပြီး နောက်ပိုင်းမှာ မင်းသားလေးရဲ့မယ်တော် ခဲပေါင်မင်းသမီး ပြည်ထိပ်ထားဟာ လင်သေ သားဆုံးဘဝနဲ့ မျက်စိသူငယ်ဖြစ်နေချိန်မှာ စိတ်ထားကောင်းပြီး အလွန်ကြင်နာတတ်သော မင်းတုန်းဘုရင်မင်းမြတ်ရဲ့ မဟေသီမိဖုရားခေါင်ကြီး စကြာဒေဝီက ကယ်တင်စောင့်ရှောက်ထားတာကြောင့် အသက်မသေ လူ့ပြည်မှာနေခွင့်ကလေး ရသေးတယ်ဆိုရမှာပဲ။ အဲသလိုနေရင်း ရှင်ငြိမ်းသာ အသက်စွန့်ကယ်ထုတ်သွားတဲ့သားတော်လေး မင်းသားထိပ်တင်တုတ်ဟာ ကံသီလို့ မယ်တော်ရင်ခွင်ထဲ ပြန်ရောက်လာခဲ့တယ်။

ထိပ်တင်တုတ်ဟာ မင်းတုန်းမင်းရဲ့ နောင်တော် ပြည်မင်းရဲ့သားတော်တွေးမို့ ဘုရင်ထီးဘုရားရဲ့ တူတော်အရင်းပါ။ မယ်တော်တက်ကြည့်ဦးမလား အလောင်းမင်းတရား၏ သွေးသောက်ရဲဘော် (၆) ကျိပ်ဝင် ထိပ်တန်းခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ ဦးတွန် (ခေါ်) မင်းခေါင်နော်ရထာမှဆင်းသက်လာသူဖြစ်တယ်။ အမျိုးဘိုးတူလို့ ပြောရမလားဘဲ။ မင်းသားလေးထိပ်တင်တုတ်ဟာ ဆင်အတတ်၊ မြင်းအတတ်၊ ဓါးရေး လှံရေး အလွန်ကျွမ်းကျင်တယ်။ ဘုရင်မင်းမြတ်နဲ့ မဟေသီမိဖုရားခေါင်ကြီးတို့ကိုယ်တိုင် တက်ရောက်ချီးမြှင့်ကြတဲ့ မင်းခင်းသဘင်ပွဲဆိုတာ အလွန်ကြီးကျယ် ခမ်းနားတဲ့ပွဲလိမ်လို့ ညာလို့မရဘူး။ နဂိုရှိမှ နဂိုထ ထွက်တယ်ဆိုတဲ့ စကားလိုပဲ၊ ကိုယ်တ ကယ်စွမ်းမှ ကိုယ်နိုင်မှာပါ။ ပုခုံးနှစ်ဖက် ကြားခေါင်းပေါက်တဲ့ သူမှန်လျှင် ထွက်ခဲ လာလှည့် ယှဉ်ပြိုင်လှည့်လို့ လက်ပမ်း ပေါင်းခတ် ဖိတ်ခေါ်ပြီး အများသူငါရှေ့ ထင်သာမြင်သာမှာ ယှဉ်ပြိုင်ရတဲ့ မင်းပွဲ စိုးပွဲ ဓါး လှံ လေး ပစ်ခတ်ယှဉ်ပြိုင်တဲ့ပွဲ အဲဒီပွဲမှာ မင်းသားထိပ်တင်တုတ်က (၃) နှစ်ဆက်တိုက် ရွှေအောင်လံ ဆွတ်ခူး အနိုင်ရခဲ့တယ်။

ကိုယ့်တူ ကိုယ့်သား ပွဲတိုင်းကျော် ပြီး ရွှေအောင်လံဆွတ်ခူးနိုင်တာ ဘယ် မိဘ ဦးလေးသားချင်းက မပျော်ရှိမလဲ နော် ရွှေနန်းရှင်ဘုရင် ထီးဘုရားလည်း လူထဲကလူပဲ အားရကျေနပ်တော်မူတာ ပေါ့။ ဒါကြောင့် မင်းတုန်းမင်းကြီးက ၁၂၂၂ ခုနှစ်၊ မင်းခင်းသဘင်ပွဲတော် ပြီးပြီးချင်း မင်းသားလေး ထိပ်တင်တုတ် ကို မင်းသီရိဇေယျာဆိုတဲ့ ဘွဲ့တော်နဲ့ မြင်းမှူးမင်းသားအဖြစ် ခန့်လိုက်တယ်။ ဒီရာထူးအဆင့်က လူတိုင်းရနိုင်တဲ့ အဆင့်မျိုးမဟုတ်ဘူး။ နံပါတ် (၁) သစ္စာရှိပြီး ယုံကြည်စိတ်ချရတဲ့ မင်းညီ မင်းသားဖြစ်ရမယ်။ (၂) ဓါးရေး လှံရေး ကျွမ်းကျင်သလို ဆင်အတတ်မြင်းအ တတ်လည်း တတ်မြောက်အောင်နိုင်သူ ဖြစ်ရမယ်။ (၃) ရဲစွမ်းသတ္တိ သူမတူ အောင်ရှိရမယ်။ (၄) သခင့်အတွက် မိမိအသက် စွန့်ဝံ့သူ ဖြစ်ရမယ်ပဲ။

www.burmeseclassic.com

အဲဒီအရည်အချင်းတွေ မင်းသားလေးမှာ အကုန်ရှိနေတော့ သူ့အသက် (၁၈)နှစ်အရွယ်မှာပဲ မြင်းမှူးမင်းသားဖြစ်ခဲ့တယ်။ မြင်းမှူးမင်းသားဆိုတဲ့ ဂုဏ်ဒြပ်ကြောင့်တစ်ကြောင်း၊ မဟာဆီမဟာသွေး မင်းသားတစ်ပါးဖြစ်တာကြောင့်တစ်ကြောင်း နန်းတွင်းမှာပဲဖြစ်ဖြစ် နန်းပြင်မှာပဲ ဖြစ်ဖြစ် ပျိုတိုင်းနှစ်သက် တော်ဝင်သဇင်ခက် ဖြစ်သွားတယ်။ မယ်တော်ခဲပေါင် မင်းသမီးပြည်ထိပ်ထားလည်း သားတော်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်ရတာ ပြည်မင်းအိမ်တော် အရေးအခင်းကာလ လင်သေ သားဆုံး လူလုံးမလှဖြစ်ခဲ့ရတာ ခဏတာ မေ့သွားတယ်။

* * *

နှစ်စဉ် နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို နန်းတွင်းတောင်ဥယျာဉ်တော်မှာကျင်းပလေ့ရှိတယ်။ မင်းညီမင်းသားဆွေတော်မျိုးတော် သားတော်သမီးတော်တွေ ချစ်ကြည်ရင်းနှီးစွာ ရေကစားတဲ့ပွဲဒီပွဲမှာပဲ တချို့ တချို့သော မင်းညီမင်းသားတွေ အနွယ်တော်တွေ အကြောင်းအပေါင်းသင့်ပြီး ချစ်သူတွေဖြစ်သွားကြတာ ထိပ်တင်တုတ် မင်းသားလေးတောင် ဒီအတာပွဲမှာ ထိပ်တင်ညွန့်နဲ့တွေ့ပြီး ကနဦးစိတ်ကစားမိရာက ချစ်သူတွေ ဖြစ်ကြတာ။ ဒါတောင် မြင်းမှူးမင်းသားဖြစ်ပြီး (၃)နှစ်ကြာမှ ဖြစ်ကြတာ။ မနှစ်က ရေပက်ကစားကြတုန်းကဆို မင်းတုန်းမင်းကြီးရဲ့ သမီးတော် ချွန်းတောင် ထိပ်ခေါင်တင်က “ဒီမင်းသားဟာလေ ခေါင်ခေါင့်ကိုပဲ ငြိုးပက်နေတာပဲလို့ မူနွဲ့နွဲ့ပြောတယ်ဆိုပဲ။ တကယ်တော့ မင်းသားလေး ပက်မယ့်ရေကို သမီးတော်တွေကော နန်းတွင်းသူအချောအလှတွေပါ စောင့်ကြိုနေကြတာပါ။ ဒါကြောင့် နောင်တော်တွေ အစ်မတော်တွေက “အမောင်ရေ ဟိုကောင်မလေး အမောင့်ကို ကြောက်ချဉ်ရောင် နတ္တာရောင် ဆောင်နေတယ်ကွဲ့ မပက်နဲ့နော် မပက်နဲ့။ အဲ့သလို ပြောကာမှ မင်းသားလေးက လက်ထဲရှိ ငွေဖလားနဲ့ တကိုယ်လုံး ရွဲရွဲစိုအောင် လောင်းတာကို ဟယ်ကနဲ ဟာကနဲ ပွဲကိုဆူရော”

“ဟော့ ညီတော် နောင်တော်တို့ အဲ့ဟို အာမေးနီးယံမလေးကို ဘယ်သူစရဲလဲ”

နံနက်ပိုင်း ရေသဘင်ပွဲနားချိန် အိမ်တော်ပြန်ရန် ဟန်ပြင်နေကြသော နန်းတွင်းသူလေးများနှင့် သမီးတော် မင်းသမီးများကြားတွင် ဂါဝန်ရှည်ကြီး တကားကားနှင့် အလွန်ချောမောလှပတဲ့ နိုင်ငံခြားသူလေးကို ရည်ညွှန်းကာ နောင်တော်မင်းသားတစ်ဦးက လေသံဖြင့် မေးလိုက်သည်။

“ကဲ··နောင်တော်တို့ ဘယ်သူစမလဲ”

“စဝံ့ပေါင်ဗျာ ဒီဟာမလေးက ကက်ကက်လန်အောင် ရန်တွေ့မှဖြင့် အရှက်တော်ကွဲကြမှာ”

“အဲ့သလိုဆို ညီတော် တာဝန်ထားဟုတ်လား”

မည်သူမှ စဝံ့သူမရှိသဖြင့် ညီတော် ထိပ်တင်တုတ်က တာဝန်ယူလိုက်သည်။ ခဏအကြာ အခြားနန်းတွင်းသူများနဲ့ အာမေးနီးယံ နန်းတွင်းသူ မာရီနာတို့ တောင်ဥယျာဉ်တော် ရေကစားမဏ္ဍပ်မှ အထွက် မင်းသားလေး ထိပ်တင်တုတ် အနီးကပ်လိုက်သွားကာ ဂါဝန်စကို နောက်ကနင်းလိုက်ရာ ဆတ်ကနဲ တုံ့သွားပြီး ဟန်ချက်ပျက်သွားသည်။

“ဒီမင်းသားက ဘယ့်နှယ်ဟာလဲ မျက်စိမမြင်ဘူးလား”

အာမေးနီးယံ နန်းတွင်းသူ အပျိုမလေးသည် ဟန်ချက်ပျက် အရှက်ရသွားသဖြင့် မျက်စောင်းထိုးကာ ပြောလိုက်သည်။

“အို··ချစ်နှမ မောင် စိတ်လော၍ဖြစ်ရပါတယ် ခွင့်လွှတ်ပါနော်”

မင်းသားလေးက ပါးစပ်ကပြောလည်းပြော ဂါဝန်စကိုဆွဲ၍ လက်နှင့်ပုတ်ခါပေးလိုက်ရာ မြင်းမှူးမင်းသားလေးမှန်းသိပြီး အဆင်ပြေသွားကြတယ်။ အဆင်ပြေလိုက်တာမှ အာမေးနီးယံမလေးက တောင်ပြင်အရပ်ရှိ သူ့အိမ်သို့ပင် အားလပ်တဲ့အခါ လာလည်ပါဟုဖိတ်ကြားခံလိုက်ရသည်။ ကွမ်းသီးကြိုက်



www.burmeseclassic.com

www.burmeseclassic.com

တောင်ငူပို့ ဆိုတာလို မင်းသားလေး တောင်ပြင်အရပ်ရှိ အာမေးနီးယံမလေး မာရီနာအိမ်သို့ မကြာမကြာရောက်ဖြစ်တော့သည်။

မင်းသားလေးနဲ့ အာမေးနီးယံ နန်းတွင်းသူလေးတို့ တောင်ဥယျာဉ်တော် ရေကစားမဏ္ဍပ်တွင် ဖြစ်ခဲ့သည့်ဖြစ်စဉ်ကို နန်းတွင်းသူ နန်းတွင်းသားတွေ သိကြသလို မယ်တော် ပြည်ထိပ်ထား (ခဲပေါင်မင်းသမီး)လည်း သိသဖြင့် သားတော်ကို နိုင်ငံခြားသူနှင့် နီးစပ်မှာ စိုးရိမ်သွားသည်။ ထို့အတူပင် တောင်ပြင်သူဌေးသားကလည်း သိသွားသဖြင့် မင်းသားလေးအပေါ် မကျေနပ်ဖြစ်မိသည်။ ရည်းစားလူလု အူနကျွဲခတ်ဆိုသလို မခံမရပ်နိုင်ဖြစ်မိ၍ မင်းသားလေးကို ပြဿနာရှာရန် အကွက်ချောင်းလျှက်ရှိသည်။ တောင်ပြင်သူဌေးသားသည် အာမေးနီးယံမလေးကို တဖက်သတ်ချစ်နေသူဖြစ်သည်။ (ကုန်းဘောင်ခေတ်လယ်နှင့် နှောင်းပိုင်းကာလများက မင်းနေပြည်တော်ကြီးတွင် နိုင်ငံခြားသားများ မင်းမှုကိုထမ်းကြပြီး သူတို့၏ သမီးပျိုမာရီနာတို့လိုမိန်းကလေးများကလည်း နန်းတွင်းသူများအဖြစ် ထမ်းဆောင်ကြတာမျိုး ရှိခဲ့ပါသည်။)

ထိပ်တင်တုတ် မင်းသားလေးရဲ့ မယ်တော် ပြည်ထိပ်ထားသည် မာရီနာနဲ့ သားတော်တို့သတင်း ကြားပြီးကတည်းက သားတော်နဲ့ပတ်သက်ပြီး သူမေ့နေသော အချက်တစ်ချက်ပြန်သတိရမိတယ်။ အဲဒါကတော့ သားတော် အိမ်ထောင်ပြုသင့်တဲ့အရွယ် ရောက်နေပြီဆိုတာကိုပေါ့။

သားတော်နဲ့ စိတ်တူကိုယ်တူ ချစ်ကြည်ဖြူနေတဲ့ ရက်ကန်းတော်အုပ် မင်းသားကြီးရဲ့သမီး ထိပ်တင်ညွှန့်ဟာ သားတော်လေးနဲ့ဆို နေနဲ့လ ရွှေနဲ့မြပဲ အလွန်လိုက်ဖက်ညီသပေါ့။ သို့သော် ထိပ်တင်ညွှန့်ရဲ့ မိထွေးတော်ခင်ကောက်ဝင်နှောက်တာကြောင့် လွဲတော့မရောင်ဖြစ်နေကြတယ်။ အချစ်စစ် အချစ်မှန်တို့မည်သည် ဖြောင့်ဖြူးခြင်းမရှိ ဆိုပြားလည်း လွဲခဲ့တယ်လေ။ အဲသလိုဖြစ်နေတာ မင်းတုန်းဘုရင်မင်းမြတ်ရဲ့ အလယ်နန်းမိဖုရား ဆင်ဖြူမရှင်သိတော့ သက်ဆိုင်တဲ့ လူတွေခေါ် ကြားဝင် စပ်ဟပ်ပေးလိုက်တာ ရက်ကန်းတော်အုပ် မင်းသားကြီးကော မိထွေးတော် ခင်ကောက်ပါ မငြင်းသာတော့ပဲ ခေါင်းငြိမ့်လိုက်တယ်။ ထိပ်တင်တုတ် မင်းသားလေး ကြင်ယာတော်ရဖို့ တစ်ဆင့်အောင်သွားတာပေါ့။

* * *

"မင်းသား မကြာခင် ရက်ကန်းတော်အုပ် သမီးတော်နဲ့ စုလျားရစ်ပတ် လက်ထပ်ရတော့မယ်ဆိုတာ သိရတော့ ကိုယ်တော်အတွက် ဂုဏ်ယူဝမ်းမြောက်လှပါတယ်ဘုရား"

"မှန်လှပါ ကျွန်တော်များ အိမ်... တော်ပါငယ်ကျွန်အားလုံး တစ်စိတ်တ... ဝမ်းတည်းပါဘုရား"

"တစ်ခု သတိပေး လျှောက်ထား... ချင်ပါတယ် မင်းသား"

"အိမ်း‥အိမ်း လျှောက်ထားကွဲ..."

"စုလျားရစ်ပတ် လက်ထပ်တယ်... ဆိုတာ တကယ်တော့ အိမ်ထောင်ကျ... တာပါပဲ။ လွတ်လွတ်ကျွတ်ကျွတ်နေထိုင်... နေရာက အနှောင်အဖွဲ့ပါလာပြီးမလွတ်... မလပ်ဖြစ်တဲ့ သဘောဆောင်ပါတယ်... မင်းသား"

"အဲဒီတော့ ဘာဖြစ်လဲငမောက်ရဲ..."

"မှန်ပါ ခုနယ်လွတ်လွတ် လပ်လပ်... ရှိတုန်း အာမေးနီးယံမလေးကို လက်... နေးဖို့‥‥ အဲ‥အဲ ရွှေနားတော်သွင်... ရခြင်းပါ"

"ကောင်းပြီ ဒီနေ့ည ယခင်လိုပဲ... လူ (၃)ယောက် မြင်း (၃)စီး စီစဉ်ထား... ကွဲ့ ငမောက်ငယ်"

မဟာနွယ် မင်းညီ မင်းသား တစ်ဦး... သည် နန်းပြင်ပသို့ အချိန်မတော် စည်း... မဲ့ကမ်းမဲ့ သွားခွင့်မရှိသည်ကို ထိပ်တင်တုတ်လို မြင်းမှူးမင်းသား သိပါသည်။ သို့သော် အသက်ကငယ်သေးတော့ ရှည်ရှည်ဝေးဝေး မတွေး အိမ်တော်ပါငယ်ကျွန်တွေပြောသလို လွတ်လွတ်လပ်လပ်နေရခိုက် လသာတုန်း ဗိုင်းငင်ချင်တဲ့ စိတ်တွေများနေသည်။ ဒါကြောင့် သူငယ်တိတ်ဆိတ် အချိန်၌ တောင်ပြ...



www.burmeseclassic.com

www.burmeseclassic.com

ရှိ အာမေးနီးယံမလေး နေအိမ်သို့ မြင်းသုံးစီးနှင့် သွားခဲ့ကြပြီး သက်ကြီး ခေါင်းချအချိန်တွင် နန်းတွင်းပြန်ဝင်ရန် မြင်းခွာသံလုံလုံဖြင့် မြင်းအသားကျစီး၍ စကားတပြောပြောနဲ့ ပြန်လာကြရာ တောင်ပြင်သူဌေးသားနဲ့ အပေါင်းပါ လူ (၃၀)ခန့်က တောင်ပြင်လမ်းဆုံမှစောင့် ပြီး ဝိုင်းပတ်ပိတ်ဆို့ တိုက်ခိုက်ကြသဖြင့် အသက်ဘေးလွတ်အောင် မနည်းထိုး ဖောက်ထွက်ခဲ့ရသည်။ သို့သော် အင် အားချင်းမမျှသဖြင့် မင်းသားလေးတို့ အဖွဲ့ အရေးနိမ့်ခဲ့သည်။ အထိုက်အ လျောက် ဒဏ်ရာ အနာတရလည်း ရခဲ့သည်။

တောင်ပြင် သူဌေးသားနဲ့ မင်းသား လေးတို့ ဖြစ်စဉ်သည် ဖုံးဖိမရဘဲ ဘုရင့် ရွှေနားတော် ပေါက်ကြားသွားရာ တူ တော်မောင် မင်းသားကို ကြေးတိုက်တွင် ချုပ်နှောင်ထားစေလိုက်သည်။ မင်းသား လေးတွင် နောက်တစ်ဖန် စိတ်ဓါတ်ကျ ဘွယ်ကောင်းတာက ရက်ကန်းတော်အုပ် သမီးတော်နဲ့ စုလျားရစ်ပတ် လက်ထပ် မယ်လို့ လူကြီးများ စီစဉ်ထားတဲ့ကြားက တောင်ပြင်ထွက် မိန်းမရှုပ်တဲ့အတွက် ကြေးတိုက်တွင် အချုပ်ခံရတဲ့ မင်းသား နဲ့ တို့သမီးတော့ မပေးစားနိုင်ပါဆိုတဲ့ မိထွေးတော် ခင်ကောက် စကားကလည်း နန်းတွင်း တမဟုတ်ချင်းပြန့်နှံ့သွားသည်။

တောင်ပြင်ရပ်ကွက် တကြောမှာ တော့ သေချင်လို့ တို့သူဌေးသားနဲ့ လာယှဉ်တဲ့မင်းသား မသေခင်ဖျားသွား မယ်ဆိုတဲ့စကား ဟိုဝိုင်း ဒီဝိုင်း စကား ဝိုင်းတိုင်းမှာ ပါးစပ်အရသာ ခံပြောနေ ကြတာ မတူမတန် အောနှလုံးနာစရာ ကောင်းလှပါတယ်။ ရပ်ကွက်အတွင်း မသတီစရာ ဒီစကားတွေကြားနေရပေ မယ့် နန်းတွင်းသူ နန်းတွင်းသားတွေနဲ့ မှူးကြီးမတ်ရာ သေနာပတိတွေက ဘာ တစ်လုံးမှ မဟရဲကြပါဘူး။ ဘုရင် ထီးဘုရား အမျက်တော် ပွားနေတာ သိကြတယ်လေ။

တောင်ပြင် မြို့စွန်ရှိ သေတင်း ကုတ် (အရက်ဆိုင်)တွင် တောင်ပြင် သူဌေးသားနဲ့ အပေါင်းအသင်းများ ထုံးစံအတိုင်း သောက်စားကာ တော ရောက် တောင်ရောက် စကားများ ပြောဆိုနေသည်။ ထိုအချိန် သေတင်း ကုတ်တွင် အရင်ရောက်နှင့်နေသည့် လူရွယ်တစ်ဦးသည် သူ့ကိစ္စပြီးပြီဖြစ် သဖြင့် သေတင်းကုတ်မှ ထွက်ရန် တောင်ပြင်သူဌေးသားဝိုင်းဘေးမှ ထွက် လာစဉ် "ဟော့လုလင် ရပ်စမ်းဆိုတဲ့" အမိန့်ပေးသံတစ်ခုကြောင့် ခြေစုံရပ်ကာ ငံ့လင့်နေလိုက်သည်။

"အမောင်လုလင် ငါ မင်းကိုမြင်ဖူး သလိုပဲ မင်း တောင်ပြင်သားလားကွဲ့"

"ဟုတ်"

"မောင်ရင် ငါ့ကိုသိသလား"

"ဟင့်...အင်း"

တကယ်တော့ လူရွယ်သည် တောင်ပြ[illegible] ဌေးသားမှန်းသိပါတယ်။ သို့သော် သူဌေးသားရဲ့ မာရေကျောရေ ပြောလာသော စကားအတွက်ကြောင့် တစ်ကြောင်း ယခင် သတင်းပတ်က မြင်းမှူးမင်းသားလေးအပေါ် ရိုင်းပြမှု အတွက်ပါ မကျေနပ်သဖြင့် ငွတိုက်ဖြေ ကြားလိုက်ခြင်း ဖြစ်သည်။

"ဒါနဲ့ မင်းက ဘယ်သူ့သားလဲကွဲ့"

"ချွန်းတောင်မင်းသမီးရဲ့ အထိမ်း တော်သားပါ"

"အို့..ဟို..ဒါကြောင့် ခေါင့်မကျိုး ပါဘူးအောက်မေ့နေတာ နန်းတွင်းသူ အထိန်းတော်သားကိုး...ကဲ ကဲ ငါ့ လူတို့ ဒီကောင့်ရောင်ကိုဆွဲပြီး ငါ့နားခေါ် ခဲ့စမ်း"

သူဌေးသား၏ နောက်လိုက်နှစ် ယောက်သည် ရပ်နေသော လူရွယ်၏ ရောင်ကိုတစ်ယောက်ကဆွဲပြီး တစ် ယောက်က ခြေဖြင့်ကန်ကာ သူဌေး သားရှေ့မှောက် ဒူးထောက်ခိုင်းလိုက် သည်။

"ငါလို သူဌေးသားကို မသိတဲ့ ကောင် ငါ့မျက်နှာကို ကြည့်စမ်း။ တကယ်တော့ မင်းလို သဘောက်မ သားကို မြေပြင်မှာ လိမ့်နေအောင် ငါ ထုထောင်းပစ်ချင်တာ ဒါပေမယ့် ငါ့ အသားနဲ့ မင်းအသားထိရမှာသနတယ်။ ဘုရင့်တူသား မင်းညီမင်းသားဆိုသူများ ကြောပြင်ဝေါအသွင် ခွစီးပြီးမှ ငါက ထုထောင်းချင်တာမို့ ဒီတစ်ခါ ငါကိုယ် [illegible] မင်းကို မထုထောင်းဘဲ လွှတ်

www.burmeseclassic.com

လိုက်မယ်။ နောင်အစဉ် သတိမှတ်စေဖို့ ငါလူတို့ရေ တစ်ယောက်တစ်ချက် ကန်ကျောက်လွှတ်လိုက်ကြကွဲ့”

ကံကောင်းထောက်မလို့ မသေမပျောက် အိမ်ပြန်ရောက်ခဲ့တဲ့ အထိမ်းတော်ကြီးသားဟာ ဒဏ်ရာဒဏ်ချက်များအတွက် တစ်ပတ်မျှ ဆေးကုသခံလိုက်ရတယ်။ သတင်းကြားတယ်ဆိုရင်ပဲ အထိန်းတော်ကြီးက သားအတွက် မခံမရပ်နိုင်ဖြစ်ပြီး သမီးတော်ချွန်းတောင်မင်းသမီးမှတဆင့် ခမည်းတော်မင်းကြီးထံ တင်ပြလျှောက်ထားတော့ မင်းကြီးက နန်းတွင်းအမတ်တစ်ဦးကို တာဝန်ပေး စုံစမ်းစစ်ဆေး တင်ပြစေတယ်။ စစ်ဆေးတွေ့ရှိချက်ကို ဘက်မလိုက်ဘဲ တင်ပြဖို့လည်း အမိန့်ပေးလိုက်တယ်။

စစ်ဆေးတွေ့ရှိချက်က တောင်ပြင်သူဌေးသားဟာ ဖခင်ဖြစ်သူ တောင်ပြင်သူဌေးကြီးရဲ့ အရှိန်အဝါ ပစ္စည်းဂုဏ် ဓနဂုဏ်မောက်ကာ သူ့ကိုယ်သူ တစ်မိုးအောက် တစ်ယောက်သာဟု အထင်ရောက်၍ မင်းပြစ်မင်းဒဏ်ကိုတောင်မကြောက် နောက်လိုက်တပည့် လက်သားအများနဲ့ ပူးပေါင်းအနိုင်ကျင့်ပြီး ပြည်သူအပေါင်းအား စိတ်ငြိုငြင်စေပါကြောင်း အထိန်းတော်ကြီးရဲ့သားကို တမင်အနိုင်ကျင့် ထုထောင်းရိုက်နှက်ခြင်းဖြစ်ပါကြောင်းစကားအရာနှင့်လည်း မင်းမှုတော်ထမ်းများနှင့် မင်းညီမင်းသားများ၏ ဂုဏ်သိက္ခာတော် ညှိုးအောင်ပြောဆိုဆောင်ရွက်ပါကြောင်း ယခင်သီတင်းပတ်က မြင်းမှူးမင်းသားလေးနဲ့ မင်းမှုထမ်း (၂)ဦးကို အလစ်အငိုက်တိုက်ခိုက်စော်ကားသူမှာလည်း တောင်ပြင်သူဌေးသားနှင့် နောက်လိုက်များပင်ဖြစ်ကြောင်း ရန်ငြိုးရန်စမရှိဘဲ တဖက်သတ်ပြဿနာရှာခြင်းဖြစ်၍ မင်းသားလေးနဲ့ အထိန်းတော်သားတို့မှာ အပြစ်မရှိပါကြောင်း စစ်ဆေးတွေ့ရှိချက်များတင်ပြလိုက်တော့ ဘုရင်ထီးဘုရားက ကြေးတိုက်မှာ အချုပ်ခံနေရတဲ့ တူတော်မောင် မြင်းမှူးမင်းသားလေးကိုချက်ချင်းပြန်လွှတ်ပေးတဲ့အပြင် နှုတ်သိမ်းခံထားရတဲ့ မြင်းမှူးမင်းသား ရာထူးကိုလည်းပြန်လည်အပ်နှင်းပေးလိုက်တယ်။ နန်းမတော်စကြာဒေဝီနဲ့ ခွေတော်မျိုးတော်အားလုံး ဝမ်းသာပီတိ ဂွမ်းဆီထိသလိုပဲ မြင်းမှူးမင်းသားလေးရဲ့ မယ်တော်ခဲပေါင်မင်းသမီး ပြည်ထိပ်ထားနဲ့ မင်းသားရဲ့အမတော် ပြည်ထိပ်တင်မင်းသမီးလေးတို့ဆို ပြောဘွယ်ရာမရှိလောက်အောင်ဝမ်းသာကြပါတယ်။

တောင်ပြင်သူဌေးသားနဲ့ နောက်လိုက်တွေကိုတော့ မောင်းကျော်ခုံးမစေသင့်ကြောင်း စစ်ဆေးတဲ့ နန်းတွင်းအမတ်မင်းကတင်ပြလို့ တရားခံများကိုနောင်ကြိုးတည်း လေးပြင်လေးရပ်မောင်းတီးကြေညာ၍ နောင်းလူများဤသို့ မကျူးလွန်ဝံ့အောင် ဆုံးမစေသည်။

လေးပြင်လေးရပ် နောင်ကြိုးတည်းကာ မောင်းတီးကြေညာခြင်း၊ ရိုက်နှက်အပြစ်ပေးခြင်းခံနေရသော သူဌေးသားနဲ့ နောက်လိုက်အဖွဲ့ တောင်ပြင်ရှိသူဌေးကြီးအိမ်တော်ရှေ့အရောက် လေသာပြူတင်းမှ ရပ်ကြည့်နေသော တောင်ပြင်သူဌေးကြီးရဲ့ နှုတ်ထွက်စကားကပြတ်သားတယ်။

“သားဆိုးသားမိုက် ဘုရားမကြိုက် နတ်မကြိုက် ငါလည်းမကြိုက်တဲ့ အလုပ်များ ကြိမ်ဖန်များစွာ လုပ်ဝံ့သည် ငါအဖ ဒင်းကို သတ်လိုသော်လည်း အထမမြောက်သေးမီ ခုတော့ မင်းပြစ်မင်းဒဏ်သင့် သေရတော့မည်။ ကောင်းလေစွ ကောင်းလေစွ ဤသို့သော သားဆိုးသားမိုက်မျိုးနဲ့ နောင်ဘဝဆက်တိုင်း လွဲရပါလို၏”တဲ့။

* * *

ခက်တာက မြင်းမှူးမင်းသားလေး ကြေးတိုက်ကလွှတ်လွှတ်ခြင်း ပထမဆုံးတွေ့ချင်တာက ချစ်သူထိပ်တင်ညွန့်လေး ဒါကြောင့် ရက်ကန်းတော်အုပ်အိမ် ဝင်ထွက်နိုင်တဲ့ ခင်ခုံကို အပူကပ်ပြီး ထိပ်တင်ညွန့်ကို ချိန်းပေးဖို့ ပြောရတယ်။ အဖြေကတော့မိထွေးတော်ခင်ကောက်က အိပ်ခန်းတွင်း သော့ပိတ်ထားသဖြင့် ဘယ်လိုမှမစွမ်းသာဘူးတဲ့ထိပ်တင်ညွန့်ရဲ့ ခမည်းတော် ရက်ကန်းတော်အုပ် မင်းသားကြီး ထိပ်တင်ဖိုးကလည်း နောက်



www.burmeseclassic.com

www.burmeseclassic.com

မယားစကားအောင်တာမို့ မြင်းမှူးမင်းသားလေးနဲ့ ထိပ်တင်ညွန့်တို့ နီးကြဖို့ အရေး ရင်မအေးစရာ ဖြစ်နေရတယ်။

ဒါပေမယ့် နဖူးစာဆိုတာ မွေးကတည်းကပါလာတာ ကြားလူဝင်စီစဉ်လို့ ရကောင်းတဲ့ အရာမဟုတ်ဘူးလေ။ မင်းသားလေးချစ်သူနဲ့ဝေးမယ့်အရေးတွေးပြီး စိတ်တော် မသာမယာရှိနေဆဲကာလမှာပဲ ကယ်မယ့်သူ ပေါ်လာတယ်။ တခြားလူ ဟုတ်ရိုးလား၊ ရွှေဘိုမြို့ဝန်ကတော် ဒေါ်ခင်ပုပေါ့။ ဒေါ်ခင်ပုဟာ ထိပ်တင်ညွန့်ရဲ့ အဒေါ်ရင်း လူကြီးတွေ စီမံပြီးသားကိစ္စ ခင်ကောက် ဝင်နှောက်လို့တော့ အပျက်မခံဘူးပေါ့ ကလေးတွေကို ခွင့်ပြုရင်ပြု မပြုရင် ထီးဘုရားရွှေနားတော်ပေါက်အောင် ဝင်လျှောက်မယ်ဆိုပြီး ဝင်လာတယ်။ ရက်ကန်းတော်အုပ်လင်မယား အိမ်မှာမရှိခိုက် အိမ်ခန်းထဲ အပိတ်ခံထားရတဲ့တူမတော် ထိပ်တင်ညွန့်ကို သော့ဖွင့်ပေးပြီး အပြင်ထွက်စေတယ်။ ပြီးတော့ ရက်ကန်းတော်အုပ် အိမ်တော်က ဝန်ထမ်းကိုပဲ မြင်းမှူးမင်းသား အမြန်လာပြီး ခေါ်ဖို့ စေလွှတ် အကြောင်းကြားခိုင်းလိုက်တယ်။

ရက်ကန်းတော်အုပ် အိမ်ရှိ အစေအပါးတွေကလည်း အလွန်စိတ်ထားကောင်းတဲ့ ထိပ်တင်ညွန့်လေးကို လွတ်မြောက်ပြီး ချစ်သူချင်း နီးစေချင်တာတစ်ကြောင်း ရွှေဘိုဝန်ကတော် ဒေါ်ခင်ပုရဲ့စကား မလွန်ဆန်နိုင်တာလည်း တစ်ကြောင်းကြောင့် ဝန်ကတော်ခိုင်းတဲ့အတိုင်း ဆောင်ရွက်ပေးကြတယ်။

ဘာကြာလိုက်လဲ မြင်းမှူးမင်းသားနဲ့ ဆင်ဦးစီးဟာ ဆင်တော် သံလွင်ကို စီးပြီး ရက်ကန်းတော်အုပ်မင်း ထိပ်တင်ဖိုးအိမ်တော် ဆင်ဝင်အောက်ရောက်လာတယ်။ မိန်းမကြိုက်တော့ မျှော်လိုက်ရတာ၊ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာဆိုတဲ့ စကားလိုပဲ မြင်းမှူးမင်းသား ထိပ်တင်ညွန့်လေးထံ အောင်မြင်တဲ့ အပြုံးနဲ့ ရောက်လာတယ်။ ဝမ်းသာလွန်းလို့ စကားတောင် ကောင်းကောင်းမပြောနိုင်တဲ့ မင်းသားလေးဟာ ထိပ်တင်ညွန့်ရဲ့ အဒေါ်ရွှေဘိုဝန်ကတော် ဒေါ်ခင်ပုကို ဒီကျေးဇူးကြွေး နောင်မှ ဆပ်ပါရစေ အရီးလို့ အော်ဟစ်နှုတ်ဆက်ကာ ချစ်သူထိပ်တင်ညွန့်ကို ဆင်နင့်တင်ပြီး ရွှေဘိုသို့ အသော့နှင်ထွက်ခွာသွားတယ်လေ။

ဒီသတင်း ချက်ချင်းပဲ ရွှေနားတော်ပေါက်ကြားတယ်။ မပေါက်ကြားပဲ ရှိမလား။ မိန်းမခိုးတာ ဆင်နဲ့ခိုးတာကိုး ဟိုးဟိုးကို ကျော်သွားတယ်လေ။ ဒါကြောင့် ရွှေနားတော်ပေါက်ပြီး မင်းကြီးကိုယ်တိုင် "တူတော်မောင်နဲ့ ရက်ကန်းတော်အုပ်သမီး စုလျားရစ်ပတ် လက်ထပ်ဖို့ နှစ်ဘက်မိဘတွေ ယခင်က စီစဉ်ထားလား" ဆိုတဲ့ မေးတဲ့ကိန်းဆိုက်သွားတယ်။

"မှန်ပါ့ဘုရား ယခင်က နှစ်ဘက်သဘောမျှသော်လည်း တောင်ပြင်သူဌေးသားနဲ့ဖြစ်တဲ့ကိစ္စ အကြောင်းပြုပြီး ထိပ်တင်ညွန့် မိဘများ သဘောပြောင်းသွား၍ မြင်းမှူးမင်းသားလေးသည်းမခံနိုင်တော့ပဲ ခိုးပြေးရကြောင်းပါဘုရား"

"အမယ် . . သူတို့ကများ ငါ့တူတော်မောင်ကို"

ဘုရင်ထီးဘုရားရဲ့ အမေးတော်ကို အပါးတွင် ခစားနေသော အလယ်နန်းမိဖုရား ဆင်ဖြူမရှင်က မဆိုင်းမတွဒိုးဒိုးဒေါက်ဒေါက် လျှောက်တင်လိုက်ရာ မင်းကြီးသည် အထက်ပါအတိုင်း ပြောကာ အဆောင်တွင်းဝင်သွားသည်။

ထိုသို့မင်းကြီးက ပြောတယ်။ ကြားကတည်းက ရက်ကန်းတော်အုပ် လင်မယား ဘာမှ အငြင်းမပွားတော့ပဲ မြင်းမှူးမင်းသားလေး ထိပ်တင်တုတ်နဲ့ သူတို့သမီး ထိပ်တင်ညွန့်ကို ခမ်းနားစွာ လက်ထပ်ပေးစားလိုက်သတဲ့။ အဆင်ပြေသွားတာပေါ့နော်။

မှီငြမ်း

ညီမြ ကုန်းဘောင်ရာပုံတော်

ဦးကုလား မဟာရာဇဝင်တော်ကြီး

---

ဝင်းသောင် (ရမည်းသင်း)

---




www.burmeseclassic.com

www.burmeseclassic.com

# တစ်လအတွင်း ကောင်းမြင်းမင်္ဂလာနိုင်ငံရေးကိုရ


## ၁ .၁၀ .၂၀၁၃ မှ ၃၁ .၁၀ .၂၀၁၃ ထိ

ဆရာရွှေ (နက္ခတ္တဗေဒပညာရှင်)





**၁.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့**

သမားညီရက် ၁ ရက် မိ၏။ သဗ္ဗအတ္ထသိဒ္ဓိယုဂ်ရ၍ ကောင်း၏။ မည်သည့်လုပ်ငန်းသ မဆို စတင်ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရ ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–စွယ်တော်ညွန့်ဆောင်ပါ။ ကံကောင်းသော** ဂဏန်း (၃–၂–၄–၄–၂)




**၂.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့**

သမားညီရက် ၁ ရက်၊ ပြဿဒါးရက် ၁ ရက်၊ မကောင်းရက် ၂ ရက်မိထား၍ လုပ်ငန်းသ မျိုး စတင်မလုပ်သင့်ပါ။ အနောက်တောင်အရပ် ခရီးဝေးမသွားအပ်ပါ။ **ဆောင်ပန်း–** အုန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၁–၉–၄–၂)





**၃.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို စတင်လုပ် ကောင်းပါသည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီ ၁၀ နာရီအတွင်း အခါကောင်း၏။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ် **ဆောင်ပန်း–ကံ့ကော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၅–၁–၆–၄–၂)




www.burmeseclassic.com

www.burmeseclassic.com





**၄.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလကွယ်၊ သောကြာနေ့**

ပြဿဒါး ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်တင့်မှုရှိပါသည်။ မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းမျိုး လုပ်ပါ။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ဆီးညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၄–၁–၄–၂)





**၅.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ စနေနေ့**

ရက်ပုတ် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းများ လုပ်နိုင်ပါသည်။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ရွက်လှညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၄–၂–၄–၃)





**၆.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် ၁ ရက်၊ သမားဖြူရက် ၁ ရက်၊ ရက်ယုတ်မာ ၁ ရက်၊ နဂါးပေါ်ရက် ၁ ရက် မကောင်းသောရက် ၄ ရက်မိထား၍ မည်သည့်လုပ်ငန်းမျှ မလုပ်သင့်ပါ။ ခရီးဝေး မထွက်သင့်။ ရေကြောင်းခရီး ရှောင်ပါ။ **ဆောင်ပန်း**–သပြေညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁–၆–၃–၄–၃)




**၇.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ တနင်္လာနေ့**

မဟာရက်ကြမ်း ၁ ရက် မိ၏။ သဗ္ဗအတ္ထသိဒ္ဓိယုဂ်ရ၍ ကောင်းပါသည်။ လုပ်ငန်းသစ်များ ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ကသစ်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၆–၈–၄–၃)





**၈.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းသစ်မဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–စွယ်တော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၆–၅–၄–၃)




www.burmeseclassic.com

www.burmeseclassic.com





**၉.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့**

သမားဖြူရက် ၁ ရက် မိ၏။ သဗ္ဗအတ္တသိဒ္ဓိယုဂ်ရ၍ ကောင်းပါသည်။ မည်သည့်လုပ်ငန်း မဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**အုန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၃–၇–၄–၃)





**၁၀.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ ကြာသပတေးနေ့**

သမားညိုရက် ၁ ရက်၊ သမားဖြူရက် ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက် မကောင်းသောရက် ၃ ရက်မိထား၍ မည်သည့်လုပ်ငန်းမျှ မလုပ်သင့်ပါ။ ခရီးဝေးမထွက်သင့်ပါ။ ရေကြောင်းခရီး ရှောင်အပ်၏။ **ဆောင်ပန်း–**ကံ့ကော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၃–၄–၄–၃)





**၁၁.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ သောကြာနေ့**

သမားညိုရက် ၁ ရက်၊ သမားဖြူရက် ၁ ရက်၊ ဝါရမိတ္တုငယ် ၁ ရက်၊ ရက်ပုတ် ၁ ရက် မကောင်းသောရက် ၄ ရက်မိထား၍ မည်သည့်လုပ်ငန်းအမှုကိစ္စမျှ မလုပ်သင့်ပါ။ ခရီးဝေး သွားခြင်းများ ရှောင်ပါ။ ရေကြောင်းခရီး မသွားအပ်။ **ဆောင်ပန်း–**ဆီးညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၅–၉–၄–၃)




**၁၂.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ စနေနေ့**

ရက်ပုတ် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ်လုပ်ငန်းများ ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**ရွက်လှညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၅–၆–၆–၃)





**၁၃.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့**

ပြဿဒါး ၁ ရက် မိ၏။ သဗ္ဗအတ္တသိဒ္ဓိယုဂ်ရသဖြင့် ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်း၏။ အရှေ့အရပ် ယောဂနီသင့်၍ ခရီး မသွားအပ်ပါ။ **ဆောင်ပန်း–**သပြေညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁–၇–၆–၃)


www.burmeseclassic.com

www.burmeseclassic.com





**၁၄.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ တနင်္လာနေ့**

ပြဿဒါး ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ်လုပ်ငန်းများ လုပ်ပါ။ သင့်တင့်စွာ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–သီဟိုဠ်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၂–၇–၃–၆–၃)





**၁၅.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းသစ်မဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–စွယ်တော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၃–၇–၈–၆–၃)





**၁၆.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်လည်း ရသဖြင့် ကောင်းလှ၏။ လုပ်ငန်းသစ်များ စတင်ဆောင်ရွက်ပါ။ အောင်မြင်အကျိုးရှိပါမည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်း၏။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–အုန်းညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၄–၇–၅–၆–၃)




**၁၇.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့**

သမားညီရက် ၁ ရက် မိ၏။ ရဝိယုဂ်ရသဖြင့် မကောင်းကျိုးများကို ပယ်နိုင်သဖြင့် ကောင်းပါသည်။ လုပ်ငန်းသစ်များ ဆောင်ရွက်ပါ။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ကံ့ကော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၅–၅–၇–၆–၃)





**၁၈.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ သောကြာနေ့**

သမားညီရက် ၁ ရက် မိ၏။ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်ရသဖြင့် ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ဆီးညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၆–၅–၄–၆–၃)




www.burmeseclassic.com

www.burmeseclassic.com





**၁၉.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်၊ စနေနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို စတင်ဆောင်ရွက်ပါ။ တည်မြဲပါမည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်း၏။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ရွက်လှညွှန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၇–၃–၉–၆–၈)





**၂၀.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့**

ပြဿဒါး ၁ ရက်၊ သမားဖြုရက် ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက်၊ ရက်ပုပ် ၁ ရက် မကောင်းသောရက် ၄ ရက်မိထား၍ မည်သည့်လုပ်ငန်းမျှ မလုပ်သင့်ပါ။ ခရီးဝေးမထွက်သင့်၊ ရေကြောင်းခရီးရှောင်ပါ။ **ဆောင်ပန်း–သပြေညွှန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၁–၃–၆–၆–၈)





**၂၁.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့**

ပြဿဒါး ၁ ရက်၊ မဟာရက်ကြမ်း ၁ ရက် မကောင်းရက် ၂ ရက်မိထား၍ လုပ်ငန်းသစ်များ မလုပ်သင့်ပါ။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**သီဟိုဠ်ညွှန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၃–၁–၆–၈)




**၂၂.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့**

ရှမ်းရက် ၁ ရက်မိသော်လည်း တိထိယုဂ်နှင့် သဗ္ဗအတ္တသိဒ္ဓိယုဂ် ၂ ယုဂ်ရထား၍ ကောင်းပါသည်။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–စွယ်တော်ညွှန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၃–၆–၁–၆–၈)





**၂၃.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဗ္ဗအတ္တသိဒ္ဓိယုဂ်လည်း ရသဖြင့် စင်ကြယ်သော နေ့ရက်ဖြစ်၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**အုန်းညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၆–၂–၆–၈)




www.burmeseclassic.com

www.burmeseclassic.com





**၂၄.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့**

သမားညို ၁ ရက် မိထား၏။ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်ရ၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ကံ့ကော်ညွန့်**ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၄–၃–၆–၈)





**၂၅.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့**

သမားညိုရက် ၁ ရက်၊ နဂါးပေါ်ရက် ၁ ရက် မကောင်းရက် ၂ ရက်ဖြစ်လို့ လုပ်ငန်းသစ်များ မလုပ်သင့်ပါ။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ဆီးညွန့်**ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၄–၈–၆–၈)





**၂၆.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ စနေနေ့**

ဝါရမိတ္တုကြီး ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းများ လုပ်နိုင်ပါသည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ရွက်လှညွန့်**ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၄–၅–၆–၈)




**၂၇.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့**

ပြဿဒါး ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းများ လုပ်နိုင်ပါသည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်း၏။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–သပြေညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁–၂–၇–၆–၈)





**၂၈.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့**

ပြဿဒါး ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းများ လုပ်ကိုင်ပါ။ သင့်တင့်မှုရှိပါသည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–သီဟိုဠ်ညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၂–၄–၆–၈)




www.burmeseclassic.com

www.burmeseclassic.com





**၂၉.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့**

ဝါရမိတ္တုငယ် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းသစ်များ လုပ်နိုင်ပါသည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ထန်းညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၁–၉–၆–၈)




**၃၀.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်း၏။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–အုန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၁–၆–၆–၈)




**၃၁.၁၀.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့**

သမားညိုရက် ၁ ရက်၊ ရက်ယုတ်မာ ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ မည်သည့်လုပ်ငန်းသစ်မျှ မလုပ်သင့်ပါ။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ကံ့ကော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၁–၁–၆–၈)

**မှတ်ချက်**

၁–၁၀–၂၀၁၃ မှ ၁၆–၁၀–၂၀၁၃ အတွင်း တနင်္ဂနွေသားသမီးနှင့် တနင်္လာသားသမီးများ လဒဏ်သင့်၍ အားနည်း၏။ ခရီးဝေးမသွားသင့်ပါ။ ရေကြောင်းခရီး ရှောင်ပါ။

၁၇–၁၀–၂၀၁၃ မှ ၃၁–၁၀–၂၀၁၃ အထိ ဗုဒ္ဓဟူးသားသမီးများနှင့် သောကြာသားသမီးများ လဒဏ်သင့်၍ အားနည်း၏။ ခရီးဝေးမသွားသင့်ပါ။ ရေကြောင်းခရီးရှောင်ပါ။

**ပြုအပ်သောယတြာ**

တနင်္ဂနွေသားသမီးများအနေဖြင့် သပြေညွန့် ၆ ညွန့်ကို အုန်းရွက်ဖြင့်ပတ်စည်းပြီး မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

တနင်္လာသားသမီးများအနေဖြင့် ကသစ်ညွန့် ၁၅ ညွန့်ကို ကြိမ်ကြိုးဖြင့် နှစ်ပတ်စည်းပြီး မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

ဗုဒ္ဓဟူးသားသမီးများအနေဖြင့် ခရေညွန့် ၁၇ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သောကြာသားသမီးများအနေဖြင့် ဆီးညွန့် ၂၁ ညွန့်ကို သင်လျှော်ဖြင့် ၆ ပတ်စည်းပြီး မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သုခိအတ္တာနံ ပရိဟရန္တု ... လိုရာဆန္ဒပြည့်ဝပါစေ

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)



www.burmeseclassic.com

www.burmeseclassic.com


# ကြီးပွားအောင်မြင်ရေးအတွက်

# အကြံပြုချက်


**၁၇.၁၀.၂၀၁၃ မှ ၁၅.၁၁.၂၀၁၃ ထိ**

## ကျန်းမာရေး၊ စီးပွားရေး အကြံပြုချက်


ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)




ရာသီစက်




ဘာဝစက်




နဝင်းစက်

ဇေယျာတု သဗ္ဗမင်္ဂလာ၊ ကောဇာသက္ကရာဇ် ၁၃၇၅ ခု သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၃ ခု အောက်တိုဘာလ ၁၇ ရက်၊ ကြာသပတေးနေ့ ၁၂ နာရီ ... မိနစ်အချိန် တနင်္ဂနွေဂြိုဟ်နေမင်းသည် ကံရာသီမှ ... ရာသီသို့ မကာရရာသီလင်္ဂ၊ မိန်ရာသီစန်း၊ စနေနဝင်း ... စီးလျက် ပြောင်းခဲ့ပါသည်။

တနင်္ဂနွေဂြိုဟ် စူဠသင်္ကြန်ပြောင်းကို အခြေခံ၍ ... စန်းဂြိုဟ်အနေအထားများအရ ကျန်းမာရေး၊ စီးပွားရေး ... အန္တရာယ်အနေအထားများကို အကြံပြုသွားပါမည်။

**ကျန်းမာရေးနှင့် ဘေးအန္တရာယ်အခြေအနေများကို အကြံပြုချက်**

လင်္ဂသခင် ဥစ်ရ၍ ၁၀ တန့်တွင် ရပ်တည်နေခြင်းသည် လင်္ဂအားကောင်းသဖြင့် ကျန်းမာရေးကောင်း၍ ဘေးအန္တရာယ်ကင်းရှင်းပါမည်။ ရာဟုပါဝင်မှုရှိနေ၍ အစားအသောက်ကို ဂရုစိုက်ပါ။ အစားများ၍ ဝမ်းပျက်တာမျိုး ရှိတတ်ပါသည်။ အပူအစပ်များ ရှောင်တတ်၏။ စနေဖြစ်လို့ ဂရုတော့ စိုက်သွားအပ်ပါသည်။ အခြေခံကောင်းသဖြင့် စိုးရိမ်စရာမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

### အလုပ်အကိုင်နှင့် စီးပွားရေးအနေအထား

လဂ်နှင့် ၁၀ တန့်တို့ အနေအထားကောင်းသဖြင့် အလုပ်အကိုင်၊ စီးပွားရေးအနေအထားများ ကောင်းမွန်မှုရှိလာပါမည်။

အမိက ကုန်သည်များ လုပ်ငန်းပိုင်ရှင်များ အလုပ်အကိုင်များ ကောင်းသော်လည်း စက်ရုံများကတော့ အဆင်မပြေမှုများ တွေ့နိုင်ပါသည်။ ခြံ၍အကြံပြုရပါက အလုပ်အကိုင်များ ကောင်းမွန်၍ စီးပွားရေးကောင်းလာနိုင်ပါသည်။

### ၁။ စက်မှုလက်မှုလုပ်ငန်း

စက်မှုကို အကျိုးပြုသော အင်္ဂါသည် ၈ တန့်တွင် ရပ်တည်နေသဖြင့် လုပ်ငန်းများ အဆင်မပြေတတ်ပါ။ မျှော်မှန်းသလို မဖြစ်တတ်၍ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မှုများ ဤကာလအတွင်း သတိထားဆောင်ရွက်အပ်ပါသည်။ အတိမ်းအစောင်းရှိသွားနိုင်ပါသည်။

### ၂။ လယ်ယာလုပ်ငန်း

လယ်ယာလုပ်ငန်းကိုအကျိုးပြုသော တနင်္လာနှင့် သောကြာဂြိုဟ် အနေအထားကောင်းသဖြင့် လယ်ယာလုပ်ငန်းများ ကောင်းမွန်ပါမည်။ အမိက ပဲ၊ ပြောင်း၊ နှမ်းတို့ ပိုကောင်းမွန်မှုရှိမည်ဖြစ်ကြောင်း တွေ့ရပါသည်။ အထွက်နှုန်းလည်း ကောင်းနိုင်၏။

### ၃။ မွေးမြူရေးနှင့် ရေလုပ်ငန်း

မွေးမြူရေးကိုအကျိုးပြုသော တနင်္လာ၊ သောကြာတို့ အနေအထားကောင်းသဖြင့် မွေးမြူရေးလုပ်ငန်းများ ကောင်းမွန်အကျိုးရှိပါမည်။ ရေလုပ်ငန်းများလည်း ကောင်းပါမည်။ ငါးမွေးမြူရေး ပိုကောင်းပါသည်။

### ၄။ ဆေးပစ္စည်းနှင့် ဆေးဝါးလုပ်ငန်း

ဆေးဝါးပစ္စည်းကို အကျိုးပေးသော တနင်္ဂနွေဂြိုဟ်သည် နိစ္စဘင်္ဂရပြီး ၁၀ တန့်တွင် ရပ်တည်နေသဖြင့် ဆေးလုပ်ငန်းများ ကောင်းမွန်မှု ရှိပါမည်။ အမိက နှလုံးဆေးများ၊ အားဆေးများ ပိုကောင်းပါမည်။

### ၅။ အချိုရည်နှင့် အအေးစုံလုပ်ငန်း

အချိုရည်ကို အကျိုးပြုသော တနင်္လာနှင့် ကြာသပတေးဂြိုဟ်တို့ အနေအထားကောင်းကြသဖြင့် အချိုရည်နှင့် အအေးစုံလုပ်ငန်းများ ကောင်းမွန်မှုရှိပါမည်။ ရေခဲနှင့် ဘီလပ်ရည်လုပ်ငန်းများ ပိုကောင်းပါမည်။ ရေသန့်လုပ်ငန်းကတော့ ပုံမှန်ပင် ရှိပါမည်။

### ၆။ အထည်အလိပ်လုပ်ငန်း

အထည်အလိပ်ကို အကျိုးပေးသော ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ် အနေအထားကောင်းမွန်မှုရှိသဖြင့် အထည်အလိပ်လုပ်ငန်းများ ကောင်းမွန်မှုရှိပါမည်။ အမျိုးသမီးဝတ်နှင့် အသုံးအဆောင်များ ပို၍ကောင်းမွန်မှုရှိမည်။

### ၇။ အလှကုန်လုပ်ငန်း

အလှကုန်လုပ်ငန်းကိုအကျိုးပြုသော သောကြာနှင့် တနင်္လာတို့ အနေအထားကောင်းသဖြင့် အလှကုန်လုပ်ငန်းများ ကောင်းမွန်ပါသည်။ ရေမွှေးကဲ့သို့ အရည်နှင့် ပြုလုပ်ထားသော အလှကုန်များ ပိုကောင်းပါသည်။ ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာအလှကုန်များလည်း ကောင်းမွန်ပါသည်။

### ၈။ စာပေနှင့် စာပုံနှိပ်စက်လုပ်ငန်း

စာပေကိုအကျိုးပေးသော ဗုဒ္ဓဟူးနှင့် ကြာသပတေးအား စနေလွှမ်းမိုးထားသဖြင့် အဆွေးအလွမ်းဝတ္ထုများ ပိုကောင်းပါသည်။ စနေသည် အားကောင်းသဖြင့် ဘာသာရေးစာပေများလည်း ကောင်းမွန်မှုရှိပါသည်။ အင်္ဂါအနေအထား ၈ တန့်ပါဝင်နေ၍ စာပုံနှိပ်စက်များကတော့ အခက်အခဲရှိနိုင်ပါသည်။

### ၉။ ရုပ်ရှင်အနုပညာနှင့် ဂီတအနုပညာလုပ်ငန်းများ

အနုပညာကိုအကျိုးပေးသော သောကြာနှင့် အင်္ဂါတို့ ဆက်သွယ်နေကြခြင်းသည် အနုပညာလုပ်ငန်းများကို အကျိုးပေးမည် ဖြစ်ပါသည်။ ဗီဒီယိုလုပ်ငန်းများ ပိုကောင်းပါမည်။ ရုပ်ရှင်ကားကြီးများလည်း ကောင်းမွန်သော ကာလဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပန်းချီ၊ ပန်းပု အနုပညာလုပ်ငန်းများလည်း ကောင်းပါသည်။

**ခုနစ်ရက်သားသမီးများအတွက် အကြံပြုချက်**

**တနင်္ဂနွေသားသမီးများ** ကျန်းမာရေးကို ဂရုစိုက်သွားရန် လိုအပ်ပါသည်။ မတော်တဆ ထိခိုက်မှုလေးများလည်း ဖြစ်တတ်၍ အလုပ်အကိုင် အသွားအလာများ ဂရုစိုက်ပါ။ အလုပ်အကိုင်များကတော့ သင့်တင့်မှုရှိပါသည်။

**ပြုအပ်သောယတြာ** - သီဟိုဠ်ညွန့် ၃ ညွန့်၊ ကံ့ကော်ညွန့် ၃ ညွန့်၊ သပြေညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို အုန်းရွက်ဖြင့် ၁ ပတ် စည်း၍ မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**တနင်္လာသားသမီးများ** အနေဖြင့် အလုပ်အကိုင် သင့်တင့်ကောင်းမွန်မှု ရှိပါမည်။ ကိုယ်စားလှယ်လုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း ပိုကောင်း၏။ ခရီးဝေးသွားလာရမှုများ ရှိပါမည်။ သွားရလျှင်လည်း ကောင်း၏။ ကျန်းမာရေးလည်း ကောင်းနေပါမည်။

**ပြုအပ်သောယတြာ** - ကသစ်ညွန့် ၁၅ ညွန့်ကို အိမ်ကဘုရားတွင်ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**အင်္ဂါသားသမီးများ** အနေဖြင့် မတော်တဆ ထိခိုက်မှုများ ဖြစ်တတ်၍ အသွားအလာ၊ အလုပ်အကိုင်များ ဂရုစိုက်ပါ။ အဓိက ယာဉ်နှင့်ပတ်သက်၍ ဂရုစိုက်အပ်ပါသည်။ အလုပ်အကိုင်များ မျှော်မှန်းသလို မဖြစ်တတ်ပါ။ ထိန်း၍လုပ်သွားသင့်၏။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ။

**ပြုအပ်သောယတြာ** - အုန်းညွန့် ၃ ညွန့်၊ ရွက်လှညွန့် ၃ ညွန့်၊ ထန်းညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ဗုဒ္ဓဟူးသားသမီးများ** အနေဖြင့် အလုပ်အကိုင် အနေအထားများ သင့်ပါသည်။ အခက်အခဲ နှောင့်နှေးမှုများတော့ ရှိနိုင်၏။ ခရီးသွားလာမှုများ ရှိနိုင်ပါသည်။ ကျန်းမာရေး အနေအထား သင့်၏။ ဂရုတော့စိုက်သွားပါ။

**ပြုအပ်သောယတြာ** - ကံ့ကော်ညွန့် ၃ ညွန့်၊ သပြေညွန့် ၃ ညွန့်၊ အုန်းညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ကြာသပတေးသားသမီးများ** အနေဖြင့် ကျန်းမာရေး ဂရုစိုက်အပ်ပါသည်။ အလုပ်အကိုင်အနေအထားသင့်၏။ အခက်အခဲ နှောင့်နှေးမှုရှိမည်။ ခရီးဝေးသွားလာရမှုများ ရှိနိုင်၏။

**ပြုအပ်သောယတြာ** - ဆီးညွန့် ၃ ... ၃ ညွန့်၊ ကံ့ကော်ညွန့် ၃ ညွန့် ပေါင်း ၉ ... အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ... တောင်းပါ။

**သောကြာသားသမီးများ** အနေဖြင့် အလုပ်အကိုင် ကောင်းမွန်၍ ဝင်ငွေတိုးတက်နိုင်သော ကာလဖြစ်၏။ အင်္ဂါနှင့် သောကြာတို့ ဆက်မှုတွင် ဂ တန့်ပါဝင်သဖြင့် ဥပဒေမကင်းသော လုပ်ငန်းများ၊ အကုသိုလ်မကင်းသော လုပ်ငန်းများ အကျိုးရှိနိုင်ပါသည်။ မွေးမြူရေးလုပ်ငန်းများ ကောင်း၏။ ကျန်းမာရေး ကောင်းပါသည်။

**ပြုအပ်သောယတြာ** - သီဟိုဠ်ညွန့် ၂၁ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**စနေသားသမီးများ** အနေဖြင့် အလုပ်အကိုင် အနေအထားများ ကောင်းမွန်မှုရှိပါမည်။ ကျန်းမာရေးအနေအထားလည်း ကောင်းမွန်မှုရှိနေပါမည်။ ကိုယ်ပိုင်လုပ်ငန်းရှင်များ အနေဖြင့် လုပ်ငန်းများ တိုးချဲ့လုပ်သင့်၏။

**ပြုအပ်သောယတြာ** - ထန်းညွန့် ၁၀ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆု တောင်းပါ။

သုခိအတ္တာနံ ပရိဟရန္တု

**ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)**



www.burmeseclassic.com

www.burmeseclassic.com

## မှတ်တမ်းတင်ထားမိသော

# သူငယ်ချင်းအတွက် အမှတ်တရ

ဒေါ်ဇင်မာဝေ (ကေပီရှေ့ဆောင်နက္ခတ်ပညာရှင်

ကျွန်မနှင့် တစ်ကျောင်းတည်းအတူ တက်ခဲ့သော သူငယ်ချင်းဖြစ်သူ 'ကိုဝင်းနိုင်' ဆုံးပါးသွားကြောင်း သိရသော် ကျွန်မ အထူးစိတ်မကောင်း ဖြစ်မိပါသည်။ သူနှင့် ကျွန်မသည် အိမ်ချင်းလည်း မနီးမဝေးတွင် ရှိသောကြောင့် မကြာခဏတွေ့ဖြစ်သည်။ အရပ်ထောင်ထောင်မောင်းမောင်းနှင့် စိတ်ထားကောင်းသောသူဖြစ်သည်။ အမြဲပြုံးနေတတ်သော သူ့မျက်နှာကို မြင်ယောင်မိသည်။

သူနှင့် နောက်ဆုံးတွေ့ဖြစ်တာ ကျွန်မတို့ သူငယ်ချင်းများ စုမိချိန်ဖြစ်သည်။ ကိုယ့်အလုပ်နှင့်ကိုယ်ရှုပ်နေသော ကျွန်မအတွက် သူ့အိမ်ကို မသွားခဲ့မိ။ သူဆုံးတာကို သူငယ်ချင်းများကအကြောင်းကြားမှသာ သိရသည်။ သူ့ဇာတာကို ပြန်တွက်မိရင်း အမှတ်တရ သိမ်းထားမိသည်။

သေဆုံးသူများသည် ကျွန်မအား ပညာများစွာပေးပါသည်။ ဘာကြောင့်သေရသည်။ ဘယ်အချိန်သေရသည်။ ထိုအချက်များကို သေချာစွာ မှတ်တမ်းထားခြင်းဖြင့် လူ့ဘဝ၏ အကြောင်းများကို ကျွန်မပိုသိလာပါသည်။ ကျွန်မသိသလို ဗေဒင်ပညာလေ့လာလိုက်စားသူများကိုလည်း ပြန်လည်၍ ပညာဖြန့်ဝေချင်ပါသည်။ ပညာဆိုသည်မှာ ဖြန့်ဝေလေ ကောင်းလေဖြစ်ပါသည်။ ဖယောင်းတိုင်များကို မီးကူးပေးသလိုပါပဲ၊ ဖယောင်းတိုင်တစ်တိုင်တည်း၏ အလင်းအားသည် နည်းပါသည်။ ဖယောင်းတိုင်များ စုပေါင်းထွန်းထားပါက အလင်းအားပိုကောင်းပါသည်။ လောကတွင် ပညာကို သူတစ်ပါးအား ပေးရမှာ နှမြောတတ်သူသည် ပညာကန်းတတ်ပါသည်။ ပညာအား ဖြန့်ဝေပေးတတ်သူအတွက် ပညာသည် ပိုတတ်လာပါသည်။ ပညာပါရမီဖြည့်ပြီးသားလည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတတ်မြောက်ထားသော ပညာများကို အများကိုလည်း ဖြန့်ဝေပေးလိုပါသည်။ စေတနာအပြည့်ဖြင့် ဖြန့်ဝေပေးခြင်းဖြစ်ပါသည်၊ ဆန်းပညာလေ့လာသူများအတွက် ကျွန်မဆောင်းပါးသည် ပညာရပ်ဆိုင်ရာအတွက် များစွာအထောက်အကူဖြစ်ပါ

လိမ့်မည်။ အခြားသူများအတွက်လည
ဗဟုသုတရစေပါသည်။ သံဝေဂတရ
များလည်း ပွားများနိုင်ပါသည်။

ကျွန်မနှင့်ခင်သောသူများအား ကျွ
က ဗေဒင်တွက်ပေးလေ့ရှိပါသည်။ သို့
တွင် ကိုဝင်းနိုင်သည် ဗေဒင်ဝါသနာပါ
မဟုတ်ပါ။ တွက်လည်း မတွက်ပါ။ ကျွ
တွက်ပေးလည်း စိတ်ပါဝင်စားခြင်းမရှိ
ဗေဒင်ဆိုတာ မလိုပါဘူး။ ငါတို့က စိ
ကောင်းထားတယ်။ သူများအပေါ် ဘ
တော့မှ မကောင်းမကြံဘူး။ ဘုရားတ
ကို အမြဲလုပ်တာ။ ဒါ့ကြောင့် ဗေဒင်တွ
စရာ မလိုဘူး။ ယတြာချေတာလည
ငါက ဝါသနာမပါဘူးဟု ကျွန်မ်ကိုပြော
သည်။ ထို့ကြောင့် ကျွန်မ သူ့ကို ဗေ
တွက်ပေးမိဖူးသော်လည်း ယတြာတစ်
မပေးဖူးပါ။ သူသေဆုံးသွားပြီးမှသာ
ဇနီးထံမှ မွေးသက္ကရာဇ်တောင်းပြီး
ကြောင့်သေရတာလဲဆိုတာ ကိုယ့်
သာ မှတ်တမ်းပြုစုထားခြင်းသာ ဖြ
သည်။

ကိုဝင်းနိုင်၏ မူလမဟာဘုတ်သ



www.burmeseclassic.com

www.burmeseclassic.com

(၅)ကြွင်းမဟာဘုတ်ဖြစ်သည်။ ၄ ဟူးသားဖြစ်သောကြောင့် အထွန်းဖွားဖြစ်သည်။ အထွန်းမှ သိုက်သို့မှည့်ထားသောနာမည်ဖြစ်သည်။ နာမက္ခရတိုင်တွင် ဖောက်ထိုးတိုင်ဖြစ်သည်။ အတိုက်အခိုက်ခံရတတ်ခြင်း၊ သူတစ်ပါးလုပ်ကြံခံရတတ်ခြင်းတို့ကို ကြုံရတတ်ပါသည်။ သိုက်ဌာနတွင် နာမည်အဖျားရှိသောကြောင့် ဘာသာတရားကိုင်းရှိုင်းတာတော့ အမှန်ဖြစ်သည်။ သို့သော် ဘဝတွင် အောင်မြင်မှုမရနိုင်သော နာမည်ဖြစ်သည်။

သူသေဆုံးချိန်တွင် သူ့အသက်သည် (၅၃)နှစ်တွင်းဖြစ်သည်။ သောကြာသက်ရောက်ထဲတွင် ဖြစ်သည်။ ဂြိုဟ်စားမှာ ရာဟုဂြိုဟ်စား ဖြစ်သည်။ ရာဟုသည် မူလမဟာဘုတ်တွင် အထွန်းဌာနတွင်ရှိသည်။ ကရကအနေဖြင့် ကမ္မဖြစ်သည်။ ကမ္မကရကသည် ပြဿနာဖြစ်တတ်သည်။ အမှုအခင်း ဖြစ်တတ်သည်။ ရောဂါရတတ်သည်။ ထိုသို့ရောဂါရသော် သူတစ်ပါးပယောဂမကင်းတတ်ပါ။ အမှုအခင်းဖြစ်သော် နိုင်တတ်ပါသည်။ ဖြေရှင်းနိုင်ပါသည်။ သို့သော် အမှုကြောင့် သူတစ်ပါး ကိုယ့်ကို ရန်ငြိုးထားတတ်ပါသည်။ ထိုရန်ငြိုးသည် အသက်သေသည်ထိ တိုက်ခိုက်တတ်ပါသည်။ အမှုနိုင်တိုင်း ကောင်းသည်မဟုတ်ပါ။

ကျွန်မ သူ့ရက်လည်သို့ သွားပါသည်။ သူ့ဇနီးဖြစ်သူထံမှ သူ့အကြောင်းများကို သိခွင့်ရခဲ့ပါသည်။

"နုနုရေ ... ကိုဝင်းနိုင် ဘယ်ကစပြီး ရောဂါရလာတာလဲ"

"လွန်ခဲ့တဲ့ ၇ နှစ်လောက်ကစတာအစ်မရေ။ အဲဒီတုန်းက အူမှာ အကျိတ်ဖြစ်လို့ဆိုပြီး ခွဲထုတ်ရသေးတယ်၊ နောက်နှစ်နှစ်လောက်ကြာတော့ ထပ်ခွဲရပြန်ရော။ ပြီးခဲ့တဲ့ နှစ်နှစ်က အူက အနာကမကျက်လို့ဆိုပြီး ဆရာဝန်ထပ်ပြတော့ အထဲမှာ အနာမကျက်သေးတာဖြစ်မယ်ဆိုပြီး ထပ်ခွဲတာ။ ဗိုက်ကိုခွဲတာချည်းပဲ (၆)ကြိမ်ရှိတယ် အစ်မရယ်။ သူ့တစ်ကိုယ်လုံး ဓားခွဲရာချည်းပဲ။ ခွဲစိတ်တာများတော့ လူမခံနိုင်တော့ဘူး။ စအိုက မစင်မထုတ်တော့ဘဲ ဘေးကနေ အူကိုဖောက်ထားတယ်။ ပိုက်တန်းလန်းနဲ့ပေါ့။ အဲဒီအနာကလည်း တဖြည်းဖြည်းကျယ်လာတော့ ထပ်ခွဲ၊ ထပ်ချုပ်ပေါ့။ နောက်တော့ အူမကြီးတစ်ခုလုံး ဖြတ်ထုတ်ရတဲ့အဆင့်ရောက်သွားတယ်။ အူသိမ်နဲ့ပဲ နေရတာ ၆ လလောက်ပေါ့။ ပြီးခဲ့တဲ့နှစ်နှစ်လောက်က အူခွဲထုတ်ရင်း အဆုတ်မှာ အနာရှိတာ တွေ့တယ်လို့ ဆရာဝန်ကပြောတယ်။ အဲဒီတုန်းက ခွဲစိတ်ကုသထားချိန်ဆိုတော့ လက်ထဲပိုက်ဆံက ကုန်နေပြီ။ နောက်မှပဲ အဆုတ်ကအနာကို ကုတော့မယ်ဆိုပြီး ဒီအတိုင်းနေတာ၊ နောက်တစ်နှစ်လောက်ကြာတော့ အဆုတ်ကအနာက ပိုကြီးလာတယ်။

ဆရာဝန်က ဆေးစစ်သင့်တယ်ဆိုတော့ စစ်တာပေါ့။ ဆေးစစ်ခချည်းပဲ (၃) သိန်းကုန်နေပြီ၊ ဆေးတစ်လုံးမသောက်ရသေးဘူး။ လက်ထဲမှာ ပိုက်ဆံက ကုန်သွားပြန်ရော၊ စစ်ဆေးပြီးမကုနိုင်ပြန်ဘူး။ နောက်လလောက်ကျမှ ဆေးရုံကြီးမှာ အဆုတ်ထဲ ဆေးသွင်းကုတယ်၊ သုံးလေးခါလောက် ဆေးသွင်းကြည့်တယ်။ ပိုဆိုးလာတယ်။ လူက အားအရမ်းနည်းလာပြီး မခံနိုင်တော့ဘူး၊ နောက်ပိုင်း အသက်ပါမရှူနိုင်လို့ တစ်ချိန်လုံးအောက်ဆီဂျင်ပေးနေရတယ်။ (၂)လလောက် အောက်ဆီဂျင်နဲ့နေပြီး အခုတော့ဆုံးသွားတာပေါ့။ သူအတော့်ကိုခံရတယ်။ ကျွန်မလည်း သူ့ကို သေခြင်းနဲ့ ပတ်သက်တဲ့ တရားခွေတွေဖွင့်ပေးပြီး တရားမှတ်ခိုင်းရတာပေါ့။ ခန္ဓာကိုယ်ကို မတွယ်တာနေနဲ့တော့၊ စိတ်ကိုလျှော့တော့။ တရားသာ နှလုံးအမြဲသွင်းပါလို့ ဘေးက တစ်ချိန်လုံး ပြောပေးနေရတာပေါ့။ သူတရားနဲ့သေသွားတာ နုနုကောင်းကောင်းသိတယ်"

နုနုပြောပြီးတော့ ကျွန်မလည်း စိတ်မကောင်းဖြစ်မိတယ်။ သူဝေဒနာခံစားနေချိန်မှာတော့ သူ့အနားမှာ ကျွန်မမရှိဘူး။ သူ့ကို အားပေးခဲ့ခြင်းမရှိဘူး။ သူငယ်ချင်းဝတ္တရားပျက်ကွက်ခဲ့တာပေါ့။ ကိုယ့်အလုပ်ကလည်း တကယ်ကိုမအားတာ။ နေ့ရောညပါ တစ်ချက်မှမနားရတော့ ကိုယ့်နားချိန်ကိုသာ ဦးစားပေးခဲ့တာလေ၊ သူငယ်ချင်းမရှိမှ သူ့ကို မတွေ့နိုင်တော့မှ သတိရမိတယ်။ ကျွန်မလည်း အိမ်ပြန်ရောက်ရောက်ချင်းပဲ သူ့ဇာတာကို ချက်ချင်းစစ်မိတယ်။ ဘယ်လိုများ ဖြစ်ပါလိမ့်ပေါ့။

သူ့ဇာတာကိုစစ်ပြီး ကျွန်မပိုစိတ်မကောင်းဘူး။ အထွန်းကမ္မဆိုတာ ကျွန်မအနေနဲ့ ကယ်နိုင်တယ်ဆိုတာ သိလိုက်တယ်။ မသေသင့်ဘဲ သေဆုံးခြင်းပါ။ သို့သော် သူက ကျွန်မကိုမှ မယုံတာ။ ကျွန်မလေ့လာလိုက်စားပြီး ကျွမ်းကျင်တဲ့ ဗေဒင်ပညာကို သူမယုံတော့ ကျွန်မက ဗေဒင်ပညာရပ်ကိုသုံးပြီး ဘယ်လိုကယ်တင်နိုင်မှာလဲ။

ပယောဂကြောင့် သေဆုံးတယ်ဆိုတာ ဘယ်လိုသက်သေပြမလဲ။ ဆန်းပညာ အဆင့်မြင့်တက်လာရင် ကပ်ဂြိုဟ်ဆန့်ကျင်ဘက်တွေအကြောင်း သိလာမှာပါ။ အဝေးဌာနကပ်ဂြိုဟ်ဆန့်ကျင်တဲ့သူဟာ သူတစ်ပါးလုပ်ကြံတာခံရတတ်ပါသည်။ အမှုအခင်းဖြစ်ထားတယ်ဆိုရင် ပိုသတိထားရမှာပါ။ လူကို ပညာရပ်နဲ့ ထိခိုက်နာကျင်အောင် လုပ်နိုင်ပါတယ်။ ဒါကို အောက်လမ်းပညာလို့ ခေါ်ပါတယ်၊ ယခုခေတ်မှာ အောက်လမ်းနည်းလမ်းများ ပိုသုံးလာတာကို တွေ့ရပါတယ်။ ပညာရပ်နဲ့ ပြုစားထားရင် တရားခံမပေါ်သဲ

www.burmeseclassic.com

လူသေဆုံးမှုဖြစ်တတ်ပါတယ် ရဲကိုလည်း တိုင်လို့မရပါဘူး။ အမှုလည်းဖွင့်လို့မရပါဘူး။ ဆေးကုလည်း မပျောက်ပါဘူး။ တတ်နိုင်လို့ အထူးကုဆရာဝန်ကြီးတွေနဲ့ ဘယ်လောက်ကုကု နောက်ဆုံး လက်မြှောက်ရပြီး သေတာပါပဲ။ သေဆုံးတာဟာ ဘာမှမဆန်းပါဘူး။ သို့သော် အချိန်မတန်ခင်သေဆုံးတာကတော့ နှမြောစရာကောင်းပါတယ်။ လူ့ဘဝဟာ ရခဲပါတယ်။ သက်တမ်းပြည့်နေပြီး အသက် ၈၀ နှစ်ကျော်လို့ သေတာကိုတော့ နှမြောစရာမကောင်းပါဘူး။ လူ့ဘဝမှာ သက်တမ်းပြည့် နေခဲ့ရလို့ပါ။

အခု ကျွန်မသူငယ်ချင်းက လုပ်ကြံခံရလို့ သေတာလို့ပြောရင် လူတွေက ကျွန်မကို အရူးလို့ မှတ်ပါလိမ့်မယ်။

ကိုဝင်းနိုင်အကြောင်း ကျွန်မပြန်စဉ်းစားပါသည်။ သူနှင့်ကျွန်မ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က တွေ့ချိန်မှာ သူအမှုဖြစ်တယ်လို့ ကျွန်မကိုပြောပါတယ်။ သူ့အိမ်နီးနားချင်းနဲ့ ပတ်သက်တယ်လို့ပြောပါတယ်။ သူ့ခွေးကိုက်ခံရတယ်လို့လည်း ပြောပါတယ်။ အိမ်နီးနားချင်းတွင် ခွေးများမွေးထားကြောင်း၊ အခုအိမ်နီးနားချင်းက မကျေနပ်လို့ သူ့ကို အမှုလိမ်ဆင်ပြီး မတရားအမှုဖွင့်ကာ တရားစွဲထားကြောင်း၊ အမှုနိုင်မှာသေချာကြောင်းတို့ကို ကျွန်မနှင့် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်အတူသောက်ရင်း ရင်ဖွင့်ခဲ့ပါသည်။ ကျွန်မကလည်း တစ်ဖက်က မတရားအမှုလုပ်တာဆိုတော့ ကိုဝင်းနိုင်ပဲ နိုင်မှာပါ။ တရားကိုနတ်စောင့်ပါတယ်လို့ ပြောလိုက်သေးသည်။ နောက်ပိုင်းတွင် ထိုအမှုပြီးဆုံးသွားကြောင်း၊ သူအမှုနိုင်ကြောင်းများကို ကျွန်မအား ပြောပြသည်ကို ပြန်လည်အမှတ်ရမိပါသည်။

ယခု သူ့ဇနီးနုနုပြောပုံအရ ပြီးခဲ့တဲ့ နှစ်နှစ်ကစပြီး ခွဲစိတ်တာ ပိုများလာပြီး နောက်ဆုံး အသက်ပင်ပါသွားသည်ကို ပြန်သတိထားမိသည်။ ဒါဆို ကျွန်မတွေးတာမှန်သည်။ သူ့ရောဂါသည် သူများပယောဂမကင်းပေ။ ပုံမှန်တွင် အနာသည် ခွဲစိတ်ပြီးက ကျက်ရမည်။ ယခု သူ့အနာများက မကျက်၊ ပိုဆိုးလာသည်။ ပိုပြန့်လာသည်။ ကင်ဆာဖြစ်လာသည်။ အနာပြန့်လွယ်ပြီး လူကို အမြန်ဆုံးသေစေနိုင်သော ရောဂါသည် ကင်ဆာဖြစ်သည်။ ကင်ဆာဘယ်လိုစဖြစ်လာသလဲဆိုသော မေးခွန်းအတွက် ပညာရှင်များက ယနေ့တိုင် အဖြေရှာမရသေးပါ။

ကျွန်မတို့ ဗေဒင်တွင် သူတစ်ပါး ပညာရပ်ဖြင့် ပြုစားပြီဆိုလျှင် ထိုသူသည် ကုသမရသော ရောဂါဖြင့် သေဆုံးကြကြောင်း သုတေသနမှတ်တမ်းများအရ လေ့လာတွေ့ရှိပြီးဖြစ်သည်။ ထိုသို့သော ပြုစားချက်များကို ကြိုတင်ကာကွယ်နိုင်သော နည်းပညာရပ်ကိုလည်း တွေ့ရှိခဲ့ပြီးဖြစ်သည်။ ထိုသို့သော ပြုစားချက်များကို ကြိုတင်ကာကွယ်နိုင်သော နည်းပညာရပ်ကိုလည်း တွေ့ရှိခဲ့ပြီးဖြစ်သည်။ ထိုပညာသည် နဝင်းပညာပင်ဖြစ်သည်။ စုန်းတိုက်၊ နတ်တိုက်၊ ပယောဂမှန်သမျှ နဝင်းထိုင်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်သည်ကို ကျွန်မ နှစ်ပေါင်းများစွာ လေ့လာပြီး အောင်မြင်မှုများလည်း ရခဲ့ပြီးဖြစ်သည်။ သူတစ်ပါးပြုစားတော့မည်ကို ကြိုတင်သိပါက ကြိုတင်နဝင်းထိုင်ထားသော် ပြုစားချိန်တွင် ကာယကံရှင်ထံ ထိုပြုစားချက်သည် မထိရောက်တော့ဘဲ အဟောသိကံဖြစ်သွားပါသည်။ စုန်း၊ ကဝေ၊ နတ်စိမ်း၊ ဆရာတိုက်၊ ပညာတိုက်များအားလုံးသည် နဝင်းထိုင်ထားသူကို ထိခိုက်အောင် လုပ်နိုင်စွမ်းမရှိသည်ကို ကျွန်မ တွေ့ရှိလာပါသည်။

ထို့ကြောင့် ကျွန်မအား ယုံကြည်သူများကို ကျွန်မက နဝင်းထိုင်ထားပေးတတ်ပါသည်။ ထိုအခါ ထိုသူတို့တွင် ကြီးမားသော ရောဂါများ မရတတ်ပါ။ အနာကြီးများ မဖြစ်ပါ။ စီးပွားလည်း တက်ပါသည်။ ကျွန်မကို မယုံကြည်သူများကိုမူ ကျွန်မက နဝင်းထိုင်မပေးပါ။ အတင်းအဓမ္မမတိုက်တွန်းပါ။ ကာယကံရှင်ဆန္ဒသာ အရေးအကြီးဆုံး ဖြစ်ပါသည်။ နဝင်းပညာသည် ဓာတ်ယတြာပင် ဖြစ်သည်။ လူတို့သည် ဓာတ်ကြီးလေးပါးနှင့် ဖွဲ့စည်းထားပါသည်။ ထိုဓာတ်များ ပျက်ပြားလာပါက အနာရောဂါဖြစ်ခြင်း၊ စီးပွားပျက်ခြင်း၊ အိမ်ထောင်ရေးပျက်ပြားခြင်းများနှင့် ကြုံလာတတ်ပါသည်။ ထိုအခါ ဓာတ်များကို မှန်ကန်စွာ ပြန်လည်တည့်မတ်ရန် ဓာတ်ဖြင့်ကုစားပေးခြင်းသာ ဖြစ်ပါသည်။ ဓာတ်များကို မှန်ကန်စွာ အသုံးချတတ်ပါက လူတို့အား ကောင်းကျိုးကို ဖြစ်စေပါသည်။ ဓာတ်များအား တလွဲသုံးပါက ဆိုးကျိုးဖြစ်ကာ လူကို အသက်အန္တရာယ်ပင် ဖြစ်စေပါသည်။ ဆရာတိုက်ဆိုသည်မှာ ဓာတ်များကို ပြုစားလိုသူအား ဓာတ်ပြန်အောင် တမင်လုပ်ခြင်းဖြင့် ထိုသူ၏ ဓာတ်များ ပြောင်းပြန်ဖြစ်ကာ လူသည် ရပ်တည်နိုင်စွမ်းမရှိတော့ဘဲ အနာရောဂါများ ရုတ်တရက်ဝင်ကာ နောက်ဆုံးကုမရတော့ဘဲ သေဆုံးသွားရပါသည်။

ယခု ကျွန်မသူငယ်ချင်း ကိုဝင်းနိုင်သည် သူတစ်ပါးက ဆရာဖြင့်တိုက်ခိုက်ခံရပြီး သေဆုံးခြင်းဖြစ်သည်မှာ အမှန်ဖြစ်ကြောင်း ကျွန်မပညာက အတတ်သိနေပါသည်။ သို့သော် ကျွန်မသူငယ်ချင်းက အသက်သေသည့်တိုင် ကျွန်မပညာကို ယုံကြည်မှုမရှိသောကြောင့် သူ့ကို သနားသည်ကလွဲ၍ ကျွန်မ မကယ်တင်နိုင်ပါ။ ကျွန်မကတော့ ပညာရပ်ကို ယုံကြည်သူဖြစ်သောကြောင့် ထိုသို့သောမျိုး ကျွန်မတွင် တွေ့ပြီဆိုသည်နှင့် ဦးစွာ



www.burmeseclassic.com

www.burmeseclassic.com

နဝင်းထိုင်ပါတော့သည်။ ရန်သူလက်မဦးခင် ကိုယ်ကဦးအောင် အကာအကွယ်ယူထားပြီး ဖြစ်ပါသည်။ ထိုအခါ ရန်သူလာသောအခါ ကျွန်မအား ရန်ပြုဖို့ဝေးစွ ကျွန်မကိုပင် ရှာမတွေ့နိုင်ပါ။ ထို့ကြောင့် ကျွန်မသည် လူ့ဘဝတွင် သက်တမ်းစေ့နေနိုင်မည်ကို ကြိုတင်သိပါသည်။ လူဖြစ်ချိန် တန်ဖိုးရှိစွာ အချိန်ကုန်စေရန် မိမိတတ်ကျွမ်းထားသော ပညာရပ်ဖြင့် လူတို့ကို တတ်နိုင်သလောက်ကယ်တင်လျက်ရှိပါသည်။

ကျွန်မက နဝင်းအကြောင်းပြောတိုင်း ကျွန်မအစ်ကို ပြောတာ သတိရမိသည်။

"နင်သာတကယ် ကုသနိုင်ပြီဆိုရင် နင့်လိုလူ (၁၀)ယောက်လောက်ရှိရင်ကို အထူးကုဆေးရုံတွေ ပိတ်ရတော့မယ်"

အထူးကုဆေးရုံကြီးတွေ ရှိတာကောင်းပါတယ်။ သာမန်ရောဂါဖြစ်ရင် အထူးကုဆေးရုံတွေမှာ တက်ရောက်ကုသရင် အလွယ်တကူပျောက်မှာပါ။ အခုလို သာမန်ရောဂါမဟုတ်ရင်တော့ ဘယ်အထူးကုဆေးရုံ သွားတက်တက် သေမှာပဲ။ ကျွန်မက မနကိုမေးကြည့်တယ်။ ကိုဝင်းနိုင်ရောဂါကို ဆေးကုတာ ဘယ်လောက်ကုန်သလဲလို့။

"သူ စနေမကောင်းတာကနေ သေတဲ့ထိ သိန်း(၃၀၀)လောက်ကုန်တယ်။ ခုနစ်နှစ်အတွင်း ကုန်တာကို ပြောတာပါ။ အခုနောက်ဆုံး (၂)လအတွင်း ကုန်တာတော့ (၄၈)သိန်းကုန်တယ် အစ်မရေ။ အကြွေးတွေလည်း တင်တာပေါ့။ ဘယ်တတ်နိုင်မှာလဲ။ ဆရာဝန်ကြီးကတော့ ကိုဝင်းနိုင်သဘောအတိုင်း အားကုန်လုပ်ပေးတာပါပဲ။ သူအသက်မရှူနိုင်လို့ အောက်ဆီဂျင်နဲ့ အသက်ရှူတာတင် ကုန်တာနည်းတာလိုက်လို့"

အခုခေတ်မှာ ငွေမရှိရင် ဆေးမကုနိုင်ဘူး။ ငွေရှိလို့ ဆေးကုလည်း သေတာပဲ။ ရောဂါက ကျွမ်းနေပြီဆိုတော့ ကျွမ်းမှကုရင် သေတယ်။ ရောဂါမရင့်ခင်ကုဖို့ကလည်း လက်ထဲငွေမရှိတော့ နုစဉ်အခါမကုနိုင်။ ကုဖို့ ငွေရှာနေရသေးတာကိုး။ ဒါနဲ့ မကြွေသင့်ဘဲ ကြွေသွားရတဲ့လူတွေ ဘယ်လောက်တောင်များလဲဆိုတာ မသိနိုင်တော့ပါဘူး။

ရောဂါဆိုတာ နုတုန်းကုသင့်တယ်။ ရင့်မှဆို ကုမရတော့ဘူး။ ဒါထက် ရောဂါမဖြစ်ခင် ကြိုတင်ကာကွယ်သင့်တယ်။ ရောဂါဖြစ်မှ ကုဖို့ပဲရှိတော့တယ်။

ကျွန်မ ဆန်းပညာကို ဆရာတစ်ဆူဖြစ်သည့်တိုင် လေ့လာတတ်မြောက်ပြီးချိန်မှစပြီး ကျွန်မတို့မိသားစုမှာ အနာကြီးမရှိတော့ဘူး။ ဆေးရုံဆေးခန်းမပြရတော့ဘူး။ မိုးမိဖို့ ဖျားတာ၊ နာတာ၊ ချောင်းဆိုးတာလောက်တော့ ရှိတယ်။ ဒါကလည်း သမီးတွေဖြစ်တာ။ အမေစကားနားမထောင်လို့ မိုးမိပြီးဖျားတာ။ သူတို့ဖျားရင် ကျွန်မကပဲ ဆေးကုပေးလိုက်တာပါပဲ။ ကျွန်မကိုယ်တိုင်ကလည်း ဆရာဝန်ဖြစ်နေတာကိုး။ ကျွန်မကိုယ်တိုင် နေမကောင်းရင်လည်း ဘာဖြစ်နေတာလဲဆိုတာကို သေသေချာချာတွေးပြီး ရောဂါဇာစ်မြစ်ကို အရင်ရှာပြီး ရောဂါဇာစ်မြစ်တွေ့ပြီဆိုမှ ဆေးကုတာ။ ချက်ချင်းပျောက်တာပေါ့။ ကျွန်မအတွက်ကတော့ ဓာတ်ခွဲခန်းမှာ ရောဂါရှာစရာမလိုပါဘူး။ ကျွန်မကိုယ်တိုင် စိတ်စွမ်းအားနဲ့ ရောဂါရှာတာပါ။ ကျွန်မက နေမကောင်းတိုင်း ဝိပဿနာရှုတတ်ပါတယ်။ ဝိပဿနာရှုရင် ကိုယ်ခန္ဓာရဲ့ ဘယ်အစိတ်အပိုင်းက ရောဂါဖြစ်နေတယ်ဆိုတာ ခံစားလို့ရပါတယ်။ နေရာတိကျကျသိတဲ့အပြင် ရောဂါဖြစ်စဉ်ကိုလည်း အတိအကျသိပါတယ်။ ဒါကြောင့် ကျွန်မကိုယ်တိုင် ကုသခြင်းဟာ သူများကုသပေးတာထက် ပိုပြီး ထိရောက်တာဖြစ်ပါတယ်။ ကျွန်မ နေမကောင်းရင် ဆရာဝန်ဆီ ဘယ်တော့မှ မသွားတတ်ပါဘူး။ အထူးကုဆေးရုံကြီးတွေနဲ့ ကျွန်မအလွန်ကိုဝေးပါတယ်။ ဒါကြောင့် ကျွန်မတို့အိမ်မှာ ဆေးဝါးကုသစရိတ် မရှိသလောက်ပါပဲ။

ကဲ . . . မိတ်ဆွေတို့ရေ ရောဂါကို ကြိုတင်ကာကွယ်ဖို့ စိတ်ဝင်စားသင့်တယ်ထင်တယ်။ ဗေဒင်မေးတိုင်းလည်း မဟုတ်ဘူးနော်။ ဗေဒင်ပညာမှာ ဆရာတစ်ဆူဖြစ်တဲ့လူမှသာ အသက်ကို ကယ်နိုင်တယ်မှတ်ပါ။ သာမန်ဗေဒင်ဟောတတ်ရုံလောက်ကတော့ အသက်မကယ်နိုင်သေးဘူးဆိုတာ သတိထားပါ။ ပညာဆိုတာလည်း အကုန်အစင်နားလည်တတ်ကျွမ်းမှ ကောင်းတာ။ အထူးကု ဆရာဝန်ကြီးတွေနဲ့ ဆရာဝန်ပေါက်စတွေ ပညာကွာသလို ဗေဒင်ဆရာတွေမှာလည်း ဒီလိုပဲ ပညာကွာကြတယ်ဆိုတာ သတိထားပါ။

လူ့အသက်ကယ်တဲ့ နေရာဌာနတွေမှာ ပိုက်ဆံကို ရှေ့တန်းတင်တာဟာ ကောင်းတဲ့အလားအလာ မဟုတ်ဘူးဆိုတာ သတိထားရပါမယ်။ အရာရာဟာ ငွေရှိမှဖြစ်မယ်ဆိုတဲ့ အတွေးဖြစ်လာရင် လူဖြစ်လာတာ ငွေရှာဖို့တစ်ခုအတွက်သာ ဖြစ်နေတော့မှာပေါ့။ ဒါဆို ဘုရားဟောတရားတော်မှာ လူ့အဖြစ်ဟာ ရခဲတယ်။ တန်ဖိုးရှိတယ်ဆိုတာ ဘာလဲလို့မေးရတော့မယ်။ လူဖြစ်လာရင် ကျွတ်တန်းဝင်ဖို့ ပါရမီဖြည့်သင့်တယ်လို့ ကျွန်မက ယူဆပါတယ်။ ဤဆောင်းပါးဖြင့် ပညာပါရမီဖြည့်လိုက်ပါတယ်။

ဒေါ်ဇင်မာဝေ
(ကေပီရွှေဆောင်နက္ခတ်ပညာရှင်)



www.burmeseclassic.com

www.burmeseclassic.com

# အေးချမ်းသောကပြေ ယတြာ ဆန်းလေး

မော် တင် သိန်း ဇော် ဇ

စားဝတ်နေရေး၊ ဘဝလူမှုဝန်တာ အရေးပေါ်ငွေစုတို့အတွက် ဇနီး၊ သားမယား၊ မိဘ၊ မောင်နှမ၊ မိသားစုနှင့်လုပ်ငန်း၊ ကိုင်ငန်းတို့ အတွက်အပူအပင်များ ကပ်ငြိခံစားရကာ ကိုယ်စိတ်များ မအေးချမ်းရခြင်း၊သောကများဝင်ရောက်ဖိစီးရကာ ကိုယ်စိတ်များ ပူလောင်ရခြင်းများရှိ တတ်ကြပါသည်။ ထို့သို့ လူမှုဘဝ၊ လောကီဆိုင်ရာတို့နှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးတို့ကြောင့် မအေးချမ်းရ၊ သောကဖိစီးကာ ပူပင်နွမ်းကြေရသော် လွယ်ကူသက်သာ တိုတုတ်ထိရောက်သည့် **"အပူငြိမ်း၊ သောကပြေ၊ ယတြာ ဆန်း၊ ယတြာတိုလေးတစ်ရပ်"** ရှိပါသည်။

ယင်း **"အပူငြိမ်း၊ သောကပြေ ယတြာတို"** တစ်ရပ်မှာ "အကြောင်းအမျိုးမျိုးကြောင့် ပူပင်သောကကြီးကြုံနေရသူအနေနှင့် **"အင်ကြင်းရွက်"** တစ်ရွက်ပေါ်တွင် **"မိမိမွေးနေ့ဂြိုဟ်နံ"** နှင့်အတူ **"အေးချမ်းရပါစေကြောင်း"** ကို ကိုယ်တိုင်ရေးသား၍ **"နံနက်ခင်းချိန် ၃"** နေအိမ်(သို့မဟုတ်)ပြင်ပဘုရား၊ စေတီ၊ ပုထိုးများရှိ **"မွေးနံဂြိုဟ်ထောင့် ဘုရားရုပ်ပွားတော်မြတ်"** တွင် အခြားလှူဖွယ်ရာပစ္စည်းစုံတို့နှင့်တကွ ကပ်လှူပူဇော်၍ **"ကိုယ်စိတ် နှစ်ဖြာနင့် ဘဝတာအရေးများ အေးချမ်းရပါစေဟု"** ဆုတောင်းရပါမည်။

ထို့အတူ **"သခွားသီး"** တစ်လုံးပေါ်တွင် လက်ရှိပစ္စက္ခကာလ၌ **"ကြုံတွေ့ဖြေရှင်းခံစားနေရသော သောက အစုံအလင်တို့ကို ရေးသား၍"** ညနေ **"နေဝင်ချိန်ခန့်ဆီ၌"** မိမိ၏ မွေးနံနှင့်ဆိုင်ရာ **"ဘုမ္မိကျသော အရပ်ဖက်ဆီ"** သို့ **"ကျောခိုင်း၍ နောက်ပြန်လှည့်ပစ်ကာ သောကများ ကင်းပျောက်ရစေကြောင်း"** ကို ဆုတောင်းရန် ဖြစ်ပါသည်။ **"မိမိမွေးနံ၊ မွေးရက်"** ကို ဦးစားပေး၍ယင်း **"အပူငြိမ်း၊ သောကပြေ ယတြာတို"** ကို အနည်းဆုံး "၂" ရက်။ "၂" ကြိမ်ခန့်မျှ လုပ်ဆောင်ပေးရပါသည်။ **"အိတ် တစ်လုံး၊ ကားတစ်စီး"** နှင့် လှည့်လည်ကာဆရာစုံကို မေးမြန်းတတ် ယုံကြည်လုပ်ဆောင် တတ်၍ အေးချမ်းအောင်မြင်သောကကင်းနေသည့် **"လမ်းကြုံ လမ်းခရီးသွား ပုဂ္ဂိုလ်တစ်ဦး"** ထံမှ အမှတ်မထင်မျှရရှိထားသော **"နည်းကောင်း ယတြာတို ယတြာကောင်းတစ်ရပ်"** ဖြစ်ပါ၍ လွယ်ကူသက်သာတိုတုတ်ထိရောက်သည့်ယတြာကို ခံမင်လုပ်ဆောင်လို သူများအတွက် ရည်သန်အကျိုးမျှော်၍ တင်ပြအပ်ပါသည်။

**"အင်းကြင်း"** နှင့် **"အေးချမ်း"** ။ **"သခွား"** နှင့် **"သောက"** တို့မှာ **"ပညတ်၊ ဂြိုဟ်နံတူ၊ ကက်ကင်းဓာတ်များ"** ဖြစ်ကြ၍၊ **"ကက်ကင်းချေယတြာတို"** တစ်ရပ်ဖြစ်ပါသည်။ လေ့လာ၊ လုပ်ဆောင်နိုင်ကြပါသည်။ မည်သူမဆိုပင် လုပ်ဆောင်နိုင်ပါသည်။ ယုံကြည်၊ ထက်သန်၊ စနစ်ကျမှုနှင့် လုပ်ဆောင်က အကျိုးပေးများ ထူးကဲလှပါသည်။

**မှတ်ချက်**

ယတြာများမပြုမီ၌ **"စိန္တာမဏိ၊ ရတနာနှီး၊ သရဏဂုံ၊ သုံးပါး၊ သုံးကြောင်းဂါထာမြတ်"** ကို၊ ရွတ်ပွားရပါသည်။

မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com


# ဆရာမကြီး ဒေါ်စင်မာဝေ

## (ဆန်းပညာနှင့် ကောပီရှေ့ဆောင်နက္ခတ်ပညာရှင်)

## လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

လောကီကိစ္စအဖြာဖြာနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ လာရောက်နိုင်ပါတယ်။ ဗေဒင်မေးတယ်ဆိုတာထက် အခက်အခဲတွေကို တိုင်ပင်ဆွေးနွေး နိုင်တဲ့ လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လို့ဆိုရင် ပိုမှန်ပါတယ်။ ဘာသာရေးနဲ့မဆိုင်တဲ့ လောကီကိစ္စတွေမှာ လူမျိုးမရွေး၊ ဘာသာမရွေး လူမှန်သမျှ ကြုံရတာပါပဲ။ ဘယ်လို ဖြေရှင်းရင် အဆင်ပြေနိုင်မလဲဆိုတာ ဆရာမနဲ့ တိုင်ပင်ကြည့်ရင် ပိုကောင်းပါတယ်။ ယတြာချေတယ်ဆိုတာထက် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို အကြံပေးခြင်းလို့ပြောရင် ပိုမှန်ပါတယ်။


လူ့လောကမှာ လူတိုင်းမကင်းနိုင်တဲ့ ပြဿနာတွေရှိပါတယ်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေဟာ လူ့လောကရဲ့ နေ့စဉ်ကြုံရတဲ့ အဖြစ်အပျက် တွေပါပဲ။ ခလုတ်ထိမှ အမိတနေမယ့်အစား ဘာမှမဖြစ်ခင်မှာ ကံတွေကို ကြိုတင်စစ်ပြီး၊ ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားတာ အကောင်းဆုံးပါပဲ။

ဆရာဟာ အမြဲတမ်း ကိုယ့်အနားမှာ မရှိနိုင်ပါဘူး။ ကိုယ့်အနားမှာ ကိုယ်သာအမြဲ ရှိတာပါ။ ဒါကြောင့် ဆရာကိုအားကိုးမယ့်အစား ကိုယ်တိုင်ပညာတတ်ထားရင် ပိုကောင်း တာပေါ့။ လူတိုင်းသိထားရင် ရှောင်စရာကို ရှောင်နိုင်မယ်။ ဆောင်စရာကို ဆောင်နိုင် မယ်။ ဒါဆို လောကမှာနေရတာ အဆင်ပြေလာမှာ အသေအချာပါပဲ။ ပညာသင်ဖို့ စိတ်ဝင်စားရင် လာခဲ့ပါ။ လုံးဝတတ်မြောက်သည့်တိုင် သင်ကြားပေးနိုင်ပါတယ်။

**အခန်း(၄)၊ အမှတ်(၄၉/၅၀)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြောက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၇၃၁၂၇၈၂၆**


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော နာမ်ကိန်းရုပ်တု

ရီရီဖွေး

အချိန်ကား မြန်မာ့မြေပေါ်တွင် ဂျပန်စစ်တပ်များ လာရောက်စိုးမိုးခြယ်လှယ်သော ဂျပန်ခေတ်အချိန်ကာလ ဖြစ်ပါသည်။ ဂျပန်တို့သည် မြန်မာပြည်တွင် တာရှည်စွာ အုပ်ချုပ်ခွင့် မရချေ။ အကြောင်းမှာ အင်္ဂလိပ်များက ဂျပန်များကို အင်္ဂလိပ်မဟာမိတ် လေယာဉ်ပျံဟုခေါ်သည့် ကျွဲညီနောင်ဖြင့် တိုက်ခိုက်ခြင်းကြောင့် ဖြစ်ပါသည်။ ကျွဲညီနောင်ဟု ခေါ်ရသော အကြောင်းမှာ လေယာဉ်ပျံနှစ်စင်းမှာ အရောင်အဆင်းက မည်းမည်းကြီးဖြစ်၍ ကျွဲနှင့်တူသဖြင့် မြန်မာများက ကျွဲညီနောင်ဟု ခေါ်ကြပါသည်။ ထိုကျွဲညီနောင်မှာ ရုတ်တရက်ရောက်လာကာ သစ်ပင်လွတ်အောင် နိမ့်နိမ့်ကလေး ပျံသန်းပြီး မြို့ရွာများကို စက်သေနတ်ဖြင့် တရစပ် ပစ်တတ်သည်။ ချောင်းထဲ၊ မြစ်ထဲတွင် သွားလာနေသော လှေသမ္ဗန်များ၊ မော်တော်များကိုလည်း အလွတ်မပေး။ ပစ်ခတ်သည်။ ထို့ကြောင့် ကျွဲညီနောင်လာပြီဟေ့ဟုဆိုလျှင် ပြည်သူလူထုမှာ ဘေးလွတ်ရာသို့ ပြေးကြရသည်။ ကျွဲနှစ်ကောင်ခတ်ရာတွင် မြေစာပင် အထိနာသကဲ့သို့ ဂျပန်နှင့် အင်္ဂလိပ်တို့ တိုက်ပွဲမှာ မြန်မာပြည်တွင် ဖြစ်ပွားသဖြင့် ပြည်သူလူထု၏ အသက်စည်းစိမ်အိုးအိမ်များ ပျက်စီးဆုံးရှုံးကာ အထိနာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကိုသာလှနှင့် မရင်မြတို့ ဇနီးမောင်နှံမှာ ဧရာဝတီ မြစ်ကမ်းနံဘေးရှိ ခဝဲခြံရွာ၌ နေထိုင်ခဲ့ကြသည်။ ထိုရွာကလေးမှာ ဧရာဝတီမြစ်ကမ်းနံဘေး၌တည်ရှိသဖြင့် ရွာသူရွာသားများမှာ လှေ၊ သမ္ဗန်များဖြင့်သာ ရေလမ်းခရီးမှ ခရီးသွားကြသည်။ အင်္ဂလိပ်မဟာမိတ် ကျွဲညီနောင် လေယာဉ်ပျံကြီးသည် ဂျပန်များကို တိုက်ခိုက်သည်ဟုဆိုသော်လည်း မြစ်ထဲချောင်းထဲရှိ လှေသမ္ဗန်များကိုပါ ပစ်ခတ်သဖြင့် ရေလမ်းခရီးဖြင့် မသွားရဲအောင် ဖြစ်ခဲ့ကြသည်။ ထို့အပြင် ခဝဲခြံရွာကလေးသည် ကမ်းနံဘေး၌တည်ထားသော ရွာဖြစ်၍ လေယာဉ်ပေါ်မှကြည့်လျှင် ကွက်ကွက်ကွင်းကွင်း မြင်ကွင်းကောင်းသည့် ရွာဖြစ်သဖြင့် ဘုရားကျောင်းကန်များနှင့် လူနေအိမ်များ၊ တဲများကို တရစပ်ပစ်ခတ်ခြင်းခံရသည်။ ထို့ကြောင့် ကျွဲညီနောင်ဖော့ဟုဆိုလျှင် ဖုံးခိုကျင်းထဲသို့ ပြေးသူကပြေး၊ ရွာတောင်ဘက်ရှိ သစ်တောများထူထပ်သည့် တောင်နီတောင်ပေါ်သို့ ပြေးသူပြေးနှင့် ကစဉ့်ကရဲ ဖြစ်ကုန်ကြသည်။ တောင်နီတောင်မှာ မတ်စောက်ပြီး ချောက်ပေါ်များသဖြင့် ထိုတောင်သို့ လူအသွားအလာ သိပ်မရှိပေ။ ယခု ကျွဲညီနောင်ကို ကြောက်၍သာ ပုန်းခြင်းဖြစ်ပါသည်။

တစ်ခုသော ညနေခင်းတွင် ..

ကိုသာလှတို့ လင်မယားနှင့် သားလေး မောင်ရဲသူတို့သည် ယာလုပ်ငန်းများ လုပ်ကိုင်ပြီး၍ ရွာသို့ပြန်လာရန် လယ်ယာပစ္စည်းများကို သိမ်းဆည်းနေစဉ် ...

"ဝီ ... ဝီ ... ဝီ"

ဟူသော မြည်သံနှင့်အတူ ကျွဲညီနောင် လေယာဉ်ပျံကြီးကို တွေ့လိုက်ရသဖြင့် ၎င်းတို့နှင့် နီးစပ်ရာ တောအုပ်ထူထပ်သည့် 'တောင်နီတောင်'ပေါ်သို့ ပြေးတက်ကာ ပုန်းအောင်းခဲ့ကြသည်။ တောင်နီတောင်မှာ လူသွားလမ်း မရှိသလို အကွေ့အကောက်နှင့် ချောက်များ ပေါ်များသည့်အတွက် အတက်မလွယ်၊ အဆင်းခက်ခက် ဖြစ်သည့်တောင် ဖြစ်သည်။

ထိုစဉ် ကျွဲညီနောင်မှ ...

"ဒက် ... ဒက် ... ဒက်"ဟူသော စက်သေနတ်ပစ်သံများ၊ အဆောက်အဦးများ ပြိုလဲသံများ၊ အော်ဟစ်သံများမှာ ငရဲခန်းတမျှ စိတ်မချမ်းသာဖွယ် ကောင်းလှပေသည်။ သူတို့သည် တောင်ပေါ်ရှိ သစ်ပင်ကြီးအောက်၌ ပုန်းအောင်းနေခဲ့သည်။

"ဘုရား ... ဘုရား ... မြတ်စွာဘုရား ကယ်တော်မူပါ"

မရင်မြက ဘုရားတကာ ဆုတောင်းနေခဲ့သည်။ အတော်ကြီးကြာမှ လေယာဉ်သံ ပျောက်ကွယ်သွားခဲ့သည်။ ထိုအချိန်တွင် ည ၈ နာရီခန့်လောက် ရှိနေသဖြင့် မီးမရှိသော တောင်ပေါ်မှရွာသို့ ပြန်ရန် မလွယ်ကူတော့ပေ။

ထိုအခါ မရင်မြက ...

"ကိုသာလှရေ .. ဘယ်လိုလုပ်မတုံး။ ညမှောင်မှောင်မည်းမည်းနဲ့ ရွာကို ဘယ်လိုပြန်ကြမတုံး"

"အေး ... အဲဒါ ငါလည်း စဉ်းစားနေတာပဲ။ လက်နှိပ်ဓာတ်မီးကလည်း မရှိတော့ ဒီတောင်ပေါ်က ဘယ်လိုဆင်းမလဲ"

"ဟုတ်ပါရဲ့ ... ဒီတောင်ကလည်း မတ်စောက်ပြီး ချောက်တွေရှိတော့ မတော်လို့ ခလုတ်တိုက်ရင် တောင် တောင်အောက်ကျသွားနိုင်တယ်"

ထိုစဉ် ၎င်းတို့သားလေး မောင်ရဲသူမှာ ဗိုက်ဆာသဖြင့် ...

"အမေ ... သား ဗိုက်ဆာတယ် ... ဟီး ... ဟီး"ဟု ပြောပြောဆိုဆို ငိုချလိုက်သည်။ မရင်မြတို့ လင်မယားမှာ အစားအစာမဆိုထားဘဲ ရေဘူးတစ်ဘူးပင် မပါချေ။

"သားရယ် ... အခု မှောင်နေလို့ ရွာကို မပြန်နိုင်သေးဘူး။ မနက်စောစော ရွာကိုပြန်မယ်။ အဲဒီတော့မှ စားနော်"

"မရဘူး ... မရဘူး ... သား ဗိုက်ဆာတယ်"

မောင်ရဲသူကလေးမှာ ဗိုက်အရမ်းဆာသဖြင့် ခြေဆောင့်ကာ ငိုကြွေးခဲ့သည်။ မရင်မြတို့ လင်မယားမှာ အမှောင်ထုအတွင်း ဘာမှမလုပ်နိုင်သဖြင့် သည်အတိုင်း လက်ပိုက်ကြည့်နေရသည်။ အတန်ကြာသော် မောင်ရဲသူကလေးမှာ ငိုရလွန်း၍ မောမောနှင့် အိပ်ပျော်သွားခဲ့သည်။

"တော်ပါသေးရဲ့ ... ကိုသာလှရယ် ... သားကလေး အိပ်သွားလို့"

"အေးကွာ တော်သေးတာပေါ့။ ငါတို့လည်း ဒီည ဒီမှာအိပ်ရမှာဆိုတော့ ကလေးကို ခြင်မကိုက်အောင် မင်းရဲ့တဘက်ကလေးနဲ့ ယက်ခပ်ပေးပါကွာ"

"ဟုတ်ကဲ့ပါ ကိုသာလှရယ်"

ကိုသာလှတို့ လင်မယားနှစ်ယောက်မှာ သစ်ပင်ကြီးအောက်၌ပင် လျောင်းနေခဲ့ကြသည်။ ထိုသို့ဖြင့်

www.burmeseclassic.com

သန်းခေါင်ကျော်ခန့်အချိန်တွင် ဆူညံသော စကားသံများ ကြားသဖြင့် ...

"ကိုသာလှရယ် ... ထစမ်းပါဦး။ ကျုပ် လူသံတွေ ကြားတယ်တော့်"

"ဟေ့ ... ဟုတ်လား။ ငါနားထောင်ကြည့်ဦးမယ်"

ဤသို့ပြောပြီး ကိုသာလှ နားထောင်ကြည့်သောအခါ ၎င်းတို့ဆီသို့ ဦးတည်လာသည့် ခြေသံများကို ကြားရသည့်အတွက် ...

"ဟုတ်တယ် ရင်မြရေ ...။ လူတစ်စုတော့ ငါတို့ဆီကို လာနေတဲ့ပုံပဲ။ မဟုတ်မှလွဲရော တို့ရွာသားတွေက ပုန်းတဲ့လူတွေကို လာခေါ်တာ ဖြစ်မယ်"

"ဒါဆို ဝမ်းသာစရာပေါ့တော်။ ကျုပ်တို့ တောထဲမှာ မအိပ်ရတော့ဘူးပေါ့"

"သိပ်လည်း ဝမ်းသာမနေနဲ့ဦး။ ငါထင်တာပြောတာ"

ထိုသို့ သူတို့ လင်မယားနှစ်ယောက် အချီအချပြောနေစဉ် ခပ်လှမ်းလှမ်းမှ မီးရောင်မြင်သဖြင့် ကိုသာလှက ၎င်းတို့ရွာသားများဟု ထင်ကာ

"ဟေ့ ... ဘယ်သူတွေလဲ"

ဤသို့ လှမ်းမေးလိုက်ရာ မီးတုတ်တစ်ချောင်းကို ကိုင်ဆောင်ထားသည့် လူတစ်စု အနားသို့ ရောက်လာပြီး ...

"မင်းတို့က ဘယ်ရွာကလဲ"

"ကျုပ်တို့က ခဝဲခြံရွာကပါ။ ကျွဲညီနောင်ကိုပုန်းရင်း ရွာမပြန်နိုင်တော့လို့ပါ"

"ဩော် ... ဟုတ်ပြီ။ ဟိုနားမှာလည်း ခဝဲခြံရွာက အုပ်စုတစ်စုကို တွေ့ခဲ့သေးတယ်။ သူတို့လည်း မီးမရှိလို့ ရွာမပြန်နိုင်ဘူး ပြောတယ်"

"ဟုတ်ပါတယ်ဗျာ။ ကျုပ်တို့မိသားစုလည်း မီးမရှိလို့ ရွာမပြန်နိုင်ဘူး ဖြစ်နေတယ်"

"ကျုပ်တို့လည်း ခင်ဗျားတို့ကို မီးပေးချင်ပါတယ်။ ဒါပေမယ့် မီးတုတ်က ဒီတစ်ချောင်းပဲ ပါတာမို့ပါ"

"ဘယ်တတ်နိုင်မလဲဗျာ။ ဒါနဲ့ ခင်ဗျားတို့က ဘယ်သွားမလို့လဲ"

"ကျုပ်တို့က ဒီတောင်ကိုကျော်ပြီး ဟိုဘက်က ရိုးမတောင်ပေါ်မှာ အမဲသွားလိုက်မလို့"

ထိုသို့ပြောနေစဉ် မောင်ရဲလူကလေး နိုးလာပြီး ...

"အဖေ .. သားဗိုက်ဆာတယ်"

ဟုပြောကာ ငိုပါတော့သည်။ ထိုအခါ မီးတုတ်ကိုင်ထားသူက ...

"မင်းရဲ့သားလေး ထင်တယ်"

"ဟုတ်ပါတယ်"

"ကလေးက တော်တော် ဗိုက်ဆာနေပုံရတယ်"

"ဟုတ်ပါတယ်။ ညနေကတည်းက ပြေးလာတာမို့ ကလေးက ဘာမှ မစားရသေးဘူး"

"ဒါဆိုရင် ငါတို့အတွက်ယူလာတဲ့ ဆတ်သားခြောက်ဖုတ်နဲ့ ထမင်းပါတယ်။ အဲဒါ ကလေးကို ကျွေးလိုက်ပါ"

"နေပါစေ ... နောင်ကြီးရယ် အားနာပါတယ်"

"အားနာစရာ မလိုပါဘူး။ ကျုပ်တို့က ရိက္ခာခြောက်တွေလည်း အများကြီး ယူလာတယ်။ ခင်ဗျားတို့နှစ်ယောက်လည်း ထမင်းမစားရသေးဘူး မဟုတ်လား"

"မစားရသေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က လူကြီးဆိုတော့ မစားလည်း ဖြစ်ပါတယ်။ နောင်ကြီးတို့အတွက် ရိက္ခာလျော့သွားပါ့မယ်။ နေပါစေ"

"ဘယ်ဟုတ်မလဲကွာ။ ဟေ့ ကောင်တွေ ... ဟိုနားက ငှက်ပျောရွက်သွားခူးပြီး သူတို့အတွက် ထမင်းနဲ့ဟင်း ထည့်ပေးလိုက်"

မီးတုတ်ကိုင်သူက ဤသို့ပြောလိုက်ရာ မလှမ်းမကမ်းတွင် ပေါက်နေသည့် ငှက်ပျောပင်မှ ငှက်ပျောရွက်တချို့ကို ခုတ်ယူပြီး သူတို့အတွက် ထမင်းနှင့် ဆတ်သားခြောက်ဖုတ်ကို ထည့်ပေးလိုက်သည်။ ကိုသာလှမှာ ဗိုက်ထဲမှ တဂွီဂွီမြည်အောင် ဆာနေသည့်အတွက် ဟန်မဆောင်နိုင်တော့ဘဲ ၎င်းတို့လှမ်းပေးသည့် ထမင်းနှင့်ဟင်းကို လှမ်းယူပြီး ...

"ရော့ ... သားလေး ... စား"

"ရော့ ... ရင်မြ ... စား" ဤသို့ပြောပြီး လှမ်းပေးလိုက်သည်။

ထိုအခါ မရင်မြက ကိုသာလှကို တံတောင်နှင့်တွတ်ပြီး ...

"ညကြီးမိုးချုပ် ဘယ်သူတွေမှန်းမသိတဲ့လူတွေကကျွေးတာ မစားနဲ့"

ဟု ခပ်တိုးတိုးပြောလိုက်သည်။ သို့သော် သားကလေး မောင်ရဲသူမှာ လွန်စွာ ဆာလောင်နေပြီဖြစ်၍ ...

"အဖေ ... သား ... သားကိုပေး၊ သားသားစားမယ်"

ဟု ပြောကာ ၎င်းတို့ပေးသည့် ထမင်းနှင့်ဟင်းကို မြိန်ရှက်စွာ စားလိုက်သည်။ သူတို့ကို အနီးကပ်တွေ့မှ မော့ကြည့်လိုက်ရာ လွန်စွာအရုပ်ဆိုးကြောင်း မီးတုတ်၏ အလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် တွေ့လိုက်ရာ မရင်မြက ...

"ကိုသာလုရေ ... ရုပ်တွေက လည်း ဆိုးလိုက်တာတော်။ လူစင်စစ် မှဟုတ်ရဲ့လား မသိဘူး"

"အေးဟ ... နင်ပြောမှ ကြည့် လိုက်တော့ အတော်ရုပ်ဆိုးတာပဲ။ ဒါပေမယ့် မသိသလိုနေ။ ဣန္ဒြေမပျက် စေနဲ့"

"ဟုတ်ကဲ့ပါတော်"

မရင်မြလည်း ကြောက်ကြောက် ဖြင့် ဘာမှမစားဘဲ နေလိုက်သည်။ မောင်ရဲသူကလေး ထမင်းစားပြီးသွား သောအခါ ခေါင်းဆောင်လုပ်သူက

"ကဲ ... ကျုပ်တို့လည်း ရိုးမ ဘက်ကို ခရီးဆက်ရဦးမယ်"

"ကောင်းပါပြီ။ အခုလို ထမင်း ကျွေးတဲ့အတွက် ကျေးဇူးတင်ပါ တယ်"

"ရပါတယ်၊ ကဲ ... သွားပြီဗျို့"

ထိုသို့ပြောပြီး ရိုးမဘက်ကို ခရီး ဆက်သွားရာ ...

"ဟင်း ..."

မရင်မြမှာ ကြောက်ကြောက် နှင့် ဟင်းချလိုက်ပြီး ...

"ကိုသာလုရေ ... သား ကလေးကို ကြည့်ပါဦးတော်"

"ကြည့်ပေမယ့် မောင်နေတော့ ဘာမှမမြင်ရဘူး"

"သားလေး ... သားလေး ... ထမင်းစားပြီး သား ဘယ်လိုနေ သေးလဲ"

"သား ထမင်းစားပြီးတော့ အရမ်းအိပ်ချင်တာပဲ"

"ဘုရား ... ဘုရား ... သား ကလေး ဘာမှမဖြစ်ပါစေနဲ့"

ဤသို့ ဆုတောင်းရင်း တစ်ည လုံး ငုတ်တုတ်ထိုင်နေခဲ့ကြသည်။ မကြာမီတွင် အနီရောင်ပျော့ပျော့ အလင်းကို ကောင်းကင်ပြင်တွင် မြင် တွေ့ခဲ့ရသည်။ နေရောင်ခြည်၏ အရုဏ်ဦးလေးတွင် ငှက်ကလေးများ ၏ တေးသီတံကို စတင် ကြားလိုက်ရ သည်။

"သားလေး ... သားလေး"

မမြရင်က သားလေးကို လှုပ် နှိုးလိုက်သည်။

"နင်တို့က ငါ့ကို အရည်ကျိုမယ့်ဆီကို ရောင်းမလို့လား။ ရောင်းခဲ့ရင် ငါခံစားရသလို နင်တို့လည်း အသေဆိုးနဲ့သေပါစေလို့ ငါကျိန်စာတိုက်မယ်။ နင်တို့ဟာ ကိုယ့်ကို ထမင်းကျွေးဖူးတဲ့ ကျေးဇူးကိုမှ မထောက် ရက်ရက်စက်စက် ကြံစည်ရက် တယ်"

"အမေ ... မိုးလင်းပြီလား"

"အေး ... ထတော့၊ အမေတို့ ရွာပြန်ကြမယ်"

ထိုစဉ် ကိုသာလုကလည်း ...

"ရင်မြရေ ... ကလေးကိုချီခဲ့။ ငါက ရှေ့ကလမ်းရှင်းပြီး အရင်ရှင်း မယ်"

"ဟုတ်ကဲ့ပါတော်"

ထိုသို့ဖြင့် သူတို့သားအဖသုံးဦး မှာ ရွာသို့ပြန်လာခဲ့ကြသည်။ အပြန် လမ်းတွင် သူတို့ကဲ့သို့ ထိုတောင်၌ ပုန်းနေသူများကို တွေ့ရှိရ၍ အတူတူ ပြန်လာခဲ့သည်။

"သြော် ... ကိုသာလုတို့လည်း ညက ဒီတောင်မှာ ညအိပ်ကြတာ လား"

"ဟုတ်ပါ့ဗျာ။ ပြန်မယ်လုပ် တော့ အတော်မှောင်နေပြီ။ တောင် ပေါ်ကဆင်းရအောင် မီးမရှိလို့ မဆင်း နိုင်ဘူးဗျာ"

"ဟုတ်ပါတယ် ကိုသာလုရယ်။ ကျုပ်တို့လည်း ညက မှောင်နေတော့ တောင်အောက်ထိုးကျသွားမှာစိုးလို့ မဆင်းရဲဘူးဗျ"

"ဒါနဲ့ ခင်ဗျားတို့နဲ့ ရိုးမသွားမယ့် မုဆိုးအဖွဲ့နဲ့ တွေ့သေးလား"

"မတွေ့ပေါင်ဗျာ။ ခင်ဗျားက ဘာဖြစ်လို့ မေးတာလဲ"

"ညက ကျုပ်နဲ့ အဲဒီမုဆိုးအဖွဲ့နဲ့ တွေ့လို့ အဲဒီမုဆိုးတွေက ကျုပ်သားကို ထမင်းနဲ့ ဆတ်သားခြောက်ဖုတ်နဲ့ ကျွေးသွားသေးတယ်"

"ညကြီးမင်းကြီး ထမင်းကျွေး တယ်ဆိုတော့ ထူးဆန်းတယ်ဗျာ။ ဒါနဲ့ သူတို့က ဘယ်ရွာသားတွေလို့ ခင်ဗျား ထင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါတော့ ကျုပ် မသိဘူးဗျာ။ ဒါပေမယ့် အဲဒီလူတွေဟာ ရုပ်တွေကတော့ တော်တော်ဆိုးတာပဲ"

"ဒါဆို လူမဟုတ်ဘဲ ဘီလူးတွေများလားဗျာ"

"မသိပါဘူးဗျာ။ အဲဒီလိုရုပ်မျိုးတော့ ကျုပ်တို့ရွာနီးချုပ်စပ်မှာ တစ်ခါမှ မမြင်ဖူးတာတော့ အမှန်ပဲ"

"ဆန်းတော့ ဆန်းတာပဲဗျာ"

"ဟုတ်ပါရဲ့ဗျာ။ ကျုပ်တော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

ဤသို့ဖြင့် ကိုသာလှတို့ မိသားစုမှာ ရွာသို့ ပြန်ရောက်လာခဲ့သည်။ ကျွဲညီနောင်မှာ မကြာမကြာ တိုက်ခိုက်သဖြင့် ဤအကြောင်းအရာကို တာရှည်စွာ မစဉ်းစားနိုင်ခဲ့ပေ။ များမကြာမီနှစ် အတောအတွင်း ဂျပန်များ မြန်မာနိုင်ငံမှ ထွက်ပြေးခဲ့ရသည်။ မြန်မာနိုင်ငံကြီးသည် ၁၉၄၈ ခုနှစ်အတွင်း လွတ်လပ်ရေးရရှိခဲ့သည်။ ဤသို့ဖြင့် ကျွဲညီနောင်၏ အန္တရာယ်မှ ကင်းဝေးကာ အေးချမ်းစွာနေ ထိုင်ခဲ့ကြရသည်။

ကိုသာလှနှင့် မရင်မြတို့လည်း သူ့တို့ပိုင် ယာမြေတွင် ရာသီပေါ်သီးနှံများကို စိတ်အေးလက်အေးဖြင့် စိုက်ပျိုးကာ လုပ်ကိုင်စားသောက်ခဲ့သည်။ တစ်နှစ်ခန့်အကြာတွင် မရင်မြမှာ အိပ်မက်တစ်ခု မက်ခဲ့သည်။ အိပ်မက်ထဲတွင် သူမတို့ ပုန်းအောင်းခဲ့သော တောင်နီတောင်သို့ ရောက်ရှိနေပြီး ထိုညကတွေ့သည့် အရုပ်ဆိုးဆိုးလူများနှင့် တွေ့ဆုံခဲ့သည်။

မီးတုတ်ကိုင်ဆောင်ထားသော အရုပ်ဆိုးဆိုး လူကြီးမှ မရင်မြအား

"မင်း ... ငါ့ကို မှတ်မိလား"ဟု မေးရာမရင်မြမှာ ကြောက်ကြောက်နှင့်

"မှတ် ... မှတ်မိပါတယ်"ဟု ပြန်ပြောလိုက်သည်။

"အိမ်း ... နင်တို့ကို ငါ ပစ္စည်းတစ်ခုပေးမလို့။ အဲဒါ နင်တို့ပုန်းတဲ့ သစ်ပင်အောက်မှာ လာတူးပါ"

"ဟုတ် ... ဟုတ်ကဲ့"

ထိုသို့ပြောစဉ် အိပ်ရာမှ လန့်နိုးခဲ့သည်။

"ဩော် ... ငါစိတ်စွဲလို့ မက်တာနေမှာ"

ထိုသို့စဉ်းစားကာ မေ့မေ့ပျောက်ပျောက်နေခဲ့သည်။ ထိုသို့ဖြင့် တစ်ပတ်အတွင်း ထိုအိပ်မက်ကို သုံးကြိမ်တိုင်တိုင်မက်သဖြင့် ကိုသာလှကို ဖွင့်ပြောရာ ...

"ငါလည်း အဲဒီလိုပဲ အိပ်မက်မက်တယ်"

"ဒါဆိုရင် တော်တော် ထူးခြားတာပဲ"

"အဖြေသိရအောင် ငါတို့သွားပြီး အဲဒီနေရာမှာ တူးကြည့်ရရင် မကောင်းဘူးလား"

"တူးကြည့်ပေါ့"

ထိုသို့ စဉ်းစားဆုံးဖြတ်ပြီးနောက် သူတို့လင်မယားနှစ်ယောက် တောင်နီတောင်သို့ သွားရောက်ကာ သူတို့ပုန်းအောင်းနေခဲ့သည့် သစ်ပင်ကြီးအောက်တွင် တူးဖော်ခဲ့ကြသည်။

တစ်တောင်ခန့် တူးသောအခါ

"ဒုတ်"

"ဒုတ်"

ဟူသည့် တစ်ခုခုနှင့် ထိခိုက်မိသော အသံကို ကြားရသဖြင့် ...

"ရင်မြရေ ... ဒီမှာ တစ်ခုခုတော့ ရှိနေပြီ"

"ဒါဆို ဆက်တူးကြည့်ပါလား"

ကိုသာလှမှာ ဆက်တူးကြည့်ရာ

"ဟာ ... သေတ္တာတစ်လုံးပါလား"

"တူး ... တူး သေတ္တာရအောင်တူး"

သေတ္တာကလေးကို ရအောင်တူးဖော်ပြီး အပေါ်သို့ တင်လိုက်သည်။

"ဟင် ... သေတ္တာတစ်ခုလုံးက သံချေးတက်နေတယ်။ သော့ခလောက်ရောပဲ"

ကိုသာလှက ပေါက်တူးနှင့် ရိုက်ဖွင့်လိုက်ရာ သော့ခလောက်မှာ အလွယ်တကူ ပွင့်သွားခဲ့သည်။ ထိုသေတ္တာကလေးကို ဖွင့်ကြည့်ရာ ...

"ဟာ ... ဘီလူးရုပ်ကြီးပါလား"

"ဒါ ... ရွှေနဲ့လုပ်ထားတာနဲ့ တူတယ်"

ရွှေအိုရောင် ဘီလူးရုပ်ကြီးကို တွေ့ရသဖြင့် ကိုသာလှက ဘီလူးရုပ်ကို မကြည့်ပြီး ...

"အလေးချိန်ကတော့ အတော်စီးမယ်။ တော်တော်လေးတယ်။ ရွှေသားစစ်စစ်ဆိုရင်တော့ ငါတို့တော့ သူဌေးဖြစ်ပြီ"

"ကိုသာလှရေ ... ဘာမှသိပ်ပြီး ပြောမနေနဲ့။ အဲဒီအရုပ်ကို သေတ္တာထဲ မြန်မြန်ထည့်ပြီး မြန်မြန် တောင်အောက်ဆင်းကြစို့"

"အေး ... အေး"

သူတို့နှစ်ဦးသည် သေတ္တာကို ပုဆိုးဖြင့်ပတ်ကာ သိုသိုသိပ်သိပ်ဖြင့် ရွာသို့ယူဆောင်လာခဲ့သည်။

ထိုညက လင်မယားနှစ်ယောက်သည် ထိုဘီလူးရုပ်ကို ထုတ်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကိုသာလှက …

"ဒီဘီလူးရုပ်ထုက တော်တော် လက်ရာမြောက်တယ်။ ရုတ်တရက် ကြည့်လိုက်ရင် အသက်ဝင်နေသလို ပဲ"

"ဟုတ်ပါရဲ့တော်။ ဘယ်သူက များ ဒီရုပ်တုကို သွန်းခဲ့ပါလိမ့်"

"ရင်မြ … အဲဒါက အရေး မကြီးဘူး။ ဒီဟာ ရှေးစင်ရုပ်ထု ဖြစ် မယ်။ အဲဒါကို မြို့ပေါ်တက်ရောင်းမှ ဖြစ်မယ်"

"ဟုတ်တယ် ဒီနားကလူတွေ က ဝယ်နိုင်မှာ မဟုတ်ဘဲနဲ့။ လျှောက် ပြောနေရင် ကျုပ်တို့ကို လာဖမ်းနိုင် တယ်"

"အေး … ဒါဆို ရန်ကုန်တက် ရောင်းမှ ဖြစ်မယ်"

"ဒါဆို … ရန်ကုန်ကို မြန်မြန် သွားမှ"

**ဤသည်**
**ညသို့ရောက်လျှင်**
**မရင်မြမှာ အိပ်၍မပျော်တပျော်**
**အချိန်တွင်**
**ယောက်ျားကြီးတစ်ယောက်မှာ**
**သူမ၏နံဘေး၌**
**လာအိပ်နေခြင်း ဖြစ်သည်။**
**သူမသတိရသည့်အချိန်တွင်**
**ထိုလူကြီးမှာ**
**ဖျတ်ခနဲပျောက်သွားသည်။**

ထိုသို့ ဆွေးနွေးပြောဆိုပြီး ၎င်း တို့လင်မယားနှစ်ယောက်မှာ အိပ်ပျော် သွားခဲ့သည်။

ထိုညတွင် မရင်မြမှာ အိပ်မက် တစ်ခု မက်မြင်သည်။ အိပ်မက်ထဲတွင် တောင်နီတောင်၌ တွေ့ခဲ့သော မီး တုတ်ကိုင်လူကြီးသည် လွန်စွာ ဒေါသ ထွက်စွာဖြင့် …

"နင်တို့က ငါ့ကို အရည်ကျိုမယ့် ဆီကို ရောင်းမလို့လား။ ရောင်းခဲ့ရင် ငါခံစားရသလို နင်တို့လည်း အသေ ဆိုးနဲ့သေပါစေလို့ ငါ 'ကျိန်စာတိုက် မယ်။ နင်တို့ဟာ ကိုယ့်ကို ထမင်း ကျွေးဖူးတဲ့ ကျေးဇူးကိုမှ မထောက် ရက်ရက်စက်စက် ကြံစည်ရက်တယ်"

"အဲဒီလိုလည်း မဟုတ်ပါဘူး ဦး ကြီးရယ်။ ဦးကြီး ထမင်းကျွေးခဲ့တာ မှန်ပါတယ်။ ဒါဆို ကျွန်မတို့ ဘယ်လို လုပ်ပေးရမလဲ"

"ငါ့ကို နင်တို့အိမ်မှာပဲ ထားပါ။ တစ်လတစ်ခါ ငါ့ကို သေတ္တာထဲက ထုတ်ပြီး ငါးအသေအစိမ်း ခြောက် ကောင်ကို ငှက်ပျောရွက်ပေါ်မှာတင်ပြီး ကျွေးပါ။ ကျွေးပြီးရင် လှည့်မကြည့်နဲ့။ ညနေမှ ငါ့ကို သေတ္တာထဲ ပြန်ထည့် ပေး"

"ကောင်းပါပြီ"

မရင်မြမှာ အိပ်မက်မှ လန့်နိုး လာပြီး ကြောက်ကြောက်လန့်လန့်နှင့် ခင်ပွန်းသည်အား ပြောပြရာ …

"အေး … အေး … သူပြော တဲ့အတိုင်း လုပ်ပေးလိုက်ပါကွာ"

ထိုသို့ဖြင့် အိပ်မက်ထဲကအတိုင်း တစ်လအကြာတွင် ထိုရုပ်ထုကို စားပွဲ ၌တင်ပြီး ၎င်းရှေ့တွင် ငါးခြောက် ကောင်အသေကို ငှက်ပျောရွက်ပေါ် တင်ထားလိုက်သည်။ လှည့်မကြည့်ပါ နှင့်ဟုဆိုသဖြင့် သူတို့လင်မယားနှစ် ယောက်စလုံး လှည့်မကြည့်ပေ။

ညနေရောက်သောအခါမှ ထို ရုပ်တုအား သေတ္တာထဲ၌ သိမ်းထားရန် ထိုအခန်းသို့ မရင်မြ ဝင်လာသောအခါ

"ကိုသာလှရေ"

"ဘာတုံး ရင်မြ"

"ငါးတွေ တစ်ကောင်မှ မရှိ တော့ဘူး။ ငှက်ပျောရွက်ပဲ ကျန်တော့ တယ်"

"ဟေ … ဟုတ်လား … ငါ လာကြည့်မယ်"

ဤသို့ပြောဆိုပြီး ကိုသာလှတစ် ယောက်လာကြည့်သောအခါ …

"ဟုတ်ပါရဲ့ …။ ငါးတွေ ဘယ်ရောက်သွားပါလိမ့်။ ကြောင်များ စားသလား ရင်မြ"

"ကြောင်စားရအောင် အိမ်မှာ ကြောင်မှ မမွေးထားဘဲ။ အခြား ကြောင်လည်း မလာဘူး"

"ဒါဆိုရင် … ဒါဆိုရင်"

"ဘာမှမပြောနဲ့ … သိလိုက် တော့"

ဤသို့ဖြင့် သူတို့လင်မယားနှစ် ယောက်သည် မည်သူ့ကိုမျှ မပြောဘဲ ဤရုပ်တုကို ထားခဲ့သည်မှာ တစ် ဆယ့်ငါးနှစ်ကျော်ခဲ့လေပြီ။ သူတို့နှစ်ဦး ကြိုးစားစွာ လုပ်ကိုင်ခဲ့သည့်အတွက် သီးနှံများ အထွက်တိုးကာ တစ်နှစ် ထက်တစ်နှစ် စီးပွားရေးကောင်းမွန်ပြီး အိမ်ကြီးအိမ်ကောင်းနှင့် နေခဲ့ရသည်။ သူတို့တွင် နွားများ၊ လှည်းများ အပြည့် အစုံရှိပြီး ငွေကြေး ချမ်းသာလာခဲ့ သည်။ ဤအချိန်အထိ ပြဿနာမရှိခဲ့ ပေ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆယ့်ငါးနှစ်ကျော် ကာလတွင် သူ၏သားကလေးမှာ အသက်နှစ်ဆယ်အရွယ်သို့ ရောက်ပြီး ထိုရွာမှ မိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ကျကာ အိမ်ခွဲသွားခဲ့သည်။ မောင်ရဲသူ အိမ်ခွဲသွားပြီး မကြာခင် ကိုသာလှလည်း ကွယ်လွန်သွားခဲ့သည်။ ထိုအိမ်ကြီးတွင် မရင်မြတစ်ယောက်တည်း ကိုသာလှကွယ်လွန်ပြီး သုံးလခန့်အကြာတွင် မရင်မြမှာ အိပ်မက်လိုလို တကယ်လိုလို ပြဿနာတစ်ခုနှင့် တွေ့ကြုံခဲ့ရသည်။

ဤသည် ညသို့ရောက်လျှင် မရင်မြမှာ အိပ်၍မပျော်တပျော်အချိန်တွင် ယောက်ျားကြီးတစ်ယောက်မှာ သူမ၏နံဘေး၌ လာအိပ်နေခြင်း ဖြစ်သည်။ သူမ သတိရသည့်အချိန်တွင် ထိုလူကြီးမှာ ဖျတ်ခနဲ ပျောက်သွားသည်။

"ဘယ်သူပါလိမ့် ... ကိုသာလှများ မကျွတ်မလွတ်လို့ အိပ်မက်ပေးတာလား။ အဲဒါကလည်း နေ့တိုင်းလိုလိုဖြစ်နေတော့ ငါ့ကို ခြောက်လှန့်တာများလား"

မရင်မြမှာ ဤသို့ဖြင့် သို့လောသို့လော ဖြစ်နေသည်။ သူမသည် ဤသို့ဖြစ်ပြီး တစ်လခန့်အကြာတွင် သူမသည် စီးချက်ထာရွတ်ပြီး အိပ်ခဲ့သည်။ ထိုညတွင် သူမအိပ်မက်မက်သည်မှာ တောင်နီတောင်၌ တွေ့ခဲ့သော လူကြီးမှ ...

"ရင်မြ ... စီးချက်ထာမရွတ်နဲ့။ ငါလာလို့မရဘူး"

ဟူ၍ အသံသြသြကြီးနှင့် ပြောလေ ...

"လက်စသတ်တော့ ငါ့နားမှာ လာအိပ်တာ ဒီလူကြီးကိုး"

ဤသို့ဖြင့် မရင်မြ သိသွားခဲ့သည်။

"အင်း ... ငါ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး။ သိမ်ကျောင်းဆရာတော်ကြီးဆီ သွားမှပဲ"

နံနက်မိုးလင်းသောအခါ မရင်မြသည် ဆရာတော်ကြီးအား ဆွမ်းကပ်ကာ ထိုဖြစ်ရပ်မှန်ကို လျှောက်ထားလိုက်သည်။ ဆရာတော်ကြီးသည် သီလသမာဓိနှင့် ပြည့်စုံသူဖြစ်ပြီး ဤသို့သော ကိစ္စရပ်များကိုလည်း နှံ့စပ်စွာ သိတော်မူသဖြင့် ...

"ဒကာမကြီး ... အဲဒီရုပ်တုဟာ နာမ်ကိန်းနေတဲ့ ရုပ်တုဖြစ်တယ်။ မကြာခင်မှာ ဒကာမကြီးကို ဒုက္ခပေးတော့မယ်"

"တပည့်တော်မရဲ့ စိတ်ထဲမှာလည်း အဲဒီလို ထင်မိပါတယ်ဘုရား။ ဒီတော့ တပည့်တော်မ ရှေ့ဆက်ဘယ်လိုလုပ်ရမလဲ ဘုရား"

"အိမ်း ... ဒီကိစ္စက မလွယ်ဘူး။ ခက်တော့ခက်သားကွဲ့။ ဒီရုပ်တုကို တောင်နီတောင်မှာ ပြန်ထားမယ်ဆိုရင်လည်း ဒကာမကြီးလို အဖြစ်မျိုး ထပ်ရှိနိုင်တယ်။ တကယ်လို့ ဒီရုပ်တုရှိမှန်း မသမာသူတွေ သိသွားရင် ယူပြီး အရည်ဖျော် ပစ်တဲ့နေရာမှာ သွားရောင်းစားလိမ့်မယ်။ အဲဒီအခါမှာ လူတွေသေကျေပျက်စီးကြလိမ့်မယ်။ ဒီတော့ ဘယ်သူမှ မသိတဲ့နေရာ၊ ဘယ်သူမှ လာယူလို့မရတဲ့ နေရာမှာ သွားပစ်ရမယ်ကွဲ့"

"အဲဒါ ဘယ်နေရာလဲ ဘုရား မိန့်တော်မူပါ"

"အဲဒါကတော့ ပင်လယ်ဝမှာ သွားပစ်ရမယ်ကွဲ့"

"ဒါဆိုရင် အရှင်ဘုရား ဆောင်ရွက်ပေးပါဘုရား"

"ကောင်းပြီ"

ထိုသို့ပြောပြီးနောက် ဆရာတော်၏ ညွှန်ကြားချက်အတိုင်း ထိုရုပ်တုကို မရင်မြက ဆရာတော်ထံသို့ လှူဒါန်းလိုက်သည်။ ထို့နောက် ဆရာတော်သည် ကပ္ပိယဦးဖျိုးကို ခေါ်ပြီး အကျိုးအကြောင်း ရှင်းပြကာ သူ့အား ပြန်စွန့်လိုက်သည်။

ကပ္ပိယဦးဖျိုးသည် ထူးဆန်းသည့် ထိုဘီလူးရုပ်ထုကို သေသေချာချာကြည့်ပြီး သေတ္တာကို သေသေချာချာ ပိတ်လိုက်သည်။

"တော်တော် အသက်ဝင်တဲ့ ရုပ်တုပဲ။ ဒီလိုနာမ်ကိန်းတဲ့ ရုပ်တုကို ကျုပ်တစ်သက်မှာ ဒီတစ်ခါပဲ မြင်ဖူးပါတယ်ဗျာ။ ကဲ ... မရင်မြရေ ပင်လယ်ဝကိုသွားရအောင် မော်တော်ငှားကြစို့ဗျာ"

သူတို့နှစ်ဦးသည် မော်တော်တစ်စင်းငှားပြီး ပင်လယ်ဝသို့ ထွက်ခွာလာခဲ့သည်။ ပင်လယ်ဝအရောက်တွင် ထိုသေတ္တာကို ရေထဲသို့ ပစ်ချခဲ့သည်။ ထိုအချိန်မှစ၍ မရင်မြ၌ အနှောင့်အယှက် တစ်စုံတစ်ရာမျှ မရှိတော့ဘဲ အေးချမ်းသွားခဲ့ပါတော့သတည်း ...။

*မှတ်ချက်* ။ ။ ကပ္ပိယဦးဖျိုး၏ ကိုယ်တွေ့အဖြစ်အပျက် ပြောပြချက်အရ ရေးဖွဲ့ပါသည်။

**ရီရီငွေ**




www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းလှူပါက မြတ်ဒါန

သမီးဗဂျီအောင်စိုး(ဒေါ်မြမ္မတ




**ကားလမ်းမကြီးပေါ်မှ မြင်ရသော မြဝတီကျောင်းတိုက်နှင့် ကျောင်းတိုက်ဆိုင်းဘုတ်**


သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် ညဉ့်တစ်ညဉ့်၏ သန်းခေါင်ယံအချိန်တွင် နတ်သားတစ်ပါး ရောက်ရှိလာပြီး မြတ်စွာဘုရားအား''ခွန်အား၊ အဆင်း၊ ချမ်းသာခြင်းနှင့်၊ မျက်စိအလင်းကို လှူရာရောက်အောင် အဘယ်အရာတို့အား လှူရပါမည်နည်း''ဟု လျှောက်ထားအပ်ပါသည်။

ထိုအခါ ဘုရားရှင်က နတ်သားအား တစ်ခုစီကို ဥပမာပြ၍ ရှင်းလင်းအောင် ဟောကြားတော်မူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဓမ္မရိပ်ငြိမ်'
ပြုပြင်တိုးချဲ့ပြီးသော
(၁၅ ပေ × ၁၅ ပေ)
ဗျဉ်ကာသွပ်မိုး
ကျောင်းကလေးပုံ

**၁။ အစားအစာကို ပေးလှူသူသည် ခွန်အားကို လှူရာ ရောက်ပါသည်။**

ခွန်အားဗလ မည်မျှပင်ပြည့်စုံသူ ဖြစ်ပါစေ၊ အစားအစာ မစားသောက်ရဘဲ ရက်ကြာလာလျှင် နေရာက မထနိုင်လောက်အောင် အားအင်ကုန်ခန်း အားပြတ်သွားပါသည်။ ဤသို့သော ပုဂ္ဂိုလ်အား အစာရေစာ ကျွေးမွေးလှူဒါန်းလိုက်လျှင် အားအင်ပြန်လည်ရရှိ၍ ကျန်းမာလန်းဆန်းလာပါသည်။ ထို့ကြောင့် အစားအစာ အလှူသည် ခွန်အားကိုလှူရာ ရောက်ပါသည်။

**၂။ အဝတ်အထည်ကို လှူသူသည် ရုပ်ရည်အဆင်းကို လှူရာရောက်ပါသည်။**

ရုပ်ရည်အဆင်း မည်မျှပင် ချောမောလှပစေ၊ အဝတ်အစား စုတ်ပြတ်၊ ညစ်ပတ်၊ ဟောင်းနွမ်းနေလျှင် ချောမောလှပနေသော ရုပ်အဆင်းကို မမြင်ရတတ်ပါ။ ရုပ်ချောရုပ်လှ မဟုတ်သော်လည်း အဝတ်အစား ကောင်းကောင်းမွန်မွန်၊ လှလှပပ၊ သပ်သပ်ရပ်ရပ် ဝတ်စားထားလျှင် မြင်သူတကာငေးရလောက်အောင် လှပချောမောသွားတတ်ပါသည်။ "လူမှာအဝတ်၊ တောင်းမှာအကွပ်" ဆိုစကားကဲ့သို့ ဖြစ်သည်။ ရဟန်းသံဃာများမှာလည်း သင်္ကန်းအပေါင်းအစုတ်ဖြင့်သွားသော ရဟန်းတော်ကို ကြည်ညိုစရာမကောင်းဟု အထင်သေး အမြင်သေးတတ်ကြပါသည်။ အကောင်းစားသင်္ကန်း မဟုတ်သော်လည်း သင်္ကန်းတော်ကို သပ်ရပ်သေသပ်စွာ ဝတ်ဆင်၍ ခရီးသွားသော ရဟန်းတော်များကိုမူ ကြည်ညိုစရာကောင်းလိုက်တာဟု နှုတ်မှပင် ထုတ်ဖော်ပြောပြ ချီးမွမ်းတတ်ကြပါသည်။ ထို့ကြောင့် ရဟန်းဖြစ်စေ၊ လူဖြစ်စေ အဝတ်အစားကောင်းက ဝတ်ဆင်သူကို တင့်တယ်စေနိုင်သောကြောင့် အဝတ်အလှူသည် အဆင်းကို လှူရာရောက်ပါသည်။

**၃။ ယာဉ်ကိုပေးလှူသူသည် ချမ်းသာသုခကို လှူရာ ရောက်ပါသည်။**

မိမိသွားမည့်ခရီးတွင် လိုအပ်သော အသုံးအဆောင် (ထီး၊ ဖိနပ်၊ ကား၊ ရထား၊ လှေ၊ သင်္ဘော၊ လေယာဉ် လက်မှတ် စသည်)တို့ မပါလျှင် ခရီးသွားသည့်အခါ အလွန်ပင်ပန်းဆင်းရဲဒုက္ခ ရောက်ရသကဲ့သို့ ခရီးသွားမည့် ရဟန်းသံဃာ၊ သီလရှင်များနှင့် မရှိဆင်းရဲနွမ်းပါးသူများကို ဤအရာများ လှူဒါန်းလျှင် ထိုပုဂ္ဂိုလ်များမှာ မိမိ၏ အကူအညီ အလှူဒါနကြောင့် လိုရာပြီးမြောက် ခရီးရောက်ရတတ်ပါသည်။ ထီး၊ ဖိနပ် စသည်တို့ကို ယာဉ်ဟုခေါ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူဇွေသူကြွယ်များသည် နိုင်ငံတော်အကြီးအကဲ ဆရာတော်ကြီးများ မိမိကြည်ညိုသော ဆရာဘုန်းကြီးများကို မော်တော်ကားလှူကြသူများ ရှိပါသည်။ မော်တော်ကားလှူမှု ယာဉ်အလှူမဟုတ်ပါ။ ကားလက်မှတ်၊ ရထားလက်မှတ်၊ ထီး၊ ဖိနပ် လှူခြင်းသည်လည်း ယာဉ်အလှူဖြစ်ပါသည်။

၄။ ဆီမီးတန်ဆောင် အလင်းရောင်ကို ပေးလှူသူသည် မျက်စိကို လှူရာရောက်ပါသည်။

မျက်စိ အမြင်ကောင်းသူများပင်လျှင် အလင်းရောင်မရှိသော အမှောင်ထဲတွင် သွားလာလှုပ်ရှား လုပ်ကိုင်ရမည်ဆိုလျှင် မျက်မမြင်များကဲ့သို့ စမ်းတဝါးဝါးဖြင့် သွားလာလှုပ်ရှားရမည် ဖြစ်သည်။ ဖယောင်းတိုင်၊ ဆီမီးအလင်းရောင်၊ လျှပ်စစ်မီး စသော အလင်းရောင်တစ်ခုခုကို အားကိုးရမည် ဖြစ်သည်။ ထို့ကြောင့် မီးအလှူသည် မျက်စိကို လှူရာရောက်ပါသည်။

၅။ "ဇရပ်၊ တန်ဆောင်း၊ သိမ်၊ ကျောင်း" စသည်တို့ ပေးလှူသူသည်ကား အလုံးစုံကို လှူရာရောက်ပါသည်။

ခရီးတစ်ခုခုကို သွားရာမှ ပြန်ရောက်လာလျှင် ပင်ပန်းနွမ်းနယ်လာတတ်ကြပါသည်။ မိမိအိမ်သို့ ပြန်ရောက်မှ၊ နေပူထဲမှနေ၍ ပြန်လာရာ အိမ်ရိပ်သို့ဝင်ရောက်မှ အေးချမ်းသွားပါသည်။ ထိုနည်းတူစွာ ရပ်ဝေးခရီးသွားသူများသည် ခြေလျှင်လျှောက်ရသော ခရီးဝေးလျှင် လမ်းတစ်လျှောက်၌ နားခိုရန်နေရာ ရှာတတ်ကြပါသည်။ ဇရပ်၊ တန်ဆောင်း၊ ကျောင်းသခ်မ်းများတွေ့၍ အနားယူလိုက်ရလျှင် အမောပြေပြီး ဆက်မသွားချင်လောက်အောင် စိတ်ချမ်းသာရာ ရတတ်ကြပါသည်။ ထိုနည်းတူစွာ မိမိတို့အိမ်ဂေဟာများတွင် နေ့စဉ်နေ့တိုင်း လူမှုရေး အလုပ်တာဝန်များကို မိသားစု ကိုယ်စီကိုယ်တောဝန်ယူ လုပ်ဆောင်နေကြရ၍ တရားရိပ်သာများကိုဝင်ပြီး တရားအားထုတ်ရလျှင် မိမိတရားအားထုတ်နေသော အချိန်များတွင် အနားရပြီး ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်ကာ တရားဘာဝနာများကို ပွားများအားထုတ်လိုတတ်ကြပါသည်။ ဤကား တရားရိပ်ခိုလှုံရခြင်း အကျိုးဖြစ်သည်။ ဤသို့ တရားအားထုတ်နိုင်ရန် ဘုန်းတော်ကြီးကျောင်းများမရှိလျှင် တရားအားမထုတ်နိုင်ကြပါ။ ဥပုသ်သီတင်းဆောက်တည်ရန်အတွက် ဘုန်းတော်ကြီးများရှိရာ ဘုန်းကြီးကျောင်းကို ရှာကြရပါသည်။ ဤကျောင်းများကို ဆောက်လုပ်လှူဒါန်းသော ဘုန်းကြီးများ၏ ဒကာ၊ ဒကာမများမှာ သူဌေးဟုဆိုလျှင် တစ်ဦးတည်းဆောက်လုပ်လှူဒါန်းပေးနိုင်သော်လည်း မနွမ်းပါးသော တောရွာများတွင်မူ စုပေါင်းထည့်ဝင် လှူဒါန်းပေးကြရပါသည်။ ဤအလှူရှင်များမှာ အဆောက်အအုံအလှူကို ပေးလှူခြင်းဖြစ်သောကြောင့် အလုံးစုံကို လှူရာရောက်ပါသည်။ အရိပ်အာဝါသကြောင့် တရားကုသိုလ်၊ စိတ်ချမ်းသာမှု ကုသိုလ်များ ရရှိကြသဖြင့် မိမိ၌ တူသောအကျိုးပေးခြင်းကြောင့် လူပြည်၊ နတ်ပြည်တို့၌သာ စုံချည်ဆန်ချည် ကျင်လည်ရတတ်ပါသည်။ အဆောက်အအုံအလှူအကျိုး (၇)မျိုး ရှိပါသည်။

၁။ နတ်ပြည်၊ လူပြည်တို့၌ ကျင်လည်ရတတ်ခြင်း။
၂။ စိတ်က တောင့်တသည့်အတိုင်း အဆောက်အအုံရတတ်ခြင်း။(မိမိစိတ်က စေတနာသုံးတန်ဖြူစင်စွာဖြင့် လှူဒါန်းရပါမည်။)
၃။ (ဖြစ်ရာဘဝဝယ်) ကြက်သီးထမှု၊ ကိုယ်တုန်လှုပ်မှု စသည့် ကြောက်လန့်ဖွယ် အမှတ်အသားများ၊ ထိတ်လန့်မှုများ ကင်းရှင်းခြင်း။
၄။ သားရဲတိရစ္ဆာန်၊ ဖုတ်ပြိတ္တာ၊ အဆိပ်ပြင်းသော သတ္တဝါများ၊ ဘီလူး၊ ကုမ္ဘဏ်၊ ရက္ခိုက်စသော ဖန်ဆင်းတတ်သောသူတို့၏ ရန်မှ လွတ်ခြင်း။
၅။ မကောင်းသော အိပ်မက်များ မမြင်မက်ကြခြင်း၊
၆။ သတိကောင်းခြင်း၊ ရူးသွပ်မှုမရှိခြင်း
၇။ အရဟတ္တဖိုလ်ကို ရရှိနိုင်ခြင်း စသည့် အကျိုးခုနစ်မျိုးကို ရရှိတတ်ပါသည်။

ဘုရားဟော တရားတော်များတွင် အလှူ့တကာအလှူတွင် အဆောက်အဦအလှူသည် အမြတ်ဆုံးဖြစ်သည်ဟု ဟောကြားထားပါသည်။ ဇရပ်၊ တန် ဆောင်း၊ သိမ်ကျောင်း၊ ဘာသာရေးအဆောက်အအုံများ လှူဒါန်းကြသော ပုဂ္ဂိုလ်များသည် အကျိုးထူးများကို ရရှိကြောင်း ဖော်ပြပြီး ဖြစ်ပါသည်။ ဆရာလေးအား စေတနာထား၍ ကျောင်းဆောက်လှူဒါန်းကြသော ဒကာ၊ ဒကာမများအား



www.burmeseclassic.com

www.burmeseclassic.com

ဤဆောင်းပါးဖြင့် မိမိတို့အလှူသည် မိမိတို့ထင်ထားသည်ထက် ပိုမို၍ ကုသိုလ်အကျိုးများရရှိကြောင်း သိရှိစေရန် ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

ဆရာလေး၏ 'ဓမ္မရိပ်ငြိမ်'သီလရှင်ကျောင်းကလေးသည် တရားအားထုတ်လို၍ လာရောက်ကြမည့် ဓမ္မမိတ်ဆွေများကို ကြိုဆိုလျက်ရှိပါသည်။ မူလက ကျောင်းကလေး အကျယ်အဝန်းမှာ (၉'×၁၅') ရှိပြီး ထရံကာ သွပ်မိုး တစ်ပါးကျောင်းကလေး ဖြစ်ပါသည်။ ဤကျောင်းကလေးမှာ သန်လျင်မြို့အဝင် လက်မှတ်ဂိတ်မှတ်တိုင် (သဘာဝဓာတ်ငွေ့အရောင်းဆိုင်)နှင့် မော်တော်ကားလမ်းမကြီးသာ ခြားသော (မြဝတီ)ကျောင်းတိုက်ဝင်းအတွင်း၌ တည်ရှိပါသည်။ ယခုအခါ စေတနာရှင် ဒကာ၊ ဒကာမများ၏ လှူဒါန်းမှုဖြင့် (၁၅'×၁၅')အကျယ်အဝန်းရှိသော ပျဉ်ထောင်သွပ်မိုး တစ်ပါးကျောင်းလေး ဖြစ်သွားပါသည်။ ဤထက် ထပ်ချဲ့ရန် နေရာမရှိတော့ပါ။ ဆရာတော်သည် အသက် ၆၀ နှစ်အထက် သီလရှင်များအား နေစရာနေရာ ပေးထားခြင်းဖြစ်သည်။ မိမိတစ်သက်လုံး ရာသက်ပန် တရားအားထုတ်သွားရန် ရည်ရွယ်ချက်ဖြင့် ဆရာလေးသည် ဤနေရာသို့ တောထွက်လာခြင်း ဖြစ်သည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒအတိုင်း ဆရာလေးတို့မှာ ကျင့်ကြံအားထုတ် နေထိုင်ကြရမည် ဖြစ်သည်။


(ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်။ အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်ပါတော့မည်။)

ဤဆောင်းပါးအတိုင်း နေရာထိုင်ခင်း ရွေးချယ်နေမည်ဆိုလျှင် အချိန်ပိုင်းသာလိုတော့သော ဆရာလေး၏ အသက်အရွယ်မှာ တရားအားထုတ်ရန် အချိန်နှောင့်နှေး ကြန့်ကြာဘို့သာ ရှိတော့သည်။ ၈. ၆. ၂၀၀၂ တွင် သီလရှင်ဝတ်ခဲ့သော ဆရာလေးမှာ ၈. ၅. ၂၀၀၃ တွင် ယခုကျောင်းကလေးကို တရားအားထုတ်ရန်အတွက် ရရှိခဲ့ပါသည်။ မြဝတီကျောင်းတိုက် ဆရာတော်၏ စိတ်ဓာတ်ကိုလည်း မချီးကျူးဘဲမနေနိုင်ပါ။ မည်သူတစ်ဦးတစ်ယောက်၏ အကူအညီကိုမှ မတောင်းခံဘဲ မိမိကိုယ်စွမ်းကိုယ်စဖြင့်သာ သာသနာပြုနေသော ဆရာတော်တစ်ပါး ဖြစ်သည်။ ဆရာတော်၏ဘွဲ့မှာ ဦးသာသန ဖြစ်သည်။ ယခင် မြဝတီဆရာတော်ကြီးလက်ထက် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဝယ်ယူထားခဲ့သော သနာပိုင်မြေကေ (--)အတွင်း တစ်ပါး ကျောင်းလေးများ ၂၇ ကျောင်းခန့် ရှိပါသည်။ ဤကျောင်းတွင် အဆောက်အဦးများမှာ ညီညာစွာ တည်ဆောက်ထားခြင်းမရှိ။ ရိုးရိုးလေးဖြင့် ပကာသနမရှိသော ကျောင်းတစ်ကျောင်း ဖြစ်သည်။ သိမ်၊ ဓမ္မာရုံ စသည်တို့ ရှိပါသည်။ သံဃာတော် ၄၅ ပါးရှိသော်လည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး ယခု သီလရှင်ကျောင်းများ ဆောက်လုပ်ရာတွင် အပြင်လက်သမား မပါရှိဘဲ ကျောင်းတွင်းမှ လက်သမားများ တက်ညီလက်ညီ ဆောက်လုပ်ကြခြင်း ဖြစ်သည်။ အုတ်ခုံ၊ အုတ်ဖိနပ် ကျောင်းတွင်းမှာသာလုပ်သည်။

သီးပင်၊ စားပင်များမှာ မြေဩဇာကောင်းသောကြောင့် ဖြစ်ထွန်းပါသည်။ လေကြီးမိုးကြီးကျ၍ ရာသီဥတု ဖောက်ပြန်လျှင်တော့ အားလုံးစိုးရိမ်ရပါမည်။ သို့မဟုတ်ပါက အလွန်သာယာသော၊ အေးချမ်းသော၊ တရားအားထုတ်ရန်ကောင်းသော 'ဓမ္မရိပ်ငြိမ်'ကျောင်းကလေး ဖြစ်ပါသည်။

အဆောက်အဦအလှူ လှူ၍ရသော အကျိုးခုနစ်မျိုးအပြင် ဆရာလေးက ထပ်ဆင့်၍ ညစဉ်ညတိုင်း ကျောင်းဒကာ၊ ဒကာမများ၊ ဆရာလေး ဆွမ်းဆန်မရပ်ရအောင် ဆွမ်းစရိတ် ထောက်ပံ့လှူဒါန်းနေကြသော ဒကာ၊ ဒကာမများနှင့် တပည့်များအား မေတ္တာပို့ဆုတောင်းပေးလျက်ရှိသော မေတ္တာရောင်ပြန်ဆုကို ရောင်ပြန်မဂ္ဂဇင်းမှတစ်ဆင့် အားလုံးသော ဒကာ၊ ဒကာမများအား ပို့သလိုက်ပါသည်။

**သမီးဗဂျီအောင်စိုး(ဒေါ်ဓမ္မစာရီ)**





www.burmeseclassic.com

www.burmeseclassic.com

# တရားရှာ ကိုယ်မှာတွေ့

မောင်ကြည်မော်–စကု

မြန်မာပြည်တစ်လွှား ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများ စိတ်အေးချမ်းတည်ငြိမ်မှု အနှစ်သာရ လိုလားတောင့်တ၍ မိသားစုဘုရားဖူးခရီး ထွက်ကြသည်။ ငွေကုန်ကြေးကျ များပြားလှစွာ ဓမ္မအရိပ်အာဝါသ နားခိုကြခြင်း ဖြစ်ပေ၏။

ကိစ္စများပြောင် လူတို့ဘောင်ဝယ် မဆုံးမသတ်နိုင်သော ဘဝဂေဟ်ပါအတွင်း ကျင်လည်နေရသည်။ လောကတွင် မရှိဒုက္ခ၊ ရှိပြန်တော့လည်း စိုးရိမ်ထိတ်လန့် တုန်လှုပ်နေ၏။ လူ့ဘဝထဲ ဆင်းသက်လာစဉ်ကပင် အော်ဟစ်ငိုကြွေး အသံနှင့် စတင်ခဲ့ရသည်။

ရရှိထားသော ခန္ဓာဝန် အစွန့်ရှည်ခိုင်မြဲရေး အားထုတ်ကြိုးပမ်း၏။ ငါတည်းဟူသော မာန်မာနထောင်လွှားကြသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ မနာလိုဝန်တိုစိတ်များ လွှမ်းမိုးနေ၏။ ဆားငန်ရည်မှီဝဲရသလို သောက်လို့မပြေနိုင်ပါတကား။

ခန္ဓာကိုယ်အတွင်း တောက်လောင်နေသောမီး တဖြည်းဖြည်း အရှိန်အဟုန် ပြင်းထန်လာ၏။ မီးများလျှင် မီးနိုင်စေသည်။ အသိဉာဏ်ပညာ နည်းပါးလှပေ၏။ အမှားအမှန်၊ အကောင်းအဆိုး တိကျမှန်ကန် ပြတ်သားစွာ မဆုံးဖြတ်နိုင်ကြပေ။

အခြေခံစာပေ၊ ဗဟုသုတ နည်းပါး၍ နားထင်သွေးရောက် အိတ်ဖောင်းလျှင် စိတ်ပြောင်းလဲသည်။ ဘဝအောက်ခြေလွတ်သူတွေ မှိုလိုပေါက်နေ၏။ ငါအတ္တမာန် ထောင်လွှားနေသရွေ့ အဆိုးမြင် အမြင်မကြည်လင် ဖြစ်နေသည်။

လူ့ဘဝသက်တမ်းကာလ လွန်စွာပင် တိုတောင်းလှပါဘိ။ ကံအားလျော်စွာ လူဖြစ်လာပေမယ့် သူဖြစ်ရကျိုးနပ်ဖို့လိုပေ၏။ မိရိုးတာထက် မသိမှုအခက်ဆုံးပင်။ ဝေ့လည်လည် ယောင်ဝါးဝါးနှင့် အချိန်ဖြုန်းမနေကြပါနှင့်။ ဝေဖန်ဆန်းစစ်ဖို့လိုအပ်သည်။

ရာသီဥတု အပူရှိန်ပြင်းပြသဖြင့် ပန်ကာ၊ အဲယားကွန်း ရေခဲသေတ္တာ၊ ဇိမ်ခံပစ္စည်း အလျှံပယ်အသုံးပြုကြ၏။ ဘေးပတ်ဝန်းကျင် အပူလှိုင်းဆိုးဝါးမှု ကာကွယ်တားဆီးလို့ မရပေ။ လွင်တီးခေါင် အရိပ်ရသစ်ပင် နည်းပါးလျက်ရှိသည်။

မြစ်ချောင်း၊ အင်းအိုင်အားလုံး ရေစီးဆင်းမှု ဆုတ်ယုတ်သွားချေပြီ။ ရှမ်းပြည်နယ်ဖြစ်လင့်ကစား သစ်ပင်မျိုးတုံးသဖြင့် အပူရှိန်လွှမ်းမိုးနေ၏။ ပြည်နယ်၊ ပြည်မ မခွဲခြား ရာသီဥတုဆိုးဝါးမှုဒဏ် အလူးအလဲခံစားရသည်။

ကမ္ဘာ့နိုင်ငံအသီးသီး လူဦးရေ တိုးပွားမှု များပြားလာ၏။ မီးတင်းနေထိုင်ဖွယ်ရာ အခဲ့ဆောက်အဦ တိုးချဲ့ရသည်။ နေ့စဉ်မရှိမဖြစ် လောင်စာတွေ အသုံးပြုကြ၏။ ထို့အတူ စိုက်ခင်းစိုက်ကွက် ယုတ်လျော့စေသည်။ ဝမ်းစာဖူလုံရေး အခက်အခဲများ မလွှဲမသွေ ကြုံတွေ့နေ၏။

ကုန်ဈေးနှုန်း အဆမတန်မြင့်မားစေကာမူ ခန္ဓာကိုယ်အစွန့်ရှည် ခိုင်မြဲရေး အဓိကပင်ဖြစ်သည်။ သမုဒ္ဒရာဝမ်းတစ်ထွာဟု ဆိုထားပေမဲ့ နံချာတဲ့ လူတန်းစားအဖို့ အနေဆင်းရဲအစားချို့တဲ့၏။ လက်လုပ်လက်စားအဖြည့်ခံတွက် ဆင်းရဲမွဲတေမှု ဝဲဂယက်အတွင်း ရုန်းထွက်မရနိုင်ပေ။

မိဘလူ့ရာမဝင်၊ လူတောထဲမတိုးနိုင်ပါက သားသမီးအားလုံး မျက်နှာငယ်ရစမြဲပင်။ ကံဆိုးမသွားရာ မိုးရွာသွန်းနေသည်။ မြေနိမ့်ရာလှံစိုက်ဟု ဆိုထားပေ၏။ လူတန်းစား ကွာဟမှုချုပ်ငြိမ်းကွယ်ပရန် အခက်သား။

အသက်တစ်ရာ မနေရပေမဲ့ အမှုအခင်းများစွာ ရင်ဆိုင်ကြုံတွေ့နိုင်၏။ ဘယ်အရာမဆို အသိတရား လက်ကိုင်ထားသင့်သည်။ ဦးနှောက်အသိဉာဏ် မှန်ကန်တိကျဖို့ လိုအပ်၏။ မင်ရှင်



www.burmeseclassic.com

www.burmeseclassic.com

စုတ်ချက် အဖျက်ခက်အောင် မိမိကိုယ်တိုင် ဖန်တီးနေခြင်းဖြစ်သည်။

လူ့ဘဝတစ်လျှောက်လုံး အမည်းစက်တစ်ခုအား ပြန်လည်ချေဖျက်လို့ မရပေ။ စိတ်ဆင်ရိုင်း မွေနှောက်သဖြင့် အမှားအမှန်၊ အကောင်းအဆိုး ဆင်ခြင်တွေးဆခြင်း မရှိတာ အမှန်ပင်။ စည်းကမ်းသည် လူ၏တန်ဖိုးပင် ဖြစ်သည်။

မရှိသောအရာ ရယူပိုင်ဆိုင်အောင် အားထုတ်ကြိုးပမ်းနိုင်၏။ အသိတရား ခေါင်းပါးလျှင် မျက်ကန်းတစ္ဆေမကြောက် အမှောင်လမ်းလျှောက်လှမ်းရန် လွယ်ကူစေသည်။ စိတ်မြန်လက်သွက်သူအဖို့ ကာယကံ၊ ဝစီကံ ကျူးလွန်မှု ထမြောက်နိုင်ပေ၏။

အသက်အရွယ် ကြီးရင့်လာစေကာမူ အဆိုးမြင်၊ အမြင်မကြည်လင်မှု မွေ့လျော်ကြသည်။ ကြုံကြိုက်ခဲ့သော လူ့ဘဝသက်တမ်းကာလ အစမှအဆုံးတိုင် လေ့လာဆန်းစစ်ကြည့်ရမည်။ မကောင်းမှုနှင့် ကောင်းမှုကုသိုလ် အထင်အရှားမြင်ယောင်နိုင်ပေ၏။

ဗုဒ္ဓဘာသာဝင် ကိုးကွယ်မှုနည်းမှန် လမ်းဖြောင့်နေသည်။ လူသားစင်စစ် ရရှိသော်လည်း လွဲမှားသော ဘာသာဝင်ဖြစ်နေလျှင် သံသရာတစ်လျှောက်လုံး ဝဋ်ကြွေးမကျေမချင်း ပေးဆပ်နေရစမြဲပင်။ ပါဏာတိပါတ-သူ့အသက် ရက်စက်စွာ သတ်ဖြတ်လျက်ရှိနေကြပေ၏။

အသက်ခန္ဓာရှိသော သတ္တဝါများပင် ဖြစ်လင့်ကစား ဥပေက္ခာဒကာကဲ့ဖြင့် မသေကျေ မပျက်စီးလိုကြပေ။ ကြီးနိုင်ငယ်ညှဥ်း ရက်စက်ကြမ်းကြုတ်မှု မလိုလားမနှစ်သက်တာ အမှန်ပင်။

ငဖဲမြို့နယ်၊ မလိုင်တောကျေးရွာတွင် ခန္ဓာကိုယ်ကြီးထွားသော နွားလားဥဿဖ ဂုဏ်သတင်းပျံ့နှံ့လျက် ရှိ၏။ အနီးပတ်ဝန်းကျင် လယ်ယာကိုင်းခြံမြေများ ရှိနေသည်။ တောင်သူလယ်သမား စိုက်ခင်စိုက်ကွက် သီးနှံမျိုးစုံ ရှင်သန်ကြီးထွားလျက်ရှိသည်။

ခြံခုန်စရှိသော အကျင့်ဗီဇ စွန့်လွှတ်မှာမဟုတ်ပေ။ ပိုင်ရှင်ဖြစ်သူ မည်သို့ပင် ကာကွယ်တားဆီးသော်လည်း ထွက်ပေါက်လမ်း ရှာဖွေ၏။ စိမ်းလန်းစိုပြည်သော စားကျက်ကောင်းရှိရာဆီသို့ ခြေဦးလှည့်ရန် ဟန်ပြင်နေသည်။

ထူးကဲသော အရသာမို့ နှစ်သက်စွဲလမ်း၏။ အခြားသော နွားများ သခင်ထားရာ နေလေ့ရှိကြသည်။ နွားလားဥဿဖ ကိုးကန်းတောင်းမှောက် ရုန်းထွက်ရန် ကြံစည်၏။ မခိုင်ခံ့သော ကြိုးဖြစ်လင့်ကစား ခွန်အားဗလနှင့် ကြိမ်ဖန်များစွာ ရုန်းကန်သဖြင့် ခြံစည်းရိုးအတွင်းမှ လွတ်မြောက်လာချေပြီ။

ကိုင်းခြံမြေ၊ အခင်းရှင်များ နေ့စဥ်ရက်စက် သီးနှံပျက်စီးမှု မခံမရပ်နိုင်၊ မကျေမနပ်ဖြစ်ပြီး နွားပိုင်ရှင်သခင်အား လူစုလူဝေးနှင့် အသိပေးတိုင်ကြား၏။ ကြိမ်ဖန်များစွာ အတင့်ရဲမှု ကာကွယ်ထိန်းချုပ်သော်လည်း လိုက်နာကျင့်သုံးမှု မရှိပေ။ ဒီလိုနှင့် ရွာသားများ စိတ်တိုင်းကျစီမံရန် ဖွင့်ဟ၏။

နေဝင်မိုးချုပ် ယာခင်းအစောင့်မရှိသောအချိန် အခွင့်ကောင်းယူလေ့ရှိသည်။ နွားလားဥဿဖ ကဆုန်ပေါက် မြူးထူးစွာဖြင့် စိုက်ကွင်းစိုက်ကွက်ဆီသို့ ပြေးလွှားလာချေပြီ။ မြေပဲ၊ ပဲကြီး၊ ပဲနက်၊ ပဲစာဥ၊ ပဲကြား၊ ပြောင်း၊ ကုလားပဲ၊ ပဲစင်းငုံ မန်းချောင်းနံ့ဘော အစီအရီ တွေ့မြင်နိုင်၏။

အခင်းပိုင်ရှင်များ ဓားလုံလေးမြား ကိုင်ဆောင်လျက် အသင့်စောင့်နေကြသည်။ အာဟာရဝမ်းစာမှီဝဲရေး အားထုတ်ကြိုးပမ်း၏။ လူစုလူဝေး ညာသံပေး အသံကျယ်လောင်စွာ ထွက်ပေါ်လာချေပြီ။ လွတ်မြောက်ရာ ရုန်းထွက်လာပေမဲ့ ခြေလက်သွေးသံရဲရဲ ယိုစီးကျနေသည်။

အင်အားကြီးမားသူ အနိုင်ကျင့်ရန် လွယ်ကူလှပါဘိ။ ရွံရှာမုန်းတီးမှုနှင့်အတူ ခွန်အားအပြည့်ဖြင့် ခုတ်ထစ်ကြ၏။ ပြင်းထန်သော ဒဏ်ရာဒဏ်ချက် မရှုမလှ သေအံ့မူးမူး ခံစားရချေပြီ။ မြေပြင်ပေါ် ခန္ဓာကိုယ်ပစ်လဲကျသွားသည်။ အနိုင်ယူလိုသူ အရှုံးပေးရစမြဲပင်။

မမျှော်လင့်သော အဖြစ်သနစ် ကြုံတွေ့နေမိ၏။ အသည်းနှလုံး ကြေွလုမတတ် ခံစားရသည်။ မျက်လုံးအစုံ နာကျင်မှုနှင့်အတူ မျက်ရည်ဖြိုင်ဖြိုင် ယိုစီးကျနေ၏။ မလှသော မလွန့်သာ ရုန်းမထွက်နိုင်သော အခြေအနေ တွေးဆမိသည်။

ခန္ဓာကိုယ်အနှံ့အပြား ဒဏ်ရာဒဏ်ချက် သွေးသံရဲရဲ ယိုစီးနေသည်။ အသက်ခန္ဓာမချုပ်ငြိမ်းမီ မုန်းတီးရွံရှာ အမျက်ဒေါသထွက်တတ်စမြဲပင်။ အားမနာတမ်း မာန်လျှော့အရှုံးပေးလိုပေမဲ့ ကူညီဖေးမည့်သူ လုံးဝမရှိပေ။

အသွားမတော်တစ်လှမ်း အစာမှီဝဲလိုသော ဆန္ဒဇောကြောင့် သေပွဲဝင်ရတော့မည်။ ဝိညာဥ်မချုပ်သိမ်းမီကာလ ရက်စက်ကြမ်းကြုတ် ညှဥ်းဆဲသတ်ဖြတ်သူအပေါ် အမျက်ဒေါသကြီးမားနေ၏။ သေအံ့မူးမူး လိုလားတောင့်တမှု ဆုတောင်းလေ့ရှိကြသည်။

"ငါ့အသွေးအသား မှီဝဲစားသုံး သတ်ဖြတ်သူအားလုံး



www.burmeseclassic.com

www.burmeseclassic.com

လက်တုံ့ပြန် လက်စားချေနိုင်သူ ဖြစ်ပါစေသား"

မုန်းတီးရှုရာမှ ပြင်းထန်လျှင် အမှားအမှန် ဝေဖန်ပိုင်းခြားခြင်းမရှိတော့ပေ။ လက်တုံ့ပြန် လက်စားချေလိုသော ဆန္ဒများ လွှမ်းမိုးနေ၏။ ဝင့်နှင့် ကြမ္မာ မရှောင်သာနိုင်ပေ။ လွဲမှားသောဆုကိုပင် ရယူလိုတတ်စမြဲပင်။ ရွာသားများ သတ်ဖြတ်ညှဉ်းဆဲသူ မကုလတောင်အနီး သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ယုန်၊ တောတိရစ္ဆာန်အသွင် ကူးပြောင်းလာချေပြီ။

သစ္စဗ္ဗဒမုဆိုးကြီး ခန္ဓာကိုယ် ခိုင်မာတောင့်တင်း၏။ ကိုင်ဆောင်သော ဓား၊ လှံ၊ လေးမြား စူးရှထက်မြက်လှပေသည်။ နေ့စဉ်ရက်ဆက် သားကောင်မျိုးစုံ ပစ်ခတ်ဖမ်းဆီးသုတ်သင်ရှင်းလင်း၏။ ဖောက်သည် ကိုးဆယ့်ကိုးယောက် ဝေငှပေးနိုင်သူ ဖြစ်သည်။

တစ်ဘဝ တစ်ခန္ဓာ အသက်ရှင်ရေး အဓိကထားကြ၏။ သူ့အသက်ကို သတ်ဖြတ်ရုံသာမက သူ့အသွေးအသား မြိန်ရှက်စွာ မှီဝဲစားသုံးသည်။ ကာယကံမပြောက်စေကာမူ အညီအပေါက် အာသာငန်းငန်း မှီဝဲလိုကြ၏။ ဝယ်ယူသူရှိသဖြင့် သတ်ဖြတ်သူလည်း ရှိနေသည်။

ရှေးအခါက ပုံသကူအသား မှီဝဲခဲ့ကြ၏။ အသားသတ်ဖြတ်ရောင်းချသူ လုံးဝမရှိပေ။ ခန္ဓာကိုယ်အတွင်း သားကောင်မျိုးစုံ သင်္ချိုင်းပမာ သားစားဘီလူးများ ဖြစ်နေသည်။ အညီအပေါက် အသွေးအသား အငမ်းမရ စားသုံးသဖြင့် ရောဂါအဖုံဖုံ စွဲကပ်လာ၏။

လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ မနာလို ဝန်တိုမှုဝိုင်းရံကြီးထွားနေသည်။ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရား၊ စာနာထောက်ထားမှု ချုပ်ငြိမ်းကွယ်ပျောက်၏။ ငါတည်းဟူသော အတ္တမာန်ထောင်လွှားကြသည်။ ကိုယ်ချင်းစာနာမှု ကင်းမဲ့နေ၏။

သစ္စဗ္ဗဒမုဆိုးကြီးအား သိကြားမင်း မုဆိုးအသွင်ဆောင်တစ်ချိန်တုန်းက သူငယ်ချင်းမို့ အကျွတ်တရားရရန် ဖန်ဆင်းသည်။ "အသင်မုဆိုးကြီး၊ မကုလတောင်မှာ ထင်ရှားကျော်စောတဲ့သူ မဟုတ်လား။ ဒီလေးနဲ့မြား ကိုင်ပြီး သားသမင်များ ပစ်နိုင်ပါ့မလား။ ခွန်အားကြီးမားပေမဲ့ မြားမတင်နိုင်ပေ။ ကတိကဝတ်ပြုရမယ်။ မနက်ဖြန် အဖိုမှန်အောင်ပစ်ပါ၊ နောက်တစ်နေ့ အမပစ်ရမယ်"

လူမှာ ကတိသစ္စာ စောင့်ထိန်းကြ၏။ ကြမ်းတမ်းခက်ထန်သော မုဆိုးဖြစ်လင့်ကစား သားကောင်အဖိုပစ်ရန် ကြံရွယ်စဉ် အမများလာ၊ ဒီလိုနှင့် တောကောင်များ လက်လွတ်သွား၏။ ဖောက်သည်များ မကျေမနပ် စကားသံ ထွက်လာသည်။ ဘဝနေဝင်ခါနီး သတိသံဝေဂ တွေးဆမိ၏။

ငါ့ပစ္စည်း၊ ငါ့ဥစ္စာ မဆိုထားနှင့် အိုနာသေ၊ အနိစ္စသဒိရ ရှောင်ကွင်းလို့မရပေ။ ခန္ဓာမွေး မြေကျွေးရစမြဲပင်။ မသေခင်ချစ် သေလျှင်ပစ် အနှစ်မပါ ဒီခန္ဓာ အစိုးမရမှန်း သိနားလည်ကြ၏။ ငါအစွဲမဖြုတ်လေသမျှ တရားရှာ ကိုယ်မှာမတွေ့နိုင်၊ စိတ်ဆင်းရဲနေရသည်။

လောကစည်းစိမ် ဂုဏ်ပကာသန ပြည့်စုံစေကာမူ သောကဗျာပါဒမီး ဝိုင်းရံနေ၏။ မီးခိုးအားထားဖွယ်ရာ မည်မည်ရရ မရှိကြပေ။ ဇော့လည်လည် ယောင်ဝါးဝါးနှင့် အချိန်ဖြုန်းနေသည်။ တန်ဖိုးမဖြတ်နိုင်သော ဗုဒ္ဓဘာသာဝင် လူဖြစ်ရကျိုးနပ်အောင်၊ လက်တွေ့ဖန်တီးသင့်ပေ၏။ သောကကင်းဝေးနေနိုင်ရေး ကြိုတင်ပြင်ဆင်ရသည်။

မနောအာရုံ မကြည်လင်ဘဲနှင့် ဒုက္ခမီးပင်လယ်ထဲ ဝဲလယ်နေမှာ သေချာ၏။ ဒါနမျိုးစေ့ ပေးကမ်းလှူဒါန်းခြင်းဖြင့် မမွေ့လျော်သင့်ပေ။ ဝိပဿနာ ကမ္မဋ္ဌာန်း ရှုမှတ်ပွားများရသည်။ ဖြူစင်စိတ်ထားလမ်းမှန်သွား၏။ ဗုဒ္ဓရှင်တော် လမ်းညွှန်သော တရားဒေသနာတော်နှင့်အညီ ကျင့်ကြံပွားများဖို့ လိုအပ်ပေသည်။

လူ့လောကထဲ ရောက်လာစဉ် ငိုကြွေးခဲ့ရ၏။ လူ့သံယောဇဉ် အနှောင်အဖွဲ့ ရစ်ပတ်အောင် မိမိဖန်တီးနေခြင်းပင်။ ကြည်ညိုဖွယ်ရာ ရဟန်းမြတ်အရှင်များ ပွင့်ထွန်းသော ကာလဖြစ်သည်။ တရားထူး တရားအမှန် အထင်အရှားရှိနေ၏။ အသေအဦးမီ ဉာဏ်ဦးဖို့ လိုပေသည်။

လူ့သေလျှင် လူဖြစ်လာမှာဟု မထင်မှတ်ပါနှင့်။ လူ့တာဝန်ဝတ္တရားနှင့်အညီ ကျင့်ကြံမှသာ လူဖြစ်ရကျိုး နပ်တော့၏။ ကံအားလျော်စွာ လူဖြစ်ပေမဲ့ လူဖြစ်ကျိုးမနပ် ဆုံးရှုံးနစ်နာသူတွေ များပြားလှပေသည်။ အချိန်ကာလဟူသည် လူကိုမစောင့်ပေ။

သစ္စဗ္ဗဒ မုဆိုးဘဝ ကျွတ်လွတ်သွား၏။ ရဟန်းဝိနည်းသိက္ခာ ကျင့်စဉ်စရဏ နည်းမှန်လမ်းဖြောင့်လျှင် အရိယာရဟန္တာအရှင်သူမြတ် ဖြစ်သွားတော်မူသည်။ ဓမ္မမိတ်ဆွေသူတော်စင်များ မိမိနှလုံးသားအတွင်း မြတ်ဗုဒ္ဓရှင်တော် ထာဝစဉ်ကိန်းနေသလို တရားဓမ္မရောင်ခြည် လင်းရောင်မှိန် ဝင်းပထိန်နေမှာ ဖြစ်ပေသည်။

မောင်ကြည်မော်-စကု



www.burmeseclassic.com

www.burmeseclassic.com


# နှစ်ပေါင်း (၃၀)ကျော် အောင်မြင်နေတဲ့ ကချင်ဆေးဆရာမကြီး ဒေါ်နန်းတူး



◆ သွေးတိုး၊ အကြောတက်ခြင်း၊ နောက်ကြောတက်၊ မျက်နှာလေဖြတ်၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ လူကြီးလူငယ်မရွေး ဖြစ်တတ်သော အကြောရောဂါ၊ လေငန်း၊ လေဖြတ် ရောဂါများကို အထူးသက်သာစေတဲ့ အကြောအားဆေးဝိဇ္ဇာ။

◆ သွေးအားနည်း၊ နှလုံးတုန်၊ စိတ်ခြောက်ခြား အိပ်မပျော်၊ ဓမ္မတာမပေါ်/ကျန် ကိုက်ခဲခြင်း၊ အဖြူဆင်း၊ အားကုန်၊ အသားဖြူလျော်၊ သွေးသားခြောက်ခမ်းခြင်းများအတွက် ကချင်သွေးအားတိုး အားဆေးကြီး။

◆ ခန္ဓာကိုယ် ထုံကျင်လေးလံခြင်း၊ ခါးကြောတစ်လျှောက် အမြှောင်းထခြင်း၊ အဆစ်လွဲခြင်း၊ အကြောလွဲ၊ အကြောကပ်ခြင်းများ ရောဂါမျိုးစုံတို့အတွက် အဆိပ်ပြေ ရောဂါချမြစ်ဖြစ်စေတဲ့ ကချင်မရှောစားဆေးကြီး ရရှိနိုင်ပါသည်။

◆ **လေဖြတ်လေငန်း ဝေဒနာရှင်များအတွက် ဆရာမကြီးနှင့် ဆွေးနွေးတိုင်ပင် ကုသနိုင်ပါတယ်။**

အိမ်အမှတ်(၃၁၆)၊ သခင်ဖိုးလှကြီးလမ်း၊ စီမံကိန်း(၁)၊ တောင်ဥက္ကလာပ။
နေ့စဉ် နံနက် (၇း၀၀) မှ (၁၁း၀၀) နာရီထိ။
ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅၊ ၀၉-၄၂၅၈၀၇၃၈၈၊
၀၁-၃၈၇၀၉၇၊ ၀၉-၄၂၅၃၀၇၃၈၈။
ဆေးခန်းအမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း KBZ ဘေး
နေ့လယ် (၁၂း၀၀) မှ ညနေ (၄း၀၀) နာရီထိ။ ဖုန်း - ၀၁-၃၈၇၀၅၇
(တနင်္ဂနွေနေ့ ပိတ်သည်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




"မမကြီး၊ မြန်မာစာအကြောင်း ပြောပြပါဦး"

"မြန်မာစာမှာ၊ အင်္ဂလိပ်စာမှာ လို PUN ဆိုတာ ရှိတဲ့အကြောင်း ပြောဖူးတယ်နော်။ မော်မော်မှတ်မိလား"

"ဟုတ်ကဲ့။ သံတူကြောင်းကွဲတွေ ပြောင်းပြန်တွေပေါ့"

"အေး ...နှစ်ခါလျှောက်လို့ နှစ်ခေါက်ရှာတယ် ဆိုတာမျိုးဟာ PUN ပေါ့။ ရှေးက 'ယာကိုချစ်လို့ ရစ်ကိုချာတယ်'မျိုးပေါ့။ မော်မော် မှတ်မိတယ်နော်"

"မော်မော် မှတ်မိပါတယ်။ တာဝန်သိသူသည် တာဝန်ဝိဇ္ဇ ဆိုတာလည်း PUN ပေါ့နော်။ မြန်မာစာဟာ အတော်လေး ပရိယာယ်ကြွယ်တယ်နော်"

"အေး ...မမကြီး ပြောပြဦးမယ်။ မြန်မာစာမှာရှိတဲ့ ဗျည်းတစ်လုံးတည်းနဲ့ ဝါကျတစ်ကြောင်း ဆောက်လို့ရတယ်။ ဒီလိုပြောတဲ့ စကားတွေ သင်ပေးဦးမယ်"

မော်မော်သည် မိမိကြီးရဲ့ ညီမဝမ်းကွဲဖြစ်သည်။ ယခုနှစ်မှာ မော်မော် ၁၀ တန်းအောင်သည်။ အမှတ်လည်း ကောင်းသည်။ မော်မော်က ဆရာဝန် မလုပ်ချင်။ အင်ဂျင်နီယာ၊ ကွန်ပျူတာလည်း ဝါသနာမပါ။ မိမိကြီးလို ဆရာမ လုပ်ချင်သည်။ မိမိကြီးသည် မြန်မာစ

ဒေါက်တာခင်မောင်ညို



www.burmeseclassic.com

www.burmeseclassic.com

အစိကဖြင့် အောင်မြင်ထားသူဖြစ်ပြီး၊ နယ်စပ်ရွာလေး မိုးကင်းသို့ သွားရောက်ကာ ဆရာမ လုပ်သည်။

မော်မော်သည် မိမိကြီးနေထိုင်ရာ မိုးကင်းရွာသို့ လိုက်သွားခဲ့သည်။ တက္ကသိုလ်များ မဖွင့်သေး။ ကျောင်းတက်ဖို့ စောင့်နေဆဲဖြစ်ပြီး ဗဟုသုတ ကြွယ်ဝသော မိမိကြီးကို အဖော်လိုက်ခဲ့ရာက မိမိကြီးဆီက ပညာတွေကို ယူနေခြင်းဖြစ်သည်။

"ဗျည်းတစ်လုံးတည်းပေါ့။ ဥပမာကွာ..'ပစောက်' ၁၁ လုံး ပြောပါဆိုရင် ဖြစ်မလား"

"မသိဘူး"

"ပပ ပဲပြုတ်ပျော့ပျော့ပြုပြုပြုတ်ပေးပါ"

"ဟုတ်ပါရဲ့။ မော်မော် မပြောတတ်ဘူး"

"ကကြီးရော"

"ကိုကိုကြီး ကုက္ကိုကိုင်းကို ကောင်းကောင်းကိုင်"

"၁၀ လုံးပဲကိုး။ မမကြီးပြောပြမယ်။ ကုက္ကိုင်းက ကိုကိုကြီးက ကုက္ကိုကိုင်းကို ကောင်းကောင်းကိုင်ကာ ကောင်းကင်ကိုကြည့်၊ ကြယ်ကိုကြည့်"

"၂၁ လုံးတောင်ပဲ။ နောက်ဘာရှိသေးလဲ"

"မ"

"မမကြီးပြော"

"မောင်မောင်မျိုး မင်းမိန်းမ မေမြို့ မှောင်မှောင်မည်းမည်းမှာ မိုးမိမှာမို့ မြန်မြန်မောင်း...တဲ့။ 'သ'နဲ့ချည်း ပြောမယ်ဆိုပါတော့။ 'သ'ဘယ်နှလုံး ပြောနိုင်လဲ"

"မမကြီးပဲ ပြောပါ"

"သေသောသူသည် သုသာန်သို့ သက်သက်သာသာ သွားသေသင့်သည်"

"သချည်းပဲ ၁၅ လုံး ရှိတယ်။ ဒါပေမယ့် ဒီမှာ မှားနေတာတွေ ရှိတယ်။ ဘယ်လိုလုပ်ပြီး သေတဲ့လူဟာ သုသာန်ကို သွားသေမလဲ"

"သက်သက်သာသာ သွားသေသင့်တယ်ဆိုတာပဲ ရေးထားတယ်လေ"

"ဒါပေမယ့် ဖြစ်မှ မဖြစ်နိုင်တာဘဲ မမကြီးရဲ့။ စာတွေ၊ စကားတွေကို လောဂျစ်နဲ့ ကြည့်ရတယ်ဆိုတာ မမကြီးပဲ သင်ပေးတာ"

"အင်း ...မော်မော် ညည်းတော့ လောဂျစ်ထဲ နစ်နေပြီ။ ကောင်းပါ့"

"မဟုတ်ဘူးလေ။ သေနေမှတော့ သချိုင်းကို ဘယ်လိုလုပ်သွားမလဲ"

"မော်မော် ...ညည်းကငယ်သေးတော့"

"မမကြီး ...အသက်အရွယ်နဲ့ အနိုင်မကျင့်ရဘူးဆို"

မိမိကြီးသည် မော်မော့်ကိုကြည့်ပြီး ကျိတ်ရယ်ချင်နေသည်။ သူမကို ပြောထားသည်။

"လူတစ်ယောက် အားနည်းချက်ကို ကိုင်ပြီး အနိုင်မယူသင့်ဘူးလို့"

ဒီအချက်သည် သူမ စွဲကိုင်ထားသော ဥပဒေဖြစ်နေသည်။

မိမိကြီးသည် နောက်ဆုံး မော်မော့်ကိုကြည့်ကာ -

"မော်မော်..တစ္ဆေမကြောက်ဘူးနော်"

"ကြောက်တာပေါ့"

"ဒါဆို မပြောတော့ဘူး"

"မကြောက်ပါဘူး။ မမကြီးဒို [illegible] နေတာပဲ ပြောပြ"

"နောက်မှ လန့်နေပါဦးမယ်"

"ပြောပြပါ။ မော်မော်မကြောက် အောင်နေမယ်"

"မော်မော် ဖုတ်သွင်းရထားဆိုတာ ကြားဖူးလား"

"ကြားဖူးပါတယ်"

"အဲဒါက ...မောင်းသူမပါတဲ့ ရထား၊ သူ့အလိုလို သွားတာရှိတယ်။ ဘုရားဟော ကျမ်းဂန်တွေမှာပါတယ်။ နောက် ပေတဝတ္ထုတွေမှာ သချိုင်းက လူသေကောင်ကို သွားထမ်းတာ လူသေကောင်က ပြန်ပြန်ပြေးတာ ပါတယ်"

"ပုံပြင်တွေထဲတော့ အများကြီး ဖတ်ဖူးပါတယ်။ လက်တွေ့မှာ ရှိနိုင်ပါ့မလား"

"မော်မော် ဒီရွာကလူတွေကို သတိထားမိလား။ သူတို့ဟာ ရှေးဟောင်းလူသားတွေလို နေကြတယ်"

"အင်မတန် ရိုးတဲ့ တိုင်းရင်းသားတွေပါ"

"အေး ...မမကြီးက သူတို့ကို ချစ်လို့ ဒီရောက်လာတာ။ အလုပ်ခန့်တဲ့အခါ ကြိုက်တဲ့မြို့နယ် ရွေးလို့ရတယ်။ ဘာကြောင့်မှန်းမသိဘူး။ ဒီနယ်စပ်က မြို့နယ်လေးကို မမကြီး ရွေးလိုက်မိတယ်။ နောက် ဒီရွာလေးကို လာချင်စိတ် ပြင်းပြလို့"

"ဟုတ်ကဲ့။ အမေတို့လည်း ပြောပါတယ်။ မိမိကြီးဆိုတဲ့မိန်းကလေး ဘာစိတ်ပေါက်သွားလဲ မသိဘူးတဲ့။ သူတို့က မမကြီး ဒီမှာ ရည်းစားရှိလို့ လာတာ ထင်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

"တောက်တီးတောက်တဲ့။ မမကြီးမှာ ရည်းစားလည်းမရှိပါဘူး။ ဒါပေမယ့် ဒီကလူတွေကို စာသင်ပေးချင်တဲ့စိတ်တွေ များနေတယ်။ သူတို့ယဉ်ကျေးမှုကိုလည်း လေ့လာမိတယ်"

"ဘာတွေ တွေ့လဲ"

"သူတို့က အင်မတန် လျှို့ဝှက်တဲ့ လူမျိုး။ သူတို့ဓလေ့ကို သူတို့အလေးထားတယ်။ မမကြီး မနည်းကြိုးစားလေ့လာရတယ်"

"ဘာတွေ တွေ့လဲ"

"သူတို့တိုင်းရင်းသားတွေရဲ့ ရိုးရာအတီးအမှုတ်တွေကတော့ မြေပြန့်ဆီကနဲ့ သိပ်ကြီး မကွာခြားပါဘူး။ ပွဲလမ်းတွေကျရင် ကခုန်တီးမှုတ်တယ်။ နောက်တော့ ..."

မိမိကြီးက ပြောရင်းနဲ့ စကားကို ရပ်လိုက်သည်။

"နောက်တော့ ဘာဖြစ်လဲ မမကြီး"

"ဘာဖြစ်ရမလဲ။ အသုဘတွေမှာလည်း ဒီလိုပဲ တီးမှုတ်ကြတယ်။ အလောင်းကောင်ကို ဖုတ်သွင်းပြီး သင်္ချိုင်းကို သွားစေတယ်"

"မဟုတ်တာ မမကြီး"

"ဟုတ်တယ်။ ဒါ အင်မတန် အရေးကြီးတဲ့ သူတို့ရဲ့ ရိုးရာပဲ။ အပြင်လူ သိခွင့်မရဘူး"

"မမကြီး ဘာလို့သိလဲ"

"မနန်းကြောင့်ပေါ့။ မနန်းထုံဆိုတာ မော်မော်ရောက်စက တွေ့တဲ့ ဒီကိုလာပြီး စောင့်အိပ်ပေးတဲ့ မမကြီးအဖော် မိန်းမလေ"

"ဟုတ်ကဲ့၊ မော်မော်နဲ့ ဆုံတယ်။ ပြောပါဦး၊ သူပြောပြတာလား"

"ဟုတ်တယ်။ သူက တစ်ညမှာ မမကြီးကို ခွင့်တောင်းတယ်။ ဘာဖြစ်လို့လဲဆိုမေးတော့ မပြောဘူး။ နောက်တော့ ပြောပြတယ်။ အသုဘရှိလို့တဲ့။ အသုဘကို ညဘက်မှ ပို့တာတဲ့။ ဒါနဲ့ ဘယ်ထမ်းပို့ရလဲမေးတော့ ဟိုဘက်တောင်အထိတဲ့။ ဟင် .. အဝေးကြီး၊ အတော်ထမ်းရမှာပဲလို့ ပြောတော့ မနန်းထုံက မထမ်းရပါဘူး။ သူ့ဘာသာသူ လျှောက်သွားတာပဲတဲ့"

"ဟင် ... ကြောက်စရာကြီးပါလား"

"နောက်မှ မနန်းထုံက သူ့စကားမှားသွားတာ သိသွားတယ်။ မမကြီးက လိုက်ပို့ချင်တယ်ပြောပေမယ့် မနန်းက ဒါဟာ အပြင်လူလိုက်လို့မရဘူးတဲ့။ အတင်းငြင်းတော့တာပဲ။ မနန်းဟာ ငိုသံနဲ့ ငြင်းတာပါ"

"ဒါဆိုရင် မနန်းထုံ လိမ်ပြောတာကော မဖြစ်နိုင်ဘူးလား"

"ဖြစ်တော့ ဖြစ်နိုင်တာပေါ့။ ဒါပေမယ့် မနန်းက မလိမ်တတ်ဘူး။ အင်မတန်ရိုးသားတယ်"

"မနန်းထုံဟာ ရည်းစားနဲ့တွေ့ဖို့ ပြန်တာဖြစ်ချင်ဖြစ်မှာပေါ့"

"မဟုတ်ဘူးထင်တယ်၊ အဲဒီညက မီးတုတ်တွေနဲ့ လူတွေသွားတာ မြင်ရတယ်။ နောက် ဒီကနေကြည့်ရင် မြင်ရတဲ့ ဟိုဘက်တောင်မှာ မီးရောင်တွေနဲ့ လူတွေတက်သွားတာကို အရိပ်ကလေးတွေ မြင်ရတယ်"

"မမကြီးကိုယ်တွေ့တော့ မဟုတ်တာ သေချာတယ်"

ထိုအခါ မိမိကြီးသည် တစ်စုံတစ်ခုကို သတိရလိုက်သည်။

"ဒီနေ့ည အသုဘရှိတယ်။ ဟုတ်၊ မဟုတ် လိုက်ကြည့်မလား"

"ဖြစ်ပါ့မလား မမကြီး"

"ဖြစ်ပါတယ် ...။ မော်မော် ကြောက်လား"

"ကြောက်တော့ ကြောက်တယ်။ ဒါပေမယ့် ဒါမျိုးတွေကို တွေ့ချင်ပါသေးတယ်"

"ဒါဆို ဒီလိုလုပ်။ တို့တိုင်းရင်းသားအဝတ်အစားတွေ ဝတ်သွားမယ်။ ခေါင်းဆောင်းလည်း ရှိတယ်မဟုတ်လား"

"ရှိတယ်"

"ဒါဆိုရင် ညသန်းခေါင်မှာ ဆိုင်းသံကြားမယ်။ အဲဒီအခါ ထကြပြီး လိုက်သွားကြမယ်"

မိမိကြီးနှင့် မော်မော်တို့သည် သူတို့ဝယ်ထားသည့် တိုင်းရင်းသားဝတ်စုံကို ဝတ်ကြသည်။ ပြီးတော့ အိပ်ရာထဲဝင်စောင့်ကြသည်။

သို့သော် အတွေးကိုယ်စီနှင့် အိပ်မပျော်ကြပါ။

အတန်ကြာသောအခါ သူတို့ ဆိုင်းသံ ကြားရပါသည်။

"ဟော ... မမကြီး"

"ငါကြားတယ်။ မော်မော် .. မျက်နှာသစ်ဦးမလား"

"ဟင့်အင်း။ မော်မော် အိပ်မပျော်ဘူး"

"ဒါဆိုရင်ထ။ တို့လမ်းကြောင်းကနေ သွားရအောင်"

***

သူတို့နှစ်ဦး အိပ်ရာကနေ ထသွားသည်။ တံခါးကိုတော့ သော့မပိတ်ကြပါ။ ဒီအရပ်မှာ သူခိုးသူဝှက်မရှိပါ။ လူရှိလျှင်သာ အတွင်းကလန့်ထိုးကြသည်။ အပြင်ဘက်တွင် မည်း



www.burmeseclassic.com

www.burmeseclassic.com

မည်းမှောင်နေသည်။ လဆုတ် ၅ ရက်လက တောတောင်ကြားထိ မထိုးဖောက်နိုင်ပါ။

မော်မော်က ဆိုင်းသံကို ပုံဖော်နေသည်။ နောင်နောင်ဖုံဖုံ တောက်ချမ်းတောက်ချမ်းဖုံဖုံဟု ကြားသည်။

ဖုံသံနှင့် မောင်းသံက ပိုထင်ရှားသည်။

မမကြီး လမ်းပြရာ နောက်က လိုက်ရသည်။

အမှောင်ထဲ မျက်စိအကျင့်ရလာပါသည်။ အတော်လေး မြင်လာသည်။ သစ်ပင်တွေ၊ ကမူတွေ၊ လမ်းတွေ၊ ချိုင့်တွေကို မြင်တွေ့ရသည်။

အတော်လေး လျှောက်မိတော့ ဖုံသံနှင့် မောင်းသံက ပိုထင်ရှားလာသည်။

"ဒီနေရာက စောင့်ရအောင်"

မိမိကြီးပြောသည့်နေရာသည် ကမူလေးဖြစ်ပြီး ချုံနွယ်တွေနှင့် ပုန်းခိုရသော နေရာဖြစ်သည်။

"နောင်နောင် ဖုံဖုံ တောက်ချမ်း တောက်ချမ်း ဖုံဖုံ"

အသံတွေ ပိုနီးလာသည်။

အတော်ကြာတော့ မီးတုတ်တွေကိုလည်း လှမ်းမြင်ရပါသည်။

"ဟိုမှာ လာနေပါပြီ"

အရှေ့တွင် အလံလိုလို၊ တံခွန်ကုက္ကားလိုလို ကိုင်ထားသည့်သူများ လျှောက်လာကြသည်။

သူတို့မျက်နှာတွေကို မီးတုတ်၏ အရောင်နှင့် မြင်နေရသည်။

"ဟယ် ..."

လူတစ်ယောက် အလယ်က ဖြည်းဖြည်းလေး လျှောက်လာသည်။ ကြောက်စရာမျက်နှာကြီး။ မျက်စိတွေ ပိတ်ထားသည်။ တစ်ကိုယ်လုံး နနွင်းတွေ လူးထားသလို ဝါထိန်နေသည်။ သူ၏ကိုယ်တွင် ပိတ်ဖြူကို ပတ်ထား၍ အိုးတစ်လုံး ကိုင်ထားသည်။

"အဲဒါ လူသေ"

မော်မော် အတော်လန့်သွားသည်။

"လမ်းလျှောက်လာတဲ့ လူသေပဲ။ ဘုရား ... ဘုရား"

မော်မော် စိတ်ထဲက တွေးမိလေ ကြောက်လာလေပဲ။ နောက်က အမျိုးသမီးနဲ့ ကလေးနှစ်ယောက်က မျက်ရည်တွေ ကျနေသည်။

"နောင် .. နောင် .. ဖုံဖုံ ... တောက်ချမ်း တောက်ချမ်း ဖုံဖုံ ..."

ဆိုင်းသံသည် ပိုကြမ်းလာသကဲ့သို့ ထင်ရသည်။

"အဲဒါ ဖုတ်ဝင်နေတာ"

လမ်းလျှောက်နေသော လူသေသည် မလှုပ်တလှုပ် လျှောက်နေရာက ဆိုင်းသံပြင်းထန်လာသည့်အခါ ဆတ်ခနဲ ဆတ်ခနဲ တုန်သွားသည်။ ထိုအခါ ဆိုင်းတီးသူအဖွဲ့ဟာ "ဟေ ရိုးဟေးရှိ ... ဝါး"ဟု အော်တတ်သေးသည်။

လူတစ်ယောက် ဝါးလုံးကို တတောက်တောက်ခေါက်၍ လာသည်။

"တောက် ... တောက် ... တောက်"

လူသေနောက်က မိခင်နှင့် ကလေးတွေကတော့ ကျိတ်ငိုနေဟန်တူသည်။ ဖုတ်ကောင်သည် မှန်မှန်သာ လမ်းလျှောက်နေသည်။

"ဆိုင်းဝိုင်းက လူငယ်တွေအားလုံးဟာ ကာလသားတွေပဲ။ လူပျိုလူလွတ်တွေပေါ့။ သူတို့ဟာ ဒီရက်တွေမှာ ခေါင်းရည်သောက်ထားကြတယ်"

"သူတို့ ပျော်လို့လား"

"ကြောက်လို့ပေါ့။ နောက်ပြီး သူတို့ဟာ သင်္ချိုင်းကိုသွားပြီး တွင်းတူးထားပေးရသေးတယ်"

သူတို့ စကားတိုးတိုး တိုးတိုးနဲ့ ပြောနေစဉ်မှာ အသုဘပို့သောအဖွဲ့သည် ရှေ့ကနေ ဖြတ်ကျော်သွားလေတော့သည်။ လိုက်ပို့သောသူ ယောက်ျား မိန်းမ ၅၀ ခန့် ပါဝင်သည်ဟု မော်မော်က ခန့်မှန်းထားသည်။ အမျိုးသမီးအားလုံးဟာ သူတို့ခေါင်းဆောင်းများကို ဆောင်းထားသည်။ ယောက်ျားတွေကတော့ မီးတုတ်တွေ ကိုင်ထားကြပြီး လမ်းပြသဘောမျိုး ဦးဆောင်သွားနေကြသည်။ အထူးသဖြင့် သူတို့သည် တောထဲတောင်ထဲ ဝင်သွားကြရမည်ဖြစ်သောကြောင့် ညဘက် သားကောင်ရှာတတ်သော တောမုဆိုးဖြစ်သည့် ကျားလိုမျိုး သတ္တဝါကို ခြောက်ရသည်။ ဆိုင်းသံဖုံသံများသည်လည်း တောကောင်များကို ခြောက်လှန့်သည့်သဘော ဖြစ်ပြီး၊ လူတွေကို အားပေးသည့်သဘောလည်း ဖြစ်နိုင်သည်။

"မော်မော် ... လာလေ"

မိမိကြီးသည် မော်မော့်လက်ကို ဆွဲပြီး ဖျတ်ခနဲ အသုဘပို့သူတွေအထဲ အသာအယာ ဝင်လိုက်သွားလေတော့သည်။ သူတို့၏ 'ခေါင်းဆောင်း'တွေကြောင့်လည်း သူတို့ကို မည်သူမှ သတိမထားမိသည်လည်း ဖြစ်နိုင်ပါသည်။

မိမိကြီးနှင့် မော်မော်တို့သည် လူစုနှင့်အမျှ လျှောက်နေရသည်။

တောလမ်း၊ တောင်လမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com

ကို အကျွမ်းတဝင်ရှိနေသော တိုင်းရင်းသားများသည် ခပ်အေးအေးပင် လျှောက်သွားကြသည်။ ကခုန်နေသော လူငယ်တွေအကြား ထူးခြားသော ခေါင်းပေါင်းထားသည့် လူတစ်ယောက်က ဓားတစ်ဖက်၊ လှံတစ်ဖက်ကိုင်ကာ ကလျက်လျှောက်နေသည်။

"အဲဒီလူက နတ်ဆရာ"

မိမိကြီးက မော်မော့်နားကိုကပ်ကာ တိုးတိုးလေးပြောပြသည်။

နတ်ဆရာသည် ဓားကိုမြှောက်လိုက်၊ လှံကိုမြှောက်လိုက်နှင့် ဖုတ်ဝင်နေသော အလောင်းကောင်ရှေ့တွင် တတွတ်တွတ်ရွတ်နေသည်။

ဆိုင်းသံပြောင်းသွားသည်။ နတ်ဆရာ၏ အသံကျယ်လာသည်။

"ဒါက တောင်ပိုင်တွေကို ခွင့်တောင်းတာ"

ထိုစဉ် "ဟေး"ဟု အသံကြားလိုက်ရပြီး လူငယ်တွေပါ ကကြသည်။

"နောင်နောင် ‥ ဗုံဗုံတောက်ချမ်း ... တောက်ချမ်း ဗုံဗုံ"ဟူသော ဆိုင်းသံ ပေါ်လာသည်။

"ဝိုင်းဟေ ‥ ဝိုင်ဟေး ‥ ဝိုင်ဝိုင်"

အသံတွေ ပိုကျယ်လာသည်။

"ဘာဖြစ်တာလဲ"

"သူတို့ ခွင့်ပြုချက်ရပြီတဲ့"

ဆက်ပြီး သွားရသောလမ်းသည် တောင်တက်လမ်း ဖြစ်သည်။

"မော်မော် လျှောက်နိုင်ရဲ့လား"

မိမိကြီးက မော်မော့်ကို စိုးရိမ်နေသည်။ သူ့ရဲ့ညီမလေးက နုနယ်ပြီး မြို့ကုန်မှာ ကိုယ်ပိုင်ကားနဲ့သာ သွားနေသူ မဟုတ်ပါလား။

"ရပါတယ် မမကြီး"

တိုးတိုးလေး ပြန်ပြောသည်။ တကယ်တော့ ဆိုင်းသံဗုံသံတွေအကြား သူတို့ပြောတာတွေ နစ်မြုပ်ပျောက်ကွယ်သည်။ သူတို့စကားကို ဘယ်သူမှ မကြားကြပါ။

တစ်တောဝင် တစ်တောင်တက် ဆိုသည်မှာ ဒီနေရာမှာမှဟု မော်မော် တွေးနေမိသည်။

သေသောသူသည် သုသာန်သို့ သွားရသည်မှာ မသက်သာလှပါ။ သို့သော် သူ့ကို မထမ်းရသည်မှာပဲ ကံကောင်းလှသည်။ အပင်ကြီးနားရောက်လျှင် 'ရှဲ'ခနဲ 'ရှဲ'ခနဲ မြည်သွားသည်ကို မော်မော် သတိပြုမိသည်။

ငှက်တွေ လန့်ပျံသည်။

တစ်နာရီကျော်ကျော် ကြာတဲ့အခါ အားလုံးရပ်သွားတော့သည်။

* * *

"ဟေး ..."

အသံရှည်ကြီး ကြားလိုက်ရသည်။

လူတွေအားလုံး စက်ဝိုင်းပုံ သဏ္ဌာန်ဖြစ်အောင် ဝိုင်းလိုက်ကြသည်။

စက်ဝိုင်းအလယ်မှာ လူသေကောင်က ရပ်နေသည်။ ဆိုင်းဝိုင်းက ပြင်းပြင်းထန်ထန် တီးမှုတ်နေသည်။

နတ်ဆရာက လည်ပင်းကြောတွေ ထောင်အောင် မန္တန်တွေရွတ်နေသည်။

အေးမြသော ရာသီဥတုဖြစ်ပြီး အကျီအထပ်ထပ် ဝတ်ထားရသည့်ကြားထဲ မော်မော် ကျောမှာ စိမ့်ကာ ချမ်းနေသည်။

မိမိကြီး၏လက်ကို တင်းကျပ်စွာ ဆုပ်ထားမိသည်။

လူငယ်တွေ ပတ်ချာဝိုင်းကာ ကနေကြသည်။ နတ်ဆရာ၏ မန္တန်သည် ပိုပြီးကျယ်လာသည်။

အမွေးတိုင်များ ထွန်းညှိထားသော ဖါးတိုင်တွေနှင့် မီးတိုင်တွေကို စိုက်ကြသည်။ ပေါက်ပေါက်တွေကို ကြဲသည်။ တစ်ခါတစ်ရံ ချုံတွေထဲမှ အသံတွေကိုလည်း ကြားရသည်။ မော်မော်က အသံထွက်လာရာ ချုံတွေဘက် လှမ်းကြည့်လိုက်ရာ မီးရောင်မှိန်မှိန်မှာ ပြူးထွက်နေသော မျက်လုံးများကို မြင်နေရသည်။

အနီရောင်၊ အစိမ်းရောင် စသည့် မျက်လုံးများသည် ဝိုင်းဝန်းကြည့်နေဟန် တွေ့ရသည်။

"မမကြီး၊ ဟိုက မျက်လုံးတွေ"

"အဲဒါ မျက်လုံးပင်ရွက်တွေနဲ့ သူ့အပွင့်တွေပါ။ မသိတဲ့သူကြည့်ရင် မျက်လုံးတွေနဲ့ တူတယ်။ သူတို့ကို နေ့ဘက်မှာ မုတ်ဆိတ်ကြီးနဲ့ ကိုယ့်ကို လှမ်းကြည့်သလို ထင်ရတဲ့ အပင်တွေပဲ"

"တချို့မျက်လုံးတွေက လှုပ်နေသလိုပဲ"

"လေတိုက်တာကိုး"

"မော်မော့်အထင်တော့ သရဲတွေ၊ တစ္ဆေတွေ လိုက်ကြည့်နေသလိုပါပဲ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ နတ်ဆရာက ဖုတ်သွင်းဖို့ ဒီကိုလာပြီး စီရင်ရသေးတာကိုး။ လူသေမှာဝင်နေတဲ့ ဖုတ်ဆိုတာ မိစ္ဆာသရဲတွေ ဖြစ်ချင်ဖြစ်မှာပေါ့"

သူတို့စကားတွေဟာ ဆိုင်းသံတွေကြားမှာ ပျောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး ချမ်းခနဲ၊ ချမ်းခနဲ လင်းကွင်းသံ ကြားလိုက်ရတဲ့အချိန်မှာ မီးကို ရေနဲ့ ငြှိမ်းလိုက်သလို အားလုံး တိတ်သွားတယ်။

"ဒုန်း . . . ဒုန်း"

ဗုံသံအတိုင်း နရည်စည်းချက်ကျနစွာ ဖုတ်ကောင်လျှောက်သွားလေသည်။ တွင်းနှုတ်ခမ်းဝတွင် သူရပ်လိုက်သည်။

ထို့နောက် လူတွေဘက် လှည့်ကာ ရပ်သည်။ မော်မော် သေသေချာချာကြည့်လိုက်တော့ မျက်စိကတော့ မှိတ်ထားဆဲ။

နတ်ဆရာက အမွှေးတိုင်ကို ကိုင်ကာ ဝှေ့ယမ်းနေသည်။

"ခြွမ်း"

လင်းကွင်းအတီးမှာ ဖုတ်ကောင်သည် တွင်းထဲ ပက်လက်ကျသွားသည်။

"အောင်ပြီ . . အောင်ပြီ"

အားလုံး ပြေးဝင်ကာ မြေကြီးတွေ ဖို့အုပ်ကြသည်။ မိနစ်ပိုင်းအတွင်း တွင်းပြည့်သွားသည်။ ထိုစဉ် သင်္ချိုင်းအတွင်းဆီမှ အသံများ ထွက်လာသည်။

"နေကြဦး"တဲ့။

"ဝုန်း . . . ဝုန်း"နဲ့ ခြေသံတွေကို ကြားရသည်။

"လူစိမ်းပါတယ်၊ လူစိမ်းပါတယ်"

"ဖမ်းကြ . . . ဖမ်းကြ"

ဤတွင် မိမိကြီးသည် မော်မော့်လက်ကိုဆွဲကာ "ပြေး . . ပြေး"ဟု ပါးစပ်က အော်သည်။

သူတို့ ပြေးကြသည်။

တောထဲတောင်ထဲတွင် ဘယ်ပြေးရမည်နည်း။ သူတို့ လမ်းလည်း မသိကြပါ။

သူတို့ပြေးရင်း လရောင်လေးကို တွေ့နေရသည်။

ထိုနေ့ညက လသည် နောက်ကျမှ ထွက်လာသည်။ သို့သော် သစ်ပင်တွေကြား လရောင်မတိုးပါ။ ဒါပေမယ့် အရမ်းတော့ မမှောင်ဘူးပေါ့။

သူတို့ ပြေးလမ်းကို မသိပါ။ သို့သော် ခြေဦးတည့်ရာ နှစ်ယောက်သား လက်တွဲကာ ပြေးခဲ့ခြင်းဖြစ်သည်။

နောက်က လိုက်လာသံများကို ကြားနေရသည်။

သူတို့ပြေးသလောက် နောက်ကလည်းလိုက်သည်။

"မော်မော် အပေါ်ဘက်ကို တက်"

တောင်တက်လမ်းကို လရောင်မှာ တွေ့ရသည်။ သူတို့ တက်သည်။ အပေါ်ဘက်ကို တက်ရသည်မှာ ခြေထောက်တွေ နာလှပါသည်။

သို့သော် အသက်လုပြေးရသည့်အတွက် ဘာမှ ငြင်းချက်မထုတ်နိုင်ပါ။ သူတို့အတွက် ဒီနေရာက လွတ်ဖို့ ဖြစ်သည်။ တောင်တက်လမ်း ရပ်သွားသည်။ တစ်ဖက်က ကြီးမားသော ချောက်ကြီး။

အသူတရာ ချောက်။ ရှေ့ဆက်ပြေးလို့ မရတော့။

သူတို့ ချောက်ကမ်းပါးက သစ်ပင်ကို အတင်းအကျပ် ဆုပ်ကိုင်ထားသည်။

နောက်က လူတွေ မီလာကြပြီ။ သူတို့ လက်ထဲမှာ ဓားတွေ၊ လှံတွေနဲ့။

ဒီလူအုပ်ထဲမှာ သရဲတစ္ဆေတွေ ပါလာသည်ဟု မော်မော်သိနေသည်။ စဉ်းစားကြည့်လေ။ သူတို့နှစ်ယောက် ရွာသားဟန်ဆောင်ကာ လိုက်ပါလာသည်ကို မည်သူမှ မသိ။

သို့သော် သင်္ချိုင်းထဲက လူ... အော်သည်။ လူစိမ်းတွေ ပါသတဲ့။ ... လိုအော်သူမှာ မည်သူမည်ဝါ ... သနည်း။

သူတို့သည် နောက်ဆုံးအခ... ကို စောင့်နေသည်။

"လူစိမ်းတွေ . . လူစိမ်းတွေ"

လူအုပ်ကြီးက အော်သည်။ လူ... အုပ်ကြီးနောက်တွင် မျက်လုံးစိမ်းစိမ်း... တွေ၊ နီနီတွေ မြင်နေရသည်။

ဒီတစ်ခါတော့ ဒါတွေဟာ မျက်လုံးပင်က ပန်းပွင့်တွေ မဟုတ်နိုင်တော့ပါ။ သူတို့ မျက်လုံးတွေ လှုပ်ရှားနေသည်။ ဓားတွေ၊ လှံတွေ ကိုင်ထားသည့် လူစုသည် ရှေ့ကိုတိုးလာသည်။ ခေါင်းဆောင်ဖြစ်သူက မေးသည်။

"လူစိမ်းတွေ ဘာလို့ ဒီကိုလာတာလဲ"

ဤတွင် မိမိကြီး မတ်တတ်ရပ်လိုက်သည်။

"ကျွန်မ မိမိကြီးပါ။ ဒီရွာက ဆရာမ"

"ဆရာမဟာ လူစိမ်းပဲ။ တို့ရိုးရာကို နှောင့်ယှက်တယ်"

"အပြစ်ပေးပါ"

အသံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။

"ကျွန်မ ရှင်းပြပါစေ"

"မလိုဘူး"

ဤတွင် နတ်ဆရာက –

"ဆရာမ ပြောစရာရှိတာကို နောက်ဆုံးအနေနဲ့ ခွင့်ပေးသင့်တယ်"

www.burmeseclassic.com

နောက်ဆုံးအနေနဲ့ဆိုတော့ သူတို့ ပြန်လမ်းမရှိတော့။ မော်မော် ရင်တွေခုန်နေသည်။

မိမိကြီးက တည်ငြိမ်စွာပြောလိုက်သည်။

"ကျွန်မဟာ မွေးကတည်းက ဒီရွာကို လာချင်နေတာပါ။ ကျွန်မက ရန်ကုန်သူ၊ ရန်ကုန်မှာနေလို့ရတာပဲ။ အဲဒီမှာ ကျွန်မမိဘဟာ ချမ်းသာတယ်။ သူတို့နဲ့ အတူနေ၊ ကားလေးတစ်စီးနဲ့ သွားလာပြီး ဖိမ်ကလေးနဲ့ နေလို့ရတာပဲ။ ဒါပေမယ့် ကျွန်မစိတ်ထဲက ဒီရွာကို သံယောဇဉ်ဖြစ်နေတယ်။ ငယ်ငယ်ကတည်းက ကျွန်မ ဒီရွာကို သိနေတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ ကျွန်မဟာ ဒီရွာနဲ့ ဆက်သွယ်တဲ့ ပဋ္ဌာန်းဆက်ဖြစ်လို့ပဲ။ ပဋ္ဌာန်းဆက်ဆိုတာ နတ်ဆရာသိပါလိမ့်မယ်"

နတ်ဆရာက ခေါင်းညိတ်သည်။ နတ်ဆရာလက်ထဲက လှုပ်ယမ်းနေသော အမွှေးတိုင်များ မော်မော့်ကို မူးနောက်စေသည်။ မိမိကြီးက ဆက်ပြောသည်။

"ကျွန်မဟာ အရင်ဘဝက ဒီရွာမှာ နေခဲ့သူပါ။ ကျွန်မကို အားလုံးကြားဖူးကြမှာပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မိုးကင်းရွာလေးမှာ နေသွားတဲ့ သူကြီးဦးရန်ရှင်ရဲ့သမီး ဒေါင်းနော်နီကို သိမှာပါ။ အဲဒါ ကျွန်မပါ"

"ဟယ် ..."

အံ့ဩသံတွေ ကျယ်လောင်စွာ ပဲ့တင်ထပ်သွားသည်။

"ဘာ ... ဒေါင်းနော်နီ ဟုတ်လား"

"ဟုတ်တယ်။ ကျွန်မဟာ သူစိမ်းမဟုတ်ဘူး"

"သူစိမ်းမဟုတ်ဘူး"

"သူစိမ်းမဟုတ်ဘူး"

ဒီအသံတွေ ပဲ့တင်ထပ်သွားပြန်သည်။

"ဒေါင်းနော်နီ ဟုတ်လား"

"ဟင် ... ဒေါင်းနော်နီ ဟုတ်လား"

မော်မော့်ခေါင်းထဲ အသံတွေ အကျယ်ကြီးကြားနေရတယ်။ အမွှေးတိုင် ရနံ့တွေက မူးဝေစရာကောင်းလှတယ်။ မော်မော် ဘာမှမသိတော့။

***

"မော်မော် .. ထတော့။ မိုးလင်းနေပြီ .. ထတော့"

"ဟင့်အင်း ... ဟင့်အင်း"

"မော်မော် ... ဘာတွေဖြစ်နေတာလဲ"

"တောင်းပန်ပါတယ်"

"မော်မော် ... ဘာတွေအော်နေတာလဲ။ မမကြီးလေ"

နံနက်မိုးသောက်လေပြီ။ မော်မော်နှင့် မိမိကြီးတို့ အိပ်ရာထဲ အိပ်ပျော်နေကြသည်။ ပထမဦးဆုံး မိမိကြီး နိုးလာသည်။ သူမအနီးတွင် မော်မော် အိပ်နေသည်။ "တော်သေးတာပေါ့" ဟု သူမတွေးမိသည်။ သူမက မော်မော့်ကို နှိုးသည်။

"မော်မော် ထတော့"

"မမကြီး .. ကြောက်တယ်"

"ဘာဖြစ်တာလဲ မော်မော်"

"မော်မော့်ကို သူတို့ခေါ်သွားတယ်။ အသူတစ်ရာနက်တဲ့ ချောက်ကြီးထဲကို"

"အဲဒါ ထမင်းလုံးတစ္ဆေခြောက်တာပါကွယ်"

"ဟင် ... ဟုတ်မှာပဲ။ မော်မော့်ရင်မှာ အေးပြီး မေ့သွားတယ်"

"ခု ဒီရောက်နေတာပဲ မဟုတ်လား။ ထတော့"

မော်မော်သည် အိပ်ရာမှ ထသည်။

"မမကြီးကော ခုမှထတာလား"

"ဟုတ်တယ်"

မော်မော်သည် အိပ်ရာမှထသည်။ မျက်နှာသစ်သည်။ ပြီးမှ ပြန်လာပြီး မိမိကြီးအနား ထိုင်လိုက်သည်။

"ညက မမကြီး ဘာတွေဖြစ်တာလဲ"

"အိပ်မက်လား"

"အိပ်မက်မဟုတ်ပါဘူး။ မော်မော် မေ့သွားတယ်။ မမကြီးက ဒီအရပ်ကလူလို့ ပြောတယ်။ မော်မော် သိပ်မမှတ်မိတော့ဘူး"

"အိပ်မက်ဆိုတာ ဒီလိုပဲပေါ့"

"အိပ်မက်အစစ်လည်း မဟုတ်ပါဘူး။ သရဲတွေ၊ သဘက်တွေလိုက်လို့ ပြေးရတာ တကယ်ပဲ။ ခုတောင် ခြေထောက်တွေ နာနေသေးတယ်"

"ဒါဆိုရင် ဘာလို့ အိမ်ပြန်ရောက်နေလဲ"

"ဟုတ်တော့ ... ဟုတ်တယ်။ ဒါပေမယ့် မဟုတ်ဘူး မမကြီး"

"မမကြီးလည်း ဒါကိုပဲ စဉ်းစားနေတာပဲ။ အိပ်မက်ဆိုရင်လည်း ဘာကြောင့် နှစ်ယောက်အတူတူ မက်ရတာလဲ။ အိပ်မက်မဟုတ်ဘူးဆိုရင်လည်း ဘာလို့ ခြေဖဝါးတွေနာပြီး ဒဏ်ရာတွေ ရနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မမကြီး ပြန်စဉ်းစားပြီးပြီလား"

"စဉ်းစားလို့မရတော့ဘူး။ မမကြီး အိပ်မက်ထဲမှာ မော်မော်နဲ့ မမကြီးကို လူတွေက သတ်ဖို့လိုက်တယ်။ မမကြီး တောင်းပန်တယ်"

"မမကြီးက ပြောတယ်။ မမကြီးဟာ ဒီရွာမှာအရင်နေဖူးတယ်တဲ့။ သူကြီးသမီးတဲ့"

"ဟုတ်ပါရဲ့။ ဒါတွေ ပါးစပ်က ဘယ်လိုထွက်သွားမှန်း မသိဘူး"

"နောက်တော့ရော"

"ဘာဖြစ်မှန်း မသိတော့ဘူး"

ထိုစဉ် အိမ်ထဲသို့ မနန်းထုံ ဝင်လာသည်ကို တွေ့လိုက်ရသည်။ မနန်းထုံလက်ထဲမှာ စားသောက်စရာတွေ အများကြီး ပါလာသည်။

"သူကြီးက ပေးလိုက်တာ။ ဆရာမ ဒေါ်မိမိကြီးဟာ သူ့အမျိုးပါပဲတဲ့"

မိမိကြီးရော မော်မော်ပါ နှစ်ယောက်စလုံး အံ့သြသွားသည်။

"အဝတ်အစားလဲပြီး စားသောက်ကြပါ။ ပြီးရင် သူကြီးဆီ သွားနှုတ်ဆက်ရအောင်ပါ"

"ဟုတ်ကဲ့"

"နောက် ... နတ်ဆရာဆီလည်း ဂါရဝပြုရမယ်"

"ဘာဖြစ်လို့လဲ"

"နတ်ဆရာက ပြောတယ်။ အိုက်နွံချောင်း ရေရှုံ့စဉ်က ပျောက်သွားတဲ့ သူကြီးသမီး ဒေါင်းနော်နီဟာ ဒီကို မလွဲမသွေရောက်လာမယ်တဲ့"

"အဲဒါက"

"ဆရာမလေ။ ဆရာမက ဒေါင်းနော်နီပါပဲ။ ညက ဆရာမတို့ညီအစ်မကို အိမ်ထိလိုက်ပို့တယ်"

"ဘယ်သူတွေလဲ"

"သူတို့ဆိုရင် သဘောပေါက်ပေါ့ ဆရာမရေ ..."

ပတ်ဝန်းကျင် တိတ်ဆိတ်နေသည်။ အိုက်နွံစမ်းချောင်းလေးသည် အပြစ်ကင်းစွာ စီးဆင်းနေသည်။ တစ်ချိန်က ဒီချောင်းကလေးသည် ဒေါင်းနော်နီ၏ အသက်ကို ယူသွားသည်။ သူသည် ဒုဗ္ဗာဝတီမှတစ်ဆင့် ဧရာဝတီမြစ်ထဲ စီးဆင်းသွားသည်။ ဒေါင်းနော်နီသည် ပင်လယ်ထဲကို ရောက်သွားသည်။

"ပင်လယ်ကို တွေ့ချင်လိုက်တာ"လို့ ဒေါင်းနော်နီ ပြောဖူးသည်။

ဒါကို သူကြီးမိသားစုက ပုံပြင်သဖွယ် ယနေ့တိုင် ပြောနေဆဲ ဖြစ်သည်။ ယခုတော့ သူမ ပင်လယ်ကြည့်ကာ ပြန်လှည့်လာပြီ ဖြစ်သည်။

"ပင်လယ်မှာ ဘာတွေရှိလဲ ဆရာမ"

မနန်းထုံက မေးခြင်းဖြစ်သည်။ သူမက ဒေါ်မိမိကြီး ပင်လယ်ကို သိမည်ဟု မနန်းထုံ အတပ်သိသည်။ သူမလည်း ကြီးလာရင် အပြောကျယ်တဲ့ ပင်လယ်ကိုတော့ ကြည့်ချင်ပါသည်။

"တကယ်တော့ ပင်လယ်ဆိုတာ တို့တောင်ပေါ်လိုပါပဲ"

"ပင်လယ်မှာ ရေတွေရှိတယ်။ တို့တောင်ပေါ်မှာ သစ်ပင်တွေရှိတယ်"

"ပင်လယ်မှာ ပရိယာယ်ရှိသလို၊ တို့တောတောင်တွေမှာလည်း ပရိယာယ်ရှိတယ်။ ဒါပေမယ့် ပရိယာယ်အများဆုံးကတော့ လူပါပဲ။ လူဆိုတာ သူ့ရဲ့ အသက်ရှင်ရေးအတွက် ဘာမဆို လုပ်တတ်တယ်။ ပင်လယ်ကတော့ လူသားတွေရဲ့ အစပါ"

မိမိကြီးဟာ ပြောရင်းဆိုရင်း သူ၏ မှတ်စုလေးကို အသာဖက်လိုက်သည်။

တကယ်တော့ သူ့ရဲ့မှတ်စုထဲမှာ သူကြီးနဲ့ ဒေါင်းနော်နီတို့အကြောင်း သူကြားဖူးနားဝ ရှိခဲ့ပါသည်။ သည်ဇာတ်လမ်းကို သူမသည် အထမ်းသမားတွေဆီက ကြားရသည်။ သာသနာပြုတွေဆီက ကြားရသည်။ တစ်နေ့ ဒါလေးကို စာရေးရင် ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်နိုင်စရာအကြောင်းရှိသည်ဟု မိမိကြီးမှတ်ထားခြင်း ဖြစ်သည်။

ထိုဒေါင်းနော်နီသည် သူ့ကို ကယ်တင်လိုက်ရုံမက ယနေ့ သူ့ကို အကြီးအကျယ် ဂုဏ်ပြုနေကြသည်။

"ငါ ဒေါင်းနော်နီ ဖြစ်ချင်ဖြစ်မှာပါ"

ဒါဆိုလည်း ဘာဖြစ်လဲ။ မိမိကို လူတွေ ယုံနေကြပြီဖြစ်သည်။ မိမိပြောထားသည်ကို မိမိယုံကြည်ဖို့ လိုသည်။ အမွေးတိုင်တွေကြားမှာ သူမ သတိမလစ်မီပြောတဲ့စကားသည် နတ်ဝင်သည်များ စကားကဲ့သို့ ဖြစ်နေသည်။

မိမိကြီး ဘာမှနားမလည်နိုင်ပါ။


မိမိကြီးနေရာမှာ သင်ဆိုရင်ကော ဘာတွေ နားလည်မည်နည်း။

**ဒေါက်တာခင်မောင်ညို**



www.burmeseclassic.com

www.burmeseclassic.com



# ဝေဒနာအကျိုး စာပေအကျိုး

တက္ကသိုလ်သခ်

ထိုနေ့က ကျွန်တော့်အလုပ်တိုက်သို့ ဖုန်းဝင်လာသည်။ ကျွန်တော်နှင့် ပြောချင်လို့တဲ့။ ဖြစ်ချင်တော့ ကျွန်တော်တို့ အလုပ်တိုက်က နံနက် ၁၀ နာရီမှ ဝန်ထမ်းများ ရုံးတက်ကြသဖြင့် ကျွန်တော်မရောက်ခင် ဖုန်းက ဝင်လာသည့်အတွက် ဝန်ထမ်းတစ်ဦးက နားထောင်ပြီး ကျွန်တော့်အား သတင်းပို့သည်။ သူ့သတင်းပို့ချက်က ပြည့်ပြ[illegible]ဉ့်မဟုတ်။ ''စာအုပ်နှင့် စာမူလာထုတ်ရန်''ဟုသာ ဆိုသည်။ ဘယ်နေရာ၊ [illegible]ယ်သူ့ထံသွား၍ ထုတ်ရမည်ကို မပြော။ သို့ဖြင့် ထင်ရာမြင်ရာသို့ ဖုန်းဆက်မေးသော်လည်း အဖြေမရခဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အလုပ်တိုက်ရောက်ပြီး မကြာပါချေ။ ကျွန်တော့်ထံ ဖုန်းဝင်လာသည်။ ဖုန်းဆက်သူက အမျိုးသမီးငယ်တစ်ဦး။ သူပြောတော့မှ အကျိုးအကြောင်း အပြည့်အစုံသိရပြီး ကျွန်တော်ပျော်သွားသည်။ ဖုန်းဆက်သူ အမျိုးသမီးငယ်အား ဝမ်းသာကြောင်းနှင့် ကျေးဇူးတင်ကြောင်း ဖုန်းထဲမှပင် ပြောခဲ့သည်။

## ဆရာဦးမြင့်ထွန်း (မြင့်ထွန်း၊ ကွာလတီ)

ဆရာဦးမြင့်ထွန်းနှင့် ကျွန်တော် ရင်းနှီးခဲ့သည်မှာ ကြာပေပြီ။ စာပေလုပ်ငန်းကိုလုပ်ကြရင်းမှ ခင်မင်သိကျွမ်းခဲ့ခြင်း ဖြစ်၏။ ထို့အပြင် ဆရာတို့မိသားစုက စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို အစဉ်အဆက် နှစ်ရှည်လများ လုပ်ကိုင်ခဲ့ကြသူများ ဖြစ်၏။

ရောင်ပြန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးမောင်မောင်မြင့်အေး (ထိုစဉ်က ဗဟိုအမှုဆောင်ကော်မတီဝင်၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့)နှင့် ကျွန်တော်တို့ ဆရာ့စာအုပ်တိုက်သို့ မကြာခဏရောက်သည်။ ကျွန်တော်တို့က တာဝန်အရ စာပေထုတ်ဝေခွင့် လျှောက်ထားသူများကို စိစစ်ရသည်။ ဤသို့ဖြင့် ကျွန်တော်နှင့် ဆရာတို့ ပိုမိုရင်းနှီးခင်မင်ခွင့် ရရှိခဲ့ပါ၏။

ထို့အပြင် ဆရာနှင့် ကျွန်တော်သည် အစည်းအဝေးများတွင် မကြာခဏဆုံကြသည်။ ဆရာက အသားဖြူဖြူ၊ အရပ်အမောင်းကောင်းကောင်းနှင့် စိတ်သဘောထားပြည့်ဝသူဖြစ်၏။ တစ်ဖက်သားကို အကူအညီပေးတတ်သူလည်း ဖြစ်သည်။ ကျွန်တော်သာမက ဆရာဦးမောင်မောင်မြင့်အေး အပါအဝင် အခြား အခြားသော စာရေးဆရာများ၊ - အယ်ဒီတာများနှင့်လည်း ခင်မင်သူဖြစ်သည်။ စာပေနယ်ပယ်တွင် ဆရာ့ကို မသိသူမရှိသလို ဆရာ့အား ခင်မင်သူများကလည်း ပေါလှသည်။

တစ်နေ့ စာပေအစည်းအဝေးတစ်ခုတွင် ဆရာနှင့်တွေ့ပြီး ကျွန်တော့်ဆောင်းပါးများကိုစုပြီး စာအုပ်ထုတ်လိုကြောင်း၊ စာမူခလည်း မယူပါ။ စာအုပ်ထွက်လျှင်ပင် ကျေနပ်ပါပြီ၊ ဆရာကူညီနိုင်ရင် ကူညီပါဟုပြောရာ ဆရာက မဆိုင်းမတွပင် သူ့ထံ စာမူများပို့ပေးရန် ပြောသည်။ သူ ကူညီပေးပါမည်ဟုလည်း ဆိုသည်။

တစ်ရက်၊ နှစ်ရက်ခန့်အကြာတွင် ကျောက်တံတား မြို့နယ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)ရှိ ဆရာ့ ကွာလတီစာအုပ် သို့ ကျွန်တော် ရောက်ရှိသွားပြီး ဂျာနယ်၊ စာစောင်များတွင် ဖော်ပြခဲ့သည်။ ကျွန်တော့် ဆောင်းပါး စာမူများကို ဆရာ့အား ပေးအပ်ခဲ့၏။ ဆရာက သူဖတ်ကြည့်ဦးမည်ဟုဆိုကာ ကျွန်တော့်ဆောင်းပါး စာမူများကို ယူထားလိုက်သည်။

နောက်နှစ်လခန့်အကြာတွင် ဆရာကိုယ်တိုင် ကျွန်တော့်ထံဖုန်းဆက်၍ စာမူများကို ကွန်ပျူတာစာစီပြီးဖြစ်၍ စစ်နိုင်ရန် လာယူဖို့ ပြောသည်။ နောက်နေ့တွင် ကျွန်တော်သွားယူပြီး စာစီပြီး စာမူများကို စစ်သည်။ ငါးရက်ခန့်အကြာတွင် စစ်ပြီးစာမူများကို ဆရာ့စာတိုက်သို့ လူကြုံဖြင့် ပြန်ထည့်ပေးပို့ခဲ့ပြီး ဖုန်းလည်း ဆက်လိုက်သည်။ ဆရာက ကျွန်တော့်စာမူကို သကြံန်ပိတ်ရက်အတွင်း အပြီး ကွန်ပျူတာ စာစီပေးမည်ဖြစ်ကြောင်း ပြောသည်။

ကျွန်တော်က ဇနီးသည် ဆေးရုံတက်နေရသဖြင့် ကျွန်တော်အနည်းငယ်အလုပ်ရှုပ်နေကြောင်း၊ ကွန်ပျူတာ စာစီပြီး စာမူများကို ကျွန်တော်မဖတ်နိုင်တော့ဘဲ ဆရာ သင့်တော်သလို ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ ဇနီးသည်၏ကျန်းမာရေးကို ဂရုစိုက်နေရသဖြင့် ကျွန်တော့်စာအုပ်ကိစ္စကို အလေးမထားနိုင်။ ထို့အပြင် ဆရာ့ကို ယုံကြည်သဖြင့်လည်း ကျွန်တော် လှည့်မကြည့်ခဲ့ခြင်း ဖြစ်ပါ၏။

## အောင်မြင်သူဖြစ်လိုလျှင်

ကျွန်တော့်စာအုပ် ထွက်သည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်ကြောင်း၊ ကျွန်တော့်ဖုန်းနံပါတ် ရှာမတွေ့သဖြင့် အကြောင်းမကြားနိုင်ခြင်း ဖြစ်ကြောင်း။ ဖုန်းနံပါတ်ကို ကြိုးစားရှာပြီး ဖုန်းဆက်လိုက်ခြင်းဖြစ်ကြောင်း ဆရာက ရှင်းပြသည်။ မည်သို့ရှိစေ ဆရာက ကျွန်တော့်အပေါ် တာဝန်ကျေသည်။ ပေးထားသောကတိကို တည်သည်။ ဆရာ့စေတနာကြောင့် ကျွန်တော့်စာအုပ်မှာ သပ်သပ်ရပ်ရပ် လှလှပပနှင့် ထွက်လာသည်။ ဆရာ့စာအုပ်တိုက်အမည်မှာ Quality Publishing House ဖြစ်သည်နှင့်အညီ အရည်အသွေးရှိသော စာအုပ်ပုံစံလေးက ဆွဲဆောင်မှု ရှိပါ၏။

ဆရာက ကျွန်တော့်အား စာအုပ် ၂၀ နှင့် ဥာဏ်ပူဇော်ခ ငွေကျပ်တစ်သိန်း ချီးမြှင့်သည်။ ဆရာ့စေတနာကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မမေ့ပြနိုင်လောက်အောင် ကျေးဇူးတင်မိ၏။ ကျွန်တော် အနှစ်နှစ်အလလက အားခဲထားသော စာအုပ်လေးတစ်အုပ် ထွက်လာသဖြင့် ကြည်နူးဝမ်းသာမဆုံးရှိခဲ့၏။ ကျွန်တော့်ဘဝ စာပေမှတ်တိုင်တစ်တိုင် စိုက်ထူနိုင်ခဲ့သည့်အတွက်လည်း ပီတိဖြစ်ရပါ၏။

## ဆရာဦးမြင့်ထွန်း၏ စာပေအပေါ်သံယောဇဉ်

ဆရာက စာပေအပေါ် သံယောဇဉ်ကြီးမားသူ ဖြစ်၏။ ကျွန်တော် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် တွဲဖက်အတွင်းရေးမှူး(၁) တာဝန်ထမ်းဆောင်စဉ်က ဆရာသည် ကျောက်တံတားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်လျက်ရှိ၏။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးကို 'မူသစ်'ဖြင့် ပြင်ဆင်ဖွဲ့စည်းသည့်အခါ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ ထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းဟူ၍ အသီးသီး ဖွဲ့စည်းဖြစ်ပေါ်လာသည်။ ထိုအခါ ကျွန်တော်က မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် ပါဝင်ခဲ့သည်။ ဆရာဦးမောင်မောင်မြင့်အေးနှင့် ဆရာဦးမြင့်ထွန်းတို့နှစ်ဦးက မြန်မာနိုင်ငံ ထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတွင် ပါဝင်ကြသည်။ ဆရာတို့နှစ်ဦးစလုံး ဗဟိုအမှုဆောင် ကော်မတီဝင်များ ဖြစ်ကြသည်။

ဆရာဦးမြင့်ထွန်းသည် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတစ်ဖက်နှင့် စာပေအကျိုးဆောင်လုပ်ငန်းကို အချိန်ပေး၍ လုပ်ရ၏။ ထို့အပြင် အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့တွင်လည်း ဆရာ့အား တာဝန်ပေးထားသည်ဟု သိရ၏။

ဆရာ့စာအုပ်တိုက်သို့ ကျွန်တော်ရောက်ရှိသည့်အခါတိုင်း စာရေးဆရာကြီးကို တွေ့ရ၏။ ထိုအထဲတွင် ကျွန်တော်နှင့် ရင်းနှီးခင်မင်သော ဆရာသူရဇော် (ဦးစိန်လှိုင် မဟာဝိဇ္ဇာ)နှင့် အခြားဆရာများကို တွေ့ရ၏။ ဆရာတို့အားလုံးသည် ဆရာဦးမြင့်ထွန်း၏ လက်တွဲဖော် ရေးဖော်ရေးဘက်များ ဖြစ်သည့်အပြင် Quality စာအုပ်တိုက်၏ ပုံကိုင်ရှင်များလည်း ဖြစ်ကြ၏။ Quality စာအုပ်တိုက်မှ ထုတ်ဝေသော ပညာပေးစာအုပ်များနှင့် သုတ,ရသ စာအုပ်များကို အမျိုးမှန်၊ အဖိုးတန်သော စာအုပ်ကောင်းများဖြစ်စေရန် စီစဉ်တည်းဖြတ်ကြသူများလည်း ဖြစ်ပါ၏။

ဆရာများ၏ စာပေအတွေ့အကြုံ၊ စာပေသမ္ဘာတို့ကြောင့်လည်း Quality စာအုပ်တိုက်မှ ထုတ်ဝေသည့် စာအုပ်များမှာ အဆင့်အတန်း၊ အရည်အသွေး ရှိသည်ကို တွေ့ရ၏။

ကျွန်တော် ဆရာဦးမြင့်ထွန်းနှင့် တွေ့သဖြင့် ဆရာ့စာအုပ်တိုက်မှ ထုတ်ဝေသော စာအုပ်များအခြေအနေကို မေးမြန်းကြည့်ရာ ဆရာက "ကျွန်တော့် စာအုပ်လိုင်းက သီးသန့်ဖြစ်နေတဲ့အတွက် မဆိုးပါဘူး"ဟု ပြောသည်။

## မီဒီယာခေတ် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

ယနေ့ခေတ်သည် မီဒီယာခေတ်ဟု ပြောနိုင်သည်။ အစိုးရသတင်းစာများ ပုဂ္ဂလိကထုတ် သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ အထွေထွေ လုံးချင်းစာအုပ်များ ပြောက်မြားစွာ ထွက်ရှိနေသောကာလတွင် စာအုပ်ထုတ်ဝေသည့် လုပ်ငန်းကို တစ်စိုက်မတ်မတ် လုပ်ကိုင်နေကြသည့် ထုတ်ဝေသူများကို ကျွန်တော် ချီးကျူးမိပါ၏။

အချို့ဆိုလျှင် စီးပွားရေးအရ တွက်ခြေမကိုက်သော်လည်း ဂုဏ်နှင့်သိက္ခာကို ငဲ့၍လည်းကောင်း၊ စာပေသံယောဇဉ် ကြီးမား၍လည်းကောင်း ရပ်နားခြင်းမရှိဘဲ ထုတ်ဝေနေကြသည်။ အမှန်တွင် စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် 'သမာအာဇီဝ' စီးပွားရေးလုပ်ငန်း ဖြစ်သဖြင့် 'စေတနာမှန်လျှင် ကံကောင်းသည်' ဟူသော စကားအတိုင်း စေတနာ၏အကျိုး၊ စာပေ၏အကျိုးတို့ကို မလွဲကေန် ခံစားရမည်ဟု ယုံကြည်မိပါ၏။

---

## တက္ကသိုလ်သခ်

---





www.burmeseclassic.com

www.burmeseclassic.com

# ကံတူအကျိုးပေးသော ကေရာင်ဘုရင်နှစ်ပါး

နန္ဒာမောင်(သံဖြူဇရပ်)

အင်္ဂလိပ်တို့သည် ၁၈၈၅ ခုနှစ်တွင် သီပေါမင်းကိုနန်းချ၍ အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပို့လိုက်သဖြင့် ကုန်းဘောင်မင်းဆက် ပြတ်ကာ သီပေါမင်းသည် မြန်မာနိုင်ငံ၏ နောက်ဆုံးမင်း ဖြစ်သွားရပါသည်။ ထို့အတူ မူဂိုလ်မင်းဆက်ဖြစ်သော ဘဟာဒူးရှားဇဖားမင်းကို ၁၈၅၈ တွင် နန်းချပြီး မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ပို့လိုက်သောအခါ အိန္ဒိယနိုင်ငံ၌ မင်းဆက်ပြတ်၍ ဘဟာဒူးရှားဇဖားမင်းသည် အိန္ဒိယနိုင်ငံ၏ နောက်ဆုံးမင်း ဖြစ်သွားလေသည်။



နိုင်ငံမတူ၊ လူမျိုးမတူ၊ ဘာသာယဉ်ကျေးမှုကအစ မတူကွဲပြားခြားနားလှသော ကေရာင်ဘုရင်ကြီး နှစ်ပါးတို့၏ ကံတူအကျိုးပေးသော အကြောင်းအခြင်းအရာတို့ကို တင်ပြသွားမည်ဖြစ်ရာ သတိရအောက်မေ့ဖွယ်၊ လွမ်းမောဖွယ်၊ သံဝေဂဖြစ်ဖွယ်များ ခံစားရရှိပြီး နိုင်ငံတစ်နိုင်ငံ၏ ရေရှည်တည်တံ့ရေးတွင် အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သော မင်းကောင်းမင်းမြတ်များ (နိုင်ငံခေါင်းဆောင်ကောင်း)များ အ... လိုအပ်ကြောင်း သိရှိစေလို၍လည်း ဖြစ်သည်။

## သီပေါမင်း (KING THIBAW)

သီပေါမင်းသား... ခမည်းတော် မင်းတုန်းမင်းနှင့် မိဖုရားလောင်းရှည်မင်းသမီးတို့မှ ၁၈၅၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မန္တလေးမြို့၌ ဖွားမြင်သည်။ စနေသားဖြစ်၍ ငယ်မည်မှာ မောင်မှ... ဆက်ဖြစ်သည်။ မန္တလေးနန်းတော်၌ သားတော် သမီးတော် ငါးဦးထွန်းကားရာ သားတော်တစ်ဦး၊ သမီးတော်နှစ်ဦးမှာ ငယ်စဉ်အခါကပင် ကျောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ပါတော်မူစဉ်က သမီးတော်နှစ်ဦး လိုက်ပါသွားရာ ရတနာဂီရိမရောက်မီ မဒရပ် (ယခုချင်းနိုင်း)မြို့တွင် တတိယသ... ထိပ်စုမြတ်ဘုရား ၁၈၈၆ ... မွေးဖွား၍

www.burmeseclassic.com



ဘဟာဒူးရှား ဇဖား

…နာဂိရိရောက်ရှိပြီးနောက် ၁၈၈၇ …တ္တသမီး ထိပ်စုမြတ်ဖုရားလေး …ွားလာသဖြင့် သီပေါမင်းသည် သမီး …်လေးဦး၊ မိဖုရားကြီး စုဖုရားလတ်၊ …းငယ် အပါအဝင် အိမ်တော်သား … ကျော်နှင့်အတူ ရတနာဂိရိ ယာယီ …၌ အကျဉ်းသားအဖြစ် နေထိုင်ခဲ့ရ …


၁၈၇၈ ခုနှစ် မင်းတုန်းမင်း နတ် …သောအခါမှ ရတနာပုံထီးနန်းကို …ရရှိလာသည့် သီပေါမင်းမှာ ထီးနန်း …ချိန်တွင် သက်တော် ၂၀၊ မိဖုရား …လတ်မှာ ၁၉ နှစ်မျှသာ ရှိသေး … သမိုင်းတွင် အလွန်ငယ်လှသော …င့် မိဖုရားများ ဖြစ်ကြသည်။

…ကြာဒေဝီ မိဖုရားခေါင်ကြီးလည်း …နှံပြီးဖြစ်ရာ အလယ်နန်းမတော် မိဖုရားကြီး ဆင်ဖြူမရှင်သည် နန်းတော်၌ ဩဇာအာဏာအရှိဆုံး ဖြစ်လာသည်။ လွှတ်တော်ရှိ ဝန်ကြီးများထဲမှ မိမိအသုံးတည့်သည့် ဝန်ကြီးအချို့အကူအညီဖြင့် (ထိုစဉ်က ပိဋကတ်တော် ပထမပြန် စာမေးပွဲ အောင်သဖြင့် မင်းတုန်းမင်းကြီး သဘောရှိဖူးသော) သီပေါမင်းသားကို အိမ်ရှေ့အရာပေးပြီး ဘုရင် မဖြစ်ဖြစ်အောင် နန်းတင်ခဲ့သည်။ သမီးတော်များနှင့် စုလျားလက်ထပ်ထိမ်းမြားပေးခဲ့သည်။ အစဉ်အလာအရ သမီးတော်ကြီး စုဖုရားကြီးသာ မိဖုရားကြီးအဖြစ် ဘိသိက်ခံရမည်ဖြစ်သော်လည်း အလတ်မ စုဖုရားလတ်က မိဖုရားကြီးနေရာ အတင်းဝင် ရယူခဲ့သည်။

မိဖုရားကြီး ဆင်ဖြူမရှင်လည်း ဘာမျှ မတတ်နိုင်ရှာ။

ဤသည်မှာ မိဖုရားကြီး စုဖုရားလတ်က နန်းတွင်းအရေး စတင်နှိုးဆွပေးသလိုဖြစ်ရပြီး ထိုမှ အိမ်ထောင်ရေးကအစ ပြည်ထဲရေးနှင့် နိုင်ငံခြားရေးအဆုံး တိုင်းပြည်အရေးအရာမှန်သမျှကို မိဖုရားကြီး စုဖုရားလတ်နှင့် ပူးပေါင်း၍ ဆင်ဖြူမရှင်၊ ကင်းဝန်မင်းတို့က ကြိုးကိုင်ခြယ်လှယ်ကြတော့သည်။ မင်းမိဖုရားနှစ်ပါး ဘိသိက်ခံစဉ် ဘုရင်ဖြစ်နိုင်ခြေရှိသော မင်းသားအားလုံးကို ချုပ်နှောင်ဖမ်းဆီးထားကြသည်။ နောက် စိတ်မချဟန်ရှိသဖြင့် လက်သုံးတော်ကြီးများက မင်းဆီမင်းသွေး ၄၀ ကျော်အား အပြီးတိုင် သုတ်သင်ရှင်းလင်းလိုက်ကြသည်။ ယင်းမှာ သမိုင်း အစဉ်အလာကြီးမားခဲ့သော ရတနာပုံရွှေနန်းတော်တွင်း ဖျောက်ဖျက်မရသော သွေးစွန်းသည့် ကြေကွဲဖွယ် အဖြစ်အပျက်ကြီးပင်။


သီပေါမင်း ထီးနန်းဆက်ခံချိန်တွင်



သီပေါမင်းနှင့် စုဖုရားလတ်(လယ်)၊ စုဖုရားကြီး

www.burmeseclassic.com


www.burmeseclassic.com



ရတနာဂီရိစံအိမ်တော် ရှေ့ဝရန်တာပါ ထောင့်ချိုးအနီးကပ်ပုံ

အင်္ဂလိပ် တို့က အောက်မြန်မာနိုင်ငံကို နှစ်ပေါင်း ၃၀ တိုင် သိမ်းပိုက်အုပ်ချုပ်နေရုံမျှမက အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရေးအတွက် ပြင်သစ်နှင့် အင်္ဂလိပ်တို့ အပြိုင်ကြိုးစားနေချိန်လည်း ဖြစ်သည်။

ယင်းအချိန်အခါ နန်းတွင်းရေးက မအေးဖွယ်၊ မငြိမ်းဖွယ် စုလစ်မွမ်းချွန် ရွှေနန်းတော်ကြီးကလည်း ယိုင်နဲ့နေသည့် အိမ်အိုကြီးကဲ့သို့ လဲပြိုလုနီး ဆိုသည့်အတိုင်း။ ထိုသို့ အဘက်ဘက်မှ အင်အားချည့်နဲ့ ယိုယွင်းနေသည့် တိုင်းပြည့်အခြေအနေကို ကောင်းစွာသိရှိနေသော



ရတနာဂီရိစံအိမ်တော် အခမ်းအနား ညရှုခင်း

အင်္ဂလိပ်တို့သည် ထိုစဉ်က နန်း... ဩဇာအာဏာရှိနေသူတို့ကို တင်း... လှည့်အယုံသွင်းပြီး သေနတ်လက်... တစ်ချက်မျှ မပစ်ဖောက်ရဘဲ သီပေါ... နှင့် မိဖုရား စုဖုရားလတ် အရှင်နှစ်ပါး... ပရိယာယ်ဆင် ဖမ်းဆီးခေါင် ယူ... သည်မှာ ၁၈၈၅ ခုနှစ်ကဆိုလျှင် နှစ်ပေါင်း ၁၂၈ နှစ်ပင် ကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။

## ဘဟာဒူးရှားဇဖား


ဘဟာဒူးရှားဇဖား (Muhamm... Bahadur Shah Zafar) မင်း ခရစ်နှ... ၁၇၇၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်... ဒေလီမြို့၌ မွေးဖွားသည်။ မူဂိုလ်မင်း... Mughal) အကဘားရှားဆာနီနှင့် ဟိ... မိဖုရား လာဘီတို့၏ သားတော်ဖြစ်သည်။

ဘဟာဒူးရှားသည် ကဗျာရေးခြင်း... ဝါသနာပါပြီး ကဗျာရေးသားခြင်းကြောင့် ကဗျာဆရာ ဇဖားဟူ၍ လူသိများထင်ရှား... သူဖြစ်သည်။ ခမည်းတော်ကြီး အကဘား... ရှားဆာနီမင်း နတ်ရွာစံသောအခါ အိမ်ရှေ့... စံ ညီဝမ်းကွဲဖြစ်သူ မိရဇဂျဟန်ဂိရ်သည် ထီးနန်းဆက်ခံရသည်။ အင်္ဂလိပ်လက်... ချက်ဖြင့် ညီဝမ်းကွဲဖြစ်သူ ဘုရင် မိရဇဂျ... ဟန်ဂိရ် သေဆုံးသောအခါ ကဗျာစာပေ... စိတ်ဝင်စားပြီး နိုင်ငံရေးစိတ်မဝင်စားသည့် ဘဟာဒူးရှားသည် မိခင်ကြီး ကြိုတင် စီစဉ်ထားချက်အရ ဖခင်နှင့် ဦးလေးဖြစ် သူတို့၏ ထီးနန်းကို ဆက်ခံရသည်။

အင်္ဂလိပ်တို့သည် အရှေ့အိန္ဒိယ ကုမ္ပဏီ(ဘုရင်ခံအစိုးရအဖွဲ့) တည်ထောင် ပြီးသည့်အခါ ငွေကြေးနှင့် ရုံးသုံးလုပ်ငန်း များမှ မူဂိုလ်မင်းအမည်နှင့် အမှတ်တံဆိပ် ကို ပယ်ဖျက်လိုက်ကြသည်။ သို့ရာတွင် ဘဟာဒူးရှားကို အိန္ဒိယနိုင်ငံမင်းများ

www.burmeseclassic.com

www.burmeseclassic.com



ရတနာဂီရိနန်းတော်တွင်း ပဒေသာကပွဲ

(မူစလင်+ဟိန္ဒူ စသည်)ကို အုပ်ချုပ်သော ကေရာဇ်မင်းတစ်ပါးအဖြစ် သတ်မှတ်ပေးထားသည်။ ကိုယ်ရံတော်တပ်လည်း ဖွဲ့စည်းခွင့်ပြုထားသည်။ သို့သော် ဒေလီမြို့ကိုကျော်၍ တိုက်ခိုက်ခွင့်မရှိသဖြင့် တကယ်တမ်း အိန္ဒိယအစိုးရ မဟုတ်ဘဲ ဒေလီအစိုးရမျှသာ ဖြစ်လေသည်။

ဘုရင်ကြီး၏ သူ့ကဗျာ သူ့စာတို့သည် ပြည်သူ့ဘဝ ခံစားချက်များကို ဖော်ညွှန်းရေးသားထားသည့်အတွက် ၁၈၅၇ ခုနှစ်၊ အိန္ဒိယသူပုန်ထချိန်တွင် သူ့အား အင်္ဂလိပ်အစိုးရ မျက်စိစပါးမွေးစူးရလောက်အောင် ထိပ်တိုက်တိုးသောအဖြစ်နှင့် ရင်ဆိုင်ဆုံစည်းရလေသည်။ ပြည်တွင်း၌လည်း ပြည်နယ်မင်းများ မညီမညွတ် ဖရိုဖရဲဖြစ်နေချိန် ဘုရင်ဖြစ်လာသော တပ်ပျက်မိုလ်မင်းကြီး ဘဟာဒူးရှားသည် လက်အောက်ခံပြည်နယ်မင်းများ လိုအင်ဆန္ဒများကို တတ်နိုင်သမျှ တရားနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးပါသော်လည်း တရားနှင့်မညီသည်ကို မဆောင်ရွက်ပေးသည့်အခါ သူ့ကိုဆန့်ကျင်သော ဘာသာရေးခေါင်းဆောင်အူလမား(Ulma)၏ လုပ်ဆောင်မှုက သူ့အား ဆန့်ကျင်သည်မဖြစ်တော့ဘဲ "အုပ်ချုပ်သူ ဘုရင်အင်္ဂလိပ်ကို တော်လှန်ကြစို့" ဟူ၍ သတင်းစကားဖြစ်သွားပြီး အင်္ဂလိပ်တော်လှန်ရေး သူပုန်ထပွဲကြီး ဖြစ်သွားတော့သည်။

နောက် ရှီးယားမူစလင်တို့၏ "အီးဒ်"ပွဲတော်တွင် နွားသတ်ခွင့်မပေးခြင်း အကြောင်းကြောင့်လည်း ရှီးယားမူစလင်ဘာသာဝင်ဖြစ်သော မိမိအား ရှီးယားနှင့် ရှီးယားဆန့်ကျင်ဘက် ဆွန်နီမူစလင်များပါ ဘဟာဒူးရှားမင်းအား အုပ်ချုပ်သူဘုရင်အဖြစ်မှ ဖယ်ရှားပေးရန် လှုံ့ဆော်တော်လှန်ကြသည်။

ထို့အတူ အင်္ဂလိပ်တို့ကလည်း "ယခင်က ဘဟာဒူးရှား အုပ်ချုပ်မှုအောက်တွင် အိန္ဒိယနိုင်ငံမင်းများ ညီညွတ်နေကြသော်လည်း ယခု မညီညွတ်ဘဲ သူပုန်ထနေခြင်းသည် ဘဟာဒူးရှားကြောင့်ဖြစ်သည်"ဟု ယူဆပြီး ဒေလီမြို့အပြင်ဘက် ဟူးမားယွန်းသင်္ချိုင်းတွင် တိမ်းရှောင်ပုန်းအောင်းနေသည့် ဘဟာဒူးရှားကို တိုက်ခိုက်ဖမ်းဆီးလိုက်သည်။ သူ၏ သားသုံးယောက်နှင့် မြေးတစ်ယောက်ကိုလည်း သတ်ပစ်လိုက်ကြသည်။ အချို့ကို နယ်နှင်ဒဏ်ပေးပြီး ဘဟာဒူးရှားနှင့် ဇနီးသည် ဇီးနတ်မဟော်ကို ပြည်နှင်ဒဏ်အဖြစ် ၁၈၅၈ ခုနှစ်တွင် မြန်မာနိုင်ငံအောက်ပိုင်း အင်္ဂလိပ်အုပ်ချုပ်နေသည့် ရန်ကုန်မြို့သို့ ပို့လိုက်သည်။ လေးနှစ်အကြာ ၁၈၆၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ဘဟာဒူးရှား နတ်ရွာစံ၍ သူ၏ ရုပ်ကလာပ်ကို ရွှေတိဂုံဘုရားတောင်ဘက်လမ်း (ရှင်စောပုစေတီ၊ အမှတ်-၆၊ ဇီဝကလမ်း)တွင် ဂူသွင်းမြှုပ်နှံသင်္ဂြိုဟ်ထားလေသည်။ နောက်ပိုင်း ယင်းလမ်းနေရာကို ဇဖားရှားလမ်းဟု သတ်မှတ်ခေါ်ဆိုလာကြသည်။

## ကေရာဇ်နှစ်ပါး ဘဝနိဂုံး အဆုံးသတ် နှိုင်းယှဉ်ချက်များ

၁။ သီပေါမင်းသည် သာမန်မင်းသားငယ်ဖြစ်သော်လည်း ခမည်းတော် မင်းတုန်းမင်းတရားကြီး ကွယ်လွန်သည့်အခါ နန်းမတော်ဆင်ဖြူမရှင် မိဖုရားကြီးအစီအမံဖြင့် ရတနာပုံထီးနန်းကို ဆက်ခံရသည်။ ရတနာပုံမင်းနေပြည်တော်သည်



www.burmeseclassic.com

www.burmeseclassic.com

ကောရာဇ်ဘုရင်တို့သာ စိုးမိုးအုပ်ချုပ်ခွင့်ရှိသည့် နိုင်ငံတော်ကြီးဖြစ်၍ ကောရာဇ်ဘုရင်တစ်ဆူ ဖြစ်လေသည်။

ထိုနည်းတူ ဘဟာဒူးရှားဇဖားမင်းသည်လည်း မူဂိုလ်ဘုရင်နှင့် ဟိန္ဒူမိဖုရားတို့မှ ဖွားမြင်သည့် မင်းသားတစ်ပါးဖြစ်သည်။ အခြားသော မိဖုရားများက မွေးဖွားသော သားနှင့်သမီး ၅၀ ကျော်မျှရှိသော်လည်း ယင်း၏မိခင် မိဖုရား၏ တင်ကြိုအရေးဆိုထားခြင်းကြောင့် ခမည်းတော်ဘုရင်ကြီး ကွယ်လွန်သည့်အခါ (ညီတော် အိမ်ရှေ့စံလည်း အင်္ဂလိပ်များ တိုက်ခိုက်သေဆုံးရသဖြင့်) ဒေလီထီးနန်းကို ဆက်ခံရ၍ အိန္ဒိယနိုင်ငံ၏ ကောရာဇ်ဘုရင် ဖြစ်လာသည်။

၂။ သီပေါမင်းသည် ရိုးသားလှ၍ ပိဋကတ်စာပေတတ်မြောက်ပြီး ဘာသာသာသနာရေး၌ ကြည်ညိုလေးစားကာ ရဟန်းဝတ်ခဲ့သူ မင်းတစ်ပါးဖြစ်သလို၊ ဘဟာဒူးရှားမင်းသည်လည်း နိုင်ငံရေးစိတ်မဝင်စားဘဲ ကဗျာစာပေရေးသားခြင်း၌ ဝါသနာထုံပြီး မူစလင်ဂိုဏ်းဘုန်းကြီးဘဝဖြင့် နေထိုင်လာသူ ဖြစ်သည်။

၃။ သီပေါမင်းသည် မိဖုရားကြီး ဆင်ဖြူမရှင်နှင့် သမီးတော် စုဖရားလတ်တို့၏ ကြိုးဆွဲရာနောက် လိုက်ပါရခြင်း၊ နိုင်ငံရေးအခြေအနေကို နားမလည်၊ စိတ်ဝင်စားမှုမရှိခြင်း၊ ရိုးစင်းခြင်း၊ တစ်ဖက်ရန်သူတို့၏ ပရိယာယ်ကိုလည်းမသိ၊ ကောရာဇ်တစ်ပါး၌ ရှိသင့်ရှိထိုက်သည့် အရည်အသွေး မပြည့်စုံခြင်း စသည့် အကြောင်းများကြောင့် သူတစ်ပါးနိုင်ငံသို့ အလွယ်တကူ ခေါ်ဆောင်သွားခြင်း ခံရလေသည်။

ဘဟာဒူးရှားမင်းသည်လည်း သီပေါမင်းနှင့် ပုဂ္ဂိုလ်ရေး အခြေခံအကြောင်းအချက်များ မတူသော်လည်း ဖြစ်ပျက်ပုံအခြေခံအချက်အလက်များ တူလှသည်။ အချိန်ရှိတိုင်း ကဗျာစာပေများ လုပ်နေသူဖြစ်သည်။ တိုင်းရေးပြည်ရေး၊ နိုင်ငံရေးတို့၌ စိတ်ဝင်စားခြင်းမရှိသည့်အတွက် ဆန့်ကျင်ဘက် ဘာသာရေးဂိုဏ်းခေါင်းဆောင်များ လွှဲမှားစွာ အထင်မှားခံရသည်။ အချိန်အခါတွင် အကွက်ကောင်းကို စောင့်ကြည့်နေသည့် အင်္ဂလိပ်တို့ လက်တွင်းသို့ ကြက်ကလေးငှက်ကလေးသဖွယ် ပစ်ခတ်ဖမ်းဆီးခြင်းခံရပြီး တစ်ပါးနိုင်ငံ ရန်ကုန်မြို့သို့ ပို့ဆောင်ခြင်းခံရသည်။

၄။ အင်္ဂလိပ်တို့က မြန်မာဘုရင် သီပေါမင်းကို အိန္ဒိယနိုင်ငံသို့ ပို့ဆောင်ပြီး အိန္ဒိယနိုင်ငံ မူဂိုလ်မင်း ဘဟာဒူးရှားကို မြန်မာနိုင်ငံသို့ အပို့ခံရခြင်းတူညီသော်လည်း သီပေါမင်းပါတော်မူချိန်တွင် သက်တော် ၂၇ နှစ်မျှသာ ရှိသေး၍ မြန်မာနိုင်ငံရောက် ဘဟာဒူးရှားမင်းမှာ သက်တော် ၈၃ နှစ်မျှရှိရာ အရွယ်လွန်လှလေပြီ။ ဘဝရေသတဏှာဖြင့်ဆိုရလျှင် သီပေါမင်းသည် မင်းစည်းစိမ်ကို ကောင်းစွာမခံစားလိုက်ရ၊ အကျဉ်းသားဘဝဖြင့် တိုင်းတစ်ပါး၌ ဆယ်စုနှစ် သုံးစုကျော်မျှ နေထိုင်စံမြန်းခဲ့ရလေသည်။

၅။ နောက်တစ်ခုရှိသေးသည်။ သီပေါမင်းသည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိစဉ် ပထမဦးစွာ မဒရပ်(ယခု ချင်နိုင်း)၌ ခေတ္တခဏနေထိုင်ရပြီးနောက် ဘုံဘေမြို့ (ယခု မူဘိုင်း)မြို့ တောင်ဘက် မိုင် ၁၂၀ အားဖြင့် ဝေးလံသော ရေခြားမြေခြားဒေသ ရတနာဂီရိမြို့သို့ အပို့ခံရသည်။ ရတနာဂီရိမြို့သည် အာရေဗျပင်လယ်ကမ်းခြေ တောင်စွန်းပေါ် သစ်တောအတွင်း ဘေကားဘန်ဂလိုတွင် ၂၃ နှစ်တာ ကျပ်တည်းကျဉ်းမြောင်းစွာ နေထိုင်ခဲ့ရသည်။ ၁၉၁၆ ခုနှစ် သီပေါမင်းကွယ်လွန်ချိန် ခုနစ်နှစ်မျှအထိသာ ရတနာဂီရိ စံအိမ်တော်အသစ်၌ နေသွားရရှာသည်။

ဘဟာဒူးရှားမင်းက ထိုသို့မဟုတ်။ သက်တော်ကြီးသည်ကလွဲ၍ ဒေလီထီးနန်းစည်းစိမ်ကိုလည်း အပြည့်အဝ ခံစားရပြီး ဘုရင်ကြီး အကျဉ်းကျခံရစဉ်ကတည်းက နေထိုင်ရသည့် ရန်ကုန်မြို့ ရွှေတိဂုံဘုရား တောင်ဘက်လမ်းရှိ ယခုဇဖားရှားဂူဗိမာန်နေရာတွင် မြန်မာနိုင်ငံမြို့တော် ရန်ကုန်မြို့လယ်ကောင် ရွှေတိဂုံစေတီကြီးအနီးကပ်တည်ရှိရာ ထိုနေရာ၌ပင် ကွယ်လွန်သည်အထိ နေထိုင်သွားရသဖြင့် သီပေါမင်းထက် ကံကောင်းလှသူ ဖြစ်သည်။

၆။ သီပေါမင်းသည် ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းခံရ ဆိုသလို အင်္ဂလိပ်တို့ မန္တလေးသို့ရောက်သည်နှင့် နန်းတော်ကို ဝိုင်းရံပိတ်ဆို့ပြီး သီပေါမင်းကို နေ့ချင်းညချင်း ဖမ်းဆီး၊ သင်္ဘောပေါ်တင် ခေါ်ဆောင်သွားခဲ့ရာ သီပေါမင်းသည် ဘာမသိ ညာမသိ လိုက်ပါသွားရသည်။ မင်းကြီးသည် နန်းတော်သို့ အင်္ဂလိပ်တပ်များ မရောက်မီ ရွှေဘိုသို့ တိမ်းရှောင်ရန် စီစဉ်ထားသော်လည်း ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းတို့၏ မသွားရန် ဖျောင်းဖျတားဆီးမှုကြောင့် ထွက်ခွာတိမ်းရှောင်ခြင်း မပြုလိုက်ရ။

ဘဟာဒူးရှားမင်းက ထိုသို့မဟုတ်။ အင်္ဂလိပ်အစိုးရက အိန္ဒိယနိုင်ငံကို ဘုရင်ခံအစိုးရအဖြစ် အုပ်စိုးနေချိန်၌ပင် ဘဟာဒူးရှားမင်းအား အိန္ဒိယနိုင်ငံ အိန္ဒိယလူမျိုးတို့၏ ကောရာဇ်ဘုရင်အဖြစ် သတ်မှတ်အုပ်ချုပ်ခွင့်ပေးထားလေသည်။ ကိုယ်ပိုင်



www.burmeseclassic.com

တပ်ဖွဲ့လည်းရှိသည်။ သူပုန်ထသည်ထင်ရသောအခါမှသာ ဘဟာဒူးရှားမင်းအား ပြည်နှင်ဒဏ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

၇။ သီပေါမင်းက ၁၈၈၅ ခုနှစ် ပါတော်မူပြီးသည့်နောက် ရတနာဂီရိကမ်းခြေ တောခေါင်ခေါင်မြို့၌ နှစ်ပေါင်း ၃၃ နှစ်မျှ ရှည်ကြာစွာ နေထိုင်စံမြန်းခဲ့ရသော်လည်း ဘဟာဒူးရှားမင်းက မြို့တော်ရန်ကုန်ရောက်ပြီး ကဗျာလင်္ကာများ ရေးဖွဲ့ရင်း သုံးနှစ်ကျော်မျှအကြာတွင် ကွယ်လွန်အနိစ္စရောက်သဖြင့် ဆင်းရဲဒုက္ခ နှစ်ကြာရှည်စွာ မခံစားရ။ ငယ်ရွယ်သူ သီပေါမင်းကဲ့သို့လည်း တစ်ပါးနိုင်ငံ၌ နှစ်ပေါင်းများစွာ အကျဉ်းသားအဖြစ် မခံစားခဲ့ရသူ ဖြစ်လေသည်။

၈။ သီပေါမင်းပါတော်မူသည့်အခါ နန်းတွင်းသူ မိသားစုများ။ ပြည်သူပြည်သားများ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ကစဉ့်ကလျားဖြစ်ခြင်း၊ တန်ဖိုးမဖြတ်နိုင်သည့် နန်းတွင်းပစ္စည်းများ လုယက်သိမ်းဆည်းခံရခြင်း စသည်တို့ တူညီနိုင်မည်ဖြစ်သော်လည်း သမိုင်းတန်ဖိုးကြီးလှသည့် သီပေါမင်း၏ ရတနာပုံ ရွှေနန်းတော်ကြီးမှာ အင်္ဂလိပ်တို့၏ မီးရှို့ဖျက်ဆီးခြင်းခံလိုက်ရပြီး ပြာပုံအတိဖြစ်ရသကဲ့သို့ ဘဟာဒူးရှားမင်း၏ ဒေလီနန်းတော်မှာ ထိုသို့ဖျက်ဆီးခြင်း မခံရပေ။

၉။ ကရောင်ဘုရင်နှစ်ပါး ကံအကြောင်းမလှစွာဖြင့် ပြည်နှင်ဒဏ်ခံရပြီး အကျဉ်းသားဘဝဖြစ်ရခြင်း တူညီသော်လည်း မိမိသီပေါမင်းအရှင်အတွက် မိမိတို့(သူ့နိုင်ငံ)မှ သတိရအောက်မေ့ဖွယ် အထိမ်းအမှတ်ကို ထိုက်ထိုက်တန်တန် ကျင်းပခြင်း၊ ပါတော်မူအထိမ်းအမှတ်ကျောက်စာတိုင် စိုက်ထူခြင်း၊ ပါတော်မူပြတိုက်တည်ထောင်ခြင်း စသည့် သမိုင်းမှတ်တမ်းများ ပြုစုထိန်းသိမ်းတည်ထောင်ထားရှိသင့်သည်ဟု ထင်ပါသည်။ နှစ်စဉ်မပျက် ပါတော်မူနေ့ အထိမ်းအမှတ်ကျင်းပ၍ အမျိုးသားရေးစိတ်ဓာတ် နိုးဆွခြင်းများ ကောင်းစွာပြုလုပ်သင့်သော်လည်း (ပါတော်မူနေ့ ပြုလုပ်ရုံမျှကို မဆိုလို) ထိုက်ထိုက်တန်တန် ပြုလုပ်ခြင်းမရှိသည်ကို တွေ့ရသည်။

ဘဟာဒူးရှားမင်း ပါတော်မူသည်နှင့် စပ်၍ ၁၉၅၉ ခုနှစ်တွင် ဒေလီမြို့၌ ဘဟာဒူးရှားပါတော်မူနေ့ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် **အောအိန္ဒိယဘဟာဒူးရှားဇဖားအကယ်ဒမီ**(The All India Bahadur Shah Zafar Academy) အဖွဲ့ကို အထိမ်းအမှတ်အဆောက်အအုံနှင့်တကွ ထူထောင်လိုက်ကြသည်။ ယင်းအဖွဲ့တည်ရှိရာ လမ်းကိုလည်း **ဘဟာဒူးရှားဇဖားလမ်း**ဟု အမည်ပေးလိုက်ကြကြောင်း သိရသည်။

ယင်းအကယ်ဒမီအဖွဲ့သည် ၁၉၅၇ ခုနှစ်က အိန္ဒိယနိုင်ငံ အင်္ဂလိပ်တော်လှန်ရေးစစ်ပွဲများ၊ ဘဟာဒူးရှားမင်း၏ ပါဝင်လှုပ်ရှားခဲ့ပုံများကို သရုပ်ဖော်၍ တစ်နိုင်ငံလုံးသို့ ဟိန္ဒီစကားပြော၊ အူရဒူစကားပြော ရုပ်ရှင်ကားများ ရိုက်ကူးဖြန့်ချိပြသခဲ့သည်။

ဘဟာဒူးရှား၏ ရုပ်တုကိုလည်း ဗာရာဏသီမြို့ ဗိဂျေနဂရာမ်နန်းတော်၌ တည်ထောင်ပြီး ဆွေတော်မျိုးတော်များ၊ အများပြည်သူများ မကြာခဏ လာရောက်ဂါရဝပြုကြသဖြင့် ရှေးမင်းများကို အောက်မေ့သတိရစေပါသည်။ ထို့ပြင် ထိုစဉ်က အိန္ဒိယအင်ပါယာအတွင်းရှိသေးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒိုးဒကားမြို့ (Old Dhaka) ရှိသော ဗိတိုရိယပန်းခြံကို "**ဘဟာဒူးရှားဇဖားပန်းခြံ**" (Bahadur Shah Zafar Park) ဟူ၍ အမည်ပြောင်းလဲပေးလိုက်သည်။

ထိုသို့လျှင် ကရောင်ဘုရင်ချင်းတူ အကျဉ်းသားချင်းတူသော်လည်း မတူကွဲပြားသော အဖြစ်အပျက်အကြောင်းအရာတို့ သိရှိမှတ်သားခြင်းမျှတင် မရပ်ဘဲ ထိုသို့ သမိုင်းဖြစ်စဉ် အခြင်းအရာတို့ကို သင်ခန်းစာယူပြီး အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် အမျိုးကိုချစ်သူတိုင်း တိုင်းပြည်နှင့် အမျိုးဘာသာ၊ သာသနာအကျိုးအတွက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ပြင်းပြစွာဖြင့် တတ်နိုင်သရွေ့ ပါဝင်ဆောင်ရွက်နိုင်ကြပါစေဟု၍ ဆန္ဒပြုတိုက်တွန်းလိုက်ရပါသတည်း။

**နန္ဒာမောင်(သံဖြူဇရပ်)**

**စာကိုးစာရင်း**


၁။ နေစိုးထက်၏ သမိုင်းစဉ်ထဲက ပုံရိပ်များ။
၂။ အမျိုးသားပညာဝန်ဦးဖိုးကျား၏ သီပေါမင်းပါတော်မူအရေးတော်ပုံ။
၃။ ဆရာတော်ဦးဩဘာသ၊ သာဝတ္ထိ မြန်မာကျောင်း၊ အိန္ဒိယနိုင်ငံ၏ အိန္ဒိယနိုင်ငံ သီပေါမင်းနန်းတော်၊
၄။ သတင်းစာဆရာ ဦးသိန်းမောင်၏ ဂီရိရတနာဆောင်းပါးမဟာ၊ သီပေါမင်းတရား အတွင်းရေးများ။
၅။ သမိုင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်၏ မြန်မာ့ရက်စဉ်သမိုင်း ပထမတွဲ
၆။ မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၃၊ စာမျက်နှာ (၁၂၇ မှ ၁၃၀)




www.burmeseclassic.com

www.burmeseclassic.com



# US ခရီးသည်

မောင်ကောင်းမြင့်

**သမီးများနှင့် မြေးကလေး မောင်ကောင်းထိုက်အောင်**

သည်စာကို ရေးနေတဲ့အချိန်ဟာ နိုဝင်ဘာလ ၄ ရက်နေ့အကူး နံနက်စောစောကြီး ၂ နာရီခွဲလောက်ဖြစ်တယ်။ နိုဝင်ဘာ ၃ ရက် ညကတည်းက တစ်အိမ်တည်း (အခန်းသီးခြားစီ) အတူနေကြတဲ့သူတွေက ''ည ၂ နာရီကျရင် ဆောင်းရာသီ နာရီအကူးဖြစ်တော့မှာမို့ ၁ နာရီ နောက်ဆုတ်လိမ့်မယ်။ မနက်ကျရင် တစ်နာရီ ပိုအိပ်ရလိမ့်မယ်၊ ကွန်ပျူတာတွေ၊ TV တွေကတော့ auto ပြောင်းသွားလိမ့်မယ်။ ကိုယ့်အိမ်မှာ ချိတ်ထားတဲ့ နာရီနှင့် လက်ပတ်နာရီကိုတော့ တစ်နာရီနောက်ဆုတ်ပြီး ပြန်တိုက်ပေးထားရလိမ့်မယ်''ဟု ပြောကြပါတယ်။

ညအိပ်ရာဝင်လိုက်တော့ ၁၁ နာရီလောက်ရှိပြီ။ တစ်ရေးနိုး နာရီထကြည့်လိုက်တော့ တိုင်ကပ်နာရီက ၃ နာရီခွဲလောက် ပြနေပြီ။ သည်တော့ ညက ပြောထားတဲ့ စကားကို သတိရပြီး TV ဖွင့်ကြည့်လိုက်ရာ TV အောက်လက်ယာဘက်က ''နာရီ + အပူချိန်ပြတဲ့ ဇယားကွက်'' မှာ ''၂ နာရီခွဲနှင့် 36° F'' ပြနေတယ်။ ဆောင်းရာသီဝင်ပြီဆိုတဲ့ အထိမ်းအမှတ်ပဲ။ နေဝင်စောပြီ။ ဒါကြောင့် နာရီကို



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုတ်ပြတာ။ ဒီနေ့(တနင်္ဂနွေ အရုဏ်အကူး)ကစပြီး အသိအမှတ်ပြုတာပဲ။ [ဧပြီလကျရင်လည်း နာရီကို ရှေ့ တစ်နာရီတိုးရလိမ့်မယ်။ နေဝင်ချိန် နောက်ကျလာလို့ပဲ။]

ယနေ့ ၄-၁၁-၁၂ တနင်္ဂနွေနေ့ ရာသီဥတု ခန့်မှန်းမှာ 36° > 48° F လို့ ပြနေတယ်။ အတော်အေးလာပြီ။ အင်္ဂါနေ့ (၆-၁၁-၁၂)အတွက် ခန့်မှန်းကတော့ 32° > 45° F ဆိုပဲ။ ရေခဲလုနီးပါး ဖြစ်နေပြီ။ သည်နှစ် အအေး စောတယ်လို့ ဆိုကြတယ်။ ဒီဇင်ဘာလဆိုရင် နှင်း(snow) တွေကျပြီး လမ်းအသွားအလာတွေ ခက်ခဲကြတယ် . . .။ -32° F အောက် ရောက်သွားရင် ရေခဲပြီ။ အပြင်ထွက်တဲ့ အခါ မျက်စိတစ်ဝိုက်သာ ဖွင့်ထားပြီး တစ်ကိုယ်လုံး ထုပ်ထားသလို ဝတ်ကြရတာမို့ မိတ်ဆွေတစ်ဦးက "အဝတ်ထုပ်ကြီး လိမ့်လာသလိုပါပဲ"လို့ ဆိုတယ်။ ရေခဲနေတာမို့ အသွားအလာခက်တယ်။ အလုပ်သွားကြရတဲ့သူတွေအဖို့ မနှစ်သက်ဆုံးအချိန်အခါပဲ။ အိမ်ထဲမှာတော့ gas ပေးထားတာမို့ အပူရှိန်လိုသလောက်နှင့် နေနိုင်ကြတယ်။ ကား၊ ရထား (မြေအောက် subway)ထဲ ရောက်သွားမှပဲ အဆင်ပြေကြတယ်။

ဆောင်းရာသီကို ရုပ်ရှင်တွေထဲမှာ မြင်ရတာ ဖြူဖွေးလွနေတဲ့ နှင်းခဲတွေရယ်၊ တဖွဲဖွဲလွင့်ကျလာတဲ့ နှင်းမှုန်လေးတွေရယ်၊ သားမွေးထည်တွေ တစ်ကိုယ်လုံးဖုံးပြီး ဖြည်းဖြည်းလေးသွားနေတဲ့သူတွေရယ်၊ ခရစ်စမတ်ရာသီထဲက သမင်တွေနှင့် စွတ်ဖားတွေရယ်ဟာ ကြည့်လို့ကောင်းပေမယ့် စိတ်ပျက်ဖွယ်ပါပဲ။ တကယ်သွားလာရတဲ့သူတွေအဖို့တော့ နွေဦးနှင့် နွေရာသီဟာ အကောင်းဆုံးပဲ။

မြေးရေ . . . ဘိုးဘိုးကြီး သည်ကိုရောက်ပြီး လဝက်လောက်အကြာ 'ရမ်စီးလား'ကိုသွားတော့ (စက်တင်ဘာလ တတိယပတ်)မှာ သစ်ပင်တွေဟာ အရောင်ပြောင်းကုန်ပြီ။ အစိမ်းရောင်ကနေ အနီရင့်တွေ၊ အဝါတွေ ဖြစ်လာပြီ။ မကြာမီ ကြွေကျတော့မယ်။ နိုဝင်ဘာကုန်ရင် အားလုံး အရိုးပြိုင်းပြိုင်းပဲ မြင်ရတော့မယ်လို့ ဆိုကြတယ်။

ရမ်စီးလားမြို့မှာ တည်းခိုတဲ့ ကိုထွန်း+မချိုတို့က မြေကွက်ကလေးအလွတ်မှာ ခရမ်းသီး၊ ရုံးပတီသီး၊ ခရမ်းချဉ်သီး၊ ပင်စိမ်း၊ ပျဉ်းတော်သိမ်နဲ့ ချဉ်ပေါင်တွေ စိုက်ထားတယ်။ အောက်တိုဘာလကုန်ရင် အားလုံးသေကုန်တော့မှာမို့ ရှိနေတဲ့ အသီးအနှံတွေကို ပေါပေါနဲ့ ဝဝလင်လင် ဝေငှစားသောက်တာကို တွေ့ရတယ်။ ဆောင်းကုန်မှ ပြန်စိုက်မယ်လို့ ဆိုတာကို သတိရတယ်။

နယူးယောက်မှာက နယ်မှာလို သစ်ပင်သစ်တောတွေ မပေါဘူး။ နည်းနည်းပဲတွေ့ရတယ်။ အိမ်တွေ၊ တိုက်တွေ၊ ရုံးတွေက ထူထပ်ပြီး မြို့လယ် Manhattan ဘက်မှာဆိုရင် မိုးထိ မိုးမြင့်တိုက်ကြီးတွေက လွှမ်းနေတယ်။ Time Square ဘက်မှာက မိုးမျှော်နေတဲ့ ရောင်စုံကြော်ငြာတွေက ရှုမဆုံးနိုင်အောင်ပဲ။ နယူးယောက်ကို "ညမအိပ်တဲ့မြို့"လို့ တင်စားခေါ်ဝေါ်ကြတယ်။ နေ့ရော ညပါ လှုပ်ရှားနေတယ်။ ညလုံးပေါက် ကား၊ ရထား၊ ဆိုင်တွေင် ဖွင့်နေတာမို့ ညမီးရောင်အောက်မှာ တလက်လက်တောက်နေတာပါပဲ။

နယူးယောက်မှာ ကား(ဘတ်စကား)ရော မြေအောက်ရထားပါ အဆင်ပြေတာမို့ လူတိုင်းက နယူးယောက်မှာ နေချင်ကြတယ်။ ကိုယ်ပိုင်ကားမရှိလည်း ရတယ်။ သွားလာရေး အဆင်ပြေတယ်။

အခြားမြို့တွေမှာက ဘတ်စကားရှိပေမယ့် ကျဲတယ်။ မြေအောက်ရထားမရှိဘူး။ သည်တော့ ကိုယ်ပိုင်ကား လိုတယ်။ [နယူးယောက်က မြေအောက်ရထားဟာ ၃ မိနစ်၊ ၅ မိနစ် တစ်စီးနှုန်းမို့ ဆက်နေသလို ထင်ရတယ်။ လိုင်းကလည်း စုံမှစုံဆိုတော့ တစ်စီးနဲ့တစ်စီး ခေါင်းချင်းထိနေသလိုပါပဲ။ နယူးယောက်မှာတောင် နေရာအလိုက် ရထားကျဲတဲ့ရပ်ကွက်၊ ကားကျဲတဲ့ရပ်ကွက် ရှိနေတာမို့ အခြေ

သည်တော့ နယူးယောက်မှာ နေစရိတ်ကြီးတယ်။ အိမ်လခမီအောင် ရှာရတယ်လို့ ဆိုကြတယ်။ စားစရိတ်ကတော့ တစ်ဦးကို တစ်နေ့ ၅ ဒေါ်လာဝန်းကျင်ဆိုရင် လောက်တယ်။ တစ်လ ၁၀၀ ဆို ကောင်းကောင်းဖူလုံတယ်။



www.burmeseclassic.com

www.burmeseclassic.com

အနေပေါ်မှာ လိုက်ပြီး အသွားအလာလွယ်ရင် လွယ်သလောက် အိမ်လခ ဈေးကြီးတယ်။]

မြေးရေ . . . အခု ဘိုးဘိုးကြီးနေတဲ့ အိမ်ဟာ မြေအောက်အပါအဝင် လေးထပ်ရှိတယ်။ လူတစ်ယောက်အတွက် ၁၅ ပေ ပတ်လည် (သို့မဟုတ်) ပေ ၂၀ ပတ်လည် အခန်းကလေးတွေ ဖွဲ့ထားတယ်။ အခန်းကျယ်ရင် ပေ ၃၀ × ၂၅ ပေ လောက် ရှိတယ်။ တစ်ခန်းကို ၄၀၀ –၄၅၀ (တစ်လလျှင် အမေရိကန်ဒေါ်လာ) ပေးရတယ်။ မီးဖိုနဲ့ ရေချိုးခန်း၊ အိမ်သာကတော့ စုပေါင်းသုံးရတယ်။ အခန်းတိုင်းမှာ ပစ္စည်းစုံရှိကြတယ်။ သန့်ရှင်းသပ်ရပ်ကြပါတယ်။ တိုက်ခန်းတွေက အိပ်ခန်းနှစ်ခန်း (သို့မဟုတ်) သုံးခန်းပါရင် ဆိုတဲ့အတိုင်း ဘူတာနီး၊ ကားလမ်းအနီး တစ်လကို ၁,၂၀၀ US$ က ၁၅၀၀ အထက် ဝန်းကျင်လောက်ရှိတယ်။ studio ခေါ်တဲ့ အခန်းတွေကလည်း ၉၀၀–၁၀၀၀ လောက် ရှိတယ်။ သည့်တော့ နယူးယောက်မှာ နေစရိတ်ကြီးတယ်။ အိမ်လခမိအောင် ရှာရတယ်လို့ ဆိုကြတယ်။ စားစရိတ်ကတော့ တစ်ဦးကို တစ်နေ့ ၅ ဒေါ်လာဝန်းကျင်ဆိုရင် လောက်တယ်။ တစ်လ ၃၀၀ ဆို ကောင်းကောင်းဖူလုံတယ်။ [စားသောက်ဆိုင်ကြီးတွေမှာကတော့ နေ့လယ်စာဆို ၁၅–၂၀ ဒေါ်လာလောက်ရှိတယ်။ ဘူဖေးဆိုင်တွေလည်း သည်လောက်ပဲ။ တရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ ကုလား၊ မက္ကစီကန် လူမျိုးစုံဆိုင်တွေကလည်း ပေါမှပေါ။ money matter most ဆိုသလိုပဲ။ money make every thing လို့ ပြောကြတာ သည်မှာ ပိုမှန်လိမ့်မယ်။

သည်လို ပြောစမှတ်နဲ့ ပျော်စရာစုံတဲ့ နယူးရောက်မြို့ကြီးဟာ ၂၉–၁၀–၁၂။ တနင်္လာနေ့ည စန္ဒီမုန်တိုင်းဒဏ်ကျရောက်လိုက်တာဟာ အတော်ကြီး ပျက်စီးသွားတယ်။ လူအသေအပျောက် ၆၀ ကျော်တယ်။ အမေရိကန် ဘီလီယံ ၅၀ (သန်းထောင်ပေါင်း ၅၀) ကျော် ပျက်စီးဆုံးရှုံးတယ်။ လူ ၁.၅ သန်း မီးမရသေး၊ ဓာတ်ဆီပြတ်၊ လမ်းတွေပိတ်ပြီး အဆိုးဝါးဆုံးရင်ဆိုင်ရတာ ယနေ့အထိ တစ်ပတ်ကျော်လာပြီ။ ပြင်လို့မဆုံး၊ ဖြေရှင်းလို့မနိုင်သေးဘဲ ရှိနေတယ်။ ကျောင်းပိတ်၊ ရုံးပိတ်၊ လမ်းပိတ်လိုက်တာ ယခု တနင်္လာ(၅၊ နိုဝင်ဘာ)နေ့မှာ အတော်ကလေး အဆင်ပြေမယ်လို့ ဆိုတယ်။

မြေးရေ . . . ဘိုးဘိုးတော့ အတွေ့အကြုံအစုံပါပဲ။ ရောက်လာတဲ့ နှစ်လလောက်အတွင်း ၉/၁၁ ဆိုတဲ့ Trade Centre ပျက်စီးခဲ့တဲ့ နှစ်ပတ်လည်အထိမ်းအမှတ်၊ သမ္မတ ရွေးပွဲ မဲဆွယ်စကားစစ်ထိုးကြတာတွေနှင့် ယခု 'စန္ဒီမုန် တိုင်း' အစုံပါပဲ။ မကြာမီ ခရစ္စမတ်နှင့် နှစ်ကူးတော့မယ် ကြုံရဦးမှာပါပဲ။ ဘဝအတွေ့အကြုံတစ်ခု ရတာပေါ့။

နှစ်သစ်ကူးမှာ အားလုံးချမ်းမြေ့ကြပါစေ။

သည်နေ့အတွက် အမှတ်တရ စာဖွဲ့ပါရစေဦး။ သည်ကို ရောက်ပြီးကတည်းက မဟာအောင်မြေကျောင်းမှာ တနင်္ဂနွေနေ့တိုင်း ပဋ္ဌာန်းရွတ်ဆိုပွဲကို သွားခဲ့တယ်။ ယနေ့မှာတော့ နံနက်က သီတင်းကျွတ်ပွဲပြုလုပ်ရာ ဒံပေါက်လှူကြပါတယ်။ နေ့လယ်မှာ ၆၅ နှစ်အထက် သက်ကြီးပူဇော်ပွဲ ပြုလုပ်ရာ လူသစ်ဖြစ်တဲ့ ဘိုးဘိုးကြီးပါ ၉ ဦးကို လှူဒါန်းကြပါတယ်။ အမျိုးသားများက ဆရာမောင်စွမ်းရည်၊ ဦးကျော်ဝင်း(ရွှေပြည်စိုး)၊ ဦးကျော်ဝင်း(ဘိုးတော်)၊ ဦးကံထွန်းတင့်နှင့် ဘိုးဘိုး၊ အမျိုးသမီးများက ဒေါ်ခင်နွဲ့ကြည် (ဆရာစွမ်း၏ ဇနီး)၊ ဒေါ်စီစီ၊ ဒေါ်စိန်ရှင်နှင့် ဒေါ်နွယ်နွယ်အေးတို့ ဖြစ်ပါတယ်။

ဆရာတော် ဦးဝိလာသက သက်ကြီးများကို US$ 100 စီ ထပ်ဆောင်းလှူဒါန်းတာဟာ အမှတ်တရပါ . . .။ ပြီးတော့ ပဋ္ဌာန်းရွတ်ဖတ်ကြတာမို့ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ မမေ့နိုင်သော နေ့တစ်နေ့ပါ။

ဘိုးဘိုးကြီးမွေးနေ့နဲ့လည်း တိုက်ဆိုင်နေပါတယ်။ ညနေပိုင်းမှာ မိတ်ဆွေကြီး ဦးအောင်နိုင်ရဲ့သမီး မမို့မို့နိုင်က စားသောက်ဖွယ်နှင့် သစ်သီးများ လာပို့ပေးပါတယ်။ အခန်းချင်းကပ်နေတဲ့ မခင်ခင်စိုးကတော့ အင်္ဂလိပ်လို ကျရောက်တဲ့ မွေးနေ့တုန်းက မွေးနေ့ကိတ်နှင့် အပြာရင့်ရောင် စွယ်တာတစ်ထည် လက်ဆောင်ပေးခဲ့တာ အမှတ်တရ နေ့တစ်နေ့ပါပဲ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ချမ်းမြေ့ရွှင်လန်းကြပါစေ။

မောင်ကောင်းမြင့်




www.burmeseclassic.com

www.burmeseclassic.com

# ကြွေသော ပန်းရိုင်းများ

လှမိုး(ပညာရေး)



ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၁၃ ခုနှစ်၊ မတ်လ ပထမပတ်အတွင်း ထုတ်ဝေသော သတင်းဂျာနယ်များတွင် ကျွန်တော့်အဖို့ စိတ်ဝင်စားဖွယ်နှင့် ဓိတ်လှုပ်ရှားဖွယ် သတင်းတစ်ပုဒ်ကို ဖတ်ရှုခဲ့ရ၏။ ထိုသတင်းမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံ တိုက်ပွဲစဉ်များ၌ အမေရိကန် ပြည်ထောင်စုလေတပ်မတော်မှ ကျဆုံး၊ ပျောက်ဆုံးခဲ့ရသည့် လေယာဉ်မှူးများ၊ အကြပ်တပ်သားများ၏ အလောင်းများကို ရှာဖွေရန် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံ ခွာစစ်နှင့် တိုက်စစ်များတွင် ပါဝင်ခဲ့ကြသော စစ်ပြန်ရဲဘော်ဟောင်းကြီးများ ပါဝင်သော အဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိလာမည့် သတင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကိုပင် စီအင်အင် ရုပ်သံလွှင့်အဖွဲ့ စီစီတီဗီ ရုပ်သံလွှင့်အဖွဲ့နှင့် ဘီဘီစီ ရုပ်သံလွှင့်အဖွဲ့များကလည်း အကျယ်တဝင့် မှတ်ပုံအထောက်အထားများဖြင့် ထုတ်လွှင့်သွားခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ဖွားမြင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်း လူလူသူသူ ကြီးပြင်းခွင့်မရခဲ့သည့် ကျွန်တော်တို့အဖို့ စိတ်ဝင်စား၍ စိတ်လှုပ်ရှားခဲ့သည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်သည်။ ကျွန်တော်တို့သည် ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကို ခါးစည်း၍ ခံစားခဲ့ရပြီး စစ်ကြီး၏ အနိဋ္ဌာရုံများကို မျက်ဝါးထင်ထင် တွေ့ခဲ့ရသူများဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ ဖြစ်သော်လည်း ထိုစဉ်က ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များမှာ ယနေ့ထိ မမေ့နိုင်။

အထူးသဖြင့် ထိုစဉ်က အခြေအနေအရပ်ရပ်ကို အလျဉ်းသင့်သဖြင့် အနည်းငယ် စကားပလ္လင်ခံရန် လိုအပ်လာပါသည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလကစ၍ ဗြိတိသျှနယ်ချဲ့သမားသည် ဂျာမဏီနိုင်ငံ ဖက်ဆစ်အီတလီနိုင်ငံ စသော ဝင်ရိုးတန်းနိုင်ငံများနှင့် ဥရောပတိုက်တွင် စစ်ပွဲကြီးဆင်နွှဲခဲ့ရာ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ မလေးရှားနိုင်ငံ စသော အရှေ့အာရှတောင်ပိုင်းနိုင်ငံများအတွက် စစ်ရေးပြင်ဆင်မှု အသင့်အတင့်သာ ပြုလုပ်နိုင်ခဲ့သည်။ သို့ဖြစ်ရာ ကျွန်တော်တို့ မြန်မာနိုင်ငံ ကာကွယ်ရေးသည် စက်ဘမှုခံတပ်ကြီးအပေါ်တွင်သာ အားထားနေရ၏။ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ခြေလျင်တပ်မကြီး နှစ်တပ်သာ ရှိသည်။ ယင်းတပ်မကြီးနှစ်တပ်စလုံးပင် တိုက်ရည်ခိုက်ရည်တွင် အားနည်းလျက်ရှိသည်။ ၅၀၀၀၀ မျှသာရှိသော အရာရှိ၊ အရာခံ အကြပ်တပ်သားများမှာလည်း စနစ်တကျ လေ့ကျင့်ထားခြင်းမရှိ။ အမြောက်လက်နက်ကြီးများမှာလည်း ပထမကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော လက်နက်များသာ ဖြစ်သည်။ လေ့ကျင့်ရမှုများမှာလည်း အရေးပေါ်လေ့ကျင့်ယူထားရရှိသာ ဖြစ်၏။

လေကြောင်းကာကွယ်ရေးမှာလည်း စိတ်ပျက်စရာကောင်းလောက်အောင် အားနည်းလျက်ရှိသည်။ ဖက်ဆစ်ဂျပန်တို့ကမူ ထိုအချိန်တွင် တရုတ်နိုင်ငံတွင် မကြေညာသော စစ်ပွဲဆင်နွှဲခဲ့ပြီ ဖြစ်သည်။ တရုတ်နိုင်ငံတွင် ဤကဲ့သို့ စစ်ပွဲဖြစ်ထားသောအခါ ဗြိတိသျှနှင့် အမေရိကန်တို့အဖို့ တရုတ်နိုင်ငံတွင် သူတို့ရင်းနှီးမြှုပ်နှံမှုများအပေါ် ထိခိုက်လာမည်ကို စိုးရိမ်လာကြရာ ထိုစဉ်က နေရှင်နယ်လစ်အစိုးရဟုခေါ်သော ချန်ကေရှိတ်၏ ကူမင်တန်အစိုးရအား နောက်ကွယ်မှ အကူအညီပေးရန် စီမံလာခဲ့ရသည်။

အမှန်အားဖြင့် တရုတ်နိုင်ငံအား လွှမ်းမိုးရာတွင် နယ်ချဲ့သမားချင်း အင်အားပြိုင်ခြင်းသာ ဖြစ်သည်။ ဖက်ဆစ်နယ်ချဲ့သမား ဂျပန်နိုင်ငံကမူ တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် အနီးဆုံးနိုင်ငံဖြစ်ရကား တရုတ်နိုင်ငံအား သူတို့သာ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ယူဆထားပြီး "အရှေ့အာရှတိုက်



www.burmeseclassic.com


www.burmeseclassic.com

သာတူညီမျှ အတူကြီးပွားတိုးတက်ရေး” ဟု ကြွေးကြော်ခဲ့သည်သာမက “အာရှတိုက်သည် အာရှတိုက်သားများအတွက်သာ ဖြစ်ရမည်”ဟု ဝါဒဖြန့်လာရာ အာရှတိုက်သားများအဖို့ နှစ်ခြိုက်စရာကောင်းသော ဝါဒဖြန့်ချက်များ ဖြစ်သည်။

ဗြိတိသျှနယ်ချဲ့သမားကမူ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နီးကပ်နေရကား ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံတွင်သာ ရပ်နေမည်မဟုတ်ဘဲ မြန်မာနိုင်ငံဘက်ကို ရောက်လာပေလိမ့်မည်ဟု တွက်ဆလေ၏။ အမေရိကန်ပြည်ထောင်စုသည် ပထမတွင် တရုတ်နိုင်ငံက လိုအပ်သော စစ်အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာများ၊ လက်နက်ခဲယမ်းမီးကျောက်များအား သင်္ဘောများဖြင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့သည်။ သို့သော် ဂျပန်ဘုရင့်တပ်များက တရုတ်နိုင်ငံ ဆိပ်ကမ်းမြို့များကို ပိတ်ဆို့ထားသောအခါ မြန်မာနိုင်ငံ၏ ဗြိတိသျှအစိုးရ၏ သဘောတူညီချက်ယူကာ ၁၉၃၇ ခုနှစ်ကစ၍ တရုတ်-ဗမာ လမ်းမကြီးဟု နောင်အခါကျော်ကြားလာသော လမ်းမကြီးကို တိတ်တဆိတ် ဖောက်လုပ်ခဲ့ကြသည်။ ထိုလမ်းကို ဖောက်လုပ်ရာတွင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံ နယ်စပ်ထိ တာဝန်ယူဖောက်လုပ်ခဲ့ပြီး ကျန်အပိုင်းကို တရုတ်အစိုးရက တာဝန်ယူဖောက်ခဲ့သည်။ ထိုစဉ်က မှတ်တမ်းအရ လူအင်အား သုံးသိန်းနှင့် ဖောက်လုပ်ခဲ့သည်ဟု သိရသည်။

ဤလမ်းမကြီးမှပင် ဗြိတိသျှနှင့် အမေရိကန်ပြည်ထောင်စုတို့သည် စစ်အသုံးအဆောင်ပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ ရိက္ခာများကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပေးပို့ခဲ့ရန် စီစဉ်ခဲ့သည်။ ထိုစဉ်က သတင်းမှတ်တမ်းများအရ စစ်နှင့်သက်ဆိုင်သော ပစ္စည်းတန်ချိန် ၁၀၀၀၀၀(တစ်သိန်း)ခန့် တင်ပို့နိုင်ခဲ့သည်ဟု သိရ၏။ ကုန်တင်ကားကြီးအစင်း ၂၀၀၀(နှစ်ထောင်)ကို အသုံးပြုခဲ့သည်ဟူ၍လည်း သိရ၏။ ဤသို့အတွင်း ဂျပန်ဘုရင့်လေတပ်မတော်မှ လေယာဉ်ပျံများကလည်း တရုတ်နိုင်ငံအတွင်းရှိ တရုတ်-မြန်မာ လမ်းပိုင်းမှ တံတားများ၊ ကုန်တင်မော်တော်ကားများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ထိုစဉ်က သတင်းမီဒီယာများ၏ ဖော်ပြချက်အရ ထိုလမ်းမကြီးသည် ပေ ၇,၂၀၀ မြင့်သော နေရာမှ ပေ ၂၅၀၀ ခန့်မြင့်သော နေရာအောက်သို့ ဆင်းကြရသည်။ သို့ဖြစ်၍ မော်တော်ကား အစင်းတစ်ထောင်ကျော်ခန့် ချောက်အတွင်း ထိုးကျပျက်စီးခဲ့ရဟု သိရ၏။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စုမှ နောက်ဆုံးပေါ် ကုန်တင်ထရပ်ကားအသစ် ၄၅၀၀ ကျော် ပို့ပေးခဲ့သည်ဟု သိရ၏။ ဂျပန်ဘုရင့်လေ





www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်မှ လေယာဉ်ပျံများကလည်း သံလွင်မြစ်နှင့် တရုတ်ပြည်တွင်းမှ တံတားများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုစဉ်က တရုတ်-ဗမာလမ်းမကြီးသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နာမည်ကျော်ကြား လူသိများလာသည်။

အမှန်အားဖြင့် ဖက်ဆစ်ဂျပန်နိုင်ငံသည် ဤတရုတ်-ဗမာ လမ်းမကြီးကို အသုံးပြု၍ စစ်နက်လက်ပစ္စည်းအား တရုတ်နိုင်ငံအား တင်ပို့နေခြင်းကို ၁၉၃၉ ခုနှစ်က စ၍ ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။ ထိုစဉ်က ဥရောပတိုက်တွင် စစ်ရိပ်စစ်ငွေ့များ ယှက်သန်းလာခဲ့ပြီဖြစ်သည်။ ဝင်ရိုးတန်းမဟာမိတ်အဖွဲ့ဝင် ဖြစ်လာသော ဂျပန်နိုင်ငံ၏ ကန့်ကွက်မှုကြောင့် ထိုလမ်းမကြီးကို ဗြိတိသျှနယ်ချဲ့သမားက ခေတ္တပိတ်ပေးခဲ့ရသည်။

ထိုစဉ်က တရုတ်နိုင်ငံတွင် မကြေညာသော စစ်ပွဲ ဆင်နွှဲနေသော ဂျပန်သည် တရုတ်နိုင်ငံတွင် တိုက်ခိုက်နေသော စစ်ပွဲအောင်မြင်နိုင်ရေးသာမက၊ ဗြိတိသျှ၊ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နှင့် ဒတ်(ချ်)တို့ ပိုင်ဆိုင်သော အာရှတိုက်ရှိ ကိုလိုနီနိုင်ငံများနှင့် ကိုလိုနီတစ်ပိုင်း နိုင်ငံများအား ပိုင်ဆိုင်ရန် ကြံစည်လာခဲ့သည်။

ဗြိတိသျှတို့သည် အထက်ဖော်ပြပါ တရုတ်-ဗမာလမ်းမကြီးအား မိုးတွင်းကာလဖြစ်သော ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် ယာယီပိတ်ပေးခဲ့သည်။ ထိုအချိန်တွင် ဥရောပတိုက်တွင် နာဇီဂျာမဏီသည် ဒုတိယကမ္ဘာစစ်ကြီး အောင်မြင်ရန် သေချာသလောက် ဖြစ်ခဲ့ပြီး ဗြိတိသျှတို့မှာ ဥရောပတိုက်မှ အောင်မြင်စွာ ဆုတ်ခွာခဲ့ရသည့်အချိန် ဖြစ်သည်။ ဥရောပတိုက်တွင် နိုင်ငံအားလုံး လောက်နီးနီး နာဇီတို့၏ စစ်ဖိနပ်အောက်ရောက်ခဲ့ပြီး အင်္ဂလန်နိုင်ငံမှာ တစ်ကောင်ကြွက်ဖြစ်လာခဲ့သည်။ ဥရောပအခြေအနေမှာ ဤသို့ ပြောင်းလဲလာခဲ့သည်နှင့် အရှေ့တောင်အာရှ အခြေအနေလည်း ပြောင်းလာခဲ့သည်။ တရုတ်-ဗမာလမ်းမကြီးမှ စစ်နှင့်ပတ်သက်သော ပစ္စည်းများ မတင်ပို့နိုင်ရန် ဂျပန်လေတပ်ကလည်း အနှောင့်အယှက်ပေးခဲ့သည်။ တရုတ်နိုင်ငံအဖို့ စစ်အတွက် အထူးအရေးကြီးသော ဓာတ်ဆီတင်သွင်းရန် အခက်အခဲဖြစ်လာသည်။ သို့ဖြစ်၍ တရုတ်အစိုးရအဖို့ ဤလမ်းမကြီးကို ကာကွယ်ရန် အင်အားတောင့်တင်းသော လေတပ်မတော်တစ်ခု ရှိရန် လိုအပ်လာခဲ့သည်။

တရုတ်-ဗမာ လမ်းမကြီးကို ကာကွယ်ရန်နှင့် တရုတ်-ဗမာလမ်းမကြီးတစ်လျှောက် လူးလာခေါက်တုံ့ သွားလာနေကြသော ကုန်တင်မော်တော်ကား ယာဉ်တန်းများကို ဂျပန်ဘုရင့်လေတပ်မတော်၏ အန္တရာယ်မှ ကာကွယ်ရန် ခိုင်မာသော လေတပ်မတော်တစ်ခုရှိသင့်သည်ဟူ၍ တရုတ်အစိုးရခေါင်းဆောင် ချန်ကေရှိတ်နှင့် မဒမ်ချန်ကေရှိတ်တို့က ယူဆထား၏။

သို့ဖြစ်၍ တရုတ်နိုင်ငံ အနောက်တောင်ဘက်တွင် ခေတ်မီလေယာဉ်ကွင်းများ တည်ဆောက်၍ လေတပ်မတော်မှ လေယာဉ်များ ချထားသင့်သည်ဟု အမေရိကန်ပြည်ထောင်စု အစိုးရကလည်း ယုံကြည်ထားသည်။ သို့သော် တရုတ်အမျိုးသားအစိုးရတွင် ဂျပန်ဘုရင့်တပ်မတော်မှ လေယာဉ်များကို ကာကွယ်ရန် ခေတ်မီလေတပ် မရှိ။ လေ့ကျင့်ထားသော လူသူရဲကောင်းများလည်း မရှိ။

အမေရိကန်ပြည်ထောင်စုအစိုးရ ကာကွယ်ရေးဌာနကလည်း တရုတ်အစိုးရအား ပြောင်ပြောင်တင်းတင်း လေတပ်မတော်မှ လေယာဉ်များနှင့် လေသူရဲများ ပို့ပေးရန် နောက်တွန့်လျက်ရှိသည်။ တရုတ်နှင့် ဂျပန်စစ်ရေးတွင် ဝင်ရောက်စွက်ဖက်သည်ဟု နိုင်ငံတကာမှ ပြစ်တင်ဝေဖန်မည်ကို စိုးရိမ်ခဲ့သည်။

ချန်ကေရှိတ်နှင့် မဒမ်ချန်ကေရှိတ်တို့သည် အမေရိကန်ပြည်ထောင်စုရှိ တရုတ်သံအမတ်ကြီး ဆွန်း(မဒမ်ချန်ကေရှိတ်၏ အစ်ကိုဖြစ်ပါသည်)မှတစ်ဆင့် အမေရိကန်အစိုးရအား လေယာဉ်ပျံအစီး ၅၀၀ အကူအညီတောင်းခံခဲ့သည်သာမက တရုတ်အမျိုးသားခေတ်မီလေတပ်မတော် တည်ထောင်ပေးရန် တောင်းဆိုခဲ့သည်။ ဤတွင် အမေရိကန်အစိုးရသည် ယင်းကိစ္စနှင့် ပတ်သက်၍ အလေးအနက်ထား၍ စဉ်းစားခဲ့သည်။ နိုင်ငံ၏ ဘက်မလိုက်လိုသော ဝါဒ၊ တစ်ကိုယ်တော်အထီးကျန်စစ်နှင့် ကင်းကင်းရှင်းရှင်းနေလိုသော ဝါဒကိုလည်း အထိခိုက်မခံလို။ ဖက်ဆစ်ဂျပန်၏ ငြိုငြင်မှုကိုလည်း မလိုလား။ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှရှိ အမေရိကန်တို့၏ ရင်းနှီးမြှုပ်နှံမှုများကို ဂျပန်တို့ ဝါးမျိုသွားမည့်အန္တရာယ်ကိုလည်း စိုးရိမ်ရကာ အပျော်တမ်းလေတပ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ဤအပျော်တမ်းလေတပ် "A.V.G" ကို ခေါင်းဆောင်မည့်ပုဂ္ဂိုလ်ကိုမူ ဗိုလ်မှူးကြီး ရှနော့အား ရွေးချယ်ထားသည်။ ဤအပျော်တမ်းလေတပ် American Volunteer Group အဖွဲ့တွင် လေယာဉ်မှူးတစ်ရာကို အမေရိကန်လေတပ်မတော်နှင့် အမေရိကန်ရေတပ်မှ လေယာဉ်မှူးများကို ရွေးချယ်ထားပြီး လစာအဖြစ် ထိုစဉ်က ဒေါ်လာ ၇၅၀ ပေးခဲ့သည်။ ထိုအဖွဲ့မှ ဂျပန်လေယာဉ်တစ်စင်းလျှင် ပစ်



www.burmeseclassic.com

www.burmeseclassic.com

ချနိုင်သူအား ဆုငွေ ဒေါ်လာ ၅၀၀ ပေးမည်ဟု ကတိပြုခဲ့သည်။

ထိုစဉ်ကာလက ဗိုလ်မှူးကြီးရှနော့မှာ အသက် ၅၀ အရွယ်ရှိပြီဖြစ်သော်လည်း ထူးထူးခြားခြား ကျန်းမာသန်စွမ်းသူ ဖြစ်၏။ ၁၉၁၄-၁၉၁၈ ခုနှစ်တွင် ဖြစ်ပွားသော ပထမကမ္ဘာစစ်ကြီးအတွင်း ဗိုလ်မှူးကြီးရှနော့မှာ ခြေလျင်တပ်ရင်းနှင့် ဆက်သွယ်ရေးတပ်ရင်းများတွင် အမှုထမ်းခဲ့ပြီး ၁၉၂၀ တွင် အမေရိကန်လေတပ်မတော်တွင် ဗိုလ်မှူးကြီးအဖြစ် အမှုထမ်းခဲ့သူဖြစ်ရာ စစ်ရေးအတွေ့အကြုံရှိသူဖြစ်သည်။ [နောင်အခါ လေတပ်မတော် ဗိုလ်ချုပ်အဖြစ် ရာထူးတိုးမြှင့်ပေးခြင်းခံခဲ့ရ၏။]

ဗိုလ်မှူးကြီးရှနော့ ခေါင်းဆောင်သော အမေရိကန်ပြည်ထောင်စု အပျော်တမ်း လေတပ်အဖွဲ့သည် တရုတ်နိုင်ငံတောင်ပိုင်းရှိ လေယာဉ်ကွင်းများတွင် စခန်းချကာ ဂျပန်ဘုရင့်လေတပ်မတော်မှ လေယာဉ်များအား ရင်ဆိုင်နိုင်ခဲ့၏။ ထိုစဉ်က အမေရိကန်အပျော်တမ်း လေတပ်မတော်မှ လေယာဉ်များသည် နာမည်ကြီး ဂျပန်ဘုရင့်လေတပ်မတော်မှ "ဇီးရိုး" တိုက်လေယာဉ်များကို ရင်ဆိုင်နိုင်ခဲ့သည်သာမက ဂျပန်တို့၏ နာမည်ကျော် "ဇီးရိုး" လေယာဉ် အမြောက်အမြားကို ပစ်ချဖျက်ဆီးနိုင်ခဲ့၏။

ဂျပန်ဘုရင့်ကြည်းတပ်၏ မူမှာ "အားလုံးသတ်၊ အားလုံးမီးရှို့၊ အားလုံးဖျက်ဆီး"ရမည်ဟူရာ တရုတ်နိုင်ငံမှာ ရက်ရက်စက်စက် စနစ်တကျ ဖျက်ဆီးခြင်းခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်မီးကြီး အရှေ့တောင်အာရှသို့ ကူးစက်လာသည်နှင့် တရုတ်နိုင်ငံတွင် စခန်းချထားသော အမေရိကန်အပျော်တမ်းလေတပ်မတော်မှ လေယာဉ်တပ်ဖွဲ့အချို့ကို တရုတ်-ဗမာလမ်းမကြီးအား ကာကွယ်ရန် မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ရသည်။ ထိုစဉ်ကာလက ယင်းလေယာဉ်များကို "မိုးပျံကျား"များ "Flying Tiger" ဟု ကင်ပွန်းတပ်ခဲ့ကြသည်။

"မိုးပျံကျား"အဖွဲ့မှ လေယာဉ်ပျံများသည် ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ မကွေး လေယာဉ်ကွင်းများတွင် စခန်းချကာ ဂျပန်ဘုရင့်လေတပ်မတော်မှ လေယာဉ်များအား ကျားကုတ်ကျားခဲ တိုက်ခဲ့ကြသဖြင့် ဂျပန်ဘုရင့်လေတပ်မတော်မှ လေယာဉ်ပျံ အမြောက်အမြား ဖျက်ဆီးခြင်းခံရပြီး "ကျားပျံ"တပ်ဖွဲ့မှ အပျော်တမ်းလေယာဉ်မှူးအများမှာ ဟိုးဟိုးကျော်ခဲ့ကြသည်။

ဂျပန်ကြည်းတပ်နှင့် လေတပ်တို့ မြန်မာနိုင်ငံအတွင်း အင်အားကြီးမားစွာနှင့် ထိုးစစ်ဆင်လာသောအခါ အမေရိကန်ပြည်ထောင်စု အပျော်တမ်းလေတပ်မတော်သည် တရုတ်နိုင်ငံအတွင်း ဆုတ်ခွာလာခဲ့ရသည်။ ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ မကွေးမြို့များတွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ပွဲများတွင် အမေရိကန်ပြည်ထောင်စု လေတပ်မတော်မှ လေယာဉ်အချို့မှာ ပစ်ချခြင်းခံခဲ့ရပြီး ပျောက်ဆုံးမှုများလည်း ရှိခဲ့သည်။ ဂျပန်တို့ မြန်မာနိုင်ငံအား သိမ်းပိုက်နိုင်ခဲ့သည်နှင့် တရုတ်-ဗမာ လမ်းမကြီးမှာ ပိတ်သွားခဲ့သည်။ အိန္ဒိယနိုင်ငံတွင် စုပုံထားသည့် တရုတ်နိုင်ငံအား ထောက်ပံ့ရမည့် စစ်အသုံးအဆောင်ပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ လောင်စာဆီများကို ပို့ပေးရန်မှာ ကြီးလေးသော တာဝန်ဖြစ်ခဲ့ရ၏။

ဤတာဝန်ကိုလည်း အမေရိကန်ပြည်ထောင်စု အပျော်တမ်းလေတပ်မတော်မှ တာဝန်ယူခဲ့ရသည်။ ကုန်တင်လေယာဉ်ကြီးများသည် အိန္ဒိယနိုင်ငံ အာသံမှ တရုတ်နိုင်ငံအထိ နေ့စဉ်ပျံသန်းပို့ဆောင်ပေးရသည်ဟု သိရ၏။ ယင်းသို့ ပို့ဆောင်ပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် လေယာဉ်အချို့မှာ မြန်မာနိုင်ငံမြောက်ဖျား တောတောင်ထူထပ်သော နယ်မြေတွင် ပျက်ကျခဲ့ရပြီး လေယာဉ်မှူးအချို့မှာ ပျောက်ဆုံးခဲ့ရသည်။ ဂျပန်လေတပ်မတော်မှ တိုက်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် ပျက်ကျခဲ့ရသည်လည်း ရှိခဲ့၏။

ထိုအမေရိကန်အပျော်တမ်း လေတပ်မတော်မှ ကျဆုံးခဲ့ရသော အညတရ လေယာဉ်မှူးများမှာ ခေတ်အဆက်ဆက် မေ့လျော့နေခဲ့ကြသည်။ ယခုအခါ ပျောက်ဆုံးခဲ့သော လေယာဉ်မှူးများကို စနစ်တကျ စုံစမ်းဖော်ထုတ်၍ ဂုဏ်ပြုကြမည်ဟု သိရသည်။ ဤဆောင်းပါးအတွင်း ဖော်ပြခဲ့သည့် ပျက်ကျလေယာဉ်မှူးများ ရှာဖွေရေးအဖွဲ့သည် သက်ဆိုင်ရာ နယ်မြေများသို့ သွားရောက်၍ ပတ်ဝန်းကျင် လေ့လာမှုများ ပြုလုပ်ကာ စတင်ရှာဖွေနေပြီဟု ဆိုကြပါကြောင်း။

**လှမိုး(ပညာရေး)**

ကျမ်းကိုး

(1) **Sand Against The Wind by B.W. Tuchman**



www.burmeseclassic.com

www.burmeseclassic.com



# သုဝဏ္ဏဘူမိ မကျန်ရှိစေလို

■ ပါမောက္ခမင်းစာတု

ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးအတွက် ပြူခေတ်မြို့ဟောင်းကြီးသုံးမြို့ဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့အား နိုင်ငံတော်မှ စီစဉ်လျက်ရှိကြောင်း သိရှိရသဖြင့် များစွာဝမ်းမြောက်မိပါသည်။ သုဝဏ္ဏဘူမိမြို့ဟောင်းကြီးသည်လည်း ပြူခေတ်မြို့ဟောင်းကြီးပင်ဖြစ်ပြီး သရေခေတ္တရာနှင့် ဗိဿနိုးမြို့ဟောင်းကြီးများထက် ရှေးကျသော မြို့ကြီးဖြစ်သဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရာတွင် မကျန်ခဲ့စေလိုပါ။



www.burmeseclassic.com

www.burmeseclassic.com

သုဝဏ္ဏဘူမိထက် ရှေးကျသော မြို့ဟောင်းကြီးမှာ ဟန်လင်းဖြစ်ပြီး မူလအမည်ရင်းမှာ ဟံသာဝတီဖြစ်၍ ပထမဦးဆုံး ထွန်းကားခဲ့သော ပြူခေတ်မြို့တော်ကြီးပင် ဖြစ်ပါ၏။ ထိုဒေသတစ်ဝိုက်တွင် ကျောက်ဖြစ်နေသော လူအရိုးများ၊ တိရစ္ဆာန်အရိုးများ၊ ကျောက်ခေတ်၊ ကြေးခေတ်သုံးပစ္စည်းများ တွေ့ရှိရပြီးလည်း ဖြစ်ပါသည်။ သုဝဏ္ဏဘူမိသည် ဂေါတမမြတ်စွာဘုရားပွင့်တော်မမူခင် အနည်းငယ်စောသော ကာလကပင် စတင်ခဲ့သော မြို့တော်ကြီးဖြစ်ပြီး မြတ်စွာဘုရားပွင့်တော်မူပြီးမှ စတင်ခဲ့သော သရေခေတ္တရာနှင့် ဗိဿနိုးမြို့ကြီးများထက် နှစ်ပေါင်း ၁၀၀ ခန့် စောခဲ့ပါသည်။

သုဝဏ္ဏဘူမိမြို့တော်ကြီး၏ မူရင်းအမည်မှာ သုဓမ္မဝတီဖြစ်ပြီး၊ ယနေ့အခါတွင် သထုံဟု အမည်တွင်လျက်ရှိပါသည်။ သုဝဏ္ဏဘူမိမြို့တော်ကြီးနှင့် မြို့တော်ဦးစေတီဖြစ်သော ယခင်ဘွဲ့တော်အမည် စီရံဇြာတုစေတီ၊ ယခုဘွဲ့တော်အမည် ရွှေစာရံစေတီကို တည်ထားခဲ့သူမှာ တိဿဓမ္မသီဟရာဇာ မဟာဒွတ္တပေါင်မင်းကြီး ဖြစ်ပါ၏။ သရေခေတ္တရာမြို့တော်ကြီးကို စတင်တည်ထောင် နန်းစံခဲ့သူမှာ ရာမရာဇာ ဒွတ္တပေါင်မင်းကြီးဖြစ်ပြီး၊ ယခုအခါ ဘွဲ့တော်ကို အဖျားဆွတ်ကာ ဒွတ္တပေါင်မင်းကြီးဟုပင် ခေါ်ဝေါ်သုံးစွဲလျက် ရှိပါသည်။

သုဝဏ္ဏဘူမိ၏ တိဿဓမ္မသီဟရာဇာ မဟာဒွတ္တပေါင်မင်းကြီးသည် သရေခေတ္တရာ၏ ရာမရာဇာဒွတ္တပေါင်မင်းကြီးထက် နှစ်ပေါင်း ၁၀၀ ခန့်စောပြီး ဒွတ္တပေါင်ဘွဲ့တော်ကို ခံယူခဲ့သည်ကို သတိပြုကြရပါမည်။ ဒွတ္တပေါင်ဟူသည် ပြူဘာသာစကားဖြစ်၍ ဒွတ္တမှာ (၂)ဟု အဓိပ္ပာယ်ရှိပြီး၊ ပေါင်မှာ ဖခင်ဖြစ်ပါသည်။ ယခု သထုံခရိုင် ပေါင်မြို့သည် တိဿဓမ္မသီဟရာဇာ မဟာဒွတ္တပေါင်မင်း၏ မိဖုရားကြီး နာဂသူဇာ၏ မွေးစားခမည်းတော် နေထိုင်ရာဒေသဖြစ်၍ ပေါင်မြို့ဟု ခေါ်တွင်ခြင်းဖြစ်ပါ၏။

သရေခေတ္တရာမင်းကြီး ရာမရာဇာဒွတ္တပေါင်တွင် စူဠာသမ္ဘဝနှင့် မဟာသမ္ဘဝ ဟူသည့် ဖခမည်းတော်နှစ်ဦးရှိသကဲ့သို့ပင် သုဝဏ္ဏဘူမိမင်းကြီး တိဿဓမ္မသီဟရာဇာ မဟာဒွတ္တပေါင်တွင်လည်း တိဿကုမာရနှင့် သီဟကုမာရ ဟူသည့် မွေးစားဖခမည်းတော် ရသေ့ကြီးနှစ်ပါး ရှိခဲ့ပါသည်။ ခမည်းတော်နှစ်ဦးရှိသည့် ပြူမင်းကြီးများတွင် ဒွတ္တပေါင်ဘွဲ့တော်ကို မူရင်းဘွဲ့တော်၏ နောက်မှကပ်၍ ထည့်သွင်းထားလေ့ရှိပါ၏။

သုဝဏ္ဏဘူမိမြို့တော်ကြီး တည်ထောင်ပြီးနောက် နှစ်ပေါင်း ၈၀၀ ခန့်အကြာတွင် ယခု ထိုင်း(ယိုးဒယားနိုင်ငံ) အတွင်း တည်ရှိသော လော်ဘူရီ၊ သို့မဟုတ် လဝပူရီခေါ် လဝတိုင်းပြည်မှ လဝလူမျိုးအချို့ ဘုရားသုံးဆူလမ်းဘက်မှ ဝင်ရောက်လာခဲ့ကြပြီး သုဝဏ္ဏဘူမိနှင့် မြသပိတ်ဘုရား အကြားရှိ ကုန်းမြင့်တစ်နေရာတွင် အခြေချနေထိုင်ခဲ့ကြပါသည်။ ၎င်းနေရာကို လဝကုန်းဟု ယခုတိုင် ခေါ်တွင်လျက်ပင် ရှိပါသည်။ ထိုလဝလူမျိုးများမှာ နောင်အခါ အမည်နာမတစ်မျိုးဖြင့် တိုင်းရင်းသားများ ဖြစ်နေကြပြီ ဖြစ်ပါ၏။ လဝကုန်းမှတစ်ပါး သုဝဏ္ဏဘူမိမြို့ပြနိုင်ငံတော်ကြီး၌ မြေပြန့်ဒေသမှာ ပြူလူမျိုး၊ တောင်ပေါ်ဒေသမှာ ကရင်လူမျိုးများ နေထိုင်လျက် ရှိခဲ့ကြပါသည်။

ယနေ့ သထုံအနီးတစ်ဝိုက်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေထိုင်လျက်ရှိကြသော ပအိုဝ်းလူမျိုးများမှာ လဝလူမျိုးများနှင့် သက်ဆိုင်မှုမရှိပေ။ ၎င်းတို့သည် မူလ ပြူအိုဝ်းဟုခေါ်သည့် ပြူတောင်သူများပင် ဖြစ်ကြပါ၏။ အိုဝ်းသည် ပြူဘာသာတွင် တောင်သူဟူသည့် အဓိပ္ပာယ်ရှိပါမည်။ ပအိုဝ်းစာပေမှာ ရှေးခေတ်ဟောင်း ပြူစာပေတစ်မျိုးဟု ယူဆမိပါသည်။ ပအိုဝ်းများမှာ ဗမာများနှင့် ရုပ်ရည်ရော၊ စိတ်ဓာတ်ပါ ဆင်တူလုပြီး၊ နာမည်မှည့်ခေါ်ရာတွင်လည်း ကွဲပြားမှုမရှိပါသဖြင့် ပအိုဝ်းနှင့် ဗမာများမှာ ရှေးခေတ် ပြူလူမျိုးများမှ ဆင်းသက်လာသူများ ဖြစ်သည်ဟု ယူဆလျှင် မမှားနိုင်ပါ။


သုဝဏ္ဏဘူမိသည် ပြူမြို့တော်ဟောင်းဖြစ်သဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရာတွင် ထိပ်တန်းမှပင် ပါရှိသင့်ပါသည်။ ၎င်းမြို့တော်ဟောင်းကြီးတည်ရှိရာ ယခု သထုံမြို့တစ်ဝိုက် အချက်အချာနေရာများကို သိပ္ပံနည်းတကျ တူးဖော်လေ့လာပါလျှင် လက်စင်းရာပါ ပြူအုတ်ချပ်ကြီးများ၊ ပြူဒင်္ဂါးများ၊ ပြူပုတီးစေ့များ၊ ပြူစာပါ အုတ်ချပ်များ၊ ကြေးပြားများ၊ ရွှေပြားများနှင့် အခြား ပြူအသုံးအဆောင်ပစ္စည်းများ တွေ့ရှိပါလိမ့်မည်ဟု တင်ပြအပ်ပါကြောင်း . . .။

ပါမောက္ခမင်းဓာတု



www.burmeseclassic.com

www.burmeseclassic.com



# လှူကြာထိန်သက်နိုးနို့ မင်္ဂလမ်းတဲ့ ဆုပန်ရှယ်

ဆင်ဖြူကျွန်း အောင်သိန်း

သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ်က ဖြစ်ပေသည်။ တစ်နေ့သ၌ မြတ်စွာဘုရားသည် ကိုယ်တော်၌ ခက်တရော် ထူပြောသော ဒေါသရှိရကား အလုပ်အကျွေး ရဟန်းကို ခေါ်တော်မူ၍ မိန့်တော်မူသည်။

"ချစ်သားရဟန်း၊ ငါသည် ဝမ်းလျှောဆေး သုံးတော်မူလိုသည်"

"ကောင်းလှပါပြီ ဘုရား"

အလုပ်အကျွေးရဟန်းသည် မြတ်စွာဘုရားထံတွင် ဝန်ခံခဲ့ပြီးနောက် ဆေးဆရာဇီဝကဏ်အိမ်သို့ ကြွလာသည်။

"အချင်း ... ဇီဝက။ လောကသေင္ဘနင်းသည့် စမြင်းဒေါသ ပြောသည်ဖြစ်၍ ဝမ်းလျှောဆေး သုံးတော်မူလိုသည်"

ထိုအခါ ဆေးသမားက ဤသို့ ပြန်လည်လျှောက်ထား၏။

"အရှင်ဘုရား။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူသောအခါ ဆီများစွာထည့်၍ ကပ်လှူပါ။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com

သုံးရက်တိုင်အောင် ဆီဖြင့်ဝမ်းနှုတ်စေပြီးမှ လေးရက်မြောက်နေ့တွင် ဆေးကို ဆက်ကပ်ပါမည် ဘုရား''

အလုပ်အကျွေးရဟန်းသည် ထိုအကြောင်းကို မြတ်စွာဘုရားသို့ ပြန်လည်လျှောက်ထား၏။ မြတ်စွာဘုရား ဘုဉ်းပေးမည့် ဆွမ်းလုတ်များတွင် ဆီလောင်းပြီး ကပ်လှူ၏။ သို့ဖြင့် မြတ်စွာဘုရား ဘုဉ်းပေးသုံးဆောင်မည့် ဆွမ်းလုတ်တိုင်း လုတ်တိုင်းသည် နတ်ဩဇာဖြင့် ပြည့်နေသည်။ အလုပ်အကျွေးရဟန်းက ဆီထည့်ပြီး ကပ်လှူသောကြောင့် စမြင်းဒေါသကိုနှံ့၍ စိုစွတ်တော့သည်။

သုံးရက်စေ့ခဲ့ပြီ။

ဆေးဆရာဇီဝကသည် မြတ်စွာဘုရားသို့ ရှန့်ရင်းသောဆေးများ ကပ်လှူရန် ဆန္ဒမရှိချေ။ သို့ကြောင့် ကြာသုံးလက်ကို အထူးထူးသော ဆေးတို့ဖြင့် အုံစေပြီးမှ မြတ်စွာဘုရားရှင်အား ကြာတစ်လက် ဆက်ကပ်သည်။ ဤသို့လည်း လျှောက်ထားပေသည်။

"အရှင်ဘုရား ဤကြာလက်ကို သုံးကြိမ်နင်းတော်မူပါ ဘုရား။ ရှန့်ရင်းတဲ့ စမြင်းဒေါသတွေ ဆယ်ကြိမ်သက်ပါလိမ့်မယ် ဘုရား''

ဆေးဆရာဇီဝကသည် ဒုတိယကြာလက်ကို ဆက်ကပ်ပြန်ကာ အမှာစကား လျှောက်ထားသည်။

"အရှင်ဘုရား။ ဤကြာလက်ကို သုံးကြိမ်နင်းတော်မူပါက စမြင်းဒေါသအလတ်စားတွေ ဆယ်ကြိမ်သက်ပါလိမ့်မယ် ဘုရား''

ဆေးဆရာဇီဝကသည် တတိယကြာလက်ကို ဆက်ကပ်လှူရင်း ဤသို့လျှောက်ကြား၏။

"အရှင်ဘုရား။ သည်ကြာလက်ကို သုံးကြိမ်နင်းတော်မူပါဘုရား။ အဲသည်အခါ သိမ်မွေ့တဲ့ဒေါသတွေ ဆယ်ကြိမ်လျှောပါလိမ့်မယ်''

ဆေးဆရာဇီဝကသည် သိမ်မွေ့သောဆေးတို့ဖြင့် စီရင်ထားသည့် ကြာသုံးလက်ကို မြတ်စွာဘုရားသို့ ဆက်ကပ်ခဲ့ပြီး ပြန်လာသည်။ ကျောင်းတော်တံခါးဝသို့ ရောက်မှ ဆရာဇီဝကသတိရ၏။

"ဟာ ... တတိယကြာလက်မှာ ဆေးတစ်ပါး ယုတ်တယ်။ အဲဒါကြောင့် မြတ်စွာဘုရားဟာ ကိုးကြိမ်ပဲသက်လိမ့်မယ်။ အင်း ... မြတ်စွာဘုရား ဆင်ခြင်တော်မူမိပြီး ကိုးကြိမ်သက်အပြီးမှာ ရေသပ္ပာယ်ရင်တော့ အကြိမ်သုံးဆယ်စေ့မှာပဲ''

ဆေးဆရာဇီဝကသည် မိမိ၏ချွတ်ယွင်းချက်ကို ကျောင်းပေါက်ဝသို့ ရောက်မှ သတိရငြား ကျောင်းထဲသို့ ပြန်မဝင်ပေ။ ထိုသို့ ဆေးဆရာဇီဝက၏ စိတ်တွင်းဖြစ်ပေါ်သည်ကို မြတ်စွာဘုရား သိတော်မူသည်။ ထို့ကြောင့် ၂၉ ကြိမ်မြောက် စမြင်းဒေါသများ ပယ်ထုတ်အပြီးတွင် အလုပ်အကျွေးရဟန်းကို ခေါ်ပြီး ရေနွေးအစီရင်ခိုင်းခြင်း ဖြစ်၏။

နောက်တစ်နေ့ အရုဏ်တက်ချိန် ဖြစ်၏။

ဆေးဆရာဇီဝကသည် မြတ်စွာဘုရားအတွက် ယာဂုဆွမ်း စီရင်လာခဲ့သည်။

"ဘုန်းတော်ကြီးသော အရှင်ဘုရားသည် တပည့်တော် လျှောက်ထားခဲ့သည့်အတိုင်း သက်ပါ၏လော''

"ဒါယကာ ဇီဝက။ တံခါးဝသို့ သင်ရောက်သောအခါ 'ငါကပ်ခဲ့သော ကြာသုံးလက်တွင် တတိယကြာ၌ ဆေးစေရာတစ်ပါး ယုတ်သည်ဖြစ်၍ မြတ်စွာဘုရား ဝမ်းသက်သောအခါ အကြိမ်သုံးဆယ်မစေ့ရာ။ ရေသပ္ပာယ်မှ သုံးဆယ်ပြည့်ရာ၏' ဟု သင်အကြံဖြစ်သည် မဟုတ်လော။ သင်၏အကြံကို ငါသိတော်မူ၍ ရေနွေးဖြင့် သပ္ပာယ်သောကြောင့် အကြိမ်သုံးဆယ် စေ့ချေပြီ''

ထိုအချိန်တွင် ရှင်မဟာမောဂ္ဂလာန်လည်း "မကျန်းမာသော မြတ်စွာဘုရားသည် ယနေ့ မည်သူ၏ဆွမ်းနှင့် လျော်သနည်း''ဟု ဆင်ခြင်လတ်သော် သောဏသူဌေး၏ ထမင်းကို မြင်လျှင် တန်ခိုးအစီအရင်ဖြင့် လျင်စွာကြွ၍ သောဏသူဌေး၏ ပြာသာဒ်ဦး၌ ရပ်၏။

သောဏသူဌေးလည်း သပိတ်ကော်ကို ယူ၍ မွှန်မြတ်သောစွမ်းတို့ဖြင့် လှူဒါန်းလေ၏။ အရှင်မောဂ္ဂလာန်လည်း ပြန်ကြွရန်ဟန်ပြင်ရာ သူဌေးကလျှောက်၏။

"အရှင်ဘုရား၊ ဆွမ်းဘုဉ်းပေးတော်မူပါဦး''

"သူဌေးသား ဤဆွမ်းကား ငါ၏ အလို့ငှာ မဟုတ်။ မြတ်စွာဘုရား ဘုဉ်းပေးတော်မူရန် ခံလာခြင်းဖြစ်သည်''

"အရှင်ဘုရား ဘုန်းပေးတော်မူပါ။ မြတ်စွာဘုရားအလို့ငှာလည်း လှူဒါန်းလိုက်ပါဦးမည်''

ထိုသို့လျှောက်ထားမှသာ အရှင်မြတ်ကြီးသည် သပိတ်တွင်းရှိ ဆွမ်းကို ဘုဉ်းပေးတော်မူသည်။ သူဌေးသောဏလည်း သပိတ်ကို နှံ့သာရည်



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဆေးကြောပြီး ဆွမ်းအပြည့် ထပ်မံလှူလိုက်လေ၏။ ထိုဆွမ်းသည် အလွန်ပုံ့မွှေးလွန်းလှပေ၏။

ဗိမ္ဗိသာရမင်းကြီးလည်း မြတ်စွာဘုရား ကျန်းခန့်တော်မမူကြောင်း ကြားသောကြောင့် လျှင်လျှားစွာ လာခဲ့၏။ ကျောင်းတော်အနီးသို့ ရောက်လျှင်ပင် သောဏ၏ဆွမ်းရနံ့သည် သင်းပျံ့လှသောကြောင့် စားချင်စိတ်ပေါ်လာ၏။ မြတ်စွာဘုရားသည် ဘုရင်မင်းမြတ်၏ အာလယကိုသိသဖြင့် သင့်ရှိသောထမင်းကို မင်းကြီးသို့ ပေး၏။

"အရှင်ဘုရား၊ သည်ဆွမ်းသည် မြောက်ကျွန်းမှ ဆောင်ခဲ့သောဆွမ်းလော၊ တာဝတိံသာမှ ဆောင်ခဲ့သောဆွမ်းပဲလားဘုရား"

ရန့်သာမက အရသာပါ ကောင်းမွန်သောကြောင့် ထိုသို့မေးမြန်းခြင်းဖြစ်ပေ၏။

"ဒါယကာမင်းကြီး။ မြောက်ကျွန်းမှ ဆောင်ခဲ့သော ဆွမ်းလည်းမဟုတ်။ နတ်ပြည်မှ ယူဆောင်လာသော ဆွမ်းလည်းမဟုတ်။ သင်မင်းကြီး၏ နိုင်ငံအတွင်း၌နေသော သောဏသူဌေး၏ ဆွမ်းတည်း"

ဗိမ္ဗိသာရမင်းကြီးလည်း အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သဖြင့်

"ရှစ်သောင်းသော သူကြီးတို့နှင့်တကွ သောဏသူဌေးလာစေသတည်း"

ဟု တမန်စေလိုက်လေ၏။

မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူပြီးချိန်ဝယ် ဇီဝကသည် ကောင်းမြတ်လှစွာသော သိဝိရာဇ်တိုင်းဖြစ် ပုဆိုးတစ်စုံကို ယူလာကာ မြတ်စွာဘုရားသို့ လျှောက်ထားသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တပည့်တော်ကို ဆုတစ်ဆုပေးသနားတော်မူပါ ဘုရား"

"ဇီဝက ... မြတ်စွာဘုရားတို့ နှစ်သက်အပ်တဲ့ဆု ဟုတ်ရဲ့လား"

"အရှင်ဘုရား အပြစ်မရှိ ကောင်းကျိုးများဘိသော ဆုပါတည်း"

"ဇီဝက ... ထိုသို့တပြီးကား လျှောက်ကြားလော့"

ထိုအခါ ဆေးသမားဇီဝကသည် ယူဆောင်လာသော ပုဆိုးများကို ထုတ်လာကာ လျှောက်ထား၏။

"အရှင်ဘုရား။ ဤပုဆိုးအစုံသည်ကား စဏ္ဍပဇ္ဇောတမင်းသည် ဆောင်နှင်းအပ်သော လက်ဆောင်ပါတည်း။ ဤပုဆိုးအစုံကိုလည်း ဝတ်ရုံသုံးဆောင်ရန် အလှူခံတော်မူပါ။ တပည့်သံဃာတို့မှာလည်း ပံ့သကူသင်္ကန်းကို ဆောင်ကြရ၍ နွမ်းနယ်လှပါသည်။ ဒါယကာတို့ ကုသိုလ်ဖြစ်စိမ့်သောငှာ လှူလာသော သင်္ကန်းကို သံဃာတော်တို့ သုံးဆောင်ခြင်းငှာ ခွင့်ပြုတော်မူပါဘုရား"

"သင်၏အလိုကို ပြည့်စေရတော့အံ့"

မြတ်စွာဘုရားသည် ဇီဝက ဆက်ကပ်သော ပုဆိုးအစုံကို အလှူခံတော်မူ၏။ တစ်ချိန်တည်းမှာပင် သံဃာတော်များကိုလည်း 'ဂဟပတိစီဝရ'ကို ခွင့်ပြုတော်မူ၏။

ဇီဝကလှူဒါန်းသော ပုဆိုးအစုံကို အလှူခံတော်မမူမီက မြတ်စွာဘုရား၏ တပည့်သား သံဃာတော်များမှာ ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို အလှူခံခွင့်၊ သုံးဆောင်ခွင့် မရှိပေ။ အပုပ်ရည်တွေ စိုရွှဲနေသော လောက်အဖွားဖွားကျနေသည့် အဝတ်များကို လူသေကောင်မှ ခွာယူပြီး လျှော်ဖွပ်ဆေးဆိုးကာ ဝတ်ရုံကြရ၏။

မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း ထိုသို့ဝတ်ရုံသုံးဆောင်ကြောင်းကို ရသေ့ညီနောင် ရှင်တစ်ထောင်ချွတ်ခန်းတွင် တွေ့မြင်နိုင်သည်။ မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို ထိုကဲ့သို့ ဒါယကာတို့လှူဒါန်းသော သင်္ကန်းကို အလှူခံသုံးဆောင်နိုင်ခွင့် ပြုပြီးမကြာမီ တစ်ခုသော ဝါကျွတ်ကာလတွင် ကထိန်သင်္ကန်းကို ခွင့်ပြုတော်မူ၏။

ထိုအချိန်အခါက လမ်းပန်းဆက်သွယ်ရေး မဖွံ့ဖြိုးသေးချေ။ မြတ်စွာဘုရားကို ဖူးမြော်ရန်လာရောက်သော ရဟန်းသုံးကျိပ်မှာ ရွှံ့အပေပေ၊ သင်္ကန်းညစ်ညစ်ထေးထေးဖြင့် ဖြစ်နေကြသည်။ သို့ဖြစ်သောကြောင့် မြတ်စွာဘုရားသည် သီတင်းကျွတ်လပြည့်နေ့မှ တန်ဆောင်မုန်းလပြည့်အတွင်း လှူဒါန်းသော ကထိန်သင်္ကန်းကို ခွင့်ပြုတော်မူ၏။

ကထိန်သင်္ကန်းအလှူကို လက်ခံသော ရဟန်းတော် ခံစားခွင့်ရှိသော ကထိန်အာနိသင် ငါးပါးမှာ ...

(၁) **အနာမန္တစာရ**

ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ မြို့တွင်းရွာတွင်း ဆွမ်းဖိတ်အိမ်ရာသို့ သွားနိုင်ခြင်း။

(၂) **အသမာဒါနစာရ**

အဓိဋ္ဌာန်တင်ပြီး ဆောင်သောသင်္ကန်းကို မယူမူ၍ သွားနိုင် နေနိုင်ခြင်း။

(၃) **ယာဝဒတ္ထ စီဝရ**

အလိုရှိတိုင်း သင်္ကန်းကို အဓိ



www.burmeseclassic.com

www.burmeseclassic.com

ဋ္ဌာန် ဝိကပ္ပနာ မပြုမူ၍ထားနိုင်ခြင်း။

(၄) **ဂဏဘောဇန**

ထမင်းစားကြွပါ စသည်ဖြင့် မအပ်သော ဖိတ်ခြင်းရှိသော ဂဏဘောဇဉ်ကို အလှူခံသုံးဆောင်နိုင်ခြင်း။

(၅) **ဂဏ စီဝရ**

ကထိန်ခင်းသော ကျောင်းတိုက်၌ ကထိန်ခင်းပြီးနောက်တွင် တပေါင်းလပြည့်နေ့အတွင်း သံဃာသို့ လှူဒါန်းသော သင်္ကန်းလျာ ပုဆိုးကိုလည်းကောင်း၊ သို့မဟုတ် သင်္ကန်းကိုလည်းကောင်း၊ ထိုကျောင်းတိုက်ရှိ ကထိန်အနုမောဒနာပြုသော ရဟန်းတို့သာ ရနိုင်ခြင်းတို့ ဖြစ်ပေသည်။

ကထိန်ခင်းရန် ကိစ္စရှစ်ပါးရှိပါသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ကထိန်သင်္ကန်း အလှူခံမှု၊

(၂) ကထိန်ခံထိုက်သော ပုဂ္ဂိုလ်ကို သံဃာတော်များက စိစစ်ရွေးချယ်ပေးမှု၊

(၃) ထိုရွေးချယ်ခံရသူကို သိမ်တွင်း၌ ကမ္မဝါဖတ်၍ ကထိန်သင်္ကန်းကို ပေးမှု၊

(၄) တိစီဝရိက် အဓိဋ္ဌာန်တင် သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြု အဓိဋ္ဌာန်စွန့်မှု၊

(၅) ကထိန်ခင်းမည့် သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုထိုးမှု၊

(၆) သင်္ကန်းအမည်ဖြင့် အဓိဋ္ဌာန်တင်မှု၊

(၇) နှုတ်မြွက်၍ ကထိန်ခင်းမှု၊

(၈) အနုမောဒနာပြုမှု။

ကထိန်ခင်းရန်အတွက် မြတ်စွာဘုရားခွင့်ပြုတော်မူသော သင်္ကန်းအမျိုးအစားမှာ ...

(၁) သံဃာဋိ ။ ။ ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး။

(၂) ဥတ္တရာသင်္ဂေါ ။ ။ ကေသီ (ကိုယ်ဝတ်သင်္ကန်း)

(၃) အန္တရဝါသကော။ ။ ခါးဝတ်သင်းပိုင်တို့ ဖြစ်ပေ၏။

ရဟန်းတော်တစ်ပါးသည် ကထိန်ကာလတွင် တစ်ကြိမ်သာ ကထိန်ခံယူခွင့်ရှိသည့်နည်းတူ ကျောင်းတစ်ကျောင်းသည်လည်း ကထိန်ရာသီအတွင်း၌ တစ်ကြိမ်သာ ကထိန်ခင်းခွင့်ရှိ၏။

ထိုသို့ တစ်နှစ်မှတစ်ခါသာ ခံယူခွင့်ရှိသော ကထိန်မှာပင် ကထိန်ခင်းထိုက်သည့် အင်္ဂါရှစ်ပါး ရှိသေး၏။ ထိုအင်္ဂါရှစ်ပါးဖြင့် ပြည့်စုံမှသာ ကထိန်ခင်းခွင့်ရှိ၏။

(၁) ပုဗ္ဗကရဏံ ဇာနာတိ–ရှေးဦးစွာ ပြုလုပ်ရမည့် ကိစ္စရပ်တို့ကို သိရပြုရခြင်း။

(၂) ပစ္စုဒ္ဓါရံ–ပစ္စုဒ္ဓါရ်ပြုတတ်ရခြင်း။

(၃) အဓိဋ္ဌာနံ–အဓိဋ္ဌာန်တင်တတ်ရခြင်း။

(၄) အတ္ထာရံ–ကထိန်ခင်းပုံခင်းနည်းကို သိထားရခြင်း။

(၅) မာတိကံ–မာတိကာကို သိထားရခြင်း။

(၆) ပလိဗောဓံ–ကြောင့်ကြမှုကို သိထားရခြင်း။

(၇) ဥဒ္ဓါရံ–ကထိန်နုတ်ပုံကို သိထားရခြင်း။

(၈) အာနိသံသ–အာနိသင်တို့ကို သိထားရခြင်း။

ကထိန်ခင်းသော ဒါယကာတို့အတွက် ကထိန်ဒါယကာဖြစ်ရေးသည် တစ်နှစ်လုံးတွင် တစ်ရက်။ တစ်ရက်တွင် တစ်အိမ်သာ အခွင့်အရေး ရှိပါသည်။ ကထိန်သင်္ကန်း အလှူခံသော ရဟန်းတော်များအတွက်လည်း ကထိန်သင်္ကန်းသည် အလွန်အရေးကြီးသည်။ ကထိန်ခံသော ရဟန်းမှသာ ရရှိခံစားနိုင်သော အခွင့်အရေးကိုလည်း သီးသန့်ရှိသည်။

မြတ်စွာဘုရားသည် ရွံ့အပေပေ၊ ရေအရွှဲရွှဲဖြင့် ရောက်လာသော ရဟန်းတော်များကို အကြောင်းပြုပြီး ကထိန်သင်္ကန်းကို ခွင့်ပြုတော်မူခဲ့၏။ သို့ဖြစ်၍ ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်းသည် ကထိန်ခင်းခွင့်နှင့် ကထိန်သင်္ကန်းကို အမြတ်တနိုးထားကြ၏။

ဝါတွင်းလွတ်သည့် သီတင်းကျွတ်သည်နှင့် တစ်ပြိုင်နက်တည်း လမ်းထိပ်များတွင် ပဒေသာပင်များ တွေ့မြင်ကြရပြီ။ ယင်းတို့မှာ ကထိန်ခင်းမည့်ကျောင်းရှိ သံဃာတော်များသို့ လှူဒါန်းရန်အတွက် 'သီး'ထားသော လှူဖွယ်ပစ္စည်းများ ဖြစ်ပေ၏။

တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်သာ လှူဒါန်းခွင့်၊ ကျင်းပခွင့်ရှိသော ကထိန်ကို ဗုဒ္ဓဘာသာဝင်များ အလေးအမြတ်ပြုကာ တန်ဖိုးထားကြပေသည်။ "ကထိန်စီဝရံ သံဃဿဒေမ"ဟု ရွတ်ဆိုကာ လှူဒါန်းရသော ကထိန်းသင်္ကန်းအလှူသည် အလှူတကာတို့တွင် မြတ်သော အလှူတစ်ပါး ဖြစ်ပါပေသည်။

**ဆင်ဖြူကျွန်းအောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

# မြုပ်နေသော လုပ်ငန်းများ ပြန်ပေါ်စေရန် မုန့်လုံးရေပေါ်လှူ

နှင်းအဥ္ဇလီ

ယနေ့ခေတ်ကာလတွင် စီးပွားရေးလုပ်ငန်းရှင်များ အကြောင်းအမျိုးမျိုးကြောင့် အရင်းများ ပြန်မပေါ်လာသည့်အခါ တွင်လည်းကောင်း၊ အနုပညာရှင်များ မိမိနာမည် ထင်ပေါ်ကျော်ကြားရန်အတွက်လည်းကောင်း၊ ဆုံးရှုံးထားသော အရာဝတ္ထုများ ပြန်လည်ရရှိစေရန် ဗုဒ္ဓယကြာစစ် မုန့်လုံးရေပေါ်အား အိမ်ဘုရား၊ အလုပ်ဘုရား၊ ဆိုင်ဘုရားတို့တွင် ကပ်လှူကြပါ။ ကြာသပတေး မနက်(၆)နာရီမှ (၇)နာရီအတွင်း လှူဒါန်းပါ။ လက်ငင်းအကျိုးထူး ပါမည်။

နေ့သား/သမီးများ မြုပ်နေသော လုပ်ငန်းများပြန်လည်၍ ပေါ်လာပါစေဟု ဆုတောင်းပါ။ နေ့သား/သမီးအလိုက် ဖော်ပြသောနှစ်များတွင် ပြုလုပ်ပါက အကျိုးထူးပါမည်။ ယုံယုံကြည်ကြည်နှင့် လှူဒါန်းပါ။

**တနင်္ဂနွေသားသမီး** – ၈ နှစ်၊ ၁၆ နှစ်၊ ၂၄ နှစ်၊ ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၅၆ နှစ်၊ ၆၄ နှစ်၊ ၇၂ နှစ်၊ ၈၀ နှစ်၊ ၈၈ နှစ်။

**တနင်္လာသားသမီး** – ၇ နှစ်၊ ၁၅ နှစ်၊ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၃ နှစ်၊ ၇၁ နှစ်၊ ၇၉ နှစ်၊ ၈၆ နှစ်။

**အင်္ဂါသားသမီး** – ၆ နှစ်၊ ၁၄ နှစ်၊ ၂၂ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်၊ ၇၀ နှစ်၊ ၇၈ နှစ်၊ ၈၆ နှစ်။

**ဗုဒ္ဓဟူးသားသမီး** – ၅ နှစ်၊ ၁၃ နှစ်၊ ၂၁ နှစ်၊ ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၇ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်၊ ၆၉ နှစ်၊ ၇၇ နှစ်၊ ၈၅ နှစ်။

**ကြာသပတေးသားသမီး** – ၃ နှစ်၊ ၁၁ နှစ်၊ ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်၊ ၆၇ နှစ်၊ ၇၅ နှစ်၊ ၈၃ နှစ်။

**သောကြာသားသမီး** – ၉ နှစ်၊ ၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၁ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်၊ ၆၅ နှစ်၊ ၇၃ နှစ်၊ ၈၁ နှစ်။

**စနေသားသမီး** – ၄ နှစ်၊ ၁၂ နှစ်၊ ၂၀ နှစ်၊ ၂၈ နှစ်၊ ၃၆ နှစ်၊ ၄၄ နှစ်၊ ၅၂ နှစ်၊ ၆၀ နှစ်၊ ၆၈ နှစ်၊ ၇၆ နှစ်၊ ၈၄ နှစ်။

**ရာဟုသားသမီး** – ၁၀ နှစ်၊ ၁၈ နှစ်၊ ၂၆ နှစ်၊ ၃၄ နှစ်၊ ၄၂ နှစ်၊ ၅၀ နှစ်၊ ၅၈ နှစ်၊ ၆၆ နှစ်၊ ၇၄ နှစ်၊ ၈၂ နှစ်။

နှင်းအဥ္ဇလီ



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်ပြည်ရဲ့ ဗုဒ္ဓနေ့တစ်နေ့


■ ခိုင်ခင်အင်ကြင်း

ယခုဆောင်းပါးဟာ အချိန်ရာသီနဲ့ မကိုက်ညီတော့ဘူးလို့ မှတ်ချက်မချစေဘဲ ဖတ်ရှုပြီးသွားရင် သဘောကျ ကျေနပ်သွားကြမယ် ထင်ပါတယ်။

မြန်မာသက္ကရာဇ်အရ ဒီနှစ်က ဝါထပ်လို့ ကဆုန်လပြည့် ဗုဒ္ဓနေ့ဟာ နောက်ကျနေပြီး ဂျပန်ပြည်ရဲ့ ဗုဒ္ဓဖွားတော်မူနေ့ ပိုစောသထက်စောသွားတော့ ၂၀၁၃ ခု၊ ဧပြီလ ၇ ရက်ပါတဲ့။

နေ့ထူးနေ့မြတ်အဖြစ် မဟာယာန ဘုန်းကြီးကျောင်းတွေမှာ ပွဲလေးများ ကျင်းပကြပါတယ်။ အရင်က ဆောင်းပါးရေးမယ် စိတ်မကူးခဲ့မိတာနဲ့တစ်ကြောင်း၊ ပတ်သက်ရာ ပတ်သက်ကြောင်း ဖိတ်ကြားမှ ဝင်ခွင့်ရတယ်ထင်တာတစ်ကြောင်းကြောင့် မသွားဖြစ်ခဲ့ပါဘူး။

ဒီနှစ်တော့ ခိုင်ခင်အင်ကြင်း နေထိုင်ရာအိမ်အနီးက ခွန်းဂိုးတဲလကျောင်းတော်ကြီးကို သွားခဲ့ပါတယ်။ တဲလဆိုကတည်းက ဗုဒ္ဓဘုရားကျောင်းတော်ကြီးပဲပေါ့။ ခွန်းဂိုး(KHUN GO) ဆိုတာ ဘာမှမတုန်လှုပ်ဘူးလို့ အဓိပ္ပာယ်ရပါတယ်။ ဥပမာ ဘီလူးလာရင်လည်း မတုန်လှုပ်ဘူးလို့ မေးမြန်းသိရှိရပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဘာကိုမှ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိသော ဂုဏ်တော်ကိုပဲ အမည်အဖြစ် ယူထားသလား၊ ဒီကျောင်းတော်ကြီးကို လာရောက်ကြသူတွေမှာ




ခွန်းဂိုးတဲလဗုဒ္ဓကျောင်းတော်ကြီးတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂိုးတဲလ 'ချယ်ရီပန်းပင်လုံး ညွှတ်ပွင့်ချိန်'ပွဲ၌ အစီအစဉ် စာရွက်နှင့် အစားအသောက် လက်မှတ် ပေးနေပုံ

ဘာမှတုန် လှုပ်စရာမရှိ ဖြစ်မယ်လို့ ဆိုလိုတာလား အမျိုးမျိုး တွေးလို့ရပြီး "ကြောက်ခြင်းကင်းသော ဗုဒ္ဓဘုရားကျောင်းတော်"လို့သာ ယူဆမိပါတယ်။

ကျောင်းတော်ကြီးအဝင် ဘယ်ဘက်ဘေး ခပ်လှမ်းလှမ်းမှာ ဝင်လာသူတိုင်း တန်းစီနေကြတာကြောင့် အများနည်းတူ တန်းစီပြီး လိုက်လုပ်တော့ ကြော်ငြာစာရွက်(အစီအစဉ်)နဲ့ အလွယ်တကူဖြတ်နိုင်တဲ့ လက်မှတ်လေးသုံးဆောင် ပေးပါတယ်။ လက်မှတ်လေးတွေက လူတစ်ဦးကို ကြိုက်ရာအစားအသောက်သုံးမျိုး စတုဒိသာကျွေးမယ့် လက်မှတ်လေးများ ဖြစ်နေပါတယ်။

ကျောင်းတော်ဝန်းကြီးက ကျယ်ဝန်းလို့ စားသောက်ဆိုင်တွေရှိရာ ကွင်းပြင်ဘက်အသွားမှာ ပုံမှာမြင်ရမယ့် ဂျပန်ရိုးရာ အကာဝတ်စုံ ကီမိုနိုနဲ့ ကပြဖျော်ဖြေမယ့် ကွင်းပြင်ဘက်သွားနေသူ အလှမယ်လေးတွေ တွေ့ရပါ့မယ်။

သူတို့ ဘယ်အချိန် ကမယ်မှန်းမသိတော့ ၁၁ နာရီ ခွဲပြီးနေပြီမို့ စားသောက်ဖို့ပဲ သွားတာပေါ့လေ။ တန်းစီရဦးမှာနဲ့ ကြာဦးမှာမို့ပါ။

ကျွေးမွေးတဲ့ အစားအသောက်တွေက ဥဒုန်ဥခေါ် ဂျပန်ဟင်းရည်ကြည် မုန့်ဟင်းခါး၊ ရေဘဝဲဌာပနာထားတဲ့ ဂျုံမုန့်လုံးများ(တကိုးယခိ)၊ ပြောင်းဖူးလှော်၊ မိုကျီဒန်းကိုးခေါ် အရောင်သုံးမျိုး ကောက်ညှင်းလုံးသီတံနှစ်တံ၊ ဖရန့်တော့က်ခေါ် ဂျုံမုန့်မံ ဝက်အူချောင်းတုတ်ထိုး၊ အာလူးကက်တလိတ်လို အာလူးကြော်များ အသင့်ထုပ်ပိုးပြီး ရနိုင်ပါတယ်။

အစီအစဉ် ကြော်ငြာစာရွက်မှာ "ဆကုလ(ချယ်ရီ)ပန်းများ ပင်လုံးညွှတ်ပွင့်ချိန်"လို့ပဲ ခေါင်းစဉ်တပ်ထားပုံမှာတော့



ခွန်းဂိုးတဲလတွင် ဂျပန်ရိုးရာဝတ်စုံနှင့် ကပြဖျော်ဖြေမည့် အလှမယ်လေးများပုံ (ကီမိုနိုအင်္ကျီလက်ခြေထောက်အထိရှည်ရှည်ဝတ်လျှင် လက်မထပ်ရသေးသူ/ငယ်သူ)

ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံအသီးသီးက ဗုဒ္ဓဖွားတော်မူနေ့တွေ လွဲနေတာကို သိကြတာနဲ့ ဗုဒ္ဓဖွားတော်မူနေ့လို့ အတိ ခေါင်းစဉ်မတပ်တာ ဖြစ်မှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com




စတုဒိသာ အစားအသောက်
စားသောက်နေကြသူများ

စတုဒိသာကျွေးတယ် ဆိုကတည်းကိုက ဗုဒ္ဓတရားတော်အရ ဗုဒ္ဓဘာသာတို့ရဲ့ အစဉ်အလာအတိုင်း မြန်မာပြည်နဲ့တူနေတာကို ဝမ်းသာသွားပါတယ်။ စားရလို့မဟုတ်ပါဘူးနော်။

ပုံထဲကအတိုင်း ပရိသတ်တွေ စားပွဲကုလားထိုင်တွေမှာ စတုဒိသာအစားအသောက်တွေ စားနေတာ တွေ့နိုင်ပါတယ်။

ကျောင်းတော်ကြီးရှေ့ တစ်နေရာက ရေမြောင်းလေးထဲမှာ ရွှေငါးရောင်စုံတွေ ကူးခပ်နေပုံကို ပန်းရစ္စာ ရှုစားနိုင်ပါ့မယ်။

စပ်မိလို့ စာဖတ်ပရိသတ်များကို ဗဟုသုတအဖြစ် သိစေချင်တာလေးကတော့ ရွှေငါးတချို့ဟာ တစ်ကောင်ကို




ခွန်းဂိုးတဲလ 'ချယ်ရီပင်လုံးညွှတ်ပွင့်ချိန်' ပွဲ၌
ကပြဖျော်ဖြေနေကြသူ ယပ်တောင်နှင့် ယိမ်းအဖွဲ့

မြန်မာကျပ်ငွေ သိန်းတစ်ရာမက ရှိတတ်တယ်ဆိုတော့ ရွှေငါးမွေးရောင်းချင်စိတ် ပေါက်စရာပေမယ့် အဲဒီလို အဖိုးတန်ရွှေငါးမျိုးက အလွန်မွေးမြူရခက်ခဲလွန်းတယ်လို့ ကြားပြီး မစဉ်းစားဝံ့စရာ ဖြစ်နေတာပါပဲ။

အကအခုန် အမျိုးမျိုးများရှိရာ ကွင်းပြင်အသွားမှာ မီရာတွေထဲက ယိမ်းအဖွဲ့တစ်ဖွဲ့ကခုန်နေပုံကိုသာ ဖော်ပြပေးလိုက်ပါတယ်။


အကတွေ တချို့ကြည့်ပြီး ကျောင်းတော်ဝန်းဘက်အသွား ရှေ့နားမှာ နတ်ရှိတဲ့ သစ်ပင်တစ်ပင်ကို တွေ့ရ၍ ကျောင်းဝန်းတစ်ဝန်းလုံးမှာ တစ်ပင်တည်းသာ ဖြစ်ပါတယ်။

ကျောင်းတော်ကြီးအတွင်း ဝင်တဲ့အခါ ဖိနပ်ချွတ်ထားခဲ့ရပေမယ့် ဖိနပ်ပျောက်မှာ မပူရတာတစ်ခု စိတ်တစ်မျိုးအေးစေစရာပါ။

အတွင်းဆောင်တွေရဲ့ ထောင့်လေးထောင့်မှာ လောကကို စောင့်ရှောက်ပြီး မကောင်းသူပယ်၊ ကောင်းသူကယ်မယ့် နတ်မင်းကြီးလေးပါး ရုပ်တုတော်များ တွေ့ခဲ့ရတဲ့ထဲက ဓာတ်ပုံများ များနေမှာစိုးတဲ့အတွက် နတ်မင်းကြီးတစ်ပါးပုံသာပဲ ရှုစားကြပါတော့နော်။

တစ်နေရာက တရားဟောခန်းမကျယ်ကြီးအတွင်း မဟာယာနဘုန်းတော်ကြီးတစ်ပါး ဟောနေတာ မြင်ရပါတယ်။ တခြားအခန်းကျယ်ကြီးတစ်ခန်းထဲက ဂျပန်နိုင်ရာ ဂီတဝိုင်းအဖွဲ့များ ရေဝတ်စုံနဲ့ တီးမှုတ်ဖျော်ဖြေပြီးသွားတာကြောင့် ပြန်ထွက်လာကြပြီဖြစ်လို့ လှမ်းမြင်ရတော့ မှတ်တမ်းတင် ဖော်ပြပို့

www.burmeseclassic.com



ခွန်းဂိုးတဲလဗုဒ္ဓကျောင်းတော်ကြီးအတွင်း ထောင့်တစ်ထောင့်မှ လောကကို စောင့်ရှောက်သောနတ်တစ်ပါး

ကပျာကယာ ဓာတ်ပုံရိုက်ခွင့် သွားတောင်းပါတယ်။

အဲဒီအခါ သူတို့အဖွဲ့ဝင် သာမန်အဝတ်အစားနဲ့ အမျိုးသမီးလည်း အနီးမှာရှိပြီး အမှတ်တရအတူတူ တွဲရိုက်ပါလို့ တိုက်တွန်းပါတယ်။ "အတော်အလိုက်သိတတ်ပုံရတယ်" ထင်ရင်း နိုင်ခင်အင်ကြင်းရဲ့ "ဖြစ်ပေါင်းစုံလင် ချစ်ပေါင်းပုံပြင်" ဂျပန်ဘာသာပြန်စာအုပ်ထဲက ဂင်းဂျိမင်းသားလို (NOSHI) နိုရှိဝတ်ဂီတဆရာနှစ်ဦးနဲ့ ဘယ်လိုတွဲရိုက်ရမလဲ အခက်တွေ့နေချိန်မှာပဲ တိုက်တွန်းသူအမျိုးသမီးက ကြားထဲဝင်ရပ်ပါလို့ ပြောတော့ နူးနည်းနည်းညွတ် စတိုင်လ်(STYLE)ပေးလိုက်ရတာပေါ့လေ။

အစီအစဉ်မတူဘဲ တခြားဘုန်းကြီးကျောင်းတွေမှာလည်း ပွဲလေးတွေလုပ်ကြောင်း သိနေပေမယ့် ညနေ ၄ နာရီခွဲနေပြီမို့ သွားကြည့်ချိန်မရှိတော့ပါဘူး။

ဒီနှစ်ရဲ့ ဗုဒ္ဓဖွားတော်မူနေ့ (ဂျပန်)မှာ ဗုဒ္ဓဘုရား




နိုင်ခင်အင်ကြင်းရဲ့ 'ဖြစ်ပေါင်းစုံလင် ချစ်နှောင်းပုံပြင်' ဂျပန်ဘာသာပြန်စာအုပ်မှ ဂင်းဂျိမင်းသားဝတ် (NOSHI) နိုရှိဝတ်နှင့် ဂီတ(တူရိယာ) တီးမှုတ်သူနှစ်ဦးနှင့် နိုင်ခင်အင်ကြင်း (ခွန်းဂိုးတဲလအတွင်း တစ်နေရာ)

ကျောင်းတော်ကြီးအသွား အတွေ့အကြုံအသစ်ရလိုက်တာကို ကျေနပ်ပျော်ရွှင်ရပါတယ်။

အတွေးထဲမှာ မဟာယာနဗုဒ္ဓဘာသာဝင်ဖြစ်စေ ဟိနယာနဗုဒ္ဓဘာသာဝင်ဖြစ်စေ တရားတော်အတိုင်း စေတနာ မေတ္တာ ရှေ့ထားကာ လှူဒါန်းကျွေးမွေး ငြိမ်းချမ်းစွာနေထိုင်ကြရာနေရာတွေမှာ အနှောင့်အယှက်များ၊ အန္တရာယ်များကင်းဝေးလို့ ထာဝရငြိမ်းချမ်းပါစေကြောင်း ဆန္ဒပြုဆုတောင်းရင်း ကျေးဇူးတင်လျက် ကျောင်းတော်ကြီးက ပြန်လည်ထွက်ခွာလာခဲ့ပါတော့တယ်။


အစဉ်မွှန်မြတ်သော မေတ္တာရှည်လျက်

နိုင်ခင်အင်ကြင်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

(ရောင်ပြန်ရသ)

# ဘယ်သူဖော်ကောင်လဲ

(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၅ ခုနှစ်၊ ဆောင်းဥတု၏ နံနက်ခင်းတစ်ခု။ ခါတိုင်းဆိုလျှင် သူတို့မိသားစု၏ နံနက်ခင်းလက်ဖက်ရည်ဝိုင်းကလေးသည် အလွန်ပင် ပျော်စရာကောင်းလှ၏။

''ဒါက ကိုကိုကြိုက်တဲ့ နံပြားနဲ့ ပဲပြုတ်၊ ဟောဒါက သားသားအတွက် ဘိန်းမုန့်'' စသည်ဖြင့် ဇနီးသည် နုနုက ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပေးရင်း မိသားတစ်စု ပျော်ပျော်ရွှင်ရွှင် စားသောက်လေ့ရှိကြ၏။ သည်ကနေ့မနက်မှာတော့ နုနု၏ မျက်နှာက ညှိုးရော်နေသည်။ ရင်ထဲတွင် တစ်စုံတစ်ရာကို မျိုသိပ်ထားရဟန်တူ၏။

''ရှင်မနေ့တုန်းက ရုံးလစ်ပြီး အညိုဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ မြေနီကုန်းက (––)ရုပ်ရှင်ရုံမှာ ရုပ်ရှင်သွားကြည့်ကြတယ်မဟုတ်လား။ ကိုယ့်မှာလည်း သားနဲ့မယားနဲ့မို့ အိမ်ထောင်ရေးကျင့်ဝတ်ကိုတော့ စောင့်ထိန်းဖို့ကောင်းပါတယ်။ ဒါမျိုးကိစ္စ ဒီတစ်ခါဟာ နောက်ဆုံးအကြိမ်ပဲ ဖြစ်ပါစေ''

ရုတ်တရက် နုနု၏နှုတ်မှ ပွင့်အန်ထွက်လာသော စကားများကြောင့် မြလှိုင်သည် သူ့မ၏မျက်နှာကို မကြည့်ဝံ့တော့သဖြင့် ခေါင်းငုံ့ထားလိုက်မိ၏။ စွပ်စွဲပြောဆိုချက်မှာ ဒက်ထိမှန်ကန်နေသောကြောင့် သူ့အဖို့ ဆိတ်ဆိတ်နေခြင်းဖြင့်သာ ဝန်ခံလိုက်ရတော့၏။ အံ့သြခြင်းမှာ အံ့သြနေမိရသည်ကား မိမိ ပိပိရိရိကျူးလွန်ခဲ့သည့် အမှုတစ်ခုပေါက်ကြားရသည့်အတွက်ပင် ဖြစ်၏။ အညိုသည် သူ့လက်အောက်မှ အငယ်

www.burmeseclassic.com

တန်းစာရေးမလေးတစ်ယောက် ဖြစ်၏။ သူတို့နှစ်ယောက် ငြိစွန်းခဲ့ကြသည်မှာ မကြာလှသေးချေ။ မနေ့က နေမကောင်းဟု အကြောင်းပြပြီး အညို ခွင့်တင်သည်။ သူကမူ ရင်းနှီးသည့် မိတ်ဆွေတစ်ယောက်၏ အသုဘကို လိုက်ပို့ရန်ဟု အကြောင်းပြပြီး ရုံးမှ ထွက်လာခဲ့သည်။ အချိန်းအချက်ပြုထားသည့်အတိုင်း သူတို့ ပိပိရိရိ ဆောင်ရွက်ခဲ့ကြ၏။ သူက အရင်သွားနှင့်ပြီး ရုံထဲမှစောင့်နေသည်။ ရုပ်ရှင်ပြရန် မီးများမှိတ်လိုက်သည့်အချိန်တွင်မှ အညို ရုံထဲသို့ ဝင်လာ၏။ ရုပ်ရှင်မပြီးခင် ၁၀ မိနစ်ခန့်အလိုတွင် အညိုက ရုံထဲမှ အရင်ထွက်ပြီး အိမ်သို့ပြန်နှင့်သည်။ သူကမူ ရုပ်ရှင်ပြီးမှ ရုံထဲက ထွက်လာခဲ့လေသည်။

''ဒါလောက် ပိပိရိရိ လုပ်ခဲ့တဲ့ ကိစ္စကို နုနုတစ်ယောက် ဘယ်လိုများ သိသွားရပါလိမ့် ...'' သူက စိတ်ပျက်စွာတွေးရင်း ဦးခေါင်းမှ ဆံပင်များကို ကုတ်ဖွပစ်လိုက်မိ၏။ နုနုနှင့် ဆက်လက်ရင်ဆိုင်ရန်မှာလည်း မျက်နှာပူလှသဖြင့် နံနက်စာကိုပင် မစားတော့ဘဲ ရပ်ကွက်သမဝါယမအသင်းဆိုင်ဆီသို့ ထွက်လာခဲ့လေသည်။ မြလှိုင်သည် အစိုးရဌာနကြီးတစ်ခုမှ ပြန်တမ်းဝင် အဆင့် အရာရှိတစ်ဦးဖြစ်သကဲ့သို့ သူနေထိုင်ရာ ရပ်ကွက်သမဝါယမအသင်းတွင်လည်း အမှုဆောင်တစ်ဦးဖြစ်၏။ လွန်ခဲ့သောနှစ်များတုန်းက သူသည် အသောက်အစား၊ အပျော်အပါး ကင်းခဲ့ရုံမက စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်သူတစ်ဦးအဖြစ် အများ၏ လေးစားကြည်ညိုခြင်းကို ခံခဲ့ရသူဖြစ်၏။ ထို့ကြောင့် သက်ဆိုင်ရာရုံးဌာနတွင် အထက်လူကြီးများ၏ ယုံကြည်စိတ်ချမှုကို ခံယူရသကဲ့သို့ သူနေထိုင်ရာ ရပ်ကွက်ကလည်း သူ့ကို လေးစားကြသည်။

''ဆင်းရဲဒဏ်ကို ခံနိုင်မည်ဖြစ်သော်လည်း ချမ်းသာမှု၏ဒဏ်ကို ခံနိုင်လေ့မရှိကြ''ဟူသော စကားသည် မြလှိုင်ကိုပင် သီးခြားရည်ညွှန်းထားခဲ့ခြင်းပေလားဟု စဉ်းစားစရာပင် ဖြစ်တော့၏။ စီးပွားရေးက အဆင်ပြေ၊ လုပ်ငန်းခွင်တွင် ရာထူးရာခံက မြင့်လာသောအခါ မြလှိုင်တစ်ယောက် ခြေလှမ်းကျယ်လာ၏။ နံပါတ်တူး၊ သရီး စသည်ဖြင့် အငယ်အနှောင်းထားကြသော မိတ်ဆွေအရာရှိအချို့ကို အားကျမိလာ၏။ ဌာနပိုင်၊ အသင်းပိုင် ငွေကြေးပစ္စည်းများအပေါ်တွင် လော်မာသောမျက်လုံးများဖြင့် မသိမသာ မျက်စောင်းထိုးတတ်လာလေပြီ။

''ဟာ ... အာစရိလာတာ အတော်ပဲဗျို့။ ဒီကနေ့တစ်ရက်တော့ ရုံးက ခွင့်ယူဗျာ။ ဒီကနေ့ညနေမှာတောင် အလုပ်က ပြီးမယ်မထင်ဘူး။ ညဘက်ပါ ဆက်ရလိမ့်မယ်ထင်တယ်''

ရပ်ကွက်သမဝါယမအသင်းဆိုင်သို့ ရောက်သောအခါ အတွင်းရေးမှူး ကိုလွန်းမောင်က မြလှိုင်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆို၏။ အသင်း၏ နှစ်ချုပ်စာရင်းများရှင်းကြရတော့မည်ဖြစ်၍ သူတို့တစ်တွေ အလုပ်များနေကြခြင်း ဖြစ်သည်။ မြလှိုင်လည်း ထိုနေ့အတွက် ရုံးမှ ရှောင်တခင်ခွင့်ယူပြီး အသင်းဆိုင်၌ ကူညီဆောင်ရွက်ပေးရလေသည်။ ထိုနေ့တစ်နေ့သာမက ည ၁၂ နာရီအထိ သူတို့အမှုဆောင်တွေ အားလုံး မနားမနေ အလုပ်လုပ်ကြရ၏။ အိပ်ချင်လွန်းလှသဖြင့် မြလှိုင်သည် စားပွဲရှည်ကြီးတစ်လုံးပေါ် လဲလျောင်းရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားရလေ၏။ နံနက် ၈ နာရီထိုးတော့မှ သူအိပ်ရာနိုးလာသည်။ အခြားအမှုဆောင်များက သူ့ကို လက်ဖက်ရည်ဝိုင်းမှ စောင့်ကြိုနေ၏။ သို့နှင့် ကမန်းကတန်းမျက်နှာသစ်ပြီး လက်ဖက်ရည်ဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

''ဩော် ... ဥက္ကဋ္ဌကြီးရေ၊ ကျွန်တော်ပစ္စည်းဝယ်ဖို့ လျှောက်ချင်လို့''

လက်ဖက်ရည်ပန်းကန်ကို မကိုင်မိ သူသည် အကျႌအိတ်ထဲမှ လျှောက်လွှာစာရွက်အခေါက်ကလေးတစ်ခုကို ထုတ်ယူပြီး ရပ်ကွက်သမဝါယမအသင်းဥက္ကဋ္ဌ၏လက်သို့ ကမ်းလိုက်၏။ ဥက္ကဋ္ဌကမူ သူ့စာရွက်ကို လှမ်း၍မယူသေးဘဲ သူ့ကို မျက်မှောင်တစ်ချက်ကြုတ်ပြီး ကြည့်လိုက်သည်။

''သကြားနှစ်အိတ်၊ နို့ဆီတစ်သေတ္တာနဲ့ ဆပ်ပြာတောင့် နှစ်သေတ္တာကို အလှူလုပ်ဖို့ အကြောင်းပြပြီး လျှောက်လွှာတင်မယ်။ ထုတ်ပြီးတော့ မှောင်ခိုဈေးမှာ အမြတ်တင်ပြီး ရောင်းမလို့မဟုတ်လား။ လုံးဝထုတ်မပေးဘူးဗျို့။ အစိုးရဌာနက အရာရှိတစ်ဦးအနေနဲ့ရော၊ အသင်းရဲ့အမှုဆောင်တစ်ယောက်အနေနဲ့ပါ ဒီလိုကြံစည်တာမျိုးကတော့ လုံးဝအသင့်တော်ပါဘူးဗျာ။ ဒါဟာ နောက်ဆုံးအကြိမ်ပဲဖြစ်ပါစေ''

ရော ... ခက်ချေပြီ။ မိမိတိတ်တဆိတ် ပိပိရိရိကြံစည်စိတ်ကူးထားသော ကိစ္စတစ်ရပ်ကို သမဝါယမ

www.burmeseclassic.com

ဥက္ကဋ္ဌက သိနှင့်နေပြန်ပြီ။ ထူးတော့ တော်တော်ထူးဆန်းလှ၏။ သို့ရာတွင် သူသည် အဖြစ်မှန်ကို ဝန်မခံရုံမျှသာ မက ...

"ခင်ဗျား ဒီလို အရမ်းမစွပ်စွဲပါနဲ့။ ကျုပ်က သိက္ခာသမာဓိနဲ့ အလုပ်လုပ်နေတဲ့လူ။ ဒီငွေခြောက်ပြားတစ်ပဲ ဖိုးလောက်အတွက်နဲ့တော့ မဖောက်ပြန်ဘူး။ ပစ္စည်းမရောင်းပေးချင်နေ၊ ကျုပ်သိက္ခာကိုတော့ မစော်ကားနဲ့"

ဟု ဂူးဂူးဝါးဝါးပြောဆိုပြီး ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

"ဒီမှာ ကိုမြလှိုင်၊ ကျုပ်က ခိုင်ခိုင်လုံလုံသိလိုက်ရလို့ ပြောတာပဲ။ မခံနိုင်ရင် လဲသေပေါ့ဗျာ"

သူထွက်လာစဉ် နောက်ဘက်မှ အော်ပြောလိုက်သော ဥက္ကဋ္ဌ၏ အော်သံနှင့် အခြားအမှုဆောင်များ၏ ဟားတိုက်ရယ်မောသံတို့က ပွဲတင်ဟီးသွားခဲ့ရ၏။ ဆက်ပြောနေလျှင် နောင်ဂျိန်ပွဲအထိ အခြေအနေဆိုးသွားနိုင်သောကြောင့် သူသည် ဆိုင်နှင့်အဝေးဆုံးနေရာသို့ ရောက်အောင် သုတ်ခြေတင်လာမိခဲ့ရလေ၏။

ရုံးတက်ရန်လည်း စိတ်မပါ၊ အိမ်တွင်နေချင်စိတ်လည်း မရှိသဖြင့် မြလှိုင်သည် သုပ်သက်ခွင့်တစ်လယူကာ မန္တလေးသို့ စိတ်ပြေလက်ပျောက် ခရီးထွက်လာခဲ့လေသည်။

"အညိုနဲ့ ငါ့ကိစ္စကို နုနုတော့ သိသွားပြီ။ ဘာပဲဖြစ်ဖြစ် အညိုကိုတော့ အိမ်တစ်ဆောင် မီးတပြောင်ထားနိုင်အောင် ကြိုးစားရမှာပဲ။ အရေးကြီးတာက ငွေ။ ငွေများများကို မြန်မြန်ရနိုင်ဖို့ လိုတယ်။ သမဝါယမခွဲတမ်း ပစ္စည်းတွေ ထုတ်ယူပြီး မှောင်ခိုမှာရောင်းမယ့် နည်းလမ်းမျိုးကိုတော့ လက်လျှော့လိုက်ပြီ။ မန္တလေးမှာ တစ်နည်းနည်းနဲ့ ငွေမြက်မြက်ကလေးရနိုင်မည့် အကွက်ကောင်းမျိုးကိုတော့ တွေ့နိုင်ကောင်းပါရဲ့လေ။

"ငါတိတ်တခိုးကြံစည်ထားတဲ့ လုပ်ငန်းတွေ ပေါက်ကြားနေရတာက ငါ့အနီးမှာ စောင့်ကြည့်နေတဲ့လူတစ်ယောက်ယောက်ရဲ့ လက်ချက်ကြောင့်ပဲ ဖြစ်ရမယ်။ ဘာပဲဖြစ်ဖြစ်လေ ... ရန်သူရှိလာပြီဆိုတော့ ငါ့အနေနဲ့ ခါတိုင်းထက် သတိထားနေထိုင်ရမှာပေါ့"

မီးရထားပေါ်တွင် သူသည် ဆေးတံကိုခဲရင်း တစိမ့်စိမ့်တွေးလာခဲ့ခြင်းဖြစ်၏။

"ဟော့ ... မြလှိုင်"

"ဟာ ... ဟော့ကောင် ထွန်းမြင့်"

မန္တလေးဘူတာ စကြံပေါ်တွင် သူငယ်ချင်းနှစ်ယောက် မမျှော်လင့်ဘဲ ဆုံမိကြသဖြင့် အံ့သြဝမ်းသာစွာ နှုတ်ဆက်မိကြခြင်းဖြစ်သည်။ ထွန်းမြင့်နှင့် မြလှိုင်သည် ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးစဉ်က ကျောင်းဆောင်တစ်ဆောင်တည်း၊ တစ်ခန်းတည်း နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ ဘွဲ့ရပြီး အလုပ်လုပ်သောအချိန်ရောက်မှ လူချင်းကွဲသွားခဲ့ကြခြင်း ဖြစ်၏။ ထွန်းမြင့်သည် ဝိဇ္ဇာ(စိတ်ပညာဂုဏ်ထူး)ဘွဲ့ ရရှိပြီး တပ်မတော်ထဲသို့ ဝင်သွားခဲ့ရာ ယခုအခါ ဗိုလ်မှူးထွန်းမြင့်ပင် ဖြစ်နေချေပြီ။

"ဟော့ကောင်ကြီး ... မင်းဘယ်သူ့ဆီကို လာလာ၊ ဘာကိစ္စနဲ့ပဲဖြစ်ဖြစ် ဒီကနေ့တော့ ငါ့အိမ်ကိုပဲ လိုက်ခဲ့ပြီး ညအိပ်ရမယ်"

သို့နှင့် မြလှိုင်အဖို့ မငြင်းသာတော့ဘဲ သူငယ်ချင်း ဗိုလ်မှူးထွန်းမြင့်၏ တပ်ရင်းရှိရာ မန္တလေးနန်းတွင်းသို့ လိုက်ပါလာခဲ့ရလေသည်။

"ကဲ ... ငါ့အိမ်မှာတော့ မင်းလွတ်လွတ်လပ်လပ်သာ အနားယူပေတော့။ ငါ့ဇနီးကလည်း မုံရွာက သူ့မိဘတွေဆီ အလည်သွားနေတယ်"

မြလှိုင်သည် ထွန်းမြင့်၏အိမ်တွင် အထုပ်အပိုးများကို ထားခဲ့ပြီး မြို့ထဲသို့ တစ်ယောက်တည်း ထွက်လာခဲ့၏။ ဈေးချိုနားသို့အရောက်တွင် တစ်စုံတစ်ဦးက သူ့ပခုံးကို အားပါးတရ ပုတ်ပြီး နှုတ်ဆက်လိုက်သည်။

"ဟာ ... ဟော့ကောင် ဖိုးကျော်တင့်"

တစ်မြို့တည်းသား မိတ်ဆွေဟောင်းတစ်ယောက်ကို တွေ့ရပြန်လေပြီ။ ကျော်တင့်မှာ ယခင်ကျော်တင့် မဟုတ်တော့။ အဝတ်အစားပြောင်ပြောင်ရောင်ရောင်နှင့် အတော်ပင် သားသားနားနား ဖြစ်နေသည်။ အိတ်ထဲတွင်လည်း ငွေအရွက်ကြီးတွေက အထပ်လိုက်၊ အထပ်လိုက်။

"လာကွာ .. ကြိုတုန်းဆုံတုန်း ဟိုတယ်မှာ တစ်ခုခုသွားစားကြရအောင်။ ငါဒကာခံပါ့မယ်"

ထိုနေ့က ကျော်တင့်နှင့်တွေ့လိုက်ရသည်မှာ မြလှိုင်အတွက် အကျိုးရှိလှဘိ၏။ ဟိုတယ်တွင် ဘီယာစုပ်ရင်း စားကောင်းသောက်ဖွယ်များကို စာသောက်ရရုံသာမက ငွေထုပ်ကြီးတစ်ထုပ် ရင်ဝယ်ပိုက်နိုင်မည့် လုပ်ငန်းတစ်ခုအတွက်လည်း စီစဉ်နိုင်ခဲ့ရ၏။ ဤလုပ်ငန်းသာအောင်မြင်ခဲ့လျှင် မြလှိုင်



www.burmeseclassic.com

www.burmeseclassic.com

ကြံစည်စိတ်ကူးထားသည့်အတိုင်း အညီကို အိမ်တစ်ဆောင် မီးတပြောင်ထားနိုင်ပေလိမ့်မည်။

"ဟန်ကျတာပဲ မြလှိုင်။ ငါရထားတဲ့ အဖြူမှုန့်ကို ရန်ကုန်ပို့ဖို့ခက်နေတာ။ မင်းလိုစိတ်ချရတဲ့လူနဲ့ တွေ့တော့ အိုကေပေါ့။ ဒီလုပ်ငန်းအောင်မြင်ရင် သယ်ခအဖြစ် မင်းအတွက်လည်း ထိုက်ထိုက်တန်တန် ရမှာ။ နက်ဖြန် ငါပြောထားတဲ့နေရာကို မနက် ၉ နာရီတိတိ ရောက်အောင်လာခဲ့။ ငါအဲဒီနေရာမှာ ကြိုပြီးစောင့်နေမယ်။ ဒီပစ္စည်းကို မင်းလက်ထဲမှာ ညသိပ်ထားဦးတောင် မင်းတည်းခိုတဲ့အိမ်က ဗိုလ်မှူးတစ်ယောက်ရဲ့အိမ်ဆိုတော့ ဘယ်အဖွဲ့ကမှ လာပြီးရှာဖွေရေးလုပ်ဝံ့မှာ မဟုတ်ဘူး။ အန္တရာယ်ကင်းတာပေါ့ကွာ"

အရေးကြီးသော အချိန်းအချက်ကိစ္စကြီးတစ်ခု ပြုလုပ်ကြပြီးနောက် မြလှိုင်သည် မိမိတည်းခိုရာ ထွန်းမြင့်၏နေအိမ်ဆီသို့ ပြန်လာခဲ့လေသည်။

နောက်တစ်နေ့နံနက်တွင် ... မြလှိုင်အဖို့ ထူးဆန်းအံ့သြဖွယ်ကောင်းလှသည့် ဖြစ်ရပ်တစ်ခုနှင့် ရင်ဆိုင်ရပြန်လေ၏။

"မင်း ... ကျော်တင့်ဆိုတဲ့ အကောင်နဲ့ ဘိန်းဖြူသယ်ဖို့ကိစ္စအတွက် ဒီကနေ့မနက် ၉ နာရီ ဆင်ဖြူကန်သုသာန်မှာတွေ့ဖို့ ချိန်းထားတယ်မဟုတ်လား"

မြလှိုင်အဖို့ အရှိက်ကို အထိုးခံလိုက်ရသကဲ့သို့ ပါးစပ်အဟောင်းသားဖြစ်သွားခဲ့ရ၏။ သို့ရာတွင် ဟန်ကိုယ့်ဖို့ဆိုသလို ...

"ဘာကွ ...ဘာ ..ဘာ။ ထွန်းမြင့် မင်းက ငါ့ကိုဘာပြောလိုက်တယ်။ ဘာဖြစ်လို့ မဟုတ်မတရားစွပ်စွဲချင်ရတာလဲကွ"

သူ့အသံက တုန်နေသလို မျက်နှာကလည်း နီရဲလျက်ရှိ၏။

"အေး ... အစကတော့ ဒီကိစ္စဟာ မသေချာလှဘူး။ ဒါပေမယ့် ငါမနက်စောစောတုန်းက (--)ရဲစခန်းကို ဖုန်းနဲ့အကြောင်းကြားပြီး တာဝန်ပေးစေလွှတ်ထားခဲ့တဲ့ နယ်ထိန်းရဲကြပ်မြတ်သင်းက ဆင်ဖြူကန်သချိုင်းမှာ ကျော်တင့်ဆိုတဲ့လူကို ဘိန်းဖြူထုပ်နဲ့တကွ ဖမ်းဆီးရမိတဲ့အကြောင်း ဖုန်းဆက် သတင်းပို့တော့မှ ခိုင်လုံသွားတယ်။ တော်သေးတာပေါ့ မြလှိုင်ရာ။ ငါအချိန်မီသိပြီး အကွက်စေ့စေ့ဆောင်ရွက်လိုက်နိုင်လို့ မင်းကံကောင်းသွားတယ်မှတ်ပါ။ နို့မို့ရင် မင်းရော ငါပါ အထုပ်အထည်နဲ့မိပြီး ကြီးလေးတဲ့ပြစ်ဒဏ် ခံကြရမှာ။ မင်းက ဒီအဖြူထုပ်ကို ယူလာပြီး ငါ့အိမ်မှာ ညသိပ်မှာကိုးကွ။ သတင်းရလို့ သက်ဆိုင်ရာက လာရှာဖွေပြီး မိလိုက်လို့ကတော့ကွာ"

မြလှိုင်၏မျက်နှာတွင် ချွေးစေးများ ပြန်နေ၏။ ထွန်းမြင့်၏မျက်နှာကို ပင် မကြည့်ဝံ့တော့ပြီ။

"မင်းကတော့ ဒီကိစ္စကို ငါဘယ်လိုနည်းနဲ့ သဲလွန်စရသွားသလဲလို့ အံ့သြမှာပေါ့ကွာ။ တကယ်တော့ ဒီကိစ္စရဲ့ ဖော်ကောင်ဟာ မင်းကိုယ်တိုင်ပဲကွ။ တက္ကသိုလ်ကျောင်းသားဘဝ အဆောင်မှာ တစ်ခန်းတည်းနေကြကတည်းက ညဘက် အိပ်မက်ယောင်ပြီး ကျယ်ကျယ်ပြောတတ်တဲ့ မင်းရဲ့ဝသီတစ်ခုကို ငါသတိထားမိခဲ့တယ်။ မနေ့ညကလည်း မင်းအိပ်ပျော်သွားပြီး ကယောင်ကတမ်းနဲ့ ပြောနေတဲ့ စကားတွေကို အိပ်မပျော်သေးတဲ့ ငါက သတိထားနားထောင်လိုက်မိတယ်။ အဲဒီစကားတွေကို ငါက ပေါ့ပေါ့တန်တန် သဘောမထားဘဲ သဲလွန်စယူ ခြေရာခံပြီး အသုံးချကြည့်လိုက်တော့ ဒက်ထိအကျိုးရှိသွားခဲ့ရတာပေါ့ကွာ"

"မင်းဟာ အစတုန်းက လူရိုးလူကောင်းတစ်ယောက်ပါ။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ ဖောက်ပြန်လာတယ်။ ရိုးသားတဲ့လူ ဖောက်ပြန်တဲ့အခါ စိုးရိမ်စိတ်က အမြဲတမ်း အရိပ်လိုလိုက်လာတယ်။ နဂိုတုန်းက အိပ်ပျော်ရင်း ကယောင်ကတမ်းပြောတတ်တဲ့ ဝသီနဲ့ သွားပေါင်းစပ်မိလေတော့ မင်းရဲ့အလျှို့ဝှက်ဆုံး လုပ်ငန်းတွေကို မင်းကိုယ်တိုင် ဖော်ကောင်လုပ်သလို ဖြစ်နေရတာပေါ့ကွာ"

အခုမှ မြလှိုင်တစ်ယောက် ဇာတ်ရည်လာရတော့သည်။ အညီနှင့် ရုပ်ရှင်ခိုးကြည့်သည့်ကိစ္စကို နှုနှုသိသွားရခြင်း၊ ခွဲတမ်းပစ္စည်းများ လိမ်ထုတ်ရန် ကြံစည်သည်ကို သမဝါယမဥက္ကဋ္ဌ သိရှိသွားခဲ့ရခြင်းတို့မှာလည်း မိမိအိပ်မက်ယောင်ရင်း ကယောင်ကတမ်း လျှောက်ပြောခဲ့မိသောကြောင့် ပေါက်ကြားရခြင်းသာ ဖြစ်မည်ဟု စဉ်းစားနားလည်သဘောပေါက်နိုင်ခဲ့ရလေတော့သည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိပါတကား။

မနုသဿကျော်ဝင်း
(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဖြစ်စဉ် ဓလေ့သဂ္ဂဟအမြင်နှင့် ကျင့်စဉ်ယဉ်ကျေးမှုများ(၃၀)

## ၈။ ဗကဗြဟ္မာကို အောင်တော်မူခြင်း ဗုဒ္ဓဖြစ်စဉ်

**ဘုန်းပြည့်တေဇာဟိန်း**

ဗကဗြဟ္မာသည် ပထမဈာန်ဘုံ၌နေသော မဟာဗြဟ္မာကြီး ဖြစ်သည်။ သူ၏ တန်ခိုးအာဏာသည် လောကဓာတ်စကြဝဠာပေါင်း တစ်ထောင်အတွင်း၌ ပျံ့နှံ့၏။ ကျော်စောသတင်းကြီး၍ အခြွေအရံလည်း များပြား၏။ ဗြဟ္မာဘုံ၌ အနေကြာ၍ အတိတ်ဖြစ်စဉ်များကို မေ့ပျောက်ပြီး ဤခန္ဓာကိုယ်နှင့် ဗြဟ္မာလောကသည် အစဉ်မြဲ၏၊ ထာဝရတည်တံ့၏ဟူသော သဿတမိစ္ဆာဒိဋ္ဌိ အယူကို စွဲယူသည်။

မြတ်စွာဘုရားသည် ဥက္ကဋ္ဌမြို့ သုဂတတောအုပ်၊ အင်ကြင်းပင်ရင်း၌ သီတင်းသုံးတော်မူစဉ် ဗကဗြဟ္မာ၏ မိစ္ဆာဒိဋ္ဌိအကြံကို သိတော်မူ၍ မဟာဗြဟ္မာကြီးကို ဆုံးမကယ်ချွတ်ရန် ဗြဟ္မာပြည်သို့ ကြွတော်မူသည်။ ဗကဗြဟ္မာကြီးသည် ကြွတော်မူလာသော မြတ်စွာဘုရားကို မြင်လျှင် နှုတ်ခွန်းဆက်စကား ပြောကြား၏။ ထက်ရပ်ဝန်းကျင်မှ ဗြဟ္မာအများတို့လည်း ဘုရားရှင်ကို ကြွလာတော်မူကြောင်းသိလျှင် ကြည်ညိုဖူးမြော်ရန် ရောက်လာကြလေ၏။

"ဤခန္ဓာကိုယ်နှင့် ဗြဟ္မာလောကသည် မပြိုမကွဲ အစဉ်မြဲ၏။ ထာဝရခိုင်ခံ့တည်တံ့သည်"အစရှိသော သူ၏ သဿတမိစ္ဆာဒိဋ္ဌိအယူကို ဗကဗြဟ္မာကြီးမှ ဘုရားရှင်အား



www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုလေ၏။ ရောက်လာကြသော ဖြူဟ္မာပရိသတ်များ၏ ရှေ့မှာ မြတ်စွာဘုရားမှ···

"အချင်းတို့···

ဗကဗြဟ္မာသည် မိုက်မဲလှ၏။ ဗကဗြဟ္မာသည် မမြဲသော တရားကို မြဲ၏ဟု ဆို၏။ မခိုင်ခံ့၊ မတည်တံ့၊ ပြီးပြည့်စုံခြင်းမရှိ ရွေ့လျောတတ်သော သဘောကို မြဲ၏ဟု ဆို၏။ ခိုင်ခံ့၏၊ တည်တံ့၏၊ ပြီးပြည့်စုံ၏၊ မရွေ့လျောတတ်ဟု ဆိုလေသည်။ (ပထမစျာန်) ဗြဟ္မာ့ဘုံလောကဌ် ပဋိသန္ဓေနေသူ၊ အိုသူ၊ သေသူ၊ ရွေ့လျောသူ၊ တစ်ဖန် ရောက်လာသူများ ရှိပါလျက် မရှိဟုလည်း ဆို၏။ ဤပထမစျာန်လောကမှတစ်ပါး ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ဗြဟ္မာ့ဘုံလောကများ။ မဂ်ဖိုလ်နှင့် နိဗ္ဗာန်ဟူသော သာလွန်မြင့်မြတ်သော ထွက်မြောက်ရာများ ရှိပါလျက် မရှိဟုလည်း ဆို၏" အစရှိသော ဗကဗြဟ္မာကြီး၏ မိစ္ဆာဒိဋ္ဌိအယူများကို သုံးသပ်ဝေဖန်၍ ဟောပြတော်မူ၏။

ထိုအခါ ဗကဗြဟ္မာက သူသည် အမှန်ကိုသာ ယူဆပြောဆိုခြင်းဖြစ်ကြောင်း မြတ်စွာဘုရား၏ မိန့်ဆိုချက်ကို ငြင်းပယ်လေသည်။ ထို့ပြင်···

"ရဟန်းကြီး···

ဤလောကဌ် သင့်ထက်ရှေးကျသော သမဏဗြာဟ္မဏတို့သည် ဤခန္ဓာကိုယ်နှင့် ဗြဟ္မာလောကမှတစ်ပါး အခြားလွတ်မြောက်ရာ ရှိမရှိကို သိကြ၏။ သင်သည် အခြားလွတ်မြောက်ရာကို တွေ့လိမ့်မည်မဟုတ်"ဟု ပြောဆိုပြန်၏။

"ဗြဟ္မာ···ဤပထမစျာန်ဘုံလောကမှ တစ်ပါးသော ဘုံဘဝလောကသားများ ရှိသေးသည်သာ။ သင်သည် အာဘဿရ ဗြဟ္မာ့ဘုံဘဝမှ စုတေခဲ့၍ ဤပထမစျာန်ဘုံဘဝသို့ ရောက်လာရသူဖြစ်၏။ သင်သည် ဤဘုံဘဝဌ် အနေကြာခဲ့၍ သတိမေ့နေခြင်းဖြစ်သည်။ ထိုအာဘဿရဘုံဘဝကို သင်က မသိမမြင်တော့သော်လည်း ငါဘုရားသိမြင်၏"ဟု မြတ်စွာဘုရားက ထုတ်ဖော်ဟောပြတော်၏။

ထို့မှုမက ဗကဗြဟ္မာ၏ ရှေးဘဝက ကျင့်ခဲ့သော တရားများ၊ (စတုတ္ထစျာန် ဗြဟ္မာဘုံရှိ) ဝေဟပ္ဖိုလ်ဘုံ၊ (တတိယစျာန် ဗြဟ္မာဘုံရှိ) သုဘကိဏှာဘုံ၊ (ဒုတိယစျာန် ဗြဟ္မာဘုံရှိ) အာဘဿရဘုံများဌ် ဗကဗြဟ္မာ ဖြစ်ခဲ့ပုံများ၊ ရှေးလူ့ဘဝတွင် ဗကဗြဟ္မာလောင်း ရသေ့ကြီး ကုသိုလ်ကံများကိုပါ အကျယ်တဝင့် ဟောပြတော်မူလေရာ ဗကဗြဟ္မာကြီးသည် အတိတ်ဘဝဖြစ်စဉ်များကို ထင်မြင်မှတ်မိ သတိရလာ၏။

ထို့ပြင် မြတ်စွာဘုရားက ခတ်လေးပါးတို့၏ သဘောတရား၊ အနိစ္စ၊ဒုက္ခ၊အနတ္တ ဖြစ်ပုံနှင့် နိဗ္ဗာန်သဘောကို ဆက်လက်ဟောပြတော်မူရာ ဗကဗြဟ္မာကြီးသည် မိမိ၏ သဿတမိစ္ဆာဒိဋ္ဌိဝါဒကို စွဲမြဲစွာ ဆုပ်ကိုင်မထားနိုင်တော့ချေ။ သို့ရာတွင် မိမိ၏အရှုံးကို ဖုံးကွယ်လို၍ တန်ခိုးချင်းပြိုင်ရန် ပြောဆိုသည်။

"ရဟန်းကြီး···သင်၏ရှေ့မှောက်၌ ယခုပင် ကွယ်ပျောက်လိုက်မည်။ တွေ့အောင်ရှာ"ဟု ဗကဗြဟ္မာကြီးက ပြောလျှင် မြတ်စွာဘုရားက "သင်စွမ်းလျှင် ကွယ်လိုက်ပါ"ဟု မိန့်ဆို၍ ဗကဗြဟ္မာကြီးကိုယ်ကို ကွယ်ဖျောက်၍မရအောင် တန်ခိုးဖြင့် တားတော်မူလိုက်၏။ ဗကဗြဟ္မာကြီးသည် ကိုယ်ကိုကွယ်၍မရတော့ဘဲ အမှောင်ထုဖြင့် ကွယ်လို၍ အမှောင်ထုကြီးကို ဖန်ဆင်းလေ၏။ မြတ်စွာဘုရားက အမှောင်ထုကိုလည်း တန်ခိုးဖြင့် ပယ်ဖျက်လေ၏။

ဗကဗြဟ္မာကြီးသည် မြတ်စွာဘုရားရှေ့မှာ ကိုယ်ကို ကွယ်ပျောက်အောင် မစွမ်းဆောင်နိုင်တော့သဖြင့် ဘုံဗိမာန်နှင့် ပဒေသာပင်အတွင်းသို့ ဝင်၍ ပုန်းလေ၏။ သို့သော်လည်း သူ့ကို ဗြဟ္မာပရိသတ်က မြင်နေရ၏။ မကြံသာသည့်အဆုံး ဆောင့်ကြောင့် ကုပ်ကုပ်လေးထိုင်နေသော ဗကဗြဟ္မာကြီးကို မြင်နေရသော ဗြဟ္မာပရိသတ်များ ရယ်ရွှင်ဖွယ်ဖြစ်နေတော့၏။

"ဗြဟ္မာ···သင်မပုန်းကွယ်နိုင်လျှင် ငါဘုရား ပုန်းကွယ်ပြမည်"ဟု မြတ်စွာဘုရားက မိန့်တော်မူပြီး ခန္ဓာကိုယ်ကို ကွယ်ပျောက်စေတော်မူသည်။ မြတ်စွာဘုရားကို မည်သူမျှ မမြင်ကြရတော့ဘဲ မြတ်စွာဘုရား တရားဟောနေတော်မူသော အသံကိုသာ ကြားနေကြရလေ၏။

"အို···ဗြဟ္မာအပေါင်းတို့၊ ငါဘုရားသည် ကာမ၊ ရူပ၊ အရူပဘုံဘဝတို့၌ ပဋိသန္ဓေ နေကြသူတို့၏ အို၊ နာ၊ သေဘေးကို သိမြင်တော်မူ၏။ နိဗ္ဗာန်ကို ရှာဖွေရင်း လမ်းမှားနေကြသော သတ္တဝါတို့၏ ထိုထိုဘုံဘဝ၌ စွဲလမ်းတတ်သော တဏှာကိုလည်း မဂ်လေးပါးဖြင့် ပယ်ဖြတ်ပြီးဖြစ်၍ စွဲလမ်းတပ်မက်မှု ကင်းကွာခဲ့ချေပြီ"

ဗြဟ္မာပရိသတ်သည် မြတ်စွာဘုရား၏ ရုပ်ဆင်းတော်



www.burmeseclassic.com

www.burmeseclassic.com

ကို မမြင်ရဘဲ သာယာချိုမြိန်သော အသံတော်ကိုသာ ကြားနေကြရလေ၏။ မြတ်စွာဘုရားဟောကြားသော တရားတော်ကို နာယူရသဖြင့် ဗြဟ္မာအများ တရားသိမြင် ကျွတ်တမ်းဝင်ကြလေ၏။ ဗကဗြဟ္မာကြီးလည်း မြတ်စွာဘုရား၏ ဂုဏ်တော်များကို ချီးမွမ်းပြောဆိုပြီး မိစ္ဆာအယူကို စွန့်လေ၏။

ဤနည်းအားဖြင့် မြတ်စွာဘုရားရှင်သည် ဗကဗြဟ္မာကြီးကို အောင်မြင်တော်မူလေ၏။

× × × × ×

## ဓာတ်သက်အမြင်နှင့် အကျိုးတရား

ဗကဗြဟ္မာသည် မောဟပိတ်ဖုံးကာ မိမိသည် ထာဝရဖြစ်၏ ဟူသော ဝါဒကို ဆုပ်ကိုင်ထား၏။ ဤသည်ကို အမှန်ရစေ၏။ တစ်ယူသန်သမား ပုဂ္ဂိုလ်များကို အမှန်မြင်အောင် ဆွေးနွေးတင်ပြရသော ကိစ္စ၌ အောင်မြင်မှုရစေသော ဓာတ်သက်ရရှိသည်။

တစ်ဖန် တန်ခိုးချင်းပြိုင်ရာတွင်လည်း မြတ်စွာဘုရားရှင်အား ဗကဗြဟ္မာကြီးမှ လက်မှိုင်ချ အရှုံးပေးရသကဲ့သို့ တစ်ဖက်သတ်အမြင်ဖြင့် ယှဉ်ပြိုင်လာသူတို့ကိုလည်း အနိုင်ရရှိစေသော ဓာတ်သက်ကို ရရှိစေပါသည်။

ကြောင်းကျိုးဆက်စပ် ယုတ္တိတန်သော အမြင်ကို ရရှိစေ၍ ဘာဝနာအားထုတ်ရာ၌ နည်းလမ်းဖြောင့်မှန်စွာ အားထုတ်ရရှိစေသော ဓာတ်သက်ကို ရရှိစေ၏။

× × × × ×

## ဗကဗြဟ္မာကို အောင်ခြင်းဂါထာ

ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန၊ သုဋ္ဌဟတ္ထံ၊
ဗြဟ္မံ သုတံ ဇုတိမဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ့တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော-အကြင်ရဟန်းတို့ သေဌ်နင်း တရားမင်းသည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန-ယုတ်မာညစ်ညမ်း စွဲလမ်းယူဘိ သဿတဒိဋ္ဌိ အကိရိယဒိဋ္ဌိတည်းဟူသော မြွေလေးစင်သည်။ သုဋ္ဌဟတ္ထံ-အလွန်အမြဲ ကိုက်ခဲအပ်သော လက်ရှိထသော။ သုတံ-နတ်လူဗြဟ္မာ သုံးဘုံ၌ လွန်စွာကျော်ကြား ထင်ရှားစွာထသော။ ဇုတိမဟိဒ္ဓိ-တောက်ပသော တန်ခိုးလည်းရှိထသော။ ဗကာဘိဓာနံ-နေရပ်မြင့်စွာ ဗြဟ္မာ့ရွာ၌ သညာထွန်းပ ခေါ်ညွှန်းကြသည့် ဗကအမည်ရှိသော။ ဗြဟ္မံ-ဗြဟ္မာအပေါင်း ဝပ်ညောင်းခယ ပျပ်ဝပ်ကြသော ဗြဟ္မာမင်းကို။ ဉာဏာဂဒေန ဝိဓိနာ-ဆုံးစမမြင် ကမ်းမထင်သော သဗ္ဗညုတ စသည်ဉာဏ်တော် ဆေးမြတ်ကျော်ကို ပေးတော်မူသော အစီအရင်ဖြင့်။ ဇိတဝါ-အမြောက်စိန်ပြောင်း ချွန်းတောင်းလှံခက်၊ သန်လျက်လေးမြား မဆိုထားဘိ လက်ဝါးမထောင် မျက်မှောင်မငြို သင်္ဂြိုဟ်မေတ္တာ မဂ်ပညာဖြင့် ကောင်းစွာလွယ်ကူ အောင်တော်မူလေပြီ။

တံ့တေဇသာ-ဗကမည်သော ထိုဗြဟ္မာကို ပညာဆေးကျော် အမြိုက်ရေတော်ဖြင့် ဖော်ယော့မကူ အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ-အကျွန်ုပ်အား။ အဂ္ဂံ-မြတ်သော။ ဇယမင်္ဂလံ-ရောဂါဘေးဒဏ် ရန်မာရ်ခပင်း ရှိမှဲ့လျှင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု-နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

မြတ်စွာဘုရား၏ အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါးကို ဖွဲ့ဆိုထားသည့် ဤဂါထာများကို ယုံယုံကြည်ကြည် လေးလေးနက်နက် ရွတ်ဖတ်ပူဇော်ပါက မိမိတို့လိုရာကိစ္စ ပြီးစီးအောင်မြင်နိုင်သည်။ အတွင်းရန်၊ အပြင်ရန် အားလုံး အောင်မြင်နိုင်သည်။ နောက်ဆုံးတွင် ဗုဒ္ဓဘာသာဝင်တို့၏ အဓိကပန်းတိုင်ဖြစ်သည့် ကိလေသာအာသဝေါ တရားတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်သို့ပင် ဆိုက်ရောက်၍ အမြင့်မြတ်ဆုံးသော အောင်မြင်မှုကို ရရှိနိုင်သည်။

× × × × ×

## ကျင့်စဉ်ယတြာ

ယင်းဂါထာကို အမြဲမပြတ် ရွတ်ပွားခြင်းဖြင့် အောင်ခြင်းမင်္ဂလာ အဖြာဖြာ ပြည့်ဝစေပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ…။

■ ဘုန်းပြည့်တေဇာဟိန်း



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ထူးဆန်း

# မြန်မာ့ဆေးစွမ်းကောင်းများ (၁)

မျိုးသန်းထွန်းကို(ရေစကြို)

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်ပိုင်းကာလတွင် ဖြစ်ပါ၏။ ပခုက္ကူစီရင်စု၊ ရေစကြိုမြို့နယ်၊ ဆားလင်းကုန်းတိုက်နယ်၊ ပပ္ပါယ်ရွာတွင် ဖြစ်ပါ၏။ သူကြီးဦးစံမတူတစ်ယောက် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသွား၍ ဝမ်းနည်းပက်လက် စိတ်ဓာတ်ကျပြီး သူကြီးတာဝန်များပါ လွှဲပြောင်းပေးပါတော့၏။

"သွေးသောက်ကြီး . . . သူကြီးတာဝန်ကို သင့်တော်တဲ့သူတစ်ဦးကို လွှဲပြောင်းပေးပါ"

သွေးသော်ကြီး တိုက်နယ်သူကြီး ဦးထွန်းလှမှ –

"စံမတူရ . . . သူကြီးမလုပ်တော့ဘဲ ထွက်တော့မှာလား။ ဘာဖြစ်လို့လဲ"

"နိုင်ငံရေးမလုပ်တော့ဘူးဗျာ။ ကုသိုလ်လည်းရတဲ့ ဆေးကုတဲ့အလုပ်ပဲ လုပ်တော့မယ်။ ကျွန်တော်တို့ရွာဘေးက ဇာလီတောင်မှာ ဆရာတော်တစ်ပါးရှိတယ်။ အင်္ဂရတ်လည်းထိုးတယ်။ အဲဒီဆရာတော်ဆီမှာ မြန်မာ့ရိုးရာ ဆေးပညာလည်း သင်မယ်၊ ရွှေပြာနဲ့ ဆေးကုနည်း၊ ရေမန်းနဲ့ ဆေးကုနည်း၊ သစ်ရွက်သစ်ဥသစ်ဖုနဲ့ ဆေးကုနည်းတွေပါ သင်မယ်၊ မြန်မာတိုင်းရင်းဆေးပညာကို ပြန်ဖော်မယ်ဗျာ"

ဦးထွန်းလှမှ –

"ဒါဆိုရင် နန်းတွင်းသုံး ဆေးတစ်လက်ဖြစ်တဲ့ ဆရာခဲဆေး ဖော်ပေးပါဦးကွာ။ မင်းတုန်းမင်းကြီး လက်စွဲဆေးတစ်ပါးပဲ"

"သွေးသောက်ကြီးက မယားငယ်ငယ်လေး ယူထားတော့ ဆရာခဲဆေး လိုတာပေါ့"

"တိုးတိုးပြောပါ စံမတူရ"

ဦးစံမတူတစ်ယောက် သူကြီးတာဝန်များ လွှဲပြောင်းပြီး ဇာလီတောင်သို့ ချီတက်ပါတော့၏။ ဇာလီတောင်ဆရာတော်သည် ရဟန္တာကိုယ်တော်တစ်ပါး ဖြစ်သည့်အပြင် ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ အတတ်ပညာများကိုလည်း တစ်ဖက်ကမ်းခပ် တတ်မြောက်သည့် ဆရာတော်တစ်ပါး ဖြစ်၏။ ဆရာတော် အင်္ဂရတ်ထိုးရာမှ ရရှိသော ပြာများသည် မိုးရွာသောအခါ ချောင်းရေနှင့်အတူ မျောပါပြီး ပပ္ပါယ်ရွာသို့ ရောက်ရှိသဖြင့် ပပ္ပါယ်အမည်မှ သံပြာချောင်းရွာဟု အမည်ပြောင်းခေါ်ခဲ့ကြ၏။

ဦးစံမတူသည် ဇာလီတောင် ဆရာတော်ထံသို့ ရောက်ရှိပြီး ဆရာတော်မှ –

"ဒကာကြီး ဘာကိစ္စရှိလို့လဲ"

ဦးစံမတူမှ –

"တပည့်တော် သတ္တဝါတွေကို ကယ်တင်ချင်ပါတယ်ဘုရား။ ဆေးဝါး အတတ်ပညာတွေကို သင်ပေးပါ



www.burmeseclassic.com

ဘုရား''

ဦးစံမတူလည်း မြန်မာ့တိုင်းရင်း ဆေးပညာများကို အပတ်တကုတ် သင်ယူပါတော့၏။ ပထမအဆင့် ဆေးကုခြင်းမှာ ရေဖြင့် ဆေးကုခြင်းဖြစ်၏။ ဒုတိယအဆင့်မှာ သစ်ဥသစ်ဖု၊ သစ်မြစ်တို့ဖြင့် ဖော်စပ်ထားသော ဆေးဝါးများဖြင့် ကုသခြင်းဖြစ်၏။ တတိယအဆင့်မှာ ရွှေကိုပြာချ၍ ရွှေပြာဖြင့် ခန္ဓာကိုယ်တွင်းသွင်း၍ ကုသခြင်းဖြစ်၏။ စတုတ္ထအဆင့်မှာ ရောဂါရှင်အား ဘာသာတရားအား အဓိဋ္ဌာန်ဖြင့် တရားထိုင်၊ ပုတီးစိပ်ခြင်းဖြင့် ကုသခြင်းတို့ ဖြစ်ပါသည်။

ဆေးဝါးအတတ်ပညာများ သင်ကြားပြီးနောက် သံပြာချောင်းရွာသို့ ပြန်လည်ရောက်ရှိပြီး ဆေးဝါးကုသခြင်းအလုပ်များကို လုပ်ဆောင်ပါတော့၏။ တစ်နေ့သောအခါ သူကြီးဦးထွန်းလုတစ်ယောက် ရေးကြီးသုတ်ပျာဖြင့် ရောက်လာပြီး –

''စံမတူရေ လုပ်ပါဦး။ သူကြီးကတော် အပူရှပ်ပြီး ဖျားနေလို့''

ဦးစံမတူမှ –

''ပူမနေပါနဲ့။ သေသွားလည်း နောက်တစ်ယောက်ပေါ့။ အရင်တစ်ယောက်တုန်းကလည်း ဒီလိုပဲ သတ်ခဲ့တာမဟုတ်လား''

ဦးထွန်းလုမှ –

''မဟုတ်ရပါဘူးကွာ။ မင်းလို သမားတော်မရှိလို့ပါကွာ။ ဒီတစ်ယောက်တော့ သေလို့မဖြစ်ဘူး၊ နောက်ထပ်လည်း ကြိုက်မယ့်လူမရှိတော့ဘူးလေ။ ဒီတစ်ယောက်တောင်မှ မောင်းထုလူစုနေတုန်း ခိုးခဲ့ရတာမဟုတ်လား''

''ကုပေးပါ့မယ်။ ဒါပေမယ့် ခြေကြွခ ဆေးဖိုးဝါးခတော့ ဈေးကြီးတယ်''

''ပေးပါ့မယ် ဆရာရယ်''

''သာမန်ပြည်သူတွေကိုတော့ အခမဲ့ကုပေးတယ်။ ပြည်သူတွေထဲက အတိုးကြီးစားတဲ့ သူကြီးတွေကိုတော့ ဆေးဖိုးကြီးကြီးပဲ။ ရတဲ့ငွေကိုတော့ ကျုပ်မသုံးပါဘူး။ ဆားလင်းကုန်းဘုန်းကြီးကျောင်းကို လှူပါ့မယ်''

ထိုသို့ပြောဆိုပြီး မြင်းကိုယ်စီဖြင့် ဆားလင်းကုန်းသို့ ချီတက်ကြပါ၏။ ဆားလင်းကုန်းသို့ရောက်လျှင် သူကြီးကတော် ဒေါ်မင်းဆောင်းတစ်ယောက် အပူတွေကန်ပြီး အပြင်းဖျားနေပါတော့၏။ ရေပတ်တိုက်ပေးခြင်းဖြင့် အပူတွေကျအောင် ပြုလုပ်ပါ၏။ အပူသက်သာတော့ သမားတော်ကြီး ဦးစံမတူမှ –

''ဒီဆေးသုံးခွက်စာကို တစ်နေ့သုံးကြိမ်တိုက်ပါ''

''ကျေးဇူးပါပဲ စံမတူရာ''

ဦးစံမတူမှ –

''လူ့ရဲ့ခန္ဓာကိုယ်ထဲမှာ အပူရယ်၊ အအေးရယ်ဆိုတာ ရှိတယ်။ အပူများရင် အပူများပြီး ဖျားမယ်။ အအေးမိ အအေးများရင် အအေးပတ်ဖျားမယ်။ ဒါကြောင့် အပူနဲ့ အအေးမျှတအောင် နေတတ်ရမယ်။ ဒီအပူနဲ့ အအေးကို မျှတအောင် လုပ်တတ်ဖို့က ရေနဲ့ ကုသရမယ်''

ဦးထွန်းလုမှ –



သမားတော်ကြီး ဦးစံမတူ

www.burmeseclassic.com

"တို့ ဒါတွေကို မသိခဲ့ဘူး"

ဦးစံမတူမှ –

"ဘယ်သိမလဲ။ ရွာသားတွေကို အခွန်ကောက်ဖို့ အတိုးချေးငှားဖို့ မြို့အုပ် မြို့ပိုင်တွေကို ဖားဖို့လောက်ပဲ သိနေတာကိုး"

"မင်းလည်းပါခဲ့ပါတယ်။ သူကြီး မလုပ်တော့ ပြောအားရှိပြီပေါ့ စံမတူရာ"

"မပြောမခံရအောင် စံမတူလို သူကြီးဘဝက စွန့်လွှတ်ကြလေ"

ဦးစံမတူမှ ဆက်လက်၍ –

"နောက်ထပ်မမှားရအောင် တစ်ခါတည်း သင်ပေးခဲ့မယ်။ ရွှေနားနှစ်ဆူ ပန်ဆင်တော်မူပါ သွေးသောက်သူကြီးရယ်။

မနက်အိပ်ရာထရင် ရေဝအောင်သောက်၊ ညအိပ်ရာဝင်ရင် ရေဝအောင်သောက်၊ ရေချိုးခါနီးရေသောက်၊ ဒါပေမယ့် ထမင်းစားပြီးစ ရေအေးမသောက်ရဘူး။ ဝမ်းထဲမှာ တေဇောမီးလောင်ကျွမ်းချိန် ရေသောက်ရင် အစာမကြေဖြစ်တယ်။ တေဇောမီးကြောင့် အစာကို ခြေပေးတာဖြစ်မယ်။ အသက်ကြီးလာရင် ညနေဘက် ရေမချိုးသင့်ဘူး။ ဒူးအောက်ပိုင်း ရေလောင်းတဲ့အဆင့်သာ လုပ်သင့်တယ်။ အပူထွက်တယ်။ ရေမချိုးခင်၊ မျက်နှာမသစ်ခင် ရေဝအောင်သောက်၊ ဒူးအောက်ပိုင်းရေလောင်းပြီးမှ မျက်နှာသစ်၊ ရေချိုးပါ။

နေပူထဲက ပြန်လာရင် ရေမချိုးရ။ ရေဝအောင်သောက်ပါ။ ခန္ဓာကိုယ်အေးမှ ရေချိုးရမယ်။ ရေချိုးတဲ့အခါ ခန္ဓာကိုယ်က ချွေးညှော်တွေ ပြောင်အောင်ချွတ်ပါ။ ခန္ဓာကိုယ်မှ အပူထွက်ပေါက်တွေ ပိတ်နေရင် အပူကန်ပြီး ဖျားတတ်တယ်။ ရေနွေးကြမ်းများများ သောက်ရမယ်။ ရေနွေးကလည်း ကျိုချက်ပြီးရင် ရေကျက်အေးအဖြစ် ထားပြီးသောက်ရင် ကောင်းတယ်။ လက်ဖက်ခြောက်ခတ်ထားတဲ့ ညအိပ်ရေနွေးကို အချိန်အားဖြင့် ခြောက်နာရီကျော်တဲ့ ရေနွေးကို မသောက်ရဘူး။ အဆိပ်ဖြစ်တတ်တယ်"

"မိုးမိလာရင်လည်း ရေဝအောင်ချိုးရတယ်။ မချိုးရင် အပူငုပ်ပြီး ဖျားတတ်တယ်။ ပူနေတဲ့ခန္ဓာကိုယ်ဟာ မိုးရေစက်နဲ့ ထိတွေ့တဲ့အခါ အပူငုပ်သွားတယ်။ ဒီအပူကို ပြန်ထွက်အောင် ရေချိုးရတာပဲ။ ရေချိုးချိန်အတွက် ရှေးလူကြီးတွေရဲ့ ဆိုရိုးစကားရှိတယ်။ နွေ ၉၊ မိုး ၁၀၊ ဆောင်း ၁၀ တဲ့။ အဓိပ္ပာယ်ကတော့ နွေရာသီမှာ နံနက် ၉ နာရီ၊ မိုးရာသီမှာ နံနက် ၁၀ နာရီ၊ ဆောင်းရာသီမှာ နံနက် ၁၁ နာရီ။ အချိန်တွေဟာ ခန္ဓာကိုယ်က အပူထွက်တဲ့အချိန်တွေပါ"

သူကြီးကတော် ဒေါ်မင်းဆောင်းမှ –

"သမားတော်ကြီး ကျွန်မမှာ သွေးတိုးရှိတယ်"

"သွေးတိုးရှိရင်တော့ မြန်မြန်သေမှာပဲ"

ဦးထွန်းလှမှ –

"စကားအကောင်းပြောပါ စံမတူရ။ ဒီတစ်ယောက်တော့ အသက်ရှည်ဖို့ လိုသေးတယ်"

"သွေးတိုးရှိရင် အစားအသောက်ရှောင်ရမယ်။ သွေးတိုးစေမယ့် အစားအသောက်များကိုရှောင်။ သံပရာသီးဆောင်။ မူးရင်ရှူ။ မောရင်သောက် သွေးတိုးအမြန်ပျောက်။ သွေးတိုးက အပူနဲ့အအေးကို သတိထားရတယ်။ ပူလွန်းရင်လည်း သွေးတိုးတတ်တယ်၊ အေးလွန်းရင်လည်း သွေးတိုးတတ်တယ်။ အကောင်းဆုံးကာကွယ်တဲ့ နည်းလမ်းကတော့ နံနက်စောစော အိပ်ရာထရင် လမ်းများများလျှောက်ပေးရတယ်။ အဲဒီအချိန်ဟာ သွေးအတိုးဆုံးအချိန်ပဲ။ အဲဒီအချိန် လမ်းလျှောက်လိုက်ရင် သွေးလေလည်ပတ်မှု ကောင်းတယ်။ သွေးကြောလေကြောတွေကို ဖွင့်ပေးတဲ့သဘော သက်ရောက်တယ်။ ဒီရောဂါကို အပြီးပျောက်ချင်ရင် ကျုပ်မှာ အရွက်တစ်မျိုးရှိတယ်။ အဲဒီအရွက်ကို ရက်ရှည်လများစားရင် ဒီရောဂါပျောက်တယ်။ နောက်တစ်ခေါက်လာမှ ယူခဲ့မယ်"

စာရေးသူလည်း အဆိုပါအရွက်ကို ရေစကြိုမြို့ သူဌေးဦးချင်း ကျောင်းတိုက်ကြီးအတွင်းမှ ပျိုးပင်ရော၊ အရွက်ပါ ရရှိခဲ့ဖူးပါ၏။ နောက်ပိုင်းတွင် အရွက်၏အမျိုးအမည်ကို ထည့်သွင်းဖော်ပြပေးပါမည်။

"အသက်ရှည်ချင်ရင် ရေများများသောက်ရမယ်။ တစ်နေ့ကို ရေမတ်ခွက်ကြီး ရှစ်ခွက်သောက်ရမယ်။ လမ်းများများလျှောက်ရမယ်။ ဓာတ်ကြီးလေးပါးကို ထိန်းညှိတတ်ရမယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတအောင် နေထိုင်စားသောက်တတ်ရမယ်။ ကံဆိုတာကတော့ ကံကောင်းအောင် အလုပ်လုပ်ရမယ်။ အလုပ်လုပ်ရာတွင် လွတ်လပ်ခြင်း၊ ညီမျှခြင်း မျှတခြင်းဆိုတဲ့ လောကပါလတရား သုံးပါးနဲ့ ညီမျှအောင်လုပ်မှ ကံကောင်းစေတယ်၊ ဘာသာတရားကို လိုက်စား



www.burmeseclassic.com

www.burmeseclassic.com

ရမယ်။ ဒါမှ ပစ္စုပ္ပန်ရော၊ သံသရာပါ ကုသိုလ်ကောင်းမှု ရရှိနိုင်မယ်။ ကုသိုလ်ရမှ ကံကောင်းမယ်။ အကုသိုလ်များနေရင် ကံမကောင်းနိုင်ဘူး။ အကုသိုလ်မလုပ်မိအောင် လောကပါလတရား သုံးပါးက ထိန်းချုပ်ထားတာပဲ။

စိတ်ဆိုတဲ့အရာမှာ စိတ်ထားဖြူစင်အောင်ထားရမယ်။ ကောင်းမွန်တဲ့စိတ်၊ မွန်မြတ်တဲ့စိတ် အမြဲထားရမယ်။ ဘုရားကဟောခဲ့တာလည်း စိတ်ကိုပဲဟောခဲ့တာ။ ဒီစိတ်ကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံ ဆိုတာဖြစ်ပေါ်လာတာပဲ။ စိတ်ထောင်းရင်လည်း ကိုယ်ကြေတတ်တယ်။ စိတ်ကြောင့် မလိုလားအပ်တဲ့ ဝေဒနာတွေလည်း ဖြစ်တတ်တယ်။ ဒေါသ၊ မောဟဆိုတာ စိတ်ကို မထိန်းနိုင်လို့ ဖြစ်ပေါ်လာတာပဲ။ စိတ်တိုရင် အသက်တိုတတ်တယ်။

ဒါကြောင့် စိတ်ရှည်ရှည်ထားရမယ်။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ဥပေက္ခာပြုခြင်းဆိုတာတွေဟာလည်း စိတ်ရှည်ခြင်းရဲ့ အခြေခံလက္ခဏာတွေပဲ။ မျက်နှာကို အမြဲရွှင်ပျအောင် ထားပါ။ ပြုံးရွှင်စွာ ဆက်ဆံပါ။ ချိုသာစွာပြောပါ။ ယဉ်ကျေးစွာနေထိုင်ပါ။ လိမ္မာအောင် ကျင့်ကြံပါ။ စိတ်ရော ခန္ဓာပါ ပေါ့ပါးသွက်လက်မှုရှိအောင် အမြဲထားပါ။ ဖိစီးမှုဆိုတာ မရှိပါစေနှင့်။ စိတ်ပူပန်မှု၊ စိတ်ဖိစီးမှုများလာရင် အသက်တိုတတ်တယ်။ သွေးတိုးရှိရင်လည်း သွေးတိုးနှုန်း မြန်တတ်တယ်။ အမျိုးသမီးများဆိုရင် သွေးလည်ပတ်မှုမမှန် ဖြစ်တတ်တယ်။ အားလုံးထဲမှာ စိတ်က အရေးကြီးဆုံးပဲ။

ဥတုဆိုတာက ဥတုသုံးပါးနဲ့ လိုက်လျောညီထွေဖြစ်အောင် နေထိုင်သွားလာ ဝတ်ဆင်စားသောက်ဖို့ လိုတယ်။ နွေရာသီမှာဆိုရင် အေးမြတဲ့ သစ်ရိပ်ဝါးရိပ် အဆောက်အအုံတွေမှာနေထိုင်ရမယ်။ အုတ်နဲ့ဆောက်တဲ့ အဆောက်အအုံမှာ နေမယ်ဆိုရင် ထုထည်ထူရမယ်။ ဒါမှ အပူဒဏ်ကို ခံနိုင်မှာဖြစ်တယ်။ ပူတဲ့အချိန်မှာ အအေးစာကို စားတတ်ရမယ်။ အေးတဲ့အချိန်မှာ ပူနွေးတဲ့ ထမင်းဟင်းနဲ့ ရေနွေးကြမ်းတို့ကို စားသုံးတတ်ရမယ်။ သဘာဝကြီးက ပူနေရင် ခန္ဓာကိုယ်အေးအောင် ဖန်တီးရမယ်။ သဘာဝကြီးကအေးနေရင် ခန္ဓာကိုယ်ပူအောင် ဖန်တီးရမယ်။

အာဟာရဆိုရာမှာ ရာသီဥတုနဲ့ လိုက်ဖက်တဲ့ အစားအစာကို စားသုံးရမယ်။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာကို သင့်တင့်လျောက်ပတ်တဲ့ အတိုင်းအတာနဲ့ စားသုံးတတ်ရမယ်။ လိုအပ်တာထက် ပိုမိုစားသုံးခြင်း၊ အဆီအစိမ့်ပါသော အစားအစာများကို လွန်ကဲစွာ စားသုံးခြင်းတို့ဟာ ကျန်းမာရေးကို ထိခိုက်နိုင်တယ်။ အစာစားတဲ့အခါမှာ အစာကို ကြေညက်အောင် ဝါးသင့်တယ်။ ထမင်းစားပြီးရင် ထန်းလျက်ခဲတစ်ခဲ စားခြင်းဟာ အစာကြေဆေးဖြစ်တယ်။ ထမင်းကို ဗိုက်ပြည့်အောင် မစားရဘူး။ အစာအိမ်ရဲ့ခံနိုင်အားကို အနည်းငယ်လျှော့ရမယ်။ ထမင်းစားပြီးစမှာ ရေမချိုးရဘူး။ ရေအေးမသောက်ရဘူး။ ရေနွေးကြမ်းပဲ သောက်ရမယ်။ ကိုယ်လက်လေ့ကျင့်ခန်း အမြဲလုပ်ရမယ်။ လေကောင်းလေသန့်ကို ရှူရမယ်။ မနက်စောစောကို ရေပြင်မှ ဖြတ်သန်းလာတဲ့လေကို ရှူရမယ်။ အစားအသောက်မှာ အသားငါးထက် အသီးအရွက်၊ ပဲမျိုးစုံကို ပိုမိုစားသုံးသင့်တယ်။ နောက်တစ်ခါ ထမင်းစားချိန် တိကျရမယ်။ စားတဲ့အတိုင်းအတာ မှန်ကန်ရမယ်။ ဟင်းကောင်းလို့ ပိုစားခြင်း၊ လျှော့စားခြင်း မလုပ်ရဘူး။ ဒါတွေဟာ အသက်ရှည်စေတဲ့ နည်းလမ်းတွေပဲ။

ဦးထွန်းလှမှ –

"အပူကျဆေးက ဘာနဲ့ဖော်စပ်ထားလဲ"

"ကွမ်းရွက်ရယ်၊ ကင်ပွန်းချဉ်ရွက်ရယ် ပေါင်းစပ်ပြီးတော့ ပြုလုပ်ထားတာ ဖြစ်တယ်။ ကဲ ... လူနာလည်း အပူသက်သာသွားပြီ။ ကျန်တဲ့ဆေးနည်းတွေကတော့ ဆေးကုရင်းနဲ့ ဆက်လက်ပြောပြသွားမယ်"

ဦးထွန်းလှမှ –

"ဆေးဖိုးဝါးခ ဘယ်လောက်ကျလဲ"

"ရွာသားတွေထံက အမြတ်ကြီးစား အတိုးယူထားတဲ့ငွေတွေကို ဆေးဖိုးအဖြစ် မယူလိုတော့ပါဘူး။ ကုသိုလ်ဖြစ် ကုခဲ့မယ်"

ဦးစံမတူကတော့ မြင်းစီး၍ ပြန်လည်ထွက်ခွာသွားပါသည်။ သွေးသောက်ကြီး ဖနီးမောင်နှံနှစ်ယောက်ကတော့ ပြန်ပြောရအခက်၊ စိတ်ဆိုးရအခက်၊ ဝမ်းနည်းဖက်လက်ဖြင့် ကျန်ခဲ့ပါတော့၏။ ဆက်လက်ဖော်ပြပါဦးမည်။

**မျိုးသန်းထွန်းကို(ရေစကြို)**



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမှောင်ရဲ့ ဇာတ်လမ်း
# လှတောရွာဟာသများ

ဦးကောင်းထူး

## ကြမ်းပိုးတောင်မှ ရှာလို့ရတယ်

လွန်လေပြီးသော နှစ်များစွာ တုန်းဆီက နှစ်တစ်နှစ်တွင် ဝက်လက်မြို့၌ မီးအကြီးအကျယ် လောင်ခဲ့သည်။ ညကြီးမင်းကြီးလောင်သည့် မီးဖြစ်ပြီး လူနေအိမ်ခြေ အတော်များများကို မီးဝါးသွားခဲ့သည်။ မီးတောက် မီးရှိန်ကောင်းလွန်းလှသည့်အတွက် ၇–မိုင်အကွာခန့်တွင်ရှိသော လှတောတစ်ရွာလုံးက လှမ်းမြင်နေကြရသည်။

နောက်တစ်နေ့ ရောက်လေသော် လှတောရွာသားအချို့ ဝက်လက်မြို့သို့ရောက်လာခဲ့ကြပြီး သတင်းမေးမြန်းကြလေ၏။

"ညက . . . မင်းတို့ရဲ့ ဝက်လက်မီးကွာ၊ နည်းနည်းနောနော မဟုတ်ဘူး"

"ဟုတ်လား . . . လှတောကတောင် မြင်ရသတဲ့လား"

"မြင်ရရုံတင် ဘယ်ကမှာတဲ့လည်းကွာ။ မင်းတို့ ဝက်လက်မီးရောင်ကြောင့် တို့လှတောတစ်ရွာလုံး လမ်းပေါ် ဖျာတွေထုတ်လှန်းပြီး ကြမ်းပိုးတောင်ရှာကြရတယ်ကွ၊ သိရဲ့လား"

•••••

## ကောက်ညှင်းထုပ်များမှတ်နေသလား

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နှစ်အနည်းငယ်မှာပင် အနယ်နယ်အရပ်ရပ်၌ မငြိမ်သက်မှုများ ဖြစ်ပွားနေလေရာ လှတောရွာလည်း အပါအဝင်ဖြစ်၏။ အုပ်ချုပ်ရေးပိုင်း၌ လျော့နည်းနေသဖြင့် ခိုးမှု၊ ဓားပြမှုများ ဟိုနေရာမှာသော်လည်းကောင်း၊ သည်နေရာမှာသော်လည်းကောင်း ပေါ်ထွက်လျက် ရှိချေ၏။

တစ်နေ့သ၌ လှတောရွာ၌ နွားခိုးမှုဖြစ်ပေါ်ခဲ့ရာ သက်ဆိုင်ရာမှ သက်ာရန်နံ့ မကင်းသူတစ်ဦးကို ဖမ်းလျက် သက်ဆိုင်ရာဂါတ်ထဲသို့ ပို့ရန်အတွက် ကြိုးဖြင့်တုပ်နှောင်လေ၏။ တုပ်နှောင်ရာတွင်လည်း လက်မောင်းရင်းတွင် တစ်ထပ်၊ တံတောင်ဆစ်လောက်နေရာတွင် တစ်ထပ်၊ လက်ကောက်ဝတ်နှင့် ခါးလောက်တွင် တစ်ထပ် . . . စုစုပေါင်း သုံးထပ်တိတိ တုပ်နှောင်ထားလေ၏။

သက်ဆိုင်ရာသို့ရောက်၍ စစ်ဆေးသောအခါ ပြစ်မှုမထင်ရှားသဖြင့် ဂါတ်ထဲမှ ပြန်၍လွှတ်လေ၏။ ထိုပုဂ္ဂိုလ်လည်း တုပ်နှောင်ခံရသည့်ဘေးမှ လွတ်လျှင် လွတ်ကင်းချင်း . .

"အလိုလေးကွယ် . . . ကျုပ်ကို တုပ်လိုက်တာများကွယ်၊ လူကို လူလို့တောင် မထင်ဘဲ ကောက်ညှင်းထုပ်များ မှတ်နေသလား မပြောတတ်ဘူး"

ဟု ညည်းတွားပြောဆိုလိုက်လေသတည်း။

•••••

## အရွယ်ရင့်လိုက်ပုံများ

တစ်ခါက လှတောရွာရှိ အိမ်တစ်အိမ်၌ သံဃာတော်ငါးပါး ပင့်ဖိတ်ကာ ဆွမ်းကျွေး၏။ သည့်အတွက် အိမ်နီးချင်းများကို ဖိတ်ကာ ကျွေးမွေးညှော်ခံလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ကျွေးမွေးငည့်ခံသည့် ဟင်းများအနက် ကြက်သားဟင်းမှ ဟင်းတုံးများသည် ကိုက်မရ၊ ဖဲ့မရ၊ ဆွဲမရလောက်အောင် မာကျောလှပေ၏။ အကြောင်းမူ ကြက်သားဟင်းချက်သည့်အထဲ၌ အရိုးရင့်နေပြီဖြစ်သော ကြက်ဖကြီးတစ်ကောင်ကို ထည့်ချက်ထားမိသောကြောင့် ဖြစ်လေ၏။ ထိုဆွမ်းကျွေးမှပြန်လာသော လှတောသားတစ်ယောက်သည် သူ့အိမ်သို့ပြန်ရောက်သည်ရှိသော် အောင့်အည်းမထားနိုင်တော့ဘဲ ...

"အလိုလေး ... ကွယ်။ ဆွမ်းကျွေးဖိတ်လို့ သွားစားမိပါတယ်။ ဟင်းခွက်ထဲက ကြက်က ဘိုးဘွားရိပ်သာက ပြန်ထွက်လာလောက်အောင် ကြီးရင့်နေလို့ ဂါရဝေါစ နိဝါတောစဆိုတဲ့ မင်္ဂလာတရားတော်နှင့်အညီ ဦးသုံးကြိမ်ချပြီး တောင်းပန်ကန်တော့ခဲ့ရပါသေးသကွာ"

ဟူ၍ ပြောလိုက်လေသတည်း။

•••••

## ဂိုးမရှိတဲ့ သရေပွဲ

'အောင်မင်း'ဆိုသော လှတောသားနှင့် 'ကျောက်လုံး'ဆိုသော ရွှေဘိုသား။ သူတို့နှစ်ဦးက တစ်ဦးကိုတစ်ဦး ပြောမနာ ဆိုမနာတွေ။

ပြောရာဆိုရာ၌လည်း တစ်ဦးကိုတစ်ဦး အနိုင်မခံ၊ အရှုံးမပေးဆိုသလို ပိဿလေးဘေးပစ် ပြောဆိုတတ်ကြ၏။

အောင်မင်းက ...ပုပုကွကွ။ ခန္ဓာကိုယ်က ဂင်တိုတို။ လမ်းလျှောက်ရာတွင်လည်း ဖင်ကလေး လိမ်ကျစ်လိမ်ကျစ်နှင့် ...။

ကျောက်လုံးကျပြန်တော့ မျက်နှာပေါက်က လွန်စွာဆိုးလှသည်။ ကျောက်ပေါက်မာတွေ ရှိသကဲ့သို့ လေကလည်း မျက်နှာကို ဖျန်းထားဖူးသည့်အတွက် စကားပြောလိုက်တိုင်း မဲ့သလို၊ ရွဲ့သလိုမျိုးဖြစ်ကာ လွန်စွာမှ ကြည့်ရဆိုးလှသည်။

တစ်နေ့မှာတော့ သူတို့နှစ်ဦး လှတောရွာနှင့်ရွှေဘို ဘောလုံးပွဲ၌ ဆုံမိကြသည်။ ဆုံမိလျှင် ဆုံမိချင်း ရွှေဘိုသား ကျောက်လုံးက လှတောသား အောင်မင်းကို နှုတ်ခွန်းဆက်တော့၏။

"ဟလိုလေး ... ငါ့ကောင် အောင်မင်းရယ်။ မင်းမျက်နှာကို ကြည့်လိုက်ရတာနဲ့ အမောကို ဆို့သွားလိုက်တာကွာ။ ဘယ်လိုဖြစ်ရတာတဲ့လဲ။ ပုပုကွကွဲ ဂင်တိုတိုနဲ့ ... မစင်လူးထားတဲ့ ဝက်ပေါက်အတိုင်းပဲ။ အဲ ... လမ်းလျှောက်တာကျတော့ ပီကင်းဘဲတွေ လိုပါပဲလားကွာ ..."

ဘယ်လိုပင်ပြောဆိုပါစေ ... လှတောသား အောင်မင်းအဖို့ စိတ်မဆိုးပါ။ ရွှေဘိုသားတွေ တဟားဟားနှင့် ရယ်သွမ်းသွေးကြသည့်တိုင်အောင် ရွေးမျှ မဖြုန်ပါ။

အလှည့်ကျပြန်တော့လည်း မနွဲ့ကြစတမ်းပေါ့။

"ဟုတ်တယ်ကွာ ... ရွှေဘိုကျောက်လုံးရာ။ ငါလည်းပဲ မင်းရဲ့မျက်နှာကိုမြင်ရတော့ ဘာကိုသွားသတိရသလဲဆိုရင် ကြက်ဟင်းခါးသီးမီးဖုတ်ကို သံပရာရည်လေးဆမ်းလို့ ရှုံ့ရှုံ့မဲ့မဲ့ ပွဲတော်တည်နေတဲ့ ကောသလမင်းအတိုင်းပါပဲလား ဟရို့ ..."

သည်တစ်ခါ ပေါ်ထွက်လာသည့် ရယ်သံတွေက လှတောသားတို့ထံမှ ဖြစ်၏။ မည်သူမှလည်း မရှုံး၊ မည်သူမှလည်း မနိုင်။

ထို့ကြောင့်ပေလား မသိ။

'လှတော၊ ရွှေဘို' ဘောလုံးပွဲကလည်း ထိုနေ့က ဂိုးမရှိ သရေကျသွားခဲ့၏။

•••••

## ဘာဂျာ ပြိုင်မှုတ်နေသလိုပဲ

တစ်နေ့သ၌ လှတောရွာသို့ အ,သုံးလုံး လုပ်အားပေး ဆရာတစ်ဖွဲ့ ရောက်လာကြ၏။ ၎င်းတွင် ရွာမှ တာဝန်ရှိသူတို့က ကြိုဆိုနေရာချထားပြီး ရေခွေးကြမ်းချသူကချ၊ ပြောင်းဖူးပြုတ်များ ချသူကချနှင့် ...။

ထိုအချိန်ဝယ် လုပ်အားပေးအဖွဲ့ ဆရာများမှာ တော်တော်ကလေး ဆာနေသည်နှင့် ပြောင်းဖူးပြုတ်များကို သူတစ်ဖူး၊ ငါတစ်ဖူး ကောက်ဆွဲလိုက်ကြသည်။ ရွာမှ ထမင်းကျွေးရန် စီစဉ်ထားသည်မှန်သော်လည်း အဆင်သင့် မဖြစ်သေး။ သည့်အတွက် လုပ်အားပေးအဖွဲ့ ဆရာများ ပြောင်းဖူးပြုတ်ကိုယ်စီ ပါးစပ်တွင်တေ့လျက် အငမ်းမရ စားနေကြတော့၏။ အဆိုပါမြင်ကွင်းကိုတွေ့မြင်ရသော လှတောသားများအနက်မှ ကလေးငယ်တစ်ဦးသည် လက်ညှိုးငေါက်ငေါက်ထိုးရင်း ...

"ဟာ ... ကြည့်လိုက်စမ်းပါဦး။ ပြောင်းဖူးပြုတ်စားနေတာများ စားနေတာနဲ့ကို မတူတော့ဘူး။ တစ်ယောက်နဲ့ တစ်ယောက် အားကျမခံ ဘာဂျာ ပြိုင်မှုတ်နေကြသလိုပဲဟော့ ..."

ဟု မြင်သည့်အတိုင်း၊ တွေးမိ

www.burmeseclassic.com

သည့်အတိုင်း ပြောလိုက်လေသတည်း။

•••••

## လိုင်စင်ရ ဓားပြ

လှတောသူ လှတောသားတစ်သိုက် ရန်ကုန်ဘုရားဖူး ရောက်လာကြသည်။

ပထမနေ့တွင် ခရီးပန်းလာသည့်အတွက် တည်းခိုအိမ်၌ အနားယူ အပန်းဖြေကာ နောက်နေ့ရောက်လေသော် မှန်လုံယာဉ်ပေါ်တက်လျက် ဘုရားဖူး ထွက်ခဲ့ကြလေ၏။ ကားပေါ်တွင် စပါယ်ယာ၏စကားသံက တညံညံ။

"အကြွေပါရင် ပေးကြပါ။ တစ်ယောက်ကို တစ်ရာ့ငါးဆယ် ကျတယ်နော်။ နှစ်ရာတန်ပေးလိုက်တော့ အကြွေရရင် အမ်းမယ်၊ မရရင် မအမ်းဘူး"

အမှန်တကယ်လည်း ငွေနှစ်ရာပေးလိုက်လျှင် ပြန်အမ်းသည်မရှိ၊ ငါးရာတန်ပေးလိုက်လျှင် သုံးရာသာ ပြန်အမ်း၏။ ငွေတစ်ထောင်တန် ပေးလိုက်လျှင် ရှစ်ရာသာ ပြန်အမ်း၏။ ဤတွင် ငါးဆယ်ဖိုး အသလွတ်ပါသွားသော လှတောသူ အဘွားကြီးသည် ပွစိပွစိ လုပ်ရင်း ...

"အလိုလေး စပါယ်ယာရယ် .. ငါတို့က မောင်ရင်လေးကို ကားစပါယ်ယာလို့ ထင်ထားတာ။ တလွဲတချော်တော့ ဖြစ်ကုန်ပါပြီ။ ဘယ့်နှယ် ... စပါယ်ယာကို မတွေ့ရဘဲ လိုင်စင်ရ ဓားပြကို တွေ့ရတာကိုး"

ဟု ဘွင်းဘွင်းကြီး ပြောချလိုက်လေသတည်း။

•••••

## ပုခက်ချိတ်ပြီး စောင့်နေမယ်

အသက် ၅၀ နား ကပ်နေသည့်တိုင် လူတောရွာသား လူပျိုသိုးကြီး ကိုတင်ခမျာ ဂေါ်မစွံနိုင်သေး။ ဒါကလည်း ကိုတင်၏ ကြေးများမှုကြောင့် ဖြစ်နိုင်၏။

"ဟေ့ ... ဒီတစ်သက် မိန်းမမရဘဲ ငှက်ပျောတုံးကြီးကိုဖက်ပြီး ဧသချင်းသေသွားစမ်းပါစေ။ တင်တို့ကတော့ မုဆိုးမ၊ တစ်ခုလပ်၊ အပျိုဟိုင်းတို့ဆိုရင် နိုးမှုနိုးပဲ ..."

"ဟာ ... ဒါဖြင့် ငယ်ငယ်နုနုလေးတွေ ဆိုရင်ရော ..."

"အင်း ... ဒါဆိုရင်တော့ ဖြစ်တယ်။ အထူးဖြင့် ငယ်နုတဲ့အပြင် ဒီဖိုင်းကလည်း အပြတ်ကို လန်းနေရမယ်။ ရုပ်က ငေးကိုနေရမယ့် အနေအထား။ ဒါဆိုရင်တော့ တင်တို့က လာထားပဲ"

သည်လိုမျိုး 'နွားအို မြက်နုကြိုက်'ဖြစ်နေသည့်အတွက် တစ်နေ့သ၌ ကာလသားတစ်စုသည် ကိုတင်နှင့် ထန်းတော၌ ဆုံတွေ့ကြသည့်အခိုက် ...

"ဗျို့ ... ကိုတင်ကြီး၊ ခင်ဗျားကြိုက်နိုင်မယ့် မဒီကလေး၊ ဖယ်ကလေးကို တွေ့ထားတယ်"

ဤတွင် သွားရည်တမြားမြားဖြစ်နေသည့် ကိုတင်လည်း ပြောချလိုက်၏။

"ဟေ့ ... ကိစ္စမရှိဘူး။ ဒီလောက်တောင် လန်းနေမှတော့ ငယ်ချင်သလောက် ငယ်ပလေ့စေ ပုခက်ချိတ်ပြီး စောင့်နေမယ်ဟေ့ ... စောင့်နေမယ်"

•••••

## တစ်ရေးတောင်မှ ရလောက်ပြီ

လှတောသားကြီး တစ်ယောက်သည် အရေးပေါ်ကိစ္စရှိသည်နှင့် ရွှေတိ-စစ်ကိုင်း ပြေးဆွဲနေသော ကုန်တင်ခရီးသည်တင်ကားဖြင့် လိုက်ပါလာခဲ့လေ၏။

အမြန်လိုကာမှ အနှေးကြုံရသည်ဟု ဆိုရလေမည်လား။

သူစီးလာသည့်ကားက စက်မမှန်။ တစ်ခါတစ်ခါ ဂဒီး ဂဒီး။ တစ်ခါတစ်ခါ တုံ့ခနဲ တုံ့ခနဲ။ လမ်းတစ်လျှောက်မှာလည်း ကားတွေက အရှင်းကြီး အပိတ်အဆို့ အဆီးအတား ဘာမှုမရှိ။ မနက်ကတည်းက သည်ကားနှင့် ဖူးစာဖက်နေခဲ့သည်မှာ နေထန်းတစ်ဖျားရောက်သည့်တိုင်အောင် လိုရာခရီးသို့ မရောက်နိုင်သေး။

ဗိုက်ထဲမှာလည်း တဂွီဂွီနှင့်။ ပိုးမျိုး ၈၀ တို့ ထကြွသောင်းကျန်းနေကြပါပကောလား။

နေကပူ။ ဗိုက်က ဆာ။ လိုရာခရီးသို့လည်း မရောက်နိုင်သေးသဖြင့် လှတောသားကြီးလည်း ညည်းညည်းညူညူဖြင့် ကားစပါယ်ယာကြားအောင် ပြောလိုက်လေသတတ်။

"အလိုလေး ... လေ့၊ ငါ့ကောင် စပါယ်ယာရယ် ... မင်းကားကလည်း နှေးမှနှေးပါပဲလား။ လမ်းကြိတ်စက်စီးသွားရင်တောင် အခုလောက်ဆို ငါသွားမယ့်ရွာမှာ တစ်ရေးတစ်မောတောင် အိပ်ပျော်နေလောက်ပြီ"

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com



-၁-

ပန်းချီ - စ ကျွ၊

# ထွက်ရပ်လမ်းအတွက် အင်းစီရင်မည်ဆိုပါလျှင်

ရေကျော်စိုးအောင်

ဗုဒ္ဓဘုရားရှင်၏ သာသနာတော်အား ထိန်းသိမ်းစောင့်ရှောက်ကြသူများတွင် သာသနာပြုပုဂ္ဂိုလ်များ ပါဝင်ကြ၏။ သာသနာပြုပုဂ္ဂိုလ်များသည် ထွက်ရပ်ပေါက်လုပ်ငန်းများကို အပတ်တကုတ် ကြိုးစားအားထုတ်နေကြသည် ဖြစ်၏။

ယင်းသို့ ထွက်ရပ်ပေါက်လမ်းစဉ်ကို ကျင့်ကြံအားထုတ်ကြသူများသည် မိမိတို့ ထွက်ရပ်ပေါက်လမ်း ချောမွေ့အောင်မြင်စေရေးအတွက် အထောက်အကူပြုသည့် အစီအမံများတွင် အင်းရေးသားခြင်း၊ စီရင်ခြင်းများသည် လွန်စွာမှ အရေးပါလှပေသည်။

ဤအကြောင်းများသည် စာရေးသူ မှတ်သားရမိခဲ့သည့် အကြောင်းအရာများမှ ပြန်လည်ရေးသားမိပါသည်။ ယင်းအကြောင်းများသည်လည်း အဘဘိုးဘိုးအောင်ဟု ထင်ရှားခဲ့သည့် မကောင်းသူပယ်၊ ကောင်းသူကယ်ခဲ့သည့် အဘ၏ ဖြစ်စဉ်များအတွင်းမှ သိရှိခဲ့ရသည်များကို ပြန်လည်ရေးသားချခြင်းများပင် ဖြစ်ပါသည်။

ထွက်ရပ်ပေါက်လမ်းတွင် အင်းတည်းဟူသော အစီအရင်များကလည်း အထောက်အကူပြုလျက်ရှိကြသည်။ ဤအင်းအစီအရင်များသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆန့်ကျင်သော အကြောင်းအချက်များ တစ်စုံတစ်ရာ မပါဟု သိရှိရ၍လည်း 'အင်း'အကြောင်းနှင့် စပ်လျဉ်း၍ ရေးသားအပ်ပါတော့သည်။

အင်းနှင့်ပတ်သက်၍ အောက်ပါအချက်များကား အလွန်ဂရုပြုသင့်လှပေသည်။ ဤကား ... အင်းပျက်ခြင်းလက္ခဏာများပင်တည်း။

(က) အင်းကျိုးခြင်း ခုနစ်ပါး၊

(ခ) အင်းပျက်ခြင်း ခုနစ်ပါး၊

(ဂ) အင်းပေါက်ခြင်း ခုနစ်ပါး ဟူ၍ မအောင်မြင်ခြင်း၊ ပျက်စီးခြင်း အင်္ဂါ ၂၁ ပါး ရှိသည်ဟူ၍ မှတ်သားမိရပါသည်။

## အင်းကျိုးခြင်း ခုနစ်ပါး

(က) အင်းစီရင်သောအခါ နေရာလွှဲပြောင်းခြင်း၊

(ခ) အင်းစီရင်သောအခါ စကားပြောဆိုခြင်း၊

(ဂ) လူလွှဲပြောင်းစီရင်ခြင်း၊

(ဃ) စီရင်၍ မပြီးမီ အခြားတစ်ပါးသို့ ထသွားခြင်း၊

(င) အင်းအုံပြတ်ခြင်း၊

(စ) အင်းဘောင်ရွေ့ခြင်း၊

(ဆ) စတုရန်းလေးဘက်မှ ဝိုင်းမိအောင် မသားမူ၍ အစဉ်အတိုင်းသားခြင်း

စသည့် အင်းကျိုးခြင်းခုနစ်ပါးဟု မှတ်သားမိပါသည်။

ထွက်ရပ်ပေါက်လမ်း လိုက်ကြမည့် သူတော်စင်များအနေဖြင့်ကား အင်းကန်းခြင်းခုနစ်ပါးလည်း လွန်စွာမှ အရေးပါလှပေသည်။

## အင်းကန်းခြင်းခုနစ်ပါး

(က) နက္ခတ်မမှန်ခြင်း၊

(ခ) အသွားမမှန်ခြင်း၊

(ဂ) အက္ခရာဂဏန်း မညီညွတ်ခြင်း၊

(ဃ) အက္ခရာဂဏန်း အသွားနှင့်အလှည့် မမှန်ခြင်း၊

(င) အင်းစီရင်သူ၏ ညစ်ပေမသန့်ရှင်းခြင်း၊

(စ) ကိုယ်ဝန်ဆောင်မိန်းမ၊ မသန့်ရှင်းသူတို့ ကိုင်တွယ်ခြင်း၊

(ဆ) ဂါထာပဒ မမှန်ခြင်း

စသည့် ခုနစ်ပါးကား အင်းကန်းခြင်းခုနစ်ပါးဟုလည်း မှတ်သားရမိပါသည်။ အင်းစီရင်ခြင်းသည် ထွက်ရပ်ပေါက်လမ်းလိုက်သူ၊ သာသနာပြုမည့်သူများအတွက် အလွန်အရေးပါလှသည်ဖြစ်၍ ဂရုစမ့်ပြုဖွယ်လည်း ဖြစ်ပါသည်။

အင်းနှင့် စပ်လျဉ်း၍ အထက်ခုနစ်မျိုးအပြင် အင်းပေါက်ခြင်း ခုနစ်ပါးသည်လည်း အင်းစီရင်ခြင်းအတွက် အရေးပါလှသည်ဖြစ်ရာ အင်းစီရင်သူများ အရေးထားစရာပင် ဖြစ်သည်။

အင်းစီရင်ခြင်း နည်းစနစ်၊ လိုက်နာရမည့်အချက်များသည် အလေးတယူ ဂရုမူရမည်သာ ဖြစ်၏။ မဟုတ်လျှင်မူ စီရင်သည့် အချိန်အခါသမယတွင် ရူးသွပ်ခြင်း၊ စိတ်ဖောက်ပြန်ခြင်း စသည်တို့ မုချကြုံတွေ့ကြရမည်သာ ဖြစ်သည်။

ထွက်ရပ်ပေါက်လမ်း လိုက်မည့်သူများ၊ သာသနာပြုမည့်သူများအတွက်ကား အင်းပေါက်ခြင်းခုနစ်ပါးကိုလည်း သိမြင်မှတ်သားရမည်လည်း ဖြစ်၏။

## အင်းပေါက်ခြင်းခုနစ်ပါး

(က) အင်းဘောင်မထိခြင်း၊

(ခ) အင်းဘောင်လွန်ခြင်း၊

(ဂ) အင်းချမမှန်ခြင်း၊

(ဃ) အင်းဆန်သွင်းသောအက္ခရာနှင့် အင်းဘောင်အရေးအသားထိခြင်း၊

(င) အက္ခရာဂဏန်း မပီသခြင်း၊

(စ) အင်းအကွက် မညီညွတ်ခြင်း၊

(ဆ) ဂဏန်းအက္ခရာ ထောင့်မကိုက်ခြင်း

စသည့် အင်းကျိုး၊ အင်းကန်း၊ အင်းပေါက်ခြင်း စသည့် အင်းစီရင်မှု ၂၁ ပါးကား လောကီပညာရပ်လိုက်စားသူများနှင့် ထွက်ရပ်ပေါက်လမ်း လိုက်စားပြီး သာသနာပြုလိုသူများအတွက် ရှောင်ကြဉ်ရမည့် အကြောင်းရပ်များ ဖြစ်သည်ကို စာရေးသူအနေဖြင့် မှတ်သားရမိခဲ့သည့် အကြောင်းတရားအပေါ်မှ လေ့လာတွေ့ရှိချက်များကို စေတနာကောင်းဖြင့် ရေးသားအပ်ခြင်းသာ ဖြစ်ပါတော့သည်။

**ရေကျော်စိုးအောင်**

ကျမ်းကိုး

စမဝိဇ္ဇာ ထွက်ရပ်ပေါက်ကျင့်စဉ်မှ။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



(၁)

ကျုပ်ဘဝက အတော့်ကို ဆိုးပါတယ်။

ပြန်ပြောပြရင်လည်း လွမ်းစရာ၊ ဆွေးစရာ၊ ကြေကွဲစရာတွေ အပြည့်ပါပဲ။ ကျုပ်နာမည်က မုန်တိုင်း။ သရဲတောရွာသားပဲ။ ဆိုင်းပညာကို ဝါသနာပါတယ်။ ဒါကြောင့်မို့လို့လည်း . . . ငယ်ငယ်ကတည်းက ရွာကထွက်ပြီး နာမည်ကြီးဆိုင်းဆရာတွေနောက် တကောက်ကောက်လိုက်ပြီး တပည့်ခံတာပဲ။ စိန်ဗေဒါ၊ ဦးဘခိုင်၊ ဦးဘမောင်၊ ဆရာဆိတ် စတဲ့ ဆိုင်းပညာအကျော်အမော် ဆရာကြီးတွေထံမှာ ပညာတွေ သင်ခဲ့တယ်။

နောက်တစ်ခုက ကျုပ်မှာ ကြီးမားတဲ့ မျှော်လင့်ချက်ရှိတယ်။

လူငယ်ဆိုတော့လည်း အချစ်ဇာတ်လမ်းတွေ၊ ရင်ခုန်စရာတွေ ရှိတာပေါ့ဗျာ။ သရဲတောရွာမှာက ပစ္စည်းဥစ္စာ ငွေကြေးမချမ်းသာပြီး၊ ကွမ်းတောင်ကိုင် မြသဲကြည်ဆိုတဲ့ မိန်းမချောလေးတစ်ယောက် ရှိတယ်။ တစ်ခါမြင်ဖူးရင် တစ်သက်စွဲလမ်းသွားစေလောက်တဲ့ မိန်းကလေး။

တောသူဆိုပေမယ့် အသားဖြူတယ်၊ မျက်နှာက ဝိုင်းဝိုင်းလေး။ မျက်လုံးတောက်တောက်လေးနဲ့ ခါးသေးရင်ချီ၊ ဟန်ပန်အမူအရာ၊ ခန္ဓာကိုယ်အလုအပတွေကလည်း ဖွံ့ထွားစိုပြည်တဲ့ မြသဲကြည်ပေါ့။ ငယ်ငယ်ကတည်းက အတူတူကြီးပြင်းလာကြတော့ သံယောဇဉ်ဖြစ်မိတယ်။ မြသဲကြည်အပေါ် ကျုပ် အရမ်းစွဲလမ်းပြီး ချစ်မိတယ်။ မြတ်မြတ်နိုးနိုး ပန်းလေးတစ်ပွင့်ကို တယုတယ ချစ်ခင်တပ်မက်စိတ်နဲ့ ချစ်မိတာ။

ကျုပ်လိုပဲ ချစ်နေတာက သိန်းလွင်။ ကျုပ်သူငယ်ချင်းပါပဲ။ တစ်ရွာတည်းသားတွေ။ သိန်းလွင်နဲ့ ကျုပ်တို့နှစ်ယောက်အတူတူ မြသဲကြည်မေတ္တာပန်းကို ဆွတ်လှမ်းနိုင်ဖို့ ပိုးကြပန်းကြတာပေါ့။ ဒီကောင်က ရွာမှာ လယ်ပိုင်ရှင်သား။ မြသဲကြည်တို့မိဘတွေနဲ့ကလည်း ရင်းနှီးကြတယ်။ ကျုပ်ထက်ပိုပြီးတော့ အခွင့်အရေးရနေတဲ့ကောင်ပဲ။

မြသဲကြည်အစ်ကိုဖြစ်တဲ့ မောင်မိုးက နည်းနည်းပါးပါး အသောက်အစားလေးရှိတယ်။ မူးလာရင် သွေးဆိုးချင်တယ်။ အစ်ကိုဖြစ်တဲ့ မောင်မိုးအရှိန်ကြောင့် မြသဲကြည်ကို တခြားရွာက ကာလသားတွေ စိတ်ဝင်စားကြပေမယ့် အနားမကပ်ရဲကြဘူး။ မောင်မိုးကြောက်ပြီး နည်းနည်းတော့ ရှိန်တယ်။ မြသဲကြည်ကလည်း တစ်ရွာတည်းသားဖြစ်တဲ့ သိန်းလွင်နဲ့ ကျုပ်အပေါ်မှာ မျက်နှာသာပေးပါတယ်။ သိန်းလွင်က မြသဲကြည်အစ်ကို မောင်မိုးနဲ့ လူပေါင်း။

ကျုပ်က ဆင်းရဲတယ်။ အမေမုဆိုးမကြီးနဲ့ ရွာမှာ ဖြစ်သလို ရှာဖွေလုပ်ကိုင် စားသောက်ရတာ။ ဒါကြောင့်မို့လို့လည်း ကျုပ်ဝါသနာပါတဲ့ ဆိုင်းပညာကို ပတ်မတီးဝိုင်းခေါင်းဆောင်ဖြစ်အောင် အနစ်နစ်အလလဲ ကြိုးစားခဲ့ရတာပေါ့။ ကျုပ်ရည်ရွယ်ချက်အောင်မြင်ခဲ့ပါတယ်။

ခုဆိုရင် သူဌေးတစ်ယောက်က ကျုပ်လက်စွမ်းလက်နကို သဘောကျပြီး မင်္ဂလာဆိုင်းဝိုင်းကြီး ထောင်ပေးတယ်။ စိန်မုန်တိုင်း မင်္ဂလာဆိုင်းအဖွဲ့ကြီးဟာ အလှူမင်္ဂလာဆောင် ပွဲထိုင်တွေမှာ ငှားရမ်းသူများပြီး နာမည်ကြီးလာခဲ့တာပါ။ ပွဲချီတွေ စိပ်ပြီး ဆိုင်းထောင်ထားတဲ့ သူဌေးဆိုရင် သဘော

www.burmeseclassic.com

www.burmeseclassic.com

တွေကျ၊ စိန်မုန်တိုင်းတို့လက်က ရွှေသီးပြီဆိုပဲ။

သုံးနှစ်လောက် ရပ်တကာ၊ ရွာတကာလှည့်ပြီး အလှူတွေလိုက်တီးရင်းနဲ့ ကျုပ်ရသမျှ ငွေကြေးကို ကျစ်ကျစ်ပါအောင် စုခဲ့ရတယ်။ ခုဆို ရွှေနှစ်ကျပ်သားနဲ့ ငွေလေး-ငါးထောင် ပိုက်ပြီး သရဲတောရွာကို ပြန်လာခဲ့တယ်။ ရွာမှာ သံယောဇဉ်ရှိစရာဆိုလို့ မြသဲကြည်တစ်ယောက်ပဲ ရှိတော့တယ်။ အမေကလည်း မနှစ်က ဆုံးသွားခဲ့တယ်။

ရွာပြန်ရောက်ရင် ပါလာတဲ့ ရွှေနဲ့ ငွေနဲ့ မြသဲကြည်ကို လူကြီးစုံရာ ကမ်းလှမ်းပြီး တင်တောင်းမယ်ပေါ့။ မိုးမမြင်၊ လေမမြင် စိတ်ကူးတွေယဉ်ခဲ့တာပေါ့။ ဒါပေမယ့် ကျုပ်ကံဆိုးခဲ့ပါတယ်။ ကျုပ်နဲ့ ဆိုင်းတီးပြိုင်ဘက် စိန်လက်ပွားဆိုတဲ့ကောင်က ယုတ်မာတယ်။ ဒီကောင် ညာဘက်လက်မှာက မွေးရာပါ လက်မအပိုအတက်ကလေး တစ်ခု ပါတယ်။ ဒါကြောင့် ဒီကောင့်ကို လက်ပွားလို့ခေါ်တာ။

ခရိုင်ပညာချင်း ပြိုင်လို့မရတော့ ကျုပ်ကို အငြိုးအတေးနဲ့ ဒုက္ခရောက်အောင် အကောက်ကြံတယ်။ ကျုပ်ရွာအပြန် ရွှေနဲ့ ငွေနဲ့ ပါလာတာကို ဓားပြတွေသိအောင် လက်ထောက်ချလိုက်တယ်။ ဒီတုန်းက ကျေးလက်တောနယ်တွေမှာ ဓားပြတွေ သောင်းကျန်းနေကြတာကိုး။ မြို့နဲ့ အလှမ်းဝေးတဲ့ ကျေးလက်တောရွာတွေမှာ အုပ်ချုပ်ရေးက ဖရိုဖရဲပဲ။ အဲဒီည သရဲတောရွာကို ပြန်ရောက်တော့ မှောင်နေပြီ။

ရွာအဝင် အဓိကရ ကုက္ကိုပင်ကြီးအောက်ရောက်တော့ ဓားပြတွေက မှောင်ထဲကထွက်လာပြီး ကျုပ်ကို လက်နက်တုတ်၊ ဓားတွေနဲ့ ဝိုင်းလိုက်ကြတယ်။ ပါလာတဲ့ ရွှေတွေ၊ ငွေတွေ ထုတ်ပေးပေါ့။

"ဟေ့ကောင် မုန်တိုင်း။ မင်းမှာ ပါလာတဲ့ ပစ္စည်းတွေကို အသာတကြည် ထုတ်ပေးနော်။ ငါတို့က လက်ပွားဆီက သတင်းအတိအကျ ရထားပြီးပြီ။ အသားအနာမခံချင်စမ်းပါနဲ့ မုန်တိုင်းရာ။ အေးအေးဆေးဆေး ထုတ်ပေးပါ"

ကျုပ်ကလည်း အသာတကြည် ထုတ်မပေးဘဲ ပြန်လည်ခုခံတော့ အများနဲ့တစ်ယောက် ကျုပ်ပဲ အသတ်ခံခဲ့ရပါတယ်။

သေသွားတာလည်း တစ်မျိုးကောင်းပါတယ်။ ကျုပ်မြတ်နိုးစွဲလမ်းခဲ့ရတဲ့ မြသဲကြည်လေးကိုလည်း ကျုပ်မရနိုင်တော့ပါဘူး။ ကျုပ်ဘဝပြောင်းသွားတော့ ကျုပ်ဇာတိ သရဲတောရွာမှာပဲ အမြဲနေရတော့မှာပေါ့။ သိန်းလွင်နဲ့ အိမ်ထောင်ကျသွားတဲ့ မြသဲကြည်လေးကို တခြားဘဝကနေပြီး ကျုပ်မြတ်နိုးစွဲလမ်းရတာကိုက ကျုပ်ဘဝဘယ်ရောက်ရောက် နေပျော်ပါတယ်ဗျာ။

ဟော ... ဆိုင်းသံတွေ ကြားနေရပါလား။

ဆိုင်းသံကြားရင် ကျုပ်မနေနိုင်တော့ဘူး။ တစ်ကိုယ်လုံးလည်း ရွစိရွစိဖြစ်လာတယ်။ ဆိုင်းကြိုက်တဲ့ စိန်မုန်တိုင်းလေး၊ ရင်ထဲမှာ တလှပ်လှပ်နဲ့ ခုန်လာပြီ။ ကျုပ်လက်တွေမှာ အနုပညာ မော်တွေ စီးဆင်းလာပြီ။ ပတ်လုံးပေါ်ကို ကျုပ်လက်တွေ ရောက်သွားမှ ဖြစ်မယ်။

အမယ် ... ကျုပ်နေတဲ့ ကုက္ကိုပင်ကြီးနားမှာက ဇာတ်ရုံကြီးကလည်း ဟည်းလို့ပါလား။ ရွာကလူတွေ စုပြီး ဇာတ်ပွဲသွင်းကြတယ် ထင်ပါရဲ့။ ဇာတ်အဖွဲ့က ဘာတဲ့၊ သြော် ... ဂိတ်လျှိုးမှာ စာလုံးအကြီးကြီးတွေနဲ့ ကြော်ငြာထားတာက ပန်းတျာကြည်ဖြူ ဇာတ်သဘင်တဲ့။ မင်းသားကလည်း အချောမသေးပါဘူး။

ရုံထဲကို ကျုပ်ရောက်သွားတယ်။

ဇာတ်စင်ရဲ့ ဝဲဘက်မှာ ပတ်မထမ်း ပဥ္စရူပရုပ်နဲ့ မုန်စီရွှေချဆိုင်းဝိုင်းကြီး။ ကျုပ်ရင်တွေ တလှပ်လှပ်ခုန်လာတယ်။ သွေးတွေ ကြွလာတယ်။ ဘာရမလဲ၊ ဆိုင်းကျင်းထဲရှိရာကို အားပါးတရ ခုန်ဝင်လိုက်တယ်။

ဟော ... နားထောင်ကြည့်လာပြီ။ ပတ်မတီး စိန်မုန်တိုင်းရဲ့ လက်သံ။

"ရွှေဘုန်းတော်တိုးပါလို့ ... ငွေမိုးတွေရွာ ... နိုင်ငံတော်ပြည်အရေး ... သာလှတယ်လေး ... ရွှေဘုန်းတော် ထိန်ထိန်တောက်ပါလို့ ... ရွှေစက်အောက်မှာတဲ့ လူပျိုတွေ ... မိုးသံ ... လေသံနှင့် နတ်ရေကန်သာမော ... ဝပြောစည်သလေ ... မင်းပေါင်းခတဲ့ နေပြည်တော် ... မြရေကြည် ကြာအင်း ... မွှေးပါဘိခြင်း ... ပဒုမ္မာရွှေကြာ ... ဘိုးတော်စံရာ ... နတ်ပြည်နှင့်တူလေခြင်း ... ဘိုးတော်စံခင်း ..."

(၂)

ဒီညအဖို့ ပွဲဦးထွက်ညဖြစ်၍ အရေးကြီးသည်

ဆိုင်းဆရာ စိန်လက်ပွားသည် ဇာတ်စင်ဝဲဘက်ထောင့်နားရှိ မီးရောင်



www.burmeseclassic.com

www.burmeseclassic.com

များနှင့် ပြောင်လက်တောက်ပနေသော မှန်စီရွှေချဆိုင်းဝိုင်းကြီးထဲသို့ လှမ်းကြည့်မိလိုက်သည်။ အလို … ဘယ်ကလူပါလိမ့်။ သူ့ဆိုင်းဝိုင်းထဲတွင် အကျအန ဝင်ရောက်နေပါလား။ ဆိုင်းဝိုင်းထဲတွင် သူမသိသော လူတစ်ယောက် ရောက်နေသည်ကို သဲသဲကွဲကွဲ မြင်ရခြင်းမျိုး မဟုတ်။

မှုန်တိမှုန်ဝါး။ လူတစ်ယောက်ဖြစ်ဖို့ သေချာသည်။ မြင်လိုက်ရသည်နှင့် စိန်လက်ပွား ထိတ်လန့်တုန်လှုပ်သွားသည်။ အမယ် … ဝတ်ပုံစားပုံကလည်း ပုံကျ။ မောင့်ကျက်သရေခေါင်းပေါင်းအဖြူ၊ တိုက်ပုံအဖြူ၊ အင်္ကျီပုဆိုးအဖြူနှင့် အဖြူရောင် လူတစ်ယောက်ဟုတ် … ဟုတ်နေသေးတော့။

မြန်မာဝတ်စုံ အဖြူရောင်များကို စမတ်ကျကျ ဝတ်ဆင်ထားသည်။ ထူးတော့ ထူးခြားနေသည်။ အဆိုပါ လူက သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်။

အမလေး … ကြောက်စရာကြီးပါလား။ သူထိတ်လန့်တကြား အော်လိုက်မိသည်။ မျက်တွင်းဟောက်ပက်၊ ခေါင်းမှာလည်း ဓားခုတ်ဒဏ်ရာကြီးနှင့် နီရဲသော သွေးစက်များက မြင်မကောင်းအောင် စီးကျနေသည်။ ဘယ်လိုလူပါလိမ့်။ ဒါလူမဟုတ်နိုင်။ တစ္ဆေသရဲတစ်ကောင် ဖြစ်ရမည်။

ကြည့်နေရင်းမှာပင် ကြောက်စရာကောင်းလာသည်။ အံ့သြဖို့လည်းကောင်းသည်။ ထိုသူ၏ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ခေါင်းပေါ်မှ စီးကျနေသော သွေးများသည် ဆိုင်းဝိုင်းပတ်ပတ်လည်သို့ ကွေ့ဝိုက်စီးဆင်းလျက်ရှိသည်။ ဟော … ဆိုင်းဝိုင်းအား ကွေ့ပတ်နေသော သွေးစီးကြောင်းကြီးသည် မီးများ တဝုန်းဝုန်း ထတောက်လာသည်။

ဒီလူ လူမဟုတ်။ သရဲလား၊ တစ္ဆေလား၊ နာနာဘာဝလား၊ ဘာလဲ၊ ဘယ်လိုလူစားလဲ၊ ဘယ်လိုဆိုင်းဆရာလဲ။ ဆိုင်းဆရာ စိန်လက်ပွားကို ဆိုင်းသရဲခြောက်ပြီ ထင်သည်။ ရှာစားကျော် ပတ်မတီးဆရာ စိန်လက်ပွား အမြတ်နိုးဆုံး မှန်စီရွှေချဆိုင်းဝိုင်းကြီး မီးလောင်တော့မှာပါလား။ မီးခိုးငွေ့များက လွင့်ပျံထွက်လာသည်။ စိန်လက်ပွား အပြေးအလွှား ဆိုင်းဝိုင်းအနီးသို့ တိုးကပ်သွားလိုက်သည်။

သွေးစီးကြောင်းများမှ ထတောက်သော မီးလျှံများက ပူလောင်ခြင်းမရှိ။ ရေခဲပြင်ထဲ ဖြတ်သွားရသလို အေးစက်စက်ကြီး ဖြစ်နေသည်။ နှာခေါင်းထဲတွင် ပုပ်အက်အက်အနံ့ဆိုးကြီး ရလိုက်သည်။ သံရှည်ဆွဲအူလိုက်သော ခွေးအူသံများ စူးစူးဝါးဝါး ကြားလိုက်ရသည်ဟု ထင်မိသည်။

ကြက်သီးမွေးညင်းများ ထောင်ထလာပြီး ကျောရိုးထဲတွင် ချမ်းစိမ့်စိမ့်ကြီး ဖြစ်လာသည်။ စိန်လက်ပွားခေါင်းကြီးမှာလည်း ပုတ်လောက်ကြီးနီးပါး အကြီးကြီးဖြစ်လျက် ထုံကျင်ပွစိစိ ဖြစ်လာသည်။ ကြောက်စရာကြီးပါလား။ ခေါင်းပေါင်းဖြူ၊ တိုက်ပုံအင်္ကျီ၊ ပုဆိုးအဖြူဝတ်ထားသော ဆိုင်းဝိုင်းထဲတွင် ထိုင်နေသည့် သရဲကြီးအရုပ်ကလည်း ချက်ချင်းဆိုသလို ကြည့်ကြည့်နေရင်းမှာပင် ထန်းပင်လောက်နီးနီး ရှည်ရှည်ထွက်လာသည်။

သရဲကြီး လက်ချောင်းများကလည်း များလှသည်။ ပတ်မတီး ရှာစားကျော် စိန်လက်ပွားသည် သူ့ဆိုင်းဝိုင်းထဲတွင် အကြီးအသေး ဆင့်ထက်ကဲ ပတ်လုံးနှစ်ဆယ့်တစ်လုံးထားပြီး သံစုံတီးလေ့ရှိသည်။ ကြောက်စရာကောင်းသည့် ဖြူဖြူရှည်ရှည် သရဲကြီးလက်ချောင်းများမှာလည်း ၂၁ ချောင်းရှိနေသည်။ ရေဘဝဲတစ်ကောင်လက်များလို တွန့်လိမ်ကွေးကောက် ဆန့်တန်းလှုပ်ရှားလျက်ရှိသည်။

စိန်လက်ပွား ထိုင်နေကျ ဆိုင်းဝိုင်းထဲတွင် ကျကျနနထိုင်လျက် ပတ်လုံးများကို စမ်းနေပုံရသည်။ ဆိုင်းပညာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တီးခတ်တတ်ထားသူ ဖြစ်ပုံရသည်။ ဆိုင်းဝိုင်းအတွင်းရှိပတ်လုံးများမှာ သစ်သားကိုထွင်း၍ သားရေနှင့် ကျပ်ထားသောကြောင့် ရာသီဥတုအပူအအေးအလိုက် အတက်အကျ၊ အပြောင်းအလဲရှိတတ်သည်။

ပုံနှစ်ဆယ့်တစ်လုံးအား ကြိုးနှင့်ဆွဲ၍ ချိတ်ထားရာ လက်နှင့်တီးခတ်ရင်း ပုံတစ်လုံးနှင့်တစ်လုံး လျှင်မြန်စွာ အကူးတွင် လက်အနုတ်အသိမ်းကလည်း အရေးကြီးသည်။ အနုတ်အသိမ်း မကောင်းလျှင် ကြိုးနှင့်ငြိတတ်သည်။ အသံစမ်း၍ တီးခတ်နေသော အတက်အကျ ပုံသံများကို စိန်လက်ပွားကြားနေရသည်။ သည်လိုလက်သံမျိုးကို စိန်လက်ပွား ကြားဖူးသလိုလို ရှိသည်။

အမြင်လွယ်သလောက် လက်တွေ့ခက်ခဲသော မြန်မာဆိုင်းပညာ၏ ပတ်စာအတိုးအလျှော့ သံမှန်ရအောင် ပတ်မတီးကောင်းတစ်ယောက် ဖြစ်လာဖို့ဆိုသည်မှာ လွယ်ကူလှသည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

ပတ်လုံးတီးတတ်ဖို့ မဆိုထားနှင့်။ ပတ်လုံးကောင်းရဖို့ ထွင်ပုံထွင်နည်း နွားသားရေနှင့် ကျပ်ပုံကျပ်နည်း ကအစ နည်းစနစ်မှန်ကန်ဖို့ လိုအပ်သည်။ ပတ်စာထိုးရာတွင်လည်း ညောင်ပြာ၊ ဒါမှမဟုတ် မန်ကျည်းပြာကို မှုန့်နေအောင် စစ်ယူရသည်။ မမာမပျော့ ထမင်းကို ကျေညက်အောင်နယ်ပြီး ပြာနှင့်ရောစပ် အသုံးပြုကြရသည်။ ပတ်စာကောင်းမှ ပတ်စာကွာခြင်း၊ အသံယိုယွင်းခြင်း၊ တိမ်းစောင်းခြင်းမရှိ ဖြစ်နိုင်သည်။

ပန်တျာကြည်ဖြူ ဇာတ်သဘင်အဖွဲ့ကြီး၏ ကြက်သွေးရောင် ပြည်ဖုံးကားလိပ်ကြီးအတွင်းမှ ရှပ်လင့်ကွင်းခေါ် လင်ကွင်းအလတ်က ခေါ်၍ သံမှန်ငါးပေါက်၊ ခြောက်ပေါက်မောင်းများက ထူးကာ တဖြည်းဖြည်းနှင့် ရပ်လိုက်သည်။ ထိုအခါ ဖြူဖြူရှည်ရှည် သရဲကြီးက တစ်ဟုန်ထိုး ပတ်ကြမ်းတိုက် ဗိန်းမောင်းတီးကာ သံပြတ်ရုတ်ချည်း ရပ်လိုက်သည်။

စိန်လက်ပွား အလွန်အံ့သြသွားသည်။

ဒီသရဲကြီးက ပေါ့သေးသေးတော့ မဟုတ်။ ဇာတ်သဘင်ပညာဆိုင်းအထာတွေကို သိနေသည်။ လောကသုံးပါးကည်သောသဘောနှင့် ခုနစ်သံချီတျာယိုင်ကိုလည်း ဒီသရဲကြီးတီးခတ်နေပါလား။ လွန်စွာမှ အံ့သြဖို့ကောင်းသည်။ သရဲတီးသော ဗုံသံ၊ ဆိုင်းသံကို ပထမဆုံးကြားလိုက်ရခြင်းဖြစ်သည်။

ဆိုင်းဝိုင်းထဲတွင်ရှိသော ကြေးနောင်ဝိုင်း၊ မောင်းဆိုင်း၊ နှဲ ပတ္တလား၊ စည်းဝါး၊ လက်ခုပ်၊ လင်းကွင်း၊ သံလွင်များကလည်း တီးခတ်သူမရှိတဲ့နှင့် အသံစုံထွက်လာသည်။ ပတ်မတီးသောရာ စိန်လက်ပွားသည် ဆိုင်းတီးရာ၌ ပတ်သံတည်ခြင်း၊ ပတ်သံမြည်ခြင်း၊ ပတ်သံပီခြင်း၊ ပတ်သံစီခြင်း၊ အင်္ဂါငါးရပ်ကို နားလည်ထားသူဖြစ်သည်။ သရဲကြီး တီးခတ်ပုံမှာလည်း အင်္ဂါငါးရပ်နှင့်ညီအောင် တီးခတ်နေသောကြောင့် ထူးထွေတည့် အံ့ဖွယ်ရာ ဖြစ်ပေတော့သည်။

ထိုအချိန်မှာပင် ဆိုင်းဝိုင်းထဲတွင် ဗုံတီးနေသော သရဲကြီး၏ ရေဘဝဲလိုလက်တစ်ဖက် မြောက်တက်လာပြီး စိန်လက်ပွားခါးကို လိမ်ဆွဲပြီး ညှစ်ထားလိုက်သည်။ သရဲကြီးက ကြောက်မက်ဖွယ်ရာ အသံကြီးနှင့်အတူ တဟားဟားနှင့် အားပါးတရ ရယ်မောလိုက်သည်။ စိန်လက်ပွား ဘယ်လိုမှ ရုန်းထွက်မရတော့။ တစ်ကိုယ်လုံးတွင် ချွေးစေးများ ပြန်ထွက်လာပြီး အသံရှုံကျုပ်လာသည်။

သရဲကြီးကတော့ သူ့အရိုးများကြေမွသွားအောင် ဖျစ်ညှစ်ခြောက်လှန့်ခြင်း ခံလိုက်ရသည်။ သူ့နားထဲတွင် ကြားနေကျ တျာယိုင်သီချင်းသံများကို ကြားနေရသည်။

*"ပျိုလေး . . . ကြိုလှည့်ပါ . . . ညိုနွဲ့ရဲ့လေး . . . ခေါ်လှည့်ပါ . . . သျှောင်ကြီးဖွေ . . . ဆီးကြိုလှည့်ပါ ရွှေနှံ့သာမြစ်ကိုတော့ . . . ပျစ်လောက်အောင်သွေး . . . လိမ်းမယ်လို့ကြံ . . . မှန်ယူခဲ့ . . . ဆံတိုလေးရယ် . . . ပိန်းရိုက်စို့လေး"*

သီချင်းနှင့် တီးလုံးသံဆုံးသွားချိန်တွင် ကြက်သွေးရောင် ပြည်ဖုံးကားကြီးသည် တလိပ်လိပ် မြင့်တက်သွားသည်။ သဘင်ပညာ သမ္ဘာရင့်နေသော နောက်ပိုင်းမင်းသမီး ရွှေနှင်းဆီသည် ခေါင်းတွင် ရှန်ပန်းထည်စည်းလျက် ရင်ဘတ်တွင် ပဝါစည်းကာ နတ်ကတော် အပျိုတော်အကကို ကန်တော့ပွဲများကိုင်မြှောက်ရင်း ဂါရဝပြု ကပြနေပုံကို မြင်တွေ့လိုက်ရသည်။

စင်တိုင်ခြင်း၊ နတ်သံပစ်ခြင်း၊ နယ်ရှင်ပရိသတ်ကို တိုင်တည်ပြီးနောက် ရွှေနှင်းဆီ၏ ကကြိုးကကွက်များက သွက်လက်မြူးကြွလာသည်။ အခုန်အဆက်၊ အကြွအမြူး၊ ထဘီနားခတ်ဟန်တို့မှာ တဘောင်သံစဉ်စည်းဝါးနှုန်းကိုက် အသွက်အကများဖြစ်သည်။

*"တုတ်တိုတို . . . မမလေးတို့ဆို အပျိုတော်မရှုပ်တေး . . . ကပါတော့လေး"*

မင်းသမီးရွှေနှင်းဆီ၏ တဘောင်သံစဉ်သီချင်းများ မဆုံးသေးခင်မှာပင် ဆိုင်းဝိုင်းထဲမှ သရဲကြီး၏ ရေဘဝဲလိုလက်ကြီးတစ်ဖက်က တွန့်လိပ်ရှည်ထွက်လာပြီး ရွှေနှင်းဆီခါးကို လိမ်ပတ်ဆွဲညှစ်လိုက်ရာ အပေါ်သို့ မြောက်တက်သွားသည်။ ရွှေနှင်းဆီ၏ ကြောက်လန့်တကြား မချိမဆံ့ အော်ဟစ်သံများကို ကြားလိုက်ရသည်။

ဘာတွေဖြစ်ကုန်ပါလိမ့်။

သရဲကြီး၏ ခြောက်လှန့်မှုများက ကြောက်မက်ဖွယ်ကောင်းလှသည်။

ရှာစား စိန်လက်ပွားကိုယ်တိုင် သရဲကြီး၏ လက်ချောင်းကြီးများက လိမ်ပတ်ညှစ်ထားသလို မင်းသမီးရွှေနှင်းဆီမှာလည်း လေထဲတွင် လွင့်ပါးလျက်ရှိသည်။ ထိုစဉ်မှာပင် နောက်ခံကားအဖြူပေါ်မှ သွေးစက်များ စီး



www.burmeseclassic.com

www.burmeseclassic.com

ဆင်းစိမ့်ယို စွန်းထင်းလာသည်။ သရဲကြီးက မတရားဆွဲညှစ်ထားသောကြောင့် ရွှေနှင်းဆီဗိုက်ထဲမှ မွေးကင်းစ နီတာရဲ ကလေးငယ်လေး ထွက်လာသည်။ ဆိုင်းပိုင်းထဲမှ ကြောက်စရာကောင်းသော သရဲကြီး၏ လက်တစ်ဖက်က မြောက်တက်သွားပြီး ကလေးငယ်အား ရစ်ပတ်ဆွဲယူ ဖျစ်ညှစ်လိုက်ပြန်သည်။

ကလေးငယ်လေးမှာလည်း မချိမဆံ့ နာကျင်လွန်းအားကြီး၍ တဝါးဝါး ဆူညံစွာ အော်ဟစ်ငိုယိုလျက်ရှိသည်။ ရွာစားကျော် စိန်လက်ပွား၏ နားထဲတွင် ကလေးငိုသံများကို ချောက်ချားဖွယ် ကြားနေရသည်။ သူ့ခါးတွင် ရစ်ပတ်ထားသည့် သရဲကြီး၏ လက်ချောင်းများကလည်း တင်းသထက်တင်းကျပ်လာကာ အသက်ရှူမရတော့။

မျက်လုံးပြူးပြီး လျှာထွက်လာသည်။ စိန်လက်ပွားသည် ကြောက်လန့်တကြားနှင့် အတင်းရုန်းကန်ထွက်လိုက်သည်။

"ဆရာ ... ဆရာ၊ လှည်းပေါ်က ဆိုင်းပစ္စည်းတွေ ချတော့မယ်။ ဒါ ကျွန်တော်တို့ ကရမယ့် သရဲတောရွာ ရောက်ပြီ"

သူ့ကိုယ်ပေါ်တွင် ပိကျလာသော ဆိုင်းပစ္စည်းများကို ဖယ်ရှားရင်း ကြေးနောင်တီး ဆရာလေးဖိုးအေး၏ လှုပ်နှိုးလိုက်သည့်အသံကြောင့် လန့်နိုးသွားသည်။ ထိုအခါကျမှပင် ပတ်မတီးဆရာ ရွာစားကျော် စိန်လက်ပွားသည် အိပ်မက်ဆိုးများမှ လန့်နိုးလာခဲ့သည်။

ပွဲဆက်များ များခဲ့သောကြောင့် ခရီးပန်းပြီး လှည်းပေါ်တွင် အိပ်ပျော်သွားမိသည်ကို ပြန်သတိရမိလိုက်သည်။ သူ့ဘေးသို့ ကြည့်လိုက်သောအခါ အငြိမ့်မင်းသမီး သဇင်နွယ် ရင်ခွင်ထဲတွင် လသားအရွယ် ကလေးငယ်လေးသည် တဝါးဝါးငိုနေသောကြောင့် သဇင်နွယ်က ချော့သိပ်ရင်း နို့လှန်တိုက်နေသည်ကို မြင်တွေ့လိုက်ရသည်။

"မငိုပါနဲ့ သားလေးရယ်။ အင်း ... အင်း ... အို ... အို .. ရော့ .. ရော့ .. ရော့ ... ချိုချိုစို့။ စို့ ... စို့ .. တိတ် .. အို .. အို"

စိတ်ထဲတွင် လေးလံထိုင်းမှိုင်းလျက်ရှိသည်။

ခေါင်းထဲတွင် ကြည်ကြည်လင်လင်မရှိ။ ဒီရွာမှာ ပွဲခွင်ဝင်ရမည်မှာ မရောက်ခင်ကတည်းက အိပ်မက်ဆိုးများက ကြောက်လန့်တကြား နိမိတ်ပြခြောက်လှန့်နေပုံရသည်။ ရွာနာမည်ကိုလည်း ကြည့်ဦးလေ။ သရဲတောရွာတဲ့။ တစ္ဆေ၊ မှင်စာ၊ နာနာဘာဝ သရဲတွေ ပေါသော ရွာဖြစ်သည်လား မသိ။

"မြို့တော်ရှင်၊ ရွာတော်ရှင် နတ်အပေါင်းတို့ ... ကူညီကာ ဝိုင်းမလို့ မှိုင်းမစောင့်ရှောက်တော်မူပါ"ဟု ရွာစား စိန်တင်ဟန် စိတ်ထဲတွင် တိုးတိုးတိတ်တိတ်ကြိတ်၍ ထိတ်လန့်တကြား ဆုတောင်းလိုက်မိသည်။

(၃)

ထိုအချိန်က မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း လယ်သမားတွေ ရွှေတွဲလွဲ ငွေတွဲလွဲနှင့် ခေတ်ကောင်းချိန် ဖြစ်သည်။ စပါးတစ်တင်းသုံးကျပ်၊ ရွှေတစ်ဆယ်သားမှ သုံးရာငါးဆယ်။ လယ်ပြီးဆိုလျှင် ရွာတိုင်းမှာ ပွဲလမ်းသဘင်တွေနှင့် စည်စည်ကားကား ပျော်ပျော်ပါးပါး ဖြစ်ခဲ့သည်။

ဦးဖိုးစိန်၊ ဦးစိန်ကတုံး၊ မင်္ဂလာ ဦးအောင်မောင်းမှ အစပြု၍ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ရွှေကျီးညို၊ စိန်ဝိဇ္ဇာ၊ မြဝိဇ္ဇာ၊ စိန်ရတီ၊ မြရတီ စသော ဇာတ်သဘင်တွေ ပေါများလှသည်။ ရွာအပြန်လမ်းဖြစ်၍ နွားတွေက အသားကျပြေးနေကြသည်။ နွားတွေက မြူးကြွနေကြသည်။ ချူသံတလွင်လွင် လှည်းဘီးသံတကျောင်းကျောင်းနှင့် သစ်ပင်တောတန်း၊ ရိုးပြတ်လယ်ကွင်းများကို နောက်ချန်ထားခဲ့ကြသည်။ လှည်းလမ်းကြောင်းနောက်မှာတော့ ဖုန်လုံးကြီးများ ထောင်းထောင်းထ ကျန်ရစ်ခဲ့သည်။

စားကျက်တွင်း ကျော်လာခဲ့ပြီးရှေ့မှာ သချိုင်းကုန်းတော။ ဒီသချိုင်းကုန်းတော ကျော်လျှင် သရဲတောရွာ ထိပ်မှ ကြီးမားသော ကုက္ကိုပင်ကြီးကို မြင်တွေ့ရသည်။ ကုက္ကိုပင်ကြီးအောက်ခြေ ပင်စည်မှာလည်း ယောကျာ်းကြီးခုနစ်ယောက်ခန့် လက်ချင်းသွယ်ဆက်ဝိုင်းပတ်မိလောက်အောင် ကြီးမားလှသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော နှစ်သက်ရင့်ရှည်အဓိကရ ကုက္ကိုပင်ကြီး ဖြစ်သည်။

ကုက္ကိုပင်ကြီးတွင် သူတို့ရွာသားမှန်တိုင်း အသတ်ခံရပြီးနောက် သရဲကြီးဖြစ်နေသည်ဟု ပြောကြသည်။

ညဘက်ဆိုလျှင် မည်သူမျှ ဖြတ်သန်းသွားလာခြင်း မပြုဝံ့ကြပေ။ ပင်ခြေအောက်တွင် ကုက္ကိုမြစ်ကြီးများက မြေပေါ်သို့ ထိုးထွက်နေကြသည်။ အရိပ်အာဝါသ ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com

ကုက္ကိုမြစ်ကြီးများပေါ်တွင် ရွာထဲမှ နွားကျောင်းသားလေးများ ဆော့ကစားနေကြသည်။ ကုက္ကိုပင်ကြီးအနီးတစ်ဝိုက်ကား ကုန်းတန်းများ၊ ချုံနွယ်များနှင့် စားကျက်မြေဖြစ်သည်။ ထို့ကြောင့်လည်း ရွာထဲမှနွားများကို လှန်ထားခြင်း၊ နွားကျောင်းခြင်း ပြုကြသည်။

သရဲတောရွာဦးရွာထိပ်ရှိ ကြီးမားသော ကုက္ကိုပင်ကြီးဖြစ်သည်။

သရဲကြီးရှိသလို နတ်ကြီးသည်ဟုလည်း ပြောကြသည်။ မရှိမသေ၊ မလေးမစား မည်သူမျှ မလုပ်ဝံ့ကြ။ ရွာသူရွာသားများက အစောင့်အရှောက်များရှိသည်ဟု ရှေးရိုးစဉ်လာ ယုံကြည်ထားကြသည်။ ကုက္ကိုကိုင်းများကိုလည်း မည်သူမျှ မခုတ်ဝံ့ကြ။ မခုတ်ဘဲထားသောကြောင့် ကုက္ကိုပင်ကြီးသည် အကိုင်းအခက်များ ဝေဆာအုပ်မိုးပြီး ကြီးကားချင်တိုင်း ကြီးကားလျက်ရှိသည်။

ကုက္ကိုပင်ကြီးအောက်တွင် ကိုးမြို့ရှင် နတ်ကွန်းရှိသည်။

သရဲတောရွာဝန်းကျင်ရှိ ရွာများကို အပိုင်စားရထားသည့် သုံးနှစ်တစ်ကြိမ် အကြီးအကျယ် နတ်ပွဲပေးရသော ရွာတော်ရှင်၊ နယ်တော်ရှင် နတ်ကွန်းဖြစ်သည်။ ဒီနှစ် နတ်ပွဲပေးရမည့် အချိန်အခါအလှည့် ရောက်လာသည်။ အရိပ်အာဝါသကောင်းသော ကုက္ကိုပင်ကြီးအောက် နတ်ကွန်းစင်ရှေ့တွင် ရာဇမတ်ကာ၊ ငှက်ပျောပင်စိုက်၊ သဲဖြူခင်း၊ အနီရောင် နဖူးစည်း ပတ်ပတ်လည် ကာရံထားပြီး စင်ပေါ်တွင် ရွှေချထားသော နတ်ရုပ်ကြီးများနှင့် နတ်ကနားပေးမည့် မဏ္ဍပ်ကြီးကား ဟည်းနေအောင် ပြင်ဆင်ထားသည်။

ဆိုင်းသံများကို ကြားနေရသည်။

မြို့ပေါ်မှ နတ်ကနားစီး မျိုးသူဇာတို့ နတ်သဘင်အဖွဲ့ဖြစ်သည်။ အဖွဲ့အင်အား တောင့်တင်းသလို ပစ္စည်းပစ္စယစုံသည်။ မှန်ကန်စွာ ဟောချက်ချနိုင်သလို အကလည်းကောင်းသည်။ အဖွဲ့ခေါင်းဆောင် မျိုးသူဇာမှာ မိန်းမစိတ်ပေါက်နေသော ယောက်ျားတစ်ယောက် ဖြစ်သည်။ လုံးရာမှ ပြားချင်သူ၊ ဖြူဖြူနွဲ့နွဲ့နှင့် တင်တွေ၊ ရင်တွေနှင့် တကယ်ပီပီမိန်းကလေးလို ချောမောလှသည်။

အငြိမ့်မင်းသမီးလို ဝတ်ဆင်ပြီး မိတ်ကပ်လိမ်းကာ ကပြရာတွင်လည်း ရွာမှ ကာလသားလူငယ်များ ဝိုင်းဝိုင်းလည်အောင် သြဘာပေးခြင်း ခံရသည်။ ညဦးပိုင်းတွင် အဆိုအကများ တပင်တိုင်အကများ၊ အငြိမ့်ခန်းများနှင့် ဇာတ်အဖွဲ့တစ်ခုလို ရွာသူရွာသားများအား ညှို့ခံလျက် ဖျော်ဖြေလေ့ရှိသည်။ ကိုးမြို့ရှင်နတ်ပွဲကတော့ စနေပြီ။ ရွာအပြန် လှည်းမောင်းလာကြသူများထံသို့ သီချင်းသံ၊ ဆိုင်းသံ၊ ဗုံသံများ လော်စပီကာထဲမှ ပျံ့လွင့်လာသည်။

"လောင်းစရာ ငွေမရှားပါဘူး ကြက်ကျားကိုတဲ့ တိုက်မယ်ပြင် ... မြင်းစိုင်းကျော်ရှင် ချစ်လို့ရယ်တဲ့ရှင် .. ယဉ်ရှာရေ့သလား ... ကိုကြီးကျော်ရေ ... (ဗျို ... ဗျို ... ဗျို့ ..) မောင်ကြီးကျော်ရေ ... (ဗျို ... ဗျို ... ဗျို့ ..) သည်ဖမ္မူမှာ ပြိုင်ဘက်ရှား ... မိုးကျနတ်သား ..."

"နတ်ကနားပွဲက ကိုကြီးကျော်တော့ ဝင်နေပြီ။ ညကျရင်တော့ ပျော်စရာကြီးပဲ သိန်းလွင်"

ရှေ့ဆုံးမှ လှည်းမောင်းလာသော မောင်မိုးက နှင်တံကိုမြှောက်ရင်း နောက်မှ လှည်းသမားကို အော်ပြောလိုက်သည်။ သူ့နောက်တွင် လှည်း ၁၀ စီးခန့် တစ်တန်းတည်း မောင်းလာကြသည်။ မောင်မိုးနှင့်အတူ သရဲတောရွာသားများ မြို့ပေါ်ရှိ ဇဝန ဆန်စက်ကြီးများတွင် စပါးရောင်းချပြီး ရွာသို့ပြန်လာကြခြင်းဖြစ်သည်။

ဒီလိုရက်မျိုးက သူတို့လက်ထဲတွင် ငွေစကြေးစ ရွှင်နေကြသည်။ လယ်ပြီး အားလပ်ချိန် ပိုလျှံစပါးရောင်းချပြီး၊ ဝမ်းစာစပါး သိုလှောင်ထားချိန် မိုးမကျသေး။ မိုးကျမှ လယ်ယာလုပ်ငန်းများကို ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ကြရမည် ဖြစ်သည်။

"ခါတိုင်းနှစ်တွေလိုပဲ နတ်ကွန်းတက်နေကျ မျိုးသူဇာတို့အဖွဲ့ပဲ"

နောက်လှည်းသမားတစ်ဦးဖြစ်သော သိန်းလွင်က ပြောလိုက်သည်။

"မျိုးသူဇာတို့ကတော့ ကိုကြီးကျော် ဝင်ပူးပြီး ကြက်ကြော်နဲ့ အရက်ပုလင်းနဲ့ ဟုတ်နေပြီ"

"အေးကွာ ။ ငါတို့လည်း ညကျမှ တဝသောက်ကြမယ်"

မောင်မိုး နှာခေါင်းဝတွင် နတ်ကနားပွဲမှ ပျံ့လွင့်လာသော ချက်အရက်နံ့ သင်းသင်းလေး ရလိုက်သလို၊ တံတွေးတစ်ချက် မျိုချလိုက်သည်။ သူက အရက်ကြိုက်သူဖြစ်သည်။ နောက်လှည်းသမား သိန်းလွင်က မောင်မိုးညီမ မြသဲကြည်ကို ယူထားသောကြောင့် သမီးယောက်ဖ တော်စပ်ကြသည်။

သမီးယောက်ဖ နှစ်ယောက်စလုံးက အပျော်အပါး၊ အသောက်

www.burmeseclassic.com

www.burmeseclassic.com

အစား အတွဲညီသည်။

"မျိုးသူဇာက အခြောက်ကြီးပါ သိန်းလွင်ရာ။ ငါတော့ ညက မြို့မှာ ကြည့်ခဲ့တဲ့ ပန်တျာကြည်ဖြူဇာတ်က ခေါင်းဆောင်မင်းသမီး ဒေါင်းမလေး ကိုသာ သဘောကျတာ။ ခုထက်ထိ ဒေါင်းမလေး ကသွားတာကို ငါ့မျက်စိထဲက ဖျောက်လို့မရဘူး"

"ကိုကြီးမိုးက ပြောနိုင်တာပေါ့။ ဒေါင်းမလေးကို စွဲနေတာကိုး။ ကျွန်တော်ကတော့ အိမ်က မြသဲကြည်ကိုပဲ စိုးရိမ်နေမိတယ်"

"အေး . . . ဟုတ်သားပဲ။ မင်းပြောမှ သတိရတယ်။ ဟိုးတစ်လောက ရွာထိပ်က ကုက္ကိုပင်ကြီးမှာနေတဲ့ သရဲကြီးခြောက်လိုက်တယ်ဆို"

"ဟုတ်တယ် ကိုကြီးမိုး။ သရဲကြီးဖြစ်နေတဲ့ မုန်တိုင်းခြောက်လိုက်တာ မြော့မြော့ပဲရှိတော့တယ်။ မုန်တိုင်းက လူ့ဘဝကတည်းက မြသဲကြည်ကို စွဲလမ်းနေတာ။ သရဲကြီးဖြစ်တာတောင် အစွဲအလမ်းက မကျွတ်ဘူး။ ဒီကောင့်ကို ဟိုတုန်းတည်းက ကျွန်တော် ကြည့်မရတာ။ ခုလည်း သရဲဘဝရောက်တာတောင် လိုက်ပြီး နှောင့်ယှက်နေသေးတယ်။ ကိုယ်ယောင်ပြပြီး ကျွန်တော်နဲ့တွေ့လို့ကတော့ အပိုင်းပိုင်းတစ် ဓားနဲ့ခုတ်ပြီး အရက်နဲ့ မြည်းလိုက်ချင်သေးတယ်"

ဟုတ်တော့လည်း ဟုတ်သည်။ မုန်တိုင်းဆိုတာ သူတို့လိုပဲ သရဲတောရွာသား ပတ်မတီး အကျော်အမော် တစ်ယောက်ဖြစ်သည်။ မြို့ပေါ်တွင် ဆိုင်းပိုင်းထောင်ထားသော သူဌေးအိမ်တွင် နေသည်။ အလှူမင်္ဂလာဆောင်များတွင် လိုက်တီးသည်။

မြသဲကြည်ကို ငယ်ငယ်ကတည်းက စွဲစွဲလမ်းလမ်း ချစ်နေခဲ့သူဖြစ်သည်။ သိန်းလွင်နှင့် နှစ်ယောက်သား အပြိုင်အဆိုင် ပိုးပန်းကြရင်း သရဲတောရွာမှ ပျောက်သွားသည်။ မိဘများက မုန်တိုင်းလို ဆင်းရဲသော မုဆိုးမသားနှင့် သဘောမတူ။ သိန်းလွင်နှင့် အိမ်ထောင်ရက်သားချပေးလိုက်သည်ကို မုန်တိုင်းမသိ။ ပွဲခွင်များနားပြီးနောက် သရဲတောသို့ မုန်တိုင်းပြန်လေသည်။

သူ့မှာ ရွှေငွေများပါကြောင်း ဓားပြများက သိထားကြသည်။ ရွာပြန်လာသည့်ညက ညဉ့်နက်သည်။ ရွာအဝင် ကုက္ကိုပင်ကြီးအောက်မှာပင် ဓားပြများက ရွှေငွေများကို လုယူပြီး အသတ်ခံလိုက်ရသည်။ ကုက္ကိုပင်ကြီးအောက်မှာပင် ဓားပြသတ်၍ သေခဲ့ရပြီး အစွဲအလမ်းကြီးစွာနှင့် မကျွတ်မလွတ်သော သရဲကြီးဘဝသို့ ရောက်နေခြင်းဖြစ်သည်ဟု ရွာသားတွေက ထင်မိထင်ရာ တွေးတောပြောဆိုကြခြင်း ဖြစ်သည်။

သိန်းလွင်က သတ္တိကောင်းသူ တစ်ယောက် ဖြစ်သည်။ တစ္ဆေသရဲကြောက်တတ်သူမဟုတ်။ ဇနီးဖြစ်သူအား မုန်တိုင်းသေပြီး သရဲကြီးခြောက်လှန့်ခဲ့သောကြောင့် နေမကောင်းဖြစ်ခဲ့စဉ်က သရဲတောရွာမှာ သူမရှိပေ။ အရောင်းအဝယ်ကိစ္စတစ်ခုနှင့် ခရီးထွက်နေခိုက်ဖြစ်သည်။ ထိုအကြောင်းကို ရွာပြန်ရောက်မှ သိရခြင်းဖြစ်သည်။

ရွာထိပ်ရှိ ကြီးမားသော ကုက္ကိုပင်ကြီးကိုကြည့်ရင်း သရဲကြီးနှင့် သူ့ဇနီးမြသဲကြည်တို့အကြောင်းကို ပြန်တွေးရင်း သတိရလိုက်မိသည်။

## (၄)

ထိုနေ့က သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်။

နေ့ကြီးအခါကြီးရက် ဖြစ်သောကြောင့် ရွာရှိ သက်ကြီးရွယ်အိုများနှင့် လူငယ်လူရွယ်များကပါ ရွာဦးကျောင်းသို့ သွားရောက်ပြီး ဥပုသ်သီတင်း ဆောက်တည်ကြ၊ သီလယူကြသည်။ ရွာတွင်ထုံးစံရှိသည့်အတိုင်း ဥပုသ်ရက်များတွင် ဘုန်းတော်ကြီးကျောင်း၌ သီလဆောက်တည်ကြသူများအား မုန့်ပဲသရေစာများကို အလှည့်ကျ ကျွေးမွေးကြရင်း ကုသိုလ်ယူကြသည်။

ယခု သီတင်းပတ်တွင် မြသဲကြည်တို့အိမ်မှ အလှည့်ကျသည်။ ယောက်ျားဖြစ်သူ သိန်းလွင်ကတော့ သရဲတောရွာမှာ မရှိ။ အရောင်းအဝယ်ကိစ္စတစ်ခုနှင့် ခရီးထွက်သွားသည်။ သိန်းလွင်နှင့် မြသဲကြည်တို့ အိမ်ထောင်ကျသည်မှာ မကြာသေး။

ယောက်ျားဖြစ်သူ သိန်းလွင် ခရီးထွက်သွားသော်လည်း မြသဲကြည်တို့က သရဲတောရွာတွင် ဆွေမျိုးတောင့်သည်။ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြမည့်သူများက အဆင်သင့်ရှိသည်။ မြသဲကြည်က ရွာတွင် အချောအလှမိန်းကလေးဖြစ်သည်။ အိမ်ထောင်ရက်သား ကျသွားသည့်တိုင် လှသွေးကြွယ်တုန်း၊ ချောမောတုန်းပင် ဖြစ်သည်။ တောသူဆိုသော်လည်း အချိုးအစား လှပသော ကိုယ်နေဟန်ထားများ၊ မျက်နှာဝိုင်းဝိုင်းလေးနှင့် ဖြူနုသော အသားအရေ၊ မယဉ်မရိုင်းနှင့် တောရိုင်းပန်းလေးတစ်ပွင့် ဖြစ်သည်။

အစ်ကိုဖြစ်သူ မောင်မိုးက သရဲ



www.burmeseclassic.com

www.burmeseclassic.com

တောရွာမှာ လူဆိုး။ စိတ်ရင်းကောင်းသည်။ အပျော်အပါး ခုံမင်သည်။ အရက်သောက်သည်။ အရက်နည်းနည်းမူးလာလျှင် ပြဿနာရှာတတ်သူဖြစ်သည်။ မြသဲကြည်ကို ပိုင်ဝန်းပိုးပန်းကြသော်လည်း မောင်မိုးအရှိန်ကြောင့် လန့်ကြရသည်။ တစ်ရွာတည်းသား သိန်းလွင်က လူလည်။ မောင်မိုးနှင့် အဆင်ပြေအောင် ပေါင်းသင်းရင်း မြသဲကြည့် မေတ္တာပန်းကို ဆွတ်လှမ်းအရယူနိုင်ခဲ့သည်။

မြသဲကြည်အား ငယ်စဉ်ကတည်းက စွဲစွဲလမ်းလမ်းကြိုက်ခဲ့သော တစ်ရွာတည်းသား မုန်တိုင်းကတော့ ရွာထိပ်ရှိ ကုက္ကိုပင်ကြီးအောက်တွင် ဓားပြများသတ်၍ အသေဆိုးနှင့် သေခဲ့ရသည်။ ရွာအပေါ် စွဲလမ်းစိတ်၊ မြသဲကြည်အပေါ် စွဲလမ်းစိတ်နှင့် မကျွတ်မလွတ်သောဘဝသို့ ရောက်ရှိနေရသည်။

မြသဲကြည်တို့ မိဘများက သရဲတောရွာတွင် လယ်နှစ်ဆယ်ကေကျော် ပိုင်ဆိုင်ပြီး၊ ချမ်းသာကြွယ်ဝ ငွေကြေးဓနဥစ္စာ ပြည့်စုံသူများ ဖြစ်သည်။ အသက်အရွယ် ကြီးရင့်သောသူများက ဘုန်းတော်ကြီးကျောင်းဝင်းထဲရှိ ဘုရား၊ တန်ဆောင်း၊ ဇရပ်များတွင် တရားထိုင်၊ ပုတီးစိပ်ရင်း နားနားနေနေ တစ်နေကုန်နေကြသည်။ ညနေစောင်းမှ သရဲတောရွာထဲသို့ ပြန်လာကြသည်မှာ ရွာဓလေ့ဖြစ်ပေသည်။

သရဲတောရွာနှင့် ဘုန်းတော်ကြီးကျောင်းမှာ အတန်ငယ်ဝေးသည်။ ရွာအပြင်ဘက်တွင် ရှိသည်ဟု ပြောရမည်ဖြစ်သည်။ စားကျက်ကွင်း သချိုင်းကုန်းတော၊ လယ်ကွင်းများက ကြားက ခံထားသည်။ ရွာထိပ်တွင် ကြီးမားသော အဓိကရ ကုက္ကိုပင်ကြီးရှိသည်။ အဆိုပါ ကုက္ကိုပင်ကြီးတွင် မုန်တိုင်းသည် သရဲကြီးတစ်ကောင်ဖြစ်လျက် နေထိုင်လျက်ရှိကြောင်း ပြောဆိုတတ်ကြသည်။

လပြည့်လကွယ် ရက်များတွင် နီရဲသော မီးလုံးကြီးများသည် ကုက္ကိုပင်ထိပ်ဖျားမှ အပင်ရင်းထိ ဆင်းချည်တက်ချည် ကစားနေတတ်ကြောင်းကို ရွာသားများ မြင်တွေ့ဖူးကြောင်း ပြောဆိုလေ့ရှိသည်။ အသေအချာမေးကြည့်တော့လည်း တိတိကျကျ ပြောပြနိုင်ခြင်း မရှိပေ။

တစ်ခါတစ်ရံတွင် ကုက္ကိုပင်ကြီး၏ အမြစ်ဆုံကြီးများပေါ်တွင် သရဲဖြစ်နေသော မုန်တိုင်းသည် အကျအနထိုင်လျက် ဆိုင်းတီးနေတတ်ကြောင်း၊ ဆိုင်းသံဗုံသံများကိုပင် ကြားရတတ်ကြောင်း ပြောဆိုကြသည်။ ထင်ယောင်ထင်မှားနှင့် ပြောဆိုတတ်ကြသည်။ ဒီလိုပဲ စကားချဲ့ကားပြီး မကြောက်ကြောက်အောင် ခြောက်လှန့်ပြီး ပုံကြီးချဲ့ ပြောဆိုခြင်းသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်လည်း မှောင်လာပြီး ညဘက်ရောက်လာပြီဆိုပါက ကုက္ကိုပင်ကြီးအောက် မည်သူမျှ ဖြတ်သန်းသွားလာခြင်း မပြုဝံ့ကြတော့ပေ။

ဥပုသ်သီတင်း ဆောက်တည်ပြီးနောက် ရွာသားတချို့ ပြန်လာကြပြီဖြစ်သည်။ အသက်အရွယ်ကြီးသူများသာ ဘုရားတန်ဆောင်းများတွင် ကျန်ရှိခဲ့ကြသည်။ မြသဲကြည်နှင့် အဖော်မိန်းကလေးများသည် အိုးခွက်ပန်းကန်ခွက်ယောက်များ သိမ်းဆည်းပြီးနောက် ဘုန်းတော်ကြီးကျောင်းမှ ပြန်လာခဲ့ကြသည်။ သဲကုန်းတော သချိုင်းကုန်းတော စားကျက်ကွင်းကိုကျော်ပြီး ရွာအဝင်ကုက္ကိုပင်ကြီးအနီးသို့ ရောက်လာကြသည်။

ထိုအချိန်မှာပင် လေမတိုက်ဘဲနှင့် ကုက္ကိုပင်ကြီးပေါ်မှ သစ်ကိုင်းသစ်ခက်များ၊ သစ်ရွက်များ တသဲသဲလှုပ်လာသည်ကို မြသဲကြည် သတိထားကြည့်မိသည်။ ကျောထဲတွင် စိမ့်ခနဲဖြစ်သွားပြီး ခြေဖျားလက်ဖျားများ အေးစက်လာသည်။ ခေါင်းကြီးကလည်း အကြီးကြီးဖြစ်လာပြီး ဆံပင်မွှေးများ ထောင်ထလာသည်ဟု စိတ်ထဲတွင် ထင်မိလိုက်သည်။

အနီးပတ်ဝန်းကျင်သို့ စိုးရိမ်ထိတ်လန့်စွာနှင့် မြသဲကြည် ကြည့်လိုက်သော်လည်း ဘာတစ်ခုမျှ ထူးထူးခြားခြား မမြင်တွေ့ရပေ။ ကုက္ကိုပင်ကြီးအောက်သို့ ဝင်လိုက်သည်နှင့် ဆိုင်းသံဗုံသံများ ကြားလိုက်ရသည်ဟု ထင်မိလိုက်သည်။ ရွာထဲမှ ပြေးထွက်လာသော ခွေးတစ်အုပ်မှလည်း စူးဝါးကျယ်လောင်စွာ သံရှည်ဆွဲအူလိုက်သော ခွေးအူသံများကို ကြားလိုက်ရပြန်သည်။

မြသဲကြည် လန့်သွားသည်။ သူမ ကျောပြင်ပေါ်တွင် ရေနှင့်လှမ်းပက်လိုက်သည့်အလား အေးခနဲဖြစ်သွားသောကြောင့် နောက်ဘက်သို့ မလုံမလဲ လှည့်ကြည့်မိလိုက်ပြန်သည်။ ထူးထူးခြားခြား ဘာတစ်ခုမှ မမြင်တွေ့ရ။ လန့်တာတော့ အတော့်ကို လန့်လာမိသည်။ သူမအပေါ် စွဲလမ်းစွာ သံယောဇဉ်ကြီးသည့် မုန်တိုင်းသည် လှည့်စားခြောက်လှန့်နေပြီလား မသိ။

သူ့ဘေးတွင် ယှဉ်လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com

ကြသော အဖော်များဖြစ်သည့် မထွေးလေး၊ အေးမေ၊ မစိန်ကြည်တို့အား လှမ်းပြောလိုက်သည်။

"မအေးမေ ‥ ကျွန်မကျောကို ရေနွေးပက်လိုက်သလို အေးခနဲဖြစ်သွားတယ်။ ကုက္ကိုပင်ကြီးပေါ်က သရဲကြီး ဆင်းလာတာလား မသိဘူး။ ခွေးတွေကလည်း တအားအူတာပဲ"

"အမလေး ‥‥ သရဲဆိုရင်တော့ ကျွန်မကြောက်တယ်"

အသက်အငယ်ဆုံးဖြစ်သော မထွေးလေးက ဇက်ကလေးပုပြီး မအေးမေအနီးသို့ တုန်တုန်ယင်ယင် အမြန်တိုးကပ်လိုက်သည်။ မအေးမေ လက်ကိုလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖမ်းဆုပ်ထားရာမှ မလွှတ်တော့ပေ။ စိတ်ထဲကကြောက်သော်လည်း ကုက္ကိုပင်ကြီးပေါ်သို့ မရဲတရဲနှင့် မော့ပြီး ကြည့်မိလိုက်သေးသည်။

မထွေးလေး မော့ကြည့်ကာမှ ကုက္ကိုကိုင်းများမှာ သိသိသာသာ ယိမ်းခါလျက်ရှိသည်။

"မြသဲကြည် စိတ်ထင်လို့ပါအေ။ နေ့ခင်းကြောင်တောင်ကြီး ညည်းအချစ်တော် မုန်တိုင်းသရဲက မခြောက်ပါဘူး။ ခြောက်လည်း ဘာမှကြောက်စရာမရှိဘူး။ အခုပဲ ဆရာတော်ကြီးဆီမှာ သီလယူပြီး ပြန်လာကြတာပဲ။ ဘယ်လိုလုပ်ပြီး မုန်တိုင်းသရဲက ခြောက်ဝံ့မှာလဲ"

မအေးမေက ဂရုမစိုက်သလို မကြောက်မရွံ့ ပြန်ပြောလိုက်သည်။

"ခြောက်သာ မခြောက်တယ်။ ဟော ‥‥ ဘယ်လိုအနံ့ကြီးပါလိမ့်။ ထွီ ‥‥ ဝေါ့ ‥‥ အပုပ်နံ့ကြီးကလည်း ထောင်းခနဲပဲ"

"အေးဟယ် ‥ တော်တော်ဆိုးဝါးတဲ့ အနံ့ကြီးပဲ"

"မအေးမေ ‥‥ ကျွန်မကျောဘက်ကို သေချာကြည့်လိုက်စမ်းပါ"

မြသဲကြည်က ပြောလိုက်သဖြင့် ခေတ္တရပ်လိုက်ကြပြီး သူမအင်္ကျီကျောဘက်ကို စမ်းကြည့်လိုက်သည်။

"အလိုလေး ‥‥ ဟုတ်ပါရဲ့။ မြသဲကြည် ‥ ညည်းအင်္ကျီနောက်ကျောမှာ ရေတွေစိုနေပါလား"

"ဒါကြောင့်မို့ ကျွန်မပြောတာ။ ကျွန်မကျောကို ရေနွေးပက်လိုက်သလို အေးခနဲဖြစ်သွားပါတယ်လို့ ပြောနေတာ"

"မဟုတ်သေးပါဘူးအေ။ ချွေးတွေ စိုနေတာ ဖြစ်မှာပေါ့"

မစိန်ကြည်က တွေးတွေးဆဆ ဝင်ပြောလိုက်သည်။

"တော်ကြပါတော့ဟယ်။ ကျွန်မ ကြောက်လာပြီ"

မထွေးလေးက အသံတုန်တုန်ယင်ယင်နှင့် ဖြစ်လာသလို ခြေလှမ်းကို မပြေးရုံတစ်မည် သွက်သွက်လှမ်းလိုက်သည်။ မြသဲကြည်တို့မိန်းကလေးတစ်သိုက်လည်း ကုက္ကိုပင်ကြီးအောက်မှ အမြန်ဆုံး ပြေးထွက်လိုက်ကြပြီး ရွာထဲသို့ အမောတကော ပြန်လည်ရောက်ရှိလာကြသည်။

ထိုနေ့မှစ၍ နောက်ရက်များတွင် မြသဲကြည် ဖျားတော့သည်။ မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင် တတွေတွေ ဖြစ်လာသည်။ စကားလည်း မပြောတော့ပေ။ ယောကျ်ားဖြစ်သူ သိန်းလွင်ကလည်း ခရီးထွက်သွားရာမှ ပြန်ရောက်မလာသေး။ မိဘဖြစ်သူများမှာ ပစ္စည်းဥစ္စာ ပြည့်စုံ၊ သမီးလေးတစ်ယောက်တည်း ရွှေပေါ်မြတင် စိတ်ချမ်းသာအောင် ထားခဲ့ရာမှ ယခုလို ဖြစ်လာ၍ စိုးရိမ်ပူပန်သွားကြသည်။ နောင်ရေးစိတ်အေးအောင် အိမ်ထောင်ရက်သားချပေးပြီးကာမှ ကောက်ကာငင်ကာ အဖျားဝင် နေမကောင်းဖြစ်လာသည့်အတွက် အမျိုးမျိုး တွေးတောပူပန်သောကရောက်နေကြသည်။

အိမ်ထောင်ပြု မင်္ဂလာဆောင်ပြီးခဲ့သည်မှာ မကြာသေး။

ယခုလို တမှိုင်မှိုင် တတွေတွေဖြစ်လာရသည်ကို စဉ်းစားရခက်စွာ မကြည့်ရက်နိုင်တော့ပေ။ ဆွေမျိုးသားချင်းများကလည်း ကောင်းနိုးရာရာ အကြံပေးကြသဖြင့် ဓာတ်၊ ဗိန္ဒော၊ ပယောဂကုဆရာအမျိုးမျိုးကိုခေါ်၍ ပြသကုသကြပါသော်လည်း မြသဲကြည်ဝေဒနာမှာ ထူးခြားသိသာစွာ ကောင်းမွန်လာခြင်းမရှိပေ။

ဆရာတွေသာ တစ်ယောက်ပြီး တစ်ယောက် ပြောင်းသွားကြသည်။

ဆရာတစ်ယောက် ရောက်လာလျှင် ဂုဏ်ပျောသုံးဖီး၊ အုန်းသီးတစ်လုံး၊ ဖယောင်းတိုင်တစ်ထုပ်၊ ပိတ်ဖြူငါးတောင်၊ ပဝါတစ်ပိုင်၊ ငွေအစိတ်ကုန်ပေါင်းလည်း မနည်းတော့ပေ။ နောက်ဆုံး မည်သည့်အရာနှင့်မျှ ကုသမရသောကြောင့် မိဘများမှာ စိတ်ပျက်လက်ပျက် လက်မှိုင်ချနေရတော့သည်။

ခရီးထွက်သွားသော သိန်းလွင် ပြန်ရောက်လာသည်။ ဇနီးဖြစ်သူ မြသဲကြည်အတွက် လွန်စွာမှ စိုးရိမ်ပူပန်သွားသည်။ ရွာဦးကျောင်းဆရာတော်ကြီးထံ အကျိုးအကြောင်းပြော၍ လျှောက်ထားလိုက်သည်။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

စုံ သိရှိသွားသော ဆရာတော်ကြီးမှာ မြသဲကြည်ကိုစွဲအတွက် စိုးရိမ်ပူပန် စရာမလိုကြောင်း၊ ကျောင်းသို့ခေါ်လာ ခဲ့စေလိုကြောင်း၊ အမှောင့်ပယောဂ ကင်းဝေးသွားစေရန် စီစဉ်ဆောင်ရွက် ပေးမည်ဟု မိန့်ကြားခဲ့သည်။

ရွာဦးကျောင်းဆရာတော်ကြီး မှာ သီလ၊ သမာဓိနှင့် ပြည့်စုံသော ဆရာတော်ကြီးဖြစ်သည်။ နောက်တစ် နေ့နံနက်တွင် မိဘများနှင့်အတူ သိန်း လွင်သည် မြသဲကြည်အား ရွာဦး ကျောင်းသို့ ခေါ်လာခဲ့ကြသည်။ ဘုရား ခန်းထဲမှာပင် ဘုရားဝတ်ပြုကြပြီး နောက် မြသဲကြည်အား ဆရာတော် ကြီးအနီးသို့ ခေါ်ယူလိုက်သည်။ မြသဲ ကြည်မှာ ယခင်က လာရောက်ကုသ ခဲ့ဖူးသော ဆရာများနှင့် တွေ့ကြုံစဉ် ကလို မဟုတ်တော့ဘဲ အမူအရာများ ပြောင်းလဲသွားသည်။

မြသဲကြည်သည် ဆရာတော် ကြီးကို ဖူးတွေ့လိုက်ရသည်နှင့် မျက် နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်ကြီး တငင် ငိုကြွေးလျက်ရှိသည်။ ဆရာ တော်ကြီးမှာ မြသဲကြည်၏ အပြုအမူ ကို သေချာစွာ စူးစိုက်ကြည့်လိုက်ပြီး သဘောပေါက်သွားကာ မသိမသာ ပြုံးလိုက်သည်။

"ဟဲ့ . . . ဒကာမလေး။ ဘာပြု လို့ ဒီလောက် ဝမ်းနည်းပက်လက် ငို ကြွေးနေရတာလဲ။ လာ . . . ဒီရှေ့ကို ရဲရဲတိုးခဲ့စမ်း"

မြသဲကြည်သည် တုန်တုန်ယင် ယင်နှင့် ရှေ့သို့တိုးလိုက်သည်။

"ကဲ . . . ဘုရားကိုဦးတိုက်"

ဆရာတော်ကြီး၏ အသံသြဇာ နှင့် ပြည့်စုံသော မိန့်ဆိုမှုကြောင့် မြသဲ ကြည်မှာ တုန်ယင်နေသော လက်အုပ် များနှင့် ဘုရားအား ဝတ်ပြုဦးချလိုက် သည်။ ဆရာတော်ကြီးသည် ဘုရား ကျောင်းဆောင်ပေါ်မှ ပိုးကြိုးလေးများ ကို ယူလိုက်ပြီး အထုံးလေးသုံးထုံး ထုံး ကာ ဦးခံ၍ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဒုတိယ၊ တတိယ စသည်ဖြင့် မန်းမှုတ် ပြီး အထုံးလေးများကို စနစ်တကျထုံး လျက် မန်းမှုတ်ခြင်းနှင့် ကွက်တိဖြစ် အောင် ထုံးဖွဲ့လိုက်သည်။

ထို့နောက် ပရိတ်ရေများနှင့် မြသဲကြည် ဦးခေါင်းအား တောက် လိုက်သည်။ မြသဲကြည်တစ်ကိုယ်လုံး မှာ ဘုန်းတော်ကြီး တောက်လိုက် သော ရေစက်များကို မခံနိုင်ပေ။ ပူ လွန်း၍ လူးလိမ့်ခံစားနေပုံရသည်။ ဘုန်းတော်ကြီးသည် မြသဲကြည်အား ပရိတ်ရေတိုက်ပြီး ဦးခေါင်းအား ပုတ် လိုက်ကာ နှုတ်မှ တိုးတိုးဖွဖွ မန်းမှုတ် ပြောဆိုလိုက်သည်။

ဘုန်းတော်ကြီး စီရင်မန်းမှုတ် ထားသော အထုံးလေးသုံးထုံးပါ ပိုး ကြိုးမှာ လိပ်ပြာချုပ်ဖြစ်သည်။ လိပ်ပြာ ချုပ်အား မြသဲကြည်လည်ပင်းတွင် ဆွဲခိုင်းလိုက်သည်။ စုန်း၊ နတ်၊ တစ္ဆေ မြေဖုတ်ဘီလူး စသည့် အမှောင့် ပယောဂများ မကပ်ငြိစေနိုင်သော၊ နှောင့်ယှက်ဖမ်းစားခြင်းမပြုနိုင်သော အစီအရင်ဖြစ်သည်။

အတန်ကြာသောအခါ မြသဲ ကြည်သည် သတိပြန်ရလာပြီး တစ် ကိုယ်လုံး တုန်ယင်နေရာမှလည်း ရပ် သွားသည်။ ဟိုကြည့် သည်ကြည့်နှင့် အိပ်မက်မက်နေသလို၊ အိပ်မက်မှ လန့်နိုးလာသလို ဝေဝေဝါးဝါး ဖြစ်နေ သည်။ မိဘများကလည်း တစ်လ တိတိ စကားမပြောဘဲ ငေးငိုင်မှိုင်တွေ နေသော သမီးလေး ပြန်လည်ကောင်း မွန်လာသောကြောင့် ဝမ်းသာအားရ ဖြစ်လျက် မျက်ရည်များ စီးကျလာသည်။

"သမီး . . မြသဲကြည်"

"အမေ"

မိခင်ဖြစ်သူအား ဝမ်းထဲ၌ လှိုက် လှိုက်လှဲလှဲ ထွက်ပေါ်လာသည့်အသံ နှင့် ခေါ်လိုက်သည်။ မြသဲကြည်မှာ လည်း ဆရာတော်ကြီး စီရင်ပေးသော လိပ်ပြာချုပ်ဆွဲပြီးနောက် ယခင်ကကဲ့ သို့ ပြုံးရွှင်ရယ်မောကာ အကောင်း ပကတိ ပြန်ဖြစ်သွားသည်။ သိန်းလွင် လည်း ဇနီးဖြစ်သူ ပြန်လည်ကောင်း မွန်လာသောကြောင့် ပျော်ရွှင်ဝမ်း မြောက်သွားသည်။

"ကဲ . . . ကဲ . . . ဘာမှစိုးရိမ် စရာ မရှိဘူး။ ရတနာသုံးပါးနဲ့ ဆရာ သမားတွေကို မမေ့ကြနဲ့။ သီလကို လုံအောင်ထိန်းကြ။ ကုသိုလ်ကောင်းမှု တွေ ပြုကြ။ ဒါမှ သံသရာက လွတ် မြောက်နိုင်မယ်"

ဆရာတော်ကြီးကျောင်းမှ ပြန် လာကြသည်။ ရွာထဲသို့ ဝင်ခါနီးတွင် ရွာထိပ်တွင်ရှိသော ကုက္ကိုပင်ကြီး အပေါ်မှ ဝုန်းခနဲကျလာသောအသံ ကြောင့် အထိတ်တလန့် ဖြစ်သွားကြ ပြန်သည်။ သေချာကြည့်လိုက်သော အခါ ကြီးမားသော ကုက္ကိုကိုင်းချောင်း ကြီးများ ကျိုးကျသွားခြင်းဖြစ်သည်ကို မြင်တွေ့လိုက်ကြရသည်။

(ဆက်လက်ဖော်ပြပါမည်။)

**နန်းကြေးညို**



www.burmeseclassic.com

www.burmeseclassic.com

**ProfessorDr. ဦးစံတင်အောင်(ရွှေဘို)၏တပည့်**

# ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)

## Ph.D (Palmistry) (Kol-India)

▶▶ လက္ခဏာပညာဟောပြောမှု

သင့်လက်ဖဝါးအစုံကို စက္ကန့်ပိုင်းမျှ ဆရာ့ထံမှာပြကြည့်ပါ သင့်ဘဝအတွက် ဆိုးကျိုးများကို ရှောင်ဖျက်၍ ကောင်းကျိုးများကိုဆောင်ရွက်ခွင့်ရရှိစေပါမည်။ လက္ခဏာလာကြည့်သူများအား ဆရာ ဟောပြောမှုနှင့် ဆွေးနွေးမှုအားလုံး (ချက်ချင်း) VCD ခွေသွင်း၍ ပေးပါမည်။ လက္ခဏာအကြောင်း သိကောင်းစရာ အနာဂတ် ပြတင်းပေါက် VCD ခွေလက်ဆောင်ပေးပါမည်။

▶▶ ပါရဂူမြောက် လက္ခဏာပညာ (ကျွမ်းကျင်မှု) အတတ်သင်တန်း

ကျွမ်းကျင်၍ ပြန်လည်ဟောပြောနိုင်သည်အထိ တာဝန်ယူသင်ကြားပေးမည်။

ကလေးအမည်၊ ဆိုင်အမည်၊ ကုမ္ပဏီအမည်၊ လုပ်ငန်းအမည်၊ ဗွဲစိတ်မီးဖွားရက်၊ နေ့ကောင်းရက်မြတ် မင်္ဂလာအခါ ရွေးချယ်ပေးသည်။

တိုက်အိမ်၊ ခြံမြေ၊ ယာဉ်၊ ကား ရောင်းထွက်ရန် ဆောင်ရွက်ပေးပါသည်။ ဆရာကိုယ်တိုင် သတ်မှတ်ပေးသော ရက်အတွင်း ရောင်းထွက်ပြီးမှ ဥာဏ်ပူဇော်ခ ပေးရပါမည်။

### လက္ခဏာ ဟောခန်းနှင့် ဟောပြောချိန်

ဟောခန်း (၁) - တိုက် (၂)၊ အခန်း (၁၀၅)၊ ပထမထပ်၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ (ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ''စိန်ဂေဟာ'' ကုန်တိုက်အနီး။

ဟောပြောချိန် - နံနက် (၈း၀၀)နာရီမှ နေ့လည် (၁း၀၀)နာရီအထိ

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

ဟောခန်း (၂) - အခန်း (၆)၊ အဆောင် (၁၁)၊ မြောက်ဘက်မုခ်၊ မဟာဝိဇယစေတီတော်၊ ရန်ကုန်။

ဟောပြောချိန် - နေ့လည် (၂း၀၀)နာရီမှ ည (၇း၀၀)နာရီအထိ (လပြည့်လကွယ်နေ့တိုင်းပိတ်သည်)

စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန် **09-450025482, 01-522250 Ext : 364**

---

ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)၏ ညီ

# ဆရာသိန်းဌေး(ပါရဂူမြောက်လက္ခဏာပညာရှင်)

## Expertise Palmist (Y.G .N)


▶▶ ဟောပြောမှု - သင့်လက်ဖဝါးအစုံကို ကြည့်၍ သင့်ဘဝအခက်အခဲအားလုံးဖြေရှင်းပေးမည်။

▶▶ ဟောပြောချိန် - ရုံးဖွင့်ရက်တိုင်း ညနေ (၄း၀၀) နာရီမှ (၇း၀၀) နာရီ
ရုံးပိတ်ရက်တိုင်း နံနက် (၇း၀၀) နာရီမှ ညနေ (၄း၀၀) နာရီ

▶▶ လိပ်စာ - တိုက်(၃၃)၊ အခန်း (င) စံပယ်(၅) ရိပ်သာ၊ နေပြည်တော်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ယခင်လမှအဆက်

## အိမ်မွေးချ၍ အရက်ဖြတ်ခြင်း

၂၀၁၃ ခုနှစ်သည် ကျွန်ုပ်အဖို့ ကုသကူညီရေး နှစ်တစ်နှစ်အဖြစ် သတ်မှတ်ရမည့်ကဲ့သို့ ရှိ၏။ ကျွန်ုပ်နေထိုင်ရာ တိုက် ၁၀၁/ဘီ၊ အခန်း(၃၀၆)၊ ၄-လွှာ၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်ရှိ နေလက္ကာဆွာသယ ဓာတ်နန်းသို့ လာရောက်ကုသရုံသာမက အိမ်သို့မလာနိုင်ဘဲ ကျွန်ုပ်အား လူနာရှိရာအိမ်ဂေဟာသို့ ပင့်ဆောင်ကုသသည့် ကိစ္စများ မကြာခဏ ရှိလာနေ၏။

မကြာသေးခင်ကာလက ကျွန်ုပ်၏အစ်မတစ်ယောက်ကဲ့သို့ ခင်မင်သော အစ်မကြီးတစ်ယောက်၏ သားသည် အရက်သေစာကို ခုံခုံမင်မင် သောက်သုံးသူဖြစ်လေ၏။ သူသည် အရက်မသောက်သည့် သာမန်အချိန်များတွင် လွန်စွာ နူးညံ့သိမ်မွေ့သူတစ်ယောက်ဖြစ်၏။ အရက်သေစာ ဝမ်းတွင်းသို့ ဝင်ရောက်သွားပြီး မူးယစ်ချိန်၌ကား လွန်စွာ သွေးဆိုးသူတစ်ယောက် ဖြစ်သွားခဲ့၏။ အခန့်မသင့်လျှင် စိတ်ဆိုးမာန်ဆိုးဖြင့် ဟိုထိုး၊ သည်ထိုးလုပ်တတ်၏။ သို့ဖြစ်၍ သူ၏ လက်သန်းကလေးတစ်ချောင်းသည် ကျိုးမလောက်ဖြစ်သွားခဲ့ဖူး၏။

ထိုသူငယ်သည် သာမန်မဟုတ်။ သင်္ဘောမှ ပထမတန်းအရာရှိတစ်ယောက် ဖြစ်ပြီး၊ ဝင်ငွေလည်းကောင်း၏။ အသက်မကြီးသေးသော်လည်း တာဝန်ကြီးကြီးထမ်းဆောင်နေရသည့် ပုဂ္ဂိုလ်ဖြစ်၏။ တန်ဖိုးရှိသူတစ်ယောက်ဖြစ်၍ မိခင်နှင့် ဖခင်တို့က သူ့ကို အရက်ဖြတ်စေချင်၏။ အရက်မသောက်ရန် ဖျောင်းဖျ၏။ သူမလိုက်နာခဲ့။ သောက်မြဲသောက်၏။ မူးလျှင် ရမ်းမြဲရမ်း၏။ ဖခင်ဖြစ်သူသည် ရမ်းချင်တိုင်းရမ်းနေသော သားကို ကရုဏာဒေါသောဖြင့် ထ၍ရိုက်မိ၏။ ထိုအခါ ကျန်သော နောက်လက်သန်းငလေးတစ်ချောင်းမှာ ကျိုးမလောက်ဝေဒနာ ခံစားခဲ့ရပြန်၏။ အရက်မူးသောအခါ ကာယကံရှင် သင်္ဘောအရာရှိသည် မကောင်းကျိုးပေးသော

www.burmeseclassic.com

www.burmeseclassic.com

အရက်ကို ဖြတ်ပစ်ရန် ဆုံးဖြတ်၏။ မည်သူ့ကိုမျှ မတိုင်ပင်ဘဲ အိမ်မှ တိတ်တဆိတ်ထွက်ခွာသွားကာ စိတ်ရောဂါကုဆေးရုံတွင် အရက်ဖြတ်ခဲ့၏။ တစ်ပတ်၊ ဆယ်ရက်ခန့်ကြာသွားသောအခါ သူ့ဘာသာတစ်ယောက်တည်း အိမ်သို့ပြန်လာခဲ့၏။

အရက်ဖြတ်ဆေးများ သောက်သုံးထားသူသည် အရက်ပြန်သောက်၍ မရ။ အရက်ပြန်သောက်လိုက်မိသည်နှင့် ခံရခက်ခဲလှစွာဖြင့် အော့အန်၏။ အူအလိပ်လိုက်၊ အခွေလိုက် ကြွတက်လာသလိုမျိုး မခံမရပ်နိုင်အောင် ခံစားရ၏။ အခန့်မသင့်လျှင် အသက်ပါ ပါသွားနိုင်၏။ သို့ဖြစ်၍ ထိုသူငယ်ကို အရက်ပြန်သောက်မှာ မိဘများ စိုးရိမ်ကြ၏။ သူတို့စိုးရိမ်သကဲ့သို့ ကျွန်ုပ်လည်းစိုးရိမ်မိ၏။

မမျှော်လင့်ဘဲ အကြောင်းတစ်ခုဖြင့် ထိုမိသားစုအိမ်သို့ ကျွန်ုပ်ရောက်သွားလေရာ ထိုအကြောင်းသိရသဖြင့် နောက်ထပ် အရက်လုံးဝမသောက်ဖြစ်အောင် ဆွေးနွေးရာမှ လူရွယ်၏မိခင်ဖြစ်သူက အမြဲစိုးရိမ်နေရကြောင်း ပြောပြ၏။

"အရက်ဖြတ်တယ်ဆိုတဲ့နေရာမှာ လူရဲ့ အပြင်စိတ်ကတင် ဖြတ်လို့မရဘူး။ အတွင်းစိတ်ကပါ လိုက်ပြီးဖြတ်မှရမယ်။ တကယ်တော့ လူမှာ စိတ်နှစ်စိတ်ရှိတယ်။ ဒါ…ကမ္ဘာ့စိတ်ပညာရှင်တွေ အသိအမှတ်ပြုထားကြတာပါ။ ကွန်ရှက်စ်လို့ခေါ်တဲ့ အပြင်စိတ်နဲ့ အန်ကွန်ရှက်စ်လို့ခေါ်တဲ့ အတွင်းစိတ် (ဘဝင်စိတ်လို့ခေါ်ရင်လည်း ရပါတယ်)ရယ်လို့ နှစ်မျိုးရှိတယ်။ အပြင်စိတ်ကတော့ နေ့စဉ် လွယ်လွယ်သိမှတ်ပြောဆိုနေတဲ့ စိတ်ပဲ။ အတွင်းစိတ်ကတော့ ပါရမီစိတ်လို့လည်း ဆိုနိုင်တယ်။ အဲဒီအတွင်းစိတ်က ပိုပြီးအင်အားရှိတယ်။ ပါဝါပိုပြီးကောင်းတယ်။ အတွင်းစိတ်က လက်ခံသွားရင် အရာရာ အတည်ဖြစ်တယ်။ အဲဒါကြောင့် သားရဲ့ အတွင်းစိတ်ထဲရောက်အောင် အရက်ဖြတ်တာ အကြံပြုပေးဖို့လိုတယ်"

ကျွန်ုပ်က သူ၏အဖေနှင့် အမေရှေ့တွင် ရှည်လျားစွာ ရှင်းပြမိခဲ့၏။ သူတို့မိသားစုသည်လည်း ကျွန်ုပ်၏စကားကို လွန်စွာ စိတ်ဝင်စားကြ၏။ အားလုံး ပညာတတ်များဖြစ်ကြ၍ ပြောလွယ်ဆိုလွယ်လည်း ရှိကြ၏။

"ဒီတော့ သားကို အိပ်မွေ့ချတဲ့နည်းနဲ့ အကြံပြုကုသပေးဖို့လိုမယ်။ ဆန္ဒရှိရင် ကျွန်တော်လာပြီး ကုသပေးပါ့မယ်။ အနည်းဆုံး တစ်ရက်ခြား ငါးကြိမ်လောက် အိပ်မွေ့ချအကြံပေးလိုက်ရင် အရက်သောက်ချင်စိတ် ပျောက်သွားမှာပါ"

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ မိခင်ဖြစ်သူ၏ မျက်နှာမှာ မှိုတစ်ပိုင်သာ ရာတွေ့သူပမာ ပီတိဖြာသွားလျက်

"ကောင်းတာပေါ့ ဆရာရယ်။ ဆရာလာကုပေးမယ်ဆိုရင် ကျွန်မ အရမ်းကျေးဇူးတင်ပါတယ်။ ဆရာလာကုပေးမယ့်အတွက် တက္ကစီဖိုးလည်း ကန်တော့ပါ့မယ်"

ဟူ၍ ဝမ်းသာအားရ ပြောရှာလေ၏။ ဤသို့ဖြင့် ကျွန်ုပ်လည်း သူတို့မိသားစုအိမ်သို့ တစ်ရက်ခြားတစ်ခါ သွားရ၏။ အိပ်မွေ့ချ မေတ္တာပို့သကုထုံးဖြင့် ကုရ၏။ တစ်ကြိမ်ထက်တစ်ကြိမ် ကာယကံရှင်၏ ဟန်ပန်အမူအယာသည် သွက်လက်လာ၏။ မျက်နှာအနေအထားလည်း ဝင်းပကြည်လင်လာ၏။ နောက်ဆုံးအကြိမ်တွင်မူ…

"အဘရေ…သားတော့ အရက်သောက်ဖို့ စိတ်ကူးလုံးဝဝင်မလာတော့ပါဘူး"

ဟူ၍ ပြောလေ၏။ ထိုအခါ ကာယကံရှင်မိဘများနည်းတူပင် ကျွန်ုပ်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏။ ဤမေတ္တာပို့သ အိပ်မွေ့ချ ကုထုံးအား စိတ်ရှည်လက်ရှည် မေတ္တာရှေ့ထား၍ သင်ကြားပေးခဲ့သော ဆရာကြီးမောင်ကျောက်တိုင်အားလည်း ကျေးဇူးတင်မိ၏။ ဤနည်းသည် အရက်ဖြတ်ကုသခြင်း၊ နလုံးလေးဘက်နာရောဂါဝေဒနာ ကုသခြင်း၊ အကြောညှပ်ဝေဒနာ၊ အကြောက်လွန်ရောဂါ၊ ညအိပ်မပျော်သောရောဂါတို့တင်သာမက စကားထစ်သောရောဂါကိုပင် ကုသနိုင်ကြောင်း လက်တွေ့ တွေ့ရှိခဲ့ရပါ၏။

## ခြေထောက်ပေါက်၍ ရောက်လာသော ဆေးတော်များ

အချို့သောသူများသည် ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ စီရင်စီမံထားသော ဆေးများ၊ ဆေးတော်များ၊ ဆေးတောင့်များကို အငမ်းမရ လိုချင်ကြ၏။ တတောင့်တတ အာသာငမ်းငမ်းဖြင့် ရှာဖွေကြ၏။ မဟိဒ္ဓိဆေးတော်များ၊ သိဒ္ဓိဝင်ဆေးတောင့်များကို လိုချင်တမ်းတစိတ်ဖြင့် အချို့သည် တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကိုပင် ရောက်ခဲ့ကြ၏။ အထူးထူးသော ပုဂ္ဂိုလ်များကို ချဉ်းကပ်ကြ၏။ အချို့လည်း လူမှန်၊ ဆေးမှန်ကို တွေ့ရှိနိုင်ကြသော်လည်း အချို့မှာ လူမှား ဆေးတလွဲ ဖြစ်ရသည်လည်း ရှိရပါ၏။

ကျွန်ုပ်သည်ကား ဤနေရာတွင် ပါရမီထူးသည်ဟုဆိုနိုင်ပါ၏။ ကျွန်ုပ်တို့ လမ်းမတော်မြို့နယ်၊ လမ်းသစ်စိုင်းသော



www.burmeseclassic.com

www.burmeseclassic.com

လမ်းသို့ ရောက်လာသည့်အချိန်တွင် မကြာခင်မှာပင် "နေလက္ခဏာသယ လိုတရမာတ်နန်း" ဟု အမည်ပေးထားသည်။ မာတ်နန်းကိုဖွင့်လှစ်ပြီး ခုနစ်ရက်သားသမီးများကို ကူညီကယ်တင်သည့် အလုပ်ကို လုပ်ဖြစ်ခဲ့၏။ ထိုအခါမှစ၍ ဝိဇ္ဇာ မဟိဒ္ဓိပိုင်းဆိုင်ရာ အကူအညီများသည် ဆက်တိုက်ဆိုသလို ရရှိလာခဲ့လေတော့၏။

အသက်ရှစ်ဆယ်ကျော် အဘိုးကြီးတစ်ယောက်သည် ကျွန်ုပ်၏ စာဖတ်ပရိသတ်တစ်ဦး ဖြစ်ပြီး ကျွန်ုပ်နေ့စဉ်ထိုင်နေကျ လမ်းသစ်ရိပ်သာရှိ "အမေ့အိမ်" တော့ပ်ရှီးခေါ် အမေ့အိမ် လက်ဖက်ရည်ဆိုင်လေးသို့ ရောက်လာခဲ့၏။ ကျွန်ုပ်သည် ထိုလက်ဖက်ရည်ဆိုင်ကလေးတွင် ငါးနှစ်ခန့်မျှ နေ့စဉ်ဆက်တိုက် မနက် ၈ နာရီခွဲတိုင်း ရောက်၏။ လမ်းသစ်ရိပ်သာ၊ လမ်းထဲသို့ နေ့စဉ်ပုံမှန်ကြွလာကြသော ရဟန်းသံဃာ၊ ကိုရင်များ၏ တန်းဆွမ်းကို နေ့စဉ်လောင်းလှူ၏။ ထိုအလုပ်သည် ကျွန်ုပ်အဖို့ နိစ္စပတ် ကုသိုလ်ဖြစ်၏။

ကျွန်ုပ် လက်ဖက်ရည်သောက်ရင်း တန်းဆွမ်းခံ သံဃာများ ကြွအလာကို စောင့်ဆိုင်းနေချိန်တွင် ထိုအဘိုးကြီးသည် ရောက်ရောက်လာတတ်ပြီး၊ သူ့အကြောင်း ရှေးဖြစ်နောက်ကြောင်းများကို ပြောပြခဲ့လေ၏။ မြေတိုင်းအရာရှိဖြစ်စဉ်က အတွေ့အကြုံများအပြင် ရောက်တတ်ရာရာ ဂမ္ဘီရ အကြောင်းအရာမျိုးစုံကို ပြောပြတတ်၏။ သူ့ထံမှ ဆေးနည်းတိုကောင်းများ၊ ဂါထာမန္တန်ကောင်းများလည်း ရခဲ့ဖူးပါ၏။

နေ့စဉ်နေ့တိုင်း ကျွန်ုပ်က သူ့ကို လက်ဖက်ရည်တိုက်၍ ကုသိုလ်ယူသည်ဖြစ်၍ သာဓုခေါ်ခြင်းနှင့်အတူ ကျွန်ုပ်အပေါ်၌ ခင်မင်စိတ်များ တဖွားဖွားပေါ်လာခဲ့ပြီးနောက်…

"ဆရာလင်းကို ကျွန်တော့်ဆီမှာရှိတဲ့ သာသနာငါးထောင် ဆေးတော်ကြီးကို လက်ဆောင်ပေးမယ်ဗျာ"

ဟု ဆိုင်းမဆင့် စည်မဆော်ဘဲ ပြောချလိုက်သောအခါ ကျွန်ုပ် အံ့အားသင့်သွားမိ၏။ ကျွန်ုပ်သည် ကိုယ့်အတွက် တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများကို ရရှိသည်ထက် အများအတွက် အသုံးတည့်မည့် ဂမ္ဘီရဆေးတော်များကို ရရှိမည်ဆိုပါက လွန်စွာဝမ်းသာတတ်၏။

"သာသနာငါးထောင် ဆေးတော်ကြီး ဟုတ်လား အဘ"

"ဟုတ်တယ် ဆရာလင်းရဲ့၊ ကျွန်တော့်ရဲ့အဘိုး စီရင်ခဲ့တဲ့ ဆေးတော်ပဲ။ ရောဂါမျိုးစုံပျောက်နိုင်တယ်။ အဘိုးက ဂမ္ဘီရဆရာကြီးတစ်ယောက်ပေါ့။ သူက ဒီသာသနာငါးထောင် ဆေးတော်ကို ဖော်ခဲ့တုန်းက အတော် ပင်ပန်းပြီး ခက်ခက်ခဲခဲ အချိန်ယူပြီးမှ စီရင်ခဲ့ရတာ။ လိုအပ်တဲ့ ရက္ခမူဆေးအမည်တွေကို ပရဆေးဆိုင်က လွယ်လွယ်နဲ့ ဝယ်တာမဟုတ်ဘူးဗျ"

"ဘယ်လိုများ ရှာဖွေခဲ့ရတာလဲ အဘရဲ့"

"တပည့်ကိုးယောက်-ဆယ်ယောက်လောက်နဲ့ တောကြီးထဲကိုဝင်ပြီး ရှာဖွေစုဆောင်းခဲ့ရတာဗျ။ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ စတဲ့ ခုနစ်နေ့ ခုနစ်နံသားတွေကို ရွေးပြီးခေါ်သွားတာ။ ပြီးတော့ ဆေးရှာတဲ့သူတွေအားလုံး ဆေးရှာဖွေစုဆောင်းတဲ့ ရက်တွေမှာ ကိုးပါးသီလ ကိုးရက်ယူပြီးမှ တောထဲဝင်ရတာ"

"မလွယ်ပါလား"

"ဟုတ်တယ်၊ မလွယ်ဘူးဗျ။ ပြီးတော့ လိုအပ်တဲ့ ဆေးပင်တွေပြီဆိုပါတော့။ အဲဒီအပင်ရဲ့ အခေါက်ကို ခွာယူမယ်ဆိုရင် ပဝါတစ်ခုရဲ့ အစနှစ်ဖက်ကို တစ်ဖက်က ဘယ်နေ့သားကိုင်ထား၊ နောက်တစ်ဖက်က ဘယ်နေ့သားကိုင်ထား။ ဓားနဲ့ ခွာတဲ့သူက ဘာနေ့သား ဖြစ်ရမယ်ဆိုပြီး နေ့နံတွေ တွက်ချက်ပြီးမှ ဆောင်ရွက်ရတာ။ မလွယ်ဘူး…"

"အဲဒီလို ထူးခြားတဲ့ ဆေးတော်မျိုးဆို ဝမ်းသာအားရ လိုချင်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်"

ဤသို့ဖြင့် ကျွန်ုပ်ထံသို့ သာသနာငါးထောင်ဆေးတော်ကြီးသည် ခြေထောက်ပေါက်၍ ရောက်ရှိလာလေတော့၏။ "ဆေးကောင်းတော့ သန်းခေါင်း" ဟူသည့် ဗမာစကားရှိပါ၏။ အမှန်တကယ် အစွမ်းထက်သော ဆေးစွမ်းကောင်းများသည် အရေအတွက်အများကြီး စားသုံးရန် မလိုအပ်ဘဲ သန်းခေါင်းအရွယ်လောက် (အမှုန့်လေးနည်းနည်း) စားရုံမျှဖြင့် ခံစားနေရသော ဝေဒနာများ ပိန်းကြာရွက်ပေါ်တွင် ရေမတင်နိုင်သကဲ့သို့ ပျောက်ကင်းစေတတ်ပါ၏။

သာသနာငါးထောင် ဆေးတော်ကြီးသည်လည်း ထိုစကားအတိုင်းပင် ဖြစ်ပါ၏။ ဝေဒနာရှင်ကို တိုက်ကျွေးရာ၌ အများကြီးတိုက်ကျွေးရန်မလိုဘဲ ဓားပါးပါးလေးဖြင့် အနည်းငယ် ဖြစ်ချပြီး တိုက်ကျွေးခြင်းသာ ဖြစ်ပါ၏။ ဝေဒနာများ ပျောက်ကင်းသွားသည့်အခါတိုင်း ဆေးတော်ကြီးကို လက်ဆောင်ပေးသည့်အဘအား ကျေးဇူးတင်ဖြစ်၏။ မေတ္တာပို့သရ၏။



www.burmeseclassic.com

www.burmeseclassic.com

သာသနာ့ဂါးထောင် ဆေးတော်ကြီးရောက်လာပြီး နောက်ပိုင်း ကမ္ဘောဇတိုင်းမှဆေးတော်၊ ကုံဘော်တစ်ထောင် ဆရာတော်ဘုရားကြီး၏ ဆေးတော်၊ ဆေးတောင့်များ။ ရတနာမာရ်အောင် ဆရာတော်ဘုရားကြီး၏ ဆေးဒေါက် စသည်တို့ ဆက်ကာ ဆက်ကာ ရရှိလာတော့၏။ ထိုဆေးတော်များကို အပင်ပန်းခံ ရှာဖွေနေရခြင်းမျိုးမဟုတ်ဘဲ မိမိထံသို့ အလိုအလျောက် ခြေထောက်ပေါက်၍ ရရှိလာသည့် သဘောမျိုးပင် ဖြစ်ပါ၏။

ကျွန်ုပ်သည် ထိုဝါသနာပါရာ လောကီဂမ္ဘီရလမ်းစဉ်ကို လျှောက်လှမ်းရာ၌ တခြားသော ဝါသနာရှင်များနှင့်မတူသော ဆုတောင်းတစ်ခုရှိပါ၏။ ထိုဆုတောင်းကို သိရပါက လင်းရောင်တင် လူလည်ကျသည်ဟူ၍ စာဖတ်ပရိသတ်များ ပြောကြလေမည်လား မသိ။ ကျွန်ုပ်၏ ဆုတောင်းမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

"ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများဘုရား . . .တပည့်တော်သည် ဝိဇ္ဇာလမ်းစဉ်ကို လျှောက်လှမ်းကြရာ၌ ယခင်ကာလများက ပိုက်ဆံတစ်မတ်ဖြင့် တစ်နိုင်ငံလုံးပတ်သည်ဟု ကြားဖူးနားဝ ရှိပါ၏။ သို့သော် လက်ရှိအခြေအနေသည် ပိုက်ဆံတစ်မတ်ဖြင့် ပတ်ရန် အလွယ်ပါ။ ကျွန်ုပ် ဂန္ဓာရီလမ်းလျှောက်သည့်အခါ လုံလောက်သည့် ရိက္ခာထောက်များ ရရှိကာ ဟန်နှင့်ပန်နှင့်သာ လျှောက်လိုပါသည်ဘုရား။ ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ ထောက်ပံ့ပေးသနားတော်မူကြပါ။ ထို့အတူ ဆေးတော်၊ အင်းတော် စသည့် သတ္တဝါကယ်နိုင်မည့် ဂမ္ဘီရပစ္စည်းများကိုလည်း အလွယ်တကူ ရရှိနိုင်ပါစေသား ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများဘုရား"

ဤသို့လျှင် ကျွန်ုပ်သည် မကြာခဏ ဆန္ဒပြုဖြစ်ခဲ့ပါ၏။ ဆန္ဒပြုသည့်အတိုင်းလည်း ပြည့်စုံခဲ့သည်သာ များပါ၏။ ကျွန်ုပ် ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ၊ ဝသုန္ဒြေ မြေစောင့်နတ်တို့အား တိုင်တည်ရာ၌ အမြဲမပြတ် သစ္စာဆိုခဲ့သည့်စကားမှာ အောက်ပါအမှန်စကားပင် ဖြစ်ပါတော့၏။

"ကျွန်ုပ်သည် သတ္တဝါတို့၏အသားကို မစားသုံးသည်မှာ ဆယ့်ခုနစ်နှစ်ထဲ ရောက်ပါပြီ။ ဤသစ္စာစကား မှန်ကန်တဲ့အတွက် ယခုပြုတဲ့အမှုကိစ္စ အောင်မြင်ပါစေ"

အထူးသဖြင့် ရောဂါဝေဒနာရှင်များကို ကုသသည့်အခါတိုင်း ထိုသစ္စာကိုဆိုကာ ရေကို မန်း၍တိုက်ပါ၏။

"သစ္စာလေးနက်၊ ပေါ်ဆီတက်က၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်"

ဆိုသော ရှေးလူကြီးသူမတို့၏ စကားရှိခဲ့ပါ၏။ သစ္စာဆိုပြီးသုံးစွဲပါက နွယ်ပင်၊ မြက်ပင်တို့ပင် အစွမ်းထက်ကာ ဆေးဝါးဖြစ်လျက် အနာရောဂါများ ပျောက်ကင်းချမ်းသာသည် ဆိုသော စကားပင် ဖြစ်ပါ၏။ ထိုစကားကို ကျွန်ုပ်သည် အကြွင်းမဲ့ ယုံကြည်ပါ၏။ ယုံကြည်သည့်အတိုင်းလည်း ကြိမ်ဖန်များစွာ ထိုအတိုင်း ဆောင်ရွက်ခဲ့ပါ၏။

## ထူးဆန်းသော အိပ်မက်တစ်ခု

ဘဝလမ်းကို လျှောက်လှမ်းသောအခါ ကျွန်ုပ်သည် အိပ်မက်များဖြင့် စတင်ခဲ့ခြင်းဖြစ်၏။ ဘွဲ့တစ်ခုရလိုသော အိပ်မက်၊ ပျော်ရွှင်ကြည်နူးဖွယ် မိသားတစ်စုဖြစ်လိုသော အိပ်မက်၊ စာရေးဆရာဖြစ်လိုသော အိပ်မက်၊ ဂမ္ဘီရပညာများ လေ့လာချင်သော အိပ်မက်. . .စသည်ဖြင့် အိပ်မက်အမျိုးမျိုးကို မက်ခဲ့၏။ ထိုစိတ်ကူးအိပ်မက်များကို အကောင်အထည်ဖော်နိုင်ခဲ့သည်က များလေ၏။

အသက်တဖြည်းဖြည်း ကြီးရင့်လာသည်နှင့်အမျှ စိတ်ကူးအိပ်မက်တစ်ခုကို ထူးဆန်းစွာ မက်ဖြစ်ပြန်လေ၏။ ထိုစိတ်ကူးအိပ်မက်မှာ တခြားမဟုတ်ပါ။ ဝါသနာတူများစုဝေး၍ ဂမ္ဘီရပညာများ လေ့လာဆည်းပူးခြင်း၊ ဆွေးနွေးဖလှယ်ခြင်း၊ စုပေါင်း မေတ္တာပို့သခြင်း၊ စုပေါင်းဂမ္ဘီရတက်စဉ်များ ပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်အောင် ဓမ္မာရုံတစ်ခု ဖြစ်တည်လာရေး အိပ်မက်ပင် ဖြစ်၏။

မကြာသေးခင်က မော်ဘီမြို့တွင် သီတင်းသုံးနေကြသော (ယခင်က သူငယ်ချင်းများဖြစ်ခဲ့ကြသည်) ဘုန်းဘုန်းတို့က ကျွန်ုပ် အကယ်၍ ရဟန်းဝတ်မည်ဆိုပါက ကေနှင့်ချီသော မြေကွက်ရနိုင်မည်၊ ကျောင်းဆောက်ပါကလည်း ဆောက်လိုက ဆောက်နိုင်သည်ဟူသော ဖိတ်ခေါ်မှုကိုပြုကြ၏။ ထိုသတင်းကိုရသောအခါ ၁၄ လမ်းတွင် နေထိုင်သော သမီးငယ် ကြာဖြူလင်းဝေက. . .

"ဖေဖေ. . .တစ်သက်လုံး ဘုန်းကြီးဝတ်မယ်ဆိုရင် သမီးကျောင်းဆောက်လှူပါ့မယ်"

ဟူ၍ ပြောလာလေ၏။ ထိုအခါ ကျွန်ုပ်သည် ပြုံးရယ်မိ၏။ သမီး၏ကုသိုလ်ယူလိုသော ဆန္ဒကို ကျွန်ုပ်နားလည်သော်လည်း ကျွန်ုပ်၏ဆန္ဒကို သမီးနားလည်နိုင်မည် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

"တကယ်လို့ အဖေက ဘုန်းကြီးမဝတ်ဘူး၊ လူ သူတော်ဘဝနဲ့ပဲ ဓမ္မာရုံတစ်ခုဆောက်ပြီး အဲဒီမှာ လောကီ ဂမ္ဘီရပညာတွေ ဆည်းပူးမယ်၊ စုပေါင်း မေတ္တာပို့ အလုပ်လုပ် ကြမယ်။ အဲဒီလို ဓမ္မာရုံကြီးတစ်ခု ဖြစ်လာဖို့ ဖေဖေအမြဲ အိပ်မက် မက်ခဲ့တယ်။ ဘယ့်နယ်လဲ။ အဲဒီလိုဆိုရင်ကော သမီး မ,တည်ဆောက်လုပ်ပေးနိုင်မှာလား"

ဟု မေးကြည့်သောအခါ သမီးဖြစ်သူက ကျွန်ုပ်မျှော် လင့်ထားသည့်အတိုင်း ခေါင်းကို သွက်သွက်ယမ်းခါ၏။

"မဖြစ်ဘူး ဖေဖေ၊ သမီးက ကုသိုလ်ပြည့်ပြည့်ဝဝ လိုချင်တာလေ"

ဟု၍ ပြန်ဖြေ၏။ ထိုအခါ ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာက သွားလာသူ စာရေးဆရာ "မင်းဆွေ"ရေး သားခဲ့သည့် **"နိဗ္ဗာန်မလိုချင်"**ဆိုသော သွေးသောက်မဂ္ဂဇင်းပါ ဆောင်းပါးတိုကလေးကို ပြေး၍ အမှတ်ရမိလိုက်၏။ ထို ဆောင်းပါးတိုကလေးကို ကြိုက်လွန်းသဖြင့် ကော်ပီဆွဲ၍ သိမ်း ထားရာ ကျွန်ုပ်ထံတွင် ယခုအချိန်ထိ ရှိလေ၏။

စာရေးဆရာမင်းဆွေ၏ ဖြစ်စဉ်မှာလည်း လွန်စွာ ထူးဆန်း၏။ "လူထဲကဘဝ၊ ဘဝထဲကလူ" ဝတ္ထုဆောင်းပါး ရှည်ကြီး အရှေ့ပိုင်းတွင် ဆရာမင်းဆွေနှင့်ပတ်သက်သော အကြောင်းအရာအချို့ကို ရေးသားခဲ့ဖူးပါ၏။ ဆရာမင်းဆွေ ရေးသားသော "စား"ဝတ္ထုမှာ ကလပ်ဆစ်ဟုခေါ်သော ဂန္ထဝင် ဝတ္ထုအမျိုးအစားထဲတွင် ပါဝင်၏။ ခေတ်အဆက်ဆက် ပြန် ဖတ်၍ မရိုးနိုင်သော ဝတ္ထုစာအုပ်ဖြစ်၏။ ထို့အပြင် ဆရာ မင်းဆွေ၏ ဘဝမှာလည်း လွန်စွာ ထူးဆန်း၏။ "လမ်းထိပ် ကို ခဏသွားဦးမယ်"ဆိုပြီး ထွက်သွားရာမှ အိမ်သို့ရောက် မလာဘဲ ထာဝရပျောက်ဆုံးသွားခဲ့သည့် စာရေးဆရာဖြစ်၏။

"သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာရင် တွေ့"ဆိုသော စကားပုံသည် အများသူငါအတွက် မှန်လေ့ရှိ သော်လည်း ဆရာမင်းဆွေအတွက်မူ မှန်သည်ဟု မဆိုသာ ချေ။ သူပျောက်သွားသည့်အချိန်မှ ယခုကာလအထိ သေ သည်၊ ရှင်သည် မသိရခဲ့၊ ရှာမတွေ့နိုင်ခဲ့။ သူသေသွားသလို ပျောက်ကွယ်သွားသော်လည်း သူ့ကို မမေ့ကြ။ တချို့က ထွက်ရပ်ပေါက်သွားသလိုလို ပြောကြ၏။

"နိဗ္ဗာန်မလိုချင်" ဆောင်းပါးလေးသည် တိုသော်လည်း ထိမိ၏။ လူအများနှင့်အတူဘဲ ထူးကဲသောအယူအဆကို ထိုဆောင်းပါးတိုကလေးထဲတွင် ဖော်ပြထား၏။ စာဖတ်သူများ ဖတ်ရှုလေ့လာနိုင်စေရန် ဆရာမင်းဆွေ၏ ဆောင်းပါးတို ကလေးကို အောက်တွင် ဖော်ပြလိုက်ပါ၏။

## နိဗ္ဗာန်မလိုချင်

နက်ဝှမ်းကျယ်ပြောသော ရေမတွင်းကြီးတစ်တွင်း ရှိ၏။ လူပေါင်းများစွာ (ကယ်ပါ . . . ယူပါ) တစာစာနှင့် ပူဆာလောင်ကြွေး ငိုသံပေးနေကြသည်။

လာလတ္တံ့သော အနာဂတ်ဥတုကြောင့် မိုယ်းကြီး ပြင်းထန်စွာ ရွာသွန်းသော်လည်း ထိုတွင်းကြီး ရေပြည့်လျှံရာ ၏။ ရေကူး၊ ရေခပ် တတ်မြောက်သူများအဖို့ မထောင်းတာ၊ မကူးမခပ် မတတ်ကျွမ်းသူများအဖို့ တွင်းနက်သည် နစ်မွန်း စေရာ၏။

တောင့်တင်းသန်မာသော လူတစ်ယောက်ကား ဒုက္ခ သည်များအကြား၌ မားမားကြီးရပ်နေလေသည်။ သူ၏ သန်မာ သော လက်ချောင်း၊ လက်မောင်းများနှင့် နံရံပတ်လည်ရှိ အဖုအထစ်များကို အားထားရာအဖြစ်နှင့် တွယ်တက်သော် တွင်းနှုတ်ခမ်းသို့ တန်းဟန်းမတ်မတ် မုချရောက်တော့မည်။ ထိုတွင်းပေါ်ရောက်ပြီးမှ တွင်းထဲရှိလူများကို ဆွဲတင်ရန် မလွယ် ကူ။ တွင်း၏ အောက်ခြေကို မီနိုင်သော ကြိုးမရှိ။ ထိုအခါ ထိုလူသည် ဤသို့ စဉ်းစားလေသည်။

(တွင်းထဲမှာ အစာရေစာ မလုံလောက်။ မလုံလောက် သည့်အတွက် အင်အားချို့တဲ့ပြီး မတက်လှမ်းနိုင် ဖြစ်ကြရာ သည်။ ငါ့အဖို့ လုံလောက်သော အင်အားကြောင့် ငါ၏လွတ် မြောက်ရေးကို ရှေးရှုပြီး သူတို့ကို ပစ်ခွာတက်လှမ်းရရင် ကောင်းမည်လား။ သို့မဟုတ် သူတို့၏ အပူကို ဝိုင်းကူပေးမ ပြီး သက်သာရာရအောင် ဤတွင်းနက်ထဲမှာပင် စောင့်ရှောက် နေရစ်ရမည်လား။)

ဤသို့ စဉ်းစားပြီးသည်၏ အဆုံး၌ ထိုလူသည် (ငါ မလွတ်မြောက်ချင်ရှိပါစေ၊ တွင်းပေါ်သို့ အကုန်လုံးမရောက် သေးသမျှ သူတို့နှင့်အတူ ငါနေပြီး ချမ်းသာအောင် စီမံစောင့် ရှောက်တော့မည်)ဟု ခိုင်ခိုင်ချ ပိုင်းဖြတ်လိုက်၏။

သူ့ကို ဘယ်လိုဆုံးဖြတ်သင့်သနည်း။ သူ့ကို လူမိုက် ဟု ဆိုမည်လား။ သူသည် လူမိုက်မဟုတ်။ သူကား သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

လွတ် သူမရှန်းချေ။ ကျွန်ုပ်သည် (ဘုရားရှိခိုး၏၊ သီလထိန်း၏၊ နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတို့နှင့် ရောက်ရပါစေသား)ဟု မည်သည့် အခါမျှ ဆုမတောင်းခဲ့။ ကျွန်ုပ် နိဗ္ဗာန်ကို မလိုချင်။ နိဗ္ဗာန်သည် ငြိမ်းအေးခြင်းဟု ကျွန်ုပ်သဘောပေါက်သော်လည်း ကျွန်ုပ်ငြိမ်းအေးသွားရုံနှင့် လောကကြီး ငြိမ်းအေးစွာ ကျန်ရစ်မည် မဟုတ်ပေ။

"လောကကြီးကို အိမ်ထောင်ကလေးတစ်ခုအဖြစ် သဘောထားလျှင် လောကဘုံသားမှန်သမျှ ငါ၏အိမ်သားများသာ ဖြစ်၏။ ငါ၏အိမ်သားများတာဝန်သည် ငါ၏တာဝန်သာ ဖြစ်ရမည်။"

ကျွန်ုပ် ဤအတိုင်း သဘောထားခဲ့၏။ ယခုလည်း ထားဆဲပင်။ ကိုယ်လွတ်ရုန်းလိုသည့် အရေးနှင့် နိဗ္ဗာန်ကို မမျှော်တွေးမိပေ။ သတ္တဝါဒုက္ခသည်များကို ပြန်လှည့်ကြည့်ခွင့်မရသော အဆုံးစွန်ခရီးလမ်းကို မှန်းမျှော်မည့်အစား သွေးသံရဲရဲနှင့် သံသရာစက်ရဟတ်တွင် ချာလပတ်လည်နေသော ဒုက္ခသည်များအား သွေးတိတ်ဆေးလေး တို့ပေးနေချင်သေးသည်။

လေမုန်တိုင်းမိသော ပင်လယ်ကူးသင်္ဘောတွင် လေဘေးကို စိုးရိမ်သဖြင့် မည်သူမဆို လွတ်မြောက်ရေးကို ကြိုးပမ်းခွင့်ရှိ၏။ သင်္ဘောကပ္ပတိန်ကား ခရီးသည်အများနှင့် လက်အောက်ငယ်သားတို့ကို စွန့်ထားချန်ရစ်ခဲ့ရိုး မရှိပေ။ အများကို ကူညီပြီးမှ အသက်ရှင်ချင်ရှင်၊ မရှင်လျှင် အသေခံလေသည်။ သင်္ဘောကပ္ပတိန်မှသာမဟုတ်၊ မည်သူမဆို လူမှန်လျှင် သင်္ဘောကပ္ပတိန် ဖြစ်သင့်လေသည်။

ဂေါတမဘုရားသည် ဒီပင်္ကရာလက်ထက် သုမေဓာရှင်ရသေ့ဘဝကတည်းက နိဗ္ဗာန်စခန်းကို လက်လှမ်းမီနိုင်၏။ သို့သော်လည်း ကိုယ်လွတ်မရုန်းသဖြင့် သတ္တဝါအများကို နောက်ချန်မထားဘဲ ဘုရားအဖြစ်ကို တောင့်တလျက် ကာလရှည်လျားစွာ သံသရာထဲ အလူးလူးအလဲလဲ ခံခဲ့ရလေသည်။

သို့သော်လည်း ရည်မှန်းသလောက် ခရီးမပေါက်၊ ဘုရားအဖြစ်ကို ရခဲ့သော်လည်း လောကဘုံသားအားလုံးကို ဆွဲဆောင်ပြီး နိဗ္ဗာန်ဘောင်သို့ ပို့ပစ်ရန် အခွင့်အရေးကို ရှင်တော်ဘုရား မရခဲ့ပေ။ အကယ်တိ ရပါဘိမူ သတ္တဝါများအား အလွတ်မထား၊ အကျွတ်တရားရစေရင်း ကမ္ဘာလောကကြီးတစ်ခုလုံး ငုံးတိတိ ကျန်ရစ်ခဲ့သည်အထိ စိတ်ချပြီးမှ နောက်ဆုံးအဖြစ် လိုက်ပါကြွမြန်းတော်မူချင်ရှာပေလိမ့်မည်။

နိဗ္ဗာန်မရောက်သမျှ မအေးနိုင်။ သံသရာမီးတောင်ကြီးမှာ ပူပြင်းလှသဖြင့် မြတ်စွာဘုရားသည် (ဟေ့-လာလော့)ဟု နိဗ္ဗာန်တံခါးဖွင့်ပေး၏။ အလုအယက် တိုးထွက်နေခြင်းမှာ ဘုရားညွှန်ပြချက်ဖြစ်၍ တစ်စုံတစ်ရာ မကန့်ကွက်လိုပေ။ ကိုယ့်အရေးကိုယ်တွေးပြီး ကိုယ်လွတ်ရုန်းချည်းမနေဘဲ တံခါးဝသို့မရောက်သေးသော ဒုက္ခသည်များဘက်သို့လည်း ကြင်နာစွာ လှည့်ကြည့်စေချင်ပေသည်။

ကျွန်ုပ်တွင် သီလရှိ၏။ အလှူခံတစ်ကျပ်လေး ခွေးကိုလည်း အမြတ်ထား၏။ ဘုရား၏ သဗ္ဗညုအသိတရားကိုလည်း ကြည်ညိုလေးစား၏။ ထိုကောင်းမှုအားလုံးအတွက် (နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတိုနှင့်)ဟု ကျွန်ုပ် ဆုမတောင်းခဲ့ပေ။ ကျွန်ုပ် ဆုတောင်းကား...

**"ကိုယ်လွတ်ရုန်းလိုစိတ်နှင့် နိဗ္ဗာန်ကို အလိုမရှိ။ လောကအကျိုး သယ်ပိုးနိုင်သရွေ့နှင့် သံသရာတွင် မွေ့လို၏"**...ဟူ၍ ဖြစ်လေ၏။

(မဟာကရုဏာရှင်က ဒီလိုညွှန်တာ ဒီလိုမလုပ်ရကောင်းလား)ဟု တစ်ဦးတစ်ယောက်က ကျွန်ုပ်အား ဆိုအံ့။ ဒီလိုမဟုတ်ရသည့်အတွက် (အပြစ်)ဟု ဆိုလျှင် ထို"အပြစ်"ကို ကျွန်ုပ်မကြောက်ပေ။

**မင်းဆွေ**

အထက်ပါဆောင်းပါးတိုလေးအား ဆရာမင်းဆွေ၏ ဆောင်းပါးကို မူရင်းအတိုင်း ဖော်ပြလိုက်ခြင်းဖြစ်၏။ လွန်ခဲ့သည့်နှစ်ပေါင်း ငါးဆယ်လောက်က သွေးသောက်မဂ္ဂဇင်းလေးကို ယူဆောင်လာပေးသည့် ဆရာမင်းဆွေ၏ သားငယ် ဆရာ"မျိုးသန့်ဆွေ"အား ကျေးဇူးတင်ပါ၏။ ထိုဆောင်းပါးကို ဖတ်ရခြင်းအားဖြင့် ဆရာ"မင်းဆွေ"သည် အများကောင်းကျိုးကို ဆောင်ရွက်လိုသည့် ဆုကြီးပန်(ဘုရားဆုပန်) စိတ်ဓာတ်မျိုး ဖြစ်မည်ဟု ယူဆရ၏။

လူအများစုအတွက် မည်သို့ခံစားရမည် မသိသော်လည်း ကျွန်ုပ်အဖို့ လွန်စွာနှစ်သက်၏။ နှစ်သက်သည့်အလျောက် စိတ်ကူးတူသူများထံသို့ "ကော်ပီ"ဆွဲ၍ ဝေငှပေးခဲ့ဖူး၏။ ဘုရားရှင်က ကျွန်ုပ်တို့အား ချမှတ်ပေးခဲ့သည့် လမ်းနှစ်လမ်းရှိ၏။ တစ်လမ်းက သူလုပ်သလိုလုပ်ရန်လမ်းနှင့် နောက်တစ်လမ်းက သူပြောသလို လုပ်ရန်လမ်းတို့ ဖြစ်ပါ၏။

www.burmeseclassic.com

သူလုပ်သလို လုပ်ရန်လမ်းဆိုသည်မှာ "ဘုရားဆုပန်" လမ်းနှင့် သူပြောသလိုလုပ်ရန်လမ်း ဆိုသည်မှာ "နိဗ္ဗာန်"လမ်း တို့ ဖြစ်ပါ၏။ လူအများစုသည် "နိဗ္ဗာန်"ဆိုသောလမ်းကိုသာ နှစ်ခြိုက်နိုင်ပြီး "ဘုရားဆုပန်"လမ်းကိုမူ တွေးကြောက်ကြသူက များလေ၏။

"မဖြစ်နိုင်ပါဘူးဗျာ။ အကြာကြီးသွားရမှာ။ အနည်းဆုံး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ကြံမှရမှာ･･･အဝေးကြီးပဲ"

အဝေးကြီးပဲ ဆိုသောလမ်းကို ရွေးချယ်ခဲ့သော အလောင်းတော်များရှိခဲ့၍သာ ယနေ့ "ဘုရား"ဆိုသော သဗ္ဗညုတ ရွှေဉာဏ်ရှင်များ ရှိနေခဲ့ခြင်းဖြစ်၏။ ဝေးလွန်း၍ မလျှောက်ချင်သူချည်းသာ ဖြစ်နေကြပါလျှင် လောကသားများ ကျွတ်လွတ်တော့မည် မဟုတ်ချေ။

## ဆုထူးပန် ဓမ္မာရုံ

"လောကကြီးထဲမှာ ဟန်နဲ့ပန်နဲ့ နေတတ်ရတယ် ကွယ့်"

ဟူ၍ အဖေကြီးအရှင်အဂ္ဂသာရ (အဖေကြီးဦးအေးဖေ) မကြာခဏ ပြောလေ့ရှိ၏။ လူအများ နားလည်သလို ဟန်နှင့်ပန်နှင့်နေ ဆိုသည်မှာ စတိုင်လ်နှင့် နေရန်သာ ပြောခြင်းမဟုတ်ပေ။ "ဟံ"ဆိုသည်မှာ အရဟံဂုဏ်တော် အစရှိသည့် ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို နေ့စဉ်ပွားများကာ ဗုဒ္ဓါနုဿတိ အားထုတ်ရန် ရည်သန်၍ပြောခြင်းဖြစ်၍ "ပန်" ဆိုသည်မှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက စသည့် ဆုကြီးငါးမျိုးထဲက တစ်ခုခုကို ဖြစ်လို၍ ပန်ဆင်ခြင်းကို ဆိုလိုကာ "ဟန်နှင့်ပန်နှင့် နေသည်" ဟု ဆိုလိုရင်း ဖြစ်ပါ၏။ ဆုပန်ရာတွင် ထိုင်းမှိုင်းသည် အဓိက ဖြစ်ပြီး၊ အချို့သောသူများကမူ အရိမေတ္တယျဘုရားရှင်ကို ဖူးမြင်၍ ကျွတ်တမ်းဝင်ရပါလို၏ဟူသော ဆုကို တောင်းကြသည်လည်း ရှိ၏။ အချို့သော အမျိုးသမီးများသည် နောက်ဘဝတွင် ယောကျ်ားဖြစ်ရပါလို၏ဟူသော ဆုကို ပန်ဆင်ကြသည်လည်း ရှိ၏။ ကျွန်ုပ်သည်ကား သဒ္ဓါမိက သဗ္ဗညုတဆုကို ပန်ဆင်ထားသူ ဖြစ်ပါ၏။

ကျွန်ုပ်သည် ဆုထူးပန်ဆင်ကြသူများကို တစ်ပတ်လျှင် တစ်ကြိမ်တန်သည်၊ နှစ်ကြိမ်တန်သည် စုဝေး၍ စုပေါင်းမေတ္တာပို့ခြင်း၊ စုပေါင်းမေတ္တာခံယူတည်ဆောက်ခြင်း၊ စုပေါင်းဗုဒ္ဓါနုဿတိပွားခြင်း စသည့် ကုသိုလ်များ အတူလုပ်လိုသည့် စိတ်ရှိ၏။ ဆုထူးပန်သူများအချင်းချင်း ဂမ္ဘီရပညာများ ဖလှယ်သည့်ကိစ္စ၊ လောကီပညာရပ်များကို စနစ်တကျ စုပေါင်းလေ့လာစေလိုသော စေတနာဆန္ဒများ ရှိပါ၏။ သို့ဖြစ်၍ ကံကုသိုလ်အခြေအနေပေးပါက "ဆုထူးပန်"ဟူ၍ အမည်ပေးအပ်သော ဓမ္မာရုံကြီးတစ်ခု ဖြစ်မြောက်လိုပါ၏။ မြေနေရာပေးသူများရှိသော်လည်း အဆောက်အအုံ မ,တည်လှူဒါန်းနိုင်သည့်သူ မရှိသေး၍ အခွင့်အခါကောင်းကို စောင့်မျှော်၍သာ နေရပါသေး၏။

*(ရှေ့လစောင့်မျှော်ဖတ်ရှုပါ။)*

ဖေယျတုသဗ္ဗမင်္ဂလံ

**လင်းရောင်တင်**


**ဆရာကြီးလင်းရောင်တင်**

**နေ့လက္ခဏာသဃ လိုတရဟောခန်းမှ**

**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**


နေ့စဉ်–နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။

**အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၄)လွှာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ – 09 420014614**




www.burmeseclassic.com

www.burmeseclassic.com



# ရုက္ခစိုးမှော် အစီအရင်

■ လင်းရောင်တာင်

ရုက္ခစိုးမှော်ပညာနဲ့ ပတ်သက်ပြီး အရင်ပညာမှောင်ချ ကာလများက ဒီအကြောင်းအရာများကို ရေးသားခဲ့ပေမယ့် စာပေစိစစ်ရေးဆိုတဲ့ အုတ်တံတိုင်းကြီးကြောင့် ဟိုဟာမရေးပါနဲ့၊ ဒီဟာမရေးပါနဲ့၊ ကန့်သတ်ချက်တွေ ရှိခဲ့လို့ ကောင်းကောင်းမရေးခဲ့ရပါဘူး။ ဖြုတ်၊ ထုတ်၊ ပယ် အစီအရင်တွေကြောင့် ရုက္ခစိုးမှော်၊ ရုက္ခမူမှော်၊ သူရဿတီမှော်. . .စတဲ့ ပညာရပ်တွေဟာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရပါတယ်။

အခုတော့ ပညာအလင်းခေတ်ကို တစ်ဖန်ပြန်ရောက်လာတဲ့အနေနဲ့ ဘာစာပဲရေးရေး ရေးလိုရာရေးခွင့် ရှိလာတဲ့ အခါ ရုက္ခစိုးမှော်ပညာရပ်နဲ့ ပတ်သက်တာကို ပညာရှယ်ယာ လုပ်ဖို့ ဆုံးဖြတ်ပြီး ဒီဆောင်းပါးကို ရေးဖြစ်ပါတယ်။ ယုံကြည်မှုရှိရင် တန်ခိုးသိဒ္ဓိဆိုတာ ပေါ်ပေါက်လာစမြဲပါ။

ရုက္ခစိုးမှော်ပေါက်ချင်ရင်တော့ ဂါထာခုနစ်ပိုဒ်ရှိတဲ့ မှော်ဂါထာကို ရွတ်ရမှာပါ။ သန်းခေါင်ယံတိတ်ဆိတ်တဲ့ကာလမှာ ရွတ်ဖတ်ရမယ်လို့ ဆိုပါတယ်။ သစ်ပင်အောက်မှာ သွားရွတ်ရမယ်လို့တော့ ညွှန်းဆိုထားတာ မတွေ့ရပါဘူး။ ကိုယ့်အိမ်ရဲ့ ဘုရားခန်းမှာ ရွတ်လို့ရနိုင်ပါတယ်။ အဓိဋ္ဌာန်ပြုပြီး ရွတ်ဆိုတဲ့ကာလ နေ့ရက်တွေမှာ သက်သတ်လွတ် စားရပါမယ်။

နတ်ပြဟ္မာများနဲ့ ရုက္ခဒေဝ(ရုက္ခစိုး)များကို အထူးမေတ္တာပို့သပါ။ ဒါန၊ သီလ၊ ဘာဝနာ ပြုသမျှ အဖို့ဘာဂကို အမျှအမြဲဝေပေးပါ။ သက်သတ်လွတ်ဆွမ်းတော်ကို ဘုရားတစ်ပွဲ၊ နတ်များအတွက်တစ်ပွဲ နေ့စဉ်တင်ပေးပါ။ သန်းခေါင်ယံမှာ ညစဉ် ဖွဲကောင်းကောင်းနဲ့ ရုက္ခမူမှော်ဂါထာကို ရွတ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com

ပေးပါ။ ရွတ်သားကျလာပြီး နတ်ဒေဝတာတွေ သဘောကျလာတဲ့အခါ . . .

"ဘာလိုချင်သလဲ"

ဆိုတဲ့ မေးခွန်းမျိုး အကျယ်ကြီးမေးလာပါလိမ့်မယ်။ အဲဒီအခါ ကိုယ်အလိုချင်ဆုံးဆုကို တောင်းပါ။ ညစဉ် ရွတ်ဖတ်ပေးရမယ့် ရက္ခစိုးမော်ဂါထာကတော့ ဟောသလိုပါ။

၁။ အနန္တ ဂုဏ သမ္ပန္နာနံ၊ အနန္တ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တ ဗုဒ္ဓတေဇေန၊ အနန္တ ဖလေန၊ အနန္တ အာနုဘာဝေန၊ အာကာသဒေဝါ အာဂစ္ဆန္တု၊ ဘုမ္မဒေဝါ အာဂစ္ဆန္တု၊ ရက္ခဒေဝါ၊ သဗ္ဗေဒေဝါ၊ လောကပါလဒေဝါ၊ သဗ္ဗေပြိဟ္မာ၊ ဣစ္ဆာနေ၊ ပတိဋ္ဌတု၊ ခိပ္ပဗေဝ၊ ယထာကာမံ၊ မံမံရက္ခန္တု သဗ္ဗဒါ။

၂။ အနန္တဉာဏ သမ္ပန္နာနံ၊ ခိပ္ပမေဝ ယထာကာမံ၊ မံမံရက္ခန္တု သဗ္ဗဒါ။

၃။ အနန္တသိဒ္ဓိ သမ္ပန္နာနံ၊ ခိပ္ပမေဝ ယထာကာမံ၊ မံမံရက္ခန္တု သဗ္ဗဒါ။

၄။ ဦး ဗုဒ္ဓဂုဏေန၊ ဗုဒ္ဓတေဇေန၊ ဗုဒ္ဓဖလေန၊ ဗုဒ္ဓအာနုဘာဝေန၊ ခိပ္ပမေဝ ယထာကာမံ၊ မံမံရက္ခန္တု သဗ္ဗဒါ။

၅။ ဦး ဓမ္မဂုဏေန၊ ဓမ္မတေဇေန၊ ဓမ္မဖလေန၊ ဓမ္မအာနုဘာဝေန၊ ခိပ္ပမေဝ ယထာကာမံ၊ မံမံရက္ခန္တု သဗ္ဗဒါ။

၆။ ဦး သံဃဂုဏေန၊ သံဃတေဇေန၊ သံဃဖလေန၊ သံဃအာနုဘာဝေန၊ ခိပ္ပမေဝ ယထာကာမံ၊ မံမံရက္ခန္တု သဗ္ဗဒါ။

၇။ အစိန္တေယျ ဉာဏသမ္ပန္နဿ၊ အပ္ပမေယျ ဉာဏသမ္ပန္နဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ၊ ဒွတ္တိံသ၊ မဟာပုရိသ လက္ခဏာနုဘာဝေန၊ ဆဗ္ဗဏ္ဏရံသီနုဘာဝေန၊ ဒသဗလဉာဏာနုဘာဝေန၊ နဝသံမာ ပဋ္ဌာယနုဘာဝေန၊ နဝလောကုတ္တရာ ဓမ္မာနုဘာဝေန၊ စတုသစ္စဉာဏ နုဘာဝေန၊ စတုဝေသာရဇ္ဇ ဉာဏနုဘာဝေန၊ ဆအာသာရဏ ဉာဏ နုဘာဝေန၊ မဂ္ဂဉာဏ နုဘာဝေန၊ စတုရာသီတိ သဟဿ ဓမ္မက္ခန္ဓာ နုဘာဝေန၊ သံဃဂုဏာ နုဘာဝေန၊ သဗ္ဗရောဂါ ဝိနာသန္တု၊ သဗ္ဗအန္တရာယာ ဝိနသန္တု၊ ဒီဃာယု ကောမယံ ဟောတု သံမဇ္ဇေ သက်ာပ္ပါ သမိဋ္ဌတု သဗ္ဗသော ပဝတ္တန္တု၊ သဗ္ဗကမ္မာနိ သဋ္ဌန္တု၊ အာကာသဋ္ဌာစ ဘုမ္မဋ္ဌာ ဒေဝါ နာဂါ မဟိဒ္ဓိကာ သဗ္ဗေ ဣန္ဒော မဟာဗြဟ္မာ အမေ့ နရက္ခန္တု သဗ္ဗဒါ။

အထက်ပါဂါထာတော်ကို ခုနစ်ခေါက်ဖြစ်စေ၊ ၃၇ ခေါက်ဖြစ်စေ အဓိဋ္ဌာန်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ရမှာဖြစ်ပါတယ်။ နတ်ဒေဝတာက ကိုယ့်ကို "ဘာလိုချင်သလဲ"ဆိုတဲ့ မေးခွန်း ခပ်ကျယ်ကျယ်အသံနဲ့ မကြားရသေးသရွေ့ နေ့စဉ်ဇွဲရှိရှိ ရွတ်ဆိုပူဇော်ရမှာ ဖြစ်ပါတယ်။

## နောက်ထပ် ရက္ခစိုးမော်တစ်နည်း

ဒီတစ်နည်းကတော့ ဂါထာနည်းနည်းတိုပါတယ်။ လုပ်ရတာလည်း လွယ်မယ်ထင်ပါတယ်။ ထန်းရွက်၊ ပေရွက်၊ ကြေးပြားအပျော့စား၊ ဒါမှမဟုတ်လည်း စက္ကူတစ်ရွက်ပေါ်မှာ ဟောဒီဂါထာကို လက်ရေးရှင်းရှင်းလေးနဲ့ ရေးလိုက်ပါ။

**အာကာသဋ္ဌာန ဘူမဋ္ဌာစ**
**ရက္ခဋ္ဌာစ မဟိဒ္ဓိကာ။**
**ဣန္ဒိမဗ္ဗော ယေဒေဝါ**
**မံ ပါပေတု ပထိစ္ဆိတံ။**

အဲဒီနောက်မှာတော့ ဂါထာရေးထားတဲ့ စာရွက်ကို ရက္ခစိုးရှိတယ်လို့ဆိုတဲ့ သစ်ပင်မှာသွားပြီး ကပ်ထားခဲ့ရမယ်။ ခုနစ်ရက်ပြည့်တဲ့အခါကျမှ အဲဒီသစ်ပင်ကို ပြန်သွားပြီးတော့ ရက္ခစိုးမင်းကို ကိုယ်ပြောချင်တာပြော၊ လိုရာဆုတောင်းရမယ်။ အဲဒီအခါမှာ ရက္ခစိုးမင်းက လိုရာဖြစ်မြောက်အောင် ဆောင်ရွက်ပေးပါလိမ့်မယ်။ တစ်ခုသတိထားရမှာက ရက္ခစိုးနတ်မင်းကို ပြောဆိုဆုတောင်းတဲ့အခါ ရိုရိုသေသေလေးလေးစားစားနဲ့ စိတ်ပါလက်ပါရှိဖို့လိုတယ်။ ယုံကြည်မှုလည်း အပြည့်ရှိနေရမယ်။

ဇေယျတုသဗ္ဗမင်္ဂလံ။

✦ လင်းရောင်တင် ✦



www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား ပုံပြင်များ

## သေသူ၏ဦးခေါင်းကို ကိုင်၍ ပြောသူ

ရှေးအခါတုန်းက . . .

ရာဇဂြိုဟ်ပြည်၌ "ဝင်္ဂီသ" မည်သော ပုဏ္ဏားတစ်ဦး ရှိလေ၏။ ဝင်္ဂီသပုဏ္ဏားမှာ အများတကာတို့ မမြင်မသိဘူး သော အတတ်ပညာကို တတ် မြောက်လေ၏။ ၎င်းက သေသူ တို့၏ ဦးခေါင်းခွံကို တီးခေါက်၍ -

"ဤသူ၏ ဦးခေါင်းသည် ငရဲ၌ ဖြစ်လေ၏"

နောက်ထပ် သေသောသူ၏ ဦးခေါင်းခွံကို ကိုင်ကာ-

"ထိုသူကား တိရစ္ဆာန်၌ ဖြစ်၏"

ဟု ဆိုလေ၏။ ဝင်္ဂီသပုဏ္ဏား၏ ဆန်းကြယ်သော အတတ်ပညာအတိုင်း ငရဲ၊ တိရစ္ဆာန်၊ လူ့ပြည်၊ နတ်ပြည် အစရှိသည်ကို မှန်အောင် ပြောနိုင်၍ ဝင်္ဂီသပုဏ္ဏားမှာ ထင်ရှားကျော်စောပြီး ဇနပုဒ်အထိပါမကျန် လာရောက် မေးမြန်းကြလေ၏။ ထိုသို့ မေးမြန်းရာ၌ သေသူ၏ ဆွေမျိုး များက ဝင်္ဂီသပုဏ္ဏားအား အခကြေးငွေများ ပူဇော်ကာ မေး မြန်းကြလေ၏။ ဝင်္ဂီသက အမြဲလိုပင် . . .



www.burmeseclassic.com

"ငါသည် ဘယ်အရာ မဆို သိမြင်သူဖြစ်သလို ငါလို ပညာမျိုး ဤဇမ္ဗူဒိပ်၌ မရှိ"

ဟု ဆိုကာ ကြွေးကြော် လေ၏။ ဝင်္ဂီသပုဏ္ဏားမှာ နေရာအနှံ့ လှည့်ပတ်၍ ပညာ စွမ်းပြနေရာမှ သာဝတ္ထိပြည်သို့ ရောက်လာပြီး ဇေတဝန် ကျောင်း၌ နေရာယူကြ၏။

ဝင်္ဂီသ၏ အတတ်ပညာမှာ ထူးခြားလွန်းသည်ဆိုကာ ဘုရားရှင်ထံ တရားနာသွား ကြမည့်သူများအား လာမေးရန် ဖိတ်ခေါ်ကြလေ၏။ ထိုလူ တို့က -

"အသင်သည် ငါတို့ ဘုရားရှင်နှင့် မည်သို့မျှ မယှဉ် နိုင်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်ကား အတုမရှိ ဉာဏ် တော်ရှိပေ၏"

ဟု ဆိုကြသော် ဝင်္ဂီသ၏ ဖက်မှ ပုဏ္ဏားများက -

"သင်တို့နှင့် စကားများ ရန် အချိန်မရှိ၊ ငါတို့ ဝင်္ဂီသ သည် ထူးခြားသော အတတ် ပညာရှိ၍ သင်တို့ဘုရားရှင် နှင့် ယှဉ်ပြိုင်ရန် ယခုပင် ငါတို့ ဇေတဝန်ကျောင်းသို့သွားကြ မည်"

ဟု ဆိုကာ ဝင်္ဂီသကို ဇေတဝန်ကျောင်းသို့ ခေါ်သွား ကြလေ၏။

ဝင်္ဂီသနှင့် ဘုရားရှင် ယှဉ်ပြိုင်မည်ဆို၍ လူအများ မှာ အုတ်အော်သောင်းနင်း ဖြစ်သွားပြီး တီးတိုးစကားများ ဆိုကြလေ၏။

"ဝင်္ဂီသမနိုင်ရင် ဒီပုဏ္ဏား တွေကို မကိုးကွယ်နိုင်ဘူး"

"ကြည့်စမ်းပါကွာ .. ဘုရားရှင်ကို ဝင်္ဂီသ မကျော် နိုင်ပါဘူး"

စသည်များအား ဘုရား ရှင်က ထိုအကြောင်းကို သိမြင် ၍ "ငရဲ၊ တိရစ္ဆာန်၊ လူ၊ နတ်၊ ရဟန္တာ" ပုဂ္ဂိုလ်ငါးဦးတို့၏ ဦးခေါင်းခွံကို ယူဆောင်စေပြီး အစဉ်အတိုင်းထားတော်မူလေ ၏။

ပုဏ္ဏားတို့ ရောက်လာ ကြသောအခါ မြတ်စွာဘုရား က ဝင်္ဂီသအား -

"သင့်ရှေ့၌ချထားသော ထိုဦးခေါင်းခွံငါးခုကို အစဉ် အတိုင်း တီးခေါက်စေ၍ သေ သူ၏ အသီးသီးဖြစ်ရာကို ပြောပါလေ"

ဟု ဆိုလျှင် ပုဏ္ဏားများ က ဝင်္ဂီသကို အထင်ကြီးစွာ ကြည့်၍ အားပေးကြလေ၏။ ဝင်္ဂီသက ဦးခေါင်းခွံလေးခုကို အသီးသီးခေါက်၍ -

"ထိုသူကား ငရဲ၌ဖြစ်ပါ ၏"

"ထိုသူသည် တိရစ္ဆာန် ဖြစ်ပါ၏"

"ထိုသူသည် လူဖြစ်နေ ပါ၏"

"ထိုဦးခေါင်းခွံမှာ နတ် ဖြစ်ပါ၏"

ဟု ပြောကြားတိုင်း မှန် နေသဖြင့် ဘုရားရှင်က . . .

"မှန်ပေစွ ဝင်္ဂီသ၊ သင် ပြောသော အရာများသည် လုံးဝမလွဲပေ"

ဟု ဆိုကာ ကောင်းချီး ပေးတော်မူ၏။ နောက်ဆုံး၌ ရဟန္တာ၏ ဦးခေါင်းခွံကို ခေါက်၍ ဖြစ်ရပ်ကိုမေးသော် ဝင်္ဂီသမှာ ချွေးများကျလာပြီး မည်သို့ပင် ကြိုးစား ကြိုးစား ဖြစ်ရာအရပ်ကို မသိတော့ ပေ။ မြတ်စွာဘုရားက . . .

"ဝင်္ဂီသ . . သင် မသိ လော၊ ငါဘုရား သိ၏"

ဟု မိန့်တော်မူသောအခါ ဝင်္ဂီသက . .

"ဤမန္တန်ကို တပည့် တော်အား ပေးသနားပါ"

ဟု လျှောက်သော် . .

"ရဟန်းမဟုတ်သူအား ပေးရန် မတတ်ကောင်း"

ဟု မိန့်တော်မူ၏။ ဝင်္ဂီသ မှာ ဘုရားရှင်ထံ၌ ရဟန်းပြု ၍ သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းသော် နှစ်ရက်၊သုံးရက်အတွင်း ရဟန္တာ ဖြစ်လေတော့သတည်း။

ဆောင်ပုဒ်

သစ္စာလေးပါး သိပြီးသူ သည် နိဗ္ဗာန်ထိ တည်၏။

စိုးဝင်းထွန်း(တာမွေ)

တရားမပျက်၊
မေတ္တာဆက်၍၊
မဖျက်ဆီးမှု၊
ချီးမြှောက်ပြုလော့၊
သူ့ကို ချီးမြှောက်၊
ကိုယ့်ဂုဏ်မြောက်၏၊
ယွင်းဖောက်အလို၊
ဝန်မတိုနှင့်၊
သူ့ဂုဏ်ကိုနှိမ့်၊
ကိုယ့်ဂုဏ်နှိမ့်၏၊
စည်းစိမ့်အရာ၊
သူ့ချမ်းသာ၌၊
ဣဿာမပြု၊
ဝမ်းမြောက်ရှုလော့၊
သူ့ကိုစောင့်မှ၊
သူကကိုယ့်ကို၊
ကြည်ညိုမေတ္တာ၊
စောင့်နိုင်ရာ၏၊

မယာဒေဝ

www.burmeseclassic.com



# မရှိအတု ဘုရားကု

■ မော်တင်သိန်းဇော်ဇ

ဗုဒ္ဓမြတ်စွာဘုရားရှင်တော်မြတ်က "ဓဇဂ္ဂသုတ်တော်"တွင် "တစ်စုံတစ်ရာ ကြောက်မက်ဖွယ်ဘေးရန် ကြုံလာလျှင် ငါ့ကို အောက်မေ့လိုက်ကြ၊ တလိုက်ကြ။ ငါ့ကိုသတိမရလျှင် တရားဂုဏ်တော်၊ သံဃာဂုဏ်တော်ကို အောက်မေ့ကြ။ ထိတ်လန့်ကြောက်ရွံ့ဖွယ် ဘေးရန်များ ပျောက်ကွယ်သွားလိမ့်မည်"ဟု ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ ကြီးမြတ်၊ ထက်မြက်ပုံများကို ကိုယ်တော်တိုင် ဟောကြားမိန့်ဆိုတော်မူခဲ့ပါသည်။ ဓဇဂ္ဂသုတ်တော်မြတ်လာ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့သည့်အတိုင်း မြတ်စွာဘုရားရှင်ကို အမှူးထား၍ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တော်မြတ်တို့ကို သေတစ်ကံ၊ ရှင်တစ်ကံနယ် အားထား၊ ကိုးစား၊ ဆည်းကပ်၍ တစ်နည်းအားဖြင့် "ဘုရားကု"ခံယူ ခံစား၍ သေလုဆဲဆဲပင်ဖြစ်ရာ အသက်ဘေးနှင့် ရောဂါဝေဒနာဘေးဆိုးကြီးများမှ လွတ်မြောက်သွားရသည့် အနီးကပ် အတွေ့အကြုံဖြစ်ရပ်တစ်ရပ်ကို တင်ပြလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ညအိပ်ရာဝင်ခါနီးအချိန်ခန့် အချိန်မတော်ဝယ် အဝေးနေ တပည့်မတစ်ဦးသည် စွန့်စွန့်စားစားဆိုသလို သောကအပူမီး ဖြာဝေလျက် အပြေးအလွှားပင် ရောက်ရှိလာပါသည်။ ထိုတပည့်မဖြစ်သူသည် စာရေးသူလှမ်းပေးသော ရေကိုပင် လှမ်းယူငင်သောက်ခြင်း မရှိနိုင်။ အမောပင်မပြေဘဲ ခရီးရောက်မဆိုက်ဆိုသလို ထိုင်ထိုင်ချင်းပင် လက်ဆွဲအိတ်ကြီးထဲက မွေးသက္ကရာဇ်ပါ စာရွက်ခေါက်ကလေးတစ်ခုကို အမြန်အဆန်လှမ်းပေးရင်း…

"ဆရာ…အဖေကတော့ အခြေအနေဆိုးနေပြီ။ မနေ့ကဆိုရင် ရပ်နေရင်း နောက်ကို ရုတ်တရက်ပစ်လဲကျတာ ခေါင်းကွဲပြီး အသက်တောင်ပါသွားတော့မလို့။ တစ်ကိုယ်လုံးလည်း ဖောရောင်နေလို့။ အစာမဝင်၊ ရေမဝင်နဲ့ လျှာတောင်လိပ်နေပြီ။ လေလည်း ဖြန်းနေတယ်။ ရောဂါကတော့ အစုံပဲ။ အဲဒါ ကားလေးဆင့်ပြောင်းစီးပြီး ဆရာ့ဆီရောက်လာတာ။ တွက်ချက်လို့ သက်ကယ်ယတြာတွေ ပေးပါဦး"

လို့ မျက်ရည်စမ်းစမ်းနှင့် ပူပန်စိုးရိမ်စွာနှင့် ပြောလာပါသည်။ သူမ၏ ဖခင်ကြီးမှာ အသက် ၇၀ ကျော်၊ ၈၀ အတွင်းပင်ရှိကာ အိုမင်းပြီဖြစ်ပြီး၊ တရားစခန်းသို့ ရက်ရှည်ဝင်လိုက်၊ ရဟန်းဘဝ ကူးပြောင်းဝင်လိုက်နှင့် ဘာသာရေးကို အထူးအားထုတ်လိုက်စား ကျင့်ကြံနေသည့် ဘာသာရေးနှင့် တရားသမားကြီးတစ်ဦး ဖြစ်ပါသည်။ ယခုလည်း ရဟန်းဘဝနှင့် တရားအားထုတ်နေစဉ် နာမကျန်းဖြစ်ပြီး အလူးအလဲနှင့် အသည်းအသန်ဖြစ်လာ၍ ပြုစုကြရန် ရဟန်းဘဝမှ ထွက်ပြုခိုင်း၍ နေအိမ်သို့ အမြန်ပြန်ခေါ်လာကြခြင်းဖြစ်ပါသည်။ သူမ၏ စကားများအဆုံးတွင် စာရေးသူသည် ဓဇဂ္ဂ သုတ်တော်မြတ်လာ ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားမိန့်ဆိုတော်မူရာကို အာရုံဝင်စား ဆင်ခြင်မှတ်ယူမိ၍ သူမအား

"ကဲ…သမီး၊ တွက်လို့ ယတြာလည်းပြုတာလည်း ပြု၊ ဆေးခန်းပြလို့ ဆေးကျွေးဆေးကုတာလည်း ကုပေါ့။ သမီးပြောတဲ့ အခြေအနေအတိုင်းဆိုရင် အိုမင်းမစွမ်း၊ သေတစ်ကံ ရှင်တစ်ကံသဘော၊ မီးစာကုန် ဆီခန်း နောက်ဆုံးအခြေအနေနဲ့ အဆင့်သဘောမျိုး ဖခင်ကြီးက ဖြစ်နေပြီ။ နောက်ဆုံးအနေနဲ့ ဘုရားက ကုဖို့သာ ရှိတော့တာ။ ဒီလိုလုပ်၊ အိမ်ရောက်ရင် အိမ်ရှိဘုရားကျောင်းဆောင်ထဲက မြတ်စွာဘုရားရုပ်ပွားတော်တစ်ဆူကို ခွင့်ပန်လျှောက်ထားပင့်ဖိတ်ပြီး သူ့ခေါင်းရင်းမှာ စားပွဲပေါ်တင်ရှိလို့ ပူဇော်။ သူ့ကို အသိပေးလို့ အဲဒီရုပ်ပွားတော်မြတ်ကို ကြည်ညိုပြီး အာရုံပြုခိုင်း။ ဗုဒ္ဓနုဿတိပေါ့။ တစ်ခါ တရားခွေတွေ မပြတ်ဖွင့်ပေးလို့ နာယူခိုင်း။ ဓမ္မနုဿတိပေါ့။ ပြီးတော့ မနက်တိုင်း ဆွမ်းခံကြွချိန် ဆွမ်းလောင်းချိန်ကျရင်လည်း သူမြင်သာအောင် သူမြင်နိုင်တဲ့နေရာဆီကနေ သံဃာတော်တွေကို ဆွမ်းလောင်းပြ၊ သံဃနုဿတိပေါ့ သမီး။ နောက်ပြီး အဋ္ဌာနမေတံ ဂါထာတော်နဲ့ နမောတောဂါထာတော်တွေကို မပြတ်ရွတ်ပွားပေးပြီး ဆုတောင်းပေး။ ဖယောင်းတိုင်မှာ ရေးသားပြီး ပူဇော်ဆုတောင်းပေး။ သက်ကယ်၊ ခန္ဓာကိုယ်ပွားစွန့် ဘူးတောင်းယတြာလုပ်။ အဲဒါတွေနဲ့ ဒါနကုသိုလ်တွေ အမြန်ကိုယ်စားပြုပေးတော့"

ဟု ပြောကြားလျက် သူမအား အလျင်စလိုပင် တွက်ချက်အကြံပေးအပ်ကာ အမြန်ပင် ပြန်စေပါတော့သည်။ နောက် ၁၀ ရက်ခန့်အကြာတွင် ထိုတပည့်မဖြစ်သူသည် အအေးရည်များ၊ မုန့်များ၊ သီးနံ့နှင့် အစားအသောက်များ တစ်ပုံတစ်ပင်ပါ အထုပ်ကြီးတစ်ထုပ်ကို ဆွဲငင်လျက် ပြုံးရွှင်တက်ကြွစွာနှင့် နေအိမ်ထက်သို့ လှစ်ခနဲပင် တက်ပြုလာကာ စာရေးသူအား…

"ဆရာရေ…ဘုရားကုက စွမ်းလိုက်တာ။ အဖေကောင်းသွားပြီ။ ကျွန်မဘာလုပ်တယ်ထင်သလဲ။ ဆရာအကြံပေးလိုက်တဲ့အတိုင်း ဆရာ့အိမ်ကအပြန် အိမ်ရောက်တော့ ညတွင်းချင်း ချက်ချင်းပဲ ဘုရားစင်ပေါ်က မြတ်စွာဘုရားရုပ်ပွားတော်မြတ်တစ်ဆူကို ခွင့်ပန်လျှောက်ထားပြီး အဖေကြီးရဲ့ ခေါင်းရင်းထက်မှာ စားပွဲပေါ်တင်လို့ ပူဇော်ထားပေးလိုက်တယ်။ အဖေ့ကို အသိပေးလို့ အိပ်ရာပေါ်ကနေပြီး အာရုံပြု ကြည်ညိုစေတယ်။ အဖေကလည်း ဝမ်းတွေသာလို့။ ကြည်ညိုအာရုံပြု ကန်တော့တယ်။ မနက်ကျတော့ ဆရာပြောတဲ့ မြတ်စွာဘုရားရှင်နဲ့ မြတ်စွာဘုရားရှင်ရဲ့ နောက်တော်ပါ ရဟန္တာမထေရ်မြတ်ငါးရာတို့ ဆွမ်းခံကြွချိုပုံတော်မြတ် နှစ်ပုံကို သွားဝယ်ပြီး ခေါင်းရင်းမှာတစ်ပုံကို ချိတ်တယ်။ တစ်ပုံကို ဘေးဘက်ဆီမှာ ချိတ်ဆွဲပြီး အဖေ့ကို ကြည်ညိုအာရုံပြုစေတယ်။ ဆွေမျိုးတော်စပ်တဲ့ သီလရှင်ဆရာကြီးတစ်ပါးကိုလည်း ပင့်ပြီး တရားစာတွေ၊ ပရိတ်တော်တွေ၊ သုတ်တော်မြတ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်နိုင်။ ရွတ်ပွားသရဇ္ဈာယ်နိုင်းတယ်။ အဖေကလည်း နာတယ်။ သံဃာတော်တွေကိုလည်း ပင့်ဖိတ်ပြီး ဆွမ်းကပ်ပါတယ်။ ဆွမ်းလောင်းပါတယ်။ အဖေကလည်း ဝမ်းပန်းတသာနဲ့ ကြည်ညိုသဒ္ဓါတွေ ပွားရှာတယ်။ ဆေးတွေလည်းတိုက်၊ အခြား ဘုရားတောင်းယတြာ စတဲ့ ယတြာတွေလည်း ချေတယ်။ ခု ကောင်းလာလို့ စားနိုင်သောက်နိုင်လို့ အဖေလမ်းတောင် လျှောက်နိုင်ပြီ။ ဒီမုန့်တွေက အဖေစားဖို့ပေါ့။ အဲဒါ အဖေ့သတင်းကောင်းလည်းပေးရင်း ဆရာ့ကိုလည်းကန်တော့ရင်း ကျွန်မဝင်လာတာ။ လာပြောတာ. . .”

ဟု ဝမ်းပန်းတသာ ပြောကြားရင်း ငွေကြေးများပါ စက္ကူအိတ်တစ်အိတ်ကို စာရေးသူစားပွဲပေါ်တွင်၍ ထိုင်ကန်တော့ပြီး နှုတ်ဆက်ကာ အသော့ကလေး ပြန်သွားရှာလေသည်။ ယခုတင်ပြသည့် ဖြစ်အင်မှာ ဖြစ်ရပ်မှန်ပင် ဖြစ်ပါသည်။ ဤဖြစ်ရပ်နည်းတူ အတုလံ အတုမရှိသော မြတ်စွာဘုရားရှင်အား ကိုးစားအားထား၍ “ဘုရားကု ကုသ၍” ဘေးအန္တရာယ်ပေါင်းစုံမှ လွတ်မြောက်ကြရသည့် ပုဂ္ဂိုလ်သာဓကနှင့် ဖြစ်ရပ်များ များစွာရှိပါသည်။ ဘဝလူမှုများအတွက် တန်ခိုးတော်ဂုဏ်ကြီးများစုသော “ဘုရားကု”ကုသနည်းမြတ်၊ နည်းမွန် အမြင့်ဆုံး၊ အမြတ်ဆုံး ဗုဒ္ဓယတြာမြတ်ကို အားထားလက်ကိုင်ပြုကြပါမည့်အကြောင်း အကျိုးမျှော်၍ အကြံပြုတင်ပြအပ်ပါသည်။

**မှတ်ချက်** ။ စာပေ၊ ဩဝါဒလာများနှင့် ကိုယ်တွေ့များအရ. . .

၁။ မြတ်စွာဘုရားရှင်တော်မြတ်နှင့် နောက်တော်ပါ ရဟန္တာအရှင်မြတ်ငါးရာ ပုံတော်မြတ်ကို နေအိမ်မှာဖြစ်စေ၊ ပြင်ပရှိ ရုပ်တုတော်မြတ်များ၌ဖြစ်စေ ကိုးကွယ်ပူဇော်၍ လှူဒါန်းကြပါက အထူးသဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်လိုသူများ၊ စီးပွားပျက်ပြား ထိခိုက်သူများနှင့် မိဘ၊ အကြီးအကဲ စသည့် ကျေးဇူးရှင်များနှင့် မတော်တဆ မလွဲမရှောင်သာဆိုသလို ပဋိပက္ခ ကတောက်ကဆ ဖြစ်ပွားရ၊ ဖြစ်ပွားမိသူများအနေနှင့် အကျိုးရလဒ်ထူးများ ခံစားရတတ်ကြပါသည်။ ဘေးဥပဒ်နှင့် ပြစ်ဒဏ်ကြီးများမှ လျော့ပါးတတ်ကြပါသည်။ နိုင်ငံရပ်ခြားသို့ ထွက်ခွာသွားကြရတတ်ပါသည်။

(၂) “အဋ္ဌာနမေတံ ဂါထာတော်မြတ်”နှင့် “နမောတေ ဂါထာတော်မြတ်”တို့ကို အခါမလပ် ရွတ်ပွားဆောင်သက ဖယောင်းတိုင်တွင်ရေးသား၍ ပူဇော်က ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ သပိတ်ပြားတို့တွင် ရေးသား၍ လက်ဖွဲ့အဆောင်အဖြစ် ဆောင်သက စီးပွားရေး၊ ငွေကြေး၊ ကြွေးမြီ၊ အလုပ်အကိုင်၊ အရောင်းအဝယ်များ ကျဆင်းကျပ်တည်းနေသူများ၊ နာမကျန်းဖြစ်ကာ ဆေးဝါးမတိုးဘဲ နာတာရှည်ရောဂါရှင်များ၊ မေ့မျော၍ သတိလက်လွတ်ဖြစ်နေသူများ၊ အသက်သေဘေး ဥပစ္ဆေဒကံဘေးနှင့် ဘေးအန္တရာယ်အသွယ်သွယ်တို့နှင့် ရင်ဆိုင်နေရသူများအနေနှင့် အသက်သေဘေးနှင့် ဘေးအန္တရာယ်တို့မှ ကင်းလွတ်တတ်ကြပါသည်။ စီးပွားရေး အလုပ်အကိုင်၊ ကြွေးမြီဘေးတို့မှ ကင်းလွတ်တတ်ကြပါသည်။ ကျန်းမာရေးများ ကောင်းတတ်ကြပါသည်။

(၃) ဆေးဝါးမတိုး၊ အစာရေစာမဝင်၊ ယတြာစုံမတိုး သက်လု၊ သက်ကယ် နောက်ဆုံးအဆင့်နှင့် အခြေအနေရှိသူ လူမမာများဆိုက ဘုရားတောင်းထဲတွင် ဆံပင်၊ ခြေသည်း လက်သည်း၊ ဇာတာဟောင်း၊ ဓာတ်ပုံဟောင်း၊ အင်္ကျီ၊ လုံချည်၊ မတ်စေ့တို့ကို ထည့်သို၍ လူမမာဖြစ်သူ၏ ဘုမ္မိကျသင့်ရာ ရေစီးမြစ်၊ ချောင်းရေအလျဉ်တို့တွင် သွားရောက်၍ စွန့်မျောကာ သက်ရှည်ကျန်းမာ နာလန်ထစေကြောင်း ဆုတောင်းက အကျိုးထူးများ ခံစားရတတ်ကြပါသည်ဟု နာယူမှတ်သားသိရှိရပါသည်။

**ဝန်ခံချက်** ။ ဆရာဦးသိန်းလွင်၏ အိမ်တိုင်းအတွက် ဘုရားရှိခိုးအမျိုးမျိုး ကျမ်းမြတ်ပါ အချို့ကို မှီငြမ်းကြောင်း ဝန်ခံအပ်ပါသည်။

**မော်တင်သိန်းဇော်ဇ**





www.burmeseclassic.com

www.burmeseclassic.com



# ဖြည်တွင်းဖြည်ပ

# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

## သောတာပန်ရက္ခစိုး

(၁)

**အရိယာပုဂ္ဂိုလ်များ**

သတ္တလောကဟူသော ၃၁ ဘုံတွင် အပါယ်လေးဘုံသားများ၊ လူ့ဘုံမှ အဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့မှတစ်ပါး တိဟိတ်ပုဂ္ဂိုလ်များ၊ နတ်ပြည်ခြောက်ထပ်မှ နတ်များ၊ ဗြဟ္မာဘုံ ၂၀ မှ ဗြဟ္မာများသည် အရိယာပုဂ္ဂိုလ်တို့၏ သမထဝိပဿနာကျင့်စဉ်များကို ပြည့်စုံလုံလောက်စွာ ဖြည့်ကျင့်ကြပါက ထိုပုဂ္ဂိုလ်များအဖြစ်သို့ ရောက်နိုင်ကြပါသည်။ အရိယာပုဂ္ဂိုလ်ဟူသည်မှာ မဂ်ဖိုလ်တရားထူးများရရှိပြီးသော ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါသည်။

အရိယာပုဂ္ဂိုလ် ရှစ်ယောက်ရှိပါသည်၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ အနာဂါမိမဂ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်ဟူသော မဂ်ပုဂ္ဂိုလ်လေးယောက်။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊ အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်ဟူသော ဖိုလ်ပုဂ္ဂိုလ်လေးယောက် ပေါင်းရှစ်ယောက်တို့ ဖြစ်ကြပါသည်။

www.burmeseclassic.com

## အရိယာပုဂ္ဂိုလ်တို့ပယ်သော ကိလေသာ

ကိလေသာဟူသည်မှာ စိတ်၏ အညစ်အကြေး ဖြစ်ပါသည်။ ကိလေသာ ၁၀ ပါး ရှိပါသည်။ သက်ဆိုင်ရာ ကိလေသာတို့ကို မပယ်သတ်နိုင်ပါက အရိယာပုဂ္ဂိုလ်အဖြစ်သို့ မရောက်နိုင်ပါ။ အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့၏ အဆင့်အလိုက် သက်ဆိုင်ရာ ကိလေသာတို့ကို ပယ်သတ်ကြရပါသည်။ အရိယာပုဂ္ဂိုလ်တို့တွင် မဂ်ပုဂ္ဂိုလ် လေးယောက်တို့သည် သက်ဆိုင်ရာ ကိလေသာတို့ကို မဂ်စိတ်ဖြင့် ပယ်သတ်ဆဲကာလ၌ မဂ်ပုဂ္ဂိုလ်များဟု ခေါ်ရပါသည်။ မဂ်စိတ်ဖြစ်ပြီးနောက် ထိုမဂ်စိတ်၏ အကျိုးဖြစ်သော ဖိုလ်စိတ်များဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် ဖိုလ်ပုဂ္ဂိုလ်များ ဖြစ်သွားပါတော့သည်။

(၁) သောတာပန်ပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ (ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၌ ငါ,ငါ၏ဥစ္စာဟု လွဲမှားစွာ စွဲလမ်းယူဆခြင်း)၊ ဝိစိကိစ္ဆာ (ဘုရား၊ တရား၊ သံဃာ၊ အကျင့်သိက္ခာ၊ သံသရာရှေ့စွန်းနောက်စွန်း ပဋိစ္စသမုပ္ပါဒ်ဟူသော ရှစ်ပါးသောတရား၌ ယုံမှားတွေးတောခြင်း) သီလဗ္ဗတပရာမာသ (မတော်မသင့်သော နွား၊ ခွေး စသော သတ္တဝါတို့၏ ယုတ်နိမ့်သောအကျင့်ဖြင့် သံသရာမှ ထွက်မြောက်ရသည်ဟု သုံးသပ်ယူဆခြင်း) ဤကိလေသာတို့ကို ပယ်သတ်ပြီးဖြစ်သည်။ သောတာပန်ပုဂ္ဂိုလ်သည် အပါယ်လေးဘုံတို့မှ လုံးဝကင်းလွတ်ရသည်။ ကျန် ၂၇ ဘုံတို့တွင် နောက်ထပ် ခုနစ်ဘဝမျှသာ ဖြစ်ရ၍ နိဗ္ဗာန်သို့ ဝင်စံရသည်။

(၂) သကဒါဂါမ်ပုဂ္ဂိုလ်သည် ဩဠာရိက ကာမရာဂ (ရုန့်ရင်းကြမ်းတမ်းသော ကာမဘုံ၌ တပ်မက်ခြင်း) ဗျာပါဒ(စိတ်ဆိုး၊ စိတ်ပြစ်မှားခြင်း)ဟူသော ဒေါသကိလေသာတို့ကို လုံးဝ မပယ်သတ်နိုင်သေးသော်လည်း ခေါင်းပါးအောင် ပြုလုပ်နိုင်၏။ သကဒါဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံ၌ တစ်ကြိမ်မျှသာ ဖြစ်ရ၍ နောက်မဖြစ်တော့ဘဲ ရဟန္တာဖြစ်ကာ နိဗ္ဗာန်ဝင်စံရပါသည်။

(၃) အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒခေါ် ဒေါသကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်၏။ အနာဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံ၌ ထပ်မံ ပဋိသန္ဓေမနေတော့ပေ။ ရဟန္တာဖြစ်ကာ နိဗ္ဗာန်သို့ ရောက်ရသည်။

(၄) ရဟန္တာပုဂ္ဂိုလ်သည် ရူပရာဂ(ရူပဘုံ၌ လိုလားနှစ်သက်ခြင်း)၊ အရူပရာဂ(အရူပဘုံ၌ လိုလားနှစ်သက်ခြင်း)၊ ဥဒ္ဒစ္စ(စိတ်ပျံ့လွင့်ခြင်း)၊ အဝိဇ္ဇာ (တရားမှန်ကို မသိတတ်ခြင်း) မောဟကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်သည် ယခုဘဝမှ ကွယ်လွန်လျှင် နိဗ္ဗာန်သို့ စံဝင်ရပါသည်။

## (၂)
## သောတာပန်ဖြစ်နေသော ရုက္ခစိုးနတ်ကြီး

သစ်ပင်တို့ကို စိုးမိုးအုပ်ချုပ်၍ နတ်တို့၏ ဘုန်းတန်ခိုးနှင့် ပြည့်စုံသော ရုက္ခစိုးနတ်တို့သည် စတုမဟာရာဇ်ဘုံသား နတ်မျိုးတွင် ပါဝင်သည်။ စတုမဟာရာဇ်နတ်ဆိုသည်မှာ နတ်ပြည်ခြောက်ထပ်အပါအဝင် စတုမဟာရာဇ်ဘုံ၌လည်းကောင်း၊ လူ့ဘုံတွင် ရုက္ခစိုး (သစ်ပင်စောင့်နတ်)၊ ဘုမ္မစိုး(မြေစောင့်နတ်)၊ ရေစောင့်နတ်၊ တောစောင့်နတ်၊ မြစ်ချောင်းအင်းအိုင်စောင့်နတ်၊ ပင်လယ်သမုဒ္ဒရာစောင့်နတ်၊ ဝဠာဟက (မိုးတိမ်စောင့်နတ်)၊ ပဇ္ဇုန္န(မိုးနတ်သား)၊ အသုရာပြိတ္တာ စသည်တို့ ပါဝင်သည်။

ဤနေရာတွင် သောတာပန်ဖြစ်နေသော ရုက္ခစိုးနတ်ကြီးတစ်ပါး အကြောင်းကို ဖော်ပြလိုပါသည်။

မုံရွာမြို့မှ အရှေ့ဘက် ၄ မိုင်ခန့် အကွာ မုံရွာအရာတော်ကားလမ်းဘေး မြောက်ဘက်တွင် ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သော ထနောင်းဝန်းအမည်၌ ကျေးရွာကြီးရှိခဲ့ပါသည်။ ထိုရွာ၏ မြောက်ပိုင်းတွင် ရွာတည်စကပင် ရွာသူရွာသားတို့ ကိုးကွယ်ခဲ့ရာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိခဲ့ပါသည်။ ထိုဘုန်းတော်ကြီးကျောင်း၏ ခြံစည်းရိုးတစ်နေရာတွင် ဖျောက်ဆိပ်ပင်ကြီးတစ်ပင် ရှိပါသည်။ ထိုဖျောက်ဆိပ်ပင်ကြီးသည် လူတို့၏ လက်နှစ်ဖက်ခန့် ပင်စည်တုတ်ခိုင်၍ အကိုင်းအခက်၊ အရွက် စသည်တို့ဖြင့် ကြီးမားစည်ပင်လှ၏။ ထိုသစ်ပင်ကြီး၌ အစောင့် ရုက္ခစိုးနတ်မင်းကြီးတစ်ပါး ရှိပါသည်၊ ထိုသစ်ပင်ကြီးမှာ နှစ်ပေါင်း မည်မျှကြာပြီဟု မသိကြပါ။ သောတာပန် ရုက္ခစိုးရှိသည်ဟုလည်း မည်သူမျှ မသိကြပါ။

## (၃)
## ပူးဝင်သတိပေး

လွန်ခဲ့သော နှစ်နှစ်ခန့်က ထိုကျောင်း၏ လက်ရှိကျောင်းထိုင်ဆရာတော်နှင့် ကျောင်းဒါယကာတို့ တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com

ကြ၍ ထိုကျောင်း၏ ဘေးပတ်လည် ကျောင်းဝင်းခြံမှာ ပေါင်းမြင်းနေသည့်အတွက် ပြုပြင်ရန် စီမံကြသည်။ ဆွေးမြည့်နေသော သစ်သားခြံတိုင်များကို ဖယ်ရှား၍ အုတ်တံတိုင်းဖြင့် အစားထိုးရန် စီမံကြသည်။ ဖျောက်ဆိပ်ပင်ကြီးကို ခုတ်လှဲ၍ ရရှိသော ထင်းများဖြင့် အုတ်ဖုတ်ရန် ဆောင်ရွက်ကြသည်။

ကျေးရွာလူကြီးများ၏ အကြံပြုချက်အရ ...

တစ်နေ့တွင် ကျေးရွာထဲမှ စေတနာသဒ္ဓါ ထက်သန်၍ တက်ကြွထက်သန်သူ အားကောင်းမောင်းသန် လူလတ်၊ လူငယ်တစ်စုသည် ထိုဖျောက်ဆိပ်ပင်ကြီး၏ အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းကြသည်။ ပင်စည်ကြီးကိုလည်း ပုဆိန်၊ လွှ၊ ဓားတို့ဖြင့် ခုတ်ဖြတ်တိုက်လှဲပစ်ကြသည်။

ထိုဖျောက်ဆိပ်ပင်ကြီး ခုတ်လှဲပြီးနောက် လူလတ်၊ လူငယ်တစ်စုသည် ဖရုပ်တစ်ခုပေါ်တွင် ခေတ္တအနားယူ၍ မုန့်ပဲသရေစာနှင့် လက်ဖက်ရည်ကြမ်း သောက်နေကြသည်။ ထိုစဉ် ရုတ်တရက် သူတို့ထဲမှ ခေါင်းဆောင်ဖြစ်သူ လူတစ်ယောက်သည် အမူအရာ မငြိမ်မသက် ယိမ်းယိုင်ထိုးကာ ကယောင်ကတမ်း စကားတွေ ပြောဆိုလာသည်။ ရုတ်တရက် ထိုင်ရာမှ ထခုန်လိုက်သည်။ ပါးစပ်မှလည်း 'တဟီးဟီး'ဖြင့် အသံထွက်ကာ အော်ဟစ်ကြိမ်းမောင်းတော့သည်။ တစ်စုံတစ်ယောက် ဝင်ရောက်ပူးခြင်းပင်တည်း။

"ဟေ့ .. အယုတ်တမာကောင်တွေ။ ငါဟာ ဒီသစ်ပင်စောင့် ရုက္ခစိုးနတ်ကြီးဟေ့။ ငါဟာ သောတာပန်တစ်ဦး ဖြစ်နေလို့ပေါ့နော်။ ငါ့စိတ်ကို တော်တော်ထိန်းထားရတယ်ဟေ့။ ငါ့သစ်ပင်ကို ခုတ်လှဲသူတွေကို ဒုက္ခအမျိုးမျိုးရအောင် လုပ်နိုင်တဲ့ တန်ခိုးသတ္တိတွေ ငါ့မှာရှိတယ်။ ဒါကို နင်တို့မသိကြဘူး။ ငါ့ကို ကြိုတင်မပန်ကြားဘဲ ငါ့သစ်ပင်ကို မတရားခုတ်လှဲလိုက်ကြတယ်။ ဒါကောင်းသလား။ ငါဟာ သောတာပန်ဖြစ်နေလို့ ဒေါသကို တော်တော်ထိန်းထားရတယ်။ ငါဟာ ဒီသစ်ပင်မှာ နှစ်ပေါင်း သုံးရာကျော်ပြီ။ ငါ့နေရာ သစ်ပင်အတွက် အခြားသစ်ပင်တွေကို အမြန်စိုက်ပေးကြဟေ့"

မကြာမီ သစ်ပင်စောင့်နတ် ရုက္ခစိုးကြီး၏ဝိညာဉ် ခေါင်းဆောင်လူငယ်ကိုယ်ထဲမှ ထွက်သွားခဲ့သည်။

(၄)

## ဝန်ချတောင်းပန်

ကျေးရွာလူကြီးများနှင့် သစ်ပင်ခုတ်လှဲကြသူတို့သည် ထိုဖြစ်ရပ်အတွက် စိတ်မကောင်းဖြစ်ကြရသည်။ သစ်ပင်ခုတ်လှဲခြင်းအတွက် နောင်တရကြသည်။

နောက်တစ်နေ့တွင် ငှက်ပျော၊ အုန်းသီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် လာရောက်ကြ၍ လေးလေးစားစား ပူဇော်တောင်းပန်ကြသည်။

"အရှင်ရုက္ခစိုးနတ်မင်းကြီး ခင်ဗျား။ မသိမှားကြတဲ့ လူငယ်များဖြစ်ကြတဲ့ ကျွန်တော်တို့ကို သည်းခံခွင့်လွှတ်တော်မူပါ။ ကျွန်တော်တို့ဟာ မသိနားမလည်လို့ ဖြစ်ပါတယ်။ သည်းခံခွင့်လွှတ်ပေးတော်မူပါ။ ကျွန်တော်တို့ ရည်ရွယ်ချက်ကောင်းကောင်း ထားကြပါတယ်။ ကျွန်တော်တို့ ဘုန်းကြီးကျောင်းဝင်းခြံကို အုတ်တံတိုင်းကာရံဖို့အတွက် အုတ်ဖုတ်ကြမှာပါ။ ကုသိုလ်ကောင်းမှု ပြုကြမှာပါ။ အုတ်တံတိုင်း တည်ဆောက်ပြီးနောက် စေတီတော်ကိုလည်း ပြုပြင်တည်ဆောက်ကြမှာပါ။ အုတ်တံတိုင်းနဲ့ စေတီတော်တွေကို ပြုပြင်ပြီး အသင်ရုက္ခစိုးနတ်မင်းကြီးကိုလည်း ကုသိုလ်အဖို့ အမျှပေးဝေကြမှာပါ"

ဟု ဆိုကာ ရုက္ခစိုးနတ်မင်းကြီးကို ရှိရှိသေသေ ဦးတိုက်တောင်းပန်ကြသည်။

ထို့နောက် ရုက္ခစိုးနတ်မင်းကြီး ပူးဝင်စဉ်က မှာကြားထားသည့်အတိုင်း ခုတ်လှဲလိုက်သော ဖျောက်ဆိပ်ပင်ကြီး အနီးတွင် ကုက္ကိုပင်၊ မန်ကျည်းပင်၊ ပိန္နဲပင်၊ သရက်ပင် စသော သစ်ပင်တို့ကို စိုက်ပျိုးကြပါသည်။ ယခုအခါ ထိုအစားထိုးစိုက်ပျိုးပေးထားသော သစ်ပင်တို့မှာ အတော်ကြီးထွားနေပါပြီ။ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။ ရုက္ခစိုးနတ်မင်းကြီးလည်း ကျေနပ်သွားဖွယ်ရှိပါသည်။

ဤအဖြစ်အပျက်အရ သစ်ကြီးဝါးကြီးများကို ခုတ်လှဲလိုသူတွေအတွက် သတိပြု သင်ခန်းစာယူသင့်ကြောင်း တင်ပြရခြင်း ဖြစ်ပါသည်။ ပြည်တွင်းဝိညာဉ်လောက ယုံကြည်ချက်တစ်ခု ဖြစ်ပါသည်။

(ဝန်ခံချက် ။ ထနောင်းဝန်းရွာဇာတိ နိုင်ငံတော်ပဟိုဝန်ဆောင် ဆရာတော်ကြီးတစ်ပါး၏ ပြောပြချက်ကို အခြေတည်၍ ရေးသားခြင်းဖြစ်ပါသည်။)

လှတိုး-စိတ်ပညာ



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်ရှောင်ရန်နှင့်သတိပြုရန်အချက်များ

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ လုပ်နိုင်ပါသည်။ တောအမဲလိုက်၊ သားကောင်ဖမ်းနိုင်၏။ သင် ကံကောင်းနေပါလိမ့်မည်။ စေ့စပ်နိုင်၏။ ခရီးသွားနိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း လက်ထပ်ခြင်း မပြုသင့်ပေ။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကိုရှောင်ပါ။ လှေသင်္ဘော မစီးရ။ ခရီးဝေး မသွားရ။ ငွေထုတ်ချေးခြင်းလုပ်ငန်း မလုပ်သင့်ပေ။ အလိမ်ခံရပါလိမ့်မည်။ သတိထားပါလေ။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ငွေထုတ်ချေးနိုင်၏။ စိုက်ပျိုးရေးလုပ်ငန်းလုပ်လျှင် အကျိုးပေးပါလိမ့်မည်။ နိုဝင်ဘာလ ၂ ရက်နေ့နှင့် ၁၄ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

အခန်း၊ ခုတင်နေရာ မချသင့်ပေ။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ ခဏခေတ္တရှောင်ရှားပါ။ မရှောင်ရှား မရွှေ့ဆိုင်းနိုင်ပါက အကျိုးယုတ်ရပါလိမ့်မည်။

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်) ■



www.burmeseclassic.com

www.burmeseclassic.com

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်ကံနိမ့်နေရှာ၏။ စီးပွားရေးလုပ်ငန်း ခဏရပ်နားသင့်၏။ ကုသိုလ်ကောင်းမှု အလှူအတန်း များများလုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ဖို့ ခဏခေတ္တ ဆိုင်းထားပါ။ အရှုံးပေါ်တတ်သည်။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ရွှေ့ဆိုင်းထားပါ။ ဖွတ်မလုပ်ရ။ ပြဿနာတက်လိမ့်မည်။ ခရီးမထွက်ရ။ ဘေးအန္တရာယ်များ၏။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲလုပ်လျှင် အကျိုးထူးခြားမှု ရှိပါလိမ့်မည်၊ ဘာသာရေးလုပ်ငန်း တက်ကြွစွာဆောင်ရွက်ပါ။ ကုသိုလ်ကောင်းမှု အလှူအတန်း များများလုပ်ပေးပါ။ ပိုမိုကံကောင်းလာပါလိမ့်မည်၊ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ဈေးဆိုင်သစ် မတည်ရ။ မဖွင့်ရ။ အရှုံးပေါ်တတ်၏။ ရောင်းဝယ်ဖောက်ကားမှုကိုလည်း ခဏခေတ္တရွှေ့ဆိုင်းရပ်နားထားသင့်ပါသည်။ ခရီးထွက်နိုင်ပါသော်လည်း ဝေးကြောင်းခရီးကို ရှောင်ပါလေ။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်၏ကံကြမ္မာ ညှိုးနွမ်းနေရှာသဖြင့် စီးပွားရေးလုပ်ငန်း ခဏခေတ္တ ရပ်နားထားပေးပါလေ။ ဘာသာရေး၊ ကုသိုလ်ကောင်းမှုများ လုပ်ပေးပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ စေ့စပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်း လက်မထပ်သင့်သေးပါ။ ပြဿနာတက်မည်။ ခရီးမထွက်သင့်။ အိမ်ရာမပြောင်းရွှေ့ရ။ ခိုက်တတ်၏။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်ယခုလ ကံကြမ္မာညံ့နေသေးပါသည်။ ဘာသာရေးနှင့် ကုသိုလ်ကောင်းမှုအလုပ်ကိုသာ ဆက်လက်ဖောက်ချ လုပ်ကိုင်သင့်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ ခရီးထွက်ခြင်း၊ အလုပ်နှင့် အိမ်ရာ ပြောင်းရွှေ့ခြင်း အားလုံး ခေတ္တရပ်နားရွှေ့ဆိုင်းသင့်၏။ ထို့ပြင် ရေတွင်း၊ ရေကန်တူးဖော်ခြင်း၊ ရောမြောင်းဖောက်ခြင်း မပြုလုပ်ရ။ လာဘ်တိတ်၏။ ခိုက်တတ်၏။ သတိနှင့်ဆင်ခြင်ပါလေ။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

တောအမဲ လိုက်နိုင်၏။ သားကောင်ဖမ်းနိုင်၏။ ငါးဖမ်းနိုင်၏။ ငါးဒိုင်၊ ငါးအရောင်းအဝယ်လုပ်ငန်း လုပ်လျှင် ကောင်းမည်။ အကျိုးပေးပါလိမ့်မည်၊ ပိုက်ကွန်ရက်လုပ်ငန်းလည်း ကိုက်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

အလုပ်နှင့်အိမ်ရာ မပြောင်းရွှေ့ရ။ အကျိုးပေးမည်မဟုတ်ပေ။ ထို့ပြင် အထည်ချုပ်လုပ်ငန်းနှင့် လိုင်စင်ခံငွေချေးခြင်း (အပေါင်ခံခြင်း)လုပ်ငန်း မလုပ်ကြရ။ ပြဿနာတက်လိမ့်မည်။ သတိထားပါ။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်ပါသည်။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ပြုနိုင်၏။ နိုဝင်ဘာလ ၈ ရက်နေ့နှင့် ၂၀ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်၏။ ခရီးထွက်နိုင်ပါသည်။ ကူးသန်းရောင်းဝယ်လျှင် အကျိုးပေးပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

က်ပျိုးရေးလုပ်ငန်း၊ လယ်ယာကိုင်းကျွန်း၊ ခြံစိုက်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်း မလုပ်ကြရ။ အကျိုးမပေးပါ။ အရှုံးပေါ်ပါလိမ့်မည်။ သတိနှင့် ဆင်ခြင်ပါလေ။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ လုပ်နိုင်၏။ လက်ထပ်နိုင်၏။ အိမ်ရာပြောင်းရွှေ့သင့်၏။ ခရီးသွားနိုင်ပါသည်။ ဈေးဆိုင်သစ်ဖွင့်နိုင်၊ တည်နိုင်၏။ နိုဝင်ဘာလ ၉ ရက်နေ့နှင့် ၂၁ ရက်နေ့သည် ရက်ကောင်းရက် ဖြစ်ပါသည်။ ကူးသန်းရောင်းဝယ်လျှင် ကိုက်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ရေတွင်း၊ ရေကန် တူးဖော်ခြင်း မပြုရ။ ရေမြောင်းမဖောက်ရ။ ခိုက်တတ်ပါသည်။ နိုင်ငံခြားကုန်သည်မှု မလုပ်သင့်သေး။ အရှုံးပေါ်လိမ့်မည်။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ လုပ်နိုင်၏။ မွေးမြူရေးလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်း လုပ်ပါ။ အကျိုးပေးမည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ နိုဝင်ဘာလ ၁၀ ရက်နေ့နှင့် ၂၂ ရက်နေ့သည် ရက်ကောင်း မင်္ဂလာနေ့ ဖြစ်ပါ သည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်သင့်သေး။ ဘေးအန္တရာယ်များလာပေ၏။ စီးပွားရေးလုပ်ငန်း တည်ထောင်ခြင်း၊ တိုးချဲ့ခြင်း မပြုလုပ်သင့်သေးပါ။ ခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်ဆိုင်းနိုင်ပါက အကျိုးယုတ်ရပါလိမ့်မည်။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိ၏ နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်ပေးပါ။ တံတားခင်း၊ လမ်းခင်းပေးပါ။ ရပ်ရွာမြို့နယ်အကျိုး သယ်ပိုးဆောင်ရွက်ပါ။ မကြာမီ ပိုမိုကောင်းလာပါလိမ့်မည်။ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ လှေသင်္ဘောမစီးရ။ အိမ်ရာနှင့်အလုပ် မပြောင်းရ။ အကျိုးမဲ့ဖြစ်မည်။ လက်မထပ်ရ။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲလုပ်လျှင် အကျိုးရှိမည်။ အထည်ချုပ်လုပ်ငန်းပါ ကိုက်၏။ တောအမဲလိုက်နိုင်၏။ သားကောင်ဖမ်းနိုင်၏။ သင်ကံကောင်းနေပါလိမ့်မည်။ သစ်လုပ်ငန်း၊ သစ်အရောင်းအဝယ်၊ သစ်ဖောင်မျှော ... စသည့်လုပ်ငန်း လုပ်ပါ။ အကျိုးပေးပါလိမ့်မည်။ ထူးခြားမှုရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်ရ။ အလုပ်နှင့်အိမ်ရာ မပြောင်းရွှေ့ရ။ အကျိုးရှိမည် မဟုတ်ပါ။ အခန်း၊ ခုတင်နေရာ မချကောင်း။ ရေတွင်းရေကန် မတူးဖော်ရ။ ရေမြောင်းမဖောက်ရ။ လာဘ်တိတ်၏။ ခိုက်တတ်၏။ အထူးသတိထားပါ။ ဆင်ခြင်ပါလေ။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ
၂၀၁၃ ခုနှစ်၊
**Hong Kong (China)**





www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး မိုဒူးပိုက်ဆံ ၏

# ၂၀၁၃ ခု၊ မြွေနှစ်အဟော (အောက်တိုဘာလ)

ဦးတိုး(တက္ကသိုလ်)

> ဆယ့်နှစ်လရာသီခွင် သတ်မှတ်ချက်သည် အနောက်တိုင်းနှင့်မတူသဖြင့် မိမိ၏မွေးသက္ကရာဇ်နှင့် တိုက်ဆိုင်၍ အဟောကို ဖတ်ရှုစေလိုပါသည်။

**မကာရရာသီဖွား(ဆိတ်ရုပ်)**

**(ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၂ ရက်)**

ယခုလတွင် သင်ကံဆိုးနေမည်။ ထို့ကြောင့် ဝိပဿနာတရားထိုင်ရန် အကြံပြုလိုပါသည်။ အားကစားပြိုင်ပွဲတစ်ခုမှ နုတ်ထွက်လိုက်ခြင်းသည် ချင့်ချိန်အမြော်အမြင်ရှိမှု ဖြစ်ပေသည်။

**ကုံရာသီဖွား(ရေထမ်းယောက်ျားရုပ်)**

**(ဖေဖော်ဝါရီလ ၁၃ ရက် မှ မတ်လ ၁၄ ရက်)**

ယခုကာလတွင် ပြောင်းရွှေ့ရကိန်းကြုံမည်။ ပစ္စည်းတစ်ခုကို စတင်၍ ဈေးကွက်တင်ရမည်။ သင့်တွင် သူဌေးသစ်တစ်ဦးရှိလာပြီး တာဝန်သစ်များကို ထမ်းဆောင်ရမည်။ အချစ်သစ်နှင့် ချစ်ရည်မျှရန် ဖြစ်ပေါ်မလာနိုင်သေးပေ။

**မိန်ရာသီဖွား(ငါးနှစ်ကောင်ရုပ်)**

**(မတ်လ ၁၅ ရက် မှ ဧပြီလ ၁၂ ရက်)**

ယခုလတွင် သင်ကံကောင်းနေမည် ဖြစ်သည်။ အရောင်းရည်မှန်းချက်များ အောင်မြင်မည်။ ခရီးသွားခြင်း၊ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်း အောင်မြင်လိမ့်မည်။ သို့သော်လည်း သင်၏ ချစ်မေတ္တာရေးမှာ အလားအလာကောင်းမည် မဟုတ်သေးပေ။ သင်သည် အထီးကျန်မှုကို ခံစားနေရမည်။

**မိဿရာသီဖွား(သိုးထီးရုပ်)**

**(ဧပြီလ ၁၃ ရက် မှ မေလ ၁၃ ရက်)**

သင်သည် ယခုလတွင် ချီးကျူးဂုဏ်ပြုခြင်း ခံရမည်။ သင်၏ဆောင်ရွက်နိုင်မှုအတွက် ဆုရရှိမည်။ ရာထူးတက်ကိန်းရှိသည်။ ပိုင်ဆိုင်ထားသောပစ္စည်း ရောင်းချရခြင်း၊ အကြွေးပေးထားခြင်းမှ ညှိနှိုင်းရရှိခြင်း၊ အစုပေါ်အမြတ်များမှ ငွေအမြောက်အမြား လက်ခံရရှိပါမည်။ သင်မျှော်လင့်ထားသည်ထက်ပင် ခရီးသွားခြင်းဖြင့် ရလဒ်ကောင်းများ ရှိနေပေသည်။

**ပြိဿရာသီဖွား(နွားလားဥသဘရုပ်)**

**(မေလ ၁၄ ရက် မှ ဇွန်လ ၁၄ ရက်)**

ယခုကာလတွင် စိတ်ပျက်စရာများချည်းသာ ကြုံတွေ့နေရမည်။ ချိန်းဆိုထားခြင်းများလည်း ဖြစ်မြောက်လာမည် မဟုတ်ပေ။ အရောင်းထိုင်းနေဦးမည်။ သို့မဟုတ် ချေးငှားထားသည့် ဘဏ်ချေးငွေများလည်း ရရှိမည် မဟုတ်သေးပေ။ စီမံချက်တစ်ခု စတင်ခြင်း၊ သို့မဟုတ် ထုတ်ကုန်ကြော်ငြာခြင်းတို့တွင် ထင်မြင်ယူဆထားသဖြင့် ပြည်သူ၏ အာရုံစိုက်မှုကို ရရှိမည် မဟုတ်ပေ။ ထို့ပြင် သင်၏ ချစ်မေတ္တာရေးမှာလည်း အရေးကြီးသော အစိတ်အပိုင်းများသို့ ရောက်ရှိနေသည့်တိုင်အောင် ရွေးချယ်ရန် စဉ်းစားနေရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

### မေထုန်ရာသီဖွား-အမြွာရုပ်
### (ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၆ ရက်)

ယခုလတွင် သင်သည် စိတ်ရောကိုယ်ပါ ထောင်းထောင်းကြေနေပါလိမ့်မည်။ တရားပြိုင်ရမှုတစ်ရပ်တွင် သင်ရှုံးနိမ့်သွားခဲ့၍ စိတ်အနှောင့်အယှက်ဖြစ်စေမည် ဖြစ်သော်လည်း ဤသည်တို့က သင့်အား စိတ်ဓာတ်ကျစေမည် မဟုတ်ပါ။

### ကရကဋ်ရာသီဖွား(ပုစွန်လုံးရုပ်)
### (ဇူလိုင်လ ၁၇ ရက် မှ ဩဂုတ်လ ၁၆ ရက်)

သင်၏ မျှော်လင့်ထားချက်များ ပျောက်ဆုံးနေတတ်သည်။ ညှိနှိုင်းရမှုများ ယှဉ်ပြိုင်ရမှုတစ်ရပ်၊ သို့မဟုတ် အရွေးအချယ်ခံခြင်း တစ်ခုတို့တွင် စိတ်ကျေနပ်ဖွယ်ရာ ဖြစ်ပေါ်လာမည် မဟုတ်ပေ။ သင်သည် စကားပြောဆိုရခြင်းများ၊ သို့မဟုတ် အရွေးအချယ်ခံခြင်းတို့တွင် ရလဒ်မကောင်းသဖြင့် စိတ်ညစ်ရပေလိမ့်မည်။

### သိဟ်ရာသီဖွား(ခြင်္သေ့ရုပ်)
### (ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၆ ရက်)

သင်သည် အချိန်မလောက်သဖြင့် ကြိုးပမ်းလုပ်ကိုင်နေရပါလိမ့်မည်။ သင်၏လုပ်ငန်းခွင်တွင် နေရာချင်းဖလှယ်ရခြင်းနှင့် တွေ့ကြုံရတတ်သည်၊ သို့မဟုတ် သင်အလုပ်အကိုင် ပြောင်းရမည်။

### ကန်ရာသီဖွား(အပျိုစင်ရုပ်)
### (စက်တင်ဘာလ ၁၇ ရက် မှ အောက်တိုဘာလ ၁၆ ရက်)

ယခုလတွင် သင်၏ကံကြမ္မာသည် ဝင်းပတောက်ပြောင်နေပါလိမ့်မည်။ ခရီးသွားခြင်း၊ စီးပွားရေးလုပ်ငန်းသဘောတူညီမှုများ ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းတိုးချဲ့ခြင်း၊ အိမ်တစ်လုံးဝယ်ခြင်း၊ သို့မဟုတ် စိုက်ပျိုးမွေးမြူရေးတစ်ရပ် ဆောင်ရွက်ရန် စီစဉ်ခြင်းတို့တွင် ကောင်း၍အောင်မြင်သောရလဒ်များ ပေးပါလိမ့်မည်။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံထားမှုများမှနေ၍ ငွေအမြောက်အမြား ဝင်လာမည်။ သို့သော်ငြားလည်း သင့်ခန္ဓာကိုယ်ပေါ်မှ အရည်ပြည်တည်နေသော အိတ်ကို ခွဲစိတ်ထုတ်ယူရမည်။ ယခုကာလတွင် ပူးတွဲ၊ တွဲဖက်၍ ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်ကို ရွှေ့ဆိုင်းထားသင့်ပေသည်။

### တူရာသီဖွား(ချိန်ခွင်ရုပ်)
### (အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၆ ရက်)

ဤအေးမြသော ရာသီဥတုတွင် ကံကောင်းခြင်းများဖြင့် ကောင်းချီးပေးပါလိမ့်မည်။ သင်ရာထူးတက်မည်။ စီးပွားရေးလုပ်ငန်းများ စတင်ရှင်သန်လာမည်။ နှစ်သစ်တွင် လှုပ်ရှားဆောင်ရွက်မှုများ၊ ဆင်ယင်ကျင်းပသည့် ပွဲများအား နွေးထွေးစွာ ကြိုဆိုခြင်း ခံရမည်။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှု၊ မြေကွက်တစ်ကွက်ဝယ်ခြင်း၊ ငွေချွတ်ခြုံကျနေသော စီးပွားရေးလုပ်ငန်းတစ်ခုကို လွှဲပြောင်းယူခြင်း၊ ဆိုင်သစ်တစ်ခုဖွင့်ခြင်းနှင့် ဘဏ်စာရင်း တိုးချဲ့ဖွင့်ခြင်းတို့တွင် ထူးခြားဖွယ်ရာ အောင်မြင်မှု ရရှိမည်။

### ဗြိစ္ဆာရာသီဖွား(ကင်းမြီးကောက်ရုပ်)
### (နိုဝင်ဘာလ ၁၇ ရက် မှ ဒီဇင်ဘာလ ၁၅ ရက်)

အစုပေါ် အမြတ်ခွဲဝေပေးမှု ယခုကာလတွင် သင်တိုးမြှင့်ရရှိမည်။ သင့်အား ဒုတိယနေရာသို့ ရာထူးတက်ပေးလိမ့်မည်။ မျှော်မှန်းထားသည်ထက် အရောင်းဦးတည်ချက်များတွင် အောင်မြင်မှုကို ရရှိမည်။ တစ်နှစ်တာ ကုန်ဆုံးသွား၍ Bonus(ဘောနပ်စ်)ဆုကြေး အထူး ချီးမြှင့်ငွေများ ရရှိမည်။ ချစ်ခြင်းမေတ္တာရေးများ ပွင့်လန်းနေပါလိမ့်မည်။

### ဓနုရာသီဖွား(လေးစွဲယောက်ျားရုပ်)
### (ဒီဇင်ဘာလ ၁၆ ရက် မှ ဇန်နဝါရီလ ၁၃ ရက်)

တစ်စုံတစ်ရာက သင့်အား ခေါင်းခဲစေပါလိမ့်မည်။ သင်ဆုံးဖြတ်ချက်တစ်ရပ်ချရန် အကန့်အသတ်ဖြင့် ပေးသည့်အချိန်သာ ရရှိနိုင်မည်။ သင့်အား တရားကြောင်းအရစွဲဆိုပါလိမ့်မည်။ တည်ငြိမ်အောင်နေပြီး တစ်စုံတစ်ရာသော အစီအစဉ်များကို ရွှေ့ဆိုင်းပစ်လိုက်ပါ။

**ဦးတိုး(တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

# ဥတ္တရာဘဒြပိုဒ်နက္ခတ်ဖွားများအတွက် ဟောကိန်း

## (နက္ခတ် ၂၆ လုံး၊ လူနက္ခတ်)

ကာလိဒါ့ခ်ျ(မြန်မာပြည်)

### ဥတ္တရာဘဒြပိုဒ်နက္ခတ်

မြန်မာ့နက္ခတ် ၂၇ လုံးရှိသည့်အနက် တစ်လုံးအပါအဝင်ဖြစ်ပြီး၊ ရေခါတ်ကို စိုးမိုးထားသော အာပေါနက္ခတ်ဖြစ်သည်။ လယုသင်္ဂဟာကျမ်းတွင် ၂ လုံး ညောင်စောင်း နောက်ခြေနှစ်ချောင်းသဏ္ဍာန်ဟု ဖွင့်ဆိုထားပြီး၊ အခြားကျမ်းကြီးများ၌မူ ပြုဗ္ဗဘဒြပိုဒ်နက္ခတ်နှင့် တွဲ၍ မယွင်းထပ်တူဟူ၍ ပြဆိုကြကုန်၏။ လင်္ကာအရ ““ပြုဗ္ဗဘဒြပိုဒ်၊ ဥတ္တရာဘဒြပိုဒ်၊ ပေါ်သမိုက်၊ မှတ်လိုက်၊ ညောင်စောင်းလို” ဟူ၍ ဖြစ်လေသည်။ ဥတ္တရာဘဒြပိုဒ်နက္ခတ်သည် ဖထိုင်ခေါ် လေးထောင့်ကြယ်စုထဲမှ အရှေ့ဘက်တွင် လင်းလက်နေသော ကြယ်နှစ်ပွင့်ဖြစ်ပြီး၊ အရှေ့မြောက်စူးစူးထောင့်တွင် တောက်ပနေသော ကြယ်သည် ဒေဝယာနီ၏ ဦးခေါင်းကြယ်ဖြစ်လေ၏။ မိန်ရာသီအိမ်အတွင်း ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၇ ရက်အတွင်း၌ ပါဝင်သော ကောင်းကင်နက္ခတ်နယ်နိမိတ် အပိုင်းအခြားကို ဥတ္တရာဘဒြပိုဒ်နက္ခတ်က ပိုင်ဆိုင်စိုးမိုးထားသောကြောင့် ထိုအာကာသနက္ခတ်ပိုင်နက်ပေါ် စန်းခေါ် ဖိုးရွှေလမင်းကြီး ဖြတ်သန်းသွားနေစဉ် ကြုံဆုံမွေးဖွားလာကြသူများကို ဥတ္တရာဘဒြပိုဒ် စန်းယှဉ်နက္ခတ်ဖွားများ (သို့) နက္ခတ် ၂၆ လုံး၌ ဖွားမြင်သူများဟု ခေါ်ဝေါ်သမုတ်ကြသည်။ သရဖီပန်းတို့ သင်းပျံ့သော မိန်ရာသီဥတ္တရာဘဒြပိုဒ်နက္ခတ်၌ မွေးဖွားကြသော ဥတ္တရာဘဒြပိုဒ်နက္ခတ်ရှင်တို့သည် ဉာဏ်ရည်စူးရှထက်မြက်ပြီး၊ သုတအမြင် ကျယ်ပြန့်၍ အငြင်းအခုံသန်တတ်သည်။ ပါးရည်နပ်ရည် ရှိလိမ့်မည်။ ဘာသာတရား၌ ယုံကြည်သဒ္ဓါကြီးမားတတ်ပြီး၊ ပေးကမ်းစွန့်ကြဲမှု၌ ရက်ရောတတ်ကြသည်။ ပညာရှာဖွေရာတွင် အထုံဝါသနာပါတတ်ကြပြီး ပညာကို ရှေ့တန်းတင်၍ ဘဝကို ပညာနှင့် ထိုးဖောက်အောင်မြင်နိုင်သူများ ဖြစ်ရမည်။ သက်ကြီးပိုင်း၌ နှလုံးရောဂါစွဲကပ်တတ်ပြီး ဥတ္တရာဘဒြပိုဒ်နက္ခတ်သည် ပညာအကျိုးပေး ပညာရေးနက္ခတ်ဖြစ်ပြီး ဤနက္ခတ်နှင့် ယှဉ်၍ မွေးဖွားလာကြသူများ၏ ဘဝပန်းခရီးလမ်း အတက်အကျသည် အောက်ပါအတိုင်း ဖြစ်ရလိမ့်မည်။

### စိတ်ကူးအတွင်းသန္တာန်

ဤနက္ခတ်ရှင်များသည် မိမိတို့၏ လက်ရှိဘဝအနေအထားထက် ပိုမိုတိုးတက်အောင် အမြဲတွေးတော ကြံဆနေတတ်ပြီး ကြိုးစားအားထုတ်လိုကြမည်။ မည်သည့်အခြေအနေမျိုး၌ နေထိုင်ရသည်ဖြစ်စေ အောက်ခြေလွတ်၊ ဘဝင်မြင့်ခြင်းမျိုးမရှိဘဲ အများနှင့် အဆင်ပြေ သဘောကျအောင် ဆက်ဆံပြောဆို နေထိုင်တတ်လိမ့်မည်။ ယဉ်ကျေးချိုသာစွာ ပြောဆိုတတ်ကြသည်မို့ လူချစ်လူခင် ပေါ်များပြီး မိတ်ကောင်းဆွေကောင်း ရံနေတတ်မည်။ မိတ်ဆွေအပေါင်းအသင်းကြောင့် ကောင်းကျိုးဖြစ်ထွန်းနိုင်သူများ ဖြစ်လိမ့်မည်။ အနုပညာဆန်ဆန် ပြောဆိုနေထိုင်တတ်ပြီး၊ ကဗျာဆန်ဆန် ဝတ်ဆင်တတ်၍ ထူးထူးခြားခြား မွမ်းမံပြင်ဆင် ခင်းကျင်းထားသော အိမ်ဂေဟာမျိုး၌ နေထိုင်လိုကြလိမ့်မည်။ လုပထူးဆန်းသော အဖိုးတန်နောက်ဆုံးပေါ်ပစ္စည်းများကို ခုံမင်သုံးစွဲကြသည်။ ငွေကြေးကို မက်မောတတ်ပြီး ငွေရမည့် အလုပ်မျိုးကို မရရအောင် ရှာဖွေလုပ်ကိုင်တတ်ကာ စနစ်တကျ သုံးစွဲတတ်မည်။ ကန့်သတ်မှု၊ ချုပ်ချယ်မှုကင်း၍ လွတ်လွတ်လပ်လပ် လုပ်ကိုင်လှုပ်ရှားလိုကြမည်။ ဩဇာပေးဆရာလုပ်ခြင်းမျိုးကို မုန်းတီးတတ်ကြပြီး နည်းလမ်းပြ အကြံပေးခြင်းမျိုးကိုသာ ပိုမိုလိုလားတတ်မည်။ ဘဝတွင် ပညာကို တန်ဖိုးထားတတ်ကြပြီး အရာရာ၌ ပညာကို ရှေ့တန်းတင်တတ်သော ပညာအဓိကဒဿန စွဲကိုင်ထားတတ်သူများ ဖြစ်ကြသည်။

### အောင်မြင်တိုးတက်ရေး

ဤနက္ခတ်ရှင်များသည် ငွေကြေးရှာဖွေ လွယ်ကူကြသော်လည်း တခမ်းတနား နေထိုင်စားသောက်တတ်သူများ ဖြစ်ကြသည်မို့ ငွေကုန်ကြေးကျ များလိမ့်မည်။ ငွေစာရင်းထဲ၌သာ သူဌေးဖြစ်နေတတ်ပြီး၊ သွားစစ်ကြည့်တော့ စက်မရှိဟူသော ကိန်းမျိုး ဆိုက်နေတတ်သည်။ သူတစ်ပါးကို ငွေပေး၍ လုပ်ခိုင်းရသော အလုပ်မျိုးနှင့် တစ်ပါးသူများ လက်ထဲ လွှဲအပ်



www.burmeseclassic.com

www.burmeseclassic.com

ထားရသော အလုပ်မျိုးကို ရှောင်ရမည်။ မြို့ရွာအကျိုးဆောင်ရွက်ပေးတတ်သူများ ဖြစ်ကြသောကြောင့် ရပ်ထဲရွာထဲ လူခင်လူသိများပြီး၊ ပေါ်ပြူလာဖြစ်ကာ ထိုမှတစ်ဆင့် နာမည်ကြီး၊ နာမည်ကောင်းရ၍ လုပ်ငန်းတိုးတက် အောင်မြင်လိမ့်မည်။ ဥတ္တရာဘဒြပိုဒ်နက္ခတ်ရှင်များသည် တရားမဝင်အလုပ်ထက် တရားဝင်အလုပ်မျိုး၌ ပိုမိုအကျိုးပေးဖြစ်ထွန်းပြီး ကြီးစားနိုင်သလောက် အကျိုးခံစားနိုင်လိမ့်မည်။ ခေတ်မီစက်မှုလုပ်ငန်း၊ နည်းပညာအသုံးပြုရသော တီထွင်ဆန်းသစ်မှုလုပ်ငန်း၊ ဆက်သွယ်ရေးနှင့် သတင်းဖြန့်ချိရေးလုပ်ငန်း၊ ဓာတုဗေဒနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ဗိသုကာလုပ်ငန်း၊ စီမံကိန်းလုပ်ငန်းများနှင့် တက်လမ်းပွင့် အောင်မြင်ကြီးပွားနိုင်လိမ့်မည်။

## အချစ်နှင့် အိမ်ထောင်ရေး

ဥတ္တရာဘဒြပိုဒ်နက္ခတ်ရှင်တို့၏ နှလုံးသားမှ ပေါက်ဖွားလာသော ချစ်ခြင်းမေတ္တာအချစ်သည် မာသည့်အခါ စိန်ထက်မကာ မာကျောတတ်ပြီး၊ ပျော့သည့်အခါ ဖယောင်းကပင် အရှုံးပေးရတတ်သော အချစ်မျိုးဖြစ်လေ၏။ ချစ်သူက မိမိတို့အပေါ် သစ္စာရှိ၍ နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး ချစ်လာလျှင် မိမိတို့ကလည်း ကြင်နာသော နှလုံးသားနှင့် တုံ့ပြန်မေတ္တာမျှတတ်ကြသူများ ဖြစ်ကြသော်လည်း ချစ်သူက မိမိတို့အပေါ် ခါးခါးသီးသီး သစ္စာမဲ့၊ သစ္စာဖောက်လာပါက ဝိညာဉ်ကင်းမဲ့နေသော သံမဏိနှလုံးသားပမာ ကျောခိုင်းသွားတတ်သူများ ဖြစ်ကြလိမ့်မည်။ ပင်ကိုစိတ်ထား မာကျောခက်ထန်သူများ ဖြစ်ကြသည်မို့ ဆုံးဖြတ်ချက်ချပြီးလျှင် ပြင်ရန်ခက်ခဲတတ်ပြီး မေတ္တာပန်းအရိပ်၌ တဒင်္ဂလုတာမလို ထာဝရခိုင်မြဲသော အချစ်မျိုးကိုသာ လိုလားသူများ ဖြစ်မည်။ မည်သို့ပင်ဆိုစေကာမူ အဆုံး၌ စိတ်တူနံ့တူ ဘက်ညီသော အိမ်ထောင်ဖက်မျိုးနှင့် ဖူးစာရေစက်ဆုံရပြီး၊ သာယာသော အိမ်ထောင်ရေးဘဝကို တည်ဆောက်နိုင်လိမ့်မည်။ ပညာရှာရင်း အရွယ်ကြီးမှ အိမ်ထောင်ပြုရသူ ဦးရေ များတတ်ပြီး၊ သားသမီးနည်းတတ်သော်လည်း သားသမီးအကျိုး ခံစားနိုင်မည်။ ဥတ္တရာဘဒြပိုဒ်နက္ခတ်သည် လူနက္ခတ်ဖြစ်သောကြောင့် လူနက္ခတ်တူနှင့် အိမ်ထောင်ပြုလျှင် ရေကန်မှာပွင့်သော ကြာပမာ ပနာတင့်မည်။ အကယ်၍ နက္ခတ်တူမဆုံစည်းနိုင်ပါက နတ်နက္ခတ်ကို ရွေးချယ်သင့်သည်။ ဘီလူးသည် လူကို စားတတ်သောကြောင့် ဘီလူးနက္ခတ်ကို ရှောင်ရှားရပါမည်။

## ပညာရေး

ပညာရေး၌ အထူးကောင်းမည်။ ပညာအကျိုးပေး၍ ပညာဖြင့် ဘဝတက်လမ်းပွင့်၍ အောင်မြင်ကြီးပွားနိုင်သူများ ဖြစ်သည်။ ဤနက္ခတ်ရှင်တို့၏ အားနည်းချက်သည် ပညာသင်ယူနေစဉ် အလုပ်ထဲ စိတ်ဝင်စားတတ်ပြီး လုပ်ငန်းထဲ ရောက်နေပြီးမှ ပညာရေးကို တစ်ဖန် စိတ်ဝင်စားသင်ယူရတတ်သော ဇာတာမျိုးဖြစ်သည်။

## ကျန်းမာရေး

ရောဂါကြီးကြီးမားမား မကပ်နိုင်ပါ။ ရောဂါတစ်ခုခု စွဲကပ်ခံရသော်လည်း အသက်ဘေးရန် မရှိနိုင်ပါ။ နှာစေး၊ ချောင်းဆိုး၊ တုပ်ကွေးဖျား အစရှိသော ရာသီဖြစ် ရောဂါငယ်များသာ ဖြစ်လိမ့်မည်။ သမားမလိုဘဲ ဆေးပြီးတိုနှင့် အလိုလိုပျောက်ကင်းတတ်မည်။ လူပန်း၊ စိတ်ပန်းဖြစ်လျှင် ကျန်းမာရေး ထိခိုက်တတ်သည်မို့ ဆင်ခြင်၍ နေထိုင်ရပါမည်။

## ရှောင်ရန်၊ ဆောင်ရန်

ဥတ္တရာဘဒြပိုဒ်နက္ခတ်ရှင်တို့သည် သူတစ်ပါးကို လွန်လွန်ကဲကဲ ယုံကြည်၍ ငွေကြေး၊ ပစ္စည်းနှင့် အလုပ်များ ကို အပ်နှံထားခြင်းနှင့် အတွေးကမ္ဘာထဲ မျော၍ စိတ်ကူးယဉ်လေထဲတိုက်အိမ်ဆောက်နေတတ်ခြင်းများကို ရှောင်ရှားသင့်သည်။ သံမဏိထည်များကို ဝတ်ဆင်ခြင်းမှ ရှောင်ကြဉ်ရမည်။ မိမိတို့အတွက် ထာဝရဝတ်ဆင်ထားရမည့် ရတနာသည် အပြာရောင်၏ ဝိညာဉ်ဖြစ်သော ပါလဒ္ဓတ္တာကျောက်မျက်ဖြစ်ပြီး၊ ရွှေနှင့်ကွင်းဝတ်ထားလျှင် ကောင်းကျိုးထူးလိမ့်မည်။ လာဘ်ပွင့်ကံကောင်း၍ ဘဝပုံဖော်ပေးမည့် အရောင်များသည် အလင်းလုပ်စုဝင် အရောင်များဖြစ်သော ရွှေရောင်၊ လိမ္မော်ရောင်နှင့် ပန်းရောင်များဖြစ်သည်။ ကျန်းမာရေး၊ စီးပွားရေးညံ့လျှင်၊ အလုပ်အကြံအစည် မကောင်းလျှင်၊ ခရီးလမ်းပန်း အနှောင့်အယှက်ကြုံရလျှင် ရေအရှင်တွင် ငါးသက်စေ့ ဘေးမဲ့လွှတ်ပေး၍ တနင်္ဂနွေဘုရား၌ မွှေးနံ့ပန်း ကပ်လှူဆုတောင်းလျှင် အညံ့ကင်းရှင်း၍ ကောင်းကျိုးချမ်းသာ ပြည့်စုံစေလိမ့်မည်။ ဤနက္ခတ်ရှင်များသည် အသိပညာ၊ အတတ်ပညာနှင့် အောင်မြင်ကြီးပွားနိုင်သူများ ဖြစ်ကြရပါမည်။


နိဝါတဖြင့် . . .

*ကာလီဒါ့ချ်(မြန်မာပြည်)*



www.burmeseclassic.com

www.burmeseclassic.com



# စဉ်းစားကြပါကုန်

မောင်ပုတ်စည်

တချို့က ဗေဒင်လက္ခဏာကို ယုံကြည်ကြတယ်။ တချို့က အယုံအကြည်မရှိဘူး။ ဘယ့်နှယ်လုပ်မလဲ။ ကောင်းပြီ။ သုံးသပ်ကြည့်ဖို့ အဖြစ်မှန်ကလေးတစ်ခု ပြောပြချင်ပါတယ်။

(ကာယကံရှင်များရဲ့ အမည်များကိုတော့ လွှဲပြောင်းထားပါတယ်။ သိချင်ရင် စာရေးမေးမြန်းနိုင်ပါတယ်။)

မြန်မာနိုင်ငံ လက္ခဏာဗေဒင်ဖခင်ကြီးတစ်ဦး၊ ခေတ်ဟောင်းရုပ်ရှင်မင်းသမီးကြီး၊ စွယ်စုံရ စစ်ဗိုလ်,စာရေးဆရာ,အကယ်ဒမီမင်းသားတစ်ဦး။ စစ်ဗိုလ်စာရေးဆရာက ရုပ်ရှင်ပိုးရှိတယ်။ မင်းသမီးကြီးနဲ့ ခင်မင်တယ်။ ရုပ်ရှင်မင်းသားလုပ်ချင်တယ်လို့ ပြောတယ်။

မင်းသမီးကြီးကလည်း ထုံးစံအတိုင်း အားကိုးရတဲ့ သူ့ဆရာရင်း ဗေဒင်လက္ခဏာကျော်ကြီးနဲ့ တွက်ချက်ကြည့်ဖို့ အကြံပေးတယ်။ သဘောတူတယ်။ ဒါနဲ့ ဆရာကြီးဆီသွားကြတယ်။ ရောက်ကရောဆိုပါတော့။ အကျိုးအကြောင်းပြောပြတော့ ဆရာကြီးက မွေးနေ့သက္ကရာဇ်တွေမေးပြီး



www.burmeseclassic.com

www.burmeseclassic.com

တွက်ချက်တယ်။ ပြီးတော့ . . .

ကဲ . . . ဘာသိချင်သလဲလို့မေးတယ်။ မင်းသမီးကြီးက ဒါ ကျွန်မ မောင်ပါပဲ။ သူက စစ်ဗိုလ်ဟောင်း စာရေးဆရာပါ။ အခု ရုပ်ရှင်မင်းသား လုပ်ချင်လို့ လာမေးတာပါလို့ ပြောတယ်။

ဒီတော့ စစ်ဗိုလ်စာရေးဆရာကလည်း တိုတိုပြတ်ပြတ်ပဲ ပြောတယ်။ အခု ကျွန်တော် ရုပ်ရှင်မင်းသား လုပ်မလို့ပါဆရာ။ အဲဒါ အောင်မြင်မလား၊ မအောင်မြင်ဘူးလား၊ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား အဲဒါတစ်ခုတည်းပဲ သိချင်ပါတယ်၊ အဲဒါပဲ ဟောပါလို့ပြောတယ်။

ဆရာကြီးကလည်း အပြတ်ပဲ။ လုပ်ပါ။ မြေကြီးလက်ခတ်မလွဲ အောင်မြင်မယ်။ ဟိုးဟိုးကျော်ပြီး နာမည်ကြီးမယ်။ ဝက်ဝက်ကွဲအောင် ထွန်းပေါက်မယ်။ အကယ်ဒမီပါရမယ်တဲ့။ ဒါနဲ့ ရုပ်ရှင်စရိုက်တယ်။ ရိုက်ရိုက်ချင်း ဇာတ်ကားကစ အောင်မြင်လိုက်တာ ဆက်တိုက် အကယ်ဒမီရတဲ့အထိပဲ။ အုတ်အော်သောင်းတင်း ကျော်ကြားတယ်။ ဆရာကြီးဟောတာ အားလုံး သွေးထွက်အောင် မှန်တယ်။ ဒါက တစ်ခု။

နောက်တစ်ခု . . . ။

မဂ္ဂဇင်းတွေမှာ ကဗျာလေးတွေ ရေးနေတဲ့ ကဗျာဆရာပေါက်စတစ်ဦး။ ရေးလာရင်း ရေးလာရင်းနဲ့ နာမည်လေးရလာတယ်။ လက်ကလေး တက်လာတယ်။ စကားပြေဝတ္ထုလေးတွေ ရေးတယ်။ ဒီလိုနဲ့ အရှိန်ရလာပြီး လုံးချင်းဝတ္ထုဘက်ကို ကူးလာတယ်။ ကြိုးစားတယ်။ အစဆိုတော့ နည်းနည်း အခက်အခဲတွေ့နေတယ်။

ဒီစာရေးဆရာကလည်း အထက်ကပြောခဲ့တဲ့ ရုပ်ရှင်မင်းသမီးကြီး၊ စစ်ဗိုလ်ဟောင်း စာရေးဆရာ မေးစမ်းတွက်ချက်အောင်မြင်ခဲ့တဲ့ အကြောင်းစုံ သိထားတယ်။ ဒါနဲ့ သူလည်း အကြံရတယ်၊ စောစောက ဗေဒင်လက္ခဏာ အကျော် ဆရာကြီးဆီ သွားမေးတယ်။

ထုံးစံအတိုင်း မွေးနေ့သက္ကရာဇ် မေးမြန်းတွက်ချက်ပြီးတာနဲ့ ဘာသိချင်လဲ မေးတယ်။ အထက်ကအတိုင်းပဲ။ ကျွန်တော် ဘာမှမသိချင်ဘူးဆရာ။ လုံးချင်းဝတ္ထုထုတ်ချင်လို့ အောင်မြင်မလား၊ မအောင်မြင်ဘူးလား ဒါပဲသိချင်ပါတယ်။ ဒါပဲ ဟောပါဆိုတော့ ကလောင်နာမည်မေးတယ်။ သူ့ကလောင်နာမည်ပြောပြတော့ ပြောင်းရမယ်။ ဒီကလောင်နာမည်နဲ့ဆို လုံးဝမအောင်မြင်ဘူးတဲ့။ ဟုတ်ကဲ့ဆိုပြီး သူလည်း စိတ်ဓာတ်အကြီးအကျယ်ကျပြီး ပြန်လာတယ်။ ဘာကြောင့်လဲဆိုတော့ သူကလည်း ဒီကလောင်နာမည်လေးကို အရမ်းကြိုက်ပြီး မနည်းရွေးထားရတာကိုး။ ဝတ္ထုလေးတွေ၊ ကဗျာလေးတွေလည်း ဟော်တော်ရေးပြီးခဲ့ပြီ။ နာမည်ရနေပြီ။ ဘယ်လိုမှ မပြောင်းချင်တော့ဘူး။ ပြင်လို့လည်း မလွယ်တော့ဘူး။

ကြိုးစားပြီး ပြောင်းကြည့်ဖို့ စိတ်ကူးရင်း တစ်ပတ်လောက် အိပ်မပျော်ဘူး။ စိတ်တအားဆင်းရဲနေတယ်၊ ဒါနဲ့ နောက်ဆုံးကျတော့ ဆုံးဖြတ်ရတော့တယ်။ ဟယ် . . . ဖြစ်ချင်ရာဖြစ် ဒီနာမည်နဲ့ပဲ ထုတ်မယ်ဆိုပြီး အဆင်သင့်ဖြစ်နေတဲ့ ပထမဆုံးလုံးချင်းဝတ္ထုကို မျက်စိမှိတ်ပြီး ထုတ်လိုက်တာ တစ်ခါတည်း ပေါက်တာပဲ။ နှစ်ကြိမ်သုံးကြိမ် ရိုက်ရရုံတင်မကဘူး။ ရုပ်ရှင်ရိုက်ဖို့ ရောင်းလိုက်ရတဲ့အထိပဲ။ ဒီကစပြီး နာမည်ရ အောင်မြင်တဲ့ စာရေးဆရာ တန်းဝင်သွားတာ ခုထိပဲ။

ဒီဗေဒင်လက္ခာအကျော်ကြီး ဟောတာပဲ။ ပထမတစ်ဦးတုန်းကတော့ ကွက်တိမှန်ပြီး၊ ဒုတိယတစ်ဦးကျတော့ တက်တက်စင်အောင် လွဲတာ ဘယ်လိုပြောကြမလဲ။

ကြားဖူးတာလေးတစ်ခုတော့ ရှိတယ်။ အမြွှာပူးနှစ်ယောက်ဟို့ ဗေဒင်တွက်ရင် မွေးနေ့က စက္ကန့်ပဲခြားလို့ ဟောစာတမ်းတစ်မျိုးတည်း ဖြစ်နေမှာပေါ့လို့ လက္ခဏာဆရာတစ်ဦးက ပြောတယ်။ ဗေဒင်ဆရာကလည်း သူရှုံးလို့ပြောတာ၊ နားမလည် ပါးမလည်နဲ့လို့ ပြန်ပြောတယ်။

ဗေဒင်မှာ ရန်ကုန်မှာ နံနက် ၉း၀၀ နာရီမွေးတဲ့လူနဲ့၊ မန္တလေးမှာ နံနက် ၉း၀၀ နာရီမွေးတဲ့လူချင်း မတူဘူး။ လတ္တီတွဒ်၊ လောင်ဂျီတွဒ်၊ ဂြိုဟ်မွှန်းတည့်တာချင်း မတူဘူး။ တစ်ဒီဂရီ တွက်တာလွဲရင် ၉ နှစ်လွဲတယ်။ လူတစ်ယောက်ရဲ့ မွေးနေ့ကို ပဒ်၊ ဗီဇနာ၊ စက္ကန့်၊ မွေးရာဒေသ အတိအကျမစစ်ဘဲ တွက်ရုံနဲ့ ဘယ်မှန်မလဲတဲ့။

ဘယ်လိုပဲဖြစ်ဖြစ် . . . ဗေဒင်လက္ခဏာဆိုတာ နက်နဲတဲ့ ပညာရပ်ကြီးတွေပဲ။ အလွယ်လေးပြောလို့တော့ မရဘူးပေါ့။ ဒါကြောင့် လက်ခံသင့်သလား၊ လက်မခံသင့်ဘူးလားဆိုတာတော့ ကဖတ်ပရိသတ်များ စဉ်းစားကြပါကုန်။

မောင်ပုတီးစည်



www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား ၁၉၇၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရှေ့ရေးများကို မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၇၄ ခု၊ ဩဂုတ်လအတွင်း မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့ ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။ ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၇၄)နေ့တွင် ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့် တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို အံ့သြချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)




၂၁ ရာသီ

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

# "ကျားမှန်လျှင် အားသန်ရမည်"

ဝေးတစ်လုံးတက်ခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ လိင်ချောင်းသေးပြီး တိုဝင်ခြင်း၊ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း၊ လှုပ်ရှားရုံသာလှုပ်ရှားပြီး ပျော့နေခြင်း၊ မောပန်းလွယ်ခြင်း၊ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတော့ခြင်း စသည့် အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ)နှင့် မျက်စိဝေခြင်း၊ ခါးတောင့်တင်းခြင်း၊ ခါးနာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ စအိုပူခြင်း၊ ဝမ်းသွားသည့်အခါ သွေးပါခြင်း၊ ခါး,ခြေဆစ်,လက်ဆစ် ကိုက်ခဲခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့် ရောဂါရှင်များအတွက် ဆေးကုသက် (၄၅)နှစ်ကျော် ကုသ၍အောင်မြင်နေသော မြန်မာ့နန်းတွင်းအကြောပညာရှင် နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့် (တဆ-၀၁၂၇၄) နှင့် သား ဆရာဦးစိုးမော် (တဆ-၀၂၆၁၁)တို့က အကြောပညာ၊ ဆေးပညာဖြင့် အထူးကုသပေးနေပါပြီ။

## ပြည်ခိုး တိုင်းရင်းအထူးကုဆေးခန်း

အမှတ်(၁)၊ ရှင်ဥပဂုတ္တကျောင်းတော်အနီး၊ တောင်ဘက်မုခ်၊
ကျိုက္ကဆံဘုရားဝင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိခ်၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည့်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည့်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည့်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ခြင်း၊ ချမ်းသာခြင်းတွေနဲ့ ပြည့်စုံမယ့် အချိန်ဖြစ်ပါတယ်။ ငွေတွေလည်း ဟိုမှ ဒီမှ ဝင်လာတတ်ပါတယ်။ ယခုကာလအတွင်း အဖက်ဖက်မှ စိတ်ချမ်းသာစရာများ ကြုံတွေ့ရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလှူအတန်းများ၊ မင်္ဂလာပွဲများ စီစဉ်ပေးရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာလိမ့်မယ်။ အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ လုပ်သမျှ အောင်မြင်နေမယ်။ ငွေနှင့်ပတ်သက်ပြီး အခက်အခဲ မရှိပါ။ အိမ်ထောင်ရှိတဲ့သူများ အနည်းငယ် ဂရုစိုက်ပါ။ အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တက်တယ်။ အိမ်ထောင်ရေး အရှုပ်အရှင်းတွေ ဖြစ်တတ်တယ်။ အပျို၊ လူပျိုတွေအဖို့ အစွပ်အစွဲ အပြောအဆို ခံရတတ်ပါတယ်။ အင်္ဂါနာမည်၊ သောကြာနာမည်နှင့်စသော အမည်ရှင်တွေ ဂရုစိုက်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ငွေရှာရလွယ်ကူပေမယ့် စုဆောင်း၍ မရ။ ငွေဝင်လျှင် ကိုင်မထားရ။ ရွှေဝယ်ထားပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား အစားမှား ဖြစ်တတ်တယ်။ ရုတ်တရက် သွေးတိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မြတ်စွာဘုရားရုပ်ပွားတော်၏ ဦးခေါင်းတော်ကို ရွှေသက်န်းကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်းများ ပြုလုပ်ပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၄၂

### အထူးသတိပြုရန်

အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ စာအုပ်စာတမ်းတစ်ခု ရတတ်တယ်။ ဘုရားကိုးဆူ၊ ဘုရားအနေကဇာတင်တဲ့ ဖိတ်စာရရင် သင်သည် ယခုကာလအတွင်း လူမျိုးခြားနဲ့ပတ်သက်တဲ့ ကိစ္စတစ်ခု ကြိမ်းသေပေါက် အောင်မြင်ပါလိမ့်မယ်။ မမျှော်လင့်ဘဲ ပညာရပ်တစ်ခု သင်ကြားရတတ်တယ်။ ထိုပညာရပ်ကလည်း သင့်အတွက် အကျိုးပေးတဲ့ ပညာရပ်ဖြစ်နေမယ်။ မိမိအိမ်မှာသော်လည်းကောင်း၊ အိမ်အနီးအနားမှာသော်လည်းကောင်း ပျားစွဲတဲ့နိမိတ်တွေ့က ဖြေဆိုထားတဲ့ စာမေးပွဲ အောင်မြင်ပါလိမ့်မယ်။ ခြေဝယ်ဖို့ကိစ္စလည်း အဆင်ပြေမယ်။ ယခုကာလအတွင်း တနင်္လာသားသမီး၊ သောကြာသားသမီးတို့နှင့် တွဲလုပ်ရမည့်ကိစ္စရှိလျှင် ကြာသပတေးသားသမီး၊ စနေသားသမီးတို့နှင့် ပြောင်းလုပ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ကျောက်ကပ်နဲ့ အသည်းကို ဂရုစိုက်ပါ။ ရုတ်တရက်ဆီးကျင်၊ ဆီးအောင့် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို ပူးချည်ပြီး လှူပေးပါ။ အညံ့များပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၅၊ ၅၃၊ ၅၇

### အထူးသတိပြုရန်

သွားရင်းလာရင်းနဲ့ ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် သေသောနိမိတ်၊ တစ်စုံတစ်ယောက် သွားကျိုးသည်၊ သွားနာသည် စသောနိမိတ်တွေ့က သင့်အတွက် ညံ့တတ်ပါတယ်။

ယခုကာလအတွင်း သခွားသီး၊ သကြား မစားရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့တိုင်း ဆီထမင်း ဆွမ်းကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စိတ်မောစရာများကြားထဲမှ ပျော်စရာလေးတွေ တွေ့ရတတ်ပါတယ်။ အိုးအိမ်၊ နေရာထိုင်ခင်း အပြောင်းအလဲ လုပ်မယ်ဆိုရင်တော့ ဒီကာလမှာ မလုပ်ပါနဲ့ဦး။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ဘယ်အလုပ်မဆို မိမိကိုယ်ကျိုးအတွက် အဓိက ဦးစားပေးပြီး လုပ်ဆောင်ပါ။ အိုးပိုင်အိမ်ပိုင် ရနိုင်သောကာလ ဖြစ်သောကြောင့် သူတစ်ပါး၏ အိမ်ထောင်ရေးကိစ္စ၊ မင်္ဂလာကိစ္စများတွင် တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ မိမိနေထိုင်ရာ ခြံဝင်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများ ခေတ္တထားခြင်း၊ ဝယ်ယူခြင်း၊ သူတစ်ပါးအိမ်ကို မိမိက တာဝန်ယူ၍ ဆောက်လုပ်ပေးခြင်းများ မပြုလုပ်သင့်ပါ။ မြေကို အကြောင်းပြုပြီး စိတ်ညစ်ရတတ်တယ်။ မြေအဝင် မခံရပါ။ မြေဝင်လျှင် ကြာသပတေးနံ ထုတ်ပစ်ပါ။ ပညာရေးနှင့် ပတ်သက်သောပစ္စည်း လှူဒါန်းပေးပါ။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်လိမ့်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာတော်များ ကြွလာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်လိမ့်မယ်။ သက်ဝတ်ရတနာများ ကျောက်ပြုတ်ထွက်ခြင်း၊ ပျောက်ခြင်း ဖြစ်တတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်ရတတ်တယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ အများ၏ ထောက်ခံမှု ရတတ်တယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ငွေအထုပ်အထည်နှင့် ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်လိမ့်မယ်။ ငွေရခါနီးတွင် ကြွေးဆုံးခြင်း၊ ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွှန့်(၁)ညွှန့်၊ ကံ့ကော်(၁၅)ညွှန့်၊ ဂြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

## ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

## ကံကောင်းသောနံပါတ်

၄၁၊ ၄၆၊ ၆၃၊ ၆၄

## အထူးသတိပြုရန်

ဘုရား၊ ရဟန္တာ ပူဇော်ပွဲနှင့် ပတ်သက်သော အတိတ်နိမိတ်များ ကြုံပါက သင်သည် ကောင်းကျိုးချမ်းသာများ ရရှိနိုင်သဖြင့် ဘုရားအနေကဇာတင်ပွဲများ ပြုလုပ်ပေးသင့်ပါသည်။ ယခုကာလအတွင်း အိမ်မဆောက်နိုင်သေးလျှင် ဘုရားစင်ပြင်ခြင်း၊ ပြုပြင်ခြင်းမျိုး မပြုလုပ်ပါနှင့်။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း သောက်တော်ရေ(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ဆုံးရှုံးသွားတဲ့ ငွေလေးတွေ ပြန်ရတတ်ပါတယ်။ စီးပွားတက်မယ့်အချိန်ဖြစ်တယ်။ မမျှော်လင့်ဘဲ ပညာရပ်တစ်ခု သင်ကြားရတတ်တယ်။ မိမိနေထိုင်သည့်အရပ်ရဲ့ အရှေ့အရပ်မှလည်းကောင်း၊ အနောက်အရပ်မှလည်းကောင်း ငွေများစွာ ဝင်လာတတ်ပါတယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ၊ နတ်တော်လများ ပါဝင်နေရင်တော့ ငွေများစွာ ဝင်လာတတ်ပါတယ်။ ကျန်းမာရေး အနည်းငယ် ညှံ့တတ်ပါတယ်။ ရုတ်တရက် အရိုးအကြောနဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ခဲ့ရင်တော့ အလုံးအကျိတ် ဖြစ်တတ်တယ်။ အထင်အမြင် လွဲမှားခံရတတ်တယ်။ အကျိုးပေးသူကို တိုင်ပင်ပါ။ အိမ်ထောင်မရှိသေးတဲ့သူတွေအဖို့ အိမ်ထောင်ဖက် ရပါလိမ့်မယ်။ တရားတဘောင် ရင်ဆိုင်နေရသူဆိုလျှင် မိမိဘက်က ကြိမ်းသေပေါက် နိုင်ပါလိမ့်မယ်။ မိမိရဲ့ အထက်လူကြီး၊ အတူနေမိသားစုထဲမှ အဘိုး၊ အဘွားများ ကျန်းမာရေး ညှံ့တတ်တယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်တတ်သောကာလ ဖြစ်ပါတယ်။ အမှုထမ်း၊ အရာထမ်းများအဖို့ ရာထူးတက်ခြင်း၊ အခြေအနေ မြင့်မားတိုးတက်ခြင်းများ ကြုံတွေ့ရတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဆီးနှင့်ပတ်သက်သော ဝေဒနာ၊ မျက်စိနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညှံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၃၊ ၂၇၊ ၇၁၊ ၇၂

### အထူးသတိပြုရန်

ယခုကာလတွင် မိမိမျက်စိရှေ့တွင် ကြက်နှစ်ကောင်ခွပ်နေသော နိမိတ်တွေ့ကလည်းကောင်း၊ ရိုးရာနတ်ကနေသော နိမိတ်တွေ့ကလည်းကောင်း ထိထိုးဖြစ်အောင် ထိုးလိုက်ပါ။ စီးပွားရေး အလုပ်အကိုင်များ တည်တံ့အောင်မြင်စေရန် တောင်နံကြီးပင်(သို့မဟုတ်)ကြံပင်ကို စိုက်ထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း တံခွန်(၇)လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နှိဝင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် စိတ်တိုင်းမကျခြင်း၊ လုပ်သမျှ အဆင်မပြေခြင်းမျိုး ဖြစ်နေတတ်တယ်။ ကိုယ်နဲ့ ပေါင်းသင်းနေတဲ့ မိတ်ဆွေတွေကလည်း ကိုယ့်ဆီကနေ ထွက်သွားတတ်တယ်။ ခရီးတွေလည်း ထွက်ရတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း စိတ်ညစ်စရာတွေ ကြားနေရတတ်တယ်။ ဒါကြောင့် ဒီကာလမှာ စိတ်အလိုလိုက်ပြီး စိတ်ထင်ရာ တဖောက်ကန်း မလုပ်သင့်ပါဘူး။ အရာရာကို စိတ်ထိန်းပြီး လောဘ၊ ဒေါသ၊ မာနဂုဏ်တွေ လျှော့လျှင်တော့ ဒုက္ခကြီးကြီးမားမား မတွေ့နိုင်ပါဘူး။ ယခုရောက်ရှိနေတဲ့ ကာလတွင် ကဆုန်၊ ဝါခေါင်နှင့် ပြာသိုလများ ပါဝင်နေပါက သင်သည် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားသင့်ပါ။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ဝန်ထမ်းတွေအဖို့ အလုပ်ပြောင်း၊ နေရာပြောင်းဖို့ မကြိုးစားပါနှင့်ဦး။ ကြိုးစားလျှင်လည်း နေရာကောင်း မရနိုင်ပါဘူး။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူအဖို့လည်း လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ သင်သည် အိမ်မှာနေရတာ မပျော်ဘဲဖြစ်နေမယ်။ မျက်စိရှေ့မှာ တွေ့သမျှ အရာတိုင်းကို စိတ်တိုင်းမကျ ဖြစ်နေမယ်။ သူများအတွက် အာမခံတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါရောပြီး အမှုထဲ ပါတတ်တယ်။ မထင်မှတ်ဘဲနှင့် မြေတစ်ကွက် ဝင်တတ်တယ်။ စပ်တူအရောင်းအဝယ် အကြီးအကျယ် မလုပ်ပါနှင့်ဦး။ အလှူပွဲ၊ မင်္ဂလာပွဲ ကိစ္စများ အထစ်အငေါ့ ကြုံရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေမယ်။ ကျန်းမာရေးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ခန္ဓာကိုယ်မှာ ထိခိုက်ခြင်း၊ ဆေးမှား၊ အစားမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာအစိမ်း(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၅၊ ၅၉၊ ၉၅၊ ၉၉

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေး လုံးဝမသွားရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နို့ထမင်း (၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံရသလောက် အကျိုးမရှိတတ်ဘူး။ နစ်နာခံ၊ အရှုံးပေးပြီး နှလုံးအေးအောင် နေပေမယ့်လည်း ကိုယ့်ကို ဖိနှိပ်တဲ့သူ များနေတတ်တယ်။ လုပ်ငန်းသစ် စပ်တူလုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးတို့နှင့် စပ်တူလုပ်လျှင် အကောင်းဆုံးပါပဲ။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ရည်ရွယ်ထားရင် ဒီကာလဟာ အကောင်းဆုံးပါပဲ။ စက်ပစ္စည်းတွေလည်း ဝင်လာတတ်တယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ အိမ်ငှားကိစ္စ၊ မြေငှားကိစ္စတွေလည်း လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေလည်း ပြုပြင်ရတတ်တယ်။ ပြည်ပခရီးထွက်ဖို့ ကြံရွယ်ထားရင် ကျန်းမာရေးကြောင့် ခရီးစဉ် နောက်ဆုတ်ရတတ်တယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် တပေါင်းလနဲ့ ကဆုန်လများ ပါဝင်နေရင်တော့ မမျှော်လင့်ဘဲ ငွေရတတ်တယ်။ သားသမီး ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိလျှင် အိမ်က ထွက်သွားတတ်တယ်။ ရွှေထည်ပစ္စည်းလည်း ထွက်တတ်တယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကနေ ထွက်တတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည် ရှိလျှင် အိမ်မှာ မမွေးရ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးလျှင် ကောင်းပါသည်။ လေနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်သည်။ ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်တတ်သည်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့် (၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကုက္ကားအဖြူ(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ အင်္ဂါ

**ညံ့သောရက်**

တနင်္လာ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၁၃၊ ၁၅၊ ၃၁၊ ၃၇

**အထူးသတိပြုရန်**

ယခုကာလတွင် လုပ်ငန်းတွေ မတိုးချဲ့ပါနှင့်ဦး။
အမှုဖြစ်က မဖြေရှင်းရပါ။ တတ်နိုင်သလောက် အချိန်ဆွဲထားပါ။
မဖြစ်မနေ ရှင်းရမယ်ဆိုလျှင် အရှုံးပေးလိုက်ပါ။

**ကံကောင်းပြီး လာဘ်ရှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းကို
ဆီဆမ်းဆားဖြူး၍ အုန်းသီးစိတ်တင်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့နေတတ်ပါတယ်။ ကောင်းတာလေးတွေလည်း ဖြစ်ပေါ်လာမှာပါ။ ယခုကာလအတွင်း သင်သည် ရှယ်ယာဝင်ခြင်း၊ စပ်တူအရောင်းအဝယ် လုပ်ခြင်းမျိုး အကြီးအကျယ် မပြုလုပ်သင့်သေးပါ။ မထင်မှတ်တဲ့ခရီးများ၊ မရည်ရွယ်တဲ့ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲတွေ ကြုံရတတ်ပါတယ်။ ငွေကြေးနှင့်ပတ်သက်၍ ငွေပျောက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ထီထိုးဖို့ ကံကောင်းတဲ့ကာလ ဖြစ်ပါတယ်။ ရေတွင်း၊ ရေကန် တူးဖော်သောကိစ္စများ ပြုလုပ်ပါက အောင်မြင်ဖါလိမ့်မယ်။ ယခုကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာပါနှင့်။ သင့်အတွက် ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်ပါတယ်။ အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း ပြုပါက တနင်္ဂနွေသားသမီး အိမ်မှ ထွက်သွားတတ်တယ်။ အိမ်ထောင်ရှိသူဖြစ်ပါက အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်၊ ခါးတို့တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကြက်လျှာ(၈)ခုတို့ကို ပူးချည်ပြီး လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၇၂၊ ၇၃၊ ၃၇

### အထူးသတိပြုရန်

ယခုကာလတွင် အမှုအခင်း မဖြစ်ရန် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း
ထောပတ်ထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အလုပ်ပြောင်းပါက ကောင်းသည့်အချိန် ဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ပြည်ပခရီးဝေး သွားမယ်ဆိုရင်လည်း သွားဖို့လုပ်ပါ။ စပ်တူလုပ်ငန်းများ လုပ်ပါက အောင်မြင်မှု ရတတ်တယ်။ ယခုကာလတွင် အိမ်ထောင်ပြုလျှင် အပျို၊ လူပျို မရတတ်ပါ။ မိသားစုအတွင်း စိတ်ဝမ်းကွဲမှုများကို ရှောင်ရှားပြီး စီးပွားလုပ်ပါက အောင်မြင်သောကာလဖြစ်တယ်။ သွပ်၊ သံ၊ သစ် စသော သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာဖြစ်ရတတ်တယ်။ မြေနှင့် ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။ မြေဝင်လျှင် လက်မခံပါနှင့်ဦး။ ရဟန္တာကိုယ်တော်မြတ်ကြီး ကြွလာပါက လာဘ်ဝင်တတ်တယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေ၊ လက်တို့တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဆေးမှား အစားမှား ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၄

### အထူးသတိပြုရန်

ယခုကာလအတွင်း ကိုယ်ပိုင်ငွေ မဟုတ်သောငွေများ လက်မခံရ။
ကျောက်မျက်ရတနာပဟောင်းများ လက်မခံရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် သောကြာနေ့တိုင်း သစ်သီးဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖွဲ့ဖွဲ့ကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

BURMESE CLASSIC .com

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၁၀

---

## တနင်္ဂနွေသားသမီးများအတွက်

အလုပ်ပြောင်းလုပ်ရခြင်း၊ နေအိမ်ပြောင်းနေရခြင်းနှင့် ကြုံမည်။ စီးပွားရေးနှင့်ပတ်သက်ပြီး အဆင်ပြေမည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ဖက်နှင့် ကတောက်ကဆ ဖြစ်တတ်သည်။ ပျော်ပွဲရွှင်ပွဲများနှင့် ပတ်သက်ပြီး စိတ်ကြားမှုများ ခံရမည်။ မင်္ဂလာသတင်းများ ကြားရမည်။ ယခုကာလအတွင်း ဆိတ်သား မစားရ။ ကံကောင်းသောနေ့မှာ တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့ ဖြစ်သည်။

**ယတြာ**

ကလေးတစ်ဦးကို ချောကလက်တစ်ခု ဝယ်ကျွေးလိုက်ပါ။

---

## တနင်္လာသားသမီးများအတွက်

ခရီးထွက်ရတတ်သည်။ အလုပ်နှင့်ပတ်သက်ပြီး ရာထူးတက်မည်။ သင်တန်းတက်ရန် အဆင်ပြေလိမ့်မည်။ မိတ်ကောင်းဆွေကောင်းများနှင့်တွေ့မည်။ လက်ရှိအလုပ်ထက်ကောင်းသော အလုပ်အကိုင်သို့ပြောင်းရန် အခွင့်အလမ်းပေါ်မည်။ ကံကောင်းသောနေ့မှာ ကြာသပတေးနေ့နှင့် အင်္ဂါနေ့ ဖြစ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပက်(ပ်)စီ အအေးတစ်လုံး ဝယ်တိုက်လိုက်ပါ။

---



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အလုပ်သစ်ပေါ်လာပြီး ၎င်းအလုပ်ကို ပြောင်းလဲလုပ်ရလိမ့်မည်။ သူခိုး, ခိုးခံရတတ်သည်။ သတိပြုပါ။ ပြည်တွင်းပြည်ပ ခရီးသွားရတတ်သည်။ အလုပ်မှာ ကောင်းသော်လည်း ရန်ပေါ်တတ်သည်။ သတိပြုပါ။ ကံကောင်းသောနေ့မှာ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့ ဖြစ်သည်။

**ယတြာ**

သရက်သီးဖျော်ရည်တစ်ဘူးကို အသက်ကြီးသူတစ်ဦးအား လှူပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

ငွေများ အစုလိုက် အပုံလိုက် ဝင်နိုင်သည်။ အလုပ်ပြောင်းလိုစိတ်ပေါ်မည်။ အလုပ်၌ စိတ်မဝင်စားသကဲ့သို့ ဖြစ်မည်။ ဆီးကို အကြောင်းပြု၍ ရောဂါဖြစ်တတ်သည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ရေးကိစ္စ သတိပြုပါ။ ကံကောင်းသောနေ့မှာ တနင်္လာနေ့နှင့် စနေနေ့ ဖြစ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို နက်စ်ကော်ဖီ ဝယ်တိုက်ပါ။

---

## ကြာသပတေးသားသမီးများအတွက်

သူတစ်ပါးအား ပစ္စည်းများ မငှားပါနှင့်။ ငွေမချေးပါနှင့်။ အမှုဖြစ်သူကို အာမခံ မလိုက်ပါနှင့်။ အလုပ်အတွင်း၌ လက်အောက်ငယ်သား ထွက်ပြေးသောကြောင့် ပြဿနာ ဖြေရှင်းရတတ်သည်။ ငွေကျပျောက်တတ်သည်။ ကံကောင်းသောနေ့မှာ စနေနေ့နှင့် ကြာသပတေးနေ့ ဖြစ်သည်။

**ယတြာ**

ထောပတ်ဘူးပေါ်တွင် မိမိဓာတ်ပုံတင်ပြီး ဗီဒိုပေါ်တင်ထားလိုက်ပါ။

BURMESE CLASSIC .com

---

## သောကြာသားသမီးများအတွက်

အလုပ်သစ်၊ နေရာသစ် ပြောင်းလိုစိတ်များ ပေါ်ပေါက်မည်။ မပြောင်းပါနှင့်။ ယခုနေရာသည် ကိုယ့်အတွက် စိတ်ညစ်နေရသော်လည်း နောက်နေရာက ပိုဆိုးလိမ့်မည်။ ငွေလိမ်၊ လူလိမ် သတိထားပါ။ ချစ်သူကြောင့် ဒုက္ခရောက်တတ်သည်။ ကံကောင်းသောနေ့မှာ အင်္ဂါနေ့နှင့် တနင်္ဂနွေနေ့ ဖြစ်သည်။

**ယတြာ**

ဘာသာရေးနှင့်ဆိုင်သော စာအုပ်တစ်အုပ်ကို ခင်မင်သူတစ်ဦးအား လက်ဆောင်ပေးပါ။

---

## စနေသားသမီးများအတွက်

အလုပ်အကိုင်အတွင်း ထိခိုက်ဒဏ်ရာ ရတတ်သည်။ သတိပြုပါ။ ဓာတ်လိုက်ခြင်း၊ အပူလောင်ခြင်း ကြုံရတတ်သည်။ အစွပ်အစွဲ ခံရတတ်သည်။ မိမိအလုပ်အကိုင်မှအပ အပြင်သို့ထွက်ခြင်းကို ရှောင်ပါ။ အစစ်အဆေး ခံရတတ်သည်။ ကံကောင်းသောနေ့မှာ ကြာသပတေးနေ့နှင့် စနေနေ့ ဖြစ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်ထမင်း ဝယ်ကျွေးပါ။

---

## ရာဟုသားသမီးများအတွက်

ဝင်ငွေနှင့် ထွက်ငွေ မမျှဖြစ်တတ်သည်။ အစွပ်အစွဲ ခံရတတ်သည်။ အလုပ်အကိုင်အတွင်း အဆင်မပြေမှုများ ဖြစ်ပေါ်နေသော်လည်း သောကြာနှင့် တနင်္ဂနွေသားသမီးများက ကူညီမည်။ ထီပေါက်တတ်သည်။ ကံကောင်းသောနေ့မှာ သောကြာနေ့နှင့် တနင်္ဂနွေနေ့ ဖြစ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီးများ လက်ဆောင်ပေးပါ။




www.burmeseclassic.com

www.burmeseclassic.com



## ကွယ်လွန်သူ မိခင်ကြီး တစ်နှစ်ပြည့် ဝါဆိုသင်္ကန်းကပ်လှူ



ကျေးဇူးရှင် ကွယ်လွန်သူ မိခင်ကြီး ဒေါ်တင်ရွှေ(တစ်နှစ်ပြည့်)အား ရည်စူး၍ ဂမ္ဘီရဆရာလှမျိုး မိသားစုတို့က ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့် (၂၂-၇-၂၀၁၃)တနင်္လာနေ့တွင် ကုသိုလ်ဒါနပြုလုပ် အမှုအတန်းပေးဝေခဲ့ပါသည်။ အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ ၇ ရပ်ကွက်၊ သာကေတမြို့ရှိ ကြံတိုင်းအောင် ဟောခန်းတွင် သံဃာတော်သုံးပါး ပင့်ဖိတ်၍ ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ ပစ္စည်းများမှက်စိ အလှူလှူခြင်း၊ အရက်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ဖိတ်ကြားထားသော မိတ်ဆွေသင်္ဂဟများကို နံနက်စာ ကျွေးမွေးဒါနပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

မင်းထက်ကျော်(B.Sc)

## ပေါက်စေတီဆရာတော် အရှင်သုမိတ္တာ ဘိဝံသ၏ စံလွန်ခြင်း (၂)နှစ်ပြည့် ပူဇော်ပွဲ ကျင်းပ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ရှိ ပေါက်စေတီ ကျောင်းတိုက်ကြီး၏ ပဓာန နာယက ပေါက်စေတီ ဆရာတော်ကြီး အရှင်သုမိတ္တာဘိဝံသ ဘဝနတ်ထံစံလွန်ခြင်း ၂ နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ပွဲအခမ်းအနားကို (၂၀·၈· ၂၀၁၃)နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။


ပူဇော်ပွဲ အကြိုတရားပွဲများအဖြစ် (၁၇ ·၈ · ၂၀၁၃)နေ့ ညပိုင်းတွင် ဓမ္မဒူတ မုတ္တမဆရာတော် အရှင်သီလာစာရ၊ (၁၈·၈· ၂၀၁၃)နေ့ ညပိုင်းတွင် ဓမ္မဒူတ မုဒုံဆရာတော် အရှင်ကောသလ္လ၊(၁၉·၈· ၂၀၁၃)နေ့ ညပိုင်းတွင် ဓမ္မဒူတ သိမ်ဇရပ်ဆရာတော် အရှင်ပညာဝရ၊ (၂၀·၈· ၂၀၁၃)နေ့ ညပိုင်းတွင် ဓမ္မဒူတ မော်ဘီဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ တို့မှ တရားအလှူပေးခဲ့ကြကြောင်း သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အောင်စေတီဆရာတော်ဘုရားကြီး သက်တော် (၈၄)နှစ် မွေးနေ့မင်္ဂလာ



ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)တောင်၊ (၁၂)ရပ်ကွက်ရှိ တံခွန်တိုင် တောရကျောင်းတိုက် အောင်စေတီဆရာတော်ဘုရားကြီး၏ သက်တော်(၈၄)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာကို ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ (၁-၈-၂၀၁၃) ကြာသပတေးနေ့တွင် ကျင်းပခဲ့ကြသည်။ အလှူတော်မင်္ဂလာ ကုသိုလ်တော်အဖြစ် သံဃာတော်အပါး (၁၀၀၀) ဆွမ်းလောင်းလှူပွဲကြီး ပြုလုပ်ခဲ့သည်။ သံဃာတော် တစ်ပါးလျှင် ဝတ္ထုငွေ ကျပ်(၁၀၀၀၀)နှင့် စီပိုင်စီ သက်န်းခွဲစုံ(၁)စုံ၊ ဆွမ်း၊ ဆွမ်းဟင်း၊ အစားအာဟာရမျိုးစုံ လောင်းလှူပြီး စာရေးတံမဲ လည်းနှိုက်၍ ရဟန်းအသုံးအဆောင်များ လောင်းလှူခဲ့ကြပါသည်။ လှူဒါန်းမှုအစုစုတို့အတွက် နေ့လယ်(၁)နာရီတွင် အောင်စေတီ ဆရာတော်ဘုရားကြီးမှ ရေစက်သွန်းချ အမျှပေးဝေ သာဓုခေါ်ဆိုခဲ့ကြပါသည်။


အောင်ကောင်းမြ(သာကေတ)

## ကော်သ ဗျာကရဏဗေဒ ပညာရှင်များ၏ ပညာဒါန

ဆရာကြီး ဒေါက်တာမင်းသိန်း၏ ပညာအမွေ လက်ဆင့်ကမ်းပွဲအဖြစ် ကော်သဗျာကရဏဗေဒ
ပညာရှင်များ၏ ပညာဒါနပွဲကို လစဉ် ၂၅ ရက်နေ့တိုင်း
ဆရာမ ဒေါက်တာစောယုနွယ်၏နေအိမ်ဖြစ်သော အမှတ်(၂၀၅-က)၊ ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည်။
မဟာဘုတ်၊ သုံးတန်ပေါ်နိုင်၊ လက္ခဏာ၊ အင်္ဂဝိဇ္ဇာ၊ ဂဏန်းဗေဒင်၊ ကော်သ၊ တားရော့၊
ဆန်းကျမ်းနှင့် အင်းစမ ပညာရပ်များကို သင်ကြားပေးလျက် ရှိပါသည်။
သင်တန်းကြေးမှာ အခမဲ့ဖြစ်သည်။ သင်တန်းဆင်း လက်မှတ်ပေး၍
ဗေဒင်ဟောစားနိုင်သည်အထိ သင်ပေးသည်။
သင်တန်းတက်ရောက်လိုသူများ ရောင်ပြန်မဂ္ဂဇင်းတိုက်သို့
နံနက် ၁၀ နာရီမှ နေ့လယ် ၁ နာရီအတွင်း စာရင်းပေးသွင်းနိုင်ပါသည်။

www.burmeseclassic.com

## (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲ



ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ စာတိုက်ကုန်းရှိ မင်္ဂလာရာမ ပရိယတ္တိ ပဋိပတ္တိ စာသင်တိုက်ကြီးတွင် (၁၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို (၁၄-၇-၂၀၁၃) ၁၃၇၅-ခု၊ ဝါဆိုလဆန်း(၇)ရက်နေ့တွင် အဆိုပါ ကျောင်းတိုက်ဝင်း အတွင်းရှိ မင်္ဂလာဓမ္မဗိမာန်တော်ကြီးတွင် စည်ကားခမ်းနားစွာ ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ကျိုက်ဒေးယျဆရာတော် အရှင်ဥတ္တရ(ဓမ္မကထိက ဗဟုဇန ဟိတဓရ)အား အမှူးထား၍ ပုရိမဝါဆို ဝါကပ်တော်မူကြမည့် ရဟန်းသံဃာ ရှင်သာမဏေတို့အား ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်တို့ ကပ်လှူခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဆရာမျိုး

---

## ပညာရွှေပြည် ပုဂ္ဂလိက အထက်တန်းကျောင်း ဝါဆိုသင်္ကန်းကပ်လှူ




ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်(၁)ရပ်ကွက်၊ ဇင်မလမ်းမကြီးအနီးရှိ ပညာရွှေပြည် ပုဂ္ဂလိက အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးစိုးအောင်(သချင်္ချာ)၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်းကာ (၁၈-၇-၂၀၁၃) သောကြာနေ့တွင် ဝါဆိုသင်္ကန်း ကပ်လှူခဲ့ကြပါသည်။ ထိုအလှူပွဲတွင် သာကေတမြို့ ကျောက်ချောင်းပရိယတ္တိ စာသင်တိုက်မှ သံဃာတော် အရှင်သူမြတ် ငါးပါးအား သင်္ကန်းနှင့် ပရိက္ခရာစုံ၊ ဝတ္ထုငွေများ ကပ်လှူပြီး နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိခဲ့ပါသည်။


ဆရာမျိုး(B.Sc)

www.burmeseclassic.com



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စာရေးဆရာအသင်း ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူ





ယုဇနဉယျာဉ်မြို့တော် (၉၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စာရေးဆရာအသင်းမှ ဥက္ကဋ္ဌ ပြည်ဘုန်းမြင့်၊ အတွင်းရေးမှူး လင်းမြတ်မင်းအိမ်(ဒဂုံမောင်)၊ နာယက ဦးလုကြည်၊ အမှုဆောင် ကျော်ဇောဟိန်း(နံ့သာ)တို့ ဦးဆောင်၍ ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက်၊ (၂၁-၇-၂၀၁၃)တနင်္ဂနွေနေ့ နံနက်(၆)နာရီတွင် A (၆)လမ်း၊ တိုက်(၁၁)၊ အခန်း(၀၀၄)၊ ယုဇန ဉယျာဉ်မြို့တော်၊ ကျော်ဇောဟိန်း(နံ့သာ) နေအိမ်တွင် မြို့နယ်စာရေးဆရာ၊ ဆရာမများ စုပေါင်းပြီး ဝါဆိုသင်္ကန်း ကပ်လှူခဲ့ကြသည်။

ဝါဆိုသင်္ကန်း ကပ်လှူရာတွင် အောင်ချမ်းသာ ဆရာတော်နှင့်တကွ သံဃာတော်များကို ပင့်ဖိတ်ပြီး မုန့်ဟင်းခါးဆွမ်းနှင့် အခြားဆွမ်းခဲဖွယ်များကို ကပ်လှူကြပါသည်။ ပြီးနောက် ငါးပါးသီလခံယူ၍ ဥက္ကဋ္ဌ ဦးဘုန်းမြင့်မှ ဝါဆိုသင်္ကန်း တစ်စုံနှင့် အချိုပွဲများ၊ အတွင်းရေးမှူး လင်းမြတ်မင်းအိမ်(ဒဂုံမောင်)မှ ဝါဆိုသင်္ကန်း တစ်စုံ၊ မြို့နယ်စာရေးဆရာ၊ ဆရာမများမှ ဝါဆိုသင်္ကန်းတစ်စုံနှင့် လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းခဲ့သည်။


အောင်ချမ်းသာဆရာတော်မှ ဝါဆိုသင်္ကန်း ကပ်လှူရခြင်း အကျိုးတရားများကို အသေးစိတ် ရှင်းလင်းဟောကြားပြီး ရေစက်ချ အမျှဝေ၍ သာဓုအနုမောဒနာ ခေါ်ဆိုကြပါသည်။ ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် နာယက ဦးလုကြည်၊ ဥက္ကဋ္ဌ ပြည်ဘုန်းမြင့်၊ အတွင်းရေးမှူး လင်းမြတ်မင်းအိမ်(ဒဂုံမောင်)၊ ကျော်ဇောဟိန်း(နံ့သာ)၊ ဆရာမ အေးကြူမွန်(သုံးဆယ်) စသည့် မြို့နယ်တွင်းရှိ စာရေးဆရာ၊ ဆရာမများ တက်ရောက်ကြပါသည်။

ဝါဆိုသင်္ကန်း ကပ်လှူပွဲသို့ တက်ရောက်လာကြသော စာရေးဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်များအား ကျော်ဇောဟိန်း(နံ့သာ)နှင့် ဆရာမ အေးကြူမွန်(သုံးဆယ်)တို့က စုပေါင်းပြီး မုန့်ဟင်းခါး၊ အချိုပွဲများကို ဒါနပြု ကျွေးမွေးဧည့်ခံကြကြောင်း သိရှိရပါသည်။

ဟိန်းထက်ချမ်း

www.burmeseclassic.com

www.burmeseclassic.com



သရဏဂုံသည် ယုံကြည်လေးမြတ်စွာ တစ်ကြိမ်ဆောက်တည်ထားလျှင် ယုံကြည်စိတ်မပျက်သမျှ ယုံကြည်ရာ ဝတ္ထု ဘုရား၊ တရား၊ သံဃာ မပြောင်းသမျှ၊ အသက်မသေသေးသမျှ တစ်သက်လုံး တည်၏။

ဘုရားရှိခိုးတိုင်းလည်း၊ သီလဆောက်တည်တိုင်းလည်း သရဏဂုံ မပါလျှင် မပြီး။ အထပ်ထပ် အခါခါ ဆောက်တည်လျက် ရှိကြသည်။

မကောင်းမှု အကုသိုလ်တရားကို မဖြစ်သေးက အသစ်မဖြစ်စေဘဲ ဖြစ်ပြီးဖြစ်ပါက ပယ်ဝေးရမည်။ ကောင်းမှုကုသိုလ်တရားကို မဖြစ်သေးလျှင်း အသစ်ဖြစ်စေပြီးနောက် ဖြစ်ပြီးဖြစ်ပါက တိုးပွားသည်ထက် တိုးပွားအောင် ကြိုးစားရမည်ဟု ဘုရားရှင်ကိုယ်တော်တိုင် မိန့်မြွက်ဟောကြားတော်မူခဲ့သဖြင့် သရဏဂုံကို အထပ်ထပ် ဆောက်တည်ခြင်းသည် သရဏဂုံအထုံကို ရရှိနိုင်ပါကြောင်း ရောင်ပြန်ပရိသတ်အပေါင်း သိစေအပ်ပါသည်ဟု ဆိုရပါလျှင်. . .

www.burmeseclassic.com